၄၉၄၈

ကျောက်တန်း- မဟာဗောဓိ ဆရာတော်ဘုရား၏
သဒ္ဒဝိဟာရိက-တပည့်ရင်း ဖြစ်ပေသော
မေဓာဝီ-ဝံသာဘိ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"
သကျသီဟ-ဘွဲ့ထူးနှင့်
သဒ္ဓမ္မဇောတိကာဓဇ မေဓာဝီ ဝံသာဘိ"
ပဌမရွှေတံဆိပ် ဘွဲ့ထူးကို
ခံယူရရှိပေသော
"ပါဠိဆရာကြီး ဦးဆိုင်"သည်
သောတုဇနတို့ အကျိုးငှါ ရေးသား စီရင်တော်မူအပ်သော

# အဘိဓမ္မဂဏ္ဌိဒီပနီကျမ်း။

## တတိယအုပ်

ရန်ကုန်မြို့ ဇမ္ဗူ မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၂၁-တက္ကသိုလ်ရိပ်သာ။

1960

ဈေး. 362



# ဓမ္မရံသီ-နိဒါန်း။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဂမ္ဘီရ ဉာဏမာလိနီ၊ သာသနံ ဝိရောစယိ။
သမုဋ္ဌာပိ ဓမ္မရံသိ၊ သာရူနံ ဝိတ္တတောသနီ။ ။

ဂါထာပါဋ္ဌိ၊ လာရှိသည်အရ၊ လပြည့်ဝိုထိ၊ ပုဏ္ဏမီ ၁ယ်၊ ရုံညီဘာရာ၊ ဝန်းရံဖြာ၍၊ သော်တာသမင်း၊ ဘဝဂ်ချင်းမျှ၊ ထိန်လင်းထွန်းဝေ ပြောင်၊ လ၏ အရောင်သည်ရင်း၊ အရှေ့ပုဗ္ဗာ၊ ဝိဒေဟာမှ၊ ယုဂန်တောင်ထက်၊ ပေါ်လာ ထွက်သည့်၊ ဘဝဂ်ဘောက်ထွင်း၊ ထွန်းပြောင်လင်းသော၊ နေမင်းသူရိန်၊ ရောင်အရှိန်သည်ရင်း၊ ရွှေ,ငွေ,မြ,ဝိန်၊ ဇာတ္တနီလာ,၊ သိလာ,ပတ္တမြား၊ ရတနာ ခုနစ်ပါးတို့၏၊ ပကြွားပြန်ဟပ်၊ တလျှပ်လျှပ်ဝင်း၊ ထွန်းပလင်းပေသော၊ ကြက် သရေဆောင်၊ မင်္ဂလာအရောင်သည်ရင်း၊ ဤသို့သျှင်၊ လရောင်,နေရောင်, ရတနာရောင်၊ မျိုးမြောင်ထွေပြား၊ အရောင်အစားစားတို့ထက်၊ ဆတက် လွန်ကြူး၊ အထူးသဖြင့်ထွန်းလင်းတောက်ပတော်မူလှသော၊ ဆဗ္ဗဏ္ဏရံသီ၊ ခြောက်ရောင်ခြည်အစုံကို၊ ဘဝဂ်ဘုံချင်း၊ ထိန်လင်းတောက်ပ၊ ထွက်ကြွ ကွန့်မြူးစေနိုင်သော ရောင်ခြည်တော်သခင်၊ ထွန်းဘုန်းရှင်၏၊ လေးအခင် အဏ္ဏဝါ၊ မဟာသမုဒ္ဒရာ၊ ပမာနိုင်းဘွယ်၊ အလွန်တရာဆန်းကြယ်လှ၍၊ ဂမ္ဘီရဉာဏ်ပန်း၊ တင့်ဆန်းဝေဖြာ၊ ကြီးကျယ်လှစွာသော၊ သဗ္ဗညုတဉာဏ် တော်၏သာ၊ ကျက်စားရာ၊ မဟာအောင်မြေ၊ ပလ္လင်ဖွေ့မှ၊ နဘောထက်တန်း၊ ဘဝဂ်နန်းထိ၊ ပြိုင်ဘိသူကင်း၊ ဓမ္မ အလင်းရောင်ကြီး ဖြစ်တော်မူသော၊ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း-ဟုဆိုအပ်သော အဘိဓမ္မာဒေသနာတော်၏ မချဉ္ဇ၊ သရူပတ္ထ၊ ယူအပ်လှသော အဓိပ္ပါယ်ကို၊ လွယ်လင့်တကူ၊ သင်ယူဆောင်ရွက်၊

# ဇမ္ဗူ ရံသိနိဒါန်း။

ကျက်မှတ်သရဇ္ဈာယ်လိုသူများရှင်,လူတို့၏ အကျိုးငှါ၊ လင်္ကာဒီပကျွန်း၊ မဟာဝိဟာရဝါသီဂိုဏ်း၊ **ဇမ္ဗူ့သဒ္ဒသောဘဓ**- ကျောင်းတိုက်ကြီးအတွင်း၊ သီတင်းသုံးတော်မူစဉ်၊ အရှင်အနုရုဒ္ဓါဆရာ၊ မဟာထေရ်ကျော်သည်၊ အကျဉ်းချုံး၍၊သိမ်းကျုံးစီရင်တော်မူအပ်သော၊ အဘိဓမ္မတ္ထသင်္ဂဟမည်သော အဋ္ဌကထာကျမ်း၏အနက်အဓိပ္ပါယ်သည်၊အလွန်တရာလျှင်၊နက်နဲ ဆန်းကြယ်လှပါကြောင်း။

ဤသို့လျှင်၊ အလွန်တရာခက်ခဲနက်နဲသော ကျမ်းဖြစ်ပါသောကြောင့်၊ ယုန်သူငယ်အလား၊နုနယ်ပျိုနု၊ သောတုဇနစာသင်သားများ၊ လွယ်လင့်တကူ၊သင်ယူဆောင်ရွက်နိုင်စေရန်အကျိုး၊ သာသနာတော်၏ ဖွံ့ဖြိုးကြီးပွါးရန်အကျိုးကို၊ မြော်ကိုးပြီး၍၊ ကရုဏာရှေ့ထား၍၊ ရေးသားစီရင်ရန်၊ ပြာသာဒ်,တန်ဆောင်း၊ဂူ,ကျောင်းအထပ်ထပ်၊ စရပ်တာလီ၊ နဝရတ်စီပြိုင်၊ စိန်ပန်းခိုင်နှင့်၊စိန်သိုင်စီထား၊ ငှက်မြတ်နားနှင့်၊သုံးပါးမွေသရီ၊ စေတီမြတ်ပါ၊သုံးဖြာပိဋကတ်၊ အထပ်ထပ်ဒေဝတန်တန်၊ရောင်လျှံဘင့်မောင်း၊ နိဗ္ဗာန်ကျောင်းနှင့်၊ စံကျောင်းအဆောင်ဆောင်၊ များမြောင်ထိုထို၊ မြတ်ကုသိုလ်အရှင်၊ တိုင်းခွင်ပြည်သူ၊ ရှင်,လူ,ရဟန်းတို့၏အကျိုး၊ သာသနာတော်၏အကျိုးကို၊သယ်ပိုးနိုင်ခွ၊ ဗလဝစေတနာဖြင့်၊ အမြဲမကွာ၊ ထောက်ပံ့ပြုရလျက်ရှိပေသော၊ **ရန်ကုန်မြို့၊ ဇမ္ဗူ့မိတ်ဆွေ ပိဋကတ် တိုက်ပိုင်ရှင်**- အဘာယခေမိက တိုက်ကျောင်းကြီးဒါယကာ၊ **သူဌေးမင်း "ဦးဘာကျော်"** **သူဌေးကတော်**- **"ဒေါ်ဖွားတင်"**တို့၏ အကြိမ်ကြိမ် အထပ်ထပ်၊တောင်းပန်အပ်သောကြောင့်၊ ဥပဇ္ဈာယ်ဆရာရင်း-ကျေးဇူးတော်ရှင်ဖြစ်တော်မူပေသော....

၁-ကျောက်တန်း,မဟာဗောဓိဆရာတော်ဘုရားကြီးနှင့်တကွ၊
၂-သုံးဂိုဏ်းချုပ်,ခင်မွန်ဆရာတော်ဘုရားကြီး,
၃-မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး,
၄-အလုံဆရာတော်ဘုရားကြီး,
၅-ကျုံကွစ်ဆရာတော်ဘုရားကြီး,
၆-တွံတေးဆရာတော်ဘုရားကြီး,
၇-ပဲခူးမြို့,ရွှေအောင်ရွေးဆရာတော်ဘုရားကြီး,
၈-ညောင်တုံးမြို့,ရွှေဟင်္သာတောရှုစံကျောင်းဆရာတော်ဘုရားကြီး,
၉-မန္တလေးမြို့ အဘယာရာမ- ရွှေဂူဆရာတော် ဘုရားကြီး-စသော

## ဇမ္ဗူ့ရံသိနိဒါန်း။

များစွာသောလင်္ကာပေသသ,သိက္ခာကာမဖြစ်တော်မူကုန်သော၊ဝိဋ္ဌကထာသ ဝိနွှ၊ဝိညူအကျော်၊ ဆရာတော်ဘုရားကြီးများ၏၊နယဂန္ထိ၊ နည်းတန္တိကို၊ သိဂီဖလား၊ ခံယူသောအလားကဲ့သို့၊ နိုးပါးချဉ်းကပ်၊ အမြဲပင်ခံယူအပ် သော-အာစရိယရင်း၊ နည်းကောင်းရှိသော-"**မေဓာဝီဝံသာဘိ ပဏိယတ္ထိ သာသနပဟီတာဓမ္မာစရိယ**" ဟူသော သကျသီဟာဘွဲ့ဘူး၊"**သဒ္ဓမ္မဝါဒိနိကာဘ ကာဓရမေဓာဝီဝံသာဘိ**"ဟူသော ပဋ္ဌမရွှေဘုံဆိပ်ဘွဲ့ဘူး နှစ်ဘန်ကို ခံယူ ရရှိပေသော-**ကစ္စာယနဂုဠှတ္ထဒီပနီကျမ်း၊ ဝိနယဂုဠှတ္ထဒီပနီကျမ်း၊ သဒ္ဒ ဝါဒိနိကာကျမ်း၊ ဇမ္ဗူ့မိတ်ဆွေဘုရားရှိခိုးအမျိုးမျိုး** စသော ကျမ်းပြု "**ပါဠိဆရာကြီး၊ မေဓာဝီ-ဦးဆိုင်**"သည်၊ အဘိဓမ္မတ္ထသင်္ဂဟမည့်သော သင်္ဂြိုဟ်ကျမ်း၏ လျှို့ဝှက်တိမ်မြုပ်၊နယငုပ်ကို၊ဘော်ထုတ်သော်ချာ၊သိသာ ထင်ရှား၊ ပေါ်လွင်သောစကားသွားဖြင့်၊ စာသင်ငယ်အများ၊ ပညာရှင် အမျိုးသားတို့၏၊ ဉာဏ်အခြေခံအားကို၊ ဘွားကနဲ ပေါ်ကြွစေရန်၊ များစွာသောအဋ္ဌကထာ, ဋီကာ,ပေါရာဏဂဏ္ဌိ၊ ရှေးပဏ္ဍိတ်တို့၏၊ ထူးမြတ် ထွေပြား၊ အထူးထူးသောနည်းညွှန့်၊ နည်းကောင်းတို့ဖြင့် ထပ်လောင်း မွမ်းမံ၊ ချယ်ဖန်ဆင်မြန်း၊ တင့်လွှမ်းဝေဖြာစေလျက်၊ ရေးသားစီရင်အပ် သော၊ဇမ္ဗူ့ရံသိ "**အဘိဓမ္မဂုဠှတ္ထဒီပနီ**" သညီသရဘ်၊ကျမ်းစာအုပ်ကို၊ ကျွန်ုပ်တို့-ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်က၊ သိုက်မြိုက်သော်ချာ၊ သန့် စွာကြည်လင်၊စက်တင်ပုံနှိပ် အပ်ပါသတည်း။

ဇမ္ဗူ့-ပါဠိဆရာကြီး၊မေဓာဝီ-ဆရာဆိုင်။

Medhavi Saya Saing

ZABU PALI ACARIYA

Author of KACCAYANA GULHATTHADIPANI.

# အဘိဓမ္မဂူဠတ္ထဒီပနီကျမ်း။

## မာတိကာ။

### သမုစ္စည်းပိုင်း။


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | သမုစ္စည်းပိုင်းအဘွင့် | ၁ |
| ၂ | အကုသလသင်္ဂဟ-အဘွင့် | ၃ |
| ၃ | အာသဝ အဓိပ္ပါယ် | ၄ |
| ၄ | ကာမာသဝစသည်အဓိပ္ပါယ်အရကောက် | ၆ |
| ၅ | ဩဃ-အဘွင့် | ၇ |
| ၆ | ဩဃ-အဓိပ္ပါယ် | ၈ |
| ၇ | ယောဂ-အဘွင့် | ၉ |
| ၈ | ဂန္ထ-အဘွင့် | ၁၀ |
| ၉ | ဥပါဒါန်-အဘွင့် | ၁၂ |
| ၁၀ | သက္ကာယဒိဋ္ဌိ-၂၀-သရုပ် | ၁၃ |
| ၁၁ | သက္ကာယဖြစ်ပုံအဓိပ္ပါယ်အကျယ် | ၁၄ |
| ၁၂ | ဒေသနာက္ကမ-အစဉ် | ၁၅ |
| ၁၃ | နီဝရဏ-အဘွင့် | ၁၆ |
| ၁၄ | စေတသိက်-၂-ပါး၏ဘပေါင်းတည်းနီဝရဏမည်ခြင်း | ၁၇ |
| ၁၅ | အနုသယ-အဘွင့် | ၁၉ |
| ၁၆ | အနုသယ-သရုပ် | ၂၀ |
| ၁၇ | သံယောဇဉ်-အဘွင့် | ၂၁ |
| ၁၈ | အဘိဓမ္မာသံယောဇဉ် | ၂၂ |
| ၁၉ | ကိလေသာ-အဘွင့် | ၂၄ |
| ၂၀ | တထောင့်ငါးရာကိလေသာ-သရုပ် | ၂၅ |
| ၂၁ | အဝယာဝတ္ထု-အဓိပ္ပါယ် | ၂၆ |
| ၂၂ | အကုသလသင်္ဂဟ-သရုပ်ခွဲ | ၂၇ |
| ၂၃ | မိဿကသင်္ဂဟ-အဘွင့် | ၂၉ |
| ၂၄ | ဈာနင်-အဓိပ္ပါယ် | ၃၁ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၂၅ | မဂ္ဂင်-အဖွင့် .... .... .... .... | ၃၁ |
| ၂၆ | အကုသိုလ်,ကုသိုလ်မဂ္ဂင်ခွဲခြားခြင်း .... .... | ၃၂ |
| ၂၇ | ဣန္ဒြေ-၂၂-ပါး-အဖွင့် .... .... .... | ၃၄ |
| ၂၈ | အနညာတညဿာမိတိန္ဒြေစသည်အထူး .... | ၃၅ |
| ၂၉ | ဣန္ဒြေ-အဓိပ္ပါယ် .... .... .... | ၃၆ |
| ၃၀ | ဣန္ဒြေအစဉ်အဓိပ္ပါယ် .... .... .... | ၄၀ |
| ၃၁ | ဗိုလ်-အဖွင့် .... .... .... .... | ၄၁ |
| ၃၂ | မတုန်လှုပ်ပုံ-အဓိပ္ပါယ် .... .... .... | ၄၂ |
| ၃၃ | အဓိပတိ အဖွင့် .... .... .... | ၄၃ |
| ၃၄ | ဣန္ဒြေ,ဗိုလ်,အဓိပတိအထူး .... .... .... | ၄၄ |
| ၃၅ | အာဟာရ-အဖွင့် .... .... .... | ၄၅ |
| ၃၆ | ဆောင်ပုံအဓိပ္ပါယ် .... .... ... | ၄၆ |
| ၃၇ | အာဟာရအမေး-အဖြေ .... .... .... | ၄၈ |
| ၃၈ | ဒွိဟိတ်,တိဟိတ်ဇောတို့၌အဓိပတိဖြစ်ပုံ .... | ၅၁ |
| ၃၉ | ဟိတ်စသည်-သရုပ်ခွဲ .... .... .... | ၅၂ |
| ၄၀ | ဗောဓိပက္ခိယ-အဖွင့် .... .... .... | ၅၄ |
| ၄၁ | သတိပဋ္ဌာန်-အဓိပ္ပါယ် .... .... .... | ၅၅ |
| ၄၂ | လေးပါးပြားရကြောင်း-အဓိပ္ပါယ် .... .... | ၅၇ |
| ၄၃ | သမ္မပ္ပဓာန်-အဖွင့် .... .... .... | ၅၈ |
| ၄၄ | လေးပါးပြားရကြောင်း-အဓိပ္ပါယ် .... .... | ၅၉ |
| ၄၅ | ဣဒ္ဓိပါဒ်-အဖွင့် .... .... .... | ၆၀ |
| ၄၆ | ဣဒ္ဓိ-ဣဒ္ဓိပါဒကောက်ယူပုံ .... .... .... | ၆၃ |
| ၄၇ | ဣန္ဒြေငါးပါး-အဖွင့် .... .... .... | ၆၅ |
| ၄၈ | ဗိုလ်ငါးပါး-အဖွင့် .... .... .... | ၆၆ |
| ၄၉ | ဣန္ဒြေနှင့်-ဗိုလ်အထူး .... .... .... | ၆၆ |
| ၅၀ | ဗောဇ္ဈင်-အဖွင့် .... .... .... | ၆၇ |
| ၅၁ | ဗောဇ္ဈင်-ခုနစ်ပါးသရုပ် .... .... .... | ၆၈ |
| ၅၂ | ဗောဇ္ဈင်-အဓိပ္ပါယ် .... .... .... | ၆၉ |
| ၅၃ | အင်္ဂါသဒ္ဒါ၏အဓိပ္ပါယ် .... .... .... | ၇၀ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၅၄ | ဗောဇ္ဈင်ဒေသနာ-အစဉ် .... .... .... | ၇၁ |
| ၅၅ | ဗောဇ္ဈင်တရား ၇-ပါးသာဟောရသောအကြောင်း .... | ၇၂ |
| ၅၆ | မဂ္ဂင်ရှစ်ပါး-အဖွင့် .... .... .... | ၇၃ |
| ၅၇ | မဂ္ဂင်-သရုပ် .... .... .... | ၇၄ |
| ၅၈ | ဗောဓိပက္ခိယတရား ၃၇-ပါးအဓိပ္ပါယ် .... .... | ၇၅ |
| ၅၉ | ဌာနတစ်ပုံ-အဓိပ္ပါယ် .... .... .... | ၇၇ |
| ၆၀ | ယထာယောဂံ-အဓိပ္ပါယ် .... .... .... | ၇၈ |
| ၆၁ | သဗ္ဗသင်္ဂဟ-အဖွင့် .... .... .... | ၇၉ |
| ၆၂ | ခန္ဓာ ၅-ပါး-အဓိပ္ပါယ် .... .... .... | ၈၀ |
| ၆၃ | ခန္ဓာ-ငါးပါးဟောစဉ် .... .... .... | ၈၁ |
| ၆၄ | ခန္ဓာငါးပါး-ဥပမာ .... .... .... | ၈၂ |
| ၆၅ | ခန္ဓာအပြားငါးပါးသာဟောရသောအကြောင်း .... | ၈၅ |
| ၆၆ | ဝေဒနာနှင့်သညာကိုခန္ဓာအသီးအခြားဖွဲ့ခြင်း .... | ၈၅ |
| ၆၇ | ဥပါဒါနက္ခန္ဓာ-အဖွင့် .... .... .... | ၈၆ |
| ၆၈ | ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာအထူး .... .... | ၈၇ |
| ၆၉ | အာယတန ၁၂-ပါးအဖွင့် .... .... .... | ၈၈ |
| ၇၀ | အာယတန-အဓိပ္ပါယ် .... .... .... | ၈၉ |
| ၇၁ | အာယတန ၁၂-ပါးဟောစဉ် .... .... | ၉၁ |
| ၇၂ | အာယတန ၁၂-ပါးသာဟောရသောအကြောင်း .... | ၉၂ |
| ၇၃ | ဓာတ် ၁၈-ပါးအဖွင့် .... .... .... | ၉၂ |
| ၇၄ | ဓာတ်-အဓိပ္ပါယ် .... .... .... | ၉၃ |
| ၇၅ | ဓာတ် ၁၈-ပါးတို့၏ဥပမာ .... .... .... | ၉၆ |
| ၇၆ | ဓာတ် ၁၈-ပါးဟောစဉ် .... .... .... | ၉၇ |
| ၇၇ | ဓာတ် ၁၈-ပါးသာဟောရသောအကြောင်း .... | ၉၇ |
| ၇၈ | သစ္စာလေးပါး-အဖွင့် .... .... .... | ၉၈ |
| ၇၉ | အရိယသစ္စပုဒ်၏ ဝစနတ္ထအဖွင့် .... .... | ၉၈ |
| ၈၀ | သစ္စာလေးပါး-အဓိပ္ပါယ် .... .... .... | ၁၀၁ |
| ၈၁ | သမုဒယသစ္စာ-အဓိပ္ပါယ် .... .... .... | ၁၀၂ |
| ၈၂ | နိရောဓသစ္စာ-အဓိပ္ပါယ် .... .... .... | ၁၀၄ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၈၃ | ဒုက္ခ,နိရောဓအဓိပ္ပါယ် .... .... .... | ၁၀၅ |
| ၈၄ | သစ္စာအနက် ၁၆-ချက် .... .... .... | ၁၀၇ |
| ၈၅ | သစ္စာလေးပါးအစဉ် .... .... .... | ၁၀၈ |
| ၈၆ | သစ္စာလေးပါး-ဥပမာ .... .... .... | ၁၀၉ |
| ၈၇ | ခန္ဓာစသည်ကိုဝေဘန်ခြင်း .... .... .... | ၁၁၁ |
| ၈၈ | သစ္စဝိမုတ်-အဓိပ္ပါယ် .... .... .... | ၁၁၃ |


သမုစ္စည်းပိုင်းမာတိကာပြီး၏။

---

## ပစ္စည်းပိုင်း-မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၈၉ | ပစ္စည်းပိုင်းအဘွင့် .... .... .... | ၁၁၅ |
| ၉၀ | ပဋိစ္စသမုပ္ပါဒ်-အဓိပ္ပါယ် .... .... .... | ၁၁၅ |
| ၉၁ | ပဋ္ဌာန်း-အဓိပ္ပါယ် .... .... .... | ၁၂၀ |
| ၉၂ | နည်း ၂-ပါးအထူး .... .... .... | ၁၂၀ |
| ၉၃ | ပဋိစ္စသမုပ္ပါဒ်အဘွင့် .... .... .... | ၁၂၂ |
| ၉၄ | အဝိဇ္ဇာ-အဓိပ္ပါယ် .... .... .... | ၁၂၃ |
| ၉၅ | သင်္ခါရ-အဓိပ္ပါယ် .... .... .... | ၁၂၄ |
| ၉၆ | သင်္ခါရ-အပြား .... .... .... | ၁၂၅ |
| ၉၇ | ပုညာဘိသင်္ခါရအဓိပ္ပါယ် .... .... .... | ၁၂၅ |
| ၉၈ | အပုညာဘိသင်္ခါရ အဓိပ္ပါယ် .... .... | ၁၂၆ |
| ၉၉ | လောကုတ္တရာကုသိုလ်နှင့်ဝိပါက်ကြိယာသင်္ခါရမမည်ခြင်း | ၁၂၆ |
| ၁၀၀ | ကာမ,ရူပကုသိုလ်တို့၏အာနေဥ္ဇမမည်ခြင်း .... | ၁၂၇ |
| ၁၀၁ | ကာယသင်္ခါရစသောအဓိပ္ပါယ် .... .... | ၁၂၈ |
| ၁၀၂ | အဝိဇ္ဇာသည်သင်္ခါရအား-ကျေးဇူးပြုပုံ .... .... | ၁၂၉ |
| ၁၀၃ | အဝိဇ္ဇာကိုအစထားခြင်း .... .... | ၁၃၁ |
| ၁၀၄ | အဝိဇ္ဇာကြောင့်ကုသိုလ်,အကုသိုလ်ဖြစ်ပုံ .... | ၁၃၂ |
| ၁၀၅ | သင်္ခါရပစ္စယာဝိညာဏံ-အဘွင့် .... .... | ၁၃၆ |
| ၁၀၆ | ဝိညာဏ်-အဓိပ္ပါယ် .... .... .... | ၁၃၇ |
| ၁၀၇ | ကျေးဇူးပြုပုံ-အဓိပ္ပါယ် .... .... .... | ၁၃၇ |

| ဦးရေ။ | အကြောင်းအရာ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၀၈ | ဝိညာဏပစ္စယာနာမရူပံ-အဓိပ္ပါယ် .... .... | ၁၄၀ |
| ၁၀၉ | ဝိညာဏ်သည်နာမ်ရုပ်အားကျေးဇူးပြုပုံ .... | ၁၄၁ |
| ၁၁၀ | နာမရူပပစ္စယာသဠာယတနံ-အဘွင့် .... | ၁၄၂ |
| ၁၁၁ | နာမ်ရုပ်သည်သဠာယတနအားကျေးဇူးပြုပုံ .... | ၁၄၃ |
| ၁၁၂ | သဠာယတနပစ္စယာဖဿော-အဘွင့် .... | ၁၄၅ |
| ၁၁၃ | သဠာယတနကြောင့်ဖဿဖြစ်ပုံ .... .... | ၁၄၇ |
| ၁၁၄ | ဖဿပစ္စယာဝေဒနာ-အဘွင့် .... .... | ၁၄၈ |
| ၁၁၅ | ဝေဒနာအပြား .... .... .... | ၁၄၈ |
| ၁၁၆ | ဖဿသည်ဝေဒနာအားကျေးဇူးပြုပုံ .... | ၁၄၉ |
| ၁၁၇ | ပစ္စည်းတစ်ပုံ .... .... .... | ၁၄၉ |
| ၁၁၈ | ဝေဒနာပစ္စယာတဏှာ-အဘွင့် .... .... | ၁၅၀ |
| ၁၁၉ | ဝေဒနာသည်တဏှာအားကျေးဇူးပြုပုံ .... | ၁၅၁ |
| ၁၂၀ | တဏှာပစ္စယာဥပါဒါန်-အဘွင့် .... .... | ၁၅၃ |
| ၁၂၁ | တဏှာနှင့်ဥပါဒါန်အထူး .... .... | ၁၅၃ |
| ၁၂၂ | ဥပါဒါနပစ္စယာဘဝေါ-အဘွင့် .... .... | ၁၅၄ |
| ၁၂၃ | ဘဝ-၂-ပါး-အဓိပ္ပါယ် .... .... .... | ၁၅၄ |
| ၁၂၄ | သင်္ခါရနှင့်ကမ္မဘဝအထူး။ .... .... | ၁၅၅ |
| ၁၂၅ | ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံ .... .... | ၁၅၆ |
| ၁၂၆ | ဘဝပစ္စယာဇာတိ-အဘွင့် .... .... | ၁၅၈ |
| ၁၂၇ | ဘဝကြောင့် ဇာတိဖြစ်ပုံ .... .... | ၁၅၈ |
| ၁၂၈ | ဇာတိပစ္စယာ-အဘွင့် .... .... .... | ၁၅၉ |
| ၁၂၉ | သောကပရိဒေဝ-အဘွင့် .... .... | ၁၆၀ |
| ၁၃၀ | သောက၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။ .... | ၁၆၀ |
| ၁၃၁ | ပရိဒေဝ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၁ |
| ၁၃၂ | ဒုက္ခ-အဘွင့် .... .... .... | ၁၆၁ |
| ၁၃၃ | ဇာတိကြောင့်သောကပရိဒေဝ-ဖြစ်ပုံ .... | ၁၆၁ |
| ၁၃၄ | ဒုက္ခ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၂ |
| ၁၃၅ | ဒေါမနဿ-အဘွင့် .... .... .... | ၁၆၂ |
| ၁၃၆ | ဒေါမနဿ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၂ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၃၇ | ဥပါယာသ-အဘွင့် .... .... .... | ၁၆၃ |
| ၁၃၈ | ဥပါယာသ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၁၆၃ |
| ၁၃၉ | သောက,ပရိဒေဝ,ဥပါယာသအထူး.... .... | ၁၆၄ |
| ၁၄၀ | ကာလစသည်ဝေဘန်ခြင်း .... .... | ၁၆၅ |
| ၁၄၁ | ကာလ သုံးပါး-အဘွင့် .... .... .... | ၁၆၅ |
| ၁၄၂ | အဒ္ဓ-အဓိပ္ပါယ် .... .... .... | ၁၆၅ |
| ၁၄၃ | အင်္ဂါ-၁၂-ပါး-အဘွင့် .... .... .... | ၁၆၆ |
| ၁၄၄ | အင်္ဂ-အဓိပ္ပါယ် .... .... .... | ၁၆၆ |
| ၁၄၅ | ခြင်းရာ-၂၀-အဘွင့် .... .... .... | ၁၆၉ |
| ၁၄၆ | အာကာရ-အဓိပ္ပါယ် .... .... .... | ၁၇၀ |
| ၁၄၇ | တိသန္ဓိ-အဓိပ္ပါယ် .... .... .... | ၁၇၁ |
| ၁၄၈ | အလွှာ-၄-ပါး-အဓိပ္ပါယ် .... .... | ၁၇၂ |
| ၁၄၉ | ဝဋ်-အဓိပ္ပါယ် .... .... .... | ၁၇၃ |
| ၁၅၀ | ပဋိစ္စသမုပ္ပါဒ်၏တရားကိုယ်-အဓိပ္ပါယ် .... | ၁၇၄ |
| ၁၅၁ | မူလ-၂-ပါး-အဘွင့် .... .... .... | ၁၇၅ |
| ၁၅၂ | မူလ-အဓိပ္ပါယ် .... .... .... | ၁၇၅ |
| ၁၅၃ | မူလ-၂-ပါးသာထားခြင်းအကြောင်း .... | ၁၇၆ |
| ၁၅၄ | ပဋိစ္စသမုပ္ပါဒ်၏-ဥပမာ .... .... .... | ၁၇၇ |
| ၁၅၅ | သံသရာစက်ပြတ်ပုံ-အဘွင့် .... .... | ၁၈၀ |
| ၁၅၆ | အဝိဇ္ဇာ၏အကြောင်းရင်း-အဘွင့် .... .... | ၁၈၃ |
| ၁၅၇ | အာသဝေါဖြစ်ပုံ-အဓိပ္ပါယ် .... .... | ၁၈၃ |
| ၁၅၈ | ပဋ္ဌာန်းနည်း-အဘွင့် .... .... .... | ၁၈၅ |
| ၁၅၉ | ပဋ္ဌာန်း-အဓိပ္ပါယ် .... .... .... | ၁၉၀ |
| ၁၆၀ | ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်-အဓိပ္ပါယ် .... | ၁၉၀ |
| ၁၆၁ | ဟေတုပစ္စယော-အဘွင့် .... .... | ၁၉၁ |
| ၁၆၂ | ဟေတုနှင့်ပစ္စည်း-အထူး .... .... | ၁၉၃ |
| ၁၆၃ | ဟေတုပစ္စည်း-သုံးချက်ရ .... .... | ၁၉၄ |
| ၁၆၄ | အာရမ္မဏပစ္စယော-အဘွင့် .... .... | ၁၉၆ |
| ၁၆၅ | အာရမ္မဏပစ္စည်း-သုံးချက်ရ .... .... | ၁၉၇ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၆၆ | အဓိပစ္စယော-အဘွင့် .... .... .... | ၁၉၈ |
| ၁၆၇ | အဓိပတိပစ္စည်း-သုံးချက်ရ .... .... | ၁၉၉ |
| ၁၆၈ | သဟဇာတာဓိပတိ-သုံးချက်ရ .... .... | ၂၀၂ |
| ၁၆၉ | အနန္တရပစ္စယော-အဘွင့် .... .... | ၂၀၆ |
| ၁၇၀ | အနန္တရပစ္စည်း-သုံးချက်ရ .... .... | ၂၀၇ |
| ၁၇၁ | သမနန္တရပစ္စယော အဘွင့် .... .... | ၂၀၉ |
| ၁၇၂ | အနန္တရနှင့်သမနန္တရအထူး .... .... | ၂၀၉ |
| ၁၇၃ | မူလဋီကာအဆိုး-အဖြတ် .... .... | ၂၁၁ |
| ၁၇၄ | သဟဇာတပစ္စယော-အဘွင် .... .... | ၂၁၂ |
| ၁၇၅ | သဟဇာတပစ္စည်း-သုံးချက်ရ .... .... | ၂၁၄ |
| ၁၇၆ | အညမညပစ္စယော-အဘွင့် .... .... | ၂၁၆ |
| ၁၇၇ | အညမညပစ္စည်း-သုံးချက်ရ .... .... | ၂၁၆ |
| ၁၇၈ | သဟဇာတနှင့်-အညမညအထူး .... .... | ၂၁၇ |
| ၁၇၉ | နိဿယပစ္စယော-အဘွင့် .... .... | ၂၁၈ |
| ၁၈၀ | နိဿယပစ္စည်း-သုံးချက်ရ .... .... | ၂၁၉ |
| ၁၈၁ | ဝတ္ထာရမ္မဏာပုရေဇာတနိဿယသုံးချက်ရ .... | ၂၂၀ |
| ၁၈၂ | သဟဇာတနိဿယနှင့်ပုရေဇာတနိဿယအထူး.... | ၂၂၀ |
| ၁၈၃ | အာရမ္မဏာနှင့်နိဿယအထူး .... .... | ၂၂၂ |
| ၁၈၄ | ဝတ္ထုပုရေဇာတ-အဓိပ္ပါယ် .... .... | ၂၂၃ |
| ၁၈၅ | ပုရေဇာတနိဿယတပ်နိုင်သောပဿဒ္ဓျပ်ရှင်းလင်းချက် | ၂၂၄ |
| ၁၈၆ | ဝတ္ထာရမ္မဏာပုရေဇာတ-နိဿယအဓိပ္ပါယ် .... | ၂၂၅ |
| ၁၈၇ | ဟဒယဝတ္ထုအဓိပ္ပါယ် .... .... .... | ၂၂၅ |
| ၁၈၈ | ဟဒယဝတ္ထုပုရေဇာတနိဿယဖြစ်ပုံ .... | ၂၂၆ |
| ၁၈၉ | ဟဒယဝတ္ထု၏အာရုံဖြစ်ပုံ .... .... | ၂၂၇ |
| ၁၉၀ | ပဋ္ဌာန်း၏အာရမ္မဏာပုရေဇာတနိဿယပစ္စည်းမတပ်ခြင်း | ၂၃၀ |
| ၁၉၁ | ဥပနိဿယပစ္စယော-အဘွင့် .... .... | ၂၃၂ |
| ၁၉၂ | ဥပနိဿယပစ္စည်း-သုံးချက်ရ .... .... | ၂၃၄ |
| ၁၉၃ | နိဿယနှင့် ဥပနိဿယအထူး .... .... | ၂၃၄ |
| ၁၉၄ | အာရမ္မဏာဓိပတိနှင့်အာရမ္မဏူပနိဿယအထူး ... | ၂၃၅ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၉၅ | အနန္တရနှင့်အနန္တရူပနိဿယအာဘုး .... .... | ၂၃၆ |
| ၁၉၆ | အနန္တရူပနိဿယ၏အားကြီးပုံ .... .... | ၂၃၇ |
| ၁၉၇ | ပကတူပနိဿယ-အဓိပ္ပါယ် .... .... | ၂၃၈ |
| ၁၉၈ | ကျေးဇူးပြုပုံ-အဓိပ္ပါယ် .... .... .... | ၂၄၀ |
| ၁၉၉ | နိဗ္ဗာန်၏ပကတူပနိဿယပစ္စည်း,ပစ္စယုပ္ပန်မထိုက်ပုံ | ၂၄၂ |
| ၂၀၀ | ရုပ်၏ပကတူပနိဿယပစ္စယုပ္ပန်မထိုက်ခြင်း .... | ၂၄၃ |
| ၂၀၁ | ပုရေဇာတပစ္စယော-အဘွင့် .... .... | ၂၄၆ |
| ၂၀၂ | အာရမ္မဏပုရေဇာတသုံးချက်ရ .... .... | ၂၄၇ |
| ၂၀၃ | အဘိညာဉ်ဒွေအရ-အဓိပ္ပါယ် .... .... | ၂၄၈ |
| ၂၀၄ | ပဝတ္တိအခါ-အဓိပ္ပါယ် .... .... .... | ၂၄၉ |
| ၂၀၅ | အာရမ္မဏသဟဇာတ-အဘွင့် .... .... | ၂၅၁ |
| ၂၀၆ | ပစ္ဆာဇာတပစ္စယော အဘွင့် .... .... | ၂၅၃ |
| ၂၀၇ | ပစ္ဆာဇာတပစ္စည်းသုံးချက်ရ .... .... | ၂၅၄ |
| ၂၀၈ | ကေဇကာယနှိဇကာယစသည်-အဓိပ္ပါယ် .... | ၂၅၅ |
| ၂၀၉ | ပစ္စနိက်ရုပ်-အဓိပ္ပါယ် .... .... .... | ၂၅၆ |
| ၂၁၀ | အာသေဝနပစ္စယော-အဘွင့် .... .... | ၂၅၇ |
| ၂၁၁ | အာသေဝနပစ္စည်း-ဥပမာ.... .... .... | ၂၅၈ |
| ၂၁၂ | အာသေဝနပစ္စည်း-သုံးချက်ရ .... .... | ၂၅၉ |
| ၂၁၃ | ဇာတ်တူအဓိပ္ပါယ် .... .... .... | ၂၅၉ |
| ၂၁၄ | ဝိပါက်စိတ်-အာသေဝနပစ္စည်းမဘာပ်ပုံ .... | ၂၆၀ |
| ၂၁၅ | ကမ္မပစ္စယော-အဘွင့် .... .... .... | ၂၆၂ |
| ၂၁၆ | နာနာက္ခဏိက-အဓိပ္ပါယ် .... .... .... | ၂၆၃ |
| ၂၁၇ | သဟဇာတကမ္မပစ္စည်း-သုံးချက်ရ .... .... | ၂၆၆ |
| ၂၁၈ | အဘိဇ္ဈာစသည်-ကံမထိုက်ပုံ .... .... | ၂၆၇ |
| ၂၁၉ | နာနက္ခဏိကကမ္မပစ္စည်း-သုံးချက်ရ .... .... | ၂၆၈ |
| ၂၂၀ | နာနက္ခဏိကကံ၏ကျေးဇူးပြုပုံ .... .... | ၂၆၈ |
| ၂၂၁ | ဝိပါကပစ္စယော-အဘွင့် .... .... .... | ၂၆၉ |
| ၂၂၂ | ဝိပါကပစ္စည်းသုံးချက်ရ .... .... .... | ၂၇၃ |
| ၂၂၃ | အာဟာရပစ္စယော-အဘွင့် .... .... | ၂၇၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၂၄ | အာဟာရပစ္စည်း-သုံးချက်ရ | ၂၇၈ |
| ၂၂၅ | နာမ်အာဟာရပစ္စည်း | ၂၇၉ |
| ၂၂၆ | ဣန္ဒြိယပစ္စယော-အဘွင့် | ၂၈၃ |
| ၂၂၇ | ဣန္ဒြိယပစ္စည်း-သုံးချက်ရ | ၂၈၅ |
| ၂၂၈ | ပုရေဇာတိန္ဒြိယသုံးချက်ရ | ၂၈၆ |
| ၂၂၉ | ရူပဇီဝိတိန္ဒြိယပစ္စည်း-သုံးချက်ရ | ၂၈၆ |
| ၂၃၀ | ဈာနပစ္စယော အဘွင့် | ၂၈၈ |
| ၂၃၁ | ဈာနပစ္စည်း-သုံးချက်ရ | ၂၈၉ |
| ၂၃၂ | မဂ္ဂပစ္စယော-အဘွင့် | ၂၉၁ |
| ၂၃၃ | ထွက်မြောက်ရန်ကျေးဇူးပြုပုံ | ၂၉၂ |
| ၂၃၄ | မဂ္ဂပစ္စည်း-သုံးချက်ရ | ၂၉၃ |
| ၂၃၅ | ဈာနပစ္စည်းနှင့်မဂ္ဂပစ္စည်းအထူး | ၂၉၄ |
| ၂၃၆ | ကုသိုလ်,အကုသိုလ်,အဗျာကတမဂ်အထူး | ၂၉၆ |
| ၂၃၇ | သမ္ပယုတ္တပစ္စယော-အဘွင့် | ၂၉၆ |
| ၂၃၈ | သမ္ပယုတ္တပစ္စည်း-သုံးချက်ရ | ၂၉၈ |
| ၂၃၉ | ဝိပ္ပယုတ္တပစ္စယော-အဘွင့် | ၂၉၉ |
| ၂၄၀ | ရုပ်အချင်းချင်း-ဝိပ္ပယုတ္တပစ္စည်းမထိုက်ပုံ | ၃၀၁ |
| ၂၄၁ | နိဗ္ဗာန်၏ဝိပ္ပယုတ္တပစ္စည်းမထိုက်ပုံ | ၃၀၂ |
| ၂၄၂ | ဝိပ္ပယုတ္တပစ္စည်း-သုံးချက်ရ | ၃၀၃ |
| ၂၄၃ | အတ္ထိပစ္စယော-အဘွင့် | ၃၀၄ |
| ၂၄၄ | အတ္ထိအရ၊ထင်ရှားရှိပုံ-အဓိပ္ပါယ် | ၃၀၅ |
| ၂၄၅ | အတ္ထိပစ္စည်း၏ကျေးဇူးပြုပုံ | ၃၀၆ |
| ၂၄၆ | အတ္ထိပစ္စည်း-သုံးချက်ရ | ၃၀၇ |
| ၂၄၇ | နတ္ထိပစ္စယော-အဘွင့် | ၃၀၉ |
| ၂၄၈ | ထင်ရှားမရှိပုံ-အဓိပ္ပါယ် | ၃၀၉ |
| ၂၄၉ | ဝိဂတပစ္စယော-အဘွင့် | ၃၁၁ |
| ၂၅၀ | နတ္ထိပစ္စည်းနှင့်ဝိဂတပစ္စည်းအထူး | ၃၁၂ |
| ၂၅၁ | အဝိဂတပစ္စယော-အဘွင့် | ၃၁၃ |
| ၂၅၂ | အတ္ထိပစ္စည်းနှင့်အဝိဂတပစ္စည်း-အထူး | ၃၁၃ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၂၅၃ | ဥယျောဇဉ်-ဂါထာ .... .... .... | ၃၁၄ |
| ၂၅၄ | ပစ္စည်းပြိုင်-အဓိပ္ပါယ် .... .... .... | ၃၁၇ |
| ၂၅၅ | နာမ်သည်နာမ်အားကျေးဇူးပြုပုံ .... .... | ၃၁၈ |
| ၂၅၆ | နာမ်သည်နာမ်ရုပ်အားကျေးဇူးပြုပုံ .... .... | ၃၂၀ |
| ၂၅၇ | နာမ်သည်ရုပ်အားကျေးဇူးပြုပုံ .... .... | ၃၂၁ |
| ၂၅၈ | ရုပ်သည်နာမ်အားကျေးဇူးပုံ .... .... | ၃၂၂ |
| ၂၅၉ | ပညတ်နာမ်ရုပ်သည်နာမ်အားကျေးဇူးပြုပုံ .... | ၃၂၂ |
| ၂၆၀ | အာရမ္မဏပစ္စည်း .... .... .... | ၃၂၃ |
| ၂၆၁ | အာရမ္မဏူပနိဿယပစ္စည်း .... .... | ၃၂၃ |
| ၂၆၂ | ဥပနိဿယပစ္စည်း သုံးမျိုး .... .... | ၃၂၃ |
| ၂၆၃ | အနန္တရူပနိဿယပစ္စည်း .... .... | ၃၂၄ |
| ၁၆၄ | ပကတူပနိဿယပစ္စည်း .... .... | ၃၂၄ |
| ၂၆၅ | နာမ်ရုပ်-၂-ပါးသည်နာမ်ရုပ်-၂-ပါးအားကျေးဇူးပြုပုံ | ၃၂၅ |
| ၂၆၆ | အဓိပတိပစ္စည်း .... .... .... | ၃၂၅ |
| ၂၆၇ | သဟဇာတပစ္စည်း .... .... .... | ၃၂၆ |
| ၂၆၈ | အညမညပစ္စည်းနှင့်နိဿယပစ္စည်း.... .... | ၃၂၇ |
| ၂၆၉ | အာဟာရပစ္စည်း .... .... .... | ၃၂၈ |
| ၂၇၀ | ဣန္ဒြိယပစ္စည်းနှင့်ဝိပ္ပယုတ္တပစ္စည်း .... .... | ၃၂၉ |
| ၂၇၁ | အတွင်းဝင်ပုံ-အဓိပ္ပါယ် .... ... | ၃၃၀ |
| ၂၇၂ | အဋ္ဌကထာလာဟောတပစ္စည်းပြိုင်နည်း .... | ၃၃၃ |
| ၂၇၃ | အာရမ္မဏပစ္စည်းပြိုင်၊အဓိပတိပစ္စည်းပြိုင် .... | ၃၃၄ |
| ၂၇၄ | အနန္တရပစ္စည်းပြိုင် .... .... .... | ၃၃၄ |
| ၂၇၅ | သဟဇာတရုပ်-အဘွင့်,.... .... .... | ၃၃၆ |
| ၂၇၆ | ကာလသုံးပါးစသည်-ဘွင့်ပြခြင်း .... .... | ၃၃၈ |
| ၂၇၇ | ပညတ္တိဝိဘာဂ-အဘွင့် ... .... .... | ၃၄၁ |
| ၂၇၈ | အတ္ထပညတ်အပြား .... .... .... | ၃၄၂ |
| ၂၇၉ | အတ္ထပညတ်၏-အဓိပ္ပါယ် .... .... | ၃၄၃ |
| ၂၈၀ | အတ္ထပညတ်ဖြစ်ပေါ်လာပုံ .... .... | ၃၄၃ |
| ၂၈၁ | သဒ္ဒပညတ်-အဘွင့် .... .... .... | ၃၄၄ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
| --- | --- | --- |
| ၂၈၂ | နာမ်ငါးပါး-အဓိပ္ပါယ် .... .... .... | ၃၄၅ |
| ၂၈၃ | ဝိဇ္ဇမာနပညတ်-အဘွင့်.... .... .... | ၃၄၇ |
| ၂၈၄ | အဝိဇ္ဇမာနပညတ်-အဘွင့် .... .... | ၃၄၉ |
| ၂၈၅ | ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်စသည်-အဘွင့် .... | ၃၅၀ |
| ၂၈၆ | အက္ခရာ-၂-လုံးပုဒ်၌ဝိထိချပုံ .... .... | ၃၅၃ |
| ၂၈၇ | မဟာဝိသုဒ္ဓါရုံအသုံး-အဖြတ် .... .... | ၃၅၅ |
| ၂၈၈ | လောကသင်္ကေတနိမ္မိတာ-အဓိပ္ပါယ် .... | ၃၅၉ |


ပစ္စည်းပိုင်း-မာတိကာပြီး၏။

---

## ကမ္မဋ္ဌာန်းပိုင်း-မာတိကာ။


| | | |
| --- | --- | --- |
| ၂၈၉ | ဘာဝနာ-၂-ပါး-အဓိပ္ပါယ် .... .... | ၃၆၁ |
| ၂၉၀ | သမထကမ္မဋ္ဌာန်း-အဘွင့် .... .... | ၃၆၃ |
| ၂၉၁ | စရိုက်ခြောက်ပါး-အဘွင့် .... .... | ၃၆၄ |
| ၂၉၂ | စရိုက်အဓိပ္ပါယ် .... .... .... | ၃၆၄ |
| ၂၉၃ | စရိုက်အပြား .... .... .... | ၃၆၅ |
| ၂၉၄ | စရိုက်ကိုသိရခြင်းအကြောင်း .... .... | ၃၆၈ |
| ၂၉၅ | ဣရိယာပထ်အားဖြင့်စရိုက်ကိုသိရပုံ .... | ၃၆၈ |
| ၂၉၆ | ကိစ္စအားဖြင့်စရိုက်ကိုသိရပုံ .... .... | ၃၇၀ |
| ၂၉၇ | ဘောဇဉ်အားဖြင့်စရိုက်ကိုသိရပုံ .... .... | ၃၇၁ |
| ၂၉၈ | ဒဿနအားဖြင့် စရိုက်ကိုသိရပုံ .... .... | ၃၇၂ |
| ၂၉၉ | ဓမ္မပ္ပဝတ္တိအားဖြင့်-စရိုက်ကိုသိရပုံ .... .... | ၃၇၃ |
| ၃၀၀ | ဘာဝနာ,အပြား-အဘွင့် .... .... | ၃၇၆ |
| ၃၀၁ | ပရိကမ္မဘာဝနာ-အဓိပ္ပါယ် .... .... | ၃၇၆ |
| ၃၀၂ | အပ္ပနာဘာဝနာ-အဓိပ္ပါယ် .... .... | ၃၇၇ |
| ၃၀၃ | နိမိတ်-အဘွင့် .... .... .... | ၃၇၈ |
| ၃၀၄ | ပရိကမ္မနိမိတ်-အဓိပ္ပါယ် .... .... | ၃၇၈ |
| ၃၀၅ | ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်-အဓိပ္ပါယ် .... | ၃၇၉ |
| ၃၀၆ | ကသိုဏ်း-၁၀-ပါး-အဘွင့် .... .... | ၃၈၀ |

| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁၀၇ | ကသိုဏ်း-အဓိပ္ပါယ် .... .... .... | ၃၀၀ |
| ၁၀၈ | ပထဝီကသိုဏ်းဝန်း-အဓိပ္ပါယ် .... .... | ၃၀၁ |
| ၁၀၉ | ပထဝီကသိုဏ်းစီးဖြန်းနည်း .... .... | ၃၀၂ |
| ၁၁၀ | အာပေါကသိုဏ်း-အဘွင့် .... .... | ၃၀၄ |
| ၁၁၁ | တေဇောကသိုဏ်း-အဘွင့် .... .... | ၃၀၅ |
| ၁၁၂ | ဝါယောကသိုဏ်း-အဘွင့် .... .... | ၃၀၆ |
| ၁၁၃ | နီလကသိုဏ်း-အဘွင့် .... .... .... | ၃၀၇ |
| ၁၁၄ | ပီတကသိုဏ်း-အဘွင့် .... .... .... | ၃၀၈ |
| ၁၁၅ | လောဟိတကသိုဏ်း-အဘွင့် .... .... | ၃၀၉ |
| ၁၁၆ | ဩဒါတကသိုဏ်း-အဘွင့် .... .... | ၃၀၉ |
| ၁၁၇ | အာကာသကသိုဏ်း-အဘွင့် .... .... | ၃၉၀ |
| ၁၁၈ | အာလောကကသိုဏ်း-အဘွင့် .... .... | ၃၉၀ |
| ၁၁၉ | အသုဘ-၁၀-ပါး-အဘွင့် .... .... | ၃၉၂ |
| ၁၂၀ | ဥဒ္ဓုမာတကအသုဘ-အဘွင့် .... .... | ၃၉၂ |
| ၁၂၁ | ဝိနီလကအသုဘ-အဘွင့် .... .... | ၃၉၃ |
| ၁၂၂ | ဝိစ္ဆိဒ္ဒကအသုဘ-အဘွင့် .... .... | ၃၉၄ |
| ၁၂၃ | ဝိက္ခာယိတကအသုဘ-အဘွင့် .... .... | ၃၉၄ |
| ၁၂၄ | ဝိက္ခိတ္တကအသုဘ-အဘွင့် .... .... | ၃၉၅ |
| ၁၂၅ | ဟတဝိက္ခိတ္တကအသုဘ-အဘွင့် .... .... | ၃၉၅ |
| ၁၂၆ | လောဟိတကအသုဘ-အဘွင့် .... .... | ၃၉၆ |
| ၁၂၇ | ပုဠုဝကအသုဘ-အဘွင့် .... .... | ၃၉၆ |
| ၁၂၈ | အသုဘကမ္မဋ္ဌာန်းစီးဖြန်းနည်း .... .... | ၃၉၇ |
| ၁၂၉ | အရိုးသုံးရာသချာအရေ-ဘွင့်ပြခြင်း .... .... | ၄၀၁ |
| ၁၃၀ | အရိုးသုံးရာပုံပြာန်သဏ္ဍာန်ကိုပြခြင်း .... | ၄၀၁ |
| ၁၃၁ | အနုဿတိ-ဆယ်ပါး အဘွင့် .... .... | ၄၀၃ |
| ၁၃၂ | ဗုဒ္ဓါနုဿတိ-အဘွင့် .... .... .... | ၄၀၄ |
| ၁၃၃ | အရဟံ-ဂုဏ်တော်ဘွင့်း.... .... .... | ၄၀၆ |
| ၁၃၄ | သမ္မာသမ္ဗုဒ္ဓေါ-ဂုဏ်တော်ဘွင့် .... .... | ၄၁၂ |
| ၁၃၅ | ဝိဇ္ဇာစရဏသမ္ပန္နော-ဂုဏ်တော်ဘွင့် .... | ၄၁၃ |

စိရံ တိဋ္ဌတု - သဒ္ဓမ္မော

# အဘိဓမ္မပရမတ္ထဒီပနီကျမ်း။

## တတိယအုပ်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### သမုစ္စည်းပိုင်း-အဖွင့်။

၁။ ။ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။
တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။ ။

သင်္ဂြိုဟ်ပါဌ်။

အာရမ္မဏာပိဇာနနလက္ခဏာ, ဖုသနလက္ခဏာ-စသော မိမိတို့၏ကိစ္စ လက္ခဏာနှင့်တကွဖြစ်ကုန်သော စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန်တို့၏ အစွမ်းအားဖြင့်၊ ၇၂-ပါး အပြားရှိကုန်သော သဘောတရားတို့ကို ငါသည် မိန့်ဆိုအပ်ခဲ့ကုန်ပြီ။ ယခုအခါ၌ ထို -၇၂ ပါးကုန်သော သဘောတရားတို့ကို ပေါင်းရုံ၍ ရသင့်သည်အားလျော်စွာ၊ ငါသည် ပြဆိုပေအံ့-ဟု သမုစ္စည်းပိုင်းကိုမဆိုမီ ရှေးဦးစွာ ပဋိညာဉ်ပြု၍ စကားရပ်တည်း။ ။ဤ၌-အနိပ္ဖန္နရုပ်ကို အဘယ့်ကြောင့် မယူအပ်ပါသနည်း-ဟူမူ။ ။နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့်မျှသာ ဖြစ်သောကြောင့် မယူရ-ဟုမှတ်။ ။ဤကား-ပိဏ္ဍတ္ထ။

**၂။ ။အကုသလသင်္ဂဟော, မိဿကသင်္ဂဟော, ဗောဓိပက္ခိယသင်္ဂဟော, သဗ္ဗသင်္ဂဟော, စေတိ သမုစ္စယသင်္ဂဟော စတုဗ္ဗိဓော ဝေဒိတဗ္ဗော။ ။သင်္ဂြိုဟ်ပါဌ်။**

ဤသမုစ္စည်းပိုင်း၌၊ ၁-အကုသလသင်္ဂဟ၊ ၂-မိဿကသင်္ဂဟ၊ ၃-ဗောဓိပက္ခိယသင်္ဂဟ၊ ၄-သဗ္ဗသင်္ဂဟ-ဟူ၍ သင်္ဂဟ ၄-ပါးရှိ၏၊ ။ဟူလို။
ဤကား-ပိဏ္ဍတ္ထ။

---

အကုသလာနမေဝ သဘာဝဓမ္မာနံ သင်္ဂဟော
အကုသလသင်္ဂဟော။

အကုသလာနမေဝ၊ အကုသိုလ်တို့၏ သာလျှင်။ ဝါ၊တို့ကိုသာလျှင်။ သဘာဝဓမ္မာနံ၊သဘောတူသောတရားတို့၏ အစွမ်းဖြင့်။သင်္ဂဟော၊ သိမ်းယူရာဖြစ်သောသင်္ဂဟသည်။အကုသလသင်္ဂဟော၊ အကုသလသင်္ဂဟ-မည်၏။ ။စင်စစ်အကုသိုလ်ဇာတ်အားဖြင့် တူသောသဘောရှိကုန်သော အာသဝေါစသော တရားတို့ကို တပေါင်းတည်းပြု၍၊ ပြဆိုရာဖြစ်သောသင်္ဂဟသည်-အကုသလသင်္ဂဟမည်၏။ ။ဟူလို။

မိဿကာနံ သင်္ဂဟော မိဿကသင်္ဂဟော။

မိဿကာနံ၊ ကုသိုလ်,အကုသိုလ်, အဗျာကတ အားဖြင့် ပြဆိုရာ ရောနှောသောတရားတို့၏။ဝါ၊တို့ကို။ သင်္ဂဟော၊သိမ်းယူရာဖြစ်သော သင်္ဂဟသည်။ မိဿကသင်္ဂဟော၊ မိဿက-သင်္ဂဟမည်၏။ ။ကုသိုလ်,အကုသိုလ်,အဗျာကတဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည်-မိဿကသင်္ဂဟမည်၏။ ။ဟူလို။
ဤသို့ဖြစ်ပါက၊ဤသင်္ဂဟ၌နိဗ္ဗာန်ကို အဘယ့်ကြောင့် သင်္ဂြိုဟ်၌မပြဆိုပါသနည်း-ဟူမူ။ဟိတ်စသော တရားတို့၌ အတွင်းမဝင်သောကြောင့် ဟူလို။ ။

ဗောဓိပက္ခိယာနံ ဓမ္မာနံ သင်္ဂဟော
ဗောဓိပက္ခိယသင်္ဂဟော။

ဗောဓိပက္ခိယာနံ၊ဗောဓိဉာဏ်၏အဘို့၌ဖြစ်ကုန်သော၊ ဓမ္မာနံ၊တရားတို့၏။ဝါ၊တို့ကို။ သင်္ဂဟော၊သိမ်းယူ ပြဆိုရာဖြစ်သော သင်္ဂဟသည်။ဗောဓိ

ပက္ခိယသင်္ဂဟော၊ ဗောဓိပက္ခိယ သင်္ဂဟမည်၏။ ။ဗောဓိဉာဏ်ကို ရခြင်း၏အကြောင်းဖြစ်ကုန်သော သတိပဋ္ဌာန်,သမ္မပ္ပဓာန် စသော တရားတို့ကို တပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည်-ဗောဓိပက္ခိယသင်္ဂဟမည်၏။ ။ဟူလို။

သဗ္ဗသံ သင်္ဂဟော သဗ္ဗသင်္ဂဟော။

သဗ္ဗသံ၊အလုံးစုံသော ပရမတ္ထတရားတို့ကို။ ဝါ၊ တို့၏။ သင်္ဂဟော၊ သိမ်းယူပြဆိုရာဖြစ်သောသင်္ဂဟသည်။ သဗ္ဗသင်္ဂဟော၊သဗ္ဗသင်္ဂဟမည်၏။ ။အလုံးစုံသော ပရမတ်တရားမှန်သမျှတို့ကို တပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည်-သဗ္ဗသင်္ဂဟမည်၏။ ။ဟူလို။

သံ-ဧကတော ဥစ္စိယန္တိ-သမ္ပိဏ္ဍိယန္တီတိ သမုစ္စယော၊
သမုစ္စယာနံ သင်္ဂဟော သမုစ္စယသင်္ဂဟော။

သံ-ဧကတော၊တပေါင်းတည်း။ ဥစ္စိယန္တိ-သမ္ပိဏ္ဍိယန္တိ၊ ပေါင်းအပ်ကုန်၏။ဣတိ၊ကြောင့်။ သမုစ္စယော၊သမုစ္စယမည်၏၊ ။ပေါင်းစည်းအပ်သော ပရမတ်တရားတို့ကိုရ၏။

သမုစ္စယာနံ၊ အတူတကွပေါင်းစုအပ်ကုန်သော ပရမတ်တရားတို့၏။ ဝါ၊တို့ကို။ သင်္ဂဟော၊သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည်။ သမုစ္စယသင်္ဂဟော၊သမုစ္စယသင်္ဂဟ-မည်၏၊ ။ပရမတ္ထတရားတို့ကို သဘောတူရာ,ဆိုင်ရာ,ဆိုင်ရာ,အစုလိုက်တပေါင်းတည်းပြု၍၊သိမ်းယူပြဆိုရာသင်္ဂဟသည်-သမုစ္စယသင်္ဂဟမည်၏။ဝါ-သရုပ္ပည်းပိုင်းမည်၏။ ။ဟူလို၊

---

## အကုသလသင်္ဂဟ-အဖွင့်။

၃။ ။ကထံ-အကုသလသင်္ဂဟေ တာဝ စတ္တာရော အာသဝါ-ကာမာသဝေါ,ဘဝါသဝေါ,ဒိဋ္ဌာသဝေါ,အဝိဇ္ဇာသဝေါ။ ။

သင်္ခိုပ်ပါဠိ။

အကုသလသင်္ဂဟ၌၊ရှေးဦးစွာ၊ ၁-ကာမာသဝ၊ ၂-ဘဝါသဝ၊ ၃-ဒိဋ္ဌာသဝ၊၄-အဝိဇ္ဇာသဝ-ဟူ၍၊အာသဝေါတရား ၄-ပါးရှိ၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

ထိုသင်္ဂဟ ၄-ပါးတို့တွင်၊အကုသလသင်္ဂဟကိုအဘယ့်ကြောင့်ရှေးဦးစွာမိန့်ဆိုအပ်ပါသနည်း-ဟူမူ။အလုံးရုံသော ပဋိသန္ဓေတည်နေကုန်သော သတ္တဝါတို့အား အကုသိုလ်ဘဝနိကန္တိလောဘဇောသည်၊ ရှေးဦးစွာ ဖြစ်သောကြောင့်-အကုသလသင်္ဂဟ ကို ရှေးဦးစွာမိန့်ဆိုအပ်၏။တနည်း .... စိတ်ပိုင်း၌ အကုသိုလ်စိတ်ကို ရှေးဦးစွာ မိန့်ဆိုသောကြောင့် ၎င်းအရ-အကုသလသင်္ဂဟကို ရှေးဦးစွာ မိန့်ဆိုရ၏။ ထိုအကုသလ သင်္ဂဟတွင်လည်းအာသဝေါတရားကို သံသရာစက်၏ ချက်သဘွယ်ဖြစ်သောကြောင့် ရှေးဦးစွာမိန့်ဆိုရ၏-ဟုမှတ်။

**အာသဝ-အဓိပ္ပါယ်။**

**အာသဝန္တီတိ အာသဝါ။**

ယေဓမ္မာ၊အကြင်တရားတို့သည်။အာသဝန္တိ၊ယိုစီးတတ်ကုန်၏။ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။အာသဝါ၊အာသဝ-မည်ကုန်၏။ ။အဓိပ္ပါယ်ကား....အမာဝမှ သန်ရည့်သည့် မစင်ကြယ်သောအပုတ်ရည်၏ အဖြစ်ဖြင့် ယိုစီးသကဲ့သို့၊စက္ခုဒွါရမှ၎င်း,သောတဒွါရမှ၎င်း,ပ။ မနောဒွါရမှ၎င်း၊ မစင်မကြယ်၊ စက်ဆုပ်ဘွယ်၏အဖြစ်ဖြင့် ယိုစီးတတ်သောကြောင့် လောဘစသော တရားတို့သည်-အာသဝမည်ကုန်၏။ ။ဟူလို။

ဆိုလိုရင်းကား....စက္ခုဒွါရစသည်မှ ယိုစီးတတ်၏-ဟု ဆိုသော်လည်း၊ ကရားမှရေစီးဘျာဘိသကဲ့သို့ ယိုစီးသည်မဟုတ်၊ စန္ဒရကန်ကျောက်,သူရယကန်ကျောက်မှဖြစ်သော ရေ,မီးကဲ့သို့၊ အာရုံကို တွေ့လတ်သော်သာ၊ တဖွားဖွား လောဘစသော တရားများ ဖြစ်လာသည်ကိုပင် ယိုစီးသည်-ဟူလို။

ဘဝတော အာဘဝဂ္ဂံ,ဓမ္မတော အာဂေါတြဘုံ
သဝန္တိ-ပဝတ္တန္တီတိ အာသဝါ။ ။

ဘဝတော၊ဘုံအားဖြင့်။ အာဘဝဂ္ဂံ၊ ဘဝဂ်ဘုံတိုင်အောင်။ ဓမ္မတော၊ တရားအားဖြင့်။ အာဂေါတြဘုံ၊ဂေါတြဘုတိုင်အောင်။ သဝန္တိ-ပဝတ္တန္တိ၊ အာရုံပြုသောအားဖြင့်ဖြစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ အာသဝါ၊အာသဝမည်ကုန်၏။

အဓိပ္ပါယ်ကား....တရားအားဖြင့် မဂ်၏ရှေးဂေါတြဘုတိုင်အောင် အာရုံပြုသောအားဖြင့် ဖြစ်တတ်၏။ဘုံအားဖြင့် အထက် နေဝသညာနာသညာ

ယတနတည်းဟူသော ဘဝဂ်တိုင်အောင် ဖြစ်ဘတ်,သွားတတ်၏၊ ထိုသို့ အရှိန်ပြင်းထန်၊ ထက်ယံဘဝဂ်-ပြန်တက်ဖြစ်တတ်သော သတ္တိကြောင့်၊ လောဘစသောတရားသည်-အာသဝမည်၏၊ ။ဟူလို။

ဧတေ ဟိ အာရမ္မဏကရဏဝသေနဓမ္မေ ဂေါ်တြဘုံ တတောပရံ န ဂစ္ဆန္တိ။ဧတ္ထ စ ဂေါ်တြဘုဝစနေန ဂေါ်တြဘု,ဝေါဒါနဖလသမာပတ္တိပုရေစာရိကပရိကမ္မာနိ ဂဟေတ္တာနီတိ ဝေဒိတဗ္ဗာနိ။ ။

မူလဋီကာ။ ။(၅၁)။

ဆိုလိုရင်းကား…ဂေါ်တြဘု တိုင်အောင်ဖြစ်၏-ဟူရာဝယ်၊အာသဝေါ တရားလေးပါးတို့သည်၊ ဂေါ်တြဘုစိတ်နှင့် သမ္ပယုတ်၏ အစွမ်းဖြင့် ဖြစ်သည်မဟုတ်၊ အာရုံပြုသည်အစွမ်းဖြင့် ဖြစ်သည်-ဟူလို။ ။ဂေါ်တြဘု-တိုင်အောင်ဆိုသောစကားသည်လည်း၊ သောတာပတ္တိမဂ်၏ဝိထိအရဖြစ်သည်။သကဒါဂါမိ-စသောအထက်မဂ်သုံးပါး၏ ရှေ့အဘို့၌ကား ဝေါဒါန်, ဖလသမာပတ်၏ ရှေ့အဘို့၌ဖြစ်သော ပရိကံတို့ကိုလည်း အာသဝေါ၏ အာရုံဖြစ်၍ ယူအပ်ကုန်၏-ဟုမှတ်။

အာသဝါ ဝိယာတိ အာသဝါ။

ယေဓမ္မာ၊အကြွင်တရားတို့သည်။အာသဝါဝိယ၊ အရက်နှင့်တူကုန်၏။ ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။အာသဝါ၊အာသဝ-မည်ကုန်၏။ ။

အဓိပ္ပါယ်ကား….အရက်နှင့်တူသောကြောင့် လောဘစသော တရားတို့သည်-အာသဝမည်ကုန်၏။ ။ဟူလို။

တူပုံကား…. အရက်သည် မုဒရက်သီးစသည်တို့ကို ရှည်ကြာ ဟောင်းဆွေးအောင်၊ အိုး၌ ထုံထား အပ်သကဲ့သို့၊ ထိုအတူ-လောဘ စသောတရားတို့သည်၊ အစမထင် သံသရာပြင်၌ ရှည်ကြာ ဟောင်းနွမ်း အောင်၊ခန္ဓာကိုယ်၌ ထုံထားအပ်သည်၏ အဖြစ်ကြောင့် အရက်နှင့်တူသည်။ ။တနည်း….အရက်သည် သတ္တဝါတို့ကို မူးယစ်စေသကဲ့သို့၊ လောဘစသောတရားတို့သည်လည်း သတ္တဝါတို့ကို အမြဲမူးယစ်စေကုန်၏။ ။ဟူလို။

စိရပါရိဝါသိယဋ္ဌေန မဒိရာဒယော အာသဝါ။
အဋ္ဌသာလိနီ-အဋ္ဌကထာ။ ။(၈၁)။

ဓိရပါရိဝါသိယဋ္ဌေန၊ကြာမြင့်စွာ ထုံအပ်သောအနက်ကြောင့်။မဒိရာဒယော၊မုဒရက်သီးရည်စသည်တို့သည်၊ အာသဝါ၊အာသဝ-မည်ကုန်၏။

အာယတံ သံသာရဒုက္ခံ သဝန္တိ-ပသဝန္တီတိ အာသဝါ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ အာယတံ၊ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာဆင်းရဲတည်းဟူသောအသီးကို။ သဝန္တိ၊သီးတတ်ကုန်၏။ အာယတံ၊ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာဆင်းရဲဟူသောသားကို။ ပသဝန္တိ၊မွေးဖွားတတ်ကုန်၏။ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။အာသဝါ၊ အာသဝ-မည်ကုန်၏။

အဓိပ္ပါယ်ကား.... ရှည်ကြာစွာသော သံသရာ ဝဋ်ဆင်းရဲတည်းဟူသော အသီးကို သီးတတ်သောကြောင့်ရင်း, တနည်း....ရှည်ကြာစွာသော သံသရာဝဋ်ဆင်းရဲဟူသော သားကို ဖွားတတ်သောကြောင့် ရင်း, လောဘစသောတရားတို့သည်-အာသဝမည်ကုန်၏။ ။ဟူလို။

ဘဝဂ်ကိုနှံ၍ရင်း,ဂေါတြဘုကိုနှံ၍ရင်း,ဖြစ်ဘတ်ကုန်သော မာန-စသော တရားတို့သည် ရှိပါကုန်လျက်၊ အဘာယ်ကြောင့် လောဘ, ဒိဋ္ဌိ, မောဟ တရားသုံးပါးကိုသာ၊အာသဝ-ဟု ဆိုအပ်ပါသနည်းဟူမူ။ မဂ်ဖြင့်မပယ် အပ်သေးသော သတ္တဝါတို့အား ယစ်ခြင်းကိုပြုတတ်သည်ဖြစ်၍၊ အာသဝ မည်သောအရက်နှင့် တူသောကြောင့်ရင်း,ငါ,ငါ၏ ဥစ္စာ-ဟု စွဲလမ်းသည် အစွမ်းဖြင့် ပြန့်နှံ့တတ်သောကြောင့်ရင်း, ထိုလောဘ,ဒိဋ္ဌိ, မောဟ ၃-ပါး သာလျှင်-အာသဝမည်သတည်း။

### ကာမာသဝ-စသည် အဓိပ္ပါယ်အရကောက်။

ကာမောယေဝ အာသဝေါ ကာမာသဝေါ။

ကာမောယေဝ၊ကာမသာလျှင်ဖြစ်သော။ အာသဝေါ၊အာသဝေါတရား သည်။ ကာမာသဝေါ၊ ကာမာသဝ-မည်၏။ ။ကြွင်းသော ဘဝါသဝ-စသည်တို့၌လည်း၊ ဤနည်းပြု။ ။အဓိပ္ပါယ်ကား.... ၁-ကာမဘုံ၌ တပ်တတ်သော ကာမဂုဏ်ငါးပါးနှင့်စပ်သော ရာဂ-ဟု ဆိုအပ်သော လောဘ စေတသိက်သည်-ကာမာသဝမည်၏။ ။၂-ရူပဘုံ,အရူပဘုံ၌ တပ်တတ် သော လောဘစေတသိက်သည်-ဘဝါသဝမည်၏။ ။*ဈာန်စိတ်ဘည်း ဟူသော ကမ္မဘဝ၌ တပ်သောလောဘ, သဿတဒိဋ္ဌိဟူသော ဘဝဒိဋ္ဌိ နှင့်တကွဖြစ်သော လောဘတို့သည်လည်း-ဘဝါသဝပင်မည်ကုန်၏။ ။

၃-ခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိသည်-ဒိဋ္ဌောဃမည်၏။ ။၄-သစ္စာလေးပါး, ပုဗ္ဗန္တ,အပရန္တ,ပုဗ္ဗာပရန္တ, ပဋိစ္စသမုပ္ပါဒ်၊ ဤ ၈-ရပ်တို့ကိုဖုံးလွှမ်းတတ်သော မောဟသည်-အဝိဇ္ဇောဃမည်၏၊ ။ဟူလို။

**ဒေသနာက္ကမ,ဟောကြားပုံအစဉ်။**

ထိုလေးပါးတို့တွင်၊ကာမောဃကို အဘယ့်ကြောင့်ရှေးဦးထား၍ မိန့်ဆိုရပါသနည်းဟူမူ။ ။သိလွယ် ထင်ရှား, ဖြစ်ခြင်းများသောကြောင့်-ကာမောဃကို ရှေးဦးထား၍ မိန့်ဆိုအပ်၏။ ။ထိုနောက် ကာမောဃနှင့် တရားကိုယ်တူသောကြောင့်-ဘဝေါဃကိုမိန့်တော်မူ၏။ ။ကာမောဃတို့ကိုရှင်အောင် ကောတုဟလမင်္ဂလာစသည်ကိုပြုသောကြောင့်-ဒိဋ္ဌောဃကို ထိုနောက် မိန့်တော်မူ၏။ ။ထိုသုံးပါးတို့၏ အခြေအရင်းဖြစ်သောကြောင့်-အဝိဇ္ဇောဃကိုနောက်ဆုံးထား၍ မိန့်တော်မူရလေသတည်း။

**ဆောင်ပုဒ်။** ။"ဝိသုဒ္ဓိရုံရစနာဂါထာ"

စိရပါရိဝါသိယာဝ၊ဝိဿန္ဒာ ဝါ ဝဏာဝိယ။
အာ-ဂေါတြဘုံ ဘဝဂ္ဂံ ဝါ၊ယေ သဝန္တိ အာသဝါ။ ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ စိရပါရိဝါသိယာဋ္ဌေန၊ ရှည်မြင့်စွာ ထုံအပ်သော အရက်နှင့်တူကုန်၏။ဝါ၊တနည်းကား။ ဝဏာ၊အိုင်းအနာမှ။ ဝိဿန္ဒာဝိယ၊ ယိုစီးသောမန်းရည်, ပြည်စေးတို့ကဲ့သို့။ ဝိဿန္ဒာ၊စက္ခုစသည်မှ ရူပစသောအာရုံသို့ စီးတတ်ကုန်၏။ဝါ၊ တနည်းကား…အာဂေါတြဘုံ၊ ဓမ္မအားဖြင့်ဂေါတြဘုတိုင်အောင်။ အာဘဝဂ္ဂံ၊ ဘုံအားဖြင့်ဘဝဂ်တိုင်အောင်။ သဝန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ ဣမသ္မာ၊ ဤအကြောင်းကြောင့်။တေဓမ္မာ၊တို့သည်။အာသဝါ၊မည်ကုန်၏။ ။

---

**ဩဃာ-အခန်း။**

၄။ ။စတ္တာရောဩဃာ-ကာမောဃော, ဘဝေါဃော, ဒိဋ္ဌောဃော, အဝိဇ္ဇောဃော။ ။သင်္ဂြိုဟ်ပါဠိ။

ဩဃာတို့သည်။၁-ကာမောဃာ၊ ၂-ဘဝေါဃာ၊ ၃-ဒိဋ္ဌောဃာ၊ ၄-အဝိဇ္ဇောဃာ-ဟူ၍၊ ၄-မျိုးအပြားရှိ၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

## သြဇာ-အဓိပ္ပါယ်။

သြဇ္ဇာရိတ္တာန ဟာနဒ္ဓိ-မာရေနဒ္ဓိ,သြဇာသီဒေနဒ္ဓိတိ ဝါ သြဇာ။

ယေဓမ္မာ၊အကြင်တရားတို့သည်။သတ္တေ၊သတ္တဝါတို့ကို။သြဇ္ဇာရိတ္တာန၊ လွှမ်းဘိကုန်၍။ဟာနဒ္ဓိ-မာရေနဒ္ဓိ၊ သေစေတတ်ကုန်၏။ဝါ၊ တနည်းကား.... ဟာနဒ္ဓိ-သြဇာသီဒေနဒ္ဓိ၊နစ်စေတတ်, နှစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ တေ ဓမ္မာ၊တို့သည်။သြဇာ၊သြဇာ-မည်ကုန်၏၊ ။

**မှတ်ချက်။** ။သြဇာ-၌-အဝ-ဈေးရှိသော ဟာန-ဓာတ်။ ဈေးနည်းအလို-ဟာနဓာတ်-မာရဏတ္ထ၊ နောက်နည်းအလို-ဟာနဓာတ်-သြသီဒနတ္ထဝါစီ-ဟုမှတ်။ ။ဋီကာဆရာကား၊သြဇာ-ပုဒ်ကို ဥပမာ-တဒ္ဓိတ်ကြံတော်မူ၏။ ။အဋ္ဌကထာဆရာကား၊ ဥပမာ မကြံပါဘဲ တိုက်ရိုက်သာ ကြံတော်မူစေလို၏။

အဓိပ္ပါယ်ကား....မဟာသမုဒ္ဒရာ အတွင်း၌ရှိသော ဝဲသြဇာကြီးများသည်၊ မိမိဝဲသြဇာတွင်းသို့သက်ဆင်းကျရောက်သမျှသော သတ္တဝါတို့ကို အတင်းနှစ်၍ သတ်တတ်၏။ အောက်သို့ ဝဲရပ်၌ နစ်မြုပ်တတ်၏။ ကူးမြောက်ခြင်းငှါ ခဲယဉ်း၍ တဝဲလည်လည်သာ နေရတတ်၏။ထိုအတူ၊ကာမောဃ-စသော တရားလေးပါးတို့သည် ၎င်းသြဇာတရား ကိန်းအောင်းတည်နေသောသတ္တဝါတို့ကို တဘဝနှင့်မပြီး၊ တဘဝပြီးတဘဝဆက်ကာ, ဆက်ကာ လွှမ်းဘိ၍ ဘဝအရာ, ဘဝအထောင်မက ဘဝများစွာ, ကမ္ဘာများစွာအတင်းနှစ်၍အတင်းနှစ်၍ သတ်တတ်ကုန်၏။ထိုသံသရာထဲ၌ ဒုက္ခအမျိုးမျိုးကိုလည်း ပေးတတ်ကုန်၏။ ထို့ကြောင့် လောဘ, ဒိဋ္ဌိ, မောဟတရားတို့သည် သြဇာ-မည်ကုန်၏။ ။ဟူလို။ ။(*အရကောက်ဈေးအဘိဓမ္မာအတိုင်းမှတ်)။

## ဆောင်ပုဒ်-ဂါထာ။

သြဇ္ဇာရိတ္တာန မာရေနဒ္ဓိ၊သြဇာသီဒေနဒ္ဓိတိ ဝါ သြဇာ။
သြဇာဝိယာတိ သြဇာတိ၊ဋီကာကာရမတေန ဝါ။ ။

ယေဓမ္မာ၊အကြင်တရားတို့သည်။သတ္တေ၊သတ္တဝါတို့ကို။သြဇ္ဇာရိတ္တာန၊ လွှမ်းဘိကုန်၍။မာရေနဒ္ဓိ၊သေစေတတ်,သတ်တတ်ကုန်၏။ဝါ၊ကား။ သြဇာသီဒေနဒ္ဓိ၊ နစ်စေတတ်,နှစ်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေဓမ္မာ၊ ထိုတရား

တို့သည်။ဩဃသာ၊ဩဃ-မည်ကုန်၏။ ။ငိုကာကာရမတေန၊ငိုကာကျော်ဆရာ၏အလိုအားဖြင့်ကား။ ယေဓမ္မာ၊တို့သည်။ ဩဃသာဝိယ၊ဝဲဩဃနှင့်တူကုန်၏။ ဣတိ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ ဩဃသာ၊မည်ကုန်၏။ဣတိ၊ဤသို့။ ဉာယတေ၊သိအပ်၏။ ။

---

ယောဂ-အဘွင့်။

၅။ ။စတ္တာရော ယောဂါ-ကာမယောဂေါ,ဘဝယောဂေါ,ဒိဋ္ဌိယောဂေါ,အဝိဇ္ဇာယောဂေါ။ ။သဗ္ဗိုဟ်ပါဌ်။

ယောဂတို့သည်၊ ၁-ကာမယောဂ၊ ၂-ဘဝယောဂ၊ ၃-ဒိဋ္ဌိယောဂ၊ ၄-အဝိဇ္ဇာယောဂ-ဟူ၍၊၄-ပါးရှိကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

ယောဂ-အဓိပ္ပါယ်။

ဝဋ္ဋသ္မိံ,ဘဝယန္တကေ ဝါ သတ္တေ ယောဇေန္တီတိ ယောဂါ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ သတ္တေ၊သတ္တဝါတို့ကို။ ဝဋ္ဋသ္မိံ ဝါ၊ဝဋ်ဆင်းရဲ၌ဎင်း။ဘဝယန္တကေ ဝါ၊ဘဝစက်ယန္တရား၌ဎင်း။ ယောဇေန္တိ၊ယှဉ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ ယောဂါ၊ယောဂ-မည်ကုန်၏။

အဓိပ္ပါယ်ကား....ထမ်းပိုးခွင်၌ မြင်းတို့ကိုဎင်း, နွားတို့ကိုဎင်း တပ်၍, ကၡထားကုန်ဘိသကဲ့သို့၊သတ္တဝါတို့ကို ဝဋ်ဒုက္ခဘဝစက် ယန္တရားကြီး၌ တပ်၍,ကၡထားတတ်ကုန်သောကြောင့်-လောဘ, ဒိဋ္ဌိ, မောဟာတရားသုံးမျိုးတို့သည်-ယောဂမည်ကုန်၏။ ။ဟူလို။

တနည်း... ကံတရားကို ဝိပါက်တရားနှင့် ယှဉ်စေတတ်ကုန်၏။ သတ္တဝါတို့ကို သုံးပါးသောဘဝ၌ ယှဉ်စေတတ်ကုန်၏။ လေးပါးသော ယောနိ, ၅-ပါးသော ဂတိ, ၇-ပါးသော ဝိညာဏဋ္ဌိတိ, ၉-ပါးသော သတ္တာဝါသတို့၌ ယှဉ်စေတတ်,ဖြစ်စေတတ်ကုန်၏။ထို့ကြောင့် လောဘစသောတရားသုံးပါးတို့သည်-ယောဂမည်ကုန်၏။ ။ဟူလို။

## ဆောင်ပုဒ်-ဂါထာ။

ဝဋ္ဋမှိ ဘဝယန္တေ ဝါ၊သတ္တေ ပါကေန ကမ္မံဝါ။
သတ္တေ ဘဝန္တရာဒီဟိ၊ဒုက္ခေန ဝါပိ ယောဇရေ။
တသ္မာ ယောဂါတိ ဝုစ္စန္တိ၊အနုသေန္တာပိ ရုဠှိယာ။ ။

ယေဓမ္မာ၊ တို့သည်။ သတ္တေ၊တို့ကို။ ဝဋ္ဋမှိ၊ဝဋ်သုံးပါး၌။ ဝါ၊ကား။ဘဝယန္တေ၊ဘဝသုံးပါး၊စက်ယန္တရား၌။ ယောဇရေ၊ယှဉ်စေတတ်ကုန်၏။ ဝါ၊ကား။ကမ္မံ၊အကြောင်းကံကို။ပါကေန၊အကျိုးနှင့်။ဝါ၊ကား။ သတ္တေ၊တို့ကို။ ဘဝန္တရာဒီဟိ၊ဘဝတပါး စသည်တို့နှင့်။ဝါပိ၊တနည်းကား။ ဒုက္ခေန၊ဒုက္ခနှင့်။ယောဇရေ၊ယှဉ်စေကုန်၏။ တသ္မာ၊ကြောင့်။တေဓမ္မာ၊တို့ကို။အနုသေန္တာပိ၊မချအားဖြင့်ဝင်း။ရုဠှိယာ၊အထင်ရုဠှီ,အတင်ရုဠှီ,အားဖြင့်ဝင်း။ ယောဂါတိ၊ဟူ၍။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။ ။

---

## ဂန္ထ-အခွင့်။

ဒြ။ ။စတ္တာရော ဂန္ထာ-အဘိဇ္ဈာကာယဂန္ထော,ဗျာပါဒေါကာယ ဂန္ထော, သီလဗ္ဗတပရာမာသော ကာယဂန္ထော, ဣဒံ သစ္စာ ဘိနိဝေသောကာယဂန္ထော။ ။သင်္ဂြိုဟ်ပါဠ်။

ဂန္ထတို့သည်၊ ၁-အဘိဇ္ဈာကာယဂန္ထ၊ ၂-ဗျာပါဒကာယဂန္ထ၊ ၃-သီလဗ္ဗတပရာမာသကာယဂန္ထ၊ ၄-ဣဒံ သစ္စာဘိနိဝေသကာယဂန္ထ-ဟူ၍၊ ၄-ပါးရှိကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

## ဂန္ထ-အဓိပ္ပါယ်။

နာမကာယေန ရူပကာယံ၊ပစ္စုပ္ပန္နကာယေန ဝါ
အနာဂတကာယံ ဂန္ထေန္တိ၊ဒုပ္ပမုဉ္စံ ဝေဌေန္တီတိ ကာယဂန္ထာ။

နာမကာယေန၊နာမ်အပေါင်းနှင့်။ ရူပကာယံ၊ရုပ်အပေါင်းကို။ ဝါ၊ကား။ ပစ္စုပ္ပန္နကာယေန၊ယခုဘဝကိုယ်နှင့်။အနာဂတကာယံ၊ နောက်ဘဝကိုယ်ကို။ဒုပ္ပမုဉ္စံ၊ဖြေနိုင်ခဲအောင်၊ ဂန္ထေန္တိ-ဝေဌေန္တိ၊ချစ်ပတ်တတ်ကုန်၏။ဣတိ တသ္မာ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ကာယဂန္ထာ၊ကာယဂန္ထမည်ကုန်၏။

ရတိပဋိ သန္ဓိဝသေန ဝဋ္ဋသ္မိံ ဂန္ထေန္တိ-ဃဋေန္တီတိဂန္ထာ။

ယေဓမ္မာ၊ အကြင် တရားတို့သည်။ ရတိ, ပဋိသန္ဓိဝသေန၊ ရတိ, ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဝဋ္ဋသ္မိံ၊ ဝဋ်သုံးပါး၌။ ဂန္ထေန္တိ-ဃဋေန္တိ၊ ဆက်စပ်, ထုံးဖွဲ့ဘတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေဓမ္မာ၊ တို့သည်၊ ဂန္ထာ၊ ဂန္ထမည်ကုန်၏၊

အဓိပ္ပါယ်ကား....လက်ထိပ်စသော အနှောင် အဖွဲ့ကဲ့သို့၊ နာမကာယနှင့် ရူပကာယကို မကွဲမပြားရအောင် ဖွဲ့ဘတ်,ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဘဝအဆက်မပြတ်ရအောင် ဖွဲ့တတ်, ဘဝတပါး၏ ရတိနှင့် ဘဝတပါး၏ ပဋိသန္ဓေကို ဘဝအဆက်မပြတ် ရစေခြင်းငှါ ဖွဲ့ဘတ်, စပ်တတ်သောကြောင့်-လောဘစသော တရားတို့သည်- ကာယဂန္ထမည်ကုန်၏။ ။ဟူလို။

၁-အလုံးစုံသောတဏှာသည်၊အဘိဇ္ဈာကာယဂန္ထမည်၏။ ။၂-အလုံးစုံသောဒေါသသည်၊ဗျာပါဒကာယဂန္ထမည်၏၊ ။၃-နွား,ကျွဲ,ခွေးစသည်တို့၏ အလေ့အကျင့်ဖြင့်ပင် ကိလေသာစင်ကြယ်နိုင်၏၊နိဗ္ဗာန်ကိုရနိုင်၏၊ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြောင်း မဂ်ပင်တည်း-ဟုယူသော ဒိဋ္ဌိစေတသိက်သည်-သီလဗ္ဗတပရာမာသမည်၏။

ဂေါသီလာဒိနာ သီလေန စ ဝတေန စ တဒုဘယေန စ
သုဒ္ဓိတိ ပရတော အာမာသနန္တိ သီလဗ္ဗတပရာမာသော။

ဂေါသီလာဒိနာ၊နွားတို့၏ အလေ့စသော။ သီလေနစ၊ အလေ့အားဖြင့်၎င်း။ဝတေနစ၊နွားတို့၏အကျင့်အားဖြင့်၎င်း။ တဒုဘယေနစ၊ထိုဂေါသီလ, ဂေါဝတ, နှစ်ပါးအားဖြင့်၎င်း။ သုဒ္ဓိ၊သံသရာမှစင်ကြယ်၏။ ဝါ၊နိဗ္ဗာန်သို့ရောက်နိုင်၏။ ဣတိ၊သို့။ ပရတော၊မှားသောအားဖြင့်။အာမသနံ၊ သုံးသပ်ခြင်းသည်။သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသမည်၏-ဟုပေး။

၄-ငါ၏ အယူသာမှန်၏၊ အခြားတပါးသော အယူများသည် အမှားတို့သာတည်း-ဟူ၍ ပြင်းပြင်းထန်ထန် အယူသန်မှုဟု ဆိုအပ်သော သီလဗ္ဗတပရာမာသဒိဋ္ဌိမှတပါးသော ဒိဋ္ဌိမှန်သမျှသည်-ဣဒံသစ္စာဘိနိဝေသမည်၏။

*ဣဒမေဝ သစ္စံ၊ မောဃ မညန္တိ အဘိနိဝိသနံ
ဣဒံသစ္စာဘိနိဝေသော။

ဣဒမေဝ၊ ဤငါ၏အယူသည်သာလျှင်။ သစ္စံ၊ ဟုတ်မှန်၏၊ အညံ၊ တပါး သော အယူသည်။ မောဃံ၊ အချည်းနှီး အလကားသာတည်း။ ဣတိ၊ ဤသို့။ အဘိနိဝိသနံ၊ နှလုံးသွင်းခြင်းသည်။ ဣဒံသစ္စာဘိ နိဝေသော၊ မည်၏-ဟုပေး။

ဆောင်ပုဒ်-ဂါထာ။

နာမကာယေန ရူပံ ဝါ၊ ပစ္စုပ္ပန္နေန နာဂတံ။
ဒုပ္ပရိစ္စဇံ ပဝေဒ္ဓေန္တိ၊ ရတိ,သန္ထဝသေန ဝါ။
သတ္တေ ဝဋ္ဋေ ဃဋေန္တီတိ၊ ကာယဂန္ထာတိ ဝုစ္စရေ။ ။

နာမကာယေန၊ နာမ်အပေါင်းနှင့်။ ရူပကာယံ၊ ရုပ်အပေါင်းကို။ ဝါ၊ ကား။ ပစ္စုပ္ပန္နေန၊ ယခုဘဝကိုယ်နှင့်။ အနာဂတံ၊ နောက်ဘဝကိုယ်ကို။ ဒုပ္ပရိစ္စဇံ၊ ဖြေနိုင်ခက်အောင်။ ပဝေဒ္ဓေန္တိ၊ ရစ်ပတ်တတ်ကုန်၏။ ဝါ၊ ကား။ သတ္တေ၊ တို့ကို။ ရတိ,သန္ထဝသေန၊ ရတိ,ပဋိသန္ထဝ၏အစွမ်းအားဖြင့်၊ ဝဋ္ဋေ၊ ဝဋ်ဆင်းရဲ၌။ ဃဋေန္တိ၊ စပ်တတ်ကုန်၏။ ဣတိ၊ ကြောင့်၊ ကာယဂန္ထာတိ၊ ကာယဂန္ထ-ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

---

ဥပါဒါန်-အဘွင့်။

၇။ ။စတ္တာရော ဥပါဒါနံ-ကာမုပါဒါနံ,ဒိဋ္ဌုပါဒါနံ,သီလဗ္ဗတုပါဒါနံ, အတ္တဝါဒုပါဒါနံ။ ။သဂြိုဟ်ပါဠ်။

ဥပါဒါန်တို့သည်၊ ၁-ကာမုပါဒါန်၊ ၂-ဒိဋ္ဌုပါဒါန်၊ ၃-သီလဗ္ဗတုပါဒါန်၊ ၄-အတ္တဝါဒုပါဒါန်-ဟူ၍၊ ၄-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

ဥပါဒါန်-အဓိပ္ပါယ်။

ဘုသံ အာဒိယန္တီတိ ဥပါဒါနာ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ ဘုသံ၊ ပြင်းထန်စွာ။ အာဒိယန္တိ၊ စွဲစွဲ လမ်းလမ်း ယူတတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေဓမ္မာ၊ တို့သည်။ ဥပါဒါနာ၊

ဥပါဒါနိမည်ကုန်၏။ ။အဓိပ္ပါယ်ကား....ဘားကို ဖြွေ-စွဲလမ်းသကဲ့သို့၊ ပြင်းစွာ ရူပ,သဒ္ဒ-စသည်အာရုံ ကာမဂုဏ်ကို၊ လွှန်လွှန်မင်းမင်း၊ စွဲလမ်း တတ်သော လောဘ-စသော တရားတို့သည်-ဥပါဒါနိမည်ကုန်၏။ ။ဟူလို။

၁-ဝတ္ထုကာမတို့၌ ပြင်းပြစွာစွဲသမ်း၍ တပ်မက်ဘတ်သော တဏှာ သည်-ကာမုပါဒါနိမည်၏။ ။၂-ခြောက်ဆဲ့နှစ်ပါးသောဒိဋ္ဌိစသော အလုံး ရုံသော ဒိဋ္ဌိသည်-ဒိဋ္ဌုပါဒါနိမည်၏။ ။၃-နွားတို့၏သီလ,နွားတို့၏အကျင့် များသည်၊ သံသရာမှစင်ကြယ်ကြောင်းပင်တည်း-ဟု စွဲမြဲ၍ယူသော ဒိဋ္ဌိ သည်-သီလဗ္ဗတုပါဒါနိ မည်၏။ ။၄-ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ-စသောအားဖြင့်၊မှောက်မှောက်,မှားမှား, ထင်မှားတတ် သော သက္ကာယဒိဋ္ဌိ ၂၀-သည်-အတ္တဝါဒုပါဒါနိမည်၏။

အတ္တာနံ အဘိဝဒန္တိ့ဧဝ ဥပါဒိယန္တိ့စ
သတ္တာ ဧတေနာတိ အတ္တဝါဒုပါဒါနံ။ ။

ဧတေန၊ဤတရားဖြင့်။သတ္တာ၊သတ္တဝါတို့သည်။အတ္တာနံ၊ပုဂ္ဂိုလ်,သတ္တဝါ တည်းဟူသော အတ္တကို။ အဘိဝဒန္တိ့ဧဝ၊ ငါဘဲ, သူဘဲ-ဟု စွပ်စွဲကာ ပြောဆိုလည်းပြောဆိုတတ်ကုန်၏။ဥပါဒိယန္တိ့စ၊စွဲလမ်း၍လည်း ယူဘတ် ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့စွပ်စွဲကြောင်း, ယူကြောင်းဖြစ်သောသတ္တိ ကြောင့်။ အတ္တဝါဒုပါဒါနံ၊အတ္တဝါဒုပါဒါနိ-မည်၏။

---

## သက္ကာယဒိဋ္ဌိ ၂၀-သရုပ်။

သက္ကာယဒိဋ္ဌိ ၂၀-ဆိုသည်ကား၊ ခန္ဓာငါးပါးတို့တွင် တပါးတပါး၌၊ လေးပါး,လေးပါးသောစွဲလမ်းမှုတို့ကိုစွဲ၍ ၂၀-ဖြစ်သတည်း။

၁။ ။ရုပ်သည်သာလျှင်၊ကိုယ်ကောင်တည်း။
၂။ ။ကိုယ်ကောင်သည်ရုပ်ရှိ၏။
၃။ ။ကိုယ်ကောင်၌ရုပ်တည်၏။
၄။ ။ရုပ်၌ကိုယ်ကောင်တည်၏။

ဤကား-ရူပက္ခန္ဓာ၌သက္ကာယ ၄-မျိုးတည်း။

၁။ ။ဝေဒနာသည်သာလျှင်၊ကိုယ်ကောင်တည်း။
၂။ ။ကိုယ်ကောင်သည် ဝေဒနာရှိ၏။

၃။ ။ကိုယ်၌ ဝေဒနာတည်၏။
၄။ ။ဝေဒနာ၌ ကိုယ်ကောင်တည်၏။

ဤကား-ဝေဒနာက္ခန္ဓာ၌ သက္ကာယ ၄-မျိုးဖြစ်ပုံတည်း။

၁။ ။သညာသည်၊ကိုယ်ကောင်တည်း။
၂။ ။ကိုယ်ကောင်သည်၊သညာရှိ၏။
၃။ ။ကိုယ်ကောင်၌ သညာတည်၏။
၄။ ။သညာ၌ ကိုယ်ကောင်တည်၏။

ဤကား-သညာက္ခန္ဓာ၌သက္ကာယ ၄-မျိုးဖြစ်ပုံတည်း။

၁။ ။သင်္ခါရသည်၊ကိုယ်ကောင်တည်း။
၂။ ။ကိုယ်ကောင်သည်၊သင်္ခါရရှိ၏။
၃။ ။ကိုယ်ကောင်၌ သင်္ခါရတည်၏။
၄။ ။သင်္ခါရ၌ ကိုယ်ကောင်တည်၏။

ဤကား-သင်္ခါရက္ခန္ဓာ၌ သက္ကာယ ၄-မျိုးဖြစ်ပုံတည်း။

၁။ ။ဝိညာဏ်သည်၊ကိုယ်ကောင်တည်း။
၂။ ။ကိုယ်ကောင်သည်၊ဝိညာဏ်ရှိ၏။
၃။ ။ကိုယ်ကောင်၌ ဝိညာဏ်တည်၏။
၄။ ။ဝိညာဏ်၌ ကိုယ်ကောင်တည်၏။

ဤကား-ဝိညာဏက္ခန္ဓာ၌ သက္ကာယ ၄-မျိုးဖြစ်ပုံတည်း။
ခန္ဓာငါးပါးကို ပေါင်းသော်-သက္ကာယ ၂၀-ဖြစ်သတည်း။

---

## သက္ကာယဖြစ်ပုံ အဓိပ္ပါယ်အကျယ်။

၁။ ။ယခုအခါ ငါသည်၊ တောင့်တင်း ခက်မာလှ၏။ ယခုအခါ ငါသည်နူးညံ့သိမ်မွေ့လှ၏-ဟူ၍ စွဲလမ်းပြောဆိုမှုသည်၊ ပထဝီရုပ်ဓာတ်ကိုပင် ငါ-ဟူသော အတ္တ-စွဲလမ်းသဖြင့်၊ ရုပ်သည် ငါကိုယ်ကောင်-ဟု စွဲလမ်းသည်မည်၏။

၂။ ။ယခုနေ့ ငါ၏ကိုယ်ခန္ဓာသည်၊တောင့်တင်းခက်မာ၏၊ ယခုနေ့ ငါ၏ကိုယ်ခန္ဓာသည်၊ နူးညံ့သိမ်မွေ့၏-ဟု စွဲလမ်းပြောဆိုမှုသည်၊ ငါ၏ကိုယ်ကောင်သည်-ပထဝီရုပ်ရှိ၏-ဟုစွဲလမ်းသည်မည်၏။ ။

၃။ ။ယခုနေ့ ခက်ထန်မှုသည်-ငါ၌ရှိ၏။ ငါ့ကိုယ်၌ဖြစ်၏၊ ယခုနေ့ နူးညံ့မှုသည် ငါ၌ရှိ၏။ ငါ့ကိုယ်၌ဖြစ်၏-ဟု စွဲလမ်းပြောဆိုမှုသည်၊ ကိုယ်ကောင်၌ ရုပ်တည်သည်-ဟု စွဲလမ်းသည်မည်၏။

၄။ ။ယခုနေ့ ငါသည်ခက်မာသည်အဖြစ်၌တည်၏၊ ယခုနေ့ငါသည်၊ နူးညံ့သည်အဖြစ်၌တည်၏-ဟု စွဲလမ်းပြောဆိုမှုသည်၊ ရုပ်၌ကိုယ်ကောင်တည်၏-ဟု စွဲလမ်းသည်မည်၏။

ဤကား-ရူပက္ခန္ဓာ၌ သက္ကာယ ၄ မျိုးဖြစ်ပုံတည်း။

---

၁။ ။ငါသည်ချမ်းသာ၏။ ငါသည်ဆင်းရဲ၏။ငါသည် ခံစား၏-ဟူ၍ စွဲလမ်း ပြောဆိုမှုသည်၊ ဝေဒနာသည် ကိုယ်ပင်တည်း-ဟု စွဲလမ်းသည်မည်၏။

၂။ ။ယခုနေ့ငါ၏ကိုယ်သည်ချမ်းသာ၏။ ယခုနေ့ ငါ၏ကိုယ်သည် ဆင်းရဲ၏-ဟူ၍စွဲလမ်းပြောဆိုမှုသည်၊ကိုယ်ကောင်သည် ဝေဒနာရှိ၏-ဟု စွဲလမ်းသည်မည်၏။

၃။ ။ယခုနေ့ချမ်းသာမှုသည်ငါ၌ဖြစ်၏။ဆင်းရဲမှုလည်းငါ၌ဖြစ်၏-ဟူ၍စွဲလမ်းမှုသည်၊ကိုယ်ကောင်၌ဝေဒနာတည်၏-ဟု စွဲလမ်းသည်မည်၏။

၄။ ။ယခုနေ့ငါသည်ချမ်းသာမှု၌တည်ရပေ၏။ ဆင်းရဲခြင်း၌ တည်ရပေ၏-ဟု စွဲလမ်းခြင်းသည်၊ ဝေဒနာ၌ကိုယ် တည်၏-ဟု စွဲလမ်းခြင်းတည်း။ ။

ဤကား-ဝေဒနာက္ခန္ဓာ၌ သက္ကာယ ၄-မျိုး ဖြစ်ပုံတည်း။ (ကြွင်းသော သညာက္ခန္ဓာ။ပ။ဝိညာဏက္ခန္ဓာတို့၌လည်း ဤအတိုင်းသိလေ)။

ဤသို့-နှစ်ဆယ်သောဝတ္ထု၌ရှိသော သစ်ပင်နှင့်အရိပ်,ပန်းပွင့်နှင့်အနံ့, စသည်ပမာ ရှုမြင်ထင်မှတ်သော သက္ကာယဒိဋ္ဌိသည်-အတ္တဝါဒုပါဒါန် မည်၏။ ။ဟူလို။

---

## ဒေသနာက္ကမ-အစဉ်။

၁။ ။ထိုဥပါဒါန် တရားလေးပါးတို့တွင်၊ ကာမု ပါဒါန်ကို အဘယ့်ကြောင့်၊ရှေ့ထား၍ မိန့်ဆိုအပ်ပါသနည်း-ဟူမူ။အရာကျယ်သောကြောင့်ရင်း,ထင်ရှားသောကြောင့်ရင်း, ကာမုပါဒါန်ကို ရှေ့ထား၍ ဟောတော်မူလေ၏။ ။

၂။ ။ကာမကို ရစေခြင်း၌ာ ကောတုဟာလမင်္ဂလာ - စသည်ကို ပြုသောကြောင့်-ဒိဋ္ဌုပါဒါန်ကို၊ ကာမုပါဒါန်၏ နောက်ထား၍ဟောတော်မူ ရ၏။ ။

၃။ ။ဒိဋ္ဌိဘေဒ-နှစ်ပါးတို့တွင်လည်း၊ ရုန့်ရင်းသိလွယ်သောကြောင့်- သီလဗ္ဗတုပါဒါန်ကို ဟောတော်မူ၏။ ။

၄။ ။ထိုသီလဗ္ဗတ-ထက် အသိခက်သောကြောင့်-အတ္တဝါဒုပါဒါန်ကို နောက်ဆုံးထား၍ ဟောမိန့်တော်မူ၏။ ။

**ဆောင်ပုဒ်။**

က။ ။ရာကျယ်,ထင်ရှား၊ရှေ့ဦးထား၊မိန့်ကြား-ကာမုပါ။

ခ။ ။ကာမရမှု၊အကြောင်းပြု၊ဆက်စု-ဒိဋ္ဌုပါ။

ဂ။ ။ရုန့်ရင်းသိလွယ်၊ထိုကြောင့်ဝယ်၊မိန့်ရွယ်-သီလဗ္ဗတာ။

ဃ။ ။အသိခက်ဘိ၊ထို့ကြောင့်သိ၊မိန့်၏-အတ္တဝါ။

**ဆောင်ပုဒ်-ဂါထာ။**

ဥပါဒါနာနိ ဝုတ္တာနိ၊တဏှာ,ဒိဋ္ဌိဝသာ ဒုဝေ။
ဘုသာဒါနဋ္ဌမာဒိန္နာ၊မဏ္ဍူကံ ပန္နဂေါ ယထာ။ ။

ပန္နဂေါ၊မြွေသည်။ မဏ္ဍူကံ၊ဖားကို။ဘုသံ၊ပြင်းပြစွာ။ အာဒိန္နေ ယထာ၊ စွဲလမ်းဖမ်းယူသကဲ့သို့။ တဏှာ,ဒိဋ္ဌိဝသာ၊ တဏှာ,ဒိဋ္ဌိတို့၏အစွမ်း ဖြင့်။ ဒုဝေ၊ကုန်သော။ ယေဓမ္မာ၊တို့သည်။ ဘုသံ၊ပြင်းပြစွာ။ အာရမ္မဏံ၊ အာရုံကို။အာဒိန္နာ၊စွဲလမ်းကပ်ယူတတ်ကုန်၏။ တသ္မာ၊ကြောင့်။တေဓမ္မာ၊ တို့ကို။ဥပါဒါနာနိ၊တို့ဟူ၍။ဝုတ္တာနိ၊ကုန်၏။ ။

---

နီဝရဏ-အဘွင့်။

ဂ။ ။ဆနီဝရဏာနိ-ကာမစ္ဆန္ဒနီဝရဏံ, ဗျာပါဒနီဝရဏံ, ထိနမိဒ္ဓ နီဝရဏံ,ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ, ဝိစိကိစ္ဆာနီဝရဏံ, အဝိဇ္ဇာ နီဝရဏံ။ ။သတ္တြိုဟ်ပါင်၅။

နီဝရဏတို့သည်၊ ၁-ကာမစ္ဆန္ဒနီဝရဏ၊ ၂-ဗျာပါဒနီဝရဏ၊ ၃-ထိန မိဒ္ဓနီဝရဏ၊၄-ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ၅-ဝိစိကိစ္ဆာနီဝရဏ၊ ၆-အဝိဇ္ဇာ နီဝရဏ-ဟူ၍၊ခြောက်ပါးအပြားရှိကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

## နီဝရဏ-အဓိပ္ပါယ်။

### စိတ္တံ နီဝရန္တိ-ပရိယောနဒ္ဓန္တီတိ နီဝရဏာနိ။

ယေဓမ္မာ၊အကြင်တရားတို့သည်၊ စိတ္တံ၊ချာန်စသော ကုသိုလ်စိတ်ကို။ နီဝရန္တိ-ပရိယောနဒ္ဓန္တိ၊ မြစ်တားတတ်ကုန်၏။ ဣတိ၊ကြောင့်။ တေဓမ္မာ၊ တို့သည်။ နီဝရဏာနိ၊နီဝရဏ-မည်ကုန်၏။

အဓိပ္ပါယ်ကား····ဈာန်,ဝိပဿနာ,မဂ်စသည်တို့၏အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် လောဘစသော တရားတို့ သည်-နီဝရဏမည်ကုန်၏။ ။ဟူလို။

### စက္ခုံ ဝါ အာဝရန္တီတိ နီဝရဏာနိ။

ဝါ၊တနည်းကား····စက္ခု၊ပညာမျက်စိကို။ အာဝရန္တိ၊ပကတိမျက်စိကို တိမ်သလာဖုံးပိတ်သကဲ့သို့၊ ပိတ်ဆို့မှေးကာတတ်ကုန်၏။ ဣတိ၊ ကြောင့်။ နီဝရဏာနိ၊နီဝရဏ-မည်ကုန်၏။ ။ပကတိမျက်စိကို တိမ်သလာဖုံးအုပ် မှေးကာဘိသကဲ့သို့၊ပညာမျက်စိကိုပိတ်ဆို့ကာကွယ်တတ်သောကြောင့် လောဘစသောတရားတို့သည်-နီဝရဏမည်ကုန်၏။ ။ဟူလို။

၁-ကာမဂုဏ်ငါးပါး၌၊ လွန်လွန်ကဲကဲဖြစ်သော ရာဂသည်-ကာမစ္ဆန္ဒ နီဝရဏမည်၏။ ။၂-အလုံးစုံသောဒေါသသည်-ဗျာပါဒနီဝရဏမည်၏။ ။ ၃-ထိန,မိဒ္ဓနှစ်ပါးစုံသည်-ထိနမိဒ္ဓနီဝရဏမည်၏။ ။၄-ဥဒ္ဓစ္စ,ကုက္ကုစ္စနှစ် ပါးစုံသည်-ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမည်၏။ ။၅-ဝိစိကိစ္ဆာသည်-ဝိစိကိစ္ဆာ နီဝရဏမည်၏။ ။၆-မောဟသည်-အဝိဇ္ဇာနီဝရဏမည်၏။

---

### ခေါသင်္ကာ ၂-ပါး၏တပေါင်းတည်း-နီဝရဏမည်ခြင်းအကြောင်း။

ထိနစေတသိက်နှင့် မိဒ္ဓစေတသိက် ၂-ပါးကို တပေါင်းတည်းပြု၍၊နီဝ ရဏာတပါးအဖြစ်ဖြင့် အဘယ့်ကြောင့် ဆိုရပါသနည်း-ဟူမူ။ ။၎င်းစေ တသိက် ၂-ပါးတို့သည် မိမိနှင့် သမ္ပယုတ်ဖြစ်သော စိတ်တို့ကို၊ တွန့်တို သည်၏အဖြစ်သို့ ရောက်စေခြင်းကိစ္စသည်၎င်း, ကိုယ်လက်ဆန့်ကျင်ခြင်း ဟူသော အကြောင်းသည်၎င်း, ဝိရိယဟူသော ဆန့်ကျင်ဘက်သည်၎င်း, တူကြသောကြောင့် တပေါင်းတည်းပြု၍ ဟောတော်မူအပ်၏။

ဥဒ္ဓစ္စနှင့်ကုက္ကုစ္စ-စေတသိက်နှစ်ပါးတို့သည်လည်း၊ မငြိမ်သက်အောင် ပြုခြင်းကိစ္စသည်၎င်း,ဆွေမျိုးတို့၏ပျက်စီးခြင်းအစရှိသည်ကိုကြံစည်ခြင်း ဟူသောအကြောင်းသည်၎င်း, သမထဟူသော ဆန့်ကျင်ဘက်သည်၎င်း တူကြ၏။ဤသို့ကိစ္စ,အကြောင်း, ဆန့်ကျင်ဘက် ၃-မျိုးတို့၏ တူကြသည်၏ အဖြစ်ကြောင့် ၂-ပါးပင်ဖြစ်သော်လည်း တပေါင်းတည်းပြု၍ ဟော တော်မူအပ်၏။

ကိစ္စာဟာရပိပက္ခာနံ၊ဧကတ္တာ ဧကမေတ္တ ဟိ။
ကတမုဒ္ဓစ္စကုက္ကုစ္စံ၊ထိနမိဒ္ဓဉ္စ တာဒိနာ။ ။

ဧတ္ထ၊ဤနီဝရဏတရားတို့တွင်။ကိစ္စာဟာရပိပက္ခာနံ၊ကိစ္စ,အကြောင်း, ဆန့်ကျင်ဘက်တို့၏။ ဧကတ္တာ၊တူသည်၏အဖြစ်ကြောင့်။ တာဒိနာ၊တာဒိ ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ဥဒ္ဓစ္စကုက္ကုစ္စဉ္စ၊ ဥဒ္ဓစ္စ, ကုက္ကုစ္စ ၂-ပါးကိုလည်း။ဧကံနီဝရဏန္တိ၊ နီဝရဏ-တပါးဟူ၍၎င်း။ထိန မိဒ္ဓဉ္စ၊ထိန,မိဒ္ဓ-ကိုလည်း။ဧကံနီဝရဏန္တိ၊နီဝရဏတပါးဟူ၍၎င်း။ ကတံ-ဒေသိတံ၊ဟောတော်မူအပ်၏။ ။(ဟိသဒ္ဒါ-ပဒါလင်္ကာရ)။

**ဆောင်ပုဒ်-ဂါထာ။**

ဈာနာဒိကံ နိသေဓေန္တိ၊န တံ ဒေန္တိ ပဝတ္တိတုံ။
**စက္ခုံ ဝါ အာဝရန္တီတိ၊ဝုတ္တာ နီဝရဏာနီတိ။ ။**

ဈာနာဒိကံ၊ ဈာန်စသည်အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို။နိသေ ဓေန္တိ၊တားမြစ်တတ်ကုန်၏။တံ၊ထိုကုသိုလ်စိတ်ကို။ပဝတ္တိတုံ၊ဖြစ်စေခြင်း ငှါ၊နဒေန္တိ၊မပေးတတ်ကုန်။ဝါ၊တနည်းလည်း၊စက္ခုံ၊ပညာမျက်စိကို။အာဝ ရန္တိ၊ပိတ်ဆို့တတ်ကုန်၏။ဣတိ၊ကြောင့်။နီဝရဏာနီတိ၊တို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။

**ဆောင်ပုဒ်။** ။ကိစ္စအကြောင်း၊ ထပ်လောင်း ဆန့်ကျင်၊ တူလှအင်၊ မိန့်ရှင်တပါးတည်း။

## အနုသယ-အဘွင့်။

၉။ ။သတ္တာနုသယာ-ကာမရာဂါနုသယော,ဘဝရာဂါနုသယော, ပဋိဃာနုသယော,မာနာနုသယော, ဒိဋ္ဌာနုသယော,ဝိစိကိစ္ဆာ နုသယော,အဝိဇ္ဇာနုသယော။ ။သင်္ဂြိုဟ်ပါဌ်။

အနုသယတို့သည်၊ ၁-ကာမရာဂအနုသယ၊ ၂-ဘဝရာဂအနုသယ၊ ၃-ပဋိဃအနုသယ၊၄-မာနအနုသယ၊ ၅-ဒိဋ္ဌိအနုသယ၊ ၆-ဝိစိကိစ္ဆာအနုသယ၊၇-အဝိဇ္ဇာအနုသယ-ဟူ၍၊၇-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အနုသယ-အဓိပ္ပါယ်။

### အနုသေန္တီတိ အနုသယာ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ အနုသေန္တိ၊ အစဉ်ကိန်းဝပ်တတ်ကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။တေဓမ္မာ၊တို့သည်။အနုသယာ၊အနုသယမည်ကုန်၏။ ။(ဤအလို အနု-သဒ္ဒါ,အနုရူပအနက်ဟော)။
အဓိပ္ပါယ်ကား... လျောက်ပတ်သောအနုသယဖြစ်နိုင်သောအကြောင်းတရားကို မရလျှင်၊ မဖြစ်ပေါ်ကြကုန်ပါဘဲ၊ လျောက် ပတ်သော အနုသယဖြစ်နိုင်သောအကြောင်းကိုရမှသာ ဖြစ်လတ္တံ့သော သဘောရှိကုန်သော လောဘ-စသောတရားတို့သည်-အနုသယမည်ကုန်၏။ ။ဟူလို။

### အနုအနုသတ္တသန္တာနေ သေန္တီတိ အနုသယာ။

ယေဓမ္မာ၊တို့သည်။အနုအနု၊အဘန်ဘန်အထပ်ထပ်။ သတ္တသန္တာနေ၊ သတ္တဝါတို့၏သန္တာန်၌။ ဝါ-စိတ်တို့၏အစဉ်၌။ သေန္တိ၊ကိန်းတတ်ကုန်၏။ ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။အနုသယာ၊ အနုသယ-မည်ကုန်၏။ ။(ဤအလို-အနုသဒ္ဒါ-အနုဒ္ဒမာသံကဲ့သို့ဝိစ္ဆာအနက်ဟော)၊
အဓိပ္ပါယ်ကား....အကြင်၍လောက် မင်္ဂကိုမရသေး၊ ထိုရွေ့လောက် ကာလပတ်လုံး အနုသယဖြစ်ထိုက်သော အကြောင်းကို ရတိုင်း,ရတိုင်း-အဘန်ဘန် အထပ်ထပ် ဖြစ်တတ်သောကြောင့်-လောဘစသော တရားတို့သည်-အနုသယမည်ကုန်၏။ ။ဟူလို။

အနုသယတို့ဟူသည်၊ နောင်မရှုချ ဖြစ်ထတ္တံ့သော အနာဂတ်ကိလေသာများသာဖြစ်ကုန်၏။ထိုသို့ဖြစ်ပါက၊ဖြစ်ဆဲဖြစ်သော ကိလေသာ,ဖြစ်ပြီးသော ကိလေသာ တို့ကား အနုသယ မမည်သင့်သည် မဟုတ်ပါလောဟူမူ။ ။ပစ္စုပ္ပန်ကိလေသာ,အတိတ်ကိလေသာတို့သည်လည်း၊ထိုကိလေသာသဘောပင်ရှိသောကြောင့်-အနုသယပင်မည်ကုန်ပါသတည်း။ ။

တေ ပန နိပ္ပရိယာယတော အနာဂတ ကိလေသာ။
အတီတပစ္စုပ္ပန္နာပိ တံ သဘာဝတ္တာ တထာဝုစ္စန္တိ။ ။

ဋီကာကျော်။

---

**အနုသယ-သရုပ်။**

၁-ကာမတရားတို့၌ သာယာ နှစ်သက်တတ်သော လောဘစေတသိက်သည်- ကာမရာဂါနုသယ မည်၏။ ။၂-မဟဂ္ဂုတ် ကုသိုလ်,ဝိပါက်တို့၌ တပ်နှစ်သက်သော လောဘစေတသိက်သည်-ဘဝရာဂါနုသယမည်၏။ ။၃-ဒေါသစေတသိက်သည်-ပဋိဃာနုသယမည်၏။ ။၄-မာနစေတသိက်သည်-မာနာနုသယမည်၏။ ။၅-ဒိဋ္ဌိစေတသိက်သည်-ဒိဋ္ဌာနုသယမည်၏။ ။၆-ဝိစိကိစ္ဆာ စေတသိက်သည်-ဝိစိကိစ္ဆာနုသယ မည်၏။ ။၇-မောဟစေတသိက်သည်-အဝိဇ္ဇာနုသယမည်၏။

**ဆောင်ပုဒ်-ဂါထာ။**

လောဘော,ဒေါသော,မာနော,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,အဝိဇ္ဇကာ။
သန္တာနမှိအနု အနု၊သေန္တိတျနုသယာ မတာ၊
လဒ္ဓါအနုရူပံ ဟေတုံ၊ဥပ္ပဇ္ဇန္တိတိ အတ္ထတော။ ။

လောဘော၊ လောဘ-ကိုဒင်း။ပ။အဝိဇ္ဇကာ၊ အဝိဇ္ဇာကိုဒင်း။သန္တာနမှိ၊ ပုဂ္ဂိုလ်သန္တာန်၌။ဝါ။စိတ်အစဉ်၌။ အနုအနု၊အဘန်တလဲလဲ။ သေန္တိ၊ဖြစ်တတ်ကုန်၏။ဣတိ၊ကြောင့်။အနုသယာ၊အနုသယ-တို့ဟူ၍။ မတာ၊သိအပ်ကုန်၏။အနုရူပံ၊လျော်ကပ်သော။ဟေတုံ၊အကြောင်းကို။ လဒ္ဓါ၊ရသည်ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ထိုက်ကုန်၏။ ဣတိ-အဃံ၊ဤသည်ကား။ အတ္ထတာ-အတွေ့၊အနက်တည်း။

## သံယောဇဉ်-အဘွင့်။

၁၁။ ။ဒသ သံယောဇနာနိ ကာမရာဂ သံယောဇနံ၊ ရူပရာဂ သံယောဇနံ၊အရူပရာဂ သံယောဇနံ။ပ။ အဝိဇ္ဇာ သံယောဇနံ, သုတ္တန္တေ။ ။သင်္ဂြိုဟ်ပါဠိ။

သုတ္တန်ပါဠိတော်၌ ဟောတော်မူအပ်သော သံယောဇဉ်တို့သည်။

၁-ကာမရာဂသံယောဇဉ်၊ ၂-ရူပရာဂသံယောဇဉ်၊ ၃-အရူပရာဂသံယောဇဉ်၊ ၄-ပဋိဃသံယောဇဉ်၊ ၅-မာနသံယောဇဉ်၊ ၆-ဒိဋ္ဌိ သံယောဇဉ်၊ ၇-သီလဗ္ဗတပရာမာသသံယောဇဉ်၊ ၈-ဝိစိကိစ္ဆာသံယောဇဉ်၊ ၉-ဥဒ္ဓစ္စ သံယောဇဉ်။ ၁၀-အဝိဇ္ဇာ သံယောဇဉ်။ ဤသို့ ဆယ်ပါး အပြား ရှိကုန်၏၊ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

## သံယောဇဉ်-အဓိပ္ပါယ်။

ဝဋ္ဋသ္မိံ သံယောဇေန္တိ-ဗန္ဓန္တိတိ သံယောဇနာနိ၊

ယာနိ၊အကြင်တရားတို့သည်။ ဝဋ္ဋသ္မိံ၊ဝဋ်ဆင်းရဲ၌။ သံယောဇေန္တိ-ဗန္ဓန္တိ၊ဖွဲ့ဘာဘ်ကုန်၏၊ဣတိ၊ကြောင့်။ တာနိ.ထိုဘရားတို့သည်၊သံယောဇနာနိ၊သံယောဇဉ်မည်ကုန်၏။

အဓိပ္ပါယ်သော်ကား....သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်ထောင်ကြီးအတွင်း၌၊သံယောဇဉ်ကို တိုးပွား ဖြစ်ပေါ်စေတတ်သော အာရုံ အမျိုးမျိုး တည်းဟူသော ကြိုးတို့ဖြင့် တုပ်နှောင်ဘွဲ့ချည်၍၊ ထား တတ်ကုန်သောကြောင့် လောဘစသောတရားတို့သည် သံယောဇဉ်မည် ကုန်၏။ ထို့ကြောင့် သံယောဇဉ် တရားဟူသည်၊ လောက၌ ရှိသော နှောင်အိမ်အမျိုးမျိုး,နှောင်ကြိုးအမျိုးမျိုးတို့နှင့်တူသောတရားတို့ပေတည်း။

---

## သံယောဇဉ် သရုပ်။

၁။ ။ကာမတရားတို့၌ သာယာ တပ်နှစ်သက်သော တဏှာလောဘသည်-ကာမရာဂသံယောဇဉ်မည်၏။

၂။ ။ရူပကုသိုလ်, ဝိပါက်၌ သာယာတပ် နှစ်သက်သော တဏှာလောဘသည်-ရူပရာဂသံယောဇဉ်မည်၏။

၃။ ။အရူပကုသိုလ်, ဝိပါက်ဉ္စသာယာ တပ်နှစ်သက်သော တဏှာလောဘသည်-အရူပရာဂသံယောဇဉ်မည်၏၊

၄။ ။ဒေါသစေတသိက်သည်-ပဋိဃသံယောဇဉ်မည်၏။

၅။ ။မာနစေတသိက်သည် မာနသံယောဇဉ်မည်၏။

၆။ ။ဒိဋ္ဌိစေတသိက်သည်-ဒိဋ္ဌိသံယောဇဉ်မည်၏။

၇။ ။ကျွဲနွားစသည်တို့၏ အလေ့အကျင့်သည်၊သံသရာမှ လွတ်ရာလွတ်ကြောင်း-ဟုမှားသောအားဖြင့် သုံးသပ်သော ဒိဋ္ဌိစေတသိက်သည်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်မည်၏။

၈။ ။ဝိစိကိစ္ဆာစေတသိက်သည်-ဝိစိကိစ္ဆာသံယောဇဉ်မည်၏၊

၉။ ။ဣဿာ စေတသိက်သည်-ဣဿာသံယောဇဉ်မည်၏၊

၁၀။ ။မစ္ဆရိယစေတသိက်သည်-မစ္ဆရိယသံယောဇဉ်မည်၏၊

*ကာမရာဂ,ရူပရာဂ,အရူပရာဂ, သံယောဇဉ်သုံးပါးသည်-လောဘ, ပဋိဃသံယောဇဉ်သည် ဒေါသ, မာန သံယောဇဉ်မှာ-မာန, ဒိဋ္ဌိသံယောဇဉ်,သီလဗ္ဗတပရာမာသသံယောဇဉ်တို့မှာ-ဒိဋ္ဌိ,ဝိစိကိစ္ဆာသံယောဇဉ်မှာ ဝိစိကိစ္ဆာ၊ဣဿာသံယောဇဉ်မှာ-ဣဿာ၊ မစ္ဆရိယသံယောဇဉ်မှာ-မစ္ဆရိယ၊ဟုမှတ်။ ။

---

## အဘိဓမ္မာ-သံယောဇဉ်။

၁၁။ ။အပရေနိ ပိ ဒသ သံယောဇနာနိ ကာမရာဂ သံယောဇနံ၊ ဘဝရာဂ သံယောဇနံ။ပ။ အဝိဇ္ဇာ သံယောဇနံ, အဘိဓမ္မေ။ ။သင်္ဂြိုဟ်ပါဠိ။

အဘိဓမ္မာ၌ ဟောတော်မူအပ်သော သံယောဇဉ်ကား၊

၁-ကာမရာဂသံယောဇဉ်။
၂-ဘဝရာဂသံယောဇဉ်။
၃-ပဋိဃသံယောဇဉ်။
၄-မာနသံယောဇဉ်။
၅-ဒိဋ္ဌိသံယောဇဉ်။

၆-သီလဗ္ဗတပရာမာသသံယောဇဉ်၊
၇-ဝိစိကိစ္ဆာသံယောဇဉ်။
၈-ဣဿာသံယောဇဉ်။
၉-မစ္ဆရိယသံယောဇဉ်၊
၁၀-အဝိဇ္ဇာသံယောဇဉ်-ဟူ၍ ၁၀-ပါးအပြားရှိ၏၊ ။ဟူလို။

---

ကာမရာဂသံယောဇဉ်, ဘဝရာဂသံယောဇဉ်,တို့မှာ လောဘ၊ပဋိဃ သံယောဇဉ်မှာ-ဒေါသ၊မာနသံယောဇဉ်မှာ-မာန၊ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့မှာ-ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သံယောဇဉ်မှာ-ဝိစိကိစ္ဆာ၊ ဣဿာသံယောဇဉ်မှာ-ဣဿာ၊ မစ္ဆရိယသံယောဇဉ်မှာ မစ္ဆရိယ၊အဝိဇ္ဇာသံယောဇဉ်မှာ မောဟ၊ဟု သံယောဇဉ်တရားတို့သည် တရားကိုယ်အားဖြင့် ၈-ပါးရှိ၏၊

**ဆောင်ပုဒ်-ဂါထာ။**

လောဘော ဒေါသော မာနော ဒိဋ္ဌိ၊ဝိစိကိစ္ဆာ စ ဥဒ္ဓစ္စံ။
မောဟော ဣဿာ မစ္ဆေရန္တိ၊သံယောဇနာနိ တေ ပန။
သံယောဇေန္တိ-ဗန္ဓန္တိတိ၊သံယောဇနာနိ ဝုစ္စရေ။ ။

လောဘော၊လောဘ-ငင်း။ပ။မစ္ဆေရံ၊ငင်း။ဣတိဣမေ၊ဤကိုးပါးတို့သည်။ သံယောဇနာနိ၊ သံယောဇဉ်တို့မည်ကုန်၏။ တေပန၊ ထိုလောဘ-စသော တရားတို့ကို။သံယောဇေန္တိ-ဗန္ဓန္တိ၊ဝဋ်ဂရက်မှမထွက်နိုင်အောင် ဖွဲ့နှောင် တတ်ကုန်၏၊ ဣတိ၊ကြောင့်။ သံယောဇနာနိ၊သံယောဇဉ်တို့ဟူ၍။ဝုစ္စရေ၊ ကုန်၏။သုတ္တန်,အဘိဓမ္မာနည်း ၂-ပါးကိုပေါင်း၍၊လောဘဒိဋ္ဌိ,မာန,ဒေါသ, ဣဿာ, မစ္ဆရိယ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ,အဝိဇ္ဇာဟူ၍ ၉-ပါးရှိ၏။

**မှတ်ချက်။** ။အောက်ကဘွင့်ဆိုခဲ့ပြီးသော မာန်အပေါင်းသည်၊မာနမည်၏။ ။မစ္ဆရိယသည်၊ ၁-အာဝါသမစ္ဆရိယ၊၂-ကုလမစ္ဆရိယ၊ ၃-လာဘမစ္ဆရိယ၊ ၄-ဝဏ္ဏမစ္ဆရိယ၊ ၅-ဓမ္မမစ္ဆရိယ-ဟု၅ပါး ပါးရှိ၏။ အရိပ်,အာဝါသ,ကျောင်း,ကန်စသည်ကိုဝန်တိုခြင်းသည် အာဝါသမစ္ဆရိယမည်၏။အမျိုးလေးပါး တကာ,တကာမ- စသည် ကိုဝန်တိုခြင်းသည်-ကုလမစ္ဆရိယမည်၏။ လာဘ် လာဘကိုဝန် တိုခြင်းသည်၊လာဘမစ္ဆရိယမည်၏၊ ရုပ်အဆင်းကိုဝန်တို ခြင်း

သည်-ဝဏ္ဏမန္တရိယမည်၏၊ ပရိယတ္တိဓမ္မကိုမသိစေလိုခြင်းသည်၊ ဓမ္မမန္တရိယ-မည်၏-ဟုမှတ်၊ ။ကာမရာဂ သံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်,သီလဗ္ဗတပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်,ဗျာပါဒ-သံယောဇဉ်၊ ဤသံယောဇဉ် ငါးပါးသည်၊ ကာမဘုံ တည်းဟူသော အောက်ဘုံအဘို့ရှိသောကြောင့် ဩရမ္ဘာဂိယသံယောဇဉ်မည်၏။ရူပရာဂသံယောဇဉ်,အရူပရာဂသံယောဇဉ်,မာနသံယောဇဉ်,ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်၊ ဤသံယောဇဉ်ငါးပါးသည်၊ရူပဘုံ·အရူပဘုံ တည်းဟူသော အထက်ဘုံ အဘို့ရှိသောကြောင့်-ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်မည်၏-ဟုသိ။ တနည်း…အောက်မဂ်သုံးပါး၏အဘို့ရှိသောကြောင့်-ဩရမ္ဘာဂိယ သံယောဇဉ်မည်၏။ အဓောဘာဂိယ သံယောဇဉ်လည်း-ဟူ၏။ အရဟတ္တမဂ်၏ အဘို့ရှိသောကြောင့်-ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် မည်၏၊

---

## ကိလေသာ-အဘွင့်။

၁၂။ ။ဒသ ကိလေသာ-လောဘော,ဒေါသော,မောဟော, မာနော, ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ထိနံ,ဥဒ္ဓစ္စံ,အဟိရိကံ, အနောတ္တပ္ပံ။ ။

သင်္ဂြိုဟ်ပါဌ်။

ကိလေသာတို့သည်၊ ၁-လောဘ၊ ၂-ဒေါသ၊ ၃-မောဟ၊ ၄-မာန၊ ၅-ဒိဋ္ဌိ၊ ၆-ဝိစိကိစ္ဆာ၊ ၇-ထိန၊ ၈-ဥဒ္ဓစ္စ၊ ၉-အဟိရိက၊ ၁၀-အနောတ္တပ္ပ၊ ဟူ၍-၁၀-ပါးအပြားရှိကုန်၏။ ။ဟူလို။

---

## ကိလေသာ-အဓိပ္ပါယ်။

စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဗာဓိယတိဝါဧတေဟီတိ ကိလေသာ။

ဧတေဟိ၊ထိုကိလေသာဆယ်ပါးတို့ဖြင့်။စိတ္တံ၊စိတ်သည်၊ ကိလိဿတိ၊ ညစ်နွမ်း ညစ်ကျုံးတတ်၏။ ဥပတပ္ပတိ၊ပူလောင်တတ်၏။ ဝါ၊ကား၊ဗာဓိယတိ၊ ကျင်နာတတ်၏။ ဣတိ-တသ္မာ၊ ထိုသို့ကျင်နာကြောင်း စသောသတ္တိကြောင့်။ ကိလေသာ၊ ကိလေသာ-မည်ကုန်၏။

အဓိပ္ပါယ်ကား....စိတ်၏ ပူပန်ကြောင်း, ညစ်ကျုံးကြောင်း, ကြွင်နှာကြောင်းဖြစ်သော သတ္တိကြောင့်-ကိလေသာမည်ကုန်၏။ ။ဟူလို။

**ဆောင်ပုဒ်-ဂါထာ။**

ကိလေသေန္တျူပတာပေန္တိ၊ဗာဓေန္တီတိ ဝါ ကိလေသကာ။
လောဘော ဒေါသော မောဟော မာနော၊ဒိဋ္ဌိဝိစိကိစ္ဆာထိနံ၊
ဥဒ္ဓစ္စံ အဟိရိကဉ္စ၊အနောတ္တပ္ပန္တိ တေ ဒသ။ ။

စိတ္တံ၊စိတ်ကို။ ကိလေသေန္တိ-ဥပတာပေန္တိ၊ ပူပန်စေတတ်ကုန်၏။ ဝါ၊ကား။ ကိလေသေန္တိ-ဗာဓေန္တိ၊ နှိပ်စက်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ ကိလေသကာ၊ ကိလေသာ-မည်ကုန်၏။ တေ၊ ထို ကိလေသာတို့သည်။ လောဘော၊ငင်း။လ။အနောတ္တပ္ပံ၊ ငင်း။ဣတိ၊ဤသို့။ဒသ၊ဆယ်ပါးတို့တည်း။

---

**တဏှာအစစ်-တရာရှစ်။**

တဏှာသုံးတန်၊တည်ထားခံ၊အာ,ကာ,သံနှင့်မြှောက်။
တဏှာအစစ်၊တရာရှစ်၊ဖြစ်၏မှတ်လော့။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, သုံးပါးကိုတည်၍၊ အာရုံခြောက်ပါးနှင့်မြှောက် ၁၈-ရှစ်ပါးဖြစ်၏။ ငင်း ၁၈-ပါးကို ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, အနာဂတ်ကာလ-သုံးပါးနှင့်မြှောက် ၅၄-ပါးဖြစ်၏၊ ငင်း ၅၄-ပါးကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် ၂-ပါးနှင့်မြှောက် ၁၀၈-ပါးဖြစ်၏။

*အာ-အာရုံခြောက်ပါး။ကာ-ကာလသုံးပါး။
သံ-သန္တာန် ၂-ပါး-နှင့်မြှောက်-ဟူလို။

---

**တဆောင်ငါးရာ-ကိလေသာသရုပ်။**

က။ ။နံ့တေပညာ၊နိပ္ပန္နာ၊တည်ပါလက္ခဏာ။
ခ။ ။သန္တာန်နှစ်ဖြာ၊မြှောက်ပွားကာ၊ ၁၅၀-ရ။
ဂ။ ။ယင်းကိုတခါ၊ကိလေသာ၊ဆယ်ဖြာမြှောက်ပြန်ချ။
ဃ။ ။တဆောင်ငါးရာ၊ကိလေသာ၊ထိုခါဖြစ်သည်ပ။

*ဂဏ္ဍိကျမ်းမြွတ်၌ မိန့်မှတ်တော်မူအပ်သော ပေါရာဏကဗျာ။

အဓိပ္ပါယ်ကား....စေတသိက် ၅၂-ပါး၊ စိတ်ကား- အာရမ္မဏာဝိဇာနနလက္ခဏာအားဖြင့် ၁-ပါးဟူသော နာမ်တေပညာသနှင့် နိပ္ဖန္နရုပ်-၁၈ ပါး၊ လက္ခဏာရုပ် ၄-ပါးအားဖြင့်ပေါင်း ရုပ်နာမ်ပေါင်း ၇၅-ပါးကိုတည်း၊ အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါးနှင့်မြှောက်သော်-၁၅၀-ရ၏။ ၎င်း ၁၅၀-ကို ကိလေသာ ၁၀-ပါးနှင့်မြှောက်သော် ၁၅၀၀-ကိလေသာ ဖြစ်သတည်း။

---

၁၃။ ။အာသဝါဒီသု ပနေတ္ထ ကာမ ဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ။ သီလဗ္ဗတပရာမာသော, ဣဒံသစ္စာဘိနိဝေသော, အတ္တဝါဒုပါဒါနဉ္စ တထာ ပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤအကုသလသင်္ဂဟ၌ ကာမသဒ္ဒါ, ဘဝသဒ္ဒါ,ပါရှိကုန်သော ကာမာသဝ,ဘဝါသဝ,စသည်တို့၏တရားကိုယ်ကား၊ လောဘ-စေတသိက်သာဖြစ်၏၊ သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်-သုံးပါးတို့သည်လည်း၊တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်တပါးတည်းသာ ဖြစ်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**အဝယဝတ္ထ-အဓိပ္ပါယ်။**

ဤကာမာသဝ,ဘဝါသဝ-စသည်တို့သည်၊တရားကိုယ်အရကားမပြား၊ တပါးတည်း ဖြစ်ပါလျက်၊ အဘယ့်ကြောင့် ခွဲခြား၍၊ ဟောတော် မူပါသနည်းဟူမူ။ ။၎င်းကာမာသဝ,ဘဝါသဝ-စသောတရားတို့သည်၊တရားကိုယ်ပင်မပြားသော်လည်း၊ သတ္တိထူးကွဲပြားသောကြောင့်၊အမည်ခြား၍ ဝေနေယျတို့၏ အလိုအားလျော်စွာ၊ဟောတော်မူရ၏ ဟုမှတ်။

**ဆောင်ပုဒ်။**

က။ ။တရားကိုယ်ကား၊ တူတုံငြားလည်း၊အများသတ္တိဝါ၊ သိစိမ့်ငှါ၊သညာခွဲခြားဟော။

---

**၁၄။ ။အာသဝေါဃာ စ ယောဂါ စ၊ တယော ဂန္ထာ စ ဝတ္ထုတော။**
**ဥပါဒါနာ ဒုဝေ ဝုတ္တာ၊ အဋ္ဌ နီဝရဏာ သိယုံ။ ။**
**ဆဠေဝါ နုသယာ ဟောန္တိ၊ နဝ သံယောဇနာ မတာ။**
**ကိလေသာ ဒသ ဝုတ္တောယံ၊ နဝဓာ ပါပသင်္ဂဟော။ ။**

သင်္ချိုပ်ပါဌ်။

အာသဝ,သြဃ,ယောဂ-တို့၌၊ လောဘ,ဒိဋ္ဌိ,မောဟ-ဟူသော တရားကိုယ်သုံးပါးစီ။ ။ဂန္ထလေးပါး၌၊ လောဘ, ဒေါသ, ဒိဋ္ဌိ-ဟူသော တရားကိုယ်သုံးပါး။ ။ဥပါဒါန်လေးပါး၌ လောဘ,ဒိဋ္ဌိ-ဟူသော တရားယ်ကိုယ် ၂-ပါး။ ။ထိနမိဒ္ဓနီဝရဏ,ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ၂-ပါးဝယ် တရားကိုယ်လေးပါးဖြစ်သဖြင့် နီဝရဏခြောက်ပါး၌ တရားကိုယ်ရှစ်ပါး။ ။အနုသယ ၇-ပါး၌ တရားကိုယ်ခြောက်ပါး။ ။သံယောဇဉ်သုတ္တန်, အဘိဓမ္မာနည်း ၁၀-ပါးလုံး၌ တရားကိုယ် ၉-ပါး။ ။ကိလေသာဆယ်ပါး၌ တရားကိုယ် ၁၀-ပါး၊အပြားရှိကုန်၏-ဟုသိအပ်ကုန်၏။ ဤသို့အာသဝ,သြဃ,ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇဉ်,ကိလေသာ-ဟူ၍ ၉-ပါး အပြားအားဖြင့် ဝေဘန်၍ အကုသလသင်္ဂဟကို ငါသည် မိန့်ဆိုအပ်၏-ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**အကုသလသင်္ဂဟ-သရုပ်ခွဲ။**

၁။ ။ကာမာသဝ,ဘဝါသဝ,ကာမောဃ,ဘဝေါဃ, ကာမယောဂ, ဘဝယောဂ,အဘိဇ္ဈာကာယဂန္ထ,ကာမုပါဒါန်,ကာမစ္ဆန္ဒနီဝရဏ, ကာမရာဂါနုသယ, ဘဝရာဂါနုသယ,ကာမရာဂသံယောဇဉ်,ဘဝရာဂသံယောဇဉ်, ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, လောဘကိလေသာ, ဤ ၁၆-ဌာနကိုလောဘစေတသိက်တခုသာဟုကောက်ယူအပ်၏။

၂။ ။ဒိဋ္ဌာသဝ, ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂ, သီလဗ္ဗတပရာမာသကာယဂန္ထ,ဣဒံသစ္စာဘိနိဝေသကာယဂန္ထ, ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်,ဒိဋ္ဌာနုသယ,ဒိဋ္ဌိသံယောဇဉ်, ဒိဋ္ဌိကိလေသာ-ဤ ၁၁-ဌာနကို ဒိဋ္ဌိစေတသိက်တခုသာဟုကောက်ယူအပ်၏။

၃။ ။ဗျာပါဒကာယဂန္ထ, ဗျာပါဒနီဝရဏ,ပဋိဃာနုသယ,ပဋိဃာသံယောဇဉ်,ဒေါသကိလေသာ၊ဤငါးဌာနကို-ဒေါသစေတသိက်တည်ရာ ဟုကောက်ယူအပ်၏။

၄။ ။အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂ, အဝိဇ္ဇာနီဝရဏ, အဝိဇ္ဇာနုသယ, အဝိဇ္ဇာသံယောဇဉ်, မောဟကိလေသာ-ဤ ၇-ဌာနကို မောဟစေတသိက်-ဟုသာကောက်ယူအပ်၏။

---

**တနည်း-သရုပ်ခွဲ။**

၁။ ။လောဘသည်၊အာသဝ,ဩဃ,ယောဂ,ဂန္ထ,ဥပါဒါန်,နီဝရဏ, အနုသယ, သံယောဇဉ်, ကိလေသာအားဖြင့် ၉-ဌာနတည်၏။

၂။ ။ဒိဋ္ဌိစေတသိက်သည်၊အာသဝ, ဩဃ,ယောဂ, ဂန္ထ,ဥပါဒါန်, အနုသယ,သံယောဇဉ်,ကိလေသာအားဖြင့်ရှစ်ဌာနတည်၏။

၃။ ။ဘဝဟူသောအမည်ရှိသောလောဘသည်၊ဘဝါသဝ,ဘဝေါဃ, ဘဝယောဂ,ဘဝရာဂါနုသယ,ဘဝရာဂသံယောဇဉ်၊ကိလေသာအားဖြင့် ခြောက်ဌာနတည်၏။

၄။ ။ဒေါသစေတသိက်သည်၊ ဂန္ထ,နီဝရဏ, အနုသယ, သံယောဇဉ်,ကိလေသာအားဖြင့်ငါးဌာနတည်၏။

၅။ ။ဝိစိကိစ္ဆာစေတသိက်သည်၊ ဝိစိကိစ္ဆာနီဝရဏ, ဝိစိကိစ္ဆာနုသယ,ဝိစိကိစ္ဆာသံယောဇဉ်, ဝိစိကိစ္ဆာ ကိလေသာအားဖြင့်၊ လေးဌာနတည်၏။

၆။ ။မာနစေတသိက်သည်၊ မာနာနုသယ,မာနသံယောဇဉ်, မာနကိလေသာအားဖြင့်သုံးဌာနတည်၏။

၇။ ။ထိနစေတသိက်သည်၊ထိနနီဝရဏ,ထိနကိလေသာ အားဖြင့် နှစ်ဌာနတည်၏။

၈။ ။မိဒ္ဓစေတသိက်သည်၊မိဒ္ဓနီဝရဏတဌာနသာတည်၏။

**ဝိသုဒ္ဓါရုံ-ဆောင်ပုဒ်။**

"လော,ကိုးမည်ရှိ၊ ဒိဋ္ဌိ-ရှစ်မည်၊ ခုနစ်မည်-မောဟ၊ငါးဝ-
ဒေါသာ၊ ကင်္ခါလေးထုတ်၊ မာနုဒ္ဓစ္စ၊သုံးမည်ရ၏၊ ထိနနှစ်
မည်၊ ကြွင်းသည်ခြောက်ဝ၊တမည်ရပေါင်းက-ရဒ္ဓသာ"။

## မိဿကသင်္ဂဟ-အဘွင့်။

**၁၅။ ။မိဿကသင်္ဂဟေ ဆ ဟေတူ လောဘော,ဒေါသော,မောဟော, အလောဘော,အဒေါသော,အမောဟော။**

သင်္ဂြိုဟ်ပါဠ်။

မိဿကသင်္ဂဟာ၌၊ ဟိတ်တရားတို့သည်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်-ဟူ၍ ခြောက်ပါးအပြားရှိကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

## ဈာနင်-အဘွင့်။

**၁၆။ ။သတ္တဈာနင်္ဂါနိ-ဝိတက္ကော, ဝိစာရော, ပီတိ, ဧကဂ္ဂတာ, သောမနဿံ,ဒေါမနဿံ,ဥပေက္ခာ။** ။သင်္ဂြိုဟ်ပါဠ်။

ဈာနင်တို့သည်၊ဝိတက်, ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာ, သောမနဿ, ဒေါမနဿ,ဥပေက္ခာ-ဟူ၍ ၇-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

စိတ်ပိုင်း၌ ဈာန်အင်္ဂါတို့ငါးပါးသာ ရှိကြပါလျက်၊ ဤသရုပ္ပည်းပိုင်း၌ကား၊၇-ပါး-ဟု အဘယ့်ကြောင့်မိန့်ဆိုပါသနည်းဟူမူ၊ ဈာန်သည် အကုသိုလ်ဈာန်,ကုသိုလ်ဈာန်,အဗျာကတဈာန်ဟူ၍ ၃-မျိုးရှိသဖြင့်၊ရင်း ၃-မျိုးကိုပေါင်း၍ ၇-ပါး-ဟု မိန့်ဆိုရဘိသော်။ ထို ၇-ပါးတို့တွင်၊ ဒေါမနဿံကား၊ အကုသိုလ် ဈာနင်သာဖြစ်၏။ ကြွင်းသောဈာနင် ခြောက်ပါးကား၊ အကုသိုလ်,ကုသိုလ်,အဗျာကတ ၃-မျိုးနှင့်စပ်ဆိုင်၏။

### ဈာန်၏-ဝစနတ္ထဝိဂြိုဟ်။

အကုသိုလ်သည် အဘယ့်ကြောင့်ဈာန်မည်ပါသနည်း·ဟူမူ။

အာရမ္မဏံ ဥပနိဇ္ဈာယတီတိ ဈာနံ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ အာရမ္မဏံ၊ အာရုံကို။ ဥပနိဇ္ဈာယန္တိ၊ ကပ်၍ရှုဘတ်ကုန်၏။ ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။ဈာနာနိ၊ဈာန် မည် ကုန်၏။

အဓိပ္ပါယ်ကား….သူ၏အသက်ကို သတ်မှုစသောမကောင်းသော ဒုစ္စရိုက်အမှုအာရုံ၌၊ ရှုးရှုးဝိုက်ဝိုက်ကပ်၍ ရှုမှုသည်ပင်ဈာန် မည်၏။ ။ဟူလို။

ဆိုလိုရင်းကား-ကောင်းသောကုသိုလ်အာရုံ၌ဖြစ်စေ, မကောင်းသော အကုသိုလ် အာရုံ၌ဖြစ်စေ၊ ရှုးရှုးဝိုက်ဝိုက်၊ စွဲစွဲမြဲမြဲ ကပ်၍ ရှုတတ်သော အကုသိုလ်,ကုသိုလ်,အဗျာကတဖြစ်သော ဝိတက်စသော တရားအပေါင်းသည်-ဈာန်မည်၏-ဟုမှတ်။

## အာရမ္မဏံ ဥပနိဇ္ဈာယန္တီတိ ဈာနာနိ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ အာရမ္မဏံ၊အာရုံကို။ ဥပနိဇ္ဈာယန္တိ၊ ရှုးရှုးဝိုက်ဝိုက်ကပ်၍ ရှုတတ်ကုန်၏။ ဣတိ၊ကြောင့်။ တေဓမ္မာ၊ တို့သည်။ ဈာနာနိ၊ ဈာန် တို့မည်ကုန်၏။

အဓိပ္ပါယ်ကား….အကုသိုလ်·ဝိတက်စသော တရားအပေါင်းတို့သည်၊ ပါဏာတိပါတ စသော အာရုံတို့ကို ရှုးရှုးဝိုက်ဝိုက် ကပ်၍ ရှုတတ်သောကြောင့်-ဈာန်မည်ကုန်၏။ ။ဟူလို။ (ဤကား-အကုသိုလ်အတွက်တည်း)။

ယေဓမ္မာ၊အကြင်တရားတို့သည်။အာရမ္မဏံ၊ပထဝီ-ကသိုဏ်းစသော အာရုံကို။ဥပနိဇ္ဈာယန္တိ၊ရှုးရှုးဝိုက်ဝိုက်ကပ်၍ရှုတတ်ကုန်၏။ ဣတိ၊ကြောင့်။ တေဓမ္မာ၊တို့သည်၊ဈာနာနိ၊ဈာန်မည်ကုန်၏။

အဓိပ္ပါယ်ကား…. လောကီ ကုသိုလ်, မဟဂ္ဂုတ်, လောကုတ္တရာ-ကုသိုလ်ဖြစ်သောဝိတက်စသောတရားအပေါင်းတို့သည်၊ပထဝီကသိုဏ်းစသောအာရုံကို ရှုးရှုးဝိုက်ဝိုက် စွဲစွဲမြဲမြဲကပ်၍ ရှုတတ်သောကြောင့်-ဈာန်မည်ကုန်၏၊ ။ဟူလို။ ။(ကြွင်းနည်းတူသိ)။

## ပစ္စနီကဓမ္မေ ဈာပေန္တီတိ ဈာနာနိ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သောနီဝရဏစသောတရားတို့ကို။ဈာပေန္တိ၊ဖုတ်ကြည်းလောင်ကျွမ်းတတ်ကုန်၏၊ ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်၊ဈာနာနိ၊ဈာန်မည်ကုန်၏၊ ။ (ဤဝိဂြိုဟ်ကား၊ ကာမ,မဟဂ္ဂုတ်, လောကုတ္တရာကုသိုလ်·ဈာန်တရားကို သာရ၏။)

အဓိပ္ပါယ်ကား….ကာမကုသိုလ်, မဟဂ္ဂုတ်, လောကုတ္တရာကုသိုလ် ဖြစ်သော ဝိတက်စသော တရားအပေါင်းတို့သည်၊ တဒင်္ဂစသော ပဟာန်

အားလျော်စွာ၊ နီဝရဏတရားတို့ကို ဖုတ်ကြည်း, လောင်ကျွမ်း ပယ်ရှား တတ်ကုန်သောကြောင့်-ဈာန်မည်ကုန်၏။ ။ဟူလို။

---

### ဈာနင်-အဓိပ္ပါယ်။

ဈာနဿ အင်္ဂါနိ ဈာနင်္ဂါနိ။

ဈာနဿ၊ ဈာန်၏။ အင်္ဂါနိ၊ အစိတ်စိတ်ဖြစ်သော အင်္ဂါတို့သည်။ ဈာနင်္ဂါနိ၊ ဈာနင်မည်ကုန်၏။

အဓိပ္ပါယ်ကား…ဆိုအပ်ခဲ့ပြီးသော အကုသိုလ်,ကုသိုလ်, အဗျာကတ တရားတို့၌ ယှဉ်သော ဝိတက်စသော တရားအပေါင်း တည်းဟူသော ဈာန်တရားတို့၏ အစိတ်အစိတ်ဖြစ်သော ဝိတက်, ဝိစာရ-စသောတရား တို့သည်-ဈာနင်မည်ကုန်၏။ ။ဟူလို၊

ဈာနာနိ စ တာနိ အင်္ဂါနိစာတိ ဈာနင်္ဂါနိ။ ။ဟုလည်းပြုတော်မူကြ သေး၏။ ။(အောက်ကလည်း ဘွင့်ဆိုခဲ့ပြီ)။

#### ဆောင်ပုဒ်-ဂါထာ။

အာလမ္ဗမုပနိဇ္ဈာနာ၊ ဈတိ ဈာနာနိ ဝုစ္စရေ။
ဈာပေန္တာ ဝါ ပစ္စနီကေ၊ ဈတီပိ ဈာနသညိတာ။ ။

ယေဓမ္မာ၊အကြင်တရားတို့သည်။အာလမ္ဗံ၊ ကသိုဏ်းစသောအာရုံကို။ ဥပနိဇ္ဈာနာ၊ကပ်၍ရှုတတ်ကုန်၏ ဈတိ၊ကြောင့်။တေဓမ္မာ၊တို့ကို။ ဈာနာနိ၊ ဈာန်တို့ဟူ၍။ဝုစ္စရေ၊ဆိုအပ်ကုန်၏။ဝါ၊တနည်းလည်း။ ပစ္စနီကေ၊ဆန့်ကျင် ဘက်ဖြစ်ကုန်သော နီဝရဏ,ဝိတက်, ဝိစာရ-စသော တရားတို့ကို။ ဈာ ပေန္တာ၊ ဖုတ်ကြည်းရှို့မြှိုက်တတ်ကုန်၏။ ဈတိပိ၊ ထို့ကြောင့်လည်း။ဈာန သညိတာ၊ဈာန်-ဟုသမုတ်အပ်ကုန်၏။

---

### မဂ္ဂင်-အဘွင့်။

၁၇။ ။ဒွါဒသ မဂ္ဂင်္ဂါနိ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ,
သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ၊ပ။မိစ္ဆာသမာဓိ။ ။

သင်္ဂြိုဟ်ပါဠိ။

မဂ္ဂင်တို့သည်၊ ၁-သမ္မာဒိဋ္ဌိ၊ ၂-သမ္မာသင်္ကပ္ပ၊ ၃-သမ္မာဝါစာ၊၄-သမ္မာ ကမ္မန္တ၊ ၅-သမ္မာအာဇီဝ၊ ၆-သမ္မာဝါယာမ၊ ၇-သမ္မာသတိ၊ ၈-သမ္မာ

သမာဓိ၊ ၉-မိစ္ဆာဒိဋ္ဌိ၊ ၁၀-မိစ္ဆာသင်္ကပ္ပ၊ ၁၁-မိစ္ဆာဝါယာမ၊ ၁၂-မိစ္ဆာ
သမာဓိ-ဟူ၍၊ ၁၂-ပါးအပြားရှိကုန်၏။ ။ဟူလို၊

ဤကား-မိဿဋ္ဌ။

ဤမဂ္ဂင် ၁၂-ပါးတို့တွင်၊သမ္မာသင်္ကပ္ပ,မိစ္ဆာသင်္ကပ္ပ-မဂ္ဂင်၂-ပါးသည်၊
ဝိတက်စေတသိက်။ ။သမ္မာဝါယာမ, မိစ္ဆာဝါယာမမဂ္ဂင် ၂-ပါးသည်၊
ဝီရိယ စေတသိက်။ ။သမ္မာသမာဓိ, မိစ္ဆာသမာဓိ မဂ္ဂင် ၂-ပါးသည်၊
ဧကဂ္ဂတာ စေတသိက်ဖြစ်သောကြောင့် တရားကိုယ်တူရာပေါင်း၍ ရေ
တွက်သော် ပညာ,ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိ
ယ, သတိ,သမာဓိ,မိစ္ဆာဒိဋ္ဌိ-ဟူ၍ ကိုးပါးသာရှိ၏-ဟုမှတ်။

## အကုသိုလ်,ကုသိုလ်,မဂ္ဂင်-ခွဲခြားခြင်း။

အထူးအားဖြင့် မဂ္ဂင်ကို စစ်ထုတ်သော်၊ လောဘမူစိတ် ၄-စ်ချဉ်၌
ရှိသော-ဝိတက်,ဝီရိယ,ဧကဂ္ဂတာ,ဒိဋ္ဌိ,ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်
၄-ပါး၊ဒေါသမူစွေး၌ရှိသော ဝိတက်,ဝီရိယ,ဧကဂ္ဂတာ,သုံးပါး၊မောဟမူဒွေ
တို့တွင်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော ဝိတက်, ဝီရိယ ၂-ပါး၊ ဥဒ္ဓစ္စ
သဟဂုတ်စိတ်၌ရှိသော-ဝိတက်,ဝီရိယ,ဧကဂ္ဂတာ-သုံးပါးတို့ဖြစ်ကြောင်း၊
ဂင်းအကုသိုလ်မဂ္ဂင်တို့သည်၊ အပါယ်သို့လားကြောင်းဖြစ်သောကြောင့်-
မဂ္ဂင်မည်ကုန်၏။

အပါယံ မဂ္ဂေတိ-ပါပေတီတိ မဂ္ဂေါ။ ။မဂ္ဂေါ စ သော
အင်္ဂေါ စာတိ မဂ္ဂင်္ဂေါ။ ။

အပါယံ၊ အပါယ်လေးပါးသို့။ မဂ္ဂေတိ-ပါပေတိ၊ ရောက်စေ တတ်၏။
ဣတိ၊ကြောင့်။ မဂ္ဂေါ၊မဂ်-မည်၏။ ။မဂ္ဂေါစ၊ အပါယ်လေးပါးသို့ရောက်
ကြောင်းသည်လည်း။ ဟောတိ၊၏။ သော၊သည်။ အင်္ဂေါစ၊ အစိတ်သည်
လည်း။ဝါ၊အဆောက်အဦသည်လည်း။ဟောတိ၊၏။ဣတိ၊ကြောင့်။မဂ္ဂင်္ဂေါ၊
မဂ္ဂင်-မည်၏။

မဂ္ဂေါတိ ဥပါယော။ ။မူလဋီကာ။

*ဤဝိဂြိုဟ်ကား-သုဂတိ,ဒုဂ္ဂတိမဂ္ဂင် ၂-ပါးနှင့် သင့်လျော်သော ဝိဂြိုဟ်
တည်း။

မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ချက်ရှိသော ဝိတက်,ဝိရတိ ၃-ခု,ဝီရိယ,သတိ,ဧကဂ္ဂတာ-ဟုဆိုအပ်သော မဂ္ဂင် ၇-ပါး။ ။ဉာဏသမ္ပယုတ် ၄-ချက်ရှိသော ပညာ,ဝိတက်,ဝိရတိ ၃-ခု,ဝီရိယ,သတိ, ဧကဂ္ဂတာ-ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါး။ ။မဟာဂ္ဂုတ်,လောကုတ္တရာတို့၌ ထိုက်သည့်အားလျော်စွာ၊ရအပ်သောမဂ္ဂင်တရားကိုယ်ရှစ်ပါး,ခုနစ်ပါးတို့သည်၊ ကုသိုလ်,အဗျာကတမဂ္ဂင်တို့တည်း။ ၎င်းတရားတို့သည်၊ နတ်ရွာသုဂတိ, နိဗ္ဗာန်ချမ်းသာသို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်-မဂ္ဂင်မည်ကုန်၏။ ။ထိုကြောင့်။

"မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ"။

ဟုပြု။ ။မဂ္ဂဿ၊ အဋ္ဌင်္ဂိကစသောမဂ်၏။ အင်္ဂါနိ၊ အစိတ်တို့သည်။ မဂ္ဂင်္ဂါနိ၊မဂ္ဂင်မည်ကုန်၏။ ။ဟုအနက်ပေး။ ။(ဤဝိဂြိုဟ်ကား-သုဂတိမဂ္ဂင်, လောကုတ္တရာ မဂ္ဂင်နှင့်သာ သင့်လျော်သော ဝိဂြိုဟ်တည်း)။

တနည်း....၎င်းမဂ္ဂင် ၁၂-ပါးတို့တွင်-မိစ္ဆာဒိဋ္ဌိ စသည်သည်၊ ကွေ့ကောက်သောအပါယ်ငရဲဒုဂ္ဂတိခရီးလမ်းများသို့ ရောက်ကြောင်းလည်းဖြစ်၏။ သမ္မာဒိဋ္ဌိစသောမဂ္ဂင်တို့သည်၊ ဖြောင့်မှန်သော သုဂတိလမ်းမှန်သို့ ရောက်ခြင်း၏အကြောင်းဖြစ်ကုန်၏။ ထိုကြောင့် သုဂတိ, ဒုဂ္ဂတိမဂ္ဂင်-၁၂ ပါးလုံးကို သိမ်းကြုံး၍ "မဂ္ဂဿ အင်္ဂါနိတိ မဂ္ဂင်္ဂါနိ"ဟု ပြုသင့်ပါ၏။ ။ မဂ္ဂဿ၊ ကောက်ကွေ့သောလမ်းများ, ဖြောင့်စင်းသော လမ်းမှန်ခရီး၏။ အင်္ဂါနိ၊ ရောက်စေကြောင်းဖြစ်သော အင်္ဂါတို့တည်း။ ဣတိ၊ ကြောင့်။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်မည်ကုန်၏-ဟုပေး။

(မဂ်၏အဓိပ္ပါယ်စသည် နောက်၌ ထင်ရှားလတ္တံ့)။

---

**ဆောင်ပုဒ်-ဂါထာ။**

သုဂတျာ စ ဒုဂ္ဂတျာ စ၊နိဗ္ဗာနဿ စ ပါပကာ။
တေသဉ္စ ပထဘူတတ္တာ၊မဂ္ဂင်္ဂါနိတိဝုစ္စရေ။
မဂ္ဂဿဝါ အင်္ဂါနိတိ၊မဂ္ဂင်္ဂါနိတိ သမ္မတာ။ ။

သုဂတျာစ၊သုဂတိဘုံသို့၎င်း။ဒုဂ္ဂတျာစ၊ဒုဂ္ဂတိဘုံသို့၎င်း။ နိဗ္ဗာနဿစ၊ နိဗ္ဗာန်သို့၎င်း။ ပါပကာ၊ရောက်စေတတ်ခြင်းကြောင့်။ တေသဉ္စ၊ထိုသုဂတိ, ဒုဂ္ဂတိနိဗ္ဗာန်,တို့၏လည်း။ပထဘူတတ္တာ၊အကြောင်းဖြစ်၍ဖြစ်ခြင်းကြောင့်။

မဂ္ဂင်္ဂါနီတိ၊တို့ပဟူ၍။ဝုတ္တရေ၊ကုန်၏။ဝါ၊ကား။မဂ္ဂဿ၊မင်္ဂ၏။အင်္ဂါနိ၊အစိတ်တို့တည်း။ဣတိ၊ကြောင့်။မဂ္ဂင်္ဂါနီတိ၊ဟူ၍။သမ္ဘာဝ၊သရုပ်အပ်ကုန်၏။

---

ဈာနင်္ဂ ၂၂-ပါးအကြွင်း။

၁၈။ ။ဗာဝီသတိန္ဒြိယာနိ-စက္ခုန္ဒြိယံ, သောတိန္ဒြိယံ, ဃာနိန္ဒြိယံ။ပ။ အညိန္ဒြိယံ,အညာတာဝိန္ဒြိယံ။ ။သုတ္တိပ်ာပါဠ်။

ဣန္ဒြေတို့သည်၊ ၁-စက္ခုန္ဒြေ၊ ၂-သောတိန္ဒြေ၊ ၃-ဃာနိန္ဒြေ၊ ၄-ဇိဝှိန္ဒြေ၊ ၅-ကာယိန္ဒြေ၊ ၆-ဣတ္ထိန္ဒြေ၊ ၇-ပုရိသိန္ဒြေ၊ ၈-ဇီဝိတိန္ဒြေ၊ ၉-မနိန္ဒြေ၊ ၁၀-သုခိန္ဒြေ၊ ၁၁-ဒုက္ခိန္ဒြေ၊ ၁၂-သောမနဿိန္ဒြေ၊ ၁၃-ဒေါမနဿိန္ဒြေ၊ ၁၄-ဥပေက္ခိန္ဒြေ၊ ၁၅-သဒ္ဓိန္ဒြေ၊ ၁၆-ဝီရိယိန္ဒြေ၊ ၁၇-သတိန္ဒြေ၊၁၈-သမာဓိန္ဒြေ၊ ၁၉-ပညိန္ဒြေ၊ ၂၀-အနညာတညဿာမိ တိန္ဒြေ၊ ၂၁-အညိန္ဒြေ၊ ၂၂-အညာတာဝိန္ဒြေ၊ဟူ၍ ၂၂-ပါးအပြားရှိကုန်၏။ ။ဟူလို။ ဤကား-ပိဏ္ဍတ္ထ။

---

ဣန္ဒြေအရေ-သရုပ်။

၁-စက္ခုပသာဒရုပ်သည်-စက္ခုန္ဒြေမည်၏။
၂-သောတပသာဒရုပ်သည်-သောတိန္ဒြေမည်၏။
၃ ဃာနပသာဒရုပ်သည်-ဃာနိန္ဒြေမည်၏။
၄-ဇိဝှါပသာဒရုပ်သည်-ဇိဝှိန္ဒြေမည်၏။
၅-ကာယပသာဒရုပ်သည်-ကာယိန္ဒြေမည်၏။
၆-ဣတ္ထိဘာဝရုပ်သည်-ဣတ္ထိန္ဒြေမည်၏။
၇-ပုမ္ဘာဝရုပ်သည်-ပုရိသိန္ဒြေမည်၏။
၈-ရုပ်ဇီဝိတ,နာမ်ဇီဝိတ ၂-ပါးသည်-ဇီဝိတိန္ဒြေမည်၏။
၉-စိတ်တခုယုတ်ကိုးဆယ်သည်-မနိန္ဒြေမည်၏။
၁၀-သုခဝေဒနာသည်-သုခိန္ဒြေမည်၏။
၁၁-ဒုက္ခဝေဒနာသည်-ဒုက္ခိန္ဒြေမည်၏။
၁၂-သောမနဿဝေဒနာသည်-သောမနဿိန္ဒြေမည်၏။
၁၃-ဒေါမနဿဝေဒနာသည်-ဒေါမနဿိန္ဒြေမည်၏။
၁၄-ဥပေက္ခာဝေဒနာသည်-ဥပေက္ခိန္ဒြေမည်၏။
၁၅-သဒ္ဓါစေတသိက်သည်-သဒ္ဓိန္ဒြေမည်၏။

၁၆-ဝိရိယစေတသိက်သည်-ဝိရိယိန္ဒြေမည်၏။
၁၇-သတိစေတသိက်သည်-သတိန္ဒြေမည်၏။
၁၈-ဧကဂ္ဂတာစေတသိက်သည်-သမာဓိန္ဒြေမည်၏။
၁၉-လောကီဉာဏသမ္ပယုတ်စိတ် ၃၉-ချွဲ့ယှဉ်သော အမောဟစေတသိက်သည်-ပညိန္ဒြေမည်၏။
၂၀-သောတာပတ္တိမဂ်၌ယှဉ်သောအမောဟစေတသိက်သည်-အနညာတညဿာမိတိန္ဒြေမည်၏။
၂၁-အထက်မဂ်သုံးခု, အောက်ဖိုလ်သုံးခု၌ယှဉ်သော အမောဟစေတသိက်သည်-အညိန္ဒြေမည်၏။
၂၂-အရဟတ္တဖိုလ်၌ယှဉ်သောအမောဟစေတသိက်သည်-အညာတာဝိန္ဒြေမည်၏။

ဤဣန္ဒြေ ၂၂-ပါးတို့တွင်-သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ,ဥပေက္ခိန္ဒြေ-ငါးပါးတို့သည်၊တရားကိုယ်အားဖြင့်-ဝေဒနာစေတသိက်တပါးသာ ဖြစ်ကုန်၏။ ။ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ,အညာတာဝိန္ဒြေ ၄-ပါးတို့သည်-တရားကိုယ်အားဖြင့် ပညာစေတသိက် တခုသာတည်း။ ။ဤသို့ တရားကိုယ်တူရာပေါင်း၍ ရေတွက်သော်-နာမ်ဣန္ဒြေ ၈-ပါး၊ရုပ်ဣန္ဒြေ ၈-ပါးဖြစ်၏-ဟုမှတ်။

---

**အနညာတညဿာမိတိန္ဒြေ စသော ဣန္ဒြေသုံးပါးအထူး။**

အနညာတံ ဉဿာမိတိ ဇဝံ ပဝိုတ္တဿ ဣန္ဒြိယံ
အနညာတညဿာမိတိန္ဒြိယံ။

အနညာတံ၊ မသိအပ်သေးသောသစ္စာလေးပါးတရားကို။ဉဿာမိ၊ သိအောင်ပြုအံ့။ ဣတိဇဝံ၊ ဤသို့။ ပဝိုတ္တဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။အနညာတညဿာမိတိန္ဒြိယံ၊ မည်၏။ ။အဓိပ္ပါယ်ကား…. ရှေးဦးစွာ သံသရာ ရှည်ကြာခဲ့သည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါး တရားတို့ကို၊ မသိလျှင်ငါ မနေ၊သိအောင်ကျင့်ကြံအားထုတ်အံ့-ဟုကြံ့ခိုင်သောပုဂ္ဂိုလ်အားထိုကြံစည်မှု မပြီးမဲဝိပင်လျှင် သောတာပတ္တိမဂ်ကို ရခဲဖြစ်သော-သောတာပန်ပုဂ္ဂိုလ်၏ပညိန္ဒြေသည်-အနညာတညဿာမိတိန္ဒြေမည်၏။ ။ဟူလို။

အာဝဇ္ဇနာဘိတိအညံ့။ ။အညံ့ ဇဝ ဣန္ဒြိယ န္တိ အညိန္ဒြိယံ။

အာဝဇ္ဇနာတိ၊ထင်ရှားစွာထပ်၍သိတတ်၏။ဣတိ၊ကြောင့်။ အညံ၊အညမည်၏။ ။အညံဇဝ၊ထင်ရှားစွာထပ်၍ သိတတ်သော တရားသည်ပင်လျှင်။ဣန္ဒြိယံ၊ဣန္ဒြေဘည်း။ဣတိ၊ကြောင့်။အညိန္ဒြိယံ၊မည်၏။ ။အဓိပ္ပါယ်ကား....သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါး,နိဗ္ဗာန်ဘရားတို့ကို အဘန်ဘန်အဆင့်ဆင့်ထပ်၍ သိသောကြောင့် အထက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါး၌ရှိသော ပညိန္ဒြေသည်-အညိန္ဒြေမည်၏။ ။ဟူလို။

အညာယိဋ္ဌာဘိ အညာတာဝီ။

အညာဘာဝိနော ဣန္ဒြိယ န္တိ အညာတာဝိန္ဒြိယံ။

အညာယိဋ္ဌ၊သစ္စာလေးပါး, နိဗ္ဗာန်တရားကိုသိအပ်ပြီ။ ဣတိ၊ကြောင့်။ အညာတာဝီ၊အညာတာဝီ-မည်၏။ ။သိသင့်သိအပ်သော တရားများကို သိရှိပြီးသော ရဟန္တာပုဂ္ဂိုလ်ရ၏။ ။အညာတာဝိနော၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ဣန္ဒြိယံ၊ဣန္ဒြေဘည်း။ဣတိ၊ကြောင့်။အညာဘာဝိန္ဒြိယံ၊မည်၏။ ။အဓိပ္ပါယ်ကား....သိမှု ကိစ္စအပြီးသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်၏အရဟတ္တဖိုလ်၌ရှိသော ပညိန္ဒြေသည်-အညာဘာဝိန္ဒြေမည်၏။ ။ဟူလို။

---

## ဣန္ဒြေ-အဓိပ္ပါယ်။

ဣန္ဒ္ဒံ ကာရေန္တီတိ ဣန္ဒြိယာနိ။

ဣန္ဒ္ဒံ၊အပိုးရသည်၏အဖြစ်ကို။ ကာရေန္တိ၊ ပြုစေဘတ်ကုန်၏၊ ဣတိ၊ ကြောင့်။ဣန္ဒြိယာနိ၊ဣန္ဒြေ-မည်ကုန်၏။

အဓိပ္ပါယ်ကား....သမ္ပယုတ်တရားတို့ကို အပိုးရသောကြောင့်-ဣန္ဒြေမည်၏။ ။ဟူလို။ ။အပိုးရ-ဟူသည်ကား။ မိမိတို့၏ဆိုင်ရာဌာန,ဆိုင်ရာကိစ္စတို့၌၊သမ္ပယုတ်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်း, မိမိသဘော အတိုင်းဖြစ်ရခြင်းကို ဆိုလိုသည်။

---

## အစိုးရပုံ-အဓိပ္ပါယ်။

စက္ခုပသာဒ-တည်းဟူသော စက္ခုန္ဒြေသည်၊ ဒဿနကိစ္စ၌ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်ကိုအပိုးရ၏။ပ။ ကာယပသာဒတည်းဟူသော ကာယိ

**နေ္တြသည်** ဖုသနကိစ္စ၌ ကာယဝိညာဏ်စိတ္တုပ္ပါဒ်ကို အခိုးရ၏၊ဤ၌အခိုးရ ဟူသည်စက္ခုဝိညာဏ်၏ဒဿနကိစ္စ၌၊စက္ခုပသာဒအားလျော်စွာ၊မြင်နိုင် ၏။စက္ခုပသာဒရုပ် အားကောင်းပါမူ၊ကောင်းစွာထင်ရှင်,မြင်နိုင်၏၊ စက္ခု ပသာဒရုပ် အားနည်းပါမူ၊ ကောင်းစွာမမြင်နိုင်။ စက္ခုပသာဒရုပ် ပျက်စီး သော သူများမှာကား၊ စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်ဖြစ်ခွင့် မရှိတော့ပြီ၊ ဤ သို့လျှင် - စက္ခုပသာဒတိက္ခ, မန္ဒသဘောအတိုင်း ဖြစ်ရမှုကိုပင် အခိုးရ သည်-ဟုဆိုလိုသည်။ ။(ကြွင်းနည်းတူသိ)။

စက္ခုဝိညာဏာဒိပ္ပဝတ္တိယဉ္စစက္ခာဒိနံသိဒ္ဓိမာဓိပစ္စံ။
တသ္မိံ့တိက္ခေတိက္ခတ္တာ,မန္ဒေမန္ဒတ္တာ။ ။ဝိဘာဝိနီအဋ္ဌကထာ။

**ဇီဝိတိန္ဒြေသည်**-မိန်းမ၏ အသွင်အပြင်အမူအရာစသော အစွမ်းအားဖြင့် ဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အစဉ်ကိုအခိုးရ၏၊ ။ထိုဣတ္ထိန္ဒြေဖြစ်သော ဣတ္ထိဘာဝရုပ်ရှိနေသည်အတွက်ကြောင့်၊ ထိုစတုသမုဋ္ဌာနိက ရုပ်အစဉ် သည်။ ဝါ၊ ရုပ်ခန္ဓာသည်-မိန်းမတို့၏ ပုံပန်းသဏ္ဌာန်, အမူအရာစသည် တို့ဖြစ်လေ၏-ဟု ဆိုလိုသည်။

**ပုရိသိန္ဒြေသည်**-ယောကျ်ားတို့၏ အသွင်အပြင်, အမူအရာ, ပုံပန်း သဏ္ဌာန်စသော အခြင်းအရာအားဖြင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အ စဉ်ကို အခိုးရ၏၊ ။ထိုပုရိသိန္ဒြေ-ဟု ဆိုအပ်သော ပုရိသဘော ရုပ်ရှိ သည်အတွက်ကြောင့် ရုပ်ခန္ဓာ ကိုယ်သည်၊ ယောကျ်ားတို့၏ ပုံပန်း သဏ္ဌာန်,အမူအရာစသည်ဖြစ်လေ၏-ဟုဆိုလိုသည်။

**မှတ်ချက်။** ။ဤဘာဝ-ရုပ်၌တိက္ခ,မန္ဒ-ဖြစ်ပုံကား၊ မိန်းမ,ယောကျ်ား တို့၏ ငယ်ပွယ်သော အခါ၌ရှိသော ဘာဝရုပ်သည်-မန္ဒမည်၏။ အချိန်အပွယ်သို့ရောက်၍လာသောမိန်းမ,ယောကျ်ားတို့၏ ဘာဝ ရုပ်သည်-တိက္ခ-မည်၏။ ။ထိုကြောင့်ငယ်ပွယ်သောမိန်းကလေး, သူငယ်ကလေးတို့၌ မိန်းမ,ယောကျ်ား ပုံသဏ္ဌာန်စသည်တို့သည် မထင်ရှားကုန်။ နှံ့လျက်ရှိကုန်၏။

**ရုပဇီဝိတိန္ဒြေသည်**-အခွင့်ရှည်စွာ၊ဆက်လက်ဖြစ်ပေါ်၍နေသော ကမ္မ ဇရုပ်တို့ကိုအခိုးရ၏။ ၎င်းရုပဇီဝိတရှိသောကြောင့်သာ၊ ကမ္မဇရုပ်သည်၊ ရက်,လ, နှစ်ရှည်ကြာစွာ ဖြစ်နိုင်၏ဟုဆိုလိုသည်။ နာမဇီဝိ တိန္ဒြေသည်၊ အခွင့်ရှည်စွာ ဆက်လက်ဖြစ်ပေါ်၍နေကုန်သော သဟဇာတ်နာမ်တရား

တို့ကို အပိုးရ၏။ ၎င်းဇီဝိတိန္ဒြေစေတသိက်ကြောင့်သာ သဟဇာတ်ဖြစ်သော နာမ်ခန္ဓာလေးပါးတို့သည် တည်တန့်နိုင်ကုန်၏-ဟုဆိုလိုသည်။

မနိန္ဒြေသည်-အာရုံကို သိမှုဝိဇာနနကိစ္စ၌ သဟဇာတ်နာမ် တရားတို့ကို အပိုးရ၏။

သုခိန္ဒြေ-စသောဣန္ဒြေငါးပါးသည်၊ အာရုံကို ခံစားမှု တည်းဟူသော အာရမ္မဏာနုဘဝနကိစ္စ၌၊ သဟဇာတ်နာမ်တရားတို့ကိုအပိုးရ၏။

**သဒ္ဓိန္ဒြေသည်**-ရတနာသုံးပါးစသည်၌မယုံကြည်ခြင်းဟူသော အသဒ္ဓိယတရားစသည်တို့ကို လွှမ်းမိုးပယ်ရှားခြင်းကိစ္စ, ကြည်လင်ခြင်း အစရှိသည့်သို့ ရောက်စေခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကိုအပိုးရ၏။**ဝီရိယိန္ဒြေ**သည်၊အမှုအမျိုးမျိုး၌၊ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်ခြင်း တည်းဟူသော အလီနဝုတ္တိဘာဝကိစ္စ၌၊သမ္ပယုတ်တရားတို့ကိုအပိုးရ၏၊

**သတိန္ဒြေသည်**-အာရုံကိုအောက်မေ့ခြင်း တည်းဟူသော အာရမ္မဏူပဋ္ဌာနကိစ္စ၌ သမ္ပယုတ်တရားတို့ကိုအပိုးရ၏။

**သမာဓိန္ဒြေသည်**-အာရုံ၌အမြဲတည်တန့်ခြင်းတည်းဟူသော နိစ္စလဋ္ဌိတိကိစ္စ၌၊ သမ္ပယုတ်တရားတို့ကိုအပိုးရ၏။

ပညိန္ဒြေ-လေးပါးသည်၊ မတွေဝေခြင်းတည်းဟူသော အသမ္မောဟကိစ္စ၌၊သမ္ပယုတ်တရားတို့ကိုအပိုးရ၏။

> စက္ခုန္ဒြိယာဒယော တာဝ။ပ။ဝစနတော ယန္တံ ဣန္ဒြိယပစ္စယဘာဝေန သာဓေတဗ္ဗံ အတ္တနော တိက္ခမန္ဒာဒိဘာဝေ စက္ခုဝိညာဏာဒိ ဓမ္မာနံ တိက္ခမန္ဒာဒိသင်္ခါတံ အတ္တာကာရာနုဝတ္တာပနံ၊ ဣဒံ ကိစ္စံ။
>
> ဝိဘာဝင်း-အဋ္ဌကထာ။ ။(၁၁၀)။

---

စက္ခုန္ဒြိ သဿ၊စက္ခုန္ဒြေ၏၊တာဝ၊စွာ။ ပ။ဝစနတော၊ဟောတော်မူသောကြောင့်၊ဣန္ဒြိယပစ္စယဘာဝေန၊ ဣန္ဒြိယပစ္စည်း၏အဖြစ်ဖြင့်၊ သာဓေတဗ္ဗံ၊ ပြီးစေအပ်သော၊ အတ္တနော၊မိမိ၏၊ တိက္ခမန္ဒာဒိဘာဝေ၊ထက်ခြင်း,ညံ့ခြင်းစသည်၏ အဖြစ်သည်၊ သတိ၊ရှိသော်၊ (အချို့စာတို့၌ တိက္ခမန္ဒာဒိဘာဝေန-ဟုရှိ၏)။ စက္ခုဝိညာဏာဒိဓမ္မာနံ၊ စက္ခုဝိညာဏ်စသော တရားတို့ကို၊ တိက္ခမန္ဒာဒိသင်္ခါတံ၊ ထက်ခြင်း,ညံ့ခြင်းစသည်ဟုဆိုအပ်သော။ ယန္တံ အတ္တာကာရာနုဝတ္တာပနံ၊အခြင်းမိမိအခြင်းအရာသို့ လိုက်စေခြင်းသည်။အသည်း၏၊ဣဒံ၊သည်၊ကိစ္စံ၊ကိစ္စတည်း၊

## တနည်း-ဈာန်ခြေအဓိပ္ပါယ်။

ဈာနံ လိင်္ဂေန္တိ-ဒီပေန္တီတိ ဈာနင်္ဂါနိ။
ဈာနေန သိဒ္ဓါနီတိ ဈာနင်္ဂါနိ။
ဈာနေန ဒိဋ္ဌာနီတိ ဈာနင်္ဂါနိ။
ဈာနေနဒေသိတာနီတိ ဈာနင်္ဂါနိ။
ဈာနေန ဗုဋ္ဌာနီတိ ဈာနင်္ဂါနိ။

ဈာနံ၊ဝိပါက်, ကဋတ္တာရုပ်တို့ကို အစိုးရသောကြောင့် ဈာန်မည်သော ကံကို။လိင်္ဂေန္တိ-ဒီပေန္တိ၊ပြတတ်ကုန်၏။ ဣတိ၊ကြောင့်။ ဈာနင်္ဂါနိ၊ ဈာန်ခြေ တို့မည်ကုန်၏။ ။ဝါ၊တနည်းကား၊ဈာနေန၊ဈာန်မည်သောကံကြောင့်။သိဒ္ဓါနိ၊ ပြီးကုန်၏။ဣတိ၊ကြောင့်။ဈာနင်္ဂါနိ၊ဈာန်ခြေ-မည်ကုန်၏။ ။ဝါ၊တနည်းကား။ ဈာနေန၊ ဘုံသုံးဝကို အစိုးရသောကြောင့် ဈာန်မည်သော မြတ်စွာဘုရား သည်။ဒိဋ္ဌာနိ၊မြင်အပ်ကုန်၏၊ဣတိ၊ကြောင့်။ဈာနင်္ဂါနိ၊ဈာန်ခြေ-မည်ကုန်၏။ ။ ဝါ၊ကား။ဈာနေန၊ဘုံသုံးဝကိုအစိုးရတော်မူသောမြတ်စွာဘုရားသည်။ဒေသိ တာနိ၊ဟောတော်မူအပ်ကုန်၏။ဣတိ၊ကြောင့်။ဈာနင်္ဂါနိ၊ကုန်၏။ ဝါ၊ကား။ ဈာနေန၊သည်။ဗုဋ္ဌာနိ၊ ဂေါစရသေဝနာ, ဘာဝနာသေဝနာအားဖြင့် ပူဇော် အပ်ကုန်၏။ ဣတိ၊ကြောင့်။ဈာနင်္ဂါနိ၊မည်ကုန်၏။

ဈာနလိင်္ဂတ္တာ ဈာနင်္ဂယတ္တာ။ပ။ဈာနဗုတတ္တာ ဈာနင်္ဂယတ္တာ။ ။
ဝိဘင်း-အဋ္ဌကထာ။ ။(၁၀၉)၊

---

## ဆောင်ပုဒ်-ဂါထာ။

ကမ္မံ လိင်္ဂေန္တိ သိဒ္ဓါ ဝါ၊ ဗုဒ္ဓဒိဋ္ဌာ ဝါ ဒေသိတာ။
ဗုဋ္ဌာနိ ဝါ ပိ ဈာနန္တိ၊ တသ္မာနင်္ဂိယာနိ ဝုစ္စရေ။ ။

ကမ္မံ၊ ဝိပါက်,ကဋတ္တာရုပ်ကို အစိုးရသောကြောင့် ဈာန်-မည်သောကံ ကို။လိင်္ဂေန္တိ၊ပြတတ်ကုန်၏။ဝါ၊ကား။ကမ္မေန၊ကံကြောင့်။ သိဒ္ဓါ၊ပြီးကုန်၏။ ဝါ၊ကား။ ဗုဒ္ဓဒိဋ္ဌာ၊ဘုံသုံးဝကိုအစိုးရသောကြောင့် ဈာန်မည်တော်မူသော ဘုရားရှင်သည်မြင်အပ်ကုန်၏။ဝါ၊ကား။ ဗုဒ္ဓဒေသိတာ၊ ဘုရားသည်ဟော ကြားအပ်ကုန်၏။ဝါ၊ကား။ ဗုဒ္ဓဗုဋ္ဌာနိ၊ဘုရားသည်ဂေါစရ သေဝနာ,ဘာဝ နာသေဝနာအားဖြင့် ပူဇော်အပ်ကုန်၏။အပိ၊တနည်းလည်း။ ဈာနန္တိ၊မိမိတို့

နိုင်ငံ၊ ပစ္စယုပ္ပန်ကို၊ ဘောဝနိပိုင်သ၊ အပိုးရကုန်၏။ တသွာ၊ ကြောင့်။ ဇုန္တိုယာနိ၊ ဇုန္ဒြေတို့ဟူ၍။ ဝုစ္စရေ၊ မိန့်ဆိုအပ်ကုန်၏။

---

## ဇုန္ဒြေအစဉ်-အဓိပ္ပါယ်။

၁။ ။အဇ္ဈတ္တသောကိုစွဲ၍ဖြစ်သော တရားတို့ကို ပိုင်းခြား၍ သိမှသာ၊ အရိယာအဖြစ်ကိုရသည်၏ အဖြစ်ကို ညွှန်းပြခြင်းငှာ-စက္ခုန္ဒြေစသော ပသာဒိန္ဒြေ ငါးပါးကို ရှေးဦးထား၍၊ မိန့်ဆိုတော်မူ၏။

၂။ ။အဇ္ဈတ္တသောတည်းဟူသော ရုပ်ရုပ်ဆိုင်ကြီး၏ မိန်းမဟူ၍၎င်း, ယောကျ်ားဟူ၍၎င်းဖြစ်ပေါ်မှု၊ သက္ကာယစွဲသမ်းမှုသည်၊ ဤဘာဝရုပ် ၂-ပါး ကြောင့်သာဖြစ်၏-ဟူသော အဓိပ္ပါယ်ကိုပြခြင်းငှာ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးကို ထိုပသာဒိန္ဒြေငါးပါး၏နောက်ထား၍၊ မိန့်ဆိုတော်မူ၏။

၃။ ။မိန်းမ, ယောကျ်ား-ဟု ထင်ရှားဖြစ်ပေါ်နေသော အဇ္ဈတ္တသော ကြီးသည်၊ ဇီဝိတိန္ဒြေနှင့်စပ်၍သာ ဖြစ်၏၊ ၎င်းဇီဝိတိန္ဒြေနှင့်ကင်း၍၊ မဖြစ်နိုင် ဟူသော အဓိပ္ပါယ်ကိုပြခြင်းငှာ၊ ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂-ပါး၏နောက်၌ ဇီဝိတိန္ဒြေ, မနိန္ဒြေတို့ကိုမိန့်ဆိုအပ်ကုန်၏။

၄။ ။အကြွင်းမဲ့လောက် ဇီဝိတိန္ဒြေဖြစ်၏။ ထိုမွေ့လောက် ကာလ ပတ်လုံး အာရုံအာရသာကိုခံစားမှုဝေဒနာသည်ဖြစ်၏-ဟူသောအဓိပ္ပါယ် ကိုပြခြင်းငှာ၊ ဇီဝိတိန္ဒြေ၏နောက်၌ ဝေဒနိန္ဒြေ-တရားငါးပါးကို ဟောတော် မူ၏။

၅။ ။ထိုအာရုံအရသာကို ခံစားမှုဝေဒနာတရားတို့၏ ချုပ်ငြိမ်းကင်း ရှင်းခြင်းအကျိုးငှာ၊ ပွားများအပ်သော ပဋိပတ်တရားတို့ကို ဘော်ပြခြင်း ငှာ၊ ဝေဒနိန္ဒြေ၏နောက်၌၊ သဒ္ဓိန္ဒြေ။ပ။ပညိန္ဒြေတို့ကိုဟောတော်မူ၏။

၆။ ။သဒ္ဓါစသောအကျင့်မြတ်၊ ပဋိပတ်ကြောင့် ရှေးဦးစွာ ရအပ် သော အကျိုးတရားကို ဘော်ပြခြင်းငှာ၊ ပညိန္ဒြေ၏နောက်၌အနညာတည သာမိတိန္ဒြေကို ဟောတော်မူ၏၊

၇။ ။ဤအနညာတညဿာမိတိန္ဒြေကို ပွားများ အားထုတ် သဖြင့် ရအပ်သော အကျိုးကိုဘော်ပြခြင်းငှာ၊ နောက်၌အညာတာဝိန္ဒြေကို ဟော တော်မူ၏။

၈။ ။ဤအညိန္ဒြေကို ပွားများအားထုတ်သဖြင့် ရအပ်သော အကျိုး ကို ဘော်ပြခြင်းငှာ၎င်း, ဤအရဟတ္တဖိုလ် တရားကို ရသည့်ရှိသော်၊

နောက်ထပ် ကျင့်ဘွယ်ကိစ္စမရှိသည်အဖြစ်ကို ဘော်ပြခြင်းငှာရင်း,အညာ
တာဝိန္ဒြေကို နောက်ဆုံးထား၍ ဟောတော်မူရလေသတည်း။

တတ္ထ အဉ္ဇတ္တမ္ဘဝမ္ဘံ ပရိညာယ အရိယဘူမိ ပဋိလာဘော ဟောတိ
တိ။ပ။အန္တေ ပရမဿာသဘူတံ အညာတာဝိန္ဒြိယံ ဒေသိတံ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၀၉)။

---

## ဗိုလ်-အခွင့်။

၁၉။ ။**နဝ ဗလာနိ-သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ,ဟိရီဗလံ,ဩတ္တပ္ပဗလံ,အဟိရိကဗလံ,အနောတ္တပ္ပဗလံ။** ။သင်္ဂြိုဟ်ပါဌ်။

ဗိုလ်တို့သည်၊ ၁-သဒ္ဓါဗိုလ်၊ ၂-ဝီရိယဗိုလ်၊ ၃-သတိဗိုလ်၊ ၄-သမာဓိဗိုလ်၊ ၅-ပညာဗိုလ်၊ ၆-ဟိရိဗိုလ်၊ ၇-ဩတ္တပ္ပဗိုလ်၊ ၈-အဟိရိကဗိုလ်၊ ၉-အနောတ္တပ္ပဗိုလ်-ဟူ၍၊၉-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ဗိုလ်-အဓိပ္ပါယ်။

ဗိုလ်တရားသည်၊ကုသိုလ်ဗိုလ်,အကုသိုလ်ဗိုလ်-ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင်၊သဒ္ဓါဗိုလ်။ပ။ ဩတ္တပ္ပဗိုလ်၊ ဤ ၇-ပါးသည်၊ ကုသိုလ်ဗိုလ်မည်၏။ ။အဟိရိကဗိုလ်,အနောတ္တပ္ပဗိုလ် ၂-ပါးသည်၊ အကုသိုလ်ဗိုလ်မည်၏။ ။အဘယ့်ကြောင့် အကုသိုလ်တရား ဖြစ်သော အဟိရိကစသော တရား ၂-ပါးသည်၊ဗိုလ်မည်ပါသနည်း-ဟူမူ။

ဗလဋ္ဌေ ထိရံ ဘာဝဋ္ဌေတိ ဗလာနိ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ ထိရံ၊ မြဲမြံခိုင်ခံ့အောင်။ ဗလဋ္ဌ-ဘာဝဋ္ဌ၊ဖြစ်တတ်ကုန်၏။ဣတိ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ ဗလာနိ၊ဗိုလ်မည်ကုန်၏။ ။ဝိဂြိုဟ်အရ....မိမိနှင့် ယှဉ်ဘော်, ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့၌ မြဲမြံ ခိုင်ခံ့သောကြောင့် အကုသိုလ်-အဟိရိက, အနောတ္တပ္ပတရား ၂-ပါးသည်-ဗိုလ်မည်၏။

ကုသိုလ်ဖြစ်သော သဒ္ဓါစသော တရားများကား၊ အဘယ့်ကြောင့် ဗိုလ်မည်ကုန်ပါသနည်း-ဟူမူ။ ။မယုံကြည်ခြင်းစသော ဆန့်ကျင်ဘက် တရားတို့ကြောင့် မတုန်လှုပ်သောကြောင့်ရင်း, သမ္ပယုတ်တရားတို့၌ မြဲမြံ ခိုင်ခံ့သောကြောင့်ရင်း, ဗိုလ်မည်၏။

ပဋိပက္ခေဓမ္မေဟိ ဗလန္တို-နကမ္ပန္တီတိ ဗလာနိ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ ပဋိပက္ခေဓမ္မေဟိ၊ မယုံကြည်ခြင်း စသော ဆန့်ကျင်ဘက်တရားတို့ကြောင့်။ဗလန္တိ-နကမ္ပန္တိ၊ မတုန်လှုပ်နိုင် ကုန်။ ဣတိ၊ကြောင့်။ တေဓမ္မာ၊ တို့သည်။ ဗလာနိ၊ ဗိုလ်မည်ကုန်၏။ ။ (ဒုတိယနည်းအလို-ဝိဂြိုဟ်ကိုရှေ့အတိုင်းပြု)။

---

## မတုန်လှုပ်ပုံ-အဓိပ္ပါယ်။

သဒ္ဓါဗိုလ်-ဟုဆိုအပ်သော သဒ္ဓါတရားရှိသောသူသည်၊ မကြည်ညို ခြင်းတည်းဟူသော အသဒ္ဓိယတရားမဖြစ်နိုင်။ ရတနာသုံးပါး,ကံ, ကံ၏ အကျိုးစသည်၌ ယုံကြည်မပျက်၊လှုပ်ရှားယိမ်းယိုင်ခြင်း မရှိသောကြောင့် သဒ္ဓါတရားကို ဗိုလ်-ဟု ဆိုရသည်။ ။သတိဗိုလ်ကြောင့် မေ့လျော့ပေါ့ တန်မှုမဖြစ်နိုင်။သမာဓိဗိုလ်ကြောင့် တုန်လှုပ်ပြန့်လွင့်ခြင်းဥဒ္ဓစ္စ မဖြစ်နိုင်။ ပညာဗိုလ်ကြောင့် မသိမမြင်နိုင်သော အဝိဇ္ဇာတရားမဖြစ်နိုင်။ ။ဟိရီ ဗိုလ်ကြောင့် မကောင်းမှုမှမရှက်ခြင်း-ဟူသော အဟိရိကတရားမဖြစ်နိုင်။ ဩတ္တပ္ပဗိုလ်ကြောင့် မကောင်းမှုမှ မလန့်ခြင်း အနောတ္တပ္ပတရားမဖြစ်နိုင်-ဟု ဆိုလိုသည်။

## ဆောင်ပုဒ်-ဂါထာ။

အသဒ္ဓိယာဒိပဋိပက္ခ၊ဓမ္မေဟိ ယေ န ကမ္ပရေ။
တေ ဗလာနီတိ ဝုစ္စန္တိ၊ယုတ္တေသု ထိရတာယ စ။ ။

ယေဓမ္မာ၊ အကြင်တရားတို့သည်။ အသဒ္ဓိယာဒိပဋိပက္ခဓမ္မေဟိ၊ မယုံ ကြည်ခြင်းစသောဆန့်ကျင်ဘက် တရားတို့ကြောင့်။နကမ္ပရေ၊ မတုန်လှုပ် ကုန်။ ဣတိ၊ကြောင့်။ တေဓမ္မာ၊တို့ကို။ ဗလာနီတိ၊ ဗိုလ်တို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။စ၊တနည်းလည်း။ယုတ္တေသု၊သမ္ပယုတ်တရားတို့၌။ဝါ၊တို့တွင်၊ထိရ တာယ၊ မြဲမြံခိုင်ခံ့သည်၏အဖြစ်ကြောင့်။ဗလာနီတိ၊ဟူ၍။ဝုစ္စန္တိ၊ကုန်၏။

---

## အဓိပတိ-အဘွင့်။

၂၀။ ။ဆန္ဒာခေျာ အဓိပတိ-ဆန္ဒာဓိပတိ,ဝီရိယာဓိပတိ,စိတ္တာဓိပတိ, ဝီမံသာဓိပတိ။ ။သင်္ဂြိုဟ်ပါဌ်။

အဓိပတိတို့သည်၊ ၁-ဆန္ဒာဓိပတိ၊ ၂-ဝီရိယာဓိပတိ၊ ၃-စိတ္တာဓိပတိ၊ ၄-ဝီမံသာဓိပတိ-ဟူ၍ ၄-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

ဒွိဟိတ်ဇော ၁၈-ချ၊တိဟိတ်ဇော၃၄-ချတို့၌သာယထာရဟယှဉ်သော ဆန္ဒစေတသိက်, ဝီရိယစေတသိက်, ပညိန္ဒြေစေတသိက်တို့သည်၊ ဆန္ဒာဓိပတိ,ဝီရိယာဓိပတိ, ဝီမံသာဓိပတိမည်ကုန်၏။ ။ငင်းဒွိဟိတ်ဇောစိတ် ၁၈ ချ၊တိဟိတ်ဇောစိတ် ၃၄-ချတို့သည်၊စိတ္တာဓိပတိမည်ကုန်၏-ဟုမှတ်။

---

## အဓိပတိ-အဓိပ္ပါယ်။

အဓိနာနံ ပတိ အဓိပတိ။

အဓိနာနံ၊မိမိနှင့်စပ်၍ ဖြစ်ကုန်သောတရားတို့၏။ ပတိ၊ အရှင်တည်း။ အဓိပတိ၊မိမိနှင့်စပ်၍ဖြစ်ကုန်သော တရားတို့၏အရှင်။ ။မိမိနှင့် စပ်၍ ဖြစ်ကုန်သော တရားတို့၏ အရှင်ဖြစ်သော တရားသည်-အဓိပတိ မည်၏။ ။ဟူလို။

## အရှင်ဖြစ်ပုံ-အဓိပ္ပါယ်။

"ဆန္ဒဝတော ကိန္နာမ ကမ္မံ န သိဇ္ဈတိ" ငါကဲ့သို့ ကောင်း မြတ်သော ဆန္ဒနှင့်ပြည့်စုံသောသူအား၊ အဘယ်အမှုမည်သည် မပြီးဘဲရှိပါအံ့နည်း ဟု-မိမိကိုယ်ကို တိုက်တွန်း နှိုးဆော်၍သော်၎င်း,အလိုလို ၎င်းစိတ်ဖြစ်၍ သော်၎င်း,ထိုထိုသောကောင်းမှု-မကောင်းမှုတို့သည်ဖြစ်ကုန်၏။ ထိုသို့ဖြစ်သောကုသိုလ်-အကုသိုလ်တရားတို့သည်၊ဆန္ဒကြောင့်သာ ဖြစ်ကြသဖြင့် ဆန္ဒသည် ၎င်းနှင့်တကွဖြစ်ကုန်သော ကုသိုလ်-အကုသိုလ် တရားတို့၏ အကြီးအကဲအရှင်သခင်ဖြစ်၏။ ။ဟူလို။ ။(ကြွင်းအဓိပတိတို့၌လည်းနည်းတူသိ)၊

## ဆန္ဒ၊ ဝီရိယ၊ အဓိပတိ-အထူး။

ဓိဓိနှင့်အတူတကွဖြစ်သော တရားတို့ကို အစိုးရသောကြောင့်-ဆန္ဒမည်၏။ ၎င်းဆန္ဒ၏ အစိုးရပုံကား၊ ဘုရင်မင်းမြတ်က မှူးမတ်တို့ကို အစိုးရသည်နှင့်တူ၏။ သူတပါးအစိုးရသည်ကိုမတားမြစ်နိုင်။ ထို့ကြောင့်ဓိဓိနှင့်တကွဖြစ်သော တရားတို့တွင်၊ စိတ္တုပ္ပါဒ် အားလျော်စွာ၊ ၄-ပါး, ၅-ပါး, ၇-ပါး, ၈-ပါး, တပြိုင်နက် ဆန္ဒယပစ္စည်းတပ်၍ အစိုးရကြ၏။ ။ဆန့်ကျင်ဘက် ဖြစ်သော တရားတို့ကို နှိပ်စက် တတ်သောကြောင့်- ဒိုလ် မည်၏။ ၎င်းဒိုလ်ကား၊ ရန်သူကိုဖျက်ဆီးသော စစ်ဒိုလ်နှင့်တူ၏။ ။အဓိပတိအစိုးရဟူသည်ကား၊ ဆန္ဒအစိုးရသကဲ့သို့မဟုတ်။ သူတပါးကိုတားမြစ်၍ အစိုးရသည်။ တားမြစ်ဟူသည်မှာ-ဆန္ဒအဓိပတိတပ်ခိုက်၊ ဝီရိယ-စသော တရားများပါရှိသော်လည်း အဓိပတိမတပ်နိုင်-သည်ကို ဆိုလိုသည်။ ထိုကြောင့် အဓိပတိသည်-စကြဝတေးမင်းနှင့် တူ၏-ဟုမှတ်။

### ဆောင်ပုဒ်။

က၊ ။သူတပါးကို၊ ဟန့်တားပိုးရ၊ မှတ်ပ-ဓိပတိ၊
မတားဘိ၊ မည်ရှိ-ဆန္ဒ။

ခ။ ။စစ်ဒိုလ်အသွင်၊ ဖျက်ဆီးလျှင်၊ မည်ဘွင်-ဒိုလ်အနေ။

### ဆောင်ပုဒ်-ဂါထာ။

ယေ အတ္တာဓိနဝုတ္တိနံ၊ ပတိတျာဓိပတိ မတာ။
ဆန္ဒဝန္တသာ ကိန္နာမ၊ န သိဇ္ဈတီတိအာဒိနာ။ ။

ယေဓမ္မာ၊ တို့သည်။ ဆန္ဒဝန္တသာ၊ ဆန္ဒရှိသောသူအား။ ကိန္နာမနသိဇ္ဈတိ၊ အဘယ်ဟာမပြီးဘဲရှိတံုရာအံ့နည်း။ ဣတိအာဒိနာ၊ ဤသို့အစရှိသောပုဗ္ဗာဘိသင်္ခါရကြောင့်၊ အတ္တာဓိနဝုတ္တိနံ၊ မိမိနှင့်စပ်ကုန်သော သဟဇာတ်တရားတို့ကို။ ပတိ၊ အစိုးရကုန်၏။ ဝါ၊ တို့၏။ ပတိ၊ အရှင်တို့တည်း။ ဣတိ၊ ကြောင့်။ တေဓမ္မာ၊ တို့ကို။ အဓိပတိ၊ တို့ဟူ၍။ မတာ၊ ကုန်၏။

## အာဟာရ-အသွင်။

၂၁။ ။ စတ္တာရော အာဟာရာ-ကဗဠီကာရော အာဟာရော,ဖဿော ဒုတိယော,မနောသဉ္စေတနာတတိယာ,ဝိညာဏံ စတုတ္ထံ။ ။
သင်္ဂြိုဟ်ပါဠိ။

အာဟာရတို့သည်၊ ၁-ကဗဠီကာရ အာဟာရ၊ ၂-ဖဿအာဟာရ၊ ၃-မနောသဉ္စေတနာ အာဟာရ၊ ၄-ဝိညာဏ အာဟာရ-ဟူ၍ လေးပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

ထိုလေးပါးတို့တွင်၊ ၁-ဩဇာရုပ်သည်-ကဗဠီကာရအာဟာရမည်၏။ ၂-လောကီစိတ်၌ ယှဉ်သော ဖဿ စေတသိက်သည်-ဖဿ အာဟာရ မည်၏။ ၃-အတိတ်ဖြစ်သောအကုသိုလ်စေတနာ ၁၂-ခု၊လောကီကုသိုလ် စေတနာ ၁၇-ခုအားဖြင့် စေတနာတခု ယုတ်သုံးဆယ်သည်-မနောသဉ္စေ တနာအာဟာရမည်၏။ ။တနည်း… စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာတခုယုတ်ကိုးဆယ်သည်-မနောသဉ္စေတနာအာဟာရမည်၏။ ။ ၄-ပဋိသန္ဓေစိတ်တခု ယုတ်နှစ်ဆယ်သည်-ဝိညာဏ အာဟာရ မည် ၏-ဟုမှတ်။

---

## အာဟာရ-အဓိပ္ပါယ်။

ဩဇဋ္ဌမကရူပါဒယော အာဟာရန္တီတိ အာဟာရာ။

ယေဓမ္မာ၊အကြင်တရားတို့သည်။ဩဇဋ္ဌမကရူပါဒယော၊ ဩဇာလျှင် ရှစ်ခုမြောက်သော အာဟာရဇရုပ်ကလာပ် စသည်တို့ကို။ အာဟာရန္တိ၊ အသီးအသီး ဆောင်ကြကုန်၏။ဣတိ၊ကြောင့်။တေဓမ္မာ၊တို့သည်။ အာဟာ ရာ၊ အာဟာရ-မည်ကုန်၏။ ။အဓိပ္ပါယ်ကား … မိမိနှင့် စပ်ဆိုင်သော ဩဇာလျှင်ရှစ်ခုမြောက်သော အာဟာရဇအဋ္ဌကလာပ်ရုပ်စသော အကျိုး တရားတို့ကို ဆောင်တတ်သောကြောင့်-အာဟာရမည်၏။ ။ဟူလို။

## ဆောင်ပုံ-အဓိပ္ပါယ်။

၁-ကဗဠီကာရ အာဟာရသည်၊ သြဇာလျှင် ၈ခုမြောက်သော အာဟာရဇကလာပ်ကိုဆောင်၏၊ ။၂-ဖဿ အာဟာရသည်၊ သုခ, ဒုက္ခ, ဥပေက္ခာ-တည်းဟူသော ဝေဒနာသုံးပါးကိုဆောင်၏။ ။၃ မနောသဉ္စေတနာအာဟာရသည်၊ ဘုံသုံးပါးတို့၌ပဋိသန္ဓေကိုဆောင်၏၊ ။၄-ဝိညာဏ အာဟာရသည်၊ မိမိနှင့်အတူဘက္ခ ဖြစ်သော နာမ်,ရုပ်တို့ကိုဆောင်၏။ ။ *ဆောင်ဟူသည့်ဖြစ်စေသည်-ဟု ဆိုလိုသည်။ ။ရင်းအာဟာရသည်၊ တရားကိုယ် စိစစ်သော်၊ ရုပ် အာဟာရတပါး, နာမ် အာဟာရ ၃-ပါး ဖြစ်လေ၏၊

---

## ဆောင်ပုံ-အဓိပ္ပါယ်အကျယ်။

၁။ ။မယောမျိုးစေ့, သလေး မျိုးစေ့ကြောင့် ဖြစ်ပေါ်ပေါက်ရောက်လာသော မယောပင်ညှောက်ငယ်,သလေးပင်ညှောက်ငယ်တို့သည်၊ မြေဓာတ်,ရေဓာတ် ၂-ပါးကို မှီရမှသာလျှင်၊ ကြီးပွား သန့်စွမ်း နိုင်သကဲ့သို့၊ ထို့အတူ ကံကြောင့်ဖြစ်ပေါ်လာသော ကာမဘုံသားတို့၏ ရုပ်ခန္ဓာသည်၊ နောက်ထပ် အာဟာရ အထောက်အပံ့ကို ရမှသာလျှင် အသက်ရှင်နိုင်, ကြီးပွားနိုင်,အသက်ရှည်ကျော်ရှည်နိုင်၏။ဤသို့ အာဟာရဇကလာပ်စသော ရုပ်ခန္ဓာတို့၏ တည်တန့်နိုင်အောင် ထောက်ပံ့တတ်, ဆောင်တတ်သော ကြောင့်-ဗကဠီကာရသြဇာသည် အာဟာရမည်၏။ ။ဟူလို။

၂။ ။ဌက်တို့သည်၊ နှုတ်သီးဖြင့်သာ အာဟာရကို ချီယူသုံးစားနိုင်ကုန်၏၊နှုတ်သီးမရှိချေသော်၊ အာဟာရကိုမစားနိုင်ကုန်ဘိသကဲ့သို့၊သတ္တဝါတို့သည်လည်း၊ ဖဿ ဖြင့်သာလျှင် အာရုံအရသာကိုယူ၍ ဝေဒနာကို ဖြစ်စေနိုင်, ခံစားနိုင်၏။ ဖဿဖြစ်မှုမရှိသော်၊ အာရုံအရသာကို မယူနိုင်, ဝေဒနာကို မဖြစ်စေနိုင်။ ဤသို့ဝေဒနာ၏ဖြစ်မှုသည်၊ဖဿလျှင်အကြောင်းရင်းရှိသောကြောင့် ဖဿသည်-ဝေဒနာကိုဆောင်သည်မည်၏။ ။ဟူလို။

၃။ ။ဌက်တို့သည်၊အဘောင်ဖြင့်ပျံသန်း၍၊ သစ်တပင်မှ သစ်တပင်သို့၊တော, တတောမှ တော,တတောသို့ လှည့်လည်၍၊ သစ်သီးကြီး,ငယ် အသွယ်သွယ်ကို ရှာဖွေစားသောက်၍ အတ္တဘောကို ထိန်းကျောင်းမွေး

မြူကြ၏။အကယ်၍၊ ထိုသတ္တဝါတို့သည်၊ အစောင်သားမရှိပါမူ၊မပျံသွားနိုင်ကြပါဘဲ၊အောက်သို့ကျ၍ သေကြေပျက်စီးကုန်ရာ၏။ထိုအတူ၊ဤသတ္တဝါတို့သည်လည်း၊အစောင်နှင့်တူသော အားထုတ်ခြင်းလက္ခဏာရှိသော စေတနာဖြင့် စေ့ဆော်တိုက်တွန်း၍၊ကံကြီး,ကံငယ် အသွယ်သွယ်ကို ပြီးမြောက်စေကုန်လျက်၊ဘဝတခုမှသည်-ဘဝတခုသို့၊ ဘုံတခုမှသည်-ဘုံတခုသို့ လှည့်လည်ကြရကုန်၏။ဤသို့-ဘဝတခုသို့ ဖြစ်ရခြင်းဟူသော ပဋိသန္ဓေဖြစ်မှုသည်၊စေတနာလျှင် အကြောင်းရင်းရှိ၏၊ စေတနာကံကြောင့်သာ ပဋိသန္ဓေတည်နိုင်၏၊သို့ဖြစ်၍ မနောသဉ္စေတနာသည်၊ ပဋိသန္ဓေကို ဆောင်သည်မည်၏။ ။ဟူလို။

၄။ ။ထို့ဥက်စသော သတ္တဝါတို့သည်၊ မျက်စိဖြင့် ကျက်စားရာဌာနဒေသကို ကြည့်ရှုမှတ်သားလျက်၊သွားလာကျက်စား၍ အသက်ထက်ဆုံး မိမိတို့၏ကိုယ်ကို မွေးမြူကြကုန်၏။အကယ်၍ မျက်စိမရှိခဲ့ပါလျှင်၊တရံတခါသော ကျက်စားရာ အရပ်သို့သော်လည်း မသွားနိုင်ကုန်ရာ၊တရံတခါသော အာဟာရကိုသော်လည်း မစားနိုင်ကုန်ရာ။ ထိုအရပ်၌သာလျှင် သေကြေပျက်စီးကြရကုန်ရာ၏။ထို့အတူ၊သဟဇာတ်တရားတို့သည်လည်း၊ အာရုံကိုသိခြင်း၌ စွမ်းနိုင်သော ပဋိသန္ဓေစိတ်၏ယူအပ်သော ထိုထိုအာရုံတို့၌သာ အာရုံပြုနိုင်,ယူနိုင်ကုန်၏။ဖဿစသော တရားတို့ကိုဖြစ်စေနိုင်ကုန်၏။ မိမိတို့အလိုအလျောက်ကား၊အာရုံကိုမယူနိုင်ကြ၍၊ ဖဿစသော တရားတို့ကို မဖြစ်စေနိုင်ကုန်။ဤသို့ သဟဇာတ်ဖြစ်သော နာမ်,ရုပ်တို့၏ အာရုံကို ယူနိုင်မှု,ဖဿစသော တရားတို့ကို ဖြစ်စေမှု,တည်တန့်မှုသည်၊ ပဋိသန္ဓေစိတ်ကြောင့်သာ ဖြစ်နိုင်ကုန်၏။ပဋိသန္ဓေစိတ်လျှင် အကြောင်းရင်းရှိကုန်၏။ထို့ကြောင့် ပဋိသန္ဓေဝိညာဏ်သည်၊မိမိနှင့်အတူတကွဖြစ်သော စေတသိက်နာမ်နှင့် ကမ္မဇရုပ်တို့ကို ဆောင်သည်မည်၏။ ။ဟူလို။

---

## ဆောင်ပုဒ်-ဂါထာ။

ဩဇဋ္ဌမကရူပံ ယော၊ဝေဒနံ ပဋိသန္ဓိကံ။
နာမရူပံ အာဟာရေန္တိ၊တသ္မာဟာရာတိ ဝုစ္စရေ။ ။

ယော၊ မွှာ၊ တို့သည်။ ဩဇဋ္ဌမကရူပံ၊ ဩဇာလျှင် ၈ခုမြောက်သော အာဟာရဇအဋ္ဌကလာပ်ကို။ ဝေဒနံ၊ဝေဒနာကို၊ ပဋိသန္ဓိကံ၊ ပဋိသန္ဓေ

ဝိညာဏ်ကို။ နာမရှုပ်၊နာမ်,ရုပ်ကို။ အာဟာရန္တိ၊ အသီးအသီး ဆောင်ကြကုန်၏။ တသ္မာ၊ကြောင့်။ တေဓမ္မာ၊တို့ကို။ အာဟာရာတိ၊ ဟူ၍။ ဝုစ္စရေ၊ ကုန်၏။

---

### အမေး-အဖြေ။

ဤသို့ ဆောင်တတ်သောကြောင့် အာဟာရ-ဟုဆိုသော်၊ဆောင်တတ်သောတရား အများပင်ရှိပါလျက်၊ ဤတရားလေးပါးတို့ကိုသာ အဘယ့်ကြောင့် အာဟာရ-ဟု ဆိုအပ်ပါကုန်သနည်း-ဟူမူ။ ။ထူးသော အကြောင်းတရားများဖြစ်သောကြောင့် ဤတရားလေးပါးတို့ကိုသာ အာဟာရ-ဟု ဆိုအပ်ပါကုန်၏-ဟုမှတ်။ ။အဘယ့်ကြောင့် "ဗသော"ဟုသာ မဆိုပါဘဲ၊ဒုတိယော-စသော သဒ္ဒါထည့်၍ ဆိုအပ်ပါသနည်း-ဟူမူ။ဒေသနာအစဉ်ကို သိစေလို၍၊ ဒုတိယော,တတိယော-စသော သဒ္ဒါတို့ကို ထည့်၍၊မိန့်ဆိုတော်မူအပ်၏။

### ဆောင်ပုဒ်။

က။ ။အကြောင်းထူးသာ၊ဖြစ်သည်တာ၊မိန့်မှာ-ဟာရ လေး။
ခ။ ။ဒေသနာစဉ်၊သိလိုအင်၊မိန့်ရှင်-ဒုတိယော။

---

၂၂။ ။ဈာန္ဒြိယောသ ပဓနတ္တာ သောတာပတ္တိ မဂ္ဂညာဏံ အနညာတညဿာမိတိန္ဒြိယံ။
၂၃။ ။အရဟတ္တဖလညာဏံ အညာတာဝိန္ဒြိယံ။
၂၄။ ။မဇ္ဈေဆညာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။
၂၅။ ။ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

### သဒ္ဒါဟပ်ပါဌ်။

၂၂။ ။ဤ ၂၂-ပါးသော ဣန္ဒြေတို့တွင် သောတာပတ္တိမဂ်ဉာဏ်သည်၊ အနညာဘညဿာမိတိန္ဒြေမည်၏။
၂၃။ ။အရဟတ္တဖိုလ်ဉာဏ်သည်-အညာတာဝိန္ဒြေမည်၏။
၂၄။ ။အထက်မဂ်ဉာဏ် ၃-ပါး၊အောက်ဖိုလ်သုံးပါး-ဟူသောအလယ်ဉာဏ်ခြောက်ပါးသည် အညိန္ဒြေမည်၏။

၂၅။ ။ဇီဝိတိန္ဒြေအရ ရုပ်ဇီဝိတ, နာမ်ဇီဝိတတို့၏ အစွမ်းဖြင့် ၂-ပါး အပြားရှိ၏။

(ဣန္ဒြေ ၂၂-ပါးတွင်၊ထူးသော အညိန္ဒြေစသည်တို့၏ အရကောက်ကို ဘွင့်ပြသော စကားမျှ ဖြစ်သည်၊ ၎င်း၏အဓိပ္ပါယ်ကို အောက်ကဘွင့်ဆိုခဲ့ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

---

**၂၆။ ။ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ၊ အဝီရိယေသု ဗလာနိ။ အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ။** ။သင်္ဂြိုဟ်ပါဌ်။

ဒွေပဉ္စဝိညာဏ် ၁၀-တို့၌၊ဈာနင်တို့ကို မရအပ်-မဖွဲ့အပ်ကုန်။ ဝီရိယ မယှဉ်သောစိတ် ၁၆-ခုတို့၌၊ဗိုလ်မဖွဲ့ထိုက်ကုန်။အဟိတ်စိတ် ၁၈-ခုတို့၌၊ မဂ္ဂင်မဖွဲ့ထိုက်ကုန်။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**အဝယဝတ္ထ-အဓိပ္ပါယ်။**

ဒွေပဉ္စဝိညာဏ်စိတ်၌၊ ဝေဒနာနှင့် ဧကဂ္ဂတာ-စေတသိက် ၂-ပါး ရှိပါလျက်၊အဘယ့်ကြောင့်ဈာနင်မဖွဲ့ပါသနည်း-ဟူမူ။ဝိတက်ကင်းသဖြင့်၊ အာရုံသို့ရှေ့ရှုကာမျှမတ္တဖြစ်သောကြောင့်-ဈာနင်မထိုက်ကုန်။ ။ဟူလို။ ဝီရိယစေတသိက် မယှဉ်သော ဒွေပဉ္စဝိညာဏ် - ၁၀၊ မနောဓာတ် သုံးပါး၊သန္တီရဏသုံးပါး၊ဤ ၁၆-ခုသောစိတ်တို့၌၊ ဧကဂ္ဂတာစေတသိက်ပါရှိ၍၊ သမာဓိဗိုလ် ဖွဲ့ထိုက်ပါလျက်၊ အဘယ့်ကြောင့် ဗိုလ်မဖွဲ့ပါသနည်း-ဟူမူ။ ။ဝီရိယမယှဉ်၊ဝီရိယအထောက်အပံ့ကင်းသဖြင့် အားနည်းသောကြောင့်၊ ၎င်းဧကဂ္ဂတာစေတသိက်ကို သမာဓိဗိုလ်မဖွဲ့ထိုက်။ ။ဟူလို။ အဟိတ်စိတ်တို့၌ ယှဉ်သော ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည်၊ ဟိတ်ကင်းသောကြောင့် အားနည်းရကား၊မဂ္ဂင်ကိစ္စမတပ်ကုန်၊ မဂ္ဂင်မဖွဲ့ထိုက်ကုန်။ ။ဟူလို။

**သောင်းပုဒ်။**

က။ ။ဝိတက်ကင်းပ၊ အာရုံကျကာ၊ ဖြစ်သည်တာကြောင့်၊
ဒွိပဉ္စဝယ်၊မှတ်ဘွယ်ဈာနင်-ကင်းသတည်း။ ။

၁၁။ ။အဝိဇ္ဇပစ္စယာ၊ဝိရိယကင်း၊အားနည်းခြင်း၊မှတ်မင်းဖိုလ်-မထိုက်။
၁၂။ ။အဟိတ်စိတ္တ၊ဟိတ်ကင်းပ၍၊နည်းလှအားအင်၊
ထိုကြောင့်နှင့်၊မြဲပင်-မဂ်မထိုက်။

**၂၇။ ။တထာ ဝိစိကိစ္ဆာစိတ္တေ စေတနာ မဂ္ဂိန္ဒြိယဗလာဘာဝံ နဂစ္ဆတိ။ ။**

ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ရှိသော စေတနာစေတသိက်သည်-မဂ်, ဣန္ဒြေ,ဗိုလ် မထိုက်။ ။ဟူလို။

ဤကား-ပါဌတ္ထ။

**အဓိပ္ပါယ်-အဓိပ္ပါယ်။**

၎င်းဝိစိကိစ္ဆာစိတ်၌ ယှဉ်သော စေတနာ စေတသိက်သည်၊ အဓိမောက္ခနှင့်ကင်းသောကြောင့် စိတ်၏တည်ကြည်ရုံမျှဖြစ်ရကား၊ မိစ္ဆာသမာဓိမဂ်,သမာဓိဣန္ဒြေ, သမာဓိဗိုလ်-ဟု မဆွဲထိုက် မခေါ်ထိုက်။ဥဒ္ဓစ္စ၌ရှိသော စေတနာကား၊ဣန္ဒြေထိုက်သည်မှာ၊အဓိမောက္ခရှိသောကြောင့်။ ။ဟူလို။

**ဆောင်ပုဒ်။**

ဝိစိကိစ္ဆာ ထိုစိတ်မှာဝယ်၊ကင်းကွာဓိမောက်၊ဖြစ်မြောက်တည်ကြည်၊ မဉ္စပြီ၊မှတ်၍ မဂ်-ဣန္ဒြေ-ဗိုလ်ကင်းသတည်း။

**၂၈။ ။ဒွိဟေတုကတိဟေတုကဇဝနေ သွေဝ ယထာသမ္ဘဝံ အဓိပတိ ကောဝ လဗ္ဘတိ။ ။**

သင်္ဂြိုဟ်ပါဠိ။

ဒွိဟိတ်ဇော ၁၈-ခု၊တိဟိတ်ဇော ၃၄-ခုတို့၌သာလျှင် ဖြစ်သင့်သည့် အားလျော်စွာ၊အဓိပတိကို တခုစီတခုစီသာလျှင် ရအပ်၏။ ။ဟူလို။

ဤကား-ပါဌတ္ထ။

**အဓိပ္ပါယ်-အဓိပ္ပါယ်။**

"ဒွိဟေတုက,တိဟေတုက"ဟူသောပါဌ်ဖြင့်၊ ကေဟိတ်စိတ်,အဟိတ်စိတ်တို့၌အဓိပတိမရအပ်ဟူသောအဓိပ္ပါယ်ကိုပြ၏။အကြောင်းသော်ကား၊

ဟိတ်မရှိသဖြင့်ရင်း, ယှဉ်ဘော်ယှဉ်ဘက် ဟိတ်မရှိသဖြင့်ရင်း, အလွန်တရာ တွေဝေသောကြောင့်ရင်းတည်း။ ။"ဇဝနေသွေဝ"ဟူသော ပါဌ်ဖြင့်၊လောကီဝိပါက်စိတ်တို့၌ အဓိပတိမဖြစ်-ဟူသော အဓိပ္ပါယ်ကိုပြ၏။ အကြောင်းသော်ကား၊ လောကီဝိပါက်စိတ်တို့-ဟူသည်၊ ပဋိသန္ဓေစိတ်, ဘဝင်စိတ်များဖြစ်၍၊ အားထုတ်ခြင်းကင်းသော ဝေးသောအကျိုးတရားများဖြစ်သောကြောင့်-အဓိပတိမဖြစ်ချေ။ ။လောကုတ္တရာ ဝိပါက်ကား၊ မဂ်၏ အခြားမဲ့ဖြစ်သော နီးသော အကျိုးတရား ဖြစ်သောကြောင့် မဂ်၏ သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာတရားအရှိန်များ မငြိမ်းမီဖြစ်ရကား၊အဓိပတိဖြစ်၏။ ။"ယထာသမ္ဘဝံ"ဟူသောပါဌ်ဖြင့်၊ဒွိဟိတ်ဇောတို့၌-ဝီမံသာဓိပတိတပါးကိုမရ။ကြွင်းသောအဓိပတိသုံးပါးသာဖြစ်၏။တိဟိတ်ဇောတို့သာအဓိပတိ ၄-ပါးအကုန်ဖြစ်နိုင်၏။ထိုဖြစ်သော အဓိပတိတို့သည်လည်း အမှတ်မဲ့ ဖြစ်သည်မဟုတ်၊ ဆန္ဒကိုအမှူးထား၍ တိုက်တွန်း နှိုးဆော်မှု-အဘိသင်္ခါရဖြစ်ခဲ့သော် ဆန္ဒာဓိပတိသာဖြစ်၏၊ကြွင်းအဓိပတိမဖြစ်။ ဝီရိယကို အမှူးထား၍၊ တိုက်တွန်းနှိုးဆော်မှု-အဘိသင်္ခါရဖြစ်သော်၊ဝီရိယာဓိပတိသာဖြစ်၏။ကြွင်းအဓိပတိမဖြစ်-စသောအဓိပ္ပါယ်ကိုပြ၏။

"ဧကာဝ"ဟူသောပါဌ်ဖြင့်၊-အဓိပတိတို့သည်၊ဟိတ်တို့ကဲ့သို့၊နှစ်ပါး, သုံးပါးတပြိုင်နက်မဖြစ်နိုင်,ဖြစ်ရိုးမရှိ၊ တပါးတည်းသာဖြစ်၏၊ တပါးစီသာဖြစ်၏။ဆန္ဒာဓိပတိဖြစ်သော်၊ကြွင်းသောအဓိပတိသုံးပါးမဖြစ်။ ဝီရိယာဓိပတိဖြစ်သော်။ ကြွင်းသော အဓိပတိသုံးပါးမဖြစ်-ဟူသော အဓိပ္ပါယ်ကို ပြ၏။ ။ထို့ကြောင့်၊ပဋ္ဌာန်းပါဠိတော်၌၊အဓိပတိပစ္စည်းကို ဟေတုပစ္စည်းကဲ့သို့ ပစ္စည်းတရားကိုပေါင်း၍မဟောပါဘဲ၊ တပါးစီထုတ်၍။ ။"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ"။ ။စသည်ဖြင့်၊ဟောတော်မူလေသတည်း။ ။အဓိပ္ပါယ်ဖြောင့်ချက်·····အဓိပတိသည်၊ ဇောဖြစ်သော ဒွိဟိတ်ကုသိုလ်, ကြိယာ၊ တိဟိတ်ကုသိုလ်, ကြိယာနှင့်လောကုတ္တရာဝိပါက်တို့၌သာဖြစ်၍၊ ဧကဟိတ်ဇော,မောဟမူဒွေ, အဟိတ်ဇော, ဟသိတုပ္ပါဒ်, လောကီဝိပါက်ဗာတ္တိံသတို့၌ အချင်းခပ်သိမ်းမဖြစ်။ ။ဟူလို။

## သရုပ်ခွဲ။

၁။ ။ပညာစေတသိက်သည်, ဟိတ်အမည်, မဂ္ဂင်အမည်, ဈာန်အမည်, ဖိုလ်အမည်,အဓိပတိအမည် အားဖြင့်၊ငါးမည်ရ၏။

၂။ ။ဧကဂ္ဂတာစေတသိက်သည်၊ ဧကဂ္ဂတာချာနင်, သမ္မာသမာဓိမဂ္ဂင်,သမာဓိန္ဒြေ,သမာဓိဗိုလ်အားဖြင့်၊ ၄-မည်ရ၏။

၃။ ။ဝီရိယစေတသိက်သည်၊ သမ္မာဝါယာမမဂ္ဂင်,ဝီရိယိန္ဒြေ, ဝီရိယဗိုလ်,ဝီရိယာဓိပတိအားဖြင့်၊၄-မည်ရ၏၊

၄။ ။သတိစေတသိက်သည်၊ သမ္မာသတိမဂ္ဂင်, သတိန္ဒြေ,သတိဗိုလ်အားဖြင့်၊ ၃-မည်ရ၏။

၅။ ။စိတ်သည်၊မနိန္ဒြေ,စိတ္တာဓိပတိ, ဝိညာဏာဟာရ, အားဖြင့်-၃မည်ရ၏။

၆။ ။သဒ္ဓါစေတသိက်သည်၊ သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်,အားဖြင့်၊ နှစ်မည်ရ၏။

၇။ ။ဝိတက်စေတသိက်သည်၊ ဝိတက်ဈာနင်, သမ္မာသင်္ကပ္ပ မဂ္ဂင်, အားဖြင့်၊နှစ်မည်ရ၏။

၈။ ။ဝေဒနာစေတသိက်သည်၊ ဝေဒနာချာနင်, ဝေဒနိန္ဒြေအားဖြင့်၊ နှစ်မည်ရ၏။

၉။ ။လောဘ,ဒေါသ,မောဟ,အလောဘ,အဒေါသ-ဟုဆိုအပ်သော ဟိတ်ငါးပါး၊ ဝိစာရ,ပီတိ-ဟူသောချာနင်တရားနှစ်ပါး၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ, မိစ္ဆာဒိဋ္ဌိ-ဟုဆိုအပ်သော မဂ္ဂင်တရား လေးပါး၊ စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ, ကာယိန္ဒြေ,ဇီဝိတိန္ဒြေ, ပုရိသိန္ဒြေ, ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေ,အားဖြင့်၊ဣန္ဒြေကိုးပါး၊ဟိရိဗိုလ်,ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ်-အားဖြင့်၊ ဗိုလ်လေးပါး၊ ဆန္ဒာဓိပတိအားဖြင့် ဆန္ဒာဓိပတိတရားတပါး၊ကဗဠီကာရအာဟာရ,ဖဿာဟာရ, မနောသဉ္စေတနာဟာရအားဖြင့်၊အာဟာရသုံးပါး၊ ဤသို့အားဖြင့်၊ ဆိုအပ်ခဲ့ပြီးသော အလုံးစုံ ၂၈-ပါးသော တရားတို့သည်၊မိမိတို့ဌာနတခုတည်းကိုယ်စီသာ တပ်ကြကုန်၏။ ။ထိုတရားတို့ကို ပေါင်းလိုက်သည်ရှိသော်၊ နာမ် ၂၇-ပါး၊ စေတသိက်ယှဉ် ၁၆-ပါးဖြစ်၏။ ။ထိုဆိုအပ်ပြီးသည်မှကြွင်းသော စေတသိက် ၂၆-ပါး,ရုပ် ၁၉-ပါး, နိဗ္ဗာန်အားဖြင့်၊ ၄၆-ပါးသော

တရားတို့သည်၊ ဟိတ်,ဈာနင်-စသော အမည်တပါးကိုမျှမရသော တရားတို့မည်ကုန်၏။ ။သည်ကိုရည်၍၊ ငါတို့၏ ကျေးဇူးတော်ရှင် "မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး"သည်၊

"ပညာ,ငါးမည်၊ လေးမည်-ဝီရိ၊ သမာဓိတည်း၊ သတိ,စိတ္တ၊မည်ရသုံးဖြာ၊ဝေဒနာ,နှင့်၊သဒ္ဓါ,ဝိတက်၊နှစ်ချက်မည်ရ၊ပီတိရကာ၊စသည်ကြွင်းရစ်၊နှစ်ဆဲ့ခုစ်မှာ၊တမည်သာတည်း၊ ပေါင်းခါမရချ၊ရုပ်ကကိုးတန်၊နာမ်နှစ်ဆဲ့ခွန်၊ဆတ္တိံ့မှန်၏။ ပိုလွန်ကြွင်းထ၊ ဆဗ္ဗိသ စေ၊ရူပေဆဲ့ကိုး၊ တမျိုးနိဗ္ဗာန်၊ အမှန်လေးဆယ်၊ ခြောက်ခုကယ်မှာ၊ ခေါ်ဘွယ်နာမ၊ မည်မရသည်။ ။ရွေးမှုသံချည် မတိမ်းတည်း"-ဟု မိန့်ဆို၊ဘွဲ့စပ်တော်မူ၏။

---

၂၉။ ။ဆ ဟေတူ ပဉ္စ ဈာနင်္ဂါ၊ မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာ စ၊ ဗလဓမ္မာ နဝေရိတာ။ ။
စတ္တာရော ဓိပတီ ဝုတ္တာ၊ တထာဟာရာတိ သတ္တဓာ။
ကုသလာဒိသမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

ဆိုအပ်ခဲ့ပြီးသော ဟိတ်စသော တရားတို့ကို တရားကိုယ်တွေ့ရာပေါင်း၍၊ စီစစ်လိုက်သည်ရှိသော်၊ ၁-ဟိတ်ကား ၆-ပါး။ ၂-ဈာနင်ကား ၅-ပါး။ ၃-မဂ္ဂင်ကား ကိုးပါး၊ ၄-ဣန္ဒြေကား ၁၆-ပါး။ ၅-ဗိုလ်ကား ၉-ပါး။ ၆-အဓိပတိကား ၄-ပါး။ ၇-အာဟာရကား ၄-ပါးသာဖြစ်၏၊ ဤသို့ ကုသိုလ်,အကုသိုလ်စသော တရားတို့ကို ရောပြွမ်း၍ သင်္ဂြိုဟ်ဘွင့်ပြသော မိဿကသင်္ဂဟ၌ ၇-ပါးအပြားအားဖြင့် ငါသည် မိန့်ဆိုအပ်၏။ ။ဟူလို။ (အဓိပ္ပါယ်ပေါ်လွင်ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

မိဿကသင်္ဂဟအဘွင့်ပြီးပြီ။

## ဗောဓိပက္ခိယသင်္ဂဟ-အဘွင့်။

၃၀။ ။ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ-ကာယာနုပဿနာသတိပဋ္ဌာနံ,ဝေဒနာနုပဿနာသတိပဋ္ဌာနံ, စိတ္တာနုပဿနာသတိပဋ္ဌာနံ, ဓမ္မာနုပဿနာသတိပဋ္ဌာနံ။ ။

သင်္ဂြိုဟ်ပါဠိ။

ဗောဓိပက္ခိယသင်္ဂဟ၌၊ သတိပဋ္ဌာန်တို့သည်၊ ၁-ကာယာနုပဿနာ သတိပဋ္ဌာန်၊ ၂-ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ ၃-စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ၄-ဓမ္မာနုပဿနာသတိပဋ္ဌာန်-ဟူ၍ လေးပါးအပြားရှိကုန်သည်။ ။ ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

## ဗောဓိပက္ခိယ-အဓိပ္ပါယ်။

စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ။
ဗောဓိယာ ပက္ခော ဗောဓိပက္ခော။
ဗောဓိပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ။

ယောအရိယမဂ္ဂေါ၊သည်။ စတ္တာရိ သစ္စာနိ၊သစ္စာလေးပါးတို့ကို။ ဗုဇ္ဈတိ၊သိတတ်၏။ဣတိ၊ကြောင့်။ သော အရိယမဂ္ဂေါ၊သည်။ ဗောဓိ၊ဗောဓိ-မည်၏၊ ။ဗောဓိယာ၊ သစ္စာလေးပါးကို သိတတ်သော အရိယမဂ်၏။ ပက္ခော၊ အပင်းအသင်းတည်း။ ဗောဓိပက္ခော၊ သစ္စာလေးပါး တရားကို သိသော အရိယမဂ်၏ အပင်းအသင်း။ ။ဗောဓိပက္ခေ၊ အရိယမဂ်၏ အပင်းအသင်း၌။ဘဝါ၊ဖြစ်ကုန်သော သတိပဋ္ဌာန်စသော တရားတို့တည်း။ ဣတိ၊ကြောင့်။ဗောဓိပက္ခိယာ၊ဗောဓိပက္ခိယ-မည်ကုန်၏။

အဓိပ္ပါယ်ကား....သစ္စာလေးပါး တရားကို သိတတ် သောကြောင့် ဗောဓိမည်သော အရိယမဂ်ဉာဏ်၏ အပင်းအသင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်-ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, တရားတို့သည်၊ ဗောဓိပက္ခိယ-တရားမည်ကုန်၏။ ။အရိယမဂ်ဉာဏ်တို့ကို ရခြင်း၏ အကြောင်းတရားတို့သည်၊ဗောဓိပက္ခိယမည်ကုန်၏-ဟုဆိုလိုသည်။

---

## သတိပဋ္ဌာန်-အဓိပ္ပါယ်။

ပရိသိတ္တွာ ဌာတိ-ပဝတ္တတီတိ ပဋ္ဌာနံ။
သတိယေဝ ပဋ္ဌာနန္တိ သတိပဋ္ဌာနံ။

ပရိသိတ္တွာ၊အာရုံသို့သက်ဝင်၍။ ဌာတိ-ပဝတ္တတိ၊ တည်တတ်, ဖြစ်တတ်၏။ဣတိ၊ကြောင့်။ပဋ္ဌာနံ၊ပဋ္ဌာန်-မည်၏။ ။သတိယေဝ၊သတိ-သည်ပင်လျှင်။ ပဋ္ဌာနံ၊ ကာယစသော အာရုံ၌ သက်ဝင်၍ လွန်စွာတည်တတ်, ဖြစ်တတ်သည်တည်း။ ဣတိ၊ကြောင့်။သတိပဋ္ဌာနံ၊ သတိပဋ္ဌာန်မည်၏။

အဓိပ္ပါယ်ကား....အခြားတပါး၊များစွာသောအာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍၊ ကိုယ်စသော ကမ္မဋ္ဌာန်းအာရုံ၌သာလျှင်၊ အစဉ်ဝင်လျက်၊ တည်တန့်စွာ ဖြစ်တတ်သော မဟာကုသိုလ်, မဟာကြိယာ-အပ္ပနာဇော၊၅၂ ၄၂-ပါးတို့၌ရှိသော၊ ဝါ-လောကုတ္တရာစိတ် ၈-ချ၌ရှိသော သတိစေတသိက်သည်-သတိပဋ္ဌာန်မည်၏။ ။ဟူလို။

## ဝိသုဒ္ဓိရုံရစနာ-ဂါထာ။

သတိယေဝ ပရိသိတ္တွာ၊ဂဟာဏာ အသုဘာဒိနံ၊
ဌာတိ ကာယာဒိအာလမ္ဗေ၊သတိပဋ္ဌာနမုစ္စတေ။ ။

သတိယေဝ၊သတိစေတသိက်သည်သာလျှင်။ အသုဘာဒိနံ၊အသုဘ-စသည်တို့ကို။ဂဟာဏာ၊ယူလျက်။ဝါ၊ယူသဖြင့်။ပရိသိတ္တွာ၊ဝင်၍။ကာယာဒိအာလမ္ဗေ၊ကာယစသောအာရုံ၌။ ဌာတိ၊တည်တတ်၏။တသ္မာ၊ကြောင့်။သတိပဋ္ဌာနံ၊ဟူ၍။ဥစ္စတေ၊ဆိုအပ်၏။

---

## သတိပဋ္ဌာန်လေးပါး-အဓိပ္ပါယ်။

၁။ ။ကာယေ အနုပဿနာ ကာယာနုပဿနာ။

ကာယေ၊ ရူပကာယ၌။ ဝါ၊ ကိုယ်ကို။ အနုပဿနာ၊ အဘန်တန်ရှုဆင်ခြင်ခြင်းသည်။ ကာယာနုပဿနာ၊ ကာယာနုပဿနာ-မည်၏။

အဓိပ္ပါယ်ကား....ဤ၌ ကာယ၏အရ၊သုံးဆယ်နှစ်ကောဋ္ဌာသရုပ်အစုဖြစ်သော ရူပကာယ,ထွက်သက်ဝင်သက်အပေါင်းဖြစ်သော အဿာသ၊ပဿာသကာယ-နှစ်ပါးကိုယူအပ်၏။ ။ထိုကာယ-နှစ်ပါးကို၊ ဆံပင်,မွေးညှင်း, ခြေသည်း, လက်သည်း,သွား,အရေ-စသော ကောဋ္ဌာသသည်ကား

မကောင်းသော အနံ့ရှိ၏၊ စက်ဆုပ်ရွံရှာဘွယ်ရှိ၏။ ဤသို့အစရှိသော အသုဘအခြင်းအရာ ပရိကံ၏ အစွမ်းအားဖြင့်ရင်း, အနိစ္စ-စသောဝိပဿနာ၏အစွမ်းအားဖြင့်ရင်း, အဘန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်း သတိသည်-ကာယာနုပဿနာသတိပဋ္ဌာန်မည်၏။ ။ဟူလို။

ဝေဒနာသု အနုပဿနာ ဝေဒနာနုပဿနာ။

ဝေဒနာသု၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ ဖြစ်ကုန်သော ဝေဒနာတို့၌။ဝါ။တို့ကို။အနုပဿနာ၊အဘန်တလဲလဲ ရှုဆင်ခြင်ခြင်းသည်။ ဝေဒနာနုပဿနာ၊ဝေဒနာနုပဿနာ-မည်၏။

အဓိပ္ပါယ်ကား... ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ-ဟု ဆိုအပ်သော ဧကန္တဒုက္ခဖြစ်သော ဒုက္ခဒုက္ခ, သုခိန္ဒြေ, သောမနဿိန္ဒြေ-ဟု ဆိုအပ်သော ဘောက်ပြန်ခြင်းကြောင့်သာ ဒုက္ခမည်သောဝိပရိဏာမဒုက္ခ,ဥပေက္ခိန္ဒြေ-ဟုဆိုအပ်သော သင်္ခါရဒုက္ခစသော ဝေဒနာတို့၌။ ဝေဒနာဟုရင်း, အနိစ္စစသော အစွမ်းဖြင့်ရင်း,အဘန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်း သတိသည်-ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ ။ဟူလို။

စိတ္တေသု အနုပဿနာ စိတ္တာနုပဿနာ။

စိတ္တေသု၊စိတ်တို့၌။ ဝါ၊ စိတ်တို့ကို။ အနုပဿနာ၊ အဘန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းသည်။ စိတ္တာနုပဿနာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။

အဓိပ္ပါယ်ကား....ရာဂနှင့်တကွဖြစ်သောစိတ်-မဟဂ္ဂုတ်စိတ်စသော သမ္ပယုတ်အားဖြင့်ရင်း, ကာမစိတ်-ရူပစိတ်-စသော ဘုံအားဖြင့်ရင်း, ပြားသော များစွာသော စိတ်တို့၌၊ထိုထိုဖြစ်ပေါ်လာသော စိတ်ကိုစိတ်ဟုရင်း, အနိစ္စစသောဝိပဿနာအားဖြင့်ရင်း,အဘန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်းသတိသည်-စိတ္တာနုပဿနာသတိပဋ္ဌာန်မည်၏။ ။ဟူလို။

ဓမ္မေသု အနုပဿနာ ဓမ္မာနုပဿနာ။

ဓမ္မေသု၊သညာ,သင်္ခါရဖြစ်သော ကြွင်းသော စေတသိက်တရားတို့၌။ ဝါ၊တို့ကို။ အနုပဿနာ၊ အဘန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်းသည်။ ဓမ္မာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

အဓိပ္ပါယ်ကား....သညာ, သင်္ခါရဖြစ်သော နီဝရဏစသော တရားတို့ကို၊ ထိုထိုသော ဓမ္မဟုရင်း, အနိစ္စစသော ဝိပဿနာအားဖြင့်ရင်း,

အာဘန်တလဲလဲ ရှုဆင်ခြင်ခြင်း သတိတရားသည်-ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။ ။ဟူလို။

---

## လေးပါးပြားရကြောင်း-အဓိပ္ပါယ်။

ဤသို့ သတိပဋ္ဌာန်-ဟူသည်၊သတိစေတသိက်ဘပါးတည်း ဖြစ်လျက်၊ အာဘယ်ကြောင့်-ကာယာနုပဿနာ စသော အားဖြင့် လေးပါးပြားပါသနည်းဟူမူ။ ။သတိတပါးတည်းပင်ဖြစ်သော်လည်း၊ယူသောကိစ္စ,ပယ်သောကိစ္စ,အားဖြင့် အာရုံပြားသောကြောင့်၊ လေးပါးပြားရ၏။ ။ကိစ္စပြားဟန်ကား… ကာယ၌ အသုဘအခြင်းအရာ, ဝေဒနာ၌ဒုက္ခ အခြင်းအရာ,စိတ္တ၌အနိစ္စအခြင်းအရာ,ဓမ္မ၌အနတ္တ အခြင်းအရာအားဖြင့်၊ အာရုံကို ဉာဏ်ဖြင့် သိမ်းဆည်းယူငင်သောကြောင့်၊ယူသောကိစ္စလေးပါးပြား၏၊ ။ဤကား ယူသောကိစ္စပြားပုံတည်း။

၁။ ။ဤကာယသည်၊အသုဘ ဟုယူငင် ဉာဏ်ဖြင့်ဆင်ခြင်၍၊ တင့်တယ်၏, မင်္ဂလာရှိ၏, ကြက်သရေရှိ၏-စသည်ဖြင့် ထင်မှား၍ နေသော သုဘသညာဝိပလ္လာသတရားကိုပယ်၏။

၂။ ။ဤခံစားသမျှဝေဒနာကား၊ဒုက္ခ-ဟုယူငင်,ဉာဏ်ဖြင့် ဆင်ခြင်၍ ချမ်းသာ၏-ဟု မှတ်မှား၍ နေသော သုခသညာဝိပလ္လာသတရားကိုပယ်၏။

၃။ ။ဖြစ်ပေါ် ဥပါဒ်သမျှသော စိတ်အပေါင်းသည်၊အနိစ္စသာ-ဟုယူငင်,ဉာဏ်ဖြင့်ဆင်ခြင်၍၊ မြဲ၏-ဟုမှတ်မှားသော နိစ္စသညာဝိပလ္လာသကိုပယ်၏။

၄။ ။ငါ,သူတပါး-ဟုစွဲလန်း၍နေသော သက္ကာယ နီဝရဏာဓမ္မစသော တရားအပေါင်းသည်၊ ငါမဟုတ်, သူတပါးမဟုတ်-ဟုယူငင်, ဉာဏ်ဖြင့် ဆင်ခြင်၍၊ငါဟုတ်၏,သူတပါးဟုတ်၏,ဇီဝရှိ၏-စသည်ဖြင့် မှတ်မှားသော အတ္တသညာဝိပလ္လာသတရားကိုပယ်၏။ ။ဤသို့ပယ်သော ကိစ္စလေးပါးပြားသတည်း။ ။ဤကား-ပယ်သော ကိစ္စပြားပုံတည်း။ ။(အဓိပ္ပါယ်အကျယ်အလိုရှိပါမူ၊ ဝိဘင်းအဋ္ဌကထာကိုရှုလင့်ကုန်)။

အာရမ္မဏာဘေဒေန ဟိ ဗဟုဓာ ကဘာ သတိယော။ပ။
အနူနာ အနဓိကာတိ ဝေဒိတဗ္ဗာ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၈၇)။

**ဆောင်ပုဒ်၊** ။ကိစ္စအလား၊လေးပါးပြား၊ မှတ်သား-သတိပဋ္ဌာန်။

---

## သမ္မပ္ပဓာန်-အဘွင့်။

၃၁။ ။စတ္တာရော သမ္မပ္ပဓာနာ - ဥပ္ပန္နာနံ ပါပကာနံ။ပ။
ဥပ္ပါဒါယဝါယာမော၊ဥပ္ပန္နာနံ ကုသလာနံ ဘိယျော
ဘာဝါယ ဝါယာမော။ ။သင်္ဂြိုဟ်ပါဠိ။

သမ္မပ္ပဓာန်တရားတို့သည်၊ ၁-ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာလုံ့လပြုခြင်း။ ၂-မဖြစ်ကုန်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း။ ၃-မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း။ ၄-ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အလွန်ပွားများစေခြင်းငှာ လုံ့လပြုခြင်း :- ဤသို့အားဖြင့် လေးပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဋကတ္ထ။

---

## သမ္မပ္ပဓာန်-အဓိပ္ပါယ်။

သမ္မာ ပဒဟန္တိ ဧတေနာတိ သမ္မပ္ပဓာနံ။

ဧတေန၊ ဤဝီရိယဖြင့်။ သမ္မာ၊ကောင်းစွာ။ ပဒဟန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့အားထုတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မပ္ပဓာနံ၊သမ္မပ္ပဓာန်-မည်၏။ ။အဓိပ္ပါယ်ကား... ငါ၏ ကိုယ်၌အရိုး, အရေ, အကြောတို့သာလျှင် ကြွင်းကုန်ပစေ, အသား-အသွေး-တို့သည် ခြောက်ခန်းသော်လည်း ခြောက်ခန်းကုန်ပစေ, အကြင်အကျိုးထူး-တရားထူးသို့ ယောကျ်ားတို့၏ လုံ့လဖြင့် ရောက်အပ်-ရအပ်၏။ ထိုအကျိုးထူးတရားထူးကိုမရောက်ရ-မရသေးသမျှ ကာလပတ်လုံးငါမနေ,ဝီရိယကိုငါမလျှော့,သုတ်နှစ်ခြင်းကို ငါမပြု၊ရှေးသို့သာလျှင် တိုးတက်၍ အားထုတ်အံ့

ဟူ၍၊မဆုတ်မနစ်သော ဆိုအပ်ပြီးသော ၄၂-ပါးသော စိတ်တို့၌ရှိသော၊ ဝါ။လောကုတ္တရာစိတ် ၈-ချ၌ရှိသော ဝိရိယစေတသိက်သည်-သမ္မပ္ပဓာန် မည်၏။ ။ဟူလို။

**ဆောင်ပုဒ်-ဂါထာ။**

အသုဘာဒိမနက္ကာရ၊ကမ္မဋ္ဌာနာနုယုဉ္ဇနာ။
သမ္မာ ပဒဟတေ္တ၂တေန၊သမ္မပ္ပဓာနမုစ္စတေ။ ။

ဧတေန၊ ဤဝိရိယဖြင့်။ အသုဘာဒိမနက္ကာရ ကမ္မဋ္ဌာနာနုယုဉ္ဇနာ၊ အသုဘ-စသည်ကို နှလုံးပြုခြင်းဟူသော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်းအားဖြင့်။ သမ္မာ၊မဘောက်မပြန် ဖြောင့်မှန်စွာ။ပဒဟန္တိ၊ အားထုတ်ကုန်၏။ဣတိ၊ကြောင့်။သမ္မပ္ပဓာနံ၊ဟူ၍။ဥစ္စတေ၊၏၊

---

**လေးပါးပြားရသောအကြောင်း။**

သမ္မပ္ပဓာန်ဟူသည်၊ ဝိရိယ စေတသိက် တပါးတည်း ဖြစ်ပါလျက်၊ အဘယ့်ကြောင့် လေးပါး ပြားရပါသနည်း-ဟူမူ၊ ။ဖြစ်ကုန်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်းကိစ္စ, မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်းကိစ္စ, မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်းကိစ္စ, ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာပွားများစေခြင်းငှာ လုံ့လပြုခြင်း ကိစ္စ-ဟု ကိစ္စလေးပါးပြားသောကြောင့်-သမ္မပ္ပဓာန်တရားလေးပါး ပြားရပေသတည်း။

"ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော"၌ ဖြစ်ပြီးသောအကုသိုလ် တရားတို့သည်၊ ချုပ်လေပြီး, ဆုံးလေပြီးဖြစ်သောကြောင့် ပယ်ခြင်းငှာ လုံ့လမပြုနိုင်သည်မဟုတ်ပါလော-ဟူမူ။ ။ဖြစ်ပြီး,ချုပ်ပြီးသော အကုသိုလ်ကိုကား မပယ်နိုင်သည်မှန်၏။ သို့သော်၊ဖြစ်ပြီးသော အကုသိုလ်ကို အာရုံပြု၍ အာသေဝနပစ္စည်းတရားကို ပွားစေသောအားဖြင့် ဖြစ်ပြီးသော အကုသိုလ်နှင့်တူစွာ၊ တဘန်ဖြစ်ပေါ်လာသော အနာဂတ်အကုသိုလ်ကို ပယ်ခြင်းငှာ လုံ့လပြုကောင်းသည်။

ယင်းသို့ဖြစ်လျှင်၊ထိုအနာဂတ်အကုသိုလ်သည် "အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယဝါယာမော"အရ၌၊ဝင်ကောင်းသည်မဟုတ်ပါလော-ဟူမူ။ ။

မဝင်သင့်။ အနာဂတ် အကုသိုလ်သည်၊ ဖြစ်ပြီးသော အကုသိုလ်နှင့် တူသောအနာဂတ်အကုသိုလ်၊မတူသောအနာဂတ်အကုသိုလ်-ဟုနှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတို့တွင်၊ဖြစ်ပြီးသောအကုသိုလ်ကို အာရုံပြု၍၊ထိုဖြစ်ပြီးသောအကုသိုလ်နှင့်တူစွာ၊တဘန်ဖြစ်လာသော အကုသိုလ်သည်၊ ဖြစ်ပြီးသော အကုသိုလ်နှင့် တူသော အနာဂတ် အကုသိုလ်မည်၏။ ယင်း အကုသိုလ်ကို "ဥပ္ပန္နာနံ"အရ ယူအပ်ယူသင့်၏။ ။ဖြစ်ပြီးသော အကုသိုလ်ကိုအာရုံမပြုဘဲ၊အသစ်ဘခြားဖြစ်လာသော အကုသိုလ်သည်-မတူသော အနာဂတ်အကုသိုလ်မည်၏။ ၎င်းအကုသိုလ်ကို"အနုပ္ပန္နာနံ"အရ ယူအပ်၏-ဟုမှတ်။

## ဆောင်ပုဒ်။

က။ ။ကိစ္စအရ၊ပြားကုန်ကြ၊မှတ်ပ-သမ္မပ္ပဓာန်။
ခ။ ။နာဂတ်အကု၊ပယ်လိုမှု၊မိန့်ပြု-ဥပ္ပန္နာ။

---

## ဣဒ္ဓိပါဒ်-အခွင့်။

၃၂။ ။စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ, ဝီရိယိဒ္ဓိပါဒေါ, စိတ္တိဒ္ဓိပါဒေါ,ဝီမံသိဒ္ဓိပါဒေါ။ ။သင်္ဂြိုဟ်ပါဠိ။

ဣဒ္ဓိပါဒ်တို့သည်၊ ၁-ဆန္ဒဣဒ္ဓိပါဒ်၊ ၂-ဝီရိယဣဒ္ဓိပါဒ်၊ ၃-စိတ္တ ဣဒ္ဓိပါဒ်၊ ၄ ဝီမံသဣဒ္ဓိပါဒ်-ဟူ၍လေးပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ဣဒ္ဓိပါဒ်-အဓိပ္ပါယ်။

သဃံ ဣဇ္ဈတိဘိ ဣဒ္ဓိ။

သဃံ၊မိမိသည်။ ဣဇ္ဈတိ၊ပြီးပြည့်စုံတတ်၏။ ဣတိ၊ကြောင့်။ ဣဒ္ဓိ၊ဣဒ္ဓိ-မည်၏။

အဓိပ္ပါယ်ကား....ဆန္ဒ,စိတ္တ-စသော အဓိပတိတရားလေးပါးနှင့်တကွ ဈာန်, မဂ်, ဖိုလ်, အပ္ပနာ စိတ္တုပ္ပါဒ်တရားတို့သည်၊ ပြီးစီး ပြည့်စုံ တတ်သော တရားဖြစ်သောကြောင့် ဣဒ္ဓိမည်၏။ ။ဟူလို။ ။(ဤကား-အဋ္ဌကထာ-အလို)။

ဣဇ္ဈန္တိ သတ္တာ ဧတာယာတိ ဝါ ဣဒ္ဓိ။

ဝါ၊ကား။ ဧတာယ၊ ထိုတရားသဘောဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဣဇ္ဈန္တိ၊ပြီးစီးပြည့်စုံတတ်ကုန်၏၊ ဣတိတသ္မာ၊ထိုသို့ ပြီးစီးပြည့်စုံကြောင်း ဖြစ်သောသတ္တိကြောင့်။ သာဓမ္မဇာတ်၊သည်။ ဣဒ္ဓိ၊ဣဒ္ဓိ-မည်၏။

အဓိပ္ပါယ်ကား....ဆန္ဒ,စိတ္တ-စသောအဓိပတိတရားလေးပါးနှင့် တကွ ဈာန်, မဂ်, ဖိုလ်-အပ္ပနာ စိတ္တုပ္ပါဒ် တရားအပေါင်းသည်၊ သတ္တဝါတို့၏ အလိုဆန္ဒ ပြီးစီးပြည့်စုံခြင်း၏ အကြောင်း ဖြစ်သောကြောင့်- ဣဒ္ဓိမည် ၏၊ ။ဟူလို။ ။(ဤဝိဂြိုဟ်ကား၊မူလဋီကာအလိုတည်း)။

ပဇ္ဇတိ ဧတေနာတိ ပါဒေါ။

ဧတေန၊ ဤတရားဖြင့်။ ပဇ္ဇတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ပါဒေါ၊ပါဒ-မည်၏။

ဣဒ္ဓိ စ သာ ပါဒေါစာတိ ဣဒ္ဓိပါဒေါ၊

ဣဒ္ဓိစ၊ ပြီးစီးပြည့်စုံကြောင်းသည်လည်း။ ဟောတိ၊၏၊ သာ၊ဟူသည်။ ပါဒေါစ၊အဘို့အစုသည်လည်း။ ဟောတိ၊၏။ဣတိ၊ကြောင့်။ဣဒ္ဓိပါဒေါ၊ဣဒ္ဓိ ပါဒ-မည်၏။

အဓိပ္ပါယ်ကား... ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသ-ဟူသော အဓိပတိတရား လေးပါးတို့သည်၊မဟဂ္ဂုတ်,လောကုတ္တရာအပ္ပနာတို့၏ ပြီးစီးပြည့်စုံခြင်း၏ အကြောင်းလည်းဖြစ်, သမ္ပယုတ် နာမ်ခန္ဓာ အဘို့အစုလည်း ဖြစ်သော ကြောင့်-ဣဒ္ဓိပါဒ်မည်၏။ ။ဟူလို၊

ဣဒ္ဓိယာ ပါဒေါတိ ဣဒ္ဓိပါဒေါ၊

ဣဒ္ဓိယာ၊ပြီးစီးပြည့်စုံတတ်သော ဈာန်,မဂ်,ဖိုလ်အပ္ပနာတရား၏။ပါဒေါ၊ ရောက်ကြောင်းအခြေမူလတည်ရာဌာနတည်း။ဣတိ၊ကြောင့်။ ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိပါဒ်-မည်၏။

အဓိပ္ပါယ်ကား....ဈာနဣဒ္ဓိ, မဂ္ဂဣဒ္ဓိ, ဖလဣဒ္ဓိ တရားတို့၏။ ဝါ၊တို့သို့ ရောက်ခြင်း၏အကြောင်းအခြေပါဒဖြစ်ကုန်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ- တရားလေးပါးတို့သည်-ဣဒ္ဓိပါဒ်မည်ကုန်၏။ ။ဟူလို။

မှတ်ချက်။ ။ဇာတိပုဒ်ကို ကဏ္ဍသာဓ်, ကရဏသာဓ် ၂-ချက် ပြုရာ၊ ကရဏသာဓ်အရ-ဇာတိပုဒ်သည်သာ- နောက် ပါဒသဒ္ဒါနှင့် ကရဏသာဓ်ချင်းအရတူ၍၊ တုလျာဓိကရဏသမာသ် တွဲစပ်အပ်၏။ ကဏ္ဍသာဓ် ဇာတိသဒ္ဒါနှင့်ကား၊ နောက် ပါဒသဒ္ဒါသည်၊ ဘိန္နာဓိကရဏဖြစ်သောကြောင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်သာ တွဲစပ်အပ်၏-ဟုမှတ်။ သို့သော်၊ အဋ္ဌကထာဆရာကား၊ ကဏ္ဍသာဓ်-ဇာတိသဒ္ဒါနှင့် ကရဏသာဓ် ပါဒ-သဒ္ဒါကို တုလျာဓိကရဏသမာသ် တွဲစပ်တော် မူ၏။ ။၎င်းကို မူလ ဋီကာဆရာကား။ ။"ပဌမေ နတ္ထေန ဇာတိဝေပါဒေါ ဇာတိပါဒေါတိ နသက္ကာဝတ္တုံ"ဟု ပယ်ရှားတော်မူ၏။ ။(ဂန္ထိရဌာနဖြစ်၍ အားသစ်၍ ကြံတော်မူကြပါကုန်)။

ဇာယတီတိ ဇာတိ။သမိဇ္ဈတိ နိပ္ဖဇ္ဇတီတိ အတ္ထော။ပ။ဇာယန္တိ ဝါ ဧတာယ သတ္တာဇာတိ,ဂုဏ်,ဥက္ကံသဂတာ ဟောန္တီတိပိ ဇာတိ။ ပဌမတ္ထေန ဇာတိ ဧဝ ပါဒေါတိ ဇာတိပါဒေါ။ဇာတိကောဋ္ဌာသောတိ အတ္ထော။

ဝိဘာဝိနီ-အဋ္ဌကထာ။ ။(၂၆၄)။

ဇာတိသဒ္ဒဿ ပဌမော ကဏ္ဍအတ္ထော။ ဒုတိယော ကရဏတ္ထော ဝုတ္တော။ပါဒသဒ္ဒဿေကော ကရဏမေဝ တ္ထောဝုတ္တော။ပ။တသ္မာ ပဌမေနတ္ထေန ဇာတိယာ ပါဒေါ ဇာတိပါဒေါ။ဒုတိယေနတ္ထေန ဇာတိ ဧဝ ပါဒေါ ဇာတိပါဒေါတိ ဧဝံ ယောဇနာ ယုဇ္ဇတိ။

ဝိဘာဝိနီ-မူလဋီကာ။ ။(၁၄၅)။

ယာဝဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ဇာယတိ၊ပြည့်စုံတတ်၏။ ဇာတိ၊ကြောင့်။ သာဝဓမ္မဇာတိ၊သည်။ ဇာတိ၊ဇာတိ-မည်၏။သမိဇ္ဈတိ-နိပ္ဖဇ္ဇတိ၊ ပြည့်စုံတတ်၏။ဇာတိ-အဃံ၊ ဤသည်လျှင်။ အတ္ထော၊ဇာတ-ဓာတ်၏ အနက်တည်း။ ဝါ၊ကား၊ ဧတာယ-ဓမ္မဇာတိယာ၊ဖြင့်။ သတ္တာ၊သတ္တဝါတို့သည်။ ဇာတိ,ဂုဏ်-ဇာတိ,ဂုဏ်-ဥက္ကံသဂတာဟောန္တိ၊ပွားခြင်းသို့ ရောက်ဘတ်ကုန်၏။ ဇာတိပိ၊ထို့ကြောင့်လည်း။သာဝဓမ္မဇာတိ၊သည်။ ဇာတိ၊ဇာတိ-မည်၏။ ပဌမေန၊ သော။ အတ္ထေန၊ဝစနတ္ထဖြင့်။ ဇာတိဧဝ၊ ဇာတိသည်ပင်လျှင်။ ပါဒေါ၊အရ တည်း။ဇာတိပါဒေါ၊ဇာတိအရ။ဇာတိကောဋ္ဌာသော၊ဇာတိအရ။ဇာတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊၏။ ။(ဤကား-ဝိဘာဝိနီအဋ္ဌကထာအနက်တည်း)။

ဣဒ္ဓိသဒ္ဒဿ၊ ဣဒ္ဓိသဒ္ဒါ၏။ ပဌမော၊ ရှေးဦးစွာသော။ ကတ္တုအတ္ထော၊ ကတ္တားအနက်ကို။ ဝုတ္တော၊ အဋ္ဌကထာဆရာမြတ်၊ မိန့်ဆိုအပ်၏။ ဣဒ္ဓိသဒ္ဒဿ၊၏။ ဒုတိယော၊ နှစ်ခုမြောက်ဖြစ်သော။ ကရဏတ္ထော၊ ကရိုဏ်းအနက်ကို။ ဝုတ္တော၊ အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်၏။ ပါဒသဒ္ဒဿ၊၏။ ဧကော၊ တခုသာဖြစ်သော။ ကရဏမေဝတ္ထော၊ ကရိုဏ်းအနက်ကိုသာလျှင်။ ဝုတ္တော၊၏။ပ။ တသ္မာ၊ကြောင့်။ ပဌမေန၊ရှေးဦးစွာသော။ အတ္ထေန၊ ကတ္တားအနက်ဖြင့်။ ဣဒ္ဓိယာ၊ဣဒ္ဓိ၏။ ပါဒေါ၊အကြောင်းတည်း။ ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိ၏အကြောင်း။ ဣဇ္ဈတိ၊ဧဝံ၊ဤသို့။ယောဇနာ၊ယောဇနာခြင်းသည်။ ယုဇ္ဇတိ၊သင့်မြတ်၏။ ဒုတိယေန၊သော။ အတ္ထေန၊ကရိုဏ်းအနက်ဖြင့်။ ဣဒ္ဓိဧဝ၊ ဣဒ္ဓိသည်သာလျှင်။ပါဒေါ၊အဘို့အစုတည်း။ဣဒ္ဓိပါဒေါ၊ဣဒ္ဓိအဘို့အစု။ဣဇ္ဈတိ ဧဝံ၊သို့၊ဝါ၊သော။ယောဇနာ၊သည်။ယုဇ္ဇတိ၊၏။

(ဤကား-ဝိဘင်းမူလဋီကာအနက်တည်း)။

---

## ဣဒ္ဓိ,ဣဒ္ဓိပါဒ-ကောက်ယူပုံ။

တနည်းလည်း....ဈာန်,မဂ်, ဖိုလ် အပ္ပနာစိတ္တုပ္ပါဒ်သည်-ဣဒ္ဓိ မည်၏။ ရှေးအဘို့ဖြစ်သော ဥပစာဝိပဿနာစိတ္တုပ္ပါဒ်သည်၊ ဣဒ္ဓိပါဒမည်၏။ ။ တနည်းလည်း....ပဌမဈာန်သည်၊ ဣဒ္ဓိပါဒမည်၏။ ဒုတိယဈာန်သည်၊ဣဒ္ဓိမည်၏။ လ။ နေဝသညာနာသညာယတနဈာန်သည်-ဣဒ္ဓိပါဒမည်၏။ သောတာပတ္တိမဂ်သည်-ဣဒ္ဓိပါဒမည်၏။ သောတာပတ္တိ ဖိုလ်သည်-ဣဒ္ဓိမည်၏။ သကဒါဂါမိ မဂ်သည်-ဣဒ္ဓိပါဒမည်၏။ သကဒါဂါမိဖိုလ်သည်-ဣဒ္ဓိမည်၏။ အနာဂါမိမဂ်သည်-ဣဒ္ဓိပါဒမည်၏။ အနာဂါမိဖိုလ်သည်-ဣဒ္ဓိမည်၏။ အရဟတ္တမဂ်သည်-ဣဒ္ဓိပါဒမည်၏။အရဟတ္တဖိုလ်သည်-ဣဒ္ဓိမည်၏။

**ဆောင်ပုဒ်-ဂါထာ။**

သယံ ဣဇ္ဈတိ သတ္တာ ဝါ၊ဣဇ္ဈန္တေ တာယ ဣဒ္ဓိ သာ။
သာဝ တဿာ ဝါ ပါဒေါတိ၊ဣဒ္ဓိပါဒေါတိ ဝုစ္စတိ။ ။

သယံ၊မိမိသည်။ ဣဇ္ဈတိ၊ ပြီးပြည့်စုံ၏။ဝါ၊ တနည်းလည်း။တာယ ဓမ္မဇာတိယာ၊ဖြင့်။သတ္တာ၊တို့သည်။ဣဇ္ဈန္တိ၊ ပြည့်စုံပွားမြောက်၊မြင့်မြတ်ခြင်းသို့ရောက်ကုန်၏။သာဓမ္မဇာတိ၊သည်။ဣဒ္ဓိ၊ဣဒ္ဓိ-မည်၏။ သာဝ၊ထိုပြီးပြည့်စုံတတ်, ပြည့်စုံကြောင်းတရားသည်သာလျှင်။ ပါဒေါ၊ အဘို့အစုတည်း။

ဝါ၊တနည်းလည်း တဿာ၊ထိုပြည့်စုံတတ်,ပြည့်စုံကြောင်းတရား၏။ပါဒေါ၊ အခြေမူလ, တည်ရာဌာနတည်း။ ဣတိ၊ ဤနှစ်ပါးသောသတ္တိကြောင့်။ ဣဒ္ဓိပါဒေါတိ၊ဟူ၍။ဝုစ္စတိ၊၏။

(ဤဆိုအပ်ပြီးသောဣဒ္ဓိကား၊ လောကီ, လောကုတ္တရာ ရောနှောသော ဣဒ္ဓိအရ ဣဒ္ဓိပါဒ်တရားတို့တည်း)။

ဋီကာကျော်ဆရာကား၊ဣဒ္ဓိအရကို၊ လောကီအဘိညာဉ်ဣဒ္ဓိကို ယူ၍ "ကတမာ စ ဘိက္ခဝေ ဣဒ္ဓိ"စသော သံယုတ်ပါဠိတော်အရ၊ဥပလက္ခဏာ နည်းအားဖြင့်-ဖွင့်ပြတော်မူ၏။ ။၎င်းကို အောက်ပါဂါထာဖြင့်သိ။

ဣဇ္ဈတေ အဓိဋ္ဌာနာဒိ၊ဧတာယိဒ္ဓိ ဝိဓာယတိ။
ဣဒ္ဓိ,ဣဒ္ဓိယာ ပါဒေါတိ၊ဣဒ္ဓိပါဒေါတိ ဝုစ္စတိ။ ။

ဧတာယ ဣဒ္ဓိဝိဓာယ၊ ဤဣဒ္ဓိဝိဓအဘိညာပညာဖြင့်။ အဓိဋ္ဌာနာဒိ၊ ဆောက်တည်အပ်သောနိမိတ်စသည်သည်။ ဣဇ္ဈတေ၊ ပြည့်စုံ၏။ ဣတိ၊ ကြောင့်။ ဣဒ္ဓိ၊ဣဒ္ဓိ-မည်၏။ ဣဒ္ဓိယာ၊ပြည့်စုံကြောင်းပညာ၏။ပါဒေါ၊ အခြေမူလတည်း။ဣတိ၊ကြောင့်။ဣဒ္ဓိပါဒေါတိ၊ဟူ၍။ဝုစ္စတိ၊၏။

ဣဇ္ဈတိ အဓိဋ္ဌာနာဒိ ဧတာယာတိ ဣဒ္ဓိ။ဣဒ္ဓိယာ ပါဒေါ
ဣဒ္ဓိပါဒေါ။ ။ဆန္ဒောဝ ဣဒ္ဓိပါဒေါ ဆန္ဒိဒ္ဓိပါဒေါ။ ။

ဧတာယ-ဣဒ္ဓိဝိဓအဘိညာယ၊ထိုဣဒ္ဓိဝိဓအဘိညာဉ်ဖြင့်။ အဓိဋ္ဌာနာဒိ ကံ၊ အဓိဋ္ဌာန်ခြင်းစသည်သည်။ ဝါ၊အဓိဋ္ဌာန်အပ်သော သတ,သဟဿ- စသော နိမိတ်ရုပ်၊အထူးထူးအပြားပြားဖန်ဆင်းအပ်သော သဘ်ှိသား၏ အဆင်း,နဂါး၏အဆင်း အစရှိသည်သည်။ ဣဇ္ဈတိ၊ ပြည့်စုံတတ်၏။ဣတိ တသ္မာ၊ ထိုသို့ ပြည့်စုံကြောင်းဖြစ်သော သတ္တိကြောင့်။ သာ၊ ထိုဣဒ္ဓိဝိဓ အဘိညာဉ်သည်၊ဣဒ္ဓိ၊ဣဒ္ဓိ-မည်၏။ ။ဤအလို ဣဒ္ဓိဝိဓအဘိညာဉ်သည်- ဣဒ္ဓိမည်၏။ ။ဣဒ္ဓိယာ၊ဣဒ္ဓိဝိဓအဘိညာဉ်၏။ပါဒေါ၊အခြေတည်း။ ဣဒ္ဓိပါဒေါ၊ဣဒ္ဓိဝိဓအဘိညာဉ်၏အခြေ။ ၊ဆန္ဒောဝ၊ဆန္ဒသည်ပင်လျှင်။ ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိဝိဓအဘိညာဉ်၏ အခြေတည်း။ ဆန္ဒိဒ္ဓိပါဒေါ၊ဆန္ဒသည်သာလျှင် ဣဒ္ဓိဝိဓအဘိညာဉ်၏အခြေ။

အဓိပ္ပါယ်ကား။ ။"ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ"အရကောင်းသော သမ္မာဆန္ဒရှိသောငါ့အား အဘယ်မည်သောအမှုသည် မပြီးဘဲ ရှိပါ အံ့နည်း-ဟူသော ပုဗ္ဗာဘိသင်္ခါရ၏အစွမ်းဖြင့် အဓိပတိပစ္စည်းတပ်သော

ဆန္ဒစေတသိက်သည် ဣဒ္ဓိဝိဓအဘိညာဉ်၏ အကြောင်းရင်း အခြေပါဒဖြစ်သောကြောင့်-ဆန္ဒိဒ္ဓိပါဒ်မည်၏။ ။(ကြွင်းသော-ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝိမံသိဒ္ဓိပါဒ် တို့၌လည်း နည်းတူသိ)။ ။ဤကား-ဋီကာကျော် ဆရာ၏ အလိုတည်း။

---

ဤဣဒ္ဓိပါဒ်၏အရကိုသာမညဖြစ်သောအခြားသောကုသိုလ်တရားများကို မကောက်မူ၍၊ဆန္ဒာဓိပတိ-စသောအဓိပတိတရားလေးပါးအတိုင်းသာ အဘယ့်ကြောင့် ကောက်ယူမိန့်ဆိုရပါသနည်း-ဟူမူ။ ။ဥတ္တရိ မနုဿဓမ္မမည်သော မဟဂ္ဂုတ်, လောကုတ္တရာတရားတို့သည် ပကတိ သာမညဖြစ်သောဆန္ဒ,ဝီရိယ,စိတ္တ,ပညာ,တို့ဖြင့် ရထိုက်,ရောက်ထိုက်သော တရားမျိုးမဟုတ်ကြလေကုန်။ အမှတ်မရှိ တရံတခသော ပလိဗောဓ-အနှောင့်အရှက်တို့ဖြင့်မနှောင့်ရှက်နိုင်သော-လွန်ကဲသောဆန္ဒ,လွန်ကဲသောဝီရိယ, စသည်ဖြင့်သာ ရထိုက်-ရောက်ထိုက်သောကြောင့် ဆန္ဒစသော အဓိပတိထိုက်သော တရားလေးပါးတို့သည်သာ-ဣဒ္ဓိပါဒ်မည်ကုန်သတည်း။

**ဆောင်ပုဒ်။**

လွန်ကဲတရား၊လွန်သောအားမှ၊ရောက်နိုင်ကြ၊မိန့်ဟ-ဓိပတိ။

---

**ဣန္ဒြေငါးပါး-အဖွင့်။**

၃၃။ ။**ပဉ္စိန္ဒြိယာနိ- သဒ္ဓိန္ဒြိယံ,ဝီရိယိန္ဒြိယံ,သတိန္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ။** ။သင်္ဂြိုဟ်ပါဠိ။

ဣန္ဒြေတို့သည်၊၁-သဒ္ဓိန္ဒြေ၊ ၂-ဝီရိယိန္ဒြေ၊၃-သတိန္ဒြေ၊ ၄-သမာဓိန္ဒြေ၊ ၅-ပညိန္ဒြေ-ဟူ၍၊ ငါးပါးအပြားရှိကုန်၏။ ။ဟူလို၊ ။ဤကား-ပိဏ္ဍတ္ထ။

**ဣန္ဒြေငါးပါး-သရုပ်။**

၁။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်ရှိသော သဒ္ဓါစေတသိက်သည်-သဒ္ဓိန္ဒြေမည်၏။

၂။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်ရှိသော ဝီရိယစေတသိက်သည်-ဝီရိယိန္ဒြေမည်၏။

၃။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်ရှိသော သတိစေတသိက်သည်-သတိန္ဒြေမည်၏။

၄။ ။လောကုတ္တရာစိတ် ၅စ်ချဉ် ရှိသော၊ ဝါ-ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်ရှိသော ဧကဂ္ဂတာစေတသိက်သည်-သမာဓိန္ဒြေမည်၏။

၅။ ။လောကုတ္တရာစိတ်၅စ်ချဉ်ရှိသော၊ဝါ-ဆိုအပ်ပြီးသော စိတ်-၄၂ ချဉ်ရှိသော အမောဟစေတသိက်သည်-ပညိန္ဒြေမည်၏၊ ။(ဝိပြိုဟ်ဝစနတ် စသည်ကို အောက်ကဆိုခဲ့ပြီ)။

---

## ဗိုလ်ငါးပါး-အသွင်။

၃၄။ ။ပဉ္စဗလာနိ-သဒ္ဓါဗလံ, ဝီရိယဗလံ, သတိဗလံ, သမာဓိဗလံ, ပညာဗလံ။ ။သဂြိုဟ်ပါဠိ။

ဗိုလ်တို့သည်၊ ၁-သဒ္ဓါဗိုလ်၊ ၂-ဝီရိယဗိုလ်၊ ၃-သတိဗိုလ်၊ ၄-သမာဓိ ဗိုလ်၊၅-ပညာဗိုလ်-ဟူ၍၊ ငါးပါးအပြားရှိကုန်၏။ ။ဤကား-ပိဏ္ဍတ္ထ။

## ဗိုလ်ငါးပါးသရုပ်။

၁။ ။လောကုတ္တရာစိတ်၅စ်ချဉ်ရှိသော၊ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်ရှိသော သဒ္ဓါစေတသိက်သည်-သဒ္ဓါဗိုလ်မည်၏။

၂။ ။လောကုတ္တရာစိတ်၅စ်ချဉ် ရှိသော၊ ဝါ-ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်ရှိသော ဝီရိယစေတသိက်သည်-ဝီရိယဗိုလ်မည်၏။

၃။ ။လောကုတ္တရာစိတ် ၅စ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်ရှိသော သတိစေတသိက်သည်-သတိဗိုလ်မည်၏။

၄။ ။လောကုတ္တရာစိတ် ၅စ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်ရှိသော ဧကဂ္ဂတာစေတသိက်သည်-သမာဓိဗိုလ်မည်၏။

၅။ ။လောကုတ္တရာစိတ် ၅စ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်ရှိသော အမောဟစေတသိက်သည်-ပညာဗိုလ်မည်၏၊

---

## ဣန္ဒြေနှင့်-ဗိုလ်အထူး။

စိတ်ကို အစိုးတရ ပိုင်နိုင်သောကြောင့်-ဣန္ဒြေမည်၏။ ။တစုံတရ သောတရားဖြင့် မလှုပ်မရှားနိုင်,ခန့်ခိုင်သောကြောင့်-ဗိုလ်မည်၏။

ယင်းစကားထင်ရှားစေအံ့....ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်း စသော သောတာပတ္တိယင်္ဂတရားလေးပါးတို့၌သဒ္ဓါတရားရှိပါမှ ၎င်းတရား လေးပါးနှင့်ပြည့်စုံနိုင်၏။ သဒ္ဓါတရားသည်၊ လွန်စွာအားရှိသောကြောင့်

ဖိုလ်မည်၏။ အသဒ္ဓိယစသော ဆန့်ကျင်ဘက် တရားတို့ဖြင့် တုန်လှုပ် ချောက်ချား, ပျက်ပြားခြင်းမရှိ၊ စိတ်ကိုပိုင်ပိုင်နိုင်နိုင် အစိုးရသောကြောင့်- ဗုလ္ဗြေလည်းမည်၏။

၂။ ။သမ္မပ္ပဓာန်အရာ၌၊ ဝိရိယတရားသည် လွန်စွာအားရှိ၍ ဖိုလ်မည်၏။ စိတ်ကိုပိုင်ပိုင်နိုင်နိုင် အစိုးရသောကြောင့်-ဗုလ္ဗြေလည်းမည်၏။

၃။ ။သတိပဋ္ဌာန်အရာ၌၊ သတိတရားသည် လွန်စွာအားရှိသောကြောင့်-ဖိုလ်မည်၏။ စိတ်ကိုပိုင်ပိုင်နိုင်နိုင် အစိုးရသောကြောင့်- ဗုလ္ဗြေလည်းမည်၏။

၄။ ။ဈာန်လေးပါးလေးပါးတို့၌ သမာဓိတရားသည် လွန်စွာအားရှိသောကြောင့်-ဖိုလ်မည်၏။ တစုံတရာသော ဆန့်ကျင်ဘက် ဖြစ်သော တရားတို့ဖြင့် မလှုပ်ရှားနိုင်၊ စိတ်ကိုပိုင်ပိုင်နိုင်နိုင်ကြီး အစိုးရသောကြောင့်-ဗုလ္ဗြေသည်းမည်၏။

၅။ ။သစ္စာလေးပါးအရာတို့၌ ပညာသည်လွန်စွာအားရှိသောကြောင့် ဖိုလ်မည်၏။ စိတ်ကိုပိုင်ပိုင်နိုင်နိုင်အစိုးရသောကြောင့်-ဗုလ္ဗြေလည်းမည်၏။

*ဤသို့တရားကိုယ်တပါးတည်းပင် ဖြစ်လင့်ကစား၊ သတ္တိဂုဏ် ပြားသောကြောင့်-ဖိုလ်,ဗုလ္ဗြေ ၂-ပါးပြားရလေသတည်း။

**ဆောင်ပုဒ်။**

တရားတပါး၊ ဖြစ်ကစားလည်း၊ အားစွမ်းသတ္တိ၊
စိုးရသည့် ဂုဏ်၊ ပြားလင့်တုံ၊ မည်ကုန်ဖိုလ်-ဗုလ္ဗြေ။

---

**ဗောဇ္ဈင်-အဘွင့်။**

**၃၉။ ။သတ္တဗောဇ္ဈင်္ဂါ-သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။** ။သင်္ဂြိုဟ်ပါဠိ။

ဗောဇ္ဈင်တရားတို့သည်၊ ၁-သတိသမ္ဗောဇ္ဈင်၊ ၂-ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၃-ဝိရိယ သမ္ဗောဇ္ဈင်၊ ၄-ပီတိ သမ္ဗောဇ္ဈင်၊ ၅-ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ ၆-သမာဓိ သမ္ဗောဇ္ဈင်၊ ၇-ဥပေက္ခာသမ္ဗောဇ္ဈင်-ဟူ၍၊ ၇-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ဗောဇ္ဈင် ၇-ပါး-သရုပ်။

၁။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသောကမ္မဋ္ဌာန်းအာရုံ၌ပမာဒတရားကိုဖျက်ဆီး၍၊မမေ့မလျော့သော အပ္ပမာဒတရားကို ပြည့်စုံစေတတ်သော သတိစေတသိက်သည်- သတိသမ္ဗောဇ္ဈင်မည်၏။

၂။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ကမ္မဋ္ဌာန်း၏ အာရုံဖြစ်သော သင်္ခါရတရားတို့၌ အနိစ္စတာစသော အထူးထူးသောအခြင်းအရာအားဖြင့် စူးစမ်းဆင်ခြင်တတ်သော အမောဟစေတသိက်သည်-ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။

၃။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသောသမ္မပ္ပဓာန်အာရုံတို့၌ ဘာဝနာကိစ္စ၏ အစွမ်းဖြင့် ကောင်းစွာကြီးပွါး၍၊အစဉ်အတိုင်းကုသိုလ်တရားတို့၌ တွန့်တိုဆုတ်နစ်ခြင်း ကိလေသာအပေါင်းကို ပယ်ဖျက်တတ်သော ဝီရိယစေတသိက်သည်- ဝီရိယသမ္ဗောဇ္ဈင်မည်၏။

၄။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ဘာဝနာ၏ အာရုံ၌ ကောင်းစွာကြီးပွါး၍၊ကုသိုလ်တရားတို့၌ အလုံးစုံသောစိတ်၏ မမွေ့လျော်မှု, ပျင်းရိမှု တရားတို့ကို ဖျက်ဆီးမှုတ်ထွင့်တတ်သော ပီတိစေတသိက်သည်-ပီတိသမ္ဗောဇ္ဈင်မည်၏၊

၅။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ဘာဝနာ၏အာရုံ၌ ကောင်းစွာကြီးပွါး၍၊အလုံးစုံသောစိတ်၏ ပူပန်မှု, တောင့်တမှု အမျိုးမျိုးကို ပယ်ဖျောက် တတ်သော ပဿဒ္ဓိစေတသိက်သည်-ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏၊

၆။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ဘာဝနာအာရုံ၌ ကောင်းစွာ ကြီးပွါး၍၊ အလုံးစုံသောစိတ်၏ မတည်ကြည်မှု, လှုပ်ရှားမှု, များကို ပယ်ဖျောက်တတ်သော ဧကဂ္ဂတာစေတသိက်သည်-သမာဓိသမ္ဗောဇ္ဈင်မည်၏။

၇။ ။လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော၊ ဝါ-ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ဘာဝနာအာရုံ၌ ကောင်းစွာကြီးပွါး၍၊ စိတ်၏ နှံ့လွန်းခြင်း,

ထက်လွန်းခြင်းကို ပယ်ဖျက်ဘတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည်-ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

## ဗောဇ္ဈင်-အဓိပ္ပါယ်။

ဗုဇ္ဈတီတိ ဗောဓိ။

ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ ဗုဇ္ဈတိ၊ သစ္စာလေးပါး တို့ကို သိတတ်၏။ ဣတိ၊ကြောင့်။ သော၊ထိုယောဂီပုဂ္ဂိုလ်သည်။ ဗောဓိ၊ဗောဓိ-မည်၏။ ။ဝိပဿနာကမ္မဋ္ဌာန်းကို၊ စီးဖြန်း ပွားများသော ယောဂါဝစရ ပုဂ္ဂိုလ်သည်၊ သစ္စာလေးပါးတရားတို့ကိုမချွတ်သိလတ္တံ့ဖြစ်သောကြောင့်-ဗောဓိမည်၏၊ ။ဟူလို။

ဗုဇ္ဈတိ တာယာတိ ဝါ ဗောဓိ။

ဝါ၊တနည်းကား။ တာယ၊ မွေသာမဂ္ဂိယာ၊ ထိုသတိစသောတရား အပေါင်းဖြင့်။ဗုဇ္ဈတိ၊သစ္စာလေးပါးတရားတို့ကို သိတတ်၏၊ ဝါ၊ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်၏၊ ဝါ၊ မဂ်ဖိုလ်သို့ရောက်သဖြင့် ပွင့်တတ်၏။ဣတိတသ္မာ၊ထိုသို့သိကြောင်းစသော သဘ္ဘိကြောင့်။သာ မ္မေ ဓာတိ၊သည်၊ ဗောဓိ၊ဗောဓိ-မည်၏။ ။အဓိပ္ပါယ်ကား ... ညီညွတ်သော အပေါင်းဖြစ်သောသတိစသောတရား ၇-ပါးသည်၊ သစ္စာလေးပါးကိုသိရခြင်း၏အကြောင်းဖြစ်သောကြောင့်-ဗောဓိမည်၏၊ ။ဟူလို။

ဗောဓိဿ အင်္ဂါတိ ဗောဇ္ဈင်္ဂါ။
ဗောဓိယာ အင်္ဂါတိ ဝါ ဗောဇ္ဈင်္ဂါ။

ဗောဓိဿ၊ဗောဓိမည်သောယောဂီပုဂ္ဂိုလ်၏။အင်္ဂါ၊ပကတ္ခပနိဿယ ဖြစ်သော အကြောင်းတို့တည်း။ ဣတိ၊ကြောင့်။ ဗောဇ္ဈင်္ဂါ၊ဗောဇ္ဈင် မည်ကုန်၏။ ဝါ၊တနည်းကား....ဗောဓိယာ၊ဗောဓိသညီ၊သာမဂ္ဂီ၏။အင်္ဂါ၊ပကတူပနိဿယ ဖြစ်သော အကြောင်းတို့တည်း။ဣတိ၊ ကြောင့်။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်မည်ကုန်၏။ ။အဓိပ္ပါယ်ကား ...သစ္စာလေးပါးကို သိရခြင်း၏ အကြောင်းရင်း ဖြစ်သော အစိတ် အစိတ်သော သတိစသော တရားတို့သည်-ဗောဇ္ဈင်မည်ကုန်၏။ ။ဟူလို။

## အင်္ဂသဒ္ဒါ၏-အဓိပ္ပါယ်။

ဤဗောဇ္ဈင် ပုဒ်၌၊အင်-သဒ္ဒါသည်၊အကြောင်းဟူသော်အနက်, အစိတ်အစိတ်ဟူသော အနက် ၂-ပါးကိုဟော၏။ ဗောဓိ၏အရ-ယောဂီပုဂ္ဂိုလ်, ဓမ္မသာမဂ္ဂီ ၂-ပါးကို ကောက်ယူသဖြင့်၊ ယောဂီပုဂ္ဂိုလ်ကိုကောက်ယူပါမူ၊အင်၏အရ ပစ္စယဋ္ဌ-အကြောင်းဟူသော အနက်သည် ဖြစ်သင့်၏။ ဆိုလိုရင်းကား....သတိစသောတရား ၇-ပါးတို့သည်၊ ယောဂီပုဂ္ဂိုလ်၏ အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ် ရရှိရန် အကြောင်း တရားများ ဖြစ်သော ကြောင့်-အင်မည်ကုန်၏။ ။ဟူလို၊

ဗောဓိ၏အရ၊ ညီညွတ်သော တရားအပေါင်း ဖြစ်သော ဓမ္မသာမဂ္ဂီကို ယူငြားအံ့။ အင်၏အရ ပကတူပနိဿယ ဖြစ်သော အကြောင်း ပစ္စယကိုဖွင့်,သဟဇာတဖြစ်သောအစိတ်အဝယဝကိုဖွင့်,ယူအပ်၏။ ။ အဓိပ္ပါယ်ကား....မဂ်၏ရှေးခဏတို့၌ ဖြစ်ကုန်သော သတိစသော တရားတို့သည်၊မဂ်ခဏ၌ဖြစ်သောသတိစသောဓမ္မသာမဂ္ဂီ၏ ပကတူပနိဿယ အကြောင်း ဖြစ်သောကြောင့်-အင်မည်ကုန်၏၊ ၎င်းမဂ်ခဏ၌ ဖြစ်ပေါ် လာသော သတိစသောဓမ္မသာမဂ္ဂီတရားအပေါင်းသည်လည်း၊ အစိတ်နှင့် မကင်းကောင်းသဖြင့် သတိစသောတရားတို့သည်၊အပေါင်းဖြစ်သော ဓမ္မ သာမဂ္ဂီဖြစ်သော ဗောဇ္ဈင် ၇-ပါးတို့၏ အစိတ် ဖြစ်သောကြောင့်-အင်-မည်ကုန်၏၊ ။ဟူလို၊

---

## ဆောင်ပုဒ်-ဂါထာ။

အာရဒ္ဓဝိပဿကတော၊ယောဂီ ပဇ္ဈာယ ဗုဇ္ဈနာ၊
ဗောဓိ ဓမ္မသာမဂ္ဂိပိ၊ယာယ သစ္စာနိ ဗုဇ္ဈတိ၊ ။
ဝုဇ္ဈာတိ ဝါ ဗ္ယောသနိဒ္ဒါယ၊တထာ ဝိကာသတီတိ ဝါ။
တဿ တဿာဝါ အင်္ဂါတိ၊ဗောဇ္ဈင်္ဂါ တေန တေ မတာ။ ။

အာရဒ္ဓဝိပဿကတော၊ ဥဒယဗ္ဗယဉာဏ်ကိုရသည်မှ။ ပဇ္ဈာယ၊စ၍။ ဗုဇ္ဈနာ၊သိခြင်းကြောင့်။ ယောဂီ၊ ယောဂီပုဂ္ဂိုလ်သည်။ ဗောဓိ၊ ဗောဓိ-မည်၏။ ဓမ္မသာမဂ္ဂိပိ၊ညီညွတ်သောတရား အပေါင်းသည်လည်း။ ယာယ သစ္စာနိ။ပ။ ဝိကာသတီတိဝစနတ္ထေနဝါ၊ ဝါ-ဟူသော ဝစနတ္ထကြောင့်။

ဗောဓိ၊ဗောဓိ-မည်၏။ယာယ ဓမ္မသာမဂ္ဂိယာ၊ဖြင့်။ ယောဂီ၊ယောဂီသည်။ သစ္စာနိ၊သစ္စာတို့ကို။ဗုဇ္ဈတိ၊သိ၏။ဝါ၊ကား။ ဩသနိဒ္ဒါယ၊ကိလေသာအိပ်ပျော်ခြင်းမှ။ဝုဋ္ဌာတိ၊ထ၏-နိုး၏။ဝါ၊ကား။တထာ၊ထိုနည်းတူပြီ၊ သာမဂ္ဂီဖြင့်၊ယောဂီပုဂ္ဂိုလ်သည်။ ဝိကာသတိ၊ကိလေသာယို၊ မတွန့်တိုပဲ၊မဂ်ဖိုလ်ယူလှမ်း၊ပွင့်လန်းတတ်၏။ ဣတိ-တသ္မာ၊ ထိုသို့သိကြောင်း,နိုးကြောင်း,ပွင့်လန်းကြောင်းသတ္တိကြောင့်။ သာဓမ္မသာမဂ္ဂီဝ၊ သည်လည်း။ဗောဓိ၊မည်၏။ တဿ၊ထိုပုဂ္ဂိုလ်ဗောဓိ၏။အင်္ဂါ၊အကြောင်းတို့တည်း။ ဝါ၊ကား။တဿာ၊ ထိုဗောဓိသည်၊ သာမဂ္ဂီ၏။ အင်္ဂါ၊ အကြောင်းတို့တည်း။ ဝါ၊အစိတ်တို့တည်း။တေန၊ထိုကြောင့်။တေ ဓမ္မာ၊တို့ကို။ဗောဇ္ဈင်္ဂါ၊ဟူ၍။မတာ၊ကုန်၏။

---

## ဗောဇ္ဈင်ဒေသနာ-အစဉ်။

၁။ ။ထိုဗောဇ္ဈင်တရား ၇-ပါးတို့တွင်၊သတိတရားကို အလုံးစုံသော တရားတို့၌ မပါမပြီးသော ဆားနှင့်တူသော သဗ္ဗတ္ထိက တရားမျိုးဖြစ်၍ အလုံးစုံသော ဗောဇ္ဈင်တရားတို့၌ အကျိုးများသောကြောင့် ရှေးဦးထား၍ ဟောတော်မူအပ်၏။

၂။ ။ဤသို့ သတိနှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်အား၊ တေဘုမ္မက သင်္ခါရတရားတို့ကို၊အနိစ္စ,ဒုက္ခ,အနတ္တဟူ၍၊စိစစ်တတ်သော ဝိပဿနာ ဉာဏ် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဖြစ်ပေါ်လာ၏၊ ထိုကြောင့်၊ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ဒုတိယမြောက် ဟောတော်မူအပ်၏။

၃။ ။ထိုထိုထင်လာသော ဝိပဿနာ ကမ္မဋ္ဌာန်းအာရုံ၌၊ အဘန်ဘန် အထပ်ထပ်, မနေမနား ဝီရိယတရား ရှေ့ထားကာ အားထုတ်အပ်သော ကြောင့် ဝီရိယသမ္ဗောဇ္ဈင်ကို တတိယမြောက်ဟောတော်မူအပ်၏။

၄။ ။ထိုသို့ဝီရိယတရားဖြင့် အဘန်ဘန်အထပ်ထပ် အားထုတ်အပ် ၍ ကောင်းစွာထင်မြင်လာသော ကမ္မဋ္ဌာန်းအာရုံသည် ပျင်းရိခြင်း, မငွေ့ လျော်ခြင်း,စသည်ဖြစ်တတ်၍၊၎င်းတရားတို့ကို ပယ်ရှားစိမ့်သော၄ှာ မိမိ ရပြီး, ထင်ပြီးသော ကမ္မဋ္ဌာန်း နိမိတ်အာရုံ၌၊ နှစ်သက် စေခြင်းငှာ ပီတိ သမ္ဗောဇ္ဈင်ကို ပွားများအပ်သောကြောင့်-၎င်းပီတိသမ္ဗောဇ္ဈင်ကို စတုတ္ထ မြောက်ထား၍ ဟောတော်မူအပ်၏။

. ၅။ ။ထိုသို့နှစ်သက်ခြင်း ပီတိကြောင့် ယောဂီပုဂ္ဂိုလ်၏ ကိုယ်စိတ်

နှစ်ပြာတို့၌၊ ကိလေသာတည်းဟူသော ပူပန်ခြင်းမှ ငြိမ်းဧလေရကား၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ငါးကြိမ်မြောက်ထား၍၊ ဟောကြားတော်မူအပ်၏။

၆။ ။ထိုသို့ကိုယ်,စိတ်နှစ်ပြာငြိမ်းခြင်းရှိသော ယောဂီပုဂ္ဂိုလ်အား၊ ထိုထိုသောကမ္မဋ္ဌာန်းအာရုံ၌၊ မတုန်မလှုပ်သက်ဝင်တည်ကြည်ခြင်း သမာဓိသည်ဖြစ်နိုင်၍၊ သမာဓိ သမ္ဗောဇ္ဈင်ကို ခြောက်ကြိမ်မြောက် ထား၍၊ ဟောကြားတော်မူအပ်၏။

၇။ ။ထိုသို့ ကမ္မဋ္ဌာန်းအာရုံ၌ တည်ကြည်သော ယောဂီပုဂ္ဂိုလ်အား ခြောက်ပါးသော ဗောဇ္ဈင်တရားတို့၌ မယုတ် မလွန်ခြင်းကို ပြီးစေတတ်သော လျစ်လျူရှုသော အခြင်းအရာ ဟု ဆိုအပ်သော တတြ မဇ္ဈတ္တု ပေက္ခာသည် ဖြစ်ပေါ်လာလေ၏၊ ထိုကြောင့် ထိုဗောဇ္ဈင်ကို နောက်ဆုံး ထား၍ ဟောကြားတော်မူအပ်ပါသတည်း။

တေ့သု "သတိဥ္စခွါဟံ ဘိက္ခဝေ။ပ။သဗ္ဗတ္ထိကံဝဒါမိ" တိ
ဝစနတော သဗ္ဗေသံ ဗောဇ္ဈင်္ဂါနံ ဥပကာရတ္တာ
သတိသမ္ဗောဇ္ဈင်္ဂေါ ပဌမံ ဝုတ္တော။ ။
ဝိဘင်း-အဋ္ဌကထာ။ ။(၂၇၀)။

---

## ဗောဇ္ဈင်တရား ၇-ပါးသာ ဟောရသောအကြောင်း။

ထိုဗောဇ္ဈင်တရားတို့ကို အဘယ့်ကြောင့် ၇-ပါးသာ မယုတ် မလွန် ဟောကြားတော်မူရပါသနည်းဟူမူ။ ။လီနနှင့် ဥဒ္ဓစ္စနှစ်ပါး၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း,အလုံးစုံသောအကျိုးကို ပြီးစေတတ်သည်၏အဖြစ်ကြောင့်၎င်း, ၇-ပါးသာ ဟောတော်မူအပ်၏-ဟုမှတ်။

အဓိပ္ပါယ်အကျယ်ကို ဤသို့သိ။ ။ဗောဇ္ဈင် ၇-ပါးတို့တွင်၊ဓမ္မဝိစယ သမ္ဗောဇ္ဈင်,ပီတိသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်-သုံးပါးတို့သည်၊ ဘာဝနာ အာရုံ၌ တွန့်တိုဆုတ်နစ်တတ်သော ထိန,မိဒ္ဓတည်းဟူသော လီနတရား၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဝါ၊ ပယ်ရှားတတ်ကုန်၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်,ဥပေက္ခာသမ္ဗောဇ္ဈင် သုံးပါးတို့သည်,ကမ္မဋ္ဌာန်းအာရုံ၌ ပျံ့လွင့်သော ဥဒ္ဓစ္စနှင့်ဆန့်ကျင်ဘက်ဖြစ်ကုန်၏၊ဝါ-ပယ်ရှားတတ်ကုန်၏။

သတိသမ္ဗောဇ္ဈင်ကား၊အလုံးစုံသောတရားတို့၌မပါလျှင်မပြီး၊အားကြီး ကျေးဇူးများသောတရားဖြစ်၍၊အလုံးစုံသောတရားတို့၌ အလိုရှိအပ်သော

တရားဖြစ်၏။ ထိုကြောင့်ရင်းသတိသမ္ဗောဇ္ဈင်သည်ခပ်သိမ်းသောဟင်းလျာတို့၌ အလိုရှိအပ်သော ဆားနှင့်တူ၏။ ခပ်သိမ်းသော တိုင်းရေးပြည်ရွာအမှုတို့၌ အလိုရှိအပ်သော နန်းရင်းဝန် အမတ်ချုပ်ကြီးနှင့်လည်း တူ၏။ ဤသို့ ဆန့်ကျင်ဘက်အားဖြင့်ရင်း,သဗ္ဗတ္ထိကအားဖြင့်ရင်း, ဗောဇ္ဈင်တရားတို့ကို ၇-ပါးသာအပြားထား၍ ဟောကြားတော်မူအပ်ကုန်သတည်း။

ကသ္မာ ပနေ တေ သတ္တေဝ ဝုတ္တာ အနူနာ အနဓိကာတိ လီနုဒ္ဓစ္စ ပဋိပက္ခတော သဗ္ဗတ္ထိကတော စ။ ။ဝိဘင်းအဋ္ဌကထာ။ ။(၂၇၀)။

ထိုဗောဇ္ဈင် ၇-ပါးတို့သည် လောကူပမာအားဖြင့် ဆိုသော် စကြာမင်း၏ရတနာ ၇-ပါးနှင့်တူကုန်၏။ ။တူဟန်ကား....ထိုဗောဇ္ဈင် ၇-ပါးတို့တွင် သတိသမ္ဗောဇ္ဈင်သည် စကြာရတနာကြီးနှင့်တူ၏။ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဆဒ္ဒန်ဆင်ဖြူရတနာနှင့် တူ၏။ ဝီရိယသမ္ဗောဇ္ဈင်သည် ဝလာဟကမြင်းပျံရတနာနှင့်တူ၏။ ပီတိသမ္ဗောဇ္ဈင်သည် မဏိဇောတိရသ်ပတ္တမြားရတနာနှင့်တူ၏။ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် မိဘုရားရတနာနှင့်တူ၏။ သမာဓိသမ္ဗောဇ္ဈင်သည် သူဌေးကြီးရတနာနှင့်တူ၏။ ဥပေက္ခာသမ္ဗောဇ္ဈင်သည် သားကြီးရတနာနှင့်တူ၏-ဟုမှတ်။

---

## မဂ္ဂင်ရှစ်ပါး-အဘွင့်။

၃၆။ ။အဋ္ဌမဂ္ဂင်္ဂါနိ-သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ,သမ္မာကမ္မန္တော,သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။ ။သင်္ဂြိုဟ်ပါဠ်။

မဂ္ဂင်တို့သည် ၁-သမ္မာဒိဋ္ဌိ, ၂-သမ္မာသင်္ကပ္ပ, ၃-သမ္မာဝါစာ, ၄-သမ္မာကမ္မန္တ, ၅-သမ္မာအာဇီဝ, ၆-သမ္မာဝါယာမ, ၇-သမ္မာသတိ, ၈-သမ္မာသမာဓိ-ဟူ၍ ရှစ်ပါးအပြားရှိကုန်၏။ ။ဟူလို။

### မဂ္ဂင်-အဓိပ္ပါယ်။

မဂ္ဂါ စ တေ အင်္ဂါနိ စာတိ မဂ္ဂင်္ဂါနိ။ ။
မဂ္ဂဿ အင်္ဂါနိ စာတိ ဝါ မဂ္ဂင်္ဂါနိ။

မဂ္ဂါစ၊ မဂ်တို့သည်လည်း။ ဟောင်္ဂလ၊ ဖြစ်ကုန်၏။ တေ၊ ထိုမဂ်တို့ဟူသည်။ အင်္ဂါနိစ၊ နိဗ္ဗာန်သို့ရောက်ကြောင်းတရားတို့သည်လည်း။ ဟောင်္ဂလ၊ ကုန်၏။

ဈာတိ၊ကြောင့်။ မဂ္ဂင်္ဂါနိ၊မည်ကုန်၏။ ။ဝါ၊တနည်းကား။ မဂ္ဂဿ၊ မဂ်၏။ အင်္ဂါနိ၊အစိတ်အစိတ်တို့တည်း။ ဈာတိ၊ကြောင့်။ မဂ္ဂင်္ဂါနိ၊ မည်ကုန်၏။ အဓိပ္ပါယ်ကား....သမ္မာဒိဋ္ဌိစသောတရားတို့သည်၊ နိဗ္ဗာန်သို့ ရောက်ခြင်း၏အကြောင်းတရားလည်းဖြစ်၏၊မဂ္ဂင်၄ရှစ်ပါး၏ အစိတ်လည်းဖြစ်၏။သို့ဖြစ်၍၊ မဂ္ဂင်-မဂ္ဂင်-မည်၏။ ။ဟူလို။

---

## မဂ္ဂင်-သရုပ်။

၁။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော အလောဘစေတသိက်သည်-သမ္မာဒိဋ္ဌိမည်၏။

၂။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ပါး၌ရှိသော ဝိတက်စေတသိက်သည်-သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

၃။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်၍ရှိသော သမ္မာဝါစာစေတသိက်သည်-သမ္မာဝါစာမဂ္ဂင်မည်၏။

၄။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်၍ရှိသော သမ္မာကမ္မန္တစေတသိက်သည်-သမ္မာကမ္မန္တမဂ္ဂင်မည်၏။

၅။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်၍ရှိသော သမ္မာအာဇီဝစေတသိက်သည်-သမ္မာအာဇီဝမဂ္ဂင်မည်၏။

၆။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်၍ရှိသော ဝီရိယစေတသိက်သည်-သမ္မာဝါယာမ-မဂ္ဂင်မည်၏။

၇။ ။လောကုတ္တရာစိတ်၄ရှစ်ချဉ်၍ရှိသော၊ ဝါ၊ဆိုအပ်ပြီးသောစိတ်-၄၂ ချဉ်၍ရှိသော သတိစေတသိက်သည်-သမ္မာသတိမဂ္ဂင်မည်၏။

၈။ ။လောကုတ္တရာစိတ် ၄ရှစ်ချဉ်၍ ရှိသော၊ ဝါ၊ ဆိုအပ်ပြီးသော စိတ် ၄၂-ချဉ်၍ရှိသော ဧကဂ္ဂတာ စေတသိက်သည်-သမ္မာ သမာဓိမဂ္ဂင် မည်၏-ဟုမှတ်။

(မဂ္ဂစသည်တို့၏ဝိဂြိုဟ်ဝစနတ်ကိုကား အောက်ကဘွင့်ဆိုအပ်ခဲ့ပြီ)။

---

၃၇။ ။ဧတ္ထ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာ သတိ ဧကာဝ ပဝုစ္စတိ။

၃၈။ ။တထာ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာ ဝါယာမော။

သင်္ဂြိုဟ်ပါဌ်။

ဤဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန်တရား ၄-ပါး-ဟုပင် ဆိုသော်လည်း တရားကိုယ်ကောက်လိုက်သည်ရှိသော်၊သမ္မာသတိစေတသိက်ကိုသာလျှင်၊'သတိပဋ္ဌာန်တရား ၄-ပါး-ဟုဆိုအပ်၏။

ထိုအတူ-သမ္မာဝါယာမ-တပါးတည်းကိုသာလျှင်၊ သမ္မပ္ပဓာန်တရား-၄ ပါးဟုဆိုအပ်၏။ ။ဟူလို။ ။(ပေါ်လွင်ပြီ)။ ။ဤကား-ပိဏ္ဍတ္ထ။

---

၃၉။ ။ဆန္ဒော စိတ္တမုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။ ။
သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတ္တိံသပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

ထိုဗောဓိပက္ခိယတရားတို့သည်၊ ၁-သတိပဋ္ဌာန် ၄-ပါး၊ ၂-သမ္မပ္ပဓာန် ၄-ပါး၊ ၃-ဣဒ္ဓိပါဒ် ၄-ပါး၊ ၄-ဣန္ဒြေ ၅-ပါး၊ ၅-ဗိုလ် ၅-ပါး၊ ၆-ဗောဇ္ဈင် ၇-ပါး၊ ၇-မဂ္ဂင် ၈-ပါး-ဟု အပြားအားဖြင့် ၃၇-ပါးရှိ၏။ ဦးရေအားဖြင့် ၁-သတိပဋ္ဌာန်။ပ။၇-မဂ္ဂင်-ဟု၇-ပါးအပြားရှိ၏။တရားကိုယ်သဘောအားဖြင့်ကား၊ ၁-ဆန္ဒစေတသိက်၊ ၂-လောကုတ္တရာစိတ်၊ ၃-ဥပေက္ခာ စေတသိက်၊ ၄-သဒ္ဓါစေတသိက်၊ ၅-ပဿဒ္ဓိစေတသိက်၊ ၆-ပီတိစေတသိက်၊ ၇-အမောဟ စေတသိက်၊ ၈-ဝိတက်စေတသိက်၊ ၉-ဝီရိယစေတသိက်၊ ၁၀ ဝိရတိစေတသိက် ၃-ပါး၊ ၁၁-သတိ စေတသိက်၊ ၁၂-ဧကဂ္ဂတာ စေတသိက်-ဟူ၍၊ ၁၄-ပါးသာဖြစ်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

၄၀။ ။သက်ပ္ပပဿဒ္ဓိ စ ပီတုပေက္ခာ၊ ဆန္ဒော စ စိတ္တံ ဝီရိယတိဏ္ဏယဥ္စ။ နဝေဝကာဋ္ဌာနာ ဝီရိယံ နဝဋ္ဌ၊ သတိသမာဓိ စတုပဉ္စပညာ။ ။ သဒ္ဓါ ဒုဋ္ဌာနုတ္တမ သတ္တတိံသ၊ ဓမ္မာ နမေဒေသာ ပဝရော ဝိဘာဂေါ။ ။သတ္တိပုပ်ပါဠိ။

၁-ဝိတက်စေတသိက်၊ ၂-ပဿဒ္ဓိစေတသိက်၊ ၃-ပီတိစေတသိက်၊ ၄-တတြမဇ္ဈတ္တတာ စေတသိက်၊ ၅-ဆန္ဒစေတသိက်၊ ၆-လောကုတ္တရာစိတ်၊ ၇-သမ္မာဝါစာစေတသိက်၊ ၈-သမ္မာကမ္မန္တ စေတသိက်၊ ၉-သမ္မာအာဇီဝစေတသိက်၊ဤကိုးပါးသော တရားတို့သည်၊ တဌာန-တကိစ္စတပ်ကုန်၏။ဝီရိယစေတသိက်သည်၊ကိုးဌာနကိုးကိစ္စတပ်၏။ သတိစေတသိက်သည်၊ရှစ်ဌာန-ရှစ်ကိစ္စတပ်၏။ ။ဧကဂ္ဂတာစေတသိက်သည်၊လေးဌာန-လေးကိစ္စတပ်၏။ ။ပညိန္ဒြေစေတသိက်သည်၊ငါးဌာန-ငါးကိစ္စတပ်၏။ ။ သဒ္ဓါစေတသိက်သည်၊ နှစ်ဌာန-နှစ်ကိစ္စတပ်၏။ ။ဤသို့ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့၏ မြတ်သော ဤသို့သဘောရှိသော ဝေဘန်ခြင်းကို ငါသည်၊မိန့်ဆိုဘွင့်ပြအပ်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

အဓိပ္ပါယ်အကျယ်။

အဓိပ္ပါယ်အကျယ်ကိုဤသို့သိ။

၁။ ။ဝိတက်စေတသိက်သည်၊ သမ္မာသင်္ကပ္ပမဂ္ဂင် တဌာန-တကိစ္စတပ်၏။ ။

၂။ ။ပဿဒ္ဓိစေတသိက်သည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် တဌာန-တကိစ္စတပ်၏။

၃။ ။ပီတိစေတသိက်သည်၊ပီတိသမ္ဗောဇ္ဈင်တဌာန-တကိစ္စ တပ်၏။

၄။ ။တတြ မဇ္ဈတ္တတာ စေတသိက်သည်၊ ဥပေက္ခာ သမ္ဗောဇ္ဈင် တဌာန-တကိစ္စတပ်၏။

၅။ ။ဆန္ဒစေတသိက်သည်၊ဆန္ဒိဒ္ဓိပါဒ်တဌာန-တကိစ္စတပ်၏။

၆။ ။လောကုတ္တရာစိတ်သည်၊စိတ္တိဒ္ဓိပါဒ်တဌာန-တကိစ္စတပ်၏။

၇။ ။သမ္မာဝါစာစေတသိက်သည်၊ သမ္မာဝါစာမဂ္ဂင်တဌာန-တကိစ္စတပ်၏။

၈။ ။သမ္မာကမ္မန္တ စေတသိက်သည်၊ သမ္မာကမ္မန္တ မဂ္ဂင်တဈာန-တကိစ္စတပ်၏။

၉။ ။သမ္မာအာဇီဝသည်၊သမ္မာအာဇီဝမဂ္ဂင်တဈာန-တကိစ္စ တပ်၏။

၁၀။ ။သဒ္ဓါစေတသိက်သည်၊ သဒ္ဓိန္ဒြေ,သဒ္ဓါဗိုလ်-အားဖြင့် နှစ်ဈာန-နှစ်ကိစ္စတပ်၏။

၁၁။ ။ဧကဂ္ဂတာစေတသိက်သည်၊ သမာဓိန္ဒြေ,သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်,သမာဓိမဂ္ဂင်,အားဖြင့်လေးဈာန-လေးကိစ္စတပ်၏။

၁၂။ ။ပညိန္ဒြေစေတသိက်သည်၊ဝိမံသိဒ္ဓိပါဒ်,ပညိန္ဒြေ,ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်,သမ္မာဒိဋ္ဌိမဂ္ဂင်,အားဖြင့် ငါးဈာန-ငါးကိစ္စတပ်၏။

၁၃။ ။သတိစေတသိက်သည်၊ သတိပဋ္ဌာန်လေးပါး, သတိန္ဒြေ,သတိဗိုလ်,သတိသမ္ဗောဇ္ဈင်,သမ္မာသတိမဂ္ဂင်,အားဖြင့် ရှစ်ဈာန-ရှစ်ကိစ္စတပ်၏။

၁၄။ ။ဝီရိယစေတသိက်သည်၊ သမ္မပ္ပဓာန်လေးပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ,ဝီရိယဗိုလ်,ဝီရိယသမ္ဗောဇ္ဈင်,သမ္မာဝါယာမမဂ္ဂင်,အားဖြင့်ကိုးဈာန-ကိုးကိစ္စတပ်၏။ ။ဟူလို။

---

## ဈာနတစ်ပုံ အဓိပ္ပါယ်။

ဤ၌ ဝီရိယသည်၊ ကိုးဈာနတပ်ဟူသည်၊ မဂ်မဖြစ်မီ ရှေးခဏာ၌ကား၊ ထိုဗောဓိပက္ခိယ တရားတို့သည် အထူးထူးသောအာရုံ, အထူးထူးသော ခဏာ၌ဖြစ်ကုန်၏။ မဂ်ခဏ,ဖိုလ်ခဏာ၌ကား ဝီရိယသည်၊ နိဗ္ဗာန်ကိုအာရုံပြု၍၊ဆိုအပ်ပြီးသော ကိုးပါးသောဈာနတို့၌ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို တခါတည်း-ကိုးကိစ္စ တပ်ခါ- အကြွင်းမဲ့ ပယ်ဖျက်၏။ ။ဟူလို။ ။ကြွင်းသော ရှစ်ဈာနတပ်ပုံစသည်တို့၌ လည်း ဤနည်းအတိုင်းမှတ်။

---

### ဆောင်ပုဒ်-ဝိသုဒ္ဓါရုံကဗျာ။

ကိုးမည်-ဝီရိ၊ရှစ် သတိနှင့်၊ မှတ်သိဉာဏ်ငါး၊လေးပါး-
ကဂ္ဂတာ၊ ခွေး-သဒ္ဓါတည်း။ပေက္ခာ,သင်္ကပ်၊ ပဿဒ္ဓိ,ပီတိ၊
ဝိရတိ,ဆန္ဒ၊စိတ္တ-ကိုးပါး၊ တမည်ခြားသည်။ ။ဈာန်ပြား-
သုံးဆဲ့ခုနစ်တည်း။

၈။ ။သမ္မာကမ္မန္တ စေတသိက်သည်၊ သမ္မာကမ္မန္တ မဂ္ဂင်တဈာန-တကိစ္စတစ်၏။

၉။ ။သမ္မာအာဇီဝသည်၊သမ္မာအာဇီဝမဂ္ဂင်တဈာန-တကိစ္စ တစ်၏။

၁၀။ ။သဒ္ဓါစေတသိက်သည်၊ သဒ္ဓိန္ဒြေ,သဒ္ဓါဗိုလ်-အားဖြင့် နှစ်ဈာန-နှစ်ကိစ္စတစ်၏။

၁၁။ ။ဧကဂ္ဂတာစေတသိက်သည်၊ သမာဓိန္ဒြေ,သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်,သမာဓိမဂ္ဂင်,အားဖြင့်လေးဈာန-လေးကိစ္စတစ်၏။

၁၂။ ။ပညိန္ဒြေစေတသိက်သည်၊ဝီမံသိဒ္ဓိပါဒ်,ပညိန္ဒြေ,ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်,သမ္မာဒိဋ္ဌိမဂ္ဂင်,အားဖြင့် ငါးဈာန-ငါးကိစ္စတစ်၏။

၁၃။ ။သတိစေတသိက်သည်၊ သတိပဋ္ဌာန်လေးပါး, သတိန္ဒြေ,သတိဗိုလ်,သတိသမ္ဗောဇ္ဈင်,သမ္မာသတိမဂ္ဂင်,အားဖြင့် ရှစ်ဈာန-ရှစ်ကိစ္စတစ်၏။

၁၄။ ။ဝီရိယစေတသိက်သည်၊ သမ္မပ္ပဓာန်လေးပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ,ဝီရိယဗိုလ်,ဝီရိယသမ္ဗောဇ္ဈင်,သမ္မာဝါယာမမဂ္ဂင်,အားဖြင့်ကိုးဈာန-ကိုးကိစ္စတစ်၏။ ။ဟူလို။

---

## ဈာနတစ်ပုံ အဓိပ္ပါယ်။

ဤ၌ ဝီရိယသည်၊ ကိုးဈာနဘစ်ဟူသည်၊ မဂ်မဖြစ်မီ ရှေးခဏာ၌ကား၊ ထိုဗောဓိပက္ခိယ တရားတို့သည် အထူးထူးသောအာရုံ, အထူးထူးသော ခဏာ၌ဖြစ်ကုန်၏။ မဂ်ခဏာ,ဖိုလ်ခဏာ၌ကား ဝီရိယသည်၊ နိဗ္ဗာန်ကိုအာရုံပြု၍၊ဆိုအပ်ပြီးသော ကိုးပါးသောဈာနတို့၌ မိမိနှင့်ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို တခါတည်း-ကိုးကိစ္စ တစ်ခါ- အကြွင်းမဲ့ ပယ်ဖျက်၏။ ။ဟူလို။ ။ကြွင်းသော ရှစ်ဈာနဘစ်ပုံစသည်တို့၌ လည်း ဤနည်းအတိုင်းမှတ်။

---

### ဆောင်ပုဒ်-ဝိသုဒ္ဓါရုံကျများ။

ကိုးမည်-ဝီရိ၊ရှစ် သတိနှင့်၊ မှတ်သိဉာဏ်ငါး၊လေးပါး-
ကဂ္ဂတာ၊ ခွေး-သဒ္ဓါတည်း။ပေကွာ,သက်ပ်၊ ပဿဒ္ဓ်,ပီတိ၊
ဝိရတိ,ဆန္ဒ၊စိတ္တ-ကိုးပါး၊ တမည်ငြားသည်။ ။ဈာန်ပြား-
သုံးဆဲ့ခုနစ်တည်း။

ကာမာဝစရကုသလစိတ္တေဟိ စတုမ္ဘိခါသု။ ပ။ သီလဝိသုဒ္ဓိသု ပဌမ,တတိယ သီလဝိသုဒ္ဓိယော ဥဿာဟကာလေ စတ္တာရော သတိပဋ္ဌာနာ နဟောန္တိ။ပ။ဆမဂ္ဂင်္ဂါ စ ဟောန္တိ။ ။

အဘိဓမ္မတ္ထသင်္ဂဟာဒီပနီ။ ။(၃၂၇)။

ဗောဓိပက္ခိယသင်္ဂဟာအဘွင့်ပြီး၏။

---

**သဗ္ဗသင်္ဂဟ-အဘွင့်။**

၄၂။ ။သဗ္ဗ သင်္ဂဟေ ပဉ္စက္ခန္ဓာ- ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော, သညာက္ခန္ဓော,သင်္ခါရက္ခန္ဓော,ဝိညာဏက္ခန္ဓော။

သင်္ခိပ်ပါဠ်။

သဗ္ဗသင်္ဂဟာ၌၊ ခန္ဓာတို့သည်၊ ၁-ရူပက္ခန္ဓာ၊ ၂-ဝေဒနာက္ခန္ဓာ၊ ၃-သညာက္ခန္ဓာ၊ ၄-သင်္ခါရက္ခန္ဓာ၊ ၅-ဝိညာဏက္ခန္ဓာ-ဟူ၍၊ငါးပါးအပြား ရှိကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

**ခန္ဓာငါးပါး-သရုပ်။**

၁။ ။ရုပ်အဋ္ဌဝီသသည်၊ရူပက္ခန္ဓာမည်၏။

၂။ ။စေတသိက် ခွေပညာသ တို့တွင်၊ ဝေဒနာစေတသိက်သည်၊ ဝေဒနာက္ခန္ဓာမည်၏။

၃။ ။သညာစေတသိက်သည်၊သညာက္ခန္ဓာမည်၏။

၄။ ။ဝေဒနာ, သညာ-မှကြွင်းသော စေတသိက် ငါးဆယ်သည်၊ သင်္ခါရက္ခန္ဓာမည်၏။

၅။ ။စိတ်တခုယုတ်ကိုးဆယ်သည်၊ဝိညာဏက္ခန္ဓာမည်၏။

---

**ခန္ဓာငါးပါး-အဓိပ္ပါယ်။**

ပဉ္စက္ခန္ဓာ-၌၊ခန္ဓ-သဒ္ဒါသည်အရဟူသောအနက်ဟော ရာသဋ္ဌဝါစက အနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်၍၊ ဝိဂြိုဟ်မပြုကောင်း။

တသ္မာ ရာသိလက္ခဏာ ခန္ဓာတိ ဝေဒိတဗ္ဗာ။

ခန္ဓဝိဘင်း-အဋ္ဌကထာ။

အဓိပ္ပါယ်ကား....အတိတ်,အနာဂတ်,ပစ္စုပ္ပန်,အဇ္ဈတ္တ,ဗဟိဒ္ဓ,ဩဠာ ရိက,သုခုမ,ဟီန, ပဏီတ,ဒူရ, သန္တိက-ဟုဆိုအပ်သော တဆယ့်တပါး အားဖြင့် ပြားကုန်သော တရားတို့ကို မိမိတို့၏လက္ခဏာ၌တပေါင်းတရုံး တလုံးတရုတည်းပြု၍ သိမ်းဆည်း အပ်သောကြောင့်-ခန္ဓာမည်၏။ ။ ထိုကြောင့်၊ရူပက္ခန္ဓာ-ဟူသည်၊ ရုပ်အစု၊ ဝေဒနာက္ခန္ဓာဟူသည်၊ ဝေဒနာ အစု-ဟုဆိုလိုသည်။ အတိတ်ဖြစ်သော ရုပ်,အနာဂတ် ဖြစ်သောရုပ်။ပ။ ဒူရရုပ်, သန္တိကရုပ်-ဟု ဆိုအပ်သော တဆယ့်တပါးအားဖြင့် ပြား ကုန်သော အပေါင်းအစုဖြစ်သောအလုံးရုံသောရုပ်တို့ကို တပေါင်းတည်း ပြု၍ ရုပ်-ဟု သိမ်းဆည်း အပ်သောကြောင့်- ရူပက္ခန္ဓာမည်၏။ အတိတ် စသော တဆယ့်တပါး အပြားအားဖြင့် ပြားကုန်သော ဝေဒနာ,သညာ, သင်္ခါရ,ဝိညာဏ်တို့ကိုလည်းတပေါင်းတည်းပြု၍ ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်-ဟု ရေတွက် သိမ်းဆည်း အပ်သောကြောင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာမည်ကုန်၏။ ။ဟူလို။

အတီတာနာဂတပစ္စုပ္ပန္နာဒိဘေဒဘိန္နကာ။
ဧကဇ္ဈံ ရာသိအတ္ထေန၊ပဉ္စက္ခန္ဓာတိ ဘာသိတာ။ ။

အတီတာနာဂတ။ပ။ ဘိန္နကာ၊အတိတ်, အနာဂတ်,ပစ္စုပ္ပန်-စသော တဆဲ့တပါးအပြားအားဖြင့် ပြားကုန်သော တရားတို့ကို။ ဧကဇ္ဈံ၊တပေါင်း တရုံး၊တလုံးတရုတည်း။ ရာသိအတ္ထေန၊ အပေါင်းအစုဟူသော အနက် ကြောင့်။ပဉ္စက္ခန္ဓာတိ၊ခန္ဓာငါးပါးတို့ဟူ၍။ဘာသိတာ၊ဆိုအပ်ကုန်၏။

တနည်း၊ခန္ဓပုဒ်ကို ဝိဂြိုဟ်ဝစနတ်၊ဘွင့်မှတ်လှစ်ဆိုအပ်သော နိပ္ဖန္နပါဠိ ပဒိကပုဒ်-ဟုလည်းကြံတော်မူကြသေး၏။

ခါတိဇရာမရဏာဒိဟိ သံသာရဒုက္ခေဟိ
ခါဒိတဗ္ဗာတိ ခန္ဓာ။

ခါတိ, ဇရာ, မရဏာဒိဟိ၊ ခါတိ, ဇရာ, မရဏ-အစရှိကုန်သော။ သံသာရဒုက္ခေဟိ၊ သံသရာဝဋ်ဒုက္ခတို့သည်။ ခါဒိတဗ္ဗာ၊ခဲအပ်၏။ ဣတိ၊ ကြောင့်။ခန္ဓာ၊ခန္ဓ-မည်၏။ ။(ဤအလို-ခါဒ-ဓာတ်၊အာ-ပစ္စည်း)။

ဉာဏေန ခညတေတိ ဝါ ခန္ဓော။

ဝါ၊တနည်းကား။ဉာဏေန၊ဝိပဿနာဉာဏ်ဖြင့်။ခညတေ၊တူးဖြိုဖေါက် ထွင်းအပ်၏။ဣတိ၊ကြောင့်။ခန္ဓော၊၏။ ။(ဤအလို-ခနု,ဓာတ်၊ဓ-ပစ္စည်း)။

ခံ-အတ္တနိစ္စာဒိသုညံ ဓာရေတီတိ ဝါ ခန္ဓော။

ဝါ၊တနည်းကား။ခံ-အတ္တနိစ္စာဒိသုညံ၊ အတ္တ-နိစ္စစသော အနှစ်သာရ မရှိ၊အချည်းနှီးသောသဘောကို။ဓာရေတိ၊ဆောင်တတ်၏။ ဣတိ၊ကြောင့်။ ခန္ဓော၊၏။ ။(ဤအလိုသော်၊ခံ-သဒ္ဒူပပဒ-ဓာ-ဓာတ်၊ဓာရဏဋ္ဌဝါစီ)။

အဓိပ္ပါယ်ကား....ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ မြဲသောနိစ္စ သဘော,ချမ်းသာသောသုခသဘော,အစိုးရသောအတ္တသဘော,လှပတင့် တယ်ရှုချင်ဘွယ်သောသုဘသဘောတို့မှကင်းဆိတ်၍၊ အနှစ်သာရဟာ တခုမှမရှိ၊ အကာအတိသာ ဖြစ်သော သဘောကို ဆောင်တတ်သော ကြောင့်-ခန္ဓာ-မည်၏။ ။ဟူလို။

ခဏ္ဍန္တိ နေကဒုက္ခေဟိ၊ ဉာဏေန စ ခညန္တိ ဝါ။
သုညာကာရံ ဝါ ဓာရေန္တိ၊ဣတိ ခန္ဓာတိ ဝုစ္စရေ။ ။

အနေကဒုက္ခေဟိ၊ ဇာတိ,ဇရာစသော များစွာသော ဒုက္ခတို့သည်။ ခဏ္ဍန္တိ၊ခဲအပ်ကုန်၏။ ဣတိဝါ၊ထို့ကြောင့်၎င်း။ ဉာဏေန၊ဝိပဿနာဉာဏ် ဖြင့်၊ခညန္တိ၊တူးဖြိုအပ်ကုန်၏။ဣတိဝါ၊ထို့ကြောင့်၎င်း။သုညာကာရံ၊အတ္တ နိစ္စ-စသည်မှ ဆိတ်သောသဘောကို။ ဓာရေန္တိ၊ ဆောင်တတ် ကုန်၏။ ဣတိဝါ၊ထို့ကြောင့်၎င်း။ခန္ဓာတိ၊ခန္ဓာ-ဟူ၍။ဝုစ္စရေ၊မိန့်ဆိုအပ်ကုန်၏။

---

ခန္ဓာငါးပါးဟောစဉ်။

ဤခန္ဓာငါးပါးတို့ကို ဖြစ်သောအစဉ်အားလျော်စွာ၊ဟောတော်မူသည် မဟုတ်။ ဒေသနာက္ကမ အားလျော် စွာသာ၊ ဟောတော် မူအပ်ကုန်၏။ ဒေသနာက္ကမ ဖြစ်ဟန်ကား... ခန္ဓာ ငါးပါးတို့၌ တလုံးတခဲတည်း၊ မကွဲ မပြားကြ၊ ကိုယ်ကာယ-ဟူ၍ ယူမှားကြကုန်သော ဝေနေယျ သတ္တဝါ အပေါင်းတို့အား၊ အပေါင်းအခဲကို ခွဲခြား၍ ပြသဖြင့်၊အတ္တအယူမှလွတ် စေရန် လွယ်ကူစွာ၊ ဉာဏ်သက်ဝင်နိုင်စိမ့်သောငှာ၊ စက္ခုစသည်တို့၏ အာရုံဖြစ်သော ကြမ်းတန်းသော ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်

မူအပ်၏။ ။ထိုနောက်မှ ရူပ္ပာရုံ,အနိဋ္ဌာရုံဖြစ်သောရုပ်တို့ကို ခံစားတတ်သော ဝေဒနာက္ခန္ဓာကို ဟောတော်မူအပ်၏။ ။ခံစားပြီးသောဝေဒနာ၏ အာရုံအခြင်းအရာကို မှတ်တတ်သောကြောင့် ဝေဒနာက္ခန္ဓာ၏ နောက်၌ သညာက္ခန္ဓာကို ဟောတော်မူအပ်၏။ ။သညာမှတ်ပေးသော အတိုင်း ပြုပြင်စီရင်တတ်သောကြောင့် သညာက္ခန္ဓာ၏နောက်၌ သင်္ခါရက္ခန္ဓာကို ဟောတော်မူအပ်၏။ ထိုဝေဒနာ, သညာ, သင်္ခါရတို့၏ မှီရာလည်းဖြစ်, အကြီး အကဲလည်း ဖြစ်သောကြောင့် ထိုသုံးပါးတို့၏ နောက်၌ ဝိညာဏက္ခန္ဓာကို ဟောတော်မူအပ်၏-ဟုမှတ်။

ဒေသနာက္ကမော ပန ယုဇ္ဇတိ။အဘေဒေန ဟိ။ပ။ယံ ပဉ္စသု
ခန္ဓေသု အဇ္ဈတ္တဂ္ဂါဟပတိတံ ဝေဏေယျဇနံ သမူဟဃန
ဝိနိဗ္ဘောဂ ဒဿနေန။ပ။ တေသံ ဝေဒနာဒိနံ နိဿယံ
အဓိပတိ ဘူတဉ္စ ဝိညာဏန္တိ။ ။ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၆)။

ခန္ဓာငါးပါးဥပမာ။

၁။ ။ရူပက္ခန္ဓာသည်၊သူနာနှင့်တူသော ဝိညာဏ်၏ မှီရာ-ဂိလာနအာရုံ အစွမ်းအားဖြင့်၊နေရာအရပ်ဖြစ်သောကြောင့်-နားစရာစရပ်နှင့်တူ၏။
၂။ ။ဝေဒနာက္ခန္ဓာသည်၊ ပြင်းစွာနှိပ်စက် တတ်သည်၏ အဖြစ်ကြောင့်-အနာနှင့်တူ၏။
၃။ ။သညာက္ခန္ဓာသည်၊ရာဂအစရှိသည်တို့နှင့် ယှဉ်သော ဝေဒနာ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်၊ ရောဂါဖြစ်ကြောင်း သလိပ် စသည်နှင့်တူ၏။
၄။ ။သင်္ခါရက္ခန္ဓာသည်၊ဝေဒနာတည်းဟူသောအနာ၏အကြောင်း ဖြစ်သောကြောင့် မသင့်မတင့်သောအစာနှင့်တူ၏။
၅။ ။ဝိညာဏက္ခန္ဓာသည်၊ ဝေဒနာ တည်းဟူသော အနာစွဲကပ် လျက်ရှိသောကြောင့်၊သူနာနှင့်တူ၏။

ဩဠ ဟိ ဂိလာနသာလူပမော ရူပုပါဒါနက္ခန္ဓော။ပ။ဂိလာနူ
ပမော။ ဝိညာဏုပါဒါနက္ခန္ဓော ဝေဒနာ ဂေလညေန
အပရိမုတ္တတ္တာ၊ ။ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၇)။

## တနည်း-ခန္ဓာငါးပါးဥပမာ။

၁။ ။ရူပက္ခန္ဓာသည်၊နှောင်အိမ်ကြီးနှင့်တူ၏။
၂။ ။ဝေဒနာက္ခန္ဓာသည်၊ သံခြေကျဉ်းခတ်ခြင်း, ရိုက်နှက်ပုတ်ခတ်ခြင်းတို့နှင့်တူ၏။
၃။ ။သညာက္ခန္ဓာသည်၊ ထောင်သို့ကျရန် ခိုးမှု, တိုက်မှု, စသောရာဇဝတ်မှုများနှင့်တူ၏။
၄။ ။သင်္ခါရက္ခန္ဓာသည်၊ထောင်မှူးယောက်ျားနှင့်တူ၏။
၅။ ။ဝိညာဏက္ခန္ဓာသည်၊အပြစ်အားလျော်စွာ၊ထောင်သို့ကျသောသူနှင့်တူ၏။

အဝိစ စာရက,ကာရကာ,အပရာဓ,ကရဏာ,
ကာရက,အပရာဓိကူပမာ။ ။
ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၇)၊

---

## တနည်း-ခန္ဓာငါးပါးဥပမာ။

၁။ ။ရူပက္ခန္ဓာသည်၊ဘောဇဉ်နှင့်တူသော ဝေဒနာ၏မှီရာ,တည်ရာဖြစ်သောကြောင့်-အိုးခွက်-စားခွက်နှင့်တူ၏။
၂။ ။ဝေဒနာက္ခန္ဓာသည်၊ သုံးဆောင်ခံစားတတ်သော ဝိညာဏ်သည် သုံးဆောင်ခံစားအပ်သည့်၏ အဖြစ်ကြောင့်-ဘောဇဉ်နှင့်တူ၏။
၃။ ။သညာက္ခန္ဓာသည်၊ ဝေဒနာကို ခံစား သာယာမှု ရခြင်း၏အကြောင်းဖြစ်သောကြောင့် ဘောဇဉ်ဝင်ကြောင်း၊ဟင်းလျာ ကောင်းနှင့်တူ၏။
၄။ ။သင်္ခါရက္ခန္ဓာသည်၊ ဝေဒနာဟူသော ဘောဇဉ်ကိုပြုပြင်စီရင်တတ်သောကြောင့် ချက်ပြုတ်တတ်သော စဖိုသည်နှင့်တူ၏။
၅။ ။ဝိညာဏက္ခန္ဓာသည်၊ ဝေဒနာ တည်းဟူသော ဘောဇဉ်ကိုသုံးဆောင်ခံစားတတ်သည့်၏အဖြစ်ကြောင့် မှီဝဲသုံးဆောင်သူနှင့်တူ၏။

ထေ ဘာဇန, ဘောဇန, ဗျဉ္ဇန, ပရိဝေသက,
ဘုဉ္ဇကူပမာစာတိ။ ။ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၇)။

## ဝိသုဒ္ဓါရုံဆောင်ပုဒ်-ကဗျာ။

ခန္ဓာငါးထပ်၊ စရပ်ရောဂါ၊ နိုးစွာအကြောင်း။ ဝေးသော
ကြောင်းဟူ။ နာသူတကြိမ်။ ။နှောင်အိမ်ထိုးပစ်၊ မှုပြစ်
ထောင်းစား၊ ခံသူငါးတည်း။ ။စားခွက်ထမင်း၊ ဟင်းလုပ်
ကျွေးသူ၊ စားသည့်လူ၊ တူ၏မြဲမြဲမှတ်။

---

## တနည်း-ခန္ဓာငါးပါးဥပမာ။

ဖေဏပိဏ္ဍောပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠုပမာ၊
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ၊
မာယူပမာနံ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။ ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။

ရူပံ၊ ဘူတရုပ်လေးရ၊ စဘုဝိသာ၊ ဥပါဒါဘူ၊ အဓ္ဓာဝိသ၊ ရုပ်ရမှုလျက်၊ ဂါဟာစွဲငုပ်၊ ဤကိုယ်ပုပ်သည်။ ဖေဏပိဏ္ဍောပမံ၊ ပထဝီ, ထင်းချောင်း၊ ပျောင်းဇူ, အာပေါ၊ တေဇောချမ်းပူ၊ လူလူလှုပ်ထ၊ ဝါယောမှသည်၊ စ၍ များမြောင်၊ တောင်မှုတရှိ၊ ကြီးဘိတမူ၊ သုံးယူမဖြစ်၊ အနှစ်မရှိ၊ အကာ တိသာ၊ ပစ်စရာသည်၊ ပမာရေမြှုပ်နှင့်တူ၏။ ဝေဒနာ၊ မျက်ဝိအာရုံ၊ နားအာရုံနှင့်၊ အာရုံရသာ၊ ခံစားပါလည်း၊ အရာမရောက်၊ ခါခါပျောက် သည့်၊ ခြောက်ပါးသောဝေဒနာအစရှိသည်။ ပုဗ္ဗုဠုပမာ၊ ဆင်းရဲချမ်းသာ၊ ရံခါလျစ်လျူ၊ ဆူသည်ယုတ်ယက်၊ လျင်စွာပျက်၍၊ သုံးကွက်သုံးရာ၊ မထင် လာသည်၊ ပမာရေပွက်နှင့်တူ၏။ သညာ၊ ဇုဗ္ဗိပုရိသ၊ သတ္တဇီဝါ၊ ထင်မှတ် ပါလည်း၊ မှတ်ရာမမြဲ၊ အထင်လွဲသောသညာအစရှိသည်။ မရီစိကူပမာ၊ ရေဟု ထင်မှတ်၊ ကြိုးပမ်းလတ်၍၊ တမတ်မားမား၊ လိုက်လေငြားလည်း၊ တောသား သမင်၊ မောဟိုက်သွင်သို့၊ ဝိညာဉ်ဇီဝ၊ သတ္တဆိတ်ညံ၊ ပဥ္စကံကို၊ အဟံ-မမ၊ ထင်မှားရအောင်၊ များလှုဘောင်ကို၊ ရုပ်ဆောင်လှည့်ပတ်၊ အတွေးကပ် သည့်၊ တံလျှပ်နှင့်ပမာတူ၏။ သင်္ခါရာ၊ ဝိတက်, ဝိစာရ၊ ဖဿ-မှသည်၊ စ၍ ရေတွက်၊ နှစ်-မဘက်သည့်၊ သင်္ခါရက္ခန္ဓာအပေါင်းတို့သည်။ ကဒလူပမာ၊ အနှစ်တွေ့ငြိုး၊ အားအနံကြိုး၍၊ အကျိုးတလျောက်၊ ထက်အောက်တွင်းပြင်၊ ရှာသော်လျှင်လည်း၊ တပင်လုံးသာ၊ ကုန်ငှလေပါသည်၊ အကာလုံးလုံး၊ အနှစ် သုံးသည့်၊ ငှက်ပျောတုံးနှင့်ပမာတူကုန်၏။ ဝိညာဏံ၊ စက္ခု, သောတ၊ ဃာန,

ဖိဥ္ဂါ၊ကာယာ,နှစ်လုံး၊လက်ကသုံး၌၊မှီအုံးရိနေ၊လူကိုမွေသည့်၊ခြောက်ထွေ သောဝိညာဏ်အစုသည်။ မာယူပမာနံ၊ ကျောက်ဒုဠ္ဌခဲကို၊ ဘောက်လွဲ ပြုပြင်၊ ရွှေစင် မြသား၊ ပတ္တမြားအရောင်၊ ဟန်ဆောင် ပြုလုပ်အပ်သည့်၊ မျက်လှည့်ရုပ်နှင့်ပမာတူ၏၊ ဇာတိ၊ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်းအဆွေ၊ သမ္ဗုဒ္ဓေနတ်၊ ဘုရား မြတ်သည်။ ဒေသိတာ၊ ထုတ် ဘော် ဘွင့်မှတ်၊ ဟောတော်မူအပ်ကုန်၏။

(အဘိဓမ္မာအရာဖြစ်၍၊အဓိပ္ပါယ်အကျယ်ကို မဘွင့်ဆိုတော့ပြီ၊ဉာဏ် ချင့်၍၊သိလင့်ကုန်)။

---

## ခန္ဓာအပြား၊ငါးမါးသာဟောရသောအကြောင်း။

အဘယ့်ကြောင့် ခန္ဓာကိုအယုတ်အလွန်မထားပါဘဲ၊ငါးပါး-ဟူ၍သာ ပိုင်းခြားကန့်သတ်၊ ဟောကြားတော် မူအပ်ပါသနည်းဟူမူ။ ။အလုံး စုံသော သင်္ခတတရားရဘ်ကို သဘောတူသော အတို့အားဖြင့် သိမ်းကြုံး မိသောကြောင့်ရင်း, ငါ၏ကိုယ်-ငါ၏ဥစ္စာဟူ၍ စွဲလန်း ခြင်းသည်လည်း ထိုခန္ဓာငါးပါ သာလျှင် အတိုင်းအရှည် ရှိသောကြောင့်ရင်း, အခြားသော သီလက္ခန္ဓစသောတရားတို့သည်လည်း ထိုခန္ဓာငါးပါး၌ အကြုံးဝင်သည်၏ အဖြစ်ကြောင့်ရင်း၊ ခန္ဓာငါပါး-ဟူ၍သာ ပိုင်းခြားကန့်သတ်၊ ဟောကြား တော်မူအပ်ပါသတည်း။

> ကာသွာ ပန ဘဂဝတာ ပဉ္စေဝ ခန္ဓာ ဝုတ္တာ အနူနာ
> အနဓိကာတိ။သဗ္ဗသင်္ခတ သဘာဂေကသင်္ဂဟတော,.
> အတ္တတ္တနိယဂ္ဂါဟဝတ္ထုသ္သ ဧတပ္ပရမတော, အညေ
> သဥ္စ တဒဝရောဓတော။ ။

ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၇)။

ဆောင်ပုဒ်။ ။တရားအားလုံး၊သိမ်းကြုံးမိပါ၊ငါးပါးသာ၊ မိန့်မှာ-ခန္ဓာများ။

---

## ဝေဒနာနှင့်သညာကိုခန္ဓာအသီးအခြားဖွဲ့ခြင်းအကြောင်း။

သင်္ခါရတရားတို့တွင်၊ ထင်ရှားသော စေတနာ-စသော တရားပေါင်း ခြောက်များစွာရှိပါလျက်၊ဝေဒနာနှင့်သညာကိုသာ၊ အဘယ့်ကြောင့် ခန္ဓာ

အသီးအခြားခွဲ၍၊ ဟောကြားတော်မူပါသနည်းဟူမူ။ ။ဝေဒနာသည် တောဘူမကာဝဋ်တရားတို့၌ သာယာခံစားသည်၏အစွမ်းအားဖြင့် ဖြစ်တတ်၏။သညာသည်၊ဝေဒနာသာယာခံစားချင်လေအောင်၊ အသုဘ၌သုဘ-ဟု ဘောက်ဘောက် ပြန်ပြန် မှတ်ထင်ခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်၍ ဝေဒနာအားကျေးဇူးပြုပေ၏။ယင်းသို့ဖြစ်၍၊သံသရာ၌ ပြဓာန်းထင်ရှားသော အကြောင်း၏ အဖြစ်ကြောင့်-ဝေဒနာနှင့်သညာ ၂-ပါးကိုသာ အသီးအခြားခန္ဓာ့ခွဲ၍ ဟောကြားတော်မူရပါသတည်း။

ဆောင်ပုဒ်။ ။သံသရာလမ်း၊လွန်ပြဓာန်း၊ခွဲခြမ်းမိန့်မှာ၊ ဝေ-သညာ။

---

## ဝေဒနာ,သညာတို့ကို ခန္ဓာခွဲရပုံ။

ဝေဒနာနှင့်သညာတို့သည်၊ တပါးတည်းသာ ဖြစ်ပါလျက်၊ အဘယ့်ကြောင့်ခန္ဓာ-ဟု မိန့်ဆိုအပ်ပါသနည်း ဟူမူ၊ ။တပါးတည်း ဖြစ်လင့်ကစား၊အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ,ဗဟိဒ္ဓ, ဩဠာရိက,သုခုမ,ဟီန, ပဏီတ,ဒူရ,သန္တိက-ဟုဆိုအပ်သော ၁၁-ဌာနတို့၌ ဖြစ်ကုန်သော ဝေဒနာ, သညာတို့ကို ဝေဒနာအချင်းချင်း, သညာအချင်းချင်း ပေါင်း၍ ယူအပ်သောကြောင့် ခန္ဓာ-ဟုမိန့်ဆိုအပ်ပါသတည်း။

ဆောင်ပုဒ်၊ ။အတိတ်,နာဂတ်၊မှတ်တဆဲ့တစ်၊ပြား;လစ် ဝေ-သင်၊
ပေါင်းစုအင်၊မိန့်ရှင်-ခန္ဓာသာ။

---

## ဥပါဒါနက္ခန္ဓာအဘွင့်။

၄၃။ ။ပဉ္စုပါဒါနက္ခန္ဓာ-ရူပုပါဒါ နက္ခန္ဓော, ဝေဒနုပါဒါ နက္ခန္ဓော, သညုပါဒါ နက္ခန္ဓော, သင်္ခါရုပါဒါ နက္ခန္ဓော, ဝိညာဏုပါဒါ နက္ခန္ဓော။ ။သဗ္ဗိုဟ်ပါဌ်။

ဥပါဒါနက္ခန္ဓာတို့သည်၊ ၁-ရူပုပါဒါနက္ခန္ဓာ၊ ၂-ဝေဒနုပါဒါ နက္ခန္ဓာ၊ ၃-သညုပါဒါနက္ခန္ဓာ၊ ၄-သင်္ခါရုပါဒါနက္ခန္ဓာ၊ ၅-ဝိညာဏုပါဒါ နက္ခန္ဓာ, ဟူ၍၊ ၅-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာအထူး။

ခန္ဓာ ၏ အဓိပ္ပါယ်ကို အောက်က ဘွင့်ဆိုခဲ့ပြီ၊ဥပါဒါနက္ခန္ဓာ-ဟူသည်

ဥပါဒါနာနံ ဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာ။

ဝိဂြိုဟ်အရ....ဥပါဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်၊ ဥပါဒါနက္ခန္ဓာ မည်ကုန်၏။ ။ဥပါဒါနာနံ၊ ဥပါဒါန်တရားတို့၏။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ ခန္ဓာ၊ခန္ဓာတို့သည်။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ-မည်ကုန်၏-ဟုအနက်ပေး။

ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့သည်၊ တရားကိုယ်အားဖြင့် ဧရာအတိုင်းသာ တည်း။ မကွဲပြားပေ။ သို့သော်၊ကာမုပါဒါန်စသော ဥပါဒါန်တရား-အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော လောကီခန္ဓာ ငါးပါးတို့သည်၊ဥပါဒါနက္ခန္ဓာမည်ကုန်၏။ ဥပါဒါန်တရား, အာသဝေါတရားတို့၏ အာရုံမဟုတ်ကုန်သော၊ဝါ-အာရုံမပြုနိုင်သော လောကုတ္တရာ-နာမ်ခန္ဓာလေးပါးတို့ကား ခန္ဓာသာမည်ကုန်၏၊ ဥပါဒါနက္ခန္ဓာမမည်ကုန်။ ရူပက္ခန္ဓာကား"သာသဝါ ခန္ဓာ"ဟူသောဒုက်အရ၊လောကီအာသဝေါတရားတို့၏ အာရုံကေန်ဖြစ်၏။ နာမ်ခန္ဓာလေးပါးသည်သာ ဥပါဒါန်အာသဝေါတရား၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်အာသဝေါတရားတို့၏အာရုံမဟုတ်လျှင် ခန္ဓာ-သာမည်၏-ဟုမှတ်။ ။ဤသို့၊ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့သည်၊ တရားကိုယ် မထူးခြားပါဘဲ၊ အဘယ့်ကြောင့်ခွဲခြား၍၊ဟောတော်မူအပ်ပါသနည်းဟူမူ။ ။ မထူးခြားသော်လည်း၊ဝိပဿနာဉာဏ်၏အာရုံဖြစ်ရာဘုံကို ပြဆိုခြင်းငှာ၊ ခွဲခြား၍ ဟောတော်မူအပ်ပါသတည်း။ထိုစကားမှန်၏၊ ဥပါဒါန်တရားလေးပါးတို့၏အာရုံဖြစ်သော တေဘူမက-ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာငါးပါး ကိုသာ အနိစ္စစသော လက္ခဏာဖြင့် ဝိပဿနာသို့ တင်၍ ရှုအပ်၏။ လောကုတ္တရာခန္ဓာတို့ကိုကား၊ဝိပဿနာယာဉ်သို့တင်၍ မရှုအပ်ကုန်။

ကော ပန တေသံ ဝိသေသော၊ခန္ဓာ တာဝ အဝိသေသတော ဝုတ္တာ၊
ဥပါဒါနက္ခန္ဓာ သာသဝဥပါဒါနိယဘာဝေန ဝိသေသေတွာ။ ။
ခန္ဓဝိဘင်း-အဋ္ဌကထာ။ ။(၂၉)၊

**ဆောင်ပုဒ်။** ။ဥပါဒါန်အာရုံ၊ဖြစ်လင့်တုံ၊ မှတ်ကုန် ဥပါက္ခန်။
သာမညမူ၊ခန္ဓာဟူ၊မှတ်ယူ-ခန္ဓာမှန်။

## အာယတန ၁၂-ပါးအခွင့်။

၄၄။ ။ဒွါဒသာယတနာနိ-စက္ခာယတနံ,သောတာယတနံ, ဃာနာယတနံ,ဇိဝှါယတနံ။ပ။ဓမ္မာယတနံ။ ။သင်္ဂြိုဟ်ပါဠ်။

အာယတနတို့သည်၊ ၁-စက္ခာယတန၊ ၂-သောတာယတန၊၃-ဃာနာယတန၊ ၄-ဇိဝှါယတန၊၅-ကာယာယတန၊၆-မနာယတန၊ ၇-ရူပါယတန၊ ၈-သဒ္ဒါယတန၊၉-ဂန္ဓာယတန၊ ၁၀ ရသာယတန၊ ၁၁-ဖောဋ္ဌဗ္ဗာယတန၊ ၁၂-ဓမ္မာယတန-ဟူ၍၊ ၁၂-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အာယတန ၁၂-ပါးသရုပ်။

၁ ။စက္ခုပသာဒရုပ်သည်၊စက္ခာယတနမည်၏။

၂။ ။သောတပသာဒရုပ်သည်၊သောတာယတနမည်၏။

၃။ ။ဃာနပသာဒရုပ်သည်၊ဃာနာယတနမည်၏။

၄။ ။ဇိဝှါပသာဒရုပ်သည်၊ဇိဝှါယတနမည်၏။

၅။ ။ကာယပသာဒရုပ်သည်၊ကာယာယတနမည်၏။

၆။ ။ရူပါရုံသည်၊ရူပါယတနမည်၏။

၇။ ။သဒ္ဒါရုံသည်၊သဒ္ဒါယတနမည်၏။

၈။ ။ဂန္ဓာရုံသည်၊ဂန္ဓာယတနမည်၏။

၉။ ။ရသာရုံသည်၊ရသာယတနမည်၏။

၁၀။ ။ပထဝီ,တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်၊ ဖောဋ္ဌဗ္ဗာယတနမည်၏။

၁၁။ ။စိတ်တခုယုတ်ကိုးဆယ်သည်၊မနာယတနမည်၏။

၁၂။ ။စေတသိက်၅၂ပညာသ, သုခုမရုပ် သောဠသ, နိဗ္ဗာန်သည်၊ ဓမ္မာယတနမည်၏။ ။ထို-အာယတန,၁၂-ပါးတို့တွင်၊စက္ခာယတန,သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန-ဤခြောက်ပါးသည်၊ အဇ္ဈတ္တိကာယတနမည်၏။ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန-ဤခြောက်ပါး သည်၊ဗာဟိရာယတနမည်၏။

## အာယတန-အဓိပ္ပါယ်။

အာယတန္တိ-ဃဋေန္တိ-ဝါယမန္တိ ဧတ္ထာတိ အာယတနာနိ။

ဧတ္ထ၊ ဤ-စက္ခု၊ ရူပစသည်တို့၌။ အာယတန္တိ-ဃဋေန္တိ-ဝါယမန္တိ၊ စိတ်၊ စေတသိက်တို့သည် မိမိတို့၏ ကိစ္စဖြင့် အားထုတ်ကြကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့အားထုတ်ရာ ဖြစ်သောသဘောကြောင့်။ အာယတနာနိ၊ အာယတန-မည်ကုန်၏။ ။(ဤအလို-အာ ရှေးရှိသော-ယတ,ဓာတ်၊ ယုပစ္စည်း)။

အာယေ တနောန္တိ-ဝိတ္ထာရေန္တီတိ ဝါ အာယတနာနိ။

ဝါ၊ တနည်းကား။ ယေ၊ အကြင်ဓမ္မတို့သည်။ အာယေ၊ ခွန်တုတ်မသွေ၊ လာဖြစ်လေကုန်သော စိတ်,စေတသိက်တို့ကို။ တနောန္တိ-ဝိတ္ထာရေန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ အာယတနာနိ၊ မည်ကုန်၏။ ။(ဤအလို-အာယသဒ္ဒူပပဒ-တနုဓာတ်)။

အာယတံ သံသာရဒုက္ခံ နယန္တီတိ ဝါ အာယတနာနိ။

ဝါ၊ တနည်းကား။ ယေ၊ တို့သည်။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသာရာဝဋ်ဆင်းရဲသို့။ နယန္တိ၊ ဆောင်တတ်, ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ကြောင့်။ အာယတနာနိ၊ မည်ကုန်၏။ ။(ဤအလို-အာယတသဒ္ဒူပပဒ-နီ,ဓာတ်။ အဓိပ္ပါယ်ပေါ်လွင်ပြီ)။

### ဆောင်ပုဒ်-ဂါထာ။

ဧတ္ထာယတန္တိ အာယေ ဝါ၊ တနောန္တိ အာယတမ္ပိ ဝါ။
နေန္တီတိ ဝစနတ္ထေန၊ ဝုတ္တာ အာယတနာနိမေ။ ။

ဧတ္ထ၊ ဤစက္ခုစသည်တို့၌။ အာယတန္တိ၊ စိတ်,စေတသိက်တို့သည်၊ မိမိတို့၏ ကိစ္စဖြင့် အားထုတ်ကြကုန်၏။ ဝါ၊ ကား။ အာယေ၊ ခွန်တုတ်မသွေ၊ လာဖြစ်လေကုန်သော စိတ်,စေတသိက်တို့ကို။ တနောန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ ဝါ၊ ကား။ အာယတံ၊ ရှည်ကြာမြင့်မြဲ၊ သံသာရာဝဋ်ဆင်းရဲကို။ နေန္တိ၊ ဆောင်တတ်,ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ဝစနတ္ထေန၊ ကြောင့်။ ဣမေ၊ ဤဓမ္မတို့ကို။ အာယတနာနိ၊ ဟူ၍။ ဝုတ္တာ၊ ကုန်၏။

---

## တနည်း-အာယတန၊ အဓိပ္ပါယ်။

တနည်း။ ။၁-နိဝါသဋ္ဌ,၊ ၂-အာကာရဋ္ဌ,၊ ၃-သမောသရဏဋ္ဌ,၊ ၄-သဥ္ဇာတိ ဒေသဋ္ဌ,၊ ၅-ကာရဏဋ္ဌ-ကြောင့်လည်း-အာယတန မည်ကုန်၏။

၁။ ။စိတ်,စေတသိက်တရားတို့သည်၊အစဉ်မပြတ် ဆက်လက်ဖြစ်ပွားသည့်အစွမ်းဖြင့် တည်နေကြကုန်သော်လည်း၊ အခြားသော ရပ်ဌာနတို့၌ တည်နေကြသည်မဟုတ်၊ စက္ခုစသော ဒွါရခြောက်ပါးတို့၌ သာလျှင် တည်နေကြကုန်၏။ဤသို့စိတ်,စေတသိက်တို့၏ တည်ရာ ဖြစ်သောကြောင့် အာယတနမည်ကုန်၏။

၂။ ။ထိုစိတ်, စေတသိက်-တို့သည်၊ အနမတဂ္ဂသံသရာ၊ အနန္တ သတ္တဝါတို့၌ဖြန့်ကြဲ၍ထားအပ်ကုန်ဘိသကဲ့သို့ဖြစ်သော်လည်း၊အခြားရပ်ဌာန၌ ရောပြွမ်းဖြန့်ကြဲ၍ ဖြစ်သည်မဟုတ်ကုန်။ စက္ခုစသည်တို့၌သာလျှင် ဖြန့်ကြဲ၍ထားကုန်ဘိသကဲ့သို့၊ရောပြွမ်းလျက်ဖြစ်ကြကုန်၏။ဤသို့ရောပြွမ်း မှီလှုံရာဖြစ်သောကြောင့်-အာယတနမည်ကုန်၏။

၃။ ။အစာအာဟာရနှင့် အရိပ်သစ်မ်းကို အလိုရှိကုန်သော ငှက် အပေါင်းတို့သည်၊ အသီး,အပွင့်,အရိပ်,အာဝ သတို့နှင့် ပြည့်စုံ၍၊ မြေချမ်း သာသော သစ်ပင်ကြီးတို့၌သာလျှင် တပေါင်းတည်း ကျရောက်ကုန်၍၊ ထိုငှက်အုပ်အပေါင်း၏ကျရာ,ရဝေးနားနေရာဖြစ်သကဲ့သို့၊ထို့ အတူ အာရုံ အရသာကို ခံစားလိုကုန်သော ငှက်နှင့်တူသောစိတ်,စေတသိက်တို့သည်၊ ရူပါရုံစသော အသီး, အပွင့်ရှိရာ-စက္ခုပသာဒစသော သစ်ပင်ကြီးတို့၌ ကျရောက်-ရဝေးကြကုန်၏။ဤသို့ စိတ်,စေတသိက်တို့၏ရဝေးပေါင်းဆုံရာ ဖြစ်သောကြောင့်-အာယတနမည်ကုန်၏။

၄။ ။စိတ်,စေတသိက်တရားတို့သည်၊ တရသောဘဝ၌၎င်း, အနမတဂ္ဂသံသရာ ဘဝအဆက်ဆက်၌၎င်း, အဘန်ဘန် အတူတကွဖြစ်ကြကုန်သည်ရှိသော်၊ အခြားသော ရပ်ဒေသဌာန၌ မဖြစ်ကြကုန်၊ စက္ခုစသော ဒွါရခြောက်ပါး၌သာလျှင် ဖြစ်ကုန်၏။ဤသို့ စိတ်,စေတသိက်တို့၏ နေရာ,ဖြစ်ရာဖြစ်သောကြောင့်-အာယတနမည်ကုန်၏။

၅။ ။သတ္တဝါတို့၏ သန္တာန်၌ စိတ်,စေတသိက်တို့၏ အစဉ်မပြတ် ဆက်ကာ-ဆက်ကာဖြစ်မှုသည်၊အဇ္ဈတ္တိကာယတန, ဗာဟိရာယတန-ဟု ဆိုအပ်သော အာယတန ၁၂-ပါးကြောင့်သာ ဖြစ်ကုန်၏။ ၎င်းအာယ

တနတို့ မရှိကုန်ပါမူ၊စိတ်,စေတသိက်တို့သည် မဖြစ်နိုင်ကုန်ရာ။ဤသို့ စိတ်, စေတသိက်တို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်- အာယတန မည်ကုန်၏။ ။ဟူလို။

**သောင်ပုဒ်-ဂါထာ။**

အပိစ တေ နိဝါသဋ္ဌာ၊အာကရဋ္ဌာ သမောသရာ။
သဉ္ဇာတိဒေသအဋ္ဌေန၊ကာရဏဋ္ဌာ စ ဝုစ္စရေ။ ။

အပိစ၊ ဝစနဋ္ဌမှတပါး၊ ပဒတ္ထာနည်းကား။ တေ၊ ဤစက္ခု,ရူပ-စသည့်တို့ကို။ နိဝါသဋ္ဌာ၊စိတ်,စေတသိက်တို့၏နေရာ ဖြစ်သောကြောင့်ငင်း။ အာကရဋ္ဌာ၊ရောပြွမ်း၍သို့၊အာရုံပြုအပ်သည်၏ အဖြစ်ကြောင့်ငင်း။ သမောသရာ၊ ပေါင်းဆုံရပေးရာ၏ အဖြစ်ကြောင့်ငင်း။ သဉ္ဇာတိ ဒေသ အဋ္ဌေန၊ကောင်းစွာဖြစ်ပွါးရာအရပ်ဟူသော အနက်ကြောင့်ငင်း။ ကာရဏဋ္ဌာစ၊စိတ္တုပ္ပါဒ်တို့၏ အကြောင်း၏အဖြစ်ကြောင့်ငင်း။ အာယတနာဒီ၊ ဟူ၍။ဝုစ္စရေ၊ကုန်၏။

---

## အာယတန ၁၂-ပါးဟောစဉ်။

အဇ္ဈတ္တိကာယတနခြောက်ပါးတို့တွင်၊ ထင်ရှားသည်ဖြစ်၍၊ မှတ်သားလွယ်သောကြောင့်ငင်း,ဘုရားကိုဖူးမြင်ခြင်း-ဒဿနနုတ္တရိယ, တရားတော်ကိုနာခြင်း-သဝနနုတ္တရိယ,တရားဘို့၏အကြောင်းဖြစ်၍၊ ကျေးဇူးများသောကြောင့်ငင်း,စက္ခာယတန,သောတာယတန ၂-ပါးကို ရှေးဦးစွာ မိန့်တော်မူ၏။ထိုနောင်မှ သမ္ပတ္တအာရုံဖြစ်သောကြောင့်-ဃာနစသော သုံးပါးသော အာယတနတို့ကို မိန့်တော်မူ၏။ထိုသုံးပါးတို့တွင်လည်း အာရုံကိုလျင်မြန်စွာယူနိုင်သောကြောင့်-ဃာနာယတနကို ရှေးဦးစွာမိန့်၏၊ထိုနောင် ဃာနာယတနနှင့် တစိတ်တဒေသအဖြစ်ဖြင့် ဖြစ်ရာတူသောကြောင့်-ဇိဝှါယတနကို မိန့်၏၊ ထိုနောင် တကိုယ်လုံးဖြစ်သော သမ္ဘာရနိကဖြစ်သောကြောင့်-ကာယာယတနကိုမိ န့်တော်မူရ၏၊ ငါးပါးသော ပသာဒတို့၏ အာရုံကို ယူနိုင်သောကြောင့်- မနာယတနကို နောက်ဆုံးထား၍ မိန့်တော်မူရ၏။ စက္ခုပိညာဏ် စသည်ဘို့၏ ဖြစ်ခြင်းအကြောင်းကို ပိုင်းခြားသော အားဖြင့်-ဗာဟိရာယတန ခြောက်ပါးအစဉ်ကို ထားတော်မူ၏-ဟုမှတ်။

အစ္ဈတ္တိကာေသု ဟိ အာယတနေသု သန္နိဒဿန သပ္ပဋိဃ
ဝိသယတ္တာ စက္ခာယတနံ ပါကဋန္တိ ပဌမံ ဒေသိတံ။ပ။
အာယမေတေသံ ကမော ဝေဒိတဗ္ဗော။ ။
အာယတနဝိဘင်း-အဋ္ဌကထာ။ ။(၄၀)။

---

**အာယတန ၁၂-ပါးသာ ဟောရသောအကြောင်း။**

အာယတနတို့ကို ခန္ဓာတို့ကဲ့သို့ငါးပါးသာ မဟောပါဘဲ၊ အဘယ့်ကြောင့် ၁၂-ပါးအပြားအားဖြင့် ဟောတော်မူပါသနည်းဟူမူ၊ ။ဒွါရ ခြောက်ပါး, အာရုံခြောက်ပါး-အားလျော်စွာ၊ အာယတန ၁၂-ပါးထား၍ ဟောတော်မူအပ်၏။ ။ဟူလို။ ။(အာယတန၏ဥပမာကို အောက်က ဘွင့်ဆိုခဲ့ပြီ)။

**ဆောင်ပုဒ်။ ။အာရုံ,ဒွါရ၊ယင်းအရ၊မိန့်ဟ ၁၂-ပါး။**

---

**ဓာတ် ၁၈-ပါးအဘွင့်။**

**၄၅။ ။အဋ္ဌာရသ ဓာတုယော-စက္ခုဓာတု, သောတဓာတု, ဃာန ဓာတု။ပ။ဓမ္မဓာတု,မနောဝိညာဏဓာတု။ ။**

သင်္ဂြိုဟ်ပါဠိ။

ဓာတ်တို့သည်၊ ၁-စက္ခုဓာတ်၊ ၂-သောတဓာတ်၊ ၃-ဃာန ဓာတ်၊ ၄-ဇိဝှါဓာတ်၊ ၅-ကာယဓာတ်၊ ၆-ရူပဓာတ်၊ ၇-သဒ္ဒဓာတ်၊ ၈-ဂန္ဓဓာတ်၊ ၉-ရသဓာတ်၊ ၁၀-ဖေါဋ္ဌဗ္ဗဓာတ်၊ ၁၁-စက္ခုဝိညာဏဓာတ်၊ ၁၂-သောတဝိညာဏဓာတ်၊ ၁၃-ဃာန ဝိညာဏဓာတ်၊ ၁၄-ဇိဝှါဝိညာဏဓာတ်၊ ၁၅-ကာယဝိညာဏဓာတ်၊ ၁၆-မနောဓာတ်၊ ၁၇-မနောဝိညာဏဓာတ်၊ ၁၈-ဓမ္မဓာတ်-ဟူ၍ ၁၈-ပါးအပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**ဓာတ် ၁၈-ပါး-သရုပ်။**

၁။ ။စက္ခုပသာဒရုပ်သည်၊စက္ခုဓာတ်မည်၏။
၂။ ။သောတပသာဒရုပ်သည်၊သောတဓာတ်မည်၏။

၃။ ။ဃာနပသာဒရုပ်သည်၊ဃာနဓာတ်မည်၏။
၄။ ။ဇိဝှါပသာဒရုပ်သည်၊ဇိဝှါဓာတ်မည်၏။
၅။ ။ကာယပသာဒရုပ်သည်၊ကာယဓာတ်မည်၏။
၆။ ။ရူပါရုံသည်၊ရူပဓာတ်မည်၏။
၇။ ။သဒ္ဒါရုံသည်၊သဒ္ဒဓာတ်မည်၏။
၈။ ။ဂန္ဓာရုံသည်၊ဂန္ဓဓာတ်မည်၏၊
၉။ ။ရသာရုံသည်၊ရသဓာတ်မည်၏။
၁၀။ ။ပထဝီ,တေဇော,ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်၊ ဖောဋ္ဌဗ္ဗဓာတ်မည်၏။
၁၁။ ။စက္ခုဝိညာဏ်ခွဲ့သည်၊စက္ခုဝိညာဏဓာတ်မည်၏၊
၁၂။ ။သောတဝိညာဏ်ခွေးသည်၊သောတဝိညာဏဓာတ်မည်၏၊
၁၃။ ။ဃာနဝိညာဏ်ခွေးသည်၊ဃာနဝိညာဏဓာတ်မည်၏။
၁၄။ ။ဇိဝှါဝိညာဏ်ခွေးသည်၊ဇိဝှါဝိညာဏဓာတ်မည်၏။
၁၅။ ။ကာယဝိညာဏ်ခွေးသည်၊ကာယဝိညာဏဓာတ်မည်၏။
၁၆။ ။ပဉ္စဒွါရာဝဇ္ဇန်း-၁၊သမ္ပဋိစ္ဆိုင်းခွေးသည်၊မနောဓာတ်မည်၏။
၁၇။ ။ပဉ္စဝိညာဏဓာတ် ၁၀-ပါး။မနောဓာတ် ၃-ပါးမှ ကြွင်းသော စိတ် ၇၆-ပါးသည်-မနောဝိညာဏဓာတ်မည်၏။
၁၈။ ။စေတသိက်ခွေပညာသ,သုခုမရုပ်သောဠသ, နိဗ္ဗာန်သည်-ဓမ္မဓာတ်မည်၏။

ထိုကြောင့်-ရုပ်ဓာတ် ၁၀-ပါး၊ နာမ်ဓာတ် ၇-ပါး၊ ရုပ်,နာမ် ၂-ပါးရောသော၊ ဓမ္မဓာတ်တပါးအားဖြင့်၊ ဓာတ် ၁၈-ပါးဖြစ်၏။ ။တနည်း။ ။ သုဒ္ဓဓာတ်,၉-ပါး၊မိဿကဓာတ် ၉-ပါးအားဖြင့် ၁၈-ပါးဖြစ်၏-ဟုခွဲလေ။

---

## ဓာတ်-အဓိပ္ပါယ်။

### အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော။

အတ္တနော၊မိမိ၏။ သဘာဝံ၊ ဖုသန-စသော သဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ ဓာတုယော၊ဓာတ်မည်ကုန်၏၊ ။(ဤအလို-ဓာ-ဓာတ်,တု-ပစ္စည်း၊ကတ္တုသာဓ်)။

ယထာသမ္ဘဝံ အနေကပ္ပကာရံ သံသာရဒုက္ခံ
ဝိဒဟန္တီတိ ဓာတုယော။ ။

ယာဓမ္မဇာတိယော၊ အကြင်တရားသဘောတို့သည်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည့်အားလျော်စွာ။အနေကပ္ပကာရံ၊များစွာသောအပြားရှိသော။ သံသာရဒုက္ခံ၊သံသရာဝဋ်ဆင်းရဲကို။ ဝိဒဟန္တိ၊ရွက်ပြုတတ်,ရွက်ဆောင် တတ်သို့။ ရပ်ရပ်ထူးတွေ၊ စီရင်ပေလတ်၊ ဖြစ်စေတတ်ကုန်၏၊ ဣတိ၊ ကြောင့်။တာဓမ္မဇာတိယော၊ဘို့သည်။ဓာတုယော၊ကုန်၏။ ။(ဤအလို-ဓာ-ဓာတ်, ဝိဒဟနတ္ထ,တုပစ္စည်း၊ဟေတုကတ္တုသာဓ်)။

အဝသဝတ္တနတော ဒုက္ခဿ ဝိဒဟနံ ဓာတုယော။

တော ဓမ္မဇာတိယော၊ တို့သည်။ အဝသဝတ္တနတော၊ မိမိအလိုသို့ မလိုက်စေနိုင်သည့်၏ အဖြစ်ကြောင့်။ ဒုက္ခဿ၊ဆင်းရဲကို။ ဝိဒဟနံ၊စီရင် ခြင်းမျှသည်။ဟောန္တိ၊ကုန်၏။ ဣတိ-ကြောင့်။ဓာတုယော၊ ဓာတ်မည်ကုန် ၏။ ။(ဤအလို-ဓာ-ဓာတ်,ဝိဒဟနတ္ထ၊တု-ပစ္စည်း၊ဘာဝသာဓ်)။

ဘာရဟာရေဟိ ဝိယ ဘာရော သတ္တေဟိ
ဓိယန္တိ ဓာရိယန္တီတိ ဓာတုယော။

ဘာရဟာရေဟိ၊ဝန်ထမ်းယောကျ်ားတို့သည်။ဘာရော၊ဝန်ကို။ ဓာရီယတိဝိယ၊ ဆောင်အပ်သကဲ့သို့၊ သတ္တေဟိ၊သတ္တဝါတို့သည်။ ဓိယန္တိ-ဓာရိယန္တိ၊ဆောင်အပ်ကုန်၏။ ဣတိ-တသ္မာ၊ဤသို့ဆောင်အပ်သော သတ္တိ ကြောင့်။ ဓာတုယော၊ ကုန်၏။ ။(ဤအလို-ဓာ-ဓာတ် တုပစ္စည်း၊ ကမ္မ သာဓ်)။

သတ္တေဟိ သံသာရဒုက္ခံ အနုဝိဓီယတိ ဧတာဟီတိ ဓာတုယော။

ဧတာဟိဓမ္မဇာတိဟိ၊တို့ဖြင့်။ သတ္တေဟိ၊တို့သည်။ သံသာရဒုက္ခံ၊ကို။ အနုဝိဓီယတိ၊ အဘန်တလဲလဲ ပြုပြင်စီရင်အပ်၏။ဣတိတသ္မာ၊ဤသို့စီရင် ကြောင်း ဖြစ်သောသတ္တိကြောင့်။ ဓာတုယော၊ ကုန်၏။ ။(ဤအလို-ဓာ-ဓာတ်,တုပစ္စည်း၊ကရဏသာဓ်)။

တထာ-ဝိဟိတံ ဓီယန္တိ-ထပီယန္တိ ဧတာသူတိ ဓာတုယော။

ဧတာသု၊ ထိုစက္ခုစသော တရားသဘောတို့၌။ တထာ ဝိဟိတံ၊ အကြောင်း၏ အဖြစ်ဖြင့်၊ ပြုအပ်, စီရင်အပ်သော သံသရာဆင်းရဲကို။

ဓိယန္တိ-ထပီယန္တိ၊ထားအပ်ကုန်၏။ ဣတိတသ္မာ၊ဤသို့ ထားရာဖြစ်သော သတ္တိကြောင့်။ ဓာတုယော၊ကုန်၏။ ။(ဤအလို-ဓာ-ဓာတ် တုပစ္စည်း၊ အဓိကရဏသာဓ်)။

## ဓာတုယော ဝိယာတိ ဓာတုယော။

ဓာတုယောဝိယ၊ဥဇ္ဈာဝယဝဖြစ်၍၊သေလာဝယဝဆေးဒန်းမြင်းသိ လာစသော ကျောက်ဓာတ်တို့ အလားတို့တည်း။ ဝါ ကိုယ်အစ္စဘော၏ အစိတ်ဓာတ်တို့တည်း။ ဣတိ၊ကြောင့်၊ဓာတုယော၊ကုန်၏။ ။အဓိပ္ပါယ် လွယ်ပြီ။ ။(ဤအလို-ဥပမာတဒ္ဓိတ်ပုဒ်)။

## ဆောင်ပုဒ်-ဂါထာ။

ဝိဒဟန္တိ ဝိဓာနံ ဝါ၊တေဟိ ဝါ ဝိဓိယတိ။
ဓာရိယန္တိ-ထပီယတိ၊တေသု ဝါတိ ဓာတုယော။ ။
ဓာရေန္တိ ဓာတူဝိယဝါ၊သရီရာဝယဝါပိဝါ။
နိဇ္ဇီဝမတ္တဋ္ဌေနာပိ၊ဓာတုယော ဣတိ ဘာသိတာ။ ။

ယာဓမ္မဇာတိယော၊ တို့သည်။ ဝိဒဟန္တိ၊ ရွှေကိုပြုတတ်၊ရွှေကျောက် ဓာတ်သို့၊ရပ်ရပ်များဖြင်၊ဆင်းရဲအင်ကို၊စီရင်တတ်ကုန်၏။ ဝါ၊ကား။ဝိဓာနံ၊ ဆင်းရဲကို စီရင်ခြင်းမျှသာတည်း။ ဝါ၊ ကား။ တေဟိ၊ ထိုစက္ခုစသည် တို့ဖြင့်။ ဝိဓိယတိ၊ သတ္တဝါတို့သည် သံသရာဆင်းရဲကို စီရင်အပ်၏။ ဝါ၊ ကား။ ဓာရိယန္တိ၊သတ္တဝါတို့သည်ဆောင်အပ်ကုန်၏၊ ဝါ၊ကား၊တေသု၊ ထိုစက္ခုစသည်တို့၌။ ထပီယတိ၊ သံသရာဒုက္ခကိုထားအပ်၏။ဣတိ၊ဤသို့ သတ္တိငါးပါးကြောင့်။တာဓမ္မဇာတိယော၊တို့သည်။ ဓာတုယော၊ဓာတ်မည် ကုန်၏။ ဝါ၊ကား။ဓာရေန္တိ၊မိမိသဘောကိုဆောင်တတ်ကုန်၏။ဝါ၊ကား။ဓာ တူဝိယ၊ ဥဇ္ဈာဝယဝဖြစ်၍၊သေလာဝယဝ၊ဆေးဒန်းမြင်းသိလာစသော ကျောက်ဓာတ်တို့ အလားတည်း။ ဝါ၊ ကား။ သရီရာဝယဝါ၊ ကိုယ်အစ္စ ဘော၏ အစိတ်ဓာတ်တို့တည်း။ ဣတိ၊ကြောင့်။ ဓာတုယောဣတိ၊ဟူ၍။ ဘာသိတာ၊ ကုန်၏။ နိဇ္ဇီဝမတ္တဋ္ဌေနာပိ၊ အသေမျှသာ ဖြစ်သော အနက် ကြောင့်လည်း။ ဓာတုယောဣတိ၊ဟူ၍။ဘာသိတာ၊ကုန်၏။

## ဓာတ် ၁၈-ပါးတို့၏ဥပမာ။

ဓာတ် ၁၈-ပါးကို သုံးပါး-သုံးပါးအားဖြင့် ပိုင်းခြားမှတ်သားအပ်၏။ ။ မှတ်သားဟန်ကား....စက္ခုဓာတ်ကို စည်ကြီး ပြင်ကဲ့သို့, ရူပဓာတ်ကို စည်လက်ခတ်ကဲ့သို့, စက္ခုဝိညာဏဓာတ်ကို စည်ကြီး မြည်သံကဲ့သို့ ရှုအပ်၏။ ။တနည်း....စက္ခုဓာတ်ကို ကြေးမုံအပြင်ကဲ့သို့, ရူပဓာတ်ကို မျက်နှာကဲ့သို့, စက္ခုဝိညာဏဓာတ်ကို မျက်နှာအရိပ်ကဲ့သို့ ရှုအပ်၏။ ။ တနည်း....စက္ခုဓာတ်ကို၊ ကြံချောင်း,နှမ်းစေ့ကဲ့သို့,ရူပဓာတ်ကို ကြံသွစ် ယန္တရားစက်-ဆီပွတ်ကဲ့သို့, စက္ခုဝိညာဏဓာတ်ကို ကြံရည်, ဆီကဲ့သို့ ရှုအပ်၏။ ။တနည်း....စက္ခုဓာတ်ကို၊ ပွတ်ခုံကဲ့သို့,ရူပဓာတ်ကို ပွတ်ကျည်ကဲ့သို့, စက္ခုဝိညာဏဓာတ်ကို မီးကဲ့သို့, ရှုအပ်၏။ ကြွင်းသော သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်, စသည်တို့ကိုလည်း ဤသို့ ဥပမာနှင့်စပ်သောအားဖြင့် ရှုအပ်ကုန်၏။

မနောဓာတ်ကား၊ ပဉ္စဝိညာဏဓာတ်၏ ရှေ့သွား, နောက်လိုက်ဖြစ်၏။ ဓမ္မဓာတ်၌ ဝေဒနာစေတသိက်သည်၊ သံတံကျင်နှင့်တူ၏။ ကြွင်းစေတသိက် ဇေကပညာသသည်၊ တံကျင်လျှိုခံရသော သူနှင့်တူ၏။ သုခုမရုပ် သောဋ္ဌသသည်၊အထူးထူးအပြားပြား ဖြစ်စေတတ်သော သဘောရှိသော ကြောင့် သင်တုံးစက်နှင့် တူ၏။ နိဗ္ဗာန်သည်ကား ဘေးမရှိရာ အရပ်နှင့် တူ၏။ မနောဝိညာဏဓာတ်သည် တောမျောက်နှင့် တူ၏။ တောမျောက် သည် သစ်ကိုင်းကို ကူးသောအခါ တကိုင်းကိုမှီရမှ တကိုင်းကို လွှတ် သကဲ့သို့၊မနောဝိညာဏဓာတ်သည်လည်း တပါးသောအာရုံကို ယူပြီးမှ၊ တပါးသောအာရုံကို ယူနိုင်၏။ အာရုံနှစ်ပါးကို တပြိုင်နက် မယူနိုင်။

ဝိသေသတော ပနေတ္ထ ဘေရိတလံ ဝိယ စက္ခုဓာတု ဒဋ္ဌဗ္ဗာ။
ဒဏ္ဍောဝိယ ရူပဓာတု။သဒ္ဒေါ ဝိယ စက္ခုဝိညာဏဓာတု။ပ။
မနောဝိညာဏဓာတု ဂဟိတာရမ္မဏံ မုဉ္စိတွာပိ အညံ
ဂဟေတွာဝ ပဝတ္တနတော မက္ကဋော ဝိယ။ ။

ဓာတုဝိဘင်း-အဋ္ဌကထာ။ ။(၇၀)။

## ဓာတ် ၁၈-ပါး-ဟောစဉ်။

ဤဓာတ် ၁၈-ပါးဟောစဉ်ကား၊ ပိဋကပါဠိတော်၌-

"စက္ခုဓာတု,ရူပဓာတု,စက္ခုဝိညာဏဓာတု၊
သောတဓာတု,သဒ္ဒဓာတု,သောတဝိညာဏဓာတု"

စသည်ဖြင့်လာရှိ၏။အဋ္ဌကထာဆရာကား၊ ဤသင်္ဂြိုဟ်ကျမ်း၌။ ။ "စက္ခုဓာတု,သောတဓာတု,"စသည်ဖြင့် ရေးသားမိန့်ဆိုတော် မူသဖြင့်၊ အစဉ်တမျိုးစီဖြစ်၏။ ထိုဖြစ်၍၊ပိဋကပါဠိတော်အရဆိုသော်·စက္ခုဓာတ်, ရူပဓာတ်တို့ကို အကြောင်းပစ္စည်းတရားများဖြစ်ကြ၍ ရှေးဦးစွာ ဟော တော်မူ၏။ စက္ခုဝိညာဏဓာတ်ကို အကျိုးပစ္စယုပ္ပန်တရားဖြစ်၍ နောက် ထား၍ ဟောတော်မူ၏။ ။(ကြွင်းနည်းတူသိ)။

သင်္ဂြိုဟ်ကျမ်းအရဟောစဉ်ကား… အဇ္ဈတ္တ, ဗဟိဒ္ဓ,အာရုံ, အာရမ္မဏိက, နိဿယ, နိဿိတ,တို့ကို ပိုင်းခြားတော်မူ၍၊ ဤအစဉ်အားဖြင့် မိန့်ဆိုတော်မူသည်-ဟုမှတ်။

**ဆောင်ပုဒ်။** ။ကြောင်းကျိုးနှစ်ပါး၊အစဉ်အား၊ဟောကြားပါဠိဝယ်။
အဇ္ဈ,ဗဟိဒ်၊စသည်ဟိတ်၊မိန့်ရိပ်သင်္ဂြိုဟ်ဝယ်။

---

## ဓာတ် ၁၈-ပါးသာ ဟောသောအကြောင်း။

ဤဓာတ်တို့ကို ၁၈-ပါးသာ အပြားထား၍အဘယ့်ကြောင့်ဟောကြား တော် မူအပ်ပါသနည်း၊ အာယတနတို့ကဲ့သို့၊ ၁၂-ပါးသာ ဟောတော်မူ အပ်သည်မဟုတ်ပါလော-ဟူမူ။ ။မနာယတနသည်၊သတ္တဝိညာဏဓာတ် ၏ အစွမ်းအားဖြင့်၊ ၇-ပါးပြားသောကြောင့် ဓာတ်အရာ၌ ၁၈-ပါးအပြား အားဖြင့် ဟောကြားတော်မူအပ်၏။ ။ထိုသို့ဖြစ်ပါက၊ထိုထိုသုတ္တန်,အဘိ ဓမ္မာဒေသနာတော်တို့၌၊ "အာဘာဓာတု, သုဘာဓာတု"စသည်ဖြင့် လာရှိ သော အတိုင်း၊ ၁၈-ပါးထက် အလွန်အားဖြင့် ဟောသင့်သည်မဟုတ်ပါ လောဟူမူ၊ ။မဟောသင့်။အကြောင်းသော်ကား၊ထိုအလုံးစုံသော ဓာတ် တို့သည်၊ဤဓာတ်၁၈-ပါး၌အကျုံးဝင်ပြီးဖြစ်သောကြောင့်တည်း။

သဘာဝတော ဝိဇ္ဇမာနာနံ သဗ္ဗဓာတူနံ တဒင်္ဂေဿဝဂ္ဂေတွာ အဋ္ဌာ ရသေဝ ဝုတ္တာ။ ။ဓာတုဝိဘင်း-အဋ္ဌကထာ။ ။(၆၈)။

**ဆောင်ပုဒ်။** ။မနာ ယတနာ၊ သတ္တဓာ၊ ခွဲကာ ၁၈-ပါး။
ခပ်သိမ်းဓာတ်ကို၊သိမ်းကျုံးဆို၊မိန့်ထို ၁၈-ပါး။

---

**သစ္စာလေးပါး-အဘွင့်။**

**၄၆။ ။စတ္တာရိ အရိယ သစ္စာနိ-ဒုက္ခံအရိယသစ္စံ, ဒုက္ခသမုဒယော အရိယသစ္စံ,ဒုက္ခနိရောဓော အရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။** ။သင်္ဂြိုဟ်ပါဠိ။

အရိယသစ္စာ တို့သည်၊ ၁-ဒုက္ခ အရိယသစ္စာ၊ ၂-သမုဒယ အရိယ သစ္စာ၊ ၃-ဒုက္ခနိရောဓအရိယသစ္စာ၊ ၄-ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယ သစ္စာ,ဟူ၍လေးပါးအပြားရှိကုန်၏။ ။ဟူလို။ ။ဤကား-ဝိဂ္ဂဟတ္ထ။

---

**သစ္စာလေးပါး-သရုပ်။**

၁။ ။လောဘ်ကြွနှင့်စပ်သော ရုပ် ၂၈-ချ၊လောကီစိတ် ၈၁-ချ၊လောဘကြည့် သောစေတသိက် ၅၁-ချ၊ဤဝန်တရားတို့သည်-ဒုက္ခသစ္စာမည်ကုန်၏။ ။ (လောဘ်ကြွမထိုက်သော အနိန္ဒြိယဗဒ္ဓရုပ်များကား၊ဒုက္ခသစ္စာမမည်)။

၂။ ။ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာဟူသော လောဘစေတ သိက်သည်-သမုဒယသစ္စာမည်၏။

၃။ ။ဒုက္ခ, သမုဒယ ၂-ပါးတို့၏ ချုပ်ရာ, ချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သည်-နိရောဓသစ္စာမည်၏၊

၄။ ။နိရောဓသို့ရောက်ကြောင်း မဂ်,စိတ်လေးခုတို့၌ရှိသော၊ လော ကုတ္တရာမဂ္ဂင် ၈-ပါးသည်-မဂ္ဂသစ္စာမည်၏။

---

**အရိယ,သစ္စပုဒ်၏ဝစနတ္ထ။**

**အရိယန္တိ-ဉာယန္တိ ဗုဒ္ဓါဒိဟိတိ အရိယာနိ။**

ဗုဒ္ဓါဒိဟိ၊ ဘုရားစသော မြတ်သော ပုဂ္ဂိုလ်တို့သည်။ အရိယန္တိ၊ ဉာယန္တိ၊သိအပ်ကုန်၏။ဣတိ၊ထိုသို့သိအပ်သောသတ္တိကြောင့်။အရိယာနိ၊ အရိယ-မည်ကုန်၏။

အဓိပ္ပါယ်ကား....သစ္စာလေးပါး တရားတို့သည်၊ အရိယမည်သော ဘုရားစသော ပုဂ္ဂိုလ်မြတ်တို့ သိအပ်သောကြောင့်-အရိယ,မည်ကုန်၏၊ ။ ဟူလို၊ ။(ဤအလို-အရ-ဓာတ်,ဏျပစ္စည်း)။

အရယော ဟနန္တီတိ အရိယာနိ။

အရယော၊ကိလေသာတည်းဟူသောရန်သူ၊ဝါ၊သံသရာအကန့်တို့ကို။ ဟနန္တိ၊ပယ်ဖျက်ချတ်ထွင်၊ သုတ်သင်တတ်ကုန်၏။ ဣတိ၊ကြောင့်။ အရိယာနိ၊မည်ကုန်၏။ ။(ဤအလို-အရ-ပုဒ်,ဣယပစ္စည်း၊တဒ္ဓိတ်ပုဒ်)။

အရိယံ ကရောန္တီတိ အရိယာနိ။

အရိယံ၊အရိယာအဖြစ်ကို။ ကရောန္တိ၊ပြုတတ်ကုန်၏၊ ဣတိ၊ကြောင့်။ အရိယာနိ၊အရိယ-မည်ကုန်၏။ ။(ဤအလို-အရိယကရဓိုလိုလျက်၊ကရ နောက်ပုဒ်ကြေ)။

အဓိပ္ပါယ်ကား....အရိယာဓာတ်၊ မြတ်သောအဖြစ်သို့ ရောက်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဤသစ္စာလေးပါးကို ထိုးထွင်း၍သိတော်မူကြသောကြောင့်သာ၊ ရောက်နိုင်ကြရကား-သစ္စာလေးပါးတို့သည် အရိယာအဖြစ်ကိုပြုတတ်သည်မည်ကုန်၏။ ။ဟူလို။

သစ္စ-သဒ္ဒါကား၊တစ္ဆတ္ထဝါစကအနိပ္ဖန္နပုဒ်ဖြစ်၍၊ ဝိဂြိုဟ်-မပြုကောင်း။ တနည်း-ပြုလိုသော်ကား။

သတနံ သစ္စံ။ ။သရန္တိ-ဟိံသန္တိ ပါပဓမ္မာနီတိ ဝါ သစ္စာနိ။ ။ ဟူပြု။ ။သတနံ၊ မှန်ကန်ခြင်း။ သစ္စံ၊မှန်ကန်ခြင်း။ ။ဝါ၊ တနည်းကား။ ပါပဓမ္မာနိ၊အကုသိုလ်တရားတို့ကို။ သရန္တိ-ဟိံသန္တိ၊ ပယ်ဖျက်တတ်ကုန်၏။ဣတိ၊ကြောင့်။ သစ္စာနိ၊ သစ္စာ-မည်ကုန်။ ။(ဤအလို-သရဓာတ်၊ ဟိံသနတ္ထ,ရစ္စ-ပစ္စည်း)။

သရန္တိ တစ္ဆာဝိပရီတတော ဂစ္ဆန္တိ-ပဝတ္တန္တိ တိ သစ္စာနိ။

တစ္ဆာဝိပရီတတော၊မဘောက်မပြန်၊ မှန်သောအားဖြင့်။ သရန္တိ၊ဂစ္ဆန္တိ ပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ သစ္စာနိ၊သစ္စာမည်ကုန်၏။ ။ (ဤအလို-သရဓာတ်,ဂတျတ္ထ,ရစ္စ-ပစ္စည်း)။

အရိယာနိ စ တာနိ သစ္စာနိ စာတိအရိယသစ္စာနိ။

အရိယာနိစ၊မြတ်စွာဘုရားစသည်တို့သည် သိအပ်ကုန်သည်လည်း။ ဝါ၊ကိလေသာတည်းဟူသောရန်သူ,သံသရာအကန့်တို့ကို ပယ်ဖျက်တတ်

ကုန်သည်လည်း။ ဝါ၊ အရိယာအဖြစ်ကို ပြုတတ် ကုန်သည်လည်း။ ဝါ၊ မဖောက်မပြန်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။တာနိ၊ ဟူသည်။ သစ္စာနိစ၊သစ္စာ-တို့သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိ၊ ကြောင့်။ အရိယသစ္စာနိ၊အရိယသစ္စာ-မည်ကုန်၏။

ဝိဘင်းအဋ္ဌကထာဆရာကား။ ။"အရိယေဟိ ပဋိဝိဇ္ဈိတဗ္ဗာနိ သစ္စာနိ အရိယသစ္စာနိ။ ။အရိယဿ သစ္စာနိ အရိယသစ္စာနိ။ ။အရိယဘာဝဿ ကာရကာနိ သစ္စာနိ အရိယသစ္စာနိ"ဟုမဇ္ဈေလောပတပ္ပုရိသ်သမာသ် ပြုတော်မူ၏။

အဓိပ္ပါယ်ကား....အရိယာအဖြစ်ကိုပြုတတ်သော, အရိယာတို့သည် ထိုးထွင်း၍သိအပ်သော,မဖောက်မပြန်မှန်သော သဘောသည် အရိယသစ္စာမည်၏။ ။ဟူလို။

ဤ၌မဖောက်မပြန် မှန်ပုံကား....ဒုက္ခ သစ္စာသည်၊ နှိပ်စက်တတ်၏။ သမုဒယသစ္စာသည်၊ ဒုက္ခ၏ အကြောင်းဖြစ်၏။နိရောဓသစ္စာသည်၊ဘေး ဒုက္ခအပေါင်းတို့၏ လွတ်ရာ, ထွက်မြောက်ရာ ဖြစ်၏။ မဂ္ဂသစ္စာသည်၊ သံသရာမှထုတ်ဆောင်တတ်၏။ရင်းဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ-တို့မှတပါး သောတရားတို့သည်နှိပ်စက်တတ်သောအဖြစ်စသည်မရှိ။ ဤသို့မဖောက် မပြန်မှန်ကန်သောကြောင့် သစ္စာမည်၏။

တနည်း။ ။ဒုက္ခသစ္စာ၏သဘောသည်-နှိပ်စက်တတ်သော သဘောသာရှိ၏။မနှိပ်စက်တတ်သော သဘောရှိသော ဒုက္ခမည်သည်မရှိ။ပ။ မဂ္ဂသစ္စာ၏သဘောသည်လည်း၊သံသရာမှ ထုတ်ဆောင်တတ်၏။ သံသရာမှ မထုတ်ဆောင်တတ်သော သဘောရှိသော မဂ္ဂသစ္စာမည်သည်မရှိ။ ဤသို့ သဘောအားဖြင့်၊ မဖောက်မပြန် မှန်ကန်သော ကြောင့်လည်း-သစ္စာ မည်၏-ဟုမှတ်။

ဗောဓနူရူပံ စတ္တာရော၊ဆိန္နွန္တေ စတုရော မလေ၊
ဝိဏာဒေါသေ စ စတ္တာရော၊သာဓေန္တာ ဒိုယပုဂ္ဂလေ။ ။
အညတ္ထ ဗာဓကတ္တာဒိ၊နဟိ ဇာတေဟိ လဗ္ဘတိ။
န ဗာဓကတ္တမေတေသံ၊တစ္ဆာနေတာနိ ဝေ တတော။ ။

ပေါရာဏ-ကထာ။

ဗောဓာနုရူပံ၊ သစ္စာလေးပါးတရားကို သိသည်အားလျော်စွာ။ စတ္တာရော-စတ္တာရိ၊ ၄-ပါးသော သစ္စာတို့သည်။ မလေ၊ ကိလေသာတည်းဟူသော အညစ်အကြေးတို့ကို။ ဆိန္ဒန္တေ၊ ဖြတ်တတ်ကုန်သော။ စတုရောစ၊ လေးယောက်သောမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုရင်း။ ခီဏာဒေါသေ၊ ကုန်သောကိလေသာတည်းဟူသော အပြစ်ရှိကုန်သော။ စတ္တာရော၊ လေးယောက်ကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ် တို့ကိုရင်း။ ဣတိ၊ ဤသို့။ အရိယပုဂ္ဂလေ၊ အရိယပုဂ္ဂိုလ်တို့ကို။ သာဓေန္တိ၊ ပြီးစေကုန်၏။ ။ဧတေဟိ၊ ထိုဒုက္ခအစရှိသည်တို့မှ။ အညတ္ထ၊ တပါးသောတရားတို့၌။ ဗာဓကတ္တာဒိ၊ နှိပ်စက်တတ်သည်၏ အဖြစ် အစရှိသည်ကို။ နဟိလဗ္ဘတိ-နလဗ္ဘတေဝ၊ မရအပ်သည် သာတည်း။ ဧတေသံ၊ ထိုဒုက္ခအစရှိသည်တို့၏။ အဗာဓကတ္တံ၊ မနှိပ်စက်တတ်သည်၏အဖြစ်အစရှိသည်လည်း။ နဟောတိ၊ မဖြစ်။ တတော-တသ္မာကာရဏာ၊ ကြောင့်။ ဧတာနိ၊ ထိုသစ္စာလေးပါး တရားတို့သည်။ ဧ-ဧကန္တေန၊ စင်စစ်သဖြင့်။ တစ္ဆာနိ၊ မှန်ကုန်၏။

---

**သစ္စာလေးပါး-အဓိပ္ပါယ်။**

ဒု-ကုစ္ဆိတတ္တ တံ ခတ္တာတိ ဒုက္ခံ။

ယံ အရိယသစ္စံ၊ အကြင်အရိယသစ္စာသည်။ ဒု-ကုစ္ဆိတတ္တ၊ ရွံဘွယ် အစစ်၊ စက်ဆုပ်စရာဖြစ်သည်လည်း။ ဟောတိ၊ ၏။ တံ၊ ဟူသည်။ ခတ္တ၊ အနှစ် သာရမရှိ၊ အချည်းနှီးသည်လည်း။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဒုက္ခံ၊ ဒုက္ခ-မည်၏။

**မှတ်ချက်။** ။ဒုက္ခံ-ဟူသောပုဒ်၌။ ဒု-ပုဒ်-ခံ-ပုဒ်,ဖြစ်၍၊ ဒု-သဒ္ဒါသည်၊ ဒုပုတ္တော အစရှိသောပုဒ်ကဲ့သို့၊ ကုစ္ဆိတ-အနက်ကို ဟော၏၊ ခံ-သဒ္ဒါသည်လည်း၊ ခေ နိမ္မိတော စသောပါဌ်ကဲ့သို့၊ အနှစ်သာရမရှိ, အချည်းနှီးဟူသောအနက်ကိုဟော၏။

အဓိပ္ပါယ်ကား....ဇာတိစသော ဆင်းရဲခြင်းဒုက္ခ ၁၂-ပါးကိုပွါးတတ်သောကြောင့် စက်ဆုပ်စရာ ဖြစ်ရကား၊ ဒု-လည်းမည်၏၊ နိစ္စ,ဓုဝ,အတ္တ,သာရ-ရှာဘွေ၍ မရသောကြောင့်၊ အချည်းနှီးဖြစ်ရကား၊ ခံ-လည်းမည်၏။ ထိုစက်ဆုပ်အပ်သော အနက်ကြောင့်ရင်း,အချည်းနှီး အနက်ကြောင့်ရင်း, ဒုက္ခမည်၏။ ။ဟူလို။

ဒုက္ခတိ အယံသဒ္ဒေါ ကုစ္ဆိတေ ဒိဿတိ၊ခံသဒ္ဒေါ
ပန တုစ္ဆေ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၇၂)။
ကုစ္ဆိတတ္တာ တုစ္ဆတ္တာ စ ဒုက္ခံ။ ။ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။
ကုစ္ဆိတံ ခံ ဒုက္ခံ၊ ဂါရယှံ ဟုတွာ အသာရတ္တာ အဌေ္ဌာ။
မဟာဋီကာ။ ။(၁၆၁)။

ဤ၌ ဒုက္ခ-အရ၊ ဒုက္ခ ၁၂-ပါးဟူသော်ကား၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ, အပ္ပိယေဟိ သမ္ပယောဂ, ပိယေဟိ ဝိပ္ပယောဂ,ဣစ္ဆိတာလာဘဒုက္ခ, သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓဒုက္ခ ဟူ၍ ၁၂ ပါးဖြစ်၏။ ထိုမှတပါး၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ, ပဋိစ္ဆန္နကဒုက္ခ, အပ္ပဋိစ္ဆန္နကဒုက္ခ, ပရိယာယဒုက္ခ, နိပ္ပရိယာယဒုက္ခ,ဂဏ္ဍာဒိမူလကဒုက္ခ, စသောဒုက္ခအများရှိလေ၏။ ၎င်းအလုံးရုံသည်၊ ဒုက္ခမည်၏-ဟုမှတ်။

---

## သမုဒယသစ္စာ-အဓိပ္ပါယ်။

သမုဒယ-ဟူသောပုဒ်ဝယ်၊ပုဒ်ကိုစိစစ်ထုတ်လိုက်သော်၊ သံ-ပုဒ်,ဥ-ပုဒ်, အယ-ပုဒ်,အားဖြင့်သုံးပုဒ်ဖြစ်၏။ သံ-သဒ္ဒါကား"သမာဂမော, သမေတံ" အစရှိသောပုဒ်များကဲ့သို့၊အဝိဇ္ဇာစသော တပါးသောအကြောင်းနှင့်ပေါင်းယှဉ်သောသံယောဂ-အနက်ကိုဟော၏။ ဥ-သဒ္ဒါကား "ဥပ္ပန္နံ,ဥဒိတံ" အစရှိသော ပုဒ်တို့ကဲ့သို့၊ဒုက္ခ ၁၂-ပါးတို့၏ဖြစ်ခြင်းဥပ္ပတ္တိ-အနက်ကိုဟော၏။ အယ-သဒ္ဒါကား၊အကြောင်းဟူသော ကာရဏအနက်ကိုဟော၏။ဒ-ကား အာဂံ။

အတ္တနော ဖလနိပ္ဖါဒနေန အယတိပဝတ္တတိ ဇာတိဘာဝ
အယော။သံယောဂေ သတိ ဥပ္ပတ္တိယာ အယောသမုဒယော။ ။

ဇာတော၊ထိုအကြောင်းတရားကြောင့်။အတ္တနော၊မိမိ၏။ဖလနိပ္ဖါဒနေန၊ အကျိုးကို ပြီးစေသောအားဖြင့်။ အယတိ-ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့အကျိုး၏ ဖြစ်ကြောင်းဖြစ်သောကြောင့်။ အယော၊ အယ-မည်၏။ ။သံယောဂေ၊ အဝိဇ္ဇာစသော တပါးသောအကြောင်းတရားနှင့် ပေါင်းယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ ဥပ္ပတ္တိယာ၊ အကျိုး ဖြစ်ခြင်း၏။ အယော၊ အကြောင်းတရားတည်း။ ဣတိ၊ကြောင့်။ သမုဒယော၊ သမုဒယ မည်၏။ ။(ဤကား-အဋ္ဌကထာဆရာ၏ အလိုတော်ကျ ဝစနတ္ထတည်း)။

ဒုက္ခံ သမုဒေတိ ဧတသ္မာတိ သမုဒယော။
ဒုက္ခဿ သမုဒယော ဒုက္ခသမုဒယော။

ဧတသ္မာ၊ ထိုအကြောင်းတရားကြောင့်။ ဝါ။မှ။ ဒုက္ခံ၊ဒုက္ခသည်။ သမုဒေတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ၊ထိုသို့ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမုဒယော၊မည်၏။ ။ဒုက္ခဿ၊၏၊သမုဒယော၊ဖြစ်ကြောင်းသည်။ ဒုက္ခသမုဒယော၊မည်၏။

ဤကား၊ဋီကာကျော်ဆရာအလိုတည်း။ဋီကာကျော်ဆရာကား၊ဥ-သဒ္ဒါ အနက်မရှိ၊ အနတ္ထက ကြံတော်မူ၏။ အချို့ဆရာတို့ကား-ဥဒ-သဒ္ဒါဟုကြံ တော်မူကြကုန်၏။

အဓိပ္ပါယ်ကား....ဤဒုတိယ ဖြစ်သော သမုဒယ သစ္စာသည်၊ ကံ-အဝိဇ္ဇာ,ဒိဋ္ဌိ-အစရှိသော အကြောင်းဘရားတို့၏ ပေါင်းယှဉ် လတ်သော်၊ ဒုက္ခအမျိုးမျိုးကို ဖြစ်စေတတ်သောကြောင့် တဏှာလောဘသည်၊ ဒုက္ခ သမုဒယသစ္စာမည်၏။ ။ဟူလို။

ဤဒုက္ခကိုဖြစ်စေရာဝယ်၊အကြောင်းတရားများကား-လောဘ, အဝိဇ္ဇာ, ဒိဋ္ဌိ,စသော တရားများလည်းဖြစ်ကြ၍၊ယင်းတရားတို့ကို-သမုဒယ-ဟုမဆို ပါဘဲ၊တဏှာလောဘကိုအဘယ့်ကြောင့်ဒုက္ခသမုဒယ-ဟု ဆိုအပ်ပါသ နည်း-ဟူမူ။ ။ထိုတွင်၊ အဝိဇ္ဇာသည်၊ ဘဝ-စသည်တို့၏ အပြစ်ကို ဖုံးလွှမ်းရုံအကြောင်းမျှသာဖြစ်၏။ဒိဋ္ဌိကား၊တဏှာပွားခြင်း၏အကြောင်းမျှ သာဖြစ်၏ တဏှာသည်သာ၊ထိုထိုသော ဘဝ,ယောနိ,ဂတိ-စသည်တို့၏ ဆန်းကြယ်ခြင်းကို တောင့်တတတ်, စီမံတတ်၏။ ဆန်းကြယ်သော ကံ၏ မှီရာဖြစ်၏ ထို့ကြောင့်၊တဏှာသည်သာလျှင် ဒုက္ခ၏ထူးသောအကြောင်း တရားဖြစ်၍၊ဒုက္ခသမုဒယသစ္စာ-ဟု ဆိုအပ်ပါသတည်း။ ။ယင်းတဏှာ လောဘတည်းဟူသော ဝိသေသအကြောင်း တရားသည်လည်း၊ ကြွင်း သော အဝိဇ္ဇာစသော သာမညအကြောင်းတရားတို့နှင့်ယှဉ်မှသာ ဒုက္ခအ မျိုးမျိုးဖြစ်ရန် မှတ်တတ်,ပိုင်းခြားတတ်၏။

ဈာဒဍ္ဍာပိ ဒုတိယသစ္စံ အဝသေသပစ္စယသမာယောဂေ
သတိ ဒုက္ခသမုပ္ပတ္တိကာရဏံ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၃၈)။

ဒုက္ခဟေတုပဝိဿသတ္တာ၊တိဿော တဏှာ သမုဒယော။
အပဝဂ္ဂေါဒိဓမ္မာ ပန၊ပဋိနိဿဒါဒိမဂ္ဂကာ။ ။

ဒုက္ခဟေတု ပဝိဿသတ္တာ၊ ဒုက္ခသစ္စာ၏ အကြောင်းထူး ဖြစ်သော ကြောင့်။တိဿော တဏှာ၊တဏှာသုံးပါးတို့သည်သာလျှင်။ သမုဒယော၊ သမုဒယသစ္စာမည်၏။ အပဝဂ္ဂေါဓမ္မာပန၊တို့သည်ကား။ ပဋိနိဿဒါဒိမဂ္ဂကာ၊ ဖုံးလွှမ်းခြင်းစသည်မှုတို့သာလျှင်တည်း။

---

## နိရောဓသစ္စာ-အဓိပ္ပါယ်။

နိရောဓ-ဟူသောပုဒ်၌၊နိ-ပုဒ်,ရောဓ-ပုဒ်ဖြစ်၍။ နိ-သဒ္ဒါသည်၊အဘာဝ အနက်ကိုဟော၏။ ရောဓ-သဒ္ဒါကား သံသရာ၌ကျင်လည်ခြင်း စာရက အနက်ကိုဟော၏။

နိ-သုညော ရောဓော ဧတ္ထာတိ နိရောဓော။

ဟုပြု။ ။ဧတ္ထ၊ဤအသင်္ခတနိဗ္ဗာန်၌။ ရောဓော၊ သံသရာဝဋ်ဒုက္ခဟူသော ကျင်လည်ခြင်းသည်။နိ-သုညော၊မရှိ။ ဣတိ၊ကြောင့်။ သော၊ထိုအသင်္ခတ နိဗ္ဗာန်တရားသည်။နိရောဓော၊နိရောဓ-မည်၏။

အဓိပ္ပါယ်ကား....အသင်္ခတနိဗ္ဗာန်တရား၌ သံသရာဝဋ်ဒုက္ခဟူသော ကျင်လည်ခြင်းတရားမရှိ,ဆိတ်၏။ ထို့ကြောင့်၊ထိုအသင်္ခတ နိဗ္ဗာန်တရား သည်၊နိရောဓ-မည်၏။ ။ဟူလို။

**မှတ်ချက်။** ။နိ-အရကိုအဋ္ဌကထာဆရာသည်၊အဘာဝ-ဟု ဘွင့်ပြ တော်မူရာ၊ ၎င်းအဘာဝ၏အရ၊ ပုဂ္ဂိုလ်ကို ကောက်ပါမူ ဒုက္ခ၏ မရှိခြင်း အနက်ကို ယူသင့်၏။ ဤ၌မူ၊ နိဗ္ဗာန်ကို ကောက်သဖြင့် အဘာဝ၏အရ ၎င်းဒုက္ခ၏ ဆိတ်ခြင်းအနက်ကိုယူ။ ။"ဒုက္ခာ ဘာဝေါ ပနေတ္ထ ပုဂ္ဂလဿ၊န နိဗ္ဗာနဿ"။ ။မဟာဋီကာ။

နိ-ပဋိပက္ခော ရောဓဿ ဧတ္ထာတိ ဝါ နိရောဓော။

ဝါ၊တနည်းကား။ ။ဧတ္ထ၊ဤအသင်္ခတနိဗ္ဗာန်၌။ရောဓဿ၊ သံသရာ၌ ကျင်လည်ခြင်း၏။ နိ-ပဋိပက္ခော၊ ဆန့်ကျင်ဘက်သည်။ အတ္ထိ၊၏။ ဣတိ၊ ကြောင့်။နိရောဓော၊နိရောဓ-မည်၏။ ။အဓိပ္ပါယ်ကား....ထိုအသင်္ခတ

နိဗ္ဗာန်တရားကို ရသည်ရှိသော်၊ဝါ၊သိအပ်သည်ရှိသော်၊ထိုသံသရာ၌ကျင်လည်မှု၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်-နိရောဓမည်၏။ ။ဟူလို။

နိဿဿသတော နိရုဇ္ဈနံ ဝါ နိရောဓော။
ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓော။ ။

ဝါ၊တနည်းကား....နိဿဿသတော၊အကြွင်းအကျန်မရှိသောအားဖြင့်။ နိရုဇ္ဈနံ၊ချုပ်ခြင်းသည်။နိရောဓော၊မည်၏။ ။ဒုက္ခဿ၊၏။နိရောဓော၊ချုပ်ရာ,ချုပ်ခြင်းသည်။ဒုက္ခနိရောဓော၊ မည်၏။ ။အဓိပ္ပါယ်ကား။....နောက်နောင်အခါ ဘဝသစ်တို့၌ တတန်မဖြစ်သောအားဖြင့် ချုပ်ခြင်းသဘောသည်-နိရောဓမည်၏။ ။ဟူလို။

**မှတ်ချက်**။ ။ဤဘာဝသာဓနိဂြိုဟ်အရ-ဖလူပစာအားဖြင့်၊အသင်္ခတဓာတ်ကိုရ၏။သမုဒယကိုမဂ်ဖြင့် အကြွင်းမဲ့ ပယ်သောကြောင့်၊ နိရောဓ-ဟူသည်၊ မဂ္ဂသစ္စာမည်၏။ ၎င်းအကျိုး ဖြစ်သော မဂ္ဂသစ္စာ၏နိရောဓအမည်ကို အကြောင်းအာရုံ ဖြစ်သော နိဗ္ဗာန်၌ တင်စား၍ နိရောဓ-ဟုဆိုသောကြောင့် ဖလူပစာ-ဟူလို။ ၎င်းနိရောဓ ဟူသည်မှာလည်း၊ ဘင်္ဂနိရောဓမျိုးမဟုတ်။ အနုပ္ပါဒနိရောဓမျိုး ဟုမှတ်။ ။"တေသဉ္စ အဝေတ္တကာရဏောဖလောပစာရံ ကတွာ နိရောဓပစ္စယော နိရောဓောတိ ဝုတ္တော"။ ။မူလဋီကာ, မဟာဋီကာ။ ။(၄၈)။ ။ဤကား-အဋ္ဌကထာဆရာများအလိုတည်း။

နိရုဇ္ဈတိ ဧတ္ထ ဧတေနဝါတိ နိရောဓော။
ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓော။ ။

ဧတ္ထ၊ဤအသင်္ခတနိဗ္ဗာန်၌။ ဝါ၊ကား။ ဧတေန၊ဤနိဗ္ဗာန်ဖြင့်။ ဒုက္ခံ၊ဒုက္ခအပေါင်းသည်။ နိရုဇ္ဈတိ၊ချုပ်တတ်၏။ ဣတိတသ္မာ၊ ဤသို့ချုပ်ရာ, ချုပ်ကြောင်းဖြစ်သောကြောင့်။နိရောဓော၊နိရောဓ-မည်၏။ ။ဒုက္ခဿ၊ဆင်းရဲအပေါင်း၏။ နိရောဓော၊ချုပ်ရာ,ချုပ်ကြောင်းသည်။ ဒုက္ခနိရောဓော၊ဒုက္ခနိရောဓ-မည်၏။ ။(ဤကား၊ဋီကာကျော်ဆရာ၏အလိုတည်း)။

အဓိပ္ပါယ်ကား....ဘဝအဆက်ဆက်မှ အမြဲမပြတ်၊ ထောင်ကျွမ်း၍ လာသော ဒုက္ခမီးအပေါင်း တို့သည်၊ အသင်္ခတဓာတ်၊ နိဗ္ဗာန်အိုင်မြတ်သို့ ရောက်သကာလ၊တခါတည်းချုပ်ငြိမ်း,ကင်းပျောက်ခြင်းသို့ ရောက်လေ၏။

ဤသို့အသင်္ခတဓာတ်နိဗ္ဗာန်သည်၊ ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော ကြောင့်-ဒုက္ခနိရောဓမည်၏။ ။(ဤကား၊အဓိကရဏသာဓနအလို)။

မဂ္ဂသစ္စာ၏အကြွင်းမဲ့ကိလေသာတို့ကိုပယ်မှုသည် နိဗ္ဗာန်ကိုအာရုံပြု ပြီးမှပယ်နိုင်၍၊ နိဗ္ဗာန်သည် အကြောင်းတရားဖြစ်၏။ ဤသို့မဂ္ဂသစ္စာဖြင့် ကိလေသာတို့ကို ပယ်ဖျက်သဖြင့်၊ ဒုက္ခအပေါင်းတို့၏ တခါတည်းချုပ် ငြိမ်းခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်း-ဒုက္ခနိရောဓမည်၏။ ။ ဟူလို။

---

## ဒုက္ခနိရောဓဂါမိနီပဋိပဒါ-အဓိပ္ပါယ်။

ဒုက္ခနိရောဓံ ဂစ္ဆတီတိ ဒုက္ခနိရောဓဂါမိနီ။
ဒုက္ခနိရောဓံ ပဋိပဇ္ဇန္တိ-ပါပုဏန္တိ ဧတာယာတိ
ဒုက္ခနိရောဓပဋိပဒါ။ ။ဒုက္ခနိရောဓဂါမိနီ စ သာ
ဒုက္ခနိရောဓ ပဋိပဒါစာတိ ဒုက္ခနိရောဓဂါမိနီပဋိပဒါ။ ။

ဒုက္ခနိရောဓံ၊ဒုက္ခ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့၊ဂစ္ဆတိ၊ အာရုံပြုသော အားဖြင့် ရောက်တတ်၏။ ဣတိ၊ကြောင့်။ ဒုက္ခနိရောဓဂါမိနီ၊မည်၏။ ။ ဧတာယ၊ ထိုမဂ္ဂင်ရှစ်ပါးဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့။ ပဋိပဇ္ဇန္တိ-ပါပုဏန္တိ၊ ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရောက် ကြောင်းဖြစ်သောသတ္တိကြောင့်။ဒုက္ခနိရောဓပဋိပဒါ၊မည်၏။ ဒုက္ခနိရောဓ ဂါမိနီစ၊ဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်တတ်သည်လည်း။ ဟောတိ၊၏။ သာ၊ဟူသည်။ ဒုက္ခနိရောဓပဋိပဒါစ၊ ဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက် ကြောင်းသည်လည်း။ဟောတိ၊၏။ဣတိ၊ကြောင့်။ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ မည်၏။ ။(နောက်ပုဒ်၌၊ဒုက္ခနိရောဓ-ရှေ့ပုဒ်ကျေသည်)။

အဓိပ္ပါယ်ကား....မဂ္ဂင် ရှစ်ပါးသည်၊ ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ အာရုံပြုသော အစွမ်းဖြင့်လည်း ရောက်တတ်၏။ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ခြင်း အကြောင်းတရား အကျင့်မြတ်လည်း ဖြစ်၏။ ထို ၂-ပါးသော သတ္တိကြောင့်- ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ မည်၏။ ။ဟူလို။

## သစ္စာအနက်-၁၆-ချက်။

၁။ ။ဒုက္ခသစ္စာ၌၊ ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ ဟူသောအနက် ၄-ပါး။

၂။ ။သမုဒယသစ္စာ၌၊အာယူဟနဋ္ဌ,နိဒါနဋ္ဌ,သံယောဂဋ္ဌ,ပလိဗောဓဋ္ဌ ဟူသောအနက် ၄-ပါး။

၃။ ။နိရောဓသစ္စာ၌၊နိဿရဏဋ္ဌ,ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ-အမတဋ္ဌ ဟူသော အနက် ၄-ပါး။

၄။ ။မဂ္ဂသစ္စာ၌၊ နိယျာနဋ္ဌ, ဟေတုဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ, ဟူသောအနက် ၄-ပါး။ ဤသို့အားဖြင့် သစ္စာလေးပါးအနက် ၁၆-ပါးဖြစ်သတည်း။

၁။ ။ပီဠနဋ္ဌ-သတ္တဝါတို့ကို နှိပ်စက်ခြင်းအနက်၊ သင်္ခတဋ္ဌ-ပေါင်း၍ ပြုပြင်အပ်သောအနက်၊ သန္တာပဋ္ဌ-ပူပန်စေတတ်သော အနက်၊ဝိပရိဏာမဋ္ဌ-ပကတိသဘောကိုစွန့်ခြင်းအနက်၊

၂။ ။အာယူဟနဋ္ဌ-ဒုက္ခသစ္စာကိုဖြစ်စေခြင်းအနက်၊ နိဒါနဋ္ဌ-ဒုက္ခ၏ အကြောင်းရင်း ဖြစ်သောအနက်၊ သံယောဂဋ္ဌ- သံသရာဝဋ်ဆင်းရဲ၌ အဘန်ဘန်လဲလဲယှဉ်စေခြင်းအနက်၊ပလိဗောဓဋ္ဌ-မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို နှောင့်ယှက်ခြင်းအနက်။

၃။ ။နိဿရဏဋ္ဌ-ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ဖြစ်သောအနက်၊ ဝိဝေကဋ္ဌ-သင်္ခါရတရားတို့၏ ဆိတ်ရာဖြစ်သော အနက်၊ အသင်္ခတဋ္ဌ- အကြောင်းတရားဘို့၏မပြုပြင်အပ်သောအနက်၊ အမတဋ္ဌ-ရုတေခြင်းမရှိသောအနက်၊

၄။ ။နိယျာနဋ္ဌ-သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း ဟူသော အနက်၊ ဟေတုဋ္ဌ-နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောအနက်၊ ဒဿနဋ္ဌ- နိဗ္ဗာန်ကိုမြင်ခြင်းဟူသောအနက်၊အဓိပတေယျဋ္ဌ-သမ္ပယုတ် တရားတို့ကို အစိုးရခြင်းဟူသောအနက်။

ဤကား၊သစ္စာအနက် ၁၆-ချက်၏သာမညအဓိပ္ပါယ်တည်း။ အကျယ် လိုမူ အဋ္ဌကထာ၌ရှုလင့်ကုန်။

## သစ္စာလေးပါး-အစဉ်။

သစ္စာလေးပါးတို့တွင်၊ ရုန့်ရင်း ထင်ရှားသောကြောင့်၎င်း, သတ္တဝါအများနှင့်ဆက်ဆံသောကြောင့်၎င်း,ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏။ ။ဒုက္ခသစ္စာ၏ အကြောင်းပြလိုသောကြောင့်-ဒုက္ခသစ္စာ၏အခြားမဲ့၌၊သမုဒယသစ္စာကို ဟောတော်မူ၏။ ။အကြောင်းတရား ချုပ်သဖြင့် အကျိုးတရားချုပ်ငြိမ်းသောကြောင့်-ဒုက္ခသမုဒယသစ္စာ ၂-ပါး၏နောက်၌ နိရောဓသစ္စာကိုဟောတော်မူ၏။ ။ထိုနိရောဓသစ္စာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မြတ်ကိုပြခြင်းငှာ နိရောဓသစ္စာ၏အခြားမဲ့၌ မဂ္ဂသစ္စာကို ဟောတော်မူလေသတည်း။

တနည်း....ဝဋ်ဘဝ ချမ်းသာကို သာယာ ကြကုန်သော ဝေနေယျတို့အား ထိတ်လန့်ခြင်းသံဝေဂကို ပြခြင်းငှာ၊ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏။ ။ဒုက္ခသစ္စာ၏အကြောင်းကို ပြခြင်းငှာ ဒုက္ခသစ္စာ၏ အခြားမဲ့၌၊သမုဒယသစ္စာကို ဟောတော်မူ၏။ ။အကြောင်းနှင့်တကွသော ဒုက္ခဖြင့်နှိပ်စက်သည်၏ အဖြစ်ကြောင့် ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်းကို ရှာမှီးသော ပုဂ္ဂိုလ်တို့အား သက်သာရာကို ဖြစ်စေ ခြင်းငှာ၊ နိရောဓသစ္စာကို ဟောတော်မူပြန်၏။ ။ထိုနိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ခြင်း အကြောင်းကို ပြခြင်းငှာ မဂ္ဂသစ္စာကို နောက်ဆုံးထား၍ ဟောတော်မူခဲ့လေသတည်း။ ။၎င်းသစ္စာဟူသည်၊ ဤလေးပါးမှ တပါး၊ ကြွင်းသော သစ္စာမရှိသောကြောင့် လေးပါးသာ ဟောတော်မူရ၏-ဟုမှတ်။

**ဆောင်ပုဒ်။** ။ရုန့်ရင်းထင်ရှား။ရှေ့ဘယ်ထား၊ မိန့်ကြားဒုက္ခကို။
ဒုက္ခကြောင်းကို၊ပြဆိုလို၊မိန့်ထိုသမုဒ်။
ကျိုး ကြောင်း ချုပ်ပုံ၊ ပြဆိုတုံ၊ မိန့်ကုန် နိရောကို။
နိရော-ရောက်ကြောင်း၊ ကျင့်တရား၊ မိန့်ထား- မဂ္ဂကို။

"ဩဠာရိကတ္တာ သဗ္ဗသတ္တ သာဓာရဏတ္တာ စ သုပိညေယျန္တိ ဒုက္ခသစ္စံ ပဌမံ ဝုတ္တံ။ပ။ နိရောဓ သမ္ပါပကံ မဂ္ဂန္တိ"။
ဝိဘင်း-အဋ္ဌကထာ။ ။(၇၄)။

## သစ္စာလေးပါး-ဥပမာ။

၁။ ။ဒုက္ခသစ္စာကို ကြီးလေးသော ဝန်ကဲ့သို့ ရှုအပ်၏။

၂။ ။သမုဒယသစ္စာကို ကြီးလေးသောဝန်ကို ပေးသော သူကဲ့သို့ ရှုအပ်၏။

၃။ ။နိရောဓ သစ္စာကို ကြီးလေးသော ဝန်ကို ပစ်ချခြင်း ကဲ့သို့ ရှုအပ်၏။

၄။ ။မဂ္ဂသစ္စာကို ကြီးလေးသောဝန်ကို ချရခြင်း၏အကြောင်းကဲ့သို့ ရှုအပ်၏။

၁။ ။တနည်း-ဒုက္ခသစ္စာကို အနာကြီးကဲ့သို့ ရှုအပ်၏။

၂။ သမုဒယသစ္စာကို အနာဖြစ်ခြင်း၏အကြောင်းဖြစ်သော မသင့်မတင့်သော ဘောဇဉ်အစရှိသည်ကဲ့သို့ ရှုအပ်၏။

၃။ ။နိရောဓသစ္စာကို အနာကြီး၏ ငြိမ်းပျောက်ခြင်းကဲ့သို့ ရှုအပ်၏။

၄။ ။မဂ္ဂသစ္စာကို ဆေးဝါးပယောဂကဲ့သို့ ရှုအပ်၏။

၁။ ။တနည်း... ဒုက္ခသစ္စာကို ငတ်မွတ်ခေါင်းပါးအစာရှားသကဲ့သို့ ရှုအပ်၏။

၂။ ။သမုဒယသစ္စာကို မိုးခေါင်လေရှားသကဲ့သို့ ရှုအပ်၏။

၃။ ။နိရောဓသစ္စာကို ဝပြောစည်ပင်သကဲ့သို့ ရှုအပ်၏။

၄။ ။မဂ္ဂသစ္စာကို မိုးလေကောင်းသကဲ့သို့ ရှုအပ်၏။

(အကျယ်ဥပမာကိုအလိုရှိပါမူ ဝိဘင်းအဋ္ဌကထာ၌ရှုလင့်ကုန်)။

"ဘာရောဝိယ ဟိ ဒုက္ခသစ္စံ။ပ။သုဝုဋ္ဌိ ဝိယ မဂ္ဂသစ္စံ"။

ဝိဘင်း-အဋ္ဌကထာ။ ။(၇၉)။

---

**၄၇။ ။ဧတ္ထ ပန စေတသိကာ သုခုမရူပ နိဗ္ဗာနဝသေန ဧကူန သတ္တတိဓမ္မာ ဓမ္မာယတန ဓမ္မဓာတူတိသင်္ခံ ဂစ္ဆန္တိ။**

သင်္ဂြိုဟ်ပါဌ်။

သဗ္ဗသင်္ဂဟ၌၊စေတသိက် ၅၂-ပါး၊သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်-ဤတခုယုတ်ခုနစ်ဆယ်သော တရားတို့သည်၊အာယတနတို့တွင် ဓမ္မာယတနသာ မည်ကုန်၏။ဓာတ်တို့တွင်လည်း၊ဓမ္မဓာတ်သာမည်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

### အဝယာဝတ္ထု-အဓိပ္ပါယ်။

ဤတရား တခုယုတ်ခုနစ်ဆယ် တို့ကိုသာ အဘယ့်ကြောင့် ဓမ္မာယတန,ဓမ္မဓာတ် ဟု ဟောတော်မူအပ်ပါသနည်း။ စက္ခုပသာဒစသော တရားများလည်း၊ သဘော လက္ခဏာကို ဆောင်ခြင်း သဘောရှိသောကြောင့် ဓမ္မပင်မည်ကုန်၍၊ ဓမ္မာယတန, ဓမ္မဓာတ်မည်သင့် ကုန်သည်မဟုတ်ပါလော-ဟူငြားအံ့။ ။ငင်းစက္ခုပသာဒစသော တရားများကား၊ သဘောလက္ခဏာကို ဆောင်းခြင်း သဘောရှိကုန်သော်လည်း၊စက္ခု-စသော အမည်ထူးကို ရပြီးဖြစ်သောကြောင့်- ဓမ္မာယတန, ဓမ္မဓာတ် ဟူသောသာမညအမည်မမည်သင့်။ဤစေတသိက်,သုခုမရုပ်စသောတရားများသာ၊ သဘောလက္ခဏာကို ဆောင်ခြင်းအနက်သာ ရှိသောကြောင့်-ဓမ္မာယတန,ဓမ္မဓာတ်-ဟုဆိုအပ်ပါကုန်သတည်း။

ဆောင်ပုဒ်။ ။ဒွါရအမည်၊ ရပြီးပြီကြောင့်၊ တလီဓမ္မ၊ မမည်ကြ၊ မှတ်ပ-စက္ခု-တွင်။

စက္ခာဒီနံ ဒွါရဘာဝေန ဂဟိတတ္တာ ဓမ္မာယတနေနအဂ္ဂဟဏံ ဒဋ္ဌဗ္ဗံ။ ။မူလဋီကာ,မဟာဋီကာ။ ။(၁၄၆)။

---

၄၈။ ။မနာယတနမေဝ သတ္တဝိညာဏဓာတုဝသေန ဘိဇ္ဇတိ။ ။ သဖြင့်ဟပ်ပါဌ်။

မနာယတနသည်သာလျှင်၊ သတ္တဝိညာဏဓာတ်၏အစွမ်းဖြင့် ပြား၍၊ ဓာတ် ၁၈-ပါးဖြစ်၏။ ။အာယတနကား၊ ၁၂-ပါးသာ။ဓာတ်ကား၊ မနာယတနမှဝိညာဏဓာတ် ၇-ပါးခွဲခြားဝေဘန်လိုက်၍၊ ၁၈-ပါးဖြစ်သည်။ ။ဟူလို။ ။(ပေါ်လွင်ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

---

၄၉။ ။ရူပဉ္စ ဝေဒနာ သညာ၊သေသာ စေတသိကာ တထာ။ ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာ ဘာသိတာတိ။ ။ သဖြင့်ဟပ်ပါဌ်။

၁-ရုပ်အဋ္ဌဝီသ၊ ၂-ဝေဒနာစေတသိက်၊၃-သညာစေတသိက် ၄-ဝေဒနာ,သညာမှ ကြွင်းသော စေတသိက်-၅၀၊ ၅-စိတ်တခု ယုတ်ကိုးဆယ်၊

ဤငါးပါးသော တရားတို့ကို ခန္ဓာငါးပါးတို့ဟူ၍၊ မြတ်စွာဘုရားတို့သည် ဟောတော်မူအပ်ကုန်၏။ ဟူလို။ ။(ပေါ်လွင်ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

---

၃၀။ ။ပဉ္စုပါဒါနက္ခန္ဓာ တိ၊ တထာ တေဘူမကာ မတာ။
ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။ ။

သင်္ခိပ်ဟပ်ပါဌ်။

ဘုံသုံးပါး၌ဖြစ်ကုန်သောကြောင့် ထိုဆိုအပ်ပြီးသောတရားငါးပါးတို့ကို ဥပါဒါနက္ခန္ဓာ-ဟုဆိုအပ်ကုန်၏။ နိဗ္ဗာန်ကား-ပစ္စုပ္ပန်, အတိတ်,အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ,ဩဠာရိက,သုခုမ,ဟီန,ပဏီတ, ဒူရ,သန္တိကေ-ဟု ဆိုအပ်သော တဆယ့်တပါးသောအပြား၏ မရှိခြင်းကြောင့် ခန္ဓာမမည်-ခန္ဓာမဖွဲ့ ထိုက်။ ။ဟူလို။ ။(အောက်က ဘွင့်ဆိုခဲ့ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

---

၃၁။ ။ဒွါရာရမ္မဏ ဘေဒေန၊ ဘဝန္တာ ယတနာနိ စ။
ဒွါရာလမ္ဗဏ တဒုပ္ပန္န၊ ပရိယာယေန ဓာတုယော။ ။

သင်္ခိပ်ဟပ်ပါဌ်။

ဒွါရခြောက်ပါး, အာရုံခြောက်ပါး အပြားအားလျော်စွာ၊ အာယတန ၁၂-ပါးပြားကုန်၏။ ဒွါရခြောက်ပါး,အာရုံခြောက်ပါး,ထိုဒွါရ, အာရုံကိုမှီ၍ ဖြစ်သော ဝိညာဏ်ခြောက်ပါး အပြားအားလျော်စွာ၊ ဓာတ် ၁၈-ပါးပြားကုန်၏။ ။ဟူလို။ ။(အဓိပ္ပါယ်ပေါ်လွင်ပြီ)။

ဤကား-ပိဏ္ဍတ္ထ။

---

**ခန္ဓာ,အာယတန,ဓာတ်တို့ကို ဝေဘန်ရခြင်းအကြောင်း။**

ခန္ဓာ,အာယတန,ဓာတ်တို့သည်၊ စိတ်,စေတသိက်, ရုပ်တရားများသာ ဖြစ်သဖြင့်၊ အဘယ့်ကြောင့်ခန္ဓာ-ဟူ၍၎င်း, အာယတနဟူ၍၎င်း, ဓာတ်

ဟူ၍ရင်း ဟောတော်မူရပါသနည်းဟူမူ။ ။ပုဂ္ဂိုလ်သုံးဦးကို ချီးမြှောက်လို၍၊ ခန္ဓာ-စသည်ခွဲခြားဝေဘန်၍ ဟောတော်မူရပါသတည်း။ ပုဂ္ဂိုလ်ခြောက်ဦးဟူသော်ကား....နာမ်၌ တွေဝေသောပုဂ္ဂိုလ်, ရုပ်၌ တွေဝေသောပုဂ္ဂိုလ်, နာမ်,ရုပ် ၂-ပါးလုံး၌ တွေဝေသော ပုဂ္ဂိုလ်-ဟူ၍ သုံးယောက်။ ။ဣန္ဒြေထက်လွန်းသော ပုဂ္ဂိုလ်, ဣန္ဒြေ အလယ်အလတ်ပုဂ္ဂိုလ်,ဣန္ဒြေနုလွန်းသော ပုဂ္ဂိုလ်-ဟူ၍သုံးယောက်။ ။အကျဉ်းကိုနှစ်သက်သောပုဂ္ဂိုလ်, မကျဉ်းမကျယ်ကို နှစ်သက်သောပုဂ္ဂိုလ်, အကျယ်တဝင့်ကိုနှစ်သက်သောပုဂ္ဂိုလ်-ဟူ၍သုံးယောက်,သုံးဦးရှိ၏။

ထိုတွင်၊ ပဌမသုံးယောက်၌ နာမ်၌တွေဝေသော ပုဂ္ဂိုလ်ကို ရည်၍၊ ခန္ဓာကိုဟောတော်မူ၏။ရုပ်၌တွေဝေသော ပုဂ္ဂိုလ်ကိုရည်၍၊ အာယတနကိုဟောတော်မူ၏။နာမ်,ရုပ် ၂-ပါး၌တွေဝေသောပုဂ္ဂိုလ်ကိုရည်၍-ဓာတ်ကို ဟောတော်မူ၏။

ဣန္ဒြေထက်လွန်းသောပုံဂ္ဂိုလ်ကိုရည်၍ ခန္ဓာကိုဟောတော်မူ၏။ဣန္ဒြေအလယ်အလတ် ပုဂ္ဂိုလ်ကိုရည်၍ အာယတနကို ဟောတော်မူ၏။ဣန္ဒြေနုလွန်းသော ပုဂ္ဂိုလ်ကိုရည်၍၊ဓာတ်ကိုဟောတော်မူ၏၊ ၊အကျဉ်းကိုနှစ်သက်သောသူကိုရည်၍ ခန္ဓာကို ဟောတော်မူ၏၊ မကျဉ်းမကျယ်ကိုနှစ်သက်သောပုံဂ္ဂိုလ်ကိုရည်၍ အာယတနကို ဟောတော်မူ၏။အကျယ်ကိုနှစ်သက်သော သူကိုရည်၍၊ဓာတ်ကိုဟောတော်မူ၏-ဟုမှတ်။

---

၅၂။ ။ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။ ။

သင်္ဂြိုဟ်ပါဠိ။

ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရားသည်၊ ဒုက္ခ သစ္စာမည်၏၊ လောဘစေတသိက်သည်၊သမုဒယသစ္စာမည်၏။နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ လောကုတ္တရာ၌ ဖြစ်သော မဂ္ဂင် ၈-ပါးသည်၊ မဂ္ဂ သစ္စာ မည်၏-ဟု သိအပ်၏။ ။ဟူလို။

ဤကား-ဓိပ္ပာယ်။

---

၅၃။ ။မဂ္ဂယုတ္တာ ဖလာ စေဝ၊ စတုသစ္စဝိနိဿဋာ။
ဉာတိ ပဥ္စပသာဒေန၊ ပဝုစ္စော သမ္ဗသင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဠိ။

မဂ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးမှကြွင်းသောမဂ်စိတ် ၄-ပါး၊စေတသိက် ၂၈-ပါးတို့သည်ရင်း,ဖိုလ်စိတ် ၄-ပါးနှင့်တကွ ရင်း၌ယှဉ်သောစေတသိက် ၃၆-ပါးတို့သည်ရင်း, သစ္စာလေးပါး၌ မပါမဝင်သဖြင့်၊ သစ္စဝိမုတ်မည်ကုန်၏။ဤသို့လျှင် ခန္ဓာ,ဥပါဒါနက္ခန္ဓာ,အာယတန,ဓာတ်,သစ္စာ-ဟူ၍ငါးပါး အပြားအားဖြင့် သမ္ဗသင်္ဂဟ၌မိန့်ဆိုဝေဘန်အပ်၏။ ။ဟူလို၊

ဤကား-ပိဏ္ဍတ္ထ။

သစ္စဝိမုတ် အဓိပ္ပါယ်။

မဂ်စိတ် ၄-ပါးနှင့် ရင်း၌ယှဉ်သော မဂ္ဂင်ရှစ်ပါးမှ ကြွင်းသော စေတသိက် ၂၈-ပါး၊ပေါင်းမဂ်စိတ် ၄-ပါးကို လက္ခဏာတူသဖြင့် တပါးတည်းပြု၍၊စေတသိက် ၂၈-အားဖြင့်၊မဂ်စိတ္တုပ္ပါဒ် ၂၉-ပါးသည်၊ သစ္စာလေးပါးတွင် မပါမဝင်သောကြောင့်-သစ္စဝိမုတ်မည်၏။

ဖိုလ်စိတ် ၄-ပါး၊ရင်း၌ ယှဉ်သောစေတသိက် ၃၆-ပါး၊ပေါင်းရေးနည်းတူဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးသည်လည်း၊ သစ္စာ ၄-ပါးတွင် မပါမဝင်သောကြောင့်-သစ္စဝိမုတ်မည်၏-ဟုမှတ်။

ထိုသို့ဆိုပါက "စတုသစ္စဝိနိမုတ္တော ဓမ္မော နာမနတ္ထိ"ဟူသောစကားနှင့်မဆန့်ပါလောဟူငြားအံ့၊ ၎င်းဒေသနာတော်ကား၊ ဥပစာ- ပရိယာယဒေသနာတော်ဖြစ်၏။ ဤသစ္စဝိမုတ်အရကားမုချ၊ နိပ္ပရိယာယ ဒေသနာတော်ဖြစ်၏။ထို့ကြောင့် မဆန့်ကျင်ပေ။ဆိုလိုရင်းကား....ဖိုလ်စိတ်၄-ခု၌ရှိသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်ကား သင်္ခါရဒုက္ခ၏အဖြစ်ဖြင့် တူရကား၊ သဒိသူပစာအားဖြင့်-ဒုက္ခသစ္စာပင်မည်၏။ ။ဟူလို။

ဖလဓမ္မေသု သမ္မာဒိဋ္ဌာဒီနံ မဂ္ဂသစ္စေ။ပ။ ဉာတရေသဋ္ဌမဂ္ဂဖလသမ္ပယုတ္တာနံ သင်္ခါရဒုက္ခသာမညေန ဒုက္ခသစ္စေသင်္ဂဟော သက္ကာကာတုံ။ ။ဋီကာကျော်။

ဤအဘိဓမ္မာဂူဠတ္ထဒီပနီကျမ်းတွင်၊ ခုနစ်ခုမြောက်ဖြစ်သော သမုစ္စည်းပိုင်းအဘွင့်ပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## ပစ္စည်းပိုင်း–အဖွင့်။

၁။ ။ယေသံ သင်္ခတဓမ္မာနံ၊ ယေ ဓမ္မာ ပစ္စယာ ယထာ။
တံ ဝိဘာဂမိဟေဒါနိ၊ ပဝက္ခာမိ ယထာရဟံ။ ။

သင်္ဂြိုဟ်ပါဌ်။

အကြင်သို့သဘောရှိကုန်သောသင်္ဂြိုဟ်ဆိုင်ရာဝိဘာဂတိ,မေဟာမုဒ္ဒေဝ္ဝ မောဟကြည်သော စေတသိက်ဒွေပညာသ, သင်္ဂြိုဟ်ဆိုင်ရာဗီဇ,သင်္ဂြိုဟ် ပဋိသန္ဓေကမ္မဇရုပ်- အစရှိကုန်သော သင်္ခတဖြစ်ကုန်သော ပစ္စယုပ္ပန် တရားတို့အား၊အကြင်ဟိတ်ခြောက်ပါးအစရှိသောပစ္စည်းတရားတို့သည်၊ အကြင်ဟေတုသတ္တိ,အစရှိသော အပြားဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့ သောနည်းဖြင့် ပစ္စယုပ္ပန်တရားတို့အား၊ ပစ္စည်းတရားတို့က ကျေးဇူးပြုပုံ အမျိုးမျိုးကို၊ ဤပစ္စည်းပိုင်း၌ ထိုက်သည့်အားလျော်စွာ၊ ငါသည်မိန့်ဆို ပေအံ့။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

၂။ ။ပဋိစ္စသမုပ္ပါဒနယော,ပဋ္ဌာနနယော စေတိ ပစ္စယသင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော။ ။သင်္ဂြိုဟ်ပါဌ်။

ဤပစ္စယသင်္ဂဟ၌၊ ၁-ပဋိစ္စသမုပ္ပါဒနည်း။ ၂-ပဋ္ဌာန်းနည်းဟူ၍၊ ပစ္စယ သင်္ဂဟနည်းကို နှစ်ပါးအပြားရှိ၏-ဟူ၍သိအပ်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။ .

---

ပဋိစ္စသမုပ္ပါဒ်-အဓိပ္ပါယ်။

ပစ္စယသာမဂ္ဂိံ ပဋိစ္စသမံ ဂန္တွာဖလာနံ
ဥပ္ပါဒေါ ဧတသ္မာတိပဋိစ္စသမုပ္ပါဒေါ။

ဧတသ္မာ၊ ထိုအဝိဇ္ဇာစသော အကြောင်းတရားမှ။ဝါ၊ ကြောင့်။ ပစ္စယ သာမဂ္ဂိံ၊ အကြောင်းတရားတို့၏ ညီညွတ်သောအဖြစ်ကို။ သမံ၊ အညီ

အညွတ်။ ပဒိုဋ္ဌ-သမ်ံဂတ္တို၊ အညီအညွတ်ကပ်၍။ ဖလာနံ၊ အကျိုးတရားတို့၏။ ဥပ္ပါဒေါ၊ဖြစ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ သော၊ထိုအဝိဇ္ဇာစသော အကြောင်းတရားသည်။ပဋိစ္စသမုပ္ပါဒေါ၊ပဋိစ္စသမုပ္ပါဒ်-မည်၏။

အဓိပ္ပါယ်ကား....အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို အစွဲပြု၍၊ အကျိုးတရားတို့၏ ဖြစ်ရာဖြစ်သောအကြောင်းတရားအပေါင်းသည်-ပဋိစ္စသမုပ္ပါဒ်မည်၏။ ။ဟူလို။

ပစ္စယံ ပဋိစ္စ ဖလံ သမုပ္ပဇ္ဇတိဧတသ္မာ ဝါတိ ပဋိစ္စသမုပ္ပါဒေါ။ ။ ဟူလည်းပြုသင့်၏။ ။ဝါ၊တနည်းကား။ ဧတသ္မာ၊မှ။ ပစ္စယံ၊အကြောင်းတရားကို။ပဋိစ္စ၊စွဲ၍ ဖလံ၊သည်။ သမုပ္ပဇ္ဇတိ၊ ကောင်းစွာဖြစ်ပေါ်တတ်၏။ ဣတိ၊ကြောင့်။ပဋိစ္စသမုပ္ပါဒေါ၊မည်၏။ ။ဟူလို။ ။(ဤကား-ဋီကာကျော်ဆရာ၏အလိုတည်း)။

ပစ္စေတဗ္ဗောတိ ပဋိစ္စော၊ သဟ သမ္မာ စ ဥပ္ပဇ္ဇတီတိ သမုပ္ပါဒေါ။
ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။ ။

ပစ္စေတဗ္ဗော၊ယုံကြည်ထိုက်၏။ဣတိ၊ကြောင့်။ပဋိစ္စော၊ပဋိစ္စ-မည်၏။ ။ သဟ၊အကျိုး,အကြောင်းတပေါင်းတည်း။ သမ္မာစ၊ မဘောက်မပြန်၊ သင့်တန်သော အကြောင်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သမုပ္ပါဒေါ၊ သမုပ္ပါဒ-မည်၏။ ။ပဋိစ္စောစ၊ ယုံကြည်ထိုက်သည်လည်း။ ဟောတိ၊ ၏။ သော၊ဟူသည်။သမုပ္ပါဒေါစ၊အကျိုး,အကြောင်း တပေါင်းတည်း မဘောက်မပြန်သော အကြောင်းတရားကြောင့် ဖြစ်တတ်သည်လည်း။ဟောတိ၊၏။ဣတိ၊ကြောင့်။ပဋိစ္စသမုပ္ပါဒေါ၊ပဋိစ္စသမုပ္ပါဒ်-မည်၏။

**မှတ်ချက်။** ။ဤအလို-ပဋိစ္စ-ကား၊ပဋိရှေ့ရှိသောဣ-ဓာတ်,ဂတျတ္ထ၊ တပစ္စည်း-ရိစ္စပြုသော ကိတ်ပုဒ်၊ ပဋိသဒ္ဒါကား၊ အဘိမုခတ္ထ၊ ဂတိအနက် ရှိသောဓာတ်တို့သည် သိခြင်းအနက်လည်းရှိကုန်၏။သမုပ္ပါဒေါကား၊သံ-ရှေ့ရှိ,ဥရှေ့ရှိသော-ပဒဓာတ်၊ ပဝတ္တနတ္ထ။ သံသဒ္ဒါကား၊ သဟအနက်, သမ္မာအနက် ၂-ပါးဟောသော ဥပသာရပုဒ်။ ဥ-ကား၊ဓာတွတ္ထာနုဝတ္တက-ဥပသာရပုဒ်-ဟုမှတ်။

အဓိပ္ပါယ်ကား....ဤပဋိစ္စသမုပ္ပါဒ်တရားတော်ဟူသည်၊လောကုတ္တရာစီးပွါးအလို့ငှာ, လောကုတ္တရာ ချမ်းသာအလို့ငှာဖြစ်သဖြင့်။ ၎င်းပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပညာရှိတို့သည် ဉာဏ်ဖြင့်ရှေးရှုကပ်အပ်, ယုံကြည်အပ်၏။ ဉာဏ်ဖြင့် ရှေးရှုသိခြင်းငှာထိုက်၏။ ထိုကြောင့်-"ပဋိစ္စ" မည်၏။ ။၎င်းပဋိစ္စသမုပ္ပါဒ်တရားသည် ဖြစ်သည်ရှိသော်၊ တရာ တပါးတည်းလည်းဖြစ်ရိုးမရှိ၊ အကြောင်းကင်းသောအားဖြင့်လည်း ဖြစ်ရိုးမရှိ၊ မညီညွတ်သောအကြောင်းကြောင့်လည်း ဖြစ်ရိုးမရှိ၊သင့်သောအကြောင်းအားဖြင့် ကောင်းစွာဘပေါင်းတည်းဖြစ်ရိုးသာရှိသောကြောင့်"သမုပ္ပါဒ" မည်၏။ ။ဟူလို။ ။(ဤကား-အဋ္ဌကထာဆရာအလိုတော်တည်း)။

ပဋိမုခမိတောတိ ဝုတ္တော၊ ဟေတုသမူဟော အယံပဋိစ္စောတိ။
သဟိတေဉပ္ပါဒေတိစ၊ဣတိဝုတ္တော သော သမုပ္ပါဒေါ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၆၁)။

ပဋိမုခံ၊ရှေးရှု။ဣတော၊ရောက်အပ်သည်တည်း။ ဣတိတသ္မာ၊ကြောင့်။ အယံဟေတုသမူဟော၊ ဤအကြောင်းအပေါင်းကို။ ပဋိစ္စောတိ၊ ဟူ၍၊ ဝုတ္တော၊ ၏။ သဟိတေ၊ အသီးအသီးမခွဲခြမ်းအပ်,တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကို။ ဉပ္ပါဒေတိ၊ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ကြောင့်။ သောဟေတုသမူဟော၊ကို။သမုပ္ပါဒေါတိ၊ဟူ၍။ဝုတ္တော၊၏။

ပဋိစ္စသမုပ္ပါဒ်၏အရ၊ပစ္စယုပ္ပန်ဖြစ်သောသင်္ခါရစသော အကျိုးတရားဟိုင်း,အ-ဝိဇ္ဇာစသော အကြောင်းတရားကိုင်း၊ယူအပ်၏။ ။ထို ၂-ပါးတို့တွင်၊သင်္ခါရစသော အကျိုးပစ္စယုပ္ပန်တရားကို ပဋိစ္စသမုပ္ပါဒ်ဟုယူရာ အဓိပ္ပါယ်ကား....၎င်းပဋိစ္စသမုပ္ပါဒ်တရားကို လောကုတ္တရာစီးပွားအလို့ငှာ၎င်း,လောကုတ္တရာချမ်းသာအလို့ငှာ၎င်း, ပညာရှိတို့သည်၊ ယုံကြည်အပ်, ယုံကြည်ထိုက်သောကြောင့်- ပဋိစ္စမည်၏။ ။၎င်းယုံကြည်ထိုက်သော ပဋိစ္စသမုပ္ပါဒ်တရားသည်၊ ဖြစ်သည်ရှိသော်၊မိမိအကျိုးတရားတပါးတည်းလည်းဖြစ်ရိုးမရှိ၊ အကြောင်းကင်းသောအားဖြင့်လည်း ဖြစ်ရိုးမရှိ၊ မညီညွတ်-မသင့်တင့်သော အကြောင်းကြောင့်လည်း ဖြစ်ရိုးမရှိ၊ သင့်လျော်လျောက်ပတ်သော အကြောင်းတရားဖြင့် တပေါင်းတည်းဖြစ်တတ်သောကြောင့်အကျိုးပဋိစ္စသမုပ္ပန်ဘရားသည်၊ ဖလူပစာအားဖြင့်-သမုပ္ပါဒ်မည်၏၊ ။ဟူလို။

ပစ္စယာသာမဂ္ဂိံ ဝါ ပဋိစ္စ သဟ သမ္မာ စ
ဥပ္ပဇ္ဇတီတိပဋိစ္စ သမုပ္ပါဒေါ။ ။

ဝါ၊တနည်းကား။ ။ပစ္စယာသာမဂ္ဂိံ၊ အကြောင်း၏ ညီညွတ်ခြင်းကို။ ပဋိစ္စ၊စွဲ၍။သဟ-စ၊တကွဗင်း။ သမ္မာစ၊ မဘောက်မပြန်ဗင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ဣတိ၊ကြောင့်။ပဋိစ္စသမုပ္ပါဒေါ၊ပဋိစ္စသမုပ္ပါဒ်-မည်၏။ ။

မှတ်ချက်။ ။ဤအလို၊ပဋိစ္စ-ကား၊ပဋိရှေးရှိသော ဣ-ဓာတ်၊ ဂတျတ္ထ-တွာပစ္စည်း၊ပဋိသဒ္ဒါဓာတွတ္ထာနုဝတ္တက။ဥပသာရပုဒ်-ဟုမှတ်။

အဓိပ္ပါယ်ကား.... သင်္ခါရ-စသော အကျိုးဖြစ်သော ပဋိစ္စသမုပ္ပန်တရားအပေါင်းသည်၊အဝိဇ္ဇာစသောအကြောင်းတရားတို့၏ ညီညွတ်မှုကို အစွဲပြု၍၊ အကျိုး,အကြောင်းအတူတကွ မဘောက်မပြန် ဖြစ်တတ်သော ကြောင့်၊ဖလူပစာအားဖြင့်-ပဋိစ္စသမုပ္ပါဒ်မည်၏။ ။ဟူလို။

ဒွေဓာ တတော ပဝတ္တော၊ဓမ္မသမူဟော ယတော ဣဒံ ဝစနံ၊
တပ္ပစ္စယော တတော ယံ၊ဖလောပစာရေန ဣတိ ဝုတ္တော။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၆၀)။

တတော၊ထိုပစ္စည်းအပေါင်းကြောင့်။ပဝတ္တော၊ဖြစ်သော။ ဓမ္မသမူဟော၊ ပစ္စယုပ္ပန်တရားအပေါင်း၌။ ယတော၊အကြင်ကြောင့်။ ဣဒံဝစနံ၊ ဤပဋိစ္စသမုပ္ပါဒေါ-ဟူသောသဒ္ဒါကို။ ဒွေဓာ၊နှစ်ပါးသောအပြားအားဖြင့်။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။တတော၊ထို့ကြောင့်၊ တပ္ပစ္စယော၊ထိုပစ္စယုပ္ပန်တရား၏ အကြောင်းဖြစ်သော။အယံ၊ဤပစ္စည်းတရားအပေါင်းကို။ဖလောပစာရေန၊ အကျိုး၏အမည်ကိုအကြောင်း၌ တင်စားသော ဖလူပစာအားဖြင့်။ ပဋိစ္စ သမုပ္ပါဒေါတိ၊ဟူ၍။ဝုတ္တော၊၏။

အညမညံ ပဋိမုခံ ဣတွော ဂတောတိ ပဋိစ္စော။
သဟိတော ဓမ္မေ ဥပ္ပါဒေတီတိ သမုပ္ပါဒေါ။ ။
ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စ
သမုပ္ပါဒေါ။ ။

အညမညံ၊အကြောင်းချင်းချင်း။ပဋိမုခံ၊ရှေးရှု။ဣတွော၊ဂတော၊ဖြစ်တတ်သည်တည်း။ ဣတိ၊ကြောင့်။ ပဋိစ္စော၊ပဋိစ္စမည်၏၊ ။သဟိတော၊ တကွ

ဖြစ်ကုန်သော။ ဓမ္မေ၊မကွဲမပြားကုန်သော ပစ္စယုပ္ပန်တရားတို့ကို။ ဥပ္ပါဒေတိ၊ဖြစ်စေတတ်၏။ဣတိ၊ကြောင့်။သမုပ္ပါဒေါ၊မည်၏။ ။ပဋိစ္စောစ၊ရှေးရှု ဖြစ်တတ်သည်လည်း။ဟောတိ၊၏။သော၊ဟူသည်။ သမုပ္ပါဒေါစ၊တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ကြောင့်။ပဋိစ္စသမုပ္ပါဒေါ၊မည်၏။ ။

**မှတ်ချက်။** ။ဤအလို၊ပဋိစ္စ-သဒ္ဒါကား၊ရှေးပထမနည်းအတိုင်း၊ ပဋိ ရှေးရှိသော ဣဓာတ်၊ ဂတျတ္ထ,တပစ္စည်း၊ပဋိသဒ္ဒါ-ပဋိ မုခတ္ထဝါစီ။ သမုပ္ပါဒေါ-၌၊ သံရှေး,ဥ-ရှေးရှိသော-ပဒ ဓာတ်၊ပဝတ္တနတ္ထ၊သံ-သဒ္ဒါကား သဟတ္ထဝါစီကြံ။

အဓိပ္ပါယ်ကား....အကြောင်းတရားတို့သည်၊ ဆက်ဆံသောအကျိုးကို ဖြီးစေတတ်သည်၏အဖြစ်ဖြင့်ရင်း, အကြောင်းတရားတို့၏ မချို့တဲ့ မယုတ်လျော့သည်၏ အဖြစ်ဖြင့်ရင်း, အကြောင်းအချင်းချင်း တပါးသည် တပါးနှင့် ရှေးရှုရောက်တတ်သောကြောင့်ပဋိစ္စ-မည်၏။ အချင်းချင်း-မကွဲ မပြား ဖြစ်ကုန်သော ပစ္စယုပ္ပန်အကျိုးတရားတို့ကို ဖြစ်စေတတ်သော ကြောင့်-သမုပ္ပါဒလည်းမည်၏။ ။ဟူလို။

အညမညံ ဝါ ပဋိစ္စ သမံ သဟ စ ဖလဓမ္မေ
ဥပ္ပါဒေ**တီ**တိ ပဋိစ္စသမုပ္ပါဒေါ။ပဋိစ္စသမုပ္ပါဒေါ
**ဧဝ နယော ပဋိစ္စသမုပ္ပါဒနယော။**

ဝါ၊တနည်းကား....**အညမညံ၊**တပါးသည်တပါးကို။ ပဋိစ္စ၊စွဲ၍။ သမံ၊ ညီညွတ်ပေါင်းဘက်၍ရင်း။ (စသဒ္ဒါလုတ္တနိဒ္ဒေ)။ သမံစ၊ ရင်း။ (စသဒ္ဒါ သမုစ္စည်း)။သဟစ၊တကွနက်မရှေးမနှောင်းရင်း။ ဖလဓမ္မေ၊အကျိုးတရားတို့ကို။ဥပ္ပါဒေတိ၊ဖြစ်စေတတ်၏။ ဣတိ၊ကြောင့်။ပဋိစ္စသမုပ္ပါဒေါ၊ မည်၏။ ပဋိစ္စသမုပ္ပါဒေါဧဝ၊ သည်ပင်လျှင်။ နယော၊ နည်းဘည်း။ ပဋိစ္စသမုပ္ပါဒ **နယော၊နည်း။** ။(အဓိပ္ပါယ်ပေါ် လွင်ပြီ)။

ပဋိမုခမိတောတိ ဝုတ္တော၊ ဟေတုသမူဟော အယံ ပဋိစ္စောတိ။
သဟိတေ-ဥပ္ပါဒေတိ စ၊ဣတိ ဝုတ္တော သော သမုပ္ပါဒေါ။ ။

· **ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။** ။(၄၆၁)။

ပဋိမုခံ၊ရှေးရှု။ဂစ္ဆတော၊ရောက်သည်တည်း။ ဝါ၊ရောက်အပ်သည်တည်း။ ဣတိ၊ကြောင့်။ အယံပဟေတုသမုပ္ပာဒေါ၊ ဤ-အဝိဇ္ဇာ-အာရုံ-ယောနိသော စသော အကြောင်းတရားအပေါင်းကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သဟိတော၊ အသီးအသီးမခွဲခြမ်းအပ်တကွဖြစ်ကုန်သော၊ အကျိုးတရားတို့ကို။ ဥပ္ပါဒေတိ၊ဖြစ်စေတတ်၏။ ဣတိ၊ကြောင့်။သောပဟေတုသမုပ္ပာဒေါ၊ ကို။သမုပ္ပါဒေါတိစ၊ဟူ၍လည်း။ဝုစ္စတိ၊၏။

**မှတ်ချက်။** ။"ပဟေတု သမုပ္ပာဒ"ဟူသည်-ပါဠိတော်၌ အဝိဇ္ဇာ ဟု အကြောင်းတရားတပါးတည်းကိုသာဦးတပ်၍၊ ဖြတ်စွာ ဘုရားဟောကြားတော်မူအပ်ပါသော်လည်း၊သင်္ခါရကို ဖြစ်စေရာ၌၊ဧင်း,အဝိဇ္ဇာတပါးတည်းသာ- အကြောင်း တရားဖြစ်သည် မဟုတ်။ အာရုံ,ယောနိသော မနသိကာရ,သဟဇာတ် တရားစသော အကြောင်းတရား အပေါင်းလည်း သင်္ခါရဖြစ်မှု၌၊ အကြောင်းတရားတို့ ချည်းသာ ဖြစ်ကုန်၏။ ထို့ကြောင့်- အဝိဇ္ဇာ,အာရုံ ယောနိသော မနသိကာရ, အဝိဇ္ဇာနှင့်တကွ ဖြစ်သော သဟဇာတ်, စသော အကြောင်း အပေါင်းကိုယူ။ ။ "တထာပိ န အဝိဇ္ဇာ ဧကာဝ ပစ္စယော ဟောတိ,ပ။ တဏှုပါဒါဒယော စ ဓမ္မာ"။ ။မဟာဋီကာ။ ။(၁၃၅)။

---

**ပဋ္ဌာန်း-အဓိပ္ပါယ်။**

နာနာပကာရေနိ ဌာနာနိ ဧတ္ထာတိ ပဋ္ဌာနံ။

ဧတ္ထ၊ဤကျမ်း၌။နာနာပကာရေနိ၊ အထူးထူးအပြားပြားများကုန်သော။ ဌာနာနိ၊ ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ တံပကရဏံ၊ ထိုကျမ်းသည်။ပဋ္ဌာနံ၊ ပဋ္ဌာန်းကျမ်းမည်၏။ ။အနန္တနယသမန္တပဋ္ဌာန်း ကျမ်းရ၏။

**မှတ်ချက်။** ။ပဋ္ဌာန်-၌၊ပ-သဒ္ဒါကားနာနပ္ပကာရအနက်ဟော။ ဌာန-သဒ္ဒါကား-အကြောင်းပစ္စည်းဟော-ဟုမှတ်။

ပဋ္ဌာနေ ဒေသိတော နယော ပဋ္ဌာနနယော။

ပဋ္ဌာနေ၊ ပဋ္ဌာန်းကျမ်း၌။ ဒေသိတော၊ ဟောတော်မူအပ်သော။ နယော၊ နည်းသည်။ ပဋ္ဌာနနယော၊ မည်၏။ ။(အဓိပ္ပါယ်ပေါ် လွင်ပြီ)။

---

## နည်း-၂-ပါးအထူး။

၃။ ။တတ္ထ တဿ္မာဒိဘာဝါကာရမတ္တော ပလက္ခိတော
ပဋိစ္စသမုပ္ပါဒနယော။ ပဋ္ဌာနနယော ပန အာဟစ္စ
ပစ္စယဋ္ဌိတိမာရဗ္ဘ ပဝုစ္စတိ။ ဥဘယံ ပန ဝေါမိဿိတွာ
ပပဉ္စေန္တိ အာစရိယာ။ ။သင်္ဂြိုဟ်ပါဌ်။

ထိုပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်း ၂-ပါးတို့တွင်၊ ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်သဖြင့်ဖြစ်လေ့ရှိကုန်သော သင်္ခါရအစရှိကုန်သော အကျိုးတရားတို့၏ ဖြစ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သော နည်းသည်-ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။ အထူးပြု၍ဖြစ်သော ပစ္စည်း-ဟုဆိုအပ်သော တည်ရာကို အကြောင်းပြု၍ဖြစ်သော နည်းသည်-ပဋ္ဌာန်းနည်းမည်၏။ ။ထိုနည်း ၂-ပါးကို ပေါင်း၍၊အဋ္ဌကထာဆရာတို့သည်၊ချဲ့တော်မူကြကုန်၏။ ငါအနုရုဒ္ဓါဆရာတို့မူကား၊ အသီးအသီး တနည်းစီခွဲခြား၍ ပြဆိုကုန်အံ့၊ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

အဝယဝတ္ထ-အဓိပ္ပါယ်။

---

ဆိုလိုရင်းကား ... အကြောင်းထူး ဝိသေသကို မငဲ့ပဲ၊ အကြောင်း သာမညကိုသာငဲ့၍၊ ခေါ် ဆိုအပ်သော အပေါင်းဖြစ်သော ပစ္စည်းသည်-ပဋိစ္စသမုပ္ပါဒ်ပစ္စည်းမည်၏။အကြောင်းထူးဝိသေသကိုငဲ့၍၊ အသေအချာ ဆိုအပ်သော အစိတ်ဖြစ်သော ပစ္စည်းသည်-ပဋ္ဌာန်းပစ္စည်းမည်၏။

တနည်း။ ။ပစ္စယုပ္ပန်ကိုစွဲ၍ ပစ္စည်းကို ပြဆိုသောနည်းသည်-ပဋိစ္စသမုပ္ပါဒ်နည်းမည်၏၊ ပစ္စည်းကိုစွဲ၍၊ ပစ္စယုပ္ပန်ကို ပြဆိုအပ်သောနည်းသည်-ပဋ္ဌာန်းနည်းမည်၏။

ထိုနည်း ၂-ပါးတို့သည်၊ အကျဉ်း,အကျယ်မျှသာ ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းသည် ပဋ္ဌာန်းနည်း၌ဝင်၏။ ပဋ္ဌာန်းနည်းသည်လည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း၌ဝင်၏၊ ထို့ကြောင့်အဋ္ဌကထာကြီးတို့၌၊ပဋ္ဌာန်းနည်းကို

ပဋိစ္စ သမုပ္ပါဒ်နည်းသို့ သွင်း၍ ဘွင့်တော်မူကြ၏။ အကျယ်အစိတ်ကို သိလျှင်၊အဋ္ဌကထာဦးအပေါင်း၌ သွင်းနိုင်လောက်ရကား၊နည်း ၂-ပါးကိုအသီး အခြား ခွဲခြား၍ပြဆိုမည်-ဟု ပြဆိုခြင်းငှာ "ဥဘယံ ပန ဝေါမိဿိတွာ ပပဉ္စေန္တော အာစရိယာ" ဟူသောပါဌ်ကို မိန့်ဆိုအပ်၏-ဟုမှတ်။

**ဆောင်ပုဒ်။**

ကျ။ ။သာမာန်အကြောင်း၊ငဲ့ဖြောင်းလှစ်ပြ၊ပစ္စယ၊မှတ်ပ-ပဋိစ္စံ။
ခ။ ။ကြောင်းထူးငဲ့ချင့်၊ပြဆိုလင့်၊မှတ်မင့်ပဋ္ဌာန်း။
ကျ။ ။ကျိုးကိုစွဲ၍၊ကြောင်းကိုဆို၊မှတ်ထိုပဋိစ္စံ။
ခ။ ။ကြောင်းကိုစွဲ၍၊ကျိုးကိုဆို၊မှတ်ထိုပဋ္ဌာန်း။

---

**ပဋိစ္စသမုပ္ပါဒ်-အဘွင့်။**

၄။ ။**တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ပ။ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ အယမေတ္ထ ပဋိစ္စ သမုပ္ပါဒနယော။** ။သင်္ဂြိုဟ်ပါဌ်။

| | ပစ္စည်းတရား | .... | .... | ပစ္စယုပ္ပန်တရား။ |
|---|---|---|---|---|
| ၁။ | ။အဝိဇ္ဇာ | .... | .... | သင်္ခါရ။ |
| ၂။ | ။သင်္ခါရ | .... | .... | ဝိညာဏ။ |
| ၃။ | ။ဝိညာဏ | .... | .... | နာမရူပ။ |
| ၄။ | ။နာမရူပ | .... | .... | သဠာယတန။ |
| ၅။ | ။သဠာယတန | .... | .... | ဖဿ။ |
| ၆။ | ။ဖဿ | .... | .... | ဝေဒနာ။ |
| ၇။ | ။ဝေဒနာ | .... | .... | တဏှာ။ |
| ၈။ | ။တဏှာ | .... | .... | ဥပါဒါန်။ |
| ၉။ | ။ဥပါဒါန် | .... | .... | ဘဝ။ |
| ၁၀။ | ။ဘဝ | .... | ... | ဇာတိ။ |
| ၁၁။ | ။ဇာတိ | .... | .... | ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။ |

ဤကား-ဝိဿဇ္ဇ။

---

## ၁-အဝိဇ္ဇာ-အဓိပ္ပါယ်။

န ဝိဇာနာတီတိ အဝိဇ္ဇာ။

န ဝိဇာနာတိ၊မသိတတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏၊

အဝိန္ဒိယံ ဝိန္ဒတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊တနည်းကား၊ အဝိန္ဒိယံ၊ မရအပ်သောဒုစ္စရိုက်တရားကို၊ ဝိန္ဒတိ၊ ရတတ်၏၊ဣတိ-တသ္မာ၊ကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာ-မည်၏၊

ဝိန္ဒိယံ န ဝိန္ဒတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊ကား။ ဝိန္ဒိယံ၊ရအပ်သော သုစရိုက်တရားကို၊နဝိန္ဒတိ၊မရစေတတ်။ ဣတိ-တသ္မာ၊ကြောင့်၊အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏၊

အဝိဇ္ဇမာနေ ဇဝါပေတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊ကား။အဝိဇ္ဇမာနေ၊ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား, မိန်းမ-စသည်၌။ ဇဝါပေတိ၊ ယောကျ်ား, မိန်းမ-စသည်-ဟု ထင်မှားစေတတ်၏၊ဣတိတသ္မာ၊ကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာ-မည်၏၊

ဝိဇ္ဇမာနေ န ဇဝါပေတီတိ ဝါ အဝိဇ္ဇာ၊

ဝါ၊ကား။ဝိဇ္ဇမာနေ၊ ပရမတ္ထအားဖြင့်ထင်ရှားရှိသောခန္ဓာငါးပါးစသည် ၌။နဇဝါပေတိ၊ခန္ဓာ-စသည်-ဟုမထင်မှတ်စေတတ်၊ ဣတိတသ္မာ၊ကြောင့်။ အဝိဇ္ဇာ၊အဝိဇ္ဇာ-မည်၏၊

ဝိဒိတဗ္ဗံ အဝိဒိတံ ကရောတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊ကား၊ဝိဒိတဗ္ဗံ၊သိအပ်သောသစ္စာလေးပါးစသည်ကို။အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏၊

အဝိဇ္ဇာ စ သာ ပစ္စယော စာတိ အဝိဇ္ဇာပစ္စယော၊

သာ၊ ထိုတရားသဘောသည်၊ အဝိဇ္ဇာစ၊ သည်လည်း၊ ဟောတိ၊၏။ ပစ္စယောစ၊အကြောင်းပစ္စည်းသည်လည်း၊ဝါ၊ကျေးဇူးပြုတတ်သည်လည်း၊ ဟောတိ၊၏။ဣတိ၊ကြောင့်၊အဝိဇ္ဇာပစ္စယော၊မည်၏၊

အဓိပ္ပါယ်ကား… .သဗ္ဗာ လေးပါးတို့၌ငင်း၊ ရှေးအစွန်း-ဟုဆိုအပ်သော ပုဗ္ဗန္တ, နောက်အစွန်း-ဟုဆိုအပ်သော အပရန္တ, ရှေ့နောက်အစွန်း-ဟု ဆိုအပ်သော ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်တို့၏ အကျိုးအကြောင်း-ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် ဤ၄ရပ်သော တရားတို့၌ ဖုံးလွှမ်းတတ်သော မောဟစေတသိက်သည်-အဝိဇ္ဇာမည်၏။

တတ္ထ ကတမာ အဝိဇ္ဇာ ဒုက္ခေ အညာဏံ။ပ။
ဣဒပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု အညာဏံ။
ဓမ္မသင်္ဂဏီပါဠိတော်။ ။(၁၆၃)။

---

## သင်္ခါရ-အဓိပ္ပါယ်။

သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ။

သင်္ခတံ၊ပြုအပ်သော အကျိုးတရားကို။ အဘိသင်္ခရောန္တိ၊ ပြုပြင်တတ်ကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။သင်္ခါရာ၊သင်္ခါရ-မည်ကုန်၏။

အဓိပ္ပါယ်ကား….ဝိပါက်,ကဋတ္တာရုပ်တို့ကို ပြုပြင်တတ်,ဖြစ်စေတတ်သော လောကီကုသိုလ်, အကုသိုလ်စေတနာ တရယုတ်သုံးဆယ်သည်-သင်္ခါရမည်၏။ ။ဟူလို။

သင်္ခတံ ကာယဝစီမနောကမ္မံအဘိ
သင်္ခရောန္တိ ဧတေဟီတိ သင်္ခါရာ။

ဧတေဟိ၊ထိုတရားတို့ဖြင့်။ သင်္ခတံ၊ပြုပြင်စီရင်အပ်သော။ ကာယဝစီမနောကမ္မံ၊ကာယကံ,ဝစီကံ,မနောကံကို။ အဘိသင်္ခရောန္တိ၊ ပြုပြင်စီရင်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့ ပြုပြင်စီရင်ကြောင်းဖြစ်သော သတ္တိကြောင့်။သင်္ခါရာ၊သင်္ခါရ-မည်ကုန်၏။

အဓိပ္ပါယ်ကား….ကာယကံ,ဝစီကံ, မနောကံတို့ကို ဖြစ်စေတတ်, ၎င်းကာယကံ,ဝစီကံ, မနောကံတို့၏ ဖြစ်ခြင်း၏အကြောင်းဖြစ်ကုန်သော လောကီကုသိုလ်, အကုသိုလ်စေတနာတရယုတ်သုံးဆယ်သည်-သင်္ခါရ မည်၏။ ၎င်းလောကီကုသိုလ်စေတနာ, အကုသိုလ် စေတနာဘို့ကြောင့် ကုသိုလ်ကံအမျိုးမျိုး-အကုသိုလ်ကံအမျိုးမျိုးဖြစ်ကုန်၏။ ။ဟူလို။

## သင်္ခါရ-အပြား။

ထိုသင်္ခါရတို့သည်၊ ၁-ပုညာဘိသင်္ခါရ၊ ၂-အပုညာဘိသင်္ခါရ၊ ၃-အာနေဉ္ဇာဘိသင်္ခါရ-ဟူ၍သုံးပါး။ ။တနည်း။၁-ကာယသင်္ခါရ၊၂-ဝစီသင်္ခါရ၊ ၃-စိတ္တသင်္ခါရ-ဟု သုံးပါး၊ ဤသို့အားဖြင့် ခြောက်ပါးအပြား ရှိကုန်၏။

### ပုညာဘိသင်္ခါရ အဓိပ္ပါယ်။

အတ္တနော ကာရကံ ပုနာတိ သောဓေတီတိပုညော။
အဇ္ဈာသယံ အတ္တနော ပူရေတီတိ ဝါ ပုညော။
ပုဇ္ဇံ ဘဝံ နိဗ္ဗတ္တေတီတိ ဝါ ပုညော၊ ။

ယောကုသလဓမ္မော၊အကြင်ကုသိုလ်စေတနာတရားသည်။အတ္တနော၊မိမိ၏။ကာရကံ၊ပြုတတ်သောသူကို။ ပုနာတိ-သောဓေတိ၊ဖြူစင်စေတတ်၏။ဣတိ၊ကြောင့်။သော၊သည်။ ပုညော၊ပုည-မည်၏၊ ။ဝါ၊တနည်းကား။ အတ္တနော၊မိမိ၏။ အဇ္ဈာသယံ၊ မြတ်သောအလိုကို။ ပူရေတိ၊ ပြည့်စုံစေတတ်၏။ ဣတိ၊ ကြောင့်။ပုညော၊ ပုည-မည်၏။ ။ဝါ၊ ကား။ ပုဇ္ဇံ၊ဖြူစင်သန့်ရှင်းသော၊ ဘဝံ၊ ဘဝကိုသည်း။ နိဗ္ဗတ္တေတိ၊ ဖြစ်စေတတ်၏၊ ဣတိ၊ ကြောင့်။ပုညော၊ပုည-မည်၏။ ။(အဓိပ္ပါယ်ပေါ်ပြီ)။

အဘိသင်္ခရောတိ ဝိပါကံ ကဋတ္တာရူပဉ္စာတိ အဘိသင်္ခါရော။
ပုညော ဝ အဘိသင်္ခါရောတိ ပုညာဘိသင်္ခါရော။ ။

ယော၊အကြင်ကုသိုလ်တရားသည်၊ဝိပါကဉ္စ၊ဝိပါက်နာမက္ခန္ဓာကိုလည်း။ ကဋတ္တာရူပဉ္စ၊ ကဋတ္တာရုပ်ကိုလည်း။ အဘိသင်္ခရောတိ၊ပြုပြင်စီရင်တတ်၏။ ဣတိ၊ ကြောင့်။ သော၊ သည်။ အဘိသင်္ခါရော၊ အဘိသင်္ခါရ-မည်၏။ ပုညော ဝ၊ကုသိုလ်သည်ပင်လျှင်။ အဘိသင်္ခါရော၊ပြုပြင်စီရင်တတ်သည် တည်း။ဣတိ၊ကြောင့်။ပုညာဘိသင်္ခါရော၊ပုညာဘိသင်္ခါရ-မည်၏။

အဓိပ္ပါယ်ကား....ကာမကုသိုလ်စေတနာ ၈-ချ၊ရူပကုသိုလ်စေတနာ ၅-ချ၊ဤကုသိုလ်စေတနာ ၁၃-ချသည်၊ ကောင်းသော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကိုဖြစ်စေတတ်,ပြုပြင်တတ်သောကြောင့်-ပုညာဘိသင်္ခါရ မည်၏၊ ။ဘုလို၊

## အပုညာဘိသင်္ခါရ-အဓိပ္ပါယ်။

ပုညပဋိပက္ခော အပုညော။ အပုညောဝ
အဘိသင်္ခါရောတိအပုညာဘိသင်္ခါရော။

ပုညပဋိပက္ခော၊ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောတရားသည်။ဝါ၊ ဖြစ်သောကြောင့်။အပုညော၊အပုည-မည်၏။ ။အပုညောဝ၊အကုသိုလ်သည်ပင်လျှင်။ အဘိသင်္ခါရော၊ ပြုပြင် စီရင်တတ်သည်တည်း။ ဣတိ၊ ကြောင့်။အပုညာဘိသင်္ခါရော၊အပုညာဘိသင်္ခါရမည်၏။:

အဓိပ္ပါယ်ကား....အကုသိုလ်စေတနာ ၁၂-ခုသည်၊ မကောင်းသော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကို ပြုပြင်စီရင်တတ်, ဖြစ်စေတတ်သောကြောင့်-အပုညာဘိသင်္ခါရမည်၏။ ။ဟူလို။

## အာနေဉ္ဇာဘိသင်္ခါရ-အဓိပ္ပါယ်။

န ဣဉ္ဇတိ န ဖန္ဒတီတိ အနေဉ္ဇ ။အနေဉ္ဇမေဝ အာနေဉ္ဇ ။
အာနေဉ္ဇမေဝ အဘိသင်္ခါရောတိတိ အာနေဉ္ဇာဘိသင်္ခါရော။ ။

အာနေဉ္ဇံ ဝါ၊ ဘဝံ အဘိသင်္ခါရောတီတိ အာနေဉ္ဇာဘိသင်္ခါရော။

နဣဉ္ဇတိ၊ မတုန်လှုပ်တတ်။ ဣတိ၊ကြောင့်။ အနေဉ္ဇံ၊ အနေဉ္ဇ-မည်၏။ အနေဉ္ဇမေဝ၊ အနေဉ္ဇ-သဒ္ဒါသည်ပင်။ အာနေဉ္ဇံ၊ အာနေဉ္ဇ-မည်၏။ ။ အာနေဉ္ဇမေဝ၊ သည်လျှင်။ အဘိသင်္ခါရော၊ တည်း။ ဣတိ၊ ကြောင့်။ အာနေဉ္ဇာဘိသင်္ခါရော၊ မည်၏။ ။ဝါ။ကား။ အာနေဉ္ဇမေဝ၊ မတုန်လှုပ်သည်သာဖြစ်သော။ ဘဝံ၊ဘဝကို။ အဘိသင်္ခရောတိ၊ ၏။ဣတိ၊ ကြောင့်။ အာနေဉ္ဇာဘိသင်္ခါရော၊မည်၏။

အဓိပ္ပါယ်ကား....အရူပကုသိုလ်စေတနာ၄-ခုသည် မတုန်လှုပ်တတ်သော အရူပဘဝကို ပြုပြင်စီရင်တတ်သောကြောင့်-အာနေဉ္ဇာဘိသင်္ခါရမည်၏။ ။ဟူလို။

---

## လောကုတ္တရာကုသိုလ်နှင့်ဝိပါက်,ကြိယာတို့၏သင်္ခါရ မမည်ခြင်းအကြောင်း။

လောကုတ္တရာ-စိတ်၃၈ပါး, ကာမဝိပါက်, ကြိယာ-တရားများကား၊ သင်္ခါရမမည်ပေ။ အဘယ့်ကြောင့် ဆိုသော်၊ ထိုတရားသုံးပါးတို့သွင်၊

လောကုတ္တရာစိတ်စေတနာကား၊ ဝဋ်မြစ်ကိုမပွားစေတတ်, မပြုပြင်တတ်မူ၍၊ သံသရာဝဋ်မြစ်ကို ဖြတ်တတ်,ဖျက်ဆီးတတ်သောကြောင့်-သင်္ခါရ မမည်ပေ။ ။ဝိပါက်တရားကား၊ အကျိုးတရားဖြစ်၍ သင်္ခါရမမည်ပေ။ ကြိယာစေတနာကား၊ဝဋ်ပြတ်ပြီးသော ဘုရားရဟန္တာတို့၏ စိတ်တော်အစဉ်ဖြစ်၍၊ သံသရာဝဋ်မြစ်ကို မပြုပြင်တတ်သောကြောင့်- သင်္ခါရ မမည်-ဟုမှတ်။ ။

လောကုတ္တရ ကုသလစေတနာ ပန ဝဋ္ဋကထာဘာဝတော ဣဓ န ဂဟိတာ။ ။အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။ ။(၃၄၈)။
ဝိပါကကြိယစေတနာ ပန အဝိပါကတ္တာ ဝိပါကံ န အဘိသင်္ခရောန္တိ"။ ။
ဝိဘင်း-အဋ္ဌကထာ။ ။(၁၂၄)။

---

## ကာမ,ရူပ,ကုသိုလ်တို့၏ အာနေဉ္စမမည်ခြင်းအကြောင်း။

အရူပကုသိုလ်ကိုသာ၊ အာနေဉ္ဇာဘိသင်္ခါရဟုဆို၏။ ကာမကုသိုလ်, ရူပကုသိုလ်များကိုကား၊ကုသိုလ်ဇာတ်ချင်းတူပါလျက် အဘယ့်ကြောင့် အာနေဉ္စ-ဟု မဆိုပါသနည်းဟူမူ။ ။ကုသိုလ်ဇာတ်ချင်းတူသော်လည်း အရူပကုသိုလ်တို့သည်သာ၊ အပ္ပနာသမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတရားတို့နှင့် အလွန်ဝေးကွာသောကြောင့်-တုန်လှုပ်ခြင်း မရှိရကား၊အာနေဉ္စ-ဟုဆိုအပ်ပါသတည်း။ထိုသို့ဖြစ်ပါက၊ ကာမကုသိုလ်ကား၊ နီဝရဏနှင့် နီးသဖြင့် တုန်လှုပ်ခြင်းရှိသည် မည်တန်စေ၊ ရူပကုသိုလ်ကား၊အပ္ပနာသမာဓိ-ရရှိပြီးဖြစ်၍၊အဘယ် ကြောင့်-အာနေဉ္စ-ဟု မဆိုပါသနည်းဟူမူ။ ၎င်းရူပကုသိုလ်သည်၊အပ္ပနာသမာဓိကိုရရှိပြီးဖြစ်၍၊ နီဝရဏတို့နှင့် ဝေးကွာသည်ကား မှန်ပါ၏။ သို့သော်၊ ၎င်းရူပါဝစရ ကုသိုလ်စေတနာသည်၊ တုန်လှုပ်သောရုပ်ကို၎င်း,မတုန်လှုပ်သောနာမ်ကို ၎င်း, ပြုပြင်တတ်၏။ ထိုကြောင့်၊ ၎င်းရူပါဝစရ ကုသိုလ်စေတနာကို အာနေဉ္ဇာဘိသင်္ခါရ-ဟုမဆိုအပ်ပါသတည်း။

ရူပါဝစရကုသလ စေတနာ အနိဉ္ဇသမာနာပိ။ပ။
အတ္တနာ သရိက္ခကမ္ပိ အသရိက္ခကမ္ပိ သဉ္ဇနနမ္ပိ
အနိဉ္ဇနမ္ပိရူပါရူပံဇနေတိတိနအာနေဉ္ဇာဘိသင်္ခါရော
နာမ ဟောတိ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၂၄)။

သမာဓိပစ္စနီကာနံ့ အတိဒူရတာယ န ဇာယတိ။
ရူပမေဝ သမ္ဘုနတ္တာ သဇာယတီ န ဘိန္ဒတိ၊ ။
မူလဋီကာ။ ။(၁၄-၁၅)၊

---

ကာယသင်္ခါရစသော-အဓိပ္ပါယ်။

ကာယေန ပဝတ္တိတော သင်္ခါရော ကာယသင်္ခါရော၊
ကာယတော ဝါ ပဝတ္တော သင်္ခါရော ကာယသင်္ခါရော။

ကာယေန၊ကာယဒွါရသည်။ပဝတ္တိတော၊ဖြစ်စေအပ်သော၊သင်္ခါရော၊ သင်္ခါရသည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရမည်၏၊ ။ဝါ၊ကား။ ကာယတော၊ ကာယဒွါရကြောင့်။ ပဝတ္တော၊ဖြစ်သော။ သင်္ခါရော၊သည်။ ကာယသင်္ခါရော၊ မည်၏။ ။(ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့၌ထည်း ရင်းအတိုင်းပြု)၊

၁။ ။အဓိပ္ပါယ်ကား....ကာယဝိညတ်ဟု-ဆိုအပ်သောကာယဒွါရ ကြောင့် ဖြစ်ကုန်သော ကာမာဝစရကုသိုလ်စေတနာ ၈-ပါး၊အကုသိုလ် စေတနာ ၁၂-ပါး၊ ဤ ၂၀-သော ကာယကံစေတနာအပေါင်းသည်၊ ကာယသင်္ခါရမည်၏။ ။

၂။ ။ဝစီဝိညတ်-ဟု ဆိုအပ်သော ဝစီဒွါရကြောင့် ဖြစ်ကုန်သော ဤဆိုအပ်ပြီးသော ၂၀-သော ဝစီကံစေတနာအပေါင်းသည်-ဝစီသင်္ခါရ မည်၏။

၃။ ။ကာယဝိညတ်, ဝစီဝိညတ် ၂-ပါးကို မဖြစ်စေမူ၍၊ မနောဒွါရ ၌သာ ဖြစ်သော အကုသိုလ်စေတနာ ၁၂-ခု၊မဟာကုသိုလ်စေတနာ ၈-ခု မဟဂ္ဂုတ်စေတနာ၉-ခု၊ ဤစေတနာတရ ယုတ်သုံးဆယ်သည်- စိတ္တ သင်္ခါရမည်၏။ ။

ဆိုလိုရင်းကား... ကာယဒွါရကိုမှ ရှောင်ကြဉ်၍ဖြစ်သောကာယကံ သည်-ကာယသင်္ခါရ၊ဝစီဒွါရကိုမှ ရှောင်ကြဉ်၍ဖြစ်သော ဝစီကံသည်၊ ဝစီသင်္ခါရ၊ ဒွါရနှစ်ပါးကို မဖြစ်စေမူ၍၊ မနောဒွါရ သက်သက်၌သာဖြစ် သောမနောကံသည်-စိတ္တသင်္ခါရမည်၏-ဟုမှတ်။

ဤဆိုအပ်ပြီးသော အဘိသင်္ခါရဏာက သင်္ခါရ-ဟု ဆိုအပ်သော သင်္ခါရခြောက်ပါးကိုသာ၊ ဤ၌-သင်္ခါရ-ဟု မှတ်အပ်၏။ အနိစ္စာဝတ

သင်္ခါရ-ဟူသော သင်္ခတသင်္ခါရ၊ ဝိပါက်ကဋတ္တာရုပ်-ဟူသော အဘိသင်္ခတသင်္ခါရ၊ ကာယိက, စေတသိက,ဝီရိယ-ဟူသော ပယောဂါဘိသင်္ခါရ၊ ယမိုက်ပါဠိတော်၌ လာသော အဿာသပဿာသ- ဟူသော ကာယသင်္ခါရ၊ ဝိတက်,ဝိစာရ-ဟူသော ဝစီသင်္ခါရ၊ ကြွင်းသောစေတသိက်-ဟူသော စိတ္တသင်္ခါရတို့ကိုကား၊ ဤ"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသောပုဒ်၌၊မယူအပ်ကုန်။

---

## အဝိဇ္ဇာသည်သင်္ခါရအားကျေးဇူးပြုပုံ။

အဝိဇ္ဇာမကင်းသေးမူ၍၊တင်းလင်းပကတိရှိသောဒုထုဇဥ်ပုဂ္ဂိုလ်သည် သာလျှင်၊ သစ္စာလေးဖြာ၊ ဟုတ်မှန်ရာကို၊ သေချာစွာမထင်နိုင်,မမြင်နိုင်သဖြင့်၊ ဒုက္ခအတိဖြစ်သော တေဘူမကဝဋ်ဒုက္ခအပြစ်အာဒီနဝကို မမြင်နိုင်ချေ၊ဝဋ်ဒုက္ခတရားကိုပင် ကောင်းမြတ် သာယာဘွယ်-ဟုမှတ်ထင်၍နေလေ၏။ ဤသို့အဝိဇ္ဇာရှိမှုကြောင့် ဒုက္ခကို-သုခ-ဟုမှတ်ထင်နေသဖြင့် တေဘူမကဝဋ်၌ ကျင်လည်တတ်သော သင်္ခါရတရားကို အားထုတ်လေ၏။ ဤသို့ ဖြစ်မှုကိုပင် "အဝိဇ္ဇာသည် သင်္ခါရအားကျေးဇူးပြုသည်"ဟု ဆိုရ၏။

အဝိဇ္ဇာကင်းပြတ်၍ အရိယာဘာတ်သို့ ရောက်တော်မူကုန်ပြီးသော ဘုရား,ရဟန္တာ အရှင်မြတ်တို့မှာကား၊ ပြုသမျှသော သင်္ခါရတရားတို့သည်၊သင်္ခါရမမည်တော့ပါဘဲ၊ အဗျာကတအဖြစ်သို့ ရောက်ရလေကုန်၏။ ။(ဤကား-သင်္ခါရအား သာမညအားဖြင့် ကျေးဇူးပြုပုံတည်း)၊

၁-က။ ။ဒုက္ခသစ္စာကို မသိသော အဝိဇ္ဇာကြောင့် သံသရာဝဋ်ဆင်းရဲကိုချမ်းသာ-သုခဟုမှတ်ထင်၍၊ထိုသံသရာဝဋ်ဆင်းရဲ၏အကြောင်းဖြစ်ကုန်သောပုညာဘိသင်္ခါရဖြစ်သော ကာယ,ဝစီသင်္ခါရ,စိတ္တသင်္ခါရတို့ကို ပွားများအားထုတ်၏။

၁-ခ။ ။သမုဒယသစ္စာကိုမသိသောအဝိဇ္ဇာကြောင့်ဒုက္ခ၏အကြောင်း, တဏှာ၏အခြေအရံဖြစ်ကုန်သော သင်္ခါရတို့ကို ချမ်းသာသုခအမျိုးမျိုး၏ ရခြင်း၏အကြောင်း-ဟုမှတ်ထင်ကုန်လျက် အားထုတ်၏။

၁-ဂ၊ ။နိရောဓသစ္စာ,မဂ္ဂသစ္စာ ၂-ပါးကို မသိသော အဝိဇ္ဇာကြောင့် ဒုက္ခ၏ချုပ်ရာမဟုတ်သောဂတိအထူး၌၊ဒုက္ခ၏ချုပ်ရာ-ဟုမှတ်ထင်၍၎င်း၊ နိရောဓသစ္စာသို့ ရောက်ကြောင်းမဟုတ်သောယာဂပူဇော်ခြင်း၊ ပဥ္စတပ

ဒိဋ္ဌိအကျင့်တို့၌နိုရောဓသေတွာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်း-ဟု မှတ်ထင်၍ သင်္ခါရတို့ကိုအားထုတ်၏။

၁-စာ။ ။တနည်း-သတ္တဝါလေးပါး၌ ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့် ပဋိသန္ဓေနေခြင်း, အိုခြင်း,နာခြင်း, သေခြင်း-စသောများသော ဒုက္ခအမျိုးမျိုး အပြစ်အာဒီနဝတို့နှင့် ရောနှောသော အကျိုးဖြစ်သော သံသရာဒုက္ခကို ဒုက္ခ-ဟုမထင်နိုင်ပါဘဲ၊ပုညာဘိသင်္ခါရကို အားထုတ်၏၊ ဥပမာဆိုသော် နတ်သွီးကိုအလိုရှိ၍၊ ချောက်ကမ်းပါးသို့ခုန်ချခြင်း,ဆီမီးလျှံသို့ ပိုးပရံဝင်ခြင်း,ပျားရည်လူးထား၊ သန်လျက်သွားကို၊လျှင်လျှားရုံမက လျှာဖြင့်လျက်ခြင်းတို့ကဲ့သို့တည်း။

၂။ ။အကျိုးနှင့်တကွ ဖြစ်ကုန်သော ကာမဂုဏ်ချမ်းသာကို မှီဝဲခြင်းစသည်တို့၌ အပြစ်ကိုမမြင်မူ၍၊ချမ်းသာ-ဟုအမှတ်ရှိသည်၏ အဖြစ်ကြောင့်ရင်း, ကိလေသာနှိပ်စက်ခြင်းကြောင့်ရင်း, အပုညာဘိသင်္ခါရကို အားထုတ်၏။ ။ဥပမာဆိုသော်....သူငယ်ဉာဏ်မေ့၊ မစင်ပြော့ကို၊ ကိုင်ဆော့ကစားခြင်း,စိတ်ပျက်ငြင်ငြိုု၊သေချင်လို၍၊ အဆိပ်ကိုစားမြို့ခြင်း, တို့ကဲ့သို့တည်း။

၃။ ။သင်္ခါရဒုက္ခ,ဝိပရိဏာမဒုက္ခ၏ အပြစ်ကို မသိသောသူသည်၊ သဿတစသော ဖောက်ပြန်သော အယူဖြင့် အာနေဉ္ဇာဘိသင်္ခါရကို အားထုတ်၏။ ။ဥပမာဆိုသော်....မျက်စိလည်သော ယောက်ျားသည်၊ ဘီလူးတို့ နေရာဖြစ်သော မြို့သို့ ဇွေးရှူသွားခြင်းကဲ့သို့တည်း။

ဤကား-သင်္ခါရအား ဝိသေသအားဖြင့်ကျေးဇူးပြုပုံတည်း။ အကျယ် သိလိုပါမူ အဋ္ဌကထာ၌ရှုလင့်ကုန်။

> ယဿ ဟိ ဒုက္ခာဒိသု အဝိဇ္ဇာသင်္ခါတံ အညာဏံ အပ္ပဟီနံ။ပ။ ဟောတိ၊သော ဒုက္ခေ တာဝ ပုဗ္ဗန္တာဒိသုစ အညာဏေန သံသာရ ဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေတိဝိဓေပိ သင်္ခါရေ အာရဘတိ။ပ။ ဒိသာမုဠှော ဝိယ ဝိသာစနဂရာဘိမုခ မဂ္ဂဂမနံ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၂၅)။
>
> အနုပဗ္ဗိန္နတဏှာဝိဇ္ဇမာနေ သန္တာနေ သဗ္ဗာပါရတာ။
> အနုဋီကာ။ ။(၈၀)။

## အဝိဇ္ဇာကိုအစထားခြင်းစသောအကြောင်း။

ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌၊ အဝိဇ္ဇာကို အဘယ့်ကြောင့် အစထား၍ ဟောကြားတော်မူအပ်ပါသနည်း၊ အဝိဇ္ဇာကား၊ အစပုဒ်ဖြစ်၍ ၎င်း၏အကြောင်းကား အဘယ်ပါနည်း၊ အကြောင်းတရားကင်း၍ ဖြစ်ပါသလော-ဟူမူ။ ။အဝိဇ္ဇာမှာအကြောင်းမရှိသောကြောင့် အစထားသည် မဟုတ်၊ကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်-ဟူသော ဝဋ်သုံးပါး၏ ပြဓာန်းသော အကြောင်းရင်းဖြစ်သောကြောင့် အဝိဇ္ဇာကို အစထား၍မြတ်စွာဘုရားဟောကြားတော်မူအပ်၏။

"အာသဝသမုဒယာ၊အဝိဇ္ဇာသမုဒယော"

ဟု-ဟောတော်မူသောကြောင့်၊ ၎င်းအဝိဇ္ဇာ၏အကြောင်းကား၊ ဘဝတဏှာဟူသောအာသဝေါတရားပင်ဖြစ်၏-ဟုမှတ်။

ထိုသို့ဖြစ်ပါက၊ ဘဝတဏှာကို အစထား၍ ဟောကြားအပ်သည် မဟုတ်ပါလော-ဟူမူ။ ။၎င်းဘဝတဏှာကား၊အဝိဇ္ဇာ၏ အကြောင်းသာဖြစ်၏ စင်စစ်အကြောင်းရင်းမဟုတ်။ ၎င်းဘဝတဏှာ၏အကြောင်းသည်လည်း အဝိဇ္ဇာပင်ဖြစ်၍၊ အဝိဇ္ဇာသည်သာလျှင် အကြောင်းရင်းဖြစ်၏။ ထို့ကြောင့်- အဝိဇ္ဇာကိုသာ အစထား၍ ဟောကြားတော်မူအပ်ပါသတည်း။

သုဂတိဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတုတ္တာ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၆၅)။

တတ္ထဘဝတဏှာယ ပိဟေတုဘူတာ အဝိဇ္ဇာတာယ။ပ။
ပဋိစ္ဆာဒိတာဒီနဝေ ဘဝေ တဏှာယ ဥပ္ပဇ္ဇနတော အဝိဇ္ဇာ
ဝိသေသေန သီသဘူတာတိ မူလကရဏန္တိ ဝုတ္တာ။ ။
မဟာဋီကာ။(၂၀၇)။ ။မူလဋီကာ။ ။(၇၈)။

### ဆောင်ပုဒ်။

က။ ။ဝဋ်သုံးပါးကြောင်း၊ ဖြစ်တုံဈောင်း၊ မိန်ညောင်းစမှာ-အဝိဇ္ဇာ။
ခ။ ။တဏှာ၏ပင်၊ကြောင်းဖြစ်အင်၊မိန့်ပင်စမှာ-အဝိဇ္ဇာ။

## အဝိဇ္ဇာကြောင့်ကုသိုလ်,အကုသိုလ်ဖြစ်ခြင်းအကြောင်း။း

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟူရာ၀ယ်၊သင်္ခါရသည် ကုသိုလ်, အကုသိုလ်စေတနာများပင်ဖြစ်၍၊ အဝိဇ္ဇာကား အကုသိုလ်စေတသိက် ဖြစ်သဖြင့်၊အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်သော အပုညာဘိသင်္ခါရကား ဖြစ်ဘန်စေ၊ တမာစေ့မှ ကြံပင်မပေါက်နိုင်သကဲ့သို့၊ ထိုအတူ ကုသိုလ် ဖြစ်သော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကား၊ အသို့ဖြစ်နိုင် ကုန်အံ့နည်း၊ မဖြစ်သင့်ကုန်-ဟူငြားအံ့၊ ။အဝိဇ္ဇာသည် ကုသိုလ်နှင့် မတူသော အကြောင်းတရားပင်ဖြစ်လင့်ကစား၊ အဝိဇ္ဇာကင်းစင်ပြီးသော ဘုရား, ရဟန္တာတို့၏သန္တာန်တော်၌ကား၊ သင်္ခါရမဖြစ်နိုင်။ အဝိဇ္ဇာ အနုသယ ကိန်းအောင်းနေသော သူများသန္တာန်၌သာ သင်္ခါရဖြစ်နိုင် သောကြောင့်"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟုဆိုအပ်ပါသတည်း။

### အဓိပ္ပါယ်အကျယ်။

အဝိဇ္ဇာကြောင့်၊ သင်္ခါရဖြစ်ပုံအဓိပ္ပါယ်အကျယ်ကို ဤသို့သိ။ ။ အကြောင်းတရားဟူသည်၊ ၁-ဆန့်ကျင်သောအကြောင်း၊ ၂-မဆန့်ကျင် သောအကြောင်း၊ ၃-အကျိုးနှင့်တူသော အကြောင်း၊ ၄-အကျိုးနှင့်မတူ သောအကြောင်း-ဟူ၍ ၄-မျိုး,၄-စားရှိသဖြင့်၊ဤ အဝိဇ္ဇာ-ဟူသည်၊ ဒုက္ခ ဝိပါက-အကျိုးကိုပေးနိုင်သော မတူသော အကြောင်းတရားပင် ဖြစ်စေ ကာမူ၊ကောင်းသောအကျိုးကိုပေးနိုင်သောပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိ သင်္ခါရတို့အားရင်း, မကောင်းသောအကျိုးကို ပေးနိုင်သော အပုညာဘိ သင်္ခါရအားရင်း,ကျေးဇူးပြုနိုင်၏၊အကြောင်းတရားဖြစ်နိုင်၏-ဟုမှတ်၊

ဝိရုဒ္ဓေါစာဝိရုဒ္ဓေါ စ၊သဒိသာသဒိသော တထာ။
ဓမ္မာနံ ပစ္စယော သိဒ္ဓေါ၊ဝိပါကာ ဧဝ တေ စ နှ။ ။

ဝိဘာင်း-အဋ္ဌကထာ။ ။(၁၂၈)။

တသ္မာ ဒုက္ခဝိပါကာယ ပိ အဝိဇ္ဇာယတဒဝိပါကာနံပုညာနေဉ္ဇာဘိ သင်္ခါရာနံ ပစ္စယတ္တံ န နယုဇ္ဇတိတိ အဋ္ဌော၊ ။

မူလဋီကာ။ ။(၉၀)။.

ထိုဆိုအပ်ခဲ့ပြီးသော အကြောင်းလေးပါးတို့တွင်၊ ဝိရုဒ္ဓ-အကြောင်းသည်၊ ဌာနဝိရုဒ္ဓ, သဘာဝဝိရုဒ္ဓ, ကိစ္စဝိရုဒ္ဓ-ဟူ၍သုံးပါး။ ။အဝိရုဒ္ဓအကြောင်းသည်လည်း၊ဌာနအဝိရုဒ္ဓ,သဘာဝ အဝိရုဒ္ဓ,ကိစ္စအဝိရုဒ္ဓ-ဟူ၍သုံးပါးရှိ၏။

၁။ ။ရှေးဖြစ်သော စိတ်သည်၊ နောက်၌ဖြစ်သော စိတ်အား ဌာနအားဖြင့် ဆန့်ကျင်၍ ကျေးဇူးပြုသောကြောင့်- ဌာနဝိရုဒ္ဓအကြောင်းမည်၏၊

၂။ ။ရှေး၌ သင်အပ်ပြီးသော အတတ်ပညာစသည်တို့သည်လည်း၊ နောက်၌ ဖြစ်ဆဲဖြစ်ကုန်သော အဘတ်ပညာအစရှိကုန်သော ကြိယာတို့အားရင်း, ကုသိုလ်,အကုသိုလ်ကံသည်၊ ရုပ်တရားအားရင်း, သဘောအားဖြင့် ဆန့်ကျင်၍ ကျေးဇူးပြုသောကြောင့်- သဘာဝဝိရုဒ္ဓအကြောင်းမည်၏။

၃။ ။နို့ရည်အစရှိသည်တို့သည်၊ နို့ထမ်း အစရှိသည်တို့အားရင်း, အရောင်အလင်းသည်၊ စက္ခုဝိညာဏ်စိတ်အားရင်း, ကိစ္စအားဖြင့် ဆန့်ကျင်၍ ကျေးဇူးပြုသောကြောင့်-ကိစ္စဝိရုဒ္ဓအကြောင်းမည်၏။

၄။ ။ထန်းလျက်အစရှိသည်တို့သည်၊အရက်အစရှိသည်တို့အားရင်း, စက္ခုပသာဒ,ရူပါရုံ-အစရှိသည်တို့သည်၊ စက္ခုဝိညာဏ်စိတ်အစရှိသည်တို့အားရင်း,ဌာနအားဖြင့် မဆန့်ကျင်မူ၍ ကျေးဇူးပြုတတ်သောကြောင့် ဌာနအဝိရုဒ္ဓအကြောင်းမည်၏။

၅-၆။ ။ရှေး၌ဖြစ်သော ဇောအစရှိသည်တို့သည်၊နောက်၌ဖြစ်သော ဇောအစရှိသည်တို့အား၊ ဇော-ဟူသောသဘောအားဖြင့်ရင်း, ဇောကိစ္စ ဟူသောကိစ္စအားဖြင့်ရင်း, ဌာနအားဖြင့် မဆန့်ကျင်မူ၍ ကျေးဇူးပြုတတ်သောကြောင့်-သဘာဝအဝိရုဒ္ဓ, ကိစ္စအဝိရုဒ္ဓအကြောင်းမည်၏။

၇။ ။သလေးစပါးတို့၏ အစေ့စသည်တို့သည်၊ သလေးသီးအစရှိသည်တို့အား တူသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့်-သဒိသအကြောင်းမည်၏။

၈။ ။ရုပ်သည်နာမ်အား, နာမ်သည်လည်းရုပ်အား, ဝဋ္ဋဝါမည်သောမြည်းမသည်၊ အဿတိုရ်မြင်းဖြတ်အား၊ သဘောမတူသော အားဖြင့် ကျေးဇူးပြုတတ်သောကြောင့်-အသဒိသအကြောင်းမည်၏-ဟုမှတ်။

## ဆောင်ပုဒ်။

ဝိရုဒ္ဓါဝိရုဒ္ဓ၊သဒိသနှင့်၊အသဒိသိ၊ကြောင်းလိလိပေါင်း၊
ရှိတုံရှောင်း၊ဖြစ်ကြောင်း-အဝိဇ္ဇာ။

တနည်း....အဝိဇ္ဇာသည်၊ပုညာဘိသင်္ခါရအားရင်း၊ အဝိဇ္ဇာကို ခယ ဝယအားဖြင့် သုံးသပ်သောအခါ၌ အာရမ္မဏ, ပကတူပနိဿယ,သတ္တိ နှစ်ပါးဖြင့် ကျေးဇူးပြု၏။ ။အပုညာဘိ သင်္ခါရအား၊ အာရမ္မဏ, အာရမ္မဏာဓိပတိ, အနန္တရ, သမနန္တရ,ဥပနိဿယ, အာသေဝန, နတ္ထိ. ဝိဂတ,ဟေတု, သဟဇာတ, အညမည, နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ-ဤ ၁၅-ပစ္စည်းတို့ဖြင့်ကျေးဇူးပြု၏။ ။အာနေဉ္ဇာဘိ သင်္ခါရအား၊ ပကတူပနိဿယပစ္စည်းတပါးဖြင့်သာ၊ကျေးဇူးပြု၏။

ပြုပြန်ကား... အဝိဇ္ဇာသည်၊ ကာမာဝစရပုညာဘိသင်္ခါရအားရင်း, အဝိဇ္ဇာကို ခယဝယသို့တင်၍သုံးသပ်သောအခါ၌ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ အဘိညာဉ် ကိစ္စတပ်သော ပဉ္စမဈာန် ကုသိုလ်စိတ်ဖြင့် အဝိဇ္ဇာကိုသိသောအခါ၊ အဝိဇ္ဇာသည် ရူပါဝစရပုညာဘိသင်္ခါရအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။အဝိဇ္ဇာကို လွန်မြောက်ခြင်း အကျိုး၌ ဒါနအစရှိသော ကာမာဝစရကုသိုလ်စေတနာကို ဖြစ်စေသော အခါ၌ရင်း, ရူပါဝစရကုသိုလ် စေတနာကို ဖြစ်စေသော အခါ၌ရင်း, သို့မဟုတ်၊ အဝိဇ္ဇာ တွေဝေမှုကြောင့် ကာမဘဝ, ရူပဘဝ စည်းစိမ် ချမ်းသာကို တောင့်တ၍၊ထိုကာမာဝစရကုသိုလ်,ရူပါဝစရကုသိုလ်တို့ကို ပြုသောအခါ၌ရင်း,ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပေ၏။

အဝိဇ္ဇာသည်၊အပုညာဘိသင်္ခါရအား၊အဝိဇ္ဇာကိုအာရုံပြု၍ ရာဂအစရှိသည်တို့ဖြစ်သောအခါ၌၊အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။အဝိဇ္ဇာကို အလေးအမြတ်အာရုံပြု၍ သာယာသောအခါ၌ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ။အဝိဇ္ဇာဖုံးလွှမ်းခြင်း ကြောင့် အပြစ်ကိုမသိမမြင်နိုင်၍၊ ပါဏာတိပါတစသော အကုသိုလ်ကို ပြုသောအခါ၌- ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။ထိုပါဏာတိ ပါတစသော အကုသိုလ်ဖြစ်သောအခါ၊ ဒုတိယဇောအစရှိသည်တို့အား၊ အနန္တရ,သမနန္တရ,အနန္တရူပနိဿယ,နတ္ထိ,ဝိဂတ,ပစ္စည်းတို့ဖြင့် ကျေးဇူး ပြု၏။ ။အမှတ်မရှိတခုခုသော အကုသိုလ်ကို ပြုသောအခါ၊ ဟေတု,

သဟဇာတ,အညမညာ,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ,ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ။

အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား၊ အရူပဘဝ၏ ပြည့်စုံခြင်း စည်းစိမ်ကို တောင့်တ၍၊ အရူပကုသိုလ်စေတနာကို ပြုသောအခါ၌၊ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏ ။

ပစ္စယော ဟောတိ ပုညာနံ၊ဒုဝိဓာနေကဓာ ပန။
ပရေသံ ပစ္ဆိမာနံ သာ၊ဧကဓာ ပစ္စယော မတာ၊ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၂၆)။

ဤပဋိစ္စ သမုပ္ပါဒ်၌၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ- စသော အားဖြင့် အကြောင်းတပါး,အကျိုးတပါးစီသာ ဟောတော်မူ၏။သို့ဖြစ်၍ သင်္ခါရ၏ အကြောင်းတရားသည်၊အဝိဇ္ဇာတပါးတည်းသာ ဖြစ်ပါသလော-ဟူမူ။ ။ အကြောင်းတပါးမက၊ အကြောင်း အများပင်ရှိ၏။ သို့သော်၊ ထင်ရှား ပြဓာန်းသော အသာဓာရဏအကြောင်းဖြစ်သောကြောင့် ဤ၌ အဝိဇ္ဇာ တပါးတည်းကိုသာ ဟောတော်မူသည်-ဟုမှတ်။ထိုစကားမှန်၏။ပုညာဘိ သင်္ခါရစသည်ဖြစ်မှု၌၊ ဖြစ်ပေါ်ရန် အကြောင်းတရားတို့သည် အဝိဇ္ဇာ, ဝတ္ထု, အာရုံ, သဟဇာတ တရားစသောအားဖြင့် အများပင်ရှိလေ၏။ ထိုတွင်၊ အဝိဇ္ဇာသည် တဏှာစသည်တို့၏ အကြောင်းရင်း ဖြစ်သော ကြောင့်ပြဓာန်း၏။ အဝိဇ္ဇာတည်းဟူသော ဥဒ္ဓံဖြင့် မှေးယှက်ဖုံးအုပ်အပ် သော သူရိုက်များသာလျှင်၊ သင်္ခါရဖြစ်လေသောကြောင့် ထင်ရှား၏။ ဘုရား, ရဟန္တာတို့အား၊ သင်္ခါရမရှိသောကြောင့်ရင်း, ပုညာဘိသင်္ခါရ စသည်နှင့်မယှဉ်သောကြောင့်ရင်း,မရောယှက်မဆက်ဆံပေ။

ဤသို့ ပဓာန, ပါကဋ, အသာဓာရဏ ဖြစ်သောကြောင့် အဝိဇ္ဇာ အကြောင်းကိုသာလျှင် သီးခြားဘော်ထုတ်၍ မိန့်တော်မူရပါသတည်း။ ။ (ကြွင်းသော ပဋိစ္စသမုပ္ပါဒ်တရားတို့၌လည်း ဤနည်းအတိုင်းမှတ်)

**ဆောင်ပုဒ်။**

အကြောင်းအများ၊ ရှိကာစားလည်း၊ အများတို့ထက်။
ပြဓာန်းတွက်၊မိန့်ခြွက်-အဝိဇ္ဇာ။

ပါကဋတ္တာ, အသာဓာရဏတ္တာစ, သဉ်္ဂါရာနံ ဟောတုဘာဝေန
ဒိုပိတာ။ ။ဝိဘာင်း-အဋ္ဌကထာ။ ။(၁၂၈)။
အဝိဇ္ဇာပစ္စယာသင်္ခါရာအဘွင့်ပြီး၏။

---

## သင်္ခါရပစ္စယာဝိညာဏံ-အဘွင့်။

ဤ၌သင်္ခါရ၏အရ၊မင်ဖြင့်ပယ်အပ်သောအကုသိုလ်ကံ,အဟောသိကံ,
ကုသိုလ် အဘိညာ, ပဋိသန္ဓေအခါ၌၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ကြဉ်သော
အလုံးစုံသောပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ
ဟုဆိုအပ်သော ကုသိုလ်,အကုသိုလ်,စေတနာ ၂၉-ပါး,ကိုယူ။

## အဝယဝတ္ထု-အဓိပ္ပါယ်။

လောကုတ္တရာကုသိုလ်ကံကိုကား၀ဋ်မြစ်ကိုဖြတ်သောကံမျိုးဖြစ်သော
ကြောင့် ၀ဋ္ဋကထာ၌မယူအပ်။ မင်ဖြင့်ပယ်အပ်သောအကုသိုလ်ကံကား၊
အကြွင်းမဲ့ပယ်အပ်ပြီးဖြစ်၍၊မီးဖြင့်လှော်အပ်သော:မျိုးစေ့ကဲ့သို့ ဖြစ်သော
ကြောင့်- ဝိညာဏ်ကိုမဖြစ်စေနိုင်။ ။အဟောသိကံကား၊ :သွန်သော
သစ်စေ့ကဲ့သို့ဖြစ်သောကြောင့် ဝိညာဏ်ကို မဖြစ်စေနိုင်။ ။ကုသိုလ်
အဘိညာဉ်ကိုကား နောက်၌ဖြစ်သော ဝိညာဏ်အား ကျေးဇူးမပြုသော
ကြောင့်ပဝတ္တိ,ပဋိသန္ဓေ ၂-ပါးလုံး၌ကြဉ်အပ်၏။ ။ဥဒ္ဓစ္စသဟဂုတ်စိတ်
ကိုကား အောက်ကာဘွင့်ဆိုအပ်ပြီးသောအတိုင်း ပဋိသန္ဓေကိုပေးသော
သဘောမရှိသောကြောင့် ပဋိသ:န္ဓေအခါ၌ကြဉ်အပ်၏။ သို့သော် ပဝတ္တိ
အခါ၌ကား ဝိညာဏ်ကိုဖြစ်စေနိုင်၍-၁၉-ပါးပင်ဖြစ်၏။

> "အဘိညာ စေတနာ ပနေတ္ထ ပရတော၊ဝိညာဏဿ ပစ္စယော
> နဟောတီတိ နဂဟိတာ၊ ယထာစအဘိညာစေတနာ ဧဝံ ဥဒ္ဓစ္စ
> စေတနာပိနဟောတိ"။ ။ဝိဘာင်း-အဋ္ဌကထာ။ ။(၁၂၅)။

## ဆောင်ပုဒ်။

က။ ။သံသရာဝဋ်မြစ်၊ချတ်ဖြတ်လစ်၊ ပယ်ပစ်လောကုသိုလ်။
ခ။ ။မင်ပယ်အကု၊ မျိုးပျက်မှုတည်း၊ အဟောသိကား၊ သွန်သုံးဖြွား၊
ပယ်ရှားဤ၌ဝယ်။
ဂ။ ။ကုသိုလ်ဘိညာဉ်၊ နောက်ဝိညာဏ်ကင်း၊ထို့ကြောင့်လျှင်း၊ ပယ်
ရှင်းဤ၌ပင်။

---

ဝိညာဏ်-အခန်းပါယ်။

ဝိဇာနာတီတိ ဝိညာဏံ။

ဝိဇာနာတိ၊အထူးသိတတ်၏။ဣတိတသ္မာ၊ကြောင့်။ဝိညာဏံ၊ဝိညာဏ် မည်၏။

ဝိဇာနန္တိ ဧတေနာတိဝါ ဝိညာဏံ။

ဝါ၊ကား။ ဧတေန၊ဤတရားဖြင့်။ ဝိဇာနန္တိ၊ အထူးသိကြကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့သိကြောင်းဖြစ်သော သတ္တိကြောင့်။ ဝိညာဏံ၊ ဝိညာဏ် မည်၏။

၎င်းဝိညာဏ်သည်၊ ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်ဟူ၍ ၂-မျိုး ရှိ၏။ ၁-ပဋိသန္ဓေအခိုက်၌ဖြစ်သောပဋိသန္ဓေစိတ် ၁၉-ပါးသည်၊ပဋိသန္ဓေ ဝိညာဏ်မည်၏။ ၂-ပဋိသန္ဓေမှနောက် ပဝတ္တိအခါ၌ဖြစ်သော လောကီ ဝိပါက် ၃၂-ပါးသည်၊ဝါ၊ စိတ်တရယုတ်ကိုးဆယ်သည်-ပဝတ္တိဝိညာဏ် မည်၏။

မှတ်ချက်။ ။ဤဝိညာဏ်၏အရ-လောကုတ္တရာဝိပါက်ကို အဘယ် ကြောင့် မကောက်ရပါသနည်း-ဟူမူ။ ။ပဋိစ္စသမုပ္ပါဒ်ဟူသည်၊ ဝဋ်ဆင်းရဲဖြစ်သော သံသရာ၌ကျင်လည်တတ်သော တရားများ ကိုသာ ကောက်ရ၏။လောကုတ္တရာဝိပါက်ကား၊ သံသရာဝဋ်နှင့် မဆိုင်၊သံသရာဝဋ်မှလွတ်မြောက်ပြီးသောတရားဖြစ်၍ မကောက် ရ-ဟုမှတ်။ ။"လောကုတ္တရာနိ ပန ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ"။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၃၀)။

သောင်ပုဒ်။

သံသရာဝဋ်၊ ကင်းပြတ်လွတ်ငြား၊ ဝိပါက်ကား၊ ပယ်ရှား ဝိညာဏ်ဝယ်။

---

ကျေးဇူးပြုပုံ-အခန်းပါယ်။

ဤ၌ သင်္ခါရသည်၊ဝိညာဏ်အား၊အဘယ်ကဲ့သို့ ကျေးဇူးပြုပါသနည်း ဟူမူ။ ။ဆိုအပ်ပြီးသောဝိညာဏ် ၂-မျိုးတို့တွင်။ ။၁-ပဋိသန္ဓေစိတ်-

ဟုဆိုအပ်သော ဝိပါက်ဝိညာဏ်ဖြစ်အံ့၊သင်္ခါရ၏အရ-အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်-သင်္ခါရယူ၍၊၎င်းအတိတ်ဘဝက ပြုအပ်ခဲ့ပြီးသော ကုသိုလ်,အကုသိုလ်,စေတနာဖြစ်သောဇနကကံ-ဟုဆိုအပ်သောသင်္ခါရသည်၊ နာနက္ခဏိက ကမ္မပစ္စည်း, ဥပနိဿယပစ္စည်း အစွမ်းဖြင့် လူပဋိသန္ဓေ, နတ်ပဋိသန္ဓေ, ငရဲပဋိသန္ဓေ, ဝိပါက်ဝိညာဏ်ကိုဖြစ်စေ၏။ ။ (အောက်ဘုံပိုင်း ဇနကကံအဘွင့်၌၊ဆိုအပ်ခဲ့ပြီးသောအတိုင်းမှတ်)။

၂။ ။ပဝတ္တိအခါ၌ကား၊ ကုသိုလ်ပုညာဘိသင်္ခါရသည်၊ ကုသလဝိပါက်စက္ခုဝိညာဏ်စသည်ကို၊နာနက္ခဏိကကမ္မပစ္စယသတ္တိ၊ ပကတူပနိဿယပစ္စယသတ္တိအစွမ်းတို့ဖြင့် ဖြစ်စေ၏။ အပုညာဘိသင်္ခါရသည်-အကုသလဝိပါက်စက္ခုဝိညာဏ်စသည်ကို၊နာနက္ခဏိကကမ္မပစ္စယသတ္တိ, ပကတူပနိဿယပစ္စယသတ္တိအစွမ်းတို့ဖြင့်ဖြစ်စေ၏၊

အာနေဉ္ဇာဘိသင်္ခါရကား၊ အရူပဘုံ၌အရူပဝိပါက် ၄-ပါးကိုဆိုအပ်ပြီးသော ၂-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။(အောက်ကအကျယ်တဝင့်ဘွင့်ပြခဲ့ပြီ။အကျယ်လိုပါမူ အဋ္ဌကထာ၌ရှုလင့်ကုန်)။

ယထာသကဥ္စ ဝေတဿ ဇနကံ ကမ္မံ နာနက္ခဏိကကမ္မ
ပစ္စယေနစေဝ ဥပနိဿယပစ္စယေန စ ပစ္စယော ဟောတိ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၃၉)။

---

**ကျေးဇူးပြုပုံဝိသေသ-အဓိပ္ပါယ်။**

ဤ၌သင်္ခါရသည်၊ဝိညာဏ်အား အဘယ်ကဲ့သို့ ကျေးဇူးပြုပါသနည်းဟူမူ။ ။ပဋိသန္ဓေအခါ၌ ကာမာဝစရဖြစ်သော ၈-ပါးသော ပုညာဘိသင်္ခါရသည်၊ သာမညအားဖြင့် ကာမသုဂတိဘုံတို့၌၊ အဟိတ်ကုသလဝိပါက် ၁-ပါး၊ ကာမာဝစရဝိပါက် ၈-ပါးအားဖြင့် ၉-ပါးသော ဝိပါက်ဝိညာဏ်အား နာနက္ခဏိကကမ္မ, ပကတူပနိဿယပစ္စယသတ္တိ ၂-ပါးတို့ဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ၌ကား၊ ကာမသုဂတိဘုံ၌ ကာမာဝစရပုညာဘိသင်္ခါရသည်၊ ကုသလဝိပါက်စက္ခုဝိညာဏ်စသော ၇-ပါးသောဝိပါက်ဝိညာဏ်အား ဆိုအပ်ပြီးသော ၂-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။ ။

၇-ပါးသော ဝိပါက်အရ၊အဟိတ်ပဋိသန္ဓေဖြစ်သော ဥပေက္ခာသန္တီရဏ စိတ်ကိုကြဉ်၍ ကြွင်းသော ကုသလဝိပါက် ၇-ပါးကိုယူ၊

ပဝတ္တိအခါ၌မူကား၊ ကာမသုဂတိဘုံ၌သာမဟုတ်' ရူပဘုံ,ဒုဂ္ဂတိဘုံ တို့၌လည်း အကျိုးကိုဖြစ်စေနိုင်၏၊ ထို့ကြောင့် ရူပဘုံ၌ စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ပါးအားဖြင့် ငါးပါးသော ဝိပါက်ဝိညာဏ်အား ဆိုအပ်ပြီးသော ၂-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။ ။

ဒုဂ္ဂတိဘုံ၌ကား၊ဂ-ပါးသော အဟိတ်ကုသလဝိပါက်တို့အား ထိုအတူ ကျေးဇူးပြုလေ၏။ ရူပါဝစရ ပုညာဘိသင်္ခါရသည်၊ ရူပဘုံ၌ ပဋိသန္ဓေ, ပဝတ္တိ ၂-ပါးသောအခါတို့ဝယ် ငါးပါးကုန်သော ဝိပါက်ဝိညာဏ်တို့အား ထိုအတူ ၂-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။ ။အပုညာဘိသင်္ခါရ သည်၊ ဒုဂ္ဂတိဘုံ၌၊ ပဋိသန္ဓေအခါဝယ်၊ အကုသလဝိပါက် သန္တီရဏ ဝိညာဏ်ကို ထိုအတူ ၂-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။ ။ ပဝတ္တိအခါ၌ကား၊ ၆-ပါးသော အဟိတ်အကုသလဝိပါက်ဝိညာဏ်ကို၊ ထိုအတူ ၂-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏၊ ။ပဋိသန္ဓေ, ပဝတ္တိ ၂-ပါးသော အခါတို့ဝယ်၊ အာနေဉ္ဇာဘိသင်္ခါရကား၊ အရူပဘုံ၌ ၄-ပါးသောဝိပါက်ဝိညာဏ်ကို၊ ထိုအတူ ၂-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။ ။(အကျယ်သိမူ အဋ္ဌကထာ၌ ရှုလင့်ကုန်၊အောက်ဘုံ ပိုင်း၌လည်း ဘွင့်ပြခဲ့ပြီ)။

ပဋိသန္ဓိပဝတ္တီနံ၊ဝသေန တေ ဘဝါဒိသု။
ဝိဇာနိတဗ္ဗာ သင်္ခါ ြ၊ယထာ ယေသဉ္စ ပစ္စယာ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၉၄)။

တတြာယံ တေ ဘေသင်္ခါရာ ကမ္မပစ္စယေန စ ဥပနိဿယ ပစ္စယေန စ ပစ္စယာ ဟောန္တိ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၄၇၆)။

ဘဝါဒိသု၊ ကာမဘဝအစရှိတို့၌။ ပဋိသန္ဓိပဝတ္တီနံ၊ ပဋိသန္ဓေ, ပဝတ္တိ ၂-ပါးတို့၏၊ ဝသေန၊ အစွမ်းဖြင့်။ တေသင်္ခါရာ၊ ထိုပုညာဘိသင်္ခါရ စသောသင်္ခါရတို့သည်။ယေသံ၊အကြင်ဝိပါက်ဝိညာဏ်တို့အား။ပစ္စယာ၊

ကျေးဇူးပြုကုန်သည်၊ ဟောန္တိ၊ ကုန်၏။ ယထာယောနံပကာသရေနံ၊အကြင် အကြင်သို့သောအပြားအားဖြင့်။ ပစ္စယာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တထာတောနံပကာသရေနံ၊ဖြင့်။ ဒုဝိဓာ၊နာနက္ခဏိကကမ္မပစ္စည်း,ဥပနိဿယ ပစ္စည်းဟူသော ၂-ပါးသော အပြားအားဖြင့်။ (ထည့်)။ ဝေဘဓမ္မာ၊ ထိုပစ္စည်း,ပစ္စယုပ္ပန်တရားဘို့ကို။ဝိဇာနိတဗ္ဗာ၊သိအပ်ကုန်၏၊

သင်္ခါရပစ္စယာဝိညာဏံ-အဘွင့်ပြီးပြီ။

---

## ဝိညာဏပစ္စယာနာမရူပံ-အဘွင့်။

ဤ၌၊ဝိညာဏ-၏အရ ကုသိုလ်, ဝိပါက်,ကြိယာ-ဟူသော စိတ်တခု ယုတ်ကိုးဆယ်ကိုယူ။ ။ဋီကာကျော်ဆရာကား၊ ပဋိသန္ဓေစိတ် ဖြစ်သော ဝိပါက်ကိုသာ ယူတော်မူ၏၊ ။ဆရာတို့ကား၊ လောကီကုသိုလ်, အကုသိုလ်တည်းဟူသော ကမ္မဝိညာဏ်, လောကီဝိပါက်စိတ်တည်းဟူသော သဟာဇာတဝိညာဏ် ၂-ပါးသည်၊ ဝိညာဏ်မည်၏-ဟု မိန့်တော်မူကြကုန်၏။

မှတ်ချက်။ ။"သင်္ခါရပစ္စယာ ဝိညာဏံ"၌၊ ဝိညာဏံ-၏အရကား၊ ကံ၏အကျိုးတရား ဖြစ်ရသောကြောင့်၊ ဝိပါက်ဝိညာဏ်ကိုသာ ကောက်ရ၏။ ဤ၌ကား၊ နာမ်,ရုပ်၏ အကြောင်းတရားဖြစ်သော ကြောင့်၊ နာမ်,ရုပ်၏ အကြောင်းဖြစ်နိုင်သမျှ ကုသိုလ်, ဝိပါက် ကြိယာ,စိတ်အားလုံးကို ကောက်ရ၏-ဟုမှတ်။

"နာမရူပံ"တွင်၊ နာမ်၏အရကား၊ စေတသိက်ဗွေပညာသရ၏၊ရူပံ-၏ အရကား၊စတုသမုဋ္ဌာနိကရုပ်-ဟုဆိုအပ်သောရုပ် ၂၈-ပါးကိုယူသင့်၏။ ။ ဋီကာကျော်ဆရာကား၊ ကမ္မဇရုပ်ကိုသာ ယူရမည်-ဟု မိန့်ဆိုလေ၏။ ယင်းစကားကား၊ပဋိသန္ဓေဝိညာဏ်အရရည်၍ဘွင့်ဆိုဟန်ရှိ၏။

ဤ၌ နာမံ-၏အရ၊ စေတသိက်နာမ်ကိုသာ ကောက်၍၊ စိတ်လည်းနာမ် တရားပင်ဖြစ်လျက် အဘယ့်ကြောင့် မကောက်ပါသနည်းဟူမူ၊ ။စိတ် ဖြစ်သောနာမ်ကား၊ အကျိုးတရားမဟုတ်၊"ဝိညာဏပစ္စယာ"အရပစ္စည်း တရားဖြစ်သောကြောင့် မကောက်အပ်ပါသဘည်း။ နိဗ္ဗာန်ကား နာမ်ပင်

မည်သော်လည်း အကြောင်းကင်းသောအပစ္စယဘာရေးမျိုးဖြစ်၍ လျဉ်းပါး ဘွယ်မရှိ၊မကောက်သင့်တော့ပြီ၊

ဝိညာဏံ ပစ္စယမ္ပေန ထပေတွာ ပစ္စယာနိဗ္ဗတ္တံ နာမံ ဒဿေတုံ တယောဝ ခန္ဓာ ဂဟိတာတိ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၄၇)။

ရုပ်-အရလည်း-ဝိညာဏအရ စိတ်ဘာဇယုဇ်ကိုးဆယ်ကို ကောက် သဖြင့်,ကမ္မဇရုပ်နှင့်စိတ္တဇရုပ်ကိုသာ မချကောက်သင့်၏။သို့သော်-ပဋ္ဌာ ဇာတပစ္စည်းအရ ထောက်ဆသော အားဖြင့်သာ၊ စတုသမုဋ္ဌာနိကရုပ် ၂၈-ပါးအကုန်ကောက်အပ်ပါသတည်း။ ။(အကျယ်အလိုရှိပါမူ-ဝိဘင်း အဋ္ဌကထာ၌ရှုလင့်ကုန်)။

ပဋ္ဌာဇာတဝိညာဏပစ္စယာ စ ရူပံ ဥပပတ္တံ့ ဟောတီတိ၊ ။

မူလဋီကာ။ ။(၁၀၄)။

---

## ဝိညာဏ်သည် နာမ်,ရုပ်အားကျေးဇူးပြုပုံ။

ဝိညာဏ်သည်၊ ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်-ဟု ၂-မျိုးရှိ၏။ ထိုအတူ၊ နာမ်,ရုပ်-သည်လည်း၊ ပဋိသန္ဓေနာမ်ရုပ်, ပဝတ္တိနာမ်ရုပ်-ဟူ၍ ၂ မျိုးရှိ၏၊ ။ထို၂-မျိုးတို့တွင်-ပဋိသန္ဓေဝိညာဏ်သည်၊ ပဋိသန္ဓေနာမ်, ရုပ်အား ကျေးဇူးပြု၏။ပဝတ္တိဝိညာဏ်သည်၊ ပဝတ္တိနာမ်ရုပ်အားကျေးဇူး ပြု၏ ၊ပြုဟန်ကား....ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေတည်နေသောအခါ၊ ပဋိသန္ဓေဝိပါက်စိတ်,စေတသိက်-၃၅၊ကာယဒသက,ဝတ္ထုဒသက-ဟုဆို အပ်သော ကမ္မဇကလာပ်ရုပ် ၃၀-တို့သည်၊ တပြိုင်နက် တခါတည်း အတူတကွဖြစ်ကြ၏။ထိုဖြစ်ရာ စေတသိက်၃၀-နှင့် ကမ္မဇရုပ်ကလာပ်တို့ သည်၊ ဝိပါက်စိတ်အမှီရ၍သာ ဖြစ်နိုင်ကုန်၏။အကယ်၍ဝိပါက်စိတ်မဖြစ် ပါမူ၊ရင်းစေတသိက်နှင့် ကမ္မဇရုပ်တို့သည် မဖြစ်နိုင်ကုန်ရာ။သို့အတွက် ဝိပါက်တည်းဟူသော ဝိညာဏ်စိတ်သည်၊ မိမိနှင့်မှီ၍ဖြစ်ကုန်သော စေတ သိက်နာမ်နှင့်ကမ္မဇရုပ်တို့အား ကျေးဇူးပြု၏-ဟု ဆိုလိုသည်။ ။ထိုသို့ ကျေးဇူးပြုရာ၊ ပစ္စယသတ္တိအားဖြင့်ဆိုသော်- သဟဇာတ, အညမည,

နိဿယ,ဝိပါက,အာဟာရ,ဣန္ဒြိယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ-ကိုးပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏-ဟုမှတ်။ ။(နောင်၌ထင်ရှားလတ္တံ့)။

ပဝတ္တိအခါ၌ကား၊ဘုရားစသော အာရုံကြောင့် ကုသိုလ်စိတ်စသည် ဖြစ်ရာ၊ငင်းကုသိုလ်စိတ်နှင့် အတူတကွ စေတသိက် ၃၈-ပါး၊စိတ္တဇရုပ်, ကမ္မဇရုပ်ဖြစ်၏။ကုသိုလ်စိတ်တည်းဟူသော ဝိညာဏ်သည်၊မိမိနှင့်အတူ တကွ ဖြစ်သော စေတသိက်နာမ်နှင့် စိတ္တဇ,ကမ္မဇရုပ်တို့အား၊သဟဇာတ စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏-ဟုမှတ်။ ။

စတုဝေါကာရအရူပဘုံ၌၊ပဝတ္တိအခါ,ပဋိသန္ဓေအခါ, ၂-ပါးလုံး၌ပင်၊ လေးပါးသော အရူပဝိပါက်ဝိညာဏ်သည်၊ စေတသိက် တိ`သတည်းဟူ သော နာမ်တရားအား၊သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဧကဝေါကာရဖြစ်သော အသညသတ်ဘုံ၌၊ ကံဘည်းဟူသော ဝိညာဏ် သည် ပဋိသန္ဓေ, ပဝတ္တိအခါ ၂-ပါးတို့၌ပင် ရုပ်တရားအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။(ကြွင်းပေါ်လွင်သိသာပြီ)။

ဝိညာဏပစ္စယာနာမရူပံ-အဘွင့်ပြီး၏။

---

## နာမရူပပစ္စယာ သဠာယတနံ-အဘွင့်။

ဤ၌၊ နာမရူပဝယ် နာမ်၏အရကား၊ စေတသိက် ၅၂-ပါးပင်တည်း။ ရုပ်၏အရကား၊ မဟာဘုတ် ၄-ပါး, ဆဝတ္ထုရုပ်, ဇီဝိတရုပ်, အာဟာရ ရုပ်တို့ပင်တည်း။ငင်းပုဒ်ကို

နာမဉ္စ ရူပဉ္စ နာမရူပဉ္စ နာမရူပံ။

ဟု ဧကဒေသ သရူပေကသိက် တန္တိတ်ဝိဂြိုဟ်ပြု။ ။ရုပ်၏အရ၊ရူပါရုံ စသောကြွင်းသောရုပ်တို့ကိုအဘယ်ကြောင့်မကောက်ပါသနည်းဟူမူ။ ။ ငင်းရူပါရုံစသည်ကား၊ စက္ခုပသာဒ စသည်တို့နှင့်အတူတကွ ဖြစ်ခြင်း ဟူသော သဟဇာတသတ္တိ, ခြောက်ပါးသော ဝတ္ထုရုပ်တို့ကဲ့သို့ မှီရာ ဖြစ်သော နိဿယသတ္တိ, ဇီဝိတရုပ်ကဲ့သို့ စောင့်ရှောက်ခြင်း ဟူသော အနုပါလနသတ္တိ,မရှိသောကြောင့် ရုပ်၏အရ၌မကောက်ယူရပါသတည်း။

ရူပါယတနာဒီနံ ပန သဟဇာတနိဿယာနုပါလနဘာဝေါ
နတ္ထီတိ အဂ္ဂဟဏံ ဝေဒိတဗ္ဗံ။ ။

မူလဋီကာ။ ။(၁၀၆)။

သဠာယတနံ-၏အရကား၊စက္ခာယတန,သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန-အားဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါးကိုယူရ၏၊ ထိုတွင်၊စက္ခုပသာဒရုပ်သည်-စက္ခာယတနမည်၏။ သောတပသာဒရုပ်သည်-သောတာယတနမည်၏။ဃာနပသာဒရုပ်သည်-ဃာနာယတနမည်၏။ ဇိဝှါပသာဒရုပ်သည်-ဇိဝှါယတနမည်၏။ ကာယပသာဒရုပ်သည်-ကာယာယတနမည်၏။ လောကီဝိပါက်ဗာတ္တိံသသည်-ဝါ၊စိတ်တခုယုတ်ကိုးဆယ်သည်-မနာယတနမည်၏။ ။သို့ဖြစ်၍၊

ဆဠာယတနဥ္စ သဠာယတနဥ္စ သဠာယတနံ။

သရူပေကဒေသေကသေသ် တဒ္ဓိတ်ဝိဂ္ဂြိုဟ်ပြု။

---

**နာမ်ရုပ်သည်၊သဠာယတနအား-ကျေးဇူးပြုပုံ။**

ဤအရာ၌၊ နာမ်,ရုပ်-ဟူသော အကြောင်းတရားကြောင့်-အဇ္ဈတ္တိကာယတနခြောက်ပါးဖြစ်ပုံမှာ၊ ခြောက်ခုမြောက်ဖြစ်သော မနာယတနချည်းသက်သက် ဖြစ်သည်လည်းရှိ၏။ စက္ခာယတနစသော အာယတနငါးပါးချည်းသက်သက်ဖြစ်သည်လည်းရှိ၏၊အာယတနခြောက်ပါလုံး ဖြစ်သည်လည်း ရှိ၏။ ။ထိုစကားမှန်၏ ။ကျေးဇူးပြုဟူသည်၊ နာမ်အချင်းချင်းသမ္ပယုတ်ဖြစ်သော နာမ်ချင်းကိုသာ ကျေးဇူးပြုနိုင်၏။ ရုပ်ချင်းချင်းလည်းကလာပ်တူ သဟဇာတဖြစ်သော တရားမျိုးကိုသာ ကျေးဇူးပြုနိုင်၏။ သမ္ပယုတ်မဖြစ်,သဟဇာတ်မဖြစ်သော တရားများကိုကျေးဇူးမပြုနိုင်ပေ။

> တတ္ထ နာမန္တိ ဝေဒနာဒိခန္ဓတ္တယံ၊ရူပံ ပန သကသန္တတိ ပရိယာပန္နံ။ ။

ဟု-ဝိဘင်း-အဋ္ဌကထာဆရာသည်"သကသန္တတိ ပရိယာပန္နံ" သဒ္ဒါကိုဝိသေသန-မ၍ ဘွင့်ဆိုတော်မူ၏။ အဓိပ္ပါယ်ကား- မိမိသန္တာန်၌ အကျုံးဝင်သောတရားဟုလိုသည်။ မိမိသန္တာန်၌ အကျုံးဝင်ဆိုသည်မှာလည်းတပြိုင်နက်အတူတကွဖြစ်ကြသော သဟဇာတပစ္စည်း,သမ္ပယုတ္တပစ္စည်းစသည်တပ်နိုင်သော တရားမျိုးတို့ကို ဆိုလိုသည်။ ။ဥပမာ-ဒဿနကိစ္စတပ်ရာ၌၊ စက္ခုဒသကကလာပ်, စက္ခုဝိညာဏ်,ရူပါရုံ-သုံးမျိုးရှိရာစက္ခုဒသကကလာပ်ရုပ်၁၀-ပါးသည်တပြိုင်နက်အတူတကွဖြစ်၍မြင်မှုကိစ္စကို

ဖြီးနိုင်,ထောက်ပံ့နိုင်၏။ ထိုစက္ခုဝိညာဏ်၏ဖြစ်မှုကိစ္စကို ဖြီးစေနိုင်သော စက္ခုဒသကကလာပ်တို့ တပေါင်းတည်း သဟဇာတဖြစ်မှုကိုပင်- သက သန္တတိပရိယာပန္နဟူလိုသတတ်။စက္ခုဝိညာဏ်နှင့်စေတသိက် ၇-ပါးတို့ သည်လည်း ဖြင်တတ်သောကိစ္စ၌၊ တပြိုင်နက်တပေါင်းတည်း ကိစ္စတပ် နိုင်၍၊ သဟဇာတ,သမ္ပယုတ္တဖြစ်မှုကို သကသန္တတိ ပရိယာပန္န-ဟူလို သတတ်။ ။(ကြွင်းပေါ်ပြီ)။

နိယမတောတိဣဒံ စတုန္နံဘူတာနံ,ဆန္နံဝတ္ထူနံ ဇီဝိတဿ စ ယထာသမ္ဘဝံ သဟဇာတ, နိဿယ, ပုရေဇာတ, ဣန္ဒြိယာ ဒိနာဧကေန္တေန သင်္ဂဟာယဘနဿ ပဝတ္တမာနဿ ပစ္စယဘာဝံ သန္ဓာယ ဝုတ္တံ။ ။

မူလဋီကာ။ ။(၁၀၆)။

ဤသို့-သကသန္တတိ ပရိယာပန္နတရားမျိုးဖြစ်သော ကလာပ်တူတရား များသာလျှင် ပစ္စည်းတပ်နိုင်၍၊ကလာပ်ပြားသော ရုပ်ရုံစသောရုပ်တရား များကားသကသန္တတိပရိယာပန္နတရားမျိုးမဟုတ်သောကြောင့် နာမရူပ အရ ပစ္စည်းတရားတွင် မပါဝင်နိုင်ချေ။

အာရမ္မဏာႆ ရမ္မဏပုရေဇာတာဒိဘာဝေါစ တေသံ န သသန္တတိ ပရိယာ ပန္နာနမေဝါနစ စက္ခာဒီနံ ဝိယ ဧကပ္ပဟာရေနေဝါတိ။ ။

မူလဋီကာ။ ။(၁၀၆)။

အရူပဘုံ၌ ပဝတ္တိ,ပဋိသန္ဓေနှစ်ပါးလုံးတို့၌နာမ်သည်ခြောက်ရခြောက် ဖြစ်သော မနာယတနအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ,အဝိဂတ- ခြောက်ပစ္စယသတ္တိအားဖြင့် ကျေးဇူးပြု၏။ ။ပဉ္စဝေါ ကာရဘုံ၌ကား၊ ပဋိသန္ဓေအခါ ဝိပါက်နှင့်ယှဉ်သော စေတသိက်နာမ် တရားသည်၊ ဟဒယဝတ္ထုနှင့်ပေါင်းဆုံ၍ မနာယတနအား ၇-ပစ္စယသတ္တိ ဖြင့်ကျေးဇူးပြု၏။ ။ရင်းပဝတ္တိအခါ၌ကား ဝိပါက်နှင့်ယှဉ်သောစေတသိက် နာမ်သည် ဝိပါက်စိတ်တည်းဟူသော နာမ်တရားအား ၇-ပစ္စယသတ္တိတို့ ဖြင့်ကျေးဇူးပြု၏။ ။ဤကား နာမ်ချင်းချင်းကျေးဇူးပြုပုံတည်း။ ။ရုပ်က ကျေးဇူးပြုပုံကား၊ ပဉ္စဝေါကာရပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ်သည်၊

ဝိပါက်မနာယတနအားသဟဇာတစသောခြောက်ပစ္စယသတ္တိဖြင့်ကျေးဇူး ပြု၏။ ။ပဝတ္တိအခါ၌ မဟာဘုတ်လေးပါးသည်၊ စက္ခာယတနစသော ငါးပါးသော အာယတနအား၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၄-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ရုပ်ဇီဝိတိန္ဒြေသည်၊ပသာဒရုပ်ငါးပါး တို့အား၊ ဣန္ဒြိယ,အတ္ထိ,အဝိဂတ-၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ။ ရုပ်အာဟာရသည်၊ပဝတ္တိအခါ ထိုပသာဒရုပ်ငါးပါးတို့အား၊ အာဟာရ, အတ္ထိ, အဝိဂတ-၃-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ။ဤကား၊ရုပ် အချင်းချင်း ကျေးဇူးပြုပုံတည်း။

ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂအခါ၊ စေတသိက်နာမ်, ဝတ္ထုရုပ် ၂-ပါးစုံ တို့သည်၊ဝိပါက်စိတ်တည်းဟူသော မနာယတနအား သဟဇာတ, အညမည,နိဿယ,ဝိပါက,သမ္ပယုတ္တ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ-စသောပစ္စည်း တို့ဖြင့် ကျေးဇူးပြုကုန်၏။ ။ဤနည်းကိုမှီး၍၊ ကြွင်းသောနည်းတို့၌လည်း ညာဏ်ကြီးသင့်ပြီ၊ ။ဤကား၊နာမ်ရုပ်က-နာမ်အား ကျေးဇူးပြုပုံတည်း။

**ဆောင်ပုဒ်။**

"တပြိုင်တည်းဖြစ်၊ရုပ်နာမ်နှစ်သာ၊ကောက်သင့်ပါ၊မှတ်ရာ-နာမ်နှင့်ရုပ်"။

နာမရူပပစ္စယာ သဠာယတန-အဘွင့်ပြီး၏။

---

**သဠာယတနပစ္စယာဖဿော-အဘွင့်။**

ဤ၌၊သဠာယတန၏အရ၊ မနာယတန,အဇ္ဈတ္တိကာယတန ၆-ပါး,ရူပါ ယတနစသော ဗာဟိရာယတန ၆-ပါး၊ ပေါင်းအာယတန ၁၂-ပါးအကုန် ကိုပင် ယူအပ်၏။သို့ဖြစ်၍၊

ဆဠာယတနဥ္စ သဠာယတနဥ္စ သဠာယတနံ၊
သဠာယတနဥ္စ သဠာယတနဥ္စ သဠာယတနံ။ ။

ဟု အတ္တ,သဒ္ဒသရူပေကသိက်ဝိဂြိုဟ် ၂-မျိုးကို ဆိုအပ်၏။ ရှေး"နာမရူပ ပစ္စယာ သဠာယတနံ"၌ သဠာယတနံ-၏အရကို၊အကျိုးပစ္စယုပ္ပန်တရား ဖြစ်သောကြောင့်၊ အဇ္ဈတ္တိကာယတနခြောက်ပါးကိုသာ ကောက်ယူရ၏။ ဤ၌ကား၊ အကြောင်းပစ္စည်းတရားဖြစ်၍၊ အာယတန ၁၂-ပါးလုံးကိုပင်

ကောက်ယူရ၏။ထိုစကားမှန်၏၊ စက္ခုပသာဒ,ရူပါရုံ,စက္ခုဝိညာဏ်သုံးပါး တို့၏တွေ့ထိမှုသာလျှင် ဖဿဖြစ်ပေါ်လာနိုင်၏။

ဆဠေန သဟာ အဇ္ဈတ္တံ၊စက္ခာဒိဗာဟိရေဟိ ပိ၊
သဠာယတနမိစ္ဆန္တိ၊ဆဟိ သဒ္ဓိံ ဝိစက္ခဏာ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၅၄)၊

ဆဠေန၊ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော မနာယတနနှင့်၊ သဟ၊ တကွ။ စက္ခာဒိံ၊ စက္ခာယတနစသော။ အဇ္ဈတ္တံ၊ အဇ္ဈတ္တိကရုပ်ငါးခုကို။ သဠာယတနံ၊ဟူ၍။ဝိစက္ခဏာ၊တို့သည်။ ဣစ္ဆန္တိ၊အလိုရှိကုန်၏။ဆဟိ၊ ကုန်သော။ ဗာဟိရေဟိပိ၊ ဗာဟိရာယတနတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ။ ဝိစက္ခဏာ၊တို့သည်။သဠာယတနံ၊ဟူ၍။ဣစ္ဆန္တိ၊ကုန်၏။ ။

ဖဿ-၏အရ၊လောကီဝိပါက်ဒွတ္တိံသနှင့်ယှဉ်သော ဖဿစေတသိက် ၃၂-ပါးသည်၊ ဖဿမည်၏။ ။ထိုတွင်၊ စက္ခုဝိညာဏ်နှင့်ယှဉ်သော ဖဿစေတသိက်သည်- စက္ခုသမ္ဖဿ မည်၏၊ သောတဝိညာဏ်နှင့် ယှဉ်သောဖဿစေတသိက်သည်-သောတသမ္ဖဿမည်၏၊ဃာနဝိညာဏ် နှင့်ယှဉ်သောဖဿစေတသိက်သည်-ဃာနသမ္ဖဿမည်၏။ဇိဝှါဝိညာဏ် နှင့် ယှဉ်သော ဖဿစေတသိက်သည်- ဇိဝှါသမ္ဖဿ မည်၏။ ကာယ ဝိညာဏ်နှင့် ယှဉ်သော ဖဿစေတသိက်သည်-ကာယသမ္ဖဿမည်၏။ ကြွင်းသော လောကီဝိပါက် ၂၂-ပါးနှင့်ယှဉ်သော ဖဿစေတသိက်-၂၂ ပါးသည်-မနောသမ္ဖဿမည်၏။

သဠေဝ ဖဿာ သင်္ခေပါ၊ စက္ခုသမ္ဖဿအာဒယော။
ဝိညာဏမိဝ ဒွတ္တိံသ၊ဝိတ္ထာရေန ဘဝန္တိ တေ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၅၀၃)။

သင်္ခေပါ၊ အကျဉ်းအားဖြင့်။ စက္ခုသမ္ဖဿ အာဒယော၊ ကုန်သော။ သဠေဝ ဖဿာ၊ ခြောက်ပါးသော ဖဿတို့သည်သာလျှင်၊ အာဂတာ၊ ပါဠိတော်၌လာကုန်၏။(ထည့်)။တေဖဿာ၊ထိုဖဿတို့သည်၊ ဝိတ္ထာရေန၊ အားဖြင့်။ ဝိညာဏမိဝ၊ဝိညာဏ်ကဲ့သို့။ ဒွတ္တိံသ၊ သုံးဆဲ့နှစ်ပါးတို့သည်။ ဘဝန္တိ၊ကုန်၏။

## သဠာယတနကြောင့် ဖဿဖြစ်ပုံ-အဓိပ္ပါယ်။

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိဖဿော။ ။

စက္ခုဉ္စ၊ စက္ခုပသာဒဟူသော အတွင်းအကြည်ဓာတ်မှန်ကိုရင်း။ ရူပေစ၊ ရူပါရုံတည်းဟူသော အပြင်ပအာရုံဓာတ်တို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတတ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ်တည်းဟူသော ဓာတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ စည်းဝေးမိ၍ တွေ့ထိသော အမှုအရာသည်။ ဖဿော၊ ဖဿ- မည်၏။ ။နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်အရ၊ စက္ခု, သောတ, စသော အတွင်းပသာဒရုပ်ဓာတ်တခု၊ ရူပါရုံ, သဒ္ဒါရုံစသော အပြင်ပအာရုံဓာတ်တခု၊ထိုဓာတ် ၂-ပါးထိခိုက်သောကြောင့် ကျောက်နှင့် မီးခတ်သံတုံး ၂-ပါးထိခိုက်သောကြောင့် မီးတောက် မီးပွါးဖြစ်ပေါ်လာသကဲ့သို့၊ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ် စသော ဝိညာဏဓာတ်တခု၊ ဤဓာတ်သုံးပါးတို့၏ ပေါင်းဆုံစည်းဝေး၍ တွေ့ထိသောအမှုအရာအားဖြင့် ဖြစ်ပေါ်လာသောသဘောသည်- ဖဿမည်၏၊ ။ဤသို့ဖြစ်မှုကိုရည်၍၊ သဠာယတနတည်းဟူသောအကြောင်းကြောင့် ဖဿဖြစ်၏- ဟုဆိုလိုပါသတည်း။

ပဋ္ဌာန်းနည်းတပ်ပုံမှာ ....စက္ခာယတနသည်၊ စက္ခုသမ္ဖဿစသော ငါးပါးသောဖဿအား၊နိဿယ,ပုရေဇာတ,ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ, ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ရူပါရုံစသော အာရုံငါးပါးသည် စက္ခုသမ္ဖဿစသော ဖဿငါးပါးအား၊ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူး ပြု၏။ စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးသည်၊ စက္ခုသမ္ဖဿစသော ဖဿငါးပါးအား၊ သဟဇာတ, အညမည, နိဿယ,သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ-ကိုးပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပဉ္စာယတနမှတပါးသော ဝိပါက်မနာယတနသည်၊ ဝိပါက်မနောသမ္ဖဿ အား-သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ,အတ္ထိ,အဝိဂတ-ကိုးပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏-ဟုမှတ်။

သဠာယတနပစ္စယာ ဖဿအဘွင့်ပြီး၏။

## ဖဿပစ္စယာဝေဒနာ-အဘွင့်။

ဤ၌-ဝေဒနာ၏အရကား၊လောကီဝိပါက်ဖဿတွင်သည့်ရှိသော ဝေဒနာကို သာယူအပ်၏၊အဘယ်ကြောင့်ဆိုသော် ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ,ဖဿနှင့် ယှဉ်သော ဝေဒနာဖြစ်သောကြောင့်တည်း။ သို့သော်၊ ပါဠိတော်၌ကား၊ စိတ်တရယုတ်ကိုးဆယ်၌ယှဉ်သော ဝေဒနာတရယုတ် ကိုးဆယ်လာရှိ၏။ဤ၌ဤသို့-ဟုမှတ်။

ဝေဒနာသု ပနေတာသု၊ဣဓ ဖဿတ္တိ သ ဝေဒနာ။
ဝိပါကစိတ္တယုတ္တာဝ၊အဓိပ္ပေတာတိ ဘာသိတာ။ ။
ဝိဘာဝင်း-အဋ္ဌကထာ။ ။(၁၅၅)။

ပန၊အလိုရှိအပ်သောဝေဒနာကိုဆိုဦးအံ့။ ဧတာသုဝေဒနာသု၊ ထိုတရ ယုတ်ကိုးဆယ်သော ဝေဒနာတို့တွင်။ ဝိပါကစိတ္တယုတ္တာ၊ ဝိပါက်စိတ်နှင့် ယှဉ်ကုန်သော။ဖဿတ္တိသဝေဒနာဝ။ ၃၂-ပါးသော ဝေဒနာတို့ကိုသာလျှင်။ ဣဓ၊ ဤဖဿပစ္စယာဝေဒနာနိဒ္ဒေသ၌။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ဣတိ၊ဤသို့။ဘာသိတာ၊ဆိုအပ်ကုန်၏။

* ဆရာတို့ကား၊ဓာတုကထာပါဠိတော်အရ-စိတ်တရယုတ်ကိုးဆယ်၌ ရှိသော ဝေဒနာကိုပင် ယူတော်မူကုန်၏၊

## ဝေဒနာအပြား၊။

ထိုဝေဒနာသည်၊၁-စက္ခုသမ္ဖဿဇာဝေဒနာ၊ ၂-သောတသမ္ဖဿဇာ ဝေဒနာ၊ ၃-ဃာနသမ္ဖဿဇာ ဝေဒနာ၊ ၄-ဇိဝှါ သမ္ဖဿဇာ ဝေဒနာ၊ ၅-ကာယသမ္ဖဿဇာ ဝေဒနာ၊ ၆-မနောသမ္ဖဿဇာ ဝေဒနာအားဖြင့် ခြောက်ပါးအပြားရှိ၏။ ။ထိုခြောက်ပါးတို့တွင်၊ စက္ခုဝိညာဏ်ခွင်၌ ရှိ သော ဝေဒနာသည်၊စက္ခုသမ္ဖဿကြောင့်ဖြစ်ပေါ်လာသောဝေဒနာဖြစ်၍၊ စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏။ သောတဝိညာဏ်ခွင်၌ ရှိသော ဝေဒနာ သည်၊ သောတသမ္ဖဿကြောင့်ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍-သောတ သမ္ဖဿဇာဝေဒနာမည်၏။ ဃာနဝိညာဏ်ခွင်၌ ရှိသော ဝေဒနာသည်၊ ဃာနသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍-ဃာနသမ္ဖဿဇာ ဝေဒနာမည်၏။ ဇိဝှါဝိညာဏ်ခွင်၌ ရှိသော ဝေဒနာသည်၊ ဇိဝှါသမ္ဖဿ ကြောင့် ဖြစ်ပေါ်လာသောဝေဒနာဖြစ်၍- ဇိဝှါသမ္ဖဿဇာဝေဒနာမည်၏။

ကာယဝိညာဏ်၌ရှိသော ဝေဒနာသည်၊ ကာယသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍-ကာယသမ္ဖဿဇာ ဝေဒနာမည်၏။ ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော လောကီဝိပါက်ဇာဝိသဉ္စ ရှိသော ဝေဒနာသည်၊ မနောသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာဖြစ်၍-မနောသမ္ဖဿဇာဝေဒနာမည်၏။ ။တနည်း၊ ဒွေပဉ္စဝိညာဉ်ကြဉ်သော ကြွင်းသောစိတ် ၇၉-ခု၌ရှိသော ဝေဒနာသည်-မနောသမ္ဖဿဇာဝေဒနာမည်၏။

## ဖဿသည်ဝေဒနာအားကျေးဇူးပြုပုံ။

အောက်"သဠာယတနပစ္စယာ ဖဿော"အရ ဖဿဖြစ်ပေါ်လာပုံကို ဘွင့်ဆိုခဲ့၏၊ ၎င်းဖဿဖြစ်သည် ရှိသော်၊ လောက၌ ကောင်းမြတ်သော ဣဋ္ဌာရုံကို တွေ့ရှိပါမူ၊စိတ်ချမ်းသာမှု, ဖြေမှုသုခဝေဒနာဖြစ်၏၊ မကောင်းသော အနိဋ္ဌာရုံကို တွေ့ရှိပါမူ၊စိတ်ဆင်းရဲမှု,ပူပန်မှုဒုက္ခဝေဒနာဖြစ်၏-ဟု ပုထုဇဉ်အမြင်ဖြင့်မြင်သိကြကုန်၏။ စင်စစ်-၎င်းသုခဝေဒနာစသည်ဖြစ်မှုကိုစိစစ်လိုက်သည်ရှိသော်-ဝေဒနာသည်၊ ရုပ်ဖြစ်မြဲဖြစ်၏၊ ကောင်းသော ဣဋ္ဌာရုံဖြစ်အံ့၊ ၎င်းရူပါရုံနှင့် စက္ခုပသာဒရုပ်တို့၏ ထိခိုက်ခြင်းကြောင့် ကောင်းသော အာရုံဖြစ်၍ ကောင်းမြတ်သော ကုသလဝိပါက် စက္ခုဝိညာဏသမ္ဖဿဖြစ်ပေါ်လာ၏၊၎င်းကောင်းသောစက္ခုသမ္ဖဿဖြစ်သောကြောင့် ကောင်းစွာခံစားမှုဖြစ်သော သုခဝေဒနာသည် ဖြစ်ပေါ်လာလေ၏။ မကောင်းသော အနိဋ္ဌာရုံဖြစ်ပါမူ၊၎င်းရူပါရုံနှင့် စက္ခုပသာဒရုပ် ထိခိုက်ခြင်းကြောင့်မကောင်းသော အာရုံအတိုင်း၊မကောင်းသောအတွေ့ စက္ခုသမ္ဖဿဖြစ်ပေါ်လာ၏။ ၎င်းမကောင်းသော စက္ခုသမ္ဖဿကြောင့် ဆင်းရဲစွာ ခံစားမှု-ဟု ဆိုအပ်သော ဒုက္ခဝေဒနာဖြစ်ပေါ်လာ၏၊ ။ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်အံ့။ ၎င်းဣဋ္ဌမဇ္ဈတ္တာရုံနှင့် စက္ခုပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် လျစ်လျူဖြစ်သောစက္ခုသမ္ဖဿသည် ဖြစ်ပေါ်သာ၏၊၎င်းစက္ခုသမ္ဖဿဖြစ်သောကြောင့် ခံစားမှုသာမညဖြစ်သော ဥပေက္ခာဝေဒနာသည်၊ရုပ်ဖြစ်ပေါ်လာ၏-ဟုမှတ်၊

## ပစ္စည်းတင်ပုံ။

ပဋ္ဌာနိရဝိထိ၌၊ စက္ခုသမ္ဖဿသည်၊ စက္ခုသမ္ဖဿဇာဝေဒနာအား၊ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ,အတ္ထိ, အဝိဂတ-ရှစ်ပစ္စယ သတ္တိဖြင့်၊ကျေးဇူးပြု၏၊ ။၎င်းစက္ခုသမ္ဖဿသည်

ကြွင်းကုန်သော သမ္ပဋိစ္ဆိုင်း,သန္တီရဏ,တဒါရုံစသည်တို့နှင့် ယှဉ်သော ဝေဒနာအား၊အနန္တရူပနိဿယ,ပကတူပနိဿယသတ္တိဖြင့်သာ ကျေးဇူးပြု၏။ ။(သောတသမ္ဖဿစသည်တို့၌နည်းတူသိ)။ ။မနောဒွါရဝီထိ၌လည်း၊တဒါရုံဖြစ်သော ကာမာဝစရဝိပါက်နှင့် ယှဉ်သော မနောသမ္ဖဿသည်၊ ၎င်းနှင့်ယှဉ်သော ဝေဒနာအား၊ ထို့အတူ ၈ပစ္စယသတ္တိဖြင့်၊ ကျေးဇူးပြုလေ၏။ ။ပဋိသန္ဓေ,ဘဝင်,စုတိတို့၏အစွမ်းဖြင့်ဖြစ်ကုန်သော တေဘူမကဝိပါက်နှင့် ယှဉ်သော မနောသမ္ဖဿသည်၊ ၎င်းနှင့် ယှဉ်သော ဝေဒနာအား၊ထို့အတူ ၈ပစ္စယသတ္တိဖြင့်ပင် ကျေးဇူးပြုလေ၏၊ ။မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သောမနောသမ္ဖဿသည်၊မနောဒွါရိကဘဒါရုံနှင့်ယှဉ်သောဝေဒနာအား၊ဥပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

တတ္ထ ဟိ ပဉ္စဒွါရေ စက္ခုပသာဒါဒိ ဝတ္ထုကာနံ ပဉ္စန္နံ ဝေဒနာနံ စက္ခုသမ္ဖဿာဒိကောဖဿော သဟဇာတ။ပ။မနောဒွါရေအာဝဇ္ဇနသမ္ပယုတ္တော မနောသမ္ဖဿော ဥပနိဿယဝသေန ဧကောဝ ပစ္စယော ဟောတိ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၅၅)။

ဖဿပစ္စယာ ဝေဒနာ-အဘွင့်ပြီး၏။

---

## ဝေဒနာပစ္စယာတဏှာ-အဘွင့်။

ဤ၌ ဝေဒနာ၏အရ၊ လောကီဝိပါက်ဗာတ္တိံသ၌ ရှိသော ဝေဒနာ ဗာတ္တိံသရ၏။တနည်း-လောကီစိတ်ကောသိတိ၌ရှိသော ဝေဒနာ ဂ၁-ပါးရ၏။ ။ဖဿပစ္စယာ ဝေဒနာ၌၊ ဝေဒနာ၏အရကို လောကီဝိပါက်ဗာတ္တိံသ၌ရှိသော ဝေဒနာဗာတ္တိံသကိုသာ ကောက်ရ၍၊ ဤ၌မူ-အဘယ့်ကြောင့် လောကီဝေဒနာ ဂ၁-ပါးကို ကောက်ရပါသနည်းဟူမူ။ ။ဖဿပစ္စယာ ဝေဒနာ၌ ဝေဒနာကား ဝိပါက်၌ယှဉ်သော ဖဿလျှင် အကြောင်းရင်းရှိသော အကျိုးဝေဒနာဖြစ်သောကြောင့် အကြောင်းအား လျော်စွာ၊ အကျိုးဝေဒနာကိုလည်း ဗာတ္တိံသသာကောက်ရ၏။ ဤ၌ကား အကြောင်းဝေဒနာဖြစ်၍၊ တဏှာဟူသော အကျိုးကို ဖြစ်စေနိုင်သမျှသော ဝေဒနာကို ကောက်ယူသင့်သောကြောင့် လောကီစိတ်-ဂ၁ ပါး၌ယှဉ်သော ဝေဒနာ ဂ၁-ပါးကို ကောက်ယူရပေသတည်း။

တဏှာ၏အရတဏှာသည်၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ,ဖေါဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာ-အားဖြင့်၊ ခြောက်ပါးအပြားရှိ၏။

ထိုခြောက်ပါးတို့တွင်၊ ရူပါရုံ၌တပ်သော လောဘသည်- ရူပ တဏှာ မည်၏။ပ။ ဖောဋ္ဌဗ္ဗာရုံ၌ တပ်သော လောဘသည်-ဖောဋ္ဌဗ္ဗတဏှာမည်၏။ ဓမ္မာရုံ၌တပ်သောလောဘသည်-ဓမ္မတဏှာမည်၏။

ထိုသို့ဖြစ်ပါက- တဏှာဟူသည်၊ လောဘစေတသိက်တပါးတည်း ဖြစ်ပါလျက်၊အဘယ့်ကြောင့်ရူပတဏှာစသည်မည်ပါသနည်းဟူမူ။ ။ လောက၌ အဘအမည်၏ အစွမ်းဖြင့်၊ သေဋ္ဌိပုတ္တ-သူဌေးသား, ဗြာဟ္မဏ ပုတ္တ-ပုဏ္ဏားသား-ဟု အမည်ဖြစ်သကဲ့သို့၊ ထိုအတူအာရုံ၏ အစွမ်းဖြင့်၊ ရူပတဏှာ,သဒ္ဒတဏှာ-စသည်မည်ပါသတည်း။

တနည်း....ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာအားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ ရူပါရုံအစရှိသော အာရုံကို တပ်သော လောဘသည်၊ကာမဂုဏ်၌ သာယာသည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် ကာမတဏှာမည်၏ ထိုအာရုံများကိုပင် မြဲ၏,အမြဲတည်၏ဟူသောသဿ တဒိဋ္ဌိနှင့်ယှဉ်သော လောဘသည်-ဘဝတဏှာမည်၏။ထိုအာရုံများသည် ပင်လျှင်၊ ပြတ်စဲသွား၏, ပျက်သွား၏,ဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော လောဘသည်-ဝိဘဝတဏှာမည်၏။

ထိုတဏှာကို အကျယ်ဝေဘန်၍ ခြောက်ပွါးသည်ရှိသော်၊ ၁၀၈-ပါး အပြားရှိ၏။ခြောက်ပွါးဟန်ကား....ဆိုအပ်ပြီးသော အာရုံခြောက်ပါးကို၊ ကာမ,ဘဝ, ဝိဘဝ-တဏှာသုံးပါးဖြင့်မြှောက်၊၁၈-ပါးဖြစ်၏။ ။ထို-၁၈ ပါးကိုအဇ္ဈတ္တ,ဗဟိဒ္ဓ-နှစ်ပါးဖြင့်မြှောက်၊၃၆-ပါးဖြစ်၏။ ။ထို ၃၆-ပါးကို ကာလသုံးပါးဖြင့်မြှောက်၊၁၀၈-ပါးဖြစ်သတည်း။

ရူပတဏှာ ဝေ ဟိ ယဒိ စက္ခုဿ အာပါထဂတံရူပါရမ္မဏံ။ပ။ ဇာတိအာတီတာ ဆတ္တိံသ, အနာဂတာဆတ္တိံသ, ပစ္စုပ္ပန္နာ ဆတ္တိံ သာတိအဋ္ဌသတံတဏှာဟောန္တိ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၅၆)။

---

## ဝေဒနာသည်တဏှာအားကျေးဇူးပြုပုံ။

စက္ခုံ့ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ။ ။

ပါဠိတော်နှင့်အညီ၊ ရူပါရုံနှင့် စက္ခုပသာဒနှစ်ပါးတို့၏ အချင်းချင်း ထိ ခိုက်မှုကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာ၏။ ထိုထိခိုက်မှု, ဝိညာဏ်

ဖြစ်မှု,သုံးပါးသော ခေတ်တို့၏ ရပ်ဝေးပေါင်းရမှုကိုပင်၊ ဖဿ-ဟု ဆိုရ၏။ ထိုဖဿဖြစ်ပေါ်လာသည်ရှိသော်၊ အာရုံအရသာကိုခံစားတတ်သော ဝေဒနာသည် ဖြစ်ပေါ်မြဲခံစားမြဲဖြစ်၏။ ထိုဝေဒနာဖြစ်ပေါ်လာသည်ရှိသော် အနုသယမကင်းသောပုဂ္ဂိုလ်တို့အားငင်းအာရုံအရသာ၌တွယ်တာသော တဏှာခေတ်သည်ဖြစ်ပေါ်မြဲဖြစ်ပေ၏။ သို့ဖြစ်၍၊ဝေဒနာသည်၊ တဏှာ၏ အကြောင်းရင်းဖြစ်၏။ဝေဒနာသည် တဏှာအားကျေးဇူးပြု၏-ဟုဆိုရပေသတည်း။

ပစ္စည်းတပ်ဟန်ကား....အလုံးစုံသော ဝေဒနာသည်၊ တဏှာမှန်သမျှအား၊ပကတူပနိဿယသတ္တိဖြင့်သော ကျေးဇူးပြုလေ၏၊ ဤ၌ဝေဒနာသည် တဏှာအား ကျေးဇူးပြု၏ဆိုသော်၊ သုခဝေဒနာသည်သာ၊ တဏှာအား ကျေးဇူးပြုသင့်၏။ ဒုက္ခဝေဒနာကား တဏှာအား ကျေးဇူးမပြုသင့်-ဟု ငြားအံ့။ ။သုခဝေဒနာတပါးသည်သာ၊ မချအားဖြင့် ဝေဒနာကို ဖြစ်စေသည်မှန်၏။ သို့သော်-ဆင်းရဲသော ဒုက္ခဝေဒနာဖြင့် နှိပ်စက်အပ်သော သူသည်၊ ချမ်းသာခြင်းဒုက္ခမှ လွတ်မြောက်ခြင်းကို တောင့်တမြဲဖြစ်သော ကြောင့် ဒုက္ခဝေဒနာသည် တဏှာအား ကျေးဇူးပြုသည်-ဟု ဆိုရပါသတည်း။ ။ထိုသို့ဖြစ်က၊ သုခဝေဒနာ-ဒုက္ခဝေဒနာ ၂-ပါးမူ၊ တဏှာကို ကျေးဇူး ပြုတန်စေ။ အာရုံ၌လျစ်လျူရှုသော သဘောရှိသော ဥပေက္ခာဝေဒနာကား၊ အဘယ့်ကြောင့် တဏှာအား ကျေးဇူးပြုနိုင်ပါသနည်းဟူမူ။ ။ငင်းဥပေက္ခာဝေဒနာကား ငြိမ်သက်သော သဘောရှိ၍၊ သုခဝေဒနာအရာ၌ တည်သောကြောင့် တဏှာအား ကျေးဇူးပြုနိုင်ပါသည်-ဟူလို။

**ဆောင်ပုဒ်။**

က။ ။ဒုက္ခနှိပ်စက်၊လွတ်မြောက်ထွက်ရန်၊လိုရှိမှန်၊
ဖြစ်ဟန်-ဒုက္ခ-တဏှာကို။

ခ။ ။ဥပေက္ခာကား၊ငြိမ်သက်ငြား၊မှတ်သားသုခသဘောလို။

ဒုက္ခီ သုခံ ပတ္ထယတိ၊သုခီ ဘိယျော ပိ ဣစ္ဆတိ။
ဥပေက္ခာ ပန သန္တတ္တာ၊သုခမိစ္စေဝ ဘာသိတာ။
တဏှာယ ပစ္စယာ တသ္မာ၊ ဟောန္တိ တိဿော ပိ ဝေဒနာ။
ဝိဘင်း-အဋ္ဌကထာ။ ။(၁၅၃)။

ဒုက္ခို၊ဆင်းရဲသောသူသည်။ သုခံ၊ချမ်းသာကို။ ပတ္ထယတိ၊တောင့်တ၏။ သုခီ၊ချမ်းသာသောသူကား။ဘိယျော၊လွန်စွာ၊ သုခံ၊ကို။ဣစ္ဆတိ၊အလိုရှိ၏။ ဥပေက္ခာပန၊ဥပေက္ခာဝေဒနာကိုကား။ သန္တတ္တာ၊ငြိမ်သက်သည်၏ အဖြစ်ကြောင့်။ သုခမိစ္စေဝ၊ သုခဝေဒနာ-ဟူ၍သာလျှင်။ ဘာသိတာ၊၏။ တသ္မာ၊ ကြောင့်။ တိဿောပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဝေဒနာပိ၊ ဝေဒနာတို့သည်လည်း။ တဏှာယ၊ တဏှာအား။ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊၏။

ဝေဒနာပစ္စယာ တဏှာ-အဘွင့်ပြီး၏။

---

တဏှာပစ္စယာဥပါဒါန်-အဘွင့်။

တဏှာ၏အရ၊ အားနည်းသော တဏှာရ၏။ ဥပါဒါန်အရ၊ အားကြီးသောတဏှာရ၏။ ထိုဥပါဒါန်သည်- ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် ၄-ပါးအပြားရှိ၏။ တရားကိုယ်အားဖြင့်- တဏှာ,ဒိဋ္ဌိ ၂-ပါးသာတည်း။

တဏှာနှင့်ဥပါဒါန်-အထူး။

အားနည်းသော တဏှာသည်-တဏှာမည်၏။ ထိုတဏှာသည်၊ ဥပနိဿယပစ္စည်းဖြင့် ထောက်ပံ့အပ်သော မြဲမြံသော အားကြီးသောနောက်ဖြစ်သော တဏှာသည်-ဥပါဒါန်မည်၏။ ။ကေစိဆရာတို့အလိုအားဖြင့်ကား။ ။မိမိထံသို့ မရောက်သေးသော အာရုံကို တောင့်တခြင်းသည်-တဏှာမည်၏၊ ။ဥပမာဆိုသော်-အမိုက်တိုက်၌ ခိုးသူဘို့၏ မိမိလက်သို့ မရောက်သေးသော ပစ္စည်းဥစ္စာကို ယူခြင်းငှာ ဆန့်သောလက်နှင့်တူ၏။ မိမိထံသို့ရောက်ပြီးသော အာရုံကို စွဲစွဲလမ်းလမ်းယူခြင်းသည်- ဥပါဒါန်မည်၏။ ။ဥပမာဆိုသော်- ခိုးသူ၏လက်သို့ ရောက်ပြီးသော ပစ္စည်းဥစ္စာကို နှစ်သက်စွဲလမ်း၍ ယူခြင်းနှင့်တူ၏။ ။တနည်း... အလောဘ၏ဆန့်ကျင်ဘက်ဖြစ်သော တဏှာသည်- တဏှာမည်၏။ ရောင့်ရဲခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော တဏှာသည်- ဥပါဒါန်မည်၏။ ၊တနည်း.... ပစ္စည်းဥစ္စာကို အဘန်တလဲလဲ ရှာမှီးရ၍၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တဏှာသည်-တဏှာမည်၏။ရှာမှီး၍ရအပ်ပြီးသော ပစ္စည်းဥစ္စာကိုခိုးသူစသည်တို့ မခိုးမယူရအောင် စောင့်ရှောက်သိမ်းဆည်းရသဖြင့်၊ ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲခြင်း၏ အကြောင်း

ဖြစ်သော တဏှာသည်-ဥပါဒါန်မည်၏။ ။ဤကားကေစိဆရာတို့ အလို ဝ-ဏှာနှင့် ဥပါဒါန်တို့၏အထူးတည်း။ဋီကာကျော်ဆရာကား၊ သမာနဝါဒ နှင့် ကေစိဝါဒကို မခွဲမခြားတသားတည်းထား၍ ဘွင့်တော်မူ၏။

တဏှာ ဒဠှတ္တံနာမ ပုရိမတဏှာ ဥပနိဿယပစ္စယေန ဒဠှသမ္ဘူတာ ဥတ္တရတဏှာ ဝေ။ ကေစိ ပနာဟု-
အပတ္တဝိသယပတ္ထနာတဏှာ။ အန္ဓကာရေ စောရဿ
ဟတ္ထပ္ပသာရဏံ ဝိယ။ ပ။ တထာ ပရိယေသနာ ရက္ခ
ဒုက္ခမူလာတိ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၅၈)။

**ဆောင်ပုဒ်။**

အားနည်းတဏှာ၊တဏှာသာ၊အားကြီးပါမူ၊ဥပါ-ယူ။

**တဏှာသည်ဥပါဒါန်အား-ကျေးဇူးပြုပုံ။**

ဆိုအပ်ပြီးသော ငါ-ငါ၏ဥစ္စာစသော အားကြီးစွာ စွဲလမ်းမှု ဟု ဆို အပ်သော ဥပါဒါန်တရားဖြစ်မှု၏ အကြောင်းရင်းကိုရှာသော်၊ ရှေးဦးစွာ သာမညစွဲလမ်းမှု ဟူသောတဏှာသာတည်း။ထိုတဏှာဖြစ်မှုကြောင့်သာ အားကြီးသော စွဲလမ်းမှုဖြစ်ပေါ်ရသောကြောင့် တဏှာသည်၊ ဥပါဒါန် အား ကျေးဇူးပြုသည်-ဟု ဆိုရပေသတည်း။ ပစ္စည်းတပ်ပုံကား-ရှေးဖြစ် သောတဏှာသည် နောက်ဖြစ်သော တဏှာဟူသော ကာမုပါဒါန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ကြွင်းသော ဥပါဒါန်သုံးပါး အား၊ သဟဇာတမျိုးဖြစ်၍-ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ,အတ္ထိ,အဝိဂတ ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

တဏှာပစ္စယာ ဥပါဒါန် အဘွင့်ပြီး၏။

---

**ဥပါဒါနပစ္စယာဘဝေါ-အဘွင့်။**

ဤ၌ဥပါဒါန်၏အရကား၊ ဘွင့်ဆိုအပ်ခဲ့ပြီးသော ဥပါဒါန်တရား ၄-ပါး တို့ပင်တည်း။ဘဝ၏အရကား၊ကမ္မဘဝ,ဥပပတ္တိဘဝ ၂-ပါးရ၏။

**ဘဝ ၂ ပါး-အဓိပ္ပါယ်။**

ဘဝတိ ဖလံ ဧတသ္မာတိ ဘဝေါ။

ဧတသ္မာ၊ ထိုအကြောင်းမှ။ ဝါ၊ ကြောင့်။ ဖလံ၊ အကျိုးတရားသည်။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်ရာ, ဖြစ်ကြောင်းဖြစ်သော

သတ္တိကြောင့်။ဘဝေါ၊ဘဝ-မည်၏။ ။ဝိဂြိုဟ်အရ....ချမ်းသာအမျိုးမျိုး, ဆင်းရဲအမျိုးမျိုး,တို့၏ဖြစ်ပေါ်ကြီးပွားခြင်း၏အကြောင်းဖြစ်သောကြောင့် စေတနာ,အဘိဇ္ဈာစသောတရားသည်ကမ္မဘဝမည်၏၊ ။ဟူလို။

ဘဝတီတိ ဘဝေါ။

ဘဝတိ၊ ထင်ရှားဖြစ်ပေါ်လာတတ်၏။ ဣတိ၊ ကြောင့်။ ဘဝေါ၊ ဘဝ မည်၏။ ။ဝိဂြိုဟ်အရ....ထင်ရှားစွာ ဖြစ်ပေါ်လာတတ်သော ဝိပါက်, ကမ္မဇရုပ်-ဟု ဆိုအပ်သော အကျိုးတရားသည်- ဥပပတ္တိဘဝမည်၏-ဟူလို။ ။ထိုဥပပတ္တိဘဝသည်လည်း၊ ကာမဘဝ,ရူပဘဝ,အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ,ပဉ္စဝေါကာရဘဝ-အားဖြင့်ကိုးပါးအပြားရှိ၏။

**မှတ်ချက်။** ။ကမ္မဘဝကား၊စေတနာအကြောင်းတရားဖြစ်၍၊ဗျုပ္ပတ် အားလျော်စွာ၊ အပဓါနသာနေပြုရ၏။ ဥပပတ္တိဘဝကား အကျိုးတရားဖြစ်၍၊ကတ္တုသာနေပြုရ၏။ ။သို့သော်၊ဝိဘင်းအဋ္ဌကထာ၌ကား-ကတ္တုသာနေတပါးတည်းသာ ပြုတော်မူ၏။ ။ကမ္မဘဝ၌၊ "သုခေါဗုဒ္ဓါနမုပ္ပါဒေါ" ၌ကဲ့သို့ဖလူပစာ-ဟူလို။

---

## သင်္ခါရနှင့်-ကမ္မဘဝအထူး။

သင်္ခါရသည်၊ ကုသိုလ်,အကုသိုလ်စေတနာဖြစ်၏။ ဤကမ္မဘဝသည်လည်း၊ စေတနာပင်ဖြစ်၏။ အသို့ထူးပါသနည်းဟူမူ။ ။အတိတ်ဘဝ၌ ဖြစ်သော စေတနာသည်-သင်္ခါရမည်၏။ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာသည်-ကမ္မဘဝမည်၏။ ။တနည်း....စေတနာသက်သက်သည်၊ သင်္ခါရမည်၏။ စေတနာသည်ရင်း, စေတနာနှင့် ယှဉ်သော စေတနာ သမ္ပယုတ် ဖြစ်သော သံသရေ၌ ကျင်လည်တတ်သော အဘိဇ္ဈာစသော တရားအပေါင်းသည်ရင်း, ဘဝမည်၏၊ ။တနည်း.... ဝိညာဏ်၏သာ အကြောင်းသည်-သင်္ခါရမည်၏။အသညာဘဝ၏လည်းအကြောင်းသည်-ဘဝမည်၏။ ။တနည်း....ကုသိုလ်, အကုသိုလ်သည်-သင်္ခါရမည်၏။ ကုသိုလ်,အကုသိုလ်,အဗျာကတသည်-ဘဝမည်၏။

**ဆောင်ပုဒ်။**

ပစ္စုပ်တီတ၊ ယုတ္တစေတနာ၊ ရုပ်ဝိညာကြောင့်၊
ဗျာကတာဗျာကတ၊ ထူးပြားကြ၊ ဘဝသင်္ခါရာ။

## ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံ။

ကာမဂုဏ်ဝတ္ထု၊ အစုစုအဖုံဖုံ၊ ထိုထိုအာရုံတို့၌စွဲလမ်းမှုအားကြီးခြင်းသည်-ကာမုပါဒါန်မည်၏။ ထိုကာမုပါဒါန်ကြောင့် သူတပါး၏အသက်ကို သတ်မှု,သူ၏ဥစ္စာကို ခိုးမှုစသော ဒုစ္စရိုက်ကိုပြု၏၊ ထိုဒုစ္စရိုက်စေတနာသည်-ကမ္မဘဝမည်၏။ထိုအကုသိုလ်ကမ္မဘဝကြောင့်ငရဲဘုံစသည်တို့၌ လားရ,ရောက်ရ၏။ ထိုဒုဂ္ဂတိဘဝ၌ပဋိသန္ဓေဝိပါက် ဖြစ်မှုသည်-ဥပပတ္တိဘဝမည်၏၊ဤသို့အကုသိုလ်ကံဟူသောကမ္မဘဝနှင့်ဒုဂ္ဂတိဘဝ-ဟူသော ဥပပတ္တိဘဝသည်-ကာမဂုဏ်၌လွန်စွာစွဲလမ်းမှုကြောင့်ဖြစ်သောကြောင့် ကာမုပါဒါန်ကြောင့် ဘဝဖြစ်၏-ဟု ဆိုရ၏။ နတ်ပြည်, နတ်ဘုံသည်၊ လူ့ပြည်,လူ့ဘုံထက် စည်းစိမ်ချမ်းသာများစွာ သာလွန်ကောင်းမြတ်၏။ ဤလူ့ဘဝမှ စုတေလျှင်နတ်ပြည်၌ ဖြစ်ရလို၏-ဟုနတ်ပြည်၌စွဲလမ်းသော ကာမုပါဒါန်သည်ဖြစ်၏၊ ထိုကာမုပါဒါန်စွဲလမ်းခြင်းကြောင့် နတ်ဘုံ၌ ဖြစ်စေတတ်သော ဒါန,သီလ,စသော ကုသိုလ်ကံကို ပြုလုပ်အားထုတ်၏။ ထိုကုသိုလ်ကံသည်၊ ကမ္မဘဝမည်၏။ထိုကံသည် ဖြစ်စေအပ်သော နတ်ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသည်-ဥပပတ္တိဘဝမည်၏၊

ထို့အတူ-ရူပဘုံ, အရူပဘုံတို့၌ ဖြစ်လိုသော စွဲလမ်းမှုသည်- ကာမုပါဒါန်မည်၏။ ထိုကာမုပါဒါန်အစွမ်းကြောင့် ဈာန်-အဘိညာဉ်-ဟူသော မဟဂ္ဂုတ်ကုသိုလ်ကို ပြုလုပ်ပွားများ၏။ ထိုမဟဂ္ဂုတ်ကုသိုလ်ကံသည်- ကမ္မဘဝမည်၏၊ ထိုကံသည် ဖြစ်စေအပ်သော ရူပပဋိသန္ဓေ, အရူပ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသည်- ဥပပတ္တိဘဝမည်၏။ ။ဤသို့လျှင် ကာမုပါဒါန်ကြောင့် ဘဝဖြစ်လေသတည်း။

အချို့သောသူသည်၊ ဤကိုယ်ခန္ဓာအတ္တဘောသည်၊ ကာမဘုံ၌သော်ငင်း, ရူပဘုံ၌သော်ငင်း,အရူပဘုံ၌သော်ငင်း,တဘုံဘုံ၌ပြတ်သည်ရှိသော်၊ ကောင်းစွာ အကြွင်းမဲ့ပြတ်ခြင်းတည်း-ဟု ဒိဋ္ဌုပါဒါန်ဖြစ်၏။ ထိုဒိဋ္ဌုပါဒါန် ကြောင့် ထိုကာမစသော ဘုံသို့ ရောက်ကြောင်းဖြစ်သော ကံကိုပြု၏။ ထိုကံသည်-ကမ္မဘဝမည်၏။ ထိုကံသည်ဖြစ်စေအပ်သော ကာမစသော ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသည်-ဥပပတ္တိဘဝမည်၏။

အချို့သော သူသည်၊ ဤကိုယ်ခန္ဓာ အတ္တဘောသည်၊ ကာမဘုံ၌ သော်ငင်း, ရူပဘုံ၌ သော်ငင်း, အရူပဘုံ၌ သော်ငင်း, ချမ်းသာခြင်းနှင့်

ပြည့်ပုံ၏။ ကင်းသောပူပန်ခြင်းရှိ၏-ဟုအတ္တဝါဒုပါဒါန်ဖြစ်၏။ ထိုအတ္တဝါဒုပါဒါန်ကြောင့် ထိုကာမစသော ဘုံသို့ ရောက်ကြောင်းဖြစ်သော ကံကို ပြု၏။ ထိုကံသည်-ကမ္မဘဝမည်၏။ ထိုကံသည် ဖြစ်စေအပ်သော ကာမစသောပဋိသန္ဓေဝိပါက်နာမက္ခန္ဓာသည်-ဥပပတ္တိဘဝမည်၏။

အချို့သောသူသည်၊နွားတို့၏အလေ့အကျင့်,ခွေးတို့၏အလေ့အကျင့်ကို ကာမဘုံ၌သော်၎င်း, ရူပဘုံ၌သော်၎င်း, အရူပဘုံ၌သော်၎င်း၊ တဘုံဘုံ၌ ဖြည့်ကျင့်ပါမှပြည့်စုံလွယ်သည်-ဟုသီလဗ္ဗတုပါဒါန်ဖြစ်၏၊ ထိုသီလဗ္ဗတုပါဒါန်ကြောင့် ထိုကာမစသောဘုံသို့ ရောက်ကြောင်းဖြစ်သော ကံကို ပြု၏။ထိုကံသည်-ကမ္မဘဝမည်၏၊ ထိုကံသည်ဖြစ်စေအပ်သော ကာမပဋိသန္ဓေစသော ဝိပါက်နာမက္ခန္ဓာသည်-ဥပပတ္တိဘဝမည်၏၊ ။ဤသို့လျှင် ဥပါဒါန်ကြောင့် ဘဝဖြစ်သတည်း။

> ဣဓေကစ္စော အနုဿဝဝသေန ဝါ ဒိဋ္ဌာနုသာရေန ဝါ ကာမာ နာမေတေ။ပ။ သီလဗ္ဗတုပါဒါနဝသေန တဒုပဂံ ကမ္မံ ကရောတိ၊ တဿ တံ ကမ္မံ ကမ္မဘဝေါ၊တဒဘိနိဗ္ဗတ္တာ ခန္ဓာ ဥပပတ္တိဘဝေါ။ ။
>
> ဝိဘင်း-အဋ္ဌကထာ။ ။(၁၆၁)။

ပစ္စည်းတပ်ပုံကား....ကာမုပါဒါန်သည်၊သမ္ပယုတ်ဖြစ်သော ကမ္မဘဝအား-ဟေတု,သဟဇာတ,အညမည,နိဿယ,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ, ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ကြွင်းသော ဥပါဒါန်သုံးပါးတို့သည်လည်း၊ ကမ္မဘဝအား-သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ,မဂ္ဂ, အတ္ထိ,အဝိဂတ ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဥပါဒါန်လေးပါးလုံးသည်၊ သမ္ပယုတ်မဟုတ်သော ကမ္မဘဝ, ဥပပတ္တိဘဝအား-ဥပနိဿယသတ္တိတပါးဖြင့်ကျေးဇူးပြု၏။ သာမညအာရုံပြုအပ်သော ဥပါဒါန်လေးပါးတို့ကား၊ကမ္မဘဝအားအာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ။အာရမ္မဏာဓိပတိ အနေနှင့် အာရုံပြုအပ်သော ဥပါဒါန်လေးပါးဖြစ်လျှင်၊အာရမ္မဏ,အာရမ္မဏာဓိပတိ,အာရမ္မဏူပနိဿယ- ဤသုံးပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဥပါဒါနပစ္စယာဘဝ-အဘွင့်ပြီး၏။

## ဘဝပစ္စယာဇာတိ-အဘွင့်။

ဤ၌-ဘဝ၏အရ၊ ကမ္မဘဝ-တပါးကိုသာ အလိုရှိအပ်၏။ အဘယ့်ကြောင့်ဆိုသော်၊ ဇာတိဟူသည် ဥပပတ္တိ ဘဝဖြစ်သောကြောင့်တည်း။ ဥပပတ္တိ၏ အကြောင်းကား၊ကမ္မဘဝသာဖြစ်ထိုက်၏။ ဥပပတ္တိဘဝချည်းထပ်မဖြစ်ကောင်း-ဟူလို။ ။ဤကား-အဋ္ဌကထာဆရာအလိုတော်တည်း။ သို့သော်၊ မူလဋီကာဆရာကား၊ဇာတိဟူသည် ဥပပတ္တိခန္ဓာတို့၏ ဂုဏ်မျှဖြစ်၍၊ယင်း-ဥပပတ္တိခန္ဓာသည်လည်းဇာတိ၏အကြောင်းပဒဋ္ဌာန်ဖြစ်ထိုက်သောကြောင့် ဥပပတ္တိဘဝကိုလည်း ယူသင့်၏-ဟု မိန့်ဆိုတော်မူ၏။ ဥပပတ္တိဘဝသာမရှိခဲ့သော်ဇာတိမရှိနိုင်သောကြောင့်။ ။ဟူလို။

ဘဝေါတိပနေတ္ထ ကမ္မဘဝေါဝ အဓိပ္ပေတော။
သော ဟိ ဇာတိယာ ပစ္စယော၊န ဥပပတ္တိဘဝေါ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၄၃)။

ဥပပတ္တိဘဝုပ္ပတ္တိယေဝ ဇာတိတိ အာဟ-န ဥပပတ္တိဘဝေါတိ ဇာယမာနသ္သ ပန ဇာတိတိ ဥပပတ္တိဘဝေါပိ အာသတိ အာဘာဝါ ဇာတိယာ ပစ္စယောတိ သက္ကာ ဝတ္တုံ။ ။

မူလဋီကာ။ ။(၁၁၁)။

---

## ဘဝကြောင့်ဇာတိဖြစ်ပုံ-အဓိပ္ပါယ်။

ဇာတိဟူသည်၊ ဥပပတ္တိဘဝဟူသော ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်၏ ရှေးဦးစွာ ဖြစ်ပေါ်လာခြင်းသဘောဖြစ်၏။ ၎င်းဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်တို့၏ဖြစ်မှုကား ကမ္မဘဝကြောင့်သာဖြစ်သောကြောင့် ဘဝသည်၊ဇာတိအား ကျေးဇူးပြုသည်-ဟု ဆိုရပေသတည်း။ ။ဤ၌ပဋိသန္ဓေတည်နေမှုသည် ကမ္မဘဝကြောင့်ဖြစ်၏-ဟုမဆိုသင့်။ အမိအဘ၏သုက်သွေးအစာအာဟာရစသည်တို့ကြောင့်ဖြစ်သည်မဟုတ်ပါလောဟူမူ။ ။အမိအဘတို့၏ သုက်သွေး,အစာအာဟာရစသောအပဖြစ်သော အကြောင်းတို့ပင်ရှိလင့်ကစား၊ ၎င်းအကြောင်းတို့ကား လိုရင်းအကြောင်းမဟုတ်။ "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ"ပါဠိတော်အရ၊ ကံသာလျှင် အကြောင်းရင်းဖြစ်သောကြောင့် ကမ္မဘဝ-ဟူသော ကံကြောင့်သာ ဖြစ်၏-ဟုမှတ်။ ထိုစကား

ထင်ရှားစေအံ့....အမိဝမ်းတွင်းမှ အမွှာမွေးဘွားသောသူ သူငယ်နှစ်ဦးတို့ပင်၊အယုတ်,အမြတ်,အဖြူ,အညို,အရွှေစသော ပဝတ္တိအကျိုးပေးပုံချင်း မတူကြပေ။ ထိုကြောင့် ကမ္မဘဝ-ဟူသော ကံသာလျှင် အကြောင်းရင်း ဖြစ်၏-ဟုမှတ်။

ဗာဟိရာနဉ္စ ဇနကဇနေတ္တိသုက္ကသောဏိတာ
ဟာရာဒီနံ ပစ္စယာနံ။ပ။န ကမ္မ ဘဝတော
အညဟေတုကော။ ။ပိဘင်း-ပါဠိတော်။ ။(၁၆၃)။

ပစ္စည်းတပ်ပုံကား။ ။ကမ္မဘဝသည်ဇာတိအား၊နာနက္ခဏိက ကမ္မ ပစ္စည်း, ပကတူပ နိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ။(အဓိပ္ပါယ် ပေါ်လွင်ပြီ။အောက်ရပ်ပိုင်း၌ဘွင့်ဆိုခဲ့ပြီ)။

ဘဝပစ္စယာဇာတိ-အဘွင့်ပြီး၏။

---

**ဇာတိပစ္စယာ-အဘွင့်။**

ဇာတိကြောင့်ဇရာ, မရဏ, သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ-တို့ဖြစ်၏ဟူရာ၊ ဇာတိတရား ထင်ရှားဖြစ်ပေါ်လာသည်ရှိသော်၊ ထိုဇာတိအခါ၌သာ တည်မနေပါဘဲ၊ အိုခြင်းဟူသော-ဇရာ, သေခြင်းဟူသော-မရဏ၊ တရားတို့သည်၎င်း, ထိုဇရာမရဏတရားနှင့် စပ်ကုန်, မစပ်ကုန်သော-စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်းပရိဒေဝ၊ ကိုယ်၏ဆင်းရဲခြင်း-ဒုက္ခ၊ စိတ်၏ဆင်းရဲခြင်း-ဒေါမနဿ၊ စိတ်၏ ပင်ပန်းခြင်းဟူသော-ဥပါယာသ-တရားတို့သည် ဖြစ်ကုန်၏။ ၎င်းဇရာစသော တရားတို့၏ ဖြစ်ခြင်း၏အကြောင်းရင်းကား၊ ဇာတိဖြစ်၏။ ဇာတိမရှိပါမူ ထိုဇရာစသော တရားတို့သည် မဖြစ်ကုန်။သို့ဖြစ်၍ ဇာတိကြောင့်ဇရာ-စသောတရားတို့ သည်ဖြစ်ကုန်၏။ ဇာတိသည်ဇရာစသောတရားတို့အား ကျေးဇူးပြု၏ ဟု ဆိုရပါသတည်း။ ။ပစ္စည်းတပ်ပုံကား-ဇာတိသည် ဇရာစသော တရား အပေါင်းအားဥပနိဿယပစ္စည်းတပါးသာတပ်၏။

(ဇရာ-မရဏ-တို့ကိုအောက်ကဘွင့်ဆိုခဲ့ပြီ)။

ဇာတိယာ ပန သတိ ဇရာမရဏဉ္စေဝ။ပ။
သောကာဒယော စ ဓမ္မာ ဟောန္တိ။ ။
ပိဘင်း-အဋ္ဌကထာ။ ။(၁၆၄)။

---

## သောက,ပရိဒေဝ-အဘွင့်။

သောစနံ သောကော။

သောစနံ၊ပိုးရိမ်ပူဆွေးခြင်း။သောကော၊ပိုးရိမ်ပူဆွေးခြင်း။ ။ဆွေမျိုးစသည်တို့၏ပျက်စီးခြင်းစသောတရားကြောင့် ကိုယ်တွင်းအဇ္ဈတ္တ၌ပိုးရိမ်ပူဆွေးခြင်းဟူသော ဒေါသမူဋ္ဌေး၌ ရှိသော ဒေါမနဿ ဝေဒနာသည်-သောကမည်၏။ ။ဟူလို။

သောစန္တိ စိတ္တပရိဋ္ဌာဟံ ဂစ္ဆန္တိ ဧတေနာတိ ဝါ သောကော။

ဝါ၊ကား။ ဧတေန၊ ဤတရားသဘောဖြင့်။သောစန္တိ၊ပိုးရိမ်တတ်ကုန်၏။ စိတ္တပရိဋ္ဌာဟံ၊စိတ်ပူပန်ခြင်းသို့။ဂစ္ဆန္တိ၊ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပိုးရိမ်ပူဆွေးကြောင်းဖြစ်သောသဘောကြောင့်။ သောကော၊ သောကမည်၏။ ။ဝိဂ္ဂြဟ်အရ....ကိုယ်တွင်းအဇ္ဈတ္တ၌ ပိုးရိမ်ပူဆွေးခြင်း, စိတ်ပူပန်ခြင်း၏အကြောင်းဖြစ်သောတရားသည်-သောကမည်၏။ ။သောကရှိသောသူသာ ပိုးရိမ်မှုပူပန်မှုဖြစ်၏။သောကကင်းပြီးသောအရိယာအရှင်တို့ကားပိုးရိမ်ပူပန်ခြင်းမဖြစ်ကြကုန်ပြီ၊ ။ဟူလို။

### သောက၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။

ထိုသောကသည်- ကိုယ်၏ အတွင်း၌ ပူလောင်ခြင်း လက္ခဏာရှိ၏။ စိတ်ကိုထက်ဝန်းကျင်ပူလောင်ခြောက်သွေ့ခြင်းကိစ္စရှိ၏။ ဆွေမျိုးစသည်တို့ပျက်စီးခြင်းကို အဘန်တလဲလဲပိုးရိမ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

သော အန္တော နိဇ္ဈာနလက္ခဏော။စေတသော
ပရိဇ္ဈာပနရသော။ အနုသောစနပစ္စုပဋ္ဌာနော။
အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။ ။(၃၆၄)။

ပဒဋ္ဌာန်ကို-ထိုထိုဋီကာ-စသည်တို့၌ မဆိုသော်လည်း၊ "ကာမတော ဇာယတိသောကော"အရ-ကာမတဏှာကိုပဒဋ္ဌာန်အဖြစ်ဖြင့်ဆိုသင့်၏။

---

ပရိဒေဝနံ ဒေဝတိ ရောဒတိဧတေနာတိ ပရိဒေဝေါ။

ဧတေန၊ထိုအသံဖြင့်။ ပရိပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဒေဝတိ-ရောဒတိ၊ ငိုကြွေးမြည်တမ်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့ငိုကြွေးမြည်တမ်းကြောင်းဖြစ်သောသဘောကြောင့်။ပရိဒေဝေါ၊ပရိဒေဝမည်၏။

## ပရိဒဝနံ ပရိဒေဝေါ။

ပရိဒဝနံ၊ငိုကြွေးမြည်တမ်းခြင်း။ပရိဒေဝေါ၊ငိုကြွေးမြည့်တမ်းခြင်း။ ။ ဥပြုပ်အရ....ဗျာသနတရေး ငါးပါးတို့တွင်၊ တပါးပါးနှင့် တွေ့ကြုံသော သတ္တဝါ၏ကိုယ်တွင်း၌၊အားကြီးသောမီးဖြင့် ချက်အပ်သော ဆီသည်၊အိုး၏အထက်သို့၊တက်လျှံဝေကျသကဲ့သို့ ငါ၏သား,သမီး ပျက်စီးဆုတ်ယုတ် လေပြီ,ငါ၏စည်းစိမ်, ဂုဏ်သိမ်တို့ကား၊ ပျက်စီးဆုတ်ယုတ်လေပြီစသည် ဖြင့် သောကအရှိန်အပူအပြင်း ကိုယ်တွင်း၌ မခံနိုင်ခြင်းကြောင့် အပသို့ ထွက်အန်၍၊ အဘန်ဘန်ငိုကြွေးခြင်းသည်-ပရိဒေဝမည်၏။ တရားကိုယ် အားဖြင့် ဒေါသမူဋ္ဌေးကြောင့်ဖြစ်သော စိတ္တဇသဒ္ဒါရုပ်သည်- ပရိဒေဝ မည်၏။

### ပရိဒေဝ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။

ပရိဒေဝသည် ဆိုမြည်ယောင်ယမ်း၊ငိုမြည့်တမ်းခြင်း လက္ခဏာရှိ၏၊ ဂုဏ်,အပြစ်ကိုကြားခြင်းကိစ္စရှိ၏။စိတ်၏မရပ်မတည်၊တချာချာလည်ခြင်း လျှင် ထင်သောအခြင်းအရာရှိ၏။

သော လာလပ္ပနလက္ခဏော၊ဂုဏာဒေါသကိတ္တနရသော၊
သမ္ဘမပစ္စုပဋ္ဌာနော။ ။အဘိဓမ္မတ္ထသင်္ဂဟာဋီကာ။ ။(၃၆၄)။

### ဇာတိကြောင့် သောက,ပရိဒေဝဖြစ်ပုံ။

ကိုယ်၏အတွင်း ပူပန်ခြင်း-ဟူသော သောက, ၎င်းသောကအရှိန် ပြင်းထန်ခြင်းကြောင့် အပသို့ လျှံတက်၍ ငိုကြွေးမြည်တမ်းခြင်းဟူသော ပရိဒေဝ ၂-ပါးတို့သည်၊ဇာတိ-ဟူသောပဋိသန္ဓေတည်နေရသောကြောင့် သာဖြစ်သောကြောင့် ဇာတိကြောင့်ဖြစ်ကုန် ဟုဆိုရပေ၏။ ။ပစ္စည်း တပ်ပုံကား....ဇာတိသည်၊သောက,ပရိဒေဝ-တို့အား၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

---

### ဒုက္ခ-အဘွင့်။

ဒုက္ခယတီတိ ဒုက္ခံ။ ။ခမိတုံ ဒုက္ကရန္တိတိ ဝါ ဒုက္ခံ။

ဒုက္ခယတိ၊သည်းခံနိုင်ခဲ၍ဆင်းရဲ၏။ဣတိ၊ကြောင့်။ဒုက္ခံ၊ဒုက္ခ-မည်၏။ ။ ဝါ။ကား။ ခမိတုံ၊သည်းခံခြင်းငှာ။ ဒုက္ကရံ၊ခဲယဥ်းလှ၏။ ဣတိ၊ကြောင့်။ဒုက္ခံ၊

ဒုက္ခ- မည်၏။ ။ဝိဂြိုဟ်အရ.... ကြမ်းတန်းသော အနိဋ္ဌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ကြုံထိခိုက်မိသောအခါ၊ အလွန်တရာပင် ကျင်နာခံ ခက်လှသဖြင့်၊ သည်းခံတ္ထိရန် ခဲယဉ်းကြပ်တည်းလှသောကြောင့်- ဒုက္ခ မည်၏။တရားကိုယ်အားဖြင့် ကာယဝိညာဏ်၌ရှိသောဝေဒနာစေတသိက် သာတည်း။ကာယိကဒုက္ခသည်-ဒုက္ခမည်၏။ ။ဟူလို။

ဒုက္ခ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။

ဒုက္ခသည်၊ ခန္ဓာကိုယ်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏။ ပညာနည်းပါး၊ လူအများတို့အား ဒေါမနဿဝေဒနာလျှင်အကြောင်းကိစ္စရှိ၏၊ ခန္ဓာကိုယ် ကျင်နာခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အိုခြင်း, နာခြင်း, သေခြင်း လျှင်နီးသောအကြောင်းရှိ၏။

တံ ပနေတံ ကာယပီဠနလက္ခဏံ၊ဒုပ္ပညာနံ ဒေါမနဿ ကရဏရသံ။ ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ဇရာ ဗျာဓိ မရဏပဒဋ္ဌာနံ။

အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။ ။(၃၆၄)။

---

ဒေါမနဿ-အဘွင့်။

ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ။

ဒုမ္မနဿ၊ မကောင်းသောစိတ်၏။ ဝါ၊ စိတ်ရှိသောသူ၏။ ဘာဝေါ၊ဖြစ် ကြောင်းတည်း။ ဒေါမနဿံ၊ မကောင်းသောစိတ်၊ဝါ၊စိတ်ရှိသောသူ၏ဖြစ် ကြောင်း။ ။ဝိဂြိုဟ်အရ....စိတ်၌ဖြစ်သော မချမ်းသာခြင်း, စိတ်၌ ဖြစ် သောဆင်းရဲခြင်း-ဟူသောဒေါသမူတွေး၌ရှိသော ဝေဒနာသည်-ဒေါမနဿ မည်၏။ ။စေတသိကဒုက္ခဝေဒနာ။ ။ဟူလို။

ဒေါမနဿ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။

ဒေါမနဿသည်၊ အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဟုတ်ဟုတ် ငြားငြားသောအခြင်းအရာအားဖြင့်လည်း အနိဋ္ဌာရုံဟူသောအတ္တိအာရကို

သုံးဆောင်ခြင်းကိစ္စရှိ၏။ စေတသိက်၏ကျင်နာခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။စင်စစ်အားဖြင့် ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ, ဒေါမနဿံ။ ယထာတထာဝါ
အနိဋ္ဌာကာရ သမ္ဘောဂရသံ။ စေတသိကာ ဗာဓပစ္စုပဋ္ဌာနံ။
ဧကန္တေနေဝ ဟဒယဝတ္ထုပဒဋ္ဌာနံ။ ။

အဋ္ဌသာလိနီ-အဋ္ဌကထာ၊ ။(၂၆၅)။

---

**ဥပါယာသ-အဖွင့်။**

ဘုသော အာယာသော ဥပါယာသော။

ဘုသော၊ ပြင်းစွာ။ အာယာသော၊ အရှသည်းဖိုလှိုက်၊ တုံခိုက်ရိုက်ငင်၊ စိတ်၏ပင်ပန်းခြင်းသည်။ ဥပါယာသော၊ ဥပါယာသ-မည်၏။ ။ဝိဂြိုဟ်အရ.... အားကြီးပြင်းထန်၊ မြဲမြံခိုင်ခန့်သော စိတ်၏ ပင်ပန်းခြင်းသည်-ဥပါယာသမည်၏။ ။ဟူလို။ ။ဆိုလိုရင်းကား....ဒေါသမီးလောင်သည်အတွက် ဒိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရုံမျှမက၊ရှိုက်ကြီးငင်ကြီးဖြစ်မှု, မြော၍သွားမှု, နစ်၍သွားမှု,သေငယ်ဇောဖြစ်မှု,သည်- ဥပါယာသမည်၏-ဟူမှတ်။တရားကိုယ်အားဖြင့်ကား-ဒေါသစေတသိက်သာတည်း။

**ဥပါယာသ၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်။**

ထို-ဥပါယာသသည်၊ထက်ဝန်းကျင်မှစိတ်ကိုပူလောင်ခြင်းလက္ခဏာရှိ၏ ရှိုက်ကြီး,ငင်ကြီးငြီးတွားမှုကိုပြုခြင်းကိစ္စရှိ၏။နစ်မြော၍သွားခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ဉာတိဗျသနစသည်လျှင်နီးစွာသောအကြောင်းရှိ၏။

သော စိတ္တပရိဒဟနလက္ခဏော၊နိတ္ထုနနရသော။
ဝိသာဒပစ္စုပဋ္ဌာနော၊ဉာတိဗျသနာဒိ ပဒဋ္ဌာနော။

အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။ ။(၃၆၄)။

---

**ဇာတိကြောင့် ဒုက္ခ,ဒေါမနဿ,ဥပါယာသ-ဖြစ်ပုံ။**

ထိုဒုက္ခ,ဒေါမနဿ, ဥပါယာသ- တရားသုံးပါးတို့သည်လည်း၊ ဇာတိမှဲသောပုဂ္ဂိုလ်တို့၌သာဖြစ်နိုင်သောကြောင့်ဇာတိကြောင့်ဒုက္ခ,ဒေါမနဿ,

ဥပါယာသတို့ဖြစ်ကုန်၏-ဟုဆိုရ၏။ သို့ဖြစ်၍ဇာတိသည်ဒုက္ခ,ဒေါမနဿ, ဥပါယာသ-တို့အား- ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုထေ၏။ ။ (ကြွင်းအဓိပ္ပါယ်ပေါ်လွင်ပြီ)။

---

## သောက,ပရိဒေဝ,ဥပါယာသအထူး။

တရသောဆီပူအိုးကင်းအတွင်း၌၊ကျိုက်ကျိုက်ဆူပွက်နေသောဆီများ ပမာ၊ အဇ္ဈတ္တိကကိုယ်အတွင်း၌၊ ပူပန်ဗိုးရိမ်နေမှုသည်-သောကမည်၏။ ဆူပွက်ရုံမျှမက၊ဆူဝေလျှံတက်၍ အပြင်သို့ကျသော ဆီများပမာ၊ကိုယ်၏ အပသို့ထွက်၍ ငိုကြွေးခြင်းသည်-ပရိဒေဝမည်၏။ဝေလျှံသောဆီမှကြွင်း ကျန်သောဆီများသည်၊ဆီအိုးကင်းအတွင်း၌ ခန်းခြောက်တူးချစ်၍ သွား သည်ပမာ၊သောကဓာတ်အရှိန် အလွန် အားကြီးလှ၍၊ ငိုကြွေးရုံမျှမက မြေမေ့၍သွားမှုသည်-ဥပါယာသမည်၏-ဟုမှတ်။

"ဇေဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူသောပါဠိ၌၊ဇေဝံ-ဟူသောပါဠိဖြင့်၊ ဤနာမ်,ရုပ်နှစ်ဖြာသံသရာဝဋ်ဆင်းရဲ ဖြစ်မှုသည်၊ပြဟ္မာ,ဗိဿနိုးတို့ ဘန်ဆင်း၍ ဖြစ်ပေါ်လာသည်မဟုတ်၊ဤဆို အပ်ပြီးသောပစ္စည်းအဆက်ဆက်အားဖြင့်သာ ဖြစ်၏-ဟူသော အဓိပ္ပါယ် ကိုပြ၏။ "ကေဝလဿ ဒုက္ခက္ခန္ဓဿ"ဟူသော ပါဠိဖြင့် ဤသံသရာဝဋ် ဟူသည်ချမ်းသာသုခနှစ်သက်စဖွယ် သုဘအရတရားမျိုးမဟုတ်။ သုခ မဘက်ဒုက္ခအစုသက်သက်မျှသာဖြစ်၏-ဟူသောအဓိပ္ပါယ်ကိုပြ၏။

ဆိုလိုရင်းကား....ဤနာမ်,ရုပ်နှစ်ဖြာ၊သံသရာဝဋ်ဟူသည်ပဋိသန္ဓေကစ၊ ရတိကျအောင် အမြဲမပြတ်၊ ဆိုအပ်ပြီးသော- အဝိဇ္ဇာ-သင်္ခါရစသော အကြောင်းအဆက်ဆက်ကြောင့်၊ အကျိုးအဆက်ဆက် တဘွားဘွားဖြစ် ပေါ်နေသော- သုခ,သုဘတရားမဘက်၊ ဒုက္ခသက်သက်မျှဖြစ်၏။ ပြဟ္မာ, ဗိဿနိုးစသည်တို့၏ ဘန်ဆင်းမှုကြောင့် ဖြစ်ပေါ်သောတရားမျိုးမဟုတ်။ ခံစားသူ,အမှုကို ပြုသူ,သူငါတပါး မရှိ၊ ပရမတ်တရားအစုမျှသာ ဖြစ်၏။ ဟူလို။ ။(ဝိပဿနာဉာဏ်ရင့်သန်တော်မူကြစေကုန်သတည်း)။

တေန အဝိဇ္ဇာဒိဟော၀ ကာရကောဟိ၊ န ဗ္ဗဿရနိမ္မာနာဒိဟီတိ ဒဿေတိ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၁၇)။

## ကာလ-စသည့်ဝေဘန်ခြင်း။

၅။ ။တတ္ထ တယော အဒ္ဓါ၊ ဒွါဒသင်္ဂါနိ၊ ဝီသတာကာရာ၊ တိသန္ဓိ၊
စတုသင်္ခေပါ၊ တီဏိ ဝဋ္ဋာနိ၊ ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။

သင်္ဂြိုဟ်ပါဠိ။

ဤပဋိစ္စသမုပ္ပါဒ်နည်း၌၊ ကာလ ၃-ပါး၊ အင်္ဂါ ၁၂-ပါး။ အခြင်းအရာ-၂၀၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ ဝဋ် ၃-ပါး၊ မူလ ၂-ပါးတို့ကိုသိအပ်ကုန်၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

---

## ကာလ ၃-ပါးအဖွင့်။

၆။ ။ကထံ-အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ၊ ဇာတိ
ဇရာမရဏံအနာဂတော အဒ္ဓါ၊ မဇ္ဈေအဋ္ဌပစ္စုပ္ပန္နော
အဒ္ဓါတိ တယော အဒ္ဓါ။

သင်္ဂြိုဟ်ပါဠိ။

ကာလသုံးပါးဟူသည်ကား၊ အတိတ်ကာလ,အနာဂတ်ကာလ,ပစ္စုပ္ပန်ကာလတို့ပေတည်း။ အဝိဇ္ဇာ,သင်္ခါရ နှစ်ပါးတို့သည်၊ လွန်ခဲ့ပြီးသော အတိတ်ဘဝ၌ဖြစ်ခဲ့သောအကြောင်းတရားများဖြစ်သောကြောင့်အတိတ်ကာလတရားများမည်ကုန်၏။ ဇာတိ,ဇရာ, မရဏ,တရားသုံးပါးတို့သည်၊ နောက်လာလတ္တံ့သော ဘဝ၌ ဖြစ်မည့်တရားမျိုးများ ဖြစ်သောကြောင့် အနာဂတ်ကာလတရားမျိုးမည်ကုန်၏။ အလယ်၌ရှိသောဝိညာဏ်,နာမ်,ရုပ်, သဠာယတန,ဖဿ, ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ ဟူသောတရား ၈-ပါးတို့သည်၊ ယခုပစ္စုပ္ပန်ကာလ၌ဖြစ်ပေါ်နေသောတရားများဖြစ်သောကြောင့် ပစ္စုပ္ပန်တရားတို့မည်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အဋ္ဌ-အဓိပ္ပါယ်။

အတတိ သတတံ ဂစ္ဆတိ ပဝတ္တတီတိ အဒ္ဓါ။

ယောသမယော၊ အကြင်အခါသည်။ သတတံ၊ အမြဲမပြတ်။ အတတိ ဂစ္ဆတိ-ပဝတ္တတိ၊ ဖြစ်တတ်၏၊ ဣတိ၊ ကြောင့်။ သောသမယော၊ သည်။

အဒ္ဓါ၊ အဒ္ဓ-မည်၏။ ။ဝိဂြိုဟ်အရ-အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ သုံးပါးသည် အမြဲမပြတ် ဖြစ်တတ်သောကြောင့်-အဒ္ဓမည်၏။ ။ဟူလို။

မှတ်ချက်။ ။အဝိဇ္ဇာစသော တရားများကား ကာလမဟုတ်၊ ထိုကာလ၌ဖြစ်သော ကာလဝိနိမုတ္တ,ကာလိက,တရားများသာဖြစ်ကြ၏။ သို့သော်၌ာနဖြစ်သောကာလ၏အမည်ကို၊၌ာနီဖြစ်သောကာလိက တရား၌တင်စား၍၊၌ာနူပစာရအားဖြင့် "အတီတောအဒ္ဓါ"စသည် ဖြင့်ဆိုအပ်၏။ကာလနှင့်အဒ္ဓ-အနက်အတူတူမှတ်၊ ။"ကာလောဒ္ဓါ သမယောဝေလာ"အဘိဓာန်။ ။ဆရာတို့ကား၊ဤသို့ဥပစာမကြံပါဘဲ၊ မုချတ္ထကိုယူ၍။ ။ကာလဝဏ္ဏေဝတ္ထေ အဝိကာံ ခါရေတီတိ အဒ္ဓါ။ ။ကာလဝဏ္ဏာဝါဓမ္မာအဝိကာံ ဒဟန္တိ ပတိဋ္ဌန္တိ ဌပ္ပေတိ အဒ္ဓါ။ ။ဟုပြုတော်မူကြကုန်၏။ ။(အနက်ပေါ်လွင်ပြီ)။

---

### အင်္ဂါ ၁၂-ပါးအသွင်။

၇။ ။အဝိဇ္ဇာ, သင်္ခါရာ, ဝိညာဏံ,နာမရူပံ,
သဠာယတနံ,ဖဿော,ဝေဒနာ,တဏှာ,
ဥပါဒါနံ, ဘဝေါ, ဇာတိ, ဇရာမရဏန္တိ
ဒွါဒသင်္ဂါနိ။ ။

သင်္ဂြိုဟ်ပါဌ်။

၁-အဝိဇ္ဇာ၊ ၂-သင်္ခါရ၊ ၃-ဝိညာဏ်၊ ၄-နာမ်ရုပ်၊ ၅-သဠာယတန၊ ၆-ဖဿ၊ ၇-ဝေဒနာ၊ ၈-တဏှာ၊ ၉-ဥပါဒါန်၊ ၁၀-ဘဝ၊ ၁၁-ဇာတိ၊ ၁၂-ဇရာမရဏ,ဤသို့ ပဋိစ္စသမုပ္ပါဒ်တရားသည် အင်္ဂါအားဖြင့် ၁၂-ပါး အပြားရှိလေ၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

### အင်-အဓိပ္ပါယ်။

အင်္ဂီယန္တိ အဝယဝဘာဝေန ဉာယန္တီတိ အင်္ဂါနိ။

အဝယဝဘာဝေန၊ အစိတ်အစိတ်၏အဖြစ်ဖြင့်။ အင်္ဂီယန္တိ-ဉာယန္တိ၊ သိအပ်ကုန်၏။ ဣတိ၊ ထိုသို့သိအပ်သောသဘောကြောင့်။ အင်္ဂါနိ၊ အင်-

မည်ကုန်၏။ ။ငါကြိုဟ်အရ....ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရား၏အစိတ်အစိတ်,အဆောက်အဦးဖြစ်သောကြောင့်-အင်္ဂါမည်၏။ ။ဟူလို။

ဤအင်္ဂါ-ဖွဲ့ရာ၌၊ ဇရာနှင့်မရဏကိုတပါးတည်းပြု၍၊ အင်္ဂါ ၁၂-ပါးဖြစ်၏-ဟုမိန့်ဆိုတော်မူကုန်၏။ ဇရာနှင့်မရဏ တရားတို့သည် ၂-ပါးဖြစ်ပါလျက်၊ အဘယ့်ကြောင့် အင်္ဂါတပါးတည်း ပြုအပ်ပါသနည်းဟူမူ။ ၎င်းဇရာနှင့်မရဏ-တရား ၂-ပါးတို့သည်၊ဇာတိ၏ အကျိုးတရားများသာဖြစ်သောကြောင့် ၂-ပါးပင်ဖြစ်သော်လည်း တပါးတည်းပြု၍၊ အင်္ဂါ-၁၂ ပါး-ဟုဆိုအပ်ပါသတည်း၊

ထိုစကားမှန်၏၊ အိုမင်းမှု, ပျက်စီးသေကြေမှုဟူသည်၊ ထိုထိုဇာတိမကင်းသော သတ္တဝါတို့၏ ရုပ်, နာမ်တရားတို့၏ရင့်ရော်, ပျက်စီးသောအခိုက်အတန့်မျှသာဖြစ်၏၊ ထိုအခိုက်အတန့်သည်လည်း ဇာတိကြောင့်သာဖြစ်၏။ထိုကြောင့် ဇရာနှင့်မရဏ ၂-ပါးတို့ကို ဇာတိ၏အကျိုးတရားများသာဖြစ်၍၊အင်္ဂါအားဖြင့် တပါးတည်းပြုရလေသတည်း။

ဇိရဏဘိင်္ဂနသင်္ခါတဗ္ဗာဝဇ္ဇာ ဇရာမရဏာပဒေသေန ဝုတ္တာ၊
သာစ နေသံ အာဝဇ္ဇာ ဇာတိပစ္စယိကာ။ ။အနုဋီကာ။(၁၁၈)။

---

**၈။ ။သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။ ။**

**သင်္ဂြိုဟ်ပါဌ်။**

သောက- အစရှိသောတရားတို့ကိုအင်္ဂါထိုက်သောတရားများနှင့်တစပ်တည်းဘုရားရှင် ဟောတော်မူခြင်းသည်၊ ဝါ၊ ဟောတော်မူသော်လည်း ဇရာမရဏတို့ကဲ့သို့အသီးအခြားအင်္ဂါဖြစ်၍၊ဟောတော်မူသည်မဟုတ်။ ၎င်းသောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ- တရားများသည် ဇာတိ၏မုချအကျိုးမဟုတ်၍၊ အင်္ဂါမထိုက်ကုန်။ အကျိုးဆက်မျှသာ ဖြစ်ကုန်၏-ဟူသောအဓိပ္ပါယ်ကိုပြခြင်းငှါသာ ဟောတော်မူ၏၊ ။ဟူလို၊

**ဤကား-ပိဏ္ဍတ္ထ။**

---

**အာဝယာဝဇ္ဇ-အဓိပ္ပါယ်။**

သောက-စသောတရားများသည်၊ အကျိုးဆက်မျှသာဖြစ်ကြ၏၊ မုချအကျိုးမဟုတ်ကြသောကြောင့် အင်္ဂါမထိုက်ကုန်ဟုဆိုသော်၊မုချအကျိုး

ဖြစ်စေ, သာမညအကျိုးဆက်ပင်ဖြစ်စေ,အကျိုးတရားမျိုးပင်ဖြစ်၍၊ ဇရာ, မရဏတို့ကဲ့သို့၊အင်္ဂါအဖြစ်ဖြင့် ယူသင့်ကုန်သည်မဟုတ်ပါလော-ဟူမူ။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဟူသည်၊ အဝိဇ္ဇာရှိခဲ့လျှင် သင်္ခါရ ဧကန်ဖြစ်ရ၏။ အဝိဇ္ဇာမရှိပါမူ သင်္ခါရမဖြစ်နိုင်ပြီ၊ ဤကဲ့သို့ အကြောင်းအကျိုးဧကန်ဖြစ်မြဲသောတရားရကိုသာ အင်္ဂါ-ဖွဲ့ထိုက်, ဆိုထိုက်၏။ သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,တရားတို့ကား ထိုကဲ့သို့ ဧကန်အမြဲဖြစ်နိုင်သောတရားတို့ မဟုတ်ကြလေကုန်။ရူပဘုံ,အရူပဘုံတို့၌ ဗြဟ္မာတို့အား ဇာတိပင်ရှိသော်လည်း ထိုသောကစသောတရားတို့သည်မဖြစ်ကုန်။ကာမဘုံ၌ပင်အရိယာ ပုဂ္ဂိုလ်တို့အား ထိုသောကစသော တရားတို့သည် မဖြစ်ကြကုန်။ ဤသို့ ဧကန်အဖြစ်မမြဲသောအကျိုးပစ္စယုပ္ပန်တရားများဖြစ်ကြ၍၊ တဗ္ဘာဝါဘာဝီ ဘာဝလက္ခဏာ မရှိကြသောကြောင့် သောက- စသောတရားတို့သည် အင်္ဂါမထိုက်ကုန်။ ဇရာမရဏ-တို့ကား ဇာတိဖြစ်လျှင်၊ မချဇရာမရဏ-ဖြစ်နိုင်သောကြောင့်၊ တဗ္ဘာဝါ ဘာဝီဘာဝလက္ခဏာရှိသော မချအကျိုး တရားများဖြစ်ကြ၍ အင်္ဂါထိုက်ကုန်သတည်း။

တတ္ထ ဇရာမရဏံ ဧကန္တိကအင်္ဂဘာဝေန ဂဟိတံ၊ သောကာ
ဒယော ပန ရူပဘဝါဒီသု အဘာဝတော အနေကန္တိကာ၊ ။

ဝိသုဒ္ဓိမဂ်-မဟာဋီကာ။ ။(၂၁၃)။

ထိုသို့ဖြစ်ပါက၊အဘယ်ကြောင့် ၎င်းသောကစသည့်တို့ကိုဟောတော်မူရပါသနည်းဟူမူ။ ။သံသရာစက်၏ အဆက်မပြတ်သည်ကို ပြခြင်းအကျိုးငှါသာ ဟောတော် မူအပ်ကုန်၏၊ ထိုစကား မှန်၏၊ သင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာဖြစ်ပါမူ၊၎င်းအဝိဇ္ဇာ၏အကြောင်းကား အဘယ်ပါနည်း၊အဝိဇ္ဇာ၏အကြောင်းကား မရှိပါသလော ဟု လျှဉ်းပါးဘွယ်ရှိ၍၊ ၎င်းအဝိဇ္ဇာ၏ အကြောင်းကား သောက-တရားပင်တည်းဟု အဝိဇ္ဇာ၏ အကြောင်းကို ပြခြင်း၊ သံသရာ၏ အဆက်မပြတ် သည်ကို ပြခြင်းငှါ သောကစသောတရားတို့ကိုဟောတော်မူအပ်ကုန်၏။ သံသရာ၏အဆက် ပြသောအကျိုးတရားများ။ ။ဟူလို ။

သောကာဒယော စေတ္ထ ဘဝစက္ကဿ အဝိစ္ဆေဒဒဿနတ္ထံ
ဝုတ္တာ။ ။ဝိဘင်း-အဋ္ဌကထာ။ ။(၁၁၈)။

## ဆောင်ပုဒ်။

အဝိဇ္ဇာအကြောင်းကို၊ပြလင့်လို၊မိန့်ဆို-သောကာဒိ။

## ခြင်းရာ ၂၀-စသည်အသွင်။

ဥ။ ။အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါ
ပိ ဂဟိတာ ဘဝန္တိ။ပ။ဂဟိတာ ဘဝန္တိ ကတွာ။ ။

### သဗ္ဗိုဟ်ပါဌ်။

"အဝိဇ္ဇာ, သင်္ခါရာ- အတီတော အဒ္ဓါ"အရ အဝိဇ္ဇာကို အတိတ်ကာလ၌ဖြစ်သောတရားဟုယူသဖြင့် အဝိနာဘာဝနည်းအားဖြင့်တဏှာ, ဥပါဒါန်-၂-ပါးကိုလည်း အတိတ်ကာလ၌ဖြစ်သော တရား-ဟုယူအပ်၏။ အဘယ့်ကြောင့်ဆိုသော်-ကိလေသဝဋ်ချင်းတူသောကြောင့်တည်း။ ။ သင်္ခါရကို အတိတ်ကာလ၌ဖြစ်သော တရားဟု ယူသဖြင့်လည်း ကမ္မဘဝကို အတိတ်ကာလ၌ဖြစ်သောတရား-ဟု ယူအပ်၏။အဘယ့်ကြောင့်ဆိုသော်၊ ကမ္မဝဋ်ချင်း တူသောကြောင့်တည်း။ ထိုကြောင့်- အဝိဇ္ဇာ, သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝ တရား၅ပါးတို့သည်၊အတိတ်ကာလ၌ဖြစ်သော ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားများဖြစ်ကုန်၏။

တဏှာ,ဥပါဒါန်ကို ပစ္စုပ္ပန်ကာလယူသဖြင့် အဝိနာဘာဝနည်းအားဖြင့် အဝိဇ္ဇာကိုပစ္စုပ္ပန်ကာလ၌ဖြစ်သောတရား-ဟုယူအပ်၏။အဘယ့်ကြောင့်ဆိုသော်၊ ကိလေသဝဋ်ချင်း တူသောကြောင့်တည်း။ ။ကမ္မဘဝကို ပစ္စုပ္ပန်၌ဖြစ်သောတရား-ဟုယူပါက၊သင်္ခါရကိုပစ္စုပ္ပန်ကာလ၌ဖြစ်သော တရား-ဟုယူအပ်၏၊ အဘယ့်ကြောင့်ဆိုသော်၊ကမ္မဝဋ်ချင်း တူသောကြောင့်တည်း။ ထို့ကြောင့် တဏှာ,ဥပါဒါန်, ကမ္မဘဝ,အဝိဇ္ဇာ,သင်္ခါရ-ဟူသော ပဋိစ္စသမုပ္ပါဒ် တရား၅ပါးတို့သည်- ပစ္စုပ္ပန်ကာလ၌ဖြစ်သော တရားများဖြစ်ကြကုန်၏၊

"ဇာတိဇရာမရဏံ အနာဂတောအဒ္ဓါ" အရ ဇာတိ, ဇရာ, မရဏ-တရားတို့ကို အနာဂတ်၌ဖြစ်သောတရား-ဟု ယူသဖြင့်၊ထိုဇာတိ, ဇရာ, မရဏ, ဟူသည်၊ရုပ်,နာမ်တို့၏-တည်မှု, ရင့်မှု, ပျက်မှုများ၊ ဝါ-ဥပါဒ်,ဌီ, ဘင်,ခဏများသာဖြစ်၍၊တရားကိုယ် စစ်လိုက်သည်ရှိသော်၊ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ တရားများသာ ဖြစ်သောကြောင့်

၎င်းဝိညာဏ်၊ပ။ ဝေဒနာဟူသောအနာဂတ်- ပဋိစ္စသမုပ္ပါဒ်တရားအကျိုး တရားများကိုသာ ယူအပ်ကုန်၏။ ၊ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**၁၀။ ။အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။**
**ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ။**
**ဝီသတာကာရာ,တိသန္ဓိ၊ စတုသင်္ခေပါစ ဘဝန္တိ။ ။**

သင်္ဂြိုဟ်ပါဌ်။

၁။ ။အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ-ဟူသော အတိတ် အကြောင်းငါးပါး။
၂။ ။ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ- ဟူသော ပစ္စုပ္ပန်အကျိုးငါးပါး။
၃။ ။တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ- ဟူသောပစ္စုပ္ပန် အကြောင်းငါးပါး။
၄။ ။ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ- ဟူသော အနာဂတ်အကျိုးငါးပါး။

ဤသို့အားဖြင့် ခြင်းရာနှစ်ဆယ်ဖြစ်သတည်း။

**အာကာရ-အဓိပ္ပါယ်။**

အာကာရိယန္တိ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေဟိ ပကာသိယန္တီတိ အာကာရာ။ ။

ယေဘုယျ၊ အကြွင်တဏှာ· စသောတရားတို့ကို။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေဟိ၊ အဝိဇ္ဇာ, သင်္ခါရကိုယူခြင်းတို့ဖြင့်။ အာကာရိယန္တိ-ပကာသိယန္တိ၊ပြအပ်,ရေတွက်အပ်ကုန်၏။ ဣတိ၊ဤသို့ပြအပ်,ရေတွက်အပ်သော သတ္တိကြောင့်။ အာကာရာ၊ အာကာရ- မည်ကုန်၏။ ။ငါးပြိုဟ်အရ.... ပါဠိတော်၌ အတိတ်အကြောင်းတရားကို အဝိဇ္ဇာနှင့်သင်္ခါရနှစ်ပါးကိုသာ ဟောတော်မူ၏။ တဏှာ, ဥပါဒါန်, ကမ္မဘဝ-တို့ကိုကား ဟောတော်မမူ အပ်ကုန်၊သို့သော်-အဝိနာဘာဝနည်းအားဖြင့် ၎င်းတဏှာ·စသောတရား

တို့ကိုလည်း အတိတ်စသော အကြောင်းတို့၌ပင် သင်္ဂြိုဟ်ရေတွက်အပ်သောကြောင့်-အာကာရမည်၏။ ။ဟူလို။

"သရူပတော အဂ္ဂဟေတွာ ဝိ တသ္မိံ တသ္မိံ သင်္ဂဟော"
မူလဋီကာ။ ။(၁၁၄)။

အတီတဟေတုအာဒီနံ ဝါ ပကာရာတိ အာကာရာ။

ဝါ၊ တနည်းကား။ အတီတဟေတုအာဒီနံ၊ အတိတ်အကြောင်းအစရှိသောတရားတို့၏၊ ပကာရာ၊ အပြားတို့တည်း။ ဣတိ၊ ကြောင့်။ အာကာရာ၊ အာကာရ- တို့မည်ကုန်၏။ ။ပိုဂြိုဟ်အရ....အဝိဇ္ဇာ, သင်္ခါရ-စသော တရား ၂၀-တို့သည် အတိတ်,ပစ္စုပ္ပန်- စသောအကြောင်းတို့၏ အပြား ဖြစ်ကုန်သောကြောင့်-အာကာရမည်ကုန်၏။ ။ဟူလို။

**မှတ်ချက်။** ။ရှေးဝိကပ်အလို၊ အာဒေးရှိသော ကိရဝါတ်- ပကာသနတ္ထ၊ နောက်ဝိကပ်အလို အာကာရသဒ္ဒါသည် ပကာရအနက်ဟော။ ပကာရတ္ထဟူသည်လည်း ဘေဒတ္ထ-ဟုမှတ်။ "အာကာရ သဒ္ဒေါ ဝါ ပကာရတ္ထော-ပကာရော စ ဘေဒေါ"။ ။မဏိ-၁၉၀။

**တိသန္ဓိ-အဓိပ္ပါယ်။**

သန္ဓိယတေ သန္ဓိ။သန္ဓိယန္တိ ဟေတုဖလဓမ္မာ ဧတ္ထာတိ ဝါ သန္ဓိ။

သန္ဓိယတေ၊ စပ်ခြင်း၊ သန္ဓိ၊ စပ်ခြင်း။ ။ဝါ၊ကား။ ဧတ္ထ၊ ဤနေရာ၌။ ဟေတုဖလဓမ္မာ၊ အကြောင်းတရား,အကျိုးတရားတို့ကို၊ သန္ဓိယန္တိ၊ စပ်အပ်ကုန်၏။ ဣတိတသ္မာ၊ထိုသို့ စပ်ဆက်ရာဖြစ်သောသဘောကြောင့်။ သန္ဓိ၊ သန္ဓိ-မည်၏။ ။အဓိပ္ပါယ်ကား....အဝိဇ္ဇာစသော အကြောင်းတရားနှင့် ဝိညာဏ်စသောအကျိုးတရားတို့၏ စပ်ရာ,ဆက်ရာဖြစ်သောကြောင့်-သန္ဓိ မည်၏။ ။ဟူလို။

တိသန္ဓိအရကား....ဆိုခဲ့ပြီးသောအခြင်းအရာနှစ်ဆယ်အရေအတွက်၌၊ အတိတ်အကြောင်းငါးပါးနှင့်ပစ္စုပ္ပန်အကျိုးငါးပါးအကြားမှာ-ဟေတုဖလ အစပ်တခု၊ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းငါးပါးအကြားမှာ- ဖလ,ဟေတုအစပ်တခု၊ ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်အကျိုး ငါးပါးအကြားမှာ- ဟေတု ဖလအစပ်တခု-အားဖြင့် အစပ်သုံးပါးဖြစ်သတည်း။

## အင်္ဂါ ၄-ပါး အဓိပ္ပါယ်။

သင်္ခိပိယန္တိ ဧတ္ထ အဝိဇ္ဇာဒယော ဝိညာဏာဒယော
စာတိ သင်္ခေပေါ။

ဧတ္ထ၊ဤအရာ၌။ အဝိဇ္ဇာဒယောစ၊ အဝိဇ္ဇာ-အစရှိသော တရားတို့ကို ၎င်း။ ဝိညာဏာဒယောစ၊ ဝိညာဏ်-အစရှိသော တရားတို့ကို၎င်း။ သင်္ခိပိယန္တိ၊အကျဉ်းချုံး၍၊ ပေါင်းရုံးရေတွက်အပ်ကုန်၏။ ဣတိတသ္မာ၊ထိုသို့ အကျဉ်းချုံး၍၊ ပေါင်းရုံးရေတွက်ရာဖြစ်သော သတ္တိကြောင့်။ သင်္ခေပေါ၊ သင်္ခေပ-မည်၏၊ ။ဝိဂြိုဟ်အရ... အဝိဇ္ဇာစသော အတိတ်အကြောင်း တရား,ဝိညာဏ်စသော ပစ္စုပ္ပန်အကျိုးတရားအစရှိသော ပဋိစ္စသမုပ္ပါဒ် တရားတို့ကိုအကျဉ်းချုံး၍၊ပေါင်းရုံးရေတွက်ရာဖြစ်သောကြောင့်-သင်္ခေပ မည်၏။ ။ဟူလို။

အင်္ဂါလေးပါးအရကား....ဆိုအပ်ပြီးသော အခြင်းအရာနှစ်ဆယ်၌၊ အင်္ဂါအားဖြင့်၊ အဝိဇ္ဇာနှင့်သင်္ခါရနှစ်ပါးသည်အတိတ်အကြောင်းတင်္ဂါ မည်၏။ ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ-ဤငါးပါးသည် ပစ္စုပ္ပန်အကျိုးတင်္ဂါမည်၏၊တဏှာ,ဥပါဒါန်,ဘဝ-ဤသုံးပါးသည် ပစ္စုပ္ပန် အကြောင်းတင်္ဂါ မည်၏။ ဇာတိ, ဇရာမရဏ-နှစ်ပါးသည်- အနာဂတ် အကျိုးတင်္ဂါမည်၏။ ဤသို့အားဖြင့်လေးင်္ဂါဖြစ်သတည်း။ ။သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ဖြစ်ထိုက်သည်အားလျော်စွာ၊အစွန် ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ အခြင်းအရာ ၂၀၊အစပ် ၃-ပါး၊ အင်္ဂါ ၄-ပါး ဖြစ်လေ သတည်း။

---

**၁၁။ ။အဝိဇ္ဇာတဏှုပါဒါနာ စ ကိလေသဝဋ္ဋံ။ ကမ္မဘဝသင်္ခါ တော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ။ ဥပပတ္တိဘဝ သင်္ခါတော ဘဝေကဒေသော အဝသေသာ စ ဝိပါကဝဋ္ဋန္တိ တီဏိ ဝဋ္ဋာနိ။ ။**

### သဒ္ဒါပြုဟ်ပါဌ်။

၁-အဝိဇ္ဇာ,တဏှာ,ဥပါဒါန်-တို့သည်ကိလေသဝဋ်မည်ကုန်၏။ ။၂-ကမ္မ ဘဝနှင့် သင်္ခါရသည်-ကမ္မဝဋ်မည်၏။ ။၃-ဥပပတ္တိဘဝနှင့် ဝိညာဏ်,

နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာ,ဇာတိ,ဇရာမရဏ-တို့သည်-ဝိပါက ဝဋ်မည်ကုန်၏။ဤသို့လျှင် ဝဋ်တရားတို့သည် သုံးပါးအပြားရှိကုန်၏။ ။ "ဘဝေကဒေသော"ပါဌ်ဖြင့်ဘဝဟူသောအမည်သည် ကမ္မဘဝ,ဥပပတ္တိ ဘဝနှစ်ပါးနှင့်ဆက်ဆံသောကြောင့်၊ ကမ္မဘဝသည်လည်း ဥပပတ္တိဘဝ ကိုပါ မယူရသဖြင့် အစိတ်ဖြစ်သော ဘဝသာမည်၏။ ဥပပတ္တိဘဝသည် လည်း ကမ္မဘဝကိုမယူရသဖြင့် အစိတ်ဖြစ်သော ဘဝသာမည်၏။ ။ ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

ဝဋ်-အဓိပ္ပါယ်။

ကိလေသကမ္မဝိပါကာ ဝိပါကကိလေသ ကမ္မေဟိ သမ္ဗန္ဓာ
ဟုတွာ ၃ုနပ္ပုနံ ဝဋ္ဋန္တိ-ပရိဝဋ္ဋန္တီတိ ဝဋ္ဋာနိ။

ကိလေသကမ္မဝိပါကာ၊ ကိလေသာ, ကံ, ဝိပါက်-တို့သည်။ ဝိပါက ကိလေသကမ္မေဟိ၊ ဝိပါက်,ကိလေသာ,ကံ-တို့နှင့်။သမ္ဗန္ဓာ၊ စပ်ကုန်သည်။ ဟုတွာ၊ဖြစ်ကုန်၍။ပုနပ္ပုနံ၊တပြောင်းပြန်ပြန်၊ဝဋ္ဋန္တိ-ပရိဝဋ္ဋန္တိ၊လည်တတ် ကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။ဝဋ္ဋာနိ၊ဝဋ်-မည်ကုန်၏။ ။ဝိဂြိုဟ်အရ.... ကိလေသဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ်-သုံးမျိုးရှိရာ၊ ကိလေသဝဋ်သည်၊ ကမ္မ ဝဋ်ကို အစဥ်မပြတ်၊တပြောင်းပြန်ပြန် လည်အောင် လှည့်ပေးတတ်၏။ ကမ္မဝဋ်သည် ဝိပါကဝဋ်ကို အစဥ်မပြတ်တပြောင်းပြန်ပြန် လည်အောင် လှည့်ပေးတတ်၏။ထိုဝိပါကဝဋ်သည်လည်း တဖန်ကိလေသဝဋ်ကိုအစဥ် မပြတ်၊တပြောင်းပြန်ပြန်လည်အောင် လှည့်ပေးတတ်၏။ဤသို့စသည်ဖြင့် အစဥ်အတိုင်း ကိလေသ,ကမ္မ, ဝိပါက·ဝိပါက်, ကိလေသ, ကံတို့နှင့်စပ် ကာအစဥ်မပြတ် တပြောင်းပြန်ပြန် လည်အောင်လှည့်တတ်သောကြောင့် ဝဋ်မည်ကုန်၏။ ။ဟူလို။

ဆိုလိုရင်းကား....ကိလေသာဓာတ်သည် ကုသိုလ်- အကုသိုလ် စသော အမှုအမျိုးမျိုး-ဟုဆိုအပ်သောကံကို ဖြစ်စေတတ်, ပြုတတ်၏။ ထိုကံအမျိုးမျိုးဖြစ်လျှင်၊ ဝိပါက်နာမ်ခန္ဓာစသော အကျိုးအမျိုးမျိုးကိုဖြစ်

စေ၏၊ ထိုဝိပါက်နာမ်ခန္ဓာ၊ ကဋတ္တာရုပ်ဟူသော ဝိပါကဝဋ်ရှိနေပါကလည်း၊ ထိုခန္ဓာကို ငါ-ငါဟူ၍ စွဲသမ်းမှုအတ္တ၊ ငါ့ဟာ-ငါ့ဟာဟူ၍ စွဲသမ်းမှုအတ္တနိယ-စသော စွဲသမ်းမှုဖြစ်သဖြင့် ကိလေသာအမျိုးမျိုး တဖွားဖွားဖြစ်ပေါ်လာပြန်ကုန်၏။ ဤသို့ မပြတ်စပ်ကာ၊ တပြောင်းပြန်ပြန် ဖြစ်သောကြောင့် စက်ဝန်းပမာတူရကား၊ သံသရာဝဋ်ဟူ၍၎င်း, သံသရာစက်ဟူ၍၎င်း,ဆိုအပ်ပေသတည်း။

ကိလေသကမ္မဝိပါကာ ဝိပါကကိလေသကမ္မေဟိ သမ္ဗန္ဓာ။ ။
မူလဋီကာ။ ။(၁၁၄)။

ဝိပါကကိလေသကမ္မေဟိ သမ္ဗန္ဓာတိ ဝိပါကာဒီနံ ကိလေသာဒိ
ဟေတုဘာဝေနသမ္ဗန္ဓာ။ ။မဓု။ ။(၁၀၅)။

---

## ပဋိစ္စသမုပ္ပါဒ်၏တရားကိုယ်-အဓိပ္ပါယ်။

ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် တရားကိုယ်သဘောသွားအားဖြင့် ဝိစစ်သည့်ရှိသော်၊ ကံနှင့်ဝိပါက် အကြောင်းအကျိုး ၂-ပါးသာဖြစ်၏။ ဖြစ်ဟန်ကား.... ခြင်းရာ ၂၀-တွင်၊ အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကြောင်းငါးပါးသည်၊ ကာလအားဖြင့်ပင်ကွဲပြားသော်လည်းအကြောင်းတရားကံပင်မည်၏။ ပစ္စုပ္ပန်အကျိုးငါးပါး, အနာဂတ်အကျိုးငါးပါးသည်၊ ကာလပင် ကွဲပြားသော်လည်း အကျိုးတရား ဝိပါက်သာမည်၏။ သို့ဖြစ်၍၊ ခြင်းရာ ၂၀-သည်လည်း သဘောအားဖြင့် ကမ္မ,ဝိပါက ၂-ပါးသာဖြစ်၏။ အလွှာ ၄-ပါးလည်း ထိုအတူသာ-ကံနှင့်ဝိပါက် ၂-ပါးသာဖြစ်၏။

ကိလေသဝဋ်နှင့်ကမ္မဝဋ် ၂-ပါးသည်၊ အကြောင်းတရားကံသာဖြစ်၏။ ဝိပါကဝဋ်ကား၊ အကျိုးဝိပါက်သာဖြစ်၍၊ ဝဋ်သုံးပါးသည်လည်း၊ ကံနှင့်ဝိပါက် ၂-ပါးသာဖြစ်၏။ ဤသို့လျှင်၊ ပဋိစ္စသမုပ္ပါဒ်အရ တရားကိုယ်ကိုသိသင့်၏၊ အဋ္ဌကထာဆရာကား၊ ဤဆိုအပ်ပြီးသော၊ ဟေတုသင်္ခေပ,ဝဋ်မှုမကာ၊ ကမ္မဘဝ, ကမ္မပဝတ္တ, ကမ္မသန္တတိ, ကမ္မကြိယာ-စသည်အည်ပုံကိုလည်း သိမ်းရုံး၍ ဘွင့်တော်မူ၏။ အကျယ်အလိုရှိပါမူ၊ ဝိဘင်း-အဋ္ဌကထာ ၁၆၈-၌ရှုလင့်ကုန်။

---

## မူလ ၂-ပါးအဘွင့်။

၁၂။ ။အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။ ။

သင်္ဂြိုဟ်ပါဠိ။

မူလတို့ကို အဝိဇ္ဇာနှင့်တဏှာအစွမ်းဖြင့် ၂-ပါးအပြားရှိကုန်၏-ဟူ၍ သိအပ်ကုန်၏၊ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## မူလ-အဓိပ္ပါယ်။

မူလယန္တိ ပတိဋ္ဌဟန္တိ ဧတေဟီတိ မူလာနိ။

ဧတေဟိ၊ ထိုအဝိဇ္ဇာ-တဏှာဘာရားနှစ်ပါးတို့ဖြင့်။ ဝဋ္ဋဓမ္မာ၊ဝဋ်တရားတို့သည်။ မူလယန္တိ-ပတိဋ္ဌဟန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ဤသို့ တည်ကြောင်းဖြစ်သော သတ္တိကြောင့်၊ မူလာနိ၊ မူလ-မည်ကုန်၏။ ။ ဝိဂြိုဟ်အရ.... ဝဋ်တရားအမျိုးမျိုးတို့၏တည်ကြောင်းဖြစ်သောကြောင့်-မူလမည်ကုန်၏။ ။ဟူလို။ ။(ဒုဓိကရဏသာဓ်လည်းပြုတော်မူကြသေး၏)။

ဆိုလိုရင်းကား.... မြွေ၏ဦးခေါင်းကိုကိုင်သောသူ၏ လက်မောင်းကို မြွေ၏ကိုယ်ရစ်ပတ်သကဲ့သို့၊ အဝိဇ္ဇာ, တဏှာ-မကင်းသေးသောသတ္တဝါ တို့အား ဝဋ်သုံးရပ်၏ဆက်စပ်၍၊ ခြားရပာတ်ပမာ၊မပြတ်ဖြစ်ခြင်း,တည် တန့်ခြင်း၏အကြောင်းဖြစ်သောကြောင့်၊ အဝိဇ္ဇာနှင့်တဏှာတရား ၂-ပါး သည်-မူလမည်၏။ထို ၂-ပါးတို့တွင် ၁-အဝိဇ္ဇာအစ၊ဝေဒနာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်း၏ အကြောင်းရင်း, အကြောင်းစဖြစ်သောကြောင့်၊ အဝိဇ္ဇာသည်-ပုဗ္ဗန္တမူလမည်၏။ ။၂-တဏှာအစ၊ ဇရာမရဏ-အဆုံး ရှိသောပဋိစ္စသမုပ္ပါဒ်နောက်ပိုင်း၌ အကြောင်းရင်း, အကြောင်းစဖြစ်သော ကြောင့်၊တဏှာသည်-အပရန္တမူလမည်၏-ဟုမှတ်။

တဒေတံ ပုဗ္ဗန္တာဟရဏတော အဝိဇ္ဇာမူလံ ဝေဒနာဝသာနံ။
အပရန္တသန္တာနတော တဏှာမူလံ ဇရာမရဏာဝသာနန္တိ
ဒုဝိဓံဟောတိ။ ။

ဝိဘင်း-အဋ္ဌကထာ၊ ။(၁၆၆)။

## မူလ ၂-ပါးသာ ထားရသောအကြောင်း။

ဤပဋ္ဌာနမှာ ပစ္စယပ္ပါဒ် တရားတော်သည်၊ အကြောင်းအကျိုးဆက်စပ်သော တရားတော်ဖြစ်၍၊ "သင်္ခါရ၏ အကြောင်းကား အဝိဇ္ဇာ၊ ဝိညာဏ်၏ အကြောင်းကား သင်္ခါရ" ဤသို့စသည်ဖြင့် အကြောင်းတရားချည်းဖြစ်ကြပါလျက်၊ အဘယ့်ကြောင့် အဝိဇ္ဇာနှင့်တဏှာ ၂-ပါးကိုသာ-မူလဟုဆိုအပ်ပါသနည်းဟူမူ။ ။အဝိဇ္ဇာဆိုသည်ကား၊ မောဟစေတသိက်ဖြစ်၏။ တဏှာဆိုသည်ကား၊ လောဘ-စေတသိက်ဖြစ်၏။ သို့ဖြစ်၍ ၎င်းတရား ၂-ပါးသာလျှင် ဟေတုမည်၏။မူလလည်းမည်၏။ကြွင်းသောပစ္စယုပ္ပါဒ်တရားများကားမူလမမည်၊ ဟေတုမမည်။ထိုကြောင့် ထိုအဝိဇ္ဇာနှင့်တဏှာ ၂-ပါးကိုသာမူလ ဟုမိန့်ဆိုအပ်ပါသတည်း။ထိုစကားမှန်၏။မောဟသည်၊ အကုသိုလ်တို့၏မူလ, အကုသိုလ် ဟိတ် ဖြစ်၏။ လောဘသည်ကား အကုသိုလ်တို့၏မူလ,အကုသိုလ်တို့၏ဟိတ်ဖြစ်၏။

တနည်းအားဖြင့်၊ ဤအဝိဇ္ဇာနှင့်တဏှာ ၂-ပါးသည် သံသရာ၌ ဒုဂ္ဂတိဘဝ, သုဂတိဘဝသို့ ကျင်လည်ခြင်း၏ ထူးသော အကြောင်းရင်းဖြစ်၏။ ထို ၂-ပါးတို့တွင်၊ အဝိဇ္ဇာသည် ဒုဂ္ဂတိဘဝသို့ လားရောက်ရခြင်း၏ အကြောင်းရင်းဖြစ်၏။ တဏှာသည်၊ သုဂတိဘဝသို့လားရောက်ရခြင်း၏ အကြောင်းရင်းဖြစ်၏။ အမှုခပ်သိမ်းတို့၌တွေဝေသောသူ-ပညာမျက်စိမရှိသောသူသည် ပြုသင့်ပြုထိုက်သောအမှု-မပြုသင့်,မပြုထိုက်သော အမှုကို မသိသဖြင့် အကုသိုလ် ဒုစ္စရိုက်မှုကိုသာ များသောအားဖြင့် ပြုမိသောကြောင့် ဒုဂ္ဂတိဘဝသို့ လားရောက်ရ၏။ ဘဝတဏှာဟူသည်၊လူ့ပြည်, လူ့စည်းစိမ်, နတ်ပြည်, နတ်စည်းစိမ်စသည်ကို တပ်နှစ်သက်မှုကြောင့် ၎င်းတို့သို့ လားရောက်ကြောင်း သုစရိုက်မှုကိုပြု၍၊ သုဂတိဘဝသို့ လားရောက်ရ၏-ဟု ဆိုလိုသည်။ (အကျယ်လိုမူ ဝိဘင်း- အဋ္ဌကထာ ၁၁၅-၌ရှုလင့်ကုန်)။

၎င်းမူလ ၂-ပါးကား၊ အဘယ်သို့ထူးပါသနည်းဟူမူ။ ဒိဋ္ဌိစရိုက်ပြောသောသူတို့၏ အစွမ်းအားဖြင့်၊ အဝိဇ္ဇာဘဝစက်ကို ဟောတော်မူရ၏။ တဏှာစရိုက် ပြောသောသူတို့၏ အစွမ်းအားဖြင့် တဏှာဘဝစက်ကို ဟောတော်မူရ၏။ ။တနည်း... ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ပယ်ခြင်းငှါ ရှေ့ဘဝစက်ကိုဟောတော်မူရ၏။သဿတဒိဋ္ဌိကိုပယ်ခြင်းငှါနောက်ဘဝ

စက်ကို ဟောတော်မူရ၏။ ။ဝဋ် နည်း....အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြတတ်သောကြောင့်ဂဗ္ဘသေယျပုဂ္ဂိုလ်၏အစွမ်းအားဖြင့်ရှေးဘဝစက်ကို ဟောတော်မူရ၏။ တပေါင်းတည်း ဖြစ်ခြင်းကို ပြတတ်သောကြောင့် ဥပပါတ်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်နောက်ဘဝစက်ကို ဟောတော်မူရ၏။

တတ္ထ ပုရိမံ ဒိဋ္ဌဓမ္မဝေဒနီယဝသေန ဝုတ္တံ၊ ပစ္ဆိမံ တဏှာစရိတဝသေန ဝုတ္တံ။ ပ။ ဩပပါတိကဝသေန ပစ္ဆိမံ၊ သဟ ပုတ္တိဒိပနတော။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၆၆)။

---

ပဋိစ္စသမုပ္ပါဒ်၏-ဥပမာ။

၁။ ။အဝိဇ္ဇာသည်၊ရုပ်တရား,နာမ်တရား,သစ္စာလေးပါးတရားတို့ကို၊ မသိမြင်နိုင်အောင် ဖုံးလွှမ်းခြင်းကြောင့် သူကန်းနှင့်တူ၏။

၂။ ။သင်္ခါရသည်၊သူကန်း၏ ချွတ်ချော်တိမ်းယိမ်းခြင်းနှင့်တူ၏။

၃။ ။ဝိညာဏ်သည်၊ တိမ်းယိမ်း ချွတ်ချော်ခြင်းကြောင့် သူကန်း၏ လည်း ပြိုခြင်းနှင့်တူ၏။

၄။ ။နာမ်ရုပ်သည်၊ သူကန်း၏ကိုယ်၌ လည်း ပြိုခြင်းကြောင့် အိုင်း အမာဖြစ်သည်နှင့်တူ၏။

၅။ ။သဠာယတနသည်၊ အိုင်းအမာစက်သဖြင့် အဖုပေါက်ခြင်းနှင့် တူ၏။

၆။ ။ဖဿသည်၊အိုင်းအမာအဖုတို့၏ ထိခိုက်ခြင်းနှင့်တူ၏။

၇။ ။ဝေဒနာသည်၊ အိုင်းအမာ အဖုတို့၏ ထိခိုက်မိခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်းနှင့်တူ၏။

၈။ ။တဏှာသည်၊ ထိုဆင်းရဲသော သူကန်း၏ ကုသရန်ဆေးကို တောင့်တခြင်းနှင့်တူ၏။

၉။ ။ဥပါဒါန်သည်၊ ဆေးကို တောင့်တသဖြင့် မသင့်မတင့်သော ဆေးကို တောင်းယူခြင်းနှင့်တူ၏။

၁၀။ ။ဘဝသည်၊ တောင်းယူ အပ်သော မသင့်သော ဆေးကို သုတ်လိမ်းမိခြင်းနှင့်တူ၏။

၁၁။ ။ဇာတိသည်၊မသင့်သောဆေးကို သုတ်လိမ်းခြင်းကြောင့် အိုင်း အမာဘောက်ပြန်ခြင်းနှင့်တူ၏။

၁၂။ ။ဇရာမရဏာသည်၊ ဘောက်ပြန် ခြင်းကြောင့် အိုင်းအမာ ပေါက်ကွဲသည်နှင့်တူ၏။

ဓမ္မာနံအဒဿနတော အနွေါဝိယ အဝိဇ္ဇာ။အန္ဓဿ ဥပလက္ခဏံ ဝိယ။ပ။ဂဏ္ဍဘေဒေါဝိယ ဓာတုပစ္စယာဇရာမရဏံ။ ။

ဝိဘင်း အဋ္ဌကထာ။ ။(၁၇၀)။

---

## တနည်း-ပဋိစ္စသမုပ္ပါဒ်-ဥပမာ။

၁။ ။အဝိဇ္ဇာသည်၊ ဒုက္ခသစ္စာစသည်တို့ကို မသိသည်ဖြစ်၍၊ မှား သောအကျင့်ကို ကျင့်သည် အဖြစ်အားဖြင့် သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့်၊ မျက်စိကို လွှမ်းမိုးဘိစီး သော တိမ်သလာနှင့်တူ၏။

၂။ ။သင်္ခါရသည်၊အဝိဇ္ဇာဓာတ်ခံရှိသူလူမိုက်များအား အဘန်ဘန် အထပ်ထပ်အသစ်ကိုဖြစ်သောအားဖြင့် ရစ်ပတ်ဖွဲ့နှောင်တတ် သောကြောင့်၊ မိမိကိုယ်ကို ရစ်ပတ်စေအောင် အအိမ်ကို ပြုတတ်သော ပိုးကောင်နှင့်တူ၏။

၃။ ။ဝိညာဏ်ဟူသည်၊ သင်္ခါရသည် ထောက်ပံ့အပ်သည်ဖြစ်၍၊ လူ့ဘုံ့နတ်မြတ်၊ ငါးရပ်သောဘဝတို့၌ ထောက်တည်ရာကို ရသောကြောင့်၊ အမတ်ကြီးသည် စောင့်ရှောက် သိမ်းဆည်း အပ်သည်ဖြစ်၍၊မင်းအဖြစ်ကိုရသော မင်းသားနှင့်တူ၏။

၄။ ။နာမ်ရုပ်သည်၊ ပဋိသန္ဓေအခါ၌ များစွာ ဖြစ်သောကြောင့် မျက်လှည့်ဆရာသည် ထွေထွေရာရာ လှည့်စားဖန်ဆင်းအပ် သော မျက်လှည့်ရုပ်နှင့်တူ၏။

၅။ ။သဠာယတနသည်၊နာမ်ရုပ်တည်းဟူသောအမြိုကိုရ၍ စည်ပင် ကြီးပွါးသောကြောင့်၊ကောင်းသောမြေတည်းဟူသော အမြိုကို ရ၍ စည်ပင်ကြီးပွါးသန်စွမ်းသော တောချုံသစ်ပင်နှင့်တူ၏။

၆။ ။ဖဿသည်၊ အာယတနတို့နှင့် ထိခိုက် တိုက်ဆိုင် မိသဖြင့် ဖြစ်ပေါ်လာသော တရားဖြစ်၍ ပွတ်ကျည်ပွတ်ခုံနှင့် ပွတ်တံတို့ ထိခိုက်တိုက်ဆိုင်မိသောကြောင့်ဖြစ်ပေါ်လာသောမီးနှင့်တူ၏။

၇။ ။ဝေဒနာသည်၊ဖဿဖြင့် အာရုံကိုတွေ့ထိသောသူအား ဖြစ်ပေါ်လာသောကြောင့် မီးဖြင့် တွေ့ထိသောသူအား ဖြစ်ပေါ်လာသော ပူလောင်ခြင်းနှင့်တူ၏။

၈။ ။တဏှာသည်၊ အာရုံကိုခံစားသောသူအား အမြဲတပ်မက်မောခြင်းကိုဖြစ်စေသောကြောင့် ဆားငံရေကို သောက်မိ၍ ရေငတ်ခြင်းနှင့်တူ၏။

၉။ ။ဥပါဒါန်သည်၊ အာရုံ၌ တပ်မက်မောသောသူအား တောင့်တစွဲလမ်းခြင်းကို ဖြစ်စေတတ်သောကြောင့် ရေငတ်၍ ရေကို တောင့်တခြင်းနှင့်တူ၏။

၁၀။ ။ဘဝသည်၊မြဲစွာစွဲလမ်းခြင်းဥပါဒါန်ကြောင့်ဖြစ်ရကား၊ ငါးများစာကိုမက်မောသော ငါးရိုက်သည့် ငါးမျှားသံချိတ်ကို မျိုမိသည်နှင့်တူ၏။

၁၁။ ။ဇာတိသည်၊ ဘဝကြောင့်ဖြစ်ရကား၊ မျိုးစေ့ရှိသော် ပင်စည် အညွန့်,အညှောက်ဖြစ်သည်နှင့်တူ၏၊

၁၂။ ။ဇရာမရဏာစသည်သည်၊ ပဋိသန္ဓေတည်နေမှု ဇာတိကြောင့် ဖြစ်ရကား၊ပေါက်ရောက်စည်ကား ကြီးပွါးလာသော သစ်ပင်၏ လည်းပြိုပျက်စီးခြင်းနှင့်တူ၏၊ ။(အကျယ်သိလိုမူ၊အဋ္ဌကထာ၌ ရှုလင့်ကုန်)။

ယသ္မာပနေတ္ထ အဝိဇ္ဇာ အပ္ပဋိပတ္တိ မိစ္ဆာပဋိပတ္တိဘာဝေန သတ္တေ အဘိဘဝတိ၊ ပဋလံ ဝိယ အက္ခီနိ။ပ။ဥပ္ပန္နသဿ ရုက္ခဿ ပတနံ ဝိယ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၇၀)။

## သံသရာစက်ပြတ်ပုံ-အဘွင့်။

၁၃-ဂါ။ ။တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

သဟိုပ်ပါဠိ။

ထိုဆိုအပ်ခဲ့ပြီးသောအဝိဇ္ဇာနှင့်တဏှာမူလ၊မြစ်မ ၂-ပါးတို့၏အကြွင်းမဲ့ သမုစ္ဆေဒပဟာနဖြင့် ချုပ်လှိုးဖြတ်တောက်၍ ကင်းပျောက် ချုပ်ငြိမ်းပါမှ သံသရာစက်ရဟတ်သည့်ထည်း အဆက်ပြတ်၍ ချုပ်ငြိမ်းကင်းပျောက် ကျွတ်လွတ်ခြင်းသို့ ရောက်နိုင်တော့သည်။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## သံသရာစက်ပြတ်ပုံ-အဓိပ္ပါယ်။

အဝိဇ္ဇာကိုသမုစ္ဆေဒပဟာနဖြင့် အကြွင်းမဲ့မပယ်ခြင်းကြောင့်။ဝါ၊မပယ် သမျှကာလပတ်လုံး၊ကိလေသဝဋ်စသော ဝဋ်သုံးပါးတို့ဖြင့်အမြဲရစ်ပတ်ခါ သံသရာ၌ ကျင်လည်ရကုန်၏။ဥပမာဆိုသော်-မြွေ၏ဦးခေါင်းကို ကိုင်ခြင်း ကြောင့်၊ထိုမြွေ၏ကိုယ်ဖြင့်ကိုင်သူ၏လက်မောင်းကိုရစ်ပတ်သကဲ့သို့မှတ်။ အဝိဇ္ဇာကိုအကြွင်းမဲ့ပယ်ဖြတ်လိုက်သည်ရှိသော်၊ထိုကိလေသဝဋ်စသော ဝဋ်သုံးပါးဖြင့် မရစ်ပတ်နိုင်ပါဘဲ၊သံသရာစက်ပြတ်ရလေတော့၏။ ဥပမာ ဆိုသော်၊ကိုင်ဆုတ်ထားသော မြွေ၏ဦးခေါင်းကို ထက်လှစွာသော ထား သံလျက်ဖြင့်ဖြတ်လိုက်ပါကကိုင်သူ၏လက်မောင်းကိုရစ်ပတ်၍ထားသော မြွေ၏ကိုယ်သည် မရစ်ပတ်နိုင်တော့ပါဘဲ၊ အလိုလိုပြေပြုတ်၍သွားသကဲ့ သို့တည်း။သို့ဖြစ်၍ သံသရာကျင်လည်မှု၌ အဝိဇ္ဇာသာ လိုရင်း အချုပ် အခြာဖြစ်၏၊

ဆိုလိုရင်းဝိသေသတ္ထအဓိပ္ပါယ်ကား.... မြွေ၏ဦးခေါင်းကိုကိုင်သော ကြောင့် ကိုင်သူ၏လက်ကို၊မြွေ၏ကိုယ်ဖြင့် ရစ်ပတ်နိုင်သကဲ့သို့၊ အကြင် သူ၏သန္တာန်၌ အဝိဇ္ဇာမောဟထင်ရှားရှိ၏။ ထိုသူအား သင်္ခါရ-စသော သံသရာစက်မပြတ်လည်၍နေ၏။ သံသရာမှထွက်ခွင့် လွတ်ခွင့်မရနိုင်၊ အကြင်အခါ၊သံသရာစက်-ဟုဆိုအပ်သော ခန္ဓာ,အာယတန,ဓာတ်,သစ္စာ တရားနာမ်ရုပ် ၂-ပါးကိုပိုင်းခြားစွာ သိမြင်သော ဝိဇ္ဇာဉာဏ်အလင်းရောင်

ကြီးသည်၊ အကြွင်သူ၏သန္တာန်၌ ထင်ရှားပေါ်လာ၏။ ထိုရုပ်ကိုရုပ်-ဟု ပိုင်းခြားဂန- ကျနစွာသိမှု၊ နာမ်ကိုနာမ်-ဟု ပိုင်းခြားဂန ကျနစွာသိမှု-ဟူသော ဝိဇ္ဇာဉာဏ်အလင်းရောင်ကြီးသည်၊ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ထိုပေါ်လာသောအခါ ရုပ်ကို ရုပ်ဟုမသိ၊ နာမ်ကို နာမ်ဟုမသိပါဘဲ၊ ငါ သူတပါး-ဟုအယူမှားသော အဝိဇ္ဇာအမိုက်ခေတ်ကြီးသည်၊ တခါတည်း ကင်းပျောက်၍သွားလေ၏။ နေမင်းပေါ်ထွက်လာသောအခါ၊ အမှောင်ခေတ် ကင်းပျောက်သွားသကဲ့သို့၊ ဝိဇ္ဇာခေတ်အလင်းရောင်ပေါ်လာပါက၊ အဝိဇ္ဇာခေတ်အမိုက်မှောင်ကြီးသည်၊ ကင်းပျောက်၍ သွားလေ၏။ ဤကဲ့သို့ ကင်းပျောက်မှုသည်ပင်၊ အဝိဇ္ဇာချုပ်သည်မည်၏။ အရဟတ္တမဂ် ဝိဇ္ဇာ ဖြစ်ပါမူအကြွင်းမဲ့ချုပ်၏။ နောင်ဘယ်သောအခါမှ မဖြစ်ပေါ်လာတော့ပေ။ ၎င်းအဝိဇ္ဇာ ချုပ်ငြိမ်းပါက၊ ပုညာဘိသင်္ခါရ-စသော သင်္ခါရ ချုပ်လေတော့၏။ သင်္ခါရတရားမဖြစ်တော့ပေ။ သင်္ခါရချုပ်ငြိမ်းပါမူ၊ ပဋိသန္ဓေ တည်နေမှု၊ ဝိညာဏ်ဖြစ်မှုလည်း မရှိတော့ပြီ၊ ပဋိသန္ဓေမတည်၊ ဝိညာဏ် မဖြစ်ပါက၊ ကြွင်းသော သံသရာစက်တို့လည်း၊ ကင်းပြတ်လေတော့၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ချုပ်လေကုန်၏။ သို့ဖြစ်၍၊ ပဋိစ္စသမုပ္ပါဒ် တရားတို့တွင်၊ အဝိဇ္ဇာအကြောင်းတရား၏ ကင်းပြတ်မှု၊ ချုပ်ငြိမ်းမှုသာ လိုရင်းဖြစ်၏။ အဝိဇ္ဇာအကြောင်းတရားကိုသတ်လိုက်ပါက ကြွင်းသော အကြောင်းတရားတို့ကို သတ်ပယ်ဖို့မလို၊ တပါတည်း ချုပ်ငြိမ်းကင်း ပျောက်၍ သွားလေတော့၏။ သစ်ပင်ကို ဖျက်ဆီးလိုသောသူသည်၊ သစ် ကိုင်း၊ သစ်ခက်တို့ကို ဖြတ်ဖို့မလို၊ သစ်ပင်၏ ရေသောက်မြစ်မကို ဖြတ် တောက်လိုက်ပါက၊ သစ်ပင်တပင်လုံး သေကြေပျက်စီးသွားသကဲ့သို့မှတ်။ ထိုကြောင့် မြတ်စွာဘုရားသည် "အဝိဇ္ဇာယတွေ၀ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော" စသည်ဖြင့် ဟောတော်မူလေသတည်း။ (အဝိဇ္ဇာဖြတ်နည်း အကျယ် နောက်၌ထင်ရှားလတ္တံ့)။

ဇေ၀ံသမုပ္ပန္နမိဒံ သဟေတုကံ၊ ဒုက္ခံ အနိစ္စံ စလမိတ္တရံ ဓုဝံ။
ဓမ္မေဟိဓမ္မာ ပဘာဝန္တိ ဟေတုသော၊ နဟေတ္ထအတ္တာ၀
ပရော၀ ဝိဇ္ဇတိ။ ။

ဓမ္မာ ဓမ္မေ သဉ္ဇနေန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။
ဟေတူနဉ္စ နိရောဓာယ၊ ဓမ္မော ဗုဒ္ဓေန ဒေသိတော။ ။

ဟေတုသု ဥပရုဒ္ဓေသု၊ဆိန္နံ ဝဋ္ဋံ နဝဋ္ဋတိ။
ဇဝံ ဒုက္ခန္တကြိယာယ၊ဖြဟ္မစရိယိဝိဝိဇ္ဇတိ။
သဗ္ဗေ စ နုပလဗ္ဘန္တိ နေဝ ဥစ္ဆေဒသဿတာ။ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၆၉)။

ဇဝံသဓုပ္ပန္နံ၊ ဤသို့သော အခြင်းအရာဖြင့်ဖြစ်သော။ သဟေတုကံ၊ အကြောင်းနှင့်တကွသော။ ဓမ္မံ၊ ဤဘဝစက်သည်။ ဒုက္ခံ၊ ဆင်းရဲချေ၏။ အနိစ္စံ၊ဥပါဒ်ပြီးလျှင်ပင်၊ ပျက်စီးချုပ်ဆဲ၊မမြဲချေ၊စလံ၊ တုန်လှုပ်ဘောက်ပြန်ချေ၏။ ဣတ္တရံ၊ကာလအရှည်၊မဘည်တိုလှ၊နည်းပါးလှချေ၏။ အဒ္ဓုဝံ၊အနှစ်မဲ့ကင်း၊ ခိုင်ခန့်ခြင်းမရှိချေ၊ ဟေတုသော- ဟေတူဟိ၊ အကြောင်းဖြစ်ကုန်သော၊ဓမ္မေဟိ၊အဝိဇ္ဇာစသောတရားတို့ကြောင့်။ဝါ၊တို့မှ။ဓမ္မာ၊သင်္ခါရစသောအကျိုးတရားတို့သည်။ ပဘဝန္တိ၊ဖြစ်ကုန်၏။ ဟိ-သစ္စံ၊မှန်၏။ဧတ္ထ၊ဤဘဝစက်၌။ အတ္တာစ၊ ဖြစ်စေတတ်, ဖြစ်ဘတ်သော မိမိသည်၎င်း။ ပရောစ၊ ဖြစ်စေတတ်, ဖြစ်တတ်သောသူဘပါးသည်၎င်း။ နဝိဇ္ဇတိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ ဟေတု-ဟူသော ဆဆောက်အဦ အကြောင်းဖြစ်ကုန်သော။ဝါ၊ သာဓာရဏ, အသာဓာရဏ-ပစ္စည်းဖြစ်ကုန်သော။ ဓမ္မာ၊ အဝိဇ္ဇာစသောတရားတို့သည်။ ဓမ္မေ၊သင်္ခါရ စသောအကျိုးတရားတို့ကို။ သမ္ဘာနေန္တိ၊ ကောင်းစွာဖြစ်စေကုန်၏။ ဟေတူနဥ္စ၊ဒုက္ခ၏အကြောင်းတို့၏လည်း။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ ဇုဒ္ဓေန၊သည်။ ဓမ္မော၊ကို။ ဒေသိတော၊ ဟောတော်မူအပ်၏။ဟေတူသု၊တို့သည်။ဥပရုဒ္ဓေသု၊ချုပ်ကုန်လတ်သော်။ ဝဋ္ဋံ၊ဝဋ်တရားသည်။ဆိန္နံ၊ပြတ်သည်ဖြစ်၍၊ဝါ၊ပြတ်သောကြောင့်။နဝဋ္ဋတိ၊ မလည်မပတ်၊ရပ်တော့သည်သာဘည်း။ဇဝံ၊ဤသို့-တရားအစုမျှသာဖြစ်မှု, ဝဋ်၏ပြတ်ခြင်း, ဓမ္မဒေသနာ အခြင်းအရာ သုံးပါးရှိလတ်သော်။ ဓမ္မေ၊ ဤသာသနာတော်၌။ ဒုက္ခန္တကြိယာယ၊ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ။ ဖြဟ္မစရိယံ၊ မဂ်တည်းဟူသော မြတ်သောအကျင့်သည်။ ဝိဇ္ဇတိ၊ ရှိ၏။ သဗ္ဗေစ၊ ပုဂ္ဂိုလ်သတ္တဝါကိုလည်း။ နုပလဗ္ဘန္တေ၊ မရအပ်သည်ရှိသော်။ ဥစ္ဆေဒေါ၊ဥစ္ဆေဒဒိဋ္ဌိသည်။ နေဝဟောတိ၊ ဖြစ်ဘွယ်ရာမရှိပြီ။ သဿတံ၊ သဿတ-ဒိဋ္ဌိသည်လည်း။နဟောတိ၊မဖြစ်နိုင်ပြီ။

---

## အဝိဇ္ဇာ၏အကြောင်းရင်း-အဘွင့်။

၁၃-ခ။ ။ဇရာမရဏမုစ္ဆာယ၊ ပီဠိတာနမဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။
ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။ ။

### သင်္ဂြိုဟ်ပါဌ်။

အိုခြင်း,သေခြင်း, တွေဝေမိန်းမောခြင်းဖြင့် မပြတ်နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား၊ ကာမာသဝ စသောအာသဝေါတရားတို့သည် ဖြစ်လေကုန်၏။ ထိုအာသဝေါတရားများ ဖြစ်သောကြောင့် အဝိဇ္ဇာတရားဖြစ်ပေါ်လာ၏။ထို့ကြောင့်အဝိဇ္ဇာဖြစ်ခြင်း၏အကြောင်းကားအာသဝေါတရားသာတည်း။ ။ဤသို့လျှင်အာသဝေါတရားကြောင့်အဝိဇ္ဇာဖြစ်ပေါ်လာပြန်ပါက၊ သင်္ခါရစသော တရားတို့သည်လည်း ဆက်ကာ, ဆက်ကာ-ဖြစ်ပေါ်လာကုန်၍ အစမထင်သော သံသရာဝဋ်တရားကြီးသည်၊ ကရွတ်ခွေပမာ၊ ခြားရပာတ်အလား အစမပြတ်နိုင်ပါဘဲ ကျင်လည်နေ၏။ ။ဤသို့မပြတ်လည်၍နေသော ဘုံသုံးပါး၌ ဖြစ်သော ဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ်တရား-ဟုမြတ်စွာဘုရားသည် ဟောတော်မူ၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ၊

---

### အာသဝေါဖြစ်ပုံ-အဓိပ္ပါယ်။

ဤပဋိစ္စသမုပ္ပါဒ်ပါဠိ၌၊ "ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿာ" ဟုသာလာရှိ၏။အာသဝ-ဟု မပါရှိချေ။သို့အတွက် အဝိဇ္ဇာ၏အကြောင်းကား၊ အာသဝေါ-ဟု မဆိုသင့်-ဟုဖြေအံ့။ ။သောကပရိဒေဝ-သာပါရှိသည်မှန်၏။ ၎င်းသောက,ပရိဒေဝ-ဖြစ်မှု၏ အကြောင်းကား၊ အာသဝေါတရားလျှင် အရင်းရှိ၏။ အာသဝေါတရားရှိသောသူများသာ၊သောက,ပရိဒေဝ-ဖြစ်၏။ ထိုစကားထင်ရှားစေအံ့။ ။"ကာမတော ဇာယတေ သောကော"ပါဠိတော်အရ၊ အကြင်ဝတ္ထုကိုအလိုရှိ၏။ စွဲလန်း၏။ ထိုဝတ္ထု၏မရခြင်း,ပျက်စီးခြင်းစသည်ကြောင့် သောက-ဖြစ်၏။ပရိဒေဝလည်းဖြစ်၏။

ငါ-ငါ၏ကိုယ်-စသည်ဖြင့် သက္ကာယဒိဋ္ဌိစွဲလန်းခြင်းရှိသော သူအားလည်း သောက,ပရိဒေဝတရားတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့်သောက,ပရိဒေဝ ဖြစ်ခြင်းအကြောင်းကား၊ အာသဝေါတရားများ ဖြစ်သဖြင့် သောက, ပရိဒေဝ တည်းဟူသော အကျိုးတရားကို မိန့်ဆိုသော်လည်း၊ အာသဝေါ တည်းဟူသော အကြောင်းတရားကိုလည်း သိအပ်သောကြောင့်၊ ပဋိစ္စ သမုပ္ပါဒ်ပါဠိ၌၊ အကျိုးဖြစ်သော သောက,ပရိဒေဝ-ကိုသာ မိန့်ဆိုအပ်ပါ သတည်း။

ဤသို့ အာသဝေါတရား၊ တဖွားဖွားဖြစ်နေသောသူအား၊ ပညာမျက်စိ ရုံလုံးကန်းနေ၍၊ အဝိဇ္ဇာမောဟ-တရားတို့သာ ဖြစ်ခွင့် ရချင်တိုင်းရ၍၊ အဝိဇ္ဇာတရားများသာ ဖြစ်ပေါ်၍ နေကုန်၏။ ။ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ ဟူသည်၊ အလွန်ဘရာ နက်နဲဆန်းကြယ်သော တရားတော်ဖြစ်၏၊ မြတ်စွာ ဘုရား မှန်သမျှတို့၏ အမြဲသုံးသပ်တော်မူရသော ဒေသနာတော်ဖြစ်၏။ ယုန်သူငယ်သည်၊ မဟာသမုဒ္ဒရာ၌ ထောက်တည်ရာ မရနိုင်သကဲ့သို့၊ ပညာညံ့ဖျင်း၊ ပုထုဇဉ်ခပင်းတို့၏ ဉာဏ်လင်း ကျက်စားရာ မဟုတ်ပေ။ သို့စဉ်ကပဲ၊ အလွန်တရာ နက်နဲသော အတိဂမ္ဘီရဒေသနာတော်ကြီး၏ အဘွင့်ကို ရေးသားရသည်မှာ၊ ငါတို့လို လူစား၏ အရာမဟုတ်ပေ။ သို့လင့်ကစား၊ ဆရာစဉ်တို့၊ သင်္ဂါယနာ တင်တော်မူခဲ့သော ပါဠိ, အဋ္ဌကထာများကို အမှီပြု၍သာ ရေးသားနိုင်ခွင့် ရရှိပေ၏။ ထို့ကြောင့် အဋ္ဌကထာဆရာကြီးပင်၊

ဝဏ္ဏယိဿာမေ အဟံ အဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠ္ဟောဝ သာဂရံ။ ။

ဟူ၍၊ ပဋိစ္စသမုပ္ပါဒ်ကို ဘွင့်ခါနီးတွင် ညည်းညူတော်မူသတည်း။ ။ အဟံ၊ သည်။ အဇ္ဇ၊ ယခု။ ပစ္စယာကာရဝဏ္ဏနံ၊ ပဋိစ္စသမုပ္ပါဒ်၊ အဘွင့် သံဝဏ္ဏနာ- အဋ္ဌကထာကို။ ဝဏ္ဏယိဿာမေ၊ ဘွင့်လိုပါလျက်။ သာဂရံ၊ ရှစ်သောင်းလေးထောင်၊ နက်ဝှမ်းဆောင်သည့်၊ တောင်ခွေပတ်ချုပ်၊ ရေ သမုဒ်သို့။ အဇ္ဈောဂါဠ္ဟောဝ၊ ကူးဆင်းသက်ဝင်၊ ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ၊ ထောက်တည်မှီရာ၊ သံဝဏ္ဏနာနည်းကို။ နာဓိဂစ္ဆာမိ၊ မရနိုင်ပါတကား။ ။

ပဋိစ္စသမုပ္ပါဒ်-အဘွင့်ပြီး၏။

## ပဋ္ဌာန်းနည်း-အဘွင့်။

၁၄။ ။ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော။ပ။ဝိဂတပစ္စယော၊အဝိဂတပစ္စယောတိ အယံမေတ္ထပဋ္ဌာနနယော။ ။

### သင်္ဂြိုဟ်ပါဠ်။

၁။ ။ဟေတုပစ္စယော၊ ရေသောက်မြစ်လျှင်၊ယင်းသစ်ပင်ကို၊စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့၊ သဟဇာတံ၊ရုပ်နှင့်နာမ်ကို၊ သန္တေ-ပဝတ်၊မလွတ်စေရ၊ သဘာဂတာ၊ ဆဲ့နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကြည်၊တည်သည့်၏အဖြစ်ကိုပြီးစေတတ်သောဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော-ဟိတ်ခြောက်ပါးပစ္စည်းတရားရင်း။

၂။ ။အာရမ္မဏပစ္စယော၊ တောင်ဝှေး, ကြိုးတမ်း၊ သူမစွမ်းကို၊ မပမ်းရလေ၊ထိုင်ထစေသို့၊ စိတ်စေလေးတန်၊ နာမက္ခန်ကို၊ဖြစ်ဟန်တူစွာ၊ ၆စ်သဘာတွင်၊ ဆွဲထောက်ရာ အာရုံ၏အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော- အာရုံခြောက်ပါးပစ္စည်းတရားရင်း။

၃။ ။အဓိပတိပစ္စယော၊ စကြာဘုန်းငှ၊များဗိုလ်လုကို၊ပြိုင်သူမရှိ၊စိုးအုပ်ဘိသို့၊ ဟသိမောဟ၊ ကြဉ်ပသည့်ဇော၊ လောဘမူလ၊ အဋ္ဌပုညာ၊ ကြိယာသမ္ပယုတ်၊လောကုတ်၈စ်အား၊ဆဲ့ခြောက်ပါးတွင်၊ကြီးမားလွှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော-ဆန္ဒ, ဝိရိယ, စိတ္တ, ဝိမံသ,ဟူသော သဟဇာတာဓိပတိလေးပါး၊ ဒုက္ခသဟ၊မောဟကြဉ်စိတ်၊ ဈာန်နိပ္ဖန်၊ နိဗ္ဗာန်ဟူသောအာရမ္မဏာဓိပတိ ခြောက်ပါး၊ပစ္စည်းတရားရင်း။

၄။ ။အနန္တရပစ္စယော၊ ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသောနာမ်ခန္ဓာလေးပါး၊ အနန္တရပစ္စည်းတရားရင်း။

၅။ ။သမနန္တရပစ္စယော၊ စည်းစိမ်မမက်၊ တောကြီး ထွက်သည့်၊ စကြဝတ်မင်းဖျား၊သားကြီးအားသို့၊အခြားမဲ့နေ၊စိတ်နှင့်စေကို၊ မကွေပြိုင်

ဘက်၊ ခုနစ်ချက်တွင်၊ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော ရှေးရှေးသောနာမ်ခန္ဓာလေးပါး၊သမနန္တရပစ္စည်းတရားရင်း။

(ဤနှစ်ပစ္စည်းတို့၌ဥပမာကား၊ကျမ်းဂန်မလာ၊ဆရာကြီးတို့၊ ဆောင်ကြသောပုံတည်း။ယင်းပုံလည်းရှေ့နောက်၊ဖြန့်ရလျှင်သာလွန်၍သင့်အံ့သည်)။

၆။ ။သဟဇာတပစ္စယော၊ အလင်းဖြစ်မှု၊ဆီမီးပြုသ၊ည့်တန္တုပမာ၊သဟဇာတ၊နာမနှင့်ရုပ်၊ဘူတပ္ပါဒါ၊သန္ဓေခါလည်း၊ဝိပါဝတ္ထု၊ယင်းခြောက်ရအား၊တူငြားအခွ၊သဘာဂတွင်၊တကွမကွေ၊ဖြစ်စေခြင်းဟူသော သဟဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်မဟာဘုတ်ဝတ္ထု၊ပါက၊သဟဇာတခြောက်ပါး၊ပစ္စည်းတရားရင်း။

၇။ ။အညမညပစ္စယော၊ သစ်သားသုံးခွ၊ချင်းချင်းမသို့၊ဥပကာရ၊ထောက်ပံ့လာသော၊နာမ်,မဟာဘုတ်၊ဝတ္ထု၊နာမ်အား၊တူရှစ်ပါးတွင်၊ထောက်ထားလှန်ပင်း၊အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်,မဟာဘုတ်၊ ဝတ္ထု,ပါက၊ အညမညသုံးပါး၊ ပစ္စည်းတရားရင်း။

၈။ ။နိဿယပစ္စယော၊ သစ်ပင်အားမြေ၊ထောက်ပံ့ပေသို့၊နှစ်ထွေရုပ်နာမ်၊သဟဇာတ်အားရင်း။ စိတ္တကမ္မ၊ပဋ္ဌပုံဟန်၊ သတ်-ဝိညာဏ်အားရင်း၊တူမှန်သဘာ၊ ဆဲ့သုံးဖြာတွင်၊ တည်ရာ, မှီရာဟူသော အဓိဋ္ဌာနာကာရ, နိဿယာကာရ၊ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်,မဟာဘုတ်၊ဝတ္ထု, ပါကဟူသော သဟဇာတနိဿယခြောက်ပါး၊ ပဝတ္တိရုပ်ဆဝတ္ထုဟူသော ပုရေဇာတနိဿယခြောက်ပါး၊ပစ္စည်းတရားရင်း။

၉။ ။ဥပနိဿယပစ္စယော၊ မိုးနှင့်မကင်း၊ ရံခပင်းကို၊ မိုးတွင်းမြဲမှီအနန်း၊ ထစ်ချုံးမည်ကြိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အားဆဲ့လေးပါးတွင်၊ အားကြီးသောမှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟာ၊မောဟကြည်စိတ်၊ ဇာဠနိပ္ပန်၊ နိဗ္ဗာန်- ဟူသော- အာရမ္မဏူပနိဿယ၊ ရှေးရှေးသော နာမ်ခန္ဓာဟူသော အနန္တရူပနိဿယ၊ ဗလ ၁ ရုပ်၊ စိတ္တုပ်, ပညတ်ဟူသော- ပကတူပနိဿယ, သုံးပါး၊ ပစ္စည်းတရားရင်း။ ။(ဤဥပမာလည်း-အဋ္ဌကထာ၌မရှိ)။

၁၀။ ။ပုရေဇာတပစ္စယော၊အလင်းမိုက်နေ၊များဗိုလ်ခြေကို၊ကပွေစွာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်လေ၊ စိတ်နှင့်စေအားတူကိုးပါး တွင်၊ ရှေးများဖြစ်၍၊ ပစ္စုပ္ပန်၊ ပုရေဇာတသတ္တိထူးဖြင့်-ကျေးဇူးပြုခြင်း လက္ခဏာရှိသော- ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ, နိပ္ဖန္နရုပ်ဟူသော အာရမ္မဏပုရေဇာတနှစ်ပါး၊ပစ္စည်းတရားရင်း။ ။(ဤလည်း-အဋ္ဌကထာ မလာ)။

၁၁။ ။ပစ္ဆာဇာတပစ္စယော၊ ဂိဇ္ဈပေါတက၊ သရီရအား၊ မျိုးလေးပါး တွင်၊ နောက်ပါး၌ဖြစ်သဖြင့်၊ ထောက်ပံ့ခိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ နောက်နောက်ပဋိသန္ဓေကာ၊ နာမ်ခန္ဓာ လေးပါး၊ပစ္စည်းတရားရင်း။

၁၂။ ။အာသေဝနပစ္စယော၊ နောက်နောက်မွန်လေး၊ သာလွန်မွေး အောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာကုသလ၊ကြိယသဘော၊ နောက်နောက်ဇောအားတူခြောက်ပါး တွင်၊ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍ထုံခြင်းဟူသော၊ အာသေဝနသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊အာသေဝနသုံးပါး၊ပစ္စည်းတရားရင်း၊

၁၃။ ။ကမ္မပစ္စယော၊ သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ ကြွင်းကြွင်းခြား တူထက်၊ သဟဇာတ်နှင့်၊ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တဆဲ့ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ်, အကုသိုလ်စေတနာဟူသော-နာနက္ခဏိကကမ္မနှစ်ပါး၊ ပစ္စည်းတရားရင်း။

၁၄။ ။ဝိပါကပစ္စယော၊ ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကြွဖြစ် လတ်၊သဟဇာတ်အား၊မျိုးရှစ်ပါးတွင်၊အင်အားချိပမ်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်းတရားရင်း။

၁၅။ ။အာဟာရပစ္စယော၊မယိမ်းမယိုင်၊ ခိုင်စေသောအား၊ထောက် သည့်ကျားသို့၊ နှစ်ပါးသဟာဇ၊ ရုပ်နှင့်နာမ်အားရင်း၊ လေးတန်သန္တတိ၊ သမုဋ္ဌာနိက ရုပ်အားရင်း၊ ယထာက္ကမ၊ ဇွါဒသမျိုးတူတွင်၊ ဆောင်ယူ ထောက်ပံ့ခြင်းဟူသော၊အာဟာရသတ္တိထူးဖြင့်၊ကျေးဇူးပြုခြင်းလက္ခဏာ

ရှိသော၊ဖဿ,စေတနာ,ဝိညာဏ်-ဟူသောနာမ်အာဟာရသုံးပါး၊ အဖွတ် ဗဟိ၊စတုသမုဋ္ဌာနိကသြဇာဟူသော ရုပ်အာဟာရပစ္စည်းတရားဋ္ဌင်း။

၁၆။ ။ဣန္ဒြိယပစ္စယော၊ တပြည်တွင်း၌၊ချင်းချင်းမဟာန့်၊သီးမသန့်ဝဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ခါတ်ပစ္စ ဝိညာဏ၊ကမ္မဇရုပ်အား၊တူဆဲ့ငါးတွင်၊ အခြားမသွေ၊မိမိသို့လိုက်စေခြင်း ဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ရုပ်ဋ္ဌေ တရားကိုယ်၅စ်ပါးဟူသော သဟဇာတိန္ဒြိယ၊မဇ္ဈိမာယုက၊ပသာဒရုပ်ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး၊ ပစ္စည်းတရားဋ္ဌင်း။

၁၇။ ။ဈာနပစ္စယော၊ သစ်ပင်,တောင်ငူ၊ တက်သသူသည်၊အောက် လူတို့အား၊ ပြောသည့်လားသို့၊နှစ်ပါးရုပ်နာမ်၊ သဟဇံအား၊ဆဲ့ဘပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပ နိဇ္ဈာန-သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပဉ္စဝိဉ်ကြဉ်၊ စိတ် မှာယှဉ်သည့်၊ဈာနင်ခုနစ်ပါး၊ပစ္စည်းတရားဋ္ဌင်း။

၁၈။ ။မဂ္ဂပစ္စယော၊ ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူတို့မသွေ၊ သပေတုကတ်၊သဟဇာတ်အား၊ ဆဲ့သုံးပါးတွင်၊ဖြူစင်မည်းညစ်၊ဤအဖြစ် မှ၊ ပြန်လစ်ဆူလယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ခြင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော သဟိတ်မှာယှဉ်၊ မဂ္ဂင် ဆဲ့နှစ်ပါး၊ပစ္စည်းတရားဋ္ဌင်း။

၁၉။ ။သမ္ပယုတ္တပစ္စယော၊ စတုမရူ၊ယောသည့်တူသို့၊ လေးဆူနာမ် အား၊ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ခန္ဓာလေး ပါး၊ပစ္စည်းတရားဋ္ဌင်း။

၂၀။ ။ဝိပ္ပယုတ္တပစ္စယော၊ခြောက်ထွေရသာ၊ပေါင်းယောပါသို့၊သဟ ဇာရုပ်၊ ဝတ္ထုသန္ဓေ၊အစထွေသား၊ သုံးမျိုးအားကို၊ တူပြားသဘာ၊ဆဲ့သုံး ဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ကြခြင်းဟူသော ဝိပ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပဉ္စဝေါကာရ၊ ရူပသမုဋ္ဌာနိကစိတ်စေ၊ သန္ဓေဟဒယစသော၊ သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာ ဇာတဝိပ္ပယုတ်သုံးပါး၊ပစ္စည်းတရားဋ္ဌင်း။

(အာဒိ-သဒ္ဒါနှစ်ချဖြင့်၊ အစဉ်အတိုင်းဝဏ္ဏ၊ပုရေဇာတနိဿယ, ပစ္ဆာ ဇာတ-နှစ်ပါးတို့၏ပစ္စယုပ္ပန်နှင့်ပစ္စည်းကိုသွန်းသည်)။

၂၁။ ။အဇ္ဈတ္တပစ္စယော၊ မြေဖြင့်ရိရသည်၊ ထိုထိုစိမ်းရှင်၊မြက်သစ်ပင် အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ တွက်ရေကိုထံ၊ ရုပ်နှင့်နာမ်အား၊ ဆဲ့ငါးပါးတွင်၊ထင်ရှားရှိခိုက်၊အထိုက်လျော်ထ၊ ဥပတ္ထမ္ဘကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ·ငါးပါး၊ပစ္စည်း တရားရင်း။

(ဤအတ္ထိငါးပါးသည် အစဉ်အတိုင်း သဟဇာတ, ပုရေဇာတ, ပစ္ဆာ ဇာတ,ရုပ်အာဟာရ,ရူပဇီဝိတိန္ဒြိယ-ငါးပါးနှင့်တူ၏။ ထို့ကြောင့်အကျဉ်း မျှသာအနက်သမ္ဗန်)။

၂၂။ ။နတ္ထိပစ္စယော၊ မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံ သွေး၊ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော-နတ္ထိပစ္စည်းတရား ရင်း။ ။(အနန္တရနည်းတူ)။

၂၃။ ။ဝိဂတပစ္စယော၊ နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ချုပ် ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်း တရားရင်း။

၂၄။ ။အဝိဂတပစ္စယော၊ ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ရေအစုပ်သို့၊ မချုပ်တင်းလင်း၊ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အဝိဂတပစ္စည်းတရားရင်း။

(အတ္ထိနည်းတူ။ကမ္မပစ္စည်းမှစ၍ ဥပမာရလည်း-အဋ္ဌကထာမရှိ)။

ဣတိ၊ ဤသို့၊ စတုဝီသတိပစ္စယာ၊ နှစ်ဆဲ့လေးပါး၊ အကြောင်းတရား တို့သည်။ မဟာပကရဏော၊အနန္တနယ၊သမန္တပဋ္ဌာန်းကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်၏၊ ။(တနည်း)·····အယံ၊ကာ။ ဋ္ဌော၊၌။ ပဋ္ဌာနနယော၊ပဋ္ဌာန်း နည်းတည်း။ ။

[ဤအနက်ကား····ငါတို့၏ကျေးဇူးတော်ရှင်မန္တလေးမြို့၊မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ရေးသားအပ်သောအနက်တည်း]။

## ပဋ္ဌာန်း-အဓိပ္ပါယ်။

ဤပြောတဲ့ပစ္စည်းစသော ၂၄-ပါးသော ပစ္စည်း၊အမျိုးမျိုး နည်းတို့ဖြင့် သင်္ခတတရားတို့ကိုဝေဘန်၍ ဟောရာဖြစ်သောကျမ်းသည်-ပဋ္ဌာန်းကျမ်း မည်၏။

ပဋ္ဌပေတိ သင်္ခတဓမ္မေ နာနပ္ပကာရေဟိ
ပစ္စယဘေဒေဟိ ပဝတ္တေတိ ဒေသေတိ
ဧတ္ထာတိပဋ္ဌာနံ။

ဧတ္ထ၊ဤကျမ်းကြီး၌။သင်္ခတဓမ္မေ၊သင်္ခတတရားတို့ကို။နာနပ္ပကာရေဟိ၊ အထူးထူးအပြားပြား၊များစွာကုန်သော။ပစ္စယဘေဒေဟိ၊ပစ္စည်းအမျိုးမျိုး တို့ဖြင့်။ ပဋ္ဌပေတိ၊ ပညတ်တော်မူ၏၊ ပဝတ္တေတိ၊ ဖြစ်စေတော်မူတတ်၏၊ ဒေသေတိ၊ ဟောတော်မူတတ်၏၊ ဣတိတသ္မာ၊ ထိုသို့ဟောရာဖြစ်သော သတ္တိကြောင့်။တံပကရဏံ၊ထိုကျမ်းသည်။ပဋ္ဌာနံ၊ပဋ္ဌာန်းကျမ်းမည်၏။

## ပစ္စည်း-ပစ္စယုပ္ပန်-ပစ္စနိက်-အဓိပ္ပါယ်။

ထိုပဋ္ဌာန်းကျမ်းကြီး၌၊ ဟောတဲ့စသော ပစ္စည်းတရားတို့ကို၊ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်သုံးပါးအားဖြင့်ဝေဘန်ပိုင်းခြား၍ ဟောတော်မူ၏၊ ထို သုံးမျိုးတို့တွင်၊

ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော၊

ဧတသ္မာ၊ ဤအကြောင်းတရားကြောင့်။ ဝါ၊ကို။ပဋိစ္စ၊စွဲ၍။ ဖလံ၊အကျိုး တရားသည်။ ဧတိ၊ ဖြစ်လာတတ်၏၊ ဣတိတသ္မာ၊ ထိုသို့ဖြစ်ကြောင်းဖြစ် သောသတ္တိကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏၊ ၊ဝိဂ္ဂြိုဟ်အရ....အကျိုး တရား၏ ဖြစ်ပေါ်လာခြင်း၏ အကြောင်းတရားသည်-ပစ္စည်းတရားမည်၏။

ပစ္စယေဟိ ဥပ္ပန္နောတိ ပစ္စယုပ္ပန္နော။

ပစ္စယေဟိ၊ အကြောင်းပစ္စည်းတို့ကြောင့်။ ဥပ္ပန္နော၊ ဖြစ်သောအကျိုး တရားတည်း။ ဣတိ၊ကြောင့်။ ပစ္စယုပ္ပန္နော၊ ပစ္စယုပ္ပန်-မည်၏။ ။ဝိဂ္ဂြိုဟ် အရ...အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားသည် ပစ္စယုပ္ပန်မည်၏။

နိတသ္သ ပဋိပက္ခောတိပစ္စနိကော။

နိတသ္သ၊သင့်လျော်လျောက်ပတ်သောအနက်၏။ပဋိပက္ခော၊ဆန့်ကျင် ဘက်ဖြစ်သောအနက်တည်း။ဣတိ၊ကြောင့်။ပစ္စနိကော၊ပစ္စနိက်မည်၏။ ။

ဝိဂြိုဟ်အရ.... ပစ္စည်းကြောင့် ဖြစ်သော တရားမျိုးမဟုတ်၊ ပစ္စည်းနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ပစ္စယုပ္ပန်၌ မပါဝင်သောတရားမျိုးသည်- ပစ္စနိက် မည်၏-ဟူလို၊ ။ထို့ကြောင့်ပစ္စည်းတရားပင်ဖြစ်သော်လည်း ပစ္စယုပ္ပန်၌ မပါဝင်လျှင် ပစ္စည်းနှင့် ဆန့်ကျင်သည့်မည်၍၊ ပစ္စနိက် ထုတ်ရ၏။ ။
၂၄-ပစ္စည်း၌ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်တို့၏ အဓိပ္ပါယ်ကို ဤအတိုင်း မှတ်လေ။

**ဆောင်ပုဒ်။**

ကြောင်းမူပစ္စည်း။ကျိုးလည်းပစ္စုပ်၊အဟုတ်ဆန့်လင့်၊
ပစ္စည်းနှင့်၊မှတ်သင့်-ပစ္စနိက်။

---

**ဟေတုပစ္စယော-အဘွင့်။**

ဟိနောတိ-ပတိဋ္ဌာတိ ဧတ္တာတိ ဟေတု။

ဧတ္တ၊ ဤဟိတ်တရားခြောက်ပါး၌။ သဟဇာတဓမ္မသမူဟော၊ သဟဇာတ်တရားအပေါင်းသည်။ ဟိနောတိ-ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ထိုသို့တည်ရာဖြစ်သောသတ္တိကြောင့်။ ဟေတု၊ ဟိတ်မည်၏။ ။ (ဤဋီကာအလို- ဟိ-ဓာတ်- ပတိဋ္ဌာနတ္ထဝါစီ။ အဓိကရဏသာဓနဘည်း။ ဆရာတို့ကား ကရဏသာဓနလည်း ပြုတော်မူကြသေး၏)၊

အဓိပ္ပါယ်ကား....လောဘစသော တရားခြောက်ပါးတို့သည်၊ မိမိနှင့် အတူတကွဖြစ်ကုန်သောသမ္ပယုတ်တရားတို့၏တည်ရာ,ကြီးပွါးရာ,အခံရုံ ကို ကောင်းစွာယူရာဖြစ်သောကြောင့်- ဟိတ်မည်ကုန်၏၊ သစ်ပင်သည် အမြစ်၌တည်၍ စည်ပင်ကြီးပွားသကဲ့သို့။ ၊ဟူလို။

အနေကတ္ထတ္တာ ဓာတုသဒ္ဒါနံ ဟိသဒ္ဒေါ
မူလသဒ္ဒေါ ဝိယ ပတိဋ္ဌတ္တောတိ ဒဋ္ဌဗ္ဗော။

မူလဋီကာ။ ။(၁၂၄)။

ဟိနောတိ-ဂစ္ဆတိ-ပဝတ္တတိ ဧတေနာတိ ဝါ ဟေတု။

ဧတေန၊ ဤလောဘ-စသော တရားခြောက်ပါးကြောင့်။ သဟဇာတ ဓမ္မသမူဟော၊ သဟဇာတ် တရားအပေါင်းသည်။ ဟိနောတိ- ဂစ္ဆတိ- ပဝတ္တတိ၊ စည်ပင်ကြီးပွားခြင်းသို့ရောက်တတ်-ဖြစ်တတ်၏၊ ဣတိတသ္မာ၊

ထိုသို့စည်ပင်ကြီးပွားခြင်းသို့ရောက်ကြောင်းဖြစ်သောသတ္တိကြောင့်။ ဟေတု၊ ဟိတ်-မည်၏။ ။(ဤအလို-ဟိ-ဓာတ်,ဂတျတ္ထဝါစီ၊ ကရဏသာဓန)။

အဓိပ္ပါယ်ကား…..လောဘ-စသော တရားခြောက်ပါးတို့သည် မိမိနှင့် အတူတကွဖြစ်ကုန်သော သမ္ပယုတ်တရားတို့၏ စည်ပင်ကြောင်း-ကြီးပွားကြောင်း, အာရုံကို ကောင်းစွာ ယူနိုင်ခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့်-ဟိတ်မည်ကုန်၏။ ။ဥပမာ-သစ်ပင်၏ အမြစ်သည် သစ်ပင်၏ အရွက်,အဖူး,အပွင့်စသည်တို့၏ကြီးပွါးစည်ပင်ခြင်း၏အကြောင်းရင်းဖြစ်သကဲ့သို့။ ။ဟူလို။ ။(ပစ္စယအဘွင့်-အောက်ကပြခဲ့ပြီ)။

ကမ္မနိဒါနဘူတေန ဥဒ္ဓံ ဩဇံ အဘိဟရန္တေန မူလေန ဝိယ ပါဒပေါ တပ္ပစ္စယံ ဖလံ ဂန္တတ်-ပဝတ္တတိ ဝုဍ္ဎိံဝိရုဠှိံ အာပဇ္ဇတိ။ ။

မူလဋီကာ။ ။(၁၂၄)။

---

ဟေတု စ သော ပစ္စယောစာတိ ဟေတုပစ္စယော။

ဟေတု ဟုတွာ ပစ္စယော ဟေတုပစ္စယော။

ဟေတုစ၊ အကြောင်းတရားသည်လည်း။ ဟောတိ၊ ၏။ သော၊ သည်။ ပစ္စယောစ၊ ကျေးဇူးပြုတတ်သည်လည်း။ ဟောတိ၊ ၏၊ ဣတိ၊ ကြောင့်။ ဟေတုပစ္စယော၊ မည်၏။ ။ဟေတု၊ အကြောင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဟေတုပစ္စယော၊ မည်၏။ ။အဓိပ္ပါယ်ကား…..ရေသောက်မြစ်ကြီး သဘွယ်၊ ဟိတ်လည်းဖြစ်, ပစ္စည်းလည်းဖြစ်သောတရား, ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောဟိတ်ခြောက်ပါးတရားသည်-ဟေတုပစ္စည်းမည်၏။ ။ဟူလို၊

**မှတ်ချက်။** ။ဤဝိဂြိုဟ်များသည်-ကမ္မဓာရည်းသမာသ်မျိုးပင်ဖြစ်၍၊ အဘာယ်ကြောင့် ၂-မျိုး ၂-ဝိကပ်ကို ဆိုရပါသနည်း-ဟူမူ။ ။ ဟေတုသည်၊သဟဇာတမျိုးဖြစ်၍၊ အဓိပတိစသော ၁၁-ပစ္စည်းလည်းဖြစ်သင့်၍၊ ၎င်းအဓိပတိ စသော ဖြစ်သင့် ဖြစ်ထိုက်သော သဘောကိုပယ်ခြင်းငှါ ဒုတိယဝိကပ်ကို မိန့်ဆိုရပေ၏။ အဓိပတိ သတ္တိစသည်ဖြင့် ကျေးဇူးပြုသောတရားမဟုတ်၊ဟိတ်၏အဖြစ်ဖြင့်သာ ကျေးဇူးပြုသောတရား-ဟူလို၊

ဟေတုဘာဝေန ပစ္စယောတိ ဝုတ္တံ ဟောတိ။ ။အဋ္ဌကထာ၊

---

## ဟေတုနှင့် ပစ္စည်းအထူး။

ဟေတု-လည်း အကြောင်းတရားဖြစ်၏။ ပစ္စည်းလည်း အကြောင်းတရားဖြစ်၏။ အဘယ်သို့ထူးခြားပါသနည်းဟူမူ၊ ။အာရုံ၌ သဟဇာတ်တရားတို့၏ကောင်းစွာတည်တန့်နိုင်သော ဝိသေသသဘောထူးသည် ဟိတ်မည်၏။ ဤသို့တည်တန့်နိုင်အောင်ထောက်ပံ့ကျေးဇူးပြုမှု သာမညသဘောသည် ပစ္စည်းမည်၏။ ယင်းစကားကို ထင်ရှားစေအံ့။ ပစ္စယော-၏အရ ကျေးဇူးပြုဟူသည်၊ အကြွင်အကြွင်ပစ္စည်းတရားသည် မိမိရှိစဉ်အကျိုးတရားတို့အား ဥပါဒ်ခဏ၌ဖြစ်စေ,ဌီခဏ၌ဖြစ်စေ,၂-ပါးလုံး၌ဖြစ်စေ-မဖြစ်ပေါ်သေးလျှင်ဖြစ်ပေါ်စေနိုင်၏။ဖြစ်ပေါ်ပြီးလျှင်လည်းတည်တန့်စေကုန်၏။ တည်ပြီးသောတရားတို့အားအဆင့်ဆင့်ကြီးပွားစည်ပင်စေ၏။ထိုသဘောမျိုးကို ကျေးဇူးပြုသည်-ဟုဆိုအပ်၏။ထိုတွင် ဌီခဏ၌၊ပစ္ဆာဇာတပစ္စည်းမျိုး၏ ကျေးဇူးပြုပုံတည်း။ဥပါဒ်ခဏ၌ကား၊အနန္တရပစ္စည်းမျိုး၏ ကျေးဇူးပြုပုံကိုမှတ်။ ။၂-ပါးလုံး၌ကား ဟေတုစသော ပစ္စည်းမျိုး၏ ကျေးဇူးပြုပုံကို ဆိုလိုသည်။

ယော ဟိ ဓမ္မော ယဿ ဓမ္မဿ ဌိတိယာဝါ ဥပ္ပတ္တိယာ ဝါ
ဥပကာရကော ဟောတိ၊သော တဿ ပစ္စယောတိ ဝုစ္စတိ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၀)။

ဟိ၊ယင်းစကားမှန်၏၊ ယောဓမ္မော၊အကြွင်အကြွင် အကြောင်းတရားသည်။ယဿဓမ္မဿ၊အကြွင်အကျိုးတရား၏၊ဝါ၊အား။ဌိတိယာဝါ၊ဌီခဏ၌၎င်း၊ ဝါ၊ တည်ခြင်းငှာ၎င်း။ ဥပ္ပတ္တိယာဝါ၊ ဥပါဒ်ခဏ၌၎င်း။ ဝါ၊ဖြစ်ခြင်းငှာ၎င်း။ ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊၏။ သော ဓမ္မော၊ ထိုအကြောင်းတရားကို။ တဿ၊ထိုအကျိုးတရား၏။ ပစ္စယောတိ၊ပစ္စည်းဟူ၍။ဝုစ္စတိ၊၏။

ဆိုလိုရင်းကား·····လောဘစသောတရားတို့၏မိမိနှင့်အတူတကွ ဖြစ်ကုန်သော သမ္ပယုတ်တရားတို့ကို လောဘနိယအာရုံ၌ခိုင်ခံ့တည်တန့်စေနိုင်မှု,အာရုံအရသာကို ခံစားစေနိုင်မှု, အာရုံယူနိုင်စေမှု၏အကြောင်းရင်းဖြစ်မှု-သဘောထူးကို ဟိတ်-ဟုဆိုရ၏။ဤသို့ လောဘ-စေတသိက်၏ မိမိသဘောအတိုင်း ဖြစ်သဖြင့် သမ္ပယုတ်စိတ်- စေတသိက်တရားတို့သည် အာရုံကို ယူနိုင်ကုန်၏။ အာရုံအရသာကို ခံစားနိုင်ကုန်၏။ မိမိတို့၏

လက္ခဏာအတိုင်း ထင်ရှားစွာဖြစ်နိုင်ကုန်၏။ ဤသို့ ဖြစ်ပေါ်လာသည်ကို ပင်အကျိုးတရားများဖြစ်၍ပစ္စယုပ္ပန်တရား-ဟုဆိုရ၏။ကျေးဇူးပြုသည်ဟု ဆိုရ၏။စင်စစ်သော်ကား-ပရမတ္ထတရားတို့ကိုပညတ်တရားမျိုးတို့ကဲ့သို့ အားထုတ်သည်ထောက်ပံ့သည်ကျေးဇူးပြုသည်ဟုမရအင်ကုန်။လောဘ-စသော ဟိတ်တရားကိုယ်တပါးပါးတည်းကိုပင် ဟိတ်- ဟုလည်း ဆိုရ, ပစ္စည်း-ဟုလည်း ဆိုရသဖြင့် တရားကိုယ်အားဖြင့်ပင် မကွဲပြားသော် လည်း ပြားသည်ကို ပြု၍ သတ္တိ-ဝိသေသကို ဟိတ်, သတ္တိသာမညကို ပစ္စည်း-ဟုသတ္တိ၊သတ္တိမန္တ ၂-ပါးကိုခွဲ၍ ဆိုအပ်သည်။ဤ၌ကား-လောဘ စသော ဟိတ်တရားတို့၏၊ သမ္ပယုတ်တရားတို့ကို အခိုင်အမာကောင်းစွာ တည်တန့်စေနိုင်သော သုပ္ပတိဋ္ဌိတ ဘာဝသာဓနဘောဂဏ်သည် ဟိတ် မည်၏။ ၎င်းဘောဂဏ်အရ သမ္ပယုတ်တရားတို့၏ အခိုင်အမာကောင်းစွာ တည်တန့်နိုင်အောင်မပြုသော်လည်း ပြုသကဲ့သို့ဖြစ်မှု၊ ဥပကာရသဘော သည်၊ပစ္စည်းမည်၏-ဟုလို။ ၊(ကြွင်းသော ပစ္စည်းတို့၌လည်း ဤနည်းကို မှီး၍သိလေ)။

မူလဋ္ဌေန ဟေတု၊ဥပကာရဏ္ဌေန ပစ္စယော။
ပဌာန်း-အဋ္ဌကထာ။ ၊(၂၉၀)။
ဟေတုသဒ္ဒေန မူလ္ဂဟဏံ ကတံ။အထခေါ် မူလသတ္တိဝိသေသော ဂဟိတောတိ ဒဿေတိ။ ။မူလဋီကာ။ ။(၁၂၃)။

---

ဟေတုပစ္စည်း-သုံးချက်ရ။
၁။ ၊ဟိတ်ခြောက်ပါးသည်-ဟေတုပစ္စည်းမည်၏။
၂။ ။သဟိတ်စိတ်ကြောသတ္တတိ၊ စေတသိက်ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏-ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။
၃။ ။အဟိတ်စိတ်အဋ္ဌာရသ၊ ၎င်း၌ယှဉ်သော စေတသိက်ဒွါဒသ၊ မောဟမူဒွေ၌မောဟ၊ အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသည သတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, ဤတရားတို့သည် ဟေတု ပစ္စည်း၏ ပစ္စနိက်တရားတို့မည်ကုန်၏။ ။

---

## အဝယာဝဋ္ဋ-အဓိပ္ပါယ်။

ပဋ္ဌာနိက်၌၊ အဟိတ်စိတ်, စေတသိက်များကား၊ ဟိတ်နှင့်မယှဉ်သော တရားများဖြစ်၍၊ ပဋ္ဌာနိက်ထုတ်ရ၏၊ မောဟမူဒွေ၌မောဟ- စေတသိက် ကား၊ဟိတ်ပင်ဖြစ်သော်လည်း ယှဉ်ဘော်သမ္ပယုတ်ဟိတ်မရှိ၍၊အဟိတ် ပင် မည်သောကြောင့်- ပဋ္ဌာနိက်ထုတ်ရ၏။ အဟိတ်နှင့် စပ်၍ဖြစ်သော- အဟိတ် စိတ္တဇရုပ်စသည်တို့ကိုလည်း အဟိတ် စိတ်ကြောင့်ဖြစ်သော ရုပ်များဖြစ်၍ ဟိတ်ကင်းရကား ပဋ္ဌာနိက်ထုတ်ရ၏။

တော, တောင်, ရေ,မြေစသော ဗာဟိရရုပ်များလည်း ဟိတ်နှင့်လုံးဝ မသက်ဆိုင်၊အပဖြစ်သောရုပ်များဖြစ်၍ ပဋ္ဌာနိက်ထုတ်ရ၏၊ ဥတုဇ-ရုပ်တို့ ကိုလည်း ထို့အတူမှတ်။အသညသတ်ဘုံအရ၌၊ကမ္မဇရုပ်ကိုသာထုတ်၍၊ ဥတုဇရုပ်ကို အဘယ်ကြောင့် မထုတ်ပါသနည်းဟူမူ၊ အသညသတ် ကမ္မဇရုပ်၌သွင်း၍၊ ဥပါဒါရုပ် ပုဒ်ဖြင့်သိမ်းယူအပ်၍ပါပြီးဖြစ်သောကြောင့် မထုတ်-ဟုမှတ်။

ၑင်းဗာဟိရရုပ်,ဥတုဇရုပ်နှင့် အသညသတ်ကမ္မဇရုပ်တို့သည်၊ စိတ် နှင့်လုံးဝမသက်ဆိုင်ပါဘဲ၊ အဘယ့်ကြောင့် ပဋ္ဌာနိက်၌ထည့်၍ ထုတ်ရပါ သနည်းဟူမူ၊ ၎င်းရုပ်တို့သည်၊ စိတ်, ကံနှင့်လုံးဝမသက်ဆိုင်၊ ပဋ္ဌာန်း, ပစ္စယုပ္ပန်၌ မပါဝင်၊ ပဋ္ဌာန်း, ပဋ္ဌာနိက်မှလွတ်သော တရားကိုပြလို၍၊ ပဋ္ဌာနိက်ထုတ်ရသည်၊

ပဋိသန္ဓေ အခါ၌သာ ကမ္မဇရုပ်ကို ကျေးဇူးပြု၍၊ ပဝတ္တိအခါ၌ အဘယ့်ကြောင့် ကမ္မဇရုပ်ကို ကျေးဇူးမပြုပါသနည်းဟူမူ။ ကမ္မဇရုပ် သည်၊ ပဋိသန္ဓေအခိုက် ၎င်းနာမက္ခန္ဓာကိုငဲ့၍ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ အခိုက်၌သာ၊ ကမ္မဇရုပ်အား ဟေတုပဋ္ဌာန်းတပ်နိုင်၏၊ပဝတ္တိအခါ၌ကား၊ ကမ္မဇရုပ်သည်၊ ပဝတ္တိ၌ဖြစ်သော နာမ်ခန္ဓာကိုမငဲ့သောကြောင့် ပဝတ္တိ အခါ၌ ကမ္မဇရုပ်ကိုဟေတုပဋ္ဌာန်းမတပ်နိုင်၊ ကျေးဇူးမပြုနိုင်၊ ထိုသို့မငဲ့ ကြောင်းကိုလည်း နိရောဓသမာပတ်ဝင်စားသော ရဟန္တာပုဂ္ဂိုလ်အား စိတ်,စေတသိက်မဖြစ်ပေါ်သေးလျက် ကမ္မဇရုပ်ဖြစ်သည်ကိုထောက်ဆ၍ သိအပ်၏၊

## အာရမ္မဏပစ္စယော-အဘင့်။

အာလမ္ဗီယတိ ဒုဗ္ဗလေန ဝိယ ဒဏ္ဍာဒိကံ စိတ္တ
စေတသိကေဟိ ဂယှတိတိ အာလမ္ဗဏံ၊ ။

ဒုဗ္ဗလေန၊ အားနည်းသောယောက်ျားသည်။ ဒဏ္ဍာဒိကံ၊ တောင်ဝှေး, လှံကန်အစရှိသည်ကို။အာလမ္ဗီယတိဝိယ၊ ကိုင်စွဲထောက်လှမ်းအပ်သကဲ့သို့၊ စိတ္တစေတသိကေဟိ၊ စိတ်,စေတသိက်တို့သည်လည်း။ ယံ၊ အကြင် အာရုံကို။အာလမ္ဗီယတိ-ဂယှတိ၊ဆွဲငင်ထောက်လှမ်းအပ်၏။ဣတိတသ္မာ၊ ထိုသို့ဆွဲငင်ထောက်လှမ်းအပ်သောကြောင့်။ တံ၊ သည်။ အာလမ္ဗဏံ၊ အာလမ္ဗဏ- မည်၏၊ ။(ဤအလို- အာရှေးရှိသော- လဗိ-ဓာတ်၊ အာဝ လမ္ဗဏတ္တ)။

အဓိပ္ပါယ်ကား.... အားနည်းသော ယောက်ျားသည်၊တောင်ဝှေး, လှံကန့်,ကြိုးအစရှိသည်ကို ကိုင်၍သာလျှင် ထခြင်း, ရပ်ခြင်း, သွားခြင်း-စသည်ကို ပြုနိုင်သကဲ့သို့၊ထို့အတူ စိတ်,စေတသိက်တရားတို့သည် ရူပ်ရုံ အစရှိသော အာရုံကိုသာလျှင် အာရုံပြု၍ ဖြစ်နိုင်ကုန်၏။ အာရုံကိုမယူ ပါဘဲ၊ စိတ်ဖြစ်နိုင်ရိုးမရှိ။ ဤသို့ စိတ်, စေတသိက်တို့၏ဆွဲငင်အပ်, အာရုံ ပြုအပ်သောကြောင့်-အာလမ္ဗဏ-အာရုံမည်၏၊ ။ဟူလို။

အာရမန္တိ စိတ္တစေတသိကာ ဓမ္မာ ဧတ္ထာတိ ဝါ အာရမ္မဏံ၊

ဝါ၊ကား။ဧတ္ထ၊ဤအာရုံ၌ခြောက်ပါး၌။စိတ္တစေတသိကာ၊စိတ်,စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အာရမန္တိ၊ မွေ့လျော်ပျော်ပါးကြ ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့မွေ့လျော်ပျော်ပါးရာဖြစ်သော သတ္တိကြောင့်၊ အာရမ္မဏံ၊အာရုံ-မည်၏၊

(ဤအလို-အာရှေးရှိသော ရမု-ဓာတ်၊ ကီဠနတ္တ။ ဆရာတို့ကား ဝိသဉောဂ-အာရမဏ-သာ သင့်သည်-ဟုမိန့်ဆိုဘော်မူကြ၏)။

အဓိပ္ပါယ်ကား... အာရုံခြောက်ပါးသည်၊ ပန်းမျိုးရုံညီ၊ ထုံကြည်ပြန့် သင်း၊ လေညှင်းလေအေးတို့တိုက်ခပ်ရာ, ပျော်ဘွယ်ရာဥယျာဉ်ကြီးနှင့် တူ၏၊ထိုဥယျာဉ်ကြီးနှင့်တူသော အာရုံခြောက်ပါးသည်၊စိတ်,စေတသိက် တရားတို့၏အမြဲပျော်မွေ့ဘွယ်ရာဖြစ်သောကြောင့်- အာရမ္မဏ- အာရုံ မည်၏။ . ။ဟူလို။ ။(ပစ္စယော-နှင့် ရှေ့အတိုင်းတွဲ)၊

ဟေတုပစ္စည်းကား၊ ဟိတ်မည်သော- စေတသိက် ခြောက်ပါးမျှသာ ပစ္စည်းဖြစ်၏။ကြွင်းသောစိတ်,စေတသိက်တို့ကား၊ ဟေတုပစ္စည်းမထိုက်ကုန်၊ ဤအာရမ္မဏပစ္စည်းကား၊ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်၊ အလုံးစုံပင် ပစ္စည်းထိုက်ကုန်၏၊ အာရမ္မဏပစ္စည်းမထိုက်သောတရားမည်သည်မရှိ၊ ထိုကြောင့် ပစ္စယနိဒ္ဒေသပါဠိတော်၌၊ "ယံယံ ဓမ္မံ အာရဗ္ဘ" ဟု မိန့်ခဲ့ပြီးသော ယံယံ ဓမ္မံ အာရဗ္ဘ အနက်ဟော "ယံယံ"သဒ္ဒါဖြင့် ပရမတ္ထတရား သင်္ခတ, အသင်္ခတတရား မှန်သမျှကို သိမ်းကျုံးတော်မူလေသတည်း။

ယံယံ ဓမ္မံ အာရဗ္ဘာတိ အနိယမေတွာ သဗ္ဗရူပါယတနာပိ။ ဓမ္မာယတနာနဉ္စ အာရမ္မဏပစ္စယဘာဝသာ ဝုတ္တတ္တာ န ကောစိ ဓမ္မော န ဟောတိ။ ။မူလဋီကာ။ ။(၁၂၅)။

---

## အာရမ္မဏပစ္စည်း-သုံးချက်ရ။

၁။ ။ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဖြစ်သောစိတ်ဘုယုတ်ကိုးဆယ်, စေတသိက်ငါးဆယ့်နှစ်ပါး, ရုပ်အဋ္ဌဝီသ, ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်, ဤအာရုံခြောက်ပါးသည်- အာရမ္မဏပစ္စည်း မည်၏။

၂။ ။စိတ်ဘုယုတ်ကိုးဆယ်, စေတသိက်ငါးဆယ့်နှစ်ပါး၊ ဤတရားတို့သည်-အာရမ္မဏပစ္စည်း၏ပစ္စယုပ္ပန်မည်ကုန်၏၊

၃။ ။စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည်-အာရမ္မဏ ပစ္စည်း၏ပစ္စနိက်မည်ကုန်၏၊

---

## အာသယာဒ္ဒ-အဓိပ္ပါယ်။

ဤသုံးချက်ရ၌၊ "ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော" ဟူသော စကားဖြင့် အာရုံခြောက်ပါး ပစ္စည်းတရားသည်၊ကာလအားဖြင့် ပစ္စုပ္ပန် အားဖြင့်လည်း ကျေးဇူး ပြု၏၊ အတိတ်အားဖြင့်လည်း ကျေးဇူး ပြု၏၊ အနာဂတ်အားဖြင့်လည်းကျေးဇူးပြု၏၊ ပဋိသန္ဓေအား ကျေးဇူးပြုသော ထင်ရှားစွာ ပစ္စက္ခမျက်မှောက် ဒိဋ္ဌမြင်အပ်သော ရုပ်ရုံစသော အာရုံမျိုး

သည်၊ ပစ္စုပ္ပန်အားဖြင့်- ကျေးဇူးပြုသောပစ္စည်းဖြစ်၍၊ မနောဒွါရအား ကျေးဇူးပြုသောမြင်တူး, ကြားတူးသော-လွန်လေပြီးသော ရူပါရုံစသော အာရုံမျိုးသည်- အတိတ်အားဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်၍၊ သုဒ္ဓ မနောဒွါရအား ကျေးဇူးပြုသော နောက်ရချခလတ္တံ့, ခံစားလတ္တံ့သော ရူပါရုံစသော အာရုံမျိုးသည် အနာဂတ်အားဖြင့် ကျေးဇူးပြုသောပစ္စည်း ဖြစ်၏-ဟုမှတ်၊

---

## အဓိပတိပစ္စယော-အကြောင်း။

အာဓိယန္တီတိ အဓိနာ။အဓိနာနံ ပတိ အဓိပတိ။ ။

ယေဓမ္မာ၊တို့သည်။အာဓိယန္တိ၊စပ်၍ဖြစ်ဘတ်ကုန်၏၊ ဇာတိ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ အဓိနာ၊မည်ကုန်၏၊ ။အဓိနာနံ၊မိမိနှင့်စပ်၍ဖြစ်ကုန် သောတရားတို့၏၊ ပတိ၊အရှင်တည်း။ အဓိပတိ၊အရှင်။ ။(အဓိနပတိ- ဆိုလိုလျက်၊န-ကြေသည်,။

အဓိပ္ပါယ်ကား.... မိမိနှင့် စပ်၍ဖြစ်ကုန်သော တရားတို့၏ အကြီး အမှူး၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော လွန်ကဲသော တရားသည်- အဓိပတိပစ္စည်းမည်၏။ ။ဟုလို၊

ထိုအဓိပတိပစ္စည်းသည်၊သဟဇာတာဓိပတိ, အာရမ္မဏာဓိပတိအား ဖြင့် ၂-ပါးအပြားရှိ၏၊ သဟဇာတာဓိပတိသည်လည်း၊ ဆန္ဒာဓိပတိ,စိတ္တာ ဓိပတိ,ဝီရိယာ ဓိပတိ,ဝီမံသာဓိပတိ-ဟူ၍ ၄-ပါးအပြားရှိ၏၊ (ထိုလေးပါး တို့၏ အဓိပ္ပါယ်ကို အောက်ကဘွင့်ဆိုခဲ့ပြီ)။ ဆန္ဒာဓိပတိဖြစ်သောအခါ၊ မိမိနှင့်အတူတကွ ဖြစ်ကုန်သော စိတ်နှင့်ကြွင်း စေတသိက်တို့သည်၊ ဆန္ဒသို့သာ ညွတ်ခါ-ကိုင်းခါ၊ ဆန္ဒကို အကြီးအမှူး အဦးထားခါ၊ ဆန္ဒ သဘောအတိုင်းသာဖြစ်ကုန်၏။ ဤသို့ ဆန္ဒသဘောအတိုင်း ဖြစ်မှုကိုပင် ဆန္ဒသည် မိမိနှင့် စပ်ကုန်သော စိတ်,စေတသိက်စသော တရားတို့ကို အကြီးအမှူး အဖြစ်ဖြင့် ကျေးဇူးပြုသည်-ဟုဆိုရ၏။ ။(ကြွင်းနည်း တူသိ)။

အာရမ္မဏာဓိပတိ- ၌လည်း၊ရင်းဇာ္ဇဖြစ်သော အလွန်နှစ်သက်ဘွယ် အာရုံကိုပင် အလေးအမြတ်- အာရုံပြုခါ, ညွတ်ခါ, ကိုင်းခါ- အာရုံအား လျော်စွာသော စိတ်,စေတသိက်စသော တရားတို့သည် ဖြစ်ကုန်၏၊ ဤသို့

ဖြစ်သည်ကိုပင်၊ အာရုံသည့် မိမိနှင့်စပ်ကုန်သော တရားတို့အား အကြီးအမှူး၏အဖြစ်ဖြင့် ကျေးဇူးပြု၏-ဟုဆိုရ၏။

ဆန္ဒာဒယော ရရာဇူတာ ဇေဋ္ဌကာဇူဘာ သယံ သမ္ပယုတ္တဓမ္မေ သာဓယမာနာ ဟုတွာ ပဝတ္တန္တိ၊ တံ သမ္ပယုတ္တဓမ္မာ စ တေသံ ဝသေ ဝတ္တန္တိ။ ။မူလဋီကာ။ ။(၁၂၅)။

သာဓယမာနာတိ ဝသေ ဝတ္တယမာနာ။ ။
အနုဋီကာ။ ။(၁၇၇)။

ဤ၌ အဓိပတိတရားများသည်၊ စေတသိက်တရားများလည်း ဖြစ်ပါလျက်၊ ၎င်းနှင့် သဟဇာတ်ဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့သည်၊ အဘယ့်ကြောင့် ၎င်းအဓိပတိတရား၏အလိုသို့ လိုက်၍၊ ၎င်းသဘော အတိုင်း ဖြစ်ကြပါသနည်း။ "မနောပုဗ္ဗင်္ဂမာဓမ္မာ" အရ-စိတ်၏အလိုသို့သာ လိုက်၍ဖြစ်သင့်ကြသည်မဟုတ်ပါလော-ဟူမူ၊ ။ထိုစကားမှန်၏၊ စိတ်သည်၊ ပြဓာန်းသော ပရမတ်တရားပင် ဖြစ်သော်လည်း၊ ၎င်းစိတ်ဓာတ်သည် အလွန်အားကြီးသော ပုဗ္ဗာဘိသင်္ခါရ-ဟုဆိုအပ်သောဆန္ဒဓာတ်အရှိန်ကို အမှီပြု၍သာ ဖြစ်ပေါ်လာရသဖြင့် ၎င်းဆန္ဒစသော အဓိပတိအတိုင်းသာ ဖြစ်ရကုန်၏။ ၎င်းဆန္ဒ-စသောအဓိပတိတရားဓာတ်အရှိန်သည်၊ အားကြီးလျှင် အားကြီးသလောက်၊ အားနည်းလျှင် အားနည်းသလောက်၊ သဟဇာတ်တရားတို့သည်လည်း ဖြစ်ကြကုန်၏။ ထို့ကြောင့် အဓိပတိပစ္စည်းသည်၊ တပါးသောသူတို့ထက် ကြီးသောသတ္တိဖြစ်၍၊ တိုင်းနိုင်ငံသားတို့အား ကျေးဇူးပြုမှု-အုပ်စိုးမှုကို ပြုတတ်သောစကြဝတေးမင်းနှင့်တူ၏-ဟုဆိုရလေသတည်း။

ဆန္ဒဝတော ကိန္နာမ န သိဇ္ဈတီတိ အာဒိကံ ပုရိမာဘိသင်္ခါရူပနိဿယံ လဘိတွာ။ ။မဟာဋီကာ။ ။(၂၂၆)။
ဆန္ဒာဒိသု ဟိ ဟိနေသု မဇ္ဈိမေသု ပဏီတေသု တံတံ သမ္ပယုတ္တာပိ တထာတထာ ပဝတ္တန္တိ။ ။အနုဋီကာ။ ။(၁၇၇)။

---

အဓိပတိပစ္စည်း သုံးချက်ခု။

၁။ ။အဓိပတိပစ္စည်းသည်၊ ၁-အာရမ္မဏာဓိပတိ။ ၂-သဟဇာတာဓိပတိအားဖြင့် ၂-ပါးရှိ၏၊ ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ်

ကာယဝိညာဏ်ကြဉ်သော အလေးအမြတ် ပြုအပ်သောစိတ် ၈၄-ခု၊ ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ ဣဋ္ဌနိပ္ဖန္နရုပ်အဋ္ဌာရသ၊ နိဗ္ဗာန်၊ ဤ တရားတို့သည်- အာရမ္မဏာဓိပတိ ပစ္စည်းတရား-မည်ကုန်၏။

၂။ ။အလေးအမြတ်ပြုတတ်သော လောဘမူ,မဟာကုသိုလ်,မဟာကြိယာ သမ္ပယုတ်၊ လောကုတ္တရာစိတ် ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာကြဉ်သော စေတသိက် ၄၅-ခုတို့သည် အာရမ္မဏာပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

၃။ ။အလေးအမြတ် မပြုတတ်ခိုက်၊ မပြုတတ်နေ၊ လောကီစိတ် ၈၁-ခု၊စေတသိက် ၅၂-ပါး၊ စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည်- အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

---

**အဝယဝတ္ထ-အဓိပ္ပါယ်။**

သာမည်ဖြစ်သောအာရုံသည်၊အဓိပတိပစ္စည်းမတပ်နိုင်။လွန်ကဲသော အလွန်ကောင်းမြတ်,အလေးအမြတ်ပြုအပ်သော၊အာရုံမျိုးသာအာရမ္မဏာဓိပတိပစ္စည်းတပ်၏။ ထိုကြောင့်"ယံယံ ဓမ္မံဂရုံကတွာ"ဟု ဟောတော်မူ၏။ ထိုဂရုပြုအပ်, အလေးအမြတ်ပြုအပ်သော ရုပ်,နာမ်တရားများကို အောက်ပါဂါထာဖြင့်သိ၊

သေဇံ တိပါကံ တိကြိယံ၊စတုရူပဋ္ဌ သေဇိနော၊
တိပုညံ ကာမပုညဿ၊သေဇဿာဓိပတိ ဘဝေ။
ဥတ္တရံ ဓိယုတ္တဋ္ဌာနံ၊နိဗ္ဗာနံ ဥတ္တရဿ တု။ ။

သေဇံ၊ တဏှာလောဘနှင့်တကွဖြစ်သော လောဘမူစိတ်သည်၎င်း။ တိပါကံ၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော ကာမ, ရူပ, အရူပ-အားဖြင့် သုံးပါးသော လောကီဝိပါက် ၃၁-ခုသည်၎င်း။ တိကြိယံ၊သုံးပါးသောကြိယာစိတ်သည်၎င်း။ စတုရူပဋ္ဌ၊လေးပါးသောအကြောင်းကြောင့်ဖြစ်သော ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ်အဋ္ဌာရသသည်၎င်း။သေဇိနော၊လောဘမူ

စိတ်၅စ်ခုအား။ အဓိပတိ၊အာရမ္မဏာဓိပတိပစ္စည်းတပ်သည်၊ ဘဝေ၊၏။ တိပုဉ်၊ သုံးပါးသော လောကီ ကုသိုလ် စိတ်သည်။ ကာမပုညသာ၊ မဟာကုသိုလ်စိတ်၅စ်ခု အားဉင်း။ သောဇသာ၊ လောဘမူစိတ် ၅စ်ခု အားဉင်း။အဓိပတိ၊အာရမ္မဏာဓိပတိပစ္စည်းတပ်သည်။ ဘဝေ၊၏။ဥက္ကရံ၊ လောကုတ္တရာစိတ်၅စ်ခုသည်။ ဓိယုတ္တဉ္စနံ့၊ မဟာကုသိုလ်,မဟာကြိယာ, ဉာဏသမ္ပယုတ်စိတ်၅စ်ခုတို့အား၊အဓိပတိ၊သည်၊ဘဝေ၊၏။နိဗ္ဗာနံ၊သည်။ ဥက္ကရသတေ၊ လောကုတ္တရာ စိတ်၅စ်ခုအားဉင်း။ ဓိယုတ္တဉ္စနံ့၊ မဟာ ကုသိုလ်,မဟာကြိယာ,ဉာဏသမ္ပယုတ်စိတ်၅စ်ခုတို့အားဉင်း။ အဓိပတိ၊ သည်။ဘဝေ၊၏။ ။

အဓိပ္ပါယ်ကား....အလေးအမြတ်ပြုအပ်သော လောဘမူစိတ် ၈ ခု၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော လောကီဝိပါက် ၃၁-ခု၊ ကြိယာစိတ်ဝိသ၊ ရုပ္ပဖြစ်သောနိပ္ဖန္နရုပ် ၁၈ ခုသည်၊ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခုအားသာ အာရမ္မဏာဓိပတိပစ္စည်း တပ်၏။ ။လောကီကုသိုလ်သတ္တရသသည်၊ မဟာကုသိုလ်စိတ် ၈-ခု၊ လောဘမူစိတ် ၈-ခုအား အာရမ္မဏာဓိပတိပစ္စည်းတပ်၏။ ။လောကုတ္တရာ စိတ် ၈- ခုသည်၊ မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၈ ခုအား အာရမ္မဏာဓိပတိပစ္စည်းတပ်၏။ ။နိဗ္ဗာန်သည်၊ လောကုတ္တရာ စိတ် ၈-ခု၊မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၈ ခုအား အာရမ္မဏာဓိပတိပစ္စည်းတပ်၏။ ။ဟူလို၊

ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်နှင့် ၎င်းတို့နှင့်ယှဉ်ကုန်သော ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ စေတသိက်တို့ကို၊ သာယာခွဲလမ်းအပ်သော ဣဋ္ဌတရားမျိုးမဟုတ်ကြ၍၊ ကြဉ်ရကုန်၏။ပညတ်တရားတို့သည်လည်း သဘောတရားကိုယ်အားဖြင့် ထင်ရှားစွာမရှိကြ၊ အနိဋ္ဌတရားများဖြစ်သဖြင့် အလေးအမြတ်ဖြစ်အောင် ကျေးဇူးမပြုနိုင်ကြ၍- အာရမ္မဏာဓိပတိမထိုက်ကုန်၊ မဟဂ္ဂုတ်ဇောစိတ် များသည် ပစ္စည်းတပ်နိုင်၍ အဘယ့်ကြောင့် ပစ္စယုပ္ပန္နမပါပါသနည်း- ဟူမူ၊ ၎င်းတို့သည် ဈာန်စိတ်များပင် ဖြစ်ကုန်သော်လည်း ဆင်ခြင်မှု, သာယာမှုကိစ္စများကို မဆောင်ရွက်နိုင်သောကြောင့် ပစ္စယုပ္ပန္နမပါကုန်- ဟူမှတ်။

---

## သဟဇာတာဓိပတိ-သုံးချက်စု။

၁။ ။မေဟာမူလဋ္ဌ၊ ဟာသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၌ ရှိသော-ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသ-ဟုဆိုအပ်သောအဓိပတိ တရားကိုယ် သုံးပါး, လေးပါးတို့တွင် တပါးပါးသည်- သဟ ဇာတာဓိပတိပစ္စည်းမည်၏။

၂။ ။အဓိပတိတပ်ခိုက်, တပ်နေ၊ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁-ခု၊သာဓိပတိစိတ္တဇရုပ်၊ ဤတရားတို့သည် သဟဇာတာ ဓိပတိပစ္စည်း၏ပစ္စယုပ္ပန်မည်ကုန်၏။

၃။ ။အဓိပတိပစ္စည်းကိုမရခိုက်,မရနေ၊ကာမစိတ် ၅၄-ခု၊မဟာဂ္ဂုတ် ဝိပါက် ၉-ခု၊ စေတသိက် ဒွေပဉ္စသာ၊ အဓိပတိတပ်ခိုက်, တပ်နေ၊ ထိုအဓိပတိတပ်သော တရားကိုယ် ၃-ပါး, ၄-ပါး။ နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက်မည် ကုန်၏။

---

## အဝယဝတ္ထု-အဓိပ္ပါယ်။

ဤပစ္စည်း၌-တပ်ခိုက်ကား ဇကြန်အမြဲ့တပ်၊တရံတခါ တပ်သောအခါ ကိုဆိုလိုသည်။ ဤကာမဇော-တို့သည် အမြဲဇကြန်အဓိပတိမတပ်သော တရားတို့တည်း။ တပ်နေ-ဆိုသည်ကား အမြဲဇကြန် တပ်သည်-ဟုဆိုလို သည်။ ဤ၌ မဟာဂ္ဂုတ်ဇော, လောကုတ္တရာဇောများသည် အဓိပတိအမြဲ တပ်သောတရားတို့တည်း။အဘယ့်ကြောင့် ကာမဇောများသည် အဓိပတိ အမြဲမတပ်ပါသနည်းဟူမူ။ရင်းဇော၌ရှိသော ဆန္ဒ-စသောအဓိပတိတရား တို့သည် နီဝရဏစသော အနှောင့်အရှက် တရားများဖြင့် နှောင့်ရှက် ဖျက်ဆီးအပ်၍၊အားသေးသောကြောင့် အမြဲမတပ်ပါဘဲ ရင်းဘို့ကင်းရှင်း သောအခါ ဖြစ်ရန်အကြောင်း သင့်လျော်သောအခါ၌သာ တပ်လေ၏။ မဟာဂ္ဂုတ်စိတ်တို့၌ကား၊ ဆိုအပ်ပြီးသော နီဝရဏအားကြီးသောကြောင့် ဝေးရန်မှ-အမြဲကင်းဝေးသဖြင့် အမြဲတပ်လေသတည်း။

နဟိ တေ ဓမ္မာ သဟဇာတာဓိပတိ ဝိနာ ဉပ္ပဇ္ဇန္တိ။ ။
ပဋ္ဌာန်းအဋ္ဌကထာ။ (၃၀၄)။

အပ္ပနာ ပတ္တာ ကုသလကြိယာ ဓမ္မာ မဟာဗလာ သာဓိပတိကာ ဧဝ ဟောန္တိ။ ။ပဋ္ဌာန်း-အနုဋီကာ။ ။(၁၉၅)။

မောဟာမူစွေနှင့် ဟသိတုပ္ပါဒ်တို့ကို အဘယ့်ကြောင့်ကြဉ်ရပါသနည်းဟူမူ။ ။ဟသိတုပ္ပါဒ်စိတ်ကား၊အဟိတ်စိတ်ဖြစ်၍၊ဟိတ်တရားမရှိသဖြင့် ၎င်း၌ရှိသော ဝိရိယသည် အားနည်းလှသောကြောင့် အဓိပတိမတာပ်နိုင်၍ ကြဉ်ရသည်၊ ။မောဟာမူစွေ- ကား၊ မောဟဟိတ်ပင် ရှိသော်လည်း၊ ဟိတ်တပါးတည်းဖြစ်၍၊ ယှဉ်ဘော်ယှဉ်ဘက် ဟိတ်မရှိ၍ အားနည်းလှသောကြောင့် ၎င်း၌ရှိသောဆန္ဒ,ဝိရိယတို့သည် အဓိပတိမဖြစ်ထိုက်ကြ၍ ကြဉ်ရသည်။ ။

ဇောထိုက်သောစိတ်များသာ၊အဓိပတိဖြစ်၍၊ဇောမထိုက်သော ဝိပါက်စိတ်ကား၊ အဘယ့်ကြောင့် အဓိပတိ မဖြစ်ထိုက်ပါသနည်း-ဟူမူ။ ။ ဇောစိတ်များကား၊ထက်မြက်သန်စွမ်း,အားကြီးသောကြောင့် ၎င်းစိတ်နှင့် ၎င်း၌ယှဉ်သော ဆန္ဒစသော စေတသိက်တို့သည်- သဟဇာတာဓိပတိ ပစ္စည်းထိုက်ကုန်၏။ ဝိပါက်စိတ်များကား၊ ကံအဟုန်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများဖြစ်၍ အားအရှိန်နည်းသောကြောင့် ၎င်းတို့၌ ရှိကုန်သော ဆန္ဒ- စသောတရားများသည်- သဟဇာတာဓိပတိ မထိုက်ကုန်-ဟုမှတ်။

ဆိုလိုရင်းကား.... ဇောစိတ်များနှင့် ၎င်းတို့၌ရှိသော ဆန္ဒ-စသော စေတသိက်တို့သည်၊မိမိကြံစည်သမျှ-အလိုရှိအပ်သောအကျိုးမှန်သမျှကို မဖြစ်,ဖြစ်အောင်မရ,ရအောင် အားထုတ်မှု-အားပေးမှုကိစ္စများကိုဖြစ်စေနိုင်အောင် အားအရှိန်ကြီးမား၏။ ဝိပါက်စိတ်များကား၊ ရှေးရှေးဘဝက အားထုတ်ခဲ့သော ကံ၏အရှိန်အဟုန်ကြောင့်သာလျှင်၊ အလိုအလျောက် ဖြစ်ပေါ်လာသော အကျိုးဝိပါက်တရားမျှဖြစ်၍၊ ၎င်းက တဘန် တစုံတခု သောကိစ္စကို ပြီးစီးနိုင်ရန် အားပေးမှု-တိုက်တွန်းမှုစသည်ကို မဖြစ်စေနိုင်၊ အားအလွန်နည်း၏။ထို့ကြောင့် ဇောစိတ်များနှင့်၎င်း၌ရှိသော ဆန္ဒစသော တရားများသာ အဓိပတိပစ္စည်းထိုက်၍၊ဝိပါက်နှင့်၎င်း၌ရှိသောဆန္ဒစသော တရားများကား၊အဓိပတိပစ္စည်းမထိုက်၊ ။ဟူလို၊

တေ သန္တသဘာဝါ ဝိပါကုပ္ပါဒနမ္ဗာပါရရဟိတာဝ ဟောန္တိ။ ။
အနုဋီကာ။ ။(၁၀၁)။

ထိုသို့ဖြစ်ပါက ဖိုလ်စိတ်သည်၊ ဝိပါက်မျိုးပင်ဖြစ်ပါလျက်၊ အဘယ့်ကြောင့်-အဓိပတိပစ္စည်းတပ်နိုင်ပါသနည်း-ဟူမူ။ ။၎င်းဖိုလ်စိတ်သည်၊ ဝိပါက်စိတ်ပင်ဖြစ်သော်လည်း ဇောဖြစ်သော ဝိပါက်ဖြစ်သောကြောင့်-အဓိပတိပစ္စည်းတပ်သတည်း။

အခြားသော ဝိပါက်များကား၊ ဇောမထိုက်ပါဘဲ၊ အဘယ့်ကြောင့် ဖိုလ်စိတ်သာ ဇောထိုက်ပါသနည်းဟူမူ၊ ။ဖိုလ်စိတ်ကား၊ ဝိပါက်ပင်ဖြစ်သော်လည်း ၎င်း၏အကြောင်းဖြစ်သော မဂ်စိတ်နှင့် အလွန်နီးကပ်၍၊ အနန္တရပစ္စည်းကိုရသဖြင့် အားအရှိန်ကြီး၏။ အစွမ်းထက်သန်၏။အာရုံ၊ အရသာကိုခံစားနိုင်၏။ ထို့ကြောင့် ဇောထိုက်၏။ အခြားသော ဝိပါက်များကား၊မိမိ၏အကြောင်းဖြစ်သော ကံတရားနှင့် အလွန်တရာဝေးကွာ၍၊ အနန္တရပစ္စည်းကိုမရ၊အာရုံအရသာကိုလည်း မခံစားနိုင်၍၊ဇောသဘောလည်းမရှိသဖြင့် ရေ၏အပြင်၌တည်နေသော မှော်မြေးတို့ကဲ့သို့ လွန်စွာအားနည်းလှ၏။ထိုထိုကိစ္စကိုမပြီးစေနိုင်၊ထို့ကြောင့်-ဇောမထိုက်-ဟုမှတ်။

ဇဝနသဘာဝေါ စ အာရမ္မဏရသာနုဘဝနံ၊အာရမ္မဏော စ တံတံ
ကိစ္စသာဓနဝသေန ဇဝမာနဿ ဝိယ ပဝတ္တိဝါ။ ။
မဏ္ဍူသာဋီကာ။ ။(၂၉၀)။

**သုံးပါး လေးပါး**....ဟူသည်ကား၊ ဒွိဟိတ်ဇောများ၌ ဉာဏဝိပ္ပယုတ်ဖြစ်၍၊ ဝီမံသာဓိပတိမှတပ်း ကြွင်းသောအဓိပတိ ၃-ပါးသာရှိ၍၊ သုံးပါး-ဟုဆိုရ၏။ တိဟိတ်ဇောများ၌ကား၊ဉာဏသမ္ပယုတ်ဖြစ်၍၊ ဝီမံသာဓိပတိ ပါရနိုင်၍၊လေးပါး-ဟုဆိုရ၏။

**တပါးပါး**.... ဟူသည်ကား၊ ဟေတုပစ္စည်းသည် ပတိဋ္ဌာနသတ္တိရှိ၍ ဟိတ် ၂-ပါးသော်၎င်း၊ ၃-ပါးသော်၎င်း၊တပြိုင်နက် ပစ္စည်းတပ်နိုင်၏။ဤအဓိပတိ ပစ္စည်းကား၊ ဟိတ်ကဲ့သို့ ၂-ပါး၊ ၃-ပါးတပေါင်းတည်းပစ္စည်း မတပ်နိုင်၊ တပါးတပါးစီသာလျှင် ပစ္စည်းတပ်၏။ အကြောင်းသော်ကား၊ ဤပစ္စည်းကား၊အကြီးအကဲ၏အဖြစ်ဖြင့်ကျေးဇူးပြုသော ပစ္စည်းတရားမျိုး ဖြစ်၍၊အကြီးအကဲသည်၊ ၂-ပါး ၃-ပါးစသည်ဖြင့် တပေါင်းတည်းပစ္စည်း မတပ်နိုင်။ ရွှေဂူတခုအတွင်း ခြင်္သေ့မင်း ၂-ပါးအောင်းနေရိုးမရှိသကဲ့သို့၊ ဆန္ဒအားအရှိန်ကြီးမားနေစဉ်၊ ဝီရိယ-အားအရှိန်သည်၊ တပြိုင်နက် ကြီးရိုး

ထိုးစံမရှိ၊ မဖြစ်နိုင်၍၊ တပါးစီသာ ပစ္စည်းတပ်နိုင်၏-ဟုမှတ်။ ထို့ကြောင့် ဟေတုပစ္စည်း၌"ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု ဟောတော်မူ၍၊ဤ၌"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟုအသီးအခြားတပါးစီ ထုတ်၍ ဟောတော်မူရလေသတည်း။

ဧကက္ခဏေ အဘာဝတော၊ ဟေတဝေါ ဟိ ဒွေ
တယော ပိ ဧကက္ခဏေ ဟေတုပစ္စယာ ဟောန္တိ။ ။
မဟာဋီကာ။ ။(၂၂၆)၊

ပစ္စယုပ္ပန်၌ ဝိစိကိစ္ဆာ စေတသိက်ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်းဟူမူ။ ။ဝိစိကိစ္ဆာ စေတသိက်သည်၊ ဝိစိကိစ္ဆာစိတ်၌သာ အမြဲယှဉ်၏၊ အခြားသောလောဘမူစိတ်တို့၌ မယှဉ်၍၊ တရံတခါမျှ အဓိပတိအထောက်အပံ့ကိုမရ။ထို့ကြောင့် ၎င်းကိုပစ္စယုပ္ပန်၌ ကြဉ်ရသည်။

ရုပ်တို့တွင်သာဓိပတိစိတ္တဇရုပ်သည်တပါးတည်းသာ ပစ္စယုပ္ပန်ဖြစ်၍၊ အခြားသောရုပ်များသည် အဘယ့်ကြောင့်ပစ္စယုပ္ပန်မဖြစ်ကုန်ဘဲ၊ပစ္စနိက်ဖြစ်ကြကုန်သနည်းဟူမူ၊ ။သာဓိပတိစိတ္တဇရုပ်သည်သာလျှင်၊ ပဝတ္တိအခါ၌ဝယ်၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်နိုင်သောကြောင့် ပစ္စယုပ္ပန်ဖြစ်သည်။ ကြွင်းသောရုပ်တို့သည်၊ အဓိပတိပစ္စည်းနှင့် မဆိုင်၊ ကျေးဇူးမပြုနိုင်၍၊ ပစ္စနိက်ထုတ်ရ၏။ထိုတွင်ကမ္မဇရုပ်ကား၊ကံကြောင့်သာဖြစ်သောကြောင့် အဓိပတိပစ္စည်းမတပ်နိုင်။ ဥတုဇရုပ်ကား၊ အဇ္ဈတ္တ၌ပင်ဖြစ်သော်လည်း၊ ဥတုကြောင့်သာဖြစ်၍၊ အဓိပတိပစ္စည်းမတပ်နိုင်။ ဗာဟိရရုပ်များကား၊ အဇ္ဈတ္တသန္တာန်၌ပင်မဖြစ်သောကြောင့်- အဓိပတိပစ္စည်းမတပ်နိုင်။ ၎င်းသာဓိပတိစိတ္တဇရုပ်များသည်၊ ပဋိသန္ဓေအခိုက်၌ အဓိပတိစိတ်မဖြစ်နိုင်၊ ဝိပါက်စိတ်သာ ဖြစ်ခိုက်ဖြစ်၍၊ ပဋိသန္ဓေအခါ၌ သာဓိပတိစိတ္တဇရုပ်ကို မရအပ်-ဟုမှတ်၊ ။(ကြွင်းပေါ်လွင်ပြီ)၊

ဆောင်ပုဒ်။

က၊ ။ကာမဇောမမြဲ၊မဟဂ်မြဲ၊ကြောင်းခွဲသွားရန်ကင်း,မကင်း။
ခ။ ။ဟိတ်ကားကင်းပ၊အားနည်းသ၊ကြဉ်ရ-ဟသိ,မော။
ဂ။ ။ဗုဒ္ဓပါကင်းပ၊ဝိပါက၊ကြဉ်ရ-ဓိပတိ။
ဃ။ ။ဖိုလ်စိတ်မှတ်ရှု၊နန္တရ၊ရမှုမကြဉ်ရ၊
င။ ။ဓိပတိစိတ်၊ဖြစ်ဒိုပ်ရုပ်သာ၊ရထိုက်ပါ၊ကြွင်းမှာ-မရထိုက်။

## အနန္တရပစ္စယော-အဘွင့်။

အန္တံ ပရိယောသာနံ အရတိ-ဂစ္ဆတီတိ အန္တရော။
အန္တေ-ပရိယောသာနေ ဝါ အရတိ-ပဝတ္တတီတိ အန္တရော။ ။

ယောဓမ္မော၊သည်။ အန္တံပရိယောသာနံ၊ အဆုံးသို့။ အရတိ-ဂစ္ဆတိ၊ ရောက်တတ်၏။ဣတိ၊ကြောင့်။သော၊သည်။အန္တရော၊အန္တရ-မည်၏။ ။ ဝါ၊ တနည်းကား။ ယော၊ သည်။ အန္တေ-ပရိယောသာနေ၊၌။ အရတိ ပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ၊ကြောင့်၊ သော၊သည်။အန္တရော၊မည်၏။

ဝိဂြိုဟ်အရ....ဝတ္ထု၊ဒြဗ်၏အဆုံးသို့ ရောက်သော, အဆုံး၌ဖြစ်တတ်သောအကြား, အပေါက်သည်-အန္တရ-မည်၏။ ။ဟုလို။ ။(ဤအလို-အန္တသဒ္ဒါ၊ပပဒ,အရဓာတ်-ဂတျတ္ထဝါစီ)။

အန္တရာယတီတိ အန္တရော။

အန္တရာယတိ၊ ခြားဆီးသကဲ့သို့ကျင့်တတ်,ပြုတတ်၏။ ဣတိ၊ကြောင့်။ အန္တရော၊အန္တရ-မည်၏။ ။(ဤကား-မဟာဋီကာဆရာ၏အလိုတည်း။ ဤအလို-အန္တရသဒ္ဒါ-နာမဓာတ်၊ပဗ္ဗတာယတိ-ကဲ့သို့မှတ်)။

နတ္ထိ အန္တရော ဧတဿာတိ အနန္တရော။ ။အနန္တရော
စ သော ပစ္စယော စာတိ အနန္တရပစ္စယော။ ။

ဧတဿ၊ ထိုပစ္စည်းအား။ အန္တရော၊ အခြားသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ကြောင့်။ အနန္တရော၊ မည်၏။ ။အနန္တရော စ၊ အခြားမရှိသည်လည်း။ ဟောတိ၊၏။ သော၊သည်။ ပစ္စယော စ၊ သည်လည်း။ ဟောတိ၊၏။ ဣတိ၊ ကြောင့်။အနန္တရပစ္စယော၊မည်၏။ ။

အဓိပ္ပါယ်ကား....စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည်၊သားကြီး ရတနာအား၊ အဘိသိက်ခံခြင်း၌ အခြားမရှိ, အကြားမရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊အခြားမရှိ,ခြားသောတရားမရှိသောအားဖြင့် ကျေးဇူး ပြုသောပစ္စည်းသည်-အနန္တရပစ္စည်းမည်၏။ ။ဤ၌-အခြားမရှိဟူသည် မှာ၊တအိမ်နှင့်တအိမ်, လူတယောက်နှင့်တယောက်တို့၏အလယ်၌ ဝိဝရ ပညတ်ဟုဆိုအပ်သော-အကြားအပေါက်ရှိသကဲ့သို့အကြားအပေါက်မရှိ၊

ခြားနေသောတရားမရှိ ကောင်းသော၊ ရှေ့စိတ်နှင့်နောက်စိတ်ဖြစ်ရာ၊ ရှေး စိတ်၏ချုပ်သည်မှ နောက်ထပ်ဖြစ်သော ဝီထိစိတ်မျိုးကို ဆိုလိုသည်၊ နောက်စိတ်ဖြစ်ရမှုသည်၊ ရှေ့စိတ်ချုပ်ပေးမှ ဖြစ်ရသောကြောင့် ရှေ့စိတ် သည်-ပစ္စည်း။ နောက်စိတ်သည်-ပစ္စယုပ္ပန်၊ ထိုပစ္စည်းတရားသည်၊ နောက် စိတ်တည်းဟူသော ပစ္စယုပ္ပန်တရားဖြစ်ပေါ်လာသောအခါ၊ ပျောက်ကွယ် ချုပ်ငြိမ်း၍၊ သွားသဖြင့် စကြဝတေးမင်းကြီး နတ်ရွာလားမှုနှင့် ပမာပြုအပ် ပါသတည်း။ ထိုရှေ့စိတ်, နောက်စိတ်တို့၌ အလယ်၌ အကြားမရှိ၊ ခြားနေ သောတရားမရှိသောကြောင့်- အနန္တရ ဟုလည်း ဆိုရ၏၊ ဤသို့ခြားဆီး ခြင်းမရှိသောအားဖြင့် ကျေးဇူးပြုသောတရားသည်- အနန္တရပစ္စည်းမည် ၏။ ။ဟူလို၊

---

## အနန္တရပစ္စည်း-သုံးချက်ရ။

၁။ ။ရဟန္တာတို့၏ရတိစိတ်ကြဉ်သောရှေးရှေးသောစိတ်တခုယုတ် ကိုးဆယ်,စေတသိက်ငါးပညာသ, ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါးသည်-အနန္တရပစ္စည်းတရားမည်၏။

၂။ ။ရဟန္တာတို့၏ ရတိစိတ်နှင့်တကွသော နောက်နောက်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ငါးပညာသ, ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါးသည်-အနန္တရပစ္စည်း၏ပစ္စယုပ္ပန် မည်၏။

၃။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရား တို့သည်-အနန္တရပစ္စည်း၏ပစ္စည်းနိက်မည်ကုန်၏။

---

## အဝယာဝတ္တ-အဓိပ္ပါယ်။

ဤ၌၊ ရဟန္တာတို့၏ ရတိစိတ်ကိုကြဉ်ရသည်ကား၊ ရဟန္တာအရှင်မြတ် တို့သည်၊ နောက်ထပ်ပဋိသန္ဓေ တည်နေဘွယ်ကံစွမ်းမရှိသဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူရာ၊ ရတိစိတ်၏နောက်၌၊ ပဋိသန္ဓေစိတ်, စေတသိက်ပစ္စယုပ္ပန် ဖြစ်ပေါ်ခြင်းမရှိသောကြောင့် ကြဉ်ရသည်။ ။ရတိ၏ရှေး၌ဖြစ်သော ပစ္စည်းတရားရှိ၍ ပစ္စယုပ္ပန်၌ ရတိစိတ်ပါရ၏၊ ။ဤပစ္စည်းသည်၊ အခြား

မရှိသောအားဖြင့် ကျေးဇူးပြု၏-ဆိုသော်၊ နိရောဓသမာပတ်မှထတော်မူသည့်နှင့် နိရောဓသမာပတ်ဝင်စားသောအနာဂါမ်ပုဂ္ဂိုလ် ရဟန္တာအရှင်မြတ်တို့၏အဆုံးစွန်ဖြစ်သော နေဝသညာနာသညာယတနကုသိုလ်သည်၊ ၇-ရက်အတွင်း စိတ်ဖြစ်သည်မရှိ၊ ချုပ်ငြိမ်းလေရာ၊ ၇-ရက်စေ့သဖြင့် နိရောဓသမာပတ်မှထတော်မူသောအခါ၊ ရှေးဦးစွာဖြစ်သော အနာဂါမိဖိုလ်စသည့်တို့အား၊ ၇-ရက်တိုင်တိုင် ခြားနေသည်ဖြစ်၍၊ အဘယ်လျှင် အနန္တရပစ္စည်း တပ်နိုင်ပါအံ့နည်း။ ထိုမှတပါး၊ ကမ္ဘာငါးရာပတ်လုံး အသညသတ်ဘုံ၌ ဖြစ်နေသော အသညသတ်ဖြဟ္မာကြီးသည်၊ ရတေ့၍ ကာမဘုံ၌ဖြစ်လတ်သောအခါ၊ ၎င်းကာမပဋိသန္ဓေစိတ်သည်၊ ကမ္ဘာငါးရာကာလပတ်လုံး ခြားနေသည်ဖြစ်၍ အဘယ်လျှင် အနန္တရ ပစ္စည်းတပ်သော ပစ္စယုပ္ပန်တရားဖြစ်နိုင်မည်နည်း ဟူမူ။

> နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ ။

ပဋ္ဌာန်းပဥ္စာဝါရပါဠိတော်အရ၊ နေဝသညာနာသညာယတနကုသိုလ် အဆုံးဇောသည်၊ နိရောဓသမာပတ်မှ ထသောအခါ ၇-ရက် စသော ကာလပင်ခြားသော်လည်းအနာဂါမိဖိုလ်စသည်အား၊အနန္တရပစ္စည်းတပ်နိုင်၏။ အသညသတ်ဘုံသို့ မရောက်မီ၊ ကာမာဝစရစုတိဟိတ်စုတိသည်လည်း၊အသညသတ်ဘုံ၌ ကမ္ဘာငါးရာကာလပတ်လုံး ရုပ်တရားပင်၊ ခြားသော်လည်း တဘန်ကာမပဋိသန္ဓေအား၊ အနန္တရပစ္စည်းတပ်နိုင်၏။ ။ ဆိုလိုရင်းကား- ကာလခြားခြင်း၊ရုပ်ခြားခြင်းသည်၊ အခြားရှိသည်မမည်။ နာမ်တရားချင်း အခြားရှိလျှင်သာအခြားရှိသည်မည်၍၊ အနန္တရပစ္စည်း မထိုက်။အကြောင်းကား၊ ၇-ရက်ပင်ခြားလင့်ကစား၊ ရှေးချုပ်နှင့်ပြီးသော နေဝသညာနာသညာယတနကုသိုလ်စသည်သည်၊ နောက်အနာဂါမိဖိုလ်ဖြစ်ခြင်း၏ အကြောင်းပင်ဖြစ်သောကြောင့်တည်း။ ။(အကျယ်လိုမူ-ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာ၊မူလဋီကာတို့၌ရှုလင့်ကုန်)။

> နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ဖလသမာပတ္တိနံ အသညသတ္တာ စဝန္တဿ ပုရိမစုတိ ပစ္ဆိမပဋိသန္ဓိနံ နိရောဓုပ္ပါဒနိရန္တရတာယ ကာလန္တရတာ နတ္ထီတိ ဒဋ္ဌဗ္ဗာ။ ။
> မူလဋီကာ။ ။(၁၂၆)။

နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တဿ၊ ထသော အနာဂါမ်ပုဂ္ဂိုလ်၏။ နေဝသညာ နာသညာယတနဖလသမာပတ္တိနံ၊ နေဝသညာနာသညာယတနကုသိုလ်အဆုံးဇောနှင့်အနာဂါမိဖိုလ်သမာပတ်တို့၏ရင်း။ အသညသတ္တာ၊အသညသတ်ဘုံမှ၊ စဝန္တဿ၊ရွေ့သောအသညသတ်ဖြဟ္မာ၏။ ပုရိမစုတိပစ္ဆိမပဋိသန္ဓီနံ၊ အသညသတ်ဘဝမှ ရှေးဖြစ်သောကာမဘုံပဟိတ် စုတိစိတ်နှင့် နောက်ဖြစ်သော ကာမပဋိသန္ဓေ တို့၏ရင်း။ နိရောဓပ္ပါဒနိရန္တရတာယ၊ချုပ်ခြင်းဖြစ်ခြင်း၏နာမ်တရားအခြားမရှိသည်၏အဖြစ်ကြောင့်။ကာလန္တရတာ၊ ၇-ရက်,ကမ္ဘာငါးရာပင်ခြားသော်လည်း ကာလခြားသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိပေ။ ။(ဤကား- မူလဋီကာ အနက်)။

## ဆောင်ပုဒ်။

ရုပ်နှင့်ကာလ၊ခြားတုံကလျှင်း၊နာမ်ချင်းမခြား၊ဖြစ်တုံငြား၊
တပ်ထား-အနန္တရ။

---

## သမနန္တရပစ္စယော-အဘွင့်။

သဏ္ဌာနာဘာဝေန သုဋ္ဌု အနန္တရောတိ သမနန္တရော။

သမနန္တရော စ သော ပစ္စယော စာတိ သမနန္တရပစ္စယော၊ ။

သဏ္ဌာနာဘာဝေန၊ အလုံးအဝန်းစသော သဏ္ဌာန်မရှိသည်၏အဖြစ်ကြောင့်၊ သုဋ္ဌု၊ ကောင်းစွာ။ အနန္တရော၊ အခြားမရှိသည်တည်း။ ဣတိ၊ ကြောင့်၊ သမနန္တရော၊ သမနန္တရ-မည်၏။ ။သမနန္တရောစ၊ ကောင်းစွာ အခြားမရှိသည်လည်း။ ပစ္စယောတိ၏၊ သော၊ဟူသည်။ ပစ္စယောစ၊ သည်လည်း၊ ပစ္စယောတိ၊၏၊ဣတိ၊ကြောင့်၊သမနန္တရပစ္စယော၊မည်၏။ ။

အဓိပ္ပါယ်ကား….စကြဝတေးမင်းကြီး၏ ရတနာ်ပြုခြင်းသည်၊သားကြီး ရတနာအား မင်းအဖြစ်ကိုရစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့၊ နောက်စိတ်အားကောင်းစွာအခြားမရှိသောအားဖြင့် ကျေးဇူးပြုသော ရှေးစိတ်သည်-သမနန္တရပစ္စည်းမည်၏။ ။ဟူလို။

## အနန္တရပစ္စည်းနှင့်-သမနန္တရပစ္စည်း၊အထူး။

ငင်း ၂-ပစ္စည်းတို့သည် သံသဒ္ဒါမျှသာထူးကုန်၏။ အရတရားကိုယ်အားဖြင့်မထူး၊ အတူတူသာတည်း။ ထိုသို့တူပါလျက် အဘယ့်ကြောင့်

သမနန္တရပစ္စည်းကို ထပ်မံ၍ဟောရပြန်ပါသနည်းဟူမူ။ ။အနက်ပင်တူသော်လည်း ဥပစယသန္တတိတို့ကဲ့သို့ရင်း,အပစိဝစနဒုက်-နိရုတ္တိဒုက်တို့ကဲ့သို့ရင်း, ဝေနေယျတို့၏အလိုအားလျော်စွာထပ်မံ၍၊ ဟောတော်မူရ၏-ဟုမှတ်။

> ယော အနန္တရပစ္စယော၊သွေဝ သမနန္တရပစ္စယော။
> ဗျဉ္ဇနမတ္တမေဝ ဟေတ္ထ နာနံ၊ဥပစယသန္တတိအာဒီသု
> ဝိယ အဓိဝစနနိရုတ္တိဒုကာဒီသု ဝိယစ။ အတ္ထတော
> ပန နာနံ နတ္ထိ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၁)။

ယော၊အကြင်တရားသည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ သွေဝ၊ ထိုအနန္တရပစ္စည်းဖြစ်သော တရားသည်ပင်လျှင်။ သမနန္တရပစ္စယော၊သည်။ ဟောတိ၊ဖြစ်၏။ဟိ၊မှန်၏။ ဧတ္ထ၊ ဤပစ္စည်း ၂-ပါးတို့၌။ ဗျဉ္ဇနမတ္တမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူး၏၊ ကေသုဝိယ၊ အဘယ်ပုဒ်တို့၌ကဲ့သို့နည်း- ဟူမူကား။ ဥပစယသန္တတိအာဒီသုဝိယစ၊ ဥပစယသန္တတိတို့၌ကဲ့သို့ရင်း။အဓိဝစနနိရုတ္တိဒုကာဒီသုဝိယစ၊မာတိကာ အဓိဝစနဒုက်, နိရုတ္တိဒုက်အစရှိသည်တို့၌ကဲ့သို့ရင်းတည်း။ ပန၊ဗျတိရိက်ကိုဆိုဦးအံ့။အတ္ထတော၊တရားကိုအနက်သဘောအားဖြင့်။ နာနံ၊ထူးသည်၏အဖြစ်သည်။ နတ္ထိ၊မရှိ။ ။(ဤကား-အဋ္ဌကထာဆရာ၏အလိုတော်ကျအဓိပ္ပါယ်တည်း)။

**ကေစိဆရာ၏ဝါဒ။**

အရှင်ရေဝတစသော ကေစိဆရာများကား၊သရုပ်တရားကိုယ်ဟူသော အနက်အားဖြင့် ခြားခြင်းသည်- အနန္တရပစ္စည်းမည်၏။ ကာလအားဖြင့် ခြားခြင်းသည်- သမနန္တရပစ္စည်းမည်၏- ဟုမိန့်ဆိုတော်မူကုန်၏။ ၎င်းကေစိဆရာတို့၏ စကားကို မသင့်ဟုအဋ္ဌကထာဆရာမြတ်ပယ်ရှားတော်မူ၏။

အကြောင်းကား....နိရောဓသမာပတ်မှထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏ နေဝသညာ နာသညာယတနကုသိုလ်ဇော, ကြိယာဇော-သည်၊အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သမာပတ်တို့အား သမနန္တရပစ္စည်း တပ်နိုင်၏-ဟု ပဋ္ဌာန်းပါဠိတော်-ပဉ္စဝါရ၌လာရှိသောကြောင့်တည်း။ ။(၎င်းပါဠိတော် အောက်ကဘွင့်ဆိုခဲ့ပြီ)။

## မူလဋီကာ-အဆုံးအဖြတ်။

ဤသို့အဋ္ဌကထာဆရာမိန့်ဆိုတော်မူသောအတိုင်း၊အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည်၊ အရတရားကိုယ် သရူပတ္ထအားဖြင့် တူသော်လည်း၊ ကျေးဇူးပြုပုံပစ္စယသတ္တိအားဖြင့်ကား၊ ထူးခြားပေ၏၊ ထူးခြားပုံကား....ရှေးရှေးဖြစ်သောစိတ်သည်၊ချုပ်သွားသော်လည်းမိမိ၏နောက်၌ ဝိထိဆုံးသည်တိုင်အောင် စိတ်အစဉ်ပြတ်၍ ခြားမသလ်စေဘဲ၊ မိမိနှင့် သဘောတူသော နာမ်တရားတခုဖြစ်ပေါ်လာအောင်၊ အခြားမရှိစေသော အားဖြင့် ကျေးဇူးပြုသော သတ္တိသည်-အနန္တရပစ္စယသတ္တိမည်၏၊

ရုပ်တရားတို့ကဲ့သို့ နာမ်တရားတို့သည်၊အဝန်းအဝိုင်းစသော သဏ္ဌာန် မရှိသောကြောင့်၎င်း, ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည်၊ အတူ တကွ တနေရာတည်း၌ တည်ခြင်းမရှိသောကြောင့်၎င်း, ဤစိတ်ကား၊ ဤ စိတ်၏အောက်၌ဖြစ်၏။ ဤစိတ်ကား၊အထက်၌ဖြစ်၏၊ ဤစိတ်ကား၊ဘီလာ ဖြစ်၏-ဟု ဝေဘန်ပိုင်းခြား၍မရနိုင်။ ရှေးစိတ်ချုပ်ပြီးသော် ၎င်းနေရာ၌ နောက်စိတ်တခုထပ်လျက်ဖြစ်ပေါ်လာ၍၊ ရှေ့စိတ်, နောက်စိတ်တို့သည် တခုတည်းကဲ့သို့ ဖြစ်မှုသည် သံ-သဒ္ဒါအရ ကောင်းစွာဖြစ်သည်မည်၏။ ဤသို့တခုတည်း အဖြစ်တည်းဟူသော ကောင်းစွာဖြစ်မှုဖြင့် ကျေးဇူးပြု သောသတ္တိသည်-သမနန္တရပစ္စယသတ္တိမည်၏။

> တတ္ထ ပုရိမပစ္ဆိမာနံ နိရောဓုပ္ပါဒန္တရာဘာဝတော နိရန္တရုပ္ပါဒန သမတ္ထတာ အနန္တရပစ္စယဘာဝေါ။ ရူပဓမ္မာနံ ဝိယ သဏ္ဌာနာ ဘာဝတော ပစ္စယပစ္စယုပ္ပန္နာနံ သဟာဝဋ္ဌာနာဘာဝတော စ ဣဒ မိတော ဟေဋ္ဌာ ဥဒ္ဓံ တိရိယန္တိ ဝိဘာဂါဘာဝါ အတ္တနာ ဧကတ္တမိဝ ဥပနေတွာ သုဋ္ဌု အနန္တရဘာဝေန ဥပ္ပါဒနသမတ္ထတာ သမနန္တရ ပစ္စယတာ။ ။မူလဋီကာ၊ ။(၁၂၅)။

တတ္ထ၊ ထိုပစ္စည်းနှစ်ပါးတို့တွင်။ ပုရိမပစ္ဆိမာနံ၊ ရှေ့စိတ္တုပ္ပါဒ်,နောက် စိတ္တုပ္ပါဒ်တို့၏၊ နိရောဓုပ္ပါဒန္တရာဘာဝတော၊ ချုပ်ခြင်း, ဖြစ်ခြင်းတို့၏ အခြားမရှိသည်၏အဖြစ်ကြောင့်။ နိရန္တရုပ္ပါဒနသမတ္ထတာ၊အခြားမရှိစေ ခြင်းငှါစွမ်းနိုင်သည်၏အဖြစ်သည်၊အနန္တရပစ္စယဘာဝေါ၊အနန္တရပစ္စည်း အဖြစ်မည်၏။ ။ရူပဓမ္မာနံ၊ရုပ်တရားတို့၏၊သဏ္ဌာနဘာဝေါဝိယ၊သဏ္ဌာန် ရှိသ•ကဲ့သို့။ သဏ္ဌာနာဘာဝတော စ၊ နာမ်တရားတို့၏သဏ္ဌာန်မရှိသည်၏

အဖြစ်ကြောင်းဝင်း။ပစ္စယပစ္စယုပ္ပန္နာနံ၊ပစ္စည်းတရား,ပစ္စယုပ္ပန်တရားတို့၏၊ သဟာဝဋ္ဌာနဘာဝေတာစ၊ တကွဘည်ခြင်း၏မရှိသည်၏အဖြစ်ကြောင့်ဝင်း။ ရူဒံ၊ဤနာမ်တရားသည်၊ ရူပေ၊ ဤနာမ်တရားမှ၊ ဟေဋ္ဌာ၊အောက်၌ဝင်း။ဥဒ္ဓံ၊အထက်၌ဝင်း။ တိရိယံ၊ဘီလာ၌ဝင်း။ ဌိတံ၊တည်၏၊ ရူဘိ၊ဤသို့။ ဝိဘာဂါဘာဝါ၊ ဝေဘန်ပိုင်းခြား သတ်မှတ်ခြင်း၏ မရှိသည်၏ အဖြစ်ကြောင့်။ အတ္တနာ၊မိမိနှင့်။ ဧကတ္တမိဝ၊ တပေါင်းတခုတည်းဖြစ်သကဲ့သို့။ ဥပနေတွာ၊ဆောင်၍။သမ္ဗူ၊ကောင်းစွာ။အနန္တရဘာဝေန၊အခြားမရှိသည်၏အဖြစ်ဖြင့်။ ဥပ္ပါဒနသမတ္ထတာ၊ ဖြစ်ခြင်းငှါစွမ်းနိုင်သည်၏အဖြစ်သည်။ သမနန္တရပစ္စယတာ၊သမနန္တရ-ပစ္စည်းအဖြစ်မည်၏။

ဆရာတို့ကား····ရှေးရှေးဖြစ်သော စိတ်သည်၊ချုပ်ဆုံးလေသော်လည်း မိမိ၏နောက်၌၊ အဆုံးတိုင် စိတ်အစဉ်၏ပြတ်၍ သွားလေအောင် အခွင့်မပေးဘဲ၊ မိမိနှင့် သဘောတူစွာ နာမ်တရားတခု ဖြစ်ပေါ်လေအောင် ဆက်လက်သောအားဖြင့် ကျေးဇူးပြုမှုသည်- အနန္တရပစ္စည်း၏သတ္တိပေတည်း။ နောက်စိတ်တပါးဖြစ်ပေါ်လာသော်လည်း ခတ်သဘောအတိုင်း၊ ပေါက်လွှတ်ရောက်တတ်ရာရာ အမှတ်မဲ့ဖြစ်ခြင်းကိုအခွင့်မပေးဘဲ၊ ကိစ္စဋ္ဌာနအားလျော်စွာ၊စိတ္တနိယာမကိစ္စကိုပြီးစေလျက်၊ရှေးစိတ်အစီအစဉ်နှင့် လျော်သော စိတ်တပါး ဖြစ်ပေါ်အောင် ကျေးဇူးပြုမှုသည်- သမနန္တရပစ္စည်း၏သတ္တိပေတည်း။ဤသို့သတ္တိအားဖြင့် ထူး၏-ဟုမိန့်တော်မူကုန်၏။

ခေါင်းပုဒ်။

ကာ။ ။မိမိတူလား၊နာမ်တပါး၏၊ဖြစ်ငြားဘို့မှတ်၊ ခြားမလတ်၊ပြုတတ် အနန္တရံ။

ခ ။ ။ပစ္စည်းပစ္စယုတ်၊ မယုတ်တူငြား၊တပါးအနေ၊ ပြုတုံပေ၊ မှတ်လေ-သမနန်။

---

### သဟဇာတပစ္စယော-အဘွင့်။

ပစ္စယုပ္ပန္နေဟိ သဟ ဇာယတိတိ သဟဇာတော။

ပစ္စယုပ္ပန္နေဟိ၊ပစ္စယုပ္ပန်တရားတို့နှင့်။သဟ၊တကွ။ဇာယတိ၊ဖြစ်တတ်၏။ဣတိ၊ကြောင့်။သဟဇာတော၊သဟဇာတ-မည်၏၊ ။

အဓိပ္ပါယ်ကား…ဆီမီးသည်၊အရောင်အလင်းနှင့်ခွဲခြားခြင်းမရှိ၊ အတူ တကွသာဖြစ်သကဲ့သို့၊ ပစ္စယုပ္ပန်တရားနှင့် အတူတကွဖြစ်သော ပစ္စည်း သည်-သဟဇာတပစ္စည်းမည်၏။ ။ဟူလို။

ဥပ္ပဇ္ဇမာနော၀ သဟ ဥပ္ပဇ္ဇမာနဘာဝေန ဥပကာရကော ဓမ္မော သဟဇာတပစ္စယော၊ပကာသကဿ ပဒီပေါ ဝိယ၊ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၈၂)။

ဥပ္ပဇ္ဇမာနော၊ မိမိဥပါဒ်ဆဲဖြစ်၍သာလျှင်။ သဟ၊ တကွ၊ ဥပ္ပဇ္ဇမာန ဘာဝေန၊ ပစ္စယုပ္ပန်တရားကို ဖြစ်စေသည်၏အဖြစ်ဖြင့်၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ဓမ္မော၊သည်။ သဟဇာတပစ္စယော၊မည်၏၊ကိမိဝ၊ အဘယ်ကဲ့သို့နည်း-ဟူမူကား။ ပကာသကဿ၊ အရောင်အလင်းအား။ ပစ္စယော၊ကျေးဇူးပြုသော၊ပဒီပေါဝိယ၊ဆီမီးကဲ့သို့တည်း။

ဆိုလိုရင်းကား….ဆီမီးနှင့်အလင်းရောင် ၂-မျိုးတို့တွင် ဆီမီးဖြစ်ပေါ် လာမှ အလင်းရောင်ဖြစ်သာ၏။ ၎င်းအလင်းရောင်သည် ဆီမီး၏မဖြစ်မီ ရှေးမဆွကဖြစ်ရိုးမရှိ၊ ဆီမီးငြိမ်းသွားပါကလည်း၊ အလင်းရောင်သည်၊ ကြွင်းကျန်တည်တံ့နေသည်မရှိ၊ ကင်းပျောက်၍ သွားလေ၏၊ ထို့အတူ၊ အကယ်၍ မိမိ-ဟုဆိုအပ်သောပစ္စည်းတရားဖြစ်ပေါ်လာမှသာ ပစ္စယုပ္ပန် တရားဖြစ်ပေါ်လာနိုင်၏။ပစ္စည်းတရားမဖြစ်ပေါ်လာသည်ရှိသော်၊ပစ္စယုပ္ပန် တရားလည်း မဖြစ်ပေါ်နိုင်ချေ။ ပစ္စည်းတရား ချုပ်ပျောက်လျှင်လည်း ပစ္စယုပ္ပန်တရား ကြွင်းကျန် တည်တံ့နေသည်မရှိ၊ အတူတကွသာလျှင် ချုပ်ပျောက်ပျက်စီးရလေ၏။ ဤသို့ ပစ္စယုပ္ပန်တရားနှင့်အတူတကွဖြစ်၍ ၎င်း၊ ပစ္စယုပ္ပန်တရား ဖြစ်ပေါ်စေရန်၎င်း၊ တည်တံ့နိုင်ရန်၎င်း- ကျေးဇူး ပြုသော ပစ္စည်းသည်-သဟဇာတပစ္စည်းမည်၏-ဟုမှတ်။

အတ္တနာ သဟုပ္ပန္နဓမ္မာနံ ဟိ သဟုပ္ပန္နဘာဝေန ဥပကာရကတာ သဟဇာတပစ္စယတာ၊ တေန ဋ္ဌိတိက္ခဏေပိ နေသံ ဥပကာရတာ ဝေဒိတဗ္ဗာ။ ။အနုဋီကာ၊ ။(၁၇၈)၊

ဟိ၊ ယင်းစကားထင်ရှားအောင်ဆော်ပြဦးအံ့၊ အတ္တနာ၊ မိမိ- ဟုဆို အပ်သော ပစ္စည်းတရားနှင့်။သဟုပ္ပန္နဓမ္မာနံ၊တကွဖြစ်ကုန်သောပစ္စယုပ္ပန်

တရားတို့၏။သဟဇာတသတ္တိ ။ တကွဖြစ်သည်၏အဖြစ်အားဖြင့်။ဥပကာရကတာ၊ကျေးဇူးပြုသည်၏အဖြစ်သည်၊သဟဇာတပစ္စယတာ၊သဟဇာတပစ္စည်း၏ ကျေးဇူးပြုသည်၏အဖြစ်မည်၏။ ဝါ၊ကျေးဇူးပြုပုံဘည်း။ ဘေနဲ့၊ထို့ကြောင့်၊ဋီကာကာရကာပိ၊ဋီကာဆရာသော်လည်း။ နေသာ၊ထိုပစ္စယုပ္ပန်တရားတို့အား။ဥပကာရကတာ၊ကျေးဇူးပြုသည်၏အဖြစ်ကို။ဝေဒိတဗ္ဗာ၊၏၊ ။

(ဤကား-အနုဋီကာ-အနက်တည်း)။

---

### သဟဇာတပစ္စည်း-သုံးချက်စု။

၁။ ။အချင်းချင်းအားရင်း,အချင်းချင်းနာမက္ခန္ဓာ,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်အားရင်း, တပ်သောအလုံးစုံသော စိတ်ဘရယုတ်ကိုးဆယ်, စေတသိက်ငါ့ပညာသ, ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း, တပ်သောစိတ္တဇ,ပဋိသန္ဓေကမ္မဇ,ဗာဟိရ, အာဟာရဇ,ဥတုဇ,အသညသတ်ကမ္မဇ,ပဝတ္တိကမ္မဇ-အားဖြင့် အလုံးစုံသော မဟာဘုတ်လေးပါး၊ ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ပဋိသန္ဓေကာရ ပဋိသန္ဓေနာမက္ခန္ဓာအားတပ်သောဟဒယဝတ္ထု။ဤတရားတို့သည်-သဟဇာတပစ္စည်းတပ်သောတရားတို့မည်ကုန်၏၊

၂။ ။အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသောစိတ်တခုယုတ်ကိုးဆယ်,စေတသိက်ငါ့ပညာသ, ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အချင်းချင်းမှထောက်အပ်သော ဥပါဒါရုပ်နှင့်တကွသော အလုံးစုံသော မဟာဘုတ် လေးပါး, ဟဒယဝတ္ထုမှထောက်အပ်သော ပဋိသန္ဓေကာရပဋိသန္ဓေနာမက္ခန္ဓာ, ပဋိသန္ဓေကာရပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည်- သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။ ။(ပစ္စနိက်တရားမရှိ)။

## အာဝဇ္ဇနဝတ္ထု-အဓိပ္ပါယ်။

အချင်းချင်းအားဖြင့်- ဟူသောစကားကို၊ စက္ခုဝိညာဏ်ဘိုးခွံမှဖြစ်သော စိတ်, စေတသိက်နှင့် ပဉ္စဝိညာဏ်ခန္ဓာနှင့်ပဉ္စဝိညာဏ်စိတ်,စေတသိက်တို့ကို ရည်၍ ဆိုသောစကားဖြစ်သည်။ ၎င်းစက္ခုဝိညာဏ်ဘိုးသား ဖြဟ္မာကြီး များသည် ရုပ်ကာယမရှိ၊ နာမ်ချည်းသာ ဖြစ်၏။ နွေပဉ္စဝိညာဏ်စိတ်များ သည်လည်း၊ပဉ္စဝိညာဏ်ဘိုးမှပင် ဖြစ်သော်လည်း ရုပ်ကိုဖြစ်စေနိုင်သော စိတ်မျိုးမဟုတ်၍၊၎င်းဖြစ်သောအခါ စိတ္တဇရုပ်မပေါ်၊ နာမ်ချည်းသာဖြစ်၏။ ထို့ကြောင့်၊ မိမိနာမက္ခန္ဓာအချင်းချင်းအား၊ ခန္ဓာတပါးသည်၊ ကြွင်းခန္ဓာ သုံးပါးအား၊သုံးပါးက တပါးအား၊နှစ်ပါးက ကျန်နှစ်ပါးအား-သဟဇာတ ပစ္စည်းတပ်နိုင်သည်-ဟုမှတ်။

အချင်းချင်းအားဖြင့်,အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်အားဖြင့်- ဟူသောစကားသည်၊ ပဉ္စဝိညာဏ်ဘိုးသားများကိုရည်၍၊ ဆိုသောစကားဖြစ်၏။၎င်းပဉ္စဝိညာဏ်ဘိုးသားများကား၊ ရုပ်,နာမ်နှစ်ပါးစုံ ဖြစ်နိုင်သောကြောင့်၊ပဋိသန္ဓေအခါဝယ်-အချင်းချင်းနာမက္ခန္ဓာ, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတပစ္စည်းဘပ်နိုင်၏။ ပဝတ္တိအခါဝယ်၊ရုပ်ကို ဖြစ်စေသောစိတ်ဖြစ်သောအခါ-အချင်းချင်းနာမက္ခန္ဓာ,စိတ္တဇရုပ်တို့အား၊ သဟဇာတပစ္စည်းတပ်နိုင်၏-ဟုမှတ်။ ။(ကြွင်းသိလွယ်ပြီ)။

အချင်းချင်းမှ ထောက်အပ်သော- ဟူသည်မှာ၊ အချင်းချင်းထောက် တတ်သောတရားသည်၊ ပစ္စည်းတရားဖြစ်၍၊ အချင်းချင်းမှထောက်အပ် သော တရားမှသာ- ပစ္စယုပ္ပန်တရားဖြစ်နိုင်၍၊ ပစ္စယုပ္ပန်အခါကိုရည်၍၊ ဆိုသောစကားဖြစ်၏-ဟုမှတ်။

မဟာဘုတ်လေးပါးသည်၊အချင်းချင်းလှည့်၍ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်နိုင် သကဲ့သို့၊ ဥပါဒါရုပ်သည်၊ အတူတကွ ဖြစ်ပါလျက် အဘယ့်ကြောင့် အချင်းချင်းလှည့်၍၊ ပစ္စည်း,ပစ္စယုပ္ပန်မဖြစ်နိုင်ပါဘဲ၊ ပစ္စယုပ္ပန်သာ ဖြစ်ပါ သနည်းဟူမူ။ ။မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည်၊ အတူတကွပင် ဖြစ် သော်လည်း မဟာဘုတ်ကိုသာ ဥပါဒါရုပ်များက အမှီပြု၍၊ ဖြစ်ရသော ကြောင့်-မဟာဘုတ်သည်သာ၊ ပစ္စည်းတရားဖြစ်နိုင်၍၊ ဥပါဒါရုပ်တရား ကား၊ ပစ္စည်းမဖြစ်နိုင်၊ ပစ္စယုပ္ပန်သာ ဖြစ်ရ၏။ ။မဟာဘုတ်ချင်းမူ- တပါးသည် တပါးအား၊ကျေးဇူးပြုနိုင်၍၊ အချင်းချင်းတပ်နိုင်သည်၊ပစ္စည်း ပစ္စယုပ္ပန်ဖြစ်နိုင်သည်။

## ဆောင်ပုဒ်။

က။ ။ချင်းချင်းမှီနိုင်၊ဘုတ်လေးခိုင်၊ဖြစ်ပိုင်-ပစ္စည်း,ပစ္စယုပ်။
ခ ။ ။ဥပါဒါကား၊မှီဖြစ်ငြား၊ကင်းလား ပစ္စည်းမှာ။

---

## အညမညပစ္စယော-အဘွင့်။

### အညဥ္ဉ အညဥ္ဉ အညမညံ။

အညဥ္ဉ၊ တပါးရင်း။ အညဥ္ဉ၊ တပါးရင်း။ အညမညံ၊ တပါးတပါး။ ဝါ၊ အချင်းချင်း။ ။အဓိပ္ပါယ်ကား....သစ်သားသုံးချောင်းကို အဖျားချင်း ထိစေလျက်၊ အရင်းကမထိစေဘဲ သင့်လျော်အောင်ထားရာ၊ တချောင်း သည်ကချောင်းအား ထောက်ပံ့နိုင်စေ၍၊ မလည်းမပြိုအောင် ကျေးဇူးပြု သကဲ့သို့၊ နာမက္ခန္ဓာလေးပါး, မဟာဘုတ်လေးပါး, ဟဒယဝတ္ထုရုပ်၊ ဤ တရားတို့သည်၊အချင်းချင်းတပါးသည်တပါးအား အပြန်အလှန်ထောက်ပံ့ နိုင်စေတတ်သည်၏အဖြစ်ဖြင့်၊ကျေးဇူးပြုတတ်သောကြောင့်- အညမည ပစ္စည်းမည်ကုန်၏။ ။ဟူလို။

အညမညံ ဥပ္ပါဒနုပတ္ထမ္ဘနဝသေန ဥပကာရကော ဓမ္မော
အညမညပစ္စယော၊အညမညူပတ္ထမ္ဘကံ တိဒဏ္ဍံ ဝိယ။ ။

### ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၂)။

အညမညံ၊ အချင်းချင်း။ ဥပ္ပါဒနုပတ္ထမ္ဘနဝသေန၊ဖြစ်စေတတ်သည်၏ အဖြစ်,ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ အညမညပစ္စယော၊မည်၏၊ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူ မူကား။ အညမညူပတ္ထမ္ဘကံ၊ အချင်းချင်းထောက်ပံ့တတ်သော။ တိဒဏ္ဍံ ဝိယ၊သစ်သားသုံးခွကဲ့သို့တည်း။

---

## အညမညပစ္စည်း-သုံးချက်ခု။

၁။ ။အချင်းချင်းအား တပ်သော အလုံးရုံသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက်ငါးဆယ့်နှစ်ပါးသော၊ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအားတပ်သော စိတ္တဇ။ပ။ ပဝတ္တိကမ္မဇ ဖြစ်သော အလုံးရုံသော မဟာဘုတ်လေးပါး၊ ပဋိသန္ဓေကာလ

ပဋိသန္ဓေနာမက္ခန္ဓာအား · တပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည်၊ အညမည ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

၂။ ။အချင်းချင်းမှ ထောက်အပ်သော အလုံးစုံသော စိတ်တရယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ၊ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ အချင်းချင်းမှထောက်အပ်သော စိတ္တဇ။ပ။ ပဝတ္တိကမ္မဇအားဖြင့် အလုံးစုံသော မဟာဘုတ်လေးပါး၊ ဟဒယဝတ္ထုမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာမှထောက်အပ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည်-အညမညပစ္စည်း၏ပစ္စယုပ္ပန်တရားတို့မည်ကုန်၏၊

၃။ ။နာမက္ခန္ဓာမှထောက်အပ်သောစိတ္တဇရုပ်,ဟဒယဝတ္ထုမှတပါးသော ပဋိသန္ဓေကမ္မဇရုပ်, မဟာဘုတ်မှထောက်အပ်သော စိတ္တဇ။ပ။ပဝတ္တိကမ္မဇဖြစ်သော ဥပါဒါရုပ်။ ဤတရားတို့သည်၊ အညမညပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားတို့မည်ကုန်၏။

---

## သဟဇာတနှင့်-အညမညအထူး။

အတူတကွဖြစ်၍သော ကျေးဇူးပြုလျှင် သဟဇာတ ပစ္စည်း ဖြစ်၏။ တကွလည်းဖြစ်, အချင်းချင်း အပြန်အလှန်လည်းဖြစ်၍ ကျေးဇူးပြုလျှင် အညမညမည်၏။ ။တနည်း....အညမညပစ္စည်းသည်၊ သဟဇာတပစ္စည်းနှင့်ကင်း၍မဖြစ်။ သဟဇာတ ပစ္စည်းကား အညမည ပစ္စည်းနှင့်ကင်း၍ ဖြစ်သည်လည်းရှိ၏။ ကင်းသောအရာကား-စိတ္တဇရုပ်နှင့်အတူဖြစ်သောနာမက္ခန္ဓာ,ဥပါဒါရုပ်နှင့် အတူတကွဖြစ်သော မဟာဘုတ်တို့သည်-သဟဇာတပစ္စည်းသော်ကားတပ်၏၊အညမညပစ္စည်းကားမတပ်ပေ။ ။

ဥပကာရကတာ စ အညမညတာဝသေနေဝ ဒဋ္ဌဗ္ဗာ၊ န သဟဇာတဝသေန၊ သဟဇာတာဝိပစ္စယော ဟောန္တောယေဝ ဟိ ကောစိ အညမညပစ္စယော န ဟောတိ။ ။မူလဋီကာ။

စ၊သဟဇာတ,အညမည-၂-ပါးတို့၏အထူးကိုမိန့်ဆိုဦးအံ့။ ဥပကာရကတာ၊ကျေးဇူးပြုသည်၏အဖြစ်ကို။အညမညတာဝသေနေဝ၊တပါးသည်တပါးအား အချင်းချင်း ကျေးဇူးပြုသည်အဖြစ်၏ အစွမ်းဖြင့်သာလျှင်။ ဒဋ္ဌဗ္ဗာ၊မှတ်အပ်၏။သဟဇာတာဒိဝသေန၊ သဟဇာတ်ဖြစ်ရုံမျှအစရှိသည်၏အစွမ်းဖြင့်။ နဒဋ္ဌဗ္ဗာ၊ မမှတ်အပ်။ (ယခုစာတို့၌-န ကျ၍နေသည်)။ ဟိ၊ ယင်းစကားမှန်၏။ ကောစိ၊ အချို့သော တရားသည်။ သဟဇာတာဒိပစ္စယော၊သည်။ ဟောန္တောယေဝ၊ ဖြစ်လင့်ကစား။ အညမညပစ္စယော၊သည်။ နဟောတိ၊ မဖြစ်သည်လည်းရှိသေး၏။ ။(ဤကား- မူလဋီကာအနက်)။

## ဆောင်ပုဒ်။

က။ ။ချင်းချင်းမဖြစ်၊တူသာဖြစ်၊မှတ်လစ်-သဟဇံ။
ခ ။ ။ချင်းချင်းလည်းဖြစ်၊တူလည်းဖြစ်၊မှတ်လစ်-အညမညံ။

---

## နိဿယပစ္စယော-အဘွင့်။

နိဿိယတိ နိဿိတကေဟီတိ နိဿယော။

နိဿိတကေဟိ၊ မှီ၍ဖြစ်တတ်ကုန်သော ပစ္စယုပ္ပန် တရားတို့သည်။ နိဿိယတိ၊မှီအပ်၏။ဣတိ၊ကြောင့်။နိဿယော၊မည်၏။ ။ငြိဂြိုဟ်အရ....မှီ၍ဖြစ်တတ်သော ပစ္စယုပ္ပန်တရားတို့သည်၊မှီအပ်သောကြောင့်-နိဿယပစ္စည်းမည်၏။ ။ဟူလို။

နိဿယန္တိ နိဿိတကာ ဧတ္ထာတိ ဝါ နိဿယော။

ဝါ၊ကား၊ဧတ္ထ၊ဤပစ္စည်းတရား၌။ နိဿိတကာ၊မှီ၍ဖြစ်တတ်ကုန်သော ပစ္စယုပ္ပန်တရားတို့သည်။နိဿယန္တိ၊မှီကြကုန်၏။ဣတိတသ္မာ၊ထိုသို့ မှီရာဖြစ်သောသတ္တိကြောင့်။နိဿယော၊မည်၏။ ။အဓိပ္ပါယ်ကား....မြေကြီးသည်သစ်ပင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့၎င်း၊ကားပေါင်ပုဆိုးသည်ဆန်းကြယ်သောပန်းချီဆေးရေးအရုပ်အမျိုးမျိုးတို့၏မှီရာဖြစ်သကဲ့သို့၎င်း၊ပစ္စယုပ္ပန်တရားတို့အားမှီရာ,တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည်-နိဿယပစ္စည်းမည်၏။ ။ဟူလို။

အဓိဋ္ဌာနာကာရေန နိဿယာကာရေန စ ဥပကာရကော ဓမ္မော
နိဿယပစ္စယော။ တရုစိတ္တကမ္မာဒိနံ ပထဝီပဋာဒယော ဝိယ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၂)။

အဓိဋ္ဌာနာကာရေန စ၊ စွဲ၍တည်ရာ၏အဖြစ်တည်းဟူသောအခြင်းအရာ
အားဖြင့်၎င်း။ နိဿယာကာရေန စ၊ မှီ၍ဖြစ်ရာ၏ အဖြစ်ဘည်းဟူသော
အခြင်းအရာအားဖြင့်၎င်း။ ဥပကာရကော၊ သော။ ဓမ္မော၊ သည်။ နိဿယ
ပစ္စယော၊ မည်၏။ ကိမိဝ၊ ကား။ ပထဝီပဋာဒယော၊ မြေကြီး,ပုဆိုးစသည်
တို့သည်၊ တရုစိတ္တကမ္မာဒိနံ၊ သစ်ပင်, ပန်းချီဆေးရေးရုပ်စသည်တို့၏၊
နိဿယာ၊ မှီရာတို့သည်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်၏သို့ဘည်း။

---

## နိဿယပစ္စည်း-သုံးချက်ရ။

၁။ ။နိဿယ ပစ္စည်းသည်- သဟဇာတ နိဿယ, ပုရေဇာတ
နိဿယ,ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် သဟဇာတ
နိဿယသည်၊ သဟဇာတနှင့်တူ၏။ ။ပုရေဇာတနိဿယ
ပစ္စည်းသည်- ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထာရမ္မဏပုရေ
ဇာတနိဿယ,အားဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်
ဝတ္ထုပုရေဇာတနိဿယပစ္စည်း၌၊ ပဝတ္တိအခါ ဆဝတ္ထုရုပ်
သည်။ ဘနည်းကား....ပဝတ္တိအခါ-မန္ဒာယုက, အမန္ဒာယုက,
မဇ္ဈိမာယုက, အားဖြင့် သုံးပါးတို့တွင်၊ မဇ္ဈိမာယုက ဖြစ်၍
အတိဘာဘဝင်တချက်နှင့်ဥပါဒ်ပြိုင်သောစက္ခုဝတ္ထု။ ပ။ ကာယ
ဝတ္ထု၊ ပဋိသန္ဓေအစရှိသော ၄၃-သောစိတ်နှင့်အတူ ဥပါဒ်
သောဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ၊ ၄၃း
ဖြစ်သော စိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယ
ဝတ္ထု၊ မရဏာသန္နအခါ ရတိစိတ်မှ ပြန်၍ရေသည်ရှိသော်၊
၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု။
ဤတရားတို့သည်- ဝတ္ထုပုရေဇာတနိဿယပစ္စည်းတရားတို့
မည်ကုန်၏။

၂။ ။ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်, ဖြစ်နေ၊ အရူပဝိပါက်
၄-ချက်ကြဉ်သောသတ္တဝိညာဏဓာတ်၊ စေတသိက်ခွဲပညာသ၊

ဤတရားတို့သည်ဝဏ္ဏပုရေဇာတနိဿယပစ္စည်း၏ပစ္စယုပ္ပန်
တရားတို့မည်ကုန်၏၊

၃။ ။စတုဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ၊ လောဘမူစိတ် ၈-ခု၊
မောဟမူနွေ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊
မဟာကြိယာစိတ် ၈-ခု၊အရူပစိတ် ၁၂-ခု၊သောတာပတ္တိမဂ်
ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊ဒေါသ,ဣဿာ,မစ္ဆရိယ,
ကုက္ကုစ္စ, အပ္ပမညာ- ကြဉ်သော စေတသိက်ဆဲတ္တာလီသ-
ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး၊ ပဉ္စဝေါကာရ ပဋိသန္ဓေ
ပန္နရသ၊စေတသိက်ပဉ္စတိံသ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်။
ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဝဏ္ဏပုရေဇာတ
နိဿယပစ္စည်း၏ပစ္စနိက်ဖြစ်သောတရားတို့မည်ကုန်၏။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယ-သုံးချက်ခု။**

၁။ ။ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၌၊ မရဏာသန္နအခါ
ရတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်
နှင့်အတူဥပါဒ်သောဟဒယဝတ္ထု၊ဤတရားသည်ဝတ္ထာရမ္မဏ
ပစ္စည်းတပ်သောတရားမည်၏။

၂။ ။မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ဘုရယုတ်
သုံးဆယ်၊တဒါရုံကောဒသ၊ အဘိညာဉ်နွေ၊ဣဿာ,မစ္ဆရိယ,
ကုက္ကုစ္စ,ဝိရတိ, အပ္ပမညာ-ကြဉ်သောစေတသိက်စတုစတ္တာ
လီသ။ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ
ပစ္စည်း၏ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။

၃။ ။ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း၏ပစ္စယုပ္ပန်ကိုမရခိုက်, မရနေ၊
စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်နွေပညာသ၊ စိတ္တဇရုပ်။
ပ။ပဝတ္တိကမ္မဇရုပ်။ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတ
နိဿယပစ္စည်း၏ ပစ္စနိက်ဖြစ်သောတရားတို့မည်ကုန်၏။

---

**သဟဇာတနိဿယနှင့်-ပုရေဇာတနိဿယပစ္စည်းအထူး။**

သဟဇာတနိဿယနှင့်- ပုရေဇာတ နိဿယတို့သည် အဘယ်သို့
ထူးခြားပါသနည်း၊ ပုရေဇာတကိုသာနိဿယ-ဟုဆိုသင့်၍၊သဟဇာတ

ကိုကား၊ နိဿယ-ဟု မဆိုသင့်သည် မဟုတ်ပါလောဟုမူ။ ။အဝတ်၌ ပန်းချီ ဆေးရေးရုပ်ဖြင့် ရေးသား ခြယ်လှယ်ထားရာ၊ ၎င်းအဝတ်သည် ပန်းချီဆေးရေးရုပ်တို့၏ အတူတကွမှီရာဖြစ်သကဲ့သို့၊အတူတကွဖြစ်ကုန်သော နာမ်ရုပ်တို့၏ မှီရာ၏အဖြစ်ဖြင့် ကျေးဇူးပြုမှုသည်- သဟဇာတ နိဿယမည်၏။

မြေကြီးပေါ်၌သစ်ပင်ပေါက်နေရာ၊ မြေကြီးသည် သစ်ပင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့၊ မဟာဘုတ်- စက္ခုစသော ဝတ္ထုရုပ်တို့သည်၊ မိမိ၌ မှီ၍ဖြစ်ကုန်သော သဟဇာတရုပ်-သတ္တဝိညာဏဓာတ်တို့အားတည်ရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုသည်- ပုရေဇာတနိဿယမည်၏။ ။တနည်း၊ ပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့၏အတူတကွတပြိုင်နက်ဖြစ်၍ ကျေးဇူးပြုမှုသည်- သဟဇာတနိဿယမည်၏။ ပစ္စယုပ္ပန်မဖြစ်မီ၊ ရှေးမဆွကဖြစ်နှင့်ပြီး၍၊ကျေးဇူးပြုတတ်သောသတ္တိသည်-ပုရေဇာတနိဿယမည်၏-ဟုသိ။

သဟဇာတနိဿယသည်၊ သဟဇာတနှင့်တူ၏-ဟုဆိုရာမှာ၊ တရားကိုယ်အရအားဖြင့်သာတူ၏၊ ပစ္စည်းသဘောအားဖြင့်ထူးခြားကွဲပြား၏။ ထူးခြားပုံကား....သဟဇာတသည်၊ ပစ္စယုပ္ပန်တရားတို့၏ဖြေပ္ပါဒစသော အစွမ်းဖြင့် အတူတကွ ဖြစ်ခြင်းသတ္တိရှိ၏။ သဟဇာတ နိဿယကား၊ ၎င်းပစ္စယုပ္ပန်တရားတို့၏ မှီရာသတ္တိရှိ၏။ဤသို့သဘောသတ္တိထူးလေ၏။

တရုအာဒီနံ ပထဝီဝိယ အဓိဋ္ဌာနာကာရေန ပထဝီဓာတုသေသ ဓာတူနံ,စက္ခာဒယောစ စက္ခုဝိညာဏာဒီနံ ဥပကာရကာ၊ စိတ္တ ကမ္မသ ပဋောဝိယ နိဿယာကာရေန ခန္ဓာဒယော တံတံ နိဿ ယာနံ ခန္ဓာဒီနံ၊ ။မူလဋီကာ၊ ။(၁၂၆)။

ပထဝီ၊မြေကြီးသည်။တရုအာဒီနံ၊သစ်ပင်အစရှိသည်တို့၏၊ အဓိဋ္ဌာနာကာရေန၊တည်ရာဟူသောအခြင်းအရာဖြင့်၊ ဥပကာရကာဝိယ၊ ကျေးဇူးပြုသကဲ့သို့၊ ပထဝီဓာတုစ၊ ပထဝီဓာတ်သည်လည်း၊ သေသဓာတူနံ၊ ကြွင်းသောအာပေါဓာတ်စသည်တို့အား။ စက္ခာဒယောစ၊ စက္ခုပသာဒစသည်တို့သည်လည်း၊စက္ခုဝိညာဏာဒီနံ၊စက္ခုဝိညာဏ်စသည်တို့အား၊ ဥပကာရကာ၊ကျေးဇူးပြုကုန်၏။ ပဋော၊ပုဆိုးသည်။ စိတ္တကမ္မဿ၊ ပန်းချီ ဆေးရေးစသောအမှုအား၊ နိဿယာကာရေန၊မှီရာဟူသောအခြင်းအရာ အားဖြင့်၊ ဥပကာရကောဝိယ၊ကဲ့သို့၊ ခန္ဓာဒယော၊တို့သည်၊ တံတံနိဿ

ယာနံ၊ ထိုထိုပထဝီဓာတ် စသော မှီရာ၌ကုန်သော။ ခန္ဓာဒီနံ၊ ဥပါဒါရုပ်-ဝေဒနာ-စသောခန္ဓာတို့အား။ဥပကာရကာ၊ကုန်သည်။ဟောန္တိ၊ကုန်၏။ ။ (ဤကား-မူလဋီကာအနက်)။ ။

ဆောင်ပုဒ်။

ကာ။ ။မှီရာဖြစ်မှု၊ကျေးဇူးပြု၊မှတ်ရှု-သဟဇာ။
ခ ။ ။တည်ရာဖြစ်မှု၊ကျေးဇူးပြု၊မှတ်ရှု-ပုရေဇာ။
ဂ ။ ။ဘက္ကဖြစ်မှု၊ကျေးဇူးပြု၊မှတ်ရှု-သဟဇာ။
ဃ။ ။မှီရာဖြစ်မှု၊ကျေးဇူးပြု၊မှတ်ရှု-နိဿယံ။

---

## အာရမ္မဏနှင့်-နိဿယအထူး။

အာရမ္မဏပစ္စည်းသည်လည်း အာရုံ၏ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြု၏။နိဿယပစ္စည်းသည်လည်း တည်ရာအဖြစ်ဖြင့်ပင်ကျေးဇူးပြုသဖြင့်၊ ၎င်း ၂-ပစ္စည်းတို့သည် အဘယ်သို့ထူးခြားပါသနည်း၊ အတူတူပါလော-ဟူမူ။ ။အာရမ္မဏပစ္စည်း၏တည်ရာ-ဟူသည် အာရမ္မဏိကပစ္စယုပ္ပန်တရားတို့၏ဖြစ်ပေါ်လာအောင် ကျေးဇူးပြုရုံမျှတည်ရာ သာမညမျှ- သာဖြစ်၏။လွှန်လွှန်ကဲကဲစပ်၍ကား ကျေးဇူးမပြု၊တည်ရာမဟုတ်။နိဿယ၏ တည်ရာဟူသည်ကား ပစ္စယုပ္ပန်တရားတို့၏လွှန်လွှန်ကဲကဲအားဖြင့်စပ်၍ တည်ရာဖြစ်၏။ ဤသို့သာမညတည်ရာ, ဝိသေသတည်ရာအားဖြင့်ထူး၏-ဟုမှတ်။

ဤ၌-လွှန်လွှန်ကဲကဲစပ် ဟူသည်ကား၊စက္ခုပသာဒယုတ်ညံ့အားနည်းပါမူ၊ စက္ခုဝိညာဏ် သည်လည်း၊ ယုတ်ညံ့အားနည်း၏၊ စက္ခုပသာဒ လွှန်ကဲကောင်းမွန်ပါမူ၊စက္ခုဝိညာဏ်စိတ်သည်လည်းလွှန်ကဲ၍၊ကောင်းမွန်စွာဖြစ်၏-ဟူလို။ ။ကြွင်းပသာဒတို့၌လည်း ထို့အတူပင်မှတ်။

> ယေန ပန ပစ္စယဘာဝဝိသေသေန စက္ခာဒီနံ ပဋုမန္ဒဘာဝေသု စက္ခုဝိညာဏာဒယော တဒနုဝိဓာနာ ကာရေနေဝ ပဝတ္တန္တိ။ပ။ ဝေဒ္ဒြ ပစ္စယဘာဝသာမညေ သတိပိ အာရမ္မဏပစ္စယတော နိဿယပစ္စယဿ ဝိသေသော သိဒ္ဓေါတိ။ ။

မဟာဋီကာ-အနုဋီကာ။ ။(၁၇၉)။

ပန၊အထူးကိုဆိုဦးအံ့။ယေန ပစ္စယဘာဝဝိသေသေန၊ အကြောင်အထူး ဖြစ်သောအကြောင်း၏အဖြစ်ကြောင့်။စက္ခာဒီနံ၊စက္ခုပသာဒ-အစရှိသည် တို့၏။ပဋုမန္ဒဘာဝေသု၊ထင်ရှားသည်၏အဖြစ်,မထင်ရှားနုံ့သည်၏အဖြစ် တို့သည်။ သန္တေသု၊ ဖြစ်ကုန်လတ်သော်။ စက္ခုဝိညာဏာဒယော၊စက္ခု ဝိညာဏ်စိတ်အစရှိသည်တို့သည်လည်း။ တဒနုဝိဓာနာကာရေနေဝ၊ ထို စက္ခုပသာဒစသည်၏ ထင်ရှားမှု, နုံ့မှု အစီအရင် အခြင်းအရာအားဖြင့် သာလျှင်။ ပဝတ္တန္တိ၊ဖြစ်ကြကုန်၏။ပ။ ဟိ၊မှန်၏။ ဧဝံ၊ဤဆိုအပ်ခဲ့ပြီးသော အတိုင်း။ပစ္စယဘာဝသာမညေ၊ အာရမ္မဏပစ္စည်း၏သာမညအကြောင်း, သာမည တည်ရာအဖြစ်သည်။ သတိပိ၊ ဖြစ်လတ်၍လည်း။ အာရမ္မဏ ပစ္စယတော၊ အာရမ္မဏပစ္စည်းမှ။ နိဿယပစ္စယဿ၊ ၏။ ဝိသေသော၊ အထူးသည်။သိဒ္ဓေါ၊ပြီးပြည့်စုံ၏။ဣတိ၊ဤသို့သိလေ။

### ဆောင်ပုဒ်။

က။ ။တည့်ကာမတ္တ၊သာမည၊ရမ္မဏပစ္စည်းတည်ပုံတည့်။။
ခ။ ။လွန်လွန်ကဲကဲ၊တည်ခပဲ၊တနဲ-နိဿယတည်ပုံတည်း။

---

## ဝတ္ထုပုရေဇာတ-အဓိပ္ပါယ်။

ပုရေ ဇာယတီတိ ပုရေဇာတံ။ ။ဝတ္ထု
စ တံ ပုရေဇာတဉ္စာတိ ဝတ္ထုပုရေဇာတံ။

ပုရေ၊ရှေး၌။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ ပုရေဇာတံ၊ပုရေ ဇာတ-မည်၏။ ။ဝတ္ထု၊စ၊သည်လည်း။ ဟောတိ ၏။ တံ၊ဟူသည်။ ပုရေ ဇာတဉ္စ၊ရှေး၌ဖြစ်သည်လည်း။ ဟောတိ၊၏။ ဣတိ၊ ကြောင့်။ ဝတ္ထုပုရေ ဇာတံ၊ဝတ္ထုပုရေဇာတ-မည်၏။

အဓိပ္ပါယ်ကား....ပစ္စယုပ္ပန်တရားမဖြစ်မီ၊ ရှေးမဆွကဖြစ်နှင့်ပြီးသော ၁-စက္ခုဝတ္ထု၊ ၂ သောတဝတ္ထု၊၃-ဃာနဝတ္ထု၊၄-ဇိဝှါဝတ္ထု၊ ၅-ကာယ ဝတ္ထု၊၆-ဟဒယဝတ္ထု-ဟုဆိုအပ်သော ဝတ္ထုရုပ်ခြောက်ပါးသည်-ဝတ္ထု ပုရေဇာတ-ပစ္စည်းမည်၏။ ။ဟုလို။

၁-ထိုတွင်- စက္ခုဝတ္ထုသည်၊ စက္ခုဝိညာဏ်စိတ်အား ဝတ္ထုပုရေ ဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ၂-သောတဝတ္ထုသည်၊ သောတ

ဝိညာဏ်စိတ်အား ဝတ္ထုပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ၃-ဃာနဝတ္ထုသည်၊ ဃာနဝိညာဏ်စိတ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ၄-ဇိဝှါဝတ္ထုသည်၊ဇိဝှါဝိညာဏ်စိတ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ၅-ကာယဝတ္ထုသည်၊ကာယဝိညာဏ်စိတ်အား ဝတ္ထုပုရေဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ၆-ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောဟာဒယဝတ္ထုသည်၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ဤသို့လျှင်၊ဝတ္ထုဖြစ်သော ရုပ်တရားသည် ပစ္စယုပ္ပန်ဖြစ်သော စိတ်တရားများမဖြစ်မီ ရှေးမဆွကဖြစ်နှင့်၍၊ ၎င်းစိတ်တရားတို့၏ မှီရာသဘောသတ္တိဖြင့် ကျေးဇူးပြုသည်။ ၎င်းစိတ်တရားတို့သည်၊ဝတ္ထုတရားများမရှိပါမူ မဖြစ်နိုင်၊ဖြစ်ဘို့ရန် မှီရာမရှိသည်ဖြစ်၍၊ ၎င်းဝတ္ထုရုပ်တရားတို့ကို ရှေးဖြစ်နှင့်၍ ပုရေဇာတ၊ မှီရာဖြစ်၍၊ နိဿယ-ဟုဆိုရပေသတည်း။

## ပုရေဇာတနိဿယပစ္စည်း
## တပ်နိုင်သောပသာဒရုပ်-ရှင်းလင်းချက်။

ဤဆိုအပ်ပြီးသောအတိုင်း စက္ခုဝတ္ထုရုပ်သည်၊ စက္ခုဝိညာဏ်အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဆိုရာဝယ်၊စက္ခုဝိညာဏ်မဖြစ်မီ၊ရှေးဖြစ်နှင့်နေပြီးသော စက္ခုပသာဒရုပ် အများရှိသည်တွင်၊ မည်သည့်စက္ခုပသာဒရုပ်, စက္ခုဝတ္ထုရုပ်ကို မည်သည့်စက္ခုဝိညာဏ်သည် မှီပါသနည်း၊ မည်သည့်စက္ခုပသာဒရုပ်,စက္ခုဝတ္ထုရုပ်သည်၊ ပုရေဇာတပစ္စည်းတပ်နိုင်ပါသနည်း၊ ပုရေဇာတဖြစ်သော စက္ခုပသာဒရုပ်မှန်သမျှသည်၊ပစ္စည်းတပ်နိုင်ပါသလော-ဟူမူ။ ။

မန္ဒာယုက- စက္ခုပသာဒရုပ်, အမန္ဒာယုကစက္ခုပသာဒရုပ်, မဇ္ဈိမာယုကစက္ခုပသာဒရုပ်,သုံးမျိုးတို့တွင်၊မဇ္ဈိမာယုကဖြစ်သော စက္ခုပသာဒရုပ်ကိုသာ စက္ခုဝိညာဏ်စိတ်မှီနိုင်၏။မဇ္ဈိမာယုကဖြစ်သော စက္ခုပသာဒရုပ်သည်သာ၊ပုရေဇာတနိဿယပစ္စည်းတပ်နိုင်၏။ ကြွင်းသောမန္ဒာယုကစက္ခုပသာဒရုပ်, အမန္ဒာယုက စက္ခုပသာဒ ရုပ်တို့သည်၊ ပုရေဇာတနိဿယပစ္စည်းမတတ်နိုင်ကုန်။ ။အကြောင်းသော်ကား။ ။"ပဋ္ဌဝိညာဏာ အာသန္နဝတ္ထုကာ။အာသန္နာရမ္မဏာ"။ ။ပဋ္ဌဝိညာဏာ၊စက္ခုဝိညာဏ်

စသောပဉ္စဝိညာဏ်စိတ်တို့သည်၊ အသယ္ပိဿနဝတ္ထုကား၊ မချုပ်သေးသော ပသာဒရုပ်သာလျှင် မှီရာရှိကုန်၏၊ အသယ္ပိဿနာရမ္မဏာ၊ မချုပ်သေးသော အာရုံကို အာရုံပြုကုန်၏။ ။ဤဉာဏဝိဘင်းပါဠိတော်အရ ပဉ္စဝိညာဏ်စိတ်တို့မည်သည်၊ ထင်ရှားရှိသော ပစ္စုပ္ပန် ပဉ္စဝတ္ထုရုပ်တို့ကိုသာ မှီကြကုန်သောကြောင့်တည်း။ဝါ၊မှီကြကုန်သောကြောင့် မဇ္ဈိမာယုက ပသာဒသည်သာ၊ ပုရေဇာတနိဿယပစ္စည်းတပ်နိုင်လေသတည်း။ ။(အောက်ဝိထိပိုင်း၌၊အကျယ်တဝင့်ဘွင့်ဆိုခဲ့ပြီ)။

---

## ဝတ္ထာရမ္မဏပုရေဇာတနိဿယ-အဓိပ္ပါယ်။

ဝတ္ထု စ တံ အာရမ္မဏဉ္စာတိ ဝတ္ထာရမ္မဏံ။
ဝတ္ထာရမ္မဏဉ္စ တံ ပုရေဇာတ နိဿယဉ္စာတိ
ဝတ္ထာရမ္မဏပုရေဇာတနိဿယံ။ ။

တံ၊ထိုသဘောတရားသည်။ ဝတ္ထုစ၊ဝတ္ထု-ရုပ်သည်လည်း။ ဟောတိ၊ ၏၊ အာရမ္မဏဉ္စ၊အာရုံသည်လည်း။ ဟောတိ၊၏။ ဣတိ၊ကြောင့်။ ဝတ္ထာရမ္မဏံ၊ မည်၏။ ။တံ၊သည်။ ဝတ္ထာရမ္မဏဉ္စ၊ အာရုံဖြစ်သောဝတ္ထုရုပ်သည်လည်း။ဟောတိ၊၏၊ ပုရေဇာတနိဿယဉ္စ၊ရှေးဖြစ်နှင့်ပြီးသော မှီရာသည်လည်း။ဟောတိ၊၏။ဣတိ၊ကြောင့်။ ဝတ္ထာရမ္မဏပုရေဇာတနိဿယံ၊ မည်၏၊

အဓိပ္ပါယ်ကား----ဝတ္ထုရုပ်-ခြောက်ပါးတို့တွင်၊ဟာဒယဝတ္ထုရုပ်သည်၊ မရဏာသန္နဇောစိတ်၏ အာရုံလည်းဖြစ်၏၊၎င်းဇောစိတ်တို့၏ မှီရာလည်း ဖြစ်၏။ ၎င်းဇောစိတ်တို့မဖြစ်မီ ရှေးမဆွကလည်း ဖြစ်နှင့်ပြီးဖြစ်၏။ ထို့ကြောင့် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းမည်၏၊ ။ဟူလို။

ကြွင်းသော စက္ခုဝတ္ထုရုပ် စသည်တို့ကား၊ ပုရေဇာတနိဿယသာ ဖြစ်၏၊အာရုံကားမဖြစ်ကုန် ထို့ကြောင့် ဝတ္ထာရမ္မဏပုရေဇာတနိဿယ မမည်ကုန်။

## ဟာဒယဝတ္ထု-အဓိပ္ပါယ်။

ဤဝတ္ထာရမ္မဏ ပုရေဇာတနိဿယ- ပစ္စည်းဟူသည်၊ ဟာဒယဝတ္ထု ပင်တည်း။စက္ခုဝိညာဏ်စသော ဒွေပဉ္စဝိညာဏ်စိတ် ၁၀-ပါးတို့သည်၊ စက္ခုဝတ္ထု။ပ။ကာယဝတ္ထု-ဟုဆိုအပ်သောပဉ္စဝတ္ထုရုပ်ကိုမှီ၍ဖြစ်ကြ၏။

ငင်းနေ့ပဥ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄-ခုမှ ကြွင်းကုန်သောစိတ်-၇၅ ပါးတို့ကား၊ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်နိုင်ကြကုန်၏၊ထို့ကြောင့် ဟဒယဝတ္ထုရုပ်ကို စိစစ်သည်ရှိသော်၊ ငင်းဟဒယဝတ္ထုရုပ်သည်၊ ပဋိသန္ဓေတည်စကစ၍၊ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်လာ၏။ငင်းပဋိသန္ဓေအခါ၌ကား၊ပဋိသန္ဓေနှင့်အတူတကွ ဖြစ်လာ၍၊ ငင်းပဋိသန္ဓေစိတ်၏ မှီရာသာဖြစ်သောကြောင့် သဟဇာတနိဿယ- ပစ္စည်းသာဖြစ်၏ ပုရေဇာတမဖြစ်သေး။

ငင်းပဋိသန္ဓေစိတ်ချုပ်သွားသော်လည်း၊ ဟဒယဝတ္ထုရုပ်ကား၊ မချုပ်သေးသဖြင့်၊ ပဋိသန္ဓေစိတ်၏နောက်၌ ပထမဘဝင်စိတ် ဖြစ်ပေါ်လာရာ၊ ငင်းပထမဘဝင်စိတ်ကား၊ငင်းဟဒယဝတ္ထုကိုသာမှီရ၏။ထိုအခါ ဟဒယဝတ္ထုသည်၊ ပထမဘဝင်၏ မဖြစ်မီ ရှေးမဆွကဖြစ်နှင့်သောကြောင့် ပုရေဇာတဖြစ်၏။ပထမဘဝင်၏ မှီရာဖြစ်သောကြောင့် နိဿယ-ဖြစ်၏။ ထို့ကြောင့် ဝတ္ထုပုရေဇာတနိဿယ ဖြစ်၏။ ထို့အတူ ပထမဘဝင်၌ဖြစ်သော ဟဒယဝတ္ထုသည်၊ဒုတိယဘဝင်စိတ်၏တည်ရာဖြစ်၍၊ ပထမဘဝင်၌ ဥပါဒ်သော ဟဒယဝတ္ထုသည်၊ ပုရေဇာတ နိဿယပစ္စည်းမည်၏။ ဒုတိယဘဝင်စိတ်သည်၊ပစ္စယုပ္ပန်ဖြစ်၏။ ။(ကြွင်းနည်းတူသိ)။ အထူးကား၊ပဥ္စဝတ္ထုရုပ်သည်၊မဇ္ဈိမာယုကဖြစ်မှ၊ ဝတ္ထုပုရေဇာတနိဿယဖြစ်နိုင်၏။ဟဒယဝတ္ထုကား၊မဇ္ဈိမာယုက-ရွေးချယ်ဘွယ်မရှိ၊ရှေးစိတ်၌ဥပါဒ်ပြီးသော ဟဒယဝတ္ထုသည်၊နောက်စိတ်၏ ဝတ္ထုပုရေဇာတနိဿယပစ္စည်း ဖြစ်နိုင်၏,မှီနိုင်၏-ဟုမှတ်။

## ဟဒယဝတ္ထုပုရေဇာတနိဿယဖြစ်ပုံ။

အဘယ်ကြောင့် နောက်နောက်သောစိတ်တို့သည်၊မိမိနှင့်အတူတကွဖြစ်သော ဟဒယဝတ္ထုကိုမမှီမူ၍၊ ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုသာမှီကြပါသနည်း·ဟုမူ။ ။ရုပ်တရားတို့မည်သည်၊ဖြစ်ပေါ်ဥပါဒ်ဆဲခဏ၌လွန်စွာအားနည်းကြကုန်၏။ ဌီသို့ရောက်မှသာလျှင်၊ အားအစွမ်းနှင့်ပြည့်စုံကြကုန်၏၊သို့ဖြစ်၍၊ ဥပါဒ်ဆဲဖြစ်သောဟဒယဝတ္ထုရုပ်တို့သည်၊ နာမ်တရားတို့၏အမှီမခံနိုင်ကြပါဘဲ၊ဌီသို့ရောက်မှသာလျှင်နာမ်တရားတို့၏အမှီကိုခံနိုင်ကြကုန်၏။ ထို့ကြောင့် ရှေးစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည်သာ၊ပုရေဇာတနိဿယပစ္စည်း တပ်နိုင်လေသတည်း။

၎င်းဒွေပဉ္စဝိညာဏ် ၁၀၊ အရူပဝိပါက် ၄-ခုမှ ကြွင်းကုန်သောစိတ်-၇၅ ပါးတို့ကား၊ဟာဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်နိုင်ကြကုန်၏၊ထို့ကြောင့် ဟာဒယ ဝတ္ထုရုပ်ကို စိစစ်သည်ရှိသော်၊ ၎င်းဟာဒယဝတ္ထုရုပ်သည်၊ ပဋိသန္ဓေ တည်စကစ၍၊ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်လာ၏။၎င်းပဋိသန္ဓေအခါ၌ကား၊ပဋိသန္ဓေနှင့်အတူတကွ ဖြစ်လာ၍၊ ၎င်းပဋိသန္ဓေစိတ်၏ မှီရာသာ ဖြစ်သောကြောင့် သဟဇာတနိဿယ- ပစ္စည်းသာဖြစ်၏၊ ပုရေဇာတ မဖြစ်သေး။

၎င်းပဋိသန္ဓေစိတ်ချုပ်သွားသော်လည်း၊ ဟာဒယဝတ္ထုရုပ်ကား၊ မချုပ် သေးသဖြင့်၊ ပဋိသန္ဓေစိတ်၏နောက်၌ ပထမဘဝင်စိတ် ဖြစ်ပေါ်လာရာ၊ ၎င်းပထမဘဝင်စိတ်ကား၊၎င်းဟာဒယဝတ္ထုကိုသာမှီရ၏။ထိုအခါ ဟာဒယ ဝတ္ထုသည်၊ ပထမဘဝင်၏ မဖြစ်မီ ရှေးမဆွက ဖြစ်နှင့်သောကြောင့် ပုရေဇာတဖြစ်၏။ပထမဘဝင်၏ မှီရာဖြစ်သောကြောင့် နိဿယ-ဖြစ်၏။ ထို့ကြောင့် ဝတ္ထုပုရေဇာတနိဿယ ဖြစ်၏။ ထို့အတူ ပထမဘဝင်၌ ဖြစ်သော ဟာဒယဝတ္ထုသည်၊ဒုတိယဘဝင်စိတ်၏တည်ရာဖြစ်၍၊ ပထမ ဘဝင်၌ ဥပါဒ်သော ဟာဒယဝတ္ထုသည်၊ ပုရေဇာတ နိဿယပစ္စည်း မည်၏။ ဒုတိယဘဝင်စိတ်သည်၊ပစ္စယုပ္ပန်ဖြစ်၏။ ။(ကြွင်းနည်းတူသိ)။ အထူးကား၊ပဉ္စဝတ္ထုရုပ်သည်၊မဇ္ဈိမာယုကဖြစ်မှ၊ ဝတ္ထုပုရေဇာတနိဿ ယဖြစ်နိုင်၏။ဟာဒယဝတ္ထုကား၊မဇ္ဈိမာယုက-ရွေးချယ်ဘွယ်မရှိ၊ရှေးစိတ်၌ ဥပါဒ်ပြီးသော ဟာဒယဝတ္ထုသည်၊နောက်စိတ်၏ ဝတ္ထုပုရေဇာတနိဿယ ပစ္စည်း ဖြစ်နိုင်၏၊မှီနိုင်၏-ဟုမှတ်။

## ဟာဒယဝတ္ထုပုရေဇာတနိဿယဖြစ်ပုံ။

အဘယ်ကြောင့် နောက်နောက်သောစိတ်တို့သည်၊မိမိနှင့်အတူတကွ ဖြစ်သော ဟာဒယဝတ္ထုကိုမမှီမူ၍၊ ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟာဒယ ဝတ္ထုကိုသာမှီကြပါသနည်း- ဟူမူ။ ။ရုပ်တရားတို့မည်သည်၊ဖြစ်ပေါ်ဥပါဒ် ဆဲခဏ၌လွန်စွာအားနည်းကြကုန်၏။ ဌီသို့ရောက်မှသာလျှင်၊ အားအစွမ်း နှင့်ပြည့်စုံကြကုန်၏၊သို့ဖြစ်၍၊ ဥပါဒ်ဆဲဖြစ်သောဟာဒယဝတ္ထုရုပ်တို့သည်၊ နာမ်တရားတို့၏အမှီမခံနိုင်ကြပါဘဲ၊ဌီသို့ရောက်မှသာလျှင်နာမ်တရားတို့၏ အမှီကိုခံနိုင်ကြကုန်၏။ ထို့ကြောင့် ရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟာဒယ ဝတ္ထုသည်သာ၊ပုရေဇာတနိဿယပစ္စည်း တပ်နိုင်လေသတည်း။

ပုဂ္ဂိုလ်တို့အား။ ဝါ၊ တို့၏။ ဝိပဿနာဒိကာလေ၊ ဝိပဿနာ ရှုရာအခါ၌ရှိသော ကာလ၌။ တေသံ၊ ထိုကုသိုလ်,အကုသိုလ်,အဗျာကတတို့၏၊ အာရမ္မဏာဒ္ဓ၊ အာရုံသည်ရှင်း။ ဝတ္ထုစ၊ မှီရာသည်ရှင်း။ ဟောတေဝ၊ ဖြစ်သည်သာတည်း။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ကဒါစိ၊ တရံတခါ၌၊ တေသံ ပုဂ္ဂလာနံ၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့အား။ ဝါ၊ တို့၏။ မရဏာသန္နဝီထိတော၊ မရဏာသန္နဝီထိမှ။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့၌၊ တေသံစိတ္တာနံ၊ ထိုကုသိုလ်, အကုသိုလ်,အဗျာကတစိတ်တို့၏။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ တဒေဝ၊ ထိုဟာဒယဝတ္ထုကိုသာလျှင်။ အနိဋ္ဌာဒိသမ္ဘသနရဇ္ဇနာဒိဝသေန၊ အနိဋ္ဌအစရှိသောအားဖြင့် သုံးသပ်ခြင်း, တပ်မက်ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ တေန၊ ထိုသို့ ဖြစ်ခြင်းကြောင့်။ တေသံ၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့အား။ ပုဗ္ဗနယေန၊ ဆိုအပ်ခဲ့ ပြီးသော အနိဋ္ဌအစရှိသောအားဖြင့် သုံးသပ်ခြင်း, တပ်မက်ခြင်း, အစရှိ သော နည်းဖြင့်။ တဒေဝ၊ ထိုမရဏာသန္နအခါ၌ဖြစ်သော ဟာဒယဝတ္ထုကို သာလျှင်။ အာရဗ္ဘ စ၊ အာရုံပြု၍ရှင်း။ နိဿာယ စ၊ မှီ၍ရှင်း။ ပဝတ္တိယာ၊ ဖြစ်ခြင်း၏၊ သမ္ဘဝတော၊ ဖြစ်သင့်သောကြောင့်တည်း။ ဧဝဉ္စ ကတွာ၊ ဤသို့- အာရုံပြု၍ရှင်း,မှီ၍ရှင်းဖြစ်ခြင်းကြောင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဋ္ဌာနေ၊ ပဋ္ဌာန်းပါဠိတော်၌၊ နိဿယပစ္စယာအာရမ္မဏေ တိကတိ၊ တိကတိ- ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ နိဿယပစ္စယာ၊ နိဿယပစ္စည်းကြောင့်။ ပဝတ္တေ၊ ဖြစ်သော။ အာရမ္မဏေ၊ အာရမ္မဏပစ္စည်း၌။ (တနည်းကား)၊ နိဿယပစ္စယာ၊ နိဿယပစ္စည်းနှင့်။ သဟ၊ တကွ။ အာရမ္မဏေ၊ ၌။ တိကတိ၊ သုံးပါးကုန်သော။ ဝိသဇ္ဇနာနိ၊ အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ- ဟူသောအဖြေ ဝိသဇ္ဇနာပုဒ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

အဓိပ္ပါယ်ကား.... ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ မရဏာသန္နဝီထိမဖြစ်မီ၊ ရှေးအဘို့ဖြစ်သော ပဝတ္တိကာလ၌၊ မိမိ၏အတ္တဘောသန္တာန်၌ရှိသော ဟာဒယ ဝတ္ထုကို အာရုံပြု၍၊ သာယာ-တပ်မက်-နှစ်သက်မှု, ပြစ်မှားမှု, တွေဝေမှု အကုသိုလ်ဖြစ်လေ၏၊ ထိုသာယာတပ်မက်နှစ်သက်မှုစသော အကုသိုလ် ကံတရားသည်၊ ယခုဘဝမှ စုတိ၍ အခြားမဲ့ဖြစ်သော အနန္တရဘဝ၌ အကျိုး ပေးမည်ဖြစ်ခဲ့ပါမူ၊ စုတေ့ခါနီးသောရှင်းပုဂ္ဂိုလ်အား ရှေးအခါက တပ်နှစ် သက်ခဲ့ဘူးသော ဟာဒယဝတ္ထုရုပ်- ဟုဆိုအပ်သောအာရုံကို အာရုံပြု၍၊

ဆက်ခါ-ဆက်ခါ- မရဏာသန္နဝီထိသည်ဖြစ်လာ၏၊ ထိုအခါ ရုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ပကတိဟဒယဝတ္ထုသည်ပင်၊ ရှေးက တပ်နှစ်သက်ခဲ့ဘူးသော ဘဝနိမိတ်အသွင်ထင်လာ၏။ ထိုသို့ ပဋိသန္ဓေကစ၍- တဖွါးဖွါး ဖြစ်ပေါ်နေသော ပကတိကမ္မဇ ဟဒယဝတ္ထုကိုပင်၊ မိမိတပ်နှစ်သက်ခဲ့ဘူးသော ဟဒယဝတ္ထု-ဟုထင်မှတ်လာသောအခါ၊ ၎င်းပကတိဟဒယဝတ္ထုသည်၊ မနောဒွါရာဝဇ္ဇန်း, အကုသိုလ် မရဏာသန္နဇော, တဒါရုံစိတ်တို့၏ အာရုံလည်းဖြစ်၏၊ မှီရာလည်းဖြစ်၏၊ ထို့ကြောင့် ရုတိစိတ်မှပြန်၍ရေသည့်ရှိသော်၊ ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောပကတိဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းဖြစ်၏ ဟုမှတ်။

ထိုအတူ၊အဇ္ဈတ္တိကဖြစ်သော ဟဒယဝတ္ထုရုပ်ကို အာရုံပြု၍၊ အနိစ္စ, ဒုက္ခ,အနတ္တအားဖြင့်၊ဝိပဿနာပွါးများသောအခါ၊ရှေးနည်းအတူ အနန္တရဘဝ၌၊မချအကျိုးပေးလတ္တံ့ဖြစ်ခဲ့ပါမူ၊ထိုပွါးများဘူးသောပုထုဇ္ဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိအခါ၊ရုတိစိတ်မှ ပြန်၍ရေသည့်ရှိသော် ၁၇-ချက်မြောက်စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည်ပင်၊ရှေးက ပွါးများခဲ့သော ဟဒယဝတ္ထုအသွင် ထင်လာ၏။ ထိုအခါ၊ထိုဟဒယဝတ္ထုသည်၊မရဏာသန္နဝီထိဝိတ္တုပ္ပါဒ်၏ အာရုံလည်း ဖြစ်၏၊ မှီရာလည်းဖြစ်၏။ ရှေးမဆွ- ဖြစ်နှင့်ပြီးလည်းဖြစ်၏၊ ထို့ကြောင့်၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းမည်၏။ ။(ကြွင်းနည်းတူသိ)။

သို့ဖြစ်၍၊ ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော-ဟဒယဝတ္ထုကို-သဟဇာတနိဿယဝတ္ထု,ဟုဆိုအပ်၏။ ပထမဘဝင်မှစ၍၊ မရုတိသိအတွင်း ဖြစ်သမျှသောစိတ်တို့၏မှီရာ ဟဒယဝတ္ထုကိုကား၊ ပုရေဇာတနိဿယဝတ္ထု-ဟုဆိုအပ်၏။ ရုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကိုကား၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ-ဟုဆိုသင့်၏။

အဇ္ဈတ္တံ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ အဿာဒေတိ၊အဘိနန္ဒတိ၊တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ။
ပဉ္စဝါရပဌာန်း-ပါဠိတော်။

ဤ၀တ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို၊မရဏာသန္နအခါ၌သာ ရအင်၏။ပကတိအခါ၌မရအပ်ဟု မဏိဒီပ-မဏိမဥ္ဇူ။စသော ဆရာ့ဆရာ များ အယူရှိတော်မူကြကုန်၏။ ပဋ္ဌာနသာရဒီပနီ-ဆရာများကား၊ ပဝတ္တိအခါ၌လည်း ရနိုင်၏ ဟု မိန့်ဆိုဆုံးဖြတ်ကော်မူကြကုန်၏၊ ။ဤကား-ဆရာ့ဆရာများ၏အယူတော်တည်း။

တနည်း....ပစ္စုပ္ပန်ဖြစ်သောဟဒယဝတ္ထုရုပ်ကိုအာရုံပြုပြီးလျှင် အနိဋ္ဌစသည်ဖြင့် ဆင်ခြင်သောအခါ၌၎င်း,ထိုဟဒယဝတ္ထုကိုသာယာဘိမက်ခြင်းစသည်ဖြစ်သောအခါ၌၎င်း, ဇာတိဝိဓအဘိညာဉ်ကိစ္စဖြင့် ထိုဟဒယဝတ္ထုရုပ်ကိုအာရုံပြု၍၊အဓိဋ္ဌာန်သောအခါ၌၎င်း,ထိုဟဒယဝတ္ထုရုပ်သည်၊ ဆင်ခြင်သော ပစ္စဝေက္ခဏာဇောစိတ်, သာယာသော လောဘမူဇော စသော အကုသိုလ်စိတ်, အဓိဋ္ဌာန်သောဇောစိတ်တို့၏ မှီရာလည်းဖြစ်၏။ အာရုံပြုရာလည်းဖြစ်၏။ထို့ကြောင့် ၎င်းဟဒယဝတ္ထုသည်-ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်းမည်၏။ဤသို့ ယူပါက မရဏာသန္နဝီထိကို စိစစ်ဘွယ်မလိုတော့ပြီ။ပဝတ္တိအခါ-ဟုမှတ်။

၎င်းပြင်ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကား၊ဟဒယဝတ္ထုရုပ် တပါးသာလျှင်တပ်နိုင်၏-ဟု မိန့်ဆိုတော်မူကြကုန်၏။ သို့သော်-အလုံးစုံ သော ပစ္စုပ္ပန်ဖြစ်သော မိမိ၏ရုပ်ကိုအာရုံပြု၍၊ ငါ၏ရုပ်သည်အမြဲမရှိ-စသောအားဖြင့်၎င်း,ငါ-ငါ၏ကိုယ်စသောအားဖြင့်၎င်း,ပွားများဆင်ခြင်မှု, တပ်နှစ်သက်မှု စသည်ဖြစ်သော ပုဂ္ဂိုလ်တို့အား၊ ရုပ် ၂၈-ပါးတို့တွင်-ထိုက်သည်အားလျော်စွာ-မည်သည့်ရုပ်မဆို-အာရုံဖြစ်နိုင်၏-ဟုမှတ်။

ဆောင်ပုဒ်။

သဟာ-ပုရေ၊ရမ္မဏော၊သုံးထွေဝတ္ထုရုပ်။

---

## ပဋိသန္ဓေစိတ်၏အာရမ္မဏပုရေဇာတနိဿယ ပစ္စည်းမတပ်ခြင်းအကြောင်း။

ပဋိသန္ဓေစိတ်သည်ကား၊ အဘယ့်ကြောင့် အာရမ္မဏ ပုရေဇာတ ပစ္စည်းကိုမရပါသနည်းဟူမူ။ ။ရှေးဘဝ၌ဖြစ်သော ဟဒယဝတ္ထုသည် စုတိစိတ်နှင့်ပြိုင်၍ချုပ်ခဲ့ပြီးဖြစ်၍၊ရှေးဘဝ၏ ဟဒယဝတ္ထုကို၊နောက်ကာလ ပဋိသန္ဓေစိတ်သည်မမှီနိုင်။ ထိုသို့မှီရာမရှိသောကြောင့် မိမိနှင့်အတူဥပါဒ်

သောဟဒယဝတ္ထုကိုသာ သဟဇာတအစွမ်းဖြင့်မှီရ၏၊ ထို့ကြောင့် ကာမပဋိသန္ဓေစိတ်သည် ဝတ္ထုပုရေဇာတ ပစ္စည်းကိုမရ။ ဝတ္ထုပုရေဇာတပစ္စည်းကိုရမှသာ၊ အာရမ္မဏပုရေဇာတပစ္စည်းကိုရမြဲဖြစ်သောကြောင့်၎င်း၊ ပဋိသန္ဓေစိတ်အာရုံ၏ထင်ရှားသော အာရုံမဟုတ်သည်နှင့်၊ အာရုံဖြစ်ခါမျှဖြစ်သောကြောင့်၎င်း၊ ကာမပဋိသန္ဓေစိတ်သည်ပစ္စုပ္ပန်ကမ္မနိမိတ်၊ ဂတိနိမိတ်ကိုအာရုံပြုခိုက် ပစ္စုပ္ပန်ဖြစ်သော ရုပ်လျှင်အာရုံရှိသော်လည်း အာရမ္မဏပုရေဇာတပစ္စည်းကိုမရ-ဟုမှတ်။

> တဒါရမ္မဏဘာဝိနောတိ ဧတ္ထ ပဋိသန္ဓိဘာဝိနော ပုရေဇာတဘာဝေန ဇာတရဿာပိ အဘာဝါ အဂ္ဂဟဏံ၊ ဘဝင်္ဂဘာဝိနော ပန ဂဟဏံ ကာတဗ္ဗံ၊ န ဝါ ကာတဗ္ဗံ၊ ပဋိသန္ဓိယာ ဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတော။ ။
>
> ပဋ္ဌာန်း-မူလဋီကာ၊ ။(၁၄၂)။

တဒါရမ္မဏဘာဝိနောတိဧတ္ထ၌။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသော ကာမာဝစရ ဝိပါက်အား။ ပုရေဇာတဘာဝေန၊ ဝတ္ထုပုရေဇာတပစ္စည်း၏ မရှိခြင်းကြောင့်။ ဇာတရဿာပိ၊ တပါးသော အာရမ္မဏပုရေဇာတပစ္စည်း၏လည်း။ အဘာဝါ၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသောကာမဝိပါက်စိတ်ကို၊ အဂ္ဂဟဏံ၊ အဋ္ဌကထာဆရာ မယူခြင်းသည်။ ဟောတိ၊ ၏။ ပန၊ ပဋိသန္ဓေစိတ်မှတပါး၊ ဘဝင်စိတ်ကိုဆို ဦးအံ့၊ ဘဝင်္ဂဘာဝိနော၊ ဘဝင်ဖြစ်လေ့ရှိသောကာမဝိပါက်စိတ်ကိုလည်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဝါ၊ တနည်းသော်ကား။ နကာတဗ္ဗံ၊ မပြုအပ်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ အာရမ္မဏံဝိယ၊ မထင်ရှားသော အာရုံကဲ့သို့၊ အပရိဗျတ္တဿ၊ မထင်ရှားသော။ အာရမ္မဏဿ၊ ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေနောင်ဘဝင်လေးချက်၏ အာရုံဖြစ်သောပစ္စုပ္ပန်အာရုံ၏။ အာရမ္မဏမတ္တဘာဝတော၊ အာရုံသာမန်မျှ၏ အဖြစ်ကြောင့်တည်း။

ဆိုလိုရင်းကား....ပဋိသန္ဓေစိတ်သည် ဝတ္ထုပုရေဇာတပစ္စည်းလည်း မရ၊ ဝတ္ထုပုရေဇာတပစ္စည်းမရမရှိ၍၊ အာရမ္မဏပုရေဇာတပစ္စည်းလည်း မရ-ဟုဆိုလိုသည်၊ သို့ဖြစ်ပါက-ရုပ်စိတ်၏ပစ္စုပ္ပန်အာရုံသည် ပဋိသန္ဓေနောက်ဘဝင် ၄-ချက်တိုင်အောင် ထင်နိုင်သည်မဟုတ်ပါလော၊ ထင်နိုင်ပါက၊ ပဋိသန္ဓေစိတ်သည်အာရမ္မဏပုရေဇာတပစ္စည်းရသင့်သည်မဟုတ်

ပါလော-ဟူမှု။ရသည်မှန်၏။ သို့သော် ၎င်းအာရုံကား မထင်ရှား၊အာရုံ သာမညဖြစ်သောကြောင့်-အာရမ္မဏပုရေဇာတပစ္စည်းမရှိသည်နှင့်တူ၏ ဟုမှတ်။

သတိပိ ကာသဝိ ပဋိသန္ဓိဘာဝိနော အာရမ္မဏပုရေဇာတေ
ဝိဘူတံ ပန ကတွာ အာရမ္မဏကရဏဘာဝတော အဝိစ္ဆမာန
သဒိသန္တိ ကတွာ ဝုတ္တံ-ဇာတရသာပိ အဘာဝါတိ။ ။

အနုဋီကာ။ ။(၂၀၂)။

ကာသဝိ၊ အချို့သော။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသော ကာမဝိပါက်စိတ်၏။ အာရမ္မဏပုရေဇာတေ၊ ရှေး၌ဖြစ်သောပဿုပ္ပန်အာရုံ သည်။သတိပိ၊ရှိသော်လည်း။ ဝိဘူတံ ပန၊ထင်ရှားသည်ကိုကား၊ ကတွာ၊ ပြု၍။ အာရမ္မဏကရဏာဘာဝတော၊ အာရုံပြုခြင်း၏ မရှိခြင်းကြောင့်။ အဝိစ္ဆမာနသဒိသံ၊ အာရမ္မဏ ပုရေဇာတ ပစ္စည်းမရှိသည်နှင့် တူ၏၊ ဣတိကတွာ-ဣတိတသ္မာ၊ ထို့ကြောင့်။ ဇာတရသာပိ အဘာဝါတိ၊ဟူ၍။ ဝုတ္တံ၊၏။

ဆောင်ပုဒ်။

က။ ။တူဖြစ်ပါဒယ၊အားနည်းလှ၍၊ရှေးကဖြစ်မှု၊
ယင်းဝတ္ထု၊မှီပြု-ပစ္စည်းဘပ်ပုံဘည်း၊
ခ ။ ။သန္ဓေစိတ်ကား၊ရှေးဖျားဖြစ်ဘိ၊ယင်းမရှိ၍၊
မှီ၏သဟဇာတ်ကိုတည်း။
ဂ ။ ။အာရုံပစ္စုပ်ပါ၊ရရှိဟုတ်လည်း၊အားနည်းလတ်တုံ၊အာရုံမညည်၊
ထို့ကြောင့်ပြီ၊ကင်းတည်-အာရမ္မဏပုရေတည်း။

---

ဥပနိဿယပစ္စယော-အဘွင့်။

နိဿီယတီတိ နိဿယော။

နိဿီယတိ၊မှီအပ်၏။ ဣတိတသ္မာ၊ ထိုသို့မှီအပ်သောအနက်ကြောင့်။ နိဿယော၊နိဿယ-မည်၏။ ။ဝိဂြိုဟ်အရ…အကျိုးတရားတို့မည်သည်၊ အကြောင်းတရားနှင့် မကင်းဘောင်းကုန်။ အကြောင်းတရားတို့နှင့်သာ စပ်၍ ဖြစ်ကြရကား၊ အကျိုးတရားတို့၏ မှီအပ်သော အနက်ကြောင့် အကြောင်းတရားသည်-နိဿယမည်၏။ ။ဟူလို။

တဒမိနဝုတ္တိတာယ အစ္စနော ဖလေန နိဿိတော
နပ္ပဒိုက္ခိတ္တော္ဘာတိ နိဿယော။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၂)။

တဒမိနဝုတ္တိတာယ၊ထိုအကြောင်းနှင့်စပ်သောဖြစ်ခြင်းရှိသည့်၏အဖြစ်ကြောင့်။ အစ္စနော၏။ဖလေန၊အကျိုးတရားသည်။ နိဿိတော၊မှီအပ်၏။ နပ္ပဋိက္ခိတ္တော၊ မပယ်အပ်။ ဣတိတသ္မာ၊ ကြောင့်။ နိဿယော၊နိဿယ-မည်၏။ ၊(ဤအလို နိ-ရှေးရှိသော သိ-ဓာတ်၊ကမ္မသာဓ်၊ ဆရာတို့ကား-အဓိကရဏသာဓ်သာ ပြုတော်မူကြ၏)။

ဘုသော နိဿယော ဥပနိဿယော။

ဘုသော၊ ပြင်းပြသည့်ဖြစ်၊လွန်ကဲအားကြီးသော။ နိဿယော၊မှီအပ်သောအကြောင်းသည်။ဥပနိဿယော၊ဥပနိဿယ-မည်၏။

အဓိပ္ပါယ်ကား... ပြင်းပြသည့်ဖြစ်၊လွန်ကဲအားကြီးသောပင်ပန်းခြင်းသည်-ဥပါယာသမည်သကဲ့သို့၊ ထို့အတူ၊ လွန်ကဲအားကြီးသောမှီအပ်သော အကြောင်းတရားသည်-ဥပနိဿယမည်၏။ ။ဟူလို။ ။(ဤအလို ဥပသဒ္ဒါသည်-အတိသယအနက်ကိုဟော၏)။

ယထာ ပန ဘုသော အာယာသော ဥပါယာသော၊
ဧဝံ ဘုသော နိဿယော ဥပနိဿယော၊ ဗလဝ
ကာရဏဿေတံ အဓိဝစနံ။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၃)။

ပန၊ အထူးကိုဆိုဦးအံ့။ ဝါ၊ နိဿယပုဒ်၏ဝိဂြိုဟ်ဝစနတ္ထမှတပါး၊ ဥပနိဿယ-ပုဒ်၏ ဝစနတ္ထ-အဘိဓေယျတ္ထကိုဆိုဦးအံ့၊ ဘုသော၊ ပြင်းပြသည့်ဖြစ်၊ လွန်ကဲအားကြီးသော။ အာယာသော၊ ပင်ပန်း ခြင်းသည်။ ဥပါယာသော၊ ဥပါယာသ-မည်သည်။ ဟောတိ-ယထာ၊ ဖြစ်သကဲ့သို့၊ ဧဝံ၊ ဤအတူ။ ဘုသော၊လွန်ကဲအားကြီးသော။ နိဿယော၊ မှီအပ်သော အကြောင်းသည်။ဥပနိဿယော၊ဥပနိဿယ-မည်၏။ဧတံ၊ဤဥပနိဿယ ဟူသောအမည်သည်။ ဗလဝကာရဏဿ၊ အားကြီးသောအကြောင်း၏။ အဓိဝစနံ၊အမည်တည်း။

ဥပနိဿယ ဥပမာ....ဝါတွင်းလေးလပတ်လုံး၊ သည်းစွာ ရွာသွန်းအပ်သော မိုးကြီးသည် မိမိကို မှီကုန်သော မြက်သစ်ပင်စသည်တို့အား

အားကြီးသောမှီရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊အားကြီးသော မှီရာ, မှီအပ်သောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းတရားဖြစ်၏-ဟုမှတ်။

---

## ဥပနိဿယပစ္စည်း-သုံးချက်စု။

၁။ ။ဥပနိဿယ ပစ္စည်းသည်၊ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ- အားဖြင့် သုံးပါးရှိ၏၊ ထိုတွင်၊ အာရမ္မဏူပ နိဿယသည်၊ အာရမ္မဏာဓိပတိနှင့် တူ၏။ အနန္တရူပနိဿယသည်၊ အနန္တရနှင့် တူ၏။ ။ပကတူပ နိဿယ၌၊ ၁-ဗလဝဖြစ်သော ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော စိတ်တရယုတ်ကိုးဆယ်, စေတသိက်နှစ်ပညာသ, ရုပ်အဋ္ဌဝီသ, ပစ္စည်းထိုက်သော အချို့သောပညတ်၊ ဤတရားတို့သည်၊ပကတူပနိဿယပစ္စည်းတရားမည်ကုန်၏။

၂။ ။ပစ္စုပ္ပန် ဖြစ်သော စိတ်တရယုတ် ကိုးဆယ်, စေတသိက်နှစ်ပညာသ။ ဤတရားတို့သည်၊ ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်တရားမည်ကုန်၏။

၃။ ။ဝိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ ပကတူပ နိဿယပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

---

## နိဿယနှင့်ဥပနိဿယ-အထူး။

နိဿယနှင့်ဥပနိဿယ ၂-ပါးတို့၏အထူးကား၊သလေးထမင်းဖြစ်ရန် အကြောင်းများတို့တွင်၊ထမင်းချက်သမားသည်ရင်း, ထမင်းအိုးသည်ရင်း, ထင်းသည်ရင်း, မီးသည်ရင်း- ရှိခဲ့၏။ ထိုထမင်းချက်သမား စသော အကြောင်းတို့သည်၊ နိဿယပစ္စည်းမျှသာ ဖြစ်ကုန်၏။ အားကြီးသော မှီရာ-ဟုဆိုအပ်သော ဥပနိဿယပစ္စည်းမူကား မဖြစ်နိုင်ကြကုန်။သလေးမျိုးစေ့, သလေးစပါး, လယ်ခင်း, မိုးရေတို့သည်သာလျှင်၊ သလေး ထမင်း၏ ဥပနိဿယပစ္စည်းဖြစ်နိုင်ကြကုန်၏။ ထိုစကားမှန်၏။ သလေးမျိုးစေ့, သလေးစပါး, လယ်ခင်း, မိုးရေတို့မရှိကြပါလျှင်၊ ထမင်းချက်သမားနှင့်ထမင်းအိုးစသည်တို့သည်၊ သလေးထမင်းဖြစ်အောင် မစွမ်းနိုင်

ကြကုန်ရာ။ပြဆိုအပ်ပြီးသောသလေးမျိုးစေ့စသည်တို့ရှိကုန်သောကြောင့် သာ၊ထမင်းချက်သမားနှင့် ထမင်းအိုး စသည်တို့သည်၊ သလေးထမင်း ဖြစ်အောင် အစွမ်းထုတ်နိုင်ကြကုန်၏။ထို့အဘူ အကြင်အကြောင်းတရား မရှိခဲ့ပါမူ၊ မှီရာဖြစ်သော နိဿယသာမညပင် မဖြစ်နိုင်ရာ။ နိဿိတဖြစ် သော အကျိုးတရားမှာမူကား ဆိုဘွယ်မရှိ။ မဖြစ်နိုင်တော့သာတည်း။ ဤသို့ နိဿယပစ္စည်း၏ပင် အကြောင်းဖြစ်နိုင်သော အကြောင်းတရား သည်၊နိဿယပစ္စည်းထက်ပင် အားရှိသောကြောင့် ဥပနိဿယပစ္စည်း-ဟုဆိုရလေသတည်း။ ။ဆိုလိုရင်းကား-သာမညဖြစ်သောမှီရာအကြောင်း တရားသည်- နိဿယပစ္စည်းမည်၏။ ဝိသေသဖြစ်သော အားကြီးသော မှီရာဖြစ်သော အကြောင်းတရားသည်-ဥပနိဿယပစ္စည်းမည်၏-ဟုမှတ်။

> ယံကိဉ္စိ ကာရဏံ နိဿယောတိ ဝဒတိ၊ တဿ ယော ဘုသော၊ တံ ဥပနိဿယောတိ နိဒ္ဒိသတိ။ ။
>
> မူလဋီကာ။ ။(၁၂၇)။

> ယထာ ဟိ သာလိဘတ္တဿ ဥပ္ပတ္တိယာ သူဒေါ ဝါ ဥက္ခလိ ဝါ ကဋ္ဌံ ဝါ အဂ္ဂိ ဝါ နိဿယော ဧဝ ဟောတိ။ န ဥပနိဿယော။ပ။ သော ပစ္စယော နိဿယတောပိ ဗလဝတရတ္တာ ဥပနိဿ ယောတိ ဝုစ္စတိ။ ။ပရမတ္ထဒီပနီဋီကာ၊ ။(၃၇၅)။

**ဆောင်ပုဒ်။**

အကြောင်းသာမံ၊ နိဿယံတည်း။ဗလဝကြောင်းမူ၊ ဥပ-ယူလော့။

---

## အာရမ္မဏာဓိပတိနှင့်အာရမ္မဏူပနိဿယ-အထူး။

အာရမ္မဏူပနိဿယသည်၊အာရမ္မဏာဓိပတိနှင့်သရုပ်အားဖြင့်တူ၏ ဟုဆိုသော်သည်း၊ သဘောအားဖြင့်ကား ထူးခြား၏၊ ထူးခြားဟန်ကား၊ အလေးအမြတ် ပြုအပ်သော အနက်သဘောသည်- အာရမ္မဏာဓိပတိ မည်၏။အားကြီးသော အကြောင်းဖြစ်သော အနက်သဘောသည်-အာရမ္မ ဏူပနိဿယမည်၏-ဟုမှတ်။

အကြင်သူသည်၊ ဒါနကိုပေးလှူ၏၊သီလကိုဆောက်တည်၏၊ ဘာဝနာ ကမ္မဋ္ဌာန်းကိုပွါးများ၏။ထိုအားထုတ်အပ်ပြီးသောဒါန-စသော ကုသိုလ်ကို

ပြည့်တန်သောပတ္တမြားကြီးပမာ,လွန်စွာနှစ်သက်လေးမြတ်၏၊အဘန်ဘန် အထပ်ထပ် ငါသည်၊ အလွန်တရာအဘိုးတန်သောဘဝ၌ မိရာတည်ရာ ကုသိုလ်ကောင်းမှုကြီးကို ပေးကမ်း,လှူဒါန်း, ဆောက်ဘည့်ပွားများအပ်ပါ ပေပြီ-ဟု ဆင်ခြင်ဝမ်းမြောက်အပ်၏။ ဤသို့ ရှေး၊ပြုအပ်ပြီးသောကုသိုလ် အာရုံသည် နောက်ကုသိုလ်၏ဖြစ်ဘို့ရန် အထူးသဖြင့် အလေးအမြတ်ပြု အပ်သော အာရုံဖြစ်သောကြောင့်- အာရမ္မဏာဓိပတိအကြောင်းတရား- ဟုဆိုရ၏။ ထိုအကြောင်းတရားသည်ပင် သာမည အာရုံမည်ကာမတ္တ မဟုတ်၊ အလွန်အားကြီးသော အာရုံ ဖြစ်သောကြောင့်- အာရမ္မဏူပ နိဿယလည်းမည်၏-ဟုဆိုလိုသည်။ ။(ကြွင်းနည်းတူသိ)။

ဣတိ ဂရုကာတဗ္ဗမတ္တဋ္ဌေန အာရမ္မဏာဓိပတိ၊ ဗလဝကာရဏ ဋ္ဌေန အာရမ္မဏူပနိဿယောတိ ဧဝမေတေသံ နာနတ္တံ ဝေဒိ တဗ္ဗံ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၃)။

ဣတိဣမိနာကာရဏေန၊ဤသို့သောအကြောင်းကြောင့်။ ဂရုကာတဗ္ဗ မတ္တဋ္ဌေန၊အလေးအမြတ် ပြုအပ်သည်၏ အဖြစ်မျှဟူသော အနက်သဘော အားဖြင့်။အာရမ္မဏာဓိပတိ၊အာရမ္မဏာဓိပတိပစ္စည်းမည်သည်။ဟောတိ၊ ၏။. ဗလဝကာရဏဋ္ဌေန၊ အားကြီးသော အကြောင်း၏ အဖြစ်ဟူသော အနက်သဘောအားဖြင့်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယ ပစ္စည်းသည်။ဟောတိ၊၏။ ဣတိဧဝံ၊ဤသို့။ ဧတေသံ၊ထိုအာရမ္မဏာဓိပတိ ပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်းတို့၏။ နာနတ္တံ၊ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၊၏။

---

အနန္တရနှင့်အနန္တရူပနိဿယ-အထူး။

အနန္တရူပနိဿယသည်၊ အနန္တရနှင့်တူ၏-ဟုဆိုရာ၊ သရုပ်အားဖြင့် သာတူ၍၊ သဘောအားဖြင့် ထူးခြား၏။ ထူးခြားဟန်ကား။ မိမိ,မိမိတို့၏ အခြားမဲ့၌၊ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှါ၊စွမ်းနိုင်သော သတ္တိရှိသောတရားသည်- အနန္တရ ပစ္စည်းမည်၏၊ အားကြီးသော အ ကြောင်း၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းငှာ စွမ်းနိုင်သောသတ္တိသည်- အနန္တ ရူပနိဿယပစ္စည်းမည်၏။ဤသို့ထူးသတည်း။

ဧဝံ သင်္ကေပိ အတ္တနော အတ္တနော အနန္တရံ အနုရူပဿ စိတ္တုပ္ပါဒဿ ပဝတ္တနသမတ္ထတာယ အနန္တရတာ၊ ပုရိမစိတ္တဿ စ ပစ္ဆိမစိတ္တုပ္ပါဒနေ ဗလဝတာယ အနန္တရူပနိဿယတာ ဝေဒိတဗ္ဗာ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၃)။

ဧဝံ၊ ဤသို့-အနန္တရ, အနန္တရူပနိဿယပစ္စည်းတို့၏ သရုပ်အားဖြင့်တူသည်အဖြစ်သည်။ သင်္ကေပိ၊ ဖြစ်လင့်ကစား။ အတ္တနောအတ္တနော၊ မိမိ, မိမိ၏။ အနန္တရံ၊ အခြားမဲ့ဖြစ်သောကာလ၌။ အနုရူပဿ၊ လျော်ကပ်သော။ စိတ္တုပ္ပါဒဿ၊ စိတ္တုပ္ပါဒ်ကို။ ပဝတ္တနသမတ္ထတာယ၊ ဖြစ်စေခြင်းငှာ စွမ်းနိုင်သည့်၏အဖြစ်ကြောင့်။ အနန္တရတာ၊ အနန္တရပစ္စည်း၏အဖြစ်ကိုလည်း။ ပုရိမစိတ္တဿ၊ ရှေးရှေး၌ဖြစ်သောစိတ်၏။ ပစ္ဆိမစိတ္တုပ္ပါဒနေ၊ နောက်ဖြစ်သောစိတ်ကို ဖြစ်စေခြင်း၌။ ဗလဝတာယ၊ အားကြီးသည်၏အဖြစ်ကြောင့်။ အနန္တရူပနိဿယတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

---

### အနန္တရူပနိဿယ၏အားကြီးပုံ-အဓိပ္ပါယ်။

ဤ၌၊ အနန္တရ၏ အခြားမဲ့ဖြစ်ပုံကား သိသာထင်ရှားပါ၏၊ အနန္တရူပနိဿယ၏အားကြီးပုံကို အဘယ်ကဲ့သို့သိအပ်ပါသနည်း ဟူမူ၊ ။ဟေတုပစ္စည်းစသည့်တို့တွင်၊ တစုံတခုသောပစ္စည်းတရားကိုကြဉ်၍၊ စိတ်သည် ဖြစ်နိုင်သကဲ့သို့၊ ထို အတူ၊ ရှေးအခြားမဲ့ဖြစ်သော စိတ်ကိုကြဉ်၍၊ နောက်စိတ်မဖြစ်နိုင်ချေ၊ ဤသို့ နောက်အကျိုးပစ္စယုပ္ပန်ဖြစ်သော စိတ်ဖြစ်မှုသည်၊ ရှေးစိတ်မချုပ်က မဖြစ်နိုင်သောကြောင့်- အနန္တရူပနိဿယ ပစ္စည်း၏ အားကြီးပုံကို သိအပ်၏-ဟုမှတ်။

ယထာ ဟိ ဟေတုပစ္စယာဒီသု ကိဉ္စိ ဓမ္မံ ဝိနာပိ စိတ္တံ ဥပ္ပဇ္ဇတိ၊ န ဧဝံ အနန္တရစိတ္တံ ဝိနာ စိတ္တဿ ဥပ္ပတ္တိနာမ အတ္ထိ၊ တသ္မာ ဗလဝပစ္စယော ဟောတိ။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၃)။

ဟိ၊ ယင်းစကားထင်ရှားစေအံ့။ ဟေတုပစ္စယာဒီသု၊ ဟေတုပစ္စည်းအစရှိသည်တို့တွင်။ ကိဉ္စိ၊ တစုံတခုသော။ ဓမ္မံ၊ ပစ္စည်းတရားကို။ ဝိနာပိ၊ ကြဉ်၍လည်း၊ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိယထာ၊ ဖြစ်သကဲ့သို့၊ ဧဝံ၊ ဤအတူ။

အနန္တရစိတ္တံ၊ ရှေးအခြားမဲ့ဖြစ်သောစိတ်ကို၊ဝိနာ၊၍။ စိတ္တဿ၊နောက်စိတ်၏။ ဥပ္ပတ္တိနာမ၊ ဖြစ်ခြင်းမည်သည်။ နတ္ထိ၊မရှိ။ တသ္မာ၊ထိုသို့ရှေးအခြားမဲ့ဖြစ်သောစိတ်ကိုကြဉ်၍၊ နောက်စိတ်၏ ဖြစ်ခြင်းမရှိခြင်းကြောင့်။ ဗလဝပစ္စယော၊အားကြီးသောအကြောင်းသည်၊ဟောတိ၊၏။

**ဆောင်ပုဒ်။**

နောက်စိတ်နှင့်ကင်း၊မဖြစ်ခြင်း၊မှတ်မင်း-ဗလဝ။

---

**ပကတူပနိဿယ-အဓိပ္ပါယ်။**

ကရဏံ ဘဝနံ ကတိ၊ပဋမံ ကဘိ-ပကတိ၊ ။ပကတိယာဿယော ဥပနိဿယောတိ ပကတူပနိဿယော။

ကရဏံဘာဝနံ၊ဖြစ်ခြင်း။ကတိ၊ဖြစ်ခြင်း။ပဋမံ၊ရှေးဦးစွာ။ကတိ၊ဖြစ်ခြင်းသည်။ပကတိ၊ပကတိ မည်၏။ ။ပကတိယာဿယော၊အာရမ္မဏ,အနန္တရတို့နှင့် မရောမရှက်၊ သက်သက်သော ပကတိသဘောအားဖြင့်သာလျှင်။ ဥပနိဿယော၊ အားကြီးသော မှီရာအကြောင်းတည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ပကတူပနိဿယော၊ပကတူပနိဿယ-မည်၏။ ။

မှတ်ချက်။ ။ပကတိသဒ္ဒါသည်၊ပကတေ့ ၇-ပါးဟူသောအနက်,သဘောဟူသောအနက်, အမျိုးဟူသောအနက်- စသောအဘိဓာန်လာ ငါးပါးသောအနက်တို့တွင်၊ ဤ၌- သဘော, ဟူသော အနက်ကိုဟော၏-ဟုမှတ်။

အဓိပ္ပါယ်ကား....အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပစ္စည်းတို့သည်၊တပါးသော အာရမ္မဏပစ္စည်း, အနန္တရပစ္စည်းတို့နှင့် ရောနှော သကဲ့သို့၊တပါးသော အာရမ္မဏ,အနန္တရပစ္စည်းတို့နှင့် မရောမရှက်မူ၍၊ သက်သက် မိမိသဘောအားဖြင့် အားကြီးသော မှီရာဖြစ်သော ပစ္စည်းသည်-ပကတူပနိဿယပစ္စည်းမည်၏။ ။ဟူလို၊

ပကတိယာ ဧဝါတိ ပစ္စယန္တရသက်ရဝိရဟေန အတ္တနော သဘာဝေနေဝ။ ။မဟာဋီကာ။ ။(၂၃၂)။
အာရမ္မဏာနန္တရေဟိ အသမ္မိဿောတိ အတ္ထော။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၄)။

သုဒ္ဓံ ကရိယတိ နိပ္ဖါဒိယတိ,ဥပသေဝိယတီတိဝါ ပကတော။

သုဒ္ဓံ၊ကောင်းစွာ၊ ကရိယတိ-နိပ္ဖါဒိယတိ၊ ပြီးစေအပ်၏၊ ဝါ၊တနည်းကား။ ကရိယတိ-ဥပသေဝိယတိ၊မှီဝဲအပ်၏၊ ဣတိ၊ကြောင့်။ ပကတော၊ ပကတ-မည်၏။ ။ဝိဂြိုဟ်အရ....ကောင်းစွာလွန်လွန်ကဲကဲပြီးစေအပ်သော၊ ရာဂ-သဒ္ဓါ-စသောတရား, မှီဝဲအပ်သောဥတု- ဘောဇဉ်စသော တရားအပေါင်းသည်·ပကတမည်၏။ ။ဟူလို။

ဤ-ပကတော,ဟူသောပုဒ်သည်၊ပ-ပုဒ်,ကတ-ပုဒ်,ဖြစ်၏။ပ-သဒ္ဒါသည် သုဋ္ဌုဟူသော အနက်ကိုဟော၏။ ကတ-သဒ္ဒါသည်၊ ဖြစ်စေအပ်သော အနက်,မှီဝဲအပ်သောအနက်,၂-ပါးကိုဟော၏၊ သဒ္ဓါ ရာဂ-စသောတရားတို့သည်၊ ဖြစ်စေအပ်သောတရားတို့မည်ကုန်၏၊ ဥတုဘောဇဉ်စသော တရားတို့သည်၊ မှီဝဲအပ်သော အနက်မည်ကုန်၏-ဟုမှတ်။ သုဋ္ဌုအရ-"ကောင်း" ဟူသည်မှာလည်း၊ မိမိဟူသောသဒ္ဓါ- ရာဂ- စသောပစ္စည်းတရားတို့၏၊ပစ္စယုပ္ပန်ဖြစ်သောဒါန-စသောအကျိုးတရားကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သောသတ္တိပင်တည်း၊

ပကတောနာမ အတ္တနော သန္တာနေ ဥပ္ပါဒိတော ဝါ သဒ္ဓါသီလာဒိ, ဥပသေဝိတော ဝါ ဥတုဘောဇနာဒိ။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၃)။

ပကတောနာမ၊ ကောင်းစွာပြုပြင်အပ်သည်မည်သည်။ အတ္တနော၊မိမိ၏။ သန္တာနေ၊သန္တာန်၌။ နိပ္ဖါဒိတော၊ ပြီးစေအပ်သော။ သဒ္ဓါ-သီလာဒိဝါ၊ သဒ္ဓါ-သီလစသည်ရင်း။ ဥပသေဝိတော၊လွန်စွာမှီဝဲအပ်သော၊ ဥတုဘောဇနာဒိဝါ၊အချမ်း,အပူဟူသောဥတု,လျောက်ပတ်သည်စသော ဘောဇဉ် အစရှိသော ဝတ္ထုသည်ရင်းတည်း။

ပကတောဘိ ဧတ္ထ ပကာရော ဥပသဂ္ဂေါ၊သော အတ္တနော ဖလဿ ဥပ္ပါဒနေ သမတ္ထဘာဝေန သုဋ္ဌု ကတတံ ဒီပေတိ။ ။
မူလဋီကာ။ ။(၁၂၇)။

ပကတောတိဧတ္ထ၊၌။ပကာရော၊ပ-အက္ခရာသည်။ဥပသဂ္ဂေါ၊ဥပသာရ ပုဒ်တည်း။ သော၊ ထိုပ-ဥပသာရပုဒ်သည်။ အတ္တနော၊ မိမိ၏။ ဖလဿ၊ အကျိုးကို။ ဥပ္ပါဒနေ၊ ဖြစ်စေခြင်း၌၊ သမတ္ထဘာဝေန၊စွမ်းနိုင်သည်၏အဖြစ်

ဖြင့်။သုဋ္ဌုကတတံ၊ကောင်းစွာပြုအပ်သောသင်္ခါရဂဏ်ကို။ဒီပေတိ၊ပြတော်မူ၏။

တထာ စ ကတံ အတ္တနော သင်္ခါနေ ကတံ ဟောတိ။
မူလဋီကာ။ ။(၁၂၇)။

န ဥပသဂ္ဂဿ သင်္ခါနဝါစကတ္တာ အဓိပ္ပါယော။ ။
မဓု-ဋီကာ။ ။(၂၃၄)။

တထာ၊ ထိုသို့အကျိုးကိုဖြစ်စေရာ၌ စွမ်းနိုင်သောအားဖြင့်။ ကတံ၊ ပြုအပ်-ဖြိုးစေအပ်မှုသည်။ အတ္တနော၊မိမိ၏။ သင်္ခါနေ၊ သင်္ခါရန်၌။ ကတံ၊ ပြုအပ်သည်မည်သည်။ဟောတိ၊၏။ ။(ဤကား-မူလဋီကာ-အနက်)။

ဥပသဂ္ဂဿ၊ပ-ဥပသာရ၏။ သင်္ခါနဝါစကတ္တံ၊သင်္ခါရန်ကိုဟောသည်၏အဖြစ်သည်။ န-ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ။(ဤကား-မဓုဋီကာအနက်)။

ပကတော ဥပနိဿယောတိ ဝါ ပကတူပနိဿယော။

ဝါ၊ တနည်းကား။ ပကတော၊ မိမိသင်္ခါရန်၌ ကောင်းစွာပြုအပ်,ဖြစ်စေအပ်, မှီဝဲအပ်သော။ ဥပနိဿယော၊ အားကြီးသောမှီရာတည်း။ ဣတိ၊ ကြောင့်။ပကတူပနိဿယော၊ပကတူပနိဿယ-မည်၏။

အဓိပ္ပါယ်ကား....မိမိသင်္ခါရန်၌ ကောင်းစွာပြုအပ်,ဖြစ်စေအပ်,ဖြိုးစေအပ်သော-သဒ္ဓါ, သီလ,သုတ,စာဂ, ပညာ,ရာဂ, ဒေါသ,မောဟ,မာန,ဒိဋ္ဌိ, ပတ္ထနာ,ကာယိကသုခ,ကာယိကဒုက္ခ-စသော အားကြီးသော အကြောင်းတရားသည်ရင်း၊ ကိုယ်ဖြင့်ကပ်၍၊ မှီဝဲသုံးဆောင်အပ်, အာရုံပြု၍ မှီဝဲသုံးဆောင်အပ်သော-ဥတု, ဘောဇဉ်,မိတ်ဆွေကောင်းစသော အားကြီးသောအကြောင်းတရားတို့သည်ရင်း၊ မိမိအကျိုးကိုဖြစ်စေခြင်း၌၊ စွမ်းနိုင်သည်ဖြစ်၍ ကောင်းစွာပြုအပ်သော အားကြီးသော အကြောင်းတရားဖြစ်သောကြောင့်-ပကတူပနိဿယ-မည်၏။ ။ဟူလို။

ကျေးဇူးပြုပုံ-အဓိပ္ပါယ်။

ဤပကတူပနိဿယ ပစ္စည်းဟူသည်၊ အကုသိုလ် တရားသည်-အကုသိုလ်အားရင်း,ကုသိုလ်အားရင်း,အဗျာကတအားရင်းကျေးဇူးပြုနိုင်၏။ ကုသိုလ်တရားသည်-ကုသိုလ်တရားအားရင်း,အကုသိုလ်တရားအားရင်း,

အဗျာကတ တရားအားရင်း, ကျေးဇူးပြုနိုင်၏၊ အဗျာကတ တရားသည်လည်း၊ အဗျာကတတရားအားရင်း, ကုသိုလ်တရားအားရင်း, အကုသိုလ်တရားအားရင်း, ကျေးဇူးပြုနိုင်၏။ ၊ပြုပုံကား....ပညာအဆင်အခြင်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မိမိသန္တာန်၌ ဖြစ်ဘူးသောရာဂ- စသောအကုသိုလ်တို့၏ အပြစ်အာဒီနဝကို သိမြင်၍၊ထိုရာဂ-စသော အကုသိုလ်တို့ကို ပယ်ဖျောက်ခြင်းငှါ၊ဒါနကုသိုလ်ကိုသော်ရင်း ပြု၏။သီလကိုသော်ရင်းဆောက်တည်၏။ ဘာဝနာကိုသော်ရင်း ပွားများ၏။ရူပဈာန်ရအောင်သော်လည်းကြိုးစားပွါးများ၏။အရူပဈာန်ရအောင်သော်လည်းပွါးများ၏။ လောကုတ္တရာဖြစ်သော မဂ်ကိုရအောင်သော်လည်း ကြိုးစား၏။ ထိုအခါ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ကာမာဝစရစသော- ကုသိုလ် တရားတို့သည်၊ ဖြစ်ကုန်၏။ ထိုကုသိုလ်တို့သည်၊ရာဂ-စသောအကုသိုလ်ကို အကြောင်းပြု၍ ဖြစ်ကြကုန်သောကြောင့်၊ ထိုရာဂစသောအကုသိုလ်သည်၊ပကတူပနိဿယပစ္စည်းမည်၏၊ဖြစ်သောကုသိုလ်တရားစိတ္တုပ္ပါဒ်တို့သည်၊ အကျိုးပစ္စယုပ္ပန် မည်ကုန်၏၊ သဒ္ဓါတရားကို အကြောင်းရင်းခံ၍၊ ဒါနစသောကုသိုလ်ဖြစ်၏၊ ထိုအခါ၊သဒ္ဓါတရားတည်းဟူသောကုသိုလ်တရားသည်၊ ဒါနစသော ကုသိုလ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ လျောက်ပတ်သင့်လျော်သော ကျောင်း, အိပ်ရာ, နေရာ, ဥတု, ဘောဇဉ်, မိတ်ဆွေကောင်းစသည်တို့ကိုရ၍၊ အမှီပြုရသဖြင့် ဈာန်တရား,မဂ်တရား ရသောအခါ၊ ထိုလျောက်ပတ်သော ကျောင်း, အိပ်ရာ-စသည်တို့သည်၊ ဈာန်ဇော, မဂ်ဇောကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏-ဟူသတည်း။

အဗျာကတသည်၊ အဗျာကတအား ကျေးဇူးပြုရာ၌၊ ကာယိကသုခသည်၊ကာယိကသုခအား ကျေးဇူးပြု၏။ ကာယိကဒုက္ခသည်၊ ကာယိကဒုက္ခအား ကျေးဇူးပြု၏။ပြုပုံကား....လျောက်ပတ်သော ဥတု,ဘောဇဉ်, ကျောင်း, အိပ်ရာ, နေရာ စသော အဗျာကတတရားရသည်၊ အဗျာကတဖြစ်သော ကာယိကသုခကို ဖြစ်စေ၏၊ မလျောက်ပတ် မသင့်တင့်သော ဥတု,ဘောဇဉ်,ကျောင်း,အိပ်ရာ,နေရာ စသောအဗျာကတတရားအပေါင်းသည်၊အဗျာကတဖြစ်သော ကာယိကဒုက္ခကိုဖြစ်စေ၏၊ထိုအခါ၊ ထိုဥတု, ဘောဇဉ်-စသော အဗျာကတ တရားသည်၊ ကာယိကသုခ, ကာယိကဒုက္ခ တည်းဟူသော အဟိတ် အဗျာကတ စိတ္တုပ္ပါဒ်အား၊ ပကတူပ

နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်မည်၏။ ။(ကြွင်းသောကျေးဇူးပြုပုံကို၊ ဤနည်းမှီး၍ ဉာဏ်ကြီးသင့်ပြီ)၊

ထို့ဖြစ်၍၊ပကတူပနိဿယအကြောင်းတရားသည်၊ ဖြစ်စေအပ်သော နိပ္ဖါဒိတအကြောင်း,မှီဝဲအပ်သော ဥပသေဝနအကြောင်း-ဟူ၍-၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင်လည်း၊ဥပသေဝနအကြောင်းသည်၊ကိုယ်၌ကပ်ငြိသည်၏အစွမ်းဖြင့် သုံးဆောင်မှီဝဲအပ်သော ဥပဘောဂူပသေဝန အကြောင်းတမျိုး၊ သိခြင်း,မှတ်ခြင်း, ခံစားခြင်းစသည်၏ အစွမ်းဖြင့် အာရုံပြု၍ မှီဝဲခြင်း-ဟုဆိုအပ်သော အာရမ္မဏူပသေဝန အကြောင်းတမျိုး- အားဖြင့် ၂-မျိုးပြားပြန်၏။

ရာဂကိုအကြောင်းပြု၍၊ ဒါန-စသော ကုသိုလ်ဖြစ်ရာ၊ ရာဂ-စသော အကြောင်းသည်၊ပြီးစေအပ်သော အကြောင်းမည်၏။ ဥတု, ဘောဇဉ်, စသည်ကိုအမှီပြု၍- ကုသိုလ်စသည်ဖြစ်ရာ၊ ထိုဥတု, ဘောဇဉ် စသော အကြောင်းသည်၊ မှီဝဲအပ်သော အကြောင်းတရားမျိုးမည်၏။ အနာဂတ် ခံစားလတ္တံ့သော ဥတု,ဘောဇဉ်စသည်ကို အာရုံပြု၍၊ ကုသိုလ်စသည် ဖြစ်မှုသည်၊ အာရုံပြု၍ မှီဝဲခြင်းမည်၏။ ။(အဇ္ဈပ္ပါယ်- အကျယ်လိုမူ- ဋီကာ၌ရှုလင့်ကုန်)။

> ကရဏဋ္ဌေ ဒုဝိဓံ နိပ္ဖါဒနံ, ဥပသေဝနန္တိ။ ဥပသေဝိတောတိ ဧတေန ကာယအလ္လီယာပန ဝသေန ဥပဘောဂူပသေဝနံ ဝိဇာန နာဒိဝသေန အာရမ္မဏူပသေဝနဉ္စ ဒဿေတိတိ ဒဋ္ဌဗ္ဗံ။ တေန အနာဂတာနမ္ပိ ဥတုသမ္ပဒါဒီနံ အာရမ္မဏူပသေဝနေန ယထာ ပဋိသေဝိတာနံ ပကတူပနိဿယတာ ဝုတ္တာ ဟောတိ။ ။

မူလဋီကာ။ ။(၁၂၇)။

---

## နိဗ္ဗာန်၏ပကတူပနိဿယပစ္စည်း,ပစ္စယုပ္ပန်မထိုက်ခြင်းအကြောင်း။

နိဗ္ဗာန်သည်၊ အဘယ့်ကြောင့် ပကတူပနိဿယပစ္စည်း မတပ်ပါ သနည်း-ဟူမူ။ ဤပကတူပနိဿယ- ပစ္စည်းဟူသည်၊ အာရုံတရားမျိုး မဟုတ်၊ အာရုံစသည်နှင့် မရောမရှက်မူ၍၊ အကြောင်း, အကျိုးစပ်ကာ နောက်အကျိုးတရားကိုပြီးစေနိုင်သောသတ္တိ၊မှီဝဲအပ်သော အားကြီးသော သတ္တိမျိုးသာဖြစ်၍၊ နိဗ္ဗာန်သည် အာရုံတရားမျိုးသာဖြစ်၍၊ နိပ္ဖါဒနသတ္တိ-

ဥပသေဝန သတ္တိမရှိသောကြောင့်၊ ပကတူပနိဿယ ပစ္စည်းမတပ်နိုင်။ တနည်း...နိဗ္ဗာန်သည်၊ အတိတ်, အနာဂတ်တရားမျိုးမဟုတ်၊ ပစ္စုပ္ပန် အာရုံတရားသာ ဖြစ်သောကြောင့်- ပကတူပနိဿယ ပစ္စည်းမတပ်ပေ။ ထိုသို့ဖြစ်ပါမူ"ပစ္စုပ္ပန္နံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ" ဟူ၍ ပါဠိတော်လာရှိသည်အရ၊ ပစ္စုပ္ပန်ဖြစ်သော ပကတူပနိဿယပစ္စည်းဖြစ် သည်မဟုတ်ပါလော-ဟူမူ၊ဒင်းပါဠိတော်၌ လာသော ပစ္စုပ္ပန်ကား၊ ကမ္မ နိမိတ်ပစ္စုပ္ပန်မျိုးကဲ့သို့၊ တံသဒိသပစ္စုပ္ပန်-ဟုသာမှတ်လေ။ အကြောင်း တရားကိုစွဲ၍မဖြစ်သော အပ္ပစ္စယ-အသင်္ခတတရားမျိုးဖြစ်သောကြောင့်- ပစ္စယုပ္ပန်လည်းမထိုက်-ဟုမှတ်။

ပစ္စုပ္ပန္နဘာဝံ ဝိယ ပစ္စုပ္ပန္နာနံ ဥတုအာဒီနံ ပကတူပနိဿယ ဘာဝံ။ ။မူလဋီကာ။ ။(၁၄၀)။

ပစ္စုပ္ပန္နကမ္မနိမိတ္တံ ဝိယ တံသဒိသေန ဝုတ္တာ၊ ။ မဏိဋီကာ။ ။(၂၅၀)။

ဆောင်ပုဒ်။

အာရုံဖြစ်ဘိ၊ပကတိသဘော၊မရှိသော၊ မှတ်လော-နိဗ္ဗာန် ကြဉ်သဘည်း။

---

ရုပ်၏ပကတူပနိဿယပစ္စယုပ္ပန်မထိုက်သောအကြောင်း။

အစဉ် ဟုဆိုအပ်သောသန္တာန်သည်၊ရုပ်သန္တာန်,နာမ်သန္တာန်-ဟူ၍၊ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရုပ်သန္တာန်သည်၊ တစုံတခုကိုပြုလုပ် ဆောင်ရွက်ခံစားနိုင်သော စေတနာမရှိ၊ အစေတနာ သဘောသာရှိ၏။ ထိုသို့စေတနာမရှိသဖြင့် မိမိသည်၊ သဒ္ဓါစသောတရားကိုလည်း မဖြစ် စေနိုင်၊ သဒ္ဓါစသောတရားကို အစွဲပြု၍ ဖြစ်မှုလည်းမရှိ၊ ဥတုဘောဇဉ် စသည်တို့ကို သုံးဆောင်ခံစားမှု ဟူသော ပကတိသဘောလည်းမရှိ မိမိ သိတ, ဥဏှစသော အကြောင်းကြောင့်သာလျှင် အလိုအလျောက်ဖြစ် သောကြောင့် ပကတ အကြောင်းမှ ကင်းရကား၊ ပကတူပနိဿယ ပစ္စယုပ္ပန်၌ မပါဝင်ရကုန်၊ ပစ္စည်း၌သာ ဝင်ရကုန်၏။ ။ပကတူပနိဿယ ပစ္စယုပ္ပန်သာလျှင် မထိုက်သည်မဟုတ်၊ အနန္တရူပနိဿယ,အာရမ္မဏူပ

နိဿယပစ္စယပုပ္ပန်လည်း မထိုက်ကုန်။အကြောင်းသော်ကား၊ ရုပ်ဟူသည့် အနာရမ္မဏတရားဖြစ်သဖြင့် အာရုံကိုမယူတတ်သောကြောင့်၊ အာရမ္မဏူပနိဿယပစ္စယုပ္ပန်လည်းမထိုက်။ ရုပ်ဟူသည် ရှေးရုပ်,နောက်ရုပ် ဟု မှတ်၍ဖြစ်ခြင်း လက္ခဏာ မရှိသောကြောင့်လည်း- အနန္တရူပနိဿယ ပစ္စယုပ္ပန်လည်းမထိုက်သေးသတည်း။

> န ဟိ ရူပါဗျာကတံ ဥပနိဿယံ လဘတီတိ။ ကထံ-အာရမ္မဏာ နန္တရူပနိဿယေ တာဝ န လဘတိ၊ အနာရမ္မဏတ္တာ ပုဗ္ဗာပရာ နိယမေန အပ္ပဝတ္တိတော စ။ ပကတူပနိဿယဉ္စ န လဘတိ၊ အစေ တနေန ရူပသန္တာနေန ပကတဿ အဘာဝတော။ ။
>
> မူလဋီကာ။ ။(၁၃၉)၊
>
> န ဟိ ရူပသန္တာနဿ သဒ္ဓါဒိနိပ္ဖါဒနံ အတ္ထိ၊ ဥတုဘောဇနာဒိဥပ သေဝနံ ဝါ သမ္ဘဝတိ။ ။အနုဋီကာ။ ။(၁၉၉)၊

ဟိ၊မှန်၏။ဝါ၊ဟိ-ယသ္မာ၊အကြင်ကြောင့်။ရူပါဗျာကတံ၊ရုပ်အဗျာကတ သည်။ ဥပနိဿယံ၊ဥပနိဿယပစ္စည်းကို။ နလဘတိ၊မရ။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ (ဒုဋ္ဌမှံ၊ မှတ်အပ်၏)။ ကထံ- ကေနကာရဏေန၊ အဘယ် အကြောင်းကြောင့်။ နလဘိ၊ မရပါ သနည်းဟူမူကား။ တဿ၊ ထိုရုပ် အဗျာကတ၏။ (ထည့်)။ အနာရမ္မဏတ္တာစ၊ အာရုံကို မယူတတ်သော ကြောင့်၎င်း။(အာရမ္မဏူပနိဿယဟိတ်)၊ပုဗ္ဗာပရာနိယမေန၊ရှေး,နောက် ဟူသောသတ်မှတ်ပိုင်းခြားခြင်းဖြင့်၊ အပ္ပဝတ္တိတော၊ မဖြစ်သောကြောင့် ၎င်းတည်း။စ၊သည်သာမကသေး။ ပကတူပနိဿယံ၊ ပကတူပနိဿယ- ပစ္စည်းကို။ နလဘတိ၊ မရ။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ အစေဘနေန၊ စိတ်စေတနာမရှိသဖြင့်။ ဝါ၊ စေ့ဆော်တတ်မှုမရှိသဖြင့်။ဝါ၊ သော။ ရူပသန္တာနေန၊ရုပ်အစဉ်သည်။ ပကတဿ၊ ပြုအပ်သောပကတ- သတ္တိ၏။ အဘာဝတော၊ မရှိသည်၏အဖြစ်ကြောင့်တည်း။ ။(ဤကား- မူလဋီကာအနက်တည်း)။

ဟိ၊မှန်၏။ ရူပသန္တာနဿ၊ ရုပ်အစဉ်၏။ သဒ္ဓါဒိနိပ္ဖါဒနံ၊ သဒ္ဓါတရား စသည်၏ပြီးစေမှုသည်။ နအတ္ထိ၊မရှိ။ ဝါ၊တနည်းကား၊ ဥတုဘောဇနာဒိ ဥပသေဝနံ၊ဥတုဘောဇဉ်ကို မှီဝဲသုံးဆောင်မှုသည်။နသမ္ဘဝတိ၊မဖြစ်သင့်။ ဝါ၊ဖြစ်ရိုးမရှိ။ ။(ဤကား-အနုဋီကာအနက်)။

သို့သော်၊ သုတ္တန်နည်းအားဖြင့်ကား၊ရုပ်အဇ္ဈတ္တိကဘာသည်း၊ ပကတူပနိဿယပစ္စယုပ္ပန်ဖြစ်ဆိုက်သေး၏-ဟု ဆရာဘို့မိန့်ဆိုကြကုန်၏။ ။ဖြစ်ဟန်ကား-"ဝိညာဏပစ္စယာ နာမရူပံ" ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌၊ နာမ်သည်၎င်း, ရုပ်သည်၎င်း,ပဋိသန္ဓေဝိညာဏ်ကြောင့်ဖြစ်သည်-ဟု ဟောတော်မူသောကြောင့်၎င်း၊

ယထာပိ ပဗ္ဗတော သေလော၊အရညသ္မိံ ဗြဟာဝနေ။
တံ ရုက္ခာ ဥပနိဿာယ၊ဝဍ္ဎန္တေ တေ ဝနပ္ပတိ။ ။

ပါဠိတော်၌၊ ကျောက်တောင်ကြီးကို အမှီပြု၍၊ တောပိုးသစ်ပင်တို့သည်၊ ကြီးပွားကုန်၏-ဟု ဟောတော်မူသောကြောင့်၎င်း၊ရိုးဇဥတုအခါ ရိုးကျလတ်သော် သစ်စေ့ဘို့သည်၊ အညွန့်, အညှောက်ပေါက်ရောက်လာမှုစသည်ကို ထောက်ဆ၍၎င်း၊ ရုပ်အဇ္ဈတ္တိကဘာသည် ဝိညာဏ်ကျောက်တောင်, ရိုးရေစသောအကြောင်းတရားကို အမှီပြု၍ ဖြစ်၏။ ထိုစကားမှန်၏။ အကျိုးတရားမည်သည်၊ အကြောင်းတရားနှင့် မကင်းကောင်းချေ။

သယံ ပန ရူပံ ဣမသ္မိံ ပဋ္ဌာနမဟာပကရဏေ အာဂတ နယေန ဥပနိဿယပစ္စယံ န လဘတိ။ သုတ္တန္တိက ပရိယာယေန ပန လဘတီတိ ဝတ္တုံ ဝဋ္ဋတိ၊ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၁၄)။
သုတ္တန္တိကပရိယာယေနာတိ ဝိညာဏူပနိဿံ နာမရူပံ၊ နာမရူပူပနိဿယ သဠာယတနန္တိ အာဒိကေန။ ။မူလဋီကာ။ ။(၁၄၁)။
ဧတ္ထ ဟိ ဝိညာဏဿ နာမရူပါနံ ဖဿရူပါဒီနံ စက္ခာယတနာဒီနဉ္စ ဥပနိဿယဘာဝေါ ဝုတ္တော။ ။အနုဋီကာ။ ။(၂၀၂)။

ပန၊ ဗျတိရိက်ကိုဆိုဦးအံ့။ဝါ၊ ဥပနိဿယမဆိုက်သည်မှာဘပါး၊ ဥပနိဿယဆိုက်သည် ကိုဆိုဦး အံ့။(ဤအလိုပန-သဒ္ဒါ'အန္တယ)။ဝါ၊ အဘိဓမ္မာနည်းမှာဘပါး၊သုတ္တန်နည်းကိုဆိုဦး အံ့၊ (ဤအလို-ပန-သဒ္ဒါ-ပက္ခန္တရ)။ ဝါ၊ ဥပနိဿယအရ စကားကျ ကိုဆက်၍ ဆိုဦး အံ့။ (ဤအလို-ပနသဒ္ဒါ- ဥပ ဿာသ)၊ သယံ၊မိမိ-ဟုဆိုအပ်သော။ ရူပံ၊ရုပ်သည်။ ဣမသ္မိံ ပဋ္ဌာနမဟာပကရဏေ၊ ဤပဋ္ဌာန်းကျမ်းကြီး၌။ အာဂတနယေန၊ လာသောနည်းဖြင့်။ ဥပနိဿယပစ္စယံ၊ ဥပနိဿယပစ္စည်း ၃ မျိုးကို၊ နလဘတိ၊ မရ၊ ပန၊ အန္တယ ကိုဆိုဦးအံ့၊ ဝါ၊ မရသည်မှာဘပါး၊ ရသည်ကိုဆိုဦးအံ့၊ သုတ္တန္တိက

ပရိယာယေန၊ သုတ္တန်ဒေသနာနည်းအားဖြင့်။ လဗ္ဘတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ။(ဤကား....အဋ္ဌကထာအနက်)။

သုတ္တန္တိကပရိယာယေနာတိ၊ ကား။ နာမရူပံ၊ နာမ်နှင့်ရုပ် ၂-ပါးသည်။ ဝိညာဏရူပနိဿံ၊ ပဋိသန္ဓေစိတ်လျှင်အားကြီးသောမှီရာရှိ၏။ သဠာယတနံ၊ သည်။ နာမရူပူပနိဿယ၊ နာမ်နှင့်ရုပ် ၂-ပါးလျှင်အားကြီးသောမှီရာရှိ၏၊ ဣတိ၊ အာဒိကေန၊ ဤသို့စသောနည်းဖြင့်။ ။(ဤကား....မူလဋီကာအနက်)။

ဟိ၊ မှန်၏။ ဝါ၊ ယင်းစကားကို ထင်စွာဘော်ပြဦးအံ့။ (ဤအလို-ဟိသဒ္ဒါ တပ္ပါကဋီကရဏ)။ ဇ္ဇေ၊ ဤဝိညာဏရူပနိဿံ-စသော စကားရပ်၌။ ဝိညာဏဿ၏။(ဘာဝေါ-၌စပ်)။ နာမရူပါနဉ္စ၊ နာမ်ရုပ်တို့၏ငင်း။ ဖဿရူပါဒီနဉ္စ၊ ဖဿ-ရုပ်စသည်တို့၏ငင်း။ စက္ခာယတနာဒီနဉ္စ၊ စက္ခာယတနအစရှိသည် တို့၏ငင်း။ ဥပနိဿယဘာဝေါ၊ ကို။ ဝုတ္တော၊ ၏။ ။(ဤကား- အနုဋီကာ အနက်)။

ဆောင်ပုဒ်။

က။ ။ပကာဘာသဘော၊ မရှိသော၊ မှတ်လောနိဗ္ဗာန်ကြဉ်သဘည်း။
ခ။ ။ရုပ်တရုး မှာ၊ စိတ်ကင်းပါ၊ ကြဉ်ရာပစ္စယုပ်အကျိုးဝယ်။

---

ပုရေဇာတပစ္စယော- အခွင့်။

အဋ္ဌန္နော ပစ္စယုပ္ပန္နာနုရူပံ ဇာယတီဘိ ဇာတော။
ပုရေ ဇာတောတိ ပုရေဇာတော။

အဋ္ဌန္နော၊ မိမိ၏။ ပစ္စယုပ္ပန္နာနုရူပံ၊ ပစ္စယုပ္ပန်တရားအားလျော်စွာ။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ ဇာတော၊ ဇာတ-မည်၏။ ။ပုရေ၊ ပစ္စယုပ္ပန်တရားတို့၏မဖြစ်မီ၊ ရှေးအဘို့၌။ ဇာတော၊ ပစ္စယုပ္ပန်အားလျော် စွာဖြစ်သည်တည်း။ ဣတိ၊ ကြောင့်။ ပုရေဇာတော၊ ပုရေဇာတ-မည်၏။ ။(ဤအလို-အလုတ္တသမာသ်ဝိဂြိုဟ်တည်း)။

အဓိပ္ပါယ်ကား.. ကမ္ဘာဦးမှစ၍၊ အရောင် အလင်းဖြင့် တောက်ပ လျက်ထွက်ပေါ်လာသောနေလစသည်တို့သည်အရောင်အလင်းကို မှီကုန် သော သတ္တဝါတို့အား သတ္တဝါတို့မဖြစ်မီ၊ ရှေးမကတွဖြစ်နေ၍ ကျေးဇူးပြု

သကဲ့သို့၊ပစ္စယုပ္ပန်တရားမဖြစ်မီ၊ ရှေးဦးစွာဖြစ်နှင့်၍၊ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည်-ပုရေဇာတပစ္စည်းမည်၏။ ။ဟူလို၊

ပထမတရံ ဥပ္ပဇ္ဇိတွာ ဝတ္တမာနဘာဝေန ဥပကာရကော ဓမ္မော ပုရေဇာတပစ္စယော။ ။ပဋ္ဌာန်း-အဋ္ဌကထာ၊ ။(၂၆၄)။

ပထမတရံ၊ပစ္စယုပ္ပန်တရား၏မဖြစ်မီ၊ ရှေးဦးစွာ၊ဥပ္ပဇ္ဇိတွာ၊ ဖြစ်နှင့်၍။ ဝတ္တမာနဘာဝေန၊ဖြစ်ဆဲ,တည်ဆဲ၏ အဖြစ်ဖြင့်။ ဥပကာရကော၊ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။ ပုရေဇာတပစ္စယော၊ ပုရေဇာတ-ပစ္စည်းမည်၏။

ထိုပုရေဇာတပစ္စည်းသည်၊ရုပ်တရားများသာဖြစ်၍၊ရုပ်တရားဟူသည်၊ အောက်ရုပ်ပိုင်း၌ ဘွင့်ဆိုအပ်ခဲ့ပြီးသောအတိုင်း၊ ဥပါဒ် ခဏ၌အားမရှိ၊ ဌီ-ခဏ၌သာအားရှိရကား ရုပ်၏ဥပါဒ်ခဏကို ကျော်လွန်၍၊ ဌီခဏသို့ ရောက်မှသာ ကျေးဇူးပြုနိုင်၏-ဟုသိ။

တတော ပုရိမတရံ ဇာတံ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိက္ခဏ ပတ္တံ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၁၄)။

တတော၊ထိုပစ္စယုပ္ပန်တရားဖြစ်သည်မှ၊ ပထမတရံ၊ ရှေးဦးစွာ။ဇာတံ၊ ဖြစ်သော။ဇာတိက္ခဏံ၊ ဥပါဒ်ခဏကို။ အတိက္ကမိတွာ၊လွန်၍၊ ဌိတိက္ခဏ ပတ္တံ၊ဌီခဏသို့ရောက်သော နိပ္ဖန္နရုပ်တည်း။

---

## အာရမ္မဏပုရေဇာတ-သုံးချက်ရ။

ပုရေဇာတပစ္စည်းသည်၊ ဝတ္ထုပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတ, အာရမ္မဏပုရေဇာတ- အားဖြင့် ၃-ပါးရှိ၏။ ထိုတွင်၊ ဝတ္ထုပုရေဇာတသည်- ဝတ္ထုပုရေဇာတ နိဿယပစ္စည်းနှင့်တူ၏၊ ဝတ္ထာရမ္မဏပုရေဇာတသည်- ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်တူ၏၊ အာရမ္မဏပုရေဇာတ၌။

၁။ ။ပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသသည်- အာရမ္မဏပုရေဇာတပစ္စည်းတရားမည်၏။

၂။ ။ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်,ဖြစ်နေ၊ ကာမစိတ် စတုပဉ္စာသ၊အဘိညာဉ်ဒွေ၊အပ္ပမညာကြဉ်သော စေတသိက်

ပညာသ။ဤတရားတို့သည်၊ အာရမ္မဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။

၃။ ။အာရမ္မဏ ပုရေဇာတပစ္စည်းကို မရခိုက်, မရနေ၊ ဒွေပဉ္စ ဝိညာဏ်-၁၀၊ မနောဓာတ် ၄-ခု ကြဉ်သော ဝိတ် ၇၆-ခု၊ စေတသိက်ဒွေပညာသ၊ဝိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ဤတရား တို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စနိက်တရားတို့မည် ကုန်၏။

---

အဘိညာဉ်ဒွေအရေ-အဓိပ္ပါယ်။

အာရမ္မဏ ပုရေဇာတပစ္စယုပ္ပန်၌၊ ပစ္စုပ္ပန်ဝိပ္ပန္နရုပ်ကို အာရုံပြုသော အဘိညာဉ် ဒွေ အရကား။ ။ပကတိ မျက်စိဖြင့် မမြင်ကောင်းသော အဝေး၌ တည်သော ဒူရဖြစ်သော ပစ္စုပ္ပန်ရူပါရုံ၊ ဘောင်စသည်တို့၏ အတွင်း၌ တည်သော ဖုံးလွှမ်းအပ်သော ပဋိစ္ဆန္နဖြစ်သော ရူပါရုံ၊ ဤသိမ်မွေ့သေးဖွဲသော နုဓပဋိစ္ဆန္နဖြစ်သော ပစ္စုပ္ပန်ရူပါရုံတို့ကို ပိုင်း ခြား၍ သိမြင်နိုင်သော- ဒိဗ္ဗစက္ခုကုသိုလ်, ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ် ၂-ပါး။ ။ဤနည်းတူ၊ ဒူရ,ပဋိစ္ဆန္န,သဏှ, သုခုမဖြစ်သော သဒ္ဒါရုံတို့ကို ကြားနိုင်သော ဒိဗ္ဗသောတကုသိုလ်, ဒိဗ္ဗသောတကြိယာ အဘိညာဉ် ၂-ပါး။ ။ပျံသွားသောကိုယ်ကိုသူတပါးမမြင်လိုက်ရအောင်၊ အလိုရှိရာ အရပ်သို့ ရောက်စေနိုင်သော ဣဒ္ဓိဝိဓကုသိုလ်,ဣဒ္ဓိဝိဓကြိယာအဘိညာဉ် ၂-ပါး။ ။ရတိခါနီးသောသတ္တဝါ,ပဋိသန္ဓေနေစဖြစ်သောသတ္တဝါ, တို့ကို ကြည့်ရှုရာ၊ ပစ္စုပ္ပန်ရူပါရုံလျှင် အာရုံရှိသော ဒိဗ္ဗစက္ခုအဘိညာဉ်-ဟု ဆို အပ်သော ရတူပပါတကုသိုလ်,ရတူပပါတကြိယာအဘိညာဉ် ၂-ပါးကို ယူ။

ဝိတ္တဝသေန ကာယံ ပရိဏာမယတော ဣဒ္ဓိဝိဓာဘိညာယ စ အဒ္ဓာရသသု ယံကိဉ္စိ အာရမ္မဏပုရေဇာတံ ဟောတိတိ ဒဋ္ဌဗ္ဗံ။ ။
မူလဋီကာ။ ။(၁၄၂)။

ဣဒ္ဓိဝိဓာဘိညာယ စာတိ စသဒ္ဒေန ရတူပပါတ ညာဏဿပိ သင်္ဂဟော ဒဋ္ဌဗ္ဗော။တဿာပိ ဟိ ရူပဓမ္မာရမ္မဏကာလေ အဒ္ဓာ ရသသု ယံကိဉ္စိ အာရမ္မဏံ ပုရေဇာတံ ဟောတိ ပစ္စုပ္ပန္နာ

ရမ္မဏတ္တာ၊ စဝမာနေ ဥပ္ပဇ္ဇမာနေတိ ဟိ ဝုတ္တံ။ ဒိဋ္ဌစက္ခု၊ ဒိဋ္ဌသောတ
ဉာဏော သု စ ဝတ္တဗ္ဗမေဝ နတ္ထိ။ ၊အနုဋီကာ။ ၊(၂၀၊)။

စိတ္တဝသေန၊ စိတ်၏အစွမ်းဖြင့်။ ကာယံ၊ မိမိရူပကာယကို။ ပရိဏာမယန္တော၊ ပေါ့ပါးလျှင်မြန်အောင် ညွတ်စေသော ပုဂ္ဂိုလ်၏။ ဈာနိဒိဗ္ဗာဘိညာယစ၊ ဈာန်ဒိဗ္ဗအဘိညာဉ်အားလည်း။ အဋ္ဌာရသသု၊ ၁၈-ပါးကုန်သောနိပ္ဖန္နရုပ်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိတရရသော၊ အာရမ္မဏံ၊ အာရုံသည်။ ပုရေဇာတံ၊ အာရမ္မဏပုရေဇာတပစ္စည်းတပ်သည်။ ဟောတိ၊ ၏။ ဇာတိ၊ ဤသို့။ ဝါ၊ ဤသို့သောနည်းဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ၊(ဤကား-မူလဋီကာအနက်တည်း)။

ဈာနိဒိဗ္ဗာဘိညာယစာတိ၊ ဈာနိဒိဗ္ဗာဘိညာယစ- ဟူသောမူလဋီကာပါဌ်၌ စသဒ္ဒေန၊ စ-သဒ္ဒါဖြင့်။ ဝတ္ထုပပါတဉာဏဿပိ၊ ဝတ္ထုပပါတဉာဏ်ကိုလည်း။ သင်္ဂဟော၊ သိမ်းဆည်းရေတွက်ခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိ သစ္စံ၊ မှန်၏။ တဿာပိ၊ ထိုဝတ္ထုပပါတဉာဏ်၏လည်း။ ရူပဓမ္မာရမ္မဏကာလေ၊ ရုပ်တရားလျှင် အာရုံရှိသောကာလ၌။ အဋ္ဌာရသသု၊ နိပ္ဖန္နရုပ် ၁၈-ခုတို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိသော၊ အာရမ္မဏံ၊ အာရုံသည်၊ ဝါ၊ ရူပါရုံသည်၊ ပုရေဇာတံ၊ ပုရေဇာတပစ္စည်းတပ်သည်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပစ္စုပ္ပန္နာရမ္မဏတ္တာ၊ ပစ္စုပ္ပန်လျှင်အာရုံရှိသည်၏အဖြစ်ကြောင့်တည်း။ ဟိ၊ မှန်၏၊ စဝမာနေ၊ စုတေ့ခါနီးဖြစ်ကုန်သော၊ ဥပပဇ္ဇမာနေ၊ ပဋိသန္ဓေနေပြီ စဖြစ်ကုန်သော၊ သတ္တေ၊ သတ္တဝါတို့ကို။ ပဿမိ၊ မြင်ရ၏။ ဇာတိ၊ ဤသို့။ ဝုတ္တံ၊ ပါဠိတော်အရပ်ရပ်၌ဟောတော်မူအပ်၏။ ဒိဋ္ဌစက္ခု၊ ဒိဋ္ဌသောတဉာဏေသု စ၊ ဒိဋ္ဌစက္ခုအဘိညာဉ်၊ ဒိဋ္ဌသောတအဘိညာဉ်တို့၌လည်း။ ဝတ္တဗ္ဗမေဝ၊ ဆိုရန်သည်သာလျှင်။ နတ္ထိ၊ မရှိ။ ၊(ဤကား-အနုဋီကာအနက်တည်း)။

---

## ပဝတ္တိအခါ-အဓိပ္ပါယ်။

ပစ္စယုပ္ပန်၌၊ ပဝတ္တိအခါ-ဟူသောစကားဖြင့်၊ ဝင်းအာရမ္မဏပုရေဇာတ ပစ္စည်းသည် ပဝတ္တိအခါ၌သာပစ္စည်းတပ်နိုင်သည်။ ပဋိသန္ဓေအခါ၌ကား မတပ်နိုင် ဟူသောအဓိပ္ပါယ်ကို သိအပ်၏။ အဘယ့်ကြောင့် ပဋိသန္ဓေအခါ၌ အာရမ္မဏပုရေဇာတပစ္စည်း မတပ်နိုင်ပါသနည်းဟူမူ။ ၊ရှေ-

ဘဝ၌ ဟာဒယဝတ္ထုသည်၊ ရုတိစိတ်နှင့်ပြိုင်လျက်ချုပ်ခဲ့ပြီးဖြစ်၍၊ ရှေးဘဝက ဟာဒယဝတ္ထုကို ကာမပဋိသန္ဓေစိတ်မမှီနိုင်။ မိမိနှင့်အတူ ဥပါဒ်သော သဟဇာတ ဟာဒယဝတ္ထုကိုသာ မှီရသောကြောင့်၊ ကာမပဋိသန္ဓေစိတ်သည်၊ ဝတ္ထုပုရေဇာတပစ္စည်းကိုမရ။ ဝတ္ထုပုရေဇာတပစ္စည်းကို မရသောကြောင့်လည်း အာရမ္မဏပုရေဇာတပစ္စည်းကိုလည်း မရပေ။

တနည်း....ငင်းကာမပဋိသန္ဓေစိတ်သည်၊ ပစ္စုပ္ပန်ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံပြု၍၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်လျှင် အာရုံရှိလင့်ကစား၊ ငင်းအာရုံတို့သည်၊ ထင်ရှားသော အာရုံမဟုတ်ကုန်။ အာရုံဖြစ်ခါမျှသာ ဖြစ်ကုန်သောကြောင့်-အာရမ္မဏပုရေဇာတပစ္စည်းကိုမရ-ဟူသိ။

> တဒါရမ္မဏဘာဝိနော်တိ ဧတ္ထ ပဋိသန္ဓိဘာဝိနော ပုရေဇာတာဘာဝေန ဣတရဿာပိ အဘာဝါ အဂ္ဂဟဏံ။ ဘဝင်္ဂဘာဝိနော ပန ဂဟဏံ ကာတဗ္ဗံ၊ နဝါ ကာတဗ္ဗံ။ ပဋိသန္ဓိယာ ဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတောပိ။ ။
>
> မူလဋီကာ။ ။(၁၄၂)၊

> သတိပိ ကဿစိ ပဋိသန္ဓိဘာဝိနော အာရမ္မဏ ပုရေဇာတေ ဝိဘူတံ ပန ကတွာ အာရမ္မဏကရဏာဘာဝိနော အဝိဇ္ဇမာန သဒိသတ္တာ ကတွာ ဝုတ္တံ၊ ဣတရဿာပိ အဘာဝါတိ။ တေနေဝါဟ၊ ပဋိသန္ဓိယာ ဝိယ အပရိဗျတ္တဿ အာရမ္မဏဿ အာရမ္မဏမတ္တဘာဝတောတိ။ ။အနုဋီကာပါဠ်။ ။(၂၀၂)။

တဒါရမ္မဏဘာဝိနော်တိဧတ္ထ၊ တဒါ။ပ။ ဘာဝိနော-ဟူသောပုဒ်၌။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသော ကာမာဝစရဝိပါက်အား။ ဝတ္ထုပုရေဇာတာဘာဝေန၊ ဝတ္ထုပုရေဇာတပစ္စည်း၏ မရှိခြင်းကြောင့်။ ဣတရဿာပိ၊ တပါးသော အာရမ္မဏပုရေဇာတပစ္စည်း၏လည်း၊ အဘာဝါ၊ မရှိခြင်းကြောင့်။ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသောကာမဝိပါက်စိတ်ကို။ အဂ္ဂဟဏံ၊ အဋ္ဌကထာဆရာမယူခြင်းသည်။ ဟောတိ၊ ၏။ ပန၊ ပဋိသန္ဓေစိတ်မှဘပါး၊ ဘဝင်စိတ်ကိုဆိုဦးအံ့။ ဘဝင်္ဂဘာဝိနောပိ၊ ဘဝင်အဖြစ်ရှိသော ကာမဝိပါက်စိတ်ကိုလည်း။ ဂဟဏံ၊ ယူခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဝါ၊ တနည်းကား။ န ကာတဗ္ဗံ၊ မပြုအပ်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ အာရမ္မဏံ ဝိယ၊ မထင်ရှားသော အာရုံကဲ့သို့။ အပရိဗျတ္တဿ၊ မထင်

ရှားသော၊ အာရမ္မဏသဘာ၊ ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေနောင်ဘဝင် ၄-ချက်၏ အာရုံဖြစ်သော ပစ္စုပ္ပန်အာရုံ၏၊ အာရမ္မဏမတ္တဘာဝတော၊ အာရုံသာမန်မျှ၏ အဖြစ်ကြောင့်တည်း။ ။(ဤကား-မူလဋီကာအနက်)။

ဟဿပိ၊ အချို့သော၊ ပဋိသန္ဓိဘာဝိနော၊ ပဋိသန္ဓေဖြစ်လေ့ရှိသော ကာမဝိပါက်စိတ်၏၊ အာရမ္မဏပုရေဇာတတော၊ ရှေး၌ဖြစ်သောပစ္စုပ္ပန်အာရုံ သည့်၊ သတိပိ၊ ရှိသော်လည်း။ ဝိဘူတံပန၊ ထင်ရှားသည့်ကိုကား။ ကတွာ၊ ပြု၍။ အာရမ္မဏကရဏာဘာဝတော၊ အာရုံပြုခြင်း၏ မရှိခြင်းကြောင့်။ အဝိဇ္ဇမာနသဒိသံ၊ အာရမ္မဏပုရေဇာတပစ္စည်းမရှိသည်နှင့်တူ၏။ ဇာတိ ကတွာ-ဇာတိဘဒ္ဒာ၊ ထို့ကြောင့်။ ဇာတရသာပိအဘာဝါတိ၊ ဟူ၍။ ဝုတ္တံ၊ မူလဋီကာဆရာမြတ်၊ မိန့်ဆိုအပ်၏၊ တေနေဝ၊ ထို့ကြောင့် သာလျှင်။ ပဋိသန္ဓိပ။ ဘာဝတောတိ၊ ဟူ၍၊ အာဟ၊ မူလဋီကာဆရာမိန့်ဆိုတော် မူ၏။ ။(ဤကား-အနုဋီကာအနက်)။

## အာရမ္မဏသဘာဂတာ-အဖွင့်။

ဤဆိုအပ်ပြီးသော ပါဠိ,အဋ္ဌကထာများအရ၊ ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈-ခု သည်၊ အာရမ္မဏပုရေဇာတပစ္စည်းသာ တပ်နိုင်, ဖြစ်နိုင်သော်လည်း၊ အာရမ္မဏပုရေဇာတသာ ထိုက်သည့်မဟုတ်။ အာရမ္မဏသဟဇာတ- ပစ္စည်းလည်း တပ်သင့်,ဖြစ်သင့်သေး၏။ ။

ဖြစ်ဟန်ကား....အရော, အထောင်စသော နိမ္မိတရုပ်ကို ဖန်ဆင်းရာ၌၊ ဣဒ္ဓိဝိဓအဘိညာဉ်စိတ်သည်၊ မိမိဖြစ်စေအပ်, ဖန်ဆင်းအပ်သော မိမိနှင့် အတူတကွလည်း ဖြစ်သော သဟဇာတ နိမ္မိတရုပ်ကို အာရုံပြုနိုင်၏၊ ထိုအခါ၊ သဟဇာတဖြစ်သော နိမ္မိတရုပ်သည်၊ ဣဒ္ဓိဝိဓ အဘိညာဉ် စိတ္တုပ္ပါဒ်အား အာရမ္မဏသဟဇာတပစ္စည်းတပ်နိုင်၏,ကျေးဇူးပြုနိုင်၏၊ ။ ဟူလို၊

ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း၊ အာရမ္မဏသဟဇာတမျိုးရှိပါလျှင်၊ အဘယ့်ကြောင့် ပဋ္ဌာန်းပါဠိတော်ကြီး၌၊ မြတ်စွာဘုရားသည်၊ ဝေဘန် တော်မမူအပ်ပါသနည်း-ဟူမူ။ ။ထိုအာရမ္မဏသဟဇာတသည်၊ အလွန် နည်းသ၏၊ ထင်လည်းမထင်ရှားလှချေ၊ ထို့ကြောင့် မဝေဘန်အပ်။ ။ ပ .ပြီ၊

ဝဏ္ဏု။ သဟေတုကံ ပုရေဇာတဉ္စ အာရုမ္မဏံ ပုရေဇာတမေဝ။ အာဘိညာ ညာဏဿ ပန ကဒါစိ သဟေတုကဘဝ် အာရမ္မဏ ပစ္စယော ဟောတိယေဝ။ သဟေတုကဂ္ဂဟဏေန ပနေတ္ထ သဟေတုကပစ္စယဘူတော ဝ ဂယှတိ၊ သော စ ကေဝလဒါဒိလက္ခဏ ယုတ္တောဝါတိ၊ ယော ဓမ္မော သဟေတုကော ဟုတွာ အာရမ္မဏံ ဟောတိ၊ န သော ဣဓ အဓိပ္ပေတော။ ယဒိ သဟေတုကော ပိ အာရမ္မဏံ ဟောတိ။ ကသ္မာ ပါဠိယံ တထာ န ဝိဘတ္တန္တိ။ ကေကလာပပရိယာပန္နဿ ကေဝလဒါဒိလက္ခဏယုတ္တဿ ဘိန္နကာလပရိယာပန္နတော သက်ရမောစနတ္ထံ၊ အပိစ အပရာဓာဝတော, အပါကဋဘာဝတော စ တံ န ဂဟိတံ။ ။ပဉ္စာဝါရ ဂဏနာ-အဘွင့်။ ပဋ္ဌာန်း-အနုဋီကာ။ ။(၂၄၃)။

ဝဏ္ဏု။ ဆဝဏ္ဏုသည်။ သဟေတုကံ၊ ပဋိသန္ဓေအခါဟဒယဝတ္ထုကား သဟေတုကတည်း။ ပုရေဇာတဉ္စ၊ ပဝတ္တိအခါဆဝဏ္ဏုအားဖြင့် ပုရေဇာတသည်လည်း။ ဟောတိ၏။ အာရမ္မဏံ၊ နိပ္ဖန္နရုပ် ၁၈-ခုဟုဆိုအပ်သော အာရုံသည်။ ပုရေဇာတမေဝ၊ ပစ္စယုပ္ပန်ဖြစ်သောစိတ်, စေတသိက်ဖြစ်သည့်မှ၊ ရှေးဦးစွာဖြစ်သောပုရေဇာတသာလျှင်တည်း။ ပန၊ အထူးကိုဆိုဦးအံ့။ အဘိညာညာဏဿ၊ ရူပ္ပိဝဓအဘိညာဉ်ဉာဏ်အား။ ဝါ၏။ ကဒါစိ၊ ရံခါ။ သဟေတုကမ္ပိ၊ သဘ,သဟာဿ-အစရှိသောနိမ္မိတရုပ်ဟုဆိုအပ်သော သဟေတုကအာရုံသည်လည်း။ အာရမ္မဏပစ္စယော၊ အာရမ္မဏပစ္စည်း တပ်သည်။ ဟောတိယေဝ၊ သည်သာတည်း၊ ဧတ္ထ၊ ဤ-အာရမ္မဏစသော ရှစ်ပါးသောသဒ္ဒါတို့တွင်။ သဟေတုကဂ္ဂဟဏေန၊ သဟေတုကသဒ္ဒါဖြင့်။ သဟေတုကပစ္စယဘူတော ဝ၊ သဟေတုကပစ္စည်းဖြစ်၍ဖြစ်သောတရားကို သာလျှင်။ ဂယှတိ၊ ယူအပ်၏၊ သော စ၊ ထိုသဟေတုကပစ္စည်းဖြစ်သော တရားဟူသည်လည်း။ ကေဝလဒါဒိလက္ခဏယုတ္တောဝ၊ ကေဝလဒအစရှိသော လက္ခဏာနှင့်ယှဉ်သော တရားသာတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ယော ဓမ္မော၊ အကြင်တရားသည်။ သဟေတုကော ဟုတွာ၊ သဟေတုက ဖြစ်လျက်။ အာရမ္မဏံ၊ အာရုံသည်။ ဝါ၊ အာရမ္မဏပစ္စည်းသည်။ ဟောတိ၊ ၏။ သော၊ ထိုအာရုံဖြစ်သောသဟေတုကို။ ဣဓ၊ ဤအရာ၌။ န အဓိပ္ပေတော၊ အလိုမရှိအပ်။ သဟေတုကောပိ၊ တကွဖြစ်သောနိပ္ဖန္နရုပ်အာရုံသည်လည်း။ အာရမ္မဏံ၊ အာရမ္မဏပစ္စည်းသည်။ ယဒိ ဟောတိ၊ အကယ်၍ ဖြစ်အံ့။

ကသ္မာ၊အဘယ့်ကြောင့်၊ ပါဠိ၌၊ပါဠိတော်၌။ တထာ၊ ထိုသဟဇာတ အခြင်းအရာအားဖြင့်၊ နဝိဘတ္တံ၊အာရုံကို မဝေဘန်အပ်ပါသနည်း။ ဣတိ၊ ဤသည်ကား။စောဒနာ၊စောဒနာခြင်းတည်း။ ဧကကလာပပရိယာပန္နသ၊ တခုတည်းသော ကလာပ်၌ အကျုံးဝင်သော၊ ဧကုပ္ပါဒါဒိ လက္ခဏာ ယုတ္တဿ၊ ဧကုပ္ပါဒအစရှိသော လက္ခဏာနှင့်ယှဉ်သော သဟဇာတ တရား၏၊ဘိန္နကလာပ ပရိယာပန္နတော၊ပြားသောကလာပ်၌ အကျုံးဝင်သော အာရုံတရားမှ၊ သက်ရမောစနတ္ထံ၊ရောရှက်ခြင်းကို လွတ်စေခြင်း အကျိုးငှာ။ နဝိဘတ္တံ၊သဟဇာတအာရုံကို မဝေဘန်အပ်။အဝိစ အပရော နယော၊ နည်းတပါးကား။ အပုရေဇာတတောစ၊ မများသည်၏ အဖြစ်ကြောင့်၎င်း။အပါကဇဘာဝတောစ၊ မထင်ရှားသည်၏အဖြစ်ကြောင့်၎င်း။ တံ၊ထိုသဟဇာတ အာရုံကို။နဂဟိတံ၊ပါဠိတော်၌မယူအပ်။ဝါ၊ဟောတော်မမူ၊

---

## ပစ္ဆာ ဇာတ ပစ္စယော-အခွင့်။

## ပစ္ဆာ ဇာတောတိ ပစ္ဆာဇာတော၊

ပစ္ဆာ၊ ပစ္စယုပ္ပန်မှနောက်၌။ ဇာတော၊ ဖြစ်ပေါ်လာသောပစ္စည်းတရားတည်း။ ဣတိ၊ကြောင့်၊ ပစ္ဆာဇာတော၊ ပစ္ဆာဇာတ-ပစ္စည်းမည်၏။ ။ဗိဂြိုဟ်အရ....ပစ္စယုပ္ပန်၏ နောက်မှဖြစ်၍ ကျေးဇူးပြုသောတရားသည်-ပစ္ဆာဇာတပစ္စည်းမည်၏။ ဥပမာဆိုသော်- လင်းတငယ်များသည်၊ မွေးဘွားသည်မှစ၍၊ အစာကိုမစားရ၊ သို့သော်၊ နောင်စားရလတ္တံ့-ဟူသော အာသာဖြင့်သာလျှင် လင်းတငယ်၏ ရူပကာယသည်တည့်တံ၏၊ ထိုရူပကာယတည့်တံ့မှုအကျိုးတရားသည် အစာ တည်းဟူသော အကြောင်းတရား၏ ရှေးမဖြစ်နှင့်နေသကဲ့သို့၊ ထိုအတူ နောက်နောက်၌ ဖြစ်သော စိတ်,စေတသိက်တရားအပေါင်းသည်၊ရှေးရှေး၌ဖြစ်နှင့်ပြီးသောရူပကာယ အားထောက်ပံ့သည့်အဖြစ်ဖြင့် ကျေးဇူးပြုသည်၊ ။ဘနည်း....ရှေးက ပေါက်ရောက် ကြီးပွားနှင့်သော သစ်ပင်ငယ်ကိုအား၊ နောက်မှ သွန်းလောင်းအပ်သော ရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူးပြုဘိသကဲ့သို့၊ ရှေး၌ဖြစ်နှင့်ကြကုန်သော စတုသမုဋ္ဌာနိက ရုပ်တရားတို့အား နောက်၌ဖြစ်ကုန်သော နာမ်တရားတို့သည် စည်ပင်ကြီးပွားစိမ့်သောငှာ

ရင်း၊ နောင်ထပ်မံ၍၊ မိမိနှင့်တူသော ရုပ်အစဉ်၊ ဆက်သက်ဖြစ်ပွားစိမ့်သောငှာရင်း၊နောက်မှဖြစ်ပေါ်လျက် ကျေးဇူးပြုကုန်သည်။ ။ဟူလို၊

> ပုရေဇာတာနံ ရူပဓမ္မာနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကော အရူပဓမ္မော ပစ္ဆာဇာတပစ္စယော။ ဂိဇ္ဈပေါတကာသရီရာနံ အာဟာရာသာစေတနာ ဝိယ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၄)။

ပုရေဇာတာနံ၊ ပစ္စည်းတရားတို့၏မဖြစ်မီ၊ ရှေးဖျားလက်မှန် ဖြစ်ကုန်သော။ရူပဓမ္မာနံ၊ ကေဇကာယ,ဒွိဇကာယ,တိဇကာယ,စတုဇကာယ ဟုဆိုအပ်ကုန်သောရုပ်တရားတို့ကို။ဥပတ္ထမ္ဘကဋ္ဌေန၊ ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်။ ဥပကာရကော၊သော။ အရူပဓမ္မော၊နာမ်တရားသည်။ပစ္ဆာဇာတပစ္စယော၊ပစ္ဆာဇာတ-ပစ္စည်းမည်၏။ကိမိဝ၊ဥပမာပုံအဘယ်ကဲ့သို့နည်းဟူမူကား၊ အာဟာရာသာစေတနာ၊ အာဟာရချင်ဖြစ်သောတောင့်တခြင်းစေတနာသည်။ ဂိဇ္ဈပေါတကာသရီရာနံ၊ လင်းတငယ်တို့၏ ကိုယ်တို့အား။ ပစ္စယော၊ ထောက်ပံ့သောအားဖြင့်ကျေးဇူးပြုသည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့တည်း၊ ။

---

## ပစ္ဆာဇာတပစ္စည်း-သုံးချက်ခု။

၁။ ။ပဝတ္တိအခါပဋိသန္ဓေကာလရုပ်ဖြစ်ခိုက်,ဖြစ်နေအရူပဝိပါက် ၄-ခုကြဉ်သော ပဉ္စမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅-ခု၊ စေတသိက်ငွေ့ပညာသ။ ဤတရားတို့သည်-ပစ္ဆာဇာတပစ္စည်းတပ်သော ကရေးတို့မည်ကုန်၏။

၂။ ။ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍၊ ရုပ်၏ ဌီသို့ရောက်သော-ဒွိဇကာယ,တိဇကာယ,စတုဇကာယ၊ဤတရားရတို့သည်-ပစ္ဆာဇာတပစ္စည်း၏ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။

၃။ ။စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ငွေ့ပညာသ၊နောက်နောက်သော စိတ်နှင့်အတူဥပါဒ်သော စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်- ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်တရားတို့မည်ကုန်၏။

## ကေဇကာယ,ဒွိဇကာယခေါ်သော-အဓိပ္ပါယ်။

ပဋိသန္ဓေအခိုက်၌၊ ကမ္မဇရုပ်တပါးသာ ပါရှိသေး၍၊ ၎င်းကမ္မဇရုပ်ကို ကေဇကာယ-ဟု ဆိုအပ်၏။ ၎င်းကေဇကာယဖြစ်သော ကမ္မဇရုပ်ကား၊ ပစ္ဆာဇာတပစ္စည်းကိုမရ။ ပဋိသန္ဓေ စိတ်ကလည်း၊ ၎င်းကမ္မဇရုပ်အား သဟဇာတပစ္စည်းအဖြစ်ဖြင့်သာ ကျေးဇူးပြုနိုင်၏။ရှေး၌ဖြစ်နှင့်သော ရုပ် မရှိသောကြောင့် ပစ္ဆာဇာတပစ္စည်းမတပ်နိုင်။ နောက်ပထမဘဝင်စိတ် ကလည်း၊ ၎င်းကေဇကာယ-ဖြစ်သော ကမ္မဇရုပ်သက်သက်အား၊ ရုပ်၏ ဥပါဒ်ခဏသာဖြစ်၍၊ ရုပ်၏ဌီခဏမဟုတ်သောကြောင့် ကျေးဇူးမပြုနိုင်။ ထို့ကြောင့် ပဋိသန္ဓေအခိုက်၌ ပစ္စည်းတပ်ခြင်းငှာ မထိုက်၍၊ "ပဝတ္တိ အခါ"ဟု မိန့်ဆိုတော်မူရလေသတည်း။ ။(အောက်ရုပ်ပိုင်း၌ ကမ္မဇရုပ် စသည် ဖြစ်စဉ်အဘွင့်ကို သတိပြု)။

၎င်းပဋိသန္ဓေစိတ်၏ဌီခဏ၌ကား၊ဥတုဇရုပ်ဖြစ်ပေါ်လာပြီဖြစ်၍၊ရှေးဥပါဒ် ခဏ၌ ဖြစ်နှင့်သော ကေဇကာယဖြစ်သော ကမ္မဇရုပ်နှင့်ပေါင်းသော်၊ ကမ္မဇရုပ်,ဥတုဇရုပ် ၂-ပါးဖြစ်ပြီဖြစ်၍၊ ဒွိဇကာယ-မည်၏။၎င်းဒွိဇကာယ ဖြစ်သော ကမ္မဇရုပ်နှင့် ဥတုဇရုပ် ၂-ပါးကိုသာပဋိသန္ဓေ၏ ဘင်ခဏကျ သကာလ ရုပ်၏ ဌီသို့ရောက်ပြီဖြစ်၍၊ နောက်ပထမဘဝင်သည်၊ ပစ္ဆာ ဇာတ ပစ္စည်းတပ်နိုင်၏။ သို့ဖြစ်၍ ဆရာကြီးတို့သည်၊ ကေဇကာယ သက်သက်ကို ပစ္စည်း မတပ်နိုင်၍၊ ၎င်း "ကေဇကာယ" ဟူသော စကားကို ပစ္စယုပ္ပန်၌ မပါဝင်သင့်-ဟု မိန့်တော်မူကြကုန်၏၊ သို့သော်၊ ၎င်းပဋိသန္ဓေ၏ ဥပါဒ်၌ဖြစ်သော ကေဇကာယ ကမ္မဇရုပ်သည်၊ ၎င်းပဋိ သန္ဓေစိတ်၏ ဌီခဏသို့ ရောက်အောင် တည်တံ့မှုသည်၊ နောက်ပထမ ဘဝင်၏ သတ္တိအစွမ်းနှင့် မကင်းသင့်သောကြောင့် ကေဇကာယ-လည်း ဖြစ်သင့်၏-ဟုအယူရှိတော်မူကြကုန်သတတ်။

ပဋိသန္ဓေစိတ်၏နောက်၌၊ ပထမဘဝင်စိတ်ဖြစ်ပေါ်လာရာ၊ ၎င်းပထမ ဘဝင်၏ ဥပါဒ်ခဏ၌၊ စိတ္တဇရုပ်ဖြစ်၏။ ထိုအခါ- ရှေးပဋိသန္ဓေစိတ်၏ ခဏသုံးပါး၌ဖြစ်နှင့်ပြီးသော၊ ကမ္မဇရုပ်,ဥတုဇရုပ်-နှစ်ပါးတို့လည်း၊ မချုပ် မငြိမ်းသေးသဖြင့် ကမ္မဇရုပ်, ဥတုဇရုပ်,စိတ္တဇရုပ်-ဟု ရုပ်ကလာပ်သုံးပါး ပေါင်းစည်းမိပြီဖြစ်၍၊ တိဇကာယ-ဖြစ်၏၊ ထိုတိဇကာယရုပ် ကလာပ်

သုံးစည်းသည်၊ ၎င်းပထမဘဝင်၏ ဌီခဏသို့ ရောက်လတ်သော်၊ ရုပ်၏ ဌီကာလသို့ရောက်ပြီ ဖြစ်၍၊ နောက်ဒုတိယဘဝင်စိတ်သည် ပဉ္စဒွါရာဘာ ပန္နည်းတပ်နိုင်၏။

စတုဇကာယကား၊ ကဿပ္ပုံသာ,နှစ်သတ္တာဟသို့ ရောက်၍၊ ဂဗ္ဘ သေယျက ပုဂ္ဂိုလ်တို့အား အမိသည်စားအပ်သော အစာအာဟာရပြန့်နှံ့ လတ်သောအခါမှ အာဟာရဇရုပ်ကိုဖြစ်စေနိုင်၏၊ ထိုအာဟာရဇရုပ်ဖြစ် သောအခါ၊ ရှေးကဖြစ်နှင့်ပြီးသော မချုပ်သေးသော ကမ္မဇ, ဥတုဇ, စိတ္တဇ, ရုပ်ကလာပ်သုံးပါးတို့ ၊ပေါင်းခုံရဝေးလတ်သဖြင့် ကမ္မဇ,ဥတုဇ, စိတ္တဇ, အာဟာရဇ-ဟု စတုဇကာယရုပ်ကလာပ် ၄-စည်း ပေါင်းစည်း မိလေသတည်း။ ။(ကြွင်းပေါ်ပြီ)။

---

## ပဉ္စနိကာ်ရုပ်-အဒိပ္ပါယ်။

ပဉ္စယာပ္ပနိ၌လည်း၊ စတုဇကာယရုပ်တရားများဖြစ်ပါလျက်၊ အဘယ့် ကြောင့် ပဉ္စနိက်၌ စိတ္တဇရုပ်စသည်တို့ကို ထုတ်ဆိုရပါသနည်းဟူမူ။ ။ ဇောဝေါကာရဖြစ်သော အသညသတ်စသောဘုံ၌ ရုပ်များကိုထောက် ဆ၍၊ စိတ္တဇရုပ်စသည်တို့ကို ထုတ်ဆိုရကုန်၏။

ထိုစကားထင်ရှားပြဆိုဦးအံ့....အသညသတ်ဘုံ၌မူ၊ ပဉ္စည်းတပ်ရန် နာမ်တရားပင်၊ အလျဉ်းမရှိသောကြောင့် အသညသတ်ဘုံ၌ဖြစ်သော ရုပ် တို့သည် တော,တောင်,ရေ,မြေစသည်၌ တည်ကုန်သော ရုပ်များကဲ့သို့၊ ပဉ္စာဒွါရာတပဉ္စည်း၏ ပဉ္စနိက်အမြဲဖြစ်၏။ ။နိရောဓသမာပတ်ဝင်စား သောအခါ၊ နေဝသညာနာသညာယတနအဆုံးဇောနှင့် အတူဥပါဒ်သော စိတ္တဇရုပ်၊ ထိုခဏမှစ၍၊ နောက်နောက်ခဏတို့၌ ဖြစ်ကုန်သောအနာဂါမိ ဖိုလ်ဇော,အရဟတ္တဖိုလ်ဇောတို့ဖြစ်မီ ချုပ်နှင့်ကြကုန်သော ကမ္မဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ်တို့သည်လည်း ပဉ္စာဒွါရာတပဉ္စည်းကို မရကြ လေကုန်။

စုတိစိတ်နှင့်အတူ ဥပါဒ်သော စိတ္တဇ,ဥတုဇ, အာဟာရဇတို့သည် လည်း၊ ပဉ္စာဒွါရာတပဉ္စည်းကို မရကြကုန်။ ထို့ကြောင့်၊ ပဉ္စနိက်၌လည်း ပါကုန်၏။ ။ဟူသို။

## အာသေဝနပစ္စယော-အဘွင့်။

အာ-ပုနပ္ပုနံ သေဝနံ ပဝတ္တနံ အာသေဝနံ။
အာ-ပုနပ္ပုနံ သေဝနံ ဝါသနံ ဝါ အာသေဝနံ။

အာ-ပုနပ္ပုနံ၊အဘန်ဘန်၊ အထပ်ထပ်။သေဝနံ-ပဝတ္တနံ၊ဖြစ်ခြင်း-ပြုဖြင်ခြင်းသဘောသည်။ အာသေဝနံ၊ အာသေဝန-မည်၏။ ဝါ၊တနည်းကား။ အာ-ပုနပ္ပုနံ၊ အဘန်ဘန်၊ အထပ်ထပ်။ သေဝနံ-ဝါသနံ၊ ထုံခြင်းသည်။ အာသေဝနံ၊အာသေဝန-မည်၏။

**မှတ်ချက်။** ။ဤအလို-အာသေဝနံ ပုဒ်သည်၊အာ-ရှေ့ရှိသော-သေဝဓာတ်၊ပဝတ္တနတ္ထ,ဝါသနတ္ထ-၂-နက်ဟော။ဤ၀ိဂြိုဟ်များကား မူလဋီကာ အလိုတည်း။ ။ဆရာတို့ကား....အာသေဝန္တိ တံ သုဋ္ဌုဘဇန္တီတိအာသေဝနံ၊ အာသေဝေတိ ဝါ သံသုဋ္ဌုဂါဟာပေတိ-ဝဍ္ဎေတီတိ အာသေဝနံ၊အာပုနပ္ပုနံသေဝိတဗ္ဗန္တိ အာသေဝနံ-ဟု ပြုတော်မူကြကုန်သေး၏။

အဓိပ္ပါယ်ကား....ပစ္စယုပ္ပန်တရားကို ကုသိုလ်အစရှိသောအဖြစ်ဖြင့် မိမိနှင့် တူအောင် အဘန်တလဲလဲ ပြုပြင်ခြင်း, ဖြစ်စေခြင်း-ဟူသော သဘောတရားသည်-အာသေဝနမည်၏။ ။တနည်း....မိမိနှင့်တူသော သဘောရှိသည်အဖြစ်သို့ ရောက်စေခြင်းဟူသော ထုံခြင်းသဘော, မိမိနှင့်တူသော သဘောကို ယူစေခြင်းဟူသော ထုံခြင်းသဘောသည်-အာသေဝနမည်၏။ ။ဟူလို။

> အာသေဝနဋ္ဌေန အနန္တရာနံ ပဂုဏဗလဝဘာဝါယ ဥပကာရကော ဓမ္မော အာသေဝနပစ္စယော။ ။
>
> ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၄)။
>
> ကုသလာဒိဘာဝေန အတ္တနာ သဒိသဿ ပယောဂေန ကရဏီယဿ ပုနပ္ပုနံ ကရဏံ ပဝတ္တနံ အာသေဝနဋ္ဌော။ အတ္တသဒိသသဘာဝတာပါဒနံ ဝါသနံ ဝါ။ ။မူလဋီကာ။ ။(၁၂၇)။

အာသေဝနဋ္ဌေန၊ အဘန်တလဲလဲ ပြုပြင်ခြင်း, ဖြစ်စေခြင်းစသော သဘောဖြင့်။ အနန္တရာနံ၊အခြားမဲ့ဖြစ်ကုန်သော တရားတို့အား။ ပဂုဏဗလဝဘာဝါယ၊လေ့လာသည်၏အဖြစ်,အားကြီးသည်၏ အဖြစ်အလို့ငှာ။

ဥပကာရကဖြစ်သော။ ဓမ္မော၊တရားသည်။အာသေဝနပစ္စယော၊ အာသေဝန-ပစ္စည်းမည်၏။ ။(ဤကား-အဋ္ဌကထာအနက်)။

ကုသလာဒိဘာဝေန၊ ကုသိုလ်အစရှိသောအားဖြင့်ဖြစ်ဖြင့်။အတ္တနာ၊မိမိ-ဟုဆိုအပ်သောပစ္စည်းတရားနှင့်၊ သဒိသဿ၊တူသော။ ပယောဂေန၊လုံ့လများပါရဖြင့်။ ကရဏီယဿ၊ ပြုအပ်သော ပစ္စယုပ္ပန်တရားကို။ ပုနပ္ပုနံ၊အဘန်တလဲလဲ။ ကရဏံ-ပဝတ္တနံ၊ ဖြစ်စေခြင်းသည်။ အာသေဝနဋ္ဌော၊ အာသေဝနသတ္တိမည်၏။ ဝါ၊ တနည်းကား။ ကုသလာဒိဘာဝေန၊ ဖြင့်။ အတ္တနာ၊နှင့်။သဒိသဿ၊တူသောပစ္စယုပ္ပန်တရားကို။ အတ္တသဒိသသဘာဝတာပါဒနံ၊မိမိနှင့်တူသောသဘောရှိသည်၏ အဖြစ်သို့ရောက်စေခြင်းဟုဆိုအပ်သော။ဝါသနံ၊ထုံခြင်းသည်။အာသေဝနဋ္ဌော၊မည်၏။

(ဤကား-မူလဋီကာအနက်တည်း)။

---

**အာသေဝနပစ္စည်းဥပမာ။**

လောကီ,လောကုတ္တရာကျမ်းဂန်တို့ကို သင်ကြားရာ၌၊ ရှေးရှေး၌ ဖြစ်သော အားထုတ်မှု,သင်ကြား ဆောင်ရွက်မှုသည်၊ နောက်နောက်၌ ဖြစ်သော သင်ကြားအပ်သော ကျမ်းဂန်တို့ကို လွယ်လွယ်ကူကူ၊ သင်ယူအားထုတ်နိုင်အောင်း ထောက်ပံ့သကဲ့သို့၊ရှေးရှေးဖြစ်သော ဇောတို့သည်၊ အခြားမဲ့ဖြစ်သော နောက်နောက်ဇောတို့အား၊ အာသေဝန သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

တနည်း....မျက်နှာ,အဝတ်ပုဆိုး အစရှိသည်တို့၌ ရှေးဦးစွာလိမ်းသုတ်ဆွတ်ဖျန်း၍ထားအပ်သောနံ့သာ,ရေမွှေးနံ့စသည်တို့၏ အဆင်းအနံ့သည်၊နောက်နောက်၌လိမ်းသုတ်ဆွတ်ဖျန်းအပ်သော နံ့သာအား အဆင်းအနံ့ကို လွန်စွာပွားစေခြင်းငှာ၊ကျေးဇူးပြုသကဲ့သို့၊ထို့အတူရှေးရှေးသောဇောသည်၊ နောက်နောက်သောဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။ ။ဟူလို။

ဂန္ဓာဒိသု ပုရိမာပုရိမာဘိယောဂေါ ဝိယ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၄)။

## အာသေဝနပစ္စည်း-သုံးချက်ခု။

၁။ ။ဓာတ်တူ အဆုံးဇော, ဗိုလ်ဇော ကြွင်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် နွေပညာသ။ ဤတရားတို့သည်- အာသေဝန ပစ္စည်းတပ်သော တရားမည်ကုန်၏။

၂။ ။ပထမဇော, ဗိုလ်ဇော, ကြွင်သော နောက်နောက်သော ဇောကေပညာသ၊ စေတသိက် နွေ ပညာသ။ ဤတရားတို့သည်- အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

၃။ ။ကာမဇော တခုံယုတ်သုံးဆယ်၏ ပထမဇော,အာဝဇ္ဇန်း နွေ၊ ဝိပါက်ဆတ္တိံသ၊ စေတသိက်နွေပညာသ၊ စိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်- အာသေဝနပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏။

---

## ဓာတ်ဘူ-အဓိပ္ပါယ်။

အနန္တရပစ္စည်း, သမနန္တရပစ္စည်းများကား၊ ကုသိုလ်စသော ဓာတ်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ အနန္တရ, သမနန္တရပစ္စည်းတပ်နိုင်၏။ အာသေဝနပစ္စည်းသည်ကား၊ ဓာတ်ချင်းတူသော ရှေးရှေးတရားကသာ နောက်တရားများအား၊ကျေးဇူးပြုနိုင်၏။ဓာတ်ကွဲပါမူ၊ပစ္စည်းမတပ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော်- ဓာတ်ကွဲပါမူ၊ ရှေးရှေးကုသိုလ်စသော စိတ်သည်၊နောက်နောက်သော ဝိပါက်စသောစိတ်အား မိမိကုသိုလ်သဘောကိုမယူစေနိုင်၊ မထုံစေနိုင်သောကြောင့်တည်း။ ရှေးဦးစွာ လိမ်းကျံအပ်သောရေနံ့သည်နောက်ထပ်လိမ်းကျံအပ်သော နံ့သာအားတို့၍အနံ့ဘွက်ရန် ကျေးဇူးမပြုသကဲ့သို့မှတ်။

ဘိန္နဇာတိကာ ဟိ ဘိန္နဇာတိကာနံ အရူပဓမ္မာနံ အာသေဝန
ဂုဏေန ပဂုဏဗလဝဘာဝံ သာဓယမာနာ အညနော ကုသလာ
ဒိဘာဝသင်္ဂါတံ ဂတိံ ဂါဟေတုံ န သက္ကုဏန္တိ။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၁၄)

ဟိ၊မှန်၏၊ ဝါ၊ ယင်းစကားထင်ရှားစေအံ့။ ဘိန္နဇာတိကာ၊ ပြားသော ဇာတ်ရှိကုန်သော တရားဘို့သည်။ဘိန္နဇာတိကာနံ၊ပြားသော ဇာတ်ရှိကုန်

သော။အရူပဓမ္မာနံ၊တို့အား။ အာသေဝနပစ္စယေန၊ အာသေဝနသတ္တိဂုဏ် ဖြင့်။ ပဂုဏဗလဝဘာဝံ၊လေ့လာအပ်သည်၏အဖြစ်,အားရှိသည်၏အဖြစ် ကို။ သာဓယမာနာ၊ ပြီးစေကုန်လျက်။ အတ္တနော၀၊ မိမိ၏ သာလျှင်။ ကုသလာဒိဘာ၀သင်္ခါတံ၊ ကုသိုလ်စသည်တို့၏အဖြစ်-ဟုဆိုအပ်သော။ ဂတိံ၊သဘောကို။ဂါဟာပေတုံ၊ယူစေခြင်းငှာ။န သက္ကုဏန္တိ၊မစွမ်းနိုင်ကုန်။

ဤသို့ ဓာတ်ကွဲရာ၌သာ ပစ္စည်းမတပ်သည့်၊ ဘုံကွဲရာ၌ကား၊ ပစ္စည်း တပ်နိုင်၏၊ ထိုကြောင့် ပဋ္ဌာန်းပါဠိတော်၌၊ "ဂေါတြဘု မဂ္ဂဿ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော"စသည်ဖြင့် ဟောတော်မူ၏။ ။ ဂေါတြဘု,ဝေါဒါန်တို့ကား၊ကာမဘုံဖြစ်၏။မဂ်ကားလောကုတ္တရာအ၀စ္စာ ဘုံဖြစ်၍၊ဘုံအားဖြင့် ကွဲပြားသော်လည်း အာသေဝနပစ္စည်းတပ်၏။ ။ ဟူလို။

**ဆောင်ပုဒ်။**

မိမိသဘော၊မယူသော၊ပယ်လော-ဓာတ်ကွဲကို။

---

## ဝိပါက်စိတ်၏အာသေဝနပစ္စည်းမတပ်ပုံ။

ဓာတ်တူသော ဝိပါက်အချင်းချင်းကား၊ အဘယ့်ကြောင့်အာသေဝန ပစ္စည်းမတပ်ပါသနည်း-ဟူမူ။ ။ဝိပါက်တရားတို့၌ အာသေဝနသတ္တိမရှိ သောကြောင့် မိမိတို့အချင်းချင်းပင်ဖြစ်လင့်ကစား၊ပစ္စည်းမတပ်နိုင်ချေ။ ။ ယင်းစကားကို ထင်ရှားစေအံ့....ဝိပါက်ဟူသည်၊ ကံ၏ အကျိုးဘရားမျှ သာဖြစ်၏။ကံပစ်ချထားသောအတိုင်းသာဖြစ်ရ၏၊ ကံကဲ့သို့အားထုတ်မှု-လုံ့လပြုမှုမရှိ၊အားနည်း၏၊ ထုံစေမှုဟူသော အာသေဝနသတ္တိမရှိပေ။ ထို ကြောင့် တပါးသောဝိပါက်စိတ်အား မိမိသဘောကို မယူစေနိုင်, မဖြစ် စေနိုင်-ဟုမှတ်။

ဝိပါကဉ္စ ကမ္မဝသေန ဝိပါကဘာဝပ္ပတ္တံ ကမ္မပရိဏာမိတံ ဟုတွာ ပ၀တ္တတိ၊ နိရုဿာဟံ ဒုဗ္ဗလန္တိ အာသေဝနဂုဏေန အတ္တနော သဘာဝံ ဂါဟာပေတွာ ပရိဘာဝေတွာ နေ၀ အညံ ဝိပါကံ ဥပ္ပါဒေတုံ သက္ကောတိ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၁၁၄)။

ဟိ၊ မှန်၏။ဝ၊ ယင်းစကားထင်ရှားစေအံ့၊ ဝိပါကံ၊ ဝိပါက်အဗျာကတ သည်။ကမ္မဝသေန၊ကံ၏အစွမ်းဖြင့်၊ဝိပါကဘာဝပ္ပတ္တံ၊အကျိုး၏အဖြစ်သို့

ရောက်သောတရား‌ဖြစ်၍။ဝါ၊အကျိုးတရားမျှသာဖြစ်၍။ကမ္မပရိဏာမိတံ၊ ကံသည်စီရင်အပ်သည်။ ဟုတွာ၊ဖြစ်၍။ ပဝတ္တတိ၊၍။ နိရုဿာဟံ၊ အား ထုတ်ခြင်း သဘောမှကင်း၍။ ဝါ၊ အားထုတ်ခြင်း သဘောမရှိ။ ဒုဗ္ဗလံ၊ အားနည်း၍။ ဣတိ၊ကြောင့်၊ အာသေဝနဂုဏေန၊ အာသေဝနသတ္တိဖြင့်၊ အတ္တနော၊၏၊ သဘာဝံ၊ ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ပရိဘာဝေတွာ၊ လုံးစေ၍။ အညံ၊သော။ ဝိပါကံ၊ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ၊ နေဝ သက္ကောတိ၊မစွမ်းနိုင်။

အာဝဇ္ဇန်းဒွေသည်၊ အဘယ့်ကြောင့် အာသေဝနပစ္စည်း မတပ်ပါ သနည်း ဟူမူ။ ။ဝုဋ္ဌော-ဝုဋ္ဌော-ဟု-၂-ကြိမ်ပင်ဖြစ်သော်လည်း အလွန် တရာအားနည်း၍၊ အာသေဝနသတ္တိမရှိသောကြောင့်-အာသေဝနပစ္စည်း မထိုက်။

အဆုံးဇော-ကို၊ငင်းအဆုံးဇောနောင် ဇောမရှိသောကြောင့်-အာသေ ဝနပစ္စည်းမတပ်နိုင်၍ ကြဉ်ရမည်။

ဖိုလ်ဇော-ကား····ဇောပင်ဖြစ်သော်လည်း ဝိပါက်တရား‌ဖြစ်၍၊ဝိပါက် တရားဟူကလည်း မှန်ကြေးရုံပြင်၌ထင်သော မျက်နှာရိပ်သည် ပကတိ မျက်နှာအားလျော်စွာသာဖြစ်၍၊ မိမိကား၊စောင်းခြင်း, လှုပ်ခြင်း-စသည် ကို မပြုတတ်သကဲ့သို့၊ ဖိုလ်ဇောအချင်းချင်းလည်း ရှေ့ဇောသည် နောက် ဇောကို မိမိသဘောကို မယူစေတတ်၊ ကံအားလျော်စွာသာဖြစ်၍။ ထို့ ကြောင့် ငင်းဖိုလ်ဇောကိုကြဉ်ရ၏။

ပဌမဇော ကိုကား....အစရွာသောဇောဖြစ်၍၊ မိမိကသာ နောက် ဇောအား ပစ္စည်းတပ်နိုင်၏၊ မိမိကိုကား ပစ္စည်းဘပ်သောတရားမရှိ၍- ပစ္စယုပ္ပန်မထိုက်သောကြောင့် ကြဉ်ရသည်၊

### ဆောင်ပုဒ်။

ကျ။ ။သတ္တိအာသေဝေ၊မရှိပေ၊ကင်းလေ-ဝိပါက်ချင်း။
ခ ။ ။အာဝဇ္ဇန်းကား၊အားနည်းငြား၊ပယ်ရှား-ပစ္စည်းဝယ်။
ဂ ။ ။ဆုံးဇောနောက်မှာ၊ဇော-မလာ၊ပယ်ခါ-ပစ္စည်းဝယ်။
ဃ။ ။ဝိပါက်ဖြစ်ငြား၊ဖိုလ်ဇောကား၊ပယ်ရှား-သေဝနေ၊
င ။ ။ရှေးဇောကင်းငြား၊စဇောကား၊ပယ်ရှား-ပစ္စည်းဝယ်။

## ကမ္မပစ္စယော-အခွင့်။

အတ္တာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကရောတိ-ပဋိသင်္ခရောတီတိ ကမ္မံ။ ယံ၊အကြင်တရားသဘောသည်။အတ္တာဘိနိဗ္ဗတ္တာနံ၊ မိမိသည်ဖြစ်စေအပ်ကုန်သော။ နာမရူပါနံ၊တို့ကို။ ကရောတိ-ပဋိသင်္ခရောတိ၊ပြုပြင်စီရင်တတ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ ကမ္မံ၊ကမ္မ-ပစ္စည်းမည်၏။ ။ဝိဂြိုဟ်အရ....မိမိကြောင့်ဖြစ်ကုန်သောရုပ်, နာမ်တရားတို့ကိုပြုပြင်စီရင်တတ်သောစေတနာသည်-ကမ္မပစ္စည်းမည်၏။ ။ဟူလို။

ဥပမာကား.... သစ်ပင်၏အမြစ်သည်၊ သစ်ပင်နှင့်တကွဖြစ်၍၊ ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ စေတနာသည်၊သဟဇာတ်ဖြစ်သော နာမ်,ရုပ်တို့အား ကျေးဇူးပြု၏။ ။(ဤကား-သဟဇာတကမ္မအတွက်)။

ကောင်းစွာလှမ်း၍ ကောင်းစွာစီရင်အပ်သောမျိုးစေ့သည်၊ အညွန့်ကိုဖြစ်စေခြင်းငှါ အမှုအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ထို့အတူ အတိတ်ဖြစ်သောကုသိုလ်, အကုသိုလ်-စေတနာသည်၊ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့အား၊ အမှုအရာလုံ့လ၏အဖြစ်ဖြင့် ကျေးဇူးပြု၏။ ။(ဤကား-နာနာက္ခဏိကကမ္မအတွက်)။

စိတ္တပ္ပယောဂသင်္ခါတေန ကြိယာဘာဝေန ဥပကာရကော ဓမ္မော ကမ္မပစ္စယော၊ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၅)။

စိတ္တပ္ပယောဂသင်္ခါတေန၊စိတ်၏ပယောဂ ဗျာပါရ-ဟုဆိုအပ်သော။ ကြိယာဘာဝေန၊ ပြုပြင်ခြင်း, အားထုတ်ခြင်း အမှုအရာ၏အဖြစ်ဖြင့်။ ဥပကာရကော၊သော။ဓမ္မော၊သည်။ကမ္မပစ္စယော၊ကမ္မပစ္စည်းမည်၏။ ။

ဤအဋ္ဌကထာအရ၊စိတ္တပ္ပယောဂ-ဟူသည်ကား၊ စေတနာပင်တည်း။ ထိုစေတနာသည်၊စေ့ဆော်တိုက်တွန်းခြင်း-ဟုဆိုအပ်သော မိမိ၏ကိစ္စကိုပြီးစေသကဲ့သို့၊ မိမိနှင့်ယှဉ်သော်, ယှဉ်ဘက်ဖြစ်ကုန်သော သမ္ပယုတ်တရားတို့အားလည်း၊ စေ့ဆော်တိုက်တွန်းခြင်းကိစ္စကိုပြီးစေတတ်, တိုက်တွန်းတတ်သောကြောင့်-စိတ္တပ္ပယောဂမည်၏။

စိတ္တပ္ပယောဂေါ စိတ္တကြိယာ၊အာယူဟနန္တိ အတ္ထော။ယထာ ဟိ ကာယဝစီပယောဂေါ ဝိညတ္တိ၊ဧဝံ စိတ္တပ္ပယောဂေါ စေတနာ။ ။မူလဋီကာ။ ။(၁၂၇)။

စိတ္တပ္ပယောဂေ၊ စိတ္တပ္ပယောဂ ဟူသည်။ စိတ္တကြိယာ၊စိတ်၏ပြုဖြင်ခြင်းအမူအရာဖျာပါရတည်း။ အာယူဟာနံ၊ အားထုတ်ခြင်း-စေ့ဆော်ခြင်းတည်း။ဣတိအယံ၊ဤသည်ကား။ အတ္ထော၊အနက်တည်း။ဟိ၊ထိုစကားကိုထင်စွာပြဦးအံ့။ ကာယဝစီပယောဂေ၊ ကာယပယောဂ, ဝစီပယောဂသည်။ ဝိညတ္တိယထာ၊ အစဉ်အတိုင်း ကာယဝိညတ်, ဝစီဝိညတ် မည်သကဲ့သို့၊ ဧဝံ၊ဤအတူ။ စိတ္တပ္ပယောဂေ၊ စိတ်၏အားထုတ်ခြင်းသည်။ စေတနာ၊စေတနာမည်သည်။ဟောတိ၊၏။

ဤစိတ္တပ္ပယောဂ-ဟုဆိုအပ်သောစေတနာသည်လည်း၊ ကုသိုလ်စိတ်, အကုသိုလ်စိတ်၌ရှိသောစေတနာ၊ ဝိပါက်, ကြိယာ၌ရှိသော စေတနာ-ဟူ၍ ၂-မျိုးရှိ၏။ထို ၂-မျိုးတို့တွင်- ကုသိုလ်, အကုသိုလ်တို့၌ပါရှိသောစေတနာကံသည်၊မိမိနှင့် အတူတကွဖြစ်ကုန်သောသမ္ပယုတ်တရားတို့ကိုစေ့ဆော်တိုက်တွန်းမှုကိုလည်း ပြုတတ်၏။ နောက်နောက်သောဘဝတို့၌၊ အကျိုးဝိပါက်ကို ဖြစ်စေရန် မျိုးစေ့ သဘွယ်လည်း ဖြစ်၏။ သို့ဖြစ်၍၊ ကုသိုလ်, အကုသိုလ်တို့၌ ပါရှိသော စေတနာကံသည်၊ အတူတကွဖြစ်သောကြောင့်-သဟဇာတ ကမ္မပစ္စည်းလည်းမည်၏။ နောက်နောက်သောကာလဘဝတို့၌ အကျိုးဝိပါက်ကိုဖြစ်စေနိုင်သောကြောင့်- နာနက္ခဏိက ကမ္မပစ္စည်းလည်းမည်၏။ ။

ဝိပါက်စိတ်, ကြိယာစိတ်တို့၌ ပါရှိသော စေတနာကား၊ အတူတကွသာဖြစ်နိုင်၍၊သဟဇာတကမ္မပစ္စည်းသာမည်၏၊ ဝိပါက်စိတ်ကား၊ဘဝင်စိတ်မျှသာဖြစ်၍ အားထုတ်မှုကိစ္စကို မပြုနိုင်၊ ကြိယာ စိတ်သည်လည်း၊ အာသဝေါကင်းစင်မှုကြောင့်၊ နောင်ဘဝသစ်၌ အကျိုးကို ဖြစ်စေတတ်သော ကုသိုလ် စသည်ဖြစ်ဘို့ရန် အားထုတ်မှုကိစ္စ မရှိခြင်းကြောင့်-နာနက္ခဏိက ကမ္မပစ္စည်းမဖြစ်နိုင်တော့ပေ။

---

## နာနက္ခဏိက-အဓိပ္ပါယ်။

**အတီတေ နာနာခဏေ သိဒ္ဓါတိ နာနက္ခဏိကာ။**

**အတီတေ၊ အတိတ်ဖြစ်သော။ နာနာခဏေ၊ အထူးထူးသောခဏ၌။ သိဒ္ဓါ၊ ပြီးစီးသောစေတနာတည်း။ ဣတိ၊ကြောင့်။ နာနက္ခဏိကာ၊နာနက္ခဏိက- မည်၏။** ။ဤတဒ္ဓိတ်ဝိဂြိုဟ်အရ.... မိမိ၏ အကျိုးဖြစ်မြောက်

အောင်မြင်သောကာလမှ၊အသိအခြားအတိတ်ဖြစ်သောအသူးသူးသော ခဏ၌၊ အားထုတ်ပြီးစီးခဲ့ပြီးသော လောကီ, လောကုတ္တရာ ကုသိုလ်, အကုသိုလ်စေတနာ ၃၃-ပါးသည် နာနက္ခဏိက ကမ္မ ပစ္စည်းမည်၏-ဟူလို။

ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနက္ခဏိက ကမ္မပစ္စယေနာတိ အတ္ထော။ ။ပဋ္ဌာန်း-အဋ္ဌကထာ၊ ။(၃၁၇)။

ထိုကုသိုလ်, အကုသိုလ်ကံသည်၊ မိမိဖြစ်ဆဲခဏ၌ အကျိုးမပေး။ အကယ်၍၊ မိမိဖြစ်ဆဲခဏ၌ အကျိုးပေးငြားအံ့၊ တစုံတယောက်သော သူသည်၊ နတ်ပြည်သို့ ရောက်စေတတ်သော ကုသိုလ်ကံကိုပြု၏၊ ထို ကုသိုလ်ကံ၏ အာနုဘော်ကြောင့် ထိုကံပြုသောခဏ၌သာ နတ်သား ဖြစ်ခဲ့ရာ၏။ အကြင်ခဏ၌ ထိုကံကိုပြုအပ်၏။ ထိုကံပြုသောခဏမှတပါး သောခဏ၌ ချုပ်ပြီးဖြစ်၍၊ရင်းကံသည် မရှိသော်လည်း သက်သက်ပြုအပ် ပြီးသည်၏အဖြစ်ကြောင့်သာလျှင်၊မျက်မှောက်ပစ္စုပ္ပန်ဘဝ၌၎င်း,အခြားမဲ့ ဖြစ်သော ဒုတိယဘဝ၌၎င်း, တတိယစသော ဘဝအဆက်ဆက်၌၎င်း, ကံမှကြွင်းသော အကြောင်းတို့နှင့် ပေါင်းဆုံမိသည်ရှိသော်၊ အကျိုးကို ဖြစ်စေတတ်၏။ဥပမာဆိုသော်-ချုပ်ကင်းပြီးသော ရှေးကာလ၌ သင်ကြား တတ်မြောက်ပြီးသော အတတ်ပညာ အစရှိသည်သည်၊ နောက်အခါ အတတ်ပညာစသည်ကို သင်ကြားခြင်းစသော ကြိယာအား ကျေးဇူး ပြုသကဲ့သို့တည်း။ထို့ကြောင့် နာနက္ခဏိကကမ္မပစ္စည်းမည်၏-ဟုမှတ်။

ကုသလာကုသလဉှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ။ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ။ယသ္မိံ ပန ခဏေ တံ ကတံ တတော အညသ္မိံခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကတတ္တာယေဝ ဒိဋ္ဌေဝဓမ္မေ ဥပပဇ္ဇေဝါ အပရေဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ။ နိရုဒ္ဓါပိ ပုရိမသိဒ္ဓါဒိကြိယာဝိယ ကာလန္တရေ ပစ္ဆိမသိဒ္ဓါဒိကြိယာယ၊တသ္မာ ပန နာနက္ခဏိကကမ္မပစ္စယော တိ ဝုစ္စတိ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၁၇)။

ထိုနာနက္ခတ္တိကကံဟူသည်၊ အတိတ်ကံဖြစ်၍ ချုပ်ခဲ့ပြီးပြီ ဖြစ်သဖြင့် အကျိုးကိုဖြစ်စေသော ခဏ,အကျိုးပေးသောကာလ၌၊ ထင်ရှားမရှိပါဘဲလျက်၊ အဘယ်သို့လျှင် အကျိုးပေးနိုင်ပါသနည်း-ဟူမူ။ ။ဤအကျိုးပေးသောအရာ၌၊ အကြောင်းတရားဖြစ်သော ကံ၏ထင်ရှားရှိမှု, ထင်ရှားမရှိမှုသည် လိုရင်းမဟုတ်ပေ၊ အကယ်၍ ထင်ရှားရှိမှ-ဟုဆိုအံ့၊ ကုသိုလ်စသောကံသည်၊ ပြုဆဲခဏ၌ပင် နတ်ဖြစ်ခြင်း, ငရဲသို့လားရခြင်းစသော အကျိုးတရားသည် ဖြစ်ခဲ့ရာ၏၊ ဖြစ်လည်းမဖြစ်ပေ။ ထင်ရှားမရှိမှ အကျိုးပေးသည်-ဟုဆိုပြားအံ့၊ ကုသိုလ်စသော ကံ၏ရှေ့၌ရင်း,နောက်၌ရင်း အမြဲအကျိုးကို ပေးခဲ့ရာ၏။ ဤသို့ပေးရိုးလည်းမရှိပေ၊ သို့အတွက် ထင်ရှားရှိမှု, ထင်ရှားမရှိမှုဖြင့် အကျိုးတရားပေးရာ၌ စောဒနာဘွယ်မရှိပေ။

အမှန်အားဖြင့်ဆိုသော်- "ကာမာဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ" ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ပုညာဘိသင်္ခါရ စသော ကံတရားတို့သည်၊ ပြုအပ်သည်၏အဖြစ်ကြောင့်သာလျှင်။ ဝါ- ပြုပြီးဖြစ်ခဲ့ပါမူ၊ အကျိုးတရားကို မချဖြစ်စေနိုင်ကုန်၏-ဟုမှတ်။

ဥပမာဆိုသော်.... တစုံတယောက်သောသူသည်၊ တဦးသောသူ၏အထံ၌၊ ငွေကိုသော်လည်းချေးယူ၏၊ အကြွေးအားဖြင့်သော်လည်း ကုန်ကိုဝယ်၏၊ ထိုသို့ ချေးယူခြင်းကြိယာ,အကြွေးယူခြင်းကြိယာကို ပြုပြီးသည်နှင့်တပြိုင်နက်၊ နောက်အခါ ထိုယူသောကြွေးကို မချဆပ်ခြင်းငှာ ထိုက်၏။ ငါ၏ယူသောကြွေး ယခု ထင်ရှားမရှိပြီ စသည်ဖြင့် ကြွေးယူမှုထင်ရှားရှိသည်, မရှိသည်ကိုပြောဆိုဘို့မလို။ ထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြွေးယူခြင်းကြိယာကိုပြုခဲ့သော်၊ မချနောက်အခါ၌ ဆပ်ရမည်၊ ကြွေးယူခြင်းကြိယာကို မပြုပါမူ ဆပ်ဘွယ်ရှိသကဲ့သို့တည်း။

> ကတတ္တာ ဧဝ ဟိ သင်္ခါရာ အတ္တနော ဖလဿ ပစ္စယာ ဟောန္တိ၊ န ဝိဇ္ဇမာနတ္တာ ဝါ, အဝိဇ္ဇမာနတ္တာ ဝါ။ ယထာဟ-ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတီတိအာဒိ၊ ။

ဝိဘင်း-အဋ္ဌကထာ။ ။(၁၄၃)။

ဟိ၊ ယင်းစကားချဲ့၍ပြဦးအံ့။ ကတတ္တာဝေ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်သာလျှင်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရစသော ကံတရားတို့သည်။ အတ္တနော၊ မိမိ၏။ ဖလဿ၊ အကျိုးတရားအား။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝိဇ္ဇမာနတ္တာဝါ၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်ရင်း။ အဝိဇ္ဇမာနတ္တာဝါ၊ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်ရင်း။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ မယာ၊ ငါသည်။ ဝုတ္တဿ၊ ဆိုအပ်ပြီးသောစကား၏။ သာဓကံ၊ သက်သေဖြစ်သော။ ယထာကိံ ဝစနံ၊ အဘယ်သို့သောစကားကို။ ဘဂဝါ၊ သည်။ အာဟ၊ ဟောတော်မူပါသနည်းဟူမူ။ ကာမာဝစရဿ။ ပ။ ဥပ္ပန္နံ ဟောတိတိအာဒိံ၊ ကို။ အာဟ၊ ပြီ။

**ဆောင်ပုဒ်။**

ပြုအပ်ပြီးမှု၊ ကျိုးပေးဟူ၊ မှတ်ယူ-နာနက်ကံ။

---

## သဟဇာတ-ကမ္မပစ္စည်း-သုံးချက်ခု။

ကမ္မပစ္စည်းသည်၊ သဟဇာတကမ္မ, နာနက္ခဏိကကမ္မ, အားဖြင့်-၂ ပါးအပြားရှိ၏။ ထိုတွင် သဟဇာတကမ္မ၏သုံးချက်ရကား။

၁။ ။စိတ်တခု ယုတ်ကိုးဆယ်၌ရှိသော စေတနာ တခုယုတ်ကိုးဆယ်သည်၊ သဟဇာတ ကမ္မပစ္စည်း တပ်သော တရားမည်၏။

၂။ ။စိတ်တခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက်ဧကပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည်၊ သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့မည်ကုန်၏။

၃။ ။စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာ တခုယုတ်ကိုးဆယ်၊ ဗာဟိရရုပ်၊ ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စနီကဖြစ်သော တရားတို့မည်ကုန်၏။

## အဝယဝဉ္ဇ-အနိပ္ပါယ်။

ဤ၌ သဟာဇာတကမ္မပစ္စည်းဟူသည်၊ သဟာဇာတပစ္စည်းသဘောနှင့် တူ၏၊ ပစ္စယ်းတရားကား၊ စေတနာစေတသိက် တပါးတည်းသာဖြစ်၏။ သမ္ပယုတ်ဖြစ်သော စိတ်, စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား အတူတကွ ဖြစ်လျက် ကမ္မသတ္တိဖြင့် ကျေးဇူး ပြုမှုကြောင့်-သဟာဇာတကမ္မ-ဟုဆိုရ၏။

ကျေးဇူးပြုပုံအမြွက်ကား....တရံတခုသော ဘုရားစသော အာရုံကို ဖူးမြင်ရ၍၊ ကာမာဝစရကုသိုလ်စိတ်ဖြစ်သောအခါ၊ ၎င်းကုသိုလ်စိတ်နှင့် အတူတကွ ဖြစ်ပေါ်လာသော စေတသိက် ၃၈-ပါးအနက်၊ စေတနာ စေတသိက်သည်၊ ကုသိုလ်စိတ်နှင့် ကြွင်းသော စေတသိက် ၃၇-ပါး, ကုသိုလ်စိတ်ဖြစ်သည်နှင့် တပြိုင်နက်ဖြစ်ပေါ်လာသော စိတ္တဇရုပ်တို့အား ကုသိုလ်ဖြစ်မှုကို အားပေးကာ,တိုက်တွန်းစေ့ဆော်ကာ, ကမ္မသတ္တိဖြင့် ကျေးဇူးပြုလေ၏။

ကမ္မဇရုပ်ကား၊ ပဋိသန္ဓေ အခါကိုရည်၍ ဆိုသော စကားဖြစ်၏။ ပဋိသန္ဓေအခါ၌ကား၊ ပဋိသန္ဓေစိတ်နှင့် အတူတကွ ဖြစ်ပေါ်လာသော စေတနာသည် မိမိနှင့်သဟာဇာတဖြစ်သော ပဋိသန္ဓေစိတ်, စေတသိက်, ကမ္မဇရုပ်တို့အား ကမ္မသတ္တိဖြင့် ကျေးဇူးပြုလေ၏။ ။(ကြွင်းနည်းတူသိ)၊

## အဘိဇ္ဈာစသည်ကံမထိုက်ပုံ။

အဘိဇ္ဈာစသော တရားတို့သည်၊အကျိုးကိုဖြစ်စေတတ်သော ဝိပါက ဓမ္မမဟုတ်ပါလော၊ထိုသို့ဝိပါကဓမ္မဖြစ်ပါက၊ အဘယ့်ကြောင့် ကမ္မအရ မကောက်ပါသနည်း-ဟူမူ၊ စေတနာကင်းသော အဘိဇ္ဈာစသော တရား တို့သည်၊အကျိုးတရားကို မဖြစ်စေနိုင်၊အကျိုးကိုဖြစ်စေနိုင်သော ဝိပါက ဓမ္မသဘောမရှိ။ထို့ကြောင့် အဘိဇ္ဈာစသောတရားတို့ကို မကောက်ရပါ သတည်း။

ကမ္မန္တိ စ စေတနာကမ္မမေဝ အဓိပ္ပေတံ၊န ဟိ စေတနာသမ္ပယုတ္တံ ကမ္မံ အဘိဇ္ဈာဒိကမ္မပစ္စယော ဟောတိ။သတိပိ ဝိပါကဓမ္မဘာဝေ စေတနာဝဇ္ဇာနံ အတံသဘာဝတ္တာ။ ။
မဟာဋီကာ။ ။(၂၃၅)၊

စ၊ဆက်။ စေ ဘနာကမ္မမေဝ၊ စေတနာကံကိုသာလျှင်။ ကမ္မန္တိ၊ ကံ-ဟူ၍။ အဓိပ္ပေတံ၊အလိုရှိအပ်၏။ ဟိ၊ ဗျာဘိရိက်ကိုဆိုဦးအံ့။ အဘိဇ္ဈာဒိ၊ အဘိဇ္ဈာအစ ရှိသော၊ စေတနာသမ္ပယုတ္တံ၊ စေတနာနှင့်ယှဉ်သော၊ ကမ္မံ၊ ကံသည်။ ကမ္မပစ္စယော၊ကမ္မပစ္စည်းတပ်သည်။နဟောတိ၊မဖြစ်၊ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဝိပါကဓမ္မဘာဝေ၊ အကျိုးကိုပေးခြင်း သဘောရှိသည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ စေတနာဝဇ္ဇာနံ၊ စေတနာသည် ကြဉ်အပ်ကုန်သော အဘိဇ္ဈာစသော သမ္ပယုတ်တရား တို့၏။ အတံသဘာဝတ္တာ၊ ထိုကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းသဘောမရှိ သည်၏ အဖြစ်ကြောင့်တည်း။ ။(ဤကား-မဟာဋီကာအနက်)။

---

နာနက္ခဏိကကမ္မပစ္စည်း-သုံးချက်ခု။

၁။ ။အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်-စေတနာ ၃၃-ခုတို့သည်၊ နာနက္ခဏိကကမ္မပစ္စည်းတပ်သောတရားမည်ကုန်၏။

၂။ ။ဝိပါက်ဆတ္တိံသ၊ စေတသိက်အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

၃။ ။ကုသိုလ်ဧကဝီသ၊အကုသိုလ်ဒွါဒသ၊ကြိယာဝီသ၊စေတသိက် ဒွေပညာသ၊စိတ္တဇရုပ်။ဗာဟိရရုပ်၊အာဟာရဇရုပ်၊ဥတုဇရုပ်။ ဤတရားတို့သည်၊ နာနက္ခဏိက ကမ္မပစ္စည်း၏ ပစ္စနိက်ဖြစ် သော တရားတို့မည်ကုန်၏။

---

နာနက္ခဏိကကံ၏-ကျေးဇူးပြုပုံ။

ထိုနာနက္ခဏိကဖြစ်သော အတိတ်စေဘနာသည်၊ ချုပ်လေပြီးဖြစ်၍၊ ထင်ရှားပင်မရှိလင့်ကစား၊ မိမိဖြစ်ရာ စိတ်သန္တာန်၌ နောင်အကြောင်း ပြည့်စုံသောအခါ၊ထိုက်သင့်လျော်သောအကျိုးတရားကိုဖြစ်စေရန်မျိုးစေ့ ကဲ့ထားသကဲ့သို့ဖြစ်၏။ထိုမျိုးထားသောသတ္တိရှိသောကြောင့်၊အကြောင်း ပြည့်စုံသောအခါ အကျိုးတို့သည်၊ ပေါ်ပေါက်၍ လာနိုင်ကြကုန်၏။ ထို

သဟဇာတထုံးသည်၊ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားမရှိသော်လည်း၊ အနုသယ ဓာတ်ကဲ့သို့၊ ထင်ရှားရှိသည့်သာလျှင် ဖြစ်၏။ အတိတ်ဖြစ်သော ထိုသဟဇာတ ထုံးကို နာနက္ခဏိက ကမ္မပစ္စည်းဟုဆိုရပေသတည်း၊ ထိုနာနက္ခဏိက ကမ္မပစ္စည်းသည်၊ ရင်းကံအားလျော်စွာ၊ ဒုဂ္ဂတိပဋိသန္ဓေဝိပါက်၊ ကမ္မဇရုပ်၊ သုဂတိပဋိသန္ဓေ၊ ကမ္မဇရုပ်တို့ကို ဖြစ်စေ၏-ဟုမှတ်။

တေန ဟိ သာ ဥပ္ပန္နကြိယတာဝိသိဋ္ဌေ သန္တာနေ သေသပစ္စယ သမာဂမေ ပဝတ္တမာနာနံ ဝိပါကကဋတ္တာရူပါနံ တေနေဝ သန္တာန ဝိသေသေန ကြိယဘာဝေန ဥပကာရိကာ ဟောတိ။ ။

မဟာဋီကာ။ ။(၂၃၅)။

ဟိ၊ မှန်၏၊ တေန၊ ထိုစိတ္တကြိယာသည့်စိတ္တပ္ပယောဂမည်သည်၏အဖြစ် ကြောင့်။ သာ၊ ထိုစိတ္တပ္ပယောဂ-ဟုဆိုအပ်သော စေတနာသည်။ ဥပ္ပန္န ကြိယတာဝိသိဋ္ဌေ၊ ဖြစ်သောကြိယာရှိသည်၏ အဖြစ်ဖြင့် အထူးပြုအပ် သော။ ဝါ၊ ထူးသည်၏အဖြစ်သို့ ရောက်စေအပ်သော။ သန္တာနေ၊ စိတ်၏ အစဉ်၌။ သေသပစ္စယသမာဂမေ၊ ကမ္မပစ္စည်းမှကြွင်းသော အာရမ္မဏ, သဟဇာတ-အစရှိသောပစ္စည်းတို့၏ အညီအညွတ် ရဝေးခြင်းကြောင့်။ ဝါ၊ သည်၊ သုတိ၊ ရှိသော်။ ပဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ ဝိပါကကဋတ္တာရူပါ နဉ္စ၊ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ, ကမ္မဇရုပ်တို့အားလည်း။ သန္တာနဝိသေ သေန၊ သန္တာန်ကို အထူး ပြုဘတ်သော။ တေနေဝ ကြိယာဘာဝေန၊ ထိုစိတ်၏ ပြုပြင်ခြင်းအမှုအရာ ဗျာပါရ၏အဖြစ်ဖြင့်သာလျှင်။ ဝါ၊ စေ့ဆော် အားထုတ်ခြင်း အမှုအရာဗျာပါရ၏ အဖြစ်ဖြင့်သာလျှင်။ ဥပကာရိကာ၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ ။(ဤကား၊ မဟာဋီကာအနက်)။

---

ဝိပါကပစ္စယော-အဘွင့်။

ဝိပစ္စတိ ဝိပါကဘာဝေန ပဝတ္တတီတိ ဝိပါကော။

ယော၊ အကြင်ပစ္စည်းတရားသည်။ ဝိပါကဘာဝေန၊ ရင့်ကျက်သည်၏ အဖြစ်ဖြင့်၊ (သဒ္ဒတ္ထ)၊ ဝါ၊ ငြိမ်းသေည်၏အဖြစ်ဖြင့်။ (ဘာဝတ္ထ)၊ ဝါ၊ အကျိုး၏ အဖြစ်ဖြင့် (အဓိပ္ပါယတ္ထ) ဝိပစ္စတိ-ပဝတ္တတိ၊ ဖြစ်ဘတ်၏၊ ဣတိ၊ ကြောင့်။ သော၊ သည်။ ဝိပါကော၊ ဝိပါက-ပစ္စည်းမည်၏။

အဓိပ္ပါယ်ကား....လောက၌ အလုံးစုံသော ပွင့်မျိုး,သီးမျိုး အပေါင်းတို့သည်၊ကောင်းစွာမှည့်ချင့်သည်၏ အဖြစ်သို့ ရောက်သောအခါ၊ထိုဒန်းပွင့်,သစ်သီးတို့၌ ရှိသော ရင့်ကျက်စေတတ်သော ဓာတ်အရှိန်တို့သည်၊ ကုန်ခန်းခြင်းသို့ရောက်ကုန်၏။ ငြိမ်းဧခြင်းသို့ရောက်ကုန်၏။ ထိုသို့ အစွမ်းသတ္တိမရှိ၊အားထုတ်ခြင်းဗျာပါရအရှိန်မရှိ၊ငြိမ်းဧသော သဘောကိုအကျိုးတရားဝိပါက်-ဟုဆိုအပ်၏၊ထိုစကားမှန်၏။ ကုသိုလ်,အကုသိုလ်,ကြိယာတို့သည်၊ အားထုတ်ခြင်းပယောဂဗျာပါရ အစွမ်းသတ္တိရှိသော စိတ်မျိုးဖြစ်ကုန်၏။ ဝိပါက်ကား ကုသိုလ်,အကုသိုလ်တို့သည် ဖြစ်စေအပ်,လုံ့လဗျာပါရအစွမ်းဖြင့် ဖြစ်စေအပ်ပြီးသော အကျိုးတရားမျိုးဖြစ်သောကြောင့် အားထုတ်ခြင်းမရှိ၊ပကတိငြိမ်းဧသော သဘောရှိ၏။ ။ဟူလို။

နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော၊ ။

ပဋ္ဌာန်း-အဋ္ဌကထာ၊ ၊(၂၆၅)။

နိရုဿာဟသန္တဘာဝေန၊ အားထုတ်ခြင်းကင်းသည့်၏ အဖြစ်ဘည့်းဟူသော ငြိမ်သက်သည့်၏အဖြစ်ဖြင့်၊ နိရုဿာဟသန္တဘာဝါယ၊ လုံ့လဗျာပါရကင်းသည်ဟူ၍၊ဆိုအပ်ပြီးသောငြိမ်သက်သည့်၏အဖြစ်အကျိုးငှါ။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဝိပါကဓမ္မော၊ သည်။ ဝိပါကပစ္စယော၊ဝိပါကပစ္စည်းမည်၏။

နိရုဿာဟ သန္တဘာဝေနာတိ ဥဿာဟံ ဥဿာဟော၊ နတ္ထိ ဧတဿ ဥဿာဟောတိ နိရုဿာဟော၊ သော ဧဝ သန္တဘာဝေါတိ နိရုဿာဟသန္တဘာဝေါ၊တေန။ဥဿာဟောတိ စ ကြိယမယစိတ္တုပ္ပါဒဿ ပဝတ္တိ အာကာရော ဝေဒိတဗ္ဗော။ယော ဗျာပါရောတိ စ ဝုစ္စတိ၊န ဝိရိယုဿာဟော။သွာယံ ယထာ အာသဝုပ္ပါဒိတာနုသယာနံ ကြိယမယစိတ္တုပ္ပါဒေသု သာတိသယောလဗ္ဘတိ၊ န တထာ နိရောနုသယာနံ၊တတော ဧဝ တေ သန္တသဘာဝါ ဝိပါကုပ္ပါဒနဗျာပါရရဟိတာဝ ဟောန္တိ။ ကြိယမယစိတ္တုပ္ပါဒဘာဝပန သဥဿာဟော ဧဝါတိ၊ဘဝေါပိ ဝိသေသနတ္ထံ-နိရုဿာဟသန္တဘာဝေနာတိ ဝုတ္တံ။ ။အနုဋီကာ၊ ။(၁၈၁)။

နိရုဿာဟသန္တဘာဝေနာတိ၊ဟူသည်ကား။ဥဿာဟနံ၊အားထုတ်ခြင်း။
ဥဿာဟော၊အားထုတ်ခြင်း၊ တေသ၊ထိုပြိမ်သက်သည့်၏အဖြစ်အား။ဝါ၊
ငြိမ်သက်သောသဘောအား။ဥဿာဟော၊ အားထုတ်ခြင်းသည်။နတ္ထိ၊မရှိ။
ဣတိတသ္မာ၊ထိုသို့အားထုတ်ခြင်းမရှိသောသတ္တိကြောင့်။ နိရုဿာဟော၊
နိရုဿာဟမည်၏။ သောဧဝ၊ ထိုအားထုတ်ခြင်း မရှိသည့်သာလျှင် ဖြစ်
သော၊ သန္တဘာဝေါ၊ ငြိမ်သက်ချမ်းသေည်၏အဖြစ်တည်း။ဝါ၊ ငြိမ်သက်
ချမ်းသေသော သဘောတည်း။ ဣတိတသ္မာ၊ ထိုသို့အားထုတ်ခြင်းမရှိသော
ငြိမ်သက်ချမ်းသေသော သဘော၏ အဖြစ်ကြောင့်။ နိရုဿာဟ သန္တ
ဘာဝေါ၊မည်၏။တေန၊ထိုငြိမ်သက်ချမ်းသေသော အဖြစ်ဖြင့်။ဝါ၊သဘောဖြင့်။
ဥဿာဟောတိစ၊ဥဿာဟဟူသည်ကိုလည်း။ ကြိယမယစိတ္တုပ္ပါဒဿ၊
အမူအရာကြိယာဖြင့်ပြီးသော ကုသိုလ်၊အကုသိုလ်၊ကြိယာစိတ္တုပ္ပါဒ်၏။
ပဝတ္တိအာကာရော၊ ဖြစ်သောအခြင်းအရာကို။ ဝါ၊ ဖြစ်သောအခြင်းအရာ
ဟူ၍။ (ဣတိသဒ္ဒါလုတ္တနိဒ္ဒိဋ္ဌ)။ ဝေဒိတဗ္ဗော၊ ၏သော၊ အကြောင်းဖြစ်သော
အခြင်းအရာကို။ ဗျာပါရောတိ၊ ကြောင့်ကြလုံ့လ၊ ဗျာပါရဟူ၍။ ဝုစ္စတိ၊
ဆိုအပ်၏။နဝိရိယုဿာဟော၊ဝိရိယစေတသိက်တည်းဟူသောအားထုတ်
ခြင်းမဟုတ်။ ဿဝါယံ-သောအယံ၊ ထိုကြိယမယစိတ္တုပ္ပါဒ်တို့၏ဖြစ်သော
အခြင်းအရာ-ဟုဆိုအပ်သော အားထုတ်ခြင်းဥဿာဟကို။ အသမုဋ္ဌါနိ
တာနုသယာနံ၊ မပျက်ဆီးအပ်သေးသော အနုသယရှိကုန်သော သေက္ခ,
ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့၏။ ကြိယမယစိတ္တုပ္ပါဒေသု၊ ကုသိုလ်, အကုသိုလ်,
အာဝဇ္ဇန်းနှစ်-ဟုဆိုအပ်သော ကြိယမယစိတ္တုပ္ပါဒ်တို့၌။ သာတိသယော၊
အလွန်အကဲနှင့်တကွ။ လဗ္ဘတိယထာ၊ရအပ်သကဲ့သို့။ တထာ၊ထိုအတူ။
နိရာနုသယာနံ၊အနုသယကင်းကုန်သောရဟန္တာပုဂ္ဂိုလ်တို့၏။ကြိယမယ
စိတ္တုပ္ပါဒေသု၊ ကြိယာစိတ်-ဟုဆိုအပ်သော ကြိယမယစိတ္တုပ္ပါဒ်တို့၌။
သာတိသယော၊ အလွန်အကဲနှင့်တကွ။ နလဗ္ဘတိ၊မရအပ်။ တတောဧဝ၊
ထိုသို့ အလွန်အကဲမရသောကြောင့်သာလျှင်။ တေ၊ ထိုရဟန္တာတို့၏
ကြိယာစိတ်တို့သည်။သန္တသဘာဝါ၊ငြိမ်သက်ချမ်းသေသောသဘောရှိကုန်
သည်ဖြစ်၍။ ဝိပါကုပ္ပါဒနဗျာပါရရဟိတာဝ၊ ပဋိသန္ဓေစသောအကျိုးကို
ဖြစ်စေခြင်း ဗျာပါရကင်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နနု၊
ထိုသို့ အကျိုးကို ဖြစ်စေခြင်း ဗျာပါရကင်းကုန်သေးလည်း။ ကြိယမယ
စိတ္တုပ္ပါဒတာယ၊ ကြိယာဖြင့် ပြီးသော စိတ္တုပ္ပါဒ်၏ အဖြစ်ကြောင့်။

သဥဿာဟောဝေါ၊ဥဿာဟရှိသောသဥဿာဟစိတ်တို့သည်သာလျှင်။ ဟောန္တိ၊ကုန်၏၊ ဣတိတသ္မာ၊ထို့ကြောင့်။ တတော၀ိ၊ ထိုကြိယာစိတ်၏ ဥဿာဟသဘောမှလည်း။ (ပိ-သဒ္ဒါဖြင့်ကုသိုလ်,အကုသိုလ်တို့ကိုပေါင်း သည်)။ဝိသေသနတ္ထံ၊ ဝိပါက်စိတ်ကို အထူးပြုခြင်းငှာ၊ နိရုဿာဟသန္တ ဘာဝေနာတိ၊ ဟူ၍။ဝါ၊ ဟူသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

ဆိုတော်မူလိုရင်း အဓိပ္ပါယ်ကား....စိတ်တို့သည်၊ ကုသိုလ်, အ ကုသိုလ်, ကြိယာ,ဝိပါက်-ဟု ၄-မျိုးရှိရာ၊အကုသိုလ်စိတ်စေတသိက်တို့ ကား၊ အားထုတ်ခြင်း ပယောဂဗျာပါရရှိ၍၊ မငြိမ်သက်, မချေမ်းသော သဘောရှိကုန်၏။ ကုသိုလ်စိတ်,စေတသိက်တို့သည်၊ အားထုတ်ခြင်းပ ယောဂဗျာပါရရှိကုန်၍၊ငြိမ်သက်ချေမ်းသောသဘောရှိကုန်၏။ အာဝဇ္ဇန်း နွဲ၊ဝိပါက်စိတ်,စေတသိက်တို့ကား၊ အားထုတ်ခြင်း ပယောဂဗျာပါရမရှိ မူ၍၊ ငြိမ်သက်ချေမ်းသော သဘောရှိကုန်၏။ အာဝဇ္ဇန်းနွဲမှ ကြွင်းသော ကြိယာစိတ်,စေတသိက်တို့သည်ကား၊အကျိုးကိုဖြစ်စေခြင်း၌လုံ့လဗျာပါ ရ အင်းကုန်၍၊ငြိမ်သက်သောသဘောရှိကုန်၏။သို့ဖြစ်ရကား၊ ဝိပါက်စိတ် သည် အားထုတ်ခြင်း ပယောဂဗျာပါရမရှိ၊ ပကတိငြိမ်သက်ချေမ်းသော စိတ်မျိုး။ ။ဟူလို။

ထိုသို့ဗျာပါရမရှိခြင်း, ငြိမ်သက်ချေမ်းခြင်း သဘောရှိသောကြောင့် ဝိပါက်စိတ်ဖြစ်ပုံသည်၊မသိသာမထင်ရှားပေ။ ထိုစကားမှန်၏။ တည့်တည့် ပတ်လုံး အိပ်၍နေသောသူ၏ သန္တာန်၌၊ကံ,ကမ္မနိမိတ်,ဂတိနိမိတ်-တည်း ဟူသော အာရုံသုံးပါးတို့တွင်၊ တပါးပါးကိုယူ၍ ဝိပါက်စိတ်တို့သည်၊ တသွင်သွင်စီး၍နေသော မြစ်ရေအယဉ်ကဲ့သို့ ဖြစ်ကြကုန်၏။ ထိုသို့ပင် ဖြစ်ကြကုန်သော်လည်း၊ တည့်တည့်ပတ်လုံး ဖြစ်ကြကုန်သော ထိုဝိပါက်စိတ် တို့သည်၊နံနက်လင်း၍ နိုးသောအခါ၌၊တစုံတခုသိနိုင်မှတ်နိုင်သောစိတ်ကို ဖြစ်ပေါ်စေခြင်းငှာ အကြောင်းပစ္စည်းအဖြစ်သို့ မရောက်ကြကုန်။

ဒွေပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ-တည်းဟူသော ဝိပါက်စိတ် တို့သည်၊ အာရုံကိုယူတတ်သော နောက်စိတ်ဖြစ်ပေါ်ရန် အနန္တရပစ္စည်း ဖြစ်နိုင်,တပ်နိုင်၍၊ ၎င်းစိတ်တို့သည်၊ ဗျာပါရပယောဂလုံ့လ ရှိသည်-ဟု မဆိုသင့်။ ဇောအဘို့ငှာသာလျှင် အာရုံကိုယူမှု,ခံလင့်မှုစသည်ပြုကုန်၏။ ဝတ္ထုနှင့်,အာရုံတို့၏ ထိခိုက်မှုကြောင့်သာ ဖြစ်ကုန်၍၊ အာရုံ၌ ဈေးရှုဈေ

ကာမှု,အာရုံကိုခံလင့်ငံ့မှု, အာရုံကိုပုံစမ်းငံ့မှုဖြစ်သောကြောင့် သိနိုင်ခဲကုန်၏။ငြိမ်သက်ချမ်းသော သဘောရှိကုန်၏-ဟုမှတ်။

တထာ သန္တဘာဝတော စေ ဟိ ဘဝင်္ဂါဒယော ဒုဗ္ဗိညေယျာ၊ ပဋ္ဌာဒိရေ ပိ ဟိ ဇဝနပ္ပဝတ္တိယာ ရူပါဒိနံ ဂဟိတဘာဝ ဝိညာယတိ၊ အဘိနိပါတသမ္ပဋိစ္ဆန သန္တီရဏမတ္တာ ပန ဝိပါကာ ဒုဗ္ဗိညေယျာ စေဝ။ ။မဟာဋီကာ။ ။(၂၃၅)။

ဟိ၊မှန်၏။ တထာသန္တဘာဝတောစေဝ၊ ထိုသို့လုံ့လဗျာပါရကင်းသော အခြင်းအရာဖြင့် ငြိမ်သက်သည်၏ အဖြစ်ကြောင့် သာလျှင်။ဘဝင်္ဂါဒယော၊ ဘဝင်, ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ,တဒါရုံတို့သည်။ ဒုဗ္ဗိညေယျာ၊သိနိုင်ခဲကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏ ဟိ၊မှန်၏။(ယခုကာလ စာဘ္ဘဲ၌ ဟိ-မပါ)။ ပဋ္ဌာဒိရေပိ၊ ပဋ္ဌာဒိရ၌လည်း၊ဇဝနပ္ပဝတ္တိယာ၊ ဇော၏ ဖြစ်ခြင်းဖြင့်၊ဝါ၊ကြောင့်။ ဝါ၊၌ဘ၊ရူပါဒိနံ၊ရူပါရုံအစရှိသည်တို့ကို။ ဂဟိတ တာ၊ယူအပ်သည်၏အဖြစ်ကို။ဝိညာယတိ၊သိအပ်၏။ ပန၊ အထူးကား၊ဝါ၊ စင်စစ်သော်ကား။ အဘိနိပါတသမ္ပဋိစ္ဆနသန္တီရဏမတ္တာ၊ အာရုံ၌ကျရောက် ကျခြင်း, အာရုံကိုခံလင့်ခြင်း, အာရုံကိုပုံစမ်းခြင်းမျှ ဖြစ်ကုန်သော။ ဝါ၊ ဖြစ်ကုန်သောကြောင့်။ ဝိပါကာ၊ ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသောဝိပါက်စိတ်တို့သည်။ ဒုဗ္ဗိညေယျာ၊ သိနိုင်ခဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုကြောင့် ဝိပါက်စိတ်တို့သည်၊ချမ်းသောလေနှင့်တူကုန်၏။တူပုံကား.... ချမ်းသောလေသည်၊ ချမ်းသော အရိပ်၌နေသောသူအား၊ ချမ်းစေခြင်း၌ ကျေးဇူးပြုသကဲ့သို့၊ ဝိပါက်တရားသည်လည်း၊ မိမိနှင့် အတူဖြစ်ကုန်သော စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ငြိမ်သက်ချမ်းသော အဖြစ်ဖြင့် ကျေးဇူးပြု၏၊ဝါ၊ငြိမ်သက်ချမ်းစေ၏။ ။ ဟူလို။

---

## ဝိပါကပစ္စည်း-သုံးချက်ရ။

၁။ ။အချင်းချင်းအားဖြင့်၊အချင်းချင်းနာမက္ခန္ဓာ၊စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်အားဖြင့်၊ ထောက်တတ်သော ဝိပါက် ဆဲ့က္ခန္ဓသ၊

စေတသိက် အဌ္ဌတိံသ၊ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဤတရားတို့သည်၊ ဝိပါကပစ္စည်းတပ်သောတရားမည်ကုန်၏။

၂။ ။အချင်းချင်းမှ ထောက်အပ်သောဝိပါက်ဆတ္တိံသ၊စေတသိက် အဌ္ဌတိံသနာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့သည် ယထာရဟပြု အပ်သောဝိညတ်ဋ္ဌေကြဉ်သောစိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည်၊ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရား တို့မည်ကုန်၏။

၃။ ။ကုသိုလ်ဇောဝိသ၊အကုသိုလ်ဒွါဒသ၊ကြိယာဝိသ၊စေတသိက် ဒွေပညာသ၊ ထိုကုသိုလ်, အကုသိုလ်, ကြိယာနာမက္ခန္ဓာတို့ သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်။ပ၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဝိပါကပစ္စည်း၏ပစ္စနိက် ဖြစ်သောတရားတို့မည်ကုန်၏။

---

## အဝယဝဣဿ-အဓိပ္ပါယ်။

ဤဝိပါကပစ္စည်းတရားဝယ်၊ ကုသိုလ်စသော ကမ္မပစ္စည်း၏ အကျိုး ဖြစ်သော ပဋိသန္ဓေအခါ၌၊ ဝိပါက်နာမက္ခန္ဓာနှင့်ကမ္မဇရုပ် ၂-ပါးဖြစ်ပေါ် လာရာ၊ ဝိပါက်ကိုသာ ပစ္စည်းယူ၍၊ ကမ္မဇရုပ်ကိုကား၊ အဘယ့်ကြောင့် ပစ္စည်းတရား၌ မယူအပ်ပါသနည်း၊ ကံ၏အကျိုးတရားပင်ဖြစ်၍၊ ကမ္မဇ ရုပ်ကိုလည်း ကောက်ယူသင့်သည် မဟုတ်ပါလော-ဟူမူ။ ။မကောက် ယူသင့်။အကြောင်းသော်ကား၊အကြောင်းတရားဖြစ်သောကံတရားသည် နာမ်တရားဖြစ်၍ အကျိုးတရားကိုလည်းအကြောင်းတရားအားလျော်စွာ နာမ်တရားကိုသာ ကောက်သင့်သောကြောင့်တည်း။ ဥပမာ ဆိုသော်၊ သလေးမျိုးစေ့ကြောင့် ဖြစ်ပေါ်လာသော ပင်စည်, အညွှန့် စသည်နှင့် သလေးသီးဟူသောအကျိုးတရား၂-မျိုးရှိရာ၊သလေးအသီးသည်သာလျှင် မူလမျိုးစေ့နှင့်တူသောကြောင့်ႏ အကျိုးအစစ်မည်၏။မူလပင်စည်, အညွှန့် စသည်ကားမူလမျိုးစေ့နှင့်မတူသောကြောင့်အကျိုးအစစ်မမည်သကဲ့သို့၊ ထို့အတူ၊ ကုသိုလ်စသော ကံနှင့် နာမ်တရားချည်းတူသော ဝိပါက် နာမက္ခန္ဓာသည်သာလျှင်အကျိုးအစစ်မည်၏။ကမ္မဇရုပ်ကားအကျိုးအစစ် မမည်၊ ထို့ကြောင့်ပစ္စည်းတရား၌ မကောက်ချ-ဟုမှတ်။

ယသ္မာ ကမ္မသမုဋ္ဌာနာပိ ရူပါ ဝိပါကာ န ဟောန္တိ၊ တသ္မာ ဝိပါကာတိ အဝတွာ စတ္တာရောခန္ဓာတိ ဝုတ္တံ။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၁၉)။

ယောသံ ကေန္တေန ဝိပါကော ဝိပါကပစ္စယော ဟောတိ၊ တောသံ ဝသေန နယဒဿနံ ကတံ၊ ။မူလဋီကာ။ ။(၁၄၂)။

ယေရူပါ၊ အကြင်ကမ္မဇရုပ်တို့သည်။ ကမ္မသမုဋ္ဌာနာ၊ ကံကြောင့်ဖြစ်ကုန်သည်။ သမာနာပိ၊ဖြစ်ကုန်လင့်ကစား၊ ယသ္မာ၊ အကြင်ကြောင့်။ဝိပါကာ၊ အကျိုးစစ်တို့သည်။ နဟောန္တိ၊မဖြစ်ကုန်။ တသ္မာ၊ထို့ကြောင့်။ ဝိပါကာတိ၊ဝိပါကာ-ဟူ၍သာ။အဝတွာ၊မဟောမူ၍၊ စတ္တာရောခန္ဓာတိ၊ဟူ၍။ ဝုတ္တံ၊၏။ ။(ဤကား-အဋ္ဌကထာအနက်)၊

ယောဝိပါကော၊အကြင်အကျိုးတရားသည်။ယေသံ၊အကြင်ပစ္စယုပ္ပန်တရားတို့အား။ ကေန္တေန၊ မချကေန်အားဖြင့်သာလျှင်။ ဝိပါကပစ္စယော၊ ဝိပါကပစ္စည်းတပ်နိုင်သည်၊ ဟောတိ၊၏၊ တေသံ၊ ကေန္တဝိပါကပစ္စည်း တပ်နိုင်သော ထိုတရားတို့၏။ ဝသေန၊ အစွမ်းအားဖြင့်သာလျှင်။ နယဒဿနံ၊ နည်းပြမှုကို။ ကတံ၊ ပြုတော်မူအပ်၏။ ။(ဤကား-မူလဋီကာအနက်)။

ပစ္စယုပ္ပန်၌၊ဝိညတ်ဒွေကို ကြည့်ရသည်မှာ ဝိပါက်စိတ်ကြောင့် ဝိညတ်ရုပ်မဖြစ် သောကြောင့် တည်း။ ။ပစ္စနိက်၌၊ ပဋိသန္ဓေကမ္မဇရုပ်ကို အာဘယ့်ကြောင့် မထုတ်ပါသနည်း-ဟူမူ။ ။ပဋိသန္ဓေစိတ်သည် ဝိပါက်စိတ်ကေန်ဖြစ်၍၊ပဋိသန္ဓေကမ္မဇရုပ်ကားဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားဖြစ်သောကြောင့် ပစ္စနိက်၌ မထုတ်ရလေသတည်း။

ဆောင်ပုဒ်။

က။ ။အကျိုးကေန်၊မဖြစ်မှန်ကြောင့်၊ကမ္မဇံရုပ်၊ပစ္စည်းပုဒ်၊ ပယ်ထုတ်-ဝိပါက်ဝယ်၊

ခ ။ ။ဝိပါက်-စိတ်-စေ၊ဝိညတ် ဒွေ၊ဖြစ်လေ ကြောင်းမရှိ။

ဂ ။ ။ထိုကြောင့်ရကား၊ကြည့်ပယ်ထား၊မှတ်သား-ပစ္စယုပ်၊

## အာဟာရပစ္စယော အခွင့်။

အာဟာရန္တိတိ အာဟာရာ။ ။

ယေ၊အကြင်တရားတို့သည်။ အာဟာရန္တိ၊ဆောင်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ တေ၊ထိုတရားတို့သည်။ အာဟာရာ၊အာဟာရမည်ကုန်၏။ ။ ဝိဂြိုဟ်အရ.... ဩဇာလျှင် ၅စ်ခု မြောက်သောရုပ်, ဝေဒနာ စသော စေတသိက်စသည်ကို ဆောင်တတ်သောကြောင့်-အာဟာရမည်၏။ ။ (ဤအလို-အာဟာရတရားလေးပါးလုံးကိုရ၏)။

အာဟာရိယန္တိ-အဇ္ဈောဟာရိယန္တိတိ အာဟာရာ။

အာဟာရိယန္တိ- အဇ္ဈောဟာရိယန္တိ၊ မြိုအပ်ကုန်၏။ဣတိတသ္မာ၊ဤသို့ မြိုအပ်သော သတ္တိကြောင့်။ အာဟာရာ၊ အာဟာရ မည်ကုန်၏။ ။ ဝိဂြိုဟ်အရ....စားမြိုအပ်သော ဩဇာလျှင် ၅စ်ခုမြောက်သော ရုပ်သည် အာဟာရမည်၏။ ။(ဤအလို-ကဗဠီကာရာဟာရကိုသာရ၏)။

အာဟာရန္တိ-ဥပတ္ထမ္ဘန္တီတိ ဝါ အာဟာရာ။

ဝါ၊ ကား။ ယေဓမ္မာ၊ တို့သည်။ အာဟာရန္တိ-ဥပတ္ထမ္ဘေန္တိ၊ ထောက်ပံ့ တတ်ကုန်၏။ ဣတိတသ္မာ၊ကြောင့်။ တေဓမ္မာ၊တို့သည်။ အာဟာရာ၊ အာဟာရ-မည်ကုန်၏။ ။(ဤအလို-အာဟာရတရားလေးပါးလုံးကိုရ၏)။

အဓိပ္ပါယ်ကား.... ပစ္စယုပ္ပန်ဖြစ်ကုန်သော ရုပ်, နာမ်တရားတို့အား သင့်လျော်သော အားကိုပေးခြင်း-ဟုဆိုအပ်သော ထောက်ပံ့ခိုင်စေတတ် သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ် ကုန်သော လေးပါး ကုန်သော အာဟာရတရားတို့သည်-အာဟာရပစ္စည်းမည်ကုန်၏။ ။ဟူလို။

> ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေန ဥပကာရကာ စတ္တာရော အာဟာရာ
> အာဟာရပစ္စယော။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၆၅)။

ရူပါရူပါနံ၊ရုပ်,နာမ်တရားတို့အား။ ဥပတ္ထမ္ဘကတ္တေန၊ထောက်ပံ့ခိုင်စေ တတ်သည်၏အဖြစ်ဖြင့်။ ဥပကာရကာ၊ ကုန်သော။ စတ္တာရော၊ လေးပါး ကုန်သော။ အာဟာရာ၊ကဗဠီကာရ,ဖဿ,စေတနာ,ဝိညာဏ်-ဟုဆိုအပ် ကုန်သော အာဟာရတို့သည်။ အာဟာရပစ္စယော၊ အာဟာရ ပစ္စည်း မည်သည်။ဟောန္တိ၊ကုန်၏။

**ဥပမာဒိုသော...**နောက်မှထောက်ကန်အပ်သောတိုင်သစ်သည်၊ အိမ်ဟောင်းအား မြဲမြဲခိုင်ခံ့စေခြင်းငှာ ထောက်ပံ့သည့်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ထောက်ပံ့သည့်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောတရားသည်-အာဟာရပစ္စည်းမည်၏။

အာဟာရပစ္စည်းသည်၊ ဇနကသတ္တိ,ဥပတ္ထမ္ဘကသတ္တိနှစ်ပါးရှိပါလျက်၊ အဘယ့်ကြောင့် ဥပတ္ထမ္ဘကကိုသာ မိန့်ဆိုတော်မူအပ်ပါသနည်းဟူမူ။ ။ ဇနကသတ္တိ, ဥပတ္ထမ္ဘက သတ္တိ ၂-ပါးရှိသည့်တွင် ဇနကသတ္တိထက် ဥပတ္ထမ္ဘကသတ္တိသာ အာဟာရပစ္စည်း၌ လိုရင်းပဓာနဖြစ်သောကြောင့် ဥပတ္ထမ္ဘကကိုသာ မိန့်ဆိုတော်မူရပေသတည်း။ အာဟာရတရား ၄-ပါးတို့တွင် ဖဿ,စေတနာ,ဝိညာဏ်-ဟုဆိုအပ်သော နာမ်အာဟာရတရားသုံးပါးတို့သည်၊ အတူဘက်ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေသော ဇနကသတ္တိဖြင့်ရင်း၊ ထောက်ပံ့သော ဥပတ္ထမ္ဘက သတ္တိဖြင့်ရင်း ကျေးဇူးပြုကုန်၏။ အထူးအားဖြင့် နာမ်အာဟာရသည်၊ သဟဇာတ်ဖြစ်သော စိတ္တဇရုပ်အား ဇနက, ဥပတ္ထမ္ဘက-၂-ပါးဖြင့် ကျေးဇူးပြု၏။ကြွင်းသော တိဇရုပ်အား ဥပတ္ထမ္ဘကသတ္တိဖြင့်သာကျေးဇူးပြု၏-ဟုသိ။ထိုတွင် ဖဿသည်၊ ဝေဒနာသုံးပါးအား ဆိုအပ်ပြီးသော သတ္တိ ၂-ပါးဖြင့်ကျေးဇူးပြု၏၊ စေတနာသည်၊ ဝိညာဏ်အား ဆိုအပ်ပြီးသော သတ္တိ ၂-ပါးဖြင့် ကျေးဇူးပြု၏။ဝိညာဏ်သည်၊ ရုပ်အား ဆိုအပ်ပြီးသော သတ္တိ ၂-ပါးဖြင့် ကျေးဇူးပြု၏။

ကဗဠီကာရာဟာရသည်ကား၊ဤ၌စတုသမုဋ္ဌာနိကရုပ်အားဥပတ္ထမ္ဘက သတ္တိဖြင့်သာ ကျေးဇူးပြု၏၊ဤသို့လျှင်အာဟာရပစ္စည်းသည်ဇနကသတ္တိဖြင့် ကျေးဇူးပြုသော်လည်း၊မိမိသည်ဖြစ်စေအပ်သော ပစ္စယုပ္ပန်စိတ်စေ၌သန္တာန်စသည်ကို မပြတ်စေခြင်း, တည်စေခြင်း၏ အထောက်အပံ့ပင်ဖြစ်၏။အထောက်အပံ့ကို မဖြစ်စေနိုင်သော ဇနကသတ္တိမရှိ။ထို့ကြောင့် ဥပတ္ထမ္ဘက အမှုသည်သာ ပြဓာန်း၏၊ ထောက်ပံ့မှုဟူသည်မှာ၊ အခြားသောပစ္စည်းတရားတို့သည်၊ဖြစ်စေအပ်သောပစ္စယုပ္ပန်တရားတို့ကို အားအဆင့်ပေးခြင်းပင်တည်း။

ဥပတ္ထမ္ဘကတ္တဉ္စ သတိပိ ဇနကတ္တေ အရူပီနံ အာဟာရာနံ အာဟာရဇရူပသမုဋ္ဌာပကရူပါဟာရဿ စ ဟောတိ။ အသတိ ပိ စတု

သမုဋ္ဌာနိက ရူပုပတ္ထမ္ဘကရူပါဟာရဿ။ အသတိ ပန ဥပတ္ထမ္ဘ
ကတ္တေ အာဟာရာနံ ဇနကတ္တံ နတ္ထီတိ ဥပတ္ထမ္ဘကတ္တံ ပဓာနံ။
ဇနယမာနောပိ ဟိ အာဟာရော အဝိစ္ဆေဒဝသေန ဥပတ္ထမ္ဘေန္တော
ဇနေတိ။ ။မူလဋီကာ-မဟာဋီကာ။ ။(၂၃၅)။

ဟိ၊ ယင်းစကား၊ ထင်ရှား စေဦးအံ့။ (ဟိ-သဒ္ဒါတပ္ပါကဋီကရဏ)။ အရူပီနံ၊နာမ်ဖြစ်ကုန်သော။ အာဟာရာနံ၊ ဖဿ,မနောသဉ္စေတနာ, ဝိညာဏာဟာရတို့၏ ၎င်း။ အာဟာရဇ ရူပသမုဋ္ဌာပက ရူပါဟာရဿစ၊ အာဟာရဇရုပ်ကို ဖြစ်စေတတ်သော ကဗဠီကာရ အာဟာရ-ဟူသော ရုပ်အာဟာရ၏၎င်း။ ဇနကတ္တေ၊မိမိမိမိ၏ ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိလျက်လည်း။ ဥပတ္ထမ္ဘကတ္တံ၊ မိမိမိမိ၏ပစ္စယုပ္ပန်တရားတို့ကိုထောက်ပံ့တတ်သည်၏အဖြစ်သည်။ဟောတိ၊ ၏။စတုသမုဋ္ဌာနိကရူပုပတ္ထမ္ဘကရူပါဟာရဿ၊ကံစသော လေးပါးသော ဖြစ်ကြောင်းရှိသော ကမ္မဇရုပ်အစရှိသည်ကို ထောက်ပံ့တတ်သော စတုသမုဋ္ဌာနိကဩဇာ-ဟုဆိုအပ်သော ရုပ်အာဟာရ၏။ ဇနကတ္တေ၊ သည်။ အသတိပိ၊ မရှိသော်လည်း။ ဥပတ္ထမ္ဘကတ္တံ၊သည်။ဟောတိ၊၏။ပန၊အထူးကား။အာဟာရာနံ၊ ရုပ်အာဟာရတို့၏။ ဥပတ္ထမ္ဘကတ္တေ၊ထောက်ပံ့တတ်သည်၏အဖြစ်သည်။ အသတိ၊ မရှိသော်။ဇနကတ္တံ၊ ဖြစ်စေတတ်သည်၏ အဖြစ်သည်။ နတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပတ္ထမ္ဘကတ္တံ၊ထောက်ပံ့တတ်သည်၏ အဖြစ်သည်။ ပဓာနံ၊ဇနကအဖြစ်ထက်၊ပြဓာန်းသည်။ဟောတိ၊၏။ဟိ၊မှန်၏။ အာဟာရော၊အာဟာရပစ္စည်းတပ်သော တရားသည်။ ဇနယမာနောပိ၊မိမိ၏ ပစ္စယုပ္ပန်တရားကို ဖြစ်စေသော်လည်း။ အဝိစ္ဆေဒဝသေန၊ သန္တာန်ကိုမပြတ်စေခြင်း၏ အစွမ်းဖြင့်။ ဥပတ္ထမ္ဘေန္တော၊ ထောက်ပံ့သည်ဖြစ်၍ သာလျှင်။ (ဧဝ-သဒ္ဒါ ဂမျမာန်)။ ဇနေတိ၊ပစ္စယုပ္ပန်တရားကို ဖြစ်စေ၏။

(ပညာရှင်တို့၊ဆင်ခြင်တော်မူကြရန်-သာဓကပါဌ်ထုတ်ပြလိုက်ပါသည်)။

---

## အာဟာရပစ္စည်း-သုံးချက်စု။

၁။ ။အာဟာရပစ္စယော-ဟူသောပစ္စယုဒ္ဒေသ၌၊အာဟာရပစ္စည်းသည်၊ ရုပ်အာဟာရ,နာမ် အာဟာရ အားဖြင့် ၂-ပါး ရှိ၏။

ထိုတွင်၊ကဗဠီကာရအာဟာရ-ဟုဆိုအပ်သောဆွမ်း,ခဲဘွယ်ဘောဇဉ်- အစရှိသည်၌ တည်သော ဗဟိဒ္ဓသြဇာ သည်-အာဟာရပစ္စည်းတပ်သောတရားမည်၏။

၂။ ။အာဟာရသမုဋ္ဌာနိကရုပ်သည်၊ ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်တရားမည်၏။

၃။ ။စိတ်တရ ယုတ်ကိုးဆယ်၊ စေတသိက် ငွေပညာသ၊ စိတ္တဇရုပ်။ပ။ပဝတ္တိကမ္မဇရုပ်၊ဤတရားတို့သည်၊အာဟာရပစ္စည်း၏ ပစ္စနိကတရားတို့မည်ကုန်၏။

တနည်း။ ။၁-အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက သြဇာ၊ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာ။ဤတရားတို့သည်၊ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

၂။ ။ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ-ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည်၊ ရုပ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်၏၊

၃။ ။စိတ်တရယုတ်ကိုးဆယ်၊စေတသိက်ငွေပညာသ၊ ဗာဟိရရုပ်၊ဤတရားတို့သည်၊ရုပ်အာဟာရပစ္စည်း၏ ပစ္စနိကတရားတို့မည်ကုန်၏။

## နာမ်အာဟာရပစ္စည်း။

၁။ ။ဖဿ, စေတနာ, ဝိညာဏ်-ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါးတို့သည်၊ နာမ်အာဟာရ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

၂။ ။စိတ်တရယုတ်ကိုးဆယ်၊ စေတသိက်ငွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ဤတရားတို့သည်၊ နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

၃။ ။ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊နာမ် အာဟာရပစ္စည်း၏ ပစ္စနိကတရားတို့မည်ကုန်၏။

## အဝယဝဍ္ဍ-အနိပ္ပါယ်။

ရုပ်အာဟာရပစ္စည်း၏နောက်နည်းပစ္စယုပ္ပန်၌၊ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်-ဆိုရာ၌၊ အဓိပ္ပါယ်ကား... စက္ခုဒသက ကလာပ်၌ရှိသော ဩဇာသည်၊ စက္ခုဒသကကလာပ်တူ ကမ္မဇရုပ် ၉-ခုအားငင်း၊ကလာပ်ပြားဖြစ်သော ကြွင်းသော သောတဒသကကလာပ်စသော ၅၈-စည်း၊ စိတ္တဇကလာပ်ခြောက်စည်း၊ဥတုဇကလာပ်လေးစည်း၊အာဟာရဇကလာပ် ၂-စည်းတို့အားငင်း၊ အာဟာရပစ္စည်းတပ်၏၊ထိုသို့တပ်သောအခိုက်၌၊ စက္ခုဒသကကလာပ်၌ရှိသော ကလာပ်တူဩဇာကို ပစ္စည်းအရာ၌ဖြစ်၍၊ပစ္စယုပ္ပန် မဖြစ်သောကြောင့် ပစ္စယုပ္ပန်အရာ၌ကြဉ်ရသည်။ သောတဒသက ကလာပ်စသည်၌ ပါရှိသောဩဇာကား ကလာပ်မတူကွဲပြားသောကြောင့် အကျိုးတရားဖြစ်နိုင်၍၊ပစ္စယုပ္ပန်၌ပါရသည်၊မကြဉ်ရပေ။

ရင်းပစ္စနိက်၌၊ဗာဟိရရုပ်တပါးတည်းသာ အဘယ့်ကြောင့် ပစ္စနိက်ဖြစ်ပါသနည်းဟူမူ။ ။ထော,တောင်,ရေ,မြေ, သစ်ပင်-စသော ဗာဟိရဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇရုပ်ကား ဥတု,ဂရု,မြေဓာတ်အားလျော်စွာသာဖြစ်ပေါ်လာသော ရုပ်တရားဖြစ်၏။ ကဗဠီကာရ "အာဟာရဩဇာကြောင့် ဖြစ်ပေါ်လာသော ရုပ်တရားမဟုတ်သောကြောင့် အကျိုးဘရားပစ္စယုပ္ပန်မဖြစ်နိုင်၍၊ပစ္စနိက်ထုတ်ရသည်-ဟုမှတ်။

ဤသို့ဖြစ်ပါက၊ ရင်းဗာဟိရရုပ်၌လည်း "ဝဏ္ဏောဂန္ဓောဩဇာ"အရ၊ ဩဇာဓာတ် ပါရှိသည် မဟုတ်ပါလော။ ပါရှိပါက၊ ရင်းဩဇာသည်-အာဟာရပစ္စည်းတပ်နိုင်သည်မဟုတ်ပါလော-ဟူမူ။ ။ရင်းဗဟိဒ္ဓသစ်ပင်စသည်၌ရှိသော ဩဇာသည်၊ဩဇာသာမည်၏။ အလုပ်အလွေ့မပြုအပ်သဖြင့် ကဗဠီကာရအာဟာရ မမည်သောကြောင့် အာဟာရ ပစ္စည်းမတပ်နိုင်-ဟုမှတ်။ထိုကြောင့် "ကဗဠီကာရော အာဟာရော"ဟူသာ ပါဠိတော်၌ လာရှိပေသတည်း။

> ကဗဠီကာရော အာဟာရောတိ စတုသန္တတိ သမုဋ္ဌာနေ ရူပေ ဩဇာ အာဟာရော နာမ၊ သော ပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝ အာဟာရကိစ္စံ ကရောတိ၊ န ဗဟိ ဋ္ဌိတော။ တသ္မာ အာဟာရောတိ အဝတွာ-ကဗဠီကာရော အာဟာရောတိ ဝုတ္တံ။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၂၀)။

ကဗဠီကာရောအာဟာရောတိ၊ဟူသည်ကား။စတုသန္တတိသမုဋ္ဌာနေ၊ လေးပါးသော အစဉ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပေ၊ရုပ်၌။ ဩဇာ၊ ဩဇာ ဓာတ်သည်၊ အာဟာရောနာမ၊အာဟာရမည်၏။ သောပန၊ထိုဩဇာ-ဟု ဆိုအပ်သော အာဟာရသည်ကား။ ကဗဠံ၊အလုပ်အလွေ့ကို။ ကရိတွာ၊ ပြု၍ အဇ္ဈောဟရိတောဝ၊မျိုအပ်သော်သာလျှင်။အာဟာရကိစ္စံ၊အာဟာရ ကိစ္စကို။ ကရောတိ၊ ပြုတတ်၏။ ဗဟိ၊ အပ၌။ ဌိတော၊ တည်လျက်။ဝါ၊ တည်သောအာဟာရသည်။ အာဟာရကိစ္စံ၊ အာဟာရကိစ္စကို။နကရော တိ၊မပြုနိုင်။တသ္မာ၊ထို့ကြောင့်။ အာဟာရောတိ၊အာဟာရဟူ၍သာလျှင်။ အဝတွာ၊မဟောမူ၍၊ကဗဠီကာရောအာဟာရောတိ၊ဟူ၍။ဝုတ္တံ၊၏။

ဤသို့ အလုပ်အလွေ့ပြုကောင်းသော ကဗဠီကာရ အာဟာရသည် သာ အာဟာရပစ္စည်းတပ်သည်ဆိုပါက၊သောက်ဘွယ်ဖြစ်သော အဖျော် ယမကာစသည်၌ ရှိသောဩဇာသည် အာဟာရပစ္စည်း မမည်သင့်ပေ-ဟူငြားအံ့။ ။ရင်းသောက်ဘွယ်,လျက်ဘွယ်,ဖြစ်သော အဖျော်ယမကာ တို့သည်လည်း မျိုအပ်သော အဇ္ဈောဟရိတဗ္ဗသဘော၏ အစွမ်းဖြင့် ကဗဠ ပင်မည်ကုန်၍-ကဗဠီကာရဟာရပင် မည်ကုန်သတည်း။

ကဗဠံ ကရိတွာ အဇ္ဈောဟရိတောတိ အသိတပီတာဒိဝဏ္ဏုဟိ
သဟ အဇ္ဈောဟရိတဗ္ဗတာဝါတိ ဝုတ္တံ။ ပါတဗ္ဗသာယိတဗ္ဗာနိ ပိ ဟိ
သဘာဝေဝသေန ကဗဠာယေဝ ဟောန္တိ။ ။

မူလဋီကာ။ ။(၁၄၂)။

ကဗဠံ ကရိတွာ အဇ္ဈောဟရိတောတိ၊ဟူသည်ကား။ အသိတပီတာဒိ ဝဏ္ဏုဟိ၊ စားဘွယ်,သောက်ဘွယ်-စသောဝဏ္ဏုတို့နှင့်။ သဟ၊ တကွ။ အဇ္ဈောဟရိတောဝ၊ မျိုအပ်တော့သည်သာလျှင်။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊၏။ ဟိ၊မှန်၏။ ပါယိတဗ္ဗသာယိတဗ္ဗာနိပိ၊ သောက်ဘွယ်, လျက်ဘွယ် ဖြစ်သော အဖျော်ယမကာ တို့သည်လည်း။ သဘာဝေဝသေန၊သဘော၏အစွမ်းဖြင့်။ ကဗဠာယေဝ၊အလုပ်အလွေ့တို့ သည်သာလျှင်၊ဟောန္တိ၊ဖြစ်ကုန်၏။

ဤကဗဠီကာရအာဟာရသည်၊ နောက်နည်းအလို ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်လေးပါးတို့အား ပစ္စည်း တပ်နိုင်သည်ဆိုရာ၊

အာဟာရဇရုပ်အားသာ ပစ္စည်းတပ်နိုင်သင့်၏။ ကြွင်းသော ဝိတ္တဇရုပ် စသော ရုပ်သုံးပါးတို့အား အသို့လျှင် ပစ္စည်းတပ်ပါသနည်း-ဟူမူ။ ။ အာဟာရဇရုပ်ကလာပ်အား ဖြစ်စေသော ဇနကသတ္တိ,ထောက်ပံ့စောင့် ရှောက်တတ်သောအနုပါလကသတ္တိ ၂-ပါးဖြင့် ကျေးဇူးပြု၏။ ကြွင်းသော တိဇရုပ်တို့အား ထောက်ပံ့စောင့်ရှောက်သော အနုပါလကသတ္တိဖြင့်သာ ကျေးဇူးပြု၏-ဟုသိ။

ဝိသေသတော ပနာယမေတ္ထ အာဟာရသမုဋ္ဌာနရူပဿ ဇနကော စေဝ အနုပါလကော စ ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ။ သေသတိသန္တတိသမုဋ္ဌာနဿ အနုပါလကောဝဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၂၁)။

ပန၊ ထိုသို့ဟောအပ်သော်လည်း၊ ဝိသေသတော၊ အထူးအားဖြင့်။ အယံ၊ဤပြဆိုခဲ့သည်။ဧတ္ထ၊ဤစတုဇရုပ်တွင်။ အာဟာရသမုဋ္ဌာနရူပဿ၊ အာဟာရသာလျှင် ဖြစ်ကြောင်းရှိသောရုပ်အား။ ဇနကောစေဝ၊ ဖြစ်စေ တတ်သည်ရင်း။ အနုပါလကောစ၊ စောင့်ရှောက်တတ်, ထောက်ပံ့ဘတ် သည့်ရင်း။ဟုတွာ၊ဖြစ်၍။ အာဟာရပစ္စယေန၊အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊၏။သေသတိ သန္တတိသမုဋ္ဌာနဿ၊ ကြွင်းသောကမ္မဇစသော တိသန္တတိသမုဋ္ဌာန်ရုပ် အား။ အနုပါလကောဝ၊ စောင့်ရှောက်- ထောက်ပံ့တတ်သည်သာလျှင်။ ဟုတွာ၊၍။ အာဟာရပစ္စယေန၊ဖြင့်။ ပစ္စယော- ဥပကာရကော၊ သည်။ ဟောတိ၊၏။ ။(အကျယ်လိုပါမူ-မူလဋီကာ-၁၄၂-၌ရှုလင့်ကုန်)။

ဆောင်ပုဒ်။

က။ ။မျိုးအပ်ပြဆဲ၊မဟုတ်ပါ၊ယကာ-ဗဟိဒ္ဓါ။

ခ ။ ။အာဟာရဇာ၊ကလာပ်မှာကား၊ ဇနကာ-နုပါ၊
ဒွိအတ္ထ၊မှတ်ကြ-ပစ္စည်းတပ်ပုံတည်း။

ဂ ။ ။ကြွင်းသောတိဇံ၊ရုပ်အမှန်၊ပြုဟန်-နုပါတပါးတည်း။

---

## ဈာန္ဒြိယပစ္စယော-အဘွင့်၊

ဈာနတိ အတ္တနော ဝသံ ဝတ္တေတီတိ ဈာန္ဒြိယံ။

ဈာနတိ-အတ္တနောဝသံဝတ္တေတိ၊ မိမိအလိုသို့၊ဝါ၊ အလိုအတိုင်းလိုက်စေတတ်-ဖြစ်စေတတ်၏။ဣတိ၊ကြောင့်။ဈာန္ဒြိယံ၊ဈာန္ဒြိယ-ပစ္စည်းမည်၏။ ။ ဝိဂ္ဂြဟ်အရ....ပစ္စယုပ္ပန်တရားတို့ကို မိမိ၏အလိုသို့ လိုက်စေတတ်သောကြောင့် ဈာန္ဒြိယ-ပစ္စည်းမည်၏။ ။ဟူလို။

ဈာနတိ ပရမိဿရိယံ ကရောတီတိ ဝါ ဈာန္ဒြိယံ။

ဝါ၊ကား။ဈာနတိ-ပရမိဿရိယံ ကရောတိ၊သူတပါးတို့အားအစိုးရခြင်းကို ပြုတတ်၏။ဣတိ၊ကြောင့်။ဈာန္ဒြိယံ၊ဈာန္ဒြိယ-မည်၏။ ။ဝိဂ္ဂြဟ်အရ.... ပစ္စယုပ္ပန် တရားတို့အား အစိုးရသည်ကို ပြုကတ်သောကြောင့်လည်း ဈာန္ဒြိယပစ္စည်းမည်၏။ ။ဟူလို။

> အဓိပတိယဋ္ဌေန ဥပကာရကာ ဈက္ခိန္ဒြိယပုရိသိန္ဒြိယဝဇ္ဇာ ဝီသတိန္ဒြိယာ ဈာန္ဒြိယပစ္စယော၊ ။
>
> ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၅)၊

အဓိပတိယဋ္ဌေန၊ အစိုးရသည်၏ အဖြစ်ဟူသော သဘောဖြင့်။ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သော။ ဈက္ခိန္ဒြိယ ပုရိသိန္ဒြိယ ဝဇ္ဇာ၊ ဈက္ခိန္ဒြေ,ပုရိသိန္ဒြေတို့သည် ကြဉ်အပ်ကုန်သော၊ ဝီသတိန္ဒြိယာ၊နှစ်ဆယ်သောဈာန္ဒြေတို့သည်။ ဈာန္ဒြိယပစ္စယော၊ဈာန္ဒြိယပစ္စည်းမည်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

ဗာဝီသတိန္ဒြိယာနိ- အရ ဈာန္ဒြိယဘေဒအားဖြင့် ဈာန္ဒြေ ၂၂-ပါးရှိ၏။ တရားကိုယ်အားဖြင့်ကား တဆဲ့ခြောက်ပါးရှိ၏၊ထိုသော်-ဤဈာန္ဒြိယပစ္စည်း အရာ၌ကား၊ ဈက္ခိန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးကိုကြဉ်၍၊ ကြွင်းသော ဈာန္ဒြေ တရားကိုယ် ၁၄-ပါးတို့သာ ဈာန္ဒြိယပစ္စည်းတပ်ကုန်၏၊

ဈက္ခိန္ဒြေနှင့်ပုရိသိန္ဒြေ ၂-ပါးကား၊ဈာန္ဒြေမည်ပါလျက်၊အဘယ့်ကြောင့် ဈာန္ဒြိယပစ္စည်းမတပ်ပါသနည်း-ဟူမူ၊ ။ဈာန္ဒြိယပစ္စည်းဟူသည်၊ မိမိ၏ ထင်ရှားရှိစဉ် ပစ္စယုပ္ပန် တရားတို့အား ဆိုအပ်ခဲ့ပြီးသော ဇနကသတ္တိ, ဥပတ္ထမ္ဘက သတ္တိအားဖြင့် ဖြစ်စေမှု, ထောက်ပံ့ စောင့်ရှောက်မှုဖြင့် ကျေးဇူး ပြုသော တရားမျိုးသာ ဖြစ်၏၊ ထိုအတ္ထိသတ္တိ, ဇနကသတ္တိ,

ဥပတ္ထမ္ဘကသတ္တိတို့တွင် တပါးပါးဖြင့် ကျေးဇူးပြုခြင်းမရှိသော်၊ ဣန္ဒြိယ-ပစ္စည်း ဟုမဆိုရပေ။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့အား၊မိမိနှင့်အတူတကွဖြစ်ကုန်သော တရားတို့အား ထိုဆိုအပ်ပြီးသောသတ္တိတို့တွင် တပါးသော သတ္တိမျှဖြင့် ကျေးဇူးပြုခြင်း မရှိသောကြောင့် ဣန္ဒြိယပစ္စည်းမမည်ချေ။ သို့သော်၊ အသီးအသီး အခြားသော ကမ္မစသောပစ္စည်းတို့ကြောင့် ဖြစ်ကုန်သော စတုသမုဋ္ဌာနိကရုပ်တို့အား ဣတ္ထိလိင်, ဣတ္ထိကုတ္တ စသော ယောကျ်ားပုံဟန်, မိန်းမပုံဟန်အခြင်းအရာတို့၏ အစွမ်းဖြင့် ဖြစ်ပေါ်ရန် အကြောင်းမျှသာဖြစ်၍၊ဣန္ဒြေသာ မည်သတည်း။

> ကသ္မာ ပနေတ္ထ ဣတ္ထိန္ဒြိယ, ပုရိသိန္ဒြိယဒွယံ န ဂဟိတံ၊နနုစေတဒ္ဒွိ လိင်္ဂါဒီဟိ အနုဝတ္တိယတိတိ။သစ္စံ၊အနုဝတ္တိယတိ၊န ပန ပစ္စယ ဘာဝတော၊ယထာဟိ ဇီဝိတာဟာရာ ယေသံ ပစ္စယာ ဟောန္တိ၊ တေသံ အနုပါလကဥပတ္ထမ္ဘကာ အတ္ထိ အဝိဂတပစ္စယဘူတာ စ ဟောန္တိ၊န ဧဝံ ဣတ္ထိပုရိသဘာဝါ လိင်္ဂါဒီနံ ကေနစိ ပကာရေန ဥပကာရကာ ဟောန္တိ။ ။မဟာဋီကာ။ ။(၂၃၆)။

ပန၊စောဒနာဦးအံ့။ဧတ္ထ၊ဤဣန္ဒြိယပစ္စည်း၌။ ကသ္မာ၊အဘယ့်ကြောင့်။ ဣတ္ထိန္ဒြိယ,ပုရိသိန္ဒြိယဒွယံ၊ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးအပေါင်းကိုလည်း။ နဂဟိတံ၊ မယူအပ်ပါသနည်း။ ဧတံဒွယံ၊ ဤဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ ၂ ပါး အပေါင်းကိုလည်း။ လိင်္ဂါဒီဟိ၊ လိင်, နိမိတ္တ, ကုတ္တ, အာကပ္ပ-တို့သည်။ (အာဒိဝန်ကို ဘော်သည့်)။ အနုဝတ္တိယတိနနု၊ အစဉ်လိုက်အပ်သည့်-မဟုတ်ပါလော။ ဣတိ-အယံ၊ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ သစ္စံ၊ အစဉ်လိုက်အပ်သည့်မှန်၏။ ပန၊ထိုသို့လိုက်သော်လည်း။ ပစ္စယဘာဝတော၊ တစုံတခုသော အခြင်းအရာဖြင့် ကျေးဇူးပြုတတ်သည့်၏ အဖြစ်ကြောင့်။ နအနုဝတ္တိယတိ၊ အစဉ်လိုက်အပ်သည့်မဟုတ်ပေ။ ဟိ၊ ယင်းစကားထင်ရှားအောင် ဘော်ပြဦးအံ့။ဇီဝိတာဟာရာ၊ဇီဝိတိန္ဒြေ,အာဟာရဟူသောပစ္စည်းတပ်သောတရားတို့သည်။ ယေသံ၊ အကြင် ရုပ်နာမ်ဖြစ်ကုန်သောပစ္စယုပ္ပန်တရားတို့၏၊ ဝါ၊တို့အား။ ပစ္စယာ၊ပစ္စည်းတို့သည်။ဝါ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုပစ္စယုပ္ပန်တရားတို့ကို။ဝါ၊တို့၏။ အနုပါလကဥပတ္ထမ္ဘကာ၊ အစဉ်စောင့်ရှောက်တတ်ကုန်သည်, ထောက်ပံ့တတ်ကုန်သည်။ အတ္ထိအဝိဂတပစ္စယဘူတာစ၊ အတ္ထိ

ပစ္စည်း, အဓိဂတပစ္စည်းဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ ဧဝံ၊ ဤအတူ။ ဣတ္ထိပုရိသဘာဝါ၊ ဣတ္ထိဘော,ပုမ္ဘာဝတို့သည်။ လိင်္ဂါဒီနံ၊လိင်္ဂ, နိမိတ္တ-စသည်တို့အား။ ကေနစိ၊တစုံတခုသော။ပကာရေန၊ ပစ္စယသတ္တိ-ဟူသော အခြင်းအရာဖြင့်၊ ဥပကာရကာ၊ ကျေးဇူး ပြုတတ်ကုန်သည်။ နဟောန္တိ၊ ကုန်။ ။(အကျယ်လိုမူ- ဝိသုဒ္ဓိမဂ် မဟာဋီကာ-၂၃၆-ကို ကြည့်ရှုလေ)။

ဆောင်ပုဒ်။

က။ ။ဣတ္ထိ,ပုရိသိန္ဒြေ၊ ယင်းနှစ်တွေကား၊ စောင့်လေ ထောက်ပင့်၊ မရှိသင့်၊မှတ်ချင့်ပစ္စည်းကင်းပုံတည်း။

ခ။ ။လိင်္ဂစတွေ၊အကြောင်းပေ၊မည်လေ-ဣန္ဒြိယံ။

ဥပမာကား၊....တပြည်တည်း၌ အလုံးလုံးသော ဝန်ကို ရွက်ဆောင်ကြသော မင်းတို့သည်၊ တပါးသောမင်းတို့၏ ကြီးကဲသောသတ္တိကို မဖြစ်မူ၍၊အသီးအသီးမိမိတို့၏ အရာ၌သာ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုသကဲ့သို့၊နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး-စသည်သည်လည်း၊တပါးသည် တပါး၏သတ္တိကို မဖြစ်မူ၍၊မိမိတို့၏အရာ၌သာ၊အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြု၏။

အသီးအသီးကျေးဇူးပြုပုံကား၊ နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးတို့တွင်၊ ဇီဝိတသည်၊ သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း၌အစိုးရ၏။ စိတ်သည်၊အာရုံပြုခြင်း၌အစိုးရ၏၊ ဝေဒနာသည်၊ခံစားခြင်း၌အစိုးရ၏၊ သဒ္ဓါသည်၊ ယုံကြည်ခြင်း၌အစိုးရ၏။ ဝီရိယသည်၊ ထောက်ပံ့ခြင်း၌ အစိုးရ၏။ သတိသည်၊ အောက်မေ့ခြင်း၌ အစိုးရ၏၊ ဧကဂ္ဂတာသည်၊တည်ကြည်ခြင်း၌အစိုးရ၏၊ ပညာသည်၊ထိုးထွင်း၍ သိခြင်း၌ အစိုးရ၏၊ စက္ခုဝတ္ထုသည်၊စက္ခုဝိညာဏ်ကိုအစိုးရ၏၊ပ။ ကာယဝတ္ထုသည်၊ကာယဝိညာဏ်ကို အစိုးရ၏။ရုပ်ဇီဝိတိန္ဒြေသည်၊သဟဇာတ်တရားတို့ကို အစိုးရ၏၊

(၎င်းဣန္ဒြေအဖွင့်ကို အောက်ကဖွင့်ဆိုခဲ့ပြီ)။

---

ဣန္ဒြိယပစ္စည်း၏သုံးချက်ရ-သဟဇာတိန္ဒြိယ။

၁။ ။ဣန္ဒြိယပစ္စည်းသည်၊သဟဇာတိန္ဒြိယ,ပုရေဇာတိန္ဒြိယ,ရုပဇီဝိတိန္ဒြိယ,အားဖြင့် ၃ ပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် သဟ

ဓာတိန္ဒြိယပစ္စည်း၌၊ ဖဿ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ, ဧကဂ္ဂတာ,ပညာ-ဟု ဆိုအပ်သော နာမ်ရုပ်တရားကိုယ်ရှစ်ပါး။ဤတရားတို့သည်သဟဇာတိန္ဒြိယပစ္စည်းတပ်သောတရားတို့မည်ကုန်၏။

၂။ ။စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ခွေပညာသ၊စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည်၊ သဟဇာတိန္ဒြိယပစ္စည်း၏ပစ္စယုပ္ပန်တရားတို့မည်ကုန်၏၊

၃။ ။ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ဤတရားတို့သည်၊ သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက်တရားတို့မည်ကုန်၏၊

### ပုရေဇာတိန္ဒြိယ သုံးချက်ခု။

၁။ ။မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် ၃-ပါးသော စက္ခုဝတ္ထုတို့တွင်၊ မဇ္ဈိမာယုကဖြစ်၍၊ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ပ။မန္ဒာယုက,အမန္ဒာယုက,မဇ္ဈိမာယုကအားဖြင့် ၃-ပါးသော ကာယဝတ္ထုတို့တွင်၊မဇ္ဈိမာယုကဖြစ်၍၊အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သောကာယဝတ္ထု။ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

၂။ ။ခွေပဉ္စဝိညာဏ်-၁၀၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု။ ဤတရားတို့သည်၊ ပုရေဇာတိန္ဒြိယပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

၃။ ။ခွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တခု ယုတ်ရှစ်ဆယ်၊ စေတသိက်ခွေပညာသ၊ စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏၊

### ရူပဇီဝိတိန္ဒြိယပစ္စည်း-သုံးချက်ခု။

၁။ ။ပဝတ္တိပဋိသန္ဓေအားဖြင့်၊ အလုံးစုံသော ရုပ်ဇီဝိတိန္ဒြေသည်၊ ရူပဇီဝိတိန္ဒြေပစ္စည်းတပ်သောတရားမည်၏။

၂။ ။ရုပ်ဇီဝိတိန္ဒြေကြဉ်သောကလာပ်တူကမ္မဇရုပ် ၉-စည်းသည်၊ ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သောတရားမည်၏။

၃။ ။စိတ်တခုယုတ်ကိုးဆယ်၊စေတသိက်ခွေပညာသ၊ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်သည်ရင်း၊ ပဋိသန္ဓေကမ္မဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ၌ရှိသော ရုပ်ဇီဝိတိန္ဒြေသည်ရင်း။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စနိက်တရားတို့မည်ကုန်၏။

---

## အာဝဇ္ဇနပစ္စ-အဓိပ္ပါယ်။

ဤဈာန္ဒြိယပစ္စည်းကို ခွဲခြားလိုက်သည့်ရှိသော်၊ ၁-သဟဇာတိန္ဒြိယ၊ ၂-ပုရေဇာတိန္ဒြိယ၊ ၃-ရူပဇီဝိတိန္ဒြိယ-ဟူ၍၊သုံးမျိုးသုံးစားရှိလေရာ၊ နာမ်ဈာန္ဒြေတရားကိုယ် ၈-ပါး နာမ်တရားတို့သည်၊မိမိနှင့်အတူဘက္ကဖြစ်ကုန်သောနာမ်ရုပ်-တရားတို့အားအတူတကွဖြစ်၍ကျေးဇူးပြုသဖြင့်-သဟဇာတိန္ဒြိယမည်ကုန်၏။ စက္ခုပသာဒ-စသော ပသာဒိန္ဒြေငါးပါးရုပ်တရားတို့သည်၊ရင်း၌မှီလာကုန်သော နာမ်တရားတို့အား ရှေးမဆွဖြစ်နှင့်၍ ကျေးဇူးပြု၍-ပုရေဇာတိန္ဒြိယမည်၏။ ။ရုပ်ဇီဝိတိန္ဒြေ-ဟူသော ရုပ်တရားသည် ကလာပ်တူကမ္မဇရုပ်တို့အား တည်ဆဲ ဋ္ဌိခဏ၌တကွ ဖြစ်၍ ကျေးဇူးပြုသောကြောင့်-ရူပဇီဝိတိန္ဒြေမည်၏။

ဤသို့ဖြစ်သော် ရုပ်ဇီဝိတိန္ဒြေသည်၊ ကြွင်းသော ကမ္မဇရုပ်တို့အား သဟဇာတပစ္စည်းတပ်၏-ဟု ဆိုသင့်သည်မဟုတ်ပါလော-ဟူမူ။ ။ရင်းရုပ်ဇီဝိတနှင့် ကြွင်းကမ္မဇရုပ်တို့သည်၊ အတူဘက္ကပင် ဖြစ်ကုန်သော်လည်း ဋ္ဌိခဏ၌သာ ကျေးဇူးပြုနိုင်သောကြောင့် သဟဇာတ သဘောမရှိရကား သဟဇာတပစ္စည်းမထိုက်ပေ။သဟဇာတသဘောဟူသည်ကား၊ ဥပါဒ်ခဏ၌ ကျေးဇူးပြုမှသာလျှင် သဟဇာတမည်၏-ဟုမှတ်။ ။(အကျယ်အလိုရှိပါမူ-မူလဋီကာ၌ရှုလင့်ကုန်)။

ရူပဇီဝိတိန္ဒြိယံ အညတ္ထာ သဟဇာတရူပါနံ ဋ္ဌိတိက္ခဏေ ဣန္ဒြိယပစ္စယေန ပစ္စယော။သဟဇာတပစ္စယတာ ပန တဿ နတ္ထိ။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၂၂)။

ဋ္ဌိတိက္ခဏောတိ ဣဒံ ရူပဇီဝိတိန္ဒြိယဿ သဟဇာတပစ္စယတ္တာ ဘာဝံ သန္ဓာယ ဝုတ္တံ။ ။မူလဋီကာ။ ။(၁၄၃)။
သတိ သဟဇာတပစ္စယတ္တေ ဥပ္ပါဒက္ခဏေ ပိ သိယာတိ ကတွာ ဝုတ္တံ-သဟဇာတပစ္စယတ္တာဘာဝံ သန္ဓာယာတိ။ ။

အနုဋီကာ။ ။(၂၀၅)။

ရူပဇီဝိတိန္ဒြိယံ၊ ရူပဇီဝိတိန္ဒြေသည်။ အတ္တနာ၊ မိမိနှင့်။ သဟဇာတ ရုပါနံ၊အတူတကွဖြစ်ကုန်သော ကမ္မဇရုပ်တို့အား။ဋ္ဌိတိက္ခဏေ၊ဋ္ဌိခဏာ၌။ ဣန္ဒြိယပစ္စယေန၊ဖြင့်။ပစ္စယော၊သည်။ဟောတိ၊၏။ပန၊ယင်းသို့ပင် မိမိနှင့် တကွဖြစ်ဘက်ဖြစ်သောရုပ်တို့အား ကျေးဇူးပြုသော်လည်း။တဿ၊ထိုရူပ ဇီဝိတိန္ဒြေအား။ဝါ ၏။သဟဇာတပစ္စယတာ၊ သဟဇာတပစ္စည်း၏အဖြစ် သည်။နတ္ထိ၊မရှိ။ ။(ဤကား-အဋ္ဌကထာအနက်)။
ဋ္ဌိတိက္ခဏေတိ ဣဒံ၊ ဋ္ဌိတိက္ခဏေ-ဟူသော အဋ္ဌကထာ-ဆရာ၏ ဤ စကားကို။ရူပဇီဝိတိန္ဒြိယဿ၊၏။ သဟဇာတပစ္စယာဘာဝံ၊ သဟဇာတ ပစ္စည်းမထိုက်သည်၏အဖြစ်ကို။ သန္ဓာယ၊၍။ဝုတ္တံ၊အဋ္ဌကထာဆရာမြတ်၊ မိန့်ဆိုတော်မူအပ်ပါသတည်း။ ။(ဤကား-မူလဋီကာအနက်)။
သဟဇာတပစ္စယတ္တေ၊ သဟဇာတပစ္စည်း၏ အဖြစ်သည်။ သတိ၊ အတူတကွဖြစ်မှုကြောင့် ဖြစ်သင့်ပါမူ။ဥပ္ပါဒက္ခဏေပိ၊ဥပါဒ်ခဏာ၌လည်း။ ဣန္ဒြိယ ပစ္စယတာ၊ ဣန္ဒြိယပစ္စည်း၏ အဖြစ်သည်။ သိယာ၊ဖြစ်သင့်ရာ၏။ ဣတိကတွာ-ဣတိတသ္မာ၊ထိုသို့စောဒနာသင့်သောကြောင့်။ သဟဇာတ ပစ္စယာဘာဝံသန္ဓာယာတိ၊ဟူ၍။ ဝါ၊ဟူသောစကားကို။ ဝုတ္တံ၊ မူလဋီကာ ဆရာမြတ်၊မိန့်ဆိုအပ်ပါသတည်း။ ။(ဤကား-အနုဋီကာအနက်တည်း)။

**ဆောင်ပုဒ်။** ။ဋ္ဌိခဏာဟု၊ကျေးဇူးပြု၊ကင်းမှု-သဟဇာ။

---

## ဈာနပစ္စယော-အဘွင့်။

ဥပနိဇ္ဈာယနဋ္ဌေန ဥပကာရကော ပစ္စယော ဈာနပစ္စယော။
ဥပနိဇ္ဈာယနဋ္ဌေန၊ အာရုံကိုကပ်၍ ရှုခြင်း,ကြံခြင်းဟူသော သဘော ဖြင့်။ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ပစ္စယော၊ပစ္စည်းသည်။ ဈာန ပစ္စယော၊ဈာနပစ္စည်းမည်၏။

အဓိပ္ပါယ်ကား....အနိစ္စ,ဒုက္ခ,အနတ္တ-ဟူသောလက္ခဏာ, ကသိုဏ်း စသော အာရုံကိုကပ်၍ ရှုခြင်း,ကြံခြင်းဟူသော သဘောဖြင့် ကျေးဇူးပြု တတ်ကုန်သော ဝိတက်,ဝိစာရ,ပီတိ,ဧကဂ္ဂတာ,သောမနဿ,ဒေါမနဿ, ဥပေက္ခာ-ဟုဆိုအပ်ကုန်သော ၇-ပါးသော ဈာန်အင်္ဂါတို့သည်၊ ဈာန ပစ္စည်းမည်ကုန်၏။ ။ဟူလို။

ဥပနိဇ္ဈာယနဋ္ဌေန ဥပကာရကာနိ ထပေတွာ ဒွေ ပဉ္စဝိညာဏာနိ ကာယိက သုခဒုက္ခဝေဒနာဒွယံ သဗ္ဗာနိ ပိ ကုသလာဗျာကတာကုသလာနိ ဈာနင်္ဂါနိ ဈာနပစ္စယော။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၈၅)။

ဥပနိဇ္ဈာယနဋ္ဌေန၊ အနိစ္စစသောလက္ခဏာ၊ ကသိုဏ်းစသောအာရုံကို ကပ်၍ရှုခြင်း၊ ကြံခြင်းဟူသော သဘောဖြင့်။ ဥပကာရကာနိ၊ ကုန်သော။ ဒွိပဉ္စဝိညာဏာနိ၊ ဒွေပဉ္စဝိညာဏ်တို့၌၊ သုခဒုက္ခဝေဒနာဒွယံ၊ သုခိန္ဒြေ, ဒုက္ခိန္ဒြေ,ဝေဒနာ ၂-ပါးအပေါင်းကို။ ထပေတွာ၊ ကြဉ်ထား၍။ သဗ္ဗာနိပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ ကုသလာဗျာကတာကုသလာနိ၊ ကုသိုလ်,အကုသိုလ်, အဗျာကတအထူးရှိကုန်သော၊ ဈာနင်္ဂါနိ၊ ဝိတက်-စသောဈာန်အင်္ဂါတို့ သည်။ ဈာနပစ္စယော၊ ဈာနပစ္စည်းသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဥပမာကား...တောင်ပျား,သစ်ပင်ပျားသို့တက်၍ကြည့်သောသူသည်၊ အဝေး, အနီးအရပ်တို့ကိုမြင်ခြင်း၊ ထိုမြင်လိုသောသူတို့အား ကျေးဇူးပြု သကဲ့သို့၊ ဈာနင်တရားကိုယ်တရားတို့သည်၊ ဒွိပဉ္စဝိညာဏ် ၁၀-ကြဉ် သော သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကပ်၍ ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုကုန်၏။ ။ဟူလို။

---

ဈာနပစ္စည်း-သုံးချက်ရ။

၁။ ။ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တရယုတ် ၈၀-၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ-ဟုဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါးတို့သည်၊ ဈာနပစ္စည်းတပ်ကုန်၏။

၂။ ။ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော စိတ်တရယုတ်-၈၀၊ စေတ သိက်ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်၊ ဤကရား

တို့သည်၊ ဈာနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည် ကုန်၏။

၃။ ။ဒွေပဉ္စဝိညာဏ်-၁၀၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု၊ ဗာဟိရရုပ်။ ပ။ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ပစ္စနိက်ဖြစ်သောတရားတို့မည်ကုန်၏။

---

## အဝယဝဏ္ဏ-အဓိပ္ပါယ်။

ဤဈာနပစ္စည်း၌ဈာန်ဟူသည်၊ အာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပနိဇ္ဈာနဈာန်-ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင် ကုသိုလ်သမာပတ်, ကြိယာသမာပတ်ရှစ်ပါးသည်၊ပထဝီကသိုဏ်းပန်းအစရှိသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာနဈာန်မည်၏။ ဝိပဿနာ ကုသိုလ်, မဂ်, ဖိုလ်တို့သည်ကား၊ အနိစ္စ-စသောလက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာနဈာန်မည်၏၊ ထိုတွင်-ဝိပဿနာ ကုသိုလ်သည်၊ အနိစ္စစသော လက္ခဏာကိုကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာနဈာန်မည်၏။ ဝိပဿနာ၏ ပြုအပ်သော အနိစ္စစသော လက္ခဏာကိုကပ်၍ ရှုမှုကိစ္စကို မဂ်ဖြင့်သာ ပြီးစီးစေနိုင်ခြင်း, မဂ်သို့ ဆိုက်ရောက်မှ ပြီးသုံးခြင်းကြောင့် မဂ်သည် လက္ခဏူပနိဇ္ဈာန ဈာန်မည် ၏။ ။ဖိုလ်သည်ကား၊ နိဗ္ဗာန်၏မဘောက်မပြန် ငြိမ်းရာမှန်သော တထ လက္ခဏာသို့ကပ်၍ ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာနဈာန်မည်၏။ မဂ်သည်လည်း၊ဖိုလ်ကဲ့သို့ နိဗ္ဗာန်၏မဘောက်မပြန် ငြိမ်းရာမှန်သော တထ လက္ခဏာသို့ကပ်၍ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာနဈာန်မည်၏။

ဤအာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပ နိဇ္ဈာနဈာန် ၂-ပါးတို့သည် အာရုံလက္ခဏာတို့ကို ကပ်၍ရှုသောအခါ၊ ၎င်းဝိပဿနာကုသိုလ်စိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့၌ယှဉ်တွဲပါ၍သမ္ပယုတ်ဖြစ်သော ဝိတက်,ဝိစာရ, ပီတိ,ဝေဒနာ,ဧကဂ္ဂတာ-တည်းဟူသောဈာနင်တရားတို့သည်၊ ကသိုဏ်း စသော အာရုံသို့ရှေးရှုတင်ပေးမှု, အာရုံကိုသုံးသပ်မှု, သမ္ပယုတ်တရား တို့ကို ထိုထိုအာရုံ၌ရှုမှု၌နှစ်သက်စေမှု,ပြန့်ပွါးစေမှု,သမ္ပယုတ်တရားတို့ကို တခုတည်းသောအာရုံ၌ ကောင်းစွာအညီအညွတ်ထားမှု၊ ကိစ္စအာဝဂကို

ပြုတတ်သောကြောင့် ဈာန်မည်ကုန်၏၊ ဈာနပစ္စည်းတပ်သည်-ဟုဆိုအပ်ကုန်၏-ဟုမှတ်။

လက္ခဏာရမ္မဏူပနိဇ္ဈာန ဘူတာနံ ဝိတက္ကာဒီနံ ဝိတက္ကနာဒိဝသေန အာရမ္မဏံ ဥပဂန္တွာ နိဇ္ဈာနံ-ပေက္ခနံ စိန္တနံ ဝါ ဝိတက္ကာဒီနံ ယေဝ အာဝေဏိကော ဗျာပါရော ဥပနိဇ္ဈာယနဋ္ဌော။ ။

မူလဋီကာ-မဟာဋီကာ။ ။(၂၃၆)။

လက္ခဏာရမ္မဏူပနိဇ္ဈာနဘူတာနံ၊ အနိစ္စ-အစရှိသော လက္ခဏာ, ကသိုဏ်းအစရှိသော အာရုံကိုကပ်၍ ရှုဘတ်, ကြံဘတ်သည်ဖြစ်၍ ဖြစ်ကုန်သော။ဝိတက္ကာဒီနံ၊ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာတို့၏၊ ဝိတက္ကနာဒိဝသေန၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ချေးရှုဘင်ခြင်း, အာရုံကိုသုံးသပ်ခြင်း,သမ္ပယုတ်တရားတို့ကို ပျို့စေခြင်း, ပြန့်ပွါးစေခြင်း, သမ္ပယုတ်တရားတို့ကို တချဘည်းသောအာရုံ၌ ကောင်းစွာအညီအညွတ်ထားခြင်း,၏အစွမ်းဖြင့်၊ အာရမ္မဏံ၊ အနိစ္စစသော လက္ခဏာဟူသော အာရုံ, ကသိုဏ်းစသောအာရုံကို။ ဥပဂန္တွာ၊ ကပ်၍၊ နိဇ္ဈာနံ-ပေက္ခနံ၊ ရှုခြင်းသည်၊ ဝါ၊တနည်း၊ စိန္တနံ၊ ကြံခြင်းသည်။ ဝိတက္ကာဒီနံယေဝ၊ ဝိတက်-အစရှိသော ဈာန်တရားတို့၏သာလျှင်။ အာဝေဏိကော၊ တပါးသော တရားတို့နှင့် မဆက်ဆံ၊ အသီးအခြားသော ဥစ္စာဖြစ်သော။ ဗျာပါရော၊ ဗျာပါရဖြစ်သော၊ ဝါ၊ ကိစ္စဖြစ်သော၊ ဥပနိဇ္ဈာယနဋ္ဌော၊ ကပ်၍ရှုခြင်း, ကြံခြင်း- ဟူသောသဘောမည်သည်။ ဟောတိ၊ ၏။ ။(ကြွင်းသော အနက်ပါယ်တို့ကို အောက်ကဘွင့်ဆိုခဲ့ပြီ)။

---

**မဂ္ဂပစ္စယော-အဘွင့်။**

သုဂတိတော ဝါ ဒုဂ္ဂတိတော ဝါ နိယျာနဋ္ဌေန ဥပကာရကော ပစ္စယော မဂ္ဂပစ္စယော၊ ။

သုဂတိတောဝါ၊ သုဂတိဘုံဘဝမှဍင်း၊ ဒုဂ္ဂတိတောဝါ၊ ဒုဂ္ဂတိဘုံဘဝမှဍင်း၊ နိယျာနဋ္ဌေန၊ ထွက်မြောက်ကြောင်း၏ အဖြစ်ဟူသော သဘောအားဖြင့်၊ဥပကာရကော၊သော။ပစ္စယော၊သည်၊ မဂ္ဂပစ္စယော၊မဂ္ဂ-ပစ္စည်းမည်၏။

အဓိပ္ပါယ်ကား....သုဂတိဘဝမှဂင်း, ဒုဂ္ဂတိဘဝမှဂင်း,ထွက်မြောက်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုဘတ်ကုန်သော ပညာ,ဝိတက်သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, သမ္မာသမာဓိ-မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ,မိစ္ဆာဝါယာမ,မိစ္ဆာသမာဓိ-ဟုဆိုအပ်ကုန်သော ၁၂-ပါးကုန်သော သမ္မာမဂ္ဂင်, မိစ္ဆာမဂ္ဂင် တရားတို့သည်၊ မဂ္ဂပစ္စည်းမည်ကုန်၏။ ။ဟူလို။

## ထွက်မြောက်ရန်-ကျေးဇူးပြုပုံ။

မိစ္ဆာမဂ္ဂင်တရားတို့သည်၊မကောင်းမှုဒုစ္စရိုက်ပြုကျင့်ကုန်သော သူတို့အား သုဂတိဘဝသို့ မရောက်စေမူ၍ ဒုဂ္ဂတိဘဝသို့သာ ကျရောက်စေကုန်ရာ၊ သုဂတိဘဝမှထွက်မြောက်ခြင်း၏ အကြောင်းအားဖြင့်ကျေးဇူးပြုသည်မည်ကုန်၏။ ။သမ္မာမဂ္ဂင်တရားတို့သည်လည်း၊ ကောင်းသောသုစရိုက်အကျင့်ကို ကျင့်ကုန်သောသူတို့အား ဒုဂ္ဂတိဘဝသို့ မလားမရောက်စေမူ၍၊ သုဂတိဘဝသို့သာ မလားရောက်ကြစေကုန်ရာ၊ ဒုဂ္ဂတိဘဝမှ လွတ်မြောက်စေသောအားဖြင့် ကျေးဇူး ပြုသည်မည်ကုန်၏ ဟုမှတ်။ ။(ဤကား-အဋ္ဌကထာအဆို၊ အလိုတော်ကျအဓိပ္ပါယ်တည်း)။

ယတော တတော ဝါ နိယျာနဋ္ဌေန ဥပကာရကာနိ ကုသလာဒိဘေဒါနိ ဒွါဒသ မဂ္ဂင်္ဂါနိ မဂ္ဂပစ္စယော။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၉)။

ယတော ဘတော ဝါတိ ဒုဂ္ဂတိတော ဝါ သုဂတိတော ဝါ။ ။
အနုဋီကာ၊ ။(၁၀၄)၊

ယတောတတောဝါ၊ အကြွင်းအမှတ်မရှိ မဘောက်မပြန်၊ မှန်သောသဘောအားဖြင့်ဂင်း, ဘောက်ပြန်သော သဘောအားဖြင့်ဂင်း။ နိယျာနဋ္ဌေန၊ထွက်မြောက်ကြောင်း၏ အဖြစ်ဟူသောသဘောအားဖြင့်။ ဥပကာရကာနိ၊ကုန်သော ကုသလာဒိဘေဒါနိ၊ကုသိုလ်စသည့်အထူးရှိကုန်သော။ ဒွါဒသ၊ကုန်သော။ မဂ္ဂင်္ဂါနိ၊မိစ္ဆာမဂ္ဂင်,သမ္မာမဂ္ဂင်တို့သည်၊ မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းမည်သည်။ဟောန္တိ၊ဖြစ်ကုန်၏၊ ။(ဤကား-အဋ္ဌကထာအနက်)။

ဒိဋ္ဌိ သုဂတိ နိဗ္ဗာနသမ္ပာပကဋ္ဌေန ဥပကာရကော ဓမ္မော မဂ္ဂ ပစ္စယော။ ။

ဟုလည်းဆရာတို့ မိန့်ဆိုအပ်သောကြောင့်လစ်ဘော်မူကုန်သဘတ်၊ ။ဒုဂ္ဂတိ, သုဂတိနိဗ္ဗာနသမ္ပာပကဋ္ဌေန၊ဒုဂ္ဂတိဘဝ,သုဂတိဘဝ,နိဗ္ဗာန်သို့ရောက်စေတတ်သောအနက်သဘောဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ သော။ဓမ္မ၊သည်။ မဂ္ဂပစ္စယော။မဂ္ဂ-ပစ္စည်းမည်၏။

**အနီးဥပါဒါနသား**....မိစ္ဆာမဂ္ဂင်သည်၊ ဒုဂ္ဂတိဘဝသို့ ရောက်စေတတ်သောအားဖြင့်ကျေးဇူးပြု၏၊ဝါ၊ရောက်စေတတ်၏၊သမ္မာမဂ္ဂင်သည်သုဂတိဘဝ,နိဗ္ဗာန်သို့ရောက်စေသောအားဖြင့် ကျေးဇူးပြု၏။ဝါ၊ ရောက်စေတတ်, ဖြစ်စေတတ်၏-ဟူလို၊ (မဂ္ဂ-၏ဝိဂြိုဟ်ဝစနတ်ကိုအောက်ကဘွင့်ဆိုခဲ့ပြီ)။

**ဥပမာကား**....ဤမှာဘက်ကမ်းမှ ထွက်မြောက်လိုသော သူသည်၊ ထိုမှာဘက်ကမ်းသို့ လှေဖြင့်ကူးရာ၌ငင်း၊ထိုမှာဘက်ကမ်းမှထွက်မြောက်လိုသောသူသည်၊ ဤမှာဘက်ကမ်းသို့ လှေဖြင့် ကူးရာ၌ငင်း၊ လှေသည် လွတ်မြောက်ခြင်း၏ အကြောင်းရင်းဖြစ်သကဲ့သို့၊ မဂ္ဂင်တရားတို့သည် လည်း သမ္ပယုတ္တက္ခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တို့အား ထွက်မြောက်ကြောင်း၏ အဖြစ်ဖြင့်ကျေးဇူးပြုကုန်၏၊ ။ဟူလို။

---

## မဂ္ဂပစ္စည်း-သုံးချက်ရ။

၁။ ။သဟိတ်စိတ် ၉ကသတ္တတိ၌ရှိသော၊ ပညာ,ဝိတက်, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ-ဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၉-ပါးတို့သည်၊ မဂ္ဂ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏၊

၂။ ။သဟိတ်စိတ်-၉ကသတ္တတိ၊စေတသိက်၌ပညာသ၊ သဟိတ် စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည်၊ မဂ္ဂ ပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်ကုန်၏။

၃။ ။အဟိတ်စိတ် အဋ္ဌာရသ၊ ဆဲ့ကြဉ်သော အညသမာန်းစေ တသိက်၌ဒါသ၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေကမ္မဇ ရုပ်၊ဗာဟိရရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ မဂ္ဂ ပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

## အဝယဝဏ္ဏ-အဓိပ္ပါယ်။

ဤ၌-သဟိတ်စိတ်-ဟူသော စကားရပ်ဖြင့်၊ အဟိတ်စိတ်၌ ရှိသော ဝိတက်စသော မဂ္ဂင်-တရား,ဈာနင်္ဂရား တို့သည်၊မဂ္ဂပစ္စည်း,ဈာနပစ္စည်း မထိုက်ကုန် ဟူသော အဓိပ္ပါယ်ကိုပြ၏။ အဘယ့်ကြောင့် မထိုက်ပါသနည်းဟူမူ။ ။သဟိတ်စိတ်တို့၌ ပါရှိသော ဝိတက်စသော မဂ္ဂင်-တရားတို့သည် သဟာဇာတ်ဖြစ်ကုန်သော နာမက္ခန္ဓာတို့ကို၊ တပေါင်းတည်း ရုံးရ၍၊တရတည်းသောကသိုဏ်းစသောအာရုံ၌ ကပ်၍ရှုခြင်း,ကြံစည်ခြင်း-ပယ်ရှားထွက်မြောက်စေခြင်း-ဟူသော ဥပနိဇ္ဈာယန ဗျာပါရ,နိယျာနဗျာပါရသည် အားကြီးသကဲ့သို့၊ အဟိတ်စိတ်တို့၌ ရှိသော ဝိတက်စသော ဈာနင်,မဂ္ဂင်တရားတို့သည်၊ဆိုအပ်ပြီးသော ဥပနိဇ္ဈာယနဗျာပါရ-နိယျာနဗျာပါရသည် အားမကြီး။ ဝါ၊ ကပ်၍ရှုမှု, လွတ်မြောက်စေမှုကို မပြုနိုင်ကုန်။ထို့ကြောင့် အဟိတ်စိတ်တို့၌ရှိသော ဝိတက်စသော တရားတို့ကို ကြဉ်အပ်ပါကုန်သတည်း။

---

## ဈာန-ပစ္စည်းနှင့်မဂ္ဂပစ္စည်းအထူး။

ဤသို့ အဟိတ်စိတ်၌ အာရုံကိုကပ်၍ ရှုမှု, ထွက်မြောက်စေမှု၊ အားနည်းသောကြောင့် ဈာနပစ္စည်း, မဂ္ဂပစ္စည်းမရ-ဟု ဆိုသော် ဈာနပစ္စည်းသည်၊ ဒွေပဉ္စဝိညာဏ်၌သာ မဖြစ်။ ကြွင်းသော အဟိတ်စိတ်တို့၌ဖြစ်၏-ဟူသော ဝေးစကားနှင့် မဆန့်ပြီလော-ဟူမူ။ ။စင်စစ်သော်ကား၊အဟိတ်စိတ်မှန်သမျှသည်၊ဟိတ်တရားနှင့်မယှဉ်၊ ဟိတ်တရားမှကင်းသည်ဖြစ်၍၊ အမြစ်မရှိသော မှော်သဘွယ်ဖြစ်၍၊အာရုံကိုကပ်၍ ရှုမှုစသော ဗျာပါရ၌ အားမရှိသည်ကား ဧကန်ဖြစ်၏။ဤသို့အားကြီးသော ဗျာပါရပင်မရှိသော်လည်း အားနည်းသောအာရုံကို ကပ်၍ရှုမှု,ဗျာပါရမှုကား ရှိသေးသဖြင့် တစိုးတစိမျှအားနည်းသော အာရုံကို ကပ်၍ရှုမှု,ဗျာပါရမှုဖြင့် ကျေးဇူးပြုနိုင်၏။ ထွက်မြောက်စေမှုဗျာပါရကားဟိတ်နှင့်မယှဉ်၍ မရှိသောကြောင့် ဒွေပဉ္စဝိညာဏ်မှကျေးဇူးမပြုနိုင်။ ။ကြွင်းသော အဟိတ်စိတ်၌ကားဈာနပစ္စည်းတပ်နိုင်သေး၏။ မဂ္ဂပစ္စည်းကား မတပ်နိုင်-ဟုမှ ဤသို့ ဈာနပစ္စည်းသည်ဒွေပဉ္စဝိညာဏ်မှကြွင်းသောအဟိတ်စိတ်၌ပစ္စည်းတပ်နိုင်၏။ မဂ္ဂပစ္စည်းကား မတပ်နိုင်-ဤမျှထူးသည် ဟုမှတ်။

ယထာဟိ သဟေတုကစိတ္တုပ္ပါဒေသု ဝိတက္ကာ ဒိနံ သဟဇာတေ သင်္ဂဏှိတွာ ကေတ္တဂတဘာဝကရဏံ ဥပနိဇ္ဈာယန ဗျာပါရော ဗလဝါ၊ န တထာ အဟေတုကစိတ္တုပ္ပါဒေသု ဟောတိ၊ ရူမဿိပန ပကရဏော ဒုဗ္ဗလမ္ပိ ဥပနိဇ္ဈာယနံ၊ ယဒိ ကိဉ္စိ မတ္တမ္ပိ အတ္ထိ၊ န တေန ဥပကာရကတာ န ဟောတိ။ ။မူလဋီကာ၊ ။(၁၂၉)။

ဟိ၊ယင်းစကားကို၊ ထင်ရှားအောင် ဘော်ပြဦးအံ့၊ ဝါ၊ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သဟေတုက စိတ္တုပ္ပါဒေသု၊ သဟိတ် စိတ္တုပ္ပါဒ်တို့၌။ ဝိတက္ကာဒိနံ၊ ဝိတက်အစရှိသည်တို့၏၊ သဟဇာတေ၊သဟဇာတ်ဖြစ်ကုန်သော နာမက္ခန္ဓာတို့ကို။သင်္ဂဏှိတွာ၊ပေါင်းစည်းရုံးရ၍၊ ကေတ္တဂတဘာဝကရဏံ၊ တခုတည်းသော သဘောရှိသည်အဖြစ်ကို ပြုခြင်းဟူသော။ (ဂတ-သဒ္ဒါတက္ကော)။ဝါ၊ တခုတည်းသော သဘောရှိသော အာရုံ၌ဖြစ်သည့်၏ အဖြစ်ကိုပြုခြင်းဟူသော။ ဥပနိဇ္ဈာယနဗျာပါရော၊ ကပ်၍ရှုခြင်း, ကြံခြင်းကိစ္စဟူသော ဗျာပါရသည်။ ဗလဝါ၊ အားကြီးသည်။ ဟောတိ ယထာ၊ ဖြစ်၏သို့။ တထာ၊ တူ။ အဟေတုက စိတ္တုပ္ပါဒေသု၊ အဟိတ် စိတ္တုပ္ပါဒ်တို့၌။ ဝိတက္ကာဒိနံ၊ ဝိတက်စသည်တို့၏။ သဟဇာတေ၊တို့ကို။ သင်္ဂဏှိတွာ၊၍။ကေတ္တဂတဘာဝကရဏံ၊သော၊ ဥပနိဇ္ဈာယနဗျာပါရော၊ သည်။ ဗလဝါ၊ သည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဈာနပစ္စယသဿ၊ဈာနပစ္စည်းကိုလည်း။ အလာဘော၊မရခြင်းကို။ဝုတ္တော၊၏။ပန၊ ထိုသို့ပင်အားကြီးသော ဥပနိဇ္ဈာယနဗျာပါရပင် မရှိလင့်ကစား။ ရူမဿိ ပကရဏော၊ ဤပဌာန်းကျမ်း၌။ဝါ၊အဟိတ်စိတ်အရာ၌။ ဒုဗ္ဗလမ္ပိ၊အားနည်းသော်လည်း။ ဥပနိဇ္ဈာယနံ၊ အာရုံကိုကပ်၍ရှုခြင်းသည်။ ကိဉ္စိမတ္တံ၊ တပိုးတစိမျှ။ယဒိပိ အတ္ထိ၊ အကယ်၍မူလည်းရှိအံ့။ ဝေံသတိ၊ ဤသို့ ရှိခဲ့သော်။ တေန၊ထိုအားနည်းစွာဘိ၊ တပိုးတစိသော၊ ဥပနိဇ္ဈာယန ဗျာပါရဖြင့်။ဥပကာရကတာ၊ ကျေးဇူးပြုတတ်သည်၏အဖြစ်သည်။ န နဟောတိ၊ မဖြစ် မဟုတ်၊ ဖြစ်သည်သာတည်း။

ဆောင်ပုဒ်။

ပဉ္စဝိညာဉ်၊ကြဉ်သည့်အဟိတ်၊ယင်းသည့်စိတ်မှာ၊
ဈာနကားတပ်၊မဂ်မတပ်၊နှစ်ရပ်ယင်းအထူး။

## ကုသိုလ်, အကုသိုလ်, အဗျာကတ-မဂ်အထူး။

မဂ်သည်၊မိစ္ဆာမဂ်,သမ္မာမဂ်-ဟူ၍ ၂-မျိုးရှိရာ၊အဘယ်သို့လျှင် ထွက်မြောက်-ထုတ်ဆောင်ပါသနည်း။ ကြိယာ-မဂ်,ဝိပါက်-မဂ်တို့သည်လည်း၊ အဗျာကတတရားများဖြစ်ကြ၍၊အဘယ်သို့လျှင်မဂ္ဂပစ္စည်းတပ်ပါသနည်း ဟူမူ။ ။ကောင်းသော ဥာဏ်အမြင်စသော လက္ခဏာထူးနှင့် ပြည့်စုံသောကြောင့် ကုသိုလ်မဂ်ဟူသော သမ္မာမဂ်တရားတို့သည်၊ သုဂတိဘုံ-နိဗ္ဗာန်ဇေယျုံ၊နန်းရွှေဘုံသို့ ရောက်အောင်ပို့ဆောင်တတ်,ဒုဂ္ဂတိဘုံဘဝမှ ထွက်မြောက်စေတတ်ကုန်၏။ထိုကြောင့်မဂ္ဂပစ္စည်းမည်ကုန်၏၊

အကုသိုလ်မဂ္ဂင်ဟူသော မိစ္ဆာမဂ်တရားတို့သည်လည်း အပါယ်လေးပါး၊ဒုဂ္ဂတိဘုံဘဝများသို့ ရောက်အောင် ပို့ဆောင်တတ်၊သုဂတိဘုံမှ လွတ်မြောက်စေတတ်ကုန်၏။ထို့ကြောင့် မဂ္ဂပစ္စည်းမည်ကုန်၏၊

အဗျာကတဖြစ်သော ကြိယာစိတ်, ဝိပါက်စိတ်တို့၌ရှိသော မဂ္ဂင်တို့သည်ကား သမ္မာမဂ္ဂင်တရားများပင် မည်ကုန်၍၊ဆောင်ပို့ ထွက်မြောက်စေရန် ဘုံဘဝပင်မရှိလင့်ကစား၊ ဆောင်ပို့စေနိုင်သော သတ္တိထူးများ ရှိလေသောကြောင့်-မဂ္ဂ-ပစ္စည်းပင် မည်ကုန်တော့သတည်း။ ထို့ကြောင့် ပဋိသန္ဓေအခါ၌-ပဋိသန္ဓေဝိပါက်စိတ်သည်၊ မိမိနှင့်တကွ ဖြစ်ကုန်သော သမ္ပယုတ်တရားများနှင့် ကမ္မဇရုပ်တို့အား မဂ္ဂပစ္စည်းတပ်လေ၏။

### ဆောင်ပုဒ်။

အဗျာကတံ၊ဆောင်ပို့ရန်ဘုံ၊မရှိတုံလည်း၊ဆောင်ကုန်သတ္တိ၊ ရှိကုန်ဘိ၊တပ်၏-မဂ်ပစ္စည်း။

---

## သမ္ပယုတ္တပစ္စယော-အဘွင့်။

သငံ ဧကုပ္ပါဒါဒိပကာရေဟိ ယုဇ္ဇတီတိ သမ္ပယုတ္တံ။ ။သမ္ပယုတ္တဘာဝေန ဥပကာရကော ပစ္စယော သမ္ပယုတ္တပစ္စယော။

ဧကုပ္ပါဒါဒိပကာရေဟိ၊ ဧကုပ္ပါဒ-စသောအပြားတို့နှင့်။ သမံ၊ အညီအမျှ။ယုဇ္ဇတိ၊ယှဉ်တတ်၏။ ဣတိ၊ကြောင့်။သမ္ပယုတ္တံ၊သမ္ပယုတ္တ-မည်၏၊ သမ္ပယုတ္တဘာဝေန၊ သမ္ပယုတ်အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ပစ္စယော၊ သည်။ သမ္ပယုတ္တပစ္စယော၊ သမ္ပယုတ္တပစ္စည်းမည်၏။

အဓိပ္ပါယ်ကား.... စိတ်နှင့်တကွဖြစ်ခြင်း, တကွချုပ်ခြင်း, တူသော မှီရာရှိခြင်း, တူသောအာရုံရှိခြင်း- ဟူသော သမ္ပယုတ်လက္ခဏာတို့နှင့် နာမ်တရားအများပင်ဖြစ်လင့်ကစား၊ တသားတည်း, တခုတည်း, တလုံးတည်းဖြစ်သကဲ့သို့၊ အတူတကွ အညီအညွတ် ယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည်-သမ္ပယုတ္တပစ္စည်းမည်၏။ ။ဟူလို၊

ဧကဝတ္ထုကဧကာရမ္မဏဧကုပ္ပါဒေကနိရောဓသင်္ခါတေန သမ္ပယုတ္တဘာဝေန ဥပကာရကာ အရူပဓမ္မာ သမ္ပယုတ္တပစ္စယော။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၆)။

သာ ပန သံသဋ္ဌတာ ယသ္မာ သဘာဝတော အနေကေသမ္ပိ သတံ ဧကတ္တဂမနံ ဝိယ ဟောတိ၊ ။

အနုဋီကာ။ ။(၁၀၅)။

ဧကဝတ္ထုကဧကာရမ္မဏဧကုပ္ပါဒေကနိရောဓသင်္ခါတေန၊ တူသော ဝတ္ထုရှိသည်အဖြစ်၊တူသောအာရုံရှိသည်အဖြစ်၊တူသောဖြစ်ခြင်းရှိသည် အဖြစ်၊ တူသော ချုပ်ခြင်းရှိသည်အဖြစ်- ဟုဆိုအပ်သော။ သမ္ပယုတ္တဘာဝေန၊ သမ္ပယုတ်၏အဖြစ်ဖြင့်။ ဥပကာရကာ၊ ကူနိုင်သော။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။ သမ္ပယုတ္တပစ္စယော၊ သမ္ပယုတ္တ ပစ္စည်းမည်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏။ ။(ဤကား-အဋ္ဌကထာအနက်)။

ပန၊ဆက်၍ဆိုဦးအံ့။သာသံသဋ္ဌတာ၊ထိုစပ်ယှဉ်ရောနှောသည်၏အဖြစ် ဟူသည်။ ယသ္မာ၊ကြောင့်။ သဘာဝတော၊ သဘောလက္ခဏာအားဖြင့်၊ အနေကေသံ၊ တပါးမကများစွာကုန်သော နာမ်တရားတို့သည်။ သတမ္ပိ၊ ဖြစ်ကုန်လင့်ကစား။ ဧကတ္တဂမနံဝိယ၊ တသားဘည်း,တခုတည်း,တလုံးတည်းအဖြစ်သို့ ရောက်သကဲ့သို့၊ ဟောတိ၊ ၏။ ။(ဤကား-အနုဋီကာ အနက်ဘည်း)။

ဥပမာကား....နို့ရည်, ထောပတ်, ပျား, သကာ-ဟူသော စတုမဓုရ အရသာသည် အချင်းချင်းနှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊နာမ် ခန္ဓာလေးပါးသည်လည်း အချင်းချင်းမကွေမကွာ ယှဉ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြု၏-ဟုမှတ်။

## သမ္မယုတ္တပစ္စည်း-သုံးချက်ခု။

၁။ ။အချင်းချင်းအား တပ်သော အလုံးရုံသော စိတ်တခုယုတ်ကိုးဆယ်၊စေတသိက်ငါးဆယ်နှစ်ပါးတို့သည်၊ ပဝတ္တိ-ပဋိသန္ဓေနှစ်ကာလ လေးပါး။ဤတရားတို့သည်၊သမ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

၂။ ။အချင်းချင်းမှ ထောက်အပ်သော အလုံးရုံသောစိတ်တခုယုတ်ကိုးဆယ်၊စေတသိက်ငါးဆယ်နှစ်ပါး၊ ပဝတ္တိပဋိသန္ဓေနှစ်ကာလ လေးပါး။ ဤတရားတို့သည်၊ သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်-တရားတို့မည်ကုန်၏။

၃။ ။စိတ္တဇရုပ်။ပ။ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည်၊ သမ္ပယုတ္တပစ္စည်း၏ ပစ္စနိကဘရားတို့မည်ကုန်၏။

---

## အဝယဝတ္ထု-အဓိပ္ပါယ်။

ဤသမ္ပယုတ္တပစ္စည်းကို စတုမဂ္ဂအရသာပမာ၊ တကွတူစွာဖြစ်မှု-ဟုဆို၏။ ထိုသို့ဆိုသော် ပရမတ္ထသဘောလက္ခဏာအားဖြင့်မူ၊ နာမ်တရားအချင်းချင်း မတူကွဲပြားသည် မဟုတ်ပါလော၊ ထိုသို့ပရမတ္ထသဘောလက္ခဏာအားဖြင့် မတူပါဘဲလျက်၊ အချင်းချင်း သမ္ပယုတ္တပစ္စည်းအဘယ့်ကြောင့် တပ်နိုင်ပါသနည်း-ဟူမူ။ ။ဤသို့သဘောလက္ခဏာအားဖြင့်ပင် မတူကွဲပြားသော်လည်း အာရုံအားဖြင့် တူမှု, မှီရာဝတ္ထုအားဖြင့်တူမှု, တပြိုင်နက်ဖြစ်မှု, တပြိုင်နက်ချုပ်မှု ကိစ္စလက္ခဏာတူညီလေသောကြောင့် ပရမတ္ထကိစ္စပြီးစီးနိုင်ရကား- သမ္ပယုတ္တပစ္စည်းတပ်နိုင်သည်။ သတိပဋ္ဌာန်ဘရားများကဲ့သို့ အာရုံကွဲပြားသော်ရင်း၊ သမ္မပ္ပဓာန်တရားများကဲ့သို့ ကိစ္စကွဲပြားသော်ရင်း၊ဣန္ဒြိ-ဥပါဒါန်စသည်တို့ကဲ့သို့၊ဖြစ်ပုံအချင်းအရာကွဲပြားသော်ရင်း၊ ဤသို့မှသာ သမ္ပယုတ္တပစ္စည်းမတပ်နိုင်ဟုမှတ်။

### ဆောင်ပုဒ်။

သဘောလက္ခဏာ၊ကွဲပြားကာလည်း၊လေးဖြာအင်္ဂါ၊
တူညီက၊တပ်ကြ-သမ္ပယုတ်။

---

## ဝိပ္ပယုတ္တပစ္စယော-အဘွင့်၊

စတုပဉ္စ ဟိ အဂံဟိ ဧကုပ္ပါဒါဒီဟိ ဝိပ္ပယုတ္တတာဘိ ဝိပ္ပယုတ္တော၊ ။
ဝိပ္ပယုတ္တဘာဝေန ဥပကာရကော ပစ္စယော ဝိပ္ပယုတ္တပစ္စယော၊

ဧကုပ္ပါဒါဒီဟိ၊ ဧကုပ္ပါဒ-အစရှိကုန်သော။စတုဟိ အဂံဟိ၊ အင်္ဂါ လေးပါးတို့နှင့်၊ ဝိပ္ပယုတ္တတာ၊မယှဉ်တတ်။ဇာတ်၊ ကြောင့်၊ ဝိပ္ပယုတ္တော၊ဝိပ္ပ ယုတ္တမည်၏။ ။ဝိပ္ပယုတ္တဘာဝေန၊ မယှဉ်သည်၏အဖြစ်ဖြင့်။ ဥပကာရ ကော၊သော ပစ္စယော၊သည်၊ဝိပ္ပယုတ္တပစ္စယော၊ဝိပ္ပယုတ္တပစ္စည်းမည်၏၊

အဓိပ္ပါယ်ကား....ဧကုပ္ပါဒစသော ဆိုအပ်ပြီးသော သမ္ပယုတ်လက္ခ ဏာသို့ မရောက်မူ၍၊ နာမ်နှင့်ရုပ်တို့၏ အချင်းချင်းမယှဉ်သည်၏ အဖြစ် ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။ ။ဟူလို။

ဧကဝတ္ထုကာဒိဘာဝါနုပဂမေန ဥပကာရကာ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ, အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၆)။

ဧကဝတ္ထုကာဒိဘာဝါနုပဂမေန၊ ဧကဝတ္ထုက အစရှိသည် တို့၏ အဖြစ်သို့ မကပ်ရောက်သောအားဖြင့်၊ ဥပကာရကာ၊ကုန်သော။ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ဓမ္မာ၊တရားတို့သည်။အရူပီနံ၊နာမ်ဖြစ်ကုန်သော၊ဓမ္မာနံ၊ တို့အား။ အရူပိနော၊နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်၊ ရူပီနံ၊ရုပ်ဖြစ်ကုန် သော၊ ဓမ္မာနံ၊ တို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော၊သည်။ဟောတိ၊၏။

ဤရုပ်နှင့်နာမ်တို့သည်၊ ဧကုပ္ပါဒစသော လက္ခဏာနှင့်မပြည့်စုံသော ကြောင့် ဝိပ္ပယုတ္တပစ္စည်းတပ်၏ ဟုဆိုသော်၊ငုင်းလက္ခဏာနှင့်ပင် မပြည့် စုံသော်လည်း၊ဒွေပဥ္စဝိညာဏ်စိတ်တို့သည်၊စက္ခုပသာဒရုပ်၌ မှီ၍ဖြစ်၏။ စိတ်,စေတသိက်တို့သည်၊ စိတ္တဇရုပ်တို့နှင့် အတူတကွဖြစ်ကြ၏။ ဤသို့ ဖြစ်သည်ကို ယှဉ်သည်-ဟုပင် ဆိုသင့်သည်မဟုတ်ပါလော-ဟူမူ ။ ဤသို့ မှီ၍တကွဖြစ်မှု,သဟဇာတ်ဖြစ်မှုကို ယှဉ်၍ဖြစ်၏-ဟုဆိုအပ်သော် လည်း သမ္ပယုတ္တပစ္စည်းတပ်၏ ဟုမဆိုအပ်၊ မဆိုထိုက်၊ တကွဖြစ်ခြင်း စသော သမ္ပယုတ် လက္ခဏာလေးပါးနှင့် ပြည့်စုံမှသာလျှင် သမ္ပယုတ္တ ပစ္စည်းတပ်နိုင်၏ ဤ၌ကား၊သမ္ပယုတ္တလက္ခဏာ လေးပါးမှ ပြန်သော ဝိပ္ပ ယု... လက္ခဏာနှင့်ပြည့်စုံခြင်းကြောင့် ဝိပ္ပယုတ္တပစ္စည်းတပ်၏ ဟုမှတ်။

ယုတ္တာနမ္ပိ သတံ ဝိပ္ပယုတ္တဘာဝေန နာနတ္တုပဂမနေန ဥပကာရကတာ ဝိပ္ပယုတ္တပစ္စယတာ။ ။မူလဋီကာ။ ။(၁၃၀)။

ယုတ္တာနမ္ပိ၊ ယှဉ်ကုန်သည်၊ သတံ၊ ဖြစ်ကုန်လင့်ကစား။ နာနတ္တုပဂမနေန၊ နာနာဝတ္ထုက-စသော ဝိပ္ပယုတ်လက္ခဏာလေးပါးသို့ ကပ်ခြင်း-ဟုဆိုအပ်သော။ ဝိပ္ပယုတ္တဘာဝေန၊ မယှဉ်သည့်၏အဖြစ်ဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏အဖြစ်သည်။ ဝိပ္ပယုတ္တပစ္စယတာ၊ ဝိပ္ပယုတ္တပစ္စည်းအဖြစ်မည်၏။

ရူပါရုံစသော ရုပ်တရားတို့သည်၊ စက္ခုဝိညာဏ် အစရှိသည်တို့နှင့် ဝိပ္ပယုတ် ဖြစ်သည်မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဝိပ္ပယုတ္တပစ္စည်းအရ မကောက်ပါသနည်း-ဟူမူ။ ။ငင်းရူပါရုံစသော ရုပ်တရားတို့သည်၊ စက္ခုဝိညာဏ်စသည်တို့နှင့် ဝိပ္ပယုတ်ကေန်ဖြစ်၏။ သို့သော်- ငင်းတရားတို့သည်၊ သမ္ပယုတ်တို့လော, ဝိပ္ပယုတ်တို့လော-ဟူသော ယုံမှားဖြစ်ဘွယ်ကား မရှိသောကြောင့် ဝိပ္ပယုတ္တ ပစ္စည်း၌ မကောက်ရလေကုန်။

ထိုစကားထင်ရှားစေအံ့၊ စက္ခုဝိညာဏ်စသော နာမ်တရားတို့သည်၊ စက္ခုပသာဒအစရှိကုန်သောဝတ္ထုရုပ်တရားတို့၏အတွင်းသန္တာန်မှထွက်ပေါ်ဖြစ်လာသကဲ့သို့ဖြစ်ကုန်၏၊ ထို့ကြောင့် ဤစက္ခုဝိညာဏ် စသော နာမ်တရားတို့သည်၊မိမိတို့၏မှီရာ ဤဆဝတ္ထုရုပ်တို့နှင့် သမ္ပယုတ်ဖြစ်ကုန်သလော, ထိုသို့မဟုတ်၊ ဝိပ္ပယုတ်ဖြစ်လေကုန်သလော- ဟုတွေးတောယုံမှားဘွယ်သည်ဖြစ်သင့်ဖြစ်ထိုက်၏။ရူပါရုံစသောအာရုံတရားတို့သည်ကား၊ ဆဝတ္ထုရုပ်ကိုမမှီကုန်၊ ဆဝတ္ထုကိုမှီ၍ ဖြစ်ကုန်သောနာမ်တရားတို့၏ အာရုံမျှသာ ဖြစ်ကုန်၏ ထို့ကြောင့် ထိုရူပါရုံစသော အာရုံတရားနှင့် စက္ခုဝိညာဏ်စသော နာမ်တရားတို့၌၊ သမ္ပယုတ်ဖြစ်ကုန်လေသလော-ဟူသော ယုံမှားတွေးတောဘွယ်မရှိ။ထို့ကြောင့် ဝိပ္ပယုတ္တပစ္စည်းမတပ်ကုန်၊ဝိပ္ပယုတ္တပစ္စည်း၌ အရမကောက်ရ-ဟုမှတ်။

ရူပါယတနာဒယော ပန အာရမ္မဏဓမ္မာ ကိဉ္စာပိ ဝိပ္ပယုတ္တဓမ္မာ၊ ဝိပ္ပယုတ္တပစ္စယာ ပန န ဟောန္တိ၊ ကိံကာရဏာ သမ္ပယောဂါသင်္ကာယ အဘာဝတော။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၁၂၄)။

ပန၊ဗျာဘိဒိက်ကိုဆိုဦးအံ့။ ရူပါယတနာဒယော၊ ရူပါရုံအစရှိကုန်သော။ အာရမ္မဏာဓမ္မာ၊ အာရုံတရားတို့သည်။ဝိပ္ပယုတ္တဓမ္မာ၊ ဝိပ္ပယုတ်တရားတို့သည်။ကိဥ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်၏။ ပန၊ ထိုသို့ဖြစ်ကုန်သော်လည်း။ဝိပ္ပယုတ္တပစ္စယာ၊ တို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ကိံ ကာရဏာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ သမ္ပယောဂါသင်္ကာယ၊ သမ္ပယုတ်လေလော-ဟူသောယုံမှားခြင်း၏၊အဘာဝတော၊ မရှိသောကြောင့်တည်း။

## ရုပ်အချင်းချင်းဝိပ္ပယုတ္တပစ္စည်းမထိုက်ပုံ။

ဤသို့အာရုံတရားတို့သည်၊သမ္ပယုတ်လေလော-ဟူသောယုံမှားဘွယ်မရှိ၊ ရချုဝိပ္ပယုတ်ဖြစ်သောကြောင့် ဝိပ္ပယုတ္တပစ္စည်း မတပ် ဟုဆိုသော်၊ ရုပ်အချင်းချင်းသည်-အဘယ့်ကြောင့် ဝိပ္ပယုတ္တပစ္စည်းမထိုက်ပါသနည်း၊ အတူတကွ ဖြစ်ကြ၍၊ သမ္ပယောဂလော-ဟူသော ယုံမှားဘွယ်ရှိသည်မဟုတ်ပါလော-ဟူမူ၊ ။ရုပ်အချင်းချင်းတို့သည်၊အသီးအခြားမဝေဘန်မခွဲခြား၊ အတူဘကွပင် ဖြစ်ကုန်လင့်ကစား၊ သမ္ပယုတ်အင်္ဂါမရှိကုန်၍၊ ဝိပ္ပယုတ်အင်္ဂါလည်း မရှိကုန်သောကြောင့်- ဝိပ္ပယုတ္တပစ္စည်းမထိုက်ကုန်ဟုမှတ်၊

> ယဒိ ဧဝံ ရူပါနံ ရူပေဟိ ကသ္မာ ဝိပ္ပယုတ္တ ပစ္စယော န ဝုတ္တောတိ၊ ရူပါနံ ရူပေဟိ သတိ အဝိနိဗ္ဘောဂေ သမ္ပယောဂေါ ဝိယ ဝိပ္ပယောဂေါ နတ္ထိဘိ န တေသံ ဝိပ္ပယုတ္တပစ္စယတာ။

မဟာဋီကာ။ ။(၂၃၉)၊

ယဒိ၊ အကယ်၍ ဝတ္ထုသဟဇာတ, ပစ္ဆာဇာတ၏ အစွမ်းအားဖြင့်ရှိကုန်သော တရားတို့၏ ဝိပ္ပယုတ္တပစ္စည်းသည်ရှိငြားအံ့၊ ဧဝံ-သတိ၊ ဤသို့ရှိပါမူ။ ရူပါနံ၊ ရုပ်တို့၏၊ ရူပေဟိ၊ ရုပ်တို့နှင့်၊ ဝိပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စည်းကို။ကသ္မာ၊ကြောင့်။ နဝုတ္တော၊ဟောတော်မမူအပ်ပါသနည်း။ ဣတိ-အယံ၊ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ရူပါနံ၊ရုပ်တို့၏။ ရူပေဟိ၊ရုပ်တို့နှင့်၊ဝါ၊တို့မှ။ အဝိနိဗ္ဘောဂေ၊အသီးမဝေဘန်၊ မခွဲခြမ်းခြင်းသည်။ သတိပိ၊ရှိသော်လည်း။ သမ္ပယောဂေါ၊ကေပ္ပါဒစသော သမ္ပယုတ်အင်္ဂါသည်။ နတ္ထိဝိယ၊ မရှိသကဲ့သို့၊ ဝိပ္ပယောဂေါ၊ ဝိပ္ပယုတ်အင်္ဂါသည်လည်း။နတ္ထိ၊မရှိသည်သာလျှင်တည်း။ (ဝိ-နှင့်-ဧဝ-ဂမျမန်)၊ ဣတိတသ္မာ၊

ကြောင့်။ တေသံ၊ ထိုရုပ်တရားတို့၏။ ဝါ၊ တို့အား။ ဝိပ္ပယုတ္တ ပစ္စယတာ၊ ရုပ်အချင်းချင်း ဝိပ္ပယုတ္တပစ္စည်းတပ်သည်၏ အဖြစ်သည်။ န အတ္ထိ၊ မရှိပေ။

## နိဗ္ဗာန်၏ဝိပ္ပယုတ္တပစ္စည်းမထိုက်ပုံ။

ဤသို့ ရုပ်နှင့်ရုပ်သည်၊ ဝိပ္ပယုတ္တပစ္စည်းမထိုက်ပါမူ၊ ရုပ်အချင်းချင်း ဖြစ်၍ဖြစ်ဘနိစေ၊ နိဗ္ဗာန်သည်၊ နာမ်တရားဖြစ်၍ ရုပ်တရားတို့နှင့်ဝိပ္ပယုတ္တ ပစ္စည်းဖြစ်သင့်သည် မဟုတ်ပါလော-ဟူမူ။ ။နိဗ္ဗာန်သည်၊နာမ်တရားပင် ဖြစ်သော်လည်း နာမ်တရား ဖြစ်ကုန်သော စိတ်, စေတသိက်တို့နှင့်ပင် သမ္ပယုတ်အင်္ဂါလက္ခဏာမရှိ၍ သမ္ပယုတ်မဖြစ်သကဲ့သို့၊ရုပ်တရားတို့နှင့် လည်း ဝိပ္ပယုတ်လက္ခဏာအင်္ဂါမရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်းမထိုက် ပေ။သို့ဖြစ်၍ ရုပ်အချင်းချင်းသည်ရင်း, ရုပ်နှင့်နိဗ္ဗာန်သည်ရင်း,သမ္ပယုတ်, ဝိပ္ပယုတ်မထိုက်၊ရုပ်နှင့်နာမ်တရားများသည်သာ၊ဝိပ္ပယုတ္တပစ္စည်းထိုက်၏။ ထိုကြောင့်-နိဒ္ဒေသပါဠိတော်၌ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ" ဟု ဟော တော်မူလေသတည်း။

နိဗ္ဗာနံ ပန ယထာ အရူပဓမ္မာနံ သမ္ပယုတ္တပစ္စယော န ဟောတိ၊
ဧဝံ ရူပဓမ္မာနံ ဝိပ္ပယုတ္တပစ္စယော န ဟောတိ။ ။

မဟာဋီကာ။ ။(၂၃၉)။

ပန၊ ဆက်။ ဝါ၊ ရုပ်၏ ဝိပ္ပယုတ္တပစ္စည်း မတပ်သည်မှတပါး၊ နိဗ္ဗာန်၏ ဝိပ္ပယုတ္တပစ္စည်း မတပ်ပုံကိုဆိုဦးအံ့။နိဗ္ဗာနံ၊သည်။အရူပဓမ္မာနံ၊နာမက္ခန္ဓာ တရားလေးပါးတို့အား။ သမ္ပယုတ္တပစ္စယော၊ သမ္ပယုတ္တပစ္စည်းတပ်သည်။ နဟောတိယထာ၊ မဟုတ်သကဲ့သို့။ ဧဝံတထာ၊တူ။ ရူပဓမ္မာနံ၊ရုပ်တရား တို့အား။ ဝိပ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စည်းတပ်သည်။ နဟောတိ၊ မဖြစ်ပေ။

## ဆောင်ပုဒ်။

က။ ။သမ္ပယုတ်နှင့်၊ဝိပ္ပယုတ်လက္ခဏာ၊မရှိရာ၊
မှတ်ပါ- ရုပ်ချင်းဝိပ္ပယုတ် ကင်းပုံဘည်း။

ခ ။ ။နိဗ္ဗာန်မှာလည်း၊ငင်းနည်း၊မှတ်ပြီးဝိပ္ပယုတ်ကင်း၏တည်း။

ဥပမာကား....အချို့အချဉ်, အစပ်,အခံ, အဖန်,အခါး- ဟူသော အရသာခြောက်ပါးတို့သည်၊အချင်းချင်း မနှီးနှောသောအားဖြင့် ကျေးဇူး ပြုသကဲ့သို့၊ ဝိပ္ပယုတ္တပစ္စည်းသည်လည်း မနှီးနှောသောအားဖြင့် ကျေးဇူး ပြု၏-ဟုမှတ်။

---

## ဝိပ္ပယုတ္တပစ္စည်း-သုံးချက်ခု။

၁။ ။ဝိပ္ပယုတ္တပစ္စည်းသည်- သဟဇာတ ဝိပ္ပယုတ်, ပုရေဇာတ ဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်, အားဖြင့် ၃-ပါးအပြားရှိ၏။ ထို၃-ပါးတို့တွင် သဟဇာတဝိပ္ပယုတ်၌၊ပဉ္စဝေါကာရဘုံ၌ဖြစ် ဆိုက်-ဖြစ်နေအရူပဝိပါက် ၄-ချ၊ဒွေပဉ္စဝိညာဏ်-၁၀၊ ရဟန္တာ တို့၏ စုတိစိတ်ကြဉ်သော စိတ်ပဉ္စသတ္တတိ၊ စေတသိက်ဒွေ ပညာသ၊အချင်းချင်းအား တပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊ ဟဒယဝတ္ထု။ ဤတရားတို့သည်၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်းတပ်သောတရားတို့မည်ကုန်၏။

၂။ ။စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ဟဒယဝတ္ထုမှ ထောက်အပ် သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ,ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု။ ဤတရားတို့ သည်၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

၃။ ။ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာမှတပါး စိတ်ဘရယုတ်ကိုး ဆယ်၊ စေတသိက်ဒွေပညာသ၊ ဗာဟိရရုပ်။ ပ။ ပဝတ္တိကမ္မဇ ရုပ်။ဤတရားတို့သည်၊သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စနိက် ဖြစ်သော တရားတို့မည်ကုန်၏။

(ပုရေဇာတ ဝိပ္ပယုတ်သည်၊ ပုရေဇာတနှစ်ပါးနှင့်တူ၏။ ပစ္ဆာဇာတ ဝိပ္ပယုတ်သည်၊ပစ္ဆာဇာတနှင့်တူ၏)။

---

## အဝယဝတ္ထု-အဓိပ္ပါယ်။

၁။ ။စိတ်, စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့သည်၊ အံတုတကွ သော်ကားဖြစ်၏၊ ရုပ်နှင့်နာမ်ဖြစ်၍ အသီးအသီးတခြားစီ

ဖြစ်သဖြင့် ယှဉ်ကား မယှဉ်သောကြောင့်-ဝိပ္ပယုတ်ဖြစ်၏။ ထို့ကြောင့် သဟဇာတဝိပ္ပယုတ်မည်၏။

၂။ ။စက္ခုပသာဒရုပ်စသောဝတ္ထုရုပ်နှင့်စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်တို့သည်၊ စပ်ယှဉ်မှီကပ်၍နေသော်လည်း၊ အသီးသီးပင် ဖြစ်၍ မယှဉ်ရကား ဝိပ္ပယုတ်ဖြစ်၏။ ၎င်းဝတ္ထုရုပ်တို့သည်၊ ပဉ္စဝိညာဏ် စိတ်တို့၏ ရှေးမဆွက ဖြစ်နှင့်ပြီးဖြစ်သောကြောင့် ပုရေဇာတဖြစ်၏၊ ထို့ ကြောင့်-ပုရေဇာတဝိပ္ပယုတ်မည်၏၊

၃။ ။ပဋိသန္ဓေ-စသော ရှေးရှေးစိတ်တို့နှင့်အတူ ဥပါဒ်သော ကေဇ ကာယ, ဒွိဇကာယ, တိဇကာယ စသော ရုပ်တရားအပေါင်းနှင့် နောက် နောက်မှ ဖြစ်ပေါ်လာသော စိတ်,စေတသိက်တို့သည် အတူတကွပေါင်း ဆုံလျက် မှီရာဘည်ရာဖြစ်သော်လည်း အသီးအသီး တခြားစီသာဖြစ်၍ ဝိပ္ပယုတ်ဖြစ်၏၊ မှီတတ်သော စိတ်စေတသိက်တို့သည်၊ နောက်နောက်မှ ဖြစ်ပေါ်လာ၍မှီသောကြောင့်-ပစ္ဆာဇာတဖြစ်၏။ ထို့ကြောင့်-ပစ္ဆာဇာတ ဝိပ္ပယုတ်မည်၏-ဟူမှပေ။

ပစ္စည်း၌၊ အရူပဝိပါက် ၄-ခုနှင့် ဒွေပဉ္စဝိညာဏ် ၁၀-တို့ကို ကြဉ်ရ ခြင်းကား၊ အရူပဘုံ၌ ရုပ်မရှိသောဘုံဖြစ်၍ ဝိပ္ပယုတ္တပစ္စည်းမတပ်သော ကြောင့် ကြဉ်ရသည်။ ဒွေပဉ္စဝိညာဏ် ၁၀-ကိုကား ရုပ်ကိုဖြစ်စေနိုင် သော စိတ်မဟုတ်သောကြောင့် ကြဉ်ရသည်။ ။(ကြွင်းလွှယ်ပြီ)။

---

## အတ္ထိပစ္စယော-အဘွင့်။

အတ္ထိဘာဝေန ဥပကာရကော ပစ္စယော အတ္ထိပစ္စယော။

အတ္ထိဘာဝေန၊ ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ဥပကာရကော၊ သော။ ပစ္စယော၊သည်။အတ္ထိပစ္စယော၊ အတ္ထိ-ပစ္စည်းမည်၏။ ။ဝိဂြိုဟ်အရ.... ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသည်၏အဖြစ်အားဖြင့်၊ ထိုသို့ပစ္စုပ္ပန် အားဖြင့် ထင်ရှားရှိသောတရားအား ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည်- အတ္ထိပစ္စည်းမည်၏။ ။ဟူလို။

ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ
ဥပတ္ထမ္ဘကတ္တေန ဥပကာရကော ဓမ္မော အတ္ထိပစ္စယော။ ။
ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၆)။

ပစ္စုပ္ပန္နလက္ခဏာနံ၊ ပစ္စုပ္ပန်သဘောဖြင့်။ဝါ၊ ပစ္စုပ္ပန်သဘော-ဟု ဆိုအပ်သော၊ အတ္ထိဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်အားဖြင့်။ တာဒိသသေဝ၊ ထိုသို့ထင်ရှားရှိသော သဘောရှိသည်သာလျှင် ဖြစ်သော၊ ဓမ္မဿ၊ပစ္စယုပ္ပန်တရားအား။ ဝါ၊ကို။ ဥပတ္ထမ္ဘကတ္တေန၊ ထောက်ပံ့တတ်သည့်၏အဖြစ်ဖြင့်။ ဥပကာရကော၊သော။ ဓမ္မော၊သည်။ အတ္ထိပစ္စယော၊ အတ္ထိ-ပစ္စည်းမည်၏၊

## အတ္ထိ-အရ၊ထင်ရှားရှိပုံ-အဓိပ္ပါယ်။

"အတ္ထိ မေ ပါပကမ္မံ ကတံ"-အရ၊ ငါ့အားပြုအပ်ပြီးသော မကောင်းမှုသည် အကျိုးမပေးသေးမှုအမြဲရှိ၏-ဟုရာဇ္ဇ၊ပြုပြီးသည့်၏အဖြစ်ဖြင့်အထူးပြုအပ်သော"အတ္ထိဘာဝ" ဟူသော ရှိသောအဖြစ်ဟူသည်၊ဥပါဒ်,ဌီ,ဘင်, ခဏတ္တယပစ္စုပ္ပန် ဆတ်ဆတ် ရကောင်းသော အတ္ထိ ဘာဝမျိုးမဟုတ်။ သရုပ်အားဖြင့်ဆိုသော်- ပြုအပ်ပြီးသော မကောင်းမှုကံ၏ အကျိုးမပြီးသေး, အကျိုးမပေးသေး, သည့်၏ အဖြစ်ကြောင့်သာလျှင်၊ "ငါ့ဝယ်-ခွေးပုတ်လည်ဆွဲပမာ၊ မကောင်းကျိုးခံစရာ၊ အကုသိုလ်ကံ ရှိချေပါတကား"ဟု လောကတွင်ဆိုရိုးစမှတ်၊ ပြုအပ်သောအတိတ်ဖြစ်သောအတ္ထိဘာဝမျိုးသာဖြစ်ချေသည်၊

"အတ္ထိပုဂ္ဂလော" အရ-အတ္ထိကား ပုဂ္ဂိုလ်-ဟူသောလောကပညတ်၏ လောကဥ္စရစကောင်းသည့်၏ အဖြစ်ကြောင့်ရင်း၊ ထိုပညတ်၏ စွဲသမ်းရာ ခန္ဓာငါးပါး၏ အစဥ်မပြတ်သေးသည့်၏ အဖြစ်ကြောင့်ရင်း၊ ဥပလဒ္ဓမာနတာလက္ခဏာရှိသော ပညတ်ဖြစ်သော အတ္ထိဘာဝသာ ဖြစ်ပေသည်။ ဝင်စစ်မှချဆတ်ဆတ် ပရမတ္ထသဘောအားဖြင့် ပစ္စုပ္ပန်ခဏတ္တယ၊ ရစကောင်းသော အတ္ထိဘာဝမျိုးမဟုတ်ချေ။ ။စင်စစ်သော်ကား....ဥပါဒ်,မှစ၍ ဘင်တိုင်အောင်သော ခဏတ္တယဖြစ်သော ခဏပစ္စုပ္ပန်သဘောရှိသော အတ္ထိဘာဝသည်သာ၊ အတ္ထိပစ္စည်းတပ်သော ထင်ရှားရှိသော အတ္ထိမျိုးမည့်၏-ဟုမှတ်။

> ပစ္စုပ္ပန္နလက္ခဏာနာတိ ပစ္စုပ္ပန္နသဘာဝေန။ တေန အတ္ထိ မေ ပါပကမ္မံ ကတန္တိ,အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နောတိ စ၊ဧဝမာဒီသု ဝုတ္တံ နိဗ္ဗုတ္တိတတ္တုပလဒ္ဓမာနတာလက္ခဏံ အတ္ထိဘာဝံ နိဝါရေတိ။ ။မူလဋီကာ။ ။(၁၃၀)။

ပစ္စုပ္ပန္နလက္ခဏောနာဝတိ၊ ကား။ ပစ္စုပ္ပန္နသဘာဝေန၊ ပစ္စုပ္ပန်သဘော ဖြင့်။တေန၊ထိုပစ္စုပ္ပန္နေန-ဟူသောပါဌ်ဖြင့်။"အဇ္ဈတ္တိ မေဝါပကမ္မံ ကာတဗ္ဗံ"၊ ဟူ၍ဋီကာ၏ "အဇ္ဈတ္တိ ပုဂ္ဂလော အဇ္ဈတ္တဟိတာယ ပဋိပ္ပန္နော ဝတိစ"၊ ဟူ၍ဋီကာ၏ ဇဝမာဒိသု၊ ဤသို့စသောပါဌ်တို့၌။ဝုတ္တံ၊ မိန့်ဆိုအပ်သော နိဒ္ဒေသဘတ္တ၊ ပလက္ခမာနတာ လက္ခဏံ၊ ပြုအပ်, ပြီးစေအပ်, ပြီးသည်၏ အဖြစ်ရအပ် ကောင်းသည်၏အဖြစ်ဟူသောမှတ်ကြောင်းသဘောရှိသော။အဇ္ဈတ္တိဘာဝံ၊ ရှိသည်၏အဖြစ်ကို။အာစရိယော၊ အဋ္ဌကထာဆရာသည်။ (ထည့်)။ နိဝါ ရေတိ၊မြစ်တော်မူ၏။

မှတ်ချက်။ ။အချို့စာတို့၌-နိဒ္ဒေသနုပလက္ခမာနတာလက္ခဏံ ဟုရှိ၏။
အနုဋီကာ၌-နိဒ္ဒေသာလက္ခဏံ-ဟုရှိ၏။မဏိမဉ္ဇူ၌ကား
နိဒ္ဒေသတုပလက္ခမာနတာလက္ခဏံ ဟုရှိ၏။

---

## အဇ္ဈတ္တိ-ပစ္စည်း၏ကျေးဇူးပြုပုံ။

ထိုအဇ္ဈတ္တိ-ပစ္စည်းသည်၊အဘယ်သို့ ကျေးဇူးပြုပါသနည်း။ ဇနကသတ္တိ ဖြင့် ကျေးဇူးပြုပါသလော-ဟူမူ၊ ။အဇ္ဈတ္တိပစ္စည်းသည်၊ ဥပါဒ်ခဏမှစ၍ ဘင်တိုင်အောင်၊ ခဏသုံးပါး၌ ကျေးဇူးပြုသော တရားမျိုးဖြစ်၏၊သို့သော် ဥပါဒ်ခဏထက် ငြိခဏ၌သာ အလွန်အကဲဖြစ်၏။ဥပါဒ်ခဏ၌ သတ္တိမလွန် ကဲပေ။ထို့ကြောင့် ဇနကသတ္တိကို မယူပါဘဲ၊ ဥပတ္ထမ္ဘကသတ္တိဖြင့်သာ ကျေးဇူးပြုလေသတည်း။

သတိ ပိ ဇနကတ္တေ ဥပတ္ထမ္ဘကပ္ပဓာနာ အဇ္ဈတ္တိဘာဝေန ဥပကာရကတာ။ ။မူလဋီကာ။ ။(၁၃၀)။

ဇနကတ္တေ၊ဖြစ်စေတတ်သည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အဇ္ဈတ္တိဘာဝေန၊ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ဥပကာရကဘာ၊ ကျေးဇူးပြုသည်၏ အဖြစ်သည်။ ဥပတ္ထမ္ဘကပ္ပဓာနာ၊ထောက်ပံ့တတ်သည်၏အဖြစ်လျှင် ပြဓာန်းခြင်းရှိ၏။

ဥပမာကား…ဟိမဝန္တာတောင်မင်းသည်၊မိမိကိုမှီသော မြက်,သစ်ပင် အစရှိသည်တို့အား စည်ပင်ပြန့်ပွါးစေခြင်းငှာ မိမိထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြု တတ်သောတရားသည်-အဇ္ဈတ္တိပစ္စည်းမည်၏။

### အတ္ထိပစ္စည်း-သုံးချက်ရုံး

အတ္ထိပစ္စည်းသည်၊ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ,အာဟာရတ္ထိ,ဣန္ဒြိယတ္ထိ,အားဖြင့်ငါးပါးအပြားရှိ၏၊ထိုငါးပါးတို့တွင်၊ သဟဇာတတ္ထိသည်၊ သဟဇာတသုံးပါးနှင့်တူ၏။ ပုရေဇာတတ္ထိသည်၊ ပုရေဇာတ ၂-ပါးနှင့်တူ၏။ ပစ္ဆာဇာတတ္ထိသည်၊ ပစ္ဆာဇာတနှင့်တူ၏။ အာဟာရတ္ထိသည်၊ ရုပ်အာဟာရနှင့်တူ၏။ ဣန္ဒြိယတ္ထိသည်၊ရူပဇီဝိတိန္ဒြေနှင့်တူ၏။

---

### အဝယဝတ္ထု-အဓိပ္ပါယ်။

နိဗ္ဗာန်သည်၊ အဘယ့်ကြောင့် အတ္ထိပစ္စည်းမတပ်ပါသနည်း။ နိဗ္ဗာန်သည်၊ ထင်ရှားရှိသော တရားဖြစ်သည့်မဟုတ်ပါလော-ဟူမူ။ ။အတ္ထိပစ္စည်းဟူသည်၊ပစ္စုပ္ပန်အားဖြင့် ထင်ရှားရှိမှသာ ကျေးဇူးပြုနိုင်၏။ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိပါမူ ကျေးဇူးမပြုနိုင်သော တရားမျိုး ဖြစ်သဖြင့်၊ နိဗ္ဗာန်တရားကား၊ အခါခပ်သိမ်းတည့်ရှိနေသော တရားမျိုးဖြစ်ရကား၊ ပစ္စုပ္ပန်အားဖြင့် ထင်ရှားရှိ၏ဟုမဆိုရ။အတ္ထိဘာဝသတ္တိမရှိ။ ထိုသို့အတ္ထိဘာဝသတ္တိမရှိသောကြောင့် အတ္ထိပစ္စည်းမတပ် ဟုမှတ်။

တနည်း....ဥပါဒ်, ဌီ, ဘင်- ခဏနှင့်ယှဉ်သော သင်္ခတတရားမျိုးသာလျှင် အတ္ထိဘာဝသတ္တိ, နတ္ထိဘာဝ သတ္တိရှိနိုင်၏။ ဝါ၊ ထင်ရှားရှိမှုဖြင့် ကျေးဇူးပြုခြင်း,မရှိသောအားဖြင့် ကျေးဇူးပြုနိုင်ခြင်း ၂-မျိုးရှိနိုင်၏။ဥပါဒ်, ဌီ, ဘင်- ခဏနှင့် မယှဉ်သော အခါခပ်သိမ်း အမြဲထင်ရှားရှိနေသော အသင်္ခတနိဗ္ဗာန်ကား၊ ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုမှု-ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုမှု မရကောင်းပေ။ ထို့ကြောင့် ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အတ္ထိပစ္စည်းမတပ်နိုင်-ဟုသိ။

ယော ဟိ အတ္ထိဘာဝါဘာဝေန အနုပကာရကော အတ္ထိဘာဝံ လဘိတွာ ဥပကာရကော ဟောတိ၊ သော အတ္ထိပစ္စယော ဟောတိ။ နိဗ္ဗာနဉ္စ နိဗ္ဗာနာရမ္မဏာနံ န အတ္တနော အတ္ထိဘာဝါဘာဝေန အနုပကာရကံ ဟုတွာ အတ္ထိဘာဝလာဘေန ဥပကာရကံ ဟောတီတိ။ဥပ္ပါဒါဒိယုတ္တာနံ ဝါ နတ္ထိဘာဝေါ ပကာရကတာ ပိရင္ဒေါ ဥပကာရကဘာဝေါ အတ္ထိပစ္စယဘာဝေါ န နိဗ္ဗာနံ အတ္ထိပစ္စယော ဟောတိ။ ။မူလဋီကာ၊ ။(၁၄၆)။

ဟိယသ္မာ၊ အကြင်ကြောင့်။ ယော၊အကြင်တရားသည်။ အတ္ထိဘာဝါဘာဝေန၊ ပစ္စုပ္ပန်အဖြစ်အားဖြင့် ရှိသည်၏အဖြစ်၏ မရှိခြင်းကြောင့်။ အနုပကာရကော၊အတ္ထိပစ္စည်းဖြင့် ကျေးဇူးမပြုတတ်။အတ္ထိဘာဝံ၊ပစ္စုပ္ပန်အားဖြင့် ရှိသည်၏အဖြစ်ကို။ လဘိတွာ၊ရ၍။ ဝါ၊ရပါမှ။ ဥပကာရကော၊ အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုတတ်သည် ဟောတိ၊၏။သော၊ထိုတရားသည်။ အတ္ထိပစ္စယော၊ အတ္ထိပစ္စည်းမည်သည်။ဟောတိ၊၏။ နိဗ္ဗာနဉ္စ၊နိဗ္ဗာန်သည်ကား။နိဗ္ဗာနာရမ္မဏာနံ၊နိဗ္ဗာန်လျှင်အာရုံရှိသောတရားတို့အား။အတ္တနော၊ နိဗ္ဗာန်ဟုဆိုအပ်သောမိမိ၏။ အတ္ထိဘာဝါဘာဝေန၊ ရှိသည့်အဖြစ်၏ မရှိခြင်းကြောင့်။ အနုပကာရကံ၊ ကျေးဇူးမပြုတတ်သည်။ ဟုတွာ၊ ဖြစ်၍။ အတ္ထိဘာဝလာဘေန၊ ရှိသည်၏ အဖြစ်ကိုရခြင်းကြောင့်၊ ဥပကာရကံ၊ ကျေးဇူးပြုတတ်သည်။ နဟောတိ၊မဖြစ်။ ဣတိတသ္မာ၊ထို့ကြောင့်။နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိပစ္စယော၊အတ္ထိပစ္စည်းတပ်သည်။ နဟောတိ၊မဖြစ်၊ဝါ၊ ကား။ဥပ္ပါဒါဒိယုတ္တာနံ၊ဥပါဒ်အစရှိသည်နှင့် ယှဉ်ကုန်သော သင်္ခတတရားတို့၏။နတ္ထိဘာဝေါပကာရကတာဒိဝိရဟော၊မရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်အစရှိသည်နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ဥပကာရကဘာဝေါ၊ကျေးဇူးပြုတတ်သည်၏အဖြစ်သည်။ဝါ၊ကျေးဇူးပြုတတ်သော သတ္တိသည်။ အတ္ထိပစ္စယတာ၊ အတ္ထိပစ္စည်းအဖြစ်မည်၏။ ဝါ၊အတ္ထိပစ္စယသတ္တိမည်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊သည်။ နအတ္ထိပစ္စယော၊ အတ္ထိပစ္စည်းမတပ်။

သဟဇာတတ္ထိသည်၊သဟဇာတသုံးပါးနှင့်တူ၏-ဟုဆိုရာဝယ်၊ အရတရားကိုယ် အားဖြင့်သာ တူ၏။ သဘောသတ္တိကား မတူ- ဟုမှတ်။ သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်မှု သဟဇာတ သတ္တိအားဖြင့် ကျေးဇူးပြုမှုသည်၊သဟဇာတပစ္စည်းမည်၏။ ၎င်းသဟဇာတ်တရားတို့၏ ဥပါဒ်, ဌီ, ဘင်အားဖြင့် မချုပ်မီ ခဏတ္တယ၌ ထင်ရှားရှိမှု- အတ္ထိဘာဝသတ္တိဖြင့် ကျေးဇူးပြုမှုသည်၊အတ္ထိပစ္စည်းမည်၏-ဟုမှတ်။ ။အခြားသော တူ၏ ဟုဆိုရာ-ဌာနမှန်သမျှတို့၌ ဤနည်းအတိုင်းမှတ်။

ပစ္စယလက္ခဏမေဝ ဟောတ္တ နာနံ။ ပစ္စယာနံ ပန ပစ္စယုပ္ပန္နာနဉ္စ
နာနာကရဏံ နတ္ထိ။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၂၈)။

ဟိ၊မှန်၏။ဝါ၊ အထူးကား။ ဧတ္တ၊ဤတွင်၏-ဟုသွန်းရေပစ္စည်းမှန်သမျှ၊ ပစ္စယလက္ခဏမေဝ၊ ပစ္စည်းအချင်းချင်းတို့၏ သဘော လက္ခဏာသည့် သာလျှင်။နာနံ၊ထူး၏။ပန၊ဇျတိရိက်ကား။ဝါ၊မထူးပုံကား။ပစ္စယာနန္ဒ၊ပစ္စည်း တရားအရဘို့၏ရင်း။ပစ္စယုပ္ပန္နာနန္ဒ၊ပစ္စယုပ္ပန်အရဘို့၏ရင်း။နာနာကရဏံ၊ အထူးကိုပြုခြင်းသည်။နတ္ထိ၊မရှိ၊

**ဆောင်ပုဒ်၊**

အမြဲမပြတ်၊ဖြစ်လတ်နိဗ္ဗာန်၊ပစ္စုပ္ပန်သဘော၊
မရှိသော၊မှတ်လော-အတ္ထိမတပ်ပုံ။

---

## နတ္ထိပစ္စယော-အဘွင့်။

နတ္ထိဘာဝေန ဥပကာရကော ပစ္စယော နတ္ထိပစ္စယော၊

နတ္ထိဘာဝေန၊ ထင်ရှားမရှိသည်၏ အဖြစ်ဖြင့်။ဥပကာရကော၊ သော။ ပစ္စယော၊ သည်။ နတ္ထိပစ္စယော၊ နတ္ထိ-ပစ္စည်းမည်၏၊ ။ဝိဂြိုဟ်အရ.... ထင်ရှားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းသည်-နတ္ထိပစ္စည်း မည်၏၊ ။ဟူလို။

## ထင်ရှားမရှိပုံ-အဓိပ္ပါယ်။

မိမိ၏ အခြားမဲ့၌ ဖြစ်ဆဲဖြစ်ကုန်သော နာမ်တရားတို့အား ဖြစ်ခြင်း၏ အခွင့်ကို ပေးသကဲ့သို့ဖြစ်၍ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်, စေတသိက်တရားတို့သည်၊မိမိ၏နောက်၌ အကျိုးပစ္စယုပ္ပန်တရားများ ဖြစ်ပေါ်လာသောအခါ၊ချုပ်ငြိမ်းလေပြီ ဖြစ်၍၊ ထင်ရှား မရှိတော့ပြီ၊ ဤသို့ ထင်ရှားမချုပ်သေးမီကား နောက်စိတ်မဖြစ်နိုင်သေး၍ ကျေးဇူးမပြုနိုင် သေး, ပစ္စည်းမဘဝ်နိုင်သေး။ ချုပ်ငြိမ်းကင်းပျောက်၍ ထင်ရှားမရှိပါမှ နောက်စိတ်ဖြစ်ခွင့်ရ၍ ကျေးဇူးပြုနိုင်သောပစ္စည်းကို နတ္ထိပစ္စည်းဟုဆိုလို သည်။

> အတ္တနော အနန္တရံ ဥပ္ပဇ္ဇမာနာနံ အရူပဓမ္မာနံ ပဝတ္တိ ဩကာသဿ ဒါနေန ဥပကာရကာ သမနန္တရနိရုဒ္ဓါ အရူပဓမ္မာ နတ္ထိ ပစ္စယော။ ။ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၇)။

အတ္တနော၊မိမိ၏၊ အနန္တရာ၊ အခြားမဲ့၌။ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ဆဲဖြစ်ကုန် သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့အား။ပဝတ္တိဩကာသဿ၊ ဖြစ်ခြင်း၏

အခွင့်ကို။ ဒါနေန၊ပေးသဖြင့်။ ဥပကာရကာ၊ ကျေးဇူးပြုကုန်သော။ သမနန္တရ နိရုဒ္ဓါ၊ ကောင်းစွာအခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော။ အရူပဓမ္မာ၊ တို့သည်။ နတ္ထိ ပစ္စယော၊ နတ္ထိပစ္စည်းသည်။ဟောတိ၊ဖြစ်ကုန်၏။

**ဥပမာကား**....ညဉ့်၏ ကင်းခြင်းသည်၊ နေ့ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့ရှိရင်း၊ ဆီမီး၏ငြိမ်းခြင်းသည်၊ အမိုက်ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့ရှိရင်း၊ မရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းပြုသော ပစ္စည်းသည်-နတ္ထိပစ္စည်းမည်၏-ဟူသတည်း။ ၎င်းနတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် တူလေ၏။

ထင်ရှားမရှိသောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းသည်-နတ္ထိပစ္စည်း မည်၏ ဆိုသော်၊ ပထမဘဝင်စသော ရှေးထက် ရှေးချုပ်လေပြီးသော စိတ်အပေါင်းသည်လည်း ထင်ရှားမရှိသည်ဖြစ်၍၊ ပဌမ ဘဝင်စသော နောက်နောက်သော စိတ်အား နတ္ထိပစ္စည်း တပ်နိုင်ပါသလော၊ နတ္ထိ- အရယူသင့်ပါသလော-ဟူမူ။ ။ရှေးထက်ရှေးချုပ်လေပြီးသော အခြားမဲ့ မဟုတ်ကုန်သော စိတ်တို့သည် ထင်ရှားမရှိသည်မှန်သော်လည်း နတ္ထိ ပစ္စည်းမတပ်နိုင်ကုန်။အကြောင်းသော်ကား....ထိုရှေးထက်ရှေးဖြစ်သော အခြားမဲ့မဟုတ်သော စိတ်အပေါင်းသည်၊နောက်နောက်စိတ်ပေါင်းများစွာ ကွာခြားပြီးမှ ဖြစ်ပေါ်လာသော စိတ်ဖြစ်ဖို့ရန် အခွင့်ပေးသကဲ့သို့ မဖြစ် စေနိုင်၊ အနန္တရဖြစ်သော အခြားမရှိမူ၍ကပ်လျက် ချုပ်ငြိမ်းသွားသော စိတ်သည်သာ နောက်ဆက်၍ဖြစ်မည့်ဆဲဆဲစိတ်၏ ဖြစ်ပေါ်ဖို့ရန် အခွင့် ပေးသကဲ့သို့ ဖြစ်နိုင်သောကြောင့်-နတ္ထိပစ္စည်းတပ်နိုင်ပါသတည်း။

> သတိ ပိ ပုရိမတရစိတ္တာနံ နတ္ထိဘာဝေ န တေန တာနိ နတ္ထိ ဘာဝေန ဥပကာရကာနိ။ အနန္တရမေဝ ပန အတ္တနော အတ္ထိ ဘာဝေန ပဝတ္တိဩကာသံ အလဘမာနာနံ နတ္ထိဘာဝေန ပဝတ္တိ ဩကာသံ ဒဒမာနံ ဝိယ ဥပကာရကံ ဟောတိ။ ။

မဟာဋီကာ။ ။(၂၄၁)။

ပုရိမတရစိတ္တာနံ၊ အခြားမဲ့မဟုတ်သည်ဖြစ်၍၊ ရှေးထက်ရှေးဖြစ်ကုန် သော စိတ်တို့၏။ နတ္ထိဘာဝေ၊ မရှိသည်၏အဖြစ်သည်။ သတိပိ၊ဖြစ်သင့် ကစား။ တာနိ၊ထိုအခြားမဲ့မဟုတ်သည်ဖြစ်၍၊ ရှေးထက်ရှေးဖြစ်ကုန်သော စိတ်တို့သည်။ တေနနတ္ထိဘာဝေန၊ ထိုမရှိသည်၏ အဖြစ်ဖြင့်။ ဥပကာရ

ကာနိ၊ကုန်သည်။နဟောန္တိ၊မဖြစ်ကုန်။ပန၊ အလျှောက်ကိုဆိုဦးအံ့။ဒ္ဓနန္တရ မေဝ၊အခြားမရှိသောစိတ်သည်သာလျှင်။အတ္တနော၊မိမိ၏၊အတ္ထိဘာဝေန၊ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ ဝါ၊ ကြောင့်၊ ပဝတ္တိဩကာသံ၊ ဖြစ်ခြင်း၏ အခွင့်ကို။ ဝါ၊ ဖြစ်စေခြင်းငှာ အခွင့်ကို၊ အလဘမာနာနံ၊ မရကုန်သော ပစ္စယုပ္ပန် တရားတို့အား။ နတ္ထိဘာဝေန၊ မိမိမရှိသည်၏ အဖြစ်ဖြင့်၊ဝါ၊ ကြောင့်။ပဝတ္တိဩကာသံ၊ဖြစ်ခြင်း၏အခွင့်ကို၊ဝါ၊ဖြစ်စေခြင်းငှာအခွင့်ကို။ ဒဒမာနံဝိယ၊ပေးသကဲ့သို့။ဥပကာရကံ၊သည်။ဟောတိ၊၏။

**ဆောင်ပုဒ်။**

က။ ။အခြားရှိက၊ချေးရှေးကျ၊ကင်းပ-နတ္ထိပစ္စည်းတည်း။
ခ။ ၊အခြားမရှိ၊ဖြစ်တုံဘိ၊ဘပ်၏-နတ္ထိပစ္စည်းတည်း။

---

**ဝိဂတပစ္စယော-အခွင့်။**

ဝိနာသံ ဂတောတိ ဝိဂတော၊ ။
ဝိဂန္တိဿ နိရုဇ္ဈိဿာတိ ဝါ ဝိဂတော။

ယော၊အကြင်ပစ္စည်းတရားသည်။ ဝိနာသံ၊ချုပ်ပျက်ခြင်းသို့။ ဂတော၊ ရောက်သည်တည်း၊ ဣတိ၊ကြောင့်၊သော၊ သည်။ ဝိဂတော၊ ဝိဂတပစ္စည်း မည်၏။ ။ဝါ၊တနည်းကား၊ဝိဂန္တိဿ-နိရုဇ္ဈိဿ၊ချုပ်ငြိမ်းပြီ၊ ဣတိ၊ကြောင့်။ ဝိဂတော၊မည်၏။

ဝိဂတဘာဝေန ဥပကာရကော ပစ္စယော ဝိဂတပစ္စယော။

ဝိဂတဘာဝေန၊ ချုပ်ငြိမ်းကင်းပျောက်သည်၏ အဖြစ်ဖြင့်။ ဥပကာရကော၊ သော၊ပစ္စယော၊ သည်။ ဝိဂတပစ္စယော၊ဝိဂတပစ္စည်းမည်၏။ ။ ဝိဂြိုဟ်အရ....ချုပ်ငြိမ်းကင်းပျောက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသော နတ္ထိ-ပစ္စည်းမျိုးသည်-ဝိဂတပစ္စည်းမည်၏၊ ။ဟူလို၊

တေ ဧဝ ဝိဂတဘာဝေန ဥပကာရကတ္တာ ဝိဂတပစ္စယာ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၇)။

တေ ဧဝ၊ ထိုနတ္ထိပစ္စည်းတပ်သော တရားတို့သည်ပင်လျှင်။ ဝိဂတ ဘာဝေန၊ကင်းသည်၏အဖြစ်ဖြင့်၊ဥပကာရကတ္တာ၊ကျေးဇူးပြုတတ်သည် ၏အဖြစ်ကြောင့်။ဝိဂတပစ္စယာ၊ ဝိဂတပစ္စည်းမည်သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။

ဥပမာကား....နေရောင်၏ကင်းခြင်းသည်လရောင်ဖြစ်ခြင်း၌ကျေးဇူး ပြုသကဲ့သို့။ ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည်- ဝိဂတပစ္စည်းမည်၏ ဟူသိ။

**နတ္ထိပစ္စည်းနှင့်-ဝိဂတပစ္စည်းအထူး။**

ဤဝိဂတပစ္စည်း၏ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်တို့သည်၊နတ္ထိပစ္စည်းနှင့်တူ ကုန်၏။ဤသို့တူပါက၊နတ္ထိပစ္စည်းကိုသာဟောတော်မူသင့်၏။ဝိဂတပစ္စည်း ကို မဟောသင့်ပေ။ အဘယ့်ကြောင့်ဟောတော်မူပါသနည်း-ဟူမူ။ ॥ မရှိခြင်းမျှဖြင့်ချုပ်သည်၏အခြားမဲ့၌ နောက်ပစ္စယုပ္ပန်တရား၏ ဖြစ်ခြင်း၏ အခွင့်ကို ပေးသောအားဖြင့် ကျေးဇူးပြုခြင်းသည်- နတ္ထိပစ္စည်းမည်၏။ သဘော၏ ကင်းခြင်းဖြင့် သဘောမကင်းသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသောပစ္စည်းသည်-ဝိဂတ-ပစ္စည်းမည်၏။

တနည်း... ချုပ်ခြင်း၏ အခြားမဲ့ဖြစ်သော ဆိတ်သည်၏အဖြစ်သည်- နတ္ထိပစ္စည်းမည်၏၊ချုပ်ခြင်းသို့ ရောက်သည်၏အဖြစ်သည် ဝိဂတပစ္စည်း မည်၏-ဟုမှတ်။

> ဧတ္ထ စ အဘာဝမတ္တေန ဥပကာရကတာ ဩကာသဒါနံ နတ္ထိ ပစ္စယတာ၊သဘာဝဝိဂမေန အပ္ပဝတ္တမာနာနံ သဘာဝဝိဂမေန ဥပကာရကတာ ဝိဂတပစ္စယတာ။ နတ္ထိတာ စ နိရောဓာနန္တရ သုညတာ ဝိဂတတာ နိရောဓပ္ပတ္တတာ၊ အယမေတေသံ ဝိသေ သော။ ॥မူလဋီကာ။ ॥(၁၃၀)॥

စ၊အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ဤနတ္ထိပစ္စည်း,ဝိဂတပစ္စည်း ၂-ပါးတို့တွင်။ ဝါ၊တို့၌။အဘာဝမတ္တေန၊ဖြစ်ပြီး၍မရှိခြင်းမျှဖြင့်။ ဩကာသဒါနံ၊ဖြစ်ခြင်း၏ အခွင့်ကို ပေးခြင်းဟူသော။ ဥပကာရကတာ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်သည်။ နတ္ထိပစ္စယတာ၊နတ္ထိပစ္စည်း၏အဖြစ်မည်သည်။ဟောတိ၊ ၏။ သဘာဝဝိဂမေန၊ သဘော၏ မကင်းခြင်းဖြင့်။ ဝါ၊ သဘာဝဓမ္မ၏ကင်း ခြင်းဖြင့်။ ဥပကာရကတာ၊ သည်။ ဝိဂတပစ္စယတာ၊ ဝိဂတပစ္စည်း ၏- အဖြစ်မည်သည်။ ဟောတိ၊၏ စ၊တနည်းသော်ကား။ဝါ၊ ဆက်။ နတ္ထိတာ၊ နတ္ထိ၏ အဖြစ်ဟူသည်။ နိရောဓာနန္တရာ၊ ချုပ်ခြင်း၏ အခြားမဲ့ဖြစ်သော။ သုညတာ၊ ဆိတ်သည်၏ အဖြစ်တည်း။ ဝိဂတတာ၊ ဝိဂတ၏ အဖြစ် ဟူသည်။ နိရောဓပ္ပတ္တတာ၊ ချုပ်ခြင်းသို့ ရောက်သည်၏ အဖြစ်တည်း။

ဆိုတိ၊ဤသို့ဖော်ပြ၍ ဤနဇ္ဈတ္တပစ္စည်း,ဝိဂတပစ္စည်းတို့၏၊အလံ-ဝိသေသသော၊ ဤပြဆိုအပ်ပြီးသောအထူးကို။ဝေဒိတဗ္ဗော၊၏။

ဆောင်ပုဒ်။

က။ ။ချုပ်ငြိမ်းကာဖြင့်၊ခွင့်ပေးထင့်၊မှတ်ချင့်-နတ္ထိဘာ၊

ခ။ ။သဘောကင်းခါ၊ထောက်ပံ့ပါ၊မှတ်ရာ-ဝိဂတာ။

---

အဝိဂတပစ္စယော-အဘွင့်။

န ဝိဂတောတိ အဝိဂတော။ ။အဝိဂတဘာဝေန
ဥပကာရကော ပစ္စယော အဝိဂတပစ္စယော။ ။

ဝိဂတော၊ကင်းသည်။န၊မဟုတ်။ဣတိ၊ကြောင့်။အဝိဂတော၊အဝိဂတ-မည်၏။ ။အဝိဂတဘာဝေန၊မကင်းသည်၏အဖြစ်ဖြင့်၊ ဥပကာရကော၊ သော။ပစ္စယော၊သည်။အဝိဂတပစ္စယော၊မည်၏။ ။

အဓိပ္ပါယ်ကား.... မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အဇ္ဈတ္တပစ္စည်းမျိုးသည်-အဝိဂတပစ္စည်းမည်၏။ ။ဟူလို၊

အတ္ထိပစ္စယဓမ္မာ ဧဝ အဝိဂတဘာဝေန ဥပကာရကတ္တာ
အဝိဂတပစ္စယောတိ ဝေဒိတဗ္ဗော။ ။

ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၂၉၇)

အတ္ထိပစ္စယဓမ္မာ ဧဝ၊အတ္ထိပစ္စည်းတပ်သော တရားတို့ပင်လျှင်။ အဝိဂတဘာဝေန၊ မကင်းသည်၏အဖြစ်ဖြင့်။ ဥပကာရကတ္တာ၊ကြောင့်။ အဝိဂတပစ္စယော၊အဝိဂတပစ္စည်းမည်၏။ဣတိ၊သို့။ဝေဒိတဗ္ဗော၊၏။

ဥပမာကား....မဟာသမုဒ္ဒရာသည်၊ မိမိကိုမှီကုန်သော ငါး, လိပ်, မကန်း-စသည်တို့အား၊ဗီတိသောမနသာကို ပွါးစေခြင်း၌ မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊မိမိသဘောမှ မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည်- အဝိဂတပစ္စည်းမည်၏-ဟုမှတ်။

အတ္ထိပစ္စည်းနှင့်-အဝိဂတပစ္စည်းအထူး။

မိမိထင်ရှားရှိသည်၏အဖြစ်ဖြင့် သဘောနှင့်တကွ ဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသည်၏အဖြစ်သည်၊ အတ္ထိပစ္စည်းမည်၏။ သဘော

လက္ခဏာမှမကင်းသဖြင့် ချုပ်ခြင်း ဘင်သို့မရောက်ခြင်းဖြင့် ကျေးဇူးပြုသည်၏အဖြစ်သည်-အဝိဂတပစ္စည်းမည်၏-ဟုသိ။

တထာ အတ္ထိတာယ သသဘာဝတာယ ဥပကာရကတာ အတ္ထိပစ္စယတာ၊သဘာဝ ဝိဂမေန နိရောဓေဿ အပ္ပတ္တိယာ ဥပကာရကတာ အဝိဂတပစ္စယတာတိ။ ။မူလဋီကာ။ ။(၁၃၀)။

တထာ၊ ထို-နတ္ထိပစ္စည်း, ဝိဂတပစ္စည်းများ ထူးခြားသည်အတူပင်။ အတ္ထိတာယ၊ မိမိထင်ရှား ရှိသည်၏ အဖြစ်ဖြင့်။ သသဘာဝတာယ၊ သဘောနှင့်တကွ ဖြစ်သည်၏အဖြစ်ဖြင့်။ ဥပကာရကတာ၊သည်။ အတ္ထိပစ္စယတာ၊မည်၏၊ သဘာဝဝိဂမေန၊သဘောလက္ခဏာမှ မကင်းသဖြင့်။ နိရောဓေဿ၊ချုပ်ခြင်းသို့။အပ္ပတ္တိယာ၊မရောက်ခြင်းဖြင့်။ ဥပကာရကတာ၊သည်။အဝိဂတပစ္စယတာ၊မည်၏။ဣတိ၊ဤသို့သိလေ။

**ဆောင်ပုဒ်။**

က။ ။ထင်ရှားရှိမှု၊ ကျေးဇူးပြု၊ မှတ်ရှု- အတ္ထိတာ။

ခ ။ ။သဘောမကင်း၊ပြုတုံလျှင်း၊မှတ်မင်း-အဝိဂတာ။

---

**ဥယျောဇဉ်ဂါထာ။**

ဝိသေသသတ္တိ သမ္ဘူ၊ဥတ္တာ တထာဂတေန ယော။
စတုဝိသတိပစ္စယော၊အတိဂမ္ဘီရဝိတ္ထာရော။ ။
တေသု တေသု ပစ္စယေသု၊နယာ ဂမ္ဘီရဝိတ္ထာရာ။
သင်္ခေပတော နယဂမ္ဘီရ၊တံတံ ငါတြိ သုပေက္ခိယ။ ။
ဝိတ္ထာရ ဂမ္ဘီရညာဏေန၊ဂမ္ဘီရညာဏမာဝဟာ။
ဝိပဿနံ သုဝိဖုလ္လံ၊ဩတရန္တု မနောရမံ။ ။

တထာဂတေန၊ မြတ်စွာဘုရားရှင်သည်။ (ကေဝလဒဗ္ဗာပေက္ခတ္တ)။ သဗ္ဗံ၊ အလုံးစုံသော။ ဝိသေသသတ္တိဥ္စ၊ ပစ္စည်းတို့၏သာမညသတ္တိမျှမက၊ ဝိသေသသတ္တိကိုရင်း။ဝါ၊သာမညသတ္တိ-ဝိသေသသတ္တိ ၂-ပါးကို။(စသဒ္ဒါ သမုစ္စည်း၊ နိဂ္ဂဟိတ်ဆန်းကြောင့်ကျေ။ ဝါ၊ဒုတိယတ္ထ၌ ပထမာသက်)။ ဥတ္တာ၊ ပိုင်းခြားထင်ထင်၊ သိမြင်တော် မူပြီး၍။ အတိဂမ္ဘီရဝိတ္ထာရော၊ အလွန်တရာနက်နဲ ဆန်းကြယ်လှစွာသော။ယော စတုဝိသတိပစ္စယော၊

အကြင် ၂၄-ဖြာသော ပဋ္ဌာန်းပစ္စည်းဒေသနာတော်ကို။ ဝုတ္တာ-ဝုတ္တော၊
ဟောတော်မူအပ်ပြီ၊ ဝုတ္တာ၊ မြတ်စွာဘုရားဟောကြားတော်မူအပ်ကုန်
သော။ဝါ၊ကုန်သောကြောင့်၊(နယာ-၌စပ်)။ ဝါ၊ဝုတ္တာ-ဝုတ္တေသု၊ကုန်သော၊
(ပစ္စယေသု-၌ပင်စပ်)။ တေသုတေသုပစ္စယေသု၊ထိုထို ၂၄-ပစ္စည်းတို့၌။
နယာ၊ ထူးထွေများစွာ၊ အဖြာဖြာသော နည်းတို့သည်။ ဂမ္ဘီရဓိတ္တရာ၊
အလွန်တရာမှနက်နဲ့ဆန်းကြယ်လှပါပေကုန်တကား။ဝါ၊အလွန်တရာနက်နဲ
ဆန်းကြယ်လှသောကြောင့်။ သဗ္ဗေသံ၊ အလုံးစုံသော ၂၄-ပစ္စည်းတို့၏။
စိတြာ၊ ဆန်းကြယ်လှစွာသော။ နယဂမ္ဘီရံ၊ အထူးထူးသောနည်းတို့ဖြင့်
နက်နဲလှစွာသောအနက်အဓိပ္ပါယ်ရှိသော။ ဝါ၊ အဘွင့်ဖြစ်သော။ တံတံ၊
ထိုထိုသို့သော ပဋ္ဌာန်းအဋ္ဌကထာ,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,မူလဋီကာ,မဟာ
ဋီကာ, အနုဋီကာ, မဓုဋီကာ-စသော ဂမ္ဘီရဉာဏ်ဖြင့်၊ဘွင့်ဆိုထုတ်လှစ်၊
ကျစ်လစ်သေချာ၊ များစွာသောကျမ်းဂန်အပေါင်းကို။ ဂမ္ဘီရဉာဏေန၊
နက်နဲသောဉာဏ်ဖြင့်။ သုပေက္ခိယ၊ သေချာစေ့ငု၊ ကောင်းစွာကြည့်ရှု၍။
မယာ၊ငါသည်။ ဝါ၊ငါ၏၊ ဝုတ္တာ-ဝုတ္တံ၊ မိန့်ဆိုဖွင့်လှစ်အပ်သော။ စိတြာ၊ ရန့်
ပေါင်းချုံ၊ ပန်းမျိုးစုံ၏၊ ပြန့်ထုံသွယ်သွယ်၊ အလွန်တရာဆန်းကြယ်သှစွာ
သော။ နယဂမ္ဘီရံ၊ အထူးထူးသော နည်းတို့ဖြင့်နက်နဲလှသော။ ဝါ၊နက်နဲ
လှသော အထူးထူးသော နည်းရှိထသော။ တံတံ၊ ထိုထိုသို့သော-၂၄
ပစ္စည်းအဘွင့် ပစ္စယဂုဋ္ဌတ္ထဒီပနီ၊သညီမှန်စွာ၊ မြန်မာဘာသာဋီကာကို။
ဂမ္ဘီရဉာဏေန၊ နက်နဲသောဉာဏ်ဖြင့်။ (လိုက်)။ သုပေက္ခိယ၊ သေချာ
စေ့ငု၊အထပ်ထပ်ကြည့်ရှုကုန်၍(လိုက်)။ဂမ္ဘီရဉာဏံ၊နက်နဲလှစွာသော
ဝိပဿနာမယဉာဏ်၊ဘာဝနာမယဉာဏ်ကို။အာဝဟာ-အာဝဟန္တာ၊တဆင့်
ထက်တဆင့်၊ ရင့်ထက်ရင့်၍၊ အသင့်ဓိတ်မှာ၊ ကောင်းစွာဆောင်ကုန်-
ထားရှိကုန်လျက်။ဝါ၊ကောင်းစွာထားရှိကုန်သော အမျိုးသားသူတော်စင်
အများတို့သည်။ ဝိပဿနံ၊ နာမ်,ရုပ်နှစ်ဖြာ၊ ကောင်းစွာဖြစ်ပျက်၊ကြောင်း
ကျိုးဆက်ပုံ၊ အလုံးစုံသောဖြစ်အင်၊ လက္ခဏာသို့တင်ခါ၊ ရှုဆင်ခြင်မှန်း၊
ဝိပဿနာကမ္မဋ္ဌာန်းကို၊ သုဝိဖုလ္လံ၊ ဖူးငုံပြန့်လွင့်၊ ကောင်းစွာပွင့်စေရန်
အလို့ငှာ။ သုပေက္ခိယ၊ဉာဏ်အားချင်းလင်း၊ ထိုးထွင်းစေ့ငု၊ ကောင်းစွာ
ကြည့်ရှုကုန်၍။ ဝါ၊ ကြည့်ရှုပါကုန်မူကား။ သုဝိဖုလ္လံ၊ သံသရာတံခါး၊
ပိတ်တားမရှိ၊ကောင်းစွာပွင့်သော။ မနောရမံ၊မနောခါတ်ကြည်၊ ကောင်း
စွာအည်လျက်၊အစဉ်မပျေ၊ပျော်မွေ့ဘွယ်ရာအဖြာဖြာတို့ထက်၊ ဆတက်

လွန်ကြူး အထူးပျော်မွေ့ ဘွယ်ရာအစစ် ဖြစ်ကြီးဖြစ်ပေသော အာသဝ်ဘာ မှန်၊ မြွန်မြွာနံ့သို့။ သြတာရနည်း၊ ကောင်းစွာထုတ်ချောက်၊ ကူးမြောက်မသွေ၊ စံစားတော်မူနိုင်ကြပါစေကုန်သတည်း။ ။(ဤဂါထာများ၌ ပဒိပနည်း၊ တဏ္ဍနည်းစသည်တို့ဖြင့် တန်းဆာဆင်ကာ၊ မြန်မာဘာသာ ပြန်ဆိုထားသည်ကို သတိပြု၍၊ နယူပဒေ၊ ရကြံစေခလို)။

၂၄-ပစ္စည်းအဘွင့်ပြီးပြီ၊

---

၁၅။ ။ဆဓာ နာမန္တု နာမဿ၊ ပဥ္စဓာ နာမရူပိနံ။
ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿ ဧကဓာ။ ။
ပညတ္တိနာမရူပါနိ၊ နာမဿ ဒုဝိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ။ ။

သင်္ဂြိုဟ်ပါဠိ။

၁။ ။နာမ်သည်၊ နာမ်အချင်းချင်းအား ခြောက်မျိုး, ခြောက်နည်း, ခြောက်ပစ္စည်းအားဖြင့် ကျေးဇူးပြု၏။

၂။ ။နာမ်သည်၊ နာမ်ရုပ်တို့အား ငါးနည်း- ငါးပစ္စည်း အားဖြင့် ကျေးဇူးပြု၏၊

၃။ ။နာမ်သည်၊ရုပ်အား တနည်း,တပစ္စည်းအားဖြင့် ကျေးဇူးပြု၏။

၄။ ။ရုပ်သည်၊နာမ်အား တနည်း,တပစ္စည်းအားဖြင့် ကျေးဇူးပြု၏။

၅။ ။ပညတ်နှင့် နာမ်ရုပ်တို့သည်၊ နာမ်အား ၂-နည်း, ၂-ပစ္စည်းအားဖြင့် ကျေးဇူးပြုကုန်၏။

၆။ ။နာမ်ရုပ် ၂-ပါးတို့သည်၊ နာမ်ရုပ် ၂-ပါးတို့အား ၉-နည်း,၉-ပစ္စည်းအားဖြင့် ကျေးဇူးပြုကုန်၏၊

ဤသို့ ပစ္စည်းတို့သည်၊ ခြောက်မျိုး-ခြောက်နည်းအားဖြင့် ကျေးဇူးပြုနိုင်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အဝသာဝဇ္ဇ-အဖွင့်ပြါယ်။

၁။ ။ဤနှစ်ဆဲ့လေးပဋ္ဌာန်းတို့တွင် နာမ်သည်၊ နာမ်အား ပဋ္ဌာန်းပဋ္ဌ ယပ္ပန်၏အဖြင့်ဖြင့် ကျေးဇူးပြုရာ၌၊ အနန္တရ,သမနန္တရ, နတ္ထိ, ဝိဂတ,အာသေဝန,သမ္ပယုတ္တ-အားဖြင့် ခြောက်ပဋ္ဌာန်းဖြင့် ကျေးဇူးပြု၏၊ ။ဤကား-"ဆဓာ နာမန္တ၊ နာမဿ"အရတည်း၊

၂။ ။နာမ်သည်၊နာမ်ရုပ်အား၊ပဋ္ဌာန်း,ပဋ္ဌာယုပ္ပန်၏အဖြစ်ဖြင့် ကျေးဇူး ပြုရာ၌၊ ဟေတု, ဈာန,မဂ္ဂ,ကမ္မ, ဝိပါက-အားဖြင့် ၅-ပဋ္ဌာန်းဖြင့် ကျေးဇူး ပြု၏။ ။ဤကား"ပဉ္စဓာနာမရူပါနံ"၏အရတည်း။

၃။ ။နာမ်သည်၊ရုပ်အား ကျေးဇူးပြုရာ၌၊ပစ္ဆာဇာတပဋ္ဌာန်းဖြင့်သာ ကျေးဇူးပြု၏၊ ။ဤကား"ဧကဓာ ပုန ရူပဿ"အရတည်း။

၄။ ။ရုပ်သည်၊နာမ်အား ကျေးဇူးပြုရာ၌၊ပုရေဇာတပဋ္ဌာန်းဖြင့်သာ ကျေးဇူးပြု၏။ ။ဤကား-"ရူပံ နာမဿ စေကဓာ"၏အရတည်း။

၅။ ။ပညတ်နာမ်ရုပ်တို့သည်၊နာမ်အား ကျေးဇူးပြုရာ၌၊အာရမ္မဏ, ဥပနိဿယ-၂-ပဋ္ဌာန်းဖြင့် ကျေးဇူးပြုကုန်၏၊ ။ဤကား"ပညတ္တိ နာမ ရူပါနိ"၏အရတည်း။

၆။ ။နာမ်ရုပ် ၂-ပါးသည်၊ နာမ်ရုပ် ၂-ပါးအား ကျေးဇူး ပြုရာ၌၊ အဓိပတိ, သဟဇာတ,အညမည,နိဿယ, အာဟာရ,ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ အားဖြင့် ၉-ပဋ္ဌာန်းဖြင့် ကျေးဇူးပြု၏၊ ။ဤကား"ဒွယံ ဒွယဿ"၏အရတည်း။ ဤသို့ ပဋ္ဌာန်းတို့သည် ခြောက်ပါး-ခြောက်နည်း အားဖြင့် ကျေးဇူးပြုကုန်၏။ ။ဟူလို။

ဆိုဒိုရင်းကား....ဤခန္ဓာငါးပါး၊ ရုပ်နာမ် ၂-ပါးတည်းဟူသော သံသရာစက်ကြီး မပြတ်လည်၍ ဖြစ်နေရာ၊ ပဋ္ဌာန်းအားဖြင့် စိစစ်သော် ၂၄ ပဋ္ဌာန်းသာရှိ၏။ ထို ၂၄-ပဋ္ဌာန်းတို့၏ ကျေးဇူး ပြုဟန်သည်လည်း ၂၄-ပဋ္ဌာန်းတို့ တပေါင်းတည်းကျေးဇူးပြုနိုင်သည်မဟုတ်၊ နာမ်တရားက နာမ်တရားချည်းလည်း ကျေးဇူးပြု၏၊ နာမ်တရားက နာမ်ရုပ် ၂-ပါးကို ကျေးဇူးပြုသည်လည်းရှိ၏၊ ပ နာမ်ရုပ် ၂-ပါးက၊နာမ်ရုပ် ၂-ပါးကိုကျေးဇူး ပြုသည်လည်းရှိ၏။ ဤသို့လျှင် ခြောက်မျိုး, ခြောက်နည်း အားဖြင့် ကျေးဇူး

ပြလေ၏။ထိုတွင် ၁-နာမ်တရားက၊ နာမ်တရားအား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ,အာသေဝန-သမ္ပယုတ္တ-ခြောက်ပစ္စည်းဖြင့်သာလျှင် ကျေးဇူး ပြု၏။၂-နာမ်က-နာမ်ရုပ်ကိုမူ၊ဟေတု,ဈာန,မဂ္ဂ,ကမ္မ,ဝိပါက-ငါးပစ္စည်းဖြင့် သာလျှင် ကျေးဇူးပြုနိုင်၏။၃-နာမ်ကရုပ်ကို ပစ္ဆာဇာတ ပစ္စည်းတပါးဖြင့် သာလျှင် ကျေးဇူးပြုနိုင်၏။ ၄-ရုပ်ကနာမ်တရားကို ပုရေဇာတပစ္စည်း တပါးဖြင့်သာလျှင် ကျေးဇူးပြုနိုင်၏။ ။၅-ပညတ်,နာမ်,ရုပ်တို့သည်၊နာမ် ကို အာရမ္မဏ, ဥပနိဿယ,ပစ္စည်း ၂-ပါးဖြင့်သာ ကျေးဇူးပြုနိုင်ကုန်၏။ ၆-နာမ်, ရုပ်-၂-ပါးသည် နာမ်,ရုပ် ၂-ပါးအား အဓိပတိ, သဟဇာတ, အညမည, နိဿယ,အာဟာရ,ဣန္ဒြိယ, ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ-ပစ္စည်း ၉-ပါးဖြင့် ကျေးဇူးပြုနိုင်၏-ဟုမှတ်။

---

၁-နာမ်သည်-နာမ်အားကျေးဇူးပြုပုံ။

၁၆။ ။အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ။ပ။ဆဓာ နာမံ နာမဿ ပဉ္စဓာ ဆဓာတိ။

သင်္ဂြိုဟ်ပါဠ်။

၁။ ။အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော ရဟန္တာတို့၏ စုတိစိတ် သည် ကြဉ်အပ်ကုန်သော စိတ်တရ ယုတ်ကိုးဆယ်, စေတသိက်ငွေ ပညာသ-နာမက္ခန္ဓာနာမ်ပစ္စည်းတရားတို့သည်၊ မိမိသို့ အတူလိုက်၍ ဖြစ် ကုန်သော ရဟန္တာတို့၏ စုတိစိတ်နှင့်တကွသော စိတ်တရ ယုတ်ကိုး ဆယ်,စေတသိက် ငွေပညာသ,နာမက္ခန္ဓာ နာမ်ပစ္စယုပ္ပန် တရားတို့အား အနန္တရ,သမနန္တရ,နတ္ထိ,ဝိဂတ ၄-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၂။ ။ရှေးရှေး၌ ဖြစ်ကုန်သော အဆုံးဇော, မဂ်ဇော,ဖိုလ်ဇောကြဉ် အပ်ကုန်သော ဇော ၄၇-ပါး၊စေတသိတ်၅၂-ပါး၊ နာမက္ခန္ဓာ နာမ်ပစ္စည်း တရားတို့သည်၊နောက်နောက်၌ ဖြစ်ကုန်သော ပဌမဇော, ဖိုလ်ဇောကြဉ် အပ်ကုန်သော ဇော ၅၁-ပါး၊စေတသိက် ၅၂-ပါး၊ နာမ်ပစ္စယုပ္ပန်တရား တို့အား-အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၃။ ။အတူတကွ ဖြစ်ကုန်သော စိတ်,စေတသိက် နာမက္ခန္ဓာ-နာမ် ပစ္စည်းတရားတို့သည်၊ အချင်းချင်းနာမ်ပစ္စယုပ္ပန်တရားတို့အား သမ္ပယုတ္တ

ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ဤသို့လျှင် နာမ်သည်နာမ်အား အနန္တရ, သမနန္တရ,နတ္ထိ,ဝိဂတ,အာသေဝန,သမ္ပယုတ္တ-အားဖြင့် ခြောက်ပါးသော အခြင်းအရာအားဖြင့် ကျေးဇူးပြု၏။ ။ဟူလို။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

၁။ ၊အနန္တရနိရုဒ္ဓါ-စသောပါဠိဖြင့်ဝိထိစိတ်တို့တွင်၊ရှေးစိတ်သည် နောက်စိတ်အား ကျေးဇူးပြုသောအနန္တရပစ္စည်းမျိုးကိုပြ၏။ ထိုရှေးစိတ် ချုပ်သဖြင့်သာ၊ နောက်စိတ်ဖြစ်ခွင့်ရ၍၊ ရှေးစိတ်သည်၊ ပစ္စည်းတရား၊ နောက်စိတ်ကား ပစ္စယုပ္ပန် တရားဖြစ်၏။ အနန္တရပစ္စည်းမျိုးဖြစ်၍၊ သမနန္တရ-နတ္ထိ-ဝိဂတပစ္စည်း ၃-ပါးပြိုင်၍၊၄-ပစ္စည်းဖြစ်၏-ဟုမှတ်၊

၂။ ။ပုရိမာနိဇဝနာနိ-စသောပါဠိဖြင့် ရှေးနည်းအတိုင်း၊ ဝိထိစိတ်တို့တွင်-ဇောထိုက်သော ဝိထိစိတ်တို့၏ပစ္စည်းတပ်သောအနန္တရပစ္စည်းကိုပြ၏။ ဇော ၇-ချက်တို့တွင်၊ရှေးဇောသည် နောက်ဇောအား၊ ကျေးဇူးပြု၏။ ရှေးဇောသည်ပစ္စည်း,နောက်ဇောကား ပစ္စယုပ္ပန်ဖြစ်၏။ဇောဖြစ်၍၊ အာသေဝနပစ္စည်းတပ်၏။ အနန္တရမျိုးပင်ဖြစ်၍ ပစ္စည်းဖြစ်နိုင်သမျှပြိုင်သော်·အနန္တရ,သမနန္တရ,အာသေဝန,နတ္ထိ,ဝိဂတ ၅-ပစ္စည်းဖြစ်သင့်၏။

၃။ ။သဟဇာတာ-စသောပါဠိဖြင့် ဧကုပ္ပါဒ-စသောအစွမ်းဖြင့် အတူတကွဖြစ်ကုန်သော လောဘမူစိတ်,ဒေါသမူစိတ်,စေတသိက် စသော စိတ်နှင့်စေတသိက်တရားတို့၊အချင်းချင်းအတူတကွဖြစ်ကြရာ၊စိတ်သည် စေတသိက်အားရင်း၊ စေတသိက်အချင်းချင်းသည်ရင်း ကျေးဇူးပြုသော သဟဇာတပစ္စည်းတပ်ဟန်ကိုပြတော်မူ၏။ ထိုတွင်- စိတ်သည်ပစ္စည်း၊ စေတသိက်သည် ပစ္စယုပ္ပန်တရား စသည်ဖြစ်၏။ အချင်းချင်းဖြစ်၍၊ သမ္ပယုတ္တပစ္စည်းတပ်၏။ သဟဇာတမျိုးဖြစ်ရကား၊ သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ- စသောပစ္စည်းများလည်း ဖြစ်သင့်, ပြိုင်သင့်၏ ဟုမှတ်။ ။ဆိုအပ်ပြီးသော ပစ္စည်းတရား, ပစ္စယုပ္ပန်တရား မှန်သမျှသည် နာမ်တရားချည်း ဖြစ်ကြ၍၊ "နာမန္တ နာမဿ"ဟုမိန့်ဆိုတော်မူရလေသတည်း။

## နာမ်သည်နာမ်ရုပ်အားကျေးဇူးပြုပုံ။

၁၇။ ။ဟေတုဇ္ဈာနင်္ဂမဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန။ပ။ဆဓာ နာမံ နာမရူပါနံ ပစ္စယော ဟောတိ။ ။

သင်္ဂြိုဟ်ပါဌ်။

၁။ ။ဟေတုပစ္စည်း, ဈာနပစ္စည်း, မဂ္ဂပစ္စည်းတရားတို့သည်၊ တကွဖြစ်ကုန်သော နာမ်ရုပ်ပစ္စယုပ္ပန်တရားတို့အား ဟေတုသတ္တိ, ဈာနသတ္တိ, မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။

၂။ ။တကွဖြစ်သောစေတနာစေတသိက်ပစ္စည်းတရားသည်၊တကွဖြစ်ကုန်သော စိတ်ဘုံရယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ၅၁-ခု၊စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်ပစ္စယုပ္ပန်တရားတို့အား-သဟဇာတကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။အထူးထူးသောကာလ၌ တည်သော အတိတ်ဖြစ်သောကုသိုလ်,အကုသိုလ်စေတနာစေတသိက် ၃၃-ခုသည်၊ ကံကြောင့်ဖြစ်ကုန်သော ဝိပါက်ဆတ္တိံသနာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်,ပဝတ္တိကမ္မဇရုပ်ဟူသောနာမ်,ရုပ်တို့အား-နာနက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏။

၃။ ။ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာလေးပါးတို့သည်၊ဝိပါက်အချင်းချင်းအားလည်း၊ ၎င်းဝိပါက်နှင့်အတူတကွဖြစ်ကုန်သော ဝိညတ်ခွေကြဉ်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား-ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ဤသို့နာမ်သည်နာမ်ရုပ်တို့အားဟေတု,ဈာန,မဂ္ဂ,ကမ္မ,ဝိပါက-အားဖြင့် ငါးမျိုး,ငါးနည်းအားဖြင့် ကျေးဇူးပြုနိုင်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ-အဒီပ္ပါယ်။

"ဟေတုဇ္ဈာနင်္ဂမဂ္ဂင်္ဂါနိ"- စသောပါဌ်ဖြင့် ဟိတ်ခြောက်ပါး ပစ္စည်းတရားသည်၊သဟိတ်စိတ်တို့အားကျေးဇူးပြုသော-ဟေတုပစ္စည်း,ဝိတက်စသောဈာနင်ပစ္စည်းတရားသည်၊ဈာနသမ္ပယုတ်ဖြစ်သော မဟာဂ္ဂုတ်စိတ်စသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော-ဈာနပစ္စည်း,သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ပစ္စည်းတရားတို့သည်၊ မဂ္ဂသမ္ပယုတ်ဖြစ်သော

ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော မဂ္ဂပစ္စည်းတရားဘို့ကို ပြတော်မူ၏၊ ထိုတွင်-ဟိတ်ခြောက်ပါး, ဈာနင်တရားငါးပါး, မဂ္ဂင်ရှစ်ပါးတို့သည် ပစ္စည်းတရားတို့မည်ကုန်၏။သဟိတ်စိတ်,စေတသိက်,သဟိတ်စိတ္တဇရုပ် စသည်တို့သည်-ပစ္စယုပ္ပန်တရားဘို့မည်ကုန်၏။

"သဟဇာတာစေတနာ" စသောပါဠိဖြင့် သဟဇာတကမ္မပစ္စည်းကို ပြတော်မူ၏။သဟဇာတကမ္မဟူသည်ကား၊ စိတ်နှင့်အတူဘက်ဖြစ်သော ပစ္စုပ္ပန် စေတနာကို ဆိုလိုသည်။ ၎င်းစေတနာစေတသိက်သည်ပစ္စည်း၊ အတူတကွဖြစ်သောစိတ္တုပ္ပါဒ်,စိတ္တဇရုပ်စသည်သည် ပစ္စယုပ္ပန်-မည်၏။

"နာနက္ခဏိကာစေတနာ"စသောပါဠိဖြင့်၊နာနက္ခဏိကကမ္မပစ္စည်းကို ပြတော်မူ၏။ နာနက္ခဏိက-ဟူသည်ကား၊ အတိတ်ဘဝအထူးထူးသော ကာလ၌ဖြစ်ပြီးသော ကုသိုလ်,အကုသိုလ်စေတနာကံကို ဆိုလိုသည်။ ။ (၎င်းအရ-အောက်ကဘွင့်ဆိုခဲ့ပြီ)။

---

## နာမ်သည်ရုပ်အားကျေးဇူးပြုပုံ။

၁၈။ ။ပစ္ဆာဇာတာ စိတ္တ စေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေနေတိ ဧကဓာဝ နာမံ ရူပဿ ပစ္စယော ဟောတိ။ ။

## သင်္ခိုဟ်ပါဌ်။

နောက်၌ဖြစ်ကုန်သောပဋိသန္ဓေကာလမှစ၍ဖြစ်ဆဲ-အရူပဝိပါက်လေးချက်သော ပဉ္စမဘဝင် အစရှိသော နောက်နောက်သော စိတ်၈၅-ချ၊စေတသိက် ၅၂-ပါး၊နာမက္ခန္ဓာတရားတို့သည်၊ရှေးရှေး၌ဖြစ်သော ပဋိသန္ဓေစသည်နှင့် အတူဥပါဒ်၍၊ ဌီသို့ရောက်သော-ဧကဇကာယ, ဒွိဇကာယ,တိဇကာယ, စတုဇကာယရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ဤသို့ ပစ္ဆာဇာတပစ္စည်းသည် နာမ်သည်ရုပ်အား တခုသော အခြင်းအရာအားဖြင့်သာလျှင် ကျေးဇူးပြုသည်မည်၏။ ။ ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ရုပ်သည်နာမ်အားကျေးဇူးပြုပုံ။

၁၉။ ။ဆ ဝတ္ထူနိ ပဝတ္တိယံ။ပ။ ကေစာဝ ရူပံ နာမဿ ပစ္စယော ဟောတိ။ ။

### သင်္ဂြိုဟ်ပါဌ်။

မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက-အားဖြင့် သုံးပါးတို့တွင်၊ မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သောစက္ခုဝတ္ထုရုပ်။ပ။ ကာယဝတ္ထုရုပ်၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်-မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်-ဟုဆိုအပ်သော ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်၊ ပဝတ္တိအခါ၌ စက္ခုဝိညာဏ်။ပ။ မနောဝိညာဏ်-ဟုဆိုအပ်သော ၇-ပါးသောဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ရူပါရုံစသော အာရုံငါးပါးရုပ်တရားတို့သည်၊ စက္ခုဝိညာဏ်စသော ငါးပါးသောဝိညာဏဓာတ်-နာမ်တရားအား အာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် ရုပ်တရားသည်၊ နာမ်တရားအား တပါးသောအပြားဖြင့် ကျေးဇူးပြု၏။ ။ဟူလို။

---

## ပညတ်, နာမ်ရုပ်တို့သည်နာမ်အားကျေးဇူးပြုပုံ။

၂၀။ ။အာရမ္မဏဝသေန ဥပနိဿယဝသေနာတိ စ ဒုဝိဓာ ပညတ္တိနာမရူပါနိ နာမဿေဝ ပစ္စယာ ဟောန္တိ။ ။

### သင်္ဂြိုဟ်ပါဌ်။

အာရမ္မဏပစ္စယသတ္တိ, ပကတူပနိဿယ ပစ္စယသတ္တိ ၂-ပါးတို့၏ အစွမ်းဖြင့် နာမ်-ရုပ်တရားတို့သည်၊ နာမ်တရားအား ကျေးဇူးပြုကုန်၏။ ။ဟူလို။

---

## အာရမ္မဏပစ္စည်း။

၂၁။ ။တတ္ထ ရူပါဒိဝသေန ဆဗ္ဗိဓံ ဟောတိ အာရမ္မဏံ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤပါဌ်ဖြင့် “အာရမ္မဏဝသေန”-၏အရ အာရုံအပြားကိုပြ၏၊ အာရုံသည်၊ရူပါရုံ, သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-ဟူ၍ခြောက်ပါး အပြားရှိ၏။ ။ဟူလို၊

---

## ဥပနိဿယပစ္စည်းသုံးမျိုး။

၂၂။ ။ဥပနိဿယော ပန တိဝိဓော ဟောတိ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယော စေတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤပါဌ်ဖြင့်“ဥပနိဿယဝသေန”၏အရဥပနိဿယအပြားကိုပြ၏။ ။ဥပနိဿယပစ္စည်းသည်-အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ,ပကတူပနိဿယ ဟူ၍ သုံးမျိုးအပြားရှိ၏၊ ။ဟူလို။

---

## အာရမ္မဏူပနိဿယပစ္စည်း။

၂၃။ ။တတ္ထ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော။

သင်္ဂြိုဟ်ပါဌ်။

ဤပါဌ်ဖြင့် ဥပနိဿယ-သုံးမျိုးတို့တွင်၊ အာရမ္မဏူပနိဿယပစ္စည်း အရကို ပြအောင်မူ၏၊ ဆိုလိုရင်းကား-အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူနှစ်၊ မောဟမူနှစ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သောစေတသိက် ၄၇-ခု၊ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ဟုဆိုအပ်သော အာရုံခြောက်ပါး၊ အဓိပတိဆိုက်သော တရားသည်- အာရမ္မဏူပနိဿယပစ္စည်းမည်၏၊ အာရမ္မဏာဓိပတိ ပစ္စည်းသည်ပင် အာရမ္မဏူပနိဿယ-ပစ္စည်းမည်၏။ ။ဟူလို။

## အနန္တရူပနိဿယပစ္စည်း။

၂၄။ ။အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ အနန္တရူပနိဿ
ယော။ ။

### သင်္ခိုပ်ပါဌ်။

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်တရယုတ်ကိုးဆယ်၊ စေတသိက်ငါးဆယ့်နှစ်ပါးသည်- နာမက္ခန္ဓာဖြစ်သော အနန္တရပစ္စည်းထိုက်သော တရားသည်-အနန္တရူပနိဿယ-ပစ္စည်းမည်၏။ ။ဟူလို။

---

## ပကတူပနိဿယပစ္စည်း။

၂၅။ ။ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ။ပ။ဗဟုဓာ ပကာသတိ ပကတူပနိဿယော။ ။

### သင်္ခိုပ်ပါဌ်။

ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ,ပတ္ထနာ-ဟုဆိုအပ်ကုန်သော တရားတို့သည်၎င်း၊သဒ္ဓါ,သီလ,သုတ, စာဂ,ပညာ-ဟုဆိုအပ်ကုန်သော တရားတို့သည်၎င်း၊ကလျာဏမိတ်ဆွေ-စသောပုဂ္ဂိုလ်သည်၎င်း၊ လျောက်ပတ်သင့်တင့်သောဘောဇဉ်သည်၎င်း၊ လျောက်ပတ်သင့်တင့်သော အချမ်း, အပူ-ဟူသော ဥတုသည်၎င်း၊ လျောက်ပတ် သင့်တင့်သော ကျောင်း, အိပ်ရာ, နေရာသည်၎င်း၊ ထိုက်သည်အားလျော်စွာ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်စေ, ဗဟိဒ္ဓသန္တာန်၌ဖြစ်စေ, ကုသိုလ်ဇောဝီသ, အကုသိုလ်ဒွါဒသ, ဝိပါက်ဆတ္တိံသ,ကြိယာဝီသ,နာမက္ခန္ဓာတရားတို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ်ကံသည်၊ ဝိပါက် ဆတ္တိံသ နာမက္ခန္ဓာအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့ ပကတူပနိဿယပစ္စည်းသည်၊ များသောအပြား ရှိ၏။ ဤဆိုအပ်ပြီးသော အာရမ္မဏပစ္စည်း- ဥပနိဿယပစ္စည်းတရားများကား၊ ပစ္စယ်, နာမ်ရုပ်တရားများသည်၊ နာမ်အား ကျေးဇူးပြုသည်မည်ကုန်၏။ ။ဟူလို။

---

## နာမ်,ရုပ်တို့သည်နာမ်ရုပ်နှစ်ပါးအားကျေးဇူးပြုပုံ။

၂၆။ ။အဓိပတိ, သဟဇာတာ, အညမညာ, နိဿယာ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဝသေနေတိ ယထာရဟံ နဝဓာ နာမရူပါနိ နာမရူပါနံ ပစ္စယာ ဘဝန္တိ။

### သင်္ဂြိုဟ်ပါဌ်။

အဓိပတိပစ္စည်း,သဟဇာတပစ္စည်း,အညမညပစ္စည်း,နိဿယပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယပစ္စည်း,ဝိပ္ပယုတ္တပစ္စည်း, အတ္ထိပစ္စည်း,အဝိဂတပစ္စည်းအားဖြင့် ၉-ပစ္စယသတ္တိဖြင့် နာမ်,ရုပ် တို့သည်၊ နာမ်ရုပ်တို့အား ထိုက်သည်အားလျော်စွာ ကျေးဇူးပြုကုန်၏။ ။ဟူလို။ ။အဓိပတိပစ္စည်း စသော ၉-ပစ္စည်းကား၊ နာမ်,ရုပ် ၂-ပါးတို့သည် နာမ်ရုပ် ၂-ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းမျိုးမည်၏-ဟုဆိုလိုသည်။

---

## အဓိပတိပစ္စည်း။

၂၇။ ။တတ္ထ ဂရုကတမာရမ္မဏံ အာရမ္မဏာဓိပတိ ဝသေန နာမာနံ။ ပ။ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော။

### သင်္ဂြိုဟ်ပါဌ်။

ဤပါဌ်ဖြင့် နာမ်,ရုပ် နှစ်ပါးသည် နာမ်,ရုပ် ၂-ပါးအား အဓိပတိစသော ကိုးပစ္စည်းဖြင့် ကျေးဇူးပြုရာ၊ ၎င်းကိုးပစ္စည်းတွင် အဓိပတိပစ္စည်းအရာကို ရှေးဦးစွာဘွင့်ပြသော စကားရပ်ဖြစ်၏။ ။အဓိပတိပစ္စည်းသည်လည်း၊ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိဟူ၍ ၂-မျိုးရှိရာ။ "ဂရုကတံ"စသောပါဌ်ဖြင့်-အာရမ္မဏာဓိပတိပစ္စည်းကိုပြ၏။

အဓိပ္ပါယ်ကား....အလေးအမြတ် ပြုအပ်, အလွန်နှစ်သက်အပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခု၊ ဒေါသမူ ၂, မောဟမူ ၂, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သောစိတ် ၈၄-ခု၊ ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇-ခု၊ကာမဝိမုတ်ဖြစ်သော နိဗ္ဗာန်- ဟုဆိုအပ်သော အာရုံခြောက်ပါး အာရမ္မဏာဓိပတိ ပစ္စည်းတရားသည်၊ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု၊ မဟာကုသိုလ်စိတ်

၈-ချ၊ မဟာကြိယာဉာဏသမ္ပယုတ် စိတ် ၄-ချ၊လောကုတ္တရာစိတ် ၈-ချ၊ ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ,အပ္ပမညာ-ကြဉ်သော စေတသိက်၄၅-ချ၊ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားနာမ်ချုပ်တို့အား အာရမ္မဏာဓိပတိသတ္တိဖြင့်ကျေးဇူးပြု၏၊-(ဤကား-အာရမ္မဏာဓိပတိပစ္စည်းတည်း)။

ဆန္ဒာဓိပတိ,စိတ္တာဓိပတိ,ဝီရိယာဓိပတိ,ဝီမံသာဓိပတိ-အားဖြင့် ၄-ပါး အပြားရှိသော၊ မောဟမူ ဒွေ,ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတစ်ခိုက်, တစ်နေ သာဓိပတိဇော ၅၂-ချ၌ ရှိသော ဆန္ဒ, ဝီရိယ, ဝီမံသ-အဓိပတိ သုံးပါး,သာဓိပတိဇော ၅၂-ချ-ဟုဆိုအပ်သော စိတ္တာဓိပတိတရားဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်းတရားသည်၊ ၎င်းအဓိပတိ ၄-ပါးနှင့် အတူတကွ ဖြစ်ကုန်သော အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိ ဇော ၅၂-ချ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၅၁-ချ၊ သာဓိပတိ စိတ္တဇရုပ်၊ ပစ္စယုပ္ပန်တရားနာမ်ရုပ်တို့အား သဟဇာတာဓိပတိ အစွမ်းဖြင့် ကျေးဇူးပြုကုန်၏-ဟူလို။ ။(ဤကား-သဟဇာတာဓိပတိပစ္စည်းတည်း)၊

---

## သဟဇာတပစ္စည်း။

**၂၈။ ။စိတ္တစေတသိကာ ဓမ္မာ အညမညံ။ပ။တိဝိဓော ဟောတိ သဟဇာတပစ္စယော။ ။**

သင်္ဂြိုဟ်ပါဠိ။

၁-စိတ်,စေတသိက်နာမ်ပစ္စည်းတရားတို့သည်၊ အချင်းချင်းအားရင်း၊ အတူတကွဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း၊ သဟဇာတပစ္စည်းဖြင့်ကျေးဇူးပြုကုန်၏။ ။၂-မဟာဘုတ်လေးပါး ရုပ်ပစ္စည်းတရားတို့သည်၊ မဟာဘုတ်အချင်းချင်းအားရင်း, ဥပါဒါရုပ်တို့အားရင်း, သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ ။၃-ပဋိသန္ဓေအခါ၌၊ဟဒယဝတ္ထုနှင့် ပဋိသန္ဓေစိတ်,စေတသိက်ဝိပါက်နာမက္ခန္ဓာတို့သည်၊တပါးသည် တပါးအား သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင် သဟဇာတပစ္စည်းသည် သုံးမျိုးသုံးနည်းဖြင့် ကျေးဇူးပြု၏၊ ။ဟူလို၊

---

## အညမညပစ္စည်း။

၂၉။ ။ဧကစ္စေဓာဘင်္ကာ ဓမ္မာ အညမညံ။ပ။တိဒိဓော ပေဘတိ အညမညပစ္စယေသ။ ။

### သင်္ဂြိုဟ်ပါဌ်။

၁-စိတ်,စေတသိက်တရားတို့သည်၊ တပါးသည်တပါးအား-အညမည ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ။၂-မဟာဘုတ်တို့သည် တပါးသည်တပါး အား- အညမညပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။ ။၃-ပဋိသန္ဓေ ခဏ၌ ပ…ဝတ္ထုနှင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည် တပါးသည် တပါးအား-အညမညပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ဤသို့လျှင် အညမည ပစ္စည်းသည် သုံးမျိုး-သုံးနည်းဖြင့် ကျေးဇူးပြု၏။ ။ဟူလို။

---

## နိဿယပစ္စည်း။

၃၀။ ။ဧကစ္စေဓတသိကာ ဓမ္မာ အညမညံ သဟဇာတရူပါနံ။ပ။ တိဒိဓော ပေဘတိ နိဿယပစ္စယေသ။ ။

### သင်္ဂြိုဟ်ပါဌ်။

၁။ ။စိတ်,စေတသိက်တရားတို့သည်၊အချင်းချင်းအားရင်း,တကွဖြစ် ကုန်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း-သဟဇာတနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

၂။ ။မဟာဘုတ်တို့သည်၊တပါးသည်တပါးအားရင်း,ဥပါဒါရုပ်တို့အား ရင်း,သဟဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊

(ဤကား-သဟဇာတနိဿယပစ္စည်းတပ်ပုံတည်း)။

၃။ ။မနောဒွာရ, အမနောဒွာရ,မစ္ဆိမာယုက-သုံးပါးတို့တွင်၊ မစ္ဆိမာ ယုကဖြစ်၍၊အတိတဘဝင်တချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ပ။ ကာယဝတ္ထု၊ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယ

ဝတ္ထု-ဟုဆိုအပ်သော ဝတ္ထုပုရေဇာတနိဿယပစ္စည်း၊ မရဏာသန္နအခါ၊ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု-ဟု ဆိုအပ်သော ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတရားတို့သည်၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ဤသို့လျှင်နိဿယပစ္စည်းသည်၊ သဟဇာတနိဿယ, ဝတ္ထုပုရေဇာတ နိဿယ, ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ အားဖြင့် သုံးပါး အပြားရှိ၏။ ။ ဟူလို။

---

## အာဟာရပစ္စည်း။

၃၁။ ။ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ၊ အရူပိနော
အာဟာရာ သဟဇာတာနံ နာမရူပါနဉ္စ ဒုဝိဓော ဟောတိ
အာဟာရပစ္စယော။

### သင်္ဂြိုဟ်ပါဠ်။

၁။ ။ဆွမ်း, ခဲဘွယ်, ဘောဇဉ် အစရှိသည်၌ တည်သော ဗဟိဒ္ဓဩဇာသည်၊ အလုပ်အလွေ့ကို မပြုသော်လည်း ပြုသကဲ့သို့ဖြစ်သောကြောင့်-ကဗဠီကာရအာဟာရမည်၏။ ၎င်းကဗဠီကာရအာဟာရပစ္စည်းတရားသည်၊ အာဟာရဇကာယအား- ရုပ် အာဟာရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေ၏။

၂။ ။ဖဿ, စေတနာ, ဝိညာဏ်-ဟုဆိုအပ်ကုန်သော နာမ်အာဟာရပစ္စည်းတရားတို့သည်၊ အတူတကွဖြစ်ကုန်သောစိတ်တခုယှဉ်ကိုးဆယ်, စေတသိက်ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်-ပစ္စယုပ္ပန်တရားတို့အား-နာမ်အာဟာရပစ္စယသတ္တိဖြင့်ကျေးဇူးပြုကုန်၏။ ဤသို့အာဟာရပစ္စည်းသည်-ရုပ်အာဟာရ, နာမ်အာဟာရတို့၏အစွမ်းဖြင့် ၂-ပါးအပြားရှိ၏။ ။ဟူလို။

---

## ဣန္ဒြိယပစ္စည်း။

၃၂။ ။ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ၊ အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနန္တိ စ တိဝိဓော ဟောတိ ဣန္ဒြိယပစ္စယော။ ။

### သင်္ဂြိုဟ်ပါဌ်။

၁။ ။မဇ္ဈိမာယုက ဖြစ်သော စက္ခုပသာဒ စသော ငါးပါးသော ပသာဒရုပ်ပစ္စည်းတရားတို့သည်၊စက္ခုဝိညာဏ် စသော ငါးပါးကုန်သော ဝိညာဏ် ပစ္စယုပ္ပန် တရားတို့အား-ပုရေဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၂။ ။ပဝတ္တိ,ပဋိသန္ဓေအားဖြင့်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားသည်၊ ရုပ်ဇီဝိတကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား-ရူပဇီဝိတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

၃။ ။ဇီဝိတစေတသိက်, စိတ်, ဝေဒနာ, သဒ္ဓါ,ဝီရိယ, သတိ,ဧကဂ္ဂတာ,ပညာ-အားဖြင့် နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး၊ပစ္စည်းတရားတို့သည်၊ ဘာဂ္ဂဖြစ်ကုန်သော စိတ်တရယုတ်ကိုးဆယ်, စေတသိက်ငွေပညာသ, ဂ်ုတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်-ပစ္စယုပ္ပန်တရားတို့အား-သဟဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့ ဣန္ဒြိယပစ္စည်းသည်-ပုရေဇာတိန္ဒြိယ,ရူပဇီဝိတိန္ဒြိယ,သဟဇာတိန္ဒြိယ-အားဖြင့် သုံးပါးအပြားရှိ၏။ ။ ဟူလို။

---

## ဝိပ္ပယုတ္တပစ္စည်း။

၃၃။ ။ဩက္ကန္တိက္ခဏေ ဝတ္ထုဝိပါကာနံ။ပ။ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။ ။

### သင်္ဂြိုဟ်ပါဌ်။

၁။ ။ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားသည်၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား-သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ ။ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်, ဖြစ်နေ အာရုပ်ပါက် ၄-၃,

ဒွေပဉ္စဝိညာဏ်-၁၀, ရဟန္တာတို့၏ ရတိစိတ်ကြဉ်သော စိတ် ၇၅-ခု, နာမက္ခန္ဓာပစ္စည်းတရားတို့သည်၊ အတူတကွဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်- ပစ္စယုပ္ပန်တရားတို့အား-သဟဇာတဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၂။ ။ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်, ဖြစ်နေ- အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်၌ဖြစ်ကုန်သောစိတ် ၈၅-ခု, နာမက္ခန္ဓာပစ္စည်းတရားတို့သည်၊ပဋိသန္ဓေအစရှိသော ရှေးရှေး၌ဖြစ်သော စိတ်တို့နှင့်အတူ ဥပါဒ်၍၊ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ,ဒွိဇကာယ, တိဇကာယ,စတုဇကာယ ပစ္စယုပ္ပန်ရုပ်တရားအပေါင်းအား-ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

၃။ ။မဏ္ဍိမာယုကဖြစ်သော စက္ခုဝတ္ထု။ ။ ကာယဝတ္ထု,ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု,နိရောဓ သမာပတ်မှထသောအခါ ရှေးဖြစ်သော ဟဒယဝတ္ထု,မရဏာသန္နအခါ ရုတိစိတ်မှပြန်၍ရေသည့်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု-ဟုဆိုအပ်သော ဝတ္ထုရုပ်ခြောက်ပါးတို့သည်- ပဝတ္တိအခါ၌ အရူပဝိပါက်ကြဉ်သော စက္ခုဝိညာဏ်စသော ၇-ပါးသော ဝိညာဏဓာတ်တို့အား- ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ ဤသို့လျှင် ဝိပ္ပယုတ္တပစ္စည်းသည်- သဟဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်,ပုရေဇာတဝိပ္ပယုတ်,ဟူ၍ သုံးမျိုးအပြားရှိ၏၊ ။ဟူလို။

---

၃၄။ ။သဟဇာတံ ပုရေဇာတံ၊ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ရူပဇီဝိတမိစ္စယံ့ ။ ။
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော,အဝိဂတပစ္စယောစ။

သင်္ဂြိုဟ်ပါဌ်။

အတ္ထိပစ္စည်းသည်၊၁-သဟဇာတတ္ထိ၊ ၂-ပုရေဇာတတ္ထိ၊ ၃-ပစ္ဆာဇာ တတ္ထိ၊ ၄-အာဟာရတ္ထိ၊ ၅-ရူပဇီဝိတိန္ဒြေ စသောဣန္ဒြိယတ္ထိ-ဟူ၍ ငါးမျိုး အပြားရှိ၏။ ။အဝိဂတပစ္စည်းသည်၊ထို့အတူ၊ ၁-သဟဇာတာဝိဂတ၊ ၂-ပုရေဇာတာဝိဂတ၊ ၃-ပစ္ဆာဇာတာဝိဂတ၊ ၄-အာဟာရာဝိဂတ၊ ၅-ရူပဇီဝိတစသော ဣန္ဒြိယာဝိဂတ-ဟူ၍ပင်၊ငါးမျိုးအပြားရှိ၏။ ။ဟူလို။

(ဤအလုံးစုံသော အဓိပ္ပါယ်တို့ကို၊ ၂၄-ပစ္စည်းအခန်း၌ အကျယ်တဝင့်ဘွင့်ဆိုခဲ့ပြီဖြစ်၍၊ဤ၌ ဂန္ထဂရု၊ ဖြစ်မည်အမှုကြောင့်၊ လျစ်လျူရှုအပ်ပါသတည်း)။

---

၃၃။ ။အာရမ္မဏူပနိဿယ,ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ ။

## သဗြိုဟ်ပါဌ်။

အလုံးစုံကုန်သော ၂၄-ပစ္စည်းတို့သည်၊ အကျဉ်းချုံး၍၊ သိမ်းရုံးပေါင်းစည်းအပ်သည်ရှိသော် အာရမ္မဏပစ္စည်း,ဥပနိဿယပစ္စည်း,ကမ္မပစ္စည်း,အတ္ထိပစ္စည်းသို့သော အတွင်းဝင်ကုန်၏။ပစ္စည်းတို့သည်၊အကျယ်အားဖြင့် ၂၄-ပစ္စည်း။ အကျဉ်းအားဖြင့် ၄-ပစ္စည်းသာဖြစ်ကုန်၏၊ ။ဟူလို။

## အတွင်းဝင်ပုံ-အဓိပ္ပါယ်၊

၁။ ။ထိုအာရမ္မဏစသော ၄-ပစ္စည်းတို့တွင်၊အာရမ္မဏ ပစ္စည်း၌ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ။ ဤ ၇-ပစ္စည်းတို့သည် ဝင်ကုန်၏၊ ဤအာရမ္မဏ ပစ္စည်းနှင့်တကွ ပေါင်း ၈-ပစ္စည်းတို့သည်-အာရမ္မဏပစ္စည်းမျိုး ၈-ပါးတို့မည်ကုန်၏-ဟုဆိုလိုသည်။

၂။ ။ဥပနိဿယ-၌၊ အနန္တရ, သမနန္တရ, အာသေဝန, ပကတူပနိဿယ, နတ္ထိ, ဝိဂတ, ဤခြောက်ပစ္စည်းတို့သည်ဝင်ကုန်၏၊ အနန္တရူပနိဿယနှင့်တကွ ပေါင်း ၇-ပစ္စည်းတို့သည် ဥပနိဿယမျိုး ၇-ပါးမည်ကုန်၏။ ။ဟူလို။

၃။ ။ကမ္မ-မှာ ကာမဝိပါက်အားတပ်သော ဒုဋ္ဌလကမ္မ, ကဋတ္တာရုပ်အားဘပ်သော ဗလဝဒုဋ္ဌလကမ္မတပါးသာတည်း။ ဤကား နာနက္ခဏိကကမ္မမျိုးတည်း။

၄။ ။အတ္ထိ-ပစ္စည်းကား၊ သဟဇာတတ္ထိ,ဝတ္ထုပုရေဇာတတ္ထိ,ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ ငါးပါး အပြားရှိ၏၊

ထိုတွင် သဟဇာတတ္ထိ၌။ဟေတု,သဟဇာတာဓိပတိ, သဟဇာတ,အညမည,သဟဇာတနိဿယ, သဟဇာတကမ္မ,ဝိပါက,နာမ်အာဟာရ,သဟဇာတိန္ဒြိယ, ဈာန,မဂ္ဂ, သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ,သဟဇာတအဝိဂတ။ဤ ၁၄-ပစ္စည်းတို့သည်၊သဟဇာတတ္ထိ၌ဝင်ကုန်၏။ သဟဇာတတ္ထိနှင့်တကွ သဟဇာတမျိုး ၁၅-ပါး။ ။ဟူလို။

၅။ ။ဝတ္ထုပုရေဇာတတ္ထိ-၌၊ ဝတ္ထုပုရေဇာတနိဿယ,ဝတ္ထုပုရေဇာတ, ပုရေဇာတိန္ဒြိယ, ပုရေဇာတဝိပ္ပယုတ်, ပုရေဇာတအဝိဂတ။ ဤငါးပစ္စည်းတို့သည် ဝင်ကုန်၏။ ။ဝတ္ထုပုရေဇာတတ္ထိနှင့်တကွ ပုရေဇာတခြောက်မျိုး။ ။ဟူလို။

၆။ ။ပစ္ဆာဇာတတ္ထိ-၌၊ ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ်, ပစ္ဆာဇာတအဝိဂတ ဤသုံးပစ္စည်းတို့သည် ဝင်ကုန်၏။ ။ပစ္ဆာဇာတတ္ထိနှင့်တကွ ပစ္ဆာဇာတ ၄-မျိုး။ ။ဟူလို။

၇။ ။ရုပ်အာဟာရတ္ထိ-၌၊ ရုပ်အာဟာရ, ရုပါဟာရအဝိဂတ-ဤ ၂-ပစ္စည်းတို့သည်ဝင်ကုန်၏။ ။ရုပ်အာဟာရတ္ထိနှင့်တကွ ရုပ်အာဟာရ ၃-မျိုး။ ။ဟူလို။

၈။ ။ရုပဇီဝိတိန္ဒြိယတ္ထိ-၌၊ရုပ်ဇီဝိတိန္ဒြေ, ရုပဇီဝိတိန္ဒြိယအဝိဂတ-ဤ ၂-ပစ္စည်းတို့သည်ဝင်ကုန်၏။ ။ရုပဇီဝိတိန္ဒြိယတ္ထိနှင့်တကွ ရုပဇီဝိတိန္ဒြိယ ၃-မျိုး။ ။ဟူလို။

ဤသို့လျှင် ပစ္စည်းတို့သည်၊အကျယ်အားဖြင့် ၂၄-ပါး၊မကျဉ်းမကျယ်သောအားဖြင့် ၁-အာရမ္မဏမျိုး ၈-ပါး။ ၂-အနန္တရမျိုး ၇-ပါး။ ၃-သဟဇာတမျိုး ၁၅-ပါး။ ၄-နာနက္ခဏိကကမ္မမျိုး ၁-ပါး။ ၅-ပုရေဇာတမျိုး ၆-ပါး။ ၆-ပစ္ဆာဇာတမျိုး ၄-ပါး။ ၇-ရုပ်အာဟာရမျိုး ၃-ပါး။ ၈-ရုပဇီဝိတိန္ဒြိယမျိုး ၃-ပါးဟူ၍ ရှစ်ပါး။ အကျဉ်းအားဖြင့် ဆိုအပ်ပြီးသော အာရမ္မဏစသော ၄-ပါးဖြစ်ကုန်၏။ ။ဤသို့ဖြစ်သည်ကိုပင် ၂၄-ပစ္စည်းတို့သည်၊အာရမ္မဏစသော ၄-ပစ္စည်းတို့၌ဝင်ကုန်၏-ဟူလိုသတတ်။ ။ ဤကား- နေ့လအသွင် အလွန်ထင်ရှားတော်မူကုန်သော ဆရာစဉ်ဆက်တို့၏ မပျက်သောအဓိပ္ပါယ်ဘည်း။ ။ဋီကာကျော်ဆရာကား၊ ၎င်း၏ အရကို အဓိပ္ပါယ်တမျိုးပြ၍၊ဘွင့်ဆိုတော်မူလေ၏။

## ဋီကာကျော်ဆရာ-အဓိပ္ပါယ်။

၁-အာရုံအဖြစ်သို့မရောက်သော ပစ္စည်းမည်သည် မရှိသောကြောင့် အလုံးစုံသောပစ္စည်းတို့သည်-အာရမ္မဏပစ္စည်းသို့ဝင်ကုန်၏။ ။၂-မိမိတို့၏ဥစ္စာဖြစ်သော အကျိုး ပစ္စယုပ္ပန်တရားတို့၏ မှီရာဥပနိဿယ၏အဖြစ်သို့ မရောက်သော ပစ္စည်းမည်သည် မရှိသောကြောင့် အလုံးစုံသောပစ္စည်းတို့သည်၊ ဥပနိဿယပစ္စည်းသို့သာလျှင် ဝင်ကုန်၏။ ။၃-အလုံးစုံသော ရုပ်နာမ်၂-ပါး၊သင်္ခါရလောကတရားတို့၏ ဖြစ်မှုအကြောင်းရင်းကား၊ကံသာဖြစ်၍၊အလုံးစုံသောပစ္စည်းတို့သည်၊ကံတရားကိုလွန်၍ မဖြစ်နိုင်သောကြောင့် ကမ္မပစ္စည်းသို့ ဝင်ကုန်၏။ ။၄-အလုံးစုံသော ပစ္စည်းတို့သည်၊ ပရမတ္ထအားဖြင့်၎င်း, သမ္မုတိပညတ်အားဖြင့်၎င်း, ထင်ရှားရှိကုန်သည်ချည်းဖြစ်သောကြောင့် အတ္ထိပစ္စည်း၌ဝင်ကုန်၏။ ။ဤသို့လျှင် ၂၄-ပစ္စည်းတို့သည် အာရမ္မဏစသော ၄-ပစ္စည်းသို့ ဝင်ကုန်၏။ ။ဟူလို။ (ဤကား-အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်ကျ ဋီကာကျော်နှင့်ဆရာ့ဆရာများ၏ အဓိပ္ပါယ်တည်း။သို့သော်-အဋ္ဌကထာဆရာကြီးမူကား ပစ္စည်းတို့ပြိုင်နည်းကိုတမျိုးတနည်းအားဖြင့်ဘွင့်ပြတော်မူ၏)။

## အဋ္ဌကထာလာပစ္စည်းပြိုင်နည်း။
## ဟေတုပစ္စည်းပြိုင်။

၁။ ။အဓိမောက္ခ…သည်၊ ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန ၄-ပစ္စည်းမတပ်။ကြွင်းသောပစ္စည်း ၂၀-တပ်လေ၏။ ။(ယထာလာဘနည်းဖြင့်ယူ)။

၂။ ။အသောဘ,အဒေါသ…တို့သည်၊ပုရေဇာတ,ကမ္မ,အာဟာရ, ဈာန,ဣန္ဒြိယ,မဂ္ဂ ၆-ပစ္စည်းမတပ်ကုန်။ ကြွင်းသော ၁၈-ပစ္စည်းတို့သာ တပ်ကုန်၏။

၃။ ။သောဘ, မောဟ….တို့သည်၊ ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန,ဣန္ဒြိယ,မဂ္ဂ, ဝိပါက ၇-ပစ္စည်းမတပ်ကုန်၊ ကြွင်းသော ၁၇-ပစ္စည်း တို့သာတပ်ကုန်၏။

၄။ ။ဒေါသ….သည်၊ပုရေဇာတ,ကမ္မ,အာဟာရ,ဈာန,ဣန္ဒြိယ,မဂ္ဂ, ဝိပါက,အဓိပတိ-၈-ပစ္စည်းမတပ်။ကြွင်းသော ၁၆-ပစ္စည်းသာတပ်၏။

## အာရမ္မဏပစ္စည်းပြိုင်။

၁။ ။ရူပါရုံ...သည်၊ စက္ခုဝိညာဏဓာတ်အား အာရမ္မဏ, ပုရေဇာတ,အတ္ထိ,အဝိဂတ-အားဖြင့် ၄-ပစ္စည်းတပ်၏။ ။ကြွင်းသောပစ္စည်း ၂၀-မတပ်။(ကြွင်းသောသဒ္ဒါရုံ-စသည်တို့၌လည်း ၎င်းအတိုင်းမှတ်)။

၂။ ။ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆန်းနှစ်ပါး...တို့သည်၊ အာရမ္မဏ,ပုရေဇာတ,အတ္ထိ,အဝိဂတ၊ဤ ၄-ပစ္စည်းတို့တပ်ကုန်၏။ ကြွင်းသော-ပစ္စည်း ၂၀-တို့မတပ်ကုန်။ ။(သန္တီရဏ-၃-ပါး,မနောဒွါရာဝဇ္ဇန်း,ဟသိတုပ္ပါဒ်တို့ကိုလည်း ၎င်းအတိုင်းမှတ်)။

၃။ ။သဟဇာတ်စိတ်...တို့သည်၊ အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ၊ ဤခြောက်ပစ္စည်းတို့တပ်ကုန်၏။ကြွင်းသော ၁၈-ပစ္စည်းတို့မတပ်ကုန်။

## အဓိပတိပစ္စည်းပြိုင်။

၁။ ။ဆန္ဒာဓိပတိ...သည်၊ ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန ၄-ပစ္စည်းမတပ်၊ကြွင်းသော ၂၀-သောပစ္စည်းတပ်၏။

၂။ ။ဝီရိယာဓိပတိ...သည်၊ ဟေတု, ပုရေဇာတ၊ ကမ္မ,အာဟာရ, ဈာန,မဂ္ဂ၊ဤ ၇-ပစ္စည်းမတပ်၊ကြွင်းသော ၁၇-ပစ္စည်းသာတပ်၏။

၃။ ။စိတ္တာဓိပတိ...သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, ဈာန, မဂ္ဂ၊ ဤငါးပစ္စည်းမတပ်၊ကြွင်းသော ၁၉-ပစ္စည်းသာတပ်၏။

၄။ ။ဝီမံသာဓိပတိ...သည်၊ ဟေတု, ပုရေဇာတ,ကမ္မ,အာဟာရ, ဈာန၊ ဤငါးပစ္စည်းမတပ်၊ ကြွင်းသော ၁၉-ပစ္စည်းသာ တပ်၏။ ။(အာရမ္မဏာဓိပတိကား၊အာရမ္မဏအတိုင်းပင်)။

## အနန္တရပစ္စည်းပြိုင်။

၁။ ။ဝေဒနာက္ခန္ဓာ...သည်၊ ဟေတု,ပုရေဇာတ,ကမ္မ,အာဟာရ, မဂ္ဂ၊ဤငါးပစ္စည်းမတပ်။ကြွင်းသော ၁၉-ပစ္စည်းသာတပ်၏။

မှတ်ချက်။ ။ဤအဋ္ဌကထာနည်းကား၊ ပြိုင်ရိုး ပြိုင်စဉ် ဖြစ်သော အနန္တရနည်းမျိုးကဲ့သို့မဟုတ်။ “စက္ခုဝိညာဏဓာတု၊ တံ သမ္ပယုတ္တာစဓမ္မာ” စသော အနန္တရနိဒ္ဒေသ ပါဠိတော်အရကိုယူ၍၊ သဟဇာတမျိုးကဲ့သို့၊ သဘာဂ, ဝိသဘာဂကို ခွဲပြပြိုင်ဆိုသော နည်းဖြစ်ပေသည်။

၂။ ။သညာက္ခန္ဓာ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, မဂ္ဂ, ဈာနိန္ဒြိယ, ဈာန၊ ဤ ၇-ပစ္စည်းမတပ်။ ကြွင်းသော ၁၇-ပစ္စည်းသာတပ်၏။

၃။ ။သင်္ခါရက္ခန္ဓာ-ဖဿ ...သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, ဈာနိန္ဒြိယ, ဈာန, မဂ္ဂ၊ ဤခြောက်ပစ္စည်းမတပ်။ ကြွင်းသော ၁၈-ပစ္စည်းတပ်၏။

၄။ ။စေတနာ....သည်၊ ဟေတု, ပုရေဇာတ, ဈာနိန္ဒြိယ, ဈာန, မဂ္ဂ၊ ဤ ၅-ပစ္စည်းမတပ်။ ကြွင်းသော ၁၉-ပစ္စည်းတပ်၏။

၅။ ။ဝိတက်....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာနိန္ဒြိယ၊ ဤ ၅-ပစ္စည်းမတပ်။ ကြွင်းသော ၁၉-ပစ္စည်းတပ်၏။

၆။ ။ဝိစာရ, ပီတိ....တို့သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာနိန္ဒြိယ, မဂ္ဂ၊ ဤခြောက်ပစ္စည်းမတပ်။ ကြွင်းသော ၁၈-ပစ္စည်းတပ်၏။

၇။ ။ဧကဂ္ဂတာ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ၊ ဤလေးပစ္စည်းမတပ်။ ကြွင်းသော ၂၀-သောပစ္စည်းတပ်၏။

၈။ ။သဒ္ဓါ... သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန, မဂ္ဂ၊ ဤခြောက်ပစ္စည်းမတပ်။ ကြွင်းသော ၁၈-ပစ္စည်းတပ်၏။

၉။ ။သတိ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန၊ ဤငါးပစ္စည်းမတပ်။ ကြွင်းသော ၁၉-ပစ္စည်းတပ်၏။

၁၀။ ။ဇီဝိတိန္ဒြေ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာန, မဂ္ဂ၊ ဤခြောက်ပစ္စည်းမတပ်၊ ကြွင်းသော ၁၈-ပစ္စည်းတပ်၏။

၁၁။ ။ဟိရီ, ဩတ္တပ္ပ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာနိန္ဒြိယ, ဈာန, မဂ္ဂ၊ ဤ ၇-ပစ္စည်းမတပ်။ ကြွင်းသော ၁၇-ပစ္စည်းတပ်၏။ ။ (ကာယပဿဒ္ဓိ-စသည်တို့လည်း ထို့အတူပင်)။

၁၂။ ။ဝိရတိ....သည်၊ ဟေတု, ပုရေဇာတ, ကမ္မ, အာဟာရ, ဈာနိန္ဒြိယ, ဈာန၊ ဤခြောက်ပစ္စည်းမတပ်။ ကြွင်းသော ၁၈-ပစ္စည်းတပ်၏။

၁၃။ ။မိစ္ဆာဒိဋ္ဌိ... သည်၊ ဟေတု ,ပုရေဇာတ, ကမ္မ, အာဟာရ, ဝိပါက,ဈာန်,ဣန္ဒြိယ,ဈာန်၊ဤ ၇ ပစ္စည်းမတပ်။ကြွင်းသော ၁၇-ပစ္စည်းတပ်၏။

၁၄။ ၊မိစ္ဆာဝါစာ, မိစ္ဆာဇီဝ....တို့သည်၊ ဟေတု, ပုရေဇာတ, ဝိပါက,ဣန္ဒြိယ,ဈာန်၊ဤငါးပစ္စည်းမတပ်။ကြွင်းသော ၁၉-ပစ္စည်းတပ်၏။

၁၅။ ။အဟိရိက,အနောတ္တပ္ပ ...တို့သည်၊ဟေတု,ပုရေဇာတ,ကမ္မ, ဝိပါကအာဟာရ,ဣန္ဒြိယ,ဈာန်,မဂ္ဂ၊ဤ ၈-ပစ္စည်းတို့မတပ်ကုန်၊ကြွင်းသော ၁၆-ပစ္စည်းတို့သာ တပ်ကုန်၏။ ။(မာန, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ-တို့လည်း ၎င်းအတိုင်းပင်)။

၁၆။ ။ဝိစိကိစ္ဆာ....သည်၊ ဟေတု, အဓိပတိ, ပုရေဇာတ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန်, မဂ္ဂ၊ဤ ၉-ပစ္စည်းမတပ်။ ကြွင်းသော ၁၅-ပစ္စည်း တပ်၏။ ။(ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-တို့လည်း ၎င်း အတိုင်းပင်၊ကြွင်းပေါ်လွင်ပြီ။ သမနန္တရပစ္စည်းလည်း အနန္တရပစ္စည်းနှင့် တူ၏။သဟဇာတစသောပစ္စည်း၌လည်း ဤနည်းကိုမှီး၍၊ဉာဏ်ကြီးသင့်ပြီ၊ အကျယ်သိလိုပါမူ ပဋ္ဌာန်းအဋ္ဌကထာ။ ။(၃၂၉)။ ။၌ရှုလင့်ကုန်)။

---

## သဟဇာတရူပ်အဘွင့်။

၃၆။ ။သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗတ္ထာပိ ပဝတ္တေ စိတ္တ
သမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကဋတ္တာ ရူပါနဉ္စ ဝသေန ဒုဝိဓံ
ဟောတီတိ ဝေဒိတဗ္ဗံ။ ။

## သင်္ဂြိုဟ်ပါဠ်။

ဤပဋ္ဌာန်းနည်းဝယ် အလုံးစုံသော ပစ္စယနိဒ္ဒေသ၌ ပါရှိသော သဟဇာတရုပ်-ဟူသည်ကား၊ ပဝတ္တိအခါ၌စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ၌ကမ္မဇရုပ် ၂-ပါးပင်တည်း။ဝါ၊ ပဋိသန္ဓေအခါ၌ဖြစ်သော ကမ္မဇရုပ်နှင့် ပဝတ္တိအခါ၌ဖြစ်သောစိတ္တဇရုပ် ၂-ပါးကိုသာသဟဇာတရုပ်-ဟုဆိုအပ်၏။ ။ဟူလို။

## ဤကား-ဝိဘာဝနီ။

## အယေဝဇ္ဈ-အဖိပ္ပါယ်။

ကမ္မဇရုပ်သည်၊ ပဋိသန္ဓေအခါ၌ဖြစ်သော ကမ္မဇရုပ်, ပဝတ္တိအခါ၌ဖြစ်သောကမ္မဇရုပ်-ဟူ၍ ၂-မျိုးရှိရာ၊ပဝတ္တိအခါ၌ဖြစ်သော ကမ္မဇရုပ်ကို သဟဇာတရုပ်-ဟုမယူရ။ ပဋိသန္ဓေအခါ၌ဖြစ်သော ကမ္မဇရုပ်ကိုသာ သဟဇာတရုပ်-ဟု ယူရမည်ဆိုလိုသည်။ အဘယ့်ကြောင့် ဆိုသော် ကမ္မဇရုပ်သည်၊ ပဋိသန္ဓေအခါ၌သာ စိတ်နှင့်စပ်၍ဖြစ်၏၊ ပဝတ္တိအခါ၌ကား စိတ်နှင့်စပ်၍မဖြစ်။ကံနှင့်သာစပ်၍ဖြစ်သောကြောင့်တည်း။

ဤ၌၊စိတ်နှင့်တကွစပ်၍ဖြစ်သောရုပ်သည်သာ သဟဇာတရုပ်-ဟုဆိုရ၏။ ကြွင်းသောစိတ်နှင့်စပ်၍မဖြစ်သော ကံ,ဥတု,အာဟာရတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့ကို "သဟဇာတ"ဟုမဆိုရပေ။ဝင်းကမ္မဇရုပ်သည်၊ ပဋိသန္ဓေအခါ၌ပဋိသန္ဓေစိတ်နှင့်ကင်း၍ မဖြစ်နိုင်။ပဋိသန္ဓေစိတ်ကလည်း အားနည်းလှ၍ အခြားသောစိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ပဝတ္တိအခါ၌မူ၊ ကမ္မဇရုပ်သည် စိတ်ပင် ထင်ရှားဖြစ်လျက်ရှိသော်လည်း စိတ်နှင့်စပ်၍ မဖြစ်။ကံနှင့်သာ စပ်၍ဖြစ်လေ၏-စိတ္တဇရုပ်မူကား၊ပဋိသန္ဓေအခါ၌မဖြစ်၊ ပဝတ္တိအခါ၌သာဖြစ်၏-ဟုမှတ်။ ။(ကြွင်းပေါ်ပြီ)။

ပဋိသန္ဓိယညှ ကမ္မဇရူပါနံ စိတ္တပ္ပဋိဗဒ္ဓါ ပဝတ္တိ၊ စိတ္တဝသေနေဝ
ဥပ္ပဇ္ဇနတော စေဝ တိဋ္ဌနတော စ။ပ။ပဝတ္တိယံ ပန တေသံ စိတ္တေ ဝိဇ္ဇမာနေ
ပိ ကမ္မပ္ပဋိဗဒ္ဓါဝ ပဝတ္တိ၊န စိတ္တပ္ပဋိဗဒ္ဓါ။ ။

### ပဋ္ဌာန်း-အဋ္ဌကထာ။ ။(၃၀၀)။

ဟိ၊မှန်၏။ဝါ၊ယင်းစကားထင်ရှားစေအံ့။ ပဋိသန္ဓိယံ၊ပဋိသန္ဓေအခါ၌။ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့၏။ စိတ္တပ္ပဋိဗဒ္ဓါ၊ စိတ်နှင့်စပ်သော။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊၏။ စိတ္တဝသေနေဝ၊ စိတ်၏အစွမ်းဖြင့်သာလျှင်။ ဝါ၊ကြောင့်။သာလျှင်။တာနိ၊ထိုကမ္မဇရုပ်တို့သည်။(ထည့်)။ ဥပ္ပဇ္ဇနတော စေဝ၊ ဖြစ်လည်းဖြစ်ကုန်၏။တိဋ္ဌနတော စ၊တည်လည်းတည်ကုန်၏။ပ။ပန၊ထိုမှတပါး။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။တေသံ၊ထိုကမ္မဇရုပ်တို့၏။စိတ္တေ၊စိတ်သည်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားရှိသော်လည်း။ ကမ္မပ္ပဋိဗဒ္ဓါဝ၊ ကံနှင့် စပ်သည်သာလျှင် ဖြစ်သော။ပဝတ္တိ၊သည်။ဟောတိ၊၏ စိတ္တပ္ပဋိဗဒ္ဓါ၊စိတ်နှင့်စပ်သော။ပဝတ္တိ၊ သည်။န ဟောတိ၊မဖြစ်။

---

## ကာလသုံးပါးစသည်ဖြင့်ဘေဒ်ပြခြင်း။

၃၇။ ။ဉာတိ တေကာလိကာ ဓမ္မာ၊ ကာလမုတ္တာ စ သင်္ခတါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ သင်္ခတာသင်္ခတာ တထာ။ ။

ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ။
ပစ္စယာနာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ပြီးသော ၂၄-ပစ္စည်းတို့သည်၊ဖြစ်သင့်သည်အားလျော်စွာ၊ ၁-ကာလတပါး၌သာဖြစ်သောပစ္စည်း။ ၂-ကာလ ၂-ပါး၌ဖြစ်သော ပစ္စည်း ၃-ကာလသုံးပါး၌ဖြစ်သော ပစ္စည်း။ ၄-ကာလသုံးပါးမှလွတ်သောပစ္စည်း။ ၅-အဇ္ဈတ္တ၌ဖြစ်သော ပစ္စည်း။ ၆-ဗဟိဒ္ဓ၌ဖြစ်သောပစ္စည်း။ ၇-သင်္ခတ ဖြစ်သောပစ္စည်း။ ၈-အသင်္ခတဖြစ်သော ပစ္စည်း-ဟူ၍။ ၈-ပါးအပြားရှိကုန်၏။ တရားကိုယ်အားဖြင့်ဆိုသော်-ပညတ်, နာမ်, ရုပ်-ဟူ၍ သုံးပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

၁။ ။ကာလတပါးတည်းဖြစ်သော ပစ္စည်းများကား။ ။ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤ ၁၅-ပစ္စည်းတို့သည် ပစ္စုပ္ပန်ကာလတပါးတည်း၌ဖြစ်သော ပစ္စည်းတို့တည်း။ ။အနန္တရ,သမနန္တရ,အာသေဝန,နတ္ထိ,ဝိဂတ၊ဤ ၅-ပစ္စည်းတို့သည်၊ အတိတ်ကာလတပါးတည်း၌ဖြစ်သော ပစ္စည်းတို့တည်း။ ။ ဤ ၂၀-သောပစ္စည်းတို့သည်၊ကာလတပါးတည်း၌သာဖြစ်သော ပစ္စည်းတို့မည်ကုန်၏။

၂။ ။သဟဇာတကမ္မပစ္စည်းသည်၊ ပစ္စုပ္ပန်ကာလ၌ဖြစ်၍၊ နာနက္ခဏိကကမ္မပစ္စည်းသည်၊ အတိတ်ကာလ၌ဖြစ်သောကြောင့် ကမ္မပစ္စည်းသည်-ကာလ ၂-ပါး၌ဖြစ်သော ဒွေကာလိကပစ္စည်းမည်၏။

၃။ ။အာရမ္မဏ, အဓိပတိ, ဥပနိဿယ- ဤသုံးပစ္စည်းတို့သည်၊ ပစ္စုပ္ပန်,အတိတ်,အနာဂတ်-ဟူသောကာလသုံးပါး၌ဖြစ်ကုန်သောကြောင့် တေကာလိကပစ္စည်းတို့မည်ကုန်၏။

မှတ်ချက်။ ။"အနာဂတေ ခန္ဓေ ပတ္ထယမာနော ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ" စသောပဋ္ဌာန်းပါဠိတော်များကို ထောက်ထား၍၊ အနာဂတ်ဖြစ်သော ခန္ဓာစသည်တို့ကို အာရုံပြု၍၊ ဒါန, သီလ, စသော ကုသိုလ်စိတ်ဖြစ်သောအခါ၊ထိုအနာဂတ်ဖြစ်သော ခန္ဓာ စသည့်သည်၊ ယခုပစ္စုပ္ပန်ဖြစ်သော ကုသိုလ် စိတ္တုပ္ပါဒ်အား၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်ကို ထောက်၍၊ အနာဂတပကတူပနိဿယဖြစ်ပုံကိုသိလေ၊ ကြွင်းကာလ ၂-ပါး ကားသိသာပါ၏။

၄။ ။နိဗ္ဗာန်, ပညတ် ၂-ပါးတို့သည်၊ ကာလသုံးပါးမှလွတ်သော တရားတို့မည်ကုန်၏။

၅။ ။အာရမ္မဏ, အဓိပတိ, သဟဇာတ, အညမည, နိဿယ,ဥပနိဿယ,ပုရေဇာတ,အာဟာရ,အတ္ထိ,အဝိဂတ၊ဤ ၁၀-ပါးသော ပစ္စည်းတို့သည်၊စက္ခုပသာဒစသောရုပ်တရား,ရာဂ-စသောနာမ်တရားဟူသော အဇ္ဈတ္တတရား, ပုဂ္ဂိုလ်-ဥတု-ဘောဇဉ်စသော ဗဟိဒ္ဓတရား၂-ပါးလုံးကို သိမ်းကျုံးနိုင်သောပစ္စည်းတရားများဖြစ်၍၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ၂-ပါးလုံး၌ ဖြစ်သောပစ္စည်းတရားတို့မည်ကုန်၏။

၆။ ။ကြွင်းသော ၁၄-ပစ္စည်းတို့သည်၊အဇ္ဈတ္တဖြစ်သောပစ္စည်းတို့ မည်ကုန်၏၊

၇-၈။ ။နာမ်တရားနှင့် ရုပ်တရားတို့သည်၊ ကံစသော အကြောင်း တရား ၄-ပါးတို့ ပြုပြင်စီရင်အပ်သောကြောင့်-သင်္ခတတရားတို့မည်ကုန် ၏။နိဗ္ဗာန်နှင့် ပညတ်တရားတို့သည်၊ကံစသောအကြောင်းတရားတို့သည်၊ မပြုပြင် မစီရင်အပ်သောကြောင့်-အသင်္ခတ တရားတို့မည်ကုန်၏။ ။ အာရမ္မဏ, အဓိပတိ, ဥပနိဿယ၊ဤသုံးပစ္စည်းတို့သည်-သင်္ခတတရား, အသင်္ခတတရား ၂-ပါးလုံးကို သိမ်းကျုံးသောတရားများဖြစ်သောကြောင့် သင်္ခတပစ္စည်း, အသင်္ခတပစ္စည်းတရားတို့ မည်ကုန်၏၊ ကြွင်းသော-၂၁

ပစ္စည်းတို့ကား၊ နာမ်ရုပ် ၂-ပါးကိုသာ သိမ်းကြုံးနိုင်၍ သာဓာရဏပစ္စည်းတရား တို့မည်ကုန်၏။

---

၃၈။ ။တဒ္ဒူ ရူပဓမ္မာ ရူပက္ခန္ဓောဝ၊ စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ထိုပည တ်, နာမ်, ရုပ်-သုံးပါးတို့တွင်၊ ရုပ် ၂၈-ပါးသည်၊ ဖောက်ပြန် တတ်သောကြောင့်- ရုပ်မည်၏။ စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ၅၂-ပါးအရ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်-ဟူသော-နာမ်ခန္ဓာတရား ၄-ပါးနှင့် နိဗ္ဗာန်၊ ဤတရားငါးပါးတို့ကို နာမ်-ဟုဆိုအပ်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**အဝယဝတ္ထ-အဓိပ္ပါယ်။**

အာရမ္မဏာံ နမတီတိ နာမံ။

ယံ၊ အကြင်တရားသဘောသည်။ အာရမ္မဏာံ၊ အာရုံသို့။ နမတိ၊ ညွတ် တတ်၏၊ ဣတိ၊ ကြောင့်။ တံ၊ သည်။ နာမံ၊ နာမ်-မည်၏။ ။ဝိဂြိုဟ်အရ.... အာရုံသို့ညွတ်တတ်သောကြောင့် နိဗ္ဗာန်မှတပါးသော စိတ်, စေတသိက် တရားနာမက္ခန္ဓာ ၄-ပါးသည်-နာမ်မည်၏။ ။နိဗ္ဗာန်ကား၊ အနာရမ္မဏ တရားမျိုးဖြစ်သောကြောင့်-အာရုံကိုမယူတတ်၊ မညွတ်တတ်။ ။ဟူလို။

အတ္တနိ အာရမ္မဏာဓိကာဓမ္မေ နာမေတီတိ ဝါ နာမံ။

ဝါ၊ တနည်းကား။ အတ္တနိ၊ မိမိဟူသောပစ္စည်းတရား၌။ အာရမ္မဏာဓိက ဓမ္မေ၊ အာရမ္မဏာဓိက-ပစ္စယုပ္ပန်တရားတို့ကို။ နာမေတိ၊ ညွတ်စေတတ်၏။ ဣတိ၊ ကြောင့်။ နာမံ၊ နာမ်မည်၏။ ။ဝိဂြိုဟ်အရ....နိဗ္ဗာန်နှင့်တကွ စိတ်, စေတသိက်တရားတို့သည်၊ မိမိ-ဟုဆိုအပ်သော အာရုံပစ္စည်းတရားသို့၊ အာရမ္မဏာဓိက ပစ္စယုပ္ပန်တရားတို့ကို ညွတ်စေတတ်သောကြောင့် နာမ် မည်၏။ ။ဟူလို။

ဆိုလိုရင်းကား။ ။ဤ၌ နိဗ္ဗာန်ကား-မဟာကုသိုလ်,မဟာကြိယာ-မဂ်, ဖိုလ်, စိတ်စေတသိက်တို့ကို ညွှတ်စေတတ်၏။ ။ကြွင်းသော စိတ်, စေတသိက်တရားတို့ကား၊သဗ္ဗိုဟ်အာရမ္မဏ သင်္ဂဟ-အာရုံပြုအရ- ညွှတ်စေ၏ ဟုသိ။ ဤအလို-ပညတ်တရား-ရုပ်တရားတို့လည်း အာရုံသို့ ညွှတ်စေနိုင်၍၊ နာမ်မည်သင့်သော်လည်းပညတ်-ဟူသော,ရုပ်-ဟူသောအမည်ထူးကို ရပြီးဖြစ်သောကြောင့် နာမ်မမည်တော့ပေ။ ။"လဒ္ဓနာမဝိသေသတ္တာ"ဟုဆိုလိုသည်။

---

## ပညတ္တိဝိဘာဂ-အဖွင့်။

၃၉။ ။တဒေဝ အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ ပညာပနတော ပညတ္တီတိ စ ဒုဝိဓာ ဟောတိ။

သဗ္ဗိုဟ်ပါဌ်။

ထိုနာမ်,ရုပ်မှကြွင်းသော ပညတ်တရားသည်ကား၊၁-အပြားအားဖြင့် သိစေအပ်သော အတ္ထပညတ်၊၂-အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်ဟူ၍ ၂-ပါးအပြားရှိ၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

### အဝယဝတ္ထ-အဓိပ္ပါယ်။

ပကာရေန ဉာပီယတီတိ ပညတ္တိ။

ယာ၊ အကြင်အတ္ထပညတ်ကို။ နာမပညတ္တိယာ၊ နာမပညတ်သည်။ ပကာရေန၊အပြားအားဖြင့်၊ဉာပီယတိ၊သိစေအပ်၏၊ဣတိတသ္မာ၊ထိုသို့သိစေအပ်သောကြောင့်။သာ၊ထိုအတ္ထပညတ်သည်။ပညတ္တိ၊ပညတ်-မည်၏။ ငါကြိယာ်အရ....တော,တောင်,ရေ,မြေ,လူ,နတ်,မြဟ္မာ,ရုပ်,ဝေဒနာ-စသော အနက်အပေါင်းသည်၊ အပြားအားဖြင့် သိစေအပ်သောကြောင့်- ပညတ် မည်၏။ ။ဟူလို၊

မှတ်ချက်။ ။ဤ၌၊ ပ-အရ အပြားဟူသည်၊ ပထဝီဓာတ်, လူ, ယောက်ျား-စသော အပြားကိုယူ။ ။"ပထဝီဓာတုပုဂ္ဂိလာဒိတံတံပကာရေန"။ ။မူလဋီကာ။

## ပကာရေန ဉာပေတီတိ ပညတ္တိ။

ယာ၊အကြင်သဒ္ဒပညတ်သည်။ပကာရေန၊ အပြားအားဖြင့်။ ဉာပေတိ။ သိစေတတ်၏။ ဣတိ၊ ကြောင့်။သာ၊ သည်။ ပညတ္တိ၊ ပညတ်-မည်၏။ ဝိဂြိုဟ်အရ....ဝန,ပဗ္ဗတ,ဥဒက,ဘူမိ,နရ,ဒေဝ,ဖြဟ္မ,ရူပ,ဝေဒနာ-စသော သဒ္ဒါအပေါင်းသည်၊အနက်ပညတ်ကို သိစေတတ်သောကြောင့်- ပညတ်မည်၏။ ။ဟူလို။

ဆိုလိုရင်းကား....ပုရိသော- ဟူသော သဒ္ဒါအသံဓာတ်သည်၊ ယောက်ျားဖြစ်အကောင်အထည်တည်းဟူသော အနက်ကို သိစေတတ်သောကြောင့်-သဒ္ဒပညတ်မည်၏။ ၎င်းသဒ္ဒါသည်သိစေအပ်သောကြောင့် ယောက်ျားဖြစ်အနက်သည်- အတ္ထပညတ်မည်၏။ ပဗ္ဗတသဒ္ဒါသည်သဒ္ဒပညတ်၊တောင်ဖြစ်သည်အတ္ထပညတ်မည်၏-ဟုသိ။ ။(ကြွင်းနည်းတူ)။

---

### အတ္ထပညတ်-အပြား။

၄၀-က။ ။ကထံ-တံတံ ဘူတပရိဏာမာကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ။ပ။ဘာဝနာဝိသေသ ဥပါဒါယ ကသိဏနိမိတ္တာဒိကာစေတိ။

### သင်္ဂြိုဟ်ပါဌ်။

၁။ ။ထိုထိုသို့သော ပထဝီစသော မဟာဘုတ်တို့၏ ဘောက်ပြန်သော အခြင်းအရာပုံဟန်သဏ္ဌာန်ကိုစွဲ၍ ပညတ်သမုတ်အပ်သော မြေ, တောင်-အစရှိသော သဏ္ဌာနပညတ်။

၂။ ။သစ်,မြေပိုင်,ချည်-အစရှိသောအဆောက်အဦတို့၏ပေါင်းစည်းရဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ်သမုတ်အပ်သော အိမ်, ရထား,လှည်း,အိုး,ပုဆိုး-စသော-သမူဟပညတ်။

၃။ ။ခန္ဓာငါးပါးအပေါင်းကိုစွဲ၍ ပညတ်သမုတ်အပ်သော ယောက်ျား, ပုဂ္ဂိုလ်စသော-ဇာတိပညတ်။

၄။ ။လ,နေ, နက္ခတ်-တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်းအစရှိသော အခြင်းအရာကိုစွဲ၍ပညတ်သမုတ်အပ်သော အရှေ့

အရပ်စသော ဒိသာပညတ်, နံနက်စသော ကာလပညတ်, ကရုန်လစသော မာသပညတ်။

၅။ ။ထိုထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်းစသောအခြင်းအရာကိုစွဲ၍ ပညတ်သမုတ်အပ်သောတွင်း,ဂူ,လိုဏ်ပေါက်-စသော အာကာသပညတ်။

၆။ ။ထိုထိုသို့သောအခြင်းအရာအားဖြင့် ထင်သောပထဝီကသိုဏ်းအစရှိသော နိမိတ်ကိုရင်း, ပရိကမ္မစသည်ဖြင့် ပြားသော ဘာဝနာ၏အစဉ့်ဟူသော အထူးကိုရင်း, စွဲ၍ ပညတ်သမုတ်အပ်သော ကသိုဏ်းနိမိတ်,အသုဘနိမိတ်,ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်စသော-နိမိတ္တပညတ်။

ဤသို့စသော ပညတ်အပေါင်းသည်-အတ္ထပညတ်မည်၏၊

---

## အတ္ထပညတ်၏အဓိပ္ပါယ်။

၄၀-ခ။ ။ဒေဝမနုဿဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာ ပိ အတ္ထစ္ဆာယာကာရေန စိတ္တုပ္ပါဒါနမာရမ္မဏဘူတာ၊ တံ တံ ဥပါဒါယ ဥပနိဓာယ။ ပ။ အယံ ပညတ္တိ ပညာပိယတ္တာ ပညတ္တိ နာမ။ ။

## သင်္ခိပ်ဟ်ပါဌ်။

ဤအတ္ထပညတ်တရားဟူသည်၊ ပရမတ္ထတရားများကဲ့သို့ ထင်ရှားမရှိပါဘဲလျက်၊ အဘယ်ကြောင့် စိတ်,စေတသိက် ပရမတ်တရားတို့၏ အာရုံဖြစ်နိုင်ပါသနည်း-ဟူမူ။ ။ဤအတ္ထပညတ်တရားများသည်၊ပရမတ္ထအားဖြင့် ထင်ရှား မရှိသည်မှန်ပါ၏၊သို့ထင်ရှားပင် မရှိပါသော်လည်း ပရမတ်တရားတို့၏ အရိပ်အရောင်အတု·ဟူသော အခြင်းအရာအားဖြင့်သာ စိတ်,စေတသိက်ပရမတ်တရားတို့၏ အာရုံအဖြစ်သို့ ရောက်နိုင်၏။ မျချဆပ်ဆပ်အားဖြင့်ကား၊ပရမတ်တရားတို့၏အာရုံမဖြစ်နိုင်။ ။ဟူလို။

## အတ္ထပညတ်ဖြစ်ပေါ်လာပုံ။

ဤအတ္ထပညတ်တရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း၊ အရိပ်အရောင်အတုအားဖြင့် စိတ်, စေတသိက်တို့၏ အာရုံမှုဖြစ်တန်စေ၊ ၎င်းပရမတ္ထတရားတို့၏ အရိပ်အရောင်အတုမျှသာ ဖြစ်ပါလျက်၊

အဘယ့်ကြောင့် နွား, ကျွဲ, တော, တောင်-စသည်ဖြင့် ခေါ်ဝေါ် ပညတ် သမုတ်အပ်ပါသနည်း-ဟူမူ။ ။ထိုအတ္ထပညတ်ဖြစ်အနက်ကို ထိုထိုသို့ သော အခြင်းအရာသဏ္ဌာန်အနက်ကိုစွဲ၍ထောက်ထားလျက်၊ အကြောင်း ပြုကာ သမုတ်ပညတ်ခေါ်ဝေါ်အပ်၏။ ဥပမာ-နွားတည်းဟူသော အတ္ထ ပညတ်ဖြစ်အနက်သည်၊ ထိုနွား၏ သွားတတ်သော သဘာဝအနက် သဘောကို ထောက်ဆ၍ အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ကျွဲ-ဟူသော အတ္ထပညတ်ဖြစ်အနက်သည်၊ထိုကျွဲ၏မြေ၌အိပ်တတ်သော အခြင်းအရာ သဏ္ဌာန်အနက်သဘောကို ထောက်၍ အကြောင်းပြု၍ ဖြစ်ပေါ်လာ၏-ဟူလိုသတတ်။ ။(ကြွင်းပေါ် ပြီ)။

မှတ်ချက်။ ။ဤသင်္ဂြိုဟ်လာ ပါဠိရပ်သည် အနက်သွားအနက်လာ၊ သောတုဇနတို့ အသိခက်လှ၊ ဉာဏ်မသက်နိုင်ကြ၍၊ အမေး ပုစ္ဆာထုတ်ကာ ဝိဃာဋ္ဌကို ဖြောင့်ဖြ၊ ရှင်းလင်းလိုက်ပါသတည်း။

---

သဒ္ဒပညတ်-အဘွင့်။

၄၁။ ။ပညာပနတော ပညတ္တိ ပန နာမနာမကမ္မာဒိနာမေန ပရိ ဒီပိတာ။ သာ ဝိဇ္ဇမာနပညတ္တိ၊ အဝိဇ္ဇမာနပညတ္တိ။ ပ။ ဆဗ္ဗိဓာ ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

အနက်ကို သိစေတတ်သော သဒ္ဒပညတ်သည်၊ ဝါ-သဒ္ဒါသည် နာမ် လည်းမည်၏။နာမကမ္မလည်းမည်၏။နာမဓေယျလည်းမည်၏။နိရုတ္တိလည်း မည်၏။ ဗျဉ္ဇနလည်းမည်၏။ အဘိလာပ-လည်း မည်၏။ နာမ်စသည်မည် သော သဒ္ဒါသည်၊ ဝါ-သဒ္ဒပညတ်သည်၊ ၁-ဝိဇ္ဇမာနပညတ်၊ ၂-အဝိဇ္ဇမာန ပညတ်၊ ၃-ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်၊ ၄-အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်၊ ၅-ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ ၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်-ဟူ၍ ခြောက်ပါးအပြားရှိ၏။ ။ဟူလို။

ဤကား-ဝိဃာဋ္ဌ။

---

## နာမ်ငါးပါး-အဓိပ္ပါယ်။

### အဘွော နမတီတိ နာမံ။

ယံပဒံ၊သည်။ အဘွော၊အနက်၌။ဝါ၊တို့သို့။ နမတိ၊ညွတ်တတ်၏။ ဣတိ၊ကြောင့်။တံပဒံ၊သည်။နာမံ၊နာမ်မည်၏။ ။ဝိဂြိုဟ်အရ....နွား-ကျွဲစသော သဒ္ဒါအပေါင်းသည်၊ အနက်၌ညွတ်တတ်သည်ကို အကြောင်းပြု၍ နာမ် မည်၏။ ။ဟူလို။

### ကရိယတေတိ ကမ္မံ၊နာမမေဝ ကမ္မံ နာမကမ္မံ။

ကရိယတေ၊ပြုအပ်၏။ ဣတိ၊ ကြောင့်။ ကမ္မံ၊ကမ္မ-မည်၏။ နာမမေဝ၊ နာမ်သည်သာလျှင်။ ကမ္မံ၊ကမ္မ-မည်၏။ နာမကမ္မံ၊ အမည်သည်သာလျှင် ကံ။ ။ဝိဂြိုဟ်အရ....နွား-ကျွဲ-စသောသဒ္ဒါအပေါင်းသည်၊ဤသတ္တဝါကို ဤသို့ခေါ်၏-ဟုမှည့်ခေါ်အပ်သောကြောင့် နာမကမ္မမည်၏။ ။ဟူလို။

### ဓိယတိ ဓာရိယတီတိ ဓေယျံ။<br>နာမမေဝ ဓေယျန္တိ နာမဓေယျံ။

ဓိယတိ-ဓာရိယတိ၊ ဆောင်အပ်,ထားအပ်၏ ဣတိ၊ကြောင့်။ ဓေယျံ၊ ဓေယျမည်၏၊ ။နာမမေဝ၊ အမည်သည်သာလျှင်။ ဓေယျံ၊ဆောင်အပ်, ထားအပ်သည်တည်း။ဣတိ၊ကြောင့်။ နာမဓေယျံ၊နာမဓေယျ မည်၏။ ။ (နာမဓေယျ-ဟုလည်းပါဌ်ရှိ၏)။

အဓိပ္ပါယ်ကား.... တစုံတယောက်သောသူသည် တောသို့သွား၍၊ ဤသစ်ပင်ကား အဘယ် အမည်ရှိသနည်း၊ ဤသစ်ပင်ကား ဘယ်သို့ ခေါ်ဝေါ်အပ်ပါသနည်း-ဟုမေးလတ်သော်၊ဤသစ်ပင်ကား ရှားပင်တည်း၊ ဤသစ်ပင်ကား ပေါက်ပင်တည်း-ဟု မိမိသိသော သစ်ပင်၏ အမည် သညာကို ထားအပ်၏၊ မှည့်ခေါ်အပ်၏၊ မသိသောသစ်ပင်ကိုလည်း ဤ သစ်ပင်ကိုကား "ငါမသိ"ဟု၊ မသိသောအမည်ဖြင့်သာ မှည့်ခေါ်အပ်၏၊ မသိသောသစ်ပင်-ဟု အမည်ကိုထားအပ်၏။ ဤသို့ ဆိုင်ရာသစ်ပင်ဖြစ် အနက်၌ ဆိုင်ရာသစ်ပင်အမည်ကို ထားအပ်သောကြောင့်- နာမဓေယျ-နာမဓေယျ-မည်၏။ ။ဟူလို။

မှတ်ချက်။ ။နာမကမ္မနှင့် နာမဝေယျ-တို့သည် သဘောအားဖြင့် တူ၏။အမည်မှည့်သည်နှင့်အမည်ထားအပ်သည်အတူတူ-ဟုပင် မိန့်ဆိုဘွယ်လှစ်တော်မူ၏။ ။"ကရဏာထပနသဒ္ဒါပိ ဟိ ကမ္မတ္ထာ ဟောန္တိ"။ ။မူလဋီကာ။

ဥဋ္ဌတေတိဥဋ္ဌိ။ ။နိပါတိတွာ ဥဋ္ဌိ နိရုတ္တိ။

ဥဋ္ဌတော၊ဆိုအပ်၏။ ဣတိ၊ကြောင့်။ ဥဋ္ဌိ၊ဥဋ္ဌိ-မည်၏။ ။နိပါတိတွာ၊ ထုတ်၍။ ဥဋ္ဌိ၊ ဆိုအပ်သော အမည်သည်။ နိရုတ္တိ၊ နိရုတ္တိ-မည်၏။ ။ ငါဂြိုဟ်အရ... အနက်သည် သဒ္ဒါ၏အကြောင်းဖြစ်၍၊ ဗျုပ္ပတ္တိအနက်ကို ထုတ်၍ အကျယ်အားဖြင့် ဆိုအပ်သောကြောင့်-နိရုတ္တိမည်၏။ ။ဟူလို။ (ဤကား-ဋီကာကျော်ဆရာအလိုတည်း)။

အတ္ထံ နိဒ္ဒါရေတွာ ဝဒတီတိ နိရုတ္တိ။

ယံဝစနံ၊ အကြင်သဒ္ဒါသည်။ အတ္ထံ၊ အနက်ကို။ နိဒ္ဒါရေတွာ၊ ထုတ်ဆောင်၍။ဝဒတိ၊ဟောတတ်၏။ ဣတိ၊ကြောင့်။ တံ၊ထိုသဒ္ဒါသည်။နိရုတ္တိ၊ နိရုတ္တိမည်၏။

အဓိပ္ပါယ်ကား.... နာမ်ဖြစ်သောသဒ္ဒါအပေါင်းသည်၊ ဗျုပ္ပတ်နိမိတ် အကြောင်းနှင့်တကွ ဒြဗ်အနက်ကို ထုတ်ဆောင်၍ ဟောတတ်သော ကြောင့်-နိရုတ္တိ-မည်၏။ ။ဟူလို။

မှတ်ချက်။ ။ဤမူလဋီကာဆရာအလို- နိဂ္ဂဟိတ်သော ဥစ- ဓာတ်၊ ကတ္တုသာဓနသည်၊ အဓိပ္ပါယ်ပေါ်လွင် ထင်ရှားသိလွယ်ပါပေ သည်။ သဒ္ဒါမှန်သမျှသည်၊ ဗျုပ္ပတ္တိ-သဒ္ဒပဝတ္တနိမိတ်- ဟူသော အကြောင်းနှင့်တကွသော ဒြဗ်အနက်ကို ဟောတတ်သည်ချည်း ဖြစ်၍။ သင့်လျော်လျောက်ပတ် ကောင်းမြတ် ပါပေသည်။ ။ "နာမဘူတံ ဝစနမေဝ တံတံ အတ္ထံ နိဒ္ဒါရေတွာ သဟေတုကံ ကတွာ ဝဒတိ ဗျဉ္ဇယတီတိစ"။ ။အနုဋီကာ။

အတ္ထံ ဗျဉ္ဇယတီတိ ဗျဉ္ဇနံ။

ယံဝစနံ၊ အကြင်သဒ္ဒါသည်။ အတ္ထံ၊အနက်ကို။ ဗျဉ္ဇယတိ၊ ပြတတ်, ဟောတတ်၏။ဣတိ၊ကြောင့်။ဗျဉ္ဇနံ၊ဗျဉ္ဇနမည်၏။ ။ငါဂြိုဟ်အရ... ခွား-ကဲ

စသောသဒ္ဒါအပေါင်းသည်၊ အနက်ကိုဟောဘတ်-ပြတတ်သောကြောင့်-ဇျုဋ္ဌန-လည်းမည်၏။ ။ဟူလို။

အတ္ထံ အဘိမုခံ လပဘီတိ အဘိလာပေါ။

ယော၊ အကြင်သဒ္ဒါသည်။ အတ္ထံ၊ အနက်ကို။ အဘိမုခံ၊ ရှေးရှု။ ဝါ၊ ထင်ရှားစွာ။ လပတိ၊ဟောတတ်၏။ ဣတိ၊ကြောင့်။ သော၊ထိုသဒ္ဒါသည်။ အဘိလာပေါ၊ အဘိလာပ- မည်၏။ ။ဝိဂြိုဟ်အရ....နွား- ကျွဲစသော သဒ္ဒါသည်၊ အနက်ကို ရှေးရှုထင်ရှားစွာဟောတတ်သောကြောင့်-အဘိ လာပ-မည်၏။ ။ဟူလို။

နာမကမ္မန္တိ နာမကာရဏံ။ နာမဓေယျန္တိ နာမထပနံ။ နိရုတ္တိတိ နာမနိရုတ္တိ။ ဗျဉ္ဇနန္တိ နာမဗျဉ္ဇနံ၊ ယသ္မာပနေတံ အတ္ထံ ဗျဉ္ဇေတိ၊ တသ္မာ ဧဝံ ဝုတ္တံ၊အဘိလာပေါတိ နာမာဘိလာပေါ။ ။

အဋ္ဌသာလိနီ-အဋ္ဌကထာ။ ။(၃၇၅)။

နာမကမ္မန္တိ၊ ကား။ နာမကရဏံ၊ ပြုအပ်သောအမည်တည်း။ နာမဓေယျန္တိ၊ကား။နာမထပနံ၊ထားအပ်သောအမည်တည်း။ နိရုတ္တိတိ၊ကား။ နာမနိရုတ္တိ၊ ထုတ်၍ဆိုအပ်သောအမည်တည်း။ ဗျဉ္ဇနန္တိ၊ကား။နာမဗျဉ္ဇနံ၊ အနက်ကိုပြတတ်သောအမည်တည်း။ ပန၊ ဝစနမှာပါး၊ ဝစနတ္ထကိုဆို ဦးအံ့၊ (ဤအလို- ပန- သဒ္ဒါဥပန္ယာသ)။ ယသ္မာ ပန၊ အကြင်ကြောင့်။ (ဤအလို-ပန-သဒ္ဒါဟိတ်၊ ၎င်းဟိတ်သည် ယသ္မာ-နှင့်တွေ့သော်၊ ယှဉ်၍သာအနက်ပေးရ၏)။ ဧတံနာမံ၊ သည်။ အတ္ထံ၊ ကို၊ ဗျဉ္ဇေတိ၊ ပြတတ်၏။ တသ္မာ၊ထိုသို့အနက်ဖြစ်ကိုပြတတ်သောကြောင့်။ဧဝံ၊ဗျဉ္ဇန-ဟူ၍။ဝုတ္တံ၊၏။ အဘိလာပေါတိ ၊ကား၊ နာမာဘိလာပေါ၊ ရှေးရှုအနက်ကိုဟောတတ်သောသဒ္ဒါသာတည်း။

---

### ဝိဇ္ဇမာနပညတ်-အဘွင့်။

၇၂-က။ ။တဇ္ဇ ယဒါပန ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒနာဒိံ ဧတာယ ပညာပေန္တိ၊ တဒါယံ ဝိဇ္ဇမာနပညတ္တိ။ ။

သင်္ဂြိုဟ်ပါဠိ။

ထိုသဒ္ဒပညတ်ခြောက်ပါးတို့တွင်၊ အကြင်အခါ၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်, ဝေဒနာ-စသောအနက်ကို အကြင်သဒ္ဒပညတ်ဖြင့်

သိစေတတ်၏၊ ထိုအခါ၊ဤရုပ်, ဝေဒနာစသောသန္ဓပညတ်သည်-ဝိဇ္ဇမာန ပညတ်မည်၏။ ။ဟူလို။

## ဤကား-ဝိဇ္ဇာဋ္ဌ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

၁။ ။ဤသင်္ဂြိုဟ်ပါဌ်ဖြင့် ဝိဇ္ဇမာနပညတ္တိ-ဟူသောပုဒ်၏ ဝစနတ္ထကို ပြတော်မူ၏။ ။ထိုတွင်"ဝိဇ္ဇမာနံရူပဝေဒနာဒိ"ဟူသောပါဌ်ဖြင့် ဝိဇ္ဇမာန ၏အရ၊အဘိဓေယျကို ထုတ်ပြတော်မူ၏။ ဝါ၊ဥဒါဟရဏ်ပုံစံကို ပြတော်မူ၏။"ပရမတ္ထတော"ဖြင့်၊ဝိဇ္ဇမာန၏အရ ဝိဇ္ဇမာနာကာရကိုပြတော်မူ၏။

ဆိုလိုရင်းကား.... "ဝိဇ္ဇမာနံ ပညာပေန္တိ ဇောတယာတိ ဝိဇ္ဇမာန ပညတ္တိ"ဟူသော ဝိဂြိုဟ်စစ်ကိုပြ-ဟူလိုသတတ်။ ။ဇောတယ၊ ထို ရူပ, ဝေဒနာ, စသောသန္ဓပညတ်ဖြင့်။ ဝိဇ္ဇမာနံ၊ ပရမတ္ထအားဖြင့် ထင်ရှား ရှိသော ရုပ်,ဝေဒနာစသောအတ္ထပညတ်ကို။ ပညာပေန္တိ၊အပြားအားဖြင့် သိစေတတ်ကုန်၏။ ဉာတိတသ္မာ၊ ထိုသို့ သိကြောင်းဖြစ်သော အနက် ကြောင့်။ သား၊ ထိုသန္ဓပညတ်သည်။ ဝိဇ္ဇမာနပညတ္တိ၊ ဝိဇ္ဇမာန-ပညတ် မည်၏။

အဓိပ္ပါယ်ကား....ရူပံ-ဟူသောသဒ္ဒါ, ဝေဒနာစသော သဒ္ဒါအပေါင်း သည်၊ ပရမတ္ထတရားလေးပါးဝယ် အပါအဝင်ဖြစ်၍၊ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်ဟူသောအနက်, ဝေဒနာ- ဟူသောအနက်ပညတ်ကို သိရခြင်း၏ အကြောင်းဖြစ်သောကြောင့်- ဝိဇ္ဇမာနပညတ်မည်၏။ ။ ဟူလို။ ။(ဤအလို-အတ္တနိ စ အတ္ထေ နာမေတိတိ နာမံ-အရ-သဒ္ဒါရုံကို ကြားရ၍၊အနက်ဥညွှတ်မှု,အနက်ကိုသိရမှုကို ဆိုလိုသည်)။

ဝိဇ္ဇမာနေသု ဝါ အတ္ထေသု ပဝတ္တာ ပညတ္တိ ဝိဇ္ဇမာနပညတ္တိ။

ဝါ၊တနည်းကား။ ဝိဇ္ဇမာနေသု၊ ပရမတ်အားဖြင့်ထင်ရှားရှိကုန်သော။ အတ္ထေသု၊အနက်တို့၌။ ပဝတ္တာ၊ဖြစ်သော။ ပညတ္တိ၊ပညတ်သည်၊ ဝိဇ္ဇမာန ပညတ္တိ၊ဝိဇ္ဇမာနပညတ်-မည်၏။ ။ဝိဂြိုဟ်အရ ... ရုပ်,ဝေဒနာ စသည်ဖြင့် ပရမတ်အားဖြင့် ထင်ရှားရှိသော အနက်၌စွဲ၍ မှည့်ဆိုပညတ်အပ်သော

သဒ္ဒပညတ်သည်-ဝိဇ္ဇမာနပညတ်မည်၏။ ။ဟူလို။ ။(ဤကား ဆရာတို့ အလိုဘည်း။ဤဝိကပ်ဖြင့် "အဝိဇ္ဇမာနပတိဘိနာဝံ"အရ-အနက်ကိုအစွဲပြု၍ သဒ္ဒါဖြစ်သည်-ဟုဆိုလိုသည်။ကြွင်းနည်းတူသိ)။

---

## အဝိဇ္ဇမာနပညတ်-အဘွင့်။

၄၂-ခ။ ။ယဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနံ ဘူမိပဗ္ဗတာဒိံ
တောယ ပညာပေန္တိ၊ တဒါယံ အဝိဇ္ဇမာနပညတ္တီတိ
ပဝုစ္စတိ။ ။

## သဂြိုဟ်ပါဠိ။

၂။ ။အကြင်အခါ၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ, တောင်-အစရှိသော အနက်ကိုအကြင်သဒ္ဒပညတ်ဖြင့် သိစေတတ်၏။ထို-ဘူမိ,ပဗ္ဗတ,စသော သဒ္ဒပညတ်မျိုးသည်- အဝိဇ္ဇမာနပညတ်မည်၏။ ။ ဟူလို။

## ဤကား-ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

### အဝိဇ္ဇမာနံ ပညာပေန္တိ တောယာတိ အဝိဇ္ဇမာနပညတ္တိ။

တောယ၊ထို ဘူမိ,ပဗ္ဗတ,စသောသဒ္ဒပညတ်ဖြင့်၊အဝိဇ္ဇမာနံ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ,တောင်-စသော အတ္ထပညတ်ကို။ ပညာပေန္တိ၊ကုန်၏၊ဣတိ၊ကြောင့်။သာ၊သည်။အဝိဇ္ဇမာနပညတ္တိ၊မည်၏။

အဓိပ္ပါယ်ကား....မြေဟူသောအနက်,တောင်ဟူသော အနက်သည်၊ ပရမတ္ထတရား ၄-ပါးတို့တွင် ပါဝင်သော ထင်ရှားရှိသော အနက်မျိုး မဟုတ်၍၊ မထင်ရှားသော အတ္ထပညတ်မျိုးသာ ဖြစ်သောကြောင့် အဝိဇ္ဇမာနအနက်မည်၏။ ထိုအဝိဇ္ဇမာနအနက်ကို သိကြောင်းဖြစ်သော ဘူမိ ပဗ္ဗတ-စသော သဒ္ဒပညတ်သည်-အဝိဇ္ဇမာနသဒ္ဒပညတ်မည်၏။ ။ဟူလို။ (ကြွင်းပေါ်ပြီ)။

---

## ဝိဇ္ဇမာနေန အဝိဇ္ဇမာန-စသောပညတ်အဖွင့်။

၄၂-၈။ ။ဥဘိန္နံပန ဝေါမိဿကဝသေန သေသာ ယထာက္ကမံ ဆဠဘိညော, ဣတ္ထိသဒ္ဒေါ, စက္ခုဝိညာဏံ, ရာဇပုတ္တော တိစ ဝေဒိတဗ္ဗာ။ ။

### သဗ္ဗိုဟ်ပါဌ်။

ဆိုအပ်ပြီးသော ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ် ၂ ပါးကို ရောစပ်သော အစွမ်းအားဖြင့် ကြွင်းကုန်သော ဆဠဘိညော-စသော ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ ဣတ္ထိသဒ္ဒေါ-စသော အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်၊စက္ခုဝိညာဏံ-စသော ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ရာဇပုတ္တော-စသော အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်-တို့ကိုသိအပ်ကုန်၏။ ။ဟူလို။

### ဤကား-ဝိတ္ထာရတ္ထ။

---

### အဝသေသတ္ထ-အဓိပ္ပါယ်။

၃။ ။ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကို သိစေသော သဒ္ဒပညတ်သည်-ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။ ။ဆဠဘိညော။ ။ပုံစံ။

ဤ၌-အဘိညာဉ်ခြောက်ပါးကား၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်- ဝိဇ္ဇမာန-အနက်မည်၏။ အဘိညာဉ်ရသော ပုဂ္ဂိုလ်-ဟူသော အနက်ကား ပရမတ္ထအားဖြင့်ထင်ရှားမရှိသောကြောင့်-အဝိဇ္ဇမာနအနက် မည်၏။ထို-ဝိဇ္ဇမာနအနက်,အဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်-ဟော တတ်သော ဆဠဘိညော-စသော သဒ္ဒါကား-ဝိဇ္ဇမာနေန အဝိဇ္ဇမာနသဒ္ဒ ပညတ်မည်၏။ ။(ကြွင်းနည်းတူသိ)။

၄။ ။ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်နှင့်ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ကို သိစေတတ်သော သဒ္ဒပညတ်သည် အဝိဇ္ဇမာ နေန ဝိဇ္ဇမာနပညတ်မည်၏။ ။ဣတ္ထိသဒ္ဒေါ။ ။ပုံစံ။

ဤ၌ မိန်းမ-ဟူသောအနက်သည်ပညတ်အနက်မျှသာဖြစ်၍၊ ပရမတ် အားဖြင့် ထင်ရှားရှိသောအနက်မဟုတ်သောကြောင့်- အဝိဇ္ဇမာနအနက် မည်၏။ အသံ-ဟူသောအနက်ကား သဒ္ဒရုပ်-ဟုပရမတ်အားဖြင့်ထင်ရှား

ရှိသောကြောင့်-ဝိဇ္ဇမာနအနက်မည်၏။ ထိုမိန်းမဟူသော အဝိဇ္ဇမာနဖြစ်သော အနက်နှင့်၊ အသံ-ဟူသောဝိဇ္ဇမာန အနက် ၂-ပါးကို သိစေတတ်, ဟောတတ်သော-ဣတ္ထိသဒ္ဒေါ-ဟူသောသဒ္ဒါသည်-အဝိဇ္ဇမာနေနဝိဇ္ဇမာန သဒ္ဒပညတ်မည်၏။

၅။ ။ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ကိုပင် သိစေသော သဒ္ဒပညတ်သည်- ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်၏။ ။စက္ခုဝိညာဏံ။ ။ပုံစံ။

ဤ၌-စက္ခုပသာဒရုပ်ဟူသော အနက်သည် ပရမတ္ထတရားလေးပါးဝယ် အပါအဝင်ဖြစ်၍ ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနအနက်မည်၏။ စိတ်ဝိညာဏ်သည်လည်း ထိုအတူပင် စိတ်-ဟူသောပရမတ်တရားဖြစ်၍ ထင်ရှားရှိသော အနက်ဖြစ်သောကြောင့်- ဝိဇ္ဇမာနအနက်ပင်ဖြစ်၏။ ထိုစက္ခုပသာဒရုပ်-ဟူသောဝိဇ္ဇမာနအနက်နှင့် စိတ်ဝိညာဏ်-ဟူသော ဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်, ဟောတတ်သော- စက္ခုဝိညာဏံ-စသောသဒ္ဒါသည်-ဝိဇ္ဇမာနေနဝိဇ္ဇမာနသဒ္ဒပညတ်မည်၏။

၆။ ။ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်နှင့်ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက် ၂-ပါးကို သိစေတတ်သောသဒ္ဒါသည်- အဝိဇ္ဇမာနေနအဝိဇ္ဇမာနသဒ္ဒပညတ်မည်၏။ ။ရာဇပုတ္တော။ ။ပုံစံ။

ဤ၌ မင်းဟူသောအနက်သည်၊ ပညတ်အနက်မျှသာဖြစ်၍၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက် မဟုတ်သောကြောင့်- အဝိဇ္ဇမာနအနက်မည်၏။သား-ဟူသော အနက်သည်လည်း ထိုအတူ ပညတ်အနက်မျှသာဖြစ်၍၊ပရမတ္ထအားဖြင့်ထင်ရှားရှိသောအနက်မဟုတ်သောကြောင့်-အဝိဇ္ဇမာနအနက်ပင်မည်၏။ ထိုမင်းစသောအဝိဇ္ဇမာနအနက်နှင့် သား စသော အဝိဇ္ဇမာနအနက် ၂-ပါးကို သိစေတတ်-ဟောတတ်သော ရာဇပုတ္တော စသော သဒ္ဒါအပေါင်းသည်- အဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ်မည်၏-ဟုမှတ်။

မှတ်ချက်။ ။ကြွင်းသော ပုံစံဥဒါဟရဏ်များကို ဤပုံစံဥဒါဟရဏ်တို့ကိုထောက်ဆ၍သိလောက်ပြီ။အနက်နှင့်သဒ္ဒါကိုလည်းခြားနား စွာ သတိပြုလေ။ ။ပုတ္တော-ကား-ပါဠိသဒ္ဒါ၊သား-ဟူသော အသံကား- မြန်မာသဒ္ဒါ၊ သား-အလည်းကိုယ်ဖြစ်သော အနက်ဖြစ်၏။

ဤသို့သဒ္ဒါနှင့် အနက်တို့၏ ခြားနားမှုကို သတိပြုလေ။ သို့မှအတ္ထပညတ်နှင့်သဒ္ဒပညတ်ကွဲမည်။

---

၄၃။ ။ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္နာ၊ မနောဒွါရဿ ဂေါစရာ။ ။
အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတောပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။ ။

**ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပစ္စယသင်္ဂဟဝိဘာဂေါနာမ အဋ္ဌမော ပရိစ္ဆေဒေါ။**

သင်္ဂြိုဟ်ပါဌ်။

ဤအထက်ပါ ဂါထာတို့၏ ဝိဂ္ဂဟတ္ထကို မဘော်ပြမီ၊ အဝယဝတ္ထကို ရှေးဦးစွာဘော်ပြသင့်၏။ ဝါ၊ ဘော်ပြပါမှ၊ အဓိပ္ပါယ်ပေါ်လွင်ရှင်းလင်းမည်ဖြစ်၍၊ အဝယဝတ္ထကို ရှေးဦးစွာဘွင့်ဆိုပေအံ့၊ ။ဤဂါထာတို့ဖြင့် ဘွင့်ဆိုအပ်ခဲ့ပြီးသော သဒ္ဒပညတ်သည်၊ အတ္ထပညတ်ကို အပြားအားဖြင့် သိစေပုံကို ဝီထိပုံချ၍ ပြတော်မူ၏။

ပြဟန်ကား....ထိုပါဌ်အပေါင်းတို့တွင် "ဝစီဃောသာနုသာရေန" ဟူသောပါဌ်ဖြင့်၊ သဒ္ဒါရုံအာရမ္မဏပစ္စည်းကိုပြတော်မူ၏။ "သောတဝိညာဏ ဝီထိယာ" ပါဌ်ဖြင့် ထိုသဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော- သောတဝိညာဏ ဝီထိကိုပြ၏။ "အနန္တရုပ္ပန္နမနောဒွါရဿ" ဟူသောပါဌ်ဖြင့် ထိုသောတ ဝိညာဏဝီထိနောက်၌ တဒနုဝတ္တက မနောဒွါရလေးဝီထိ ဖြစ်ဟန်ကို ပြ၏။ ။(ဝီထိပိုင်း၌ ပဉ္စဒွါရဝီထိ, ထို့နောက် တဒနုဝတ္တကမနောဒွါရလေး ဝီထိဖြစ်ပုံကိုသတိပြု)။ "အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိတတော ပရံ" ဟူသောပါဌ်ဖြင့်၊ ထိုတဒနုဝတ္တကမနောဒွါရလေးဝီထိ၏နောက်မှသာ အနက်ဖြစ်၊ အတ္ထပညတ်ကို သိရမှုကို ပြတော်မူ၏။

ဆိုလိုရင်းကား....လူ,ခွေး,ကြောင်,ကျား-စသော အက္ခရာတလုံးသာ ရှိသော သဒ္ဒပညတ်အသံခတ်၊ ယောကျ်ား, မိန်းမ, စသော အက္ခရာ နှစ်လုံးရှိသော သဒ္ဒပညတ်အသံခတ်၊ မောင်ဘရင်, မောင်သန်းတင်- စသော အက္ခရာသုံးလုံးရှိသော သဒ္ဒပညတ်, အသံခတ်- စသည်ဖြင့်

အသံသဒ္ဒါ-ဟု ဆိုအပ်သော သဒ္ဒပညတ်သည် အမျိုးမျိုးရှိရာ၊ တလုံးသော အက္ခရာရှိသော လူ-ခွေး-စသော သဒ္ဒပညတ်ဖြင့် အတ္ထပညတ်ကို သိရပုံမှာ။

သဒ္ဒံ ပဌမစိတ္တေန၊တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊အတ္ထံ စတုတ္ထစေတသာ၊ ။

ဂါထာအရ၊ လူ-ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍၊ ရှေးဦးစွာသောဘ သွါရတဝိထိဖြစ်၏။ ထို့နောက်အတိတ်ဖြစ်သော ထိုသဒ္ဒါရုံကို အာရုံပြု၍ နှစ်ကြိမ်မြောက် တဒနုဝတ္တကမနောဒွါရတဝိထိဖြစ်၏။ ထို့နောက်-လူ-ဟူသော နာမပညတ်ကို အာရုံပြု၍ သုံးကြိမ်မြောက် သဒ္ဒမနောဒွါရဝိထိဖြစ်၏၊ ထို့နောက် ၎င်းနာမပညတ်ကို အစဉ်လျှောက်သဖြင့် လူခန္ဓာပဉ္စကဒြဗ်-ဟုဆိုအပ်သောအနက်ဟူသောအတ္ထပညတ်ကို အာရုံပြု၍ ၄-ကြိမ်မြောက် သုဒ္ဓမနောဒွါရတဝိထိဖြစ်၏။ ဤသို့ ၄-ဝိထိကျမှ အတ္ထပညတ်ကို သိရ၏-ဟုမှတ်။

အက္ခရာနှစ်လုံးရှိသောပုဒ်၌-ဝိထိချုပ်။

ယောက်ျား-အစရှိသော အသံကိုကြားရာ၌၊ပစ္စုပ္ပန်ဖြစ်သော-ယောက်ဟူသော သဒ္ဒါရုံကို အာရုံပြု၍၊ သောတဒွါရ တဝိထိဖြစ်၏၊ထို့နောက်ချုပ်လေပြီးသော အတိတ်ဖြစ်သော ယောက်-ဟူသောသဒ္ဒါရုံကို အာရုံပြု၍၊ တဒနုဝတ္တက မနောဒွါရတဝိထိဖြစ်၏။ ထို့အတူ-ကျား-ဟူသော သဒ္ဒါရုံကို အာရုံပြု၍၊ သောတဒွါရတဝိထိဖြစ်၏။ ထို့နောက် ချုပ်လေပြီးသော အတိတ်ဖြစ်သော ကျား-ဟူသောသဒ္ဒါရုံကို အာရုံပြု၍၊ တဒနုဝတ္တက မနောဒွါရတဝိထိဖြစ်၏။ ဤအက္ခရာတလုံး၌ ၂-ဝိထိစီဖြစ်ပြီးမှ၊ ယောက်ျား-ဟူသောအက္ခရာ ၂-လုံးကိုပေါင်းရုံး၍ အာရုံပြုကာ မနောဒွါရတဝိထိဖြစ်၏။ထို့နောက် ယောက်ျား-ဟူသော နာမပညတ်ကိုအာရုံပြု၍ မနောဒွါရတဝိထိ။ ယောက်ျားဟူသော နာမပညတ်၏အနက်အစဉ်လျှောက်လျက်၊ ယောက်ျား၏ ခန္ဓာပဉ္စကဒြဗ်-ဟုဆိုအပ်သော အနက်-ဟူသော အတ္ထပညတ်ကို အာရုံပြု၍၊သုဒ္ဓမနောဒွါရတဝိထိဖြစ်၏။ဤသုဒ္ဓမနောဒွါရဝိထိသို့ ရောက်ပါမှ အတ္ထပညတ်အနက်ဒြဗ်ကို သိရလေတော့သည်။ ။(ကြွင်းသော ၃-လုံး ၄-လုံးစသော အက္ခရာရှိသော ပုဒ်တို့ဖြင့် အနက်ကိုသိစေရာ၌လည်း ဤနည်းကို မှီ၍၊ဝိထိချလေ။သိလောက်ပြီ)။

ဃဋောတိ အာဒိသန္ဓိ သုဏာန္တဿ ဧကမေကံ သန္ဓိံ အာရဗ္ဘ ပဝတ္တပုဗ္ဗန္တာဝတီတာရမ္မဏာဝသေန ဒွေဒွေ ဇဝနဝါရာ ဟောန္တိ၊ တတော သန္ဓိသမုဒါယ မာရဗ္ဘ ဧကော၊ တတော နာမပညတ္တိံ မာရဗ္ဘ ဧကောတိ ဧဝံ သန္ဓိသမုဒါယာရမ္မဏာယ ဇဝနဝီထိယာ အနန္တရံ နာမပညတ္တိ ပါကဋာ ဟောတိ၊ တတော ပရံ အတ္ထာဝဗောဓောတိ အာစရိယာ။ ။အဘိဓမ္မတ္ထဝိကာသိနီ-ဋီကာ။ ။(၃၁၃)။

ဃဋောတိအာဒိသန္ဓိ၊ဃဋော-ဤသို့အစရှိသော ၂-လုံးသောအက္ခရာရှိသောအသံကို။ဝါ၊သဒ္ဒါကို။သုဏာန္တဿ၊ကြားသောသူအား။ဧကမေကံ၊တလုံးတလုံးသော။ သန္ဓိံ၊ အသံကို။ အာရဗ္ဘ၊အာရုံပြု၍။ ပဝတ္တပုဗ္ဗန္တာဝတီတာရမ္မဏဝသေန၊ပစ္စုပ္ပန်အာရုံ,အတိတ်အာရုံတို့၏ အစွမ်းဖြင့်။ဒွေဒွေ၊နှစ်ပါးနှစ်ပါးကုန်သော။ ဇဝနဝါရာ၊ ဇောအကြိမ်ကျသော သောတဒွါရဝီထိ, တဒနုဝတ္တကမနောဒွါရဝီထိတို့သည်။' ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုအတိတ်သဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်သည်မှ။ပရံ၊နောက်၌။သန္ဓိသမုဒါယံ၊ဃ-ဟူသော,ဋော-ဟူသောအသံ ၂-ပါးအပေါင်းကို။အာရဗ္ဘ၊ပေါင်းရောကာ အာရုံပြု၍။ဧကော၊တခုသော-သမူဟမနောဒွါရဝီထိသည်။ဟောတိ၊၏။ တတော၊ ထိုအက္ခရာသမုဒါယကို အာရုံပြုသောမနောဒွါရဝီထိမှ။ ပရံ၊ ၌။ နာမပညတ္တိံ ၊ ဃဋ-ဟူသောနာမပညတ်ကို။ အာရဗ္ဘ၊အာရုံပြု၍။ ဧကော၊တခုသော မနောဒွါရဝီထိသည်။ ဟောတိ၊၏။ ဧဝံ၊ ဤသို့လျှင်။ဝါ၊ ဤသို့သောနည်းဖြင့်။ သန္ဓိသမုဒါယာရမ္မဏာယ၊ သဒ္ဒါအပေါင်းလျှင် အာရုံရှိသော။ ဇဝနဝီထိယာ၊ ဇောကျသော တဒနုဝတ္တကမနောဒွါရဝီထိ၏။ အနန္တရံ၊ အခြားမဲ့၌။ နာမပညတ္တိ၊ နာမပညတ်သည်။ ပါကဋာ၊ ဉာဏ်အား ထင်ရှားလာသည်။ ဟောတိ၊ ၏။ တတော၊ထိုသို့ထင်ရှားစွာ ဖြစ်ပေါ် ပြီးသည့်မှ။ ပရံ၌။အတ္ထာဝဗောဓော၊ အိုး-ဒြပ်ကိုသိသော အသိဉာဏ်ခတ်သည့်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ အာစရိယာ၊တို့သည်။ဝဒန္တိ၊မိန့်ဆိုတော်မူကြကုန်၏။

မူလဋီကာ၌လည်း ထိုနည်းတူ “ပန္တိမာ နာမပညတ္တိ။ယာယပုရိမာ ပညတ္တိရူပါယ ယောစ သောတဒွါရဝိညာဏ သန္တာနာနန္တရမုပ္ပန္နေန ဂဟိတပုဗ္ဗ သင်္ကေတေန မနောဒွါရ ဝိညာဏသန္တာနေန ဂဟိတာယ ပညာပိယန္တီတိ အာစရိယာ ဝဒန္တိ”ဟုဘွင့်တော်မူ၏။

## မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏အသုံးအဖြတ်။

"ဝစီဃောသာနုသာရေန"- အစရှိသော နှစ်ဂါထာဝယ်- အဓိပ္ပါယ်ကား၊ အကြင်အခါ ဝဒန္တပုဂ္ဂိုလ်သည်၊ တရုံတခုသော အခြင်းအရာဖြင့် ရှေးဦးစွာ နွားဖြဲ်ကို အာရုံပြုမိ၏၊ ထိုအခါ အတ္ထပညတ် ဖြဲ်အနက်ကို အာရုံပြု၍၊မနောဒွါရိကဝိထိစိတ်ဖြစ်၏၊ထိုနောက် ဖြဲမှအစဉ်လျှောက်၍၊ ဝါစကသဒ္ဒါနာမပညတ်ကို အောက်မေ့ဆင်ခြင်သည့်ရှိသော်၊ "သင်္ကေတေနဝဝတ္ထိတ"အင်္ဂါတပါးရှိသဖြင့်"သဒ္ဒသန္တတိယံ သဒ္ဒေါ၊ကာသာဒိဝ မကာရိယော"ဟုလာသော ဂေါ-ဟူသောနိစ္စသဒ္ဒါ နာမပညတ်ကိုသိသော မနောဒွါရိကဝိထိစိတ်ဖြစ်၏။ မနောဒွါရ၏သာ အာရုံဖြစ်သော ဝစီဘေဒ အဖြစ်သို့မရောက်နိုင်သော ထိုဂေါ-သဒ္ဒါနာမပညတ်ဖြင့် ထိုနွားဖြဲ်တည်း ဟူသောအနက်ကို၊သုတန္တပုဂ္ဂိုလ်အားပြောဆိုလို့,သိစေလိုသည်ဖြစ်အံ့၊ ဝစီဘေဒ၊ဥဒါဟာရသဒ္ဒါ၏အကြောင်းဖြစ်သော၊ဂေါ-သဒ္ဒါနာမပညတ်နှင့် မတိမ်းမစောင်း၊မလွဲမလည့်၊တထပ်တည်းကျသောကြောင့်၊အကုပ္ပဒ္ဓာနာ ရပာ-ကာရဏာရပာ- ဟူ၍ဆိုအပ်သော၊ ဂေါ-ဟူသော ဥဒါဟာရ၊ ဝစီ ဘေဒ၊ဝိဂ္ဂဟပရမတ္ထသဒ္ဒါကို ရွတ်ဆို၏။ထိုအခါ ထိုသဒ္ဒါကိုဖြစ်စေတတ် သော မနောဒွါရိကဝိထိစိတ်ဖြစ်၏။ ဤကား-ဝဒန္တပုဂ္ဂိုလ်၌ကျသော ဝိထိ သုံးမျိုးတည်း။ဤဝကားသည်၊စာသင်သားတို့ မှတ်လွယ်စေသောအကြမ်း သာတည်း။ဉာဏ်ကြီးသောပညာရှင်တို့ကား။

တဇ္ဇောပါဒါသမူဟာဍ္ဍ၊သန္တတိံ အတ္ထသင်္ကေတံ။
သဒ္ဒပညတ္တိမာလမ္ဗ၊ဝဒန္တော ဝတ္တတေ စိတ္တံ၊ ။

တဇ္ဇောပါဒါသမူဟာဍ္ဍ၊ ရုပ္ပန,နမနလက္ခဏာ-ဟူသော၊ တဇ္ဇာပညတ်၊ ထိုရုပ်, နာမ်ခန္ဓာငါးပါး အပေါင်းတည်းဟူသော သမူဟပညတ်ကိုရင်း။ သန္တတိံ၊ထိုရုပ်နာမ်ခန္ဓာတို့၏ အစီအစဉ်တည်းဟူသော သန္တတိပညတ် ကိုရင်း။ အတ္ထသင်္ကေတံ၊ထိုသန္တတိပညတ်သည်ပင်လျှင် သဒ္ဒါ၏အနက် ဖြစ်သော အတ္ထပညတ်၊ ထိုအတ္ထပညတ်ကို မှတ်သားကြောင်းဖြစ်သော လောကသမုတိ ဟူသောသင်္ကေတပညတ်ကိုရင်း။ သဒ္ဒပညတ္တိံ၊ ယင်း သင်္ကေတကို ပြတတ်သော၊ သုတန္တတို့၏ဉာဏ်အား အတ္ထဝါစက တပ်ရာ၌၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သော မနသာ ဝဝတ္ထာပိတသဒ္ဒပညတ်ကိုရင်း။အာလမ္ဗ၊ဤပညတ် ၇-ပါးကို အာရုံပြု၍၊

ဝဒန္တေ။ရွတ်ဆိုတတ်သောဝဒန္တပုဂ္ဂိုလ်၌။စိတ္တံ။ဝီထိစိတ်သည်။ဝတ္တတေ၊ မရွတ်ဆိုမီအစဉ်အတိုင်းဖြစ်၏။

ဤသို့ စက္ကိန္ဒာဘိ-အမည်ရှိသော ဆရာတော်ကျောင်းဆရာတော်မိန့်မှာတော်မူသည်အတိုင်း၊ အနုစိတ်ဖြာ၍ ကြံစည်ကြပါလေကုန်။ ။ယင်းဝဒန္တ၌ ကျသော ဝီထိစိတ်အစဉ်ကိုလည်း။ "အတ္ထေ နမတိတိ နာမံ" ဟူသော ဝစနတ္ထ အရ၊နာမပညတ်၌ရအောင်၏၊အဘယ်သို့ရအပ်သနည်းဟူမူ၊ဝဒန္တပုဂ္ဂိုလ်သည်၊ဒိဋ္ဌသမ္ဗန္ဓ,သုတသမ္ဗန္ဓ,အာကာရပရိဝိတက္က,ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ စသော တစုံတခုသောအခြင်းအရာဖြင့် မနောဒွါရတွင် နွားဖြဗ်ဘည်း ဟူသော အနက်ထင်လာ၍၊ အစဉ်အတိုင်းလျှောက်၍၊ အောက်မေ့သော အခါ၊ ဝါစကသဒ္ဒါ၊ နာမပညတ်သည် ထိုနွားဖြဗ်ကိုဟောခြင်းငှာ ဝဒန္တ ဉာဏ်တွင်၊ထင်လာ,ပေါ်လာ,ညွတ်၍လာ၏။ထို့ကြောင့် ထိုနာမပညတ်ကို "အတ္ထေ နမတိတိ နာမံ"ဟုဝိဂြုဟ်ပြုအပ်၏။

ယံပဒံ၊သည့်။ အတ္ထေ၊၌။ ဝါ၊တို့သို့။ နမတိ၊ ညွတ်လာတတ်၏။ ဣတိ၊ ဤသုဒ္ဓကတ္တုသာဓ်ကြောင့်။ တံပဒံ၊သည်။ နာမံ၊မည်၏။ ။ဆရာတော်ဘုရားကား၊ ဝဒန္တ၏နာမပညတ်ကို၊ "အတ္တနိ အတ္ထေ နာမေတိတိ နာမံ"ဟု ဟေတုကတ္တုသာဓ်ပြုတော်မူ၏။ ပြောဆိုရိုးလည်းမကျ၊ သဘောယုတ္တိလည်းမရလေ။ ။ထိုသို့ ဝဒန္တပုဂ္ဂိုလ်ရွတ်ဆိုသောအခါ၊ သုဏန္တပုဂ္ဂိုလ်အား။

သဒ္ဒံ ပထမစိတ္တေန၊တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊အတ္ထံ စတုတ္ထစေတသာ။ ။

သဒ္ဒံ၊ရွတ်ဆဲပစ္စုပ္ပန်သဒ္ဒါကို။ ပထမစိတ္တေန၊ရှေးဦးစွာသော သောတဒွါရိကဝီထိစိတ်ဖြင့်။ ဇာနာတိ၊သိ၏။ အတီတံ၊ချုပ်လေပြီးသောအသံကို။ ဒုတိယစေတသာ၊ နှစ်ဆင့်မြောက်သော တဒနုဝတ္တကမနောဒွါရိကဝီထိစိတ်ဖြင့်။ဇာနာတိ၊၏။ နာမံ၊ အစစ်သဒ္ဒါနာမပညတ်ကို။ တတိယစိတ္တေန၊ သုံးဆင့်မြောက်သုဒ္ဓမနောဒွါရိကစိတ်ဖြင့်။ဇာနာတိ၊၏။အတ္ထံ၊ဘာဝတ္ထကို။ ဝါ၊ဝေါဟာရတ္ထကို၊စတုတ္ထစေတသာ၊လေးဆင့်မြောက် သုဒ္ဓမနောဒွါရိက ဝီထိစိတ်ဖြင့်။ဇာနာတိ၊၏၊

ဤဂါထာနှင့်အညီ၊ ရွတ်ဆဲပစ္စုပ္ပန် ဂေါသဒ္ဒါကို အာရုံပြု၍၊ သောတဒွါရဝီထိဖြစ်၏။ ထိုနောင် အတိတ်ဂေါသဒ္ဒါကို အာရုံပြု၍၊ တဒနုဝတ္တက

မနောဒွါရဝိထိဖြစ်၏။ထိုနောင်ထိုပရမတ္ထသဒ္ဒါကို လွှတ်၍၊ဝဒန္တ၏ ဒုတိယဝိထိ၏အာရုံဖြစ်သော အစစ်ဂေါသဒ္ဒါနာမပညတ်ကို အာရုံပြု၍၊သုဒ္ဓမနောဒွါရဝိထိဖြစ်၏။ထိုနာမပညတ်မှ အစဉ်လျောက်၍၊ အနက်ကို အောက်မေ့ဆင်ခြင်သည်ရှိသော်။"သောတာလမ္ဗဏာ မာပန္နာ၊သင်္ကေတေန ဝဝတ္ထိဘာ" အာ ဂိုနှစ်ပါး၊ပြည့်စုံသဖြင့် နွားဖြစ်တည်းဟူသော ဘာဝတ္ထကို အာရုံပြု၍၊သုဒ္ဓမနောဒွါရဝိထိဖြစ်၏။ဤသို့ လေးဝိထိကျမှဖြင့်အနက်ကိုသိရသည်၊ ။ ဤကား-သုဏာနန္တရ၌ကျသော ဝိထိလေးမျိုးတည်း။ ဝိထိသရုပ်ကား များစွာ၏။

ထို့အတူ-ဃဋ,ပဋ,စသော ဒွက္ခရသဒ္ဒါတို့၌လည်း၊ ဃ-၌နှစ်ဝိထိ၊ဋ-၌နှစ်ဝိထိ၊ ပေါင်းရဟန် သမူဟာကာရ ပညတ်၌တဝိထိ၊ နာမပညတ်၌တဝိထိ၊ဖြင့်အနက်ကို အာရုံပြု၍တဝိထိ၊ ဤသို့ ၇-ဝိထိကျ၍မှ အနက်ကိုသိရသည်။ ။ပုဂ္ဂိုလ-စသော တျက္ခရသဒ္ဒါ၊ အင်္ဂီရသ-စသော စတုက္ခရသဒ္ဒါ,ဒိပဒုတ္တမ-စသော ပဉ္စက္ခရသဒ္ဒါတို့၌လည်း၊ ထိုအတူ နှစ်ဝိထိ, နှစ်ဝိထိတို့၍ ကိုးဝိထိ,တဆဲ့တဝိထိ, တဆဲ့သုံးဝိထိကျမှဘာဝတ္ထကို သိရသည်။ ။ဤဒီကာကျော်ကား-သမူဟာကာရပညတ်ကိုအာရုံပြု၍ ကျသောမနောဒွါရဝိထိ၊လာ၊သာရတ္ထဒီပနီဒီကာ၌သာသည်။ဤစကားလည်းအကြမ်းသာတည်း။အနုဝိတ်ဖြာမှုကား။

တဇ္ဇောပါဒါသမူဟာဍ္ဍ၊သန္တတိံ အတ္ထသင်္ကေတံ။
နာမပညတ္တိမာလမ္ဗ၊သုဏာန္တေ ပဋိလောမတော။ ။

ဟူသောရစနာဂါထာနှင့်အညီ၊ ယခင်ဝဒန္တ ပြဆိုခဲ့ပြီးသော အစဉ်အတိုင်း၊သုဏာနန္တ၌ ပဋိလုံပြန်၍ ဝိထိချရမည်-ဟုအရှင်ကျောင်းဆရာတော် မိန့်မှာ၏။

တဇ္ဇောပါဒါသမူဟာဍ္ဍ၊ ရုပ္ပနံ,နမနံ,လက္ခဏာ-ဟူသော တဇ္ဇာပညတ်၊ ယင်းလက္ခဏာကိုစွဲ၍၊ ရူပ,နာမဟူ၍၊ သမုတ်အပ်သော ဥပါဒါပညတ်၊ ထိုရုပ်, နာမ်ခန္ဓာငါးပါး အပေါင်းတည်းဟူသော သမူဟာပညတ်ကိုရင်း။ သန္တတိံ၊ထိုရုပ်,နာမ်ခန္ဓာတို့၏အစီအစဉ်တည်းဟူသော သန္တတိပညတ်ကိုရင်း။အတ္ထသင်္ကေတံ၊ ထိုသန္တတိပညတ်သည်ပင်လျှင် သဒ္ဒါ၏အနက်ဖြစ်သော အတ္ထပညတ်၊ ထိုအတ္ထပညတ်ကို မှတ်သားကြောင်းဖြစ်သော လောကသမုတ်-ဟူသောသင်္ကေတပညတ်ကိုရင်း။နာမပညတ္တိံ၊ သောတ

နွါရတွင် အစဉ်အတိုင်းကြားလာသော နာမပညတ်ကိုဂှင်း။ အခါလမှ၊ ဤပညတ် ၇-ပါးကို အာရုံပြု၍။ သုတာနွေ၊ ကြားတတ်သော သုတာနု ဂုဏ္ဏုလ်၌။ စိတ္တုံ၊ ဝိထိစိတ်သည်။ ပဋိလောမတော၊ နောက်ဆုတ်ပြန်သော ပဋိလုံအားဖြင့်။ ဝတ္တတော၊ မကြားမိရှေးအာတို့၌ အစဉ်အတိုင်းဖြစ်၏။

ယင်းသုတာနုနွဲ့ကျသောဝိထိစိတ်အစဉ်ကိုလည်း၊ "အတ္တနိအဆွေနာ မေတိတိ နာမံ"ဟူသောဟေတုကာတ္တုသာဓ်ဝစနတ်အရ၊နာမပညတ်၌ ရ အပ်၏။ပုံကား-ဂေါ်-သဒ္ဒါကိုကြားသောအခါ၊နိစ္စသဒ္ဒါနာမပညတ်၌၊ဉာဏ် သက်၍၊အနက်ဒြဗ်ဉာဏ်တွင် ထင်လာ,ပေါ်လာ၏။ ထိုအနက်ဒြဗ်ကို နာမ ပညတ်ပင် ညွှတ်စေသည်မည်၏။ထို့ကြောင့်၊"အတ္တာယသသာနုသာရေန၊ ဝိညာယန္တိ တတောပရံ"ဟု မိန့်အပ်၏။ ။ဒုဋ္ဌကျောင်းဆရာတော်ကား "အဆွေ နမတိတိ နာမံ"ဟုသဒ္ဓကတ္တုရုပ်လုပ်တော်မူ၏။

ဤအလုံးစုံသော မာဂဓစကားကို မာဂဓလူမျိုးတို့ ကြားသည်ကို ရည်၍ ဆိုသည်။မာဂဓစကားကို မြန်မာလူမျိုးတို့ ကြားရာ၌ကား၊ "နာမံ တတိယစိတ္တေန" ဟူသော ပါဒ၏အရ၊ နာမပညတ်ကို အာရုံပြုသော တတိယ,ဆဋ္ဌ,အဋ္ဌမ-စသောသုဒ္ဓမနောဒွါရဝိထိတို့၏ အခြားမဲ့၌၊နွား-ဟူ သော,ပု ဟူသော, ဆိုးဟူသော,ပုဆိုး-ဟူသော,ယောက်-ဟူသော,ကျား ဟူသော,ယောက်ျား-ဟူသော မြန်မာဝေါဟာရတ္တ၊နာမပညတ်အနက်ကို သိပြီးမှ၊ ဘာဝတ္ထပိဏ္ဍဒြဗ်အနက်ကို သိရသည်။ ။တရုပ်, ကုလား, ယိုးဒယား-စသော လူမျိုးတို့ကြားရာ၌လည်း နည်းတူပင်။ မြန်မာဘာသာ စသည်ကို မာဂဓလူမျိုးစသည်တို့ ကြားရာ၌လည်း နည်းတူ။

မာဂဓစကားကို မာဂဓလူမျိုးတို့ ကြားရာ၌လည်း သင်္ကေတပညတ် ကို မှတ်ဘူးရုံမျှဖြစ်၍၊မလေ့လာသော သဒ္ဒာကို ကြားရာ၌၊ ထိုနည်းတူ ဝေါ ဟာရတ္တဘာဝတ္ထနှစ်ပါးရသင့်သေး၏။ပုံကား-ဟယ,ကုလာလ,ကောတ္ထု, ပဗ္ဗ,အစရှိသောသဒ္ဒါတို့ကို ကြားသောအခါ၊ လေ့လာနေကြဖြစ်သော အဿ,မဟိံသ,သိဂါလ, ဗိဠာရ,စသော ပရိယာယသဒ္ဒါဝေါဟာရတ္ထသို့ ဉာဏ်သက်ပြီးမှ၊မြင်းဒြဗ်,ကျွဲဒြဗ်,ခွေးဒြဗ်,ကြောင်ဒြဗ်-စသောဘာဝတ္ထကို သိရသည်။ ထို့ကြောင့်။ ။"ဝေါဟာရတ္ထောဝ သဒ္ဒတ္ထော၊ ဘာဝတ္ထော တေန ဒိပိတော"။ ။ဟုသဒ္ဒါငယ်တို့၌မိန့်သည်။ ။ဝေါဟာရတ္ထော ဇဝ၊ ဝေဝုစ် ပရိယာယ်သဒ္ဒါ၊ ဘာသာတရော့တပါး၊ စကားမျိုးသည့်သာလျှင်။ သဒ္ဒတ္ထော၊မာဂဓသဒ္ဒါ၏အနက်တည်း။ဝါ၊သံဝုဏ္ဏောတဗ္ဗတရော့တပါးစကား

မျိုး၊ ဝေါဟာရဘာသာသဒ္ဒ၏ အနက်ဘည်း။ ဘာဝတ္ထော၊ ဒြဗ်ဖြစ်သော အနက်ကိုကား။ ဇောတန၊ ထိုဝေါဟာရတ္ထဖြင့်။ ဒီပိတော၊ ဆင့်၍တဘန်၊ ဘွင့်ပြပြန်၏။ ။(ဤကား-ကျေးဇူးတော်ရှင်- မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏အသုံးအဖြတ်တော်တည်း)။

## လောကာသင်္ကေတနိဒ္ဒိတာ-အဓိပ္ပါယ်။

အတ္ထပညတ္တိကို သဒ္ဒပညတ်ဖြင့် သိစေအပ်၏-ဟူရာ၊ ၎င်းသဒ္ဒပညတ်ဟူသည်၊အဘယ်အခါကစ၍ ဖြစ်ပေါ်လာပါသနည်းဟူမူ။ ။ကမ္ဘာဦးအခါကစ၍၊ကမ္ဘာဦးသူ လူပညာရှိတို့သည်၊ ဆိုင်ရာဘာသာအားလျော်စွာ၊ ဤအနက်ဒြဗ်ကို ဤသို့ခေါ်ဝေါ်ထေ-စသည်ဖြင့် အမှတ်သင်္ကေတအစွမ်းဖြင့် ထားခဲ့-သမုတ်ခဲ့ကုန်၏-ဟူလို။ ။ထို့ကြောင့်ကလာပ်ကျမ်း၌ "လောကောပစာရဂြဟဏာသိဒ္ဓိ"ဟု မိန့်တော်မူ၏။ ။သုတ်မဟာဝါစသော ထိုထိုပါဠိတော်များ၌လည်း "မဟာဇနသမ္မတောတိ ခေါ ဝါသေဋ္ဌ မဟာသမ္မတောတွေဝ ပထမံအက္ခရံ ဥပနိဗ္ဗတ္တံ"ဟုလာရှိလေသတည်း။

ဤသို့ ကမ္ဘာဦးသူ၊ လူပညာရှိတို့သည်၊ သဒ္ဒပညတ်ကိုသမုတ်ထားခဲ့ကုန်၏-ဟု ဆိုသော်လည်း၊နိစ္စသဒ္ဒါနာမပညတ်ကို ပြုပြင်၍၊ဖြစ်သည်-ဟု မမှတ်အပ်-မမှတ်ထိုက်။ကမ္ဘာအဆက်ဆက်၊အနမတဂ္ဂမှအစဉ်မပျက်၊ဆင်းသက်၍ လာခဲ့သောနိစ္စသဒ္ဒါနာမပညတ်ကို အနက်ဒြဗ်၌ တင်၍၊ထင်ရှားရုံမျှသာ၊ ကမ္ဘာဦးသူလူပညာရှိတို့က၊ ဗျုပ္ပတ္တိနှင့် နှိုင်းညှိ၍ ဘော်ထုတ်သမုတ်၊ပညတ်အပ်လေသတည်း။

ဤအဘိဓမ္မဂူဠတ္ထဒီပနီကျမ်းတွင်၊ ရှစ်ခုမြောက်ဖြစ်သော
ပစ္စည်းပိုင်းအဘွင့်ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကမ္မဋ္ဌာန်းပိုင်း—အဖွင့်။

၁။ ။သမထဝိပဿနာနံ၊ဘာဝနာနမိတော ပရံ။
ကမ္မဋ္ဌာနံ ပဝက္ခာမိ၊ဒုဝိဓမ္ပိ ယထာက္ကမံ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤပစ္စယသင်္ဂဟမှနောက်၌၊ သမထ ဘာဝနာ, ဝိပဿနာဘာဝနာ တို့၏ အာရုံဖြစ်သော ၂-ပါးအပြားရှိသော သမထကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်းကို အစဉ်အတိုင်း ငါသည့်ခိန့်ဆိုပေအံ့။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ဘာဝနာ ၂-ပါးအဓိပ္ပါယ်။

နီဝရဏဓမ္မေ သမေတီတိ သမထော။

ယော၊ အကြင်တရားသဘောသည်။ နီဝရဏဓမ္မေ၊ နီဝရဏတရား တို့ကို။သမေတိ၊ငြိမ်းစေတတ်၏။ဣတိ၊ကြောင့်။ သော၊ထိုတရားသဘော သည်။ သမထော၊ သမထ-မည်၏။ ။ဝိဂြိုဟ်အရ....ကာမစ္ဆန္ဒစသော နီဝရဏတရားငါးပါးတို့ကို ငြိမ်းစေတတ်သောကြောင့် သမာဓိတရား သည်-သမထမည်၏။ ။ဟူလို။

ဆိုလိုရင်းကား.... အကြင်အခါ သမထဘာဝနာကို ပွားများအား ထုတ်၍၊ နီဝရဏတရားတို့သည် ငြိမ်းကုန်၏။ ထိုအခါမှစ၍ အပ္ပနာ တိုင်အောင် ဖြစ်သမျှကိလေသာကို ငြိမ်းစေတတ်သော ကာမာဝစရ ကုသိုလ်တည်းဟူသော ပရိကမ္မသမာဓိ,ဥပစာရသမာဓိသည်ရင်း၊မဟာ ကြိယာသမာဓိသည်ရင်း၊မဟဂ္ဂုတ်ကုသိုလ်,ကြိယာအပ္ပနာသမာဓိသည် ရင်း။ ဤလောကီသမာဓိစေတသိက်သည် သမထမည်၏-ဟုဆိုလိုသည်။

အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။

ယာ၊ အကြင်တရားသဘောသည်။ သင်္ခါရေသု၊ ရုပ်နာမ်ဓမ္မ၊သင်္ခါရ တို့၌။ အနိစ္စာဒိဝိဝိဓာကာရေန၊ အနိစ္စ- အစရှိသော အထူးထူးသော လက္ခဏာရေးအားဖြင့်။ပဿတိ၊ရှုတတ်၏။ ဣတိ၊ကြောင့်။သာ၊ထိုတရား

သဘောသည်၊ ဝိပဿနာ၊ ဝိပဿနာ-မည်၏။ ။ဝိဂြိုဟ်အရ....ဘုံသုံးပါး၌ ဖြစ်ပေါ်လာသော ရုပ်,နာမ်ခန္ဓာ၊ အဖြာဖြာကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု လက္ခဏာ သုံးပါးသို့တင်ကာ၊ ရှုဆင်ခြင်တတ်သောကြောင့် မဂ်၏ရှေ့ အဘို့၌ဖြစ်သမျှ လောကီပညာစေတသိက်သည်- ဝိပဿနာမည်၏။ ။ဟူလို။

ဘာဝေတဗ္ဗာတိဘာဝနာ။

ယာ၊ အကြင်တရားသဘောကို။ ဘာဝေတဗ္ဗာ၊ ပွားများအပ်၏။ ဣတိ၊ ကြောင့်။ သာ၊ သည့်။ ဘာဝနာ၊ ဘာဝနာ-မည်၏။ ။ဝိဂြိုဟ်အရ....သမထ မည်သော သမာဓိတရားနှင့် ဝိပဿနာမည်သော ပညာတရား ၂-ပါးတို့ သည့်၊ ပွားများအပ်သောကြောင့်-ဝိပဿနာမည်ကုန်၏။ ။ဟူလို။

ဆိုလိုရင်းကား....နို့ဗ္ဗာန်လမ်းသို့ ဖြောင့်တန်းရည်ဖြာ၊ ယောဂီအမျိုး ကောင်းသားသည်၊ မိမိ၏အာရုံငါးပါး၊ ကာမဂုဏ်တရားသို့ လိုက်စားနေ သော တောမျောက်အလား၊ စိတ်တရားအား၊ ကသိုဏ်းဝန်းစသော တခု တည်းသော အာရုံ၌ရှုးရှူးစိုက်စိုက်တည်တန့်လေရအောင် သမာဓိတရား ကို အဘန်ဘန်အထပ်ထပ် ပွားများအပ်၏။ ထိုသို့ မီးပွတ်ယောက်ျား အလား၊ မနေမနားပွားများအပ်သောကြောင့်-သမာဓိသမထတရားသည် ဘာဝနာမည်၏။ ၎င်းသမာဓိ သမထတရားကို ပွားများပြီးသည်နောက်၊ တေဘုမ္မကသင်္ခါရတရား မှန်သမျှတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟုလက္ခဏာ ရေးသုံးပါး ကွက်ကွက်ကွင်းကွင်းထင်လင်းလာရန်၊ ပွားများအပ်ပြန်သော ကြောင့်- ပညာတရားသည်လည်း ဝိပဿနာပင်မည်၏- ဟုမှတ်။ ။ (အဓိပ္ပါယ်အကျယ်နောက်၌ထင်ရှားလတ္တံ့)။

ဌာတိ-ဥပ္ပဇ္ဇတိ ဧတ္ထ ဧတေနာတိ ဝါ ဌာနံ။ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ။

ဧတ္ထ၊ ဤကသိုဏ်းပညတ်စသောအာရုံ၌။ ဝါ၊ တနည်းကား။ ဧတေန၊ ဤကသိုဏ်းပညတ်စသော အာရုံဖြင့်။ ကမ္မံ၊ ဘာဝနာကံသည်။ ဌာတိ-ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဘာဝနာကံ၏ဖြစ်ရာ,ဖြစ်ကြောင်း ဖြစ်သောသတ္တိကြောင့်။ ဌာနံ၊ ဌာန- မည်၏။ ကမ္မဿ၊ ဘာဝနာပွားများ အားထုတ်မှု-ဟူသောကံ၏။ ဌာနံ၊ ဖြစ်ရာ, ဖြစ်ကြောင်းသည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်း-မည်၏။

အဓိပ္ပါယ်ကား….သမထဘာဝနာကံ, ဝိပဿနာဘာဝနာကံ ၂-ပါး၏ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သောကြောင့် ကသိုဏ်းပညတ်စသော အာရုံ, တေဘူမကသင်္ခါရအာရုံတရားသည်-ကမ္မဋ္ဌာန်းမည်၏။ ။ဟူလို၊

ကမ္မမေဝ ဌာနန္တိ ဝါ ကမ္မဋ္ဌာနံ။

ဝါ၊တနည်းကား။ ကမ္မမေဝ၊ရှေးရှေးသော ဘာဝနာကံသည်ပင်လျှင်။ ဌာနံ၊နောက်နောက်သော ဘာဝနာကံ၏အကြောင်းတည်း။ ဣတိ၊ကြောင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းမည်၏၊ ။ပိဏ္ဍိုဟ်အရ…. နောက်နောက်သော ဘာဝနာကံ၏ဖြစ်ရန်အကြောင်းဖြစ်သောကြောင့် ရှေးရှေးသောဘာဝနာကံသည်-ကမ္မဋ္ဌာန်းမည်၏၊ ။ဟူလို။

တနည်း….ထိုသမထ,ဝိပဿနာကံ ၂-ပါးလုံးသည်ပင်၊ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းရင်း ဖြစ်သောကြောင့်-ကမ္မဋ္ဌာန်းမည်၏။ ။ဟူလို၊

ဆောင်ပုဒ်။

က။ ။နောက်ကံ၏ကြောင်း၊ရှေ့ကံပေါင်း၊မှတ်လောင်း-ကမ္မဋ္ဌာန်း။

ခ။ ။ချမ်းသာသုခ၊ကြောင်းရင်းစ၊မှတ်ကြ-ကမ္မဋ္ဌာန်း။

---

## သမထကမ္မဋ္ဌာန်း-အဘွင့်။

၂။ ။တတ္ထ သမထသင်္ဂဟေ တာဝ ဒသ ကသိဏာနိ၊ ဒသ အသုဘာ၊ ဒသ အနုဿတိယော၊ စတဿော အပ္ပမညာယော၊ ဧကာ သညာ၊ ဧကံ ဝဝတ္ထာနံ၊ စတ္တာရော အာရုပ္ပါ စေတိ သတ္တဝိဓေန သမထကမ္မဋ္ဌာနသင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

ထိုသမထဘာဝနာကမ္မဋ္ဌာန်း,ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ၂-ပါးတို့တွင် သမထကမ္မဋ္ဌာန်း၌၊၁-ကသိုဏ်း ၁၀ ပါး၊ ၂-အသုဘ ၁၀-ပါး၊၃-အနုဿတိ ၁၀ ပါး၊၄-အပ္ပမညာ ၄ ပါး၊၅-သညာ ၁ ပါး၊၆-ဝဝတ္ထာန် ၁-ပါး၊၇ အာရုပ္ပ ၄-ပါး၊ ဤသို့ ၇-ပါးအပြားအားဖြင့် သမထကမ္မဋ္ဌာနသင်္ဂဟကို သိအပ်၏၊ ဝါ၊ သမထကမ္မဋ္ဌာန်းကိုဆိုအပ်ပြီးသော ၇-မျိုးဖြင့် ဝေဘန်ပိုင်းခြား၍ ဘွင့်ပြပေအံ့၊ ။ဟူလို။

မှတ်ချက်။ ။သမထကမ္မဋ္ဌာန်းသည်၊ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး,အနုဿတိ ၁၀-ပါး,အပ္ပမညာ ၄-ပါး, သညာ ၁-ပါး, ဝဝတ္ထာန် ၁-ပါး,အာရုပ္ပ ၄-ပါးအားဖြင့် ၄၀-အပြားရှိ၏-ဟုသိ လိုသည်။

ဤကား-ပိဏ္ဍတ္ထ။

---

စရိုက်ခြောက်ပါး-အဘွင်း။

၃။ ။ရာဂစရိတာ၊ ဒေါသစရိတာ၊ မောဟစရိတာ၊သဒ္ဓါစရိတာ၊ ဗုဒ္ဓိစရိတာ၊ဝိတက္ကစရိတာစေတိ ဆဗ္ဗိဓေန စရိတသင်္ဂဟော။

သင်္ခိပ်ပါဌ်။

၁-ရာဂစရိုက်၊ ၂-ဒေါသစရိုက်၊ ၃-မောဟစရိုက်၊ ၄-သဒ္ဓါစရိုက်၊ ၅-ဗုဒ္ဓိစရိုက်၊ ၆-ဝိတက်စရိုက်။ဤသို့အားဖြင့် စရိုက်ဘို့သည်၊ခြောက်ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

စရိုက်-အဓိပ္ပါယ်။

စရတိ အဘိဏှံ ပဝတ္တတီတိ စရိတာ။

ယာ၊သည်။ အဘိဏှံ၊မပြတ်။ စရတိ-ပဝတ္တတိ၊ ဖြစ်ဘတ်၏၊ ဣတိ၊ ကြောင့်။ သာ၊သည်။ စရိတာ၊ စရိုက်မည်၏။ ။ဝိဂြိုဟ်အရ....အလွန် အကဲ မိမိသန္တာန်၌ မပြတ်မလတ်ဖြစ်သော ပင်ကိုယ်ပကတေ့တရား သဘောသည့်-စရိုက်မည်၏၊ ။ဟူလို။

ရာဂေါ စရိတာဘိ ရာဂစရိတာ။

ရာဂေါ၊ရာဂ တရားသည်လျှင်ပင်။ စရိတာ၊စရိုက်တည်း။ ဝါ၊မပြတ် ဖြစ်တတ်သောသဘောတည်း။ ဣတိ၊ကြောင့်။ ရာဂစရိတာ၊ ရာဂစရိုက် မည်၏။

အဓိပ္ပါယ်ကား....အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလတ်ဖြစ်လေ့ သော တဏှာရာဂသည်- ရာဂစရိုက်မည်၏။ ။ဟူလို၊ ။(ဤကား- ကာကျော်အလို)။ ကြွင်းသောစရိုက်ကားသိသာပြီ)။

စရဏံ ပဝတ္တိ စရိတာ။ ။ရာဂဿ စရိတာ ရာဂစရိတာ။

စရဏံ-ပဝတ္တိ၊မပြတ်ဖြစ်ခြင်း။စရိတာ၊မပြတ်ဖြစ်ခြင်း။ ။ရာဂဿ၊ ၏။ စရိတာ၊ မပြတ်ဖြစ်ခြင်းသည်။ ရာဂစရိတာ၊ ရာဂစရိုက်မည်၏၊ ။ ဝိဂြိုဟ်အရ ...ခန္ဓာသန္တာန်၌ တဏှာရာဂ၏မပြတ်ဖြစ်သည် အဖြစ်ဖြင့် ဖြစ်ခြင်းသဘောသည်-ရာဂစရိုက်မည်၏။ ။ဟူလို။

မှတ်ချက်။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌"စရိယာ"ဟု လာ၍၏၊အတူတူ ပင်တည်း။ ဤဝိဂြိုဟ်ကား-ဝိသုဒ္ဓိမဂ်ဋီကာအလိုတည်း။ စရိတာ-ပုဒ်ကို၊ဘာဝသာဓ်ပြုသဖြင့် ရာဂ-ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရ၏။ ။"အဓိကရဏသာဓ်,ဘာဝသာဓ်၊ပြုတုံလတ်မူ၊ဈေးပါ၌ ဆဋ္ဌီတွဲမြဲ"နိယာမ်။ ။ဋီကာကျော်အလိုမူကား၊ ကတ္တုသာဓ်ပြု သဖြင့်၊ဈေးပုဒ်နှင့်အရတူရကား၊ ကမ္မဓာရည်းဝိဂြိုဟ်ပြုရ၏။ ။ အရကား၊ ဝိသုဒ္ဓိမဂ်ဋီကာအလို၊ သတ္တိရ၏။ ဋီကာကျော်အလို၊ သတ္တိမန္တရ၏။ဌာနီဖြစ်သောစရိုက်ခြောက်ပါး ပြားသဖြင့်ဌာနဖြစ် သောပုဂ္ဂိုလ်လည်းခြောက်ပါးပင်ပြား၏-ဟုမှတ်။

စရိုက်အပြား။

ထိုစရိုက်သည်၊သုဒ္ဓအားဖြင့်ခြောက်ပါး၊ မိဿကအားဖြင့် ခြောက်ဆဲ့ သုံးပါးဖြစ်၏။ခြောက်ဆဲ့သုံးပါးဟူသော်ကား၊

ရာဂါဒိကေ တိကေ သတ္တ၊သတ္တ သဒ္ဓါဒိကေ တိကေ၊
ဧကဒွိတိကမူလမှိ၊မိဿတော သတ္တသတ္တကံ။ ။

ဂါထာအရ၊ရာဂါဒိတိက်၌၇-ပါး၊သဒ္ဓါဒိတိက်၌၇-ပါး၊ဧကမူ၌သတ္တက သုံးပါး၊ဒွိမူ၌သတ္တကသုံးပါး၊တိမူ၌တပါး၊ပေါင်းသတ္တက၉-ပါးဖြစ်၍၊စရိုက် ပေါင်း ၆၃-ပါးဖြစ်၏။

ဖြစ်ဟန်ကား.....ရာဂစရိုက်၊ဒေါသစရိုက်၊မောဟစရိုက်၊ရာဂ-ဒေါသ စရိုက်၊ရာဂ-မောဟစရိုက်၊ ဒေါသ-မောဟစရိုက်၊ ရာဂ,ဒေါသ, မောဟ စရိုက်။ (ဤကား ရာဂါဒိတိက် ၇-ပါးတည်း)။ ။သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါ,ဗုဒ္ဓိစရိုက်၊ သဒ္ဓါ, ဝိတက်စရိုက်၊ ဗုဒ္ဓိ,ဝိတက်စရိုက်၊ သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်စရိုက်။(ဤကား-သဒ္ဓါဒိတိက်၌ ၇-ပါးတည်း။ ။ရာဂါဒိ တိက်၊သဒ္ဓါဒိတိက်၊ပေါင်း ၁၄-ပါးကား၊သုဒ္ဓသက်သက်တည်း)။

ရာဂ,သဒ္ဒါစရိုက်၊ရာဂ,ဖုဋ္ဌစရိုက်၊ ရာဂ,ဝိတက်စရိုက်၊ ရာဂ,သဒ္ဒါ,ဖုဋ္ဌစရိုက်၊ရာဂ,သဒ္ဒါ,ဝိတက်စရိုက်၊ ရာဂ,ဖုဋ္ဌ,ဝိတက်စရိုက်၊ ရာဂ,သဒ္ဒါ,ဖုဋ္ဌ, ဝိတက်စရိုက်။ (ဤကား-ရာဂမူလက ၇-ပါးတည်း)။ ။ဒေါသ, သဒ္ဒါစရိုက်၊ ဒေါသ,ဖုဋ္ဌစရိုက်၊ ဒေါသ,ဝိတက်စရိုက်၊ ဒေါသ,သဒ္ဒါ,ဖုဋ္ဌစရိုက်၊ ဒေါသ, သဒ္ဒါ,ဝိတက်စရိုက်၊ဒေါသ,ဖုဋ္ဌ, ဝိတက်စရိုက်၊ ဒေါသ,သဒ္ဒါ,ဖုဋ္ဌ, ဝိတက်စရိုက်။(ဤကား-ဒေါသမူလက ၇-ပါးတည်း)။

မောဟ,သဒ္ဒါစရိုက်၊မောဟ,ဖုဋ္ဌ စရိုက်၊မောဟ,ဝိတက်စရိုက်၊မောဟ, သဒ္ဒါ,ဖုဋ္ဌစရိုက်၊ မောဟ,သဒ္ဒါ,ဝိတက်စရိုက်၊ မောဟ, ဖုဋ္ဌ,ဝိတက်စရိုက်၊ မောဟ,သဒ္ဒါ,ဖုဋ္ဌ, ဝိတက်စရိုက်။ (ဤကား-မောဟမူလက ၇-ပါးတည်း။ ဤသို့ ဧကမူလကနည်း၌ ၂၁-ပါးသုံးလီဖြစ်၏)။

ရာဂ,ဒေါသ,သဒ္ဒါစရိုက်၊ ရာဂ,ဒေါသ,ဖုဋ္ဌစရိုက်၊ရာဂ,ဒေါသ,ဝိတက်စရိုက်၊ ရာဂ,ဒေါသ,သဒ္ဒါ, ဖုဋ္ဌစရိုက်၊ ရာဂ,ဒေါသ,သဒ္ဒါ, ဝိတက်စရိုက်၊ ရာဂ,ဒေါသ, ဖုဋ္ဌ,ဝိတက်စရိုက်၊ ရာဂ,ဒေါသ, သဒ္ဒါ, ဖုဋ္ဌ, ဝိတက်စရိုက်။ ဤကား-ရာဂ, ဒေါသဒွိမူလက ၇-ပါးတည်း။ (ဤအတူ-ရာဂ,မောဟဒွိမူလက၊ဒေါသ,မောဟဒွိမူလက ၇-ပါးစီယူ၍၊ဒွိမူလက ၂၁-ပါးသုံးလီဖြစ်၏)။

ရာဂ,ဒေါသ,မောဟ,သဒ္ဒါစရိုက်၊ရာဂ,ဒေါသ,မောဟ,ဖုဋ္ဌစရိုက်၊ရာဂ, ဒေါသ,မောဟ,သဒ္ဒါ,ဝိတက်စရိုက်၊ ရာဂ,ဒေါသ,မောဟ,သဒ္ဒါ,ဖုဋ္ဌစရိုက်၊ ရာဂ,ဒေါသ,မောဟ,သဒ္ဒါ,ဝိတက်စရိုက်၊ရာဂ,ဒေါသ,မောဟ,ဖုဋ္ဌ,ဝိတက် စရိုက်၊ ရာဂ, ဒေါသ, မောဟ, သဒ္ဒါ, ဖုဋ္ဌ, ဝိတက်စရိုက်။ (ဤကား-ရာဂ, ဒေါသ,မောဟတိမူလက ၇-ပါးတည်း)။ ။ဤသို့ မိဿကသတ္တက ၇-ခု ၇-လီ ဖြစ်၍၊ ၄၉-ဖြစ်၏။ ရှေးရာဂါဒိတိက်, သဒ္ဒါဒိတိက် ၁၄-ပါးနှင့် ရောသော် ၆၃-ပါးဖြစ်သတည်း။

**ဂါထာ၏အနက်**။ ။ရာဂါဒိကေ၊ ရာဂ-အစရှိသော။ တိကေ၊တိက်၌။ သတ္တ၊ ၇-ပါးကုန်သော စရိုက်တို့ရင်း။ သဒ္ဒါဒိကေ၊ သဒ္ဒါအစရှိသော။ တိကေ၊၌။သတ္တ၊ ၇-ပါးကုန်သော စရိုက်တို့ရင်း။ဧက-ဒွိ-တိမူလမှ၊ ဧကမူ, ဒွိမူ,တိမူ၌။ မိဿ တော၊ရောနှောသောအားဖြင့်။ သတ္တ-သတ္တကံ၊ ၇-ပါး၊ ၇-လီသောသတ္တကရင်း။ဣတိ၊ဤသို့။ဘေဒတော၊ ၆၃-ပါးသောစရိုက် တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဤကား-ဋီကာကျော်ဆရာ၏ အလိုတော်ကျဲ့အမိပ္ပါယ်တည်း။ ဝိသုဒ္ဓိ မဂ်အဋ္ဌကထာဆရာကား၊ဤဝါဒကို ကေစိဝါဒဟူ၏။

ကေစိ ပန ရာဂါဒီနံသံသဂ္ဂသန္နိပါတဝသေန အပရာပိ စတဿော။ တထာ သဒ္ဓါဒီနန္တိ ဣမာဟိ အဋ္ဌဟိ သဒ္ဓိံ ဝုဒ္ဓသ ဣစ္ဆန္တိ။ ဧဝံ ပန ဘေဒေ ဝုစ္စမာနေ ရာဂါဒီနံ သဒ္ဓါဒီဟိ ပိ သံသဂ္ဂံ ကတွာ အနေကာ စရိယာ ဟောန္တိ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၁၇)။

ပန၊သမာနဝါဒမှတပါး၊ကေစိ-ဝါဒကိုဆိုဦးအံ့။ကေစိ၊အချို့သောဆရာတို့သည်။ ရာဂါဒီနံ၊ရာဂ, ဒေါသ, မောဟတို့၏။ သံသဂ္ဂသန္နိပါတဝသေန၊သမ္ပယုတ်အားဖြင့် ရောနှောသည်၏အစွမ်း၊တခုသောခန္ဓာစဉ်၌ အကြောင်းဝင်သည်အဖြစ်ဖြင့်၊ တကွစည်းဝေးသည်၏ အစွမ်းဖြင့်။ အပရာပိ၊ တပါးလည်းဖြစ်ကုန်သော။ ရာဂမောဟစရိယာ၊ ရာဂစရိုက်, မောဟစရိုက်တို့ ၎င်း။ ဒေါသ,မောဟစရိယာ၊ ဒေါသစရိုက်, မောဟ စရိုက်တို့၎င်း။ ။ (သံသဂ္ဂတို့)။ ။ရာဂ,ဒေါသစရိယာ၊ ရာဂစရိုက်,ဒေါသစရိုက်, တို့၎င်း။ ရာဂ, ဒေါသ, မောဟစရိယာ၊ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက် တို့၎င်း ။။(သန္နိပါတတို့)။ ။ဣတိ၊ဤသို့၊စတဿော၊လေးပါးကုန်သော။ စရိယာ၊စရိုက်တို့သည်။ဟောန္တိ၊ကုန်၏။သဒ္ဓါဒီနံ၊သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်,တို့၏ လည်း။တထာ၊တူ။ သံသဂ္ဂ,သန္နိပါတဝသေန၊ဖြင့်။ သဒ္ဓါ,ဗုဒ္ဓိစရိယာ၊သဒ္ဓါ စရိုက်, ဗုဒ္ဓိစရိုက်တို့၎င်း။ သဒ္ဓါဝိတက္ကစရိယာ၊ သဒ္ဓါစရိုက်, ဝိတက် စရိုက်တို့၎င်း။ ဗုဒ္ဓိ, ဝိတက္ကစရိယာ၊ ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်တို့၎င်း။ သဒ္ဓါ, ဗုဒ္ဓိ, ဝိတက္ကစရိယာ၊ သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်, ဝိတက်စရိုက်တို့ ၎င်း။ ဣတိ၊ သို့။ ဝါ၊ ဤသို့သောအပြားအားဖြင့်။ စတဿော၊ ကုန်သော။ စရိယာ၊တို့သည်။ဟောန္တိ၊ကုန်၏။ဣတိ၊သို့။ဣမာဟိ အဋ္ဌဟိ၊တို့နှင့်။သဒ္ဓိံ၊ တကွ။ဝုဒ္ဓသ၊ ၁၄-ပါးသော စရိုက်တို့ကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ပန၊ ထိုသို့ အလိုရှိကုန်သော်လည်း။ ဧဝံ၊ ဤသို့ သံသဂ္ဂ,သန္နိပါတတို့၏ အစွမ်း အားဖြင့်။ဘေဒေ၊အပြားကို။ ဝုစ္စမာနေ၊ ဆိုအပ်သည်ရှိသော်၊ဝါ၊ဆိုအပ်ပါ မူကား။ရာဂါဒီနံ၊တို့၏။သဒ္ဓါဒီဟိပိ၊တို့နှင့်လည်း။သံသဂ္ဂံ၊ရောနှောသည်ကို။ ကတွာ၊ပြု၍။ အနေကာစရိယာ၊ ၆၃-ပါး၊၎င်းထက်ပိုလွန်သော စရိုက်တို့ သည်။ဟောန္တိ၊ဖြစ်ကုန်ရာ၏။

## စရိုက်ကိုသိရခြင်းအကြောင်း။

ဣရိယာပထတော ကိစ္စာ၊ဘောဇနာ ဒဿနာဒိတော။
ဓမ္မပ္ပဝတ္တိတော ဝေဝ၊စရိယာယော ဝိဘာဝယေ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၉၅)။

ဣရိယာပထတော၊ဣရိယာပထအားဖြင့်၎င်း။ ကိစ္စာ၊ကိစ္စအားဖြင့်၎င်း။ ဘောဇနာ၊ဘောဇဉ်အားဖြင့်၎င်း။ ဒဿနာဒိတော၊ကြည့်ခြင်းအစရှိသော အားဖြင့်၎င်း။ ဓမ္မပ္ပဝတ္တိတောစေဝ၊ မာယာ-သာဌေယျစသော ဓမ္မတို့၏ ဖြစ်ခြင်းအားဖြင့်၎င်း။စရိယာယော၊စရိုက်တို့ကို။ဝိဘာဝယေ၊ပြရာ၏။

ဤသို့ အဋ္ဌကထာပါဠိ၌၊ လာရှိသည့်အရ၊ ၁-ဣရိယာပုတ်၊ ၂-ကိစ္စ၊ ၃-ဘောဇဉ်၊ ၄-ကြည့်ရှုပုံစသည်။ ၅-ဓမ္မ။ ဤငါးဝသော အခြင်းအရာတို့ကို ထောက်ဆ၍စရိုက်ကိုသိအပ်၏။

### ဣရိယာပုတ်အားဖြင့်စရိုက်ကိုသိရပုံ။

၁။ ။ရာဂစရိုက် ရှိသော ပုဂ္ဂိုလ်သည်၊ သွားသည်ရှိသော် ယဉ်ကျေးတင့်တယ်၊စံပယ်ခြင်းဖြင့် ဖြည်းဖြည်းညှင်းညှင်း၊အသာအသာသွားတတ်၏။၎င်း၏ခြေရာသည်၊အလယ်၌မထိမူ၍ အရင်းအဖျား၂ ချက်၌သာ ထိ၏။ ။ရပ်ခြင်းသည်ကား၊ ကြည်ညိုဖွယ်သော အခြင်းအရာရှိ၏။ အိပ်ခြင်းသည်ကား၊ကောင်းမွန်စွာ အိပ်ရာခင်း၍၊ဖြေးဖြေးညှင်းညှင်း ခြေလက်အင်္ဂါတို့ကို ပြုပြင်၍အိပ်တတ်၏။

၂။ ။ဒေါသစရိုက် ရှိသော ပုဂ္ဂိုလ်သည်၊ ခြေဖျားတို့ဖြင့် မြေကို တူးသကဲ့သို့ သွားတတ်၏။အဆောတလျင် ကတိုက်ကရိုက်လည်း သွားတတ်၏။ ၎င်းဒေါသစရိုက်ပြောသောသူ၏ခြေရာသည်ကား၊ နောက်အတို့ အားဖြင့် ငင်သကဲ့သို့ရှိ၏။ ရပ်ခြင်းသည်ကား ကြမ်းတန်းသော အခြင်းအရာရှိ၏။ အိပ်ခြင်းသည်ကား၊ အိပ်ရာကို ဖြစ်ကတတ်ဆန်းသာ ခင်း၍၊ ကိုယ်ကိုပစ်ထည့်၍သာအိပ်တတ်၏။

၃။ ။မောဟစရိုက် ရှိသောသူသည်၊ ထက်ဝန်းကျင်မှဖည်ယမ်း, ဖည်ယမ်း၊ရှို့တီးရှို့တ္တ နှောင့်နှောင့်ယှက်ယှက်သွားတတ်၏။ ၎င်းမောဟ စရိုက်ရှိသောသူ၏ ခြေရာကား၊ အဆောတလျင် ခြေဖျားဖဖျောင့်ဖြင့် သာ ထောက်မိ, နင်းမိတတ်၏။ ရပ်ခြင်းသည်ကား၊ နှောင့်ယှက်သော

အခြင်းအရာရှိ၏။အိပ်ခြင်းသည်ကား၊အချက်ချက်သောအိပ်ခြင်းနှင့်၊ ထိုမှ ဤမှ ခြေလက်အင်္ဂါတို့ကို ပစ်ကာ၊မှောက်၍သော အိပ်ဘတ်၏။

သဒ္ဓါစရိုက်ကား၊ရာဂစရိုက်နှင့်တူ၏၊ဗုဒ္ဓိစရိုက်ကား၊ ဒေါသစရိုက်နှင့် တူ၏။ဝိတက်စရိုက်ကား၊မောဟစရိုက်နှင့်တူ၏။

ရတ္တဿ ဟိ ဥက္ကုဋိကံပဒံဘဝေ၊ဒုဋ္ဌဿဟောတိအနုကဍ္ဎိတံပဒံ၊
မူဠှဿ ပဒံ သဟသာနုပီဠိတံ၊ ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ၊ ။

မာဂန္ဒိသုတ်-ပါဠိတော်။

ရာဂစရိတော ဟိ ပကတိဂမနေန ဂစ္ဆန္တော၊ စာတုရိယေန ဂစ္ဆတိ၊ သဏိကံ ပါဒံ နိက္ခိပတိ၊ သမံ နိက္ခိပတိ၊သမံ ဥဒ္ဓရတိ၊ ဥက္ကုဋိကဉ္စဿ ပဒံ ဟောတိ။ပ။ဆန္ဒိတော ဝိယ ဥဒ္ဓရတိ၊သဟသာနုပီဠိတဉ္စဿ ပဒံ ဟောတိ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၉၀)။

ဟိ၊မှန်စွ၊ရတ္တဿ၊ရာဂပြောသောသူ၏။ပဒံ၊ ခြေရာသည်။ ဥက္ကုဋိကံ၊ အလယ်မထိ၊ ဆောင့်ကြွားရှိသည်။ ဘဝေ၊ ၏။ဒုဋ္ဌဿ၊ ဒေါသပြောသော သူ၏။ ပဒံ၊သည်။ အနုကဍ္ဎိတံ၊ နောက်အဘို့အားဖြင့် ငင်သကဲ့သို့ရှိသည်၊ ဘဝေ၊၏။မူဠှဿ၊ မောဟပြောသောသူ၏ ပဒံ၊ သည်၊ သဟသာနုပီဠိတံ၊ အလျင်ဘဆောခြေဖျားဖျောင့်ဖြင့်သာထောက်မိနင်းမိသည်။ဘဝေ၊၏။ ဝိဝဋ္ဋစ္ဆဒဿ၊ ဘွင့်လှစ်ပယ်ခွါအပ်ပြီးသော ကိလေသာဟူသော-အမိုးရှိသောသခင်၏၊ပဒံ၊သည်၊သမ္မုဋ္ဌံ၊တညီတညွတ်ကောင်းစွာထိသည်ဖြစ်၍။ ဤဒိသံ၊ဤခြေရာကဲ့သို့ သဘောရှိ၏။ ။(ဤကား-ပါဠိတော်အနက်)။

ဟိ ချဲ့ဦးအံ့။ ရာဂစရိတော၊ ရာဂစရိုက်ပြောသောသူသည်။ ပကတိ ဂမနေန၊ မပြုမပြင်သော သဘောအတိုင်း သွားခြင်းဖြင့်၊ဂစ္ဆန္တော၊ သွား သည်ရှိသော်။စာတုရိယေန-စာတုရဘာဝေန၊ ယဉ်ကျေးတင့်တယ်သည် ၏ အဖြစ်ဖြင့်။ဂစ္ဆတိ၊သွား၏။သဏိကံ၊ဖြည်းဖြည်းညှင်းညှင်း။ဝါ၊ အသာ အသာ၊ပါဒံ၊ခြေကို။ နိက္ခိပတိ၊ယဉ်ရှုချ၏၊သမံ၊အညီအညာ။နိက္ခိပတိ၊၏။ သမံ၊ အညီအညာ။ ဥဒ္ဓရတိ၊ ချီကြွ၏၊ အဿ၊ ထိုရာဂစရိုက် ပြောသော သူ၏။ပဒံ၊ သည်။ ဥက္ကုဋိကံ-အသံဖုဋ္ဌံ၊အလယ်မထိသည်။ဟောတိ၊၏။ပ။ ဆန္ဒိတောဝိယ၊ ရှုံ့တီးရှုံ့တွန့်ကဲ့သို့။ ဥဒ္ဓရတိ၊ ချီကြွ၏၊ အဿ၊ထိုမောဟ

စရိုက်ပြောသောသူ၏။ပဒ်၊သည်။ ၊သဟာသာနုပိဋ္ဋိတံ၊အလျင်တဆော ခြေ ဖျားဖကျောခင့်ဖြင့်သာ ထောက်မိ,နင်းမိသည်။ ဟောတိ၊၏။ ။(ဤကား-အဋ္ဌကထာအနက်တည်း)။

---

## ကိစ္စအားဖြင့်စရိုက်ကိုသိရပုံ။

၁။ ။ရာဂစရိုက် ရှိသောသူသည်၊ တမြက်လှည်းခြင်း အစရှိသော ကိစ္စတို့၌၊ တမြက်ဆုပ်ကို ကောင်းစွာယူ၍၊ ဖြေးဖြေးညှင်းညှင်း၊သဲတို့ကို ဖရိုဖရဲမကြဲစေမူ၍၊ ရေဥ္ဆန့်ပန်းကို ဖြန့်ခင်းဘိသကဲ့သို့၊ ဖြန့်ခင်းလျက်စင်ကြယ်စွာ ညီညီညွတ်ညွတ်လှည်းတတ်၏။

၂။ ။ဒေါသစရိုက် ရှိသောသူသည်ကား၊တမြက်ဆုပ်ကို တင်းတင်းကြင်ကြပ်ယူ၍၊ လျင်မြန်စွာ ဝဲ,ယာနှစ်ဘက်သို့ သဲတို့ကိုဘယ်ရှားလျက်၊ ကြမ်းတန်းစွာ၊မစင်မကြယ်၊မညီမညွတ်လှည်းတတ်၏။

၃။ ။မောဟစရိုက် ရှိသောသူသည်ကား၊ တမြက်ဆုပ်ကို လျော့လျော့ဆုပ်ကိုင်၍၊ ထိုမှ-ဤမှပြန်ကာ၊ သဲ,အမှိုက်တို့ကို မွှေနှောက်လျက် မစင်မကြယ် မညီမညွတ် လှည်းတတ်၏။ ။(ကြွင်းသောသင်္ကန်းဆိုးမှုစသည်တို့၌လည်း ဤနည်းအတိုင်းမှတ်၊သဒ္ဓါစရိုက်စသည့်တို့လည်း ရှေးနည်းအတိုင်း ရာဂစရိုက်စသည်နှင့် တူကုန်၏)။

> သမ္မဇ္ဇနာဒိသု စ ကိစ္စေသု ရာဂစရိတော သာရကံ သမ္မဇ္ဇနိံ ဂဟေတွာ အတုရမာနော ဝါလိကံ အဝိပ္ပကိရန္တော သိန္ဓုဝါရ ကုသုမသန္ထရမိဝ သန္ထရန္တော သုဒ္ဓံ သမံ သမ္မဇ္ဇတိ။ပ။ သမ္မရိဝဋ္ဋကံ အာလောဠယမာနော အသုဒ္ဓံ ဝိသမံ သမ္မဇ္ဇတိ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၉၁)။

စ၊အတို့တပါးကိုဆိုဦးအံ့၊သမ္မဇ္ဇနာဒိသု၊တမြက်လှည်းခြင်း အစရှိကုန်သော။ ကိစ္စေသု၊ ကိစ္စတို့ကို။ ကတ္တဗ္ဗေသု၊ ပြုအပ်ကုန်သည်ရှိသော်။ ရာဂစရိတော၊ ရာဂစရိုက်ပြောသောသူသည်။ သာရကံ၊ကောင်းစွာ။သမ္မဇ္ဇနိံ၊ တမြက်ဆုပ်ကို။ဂဟေတွာ၊ကိုင်၍။ အတုရမာနော၊ မဆောလျင်၊ ဖြေးဖြေးသာသာ။ဝါလိကံ၊သဲကို။ အဝိပ္ပကိရန္တော၊ဖရိုဖရဲ၊ မကြဲမူ၍။သိန္ဓုဝါရကုသုမသန္ထရမိဝ၊ ရေဥ္ဆန့်ပန်းကို ဖြန့်ခင်း၏သို့။ သန္ထရန္တော၊ ဖြန့်ခင်းလျက်။ သုဒ္ဓံ၊ စင်ကြယ်စွာ။ သမံ၊ အညီအညွတ်။ သမ္မဇ္ဇတိ၊ တမြက်

လှည်း၏၊ပ။သမ္ဗရိဝတ္တကံ-သမ္ဗရိဝတ္တကွတွာ၊ ထိုမှ-ဤ၌မှပြန်၍၊အာလောဠယ
မာနော၊သဲ့၊အမှိုက်တို့ကိုမွှေနှောက်လျက်။ အသုဒ္ဓံ၊မစင်မကြယ်၊ ဝိသမံ၊
မညီမညွတ်၊သမ္ဗဋ္ဋတိ၊၏။

---

## ဘောဇဉ်အားဖြင့်စရိုက်ကိုသိရပုံ။

၁။ ။ရာဂစရိုက် ရှိသောသူကား၊ နူးညံ့သိမ်မွေ့ ကောင်းမွန် ချိုမြိန်
သော ဘောဇဉ်ကို ကြိုက်ဘတ်,စားတတ်၏။ စားသည့်ရှိသော်မကြီးလွန်း
စေမူ၍၊အဝန်းညီစွာ ထမင်းလုပ်ကို ပြုတတ်၏ အထူးထူးသော အရသာ
ကိုခံစားလျက်၊ မဆောမလျင် စားတတ်၏။ အနည်းငယ်မျှ ကောင်းမွန်
သော အရသာကိုရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ဘတ်၏။

၂။ ။ဒေါသစရိုက် ရှိသောသူသည်ကား၊ကြမ်းတန်းသော ဘောဇဉ်၊
ချဉ်သောဘောဇဉ်ကို ကြိုက်နှစ်သက်တတ်၏။ စားသည့်ရှိသော်၊ ခံတွင်း
ပြည့်၊ ပလုပ်ပလောင်းစားတတ်၏၊ ထမင်းလုပ်ကို တော်စွာ လုပ်ကာ၊
အရသာကိုမခံစားမူ၍၊ လျင်လျင်မြန်မြန် စားတတ်၏။ မကောင်းသော
အရသာရှိသော ဘောဇဉ်ကိုရလျှင် နှလုံးမသာမယာဖြစ်ဘတ်၏။

၃။ ။မောဟစရိုက် ရှိသောသူသည်၊အမြဲမရှိ၊အမှတ်မဲ့သော ဘော
ဇဉ်ကို ကြိုက်နှစ်သက်တတ်၏၊စားသည့်ရှိသော် မညီမညွတ်သော သေး
သော ထမင်းလုပ်ကိုပြု၍၊ ထမင်းပုဂံ၌ ထမင်းလုံးကို ဖရိုဖရဲဖြန့်ကြဲကာ၊
ပေပေရေရေစားဘတ်၏။ စိတ်ပျံ့လွင့်ကာ၊ ထိုထိုအာရုံကို ကြံစည်လျက်
စားဘတ်၏။ ။(သဒ္ဓါစရိုက်စသည်တို့သည်၊ ရာဂစရိုက်စသည်နှင့် တူ
ကုန်၏)။

> ရာဂစရိတော သိနိဒ္ဓမဓုရဘောဇနံ ပိယော ဟောတိ။ ဘုဉ္ဇမာ
> နော စ နာတိမဟန္တံ ပရိမဏ္ဍလံ အာလောပံ ကတွာ နာနာရ
> သပ္ပဋိသံဝေဒီ အတရမာနော ဘုဉ္ဇတိ၊ကိဉ္စိဒေဝစသာဒုံ လဘိတွာ
> သောမနဿံ အာပဇ္ဇတိ။ပ။ဝိက္ခိတ္တစိတ္တော တံတံ ဝိတက္ကေန္တော
> ဘုဥ္ဇတိ၊ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ၊ ။(၉၁)။

ရာဂစရိတော၊ ရာဂစရိုက်ရှိသော သူသည်။ သိနိဒ္ဓမဓုရဘောဇနံ၊
နူးညံ့သိမ်မွေ့ ကောင်းမွန်ချိုမြိန်သော ဘောဇဉ်သည်။ ပိယော၊ ကြိုက်နှစ်

သက်တတ်သည်။ပေါ့တိ၊၏။ဘုဋ္ဌမာနေ၁စ၊သုံးဆောင်စားသောက်သော်ကား။ နဝတိမဟန္တံ၊ မကြီးလွန်းသော။ပရိမဏ္ဍလံ၊ အဝန်းညီသော။ အာလောပံ၊ထမင်းလုပ်ကို။ကတွာ၊ပြု၍။နာနာရသပဋိသံဝေဒီ၊အထူးထူးသော အရသာကို ခံစားလျက်။အတရမာနော၊မဆောမလျင်။ဘုဋ္ဌတိ၊၏။စ၊ ထိုမှတပါး။ကိဉ္စိဒေဝသာဒုံ၊ ဗိုးစဉ်းကောင်းမွန် သာယာအပ်သော အရသာကိုသာလျှင်။လဘိတွာ၊ရ၍။သောမနဿိ၊သို့။အာပဇ္ဇတိ၊ရောက်၏။ပ။ဝိကွိတ္တစိတ္တော၊ပျံ့လွင့်သောစိတ်ရှိလျက်။တံတံဝိတက္ကေန္တော၊ထိုထိုအာရုံကို ကြံလျက်။ဘုဇ္ဇတိ၊၏။

---

## ဒသသနအားဖြင့်စရိုက်ကိုသိရပုံ။

၁။ ။ရာဂစရိုက် ရှိသောသူသည်၊စဉ်းငယ်ဖြစ်သော နှစ်လိုစဘွယ် ရူပါရုံကိုမြင်၍၊အံ့ဘွယ် ဖြစ်သကဲ့သို့၊ကြာမြင့်စွာကြည့်ရှု၏။အနည်းငယ်မျှသော ဂုဏ်ကျေးဇူး၌သော်လည်း ကင်ငြိ၏၊ ဟုတ်မှန်ထင်ရှားသောအပြစ်ကိုမူလည်း မယူတတ်။ ၎င်းရူပါရုံကို ကြည့်ရှုပြီး၍၊ ဖဲထွက်သွားပြန်သော်လည်း အာသာတနိုးလမ်း၊ စွဲလမ်းငဲ့ကွက်၍သာ၊ မခွါလိုဘဲ ခွါထွက်သွားတတ်၏။

၂။ ။ဒေါသစရိုက် ရှိသောသူသည်၊အနည်းငယ်မျှသော မနှစ်သက်ဘွယ်ရူပါရုံကို မြင်ရငြားမူဖြင့်၊ မနှစ်သက်နိုင်၊သည်းမခံနိုင်၊ ပင်ပန်းသကဲ့သို့ဖြစ်၍၊ကြာမြင့်စွာ မကြည့်နိုင်ဘဲရှိတတ်၏။အနည်းငယ်မျှသော အပြစ်၌သော်လည်း အမျက်ထွက်တတ်၏။ ဟုတ်မှန်ထင်ရှားသော ဂုဏ်ကို မူလည်း အလိုမရှိတတ်ပေ။ ၎င်းအာရုံမှ ဖဲထွက်သွားသော် ၎င်းအာရုံကို အနည်းငယ်မျှငဲ့ကွက်ခြင်းမရှိမူ၍ ဖဲသွားတတ်၏။

၃။ ။မောဟစရိုက် ရှိသောသူသည်၊ တစုံတခုသော ရူပါရုံကို မြင်သည်ရှိသော်၊မိမိဉာဏ်ဖြင့်မသိမူ၍၊သူတပါးပြောသည့်အတိုင်းသာ မှတ်တတ်၏၊သူတပါးကကောင်း၏-ဟုဆိုလျှင် ကောင်း၏-ဟုယုံ၏။မကောင်းဟုပြောလျှင် မကောင်း-ဟုပင်ယုံတတ်၏။ သူတပါးက ကဲ့ရဲ့သောစကားကို ကြားလျှင်၊ ကဲ့ရဲ့တတ်၏။ သူတပါးက ချီးမွမ်းပြန်လျှင်လည်း ချီးမွမ်းတတ်၏။ မိမိမှုကားကောင်း-မကောင်းကို၊ မသိနိုင်-မဆုံးဖြတ်နိုင်မူ၍၊လျစ်

လျှ၊ ရှု၍သာ နေဘတ်၏၊ ။(သဒ္ဓါစရိုက်စသည်ကား၊ ရာဂစရိုက်စသည်နှင့်တူ၏)။

ရာဂစရိတော ဤသကမ္ဘိ မနောရမံ ရူပံ ဒိသွာ ဝိမှသာခါတော ဝိယ စိရံ ဩလောကေဘ်။ ပရိတ္တေ ပိ ဂုဏေ သဇ္ဇတိ၊ ဘူတံ့ပိ ဒေါသံ န ဂဏှာတိ။ ပက္ကမန္တော ပိ အမုဉ္စိတုကာမော ဝ ဟုတွာ သာပေက္ခော ပက္ကမတိ၊ ပ။ သယံ ပန အညာဏ ပေက္ခာယ ဥပေက္ခကော ဝ ဟောတိ၊ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၉၂)၊

ရာဂစရိတော၊ ရာဂစရိုက်ရှိသောသူသည်၊ ဤသကမ္ဘိ၊ အနည်းငယ်လည်းဖြစ်သော။ မနောရမံ၊ နှလုံးကိုမွေ့လျော်စေဘတ်သော၊ ရူပံ၊ ကို။ ဒိသွာ၊ ၍။ ဝိမှယခါတောဝိယ၊ အံ့ဘွယ်ဖြစ်သကဲ့သို့၊ စိရံ၊ ကြာ၊ ဩလောကေတိ၊ ၏။ ပရိတ္တေပိ၊ အနည်းငယ်သည်းဖြစ်သော။ ဂုဏေ၊ ဂုဏ်ကျေးဇူး၌။ သဇ္ဇတိ၊ ကပ်ငြိ၏၊ ဘူတမ္ပိ၊ ဟုတ်မှန်သည်လည်း ဖြစ်သော။ ဝါ၊ ထင်ရှားသည်လည်းဖြစ်သော၊ ဒေါသံ၊ အပြစ်ကို န ဂဏှာတိ၊ မယူ၊ ပက္ကမန္တောပိ၊ ဖဲသွားသော်လည်း။ အမုဉ္စိတုကာမော၊ မလွှတ်လိုသည်သာလျှင်၊ ဟုတွာ၊ ၍။ သာပေက္ခော၊ တငဲ့ကွက်ကွက်၊ ငဲ့ကွက်၍သာ။ ပက္ကမတိ၊ ဖဲသွား၏။ ပ။ သယံ ပန၊ မိမိမူကား။ အညာဏုပေက္ခာယ၊ မသိခြင်းကြောင့်ဖြစ်သော ဥပေက္ခာဖြင့်၊ ဝါ၊ မသိခြင်း-ဟု ဆိုအပ်သောဥပေက္ခာဖြင့်၊ ဥပေက္ခကော ဝ၊ လျစ်လျူရှုသည်သာလျှင်၊ ဟောတိ၊ ၏။

---

ဓမ္မပ္ပဝတ္တိအားဖြင့်စရိုက်ကိုသိရပုံ။

၁။ ။ရာဂစရိုက် ရှိသောသူအား၊ မိမိ၌ ထင်ရှားရှိသော အပြစ်ကိုဖုံးလွှမ်းခြင်းလက္ခဏာရှိသော လှည့်ပတ်ခြင်းမာယာ၊ မိမိ၌ထင်ရှားမရှိသော ဂုဏ်ကိုဘော်ပြခြင်း လက္ခဏာရှိသော ယုတ်မာသော အလို-ဟူသော သာထေယျ၊ တက်ကြွခြင်းမာန၊ အလိုဆိုးရမ္မက် နှင့်စက်ခြင်း ဟူသော ပါပိစ္ဆတာ၊ ထင်ရှားရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို အရင်းမူသဖြင့် တောင်းခံခြင်း၌အတိုင်းအရှည်ကို မသိသည်၏ အဖြစ်သျှင် လက္ခဏာရှိသောကြီးသောအလို-ဟူသော-မဟိစ္ဆတာ၊ မိမိရသမျှသော လာဘ်ဖြင့်

မရောင့်ရဲခြင်းလက္ခဏာရှိသော အသန္တုဋ္ဌိတာ,ထိလိုက်ရုံမျှဖြင့် ရူးတတ်သောသားချိန္နင့်တူသောကြောင့် သိဂ်မသင့်သောပြည့်ကြီးသူကဲ့သို့၊စံပယ်သောသူ၏အဖြစ်ဟူသော ကိလေသာ,မိမိကိုယ်ကိုရင်း၊ သက်နုံးစသော ပရိက္ခရာအသုံးအဆောင်ကိုရင်း၊ တန်းဆာဆင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သေးလျှပ်ပေါ်သောသူ၏အဖြစ်-ဟူသော-စာပလျ,အဟိရိက,အနောတ္တပ္ပ မဒ,ပမာဒ-စသောယုတ်မာသောတရားတို့သည်၊များစွာဖြစ်ဘတ်ကုန်၏။

၂။ ။ဒေါသစရိုက် ရှိသောသူအား၊ ရှေးဦးစွာအမျက်ထွက်ခြင်း-ဟူသော-ကောဓ,သူတပါးကျေးလွန်သော အဖြစ်ကို ဘွဲ့ချည်မှတ်ထားခြင်းလက္ခဏာရှိသော ရန်ငြိုးဘွဲ့ခြင်းဟူသော- ဥပနာဟ,သူတပါး၏ ဂုဏ်ကျေးဇူးကို ချေခြင်းလက္ခဏာရှိသော မက္ခ,သူတပါးနှင့် ဂုဏ်ရည်တူပြုကာ ဂုဏ်ပြိုင်ခြင်း-ဟူသော- ပဠာသ,ဣဿာ,မစ္ဆရိယ-စသော ယုတ်မာသော တရားတို့သည်၊များစွာဖြစ်ဘတ်ကုန်၏။

၃။ ။မောဟစရိုက် ရှိသော သူအားကား၊ ထိန,မိဒ္ဓ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ,မသင့်သောအားဖြင့် မြဲစွာစွဲလမ်းခြင်းလက္ခဏာရှိသော အာဓာနဂါဟီ, မိမိစွဲလမ်းသော မိစ္ဆာအယူကို မစွန့်လွှတ်နိုင်သော ဒုပ္ပဋိနိဿဂ္ဂိတာ-စသောတရားတို့သည်၊များစွာဖြစ်ဘတ်ကုန်၏။

၄။ ။သဒ္ဓါစရိုက် ရှိသောသူအား၊ လွတ်လွတ်စွန့်ကြဲခြင်း၊ အရိယာအရှင်သူတော်စင်တို့ကို ဖူးမြင်လိုခြင်း၊သူတော်ကောင်းတို့၏တရားတော်ကို နာကြားလိုခြင်း၊ဝမ်းမြောက်ခြင်းအဖြစ်များခြင်း၊မစဉ်းလဲခြင်း၊မာယာမများခြင်း၊ရတနာသုံးပါး၊ကြည်ညိုဘွယ်ဝတ္ထုများ၌ကြည်ညိုခြင်း-စသော တရားတို့သည်၊များစွာဖြစ်တတ်ကုန်၏။

၅။ ။ဗုဒ္ဓိစရိုက် ရှိသော သူအား၊ ဆိုဆုံးမလွယ်သည်၏ အဖြစ်၊ ကောင်းသောမိတ်ဆွေရှိသည်၏အဖြစ်၊ ဘောဇဉ်ငါးပါးကို အလျှုခံရာ,သုံးဆောင်ရာတို့၌၊ အတိုင်းအရှည်ကို သိသည်၏အဖြစ်၊ သတိတရား,ပညာအဆင်ခြင်ဟူသောသမ္ပဇဉ်တရား၊ နိုးကြားခြင်း၌ အဘန်တလဲလဲ အားထုတ်ခြင်း၊ ထိတ်လန့်သင့်ကုန်သောဇာတိ,ဇရာ,မရဏစသော အရာတို့၌ ထိတ်ထန့်ခြင်း၊ ထိတ်လန့်သောသူ၏ အသင့်အတင့်အားဖြင့် တရားအားထုတ်ခြင်း-စသော တရားတို့သည်များစွာဖြစ်ကုန်၏။

၆။ ။ဝိတက္ကစရိုက် ရှိသောသူအား၊ စကားပြောများသည်၏အဖြစ်၊ အပေါင်းအဘော်၌မွေ့လျော်သည်၏အဖြစ်၊ ကုသိုလ်တရားတိုးပွားခြင်း၌ မွေ့လျော်ခြင်း၊ အမြဲ့တည်သောကိစ္စရှိသော သူ၏အဖြစ်၊ ဤသို့ ပြုအံ့-ဤသို့ ပြုအံ့-ဟု နက်ဖြန်ပြုမူအပ်သော ကိစ္စအဝဝတို့ကို ညဉ့်အခါ၌ ကြံစည်ခြင်း-ဟူသော ညဉ့်၌ အခိုးထွက်ခြင်း၊ ထိုထိုညဉ့်၌ ကြံစည်အပ်ပြီးသော ကိစ္စအဝဝတို့ကို နေ့အခါ၌ အားထုတ်လုပ်ကိုင်ခြင်း-ဟူသောနေ့အခါ အလျှံထွက်ခြင်း၊ ထိုမှ-ဤမှ ထိုထိုအာရုံ၌ပေါက်လွှတ်ပြေးစေခြင်း-စသောတရားတို့သည်၊ များစွာဖြစ်ကုန်၏။

ရာဂစရိတဿ စ မာယာ,သာဌေယျံ,မာနော,ပါပိစ္ဆတာ,မဟိစ္ဆတာ,အသန္တုဋ္ဌိတာ၊သိင်္ဂံ,စာပလျန္တိ ဧဝမာဒယော ဓမ္မာ ဗဟုလံ ပဝတ္တန္တိ။ပ။ ဟုရာဟုရံ၊ ဓာဝနာတိ ဧဝမာဒယော ဓမ္မာ ဗဟုလံ ပဝတ္တန္တိ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၉၂)။

ရာဂစရိတဿ၊ အား။မာယာ၊မိမိ၌ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်းလက္ခဏာရှိသော လှည့်ပတ်ခြင်းငှာ၊ သာဌေယျံ၊ မိမိ၌ထင်ရှားမရှိသော ဂုဏ်ကိုပြခြင်းလက္ခဏာရှိသော ယုတ်မာသောအလိုငှာ၊ မာနော၊ တက်ကြွခြင်းငှာ၊ ပါပိစ္ဆတာ၊ အလိုဆိုးရမ္မက်နှိပ်စက်ခြင်းငှာ၊ မဟိစ္ဆတာ၊ ထင်ရှားရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို အရင်းမူသဖြင့် ခံခြင်း၌ အတိုင်းအရှည်ကို မသိသည်၏ အဖြစ်သျှင်လက္ခဏာရှိသော ကြီးသော အလိုငှာ၊အသန္တုဋ္ဌိတာ၊ မိမိလာဘ်ဖြင့် မရောင့်ရဲခြင်းလက္ခဏာရှိသော အသန္တုဋ္ဌိတာငှာ၊သိင်္ဂံ၊ထိုကရူး၍ဘာတ်သည်ဖြစ်၍ သားချို့နှင့်တူသော ကြောင့် သိင်္ဂ်မည်သောပြည်ကြီးသူဘ်ုကဲ့သို့ စံပယ်သောသူ၏အဖြစ်-ဟူသောကိလေသာငှာ၊ စာပလျံ၊ မိမိကိုယ်ကိုငှာ၊ သက်နီးစသောပရိက္ခရာကိုငှာ၊ တန်းဆာဆင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော လျှပ်ပေါ်သော သူ၏ အဖြစ်ငှာ၊ဣတိ ဧဝမာဒယော၊ဤသို့အစရှိကုန်သော။ဓမ္မာ၊ယုတ်မာသော တရားတို့သည်။ဗဟုလံ၊များစွာ။ပဝတ္တန္တိ၊ဖြစ်ကုန်၏။ပ။ဟုရာဟုရံ၊ဓာဝနာ၊ ထိုမှဤမှ ထိုထိုအာရုံ၌ စိတ်ကိုပေါက်လွှတ်ပြေးစေခြင်းငှာ။ ဣတိဧဝမာဒယော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ဗဟုလံ၊စွာ။ ပဝတ္တန္တိ၊ ကုန်၏။ ။
(အကျယ်သိလိုမူ ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ၌ရှုလင့်ကုန်)။

## ဘာဝနာ-အပြားအသွင်။

၄။ ။ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာစေတိ တိဿောဘာဝနာ။ ။

သင်္ဂြိုဟ်ပါဠိ။

၁-ပရိကမ္မဘာဝနာ၊ ၂-ဥပစာရဘာဝနာ၊ ၃-အပ္ပနာဘာဝနာ-ဟူ၍၊ သုံးပါးကုန်သော ဘာဝနာတို့ကို သိအပ်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

### ပရိကမ္မဘာဝနာ-အဓိပ္ပါယ်။

အပ္ပနာယ ပရိ ကရောတိ-ပဋိ သင်္ခရောတိတိ ပရိကမ္မံ။ အာဒိ ဝါ ကမ္မံ ပရိကမ္မံ။

အပ္ပနာယ၊ အပ္ပနာဘာဝနာကို။ ပရိကရောတိ-ပဋိသင်္ခရောတိ၊ ပြုပြင်စီရင်တတ်၏။ ဣတိ၊ ကြောင့်။ ပရိကမ္မံ၊ ပရိကမ္မ-မည်၏။ ။ဝါ၊ တနည်းကား။ အပ္ပနာယ၊ အပ္ပနာ၏။ အာဒိ၊ အစဖြစ်သော။ ကမ္မံ၊ ဘာဝနာစီးဖြန်းမှုသည်။ ပရိကမ္မံ၊ ပရိကမ်-မည်၏။

ပရိကမ္မဉ္စ တံ ဘာဝနာစေတိ ပရိကမ္မဘာဝနာ။ ။

ပရိကမ္မဉ္စ၊ ပရိကမ်သည်လည်း။ ဟောတိ၊ ၏။ တံ၊ ဟူသည်။ ဘာဝနာစ၊ ဘာဝနာသည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ပရိကမ္မဘာဝနာ၊ မည်၏။

အဓိပ္ပါယ်ကား....ချာန်-မဂ်ဟူသော အပ္ပနာကို ပြုပြင်တတ်၊ဖြစ်ပေါ်စေတတ်သောအပ္ပနာ၏အစ၊ရှေးမဆွဖြစ်သော ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသည်မှစ၍၊ နိဝရဏာပြေမ်းမီအတွင်း ပွားများအားထုတ်အပ်သမျှသော ကာမာဝစရဘာဝနာသည်-ပရိကမ္မဘာဝနာ-မည်၏။ ။ဟူလို။

မှတ်ချက်။ ။ပရိကမ္မံ-၌၊ ပရိသဒ္ဒါသည်။ ပဌမဝိကပ်၌-လိုအနက်မျှ၊ ဓာတွတ္ထာ နုဝတ္တကတည်း။ ဒုတိယဝိကပ်အလို၊ အာဒျတ္ထဝါစီ-မှတ်။

အပ္ပနာယ သမီပေ စရတိ-ပဝတ္တတီတိ ဥပစာရံ။ ။
ဥပစာရဥ္စ တံ ဘာဝနာစေတိ ဥပစာရဘာဝနာ။ ။

အပ္ပနာယ၊၏။ သမီပေ၊အနီး၌။ စရတိ-ပဝတ္တတိ၊ ဖြစ်ဘတတ်၏။ ဣတိ၊ ကြောင့်။ ဥပစာရံ၊ ဥပစာရမည်၏၊ ။ဥပစာရဥ္စ၊ ဥပစာရသည်လည်း။ ဟောတိ၊၏။ တံ၊ဟူသည်။ ဘာဝနာစ၊ဘာဝနာသည်လည်း။ ဟောတိ၊၏။ ဣတိ၊ကြောင့်၊ဥပစာရဘာဝနာ၊မည်၏၊

အဓိပ္ပါယ်ကား....နိဝရဏတရားငါးပါးငြိမ်းပြေးသည်မှစ၍၊ ဂေါတြဘုတိုင်အောင်၊၏အတွင်း၌ ပွားများအပ်သမျှသော ကာမာဝစရဘာဝနာကုသိုလ်သည်၊ အပ္ပနာ၏အနီးဖြစ်သောကြောင့်- ဥပစာရဘာဝနာမည်၏။ ။ဥပမာဆိုသော်၊အိမ်၏အနီး,ရွာ၏အနီးဖြစ်သော အရပ်ကို အိမ်၏ဥပစာ,ရွာ၏ဥပစာဆိုအပ်သကဲ့သို့၊ ။ဟူလို၊

မှတ်ချက်။ ။ဥပစာရ ၌၊ ဥပ-ရှေးရှိသော စရဓာတ်။ ဥပသဒ္ဒါကား၊ သမီပအနက်ဟော၊စရ ဓာတ်ကား ပဝတ္တန-အနက်ဟော-ဟုသိ။

အစစ္စာ ကမ္မဋ္ဌာန်းစီးဖြန်းသည်မှစ၍၊ အပ္ပနာ၏ရှေးဂေါတြဘု- တိုင်၏အတွင်း၌ဖြစ်သမျှသောကာမာဝစရပရိကမ္မဘာဝနာ-ဥပစာရဘာဝနာ ၂-ပါးသည်၊ အပ္ပနာကို ပြုပြင်တတ်, စီရင်တတ်သောကြောင့်- ပရိကမ္မဘာဝနာချည်းမည်၏။ သို့သော်-အပ္ပနာ၏အနီးဖြစ်သောကြောင့် နိဝရဏငြိမ်းသည်မှစ၍၊ ဂေါတြဘုတိုင်အောင် ဖြစ်သမျှသော ဘာဝနာကို ဥပစာရဘာဝနာ-ဟုဆိုအပ်၏။ ထိုမှတပါးသော ဘာဝနာကိုကား၊ ပရိကမ္မဘာဝနာ-ဟု အမည်ကွဲပြားခြင်း၌ အသုံးမှတ်၍ ခေါ်ဝေါ်ပညတ်အပ်လေသတည်း။

---

အပ္ပေတိ သမ္ပယုတ္တဓမ္မေ အာရမ္မဏံ အဘိနိရောပေတီတိ အပ္ပနာ။
အပ္ပနာ စ သာ ဘာဝနာစာတိ အပ္ပနာဘာဝနာ။ ။

သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရားတို့ကို။ အာရမ္မဏံ၊ကသိုဏ်းစသော အာရုံသို့။ အပ္ပေတိ-အဘိနိရောပေတိ၊ရှေးရှုဘင်တတ်၏။ ဣတိ၊ကြောင့်။ အပ္ပနာ၊အပ္ပနာ-မည်၏၊ ။အပ္ပနာစ၊အပ္ပနာသည်လည်း။ဟောတိ၊၏၊သာ၊ဟူသည်။ ဘာဝနာစ၊ဘာဝနာသည်လည်း။ ဟောတိ၊၏၊ ဣတိ၊ကြောင့်။ အပ္ပနာဘာဝနာ၊မည်၏၊

863-A-48

အဓိပ္ပါယ်ကား....ကသိုဏ်းစသောအာရုံသို့ သမ္ပယုတ်တရားတို့ကို ရှေးရှုတင်တတ်သောကြောင့် ဝိတက်သည်၊ ရချအားဖြင့် အပ္ပနာမည်၏။ ၎င်းဝိတက်နှင့် သမ္ပယုတ် ဖြစ်ကုန်သော မဟဂ္ဂုတ်တရား, မဂ်တရား အပေါင်းတို့သည်ကား၊အဝယဝူပစာအားဖြင့် အပ္ပနာမည်ကုန်၏။

၎င်းအပ္ပနာမည်သောဝိတက်အမှူးရှိသည့်၏အဖြစ်ကြောင့် မဟဂ္ဂုတ် လောကုတ္တရာအဖြစ်သို့ ရောက်သောဈာနဘာဝနာသည်-အပ္ပနာဘာဝနာ မည်၏။ ။ဟူလို။

### ဆောင်ပုဒ်။

က။ ။အစဦးစွာ၊ဘာဝနာ၊မှတ်ပါ-ပရိကမ်။

ခ ။ ။နီ၀ရဏာကွာ၊ဘာဝနာ၊မှတ်ပါ-ဥပစံ။

ဂ ။ ။ဝိတက်မှူးထား၊ဈာန်တရား၊မှတ်သား-အပ္ပနံ။

---

### နိမိတ်-အခွင့်။

၅။ ။ပရိကမ္မနိမိတ္တံ၊ ဥဂ္ဂဟနိမိတ္တံ၊ ပဋိဘာဂနိမိတ္တဉ္စေတိ တီဏိ နိမိတ္တာနိ စ ဝေဒိတဗ္ဗာနိ။ ။

### သဒ္ဒြုပ်ပါဠိ။

ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်-ဟူ၍၊ နိမိတ်တို့သည်၊ သုံးပါးအပြားရှိကုန်၏။ ဝါ၊ သုံးပါးသောနိမိတ်တို့ကို သိအပ်ကုန်၏။ ။ ဟူလို။

### ဤကား-ပိဏ္ဍတ္ထ။

---

### ပရိကမ္မနိမိတ်-အဓိပ္ပါယ်။

အာရမ္မဏိကဓမ္မေဟိ နိမိယတေ-ဇာနီယတေတိ နိမိတ္တံ။ ။

အာရမ္မဏိကဓမ္မေဟိ၊ အာရမ္မဏိကတရားတို့ဖြင့်။ နိမိယတေ-ဇာနီ ယတေ၊သိအပ်၏။ ဣတိ၊ကြောင့်။နိမိတ္တံ၊နိမိတ်မည်၏။ ။ဝိဂြိုဟ်အရ.... အာရမ္မဏိကတရားတို့ဖြင့် သိအပ်သောကြောင့် အာရုံတရားသည်-နိမိတ် မည်၏။ ။ဟူလို။

ပဋိကမ္မဿ နိမိတ္တံ ပဋိကမ္မနိမိတ္တံ။

ပဋိကမ္မဿ၊ ပဋိကမ္မဘာဝနာ၏၊ နိမိတ္တံ၊ နိမိတ်တည်း၊ ဣတိ၊ ကြောင့်။ ပဋိကမ္မနိမိတ္တံ၊ ပဋိကမ္မနိမိတ်-မည်၏။ ။ဖွင့်အရ…ပဋိကမ္မဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသော နိမိတ်သည်- ပဋိကမ္မနိမိတ်မည် ၏။ ။ဟူလို။

---

ဥဂ္ဂဟနိမိတ်-အဓိပ္ပါယ်၊

မနသာ ဥဂ္ဂဟေတဗ္ဗန္တိ ဥဂ္ဂဟံ။ ။ဥဂ္ဂဟဉ္စ တံ နိမိတ္တဉ္စာတိ ဥဂ္ဂဟနိမိတ္တံ။ ။

မနသာ၊ စိတ်ဖြင့်။ ဥဂ္ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ ကြောင့်။ ဥဂ္ဂဟံ၊ ဥဂ္ဂဟ မည်၏။ ။ဥဂ္ဂဟဉ္စ၊ ယူအပ်သည်လည်း။ ဟောတိ၊ ၏။ တံ၊ ဟူသည်။ နိမိတ္တဉ္စ၊ နိမိတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်- မည်၏။

အဓိပ္ပါယ်ကား…စက္ခုဝိညာဏ်ဖြင့်ယူအပ်၊ မြင်အပ်သကဲ့သို့၊ မနောဒွါရိကဇောသည်၊ ယူအပ်သောကြောင့် ထိုကသိုဏ်းဝန်းစသော အာရုံသည်ပင် ဥဂ္ဂဟနိမိတ်မည်၏။ ။ဟူလို၊

ဆိုလိုရင်းကား၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ်, ရှုအပ်, ယူအပ်သော ကသိုဏ်းစသောအာရုံသည်-ပဋိကမ္မနိမိတ်မည်၏၊ မနောဒွါရိကဇောစိတ်ဖြင့် ယူအပ်သော ကသိုဏ်းစသော အာရုံသည်- ဥဂ္ဂဟနိမိတ်မည်၏- ဟုမှတ်၊ ။(အဓိပ္ပါယ်အကျယ် နောက်၌ထင်ရှားလတ္တံ့)။

---

ပဋိဘာဂနိမိတ်-အဓိပ္ပါယ်။

ပဋိဘာဂံ နိမိတ္တံ ပဋိဘာဂနိမိတ္တံ၊

ပဋိဘာဂံ၊ ဥဂ္ဂဟနိမိတ်နှင့်တူသော၊ နိမိတ္တံ၊ နိမိတ်သည်၊ ပဋိဘာဂ နိမိတ္တံ၊ ပဋိဘာဂနိမိတ်မည်၏။

ဖွင့်အရ…ကသိုဏ်းအဖြစ်မှကင်းသော ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာတို့၏ အာရုံဖြစ်သော ကသိုဏ်းဝန်းစသော အာရုံသည်ပင် ထို ဥဂ္ဂဟနိမိတ်နှင့်တူသောကြောင့်-ပဋိဘာဂနိမိတ်မည်၏။ ။ဟူလို၊

## ဆောင်ပုဒ်။

က။ ။ကမ္မဋ္ဌာန်းအစ၊ အာရုံမျှ၊ မှတ်ကြ-ပရိကမ္မနိမိတ်တည်း။
ခ။ ။ဇောဖြင့်ယူရာ၊ အာရုံမှာ၊ မှတ်ပါ-ဥဂ္ဂဟနိမိတ်တည်း။
ဂ။ ။ဥဂ္ဂဟာတူ၊ အာရုံမူ၊ မှတ်ယူ-ပဋိဘာဂနိမိတ်တည်း။

---

## ကသိုဏ်း ၁၀-ပါး-အဖွင့်။

ဒ။ ။**ကသိဏံ-ပထဝီကသိဏံ၊ အာပေါကသိဏံ၊ တေဇောကသိဏံ၊ ဝါယောကသိဏံ၊ နီလကသိဏံ၊ ပီတကသိဏံ၊ လောဟိတကသိဏံ၊ ဩဒါတကသိဏံ၊ အာကာသကသိဏံ၊ အာလောကကသိဏန္တိ ဣမာနိ ဒသ ကသိဏာနိ နာမ။ ။**

### သင်္ဂြိုဟ်ပါဠိ။

၁-ပထဝီကသိုဏ်း၊ ၂-အာပေါ ကသိုဏ်း၊ ၃-တေဇော ကသိုဏ်း၊ ၄-ဝါယောကသိုဏ်း၊ ၅-နီလကသိုဏ်း၊ ၆-ပီတကသိုဏ်း၊ ၇-လောဟိတကသိုဏ်း၊ ၈-ဩဒါတကသိုဏ်း၊ ၉-အာကာသကသိုဏ်း၊ ၁၀-အာလောကကသိုဏ်း-ဟူ၍ ကသိုဏ်းတို့သည်၊ ဆယ်ပါးအပြားရှိကုန်၏။ ။ဟူလို၊

### ဤကား-ပိဏ္ဍတ္ထ။

---

## ကသိုဏ်း ဓာတ်ပြုပါယ်။

သကလဋ္ဌေန ကသိဏံ။ ။ကာသတိ-နိသေသံ- ဂစ္ဆတီတိ ဝါ ကသိဏံ။ ကာသတိ-နိသေသသဘာဝေန ပဝတ္တတီတိ ဝါ ကသိဏံ

သကလဋ္ဌေန၊ တစိတ်၌မတည်မူ၍ အဆုံးမရှိနှံ့သောအဖြစ်ဖြင့် အလုံးစုံ ဟူသောအနက်ကြောင့်။ ကသိဏံ၊ ကသိုဏ်းမည်၏၊ ဝါ၊ တနည်းကား။ ကာသတိ-နိသေသံဂစ္ဆတိ၊ အကြွင်းမရှိသည်၏ အဖြစ်သို့ရောက်တတ်၏။ ဣတိ၊ ကြောင့်။ ကသိဏံ၊ ကသိုဏ်းမည်၏၊ ဝါ၊ တနည်းကား။ ကာသတိ-နိသေသသဘာဝေနဂစ္ဆတိ၊ အကြွင်းမရှိသည်၏ အဖြစ်ဖြင့်ရောက်တတ်၏။ ဣတိ၊ ကြောင့်၊ ကသိဏံ၊ ကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....တစိတ်တဒေသဖြစ်သောမြေကြီးစသည်၌ မတည်မူ၍၊ အပိုင်းအခြားမရှိသောမြေအရပ်စသည်သို့ပထဝီ ပထဝီ-စသည်ဖြင့် ပွားများ နှလုံးသွင်းသေ‌ာအခြင်းအရာဖြင့် နှံ့တတ်,အကြွင်းမရှိသောအဖြစ်သို့ရောက်ဘတ်သောကြောင့်-ကသိုဏ်းမည်၏၊ ။ဟူလို၊

ဆိုလိုရင်းကား... အကြွင်မျှလောက်သော မြေအပြင်၌ နိမိတ်ယူအပ်,ပွားများအပ်၏၊ ထိုယူအပ်သမျှသော မြေဝန်းအပြင်ဘရလုံးသို့နှံ့၍ယူအပ်၏၊ ကသိုဏ်းမြေ၏ တစိတ်တဒေသ တပိုင်းတစမျှသော မြေ၌ မတည်အပ်, ကသိုဏ်းဝန်းတရလုံးကို ဧွ့အောင်နှံ့အောင်ပထဝီ,ပထဝီ-စသည်ဖြင့် ပွားများအပ်, နှလုံးသွင်းအပ်, အာရုံ ပြုအပ်သောကြောင့်-ကသိုဏ်းမည်၏။ ။ဟုမှတ်။

မှတ်ချက်။ ။ပထမ ဝိကပ်အလို၊ ကသိဏာသဒ္ဒါသည်၊ သကာသ အနက်ဟော၊ အနိပ္ဖန္နပါဋိပဒိကပုဒ်။ နောက်-ဝိကပ်တို့အလို ကသ ဓာတ် ဂမနတ္ထဝါစီ-မှတ်။

**ပထဝီကသိုဏ်း-အဓိပ္ပါယ်။**

ပထဝီယေဝ ကသိဏန္တိ ပထဝီကသိဏံ။

ပထဝီယေဝ၊ သသမ္ဘာရမြေအဝန်းအဝိုင်းသည် သာလျှင်။ ကသိဏံ၊ ကသိုဏ်းတည်း။ ဣတိ၊ ကြောင့်၊ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....ကြီးစွာ့အဆုံး ကောက်နယ်ကလင်းခန့်မျှသော မြေဝန်း၊ ငယ်စွာ့အဆုံး၊ ခွက်ငယ်,စကောငယ်မျှ၊ တထွာလက်လေးသစ်ပမာဏရှိသော ပညတ်ဖြစ်သော မြေအဝန်းအဝိုင်းသည်သာ ပထဝီကသိုဏ်းမည်၏၊ ထိုကသိုဏ်းဝန်းနှင့်တူသောပဋိဘာဂနိမိတ်သည်လည်း သဒိသူပစာအားဖြင့် ပထဝီကသိုဏ်းမည်၏။ ၎င်းကသိုဏ်းဝန်းလျှင် အာရုံရှိသောဈာန်သည်လည်း ဌာနူပစာအားဖြင့်-ပထဝီကသိုဏ်းမည်၏။ ။ဟူလို၊

**ပထဝီကသိုဏ်းဝန်းပုံ။**

ပထဝီကသိုဏ်းစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ ရှေးဦးစွာပထဝီကသိုဏ်းဝန်းကို ပြုအပ်၏၊ ထိုပထဝီကသိုဏ်းဝန်းသည်၊ ၁-ရွှေ့ပြောင်းယူဆောင်၍ရသော သံဟာရိမကသိုဏ်းဝန်း၊ ၂-ရွှေ့ပြောင်း၍မရ၊ အမြဲတည်နေသော တတြဋ္ဌကကသိုဏ်းဝန်း-ဟူ၍၊ ၂-မျိုး ရှိ၏။ မိမိသပ္ပါယ

မျှရာ၊ အလိုရှိရာအရပ်သို့ ယူဆောင်သွားနိုင်သော သံဟာရိမကသိုဏ်း ဝန်းကိုကား၊ဘောင် ၄-ဘက်ကြက်၍ ၎င်းကားဘောင်၌၊ပုဆိုးနွမ်းကိုဖြစ်စေ,သားရေကိုဖြစ်စေ, စက္ကူထူကိုဖြစ်စေ, သံပြား,သွတ်ပြားကို ဖြစ်စေ ဘွဲ့၍၊ ထိုဘွဲ့အပ်သော ပုဆိုးစသော အထည်ပေါ်၌၊နီမြန်းသော အချက် ငြောင်အဆင်းရှိသော မြေကြီးကို မြက်, သင်မြစ်, ကျောက်စရစ်စသည် တို့ကို ကောင်းစွာပယ်ရှားစင်ကြယ်စေ၍၊နုပ်နုပ်နေ့ာနေ့ာ ကောင်းစွာနယ် ပြီးသကာလ၊၎င်းညက်ညော၁သော မြေဖြင့်စရိုက်အားလျော်စွာ၊စကောမျှ လောက်သော အဝန်းအဝိုင်း, သို့မဟုတ် တထွာလက်လေးသစ်ပမာဏ ရှိသော ရေသောက် ခွက်ငယ်မျှလောက်သော ညီညွတ် ဝန်းဝိုင်းသော စက်ဝိုင်းသဏ္ဍာန်လိမ်းကျံ၍အရောင်တမျိုးဖြင့်အနားသတ်လျက်ပြုအပ်၏။ ဤကဲ့သို့သော စက်ဝိုင်းသဏ္ဍာန်အဝန်းအဝိုင်းကို မြေဖြင့် ပြုအပ်သော ကြောင့်- ပထဝီကသိုဏ်းဝန်း ဟု ဆိုအပ်၏၊ ။(ဤကား- သံဟာရိမ- ကသိုဏ်းဝန်းပုံဘည်း)။

တတြဋ္ဌက-ကသိုဏ်းဝန်းကိုမူ၊ မြေကြီး၌ ဝိုက်ထားအပ်သော သစ် တိုင်စသည်၌ဆိုအပ်ပြီးသောပုဆိုးနွမ်း,စသောကသိုဏ်းဝန်းကိုအမြဲဘွဲ့၍ အလိုရှိသလိုထားအပ်၏။ ။(ဤကား-တတြဋ္ဌက ကသိုဏ်းဝန်းပုံတည်း။ ဤကား-လိုရင်းကိုပြအကျဉ်းမျှသာတည်း။အကျယ်ကိုအလိုရှိပါမူ ဝိသုဒ္ဓိ မဂ်-အဋ္ဌကထာ၌ ရှုလင့်ကုန်)။

## ပထဝီကသိုဏ်းစီးဖြန်းနည်း။

ထိုဆိုအပ်ပြီးသော ကသိုဏ်းဝန်း ၂-မျိုးတွင်၊ မိမိအလိုရှိရာ သင့် လျော်သော ကသိုဏ်းဝန်းကို ကောင်းစွာ တည်ထား၍၊ ၎င်းကသိုဏ်း ဝန်းမှ နှစ်တောင်ထွာအတွင်းဖြစ်သော အရပ်၌၊ တထွာလက်လေးသစ် အခြေရှိသောအင်းပျဉ်ကိုနိမ့်မြင့်စောင်းတောင်းမရှိ၊ ကောင်းစွာခင်းထား ၍၊ထက်ဝက်ဖွဲ့ခွေထိုင်နေပြီးခါ၊ ကာမဂုဏ်တို့၏အပြစ်၊ ကာမဂုဏ်တို့မှ ထွက်မြောက်ရခြင်း အကျိုးအာနိသင်တို့ကို၊ ကောင်းစွာ ဆင်ခြင်ပြီး၍၊ ရတနာသုံးပါး၊ဂုဏ်တော်များကို တလုံလဲလဲ၊ နှလုံးစွဲအောင် အောက်မေ့ ဆင်ခြင်လျက်၊ ပီတိပါမောဇ္ဇကို ဖြစ်စေပြီးကာ၊ဤယခုငါ၏-ကသိုဏ်းရှု တတ်၊တရားမြတ်သည်၊အလုံးစုံသော ဘုရားပစ္စေကဗုဒ္ဓါသခင်၊ ရဟန္တာ အရှင်သူတော်စင် မှန်သမျှတို့၏ သွားရာလမ်းကြောင်း၊ကောင်းမြတ်သော

အကျင့်မြတ်၊ ပဋိပတ်ပေတည်း။ ဤအကျင့်မြတ်ဖြင့် ရျာန်ချမ်းသာ, မဂ်ချမ်းသာ,ဝိမုတ္တိချသာကို ကောင်းစွာမချွတ် ခံစားရလတ္တံ့-ဟုဆင်ခြင်၍၊ ထိုကသိုဏ်းဝန်းကို ရှုစား၊ပွားများလိုသော သဒ္ဓါဓာတ်,ဥဿာဟဓာတ်တို့ကို ဆတက်တံပိုးများစွာတိုးပွားစေရာ၏၊ထိုမှနောက်၌ကိုယ်ကိုဖြောင့်မတ်စွာထား၍၊ မဘွင့်လွန်း, မမှိတ်လွန်းသော မျက်စိဖြင့် ကြေးမုံပြင်၌ မျက်နှာရိပ်ကို ကြည့်သောသူလင်ပျိုကဲ့သို့၊ညီညွတ်သောအခြင်းအရာဖြင့် မျက်စိတို့ကိုဘွင့်၍ ကြည့်ရှုကာ၊"ပထဝီ-ပထဝီ"ဆို၍၊ဥဂ္ဂဟနိမိတ်ကိုပွားများအပ်၏။ အရဏ်ရောင် အဆင်းနှင့်တူသော အဆင်းကိုကား မနေဝိညာဏ်ဖြင့်မကြံအပ်,မဆင်ခြင်အပ်ပေ။

ဆိုလိုရင်းကား .. ကြေးမုံပြင်၌မျက်နှာရိပ်ကို ကြည့်သောသူလင်ပျို၏သဘောသည်၊မျက်ကြောထန်အောင် လွန်စွာ,လွန်စွာမကြည့်၊ဆင်ကြည့်အတု၊မြိန်းကာရှုလျက်၊လျော့လျော့လျည်းလျည်း၊ကြော့ကျည်းမှိတ်တုတ်,မှိတ်တုတ်ရှုသည်လည်းမဟုတ်၊ကြေးမုံပြင်၌ အဆင်းကိုလည်းမဆင်ခြင်,မကြံစည်၊လက္ခဏာကိုလည်းနှလုံးမထား၊စင်စစ်သော်ကား၊မိမိ၏မျက်နှာရိပ်ကိုသာ ကောင်းစွာ ကြည့်ရှုသကဲ့သို့၊ ဤယောဂီပုဂ္ဂိုလ်သည်လည်း၊ ပထဝီကသိုဏ်းဝန်းကို တစိမ့်စိမ့် ကြည့်ရှု၍ "ပထဝီ-ပထဝီ"ဟု ဆို၍၊ ဥဂ္ဂဟနိမိတ်ယူခြင်း၌ ကြိုးစားအားထုတ်အပ်၏-ဟုလိုသည်။

ပါရမီရင့်ပြီးသောယောဂီပုဂ္ဂိုလ်၊အချင်ဖြစ်ပါမူကား၊ ကသိုဏ်းဝန်းပုံမပြုမပြင်အပ်သော လယ်ထွန်ရာ အရပ်ကောက်နယ်ဘလင်း-စသည်ကိုကြည့်ရှုကာ စီးဖြန်းအပ်၏။ ။(နိမိတ်ထင်ပုံ,ရျာန်ပေါ်ပုံ,အဓိပ္ပါယ်ကား၊နောက်၌ထင်ရှားလတ္တံ့)။

အာကာရေန သမေနေဝ၊ဥမ္မိလိတွာန လောစနံ။
နိမိတ္တံ ဂဏှတာ သာရ၊ဘာဝေတဗ္ဗံ ပုနပ္ပုနံ။ ။

အဘိဓမ္မာဝတာရ-အဋ္ဌကထာ။ ။(၁၀၇)။

သမေန၊ ညီညွတ်သော။ အာကာရေန၊အခြင်းအရာအားဖြင့်။လောစနံ၊ မျက်စေ့ကို။ ဥမ္မိလိတွာန၊ဘွင့်၍။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ဂဏှတာ-ဂဏှန္တေန၊ယူလျက်၊ဝါ၊ ယူသော။ ယောဂိနာ၊ယောဂီ-အမျိုးကောင်းသား

သည်။သာရ၊ကောင်းစွာ။ပုနပ္ပုနံ၊အဘန်ဘန်အထပ်ထပ်။ဘာဝေတဗ္ဗံ၊ပွားများအပ်၏။

---

## အာပေါကသိုဏ်း-အဘွင့်။

အာပေတိ သဟာဇာတရူပါနိ ပတ္တရတီတိ အာပေါ။
အာပေါယေဝ ကသိဏန္တိ အာပေါကသိဏံ။ ။

ယော၊အကြင်သဘောတရားသည်။သဟဇာတရူပါနိ၊သဟဇာတ်ဖြစ်သော ရုပ်တို့ကို။ အာပေတိ-ပတ္တရတိ၊ ပျံ့နှံ့တတ်၏။ဣတိ၊ကြောင့်။သော၊သည်။ အာပေါ၊ မည်၏၊ ။အာပေါယေဝ၊ရေသည်ပင်လျှင်။ ကသိဏံ၊တည်း။ဣတိ၊ကြောင့်။အာပေါကသိဏံ၊အာပေါကသိုဏ်းမည်၏၊

အဓိပ္ပါယ်ကား....ဆိုအပ်ပြီးသော အနက်ကြောင့် ရေအိုး, ရေခွက်, ကရား-စသည်၌တည်သောရေသည်ပင်လျှင်-အာပေါကသိုဏ်းမည်၏။ ။ ဟူလို။

စီးဖြန်းနည်း....အာပေါကသိုဏ်း စီးဖြန်းလိုသော ယောဂီ ပုဂ္ဂိုလ်သည် သန့်ရှင်းကြည်လင်သော ရေကို၊ခွက်,ကရားစသည်တို့၌ အနားရေနှင့်အမျှ ပြည့်အောင်ထည့်၍ငင်းခွက်စသည်၏ အနားရေးနှင့်တကွသော ရေသည်ပင် အာပေါကသိုဏ်းဝန်းမည်၍၊ ၎င်းကသိုဏ်းဝန်းကိုရှေးနည်းအတိုင်းကြည့်ရှုကာ၊"အာပေါ-အာပေါ၊"ဟုဆို၍စီးဖြန်းအပ်၏။

ဤစီးဖြန်းနည်းကား၊ အစဝွာကမ္မဋ္ဌာန်း စီးဖြန်းသူတို့အတွက်သာဖြစ်ချေသည်။ တိက္ခပုဂ္ဂိုလ်-ပါရမီပြည့် မျိုးစေ့ရှိသောသူတို့မှာမူကား၊ အဝန်းအဝိုင်းပြုနေဘွယ်ကိစ္စမရှိ၊ ရေကန်, တဘက်ဆည်းကန်, မဟာသမုဒ္ဒရာစသည်၌တည်သော ရေကိုကြည့်၍ ပွားများနိုင်၏-ဟုမှတ်။

ကတာဓိကာရဿ ပုညဝတော အကတေ အာပသ္မိံ ပေါက္ခရဏိ
ယာ ဝါ တဠာကေ ဝါ လောဏိယံ ဝါ သမုဒ္ဒေဝါ နိမိတ္တမုပ္ပဇ္ဇတိ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၁၄၅)။

ကတာဓိကာရဿပြုအပ်ပြီးသော ပါရမီရှိသော၊ပုညဝတော၊ကုသိုလ်ရှင်အား။ အကတေ၊ဆိုအပ်ပြီးသော အဝန်းအဝိုင်း မပြုအပ်သော။အာပသ္မိံဝါ၊ ရေ၌၎င်း။ ပေါက္ခရဏိယာဝါ၊ လေးထောင့်ကန်၌၎င်း။ တဠာကေဝါ၊

တဘက်ဆည်းကန်၌ရင်း။ လောဏိသံဝါ၊ဆားကျင်း၌ရင်း။သမုဒ္ဒဝါ၊၌ရင်း။ နိမိတ္တံ၊ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်သည်၊ဥပဋ္ဌာတိ၊ဖြစ်နိုင်၏၊ (ကြွင်းသောစကားရပ်ကို ရှေးပထဝီကသိုဏ်းအတိုင်းမှတ်လေ)။

---

## တေဇောကသိုဏ်းအဘွင့်။

တေဇေတိ- ပရိပါစေတီတိ တေဇော။ ။တေဇေတိ- နိသေတိ တိက္ခဘာဝေန သေသဘူတတ္တယံ ဥသ္မာပေတီတိ ဝါ တေဇော။ တေဇောယေဝ ကသိဏာန္တိ တေဇောကသိဏံ။ ။

ယောသဘာဝေါ၊သည်၊ တေဇေတိ-ပရိပါစေတိ၊ရင့်ကျက်စေတတ်၏။ ဣတိ၊ကြောင့်။သော၊သည်။တေဇော၊တေဇော-မည်၏၊ ။ဝါ၊တနည်းကား။ ယောသဘာဝေါ၊ သည်။ သေသဘူတတ္တယံ၊ ကြွင်းသော ဘုတ်သုံးရ အပေါင်းကို။ တေဇေတိ- နိသေတိ၊ ထက်စေတတ်၏၊ တိက္ခဘာဝေန၊ ထက်သည်၏အဖြစ်ဖြင့်။ ဥသ္မာပေတိ၊ပူစေတတ်၏။ ဣတိ၊ကြောင့်။သော၊ သည်။ တေဇော၊တေဇော-မည်၏၊ ။တေဇောယေဝ၊ တေဇော-ဓာတ်သည်ပင်လျှင်။ ကသိဏံ၊ ကသိုဏ်းတည်း။ ဣတိ၊ ကြောင့်၊ တေဇောကသိဏံ၊တေဇောကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....ဆိုအပ်ပြီးသောအနက်ကြောင့် သင်ဖြူး, ဖျာ, ရိုင်-စသည်၌ပြုအပ်သော အဝန်းအပိုင်းဖြင့် ပိုင်းခြားထားအပ်သော မီးသည်ပင်လျှင်-တေဇောကသိုဏ်းမည်၏။ ။ဟူလို။

**စီးဖြန်းနည်း**.... တေဇောကသိုဏ်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ သွေ့ခြောက်သော ထင်းကိုပိုင်းဖြတ်ရပုံ၍၊ မီးတိုက်ပြီးမှ သင်ဖြူး, ဖျာ, ရိုင်, သားရေ, ပုဆိုး, ကြေးပြား, သံပြားစသည်တို့၌ တထွာလက်လေးသစ်အပေါက်ဖေါက်၍၊ ၎င်းအပေါက်ဖြင့် ပိုင်းခြား ထားအပ်သော မီးကိုကြည့်ရှု၍၊ "တေဇော-တေဇော"ဟုဆို၍၊ စီးဖြန်းအပ်၏၊ ဝါ၊စီးဖြန်းလေ။ ။ပြုအင်ပြီးကုသိုလ်ပါရမီရှိသော ယောဂီပုဂ္ဂိုလ်တို့မူကား၊ ဆီမီးတောက်-ဆီးမီးလျှံ၌သော်၎င်း၊မီးဖို၌ရှိသောမီး၌သော်၎င်း၊သပိတ်ဘုတ်ရာအရပ်၌မီး၌သော်၎င်း၊ တောမီးစသည်၌၎င်း၊ မီးအလျှံကိုကြည့်၍တေဇောကသိုဏ်းစီးဖြန်းနိုင်ကုန်၏။

ကတာဝိကာရသာ ပုညာဝတော အာကာဘေနိမိတ္တံ ဂဏှန္တဿ
ဒိပသိခါယ ဝါ ဥဒ္ဒနေ ဝါ ပတ္တပစနဋ္ဌာနေ ဝါ ဒဝဒါဟေ ဝါ
ယတ္ထကတ္ထစိ အင်္ဂါရာလံ ဩလောကေန္တဿ နိမိတ္တမုပ္ပဇ္ဇတိ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၁၄၈)။

ကတာဝိကာရဿ၊ သော။ ပုညဝတော၊အား။ ဒိပသိခါယဝါ၊ ဆီမီး
တောက်၊ ဆီမီးလျှံ၌ဖြစ်စေ။ဥဒ္ဒနေဝါ၊ချက်ပြုတ်စရာစဖို၌ဖြစ်စေ။ ပတ္တပစနဋ္ဌာနေ
ဝါ၊သပိတ်ဘုတ်ရာအရပ်၌ဖြစ်စေ။ဒဝဒါဟေဝါ၊တောမီးလောင်ရာ၌ဖြစ်စေ၊ယတ္ထ
ကတ္ထစိ၊အမှတ်မရှိသောအရပ်၌။အင်္ဂါရာလံ၊မီးလျှံကို။ဩလောကေန္တဿ၊
ကြည့်ရှုစဉ်။နိမိတ္တံ၊သည်။ဥပ္ပဇ္ဇတိ၊၏။

---

## ဝါယောကသိုဏ်း-အခွင့်။

ဝါယတိ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန ဘူတသင်္ဃာတံ ပါပေ
တီတိ ဝါယော။ ။ဝါယော ဧဝ ကသိဏန္တိ ဝါယောကသိဏံ။

ယောသဘာဝေါ၊ သည်။ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန၊ရှေးဖြစ်သော
ရုပ်တို့၏ တည်ရာအရပ်မှ တပါးသောအရပ်၌ ရုပ်တို့၏ဖြစ်ခြင်း၏ အ
ကြောင်း၏အဖြစ်ဖြင့်။ ဘူတသင်္ဃာတံ၊ ကြွင်းသောဘုတ်သုံးရုပ်တို့၏ အ
ပေါင်းကို။ ဝါယတိ-ပါပေတိ၊ ရောက်စေတတ်၏။ ဣတိ၊ ကြောင့်။ သော
သဘာဝေါ၊သည်။ ဝါယော၊ ဝါယော-မည်၏။ ။ဝါယောဧဝ၊ လေသည်
ပင်လျှင်။ ကသိဏံ၊ တည်း။ ဣတိ၊ ကြောင့်။ ဝါယောကသိဏံ၊ ဝါယော
ကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....ဆိုအပ်ပြီးသောအနက်ကြောင့် သစ်ပင်,သစ်ကိုင်း-
စသည်၌ တိုက်ခိုက် ထိခိုက် လာသော လေသည်ပင်လျှင်- ဝါယော·
ကသိုဏ်းမည်၏။ ။ဟူလို။

စီးဖြန်းနည်း.... ဝါယောကသိုဏ်းကို စီးဖြန်းလိုသော ယောဂီအမျိုး
သားသည်၊ သစ်ပင်များ, သစ်ကိုင်း, သစ်ခက်-စသည်ကို တိုက်ခပ်သော
လေကိုဖြစ်စေ၊ မိမိကိုယ်အင်္ဂါကို ထိခိုက်လာသောလေကိုဖြစ်စေ၊ သတိပြု၍။
"ဝါယော-ဝါယော"ဟုစီးဖြန်းပွားများအပ်၏။

---

## နီလကသိုဏ်း-အဘွင့်။

နီလတီတိ နီလံ။ ။နီလံ ဧဝ ကသိဏာနိ နီလကသိဏံ။ ။

ယံဝဏ္ဏံ၊ အကြင်အဆင်းသည်။ နီလတိ၊ ညိုတတ်၏။ ဣတိ၊ ကြောင့်။ တံဝဏ္ဏံ၊ သည်၊ နီလံ၊ နီလ-မည်၏။ ။နီလံဧဝ၊ ညိုသောအဆင်းသည်ပင်လျှင်။ ကသိဏံ၊ တည်း။ ဣတိ၊ ကြောင့်။ နီလကသိဏံ၊ နီလကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....အောင်မဲညိုပန်း, ကြာညိုပန်း, စသော ညိုသောအဆင်းရှိသော ပန်းတို့ကို ဝတ်ဆံနှင့် အညှာတို့ကို မမြင်စေရအောင် ဝန်းပိုင်းသော ပန်းတောင်း, ပန်းကန်ပြား စသည်၌ တခဲနက်ညိုသော အဆင်းသာထင်အောင် ထည့်ထားအပ်သော ညိုသော အဆင်းသည်-နီလကသိုဏ်းမည်၏၊ ။တနည်း။ ။ဆေးညိုဘုံဖြင့် သုတ်လိမ်းအပ်သော ပထဝီကသိုဏ်းအတိုင်း၊ တထွာလက်လေးသစ်မျှသော အဝန်းအဝိုင်းသည်လည်း နီလကသိုဏ်းပင်မည်၏။ ။ဟူလို၊

သို့သော် ပါရမီရှင်ဖြစ်ကုန်သော ယောဂီပုဂ္ဂိုလ်အားမူကား ဤသို့ အဝန်းအဝိုင်း ပြုဘွယ်ကိစ္စမရှိ ညိုသောအဆင်းရှိသော ပန်းပွင့်, အဝတ်, ညိုသောဆေးရောင်စသည်တို့ပင် နီလကသိုဏ်းဖြစ်နိုင်ကုန်၏၊

**စီးဖြန်းနည်း**....နီလကသိုဏ်းကို စီ ဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည်၊ အောင်မဲညို,ကြာညိုစသော ညိုသောအဆင်းရှိသောပန်းတို့ကို ဝတ်ဆံနှင့် အညှာကို မမြင်ရအောင် ပန်းတောင်းစသည်၌ အနားရေးနှင့်အမျှ ပြည့်အောင်ထည့်ထားအပ်သော ညိုသောအဆင်းရှိသော ပန်းပွင့် ကသိုဏ်း ဝန်း၌ ဖြစ်စေ၊ ညိုသောအဆင်းရှိသော ပုဆိုးအဝတ်ကို ပန်းတောင်း, အိုးဝ-စသည်၌ ကြက်၍ပြုအပ်သော ညိုသောအဆင်းရှိသော ပုဆိုးညို ကသိုဏ်းဝန်း၌ဖြင်း၊ ညိုသောဆေးဖြင့် အဝန်းအဝိုင်းပြု၍ တထွာလက်လေးသစ်မျှ ရေးချယ်ထားအပ်သော ဆေးညိုကသိုဏ်းဝန်းစသည်၌ဖြင်း "နီလံ-နီလံ"ဟုဆိုကာပွားများစီးဖြန်းအပ်၏။

> ကတာဓိကာရဿ ပုညဝတော တာဝ တထာရူပံ မာလာဝစ္ဆံ ဝါ ပူဇဋ္ဌာနေ ပုပ္ဖသန္ထရံ ဝါ နီလဝတ္ထ မဏီနံ ဝါ အညတရံ ဒိသွာဝ နိမိတ္တမုပ္ပဇ္ဇတိ။ ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ၊ ၊(၁၄၇)။

ကတာဓိကာရဿ၊သော။ ပုညဝတော၊အား။ တာဝ၊ရွှာ။ တထာရူပံ မကျဲမှု၍၊ တခဲနက်ပွင့်သောညိုသောအဆင်းရှိသောပန်းတို့ဖြင့်ဖုံးလွှမ်းအပ်သောသဘောရှိသော။မာလာဝစ္ဆံ၊ဝါ၊ပန်းချုံ,ပန်းပင်ငယ်ကိုရင်း။ပူဇဋ္ဌာနေ၊ စေတီပူဇော်ရာအရပ်၌။ ပုပ္ဖသန္ထရံ၊ဝါ၊ပန်းအခင်းကိုရင်း။ နီလဝတ္ထမဏီနံ၊ ညိုသောအဆင်းရှိသောအဝတ်, ညိုသောအဆင်းရှိသောပတ္တမြားတို့တွင်။ အညတရံ၊ဝါ၊ တပါးပါးကိုရင်း။ ဒိသွာဝ၊ ရှု၍သော်လျှင်။ နိမိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။

---

## ပီတကသိုဏ်း-အခွင့်။

ပါတဗ္ဗံ- ရက္ခိတဗ္ဗန္တိ ပီတံ။ ပိတတီတိ ဝါ ပီတံ။ ။
ပီတဉ္စ တံ ကသိဏဉ္စာတိ ပီတကသိဏံ။ ။

ယံ ဝဏ္ဏံ၊ အကြင်အဆင်းကို။ ပါတဗ္ဗံ-ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ပီတံ၊ ပီတ-မည်၏။ ။ဝါ၊တနည်းကား။ပိတတိ၊ ဝါတတ်၏။ဣတိ၊ကြောင့်။ပီတံ၊ပီတ-မည်၏။ ။(ဝါသောအဆင်းရ၏)။ ။ ပီဘဉ္စ၊ဝါသောအဆင်းသည်လည်း။ ဟောတိ၊၏၊တံ၊ဟူသည်။ ကသိဏဉ္စ၊ သည်လည်း။ ဟောတိ၊၏။ ဣတိ၊ ကြောင့်။ ပီတကသိဏံ၊ ပီဘကသိုဏ်း-မည်၏။

အဓိပ္ပါယ်ကား.... ရှေးနည်းအတိုင်းအဝန်းအဝိုင်းပြုအပ်သော မဟာလှေကားပန်း၊ နနွင်းဝါ၊ ဆေးဝါစသည်တို့၏ဝါသောအဆင်းသည်- ပီဘကသိုဏ်းမည်၏။ ။ဟူလို။

စီးဖြန်းနည်း... ပီတကသိုဏ်းကိုစီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည်၊ မဟာလှေကားပန်းစသော ဝါသောပန်းတို့ဖြင့်ရင်း၊ရွှေသောအဆင်းရှိသော ပုဆိုးဖြင့်ရင်း၊ ဝါသောအဆင်းရှိသော ဆေးတို့ဖြင့်ရင်း၊ နီလကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းအတိုင်းပြု၍၊စီးဖြန်းပွားများရာ၏။ ။(ကြွင်းပေါ်ပြီ)။

## လောဟိတကသိုဏ်း-အဘွင့်။

ရူဟတိ သရီရေ ဗျာပနဝသေနာတိ လောဟိတံ။ လောဟိတံ ဝိယာတိ လောဟိတံ၊ ။လောဟိတဉ္စ တံ ကသိဏဉ္စာတိ လောဟိတကသိဏံ၊ ။

သရီရေ၊ကိုယ်၌။ ဗျာပနဝသေန၊ နှံ့စေသည်အစွမ်းအားဖြင့်။ ရူဟတိ၊ ရောက်တတ်၏။ ဣတိ၊ ကြောင့်။ လောဟိတံ၊ လောဟိတ-မည်၏။ ။(ပကတိသွေးကိုရ၏)၊ ။ယံဝဏ္ဏံ၊အကြင်အဆင်းသည်။လောဟိတံဝိယ၊ သွေးနှင့်တူ၏။ဣတိ၊ကြောင့်။တံ၊သည်။လောဟိတံ၊လောဟိတ-မည်၏။ ။(နီသောအဆင်းရ၏)။ ။လောဟိတဉ္စ၊ နီသော အဆင်းသည်လည်း၊ ဟောတိ၊ ၏။ တံ၊ ဟူသည်။ ကသိဏဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။လောဟိတကသိဏံ၊လောဟိတကသိုဏ်းမည်၏၊

အဓိပ္ပါယ်ကား....ရှေးနည်းအတိုင်း အဝန်းအဝိုင်းပြုအပ်သော လယ်ခေါင်ရန်းပန်း,ရှိဿးဆွေပန်း, လိပ်သရွေနီပန်း, နီသောပုဆိုး,နီသောဆေး, စသည်တို့၏ နီသောအဆင်းသည်- လောဟိတ ကသိုဏ်းမည်၏။ ။ဟူလို၊

**စီးဖြန်းနည်း**....လောဟိတ ကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ လယ်ခေါင်ရန်းပန်း, ရှိဿးဆွေပန်း,လိပ်သရွေနီပန်းစသော နီသောပန်းတို့ဖြင့်၎င်း၊ နီသော အဆင်းရှိသော ပုဆိုးဖြင့်၎င်း၊ ပတ္တမြားနီစသော နီသောခဲဘတ်ဖြင့်၎င်း၊ နီသောဆေး-စသည်ဖြင့်၎င်း၊ ဆိုအပ်ပြီးသောနည်းဖြင့် ကသိုဏ်းဝန်းပြု၍၊ "လောဟိတံ-လောဟိတံ"ဟု ဆို၍စီးဖြန်းရာ၏။ ။(ကြွင်းချေးနည်းအတိုင်းမှတ်)။

---

## ဩဒါတကသိုဏ်း-အဘွင့်။

အဝဒါတိ- သဗ္ဗဝဏ္ဏေတိ ဩဒါတံ။ ။ဩဒါတံ စ တံကသိဏဉ္စာတိ ဩဒါတကသိဏံ၊ ။

သဗ္ဗဝဏ္ဏေ၊အလုံးစုံသော အဆင်းတို့ကို၊အဝဒါတိ၊ ပိုင်းဖြတ်တတ်၏။ ဣတိ၊ကြောင့်။ ဩဒါတံ၊ ဩဒါတ-မည်၏။ ။ဩဒါတဉ္စ၊ဖြူသောအဆင်းသည်လည်း၊ ဟောတိ၊ ၏။ တံ၊ ဟူသည်။ ကသိဏဉ္စ၊ သည်လည်း။ ဟောတိ၊၏။ဣတိ၊ကြောင့်။ဩဒါတကသိဏံ၊မည်၏။

အဓိပ္ပါယ်ကား....ရှေ့နည်းအတိုင်း၊ အဝန်းအဝိုင်းပြုအပ်သော ပုဆိုး ဖြူ, ထုံဖြူ,ဆေးဖြူ, ပုလဲစသည်တို့၏ ဖြူသောအဆင်းသည်- ဩဒါတ ကသိုဏ်းမည်၏။ ။ဟူလို။

စီးဖြန်းနည်း....ဩဒါတကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ် သည်၊ဖြူသောအဆင်းရှိသော ပုဆိုးဘ်ဖြင့်ရင်း၊ ထုံဖြူ,ဆေးဖြူစသည်တို့ ဖြင့်ရင်း၊နီလကသိုဏ်း၌ ဆိုအပ်ပြီးသောနည်းအတိုင်း ကသိုဏ်းဝန်းပြု၍၊ "ဩဒါတံ-ဩဒါတံ"ဟုဆို၍စီးဖြန်းအပ်၏။ ။(ကြွင်းပေါ်ပြီ)။

---

## အာကာသကသိုဏ်း အဘွင့်။

နကာသတီတိ အကာသော။ အကာသော ဧဝ အာကာသော။ ။

အာကာသော စ သော ကသိဏဥ္စေတိ အာကာသကသိဏံ။ ။

နကာသတိ၊ မရေးခြစ်အပ်။ ဣတိ၊ ကြောင့်။ အကာသော၊ အကာသ- မည်၏။ အကာသောဧ၀၊ အကာသ-သန္ဒါသည်ပင်လျှင်။ အာကာသော၊ အာကာသ- မည်၏။ ။အာကာသောစ၊ ကောင်းကင် သည်လည်း။ ဟောတိ၊၏။ သော၊ဟူသည်။ ကသိဏဥ္စ၊ သည်လည်း။ ဟောတိ၊၏။ဣတိ၊ ကြောင့်။အာကာသကသိဏံ၊အာကာသကသိုဏ်းမည်၏။

အဓိပ္ပါယ်ကား....ရှေ့နည်းအတိုင်း အဝန်းအဝိုင်းဖြင့် ပိုင်းခြားအပ် သော ကောင်းကင်သည်-အာကာသကသိုဏ်းမည်၏။ ။ဟူလို။

စီးဖြန်းနည်းကား....အာကာသကသိုဏ်းကိုစီးဖြန်းလိုသော ယောဂီ ပုဂ္ဂိုလ်သည်၊ ကောင်းစွာ မိုးအပ်သော မဏ္ဍပ်၌ရင်း၊ သားရေ,သင်ဖြူး, စသည်တို့တွင်၊ တပါးပါး၌ရင်း၊ တထွာလက်လေးသစ်အတိုင်း အရှည် ရှိသောအပေါက်ပြု၍၊ ထိုအပေါက်ကိုကြည့်ရှု၍၊ "အာကာသော-အာကာ သော"ဟုဆိုကာ ပွားများစီးဖြန်းရာ၏။ ။(ကြွင်းရှေးအတိုင်းမှတ်)။

---

## အာလောကကသိုဏ်း-အဘွင့်။

အဘိမုခံ လောကေတိ-ဒိဿတီတိ အာလောကော။

အာလောကော စ သော ကသိဏဥ္စေတိ အာလောက ကသိဏံ။ ။

အဘိမုခံ၊ရှေးရှု။လောကေတိ-ဒိဿတိ၊ထွန်းပတောက်၏။ဣတိ၊ ကြောင့်။ အာလောကော၊အာလောက-မည်၏။ ။အာလောကောစ၊ အလင်းရောင်

သည့်လည်း။ ဟောတိ၊၍။ သော၊ ဟူသည်။ ကသိဏံ၊ သည်လည်း။ ဟောတိ၊၏။ဣတိ၊ကြောင့်၊ အာလောက-ကသိဏံ၊ အာလောက-ကသိုဏ်းမည်၏။ ။အဓိပ္ပါယ်ကား....ရှေးနည်း အတိုင်း အဝန်းအဝိုင်းဖြင့် ပိုင်းခြားအပ်သော အရောင်အလင်းသည်- အာလောကကသိုဏ်းမည်၏။ ။ဟူလို။

စီးဖြန်းနည်း....အာလောကကသိုဏ်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊အိုး၌သိမ်ဳ ညှိ၍ကြီးသောအိုးဖြစ်ပါမူမျက်နှာဝကိုပိတ်၍၊အိုး၌ပင်အပေါက်ပြုလျက်၊နံရံ၌ထား၍၊ထိုအိုးပေါက်မှ ဆီးမီးရောင်နံရံ၌၊ ထင်၍ အဝန်းပြ၏။ ထိုအဝန်းအဝိုင်းကို ကြည့်ရှု၍၊ "အာလောကော-အာလောကော"ဟုဆိုကာစီးဖြန်းရာ၏။ ။ငယ်သောအိုးဖြစ်ပါမူအိုး၌မီးညှိထွန်း၍၊ အိုးပေါက်ဝမှထွက်၍နံရံစသည်၌ ထင်လာသော အသင်းရောင်ကို ကြည့်ရှု၍၊ "အာလောကော-အာလောကော"ဟုဆိုကာ စီးဖြန်းရာ၏၊

ပါရမီရှုထူး၊ဖြည့်ဆည်းပူးသောပုဂ္ဂိုလ်ဖြစ်ပါမူကား မပြုမပြင်၊ပကတိပင်ဖြစ်သောနံရံ၊ပေါက်, လေသာပြူတင်းပေါက်မှဝင်၍၊ နံရံ၌ဖြစ်စေ, မြေ၌ဖြစ်စေ ဘင်နေသောနေ့,လတို့၏ အရောင်ကိုအာရုံပြု၍၊ "အာလောကော-အာလောကော"ဟုဆိုကာစီးဖြန်းရာ၏။

ကတာဓိကာရဿ တာဝ ပုညဝတော ယံ ဘိတ္တိဆိဒ္ဒါဒီနံ အညတရေန သူရိယာ လောကော ဝါ စန္ဒာလောကော ဝါ ပဝိသိတွာ ဘိတ္တိယံ ဝါ ဘူမိယံ ဝါ မဏ္ဍလံ သမုဋ္ဌာပေတိ။ပ။တံ ဒိသွာ နိမိတ္တံ ဥပ္ပဇ္ဇတိ။ပ။ဃဋေ ဒီပံ ဇာလေတွာ ဃဋမုခံ ပိဒဟိတွာ ဃဋေ ဆိဒ္ဒံ ကတွာ ဘိတ္တိမုခံ ထပေတဗ္ဗံ။တေန ဆိဒ္ဒေန ဒီပါလောကော နိက္ခမိတွာ ဘိတ္တိယံ မဏ္ဍလံ ကရောတိ၊တံ "အာလောကော-အာလောကော"တိ ဘာဝေတဗ္ဗံ။ ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၁၄၉)။

ဃဋမုခေန နိဂ္ဂစ္ဆနပ္ပဘာသဿ မဟန္တ ဘာဝတော ဃဋမုခံ ပိဒဟိတွာတိ ဝုတ္တံ။ ။

မဟာဋီကာ။ ။(၁၉၈)။

ကတာဓိကာရဿ၊သော၊။ပုညဝတော၊အား။ဘိတ္တိဆိဒ္ဒါဒီနံ၊ နံရံပေါက်အစရှိသည်တို့တွင်၊ အညတရေန၊ တခုခုသော်ပေါက်ဖြင့်။ သူရိယာလောကော ဝါ၊ နေ၏အရောင်သည်ဖြင်း။ စန္ဒာလောကော ဝါ၊ လ၏အရောင်သည့်ဖြင်း၊ ပဝိ

သိတွာ၊ဝင်၍။ ဘိက္ခုံယံဝါ၊ နံရံနှင့်ရင်း။ ဘူမိယံဝါ၊ မြေကြီးနှင့်ရင်း။ယံမဏ္ဍလံ၊ အကြင်အရောင်အဝန်းကို။သမုဋ္ဌာပေတိ၊ဖြစ်စေ၏။ပ။တံ၊ ထိုအရောင်ဝန်း ကို။ ဒိသွာ၊ ကြည့်ရှု၍။ နိမိတ္တံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ပ။ ဃဋဒေ၊ရေအိုး၌။ ဒိပံ၊ ဆီမီးကို။ ဇာလေတွာ၊ ညှိထွန်း၍။ ဃဋမုခံ၊ အိုးဝကို။ ပိဒဟိတွာ၊ပိတ်၍။ ဃဋဒေ၊၌။ဆိဒ္ဒံ၊အပေါက်ကို။ကတွာ၊ပြု၍၊ဘိက္ခိမုခံ၊ နံရံသို့ရှေးရှု။ထပေတဗ္ဗံ၊ ထားအပ်၏။ တေနဆိဒ္ဒေန၊ ထိုအိုးပေါက်ဖြင့်။ ဒိပါလောကော၊ဆီမီးရောင် သည်။နိက္ခမိတွာ၊ထွက်၍။ဘိက္ခိယံ၊၌။ယံမဏ္ဍလံ၊ အကြင်အရောင်ဝန်းကို။ ကရောတိ၊၏။ တံ၊ထိုအရောင်ဝန်းကို။ အာလောကော-အာလောကောတိ၊ ဟူ၍။ဘာဝေတဗ္ဗံ၊ပွားများအပ်၏။

ကသိုဏ်း ၁၀-ပါးအဘွင့်ပြီးပြီ။

---

အသုဘ-၁၀-ပါးအဖွင့်။

၇။ ။ဥဒ္ဓုမာတကံ၊ ဝိနီလကံ၊ ဝိပုဗ္ဗကံ၊ ဝိစ္ဆိဒ္ဒကံ၊ ဝိက္ခာယိတကံ၊ ဝိက္ခိတ္တကံ၊ ဟတ ဝိက္ခိတ္တကံ၊ လောဟိတကံ၊ ပုဠဝကံ၊ အဋ္ဌိ ကဉ္စေတိ ဣမေ ဒသ အသုဘာနာမ။ ။

သင်္ဂြိုဟ်ပါဠိ။

၁-ဥဒ္ဓုမာတကအသုဘ၊ ၂-ဝိနီလကအသုဘ၊ ၃-ဝိပုဗ္ဗက အသုဘ၊ ၄-ဝိစ္ဆိဒ္ဒကအသုဘ၊ ၅-ဝိက္ခာယိတက အသုဘ၊ ၆-ဝိက္ခိတ္တက အသုဘ၊ ၇-ဟတဝိက္ခိတ္တက အသုဘ၊ ၈ လောဟိတက အသုဘ၊ ၉-ပုဠဝက အသုဘ၊ ၁၀-အဋ္ဌိက အသုဘ-ဟူ၍ အသုဘတို့သည် ၁၀-ပါးအပြားရှိ ကုန်၏။ ။ဟူလို။

ဤကား-မိဏ္ဍတ္ထ။

---

ဥဒ္ဓုမာတကအသုဘ-အဖွင့်။

ဝဝတိ-ဂစ္ဆတိတိ ဝုမော။ ။ဝုမောဝေ ဝုမာတံ။
ဥဒ္ဓံ ဝုမာတံ ဥဒ္ဓုမာတံ။ ။ဥဒ္ဓုမာတံ ဝေကုစ္ဆိတံ
ဥဒ္ဓုမာတကံ။ ။

ဝဝတိ-ဂစ္ဆတိ၊ရောက်တတ်၏။ဇာတိ၊ကြောင့်။ဝုမော၊ဝုမ-မည်၏။ ။ ဝုမော ဧဝ၊ ဝုမ-သဒ္ဒါသည်ပင်လျှင်။ ဝုမာတံ၊ဝုမာတ-မည်၏။ ။ဥဒ္ဓံ၊

သေသည်မှအထက်၌။ ဥမာတံ၊ ဖူးဖူးရောင်သောအကောင်တည်း။ ဥဒ္ဓုမာတံ၊သေသည်မှအထက်၌ဖူးဖူးရောင်သောအကောင်။ ။ဥဒ္ဓုမာတံဧဝ၊ သေသည်မှအထက်၌ ဖူးဖူးရောင်သောအကောင်သည်ပင်လျှင်၊ ကုစ္ဆိတံ၊ စက်ဆုပ်ဘွယ်တည်း။ဥဒ္ဓုမာတကံ၊သေသည်မှအထက်၌ ဖူးဖူးရောင်သော အကောင်သည်ပင်လျှင် စက်ဆုပ်ဘွယ်ဖြစ်သောအသုဘ။

မှတ်ချက်။ ။ဥဒ္ဓုမာတကံ-၌၊ ဥ-ရှေးရှိသောရ-ခတ်၊ မ-ပစ္စည်း။ဥ-သဒ္ဒါကား ဥဒ္ဓ-အနက်ဟော။ ရ- ခတ်ကား ဂတျတ္ထဝါစီ။ တ-ပစ္စည်းကား၊သွတ္တ။က-ပစ္စည်းကား ကုစ္ဆိတ-အနက်ဟော-မှတ်။ မဟာဋီကာဆရာကား- က- ပစ္စည်းကို သွတ္တလည်းသင့်သော-ဟူ၏။

အဓိပ္ပါယ်ကား.... သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်သည်ဖြစ်၍၊ စက်ဆုပ်ဘွယ်ဖြစ်သော အကောင်ပုပ်သည်- ဥဒ္ဓုမာတက အသုဘမည်၏။ ။ဟူလို။

---

## ဝိနီလကအသုဘ-အဘွင့်။

ဝိသေသတော နီလံ ဝိနီလံ။ ။ဝိနီလမေဝကုစ္ဆိတံ ဝိနီလကံ။ ။

ဝိသေသတော၊ အပြူ,အနီရောနှော၊ ထူးသောအားဖြင့်။ နီလံ၊ညိုသည်တည်း။ ဝိနီလံ၊ အပြူအနီရောနှော၊ ထူးသောအားဖြင့်ညိုသည်။ ။ဝိနီလမေဝ၊အပြူအနီရောနှော၊ထူးသောအားဖြင့်ညိုသော အဆင်းသည်ပင်လျှင်။ ကုစ္ဆိတံ၊ စက်ဆုပ်ဘွယ်တည်း။ ဝိနီလကံ၊ အပြူအနီရောနှော၊ ထူးသောအားဖြင့်ညိုသော အဆင်းသည်ပင်စက်ဆုပ်ဘွယ်။

မှတ်ချက်။ ။ဝိနီလကံ-၌၊ဝိပုဒ်-နီလပုဒ်၊ဝိ-သဒ္ဒါကား၊ဝိသေသအနက်ဟော၏။က-ပစ္စည်းကား ရှေးနည်းအတိုင်း ကုစ္ဆိတ-အနက်ဟော၏-ဟူသိ။

အဓိပ္ပါယ်ကား....အပြူအနီနှင့်ရောသော များသောအားဖြင့် ညိုညိုမဲမဲ အဆင်းရှိသော စက်ဆုပ် ဘွယ်သော အကောင် ပုပ်သည်- ဝိနီလက အသုဘမည်၏။ ။ဟူလို။

---

### ဝိပုဗ္ဗကအသုဘ-အခွင့်။

ဝိသဝန္တံ ပုဗ္ဗန္တိ ဝိပုဗ္ဗံ။ ။ကုစ္ဆိတံ ဝိပုဗ္ဗံ ဝိပုဗ္ဗကံ။ ။

ဝိသဝန္တံ၊ထိုထိုအရပ်မှ ယိုစီးသော။ ပုဗ္ဗံ၊ ပြည်ရှိသော အကောင်ပုပ်တည်း။ဣတိ၊ကြောင့်။ဝိပုဗ္ဗံ၊ဝိပုဗ္ဗ-မည်၏။ ။ကုစ္ဆိတံ၊စပ်ဆုပ်အပ်သော။ ဝိပုဗ္ဗံ၊ ထိုထိုအရပ်မှ ယိုစီးသောပြည်ရှိသောအကောင်ပုပ်တည်း။ဝိပုဗ္ဗကံ၊ စက်ဆုပ်ဘွယ်သော ထိုထိုအရပ်မှ ယိုစီးသော ပြည်ရှိသော အကောင်ပုပ်။ ။

အဓိပ္ပါယ်ကား....ကျိုး, ပွန် စသည်တို့သည်၊ ထိုးဆွဘိတ်နှုတ်သဖြင့် ရတ်ပြတ်သော ထိုထိုအရပ်တို့မှ ယိုစီးသောပြည်ရှိသော စက်ဆုပ်ဘွယ်သော သူကောင်ပုပ်သည်-ဝိပုဗ္ဗကအသုဘမည်၏။ ။ဟူလို။

---

### ဝိစ္ဆိဒ္ဒကအသုဘ-အခွင့်။

ဆိဒ္ဒိတဗ္ဗန္တိ ဆိဒ္ဒံ။ ။ဒွိဓာ ဆိဒ္ဒံ ဝိစ္ဆိဒ္ဒံ။
ကုစ္ဆိတံ ဝိစ္ဆိဒ္ဒန္တိ ဝိစ္ဆိဒ္ဒကံ။ ။

ဆိဒ္ဒိတဗ္ဗံ၊ ဓားလက်နက်စသည်ဖြင့် ပိုင်းဖြတ်အပ်၏။ ဣတိ၊ ကြောင့်။ ဆိဒ္ဒံ၊ဆိဒ္ဒ-မည်၏။ ။ဒွိဓာ၊နှစ်ဘို့နှစ်ပိုင်းတို့ဖြင့်။ဆိဒ္ဒံ၊ဓားလက်နက်စသည်ဖြင့် ပိုင်းဖြတ်အပ်သော အကောင်တည်း။ဝိစ္ဆိဒ္ဒံ၊ဓားလက်နက်စသည်ဖြင့် နှစ်ပိုင်းနှစ်ပိုင်းဖြတ်အပ်သောအကောင်။ ။ကုစ္ဆိတံ၊စက်ဆုပ်ဘွယ်သော။ ဝိစ္ဆိဒ္ဒံ၊ ဓားလက်နက်စသည်ဖြင့် နှစ်ပိုင်းနှစ်ပိုင်းဖြတ်အပ်သော အကောင်ပုပ်တည်း။ဣတိ၊ကြောင့်။ဝိစ္ဆိဒ္ဒကံ၊ဝိစ္ဆိဒ္ဒကမည်၏။

အဓိပ္ပါယ်ကား.... ဓားလက်နက်စသည်ဖြင့် အလယ်၌ နှစ်ပိုင်းဖြတ်အပ်သော စက်ဆုပ်ဘွယ်သော အကောင်ပုပ်သည်- ဝိစ္ဆိဒ္ဒက အသုဘမည်၏။ ။ဟူလို။

---

### ဝိက္ခာယိတကအသုဘ-အခွင့်။

သောဏသိင်္ဂါလာဒီဟိ ခါဒိတဗ္ဗန္တိ ခါယိတံ။ ။ဝိဝိဓေန ခါယိတန္တိ ဝိက္ခာယိတံ။ ။ကုစ္ဆိတံ ဝိက္ခာယိတန္တိ ဝိက္ခာယိတကံ။

သောဏသိင်္ဂါလာဒီဟိ၊ခွေး,မြေခွေး-စသည်တို့သည်။ခါဒိတဗ္ဗံ၊ခဲအပ်, စားအပ်၏။ဣတိ၊ကြောင့်။ ခါယိတံ၊ခါယိတမည်၏။ ။ဝိဝိဓေန၊ဤမှရင်း-

ထိုမှဝင်း၊အထူးထူးသောအခြင်းအရာအဘို့အစုအားဖြင့်။ ခါယိတံ၊ခဲအပ်, စားအပ်သည့်တည်း။ဣတိ၊ကြောင့်။ဝိက္ခာယိတံ၊ ဝိက္ခာယိတ-မည့်၏။ ။ကုစ္ဆိတံ၊စက်ဆုပ်ဘွယ်သော။ဝိက္ခာယိတံ၊ခွေး, မြေခွေး-စသည်တို့သည်၊ ဤမှ-ထိုမှ အထူးထူးသော အခြင်းအရာအားဖြင့် ခဲအပ်, စားအပ်သော အကောင်ပုပ်တည်း။ ဣတိ၊ ကြောင့်၊ ဝိက္ခာယိတကံ၊ ဝိက္ခာယိတက မည့်၏။

အဓိပ္ပါယ်ကား....ခွေး, မြေခွေးစသည်တို့သည်၊ ဤမှ-ထိုမှအထူးထူးသော အခြင်းအရာအားဖြင့်၊ ခဲအပ်,စားအပ်သော စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်သည်-ဝိက္ခာယိတကအသုဘမည့်၏။ ။ဟူလို။

---

## ဝိက္ခိတ္တကအသုဘ-အဘွင့်။

ဝိဝိဓံ ခိတ္တန္တိ ဝိက္ခိတ္တံ၊ ။ကုစ္ဆိတံ ဝိက္ခိတ္တန္တိ ဝိက္ခိတ္တကံ။ ။

ဝိဝိဓံ၊ထူးသောအရပ်သို့။ဝါ၊အရပ်အားဖြင့်။ ခိတ္တံ၊အပိုင်းအပိုင်းဖြတ်၍ ပစ်အပ်သောအကောင်ပုပ်တည်း။ ဣတိ၊ ကြောင့်။ ဝိက္ခိတ္တံ၊ ဝိက္ခိတ္တ-မည့်၏။ ။ကုစ္ဆိတံ၊စက်ဆုပ်ဘွယ်သော၊ ဝိက္ခိတ္တံ၊ အထူးထူးသောအရပ်သို့ အပိုင်းအပိုင်းဖြတ်၍ ပစ်အပ်သော အကောင်ပုပ်တည်း။ ဣတိ၊ ကြောင့်။ ဝိက္ခိတ္တကံ၊ဝိက္ခိတ္တက-မည့်၏။

အဓိပ္ပါယ်ကား....ခွေး, မြေခွေး,ကျီး,လင်းတ, စသည့်တို့သည်၊လက်, ခြေ-စသည်တို့ကိုအလို့ငှါရာသို့ ကိုက်ချီစားသောက်၍၊ ထိုထိုအရပ်၌ ဖြန့်ကြဲ ပစ်လွှင့်ထားအပ်သော စက်ဆုပ်ဘွယ်သော အကောင် ပုပ်သည်-ဝိက္ခိတ္တကအသုဘမည့်၏။ ။ဟူလို။

---

## ဟတဝိက္ခိတ္တကအသုဘ-အဘွင့်။

ဝိဝိဓံ ခိတ္တန္တိ ဝိက္ခိတ္တံ။ဟတဉ္စ တံ ဝိက္ခိတ္တဉ္စာတိ ဟတဝိက္ခိတ္တံ။ ။
ကုစ္ဆိတံ ဟတဝိက္ခိတ္တန္တိ ဟတဝိက္ခိတ္တကံ၊ ။

ဝိဝိဓံ၊အထူးထူးသောထိုထိုအရပ်သို့။ခိတ္တံ၊စွန့်ပစ်အပ်သော အကောင်ပုပ်တည်း။ဣတိ၊ကြောင့်။ဝိက္ခိတ္တံ၊ဝိက္ခိတ္တ-မည့်၏၊ ။ဟတဉ္စ၊အမျှင်အမျှင်ဖြတ် အပ်,ပြွမ်းအပ်သည့်လည်း။ဟောတိ၊၏၊တံ၊ဟူသည့်။ဝိက္ခိတ္တဉ္စ၊အထူး

ထူးသော ထိုထိုအရပ်သို့ ဇွန်းပစ်အပ်သော အကောင်ပုပ် သည့်လည်း။ ဟောတိ၊၏။ ဣတိ၊ ကြောင့်။ ဟတဝိက္ခိတ္တံ၊ ဟတဝိက္ခိတ္တ-မည်၏၊ ။ ကုန္တိ တံ၊စက်ဆုပ်ဘွယ်သော။ဟတဝိက္ခိတ္တံ၊တည်း။ ဣတိ၊ကြောင့်။ဟတဝိက္ခိတ္တကံ၊မည်၏။

အဓိပ္ပါယ်ကား.... ရန်သူဖြစ်သောသူသည်၊ဓားသန်လျက်ဖြင့် အင်္ဂါကြီးငယ်တို့ကို ဖြတ်လျက်၊ အသားတို့ကိုလည်း အမျှင်အမျှင်-အမြောင်းအမြောင်းမွှမ်းလျက်၊ ကိုယ်တခြား,ခေါင်းတခြား,ခြေတခြား,လက်တခြား စသည်၊ ထိုထိုအရပ်အထူးထူး၌ပစ်ထားအပ်သော စက်ဆုပ်ဘွယ်သော အကောင်သည်-ဟတဝိက္ခိတ္တကအသုဘမည်၏။ ။ဟူလို။

---

## လောဟိတကအသုဘ-အခွင့်။

ပဂ္ဃရဏကံ လောဟိတံ ဧတဿာတိ လောဟိတံ။
ကုန္တိတံ လောဟိတန္တိ လောဟိတကံ။ ။

ဧတဿ၊ထိုအကောင်ပုပ်အား။ ပဂ္ဃရဏကံ၊ယိုစီးသော။လောဟိတံ၊ သွေးသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။လောဟိတံ၊လောဟိတ-မည်၏။ ။ ကုန္တိတံ၊သော။ လောဟိတံ၊ထိုမှ-ဤမှယိုသောသွေးရှိသောအကောင်ပုပ်တည်း။ဣတိ၊ကြောင့်။လောဟိတကံ၊လောဟိတက-မည်၏။

မှတ်ချက်။ ။ဤအလို ပဂ္ဃရဏက လောဟိတ-ဆိုလိုလျက်၊ ပဂ္ဃရဏက-ရှေးပုဒ်ကျေသော ပုဗ္ဗပဒလောပဗဟုဗ္ဗိဟိသမာသ်ကြံ၊

အဓိပ္ပါယ်ကား....ထိုမှ-ဤမှ၊ ယိုသော သွေးရှိသည်ဖြစ်၍၊ စက်ဆုပ်ဘွယ်သော အကောင်ပုပ်သည်- လောဟိတက အသုဘမည်၏။ ။ဟူလို။

---

## ပုဠုဝကအသုဘ-အခွင့်။

ပဂ္ဃရဏကံ ပုဠုဝံ ဧတဿာတိ ပုဠုဝံ။ ။
ကုန္တိတံ ပုဠုဝန္တိ ပုဠုဝကံ။ ။

ဧတဿ၊ ထိုအကောင်ပုပ်အား။ ပဂ္ဃရဏကံ၊ တဖွားဖွားယိုစီးသော။ ပုဠုဝံ၊ပိုးလောက်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ပုဠုဝံ၊ပုဠုဝ-မည်၏။ ။

ကုဋ္ဌိတံ၊ သော။ ပုဠဝံ၊ တပွားပွားယိုစီးသော ပိုးလောက်ရှိသော အကောင်ပုပ်တည်း။ ဣတိ၊ ကြောင့်။ ပုဠဝကံ၊ ပုဠဝက-မည်၏။

အဓိပ္ပါယ်ကား....ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍၊ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်သည် ပုဠဝကအသုဘမည်၏။ ။ဟူလို။

---

## ကုဋ္ဌိတံ အဋ္ဌိ အဋ္ဌိကံ။

ကုဋ္ဌိတံ၊ စက်ဆုပ်ဘွယ်သော၊ အဋ္ဌိ၊ အရိုးသည်။ အဋ္ဌိကံ၊ အဋ္ဌိက မည်၏။ ။

အဓိပ္ပါယ်ကား....အရိုးစုမျှသာဖြစ်၍၊ စက်ဆုပ်ဘွယ်ရှိသောအကောင်ပုပ်သည်-အဋ္ဌိကအသုဘမည်၏။ ။ဟူလို။

အသုဘ ၁၀-ပါးအဘွင့်ပြီးပြီ။

---

## အသုဘကမ္မဋ္ဌာန်းစီးဖြန်းနည်း။

ဆယ်ပါးသော အသုဘကမ္မဋ္ဌာန်းတို့တွင်၊ ဥဒ္ဓုမာတက အသုဘ-ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ် အမျိုးကောင်းသားသည်၊ ရှေးဦးစွာကမ္မဋ္ဌာန်းပွားနည်း၊ နိဿယည်းကို ကောင်းစွာသင်ယူ မှတ်သားရာ၏။

မှတ်သားပြန်ကား.... ဤမည်သောအရပ်၌ ဥဒ္ဓုမာတကအကောင်သည်ရှိ၏-ဟုကြားရသည့်ရှိသော် ကြားရသည်နှင့်ဘပြိုင်နက် လျင်မြန်စွာ မသွားလာအပ်။ အသုဘအဖြစ်သို့ ကောင်းစွာရောက်မှသာသွားရာ၏၊ သွားသောအခါ၌ကား အဘိသိက်သွန်းရာဌာနသို့ သွားသောမင်းကဲ့သို့၎င်း၊ ဥစ္စာလှူနိမ့် လူဆင်းရဲသည်၊ ဥစ္စာရွှေအိုး မြှုပ်ရာအရပ်သို့ သွားသကဲ့သို့၎င်း၊ ငါသည်၊ လောကုတ္တရာဇေယျုံ၊ နိဗ္ဗာန်ရွှေဘုံသို့ ရောက်ရာရောက်ကြောင်း တရားကောင်းကို၎င်း၊ ရွှေအိုး၊ ငွေအိုး၊ ဆဘက်တိုးမျှ၊ အဘိုးအနန္တ ထိုက်သော လောကုတ္တရာရွှေအိုးကြီးကို ရပေတော့အံ့ ဟူ၍၎င်း၊ အလွန် တရော၀မ်းပန်းတသာ၊ သောမနဿဖြာလျက်၊ သွားလာရာ၏။

လေဖြင့်ပြည့်သောသားရေအိတ်ကဲ့သို့ ဖူးဖူးထ၍ ရောင်သော ဥဒ္ဓုမာတကအသုဘကို တွေ့မြင်သောအခါ၊

"နာတိဒူရေ နာစ္စာသန္နေနာနုပဒံ နာနုသိသံ ဥဒ္ဓာဘဗ္ဗံ"

ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိအရ၊ လေညာ,လေအောက်မှ လွတ်ကင်းစေသောအရပ်,မနီးလွန်း-မဝေးလွန်းသော အရပ်,ခြေရင်း ခေါင်းရင်းမကျသော အသုဘကောင်၏ အလယ်ဝေမဏ္ဍလဖြစ်သော အရပ်၌သာ ကောင်းစွာ ထက်ဝယ်ဘွဲ့ခွေ၊ တည်နေပြီး၍။ ။"ဝဏ္ဏိတံ ဥဒ္ဓုမာတကံ"။ ။ ဝဏ္ဏိတံ၊မည်းသောအဆိုင်းအမာကွဲသို့တက်သော။ဥဒ္ဓုမာဘကံ၊သေသည်မှအထက်၊ဖူးရောင်ကြွတက်၊စက်ဆုပ်ဘွယ်သော အကောင်ပါတကား။ ။ ဟုသူသေကောင်၏ သဘောလက္ခဏာအတိုင်း ပိုင်းခြားမှတ်သား ပွားများအပ်၏။ထို့နောက်၊

ဝဏ္ဏတော ပိ,လိင်္ဂတော ပိ,သဏ္ဍာနတော ပိ,ဒိသတော ပိ,ဩကာသတော ပိ,ပရိစ္ဆေဒတော ပီတိ ဆဗ္ဗိဓေန နိမိတ္တံ ဂဟေတဗ္ဗံ။

အဋ္ဌကထာပါဠိအရ၊ အဆင်းအားဖြင့်ရင်း, အရွယ်အားဖြင့် ရင်း, သဏ္ဍာန်အားဖြင့်ရင်း, အရပ်အားဖြင့်ရင်း, တည်ရာအားဖြင့်ရင်း၊ အပိုင်းအခြားအားဖြင့်ရင်း၊ ဤခြောက်ပါး ခြောက်နည်းဖြင့် အသုဘ နိမိတ်ကို ရှုအပ်၏။

၁-ထိုခြောက်ပါးတို့တွင်၊ ဤအကောင်ပုပ်ကား၊ မည်းသောအဆင်းရှိသောသူ၏ ဖူးဖူးရောင်သော အကောင်ပုပ်ပါတကား။ ဖြူသော အဆင်းရှိသောသူ၏ ဖူးဖူးရောင်သော အကောင်ပုပ်ပါတကား။ပြောက်ကျားသော အရေရှိသော သူ၏ ဖူးဖူးရောင်သော အကောင်ပုပ် ပါတကား-ဟူ၍၊ အကောင်ပုပ်၏ အဆင်းအားဖြင့် မှတ်သား၍ရှုအပ်၏။

၂-ဤအကောင်ပုပ်ကား၊ ပဌမအရွယ်၌ တည်သောသူ၏၊ ဖူးဖူးရောင်သော အကောင်ပုပ်ပါတကား။ မဇ္ဈိမအရွယ်၌ တည်သောသူ၏၊ ဖူးဖူးရောင်သော အကောင်ပုပ်ပါတကား။ ပစ္ဆိမအရွယ်၌ တည်သောသူ၏၊ ဖူးဖူးရောင်သော အကောင်ပုပ်ပါတကား-ဟူ၍၊ အကောင်ပုပ်၏ အရွယ်အားဖြင့်လည်း မှတ်သား၍ရှုအပ်၏။

၃-ဤအကောင်ပုပ်ကား၊ ဖူးဖူးရောင်သော အကောင်ပုပ်၏၊ ဦးခေါင်းသဏ္ဍာန်,လည်ပင်းသဏ္ဍာန်, လက်သဏ္ဍာန်,ရင်သဏ္ဍာန်, ဝမ်းသဏ္ဍာန်, ချက်သဏ္ဍာန်,ခါးသဏ္ဍာန်,ခြေသဏ္ဍာန်-ပါတကား-ဟူ၍၊အကောင်ပုပ်၏ သဏ္ဍာန်အားဖြင့် မှတ်သား၍ ရှုအပ်၏။

၄-ဤအရပ်ကား၊ ချက်မှအောက်ဖြစ်သောကြောင့် ဟေဋ္ဌိမဒိသာအရပ်ပါတကား၊ ဤအရပ်ကား၊ ချက်မှအထက်ဖြစ်သောကြောင့် ဥပရိမဒိသာအရပ်ပါတကား-ဟူ၍၊ ဖူးဖူးရောင်သော အကောင်ပုပ်၏ အောက်အရပ်, အထက်အရပ် ၂-ပါးကို မှတ်သား၍ ရှုအပ်၏၊

၅-ဖူးဖူးရောင်သော ဤအကောင်ပုပ်၏ ဦးခေါင်းသည်၊ ဤအရပ်၌ တည်၏။ လက်တို့သည်၊ ဤအရပ်၌ တည်ကုန်၏။ အလယ်ကိုယ်သည်၊ ဤအရပ်၌တည်၏။ ခြေတို့သည်၊ ဤအရပ်၌ တည်ကုန်၏-ဟူ၍၊ ဖူးဖူးရောင်သော အကောင်ပုပ်၏ တည်ရာအားဖြင့် မှတ်သား၍ ရှုအပ်၏။

၆-ဖူးဖူးရောင်သော အကောင်ပုပ်၏ အောက်ကား ခြေဖျား၊ အထက်ကားဆံဖျား၊ ဘီသာကား အရေတို့ဖြင့် ပိုင်းခြားအပ်သော အရပ်၌ ဆံစသော ၃၂-ပါးကုန်သော အပုပ်တို့ဖြင့်သာ ပြည့်၏-ဟု၊ ဖူးဖူးရောင်သော အကောင်ပုပ်၏ အပိုင်းအခြားအားဖြင့်လည်း မှတ်သား၍ ရှုအပ်၏။ ။ ဤသို့ ခြောက်ပါးသော အပြားအားဖြင့် ဥဒ္ဓုမာတကအသုဘကို ဥဂ္ဂဟနိမိတ်ထင်အောင် ရှုကြည့်ပွားများအပ်လေသတည်း။

(နိမိတ်ထင်ပုံကား နောက်၌ထင်ရှားလတ္တံ့)။

## ကြွင်းသောအသုဘကမ္မဋ္ဌာန်းပွားများနည်း။

ကြွင်းသော အသုဘကမ္မဋ္ဌာန်းတို့ကိုလည်း ဤနည်းကိုမှီ၍၊ "ဝိပုဗ္ဗကံ ပဋိကူလံ"ဟု- အဘန်ဘန် စီးဖြန်း အပ်၏။ပ။ လောဟိတက အသုဘကမ္မဋ္ဌာန်းကိုလည်း "လောဟိတကံ ပဋိကူလံ" ဟု-အဘန်ဘန် စီးဖြန်း အပ်၏။

အဋ္ဌိကအသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ သုသာန်၌စွန့်အပ်သော၊ ၁-အရိုးဆက်မပြုတ်သေးသော အရိုး၊ ၂-အသားအသွေးနှင့်တကွ ဖြစ်နေသေးသော အရိုး၊ ၃-အကြောသည်ဘဲ့ချည်အပ်၍ အဆက်မပြတ်သေးသော အရိုးစုအသုဘကို ရှေးဥဒ္ဓုမာတကအသုဘ၌ ဆိုအပ်ပြီးသောနည်းအတိုင်း သွားလာနေထိုင်ကာ၊ "ဣဒံ သရီရံ အဋ္ဌိကံ" ဣဒံသရီရံ၊ ဤအကောင်သည်။ အဋ္ဌိကံ၊ စက်ဆုပ်ဘွယ်သော အရိုးစုပါတကား-ဟုဆို၍၊ဟုတ်မှန်သော သဘောအတိုင်း ကြည့်ရှုပွားများရာ၏။ ထိုနောက် အဆက်မပြုတ်သေးသော အရိုးစုဖြစ်ပါမူ၊ထက်,ခြေ,ဦးခေါင်း,

ရင်,မောင်း,ခါး,ပေါင်,မြင်းခေါင်းတို့ကို ကြည့်ရှု၍၊ဤကား လက်ရိုးတည်း၊ ဤကား ခြေရိုးတည်းစသည်ဖြင့် လိင်အားဖြင့် ပွားများရာ၏။ ။ဤအရိုးကား ရှည်၏။ ဤအရိုးကား တို၏။ ဤအရိုးကား လုံး၏ စသောသဏ္ဌာန် အစွမ်းဖြင့်လည်း ပွားများအပ်၏။

အဆက်ပြုတ်သော အရိုးရဖြစ်ပါမူကား၊ ဤအရိုးကား ရှိုင်းနိမ့်ရာ အရပ်၌တည်ရှိ၏။ဤအရိုးကား မြင့်ရာအရပ်၌တည်ရှိ၏-စသော အရပ်၏ အစွမ်းဖြင့်လည်း ပိုင်းခြား၍ ပွားများအပ်၏။ ။ငါသည်ကား၊ နိမ့်ဝှမ်း သောအရပ်၌ တည်၏။ အရိုးကား မြင့်သော ကုန်းကြည်း၌တည်ရှိ၏။ ငါ သည်၊မြင့်သောကုန်းကြည်း၌ တည်ရှိ၏။အရိုးကား နိမ့်ဝှမ်းသော အရပ်၌ တည်ရှိ၏။ဤသို့လည်း အရပ်ကို ပိုင်းခြားမှတ်သားကာ ပွားများရာ၏။

နှစ်ခုသော အရိုးတို့၏စပ်ရှက်ငြိတွယ်ရာဌာန၏ အစွမ်းဖြင့်လည်းပိုင်း ခြားမှတ်သားပွားများအပ်၏။ အရိုးတို့၏ အချင်းချင်း၏ စပ်ကြားအကြား အပေါက်အားဖြင့်လည်း ပိုင်းခြား မှတ်သားပွားများအပ်၏။ ဤသို့စသော အားဖြင့်အမျိုးမျိုးအဖုံဖုံ၊အရိုးတည်းဟူသောအာရုံကိုသေချာစေ့ငုကြည့် ရှုကာ ပွားများရာ၏။ဤသို့ အဘန်ဘန် အထပ်ထပ် ပွားများအပ်ပါမူ မကြာမီဥဂ္ဂဟနိမိတ်ထင်လာတတ်လေသတည်း။ ။ဤအဋ္ဌိကကမ္မဋ္ဌာန်းကို အပြည့်အစုံဖြစ်သောအဆက်မပြုတ်သေးသောအရိုးရ၌ဖြစ်စေ၊တချောင်း သောအရိုး၌ဖြစ်စေ ကြည့်ရှုပွားများနိုင်လေ၏။ ။(အကျယ်အလိုရှိပါမူ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှုလင့်ကုန်)။

ဋ္ဌဒ္ဓ ပန ကမ္မဋ္ဌာနံသကလာယ ပိ အဋ္ဌိကသင်္ခလိကာယ၊ဧကဋ္ဌိမ္ဟိ အဋ္ဌိကေသမ္ဘဝတိ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၁၉၄)။

ပန၊ ဆက်။ ဋ္ဌဒ္ဓ ကမ္မဋ္ဌာနံ၊ ဤအဋ္ဌိကအသုဘကမ္မဋ္ဌာန်းသည်လည်း။ သကလာယ၊အကြွင်းမဲ့သောအဘို့ရှိသော။ဝါ၊ပြည့်စုံသော အစိပ်ရှိသော။ အဋ္ဌိကသင်္ခလိကာယပိ၊အဆက်မပြုတ်သေးသောအရိုးရ၌၎င်း။ ဧကဋ္ဌိ ပိ အဋ္ဌိကေ၊ တချောင်းသောအရိုး၌၎င်း။သမ္ဘဝတိ၊ နိမိတ်ထင်သောအားဖြင့် ပြည့်စုံ၏။

## အရိုးသုံးရာသင်္ချာ အရေအတွက်ပြခြင်း။

လက်ရိုး ၆၄-ချောင်း၊ ခြေရိုး ၆၄-ချောင်း၊ အသားကိုမှီကုန်သော အရိုးနု ၆၄-ချောင်း၊ ဖနောင့်ရိုး ၂-ချောင်း၊ ဖမျက်ရိုး ၄-ချောင်း၊ မြင်းခေါင်းရိုး ၄-ချောင်း၊ပုဆစ်ဒူးရိုး ၂-ချောင်း၊ပေါင်ရိုး ၂-ချောင်း၊ခါးရိုး ၂-ချောင်း၊ ကျောက်ကုန်းရိုး ၁၈ ချောင်း၊ နံရိုး ၂၄-ချောင်း၊ ရင်ရိုး ၁၄-ချောင်း၊နှလုံးသားရိုး ၁-ချောင်း၊ညှပ်ရိုး ၂-ချောင်း၊ပခုံးရိုး ၂-ချောင်း၊ လက်ရုံးရိုး ၂ ချောင်း၊ လက်ရုံးအဖျားရိုး ၄-ချောင်း၊လည်ရိုး ၇-ချောင်း၊ မေးရိုး ၂-ချောင်း၊ နှာခေါင်းရိုး ၁ ချောင်း၊မျက်ကွင်းရိုး ၂-ချောင်း၊နားရိုး ၂-ချောင်း၊နဖူးရိုး ၁ ချောင်း၊ထိပ်ရိုး ၁-ချောင်း၊ဦးခေါင်းခွံရိုး ၉-ချောင်း။ ဤသို့လျှင် သုံးရာသောအရိုးတို့ကို သိအပ်ကုန်၏၊

## အရိုးသုံးရာဆောင်ပုဒ်ကဗျာ။

ကျေးဇူးတော်ရင် ရွှေကျင်ဂိုဏ်းကြီး၏ ပထမဦးစီး၊ရွှေကျင်ဆရာတော်ဘုရားကြီး၏ အရိုးသုံးရာ လင်္ကာကဗျာကို ကျက်မှတ် ဆောင်ရွက်ရန် ထည့်သွင်း ဘော်ပြလိုက်ပါသည်။

"အရိုးသုံးရာ၊ ဟူသည်မှာကား၊ နှာ-နှလုံး-ဦး၊ နဖူး ၁-ပါး၊ မျက်-နား-မေးရိုး၊ ညှပ်ရိုး-ပခုံး၊ လက်ရုံး-ပေါင်-ခါး၊ဒူး-အားခြေနောက်၊ ရောက်သည့်နှစ်ချက်၊ ဖမျက်-မြင်းခေါင်း၊ မောင်းဖျားလေးမည့်၊ လည်ခုနစ်ချိုး၊ခေါင်းခွံကိုးတည့်၊ ရင်ရိုးစုဒ္ဒသ်၊ ဋ္ဌာရသ်ကျောက်မှန်၊ နံနှစ်ဆဲ့လေး၊ ခြောက်ဆယ်လေးထွေ၊လက်-ခြေ-ရိုးနု၊၃၊အစုကို။ ။ငါ-ဟုထင်ယောင်မှားသတည်း"။

---

## အရိုးသုံးရာပုံဟာန်သဏ္ဌာန်ကိုပြခြင်း။

ထိုအရိုးတို့တွင်၊ခြေချောင်းအဖျားအရိုးတို့သည်၊ ခပေါင်းစေ့သဏ္ဌာန်နှင့်တူကုန်၏။ ခြေချောင်းအလယ် အဆစ်အရိုးတို့သည်ကား၊ ပိန္နဲစေ့သဏ္ဌာန်ရှိကုန်၏။ ခြေချောင်း အရင်းရိုးတို့သည်၊ ထက်စည်သဏ္ဌာန် ရှိကုန်၏၊ ခြေဖမိုး အရိုးတို့သည်၊ နုတ်နုတ် စဉ်းအပ်ပြီးသော ကြာစွယ်သဏ္ဌာန်နှင့်တူကုန်၏ ဖနောင့်ရိုးသည်၊ တစေ့ထည်းသာဖြစ်သော ထန်းစေ့သဏ္ဌာန်နှင့်၏။ ဖမျက်ရိုးတို့သည်၊ ဖွဲ့အပ်သော ကစားသော ဂုညင်းသဏ္ဌာန်ရှိကုန်၏။ မြင်းခေါင်းရိုးတို့၏ဖမျက်ရိုးတို့၌တည့်ရာ အရပ်သည်၊မပယ်အပ်သောအခွံနှင့်သော သင်ပေါင်းညှောက် သဏ္ဌာန်နှင့်၏၊ပေ...သော မြင်းခေါင်းရိုးသည်၊

363-A-51

လေးပြင်း သဏ္ဌာန်ရှိ၏။ ကြီးသော မြင်းခေါင်းရိုးသည်၊ ကျုံ့ပြီးသောမြွေ ကျောက်ကုန်းသဏ္ဌာန်ရှိ၏။ ပုဆစ်ဒူးရိုးသည်၊ တဘက်ပဲ့သော ရေမြှုပ် သဏ္ဌာန်ရှိ၏။ ပုဆစ်ဒူးရိုး၌ မြင်းခေါင်းရိုး၏တည်ရာသည်၊ မထက်သော ဒုဥ်ဖျားရှိသော နွားချိုသဏ္ဌာန်ရှိ၏။ပေါင်ရိုးသည်၊မကောင်းသဖြင့် ရွှေအပ် သော ပဲခွပ်, ပေါက်ဆိန်ရိုးသဏ္ဌာန်ရှိ၏။ ပေါင်ရိုး၏ ခါးရိုး၌တည်သော နေရာသည်၊အစုံပြု၍ကစားသောဂုံညင်းသဏ္ဌာန်ရှိ၏။ပေါင်ရိုးဖြင့် ခါးရိုး၏ တည်ရာအရပ်သည်၊ အဖျားဖြတ်အပ်ပြီးသော ကြီးစွာသောပုန်းညက်သီး သဏ္ဌာန်ရှိ၏။ ခါးရိုးတို့သည် အိုးသည်တို့၏ ခံလောက်သဏ္ဌာန်ရှိကုန်၏။ ပေါင်ရိုးအစွန်း၌တည်သောတင်သားရိုးသည်၊ အောက်သို့ မျက်နှာပြုအပ် သောမြွေပါးပျဉ်းသဏ္ဌာန်ရှိ၏။ကျောက်ကုန်းရိုးတို့သည်၊အတွင်း၌အဆင့် ဆင့်ထားအပ်သောနဖူးသင်းကျပ်ပြားဦးရစ်သဏ္ဌာန်ရှိကုန်၏။ အပ၌ကား လုံးသောကျည်တောက်သဏ္ဌာန်ရှိကုန်၏။ ထိုကျောက်ကုန်းတို့၏အကြား အကြား၌ ဆူးတို့သည်၊ လွှသွားသဏ္ဌာန်ရှိကုန်၏။ နံရိုးတို့တွင်မပြည့်စုံ သော နံရိုးတို့သည်၊ မပြည့်စုံသော သန်လျက်သဏ္ဌာန်ရှိကုန်၏။ ပြည့်စုံ သောနံရိုးတို့သည်၊ ပြည့်စုံသော သန်လျက်သဏ္ဌာန်ရှိကုန်၏။ ထိုအလုံး စုံသော နံရိုးတို့သည်၊ ဖြူသောကြက်၏ ဖြန့်အပ်သောအတောင်သဏ္ဌာန် ရှိကုန်၏။ ရင်ရိုးတို့သည်၊ဆွေးမြေ့ပြီးသော ရထားချိုင့်သဏ္ဌာန်ရှိကုန်၏။ ဝါ၊ ခြင်းကြားချိုင့်သဏ္ဌာန် ရှိကုန်၏။ ရင်ဝရိုးသည်၊ ယောက်မပါးပျဉ်း သဏ္ဌာန်ရှိ၏။ ညှပ်ရိုး ၂-ဘက်တို့သည်၊ ငယ်သော သံဖြင့်ပြုအပ်သော ပဲခွပ်ရိုးသဏ္ဌာန်ရှိကုန်၏။

ပခုံးစွန်းနှစ်ဘက်အရိုးတို့သည်၊တဘက်မှတုံးသော သီဟိုဠ်ပေါက်တူး သဏ္ဌာန်ရှိကုန်၏။ လက်ရုံးရိုး ၂-ဘက်တို့သည်၊ ကြေးမုံရိုးသဏ္ဌာန်ရှိ ကုန်၏။လက်ရုံးရိုး ၂-ဘက်အဖျားရိုး ၂ ဘက်တို့သည်၊အစုံသောထန်းပင် သဏ္ဌာန်ရှိကုန်၏။ လက်ကောက်ဝတ် ၂-ဘက်ရိုးတို့သည်၊ ကပ်၍ထား အပ်သောနဖူးသင်းကျပ်ပြားဦးရစ်သဏ္ဌာန်ရှိကုန်၏။လက်ဖမိုးရိုးတို့သည်၊ နုတ်နုတ်စဉ်းအပ်ပြီးသော ကြာစွယ်အရသဏ္ဌာန်ရှိကုန်၏။ လက်ချောင်း ရင်းအဆစ်ရိုးတို့သည်၊ထက်စည့်သဏ္ဌာန်ရှိကုန်၏။ လက်လယ်အဆစ်ရိုး တို့သည်၊ မပြည့်စုံသော ပိန္နဲစေ့သဏ္ဌာန်ရှိကုန်၏။ လက်ဖျားအဆစ်ရိုးတို့ သည်၊ ခပေါင်းစေ့သဏ္ဌာန်ရှိကုန်၏။ လည်ရိုးတို့သည်၊ လှံတံဖြင့်ထိုး၍၊ အစဉ်အတိုင်းထားအပ်သော ဝါးညှောက်ခက်သဏ္ဌာန်ရှိကုန်၏။ အောက်

မေးရိုးသည်၊ ပန်းပဲဘို့၏ သံတူပေသဏ္ဍာန်ရှိ၏။ အထက်မေးရိုးသည်၊ တုံးသော ထားယော် သဏ္ဍာန်ရှိ၏။ မျက်ကွင်းရိုး နှာခေါင်းတွင်း ရိုးတို့သည်၊ ပယ်အပ်ပြီးသောအဆံရှိသော ယော်သောထန်းစေ့ခွက်သဏ္ဍာန်ရှိကုန်၏၊ နဖူးရိုးသည်၊ အောက်သို့မျက်နှာပြု၍ ထားအပ်သော ခရုသင်းခွက်ငယ်သဏ္ဍာန်ရှိ၏။ နားပန်းဆံစအရိုးတို့သည်၊ ဆေတ္တာသည်တို့၏ သင်ရုန်းအိမ်သဏ္ဍာန်ရှိကုန်၏၊နဖူးနားပန်းဆံစသည်တို့၏၊သင်းကျစ်ဖွဲ့ချာအရပ်၌ရှိသောအရိုးသည်၊ ခေါက်အပ်သော တခဲနက်ပြည့်ရုံသောပုဆိုးရတ်သဏ္ဍာန်ရှိ၏၊ ထိပ်ရိုးသည်၊ မျက်နှာဝကို ဖြတ်ပြီးသော အုန်းသီးသဏ္ဍာန်ရှိ၏၊ ဦးခေါင်းရိုး တို့သည်၊ ချုပ်၍ ထားအပ်သော ဆွေးမြေ့ပြီးသော ဗူးအုံသဏ္ဍာန်ရှိကုန်၏။ ။ဤသို့ အရိုးတို့၏ ပုံဟန်သဏ္ဍာန်ကိုကြည့်ရှု၍လည်း ဥဂ္ဂဟနိမိတ်ထင်အောင် ပွားများအပ်၏၊ ။(ဤကား လိုရင်းကိုပြ၊ အကျဉ်းမျှသော အဓိပ္ပါယ်တည်း။ အကျယ်ကိုမူ၊ ဂဏ္ဌိဂရုဖြစ်မည်မှုကြောင့်၊ဥပေက္ခာပြုလိုက်ပါသတည်း)။

စတုသဋ္ဌိပာဏ္ဍင္ဂိနိ၊စတုသဋ္ဌိပါဒင္ဂိနိ၊ စတုသဋ္ဌိမံသနိသိတာနိမုဒုအဋ္ဌိနိ၊ ဒွေပဏှိကဋ္ဌိနိ။ ပ၊ နဋ္ဌာဒုကဏ္ဌာဗုဋ္ဌကာနံ ဥပရိပဋ္ဌိဗန္ဓနော ကာသေ အဋ္ဌိသင်္ခိုတ စူဠပုဏ္ဏပဋ္ဋုလခဏ္ဍသဏ္ဍာနံ။ သီသဋ္ဌိနိ သိဗ္ဗေတွာ ထပိတဇဇ္ဇရလာဗုကဋ္ဋာဟသဏ္ဍာနာနိ။ ။

သင်္ဂြိုဟ်-အဋ္ဌကထာ။ ။(၂၀၄)။

အနုဿတိ ၁၁ ပါးအခွင့်။

၁။ ။ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊သီလာနုဿတိ၊ စာဂါနုဿတိ၊ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊မရဏာနုဿတိ၊ကာယဂတာသတိ၊ အာနာပါနဿတိစေတိ ဣမာ ဒသ အနုဿတိယော နာမ။ ။

သင်္ဂြိုဟ်ပါဠိ။

၁။ ။မြတ်စွာဘုရားဂုဏ်တော်ကို အဘန်ဟယဲယဲ အောက်မေ့ခြင်းဟူသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ၂-တရားတော်၏ ဂုဏ်တော်ကို အဘန်

တလဲလဲ အောက်မေ့ခြင်းဟူသော- ဓမ္မာနုဿတိကမ္မဋ္ဌာန်း။ ၄-သံဃာတော်၏ ဂုဏ်တော်ကို အဘန်တလဲလဲအောက်မေ့ခြင်းဟူသော-သံဃာနုဿတိကမ္မဋ္ဌာန်း။ ၅-မိမိ၏သီလဂုဏ်ကို အဘန်တလဲလဲအောက်မေ့ခြင်းဟူသော-သီလာနုဿတိကမ္မဋ္ဌာန်း။ ၆-မိမိ၏စွန့်ကြဲခြင်းဒါနဂုဏ်ကိုအဘန်တလဲလဲအောက်မေ့ခြင်းဟူသော-စာဂါနုဿတိကမ္မဋ္ဌာန်း။ ၆-နတ်တို့ကိုသက်သေအရာ၌ထား၍၊ နတ်တို့၏သဒ္ဓါစသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါစသောဂုဏ်ကို အဘန်တလဲလဲ အောက်မေ့ခြင်းဟူသော-ဒေဝတာနုဿတိကမ္မဋ္ဌာန်း။ ၇-နိဗ္ဗာန်၏ဂုဏ်ကို အဘန်ဘလဲလဲ အောက်မေ့ခြင်းဟူသော-ဥပသမာနုဿတိကမ္မဋ္ဌာန်း။ ၈-သေခြင်းတရားကို အဘန်တလဲလဲအောက်မေ့ခြင်းဟူသော- မရဏာနုဿတိကမ္မဋ္ဌာန်း။ ၉-ဆံစသောကိုယ်အစုရှိဖြစ်သော သတိဟူသော-ကာယဂတာသတိကမ္မဋ္ဌာန်း။ ၁၀-ထွက်သက်ဝင်သက်ကိုအာရုံပြု၍ အောက်မေ့ခြင်းသတိဟူသော- အာနာပါနဿတိကမ္မဋ္ဌာန်း။ဤသို့အားဖြင့် အနုဿတိကမ္မဋ္ဌာန်းတို့သည်၊၁၀-ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## ဗုဒ္ဓါနုဿတိ-အဘွင့်။

သရဏံသတိ၊ ။အနုအနု အနုရူပါ ဝါ သတိ အနုဿတိ။ ။
ဗုဒ္ဓဿ အနုဿတိ ဗုဒ္ဓါနုဿတိ။ ။

သရဏံ၊အောက်မေ့ခြင်း။သတိ၊အောက်မေ့ခြင်း။ ။အနုအနု၊အဘန်တလဲလဲ။ဝါ၊တနည်းကား။အနုရူပါ၊သဒ္ဓါရှေ့သွား၊ အမျိုးကောင်းသားအား သင့်လျော်သော။ သတိ၊အောက်မေ့ခြင်းသည်။ အနုဿတိ၊ အနုဿတိ-မည်၏။ ။ဗုဒ္ဓဿ၊မြတ်စွာဘုရားကို။ဝါ၊မြတ်စွာဘုရား၏ ဂုဏ်တော်ကို။ အနုဿတိ၊ အဘန်ဘလဲလဲအောက်မေ့ခြင်းသည်။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ-မည်၏။

အဓိပ္ပါယ်ကား.... မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြုသော၊ သဒ္ဓါရှေ့သွား အမျိုးကောင်းသားအား သင့်လျော်သော အဘန်ဘလဲလဲ အောက်မေ့ခြင်း သတိစေတသိက်သည်-ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမည်၏။ ။ဟူလို။

မှတ်ချက်။ ။အနုဿတိ။ ၌၊ အနု-သဒ္ဒါသည်ပုနပ္ပုနအနက်,အနုရူပ အနက် ၂-ပါးကိုဟော၏။ဋီကာကျော်၌ကား-ပုနပ္ပုနအနက်ကိုသာ ဘွင့်၏၊ အဋ္ဌကထာ၌သာ အနုရူပအနက်ကို တွဲယှက်၍၊ နှစ်နက် ဘွင့်တော်မူ၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုငြား၊ မတုန်လှုပ်သော သဒ္ဓါ ရှိသော အဝေစ္စပသာဒ သဒ္ဓါဘရေးရှိသောယောဂီ အမျိုးသားတို့သည်၊ ကာယဝိဝေကအကျိုးငှါဆိတ်ငြိမ်ရာအရပ်သို့ကပ်၍၊ စိတ္တဝိဝေကအကျိုး ငှာ အထူးထူးသော အာရုံမှဘဲစေ,ရှဲစေ၍၊ ဘုရားဂုဏ်တော်၌ စိတ်ကို သွင်း၍၊ ရတနာပလ္လင်၊ ဗောဓိပင်၌၊ထက်ဝယ်ဘွဲ့ခွေ၊ထိုင်နေတော်မူသော မြတ်စွာဘုရားကို၊ သို့မဟုတ်၊မိမိကြည်ညိုရာ မြတ်စွာဘုရား၏ ပုံဟန်ကို၊ ရှေ့တူရူ ငါးတောင်ကွာလောက်တွင် ကြွလာနေထိုင် သီတင်းသုံးတော် မူဘိသည့်အသွား၊ ထင်ရှားလာအောင် နှလုံးသွင်း၍ မြတ်စွာ ဘုရား၏ ဂုဏ်တော် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို သတိထား၍ ပွားများကုန်ရာသည်။

ပွါးဟန်ကား....၁ သော ဘဂဝါ ဣတိပိ အရဟံ။

၂-သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃-သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၄-သော ဘဂဝါ ဣတိပိ သုဂတော။

၅-သော ဘဂဝါ ဣတိပိ လောကဝိဒူ။

၆-သော ဘဂဝါ ဣတိပိ အနုတ္တရော။

၇-သော ဘဂဝါ ဣတိပိ ပုရိသဒမ္မသာရထိ။

၈-သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။

၉-သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၁၀-သော ဘဂဝါ ဣတိပိ ဘဂဝါ။

ဤမြတ်စွာဘုရား၏ ဂုဏ်တော်ကိုးဖြာ၊ ဝါ၊၁၀-ပါးကို အဘန်ဘန် အထပ်ထပ် ပွားများဆင်ခြင် အောက်မေ့အပ်၏။ ။သို့ဖြစ်၍၊ ထိုဂုဏ် တော် ၉-ပါးကို၊လေးစားကြည်ညိုလိုသူတို့၊ ကျက်မှတ်ဆောင်ရွက်၊ နှုတ် ဘက်မပြတ်၊ ရွတ်ဘတ်ပွားများစေခြင်းအကျိုးငှာ၊ ဂုဏ်တော်ကိုးပါးကို အဋ္ဌကထာ ဋီကာများ ဘွင့်ထားသည့်အ-ရ၊ ရသင့်သမျှအကျယ်ချဲ၍၊ ဂါ ထာစီကုံးကာ၊ဘွင့်ပြလိုက်ပါသည်။

## အရဟံ ဂုဏ်တော်အဖွင့်။

၁။ ။ပါပဿ ကာရဏာဘူတံ၊ဂုယှဋ္ဌာနံ န ဝိဇ္ဇတိ။
တေနေသော တီသု လောကေသု၊ဝိဿုတော အရဟံ ဇိနော။ ။
၂။ ။မာရာဒယော စ အရယော၊သဗ္ဗာ ဟာနတိ ဝိရတော။
တေနေသော တီသု လောကေသု၊ဝိဿုတော အရဟံ ဇိနော။ ။
၃။ ။သံသာရစက္ကအရေ စ၊သဗ္ဗာ ဟာနတိ ဝိရတော။
တေနေသော တီသု လောကေသု၊ဝိဿုတော အရဟံ ဇိနော။ ။
၄။ ။ဗြဟ္မဒေဝမနုဿာနံ၊ပူဇာဝိသေသရဟတ္တံ။
ပဋိဂ္ဂဏှာတိ တေနေသော၊ဝိဿုတော အရဟံ ဇိနော။ ။
၅။ ။အာရကာ ယော ကိလေသေဟိ၊သုဝိဒူရေ ပဋိဋ္ဌိတော။
တေနေသော တီသု လောကေသု၊ဝိဿုတော အရဟံ ဇိနော။ ။
၆။ ။န သဗ္ဗာ ပဋိပဇ္ဇန္တိ၊ယေ နိဟီနာသယာ နရာ။
တေဟိ ယော အာရကာ ဒူရေ၊တေနေသော အရဟံ ဇိနော။ ။
၇။ ။ယေ သဗ္ဗာ ပဋိပဇ္ဇန္တိ၊သုပ္ပဏီတာဓိမုတ္တိကာ။
အာရကာ တေဟိ အာသန္နေ၊တေနေသော အရဟံ ဇိနော။ ။
၈။ ။ပါပဓမ္မာ ရဟာနာမ၊သာဓူဟိ ရဟိတဗ္ဗတော။
တေ စ သုဋ္ဌု ပဟီနာဿ၊ယေနေသော အရဟံ ဇိနော။ ။
၉။ ။ယေ သစ္ဆိကတသဒ္ဓမ္မာ၊အရိယာ သုဒ္ဓဂေါစရာ။
န တေဟိ ရဟိတော ဟောတိ၊တေနေသော အရဟံ ဇိနော။
၁၀။ ။ရဟော ဝါ ဂမနံ ယဿ၊သံသာရေ နတ္ထိ သဗ္ဗသော။
ပဟီနဇာတိမရဏော၊တေနေသော အရဟံ ဇိနော။ ။
၁၁။ ။ဂုဏေဟိ သဒိသော နတ္ထိ၊ယသ္မာ လောကေ သဒေဝကေ။
တသ္မာ ပန ပသံသိတော၊တေနေသော အရဟံ ဇိနော။ ။

## ၎င်းဂါထာများ၏ အနက် အဓိပ္ပါယ်။

၁။ ။ယဿ၊ အကြင်မြတ်စွာဘုရားအား။ပါပဿ၊ ကိလေသာစ်ကျူး မကောင်းမှုအပေါင်း၏။ဝါ၊ကို။ကာရဏာဘူတံ၊လွန်ကျူးမှုချင့်၊ပြုကျင့်ရာဖြစ်၍ဖြစ်သော။ဂုယှဋ္ဌာနံ၊ လျှို့ဝှက်ဖုံးအုပ်ရာ၊ဆိတ်ငြိမ်ရာအရပ်သည်။နဝိဇ္ဇတိ၊ မရှိချေ။ တေန၊ ထိုသို့အကုသိုလ်ညစ်ကျူး မကောင်းမှုပြုရာ၊ ဆိတ်ငြိမ်ရာ အရပ်မရှိသောကြောင့်။ ဧသောဇိနော၊ ထိုမြတ်စွာဘုရားသည်။ တီသု

လောကေသု၊ သုံးဖြာလောကဓာတ်၊ တကျော့ရပ်တို့၌။ အ-ရဟံ၊အ ရဟံ ဟူ၍။ဝါ၊အ-ရဟံ-ဟူသောဂုဏ်တော်ဖြင့်။ဝိဿုတော၊ ဘဝဂ်ထုံဘိုင်၊ပြန့်လှိုင်ကျော်စောတော်မူ၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"နတ္ထိ ရဟော တေသာတိအ-ရဟော" ဟူသော ဝိဂြိုဟ်ကိုပြ၏။ အ-ရဟံ-၌၊ န-ပုဒ်၊ရဟ-ပုဒ်ဖြစ်၍၊န-သဒ္ဒါသည်၊နတ္ထိ အနက်ဟော၊ ရဟ-သဒ္ဒါသည် ဆိတ်ငြိမ်ရာ အရပ်ကို ဟော၏။

အဓိပ္ပါယ်ကား… မြတ်စွာဘုရားသည်၊အကုသိုလ်အပေါင်း၊မကောင်းမှု မှန်သမျှကိုပြုကျင့်ရာအရပ်မရှိသောကြောင့်"အ-ရဟံ"မည်တော်မူ၏။ ။ ဟူလို။

၂။ ။ယောဒိနေ၊ အကြင်မြတ်စွာဘုရားသည်။ မာရာဒယော၊ မာရ် နတ်သားအစရှိကုန်သော။ အရယော၊ နှောင့်ရှက်လျှံထူ၊ ရန်သူအပေါင်း တို့ကို။ သမ္မာ၊ ကောင်းစွာ။ဝါ၊ ကိုယ်စိတ်နှစ်ဖြာ၊ များစွာအဟုတ်၊ အား မထုတ်မူ၊ လွယ်ကူစွာ။ ဝိရတော၊ ဓမ္မဝိဇယုန်းတော်ဖြင့်။ ဟနတိ၊ ပယ် ပျောက် တိုက်ဖျက်တော်မူ၏။တေန၊ ကြောင့်။သောဇိနော၊ သည်။ တိသု လောကေသု၊တို့၌။အရ-ဟံ၊အရ-ဟံ-ဟူ၍။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"အရယော ဟနတီတိ အရ-ဟံ"ဟူသော ဝိဂြိုဟ်ကိုပြ၏။ အရ-ဟံ-ကား၊အရိ-ပုဒ်၊ဟန-ပုဒ်။န-ကိုချေ၍၊ဣကို အ-ရဿပြု၍၊"အ-ရဟံ"ရုပ်ပြီး၏-ဟုမှတ်။

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည် မာရ်နတ်သားစသော ရန်သူ အပေါင်းတို့ကိုကောင်းစွာပယ်ဖျက် သုတ်သင်တော်မူဘတ်သောကြောင့် "အရ-ဟံ"မည်တော်မူ၏။ ။ဟူလို။

၃။ ။ဝါ၊ဟနည်းသော်ကား။ ယောဇိနော၊သည်။သံသာရစက္ကအရ၊ အဝိဇ္ဇာ,သင်္ခါရ စသောသံသရာစက်၏ အကန့်တို့ကို။သမ္မာ၊ကောင်းစွာ။ ဝိရတော၊ ဓမ္မဝိဇယုန်းတော်ဖြင့်။ ဟနတိ၊ ချိုးဖျက်တော်မူဘတ်၏။တေန၊ ကြောင့်။သောဇိနော၊သည်။တိသုလောကေသု၊တို့၌၊ အရ-ဟံ၊ အရ-ဟံ, မည်တော်မူ၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "အရေ ဟနတိတိ အရ-ဟံ"ဟူသော ဝိဂြိုဟ်ကိုပြ၏။"အရ-ဟံ"ကား၊အရ-ပုဒ်၊ဟနပုဒ်၊ရှေးနည်းအတိုင်း န-ကိုချေ၍၊"အရ-ဟံ"ဟုရုပ်ပြီး၏-ဟုမှတ်။

အဓိပ္ပါယ်ကား.... ဤသံသရာကြီးသည် လှည်းဘီးစက်ဝန်းကြီးနှင့် တူ၏။အဝိဇ္ဇာ,သင်္ခါရ,စသောတရားတို့သည် လှည်းဘီးစက်၏အကန့်နှင့် တူကုန်၏။ထိုသံသရာ၏ အကန့်ဖြစ်သော အဝိဇ္ဇာ,သင်္ခါရစသော တရားတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်ဖျက်တော်မူတတ်သောကြောင့် "အရ-ဟံ"မည်တော်မူ၏။ ။ဟူလို၊

၄။ ။ယောဇိနော၊သည်။ဖြဟ္မဒေဝမနုဿသာနံ၊ဗြဟ္မာ,နတ်,လူ၊ သုံးဘုံသူတို့၏။ ဥတ္တမံ၊ မြတ်လှစွာသော။ ပုဇာဝိသေသံ၊ ပူဇော်အထူးကို။ ပဋိဂ္ဂဏှာတိ၊ အလှူခံတော်မူတတ်၏။တေန၊ကြောင့်။ဧသောဇိနော၊သည်။ တိသုလောကေသု၊တို့၌။(လိုက်) အရဟံ၊"အရဟံ"ဟူ၍။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ပူဇာဝိသေသံ အရဟတီတိ အရဟံ" ဟူသောဝိဂြိုဟ်ကိုပြ၏။ဤအလို"အရဟံ"ဟုတဆက်တည်းရွတ်။ ရှေးပုဒ်တို့ကိုကား"အရ-ဟံ"ဟုဖြတ်၍ရွတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည် ဗြဟ္မာ, နတ်,လူ၊ သုံးဘုံတို့၏ ထူးမြတ်လှစွာသောမည်သူတစုံတယောက်မျှ မခံထိုက်သော ပူဇော်ဘွယ်ကို အလှူခံ ထိုက်တော်မူသောကြောင့်"အရဟံ"မည်တော်မူ၏။ ။ဟူလို။

၅။ ။ယောဇိနော၊သည်။ကိလေသေဟိ၊တထောင်ငါးရာ၊ကိလေသာတို့မှ။ အာရကာ၊ ဝေးတော်မူ၏။ သုဝိဒူရေ၊ အလွန်တရာ၊ဝေးကွာသော အရပ်၌။ ဋ္ဌိတော၊ တည်တော်မူ၏။ တေန၊ကြောင့်။ ဧသောဇိနော၊သည်။ တိသုလောကေသု၊တို့၌။အရဟံ၊အရဟံ-ဟူ၍။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်၊ "ကိလေသေဟိ အာရကာတိ အရဟံ" ဟူသောဝိဂြိုဟ်ကိုပြ၏။အာရက-ပုဒ်၏အာ-ကိုအရဟုပြု၊က ကို ဟ-ပြု၍၊"အရဟံ"ဟုပြီး၏-အာရက-သဒ္ဒါကားဒူရတ္ထဝါစီဟုမှတ်။

အဓိပ္ပါယ်ကား... မြတ်စွာဘုရားသည် တထောင်ငါးရာ၊ ကိလေသာမှန်သမျှမှ အလွန်ဝေးကွာ ကင်းစင်တော်မူသောကြောင့် "အရဟံ"မည်တော်မူ၏။ ။ဟူလို။

၆။ ။နိဟီနာသယာ၊ ယုတ်ညံ့သောအလိုဆန္ဒ နှလုံးသွင်းရှိကြကုန်သော။ ဝါ၊ လောဘစသား၊ ကိလေသာအယုတ်တရားတို့၏သာ အမြဲတည်ရာဖြစ်ကုန်သော။ ယေနရာ၊ အကြင်သူယုတ်မာတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ တရားကောင်းတရားမှန်ကို။ နပ္ပဋိပဇ္ဇန္တိ၊ မကျင့်ကြံကြကုန်။ ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်။ တေဟိ၊ ထိုသူယုတ်မာတို့နှင့်။ အာရကာ-ဒူးရ၊ဝေးတော်မူပေ၏။ တေန၊ ကြောင့်။ သော ဇိနော၊ သည်။ တိသုလောကေသု၊ တို့၌။ အရဟံ၊ အရဟံ-ဟူ၍။ ဝိဿုတော၊ ၏။

**မှတ်ချက်။** ။ဤဂါထာဖြင့်“အသပ္ပုရိသေဟိ အာရကာတိ အရဟံ” ဟူသောဝိဂြိုဟ်ကိုပြတော်မူ၏။ကြွင်းရှေးနည်းအတိုင်းမှတ်။

အဓိပ္ပါယ်ကား… အကြင်သူတို့သည်၊မြတ်စွာဘုရား၏ ခြေရင်းတော်၌ပင် နေကုန်လင့်ကစား၊ တရားတော်ကို မကျင့်ကြံကြကုန်၊ ထိုသူတို့မှ ဝေးကွာတော်မူသောကြောင့်- ‘အရဟံ’မည်တော်မူ၏။ ။ဟူလို။

၇။ ။ယေ၊အကြင်သူတော်ကောင်းတို့သည်။သုပ္ပဏိဟာဓိမုတ္တိကာ၊ အလွန်ထူးမြတ်ကောင်းမွန်၊တရားလွန်တို့ကိုသာလျှင် နှလုံးသွင်းကုံကြကုန်လျက်။ဝါ၊ကုန်သော။ ယေ၊တို့သည်။ သမ္မာ၊စွာ။ ပဋိပဇ္ဇန္တိ၊ကုန်၏။ ယောဇိနော၊ သည်။ တေဟိ၊ ထိုသူတော်ကောင်းတို့နှင့်။ အာရကာ- အာသန္နေ၊ အနီး၌တည်နေတော်မူ၏။ ဝါ၊ အနီးသာဖြစ်တော်မူ၏။ တေန၊ ကြောင့်။ သောဇိနော၊ သည်။ အရဟံ၊ အရဟံ-ဟူ၍။ တိသုယောကေသု၊ တို့၌။ ဝိဿုတော၊၏။

**မှတ်ချက်။** ။ဤဂါထာဖြင့် “သပ္ပုရိသေဟိ အာရကာ-အာသန္နေတိ အရဟံ” ဟူသောဝိဂြိုဟ်ကို ပြတော်မူ၏၊ ဤအလို-အာရကာသဒ္ဒါသည်၊ အာသန္နဋ္ဌဝါစီနိပါတ်ပုဒ်-ဟုမှတ်။ အဘိဓာန်၌ကား၊ အာသန္နဋ္ဌမဟော၊ ဒူရအနက်ကိုသာ ဟောသောဟူ၏။သို့သော် မဟာဋီကာ- သာရတ္ထဒီပနီဋီကာတို့၌-“အာရကာအာသန္နေတိ-” ဟုဖွင့်ပြတော်မူ၏။

အဓိပ္ပါယ်ကား…အကြင်သူတို့သည်၊ မြတ်စွာဘုရားနှင့်ယူဇနာပေါင်း မည်မျှပင် ဝေးကွာသောအရပ်၌ နေကုန်လင့်ကစား၊ တရားတော်ကိုမှ ကောင်းစွာကျင့်ကြံကုန်၏၊ ထိုသူတို့နှင့် နီးတော်မူသောကြောင့်“အရဟံ” မည်တော်မူ၏။ ။ဟူလို။

၇။ ။ပါပဓမ္မာ၊ ယုတ်မာသောတရား မှန်သမျှတို့သည်။ သာဝုဟိ၊ သူတော်ကောင်းမှန်သမျှတို့သည်။ရဟိတဗ္ဗတော၊စွန့်အပ်,ရှောင်ကြဉ်အပ်သောကြောင့်။ ရဟာနာမ၊ ရဟာ-မည်ကုန်၏။ ယေနဖိနေန၊သည်။ တေစ၊ ယုတ်မာသောတရားတို့ကိုလည်း။ သုဒ္ဓ၊ကောင်းစွာ။ ပဟီနာ၊ပယ်တော်မူအပ်ကုန်ပြီ။ ဣတိ၊ကြောင့်၊ ဝေသာဖိနော၊သည်။ အရဟံ၊ အရဟံ-ဟူ၍။ တိသုလောကေသု၊တို့၌။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ရဟိတဗ္ဗာတိ ရဟာ။ ။နတ္ထိ ရဟာ ယဿာတိ အရဟံ"ဟူသောဝိဂြိုဟ်ကိုပြတော်မူ၏။ ။ယဿ၊ အား။ရဟာ၊ယုတ်မာသောတရားတို့သည်။နတ္ထိ၊မရှိကုန်-ဟုပေး။

အဓိပ္ပါယ်ကား.... ယုတ်မာသောတရား မှန်သမျှကို အကြွင်းမဲ့ပယ် ဖျက်သုတ်သင်၊ကင်းစင်သန့်ရှင်းတော်မူသောကြောင့် "အရဟံ"မည်တော်မူ၏။ ။ဟူလို။

၉။ ။ယေအရိယာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ သဒ္ဓိကတ သဒ္ဓမ္မာ၊မျက်မှောက်ပြုအပ်သော လောကုတ္တရာတရားရှိတော်မူကြကုန်၏။ သုဒ္ဓဂေါစရာ၊ စင်ကြယ်သောနိဗ္ဗာန်တည်းဟူသော အာရုံလျှင် အာရုံရှိကုန်၏။ တေဟိ၊ထိုအရိယာပုဂ္ဂိုလ်တို့သည်။ ယော၊အကြင်မြတ်စွာဘုရားကို။ရဟိတော၊စွန့်အပ်သည်။ယေန၊အကြင်မြတ်စွာဘုရားသည်။ သောစ၊ ထိုအရိယာပုဂ္ဂိုလ်ကိုလည်း။ ရဟိတော၊သည်။ယေန၊ကြောင့်။ နဟောတိ၊ မဟုတ်။တေန၊ကြောင့်။ ဝေသာဖိနော၊သည်။အရဟံ၊အရဟံ-ဟူ၍။ တိသု လောကေသု၊တို့၌။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "နတ္ထိ ရဟာ ဧတဿာတိ အရဟံ" ဟူသောဝိဂြိုဟ်ကိုပြ၏။ ဧတဿ၊အား။ရဟာ၊ စွန့်ခွာယ်တရားတို့ သည်။နတ္ထိ၊မရှိကုန်။ ဟုပေး။ တနည်း။"နတ္ထိ ရဟော ဧတဿာတိ အရဟော" ဟူသောဝိဂြိုဟ်ကိုပြ၏။ ဤအလို။ ဧတဿ၊ အား။ ရဟော၊ သူတော်ကောင်းတို့မနှစ်သက်အပ်, စွန့်အပ်သောတရား သည်။နတ္ထိ၊မရှိ-ဟုပေး။ ။(အကျယ်ကိုမူ-မဟာဋီကာ-သာရတ္ထ ဒီပနီဋီကာတို့ကိုရှု)။

အဓိပ္ပါယ်ကား....မြင်အပ်ပြီး, မျက်မှောက်ပြုပြီးသော သစ္စာလေးပါး တရား, လောကုတ္တရာတရားကိုးပါးရှိကုန်သော စင်ကြယ်သော အာရုံရှိ

ကုန်သော အရိယာပုဂ္ဂိုလ်တို့သည်၊ မြတ်စွာဘုရား ကိုယ်တော်မြတ် သန္တာန်ဝယ် စွန့်ဘွယ်,မနှစ်သက်ဘွယ် တစုံတရာမရှိသောကြောင့်၎င်း၊ မြတ်စွာဘုရားရှင်သည်လည်း ထိုအရိယာပုဂ္ဂိုလ်တို့အား စွန့်ဘွယ်,မနှစ်သက်ဘွယ်မရှိသောကြောင့်၎င်း"အရဟံ"မည်တော်မူ၏၊ ။ဟူလို၊

၁၀။ ။ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင် မြတ်စွာဘုရားအား" သံသာရေ၊ သံသရာ၌။ ရဟော ဂမနံ၊ ကျင်လည် ပြေးသွား မှုသည်၊ သမ္ဘဝေါ၊အချင်းခပ်သိမ်း၊ နတ္ထိ၊မရှိ၊ယော၊ သည်၊ပဟီနဗာတိမရဏော၊ ပယ်အပ်ပြီးသောပဋိသန္ဓေတည်နေမှု,သေမှုရှိသည်လည်း၊ယေန၊ကြောင့်။ ဟောတိ၊၏။ တေန၊ကြောင့်။ေသာဇိနော၊ သည်။ အရဟံ၊အရဟံ-ဟူ၍၊ တိသုလောကေသု၊တို့၌ ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"နတ္ထိရဟော-ဂမနံ ဧတဿာတိ အရဟံ" ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။ ဧတဿ၊အား။ရဟော-ဂမနံ၊ သံသရာ၌ ကျင်လည်ပြေးသွားမှုသည်။နတ္ထိ၊မရှိ-ဟုပေး။

အဓိပ္ပါယ်ကား… မြတ်စွာဘုရားသည် ကမ္ဘဝန်ကို ဗောဓိမဏ္ဍိုင်၌ပင် အရဟတ္တဉာဏ်မင်၊ထားသန်လျက်ဖြင့် ပယ်ဖျက်ရတ်ထွင်တော်မူအပ်ပြီး သဖြင့် သံသရာ၌ကျင်လည်ခြင်း မရှိသောကြောင့် "အရဟံ" မည်တော် မူ၏။ ။ဟူလို၊

၁၁။ ။သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊၌။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ (ထည့်)။ ဂုဏေဟိ၊ ဂုဏ်တော်တို့ဖြင့်။ သဒိသော၊ တူသောသူသည်။ယသ္မာ၊ကြောင့်။နတ္ထိ၊မရှိ၊ တသ္မာ၊ကြောင့်။ယောဇိနော၊ ဟို။ ပသံသိတော၊ ချီးမွမ်းအပ်၏။ တေန၊ကြောင့်။ေသာ ဇိနော၊ သည်။ တိသုလောကေသု၊တို့၌။အရဟံ၊အရဟံ-ဟူ၍ ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "အာဘုသော ရဟိတဗ္ဗော ပသံသိ တဗ္ဗောတိ အရဟံ"ဟူသောဝိဂ္ဂြိုဟ်ကို ပြ၏။ ဤအလို၊ အာ-ရှေး ရှိသောရဟ ဓာတ်၊ ပသံသနအနက်ဟောသတ်။ ။အာဘုသော၊ လွန်စွာ၊ ရဟိတဗ္ဗော- ပသံသိတဗ္ဗော၊ ချီးမွမ်းအပ်၏- ဟုပေး။ "အာဘုသ ရဟိတ္ဗကာ ဟိ ပသံသာယံ အရဟာသဒ္ဒံ ဝဏ္ဏေန္တိ"။ ။ ယဟာဋီကာ။

အဓိပ္ပါယ်ကား.... နတ်နှင့်တကွသော သုံးဖြာသောလောကခေါက်၌ မည်သူတစုံတယောက်သောသူနှင့်မျှ မဆက်ဆံသော ဟုဘ်တိုင်းမှန်ရာ ဖြစ်သောအနန္တသောဂုဏ်တော်အပေါင်းသည်ပြန့်နှံ၍ ကောင်းစွာတည်ရှိပေ၏။ မည်သူတစုံတယောက်သောသူမျှ မြတ်စွာဘုရားနှင့်တူသော သူ မရှိချေ။ ထို့ဖြစ်၍၊ မြတ်စွာဘုရားသည် အလွန်တရာချီးမွမ်းအပ်တော်မူ ရကား "အရဟံ"မည်တော်မူ၏။ ။ဟူလို။

---

## သမ္မာသမ္ဗုဒ္ဓေါ-ဂုဏ်တော်ဘွင့်။

၁၂။ ။သမ္မာ သယမ္ဘုဉာဏေန၊သဗ္ဗေ ဗုဇ္ဈတိ မဟာကေ။
တေနေသော သမ္မာသမ္ဗုဒ္ဓေါ၊တိလောကေ ပိသုတော ဇိနော။

၁၂။ ။ယောဇိနော၊ သည်။ မဟာကေ၊ အောင်မြေကြံ့ခိုင်၊ ဗောဓိ မဏ္ဍိုင်၌။သဗ္ဗေ၊ကြွင်းမဲ့ဥဿုံ၊အလုံးစုံသောတရားတို့ကို။ သမ္မာ၊မဘောက် မပြန်။သယမ္ဘုဉာဏေန၊ သယမ္ဘူဉာဏ်တော်ဖြင့်။ ဗုဇ္ဈတိ၊ပိုင်ပိုင်တိတိ၊ ထိုးထွင်း၍ သိတော်မူတတ်၏။ တေန၊ကြောင့်။ ဧသော ဇိနော၊သည်။ တိလောကေ-တိသုလောကေသု၊တို့၌။ သမ္မာသမ္ဗုဒ္ဓေါ၊ "သမ္မာသမ္ဗုဒ္ဓေါ" ဟူ၍။ပိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ"ဟူသောဝိဂြိုဟ်ကိုပြတော်မူ၏။ဤသမ္မာသမ္ဗုဒ္ဓ၌၊ သမ္မာ-သံ-ရှေ့ရှိသော ဗုဓ-ဓာတ်၊သမ္မာ-သဒ္ဒါကား၊အဝိပရီတတ္ထ ဇောတကဒုတိယန္တနိပါတ်ပုဒ်။ သံ-သဒ္ဒါကား၊သာမတ္ထဇောတက ပဌမန္တ ဥပသာရပုဒ်တည်း။ ဗုဓ- ဓာတ်ကား၊ ဉာဏအနက် ဟောသတည်း။

အဓိပ္ပါယ်ကား.... အောင်မြေကြံ့ခိုင်၊ ဗောဓိမဏ္ဍိုင်၌၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသောတရားအပေါင်းကို၊ မဘောက်မပြန်၊ အမှန်အားဖြင့်၊ ဆရာ မကူ၊သယမ္ဘူဉာဏ်တော်ဖြင့် ပိုင်းခြားတိတ်၊ ကိုယ်တော်တိုင် သိတော် မူတတ်သောကြောင့် "သမ္မာသမ္ဗုဒ္ဓ"မည်တော်မူ၏။ ။ဟူလို။

---

## ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်ဘွင့်။

၁၃။ ။ဝိဇ္ဇာဟိ စ စရဏေဟိ၊သမ္ပန္နော ပဒိမုတ္တိတော။
ဝိဇ္ဇာစရဏသမ္ပန္နော၊တေနေသော ဝိသုတော ဇိနော။ ။

၁၄။ ။တတ္ထဟိ… ပုဗ္ဗေနိဝါသညာဏဥ္စ၊ဒိဗ္ဗစက္ခုသဝှယော။
တိဿော ဝိဇ္ဇာတိ ဝိညေယျာ၊အာဂတာ ဘယဘေရဝေ။ ။

၁၅။ ။အမ္ဗဋ္ဌေ တု ဝိပဿနာ၊ညာဏံ မနောမယိဒ္ဓိ စ။
ဆ အဘိညာတျာဋ္ဌဝိဇ္ဇာ၊ဂုတ္တာ အာဒိဗ္ဗဝန္ဓုနာ။ ။

၁၆။ ။သီလိန္ဒြိယေ ဂုတ္တတာ၊ဘောဇနေ စ မတ္တညုတာ၊
ဇာဂရိယာနုယောဂေါ စ၊သဒ္ဓမ္မာ သတ္တ မာနိတာ။ ။

၁၇။ ။ရူပါဝစရဈာနာနိ၊စတ္တာရိတိ မဟေသိနာ။
ဒေသိတာ စရဏဓမ္မာ၊ပန္နရသပ္ပဘေဒတော။ ။

၁၃။ ။ယောဇိနော၊သည်။ ဝိဇ္ဇာဟိစ၊ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါးတို့နှင့်ငင်း။စရဏေဟိစ၊စရဏတရား ၁၅-ပါးတို့နှင့်ငင်း။ သမ္ပန္နော၊ကောင်းစွာမသွေ၊ ပြည့်စုံတော်မူလေ၏။ ပဒိမုတ္တိတော၊ မင်းတို့အား၀ယ်၊ ငါးသွယ်မင်းမြောက်တန်ဆာ၊ ဆင်ပမာသို့၊ ကောင်းစွာမသွေ၊ ဆင်ယင်တော်မူအပ်လေ၏၊တေန၊ကြောင့်။ ဧသော ဇိနော၊ သည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န-ဟူ၍၊တိသုလောကေသု၊တို့၌၊ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ဝိဇ္ဇာစ စရဏဥ္စ ဝိဇ္ဇာစရဏံ။ ။ ဝိဇ္ဇာစရဏေဟိ သမ္ပန္နောတိ ဝိဇ္ဇာစရဏသမ္ပန္နော" ဟူသော ဝိဂ္ဂဟ်ကိုပြတော်မူ၏။

အဓိပ္ပါယ်ကား….ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါး၊စရဏ ၁၅-ပါးနှင့် ပြည့်စုံတော်မူသောကြောင့်"ဝိဇ္ဇာစရဏသမ္ပန္န"မည်တော်မူ၏။ ။ဟူလို။

၁၄။ ။ဟိ၊ဝိဇ္ဇာအရ,စရဏအရကိုခွဲ၍ပြဦးအံ့။ တတ္ထ၊ထိုဝိဇ္ဇာ,စရဏတရား ၂-ပါးတို့တွင်။ ပုဗ္ဗေနိဝါသညာဏဥ္စ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ငင်း။ ဒိဗ္ဗစက္ခုသဝှယော၊ ဒိဗ္ဗစက္ခုအဘိညာဉ်, အာသဝက္ခယအဘိညာဉ်ငင်း။ ဣတိ၊ဤသို့။ဘယဘေရဝေ၊ ဘယဘေရဝသုတ်၌။ အာ

ဂတာ၊ ထာကုန်သော။ တိသော၊ သုံးပါးကုန်သောဝိဇ္ဇာတို့ကို။ ဝိဒေသျာ၊ သိအပ်ကုန်၏။

မှတ်ချက်။ ။ဤဂါထာဖြင့် ဝိဇ္ဇာသုံးပါး၏သရုပ်ကို ထုတ်ပြ၏။ ဝိဇ္ဇာသုံးပါးဟူသော်ကား၊ ၁-ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဉာဏ်၊ ၂-ဒိဗ္ဗစက္ခု အဘိညာဉ်ဉာဏ်။ ၃-အာသဝက္ခယ အဘိညာဉ်ဉာဏ်။ဤသုံးပါးတို့ပင်တည်း။ ။(ကြွင်းပေါ်ပြီ)။

၁၅။ ။တ၊ ဝိဇ္ဇာအရ ဆက်၍ ဘော်ပြဦးအံ့။ ဝိပဿနာညာဏာဥ္စ၊ ဝိပဿနာဉာဏ်ငင်း။ မနောမယိဒ္ဓိစ၊ မနောမယိဒ္ဓိ အဘိညာဉ်ငင်း။ ဆ၊ ခြောက်ပါးကုန်သော။အဘိညာစ၊ အဘိညာဉ်တို့ငင်း၊ ဣတိ၊ ဤသို့။အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဝိဇ္ဇာ၊ဝိဇ္ဇာတို့ကို။အမ္ဗဋ္ဌေ၊အမ္ဗဋ္ဌ-သုတ်၌။အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသောမြတ်စွာဘုရားသည်။ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

မှတ်ချက်။ ။ဝိဇ္ဇာရှစ်ပါးကို အမ္ဗဋ္ဌသုတ်၌ ဟောတော်မူသည်။ငင်း ဝိဇ္ဇာရှစ်ပါးဟူသော်ကား၊ ၁-ဝိပဿနာဉာဏ် ၁-ပါး။ ၂-မနောမယိဒ္ဓိဉာဏ် ၁-ပါး၊ ၃-အဘိညာဉ် ခြောက်ပါးအားဖြင့် ရှစ်ပါးဖြစ်၏။ ။ဝေနေယျတို့၏အလိုအားလျော်စွာ ဝိဇ္ဇာ ၃-ပါး၊ ၈-ပါး ခွဲခြား၍ ဟောတော်မူအပ်၏-ဟုမှတ်။

၁၆။ ။သီလဥ္စ၊သီလသံဝရငင်း၊ဇာဂရိယော-ဇာဂရိယာသု၊စကျုစသော ဇာဂရိယတို့၌။ ဂုတ္တတာစ၊ လုံခြုံသည်၏အဖြစ်ငင်း။ ဘောဇနေ၊ဘောဇဉ်၌။ မတ္တညုတာစ၊ရှာခြင်း,ခံခြင်း,သုံးဆောင်ခြင်းအတိုင်းအရှည်ကိုသိသည်၏ အဖြစ်ငင်း။ဇာဂရိယာနုယောဂေါစ၊ နိုးကြားခြင်းနှင့် ယှဉ်သောလုံ့လငင်း။ သတ္တ၊ ၇-ပါးကုန်သော။မာနိတာ၊မြတ်နိုးအပ်ကုန်သော။ သဒ္ဓမ္မာစ၊ သဒ္ဓါ, ဟိရီ,ဩတ္တပ္ပ,ဗာဟုသစ္စ,ဝိရိယ,သတိ,ပညာ-ဟူသော သူတော်ကောင်းတရားတို့ငင်း။

၁၇။ ။စတ္တာရိ၊ လေးပါးကုန်သော။ ရူပါဝစရဈာနာနိစ၊ ရူပါဝစရဈာန်တို့ငင်း။ဣတိ၊ဤသို့။မဟေသိနာ၊မြတ်စွာဘုရားသည်။ ပန္နရသပ္ပဘေဒတော၊ ၁၅-ပါးအပြားအားဖြင့်။ စရဏဓမ္မာ၊ စရဏ-တရားတို့ကို။ဒေသိတာ၊ဟောတော်မူအပ်ကုန်၏။

မှတ်ချက်။ ။ဤနှစ်ဂါထာဖြင့် စရဏတရား၁၅-ပါးသရုပ်ကို ထုတ်ပြ၏။စရဏတရား ၁၅-ပါးဟူသော်ကား၊ ၁-သီလသံဝရ ၁-ပါး၊ ၂-ဣန္ဒြိယေသု ဂုတ္တဒွါရတာ ၁-ပါး၊ ၃-ဘောဇနေ မတ္တညုတာ ၁-ပါး၊ ၄-ဇာဂရိယာနုယောဂ ၁-ပါး၊ ၅-သူတော်ကောင်းတရား ၇-ပါး၊ ၆-အမှတ်မရှိသော ရူပါဝစရဈာန် ၄-ပါးအားဖြင့် ၁၅-ပါး ဖြစ်၏-ဟုမှတ်။ ။"စတ္တာရိ ဈာနာနီတိ ယာနိ ကာနိစိ စတ္တာရိ ရူပါဝစရဇ္ဈာနာနိ"။ ။မဟာဋီကာ။

## သုဂတော-ဂုဏ်တော်ဘွင့်။

၁၈။ ။သောဘဏံ သုဒ္ဓံ ဂမနံ၊ ယဿ မဂ္ဂေါ သုဘာဒိတော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၁၉။ ။သုန္ဒရံ နိဗ္ဗာနံ ဌာနံ၊ ဥဇုံ ဂစ္ဆတိ ခေမကံ။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၀။ ။သမ္မာ အပစ္စာဂစ္ဆန္တော၊ ဇဟိတေ ပဟီနေ ဂတော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၁။ ။သမ္မာ ဝါ ပဋိပတ္တိယာ၊ အာဂတော ဟိ တမာဝဟော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၂။ ။သမ္မာ ဂဒတိ ဝါစံ၊ ယုတ္တဋ္ဌာနေ စ ယုတ္တကံ။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၃။ ။သောဘဏံ ဂမနံ ယဿ၊ ဝေနေယျူပသင်္ကမနံ။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၄။ ။သမ္မာ ဝါ သကလံ ဒုက္ခံ၊ အာဝဂတော ဝိညာပကော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၅။ ။သမ္မာ သမုဒယသစ္စံ၊ ဂတောထဝါ အတိဘကော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၆။ ။သမ္မာ ဝါ နိရောဓံ ဂတော၊ ဗောဓိမဂ္ဂေ သစ္ဆိကတော။
တေနေသောတိ သုလောကေသု၊ ဝိဿုတော သုဂတော ဇိနော။

၂၇။ ။သမ္ဗာနိရောဂါမိနို့၊ပဋိပ္ပန္နောထဝါ ဂတော။
တောနေသောတီသုလောကေသု၊ဝိသုတောသုဂတောဇိနော။

၂၈။ ။သမ္မာ လောကဿ ဝိညာတာ၊ ဂတော သမ္ဘိ ပစ္စက္ခတော။
ဟတ္ထတလာမလကံဝ၊ တောနေသော သုဂတော ဇိနော။ ။

### ဂုဏ်ဂါထာများ၏အနက်အဓိပ္ပါယ်။

၁၈။ ။ယာသာ၊ အကြင် မြတ်စွာဘုရားသည်။ မဂ္ဂေါ၊ အရိယမဂ်တရားကို။သုဘာဝိတော၊ ပွားများတော်မူအပ်၏။တဿ၊ထိုမြတ်စွာဘုရားအား။သောဘဏံ၊တင့်တယ်သော။သုန္ဒ၊စင်ကြယ်သော။ ဂမနံ၊ မဂ်တည်းဟူသောသွားခြင်းသည်။ အတ္ထိ၊ရှိ၏။တေန၊ ကြောင့်။သောဇိနော၊သည်။တီသုလောကေသု၊တို့၌။သုဂတော၊သုဂတ-ဟူ၍။ဝိသုတော၊၏။

**မှတ်ချက်။** ။ဤဂါထာဖြင့်"သောဘဏံ ဂတံ ယဿာတိ သုဂတော" ဟူသောဝိဂြိုဟ်ကို ပြ၏။ သုဂတ-၌၊ သု-သဒ္ဒါသည် သောဘဏ အနက်ကို ဟော၏။ ဂတ-၌ ဂရုဓာတ်သည်-ဂမန- အနက်ကို ဟော၏-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်။ဝါ၊ အား။ တင့်တယ်စင်ကြယ်သောအရိယာမဂ်တည်းဟူသောသွားခြင်းရှိသောကြောင့် "သုဂတ" မည်တော်မူ၏။ ။ဟူလို။

၁၉။ ။ယောဇိနော၊သည်။သုန္ဒရံ၊ကောင်းသော၊ ခေမကံ၊ဘေးကင်းရာဖြစ်သော။ ဌာနံ၊ နိဗ္ဗာန် တည်းဟူသော အောင်မြေအရပ်သို့။ ဥဇုံ၊ ဖြောင့်စွာ။ဂန္တ္ဝာ၊ကြွသွားတော်မူတတ်၏။တေန၊ကြောင့်။သော ဇိနော၊သည်။တီသုလောကေသု၊တို့၌။သုဂတော၊သုဂတ-မည်တော်မူ၏။

**မှတ်ချက်။** ။ဤဂါထာဖြင့် "သုန္ဒရံ ဌာနံ ဂန္တ္ဝာတိ သုဂတော" ဟူသော ဝိဂြိုဟ်ကိုပြ၏။ ဤ၌၊ သု-သဒ္ဒါသည်၊ သုန္ဒရအနက်ကို ဟော၏။သုဂတ-သဒ္ဒါသည်လည်းကတ္တုသာဓန-ကိတ်ပုဒ်ဟုပြ၏။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ကောင်းမြတ်သော ဘေးအပေါင်း၏ကင်းဝေးရာနိဗ္ဗာန်တည်းဟူသောအောင်မြေအရပ်သို့ ကြွသွားတော်မူတတ်သောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၀။ ။ယောဇနာ။သည်။ သမ္မာ၊ကောင်းစွာ။ ဇဟိတော၊ စွန့်အပ်ပြီးကုန်သော။ ပဟီနေ၊ပယ်အပ်ပြီးကုန်သော။ ကိလေသေ၊ကိလေသာတို့ကို။ အပုနာဂန္တွ္ဗေ၊ တဘန်မဖြစ်စေမူ၍။ ဂတော၊ကြွသွားတော်မူ၏။ တေန၊ ကြောင့်၊ ဧသောဇိနေ၊သည်၊တိသုလောကေသု၊ဘုံ၌။ သုဂတော၊သုဂတ-ဟူ၍။ ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"သမ္မာ ဂတောတိ သုဂတော" ဟူသော ဝိဂ္ဂြဟ်ကိုပြ၏။ ဤ၌ သု-သဒ္ဒါသည်၊ သမ္မာအနက်ကို ဟော၏-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ကောင်းစွာစွန့်အပ်-ပယ်အပ်ပြီးသော ကိလေသာတို့ကို တဘန်မဖြစ်စေမူ၍၊ ကြွသွားတော်မူဘတ်သောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၁။ ။ဝါ။ကား။ ယောဇနာ။သည်။ သမ္မာ၊ကောင်းစွာ။ ဝါ၊အသင့်အားဖြင့်။ဝါ၊မဘောက်မပြန်၊ပဋိပတ္တိယာ၊ဘုရားအဖြစ်သို့ရောက်ကြောင်း၊ ကောင်းမြတ်သော ပဋိပတ်ဖြင့်။ ဟိတမာဝဟော၊ သတ္တဝါတို့၏ အကျိုးစီးပွားကိုသာဆောင်လျက်။ အာဂတော၊ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်းမှ၊ ဗောဓိမဏ္ဍိုင်တိုင်အောင် ကြွလာတော်မူဘတ်၏။ တေန၊ ကြောင့်။ ဧသောဇိနေ၊သည်။ တိသုလောကေသု၊တို့၌။ သုဂတော၊ သုဂတ-ဟူ၍။ ဝိဿုတော၊၏။

မှတ်ချက်။ ၊ ။ဤဂါထာဖြင့် "သမ္မာ အာဂတောတိ သုဂတော" ဟူသောဝိဂ္ဂြဟ်ကိုပြ၏။ ဤ၌ သမ္မာ-သဒ္ဒါသည်၊ သမ္မာ-အနက်, ဉာယ-အနက်, အဝိပရိတအနက်ကိုဟော၏။ သုဂတော-ပုဒ်ကိုလည်း သု-အာဂတော-ဟု ပုဒ်ဖြတ်၊ သု-ရှေး, အာ- ရှေးရှိသော ဂမုဓာတ်-ဟုမှတ်။

အဓိပ္ပါယ်ကား.... မြတ်စွာဘုရားသည်၊ သင့်လျော် လျောက်ပတ်၊ ကောင်းမြတ်သော ပဋိပတ်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှသည်၊မဟာဗောဓိမဏ္ဍိုင်တိုင်အောင်ကြွလာတော်မူဘတ်သောကြောင့် "သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၂။ ။ယောဇနာ။သည်။ သမ္မာ၊ ကောင်းစွာ။ ဝါ၊အသင့်အားဖြင့်။ ဝါ၊ အသင့်ဖြစ်သော။ ဝါစံ၊ စကားကိုလည်း။ ဂဒတိ၊ ဆိုတော်မူဘတ်၏။

ယုတ္တဋ္ဌာနေစ၊သင့်သောအရာ၌လည်း။ ယုတ္တကံ-ယုတ္တကံဧဝ၊ သင့်သည် သာလျှင်ဖြစ်သော။ ဝါစံ၊ကို။ ဂဒတိ၊ ဆိုတော်မူတတ်၏။ တေန၊ ကြောင့်။ ဧသောဗိနေ၊ သည်။ တိသုလောကေသု၊ တို့၌။သုဂတော၊ သုဂတ-ဟူ၍။ ဝိဿုတော၊၏။

ဖွင့်ချက်။ ။ဤဂါထာဖြင့် "သမ္မာ ဂဒတိတိ သုဂတော" ဟူသော ဝိဂြိုဟ်ကိုပြ၏။ဤအလို-သု-ရှေးရှိသော ဂဒ-ဓာတ်၊ သု-သဒ္ဒါကား သုဋ္ဌု-အနက်, ဉာယအနက်ကိုဟော၏။ဂဒ-ဓာတ်ကား၊ ဘာသန အနက်ကိုဟော၏။ဂဒ၌ ဒ-ကို တ-ပြု၍၊သုဂတ-ရုပ်ဖြစ်၏-ဟုမှတ်။

အဓိပ္ပါယ်ကား… မြတ်စွာဘုရားသည်၊ အသင့်အားဖြင့် ကောင်းစွာ ဆိုတော်မူတတ်, သင့်သောအရာ၌ သင့်သောစကားကိုသာ ဆိုတော်မူ တတ်သောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၃။ ။ယသ္မာ၊ အကြင်မြတ်စွာဘုရားအား။ ဝေနေယျပသာကမနံ၊ ကျွတ်ထိုက်ကုန်ပေ၊ ဝေနေဗိုလ်ထု၊ ကပ်ရောက်မှုဟူသော။ သောဘဏံ၊ တင့်တယ်သော၊ ဂမနံ၊ ကြွသွားတော်မူခြင်းသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ကြောင့်။ ဧသောဗိနော၊သည်။ တိသုလောကေသု၊တို့၌။ သုဂတော၊ သုဂတ-ဟူ၍။ဝိဿုတော၊၏။

ဖွင့်ချက်။ ။ဤဂါထာဖြင့်"သောဘဏံ ဂမနံ ယဿာတိ သုဂတော" ဟူသောဝိဂြိုဟ်ကိုပြ၏။ ။(ကြွင်းပေါ် ဗြ)။

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည်၊ ကျွတ်ထိုက်ကုန်သော ဝေနေယျကြွာ၊သတ္တဝါတို့အား တရားရေဖေး တိုက်ကျွေးတော်မူရန် တင့်တယ်စွာ ကြွသွားတော်မူတတ်သောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၄။ ။ဝါ၊ တနည်းကား။ ယောဗိနော၊ သည်။ သမ္မာ၊ ကောင်းစွာ။ သကလံ၊ အလုံးစုံသော။ ဒုက္ခံ၊ဒုက္ခသစ္စာ-ကို။ အဝဂတော-ဝိညာပကော၊ သိတော်မူတတ်၏။တေနကြောင့်။ဧသောဗိနော၊သည်။တိသုလောကေသု၊ တို့၌။သုဂတော၊သုဂတ-ဟူ၍။ဝိဿုတော၊၏။

ဖွင့်ချက်။ ။ဤဂါထာဖြင့် "သမ္မာ ဒုက္ခံ ဂတော-အဝဂတောတိ သုဂတော"ဟူသောဝိဂြိုဟ်ကိုပြ၏။ ဤအလို သုဂတော-ကို သု အာဂတော-ဟုပုဒ်ဖြတ်၊ အာရှေးရှိသော ဂမု-ဓာတ်၊ဉာဏအနက် ဟော-ဟုမှတ်။

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည်၊ ဒုက္ခသစ္စာကို ပိုင်းခြားတိတိ၊ ကောင်းစွာ သိတော်မူတတ်သောကြောင့်"သုဂတ" မည်တော်မူ၏၊ ။ ဟူလို။

၂၅။ ။အထဝါ၊ကား။ ယောဇိနော၊သည်။ သမ္မာ၊ ကောင်းစွာ၊သမုဒယသစ္စံ၊သမုဒယသစ္စာကို။ ဂတော-အတီတော၊ လွန်မြောက်တော်မူ၏။ တေန၊ကြောင့်။ သောဇိနော၊သည်။ တိသုလောကေသု၊တို့၌၊ သုဂတော၊ သုဂတ-ဟူ၍၊ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"သမ္မာ ဂတော-အတီတောတိ သုဂတော" ဟူသော ဝိဂ္ဂြိုဟ်ကိုပြ၏။ ဤအလို-ဂတော၌၊ ဂမု-ဓာတ်သည်၊ အတိက္ကမနအနက်ကိုဟော၏-ဟုမှတ်။

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည် သမုဒယသစ္စာကို အကြွင်းမဲ့ ပယ်တော်မူကာ၊ ကောင်းစွာ လွန်မြောက်တော် မူတတ်သောကြောင့်-"သုဂတ"မည်တော်မူ၏။ ။ဟူလို။

၂၆။ ။ဝါ၊တနည်းသော်ကား။ယောဇိနော၊သည်။ သမ္မာ၊ကောင်းစွာ။ ဗောဓိမဏ္ဍော၊ ဗောဓိမဏ္ဍပ်ဦး၌၊ နိရောဓံ၊နိရောဓ-သစ္စာကို။ ဂတော-သစ္ဆိကတော၊ မျက်မှောက်ပြုတော်မူတတ်၏။ တေန၊ ကြောင့်။ သောဇိနော၊သည်။တိသုလောကေသု၊တို့၌။သုဂတော၊သုဂတ-ဟူ၍။ဝိဿုတော၊၏၊

မှတ်ချက်။ ။ဤဂါထာဖြင့်"သမ္မာ နိရောဓံ ဂတော-သစ္ဆိကတောတိ သုဂတော" ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏၊ ဤအလို- ဂတော ၌ ဂမု-ဓာတ်သည်၊အဘိသမယအနက်ကိုဟော၏။

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည်၊ နိရောဓသစ္စာကို ကောင်းစွာ မယွင်း၊ ထိုးထွင်း၍ သိတော်မူတတ်, မျက်မှောက်ပြုတတ်သောကြောင့် "သုဂတ"မည်တော်မူ၏၊ ။ဟူလို။

၂၇။ ။အထဝါ၊ကား။ ယောဇိနော၊သည်။သမ္မာ၊စွာ။ နိရောဓဂါမိနီ၊ နိဗ္ဗာန်သို့ရောက်ကြောင်း၊ လမ်းကောင်းသဘွယ် ဖြစ်သော မဂ္ဂသစ္စာကို။ ဂတော-ပဋိပန္နော၊ ကျင့်သွားတော်မူတတ်၏၊ဝါ၊ထိုးထွင်း၍သိတော်မူတတ်၏။ တေန၊ ကြောင့်။ သောဇိနော၊ သည်။ တိသုလောကေသု၊ တို့၌။ သုဂတော၊သုဂတ-ဟူ၍၊ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "သမ္မာ နိရောဓဂါမိနိပဋိပဒံ မဂ္ဂသင်္ခါ ဂတော-ပဋိပန္နောတိ သုဂတော"ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။

အဓိပ္ပါယ်ကား.... မြတ်စွာ ဘုရားသည်၊ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းသဘွယ်ဖြစ်သော မဂ္ဂသင်္ခါကို ကောင်းစွာ လျှောက်သွား တော်မူတတ်သောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။ ။

၂၈။ ။ယောဇိနော၊ သည်။ သမ္မာ၊ ကောင်းစွာ။ လောကဿ၊ ဤ လောကဓာတ်ကို။ ဝိညာတံ၊ ကောင်းစွာမသွေ၊ သိတော်မူလေ၏၊ ဟတ္ထ တလာမထကာံဝ၊လက်ဝါးပြင်ဝယ်၊ တင်ကာထားအပ်သော ဇီးဖြူ, ရှစ်ရှား သီးကိုကဲ့သို့။သဗ္ဗံ၊အလုံးစုံသောထိုလောကဓာတ်ကို။ဂတော-ပစ္စက္ခတော၊ အထူးအားဖြင့်မျက်မှောက်ဒိဋ္ဌ၊ သိရှိတော်မူ၏။ တေန၊ကြောင့်။ ဧသော ဇိနော၊ သည်။ တိသုလောကေသု၊ တို့၌။ သုဂတော၊ သုဂတ-ဟူ၍။ ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"သမ္မာ လောကံ ဂတော-ပစ္စက္ခတောတိ သုဂတော"ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။ ။(ကြွင်းပေါ်ပြီ)။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ကောင်းစွာနတ်နှင့်တကွသော လောကကြီးကို၊ ဒိဋ္ဌ, သုတ, မုတအားဖြင့်လည်း သိတော်မူ၏။ဗိတ်အား ဖြင့်လည်း ကောင်းစွာသိရှိတော်မူ၏။လက်ဝါးပေါ်တွင်၊တင်ထားအပ်သော ဇီးဖြူ,ရှစ်ရှားသီးပမာ၊ ဤလောကကြီးကို ကောင်းစွာမျက်မှောက်ဒိဋ္ဌ သိရှိ တော်မူသောကြောင့်"သုဂတ"မည်တော်မူ၏။ ။ဟူလို။

---

## လောကဝိဒူ-ဂုဏ်တော်ဘွင့်။

၂၉။ ။သဗ္ဗလောကေ ဝိဇာနာတိ၊သိလင်္ကေန ဓမ္မေန ဝါ။
တေနေသော တိသု လောကေသု၊လောကဝိဒူတိ ဝိဿုတော။

၂၉။ ။ယောဇိနော၊ သည်။ သိလင်္ကေနဝါ၊ အလေ့အားဖြင့်ရင်း။ ဓမ္မေနဝါ၊ သဘောအားဖြင့်ရင်း။ သဗ္ဗလောကေ၊ အလုံးစုံသော လောက ဓာတ်တို့ကို။ ဝိဇာနာတိ၊ သိတတ်၏။တေန၊ကြောင့်။ ဧသောဇိနော၊သည်။ တိသုလောကေသု၊တို့၌။လောကဝိဒူတိ၊လောကဝိဒူ-ဟူ၍။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"လောကံ ဝိဒတိ-ဇာနာတီတိ လောကဝိဒူ" ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ သတ္တလောက, သင်္ခါရလောက, ဩကာသလောက,တည်းဟူသော လောကသုံးပါးကို၊ ဗိုင်းခြားတိတိ၊ သိရှိတော်မူတတ်သောကြောင့်"လောကဝိဒူ"မည်တော်မူ၏၊ ။ ဟူလို။

---

## အနုတ္တရော ဂုဏ်တော်ဘွင့်။

၃၀။ ။ဘဂဝတာ သဒိသောပိ၊တိလောကေသု န ဝိဇ္ဇတိ။
ကာ ကထာ ဉတ္တရော သတ္တော၊တေနေသောနုတ္တရော ဇိနော။

၃၀။ ။တိလောကေသု၊ သုံးဖြာသောလောကဓာတ်တို့၌။ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒိသောပိ၊ တူသောနတ်,လူ,ဗြဟ္မာ၊ တရုံတယောက်သောသူမျှသည်။ နဝိဇ္ဇတိ၊ မရှိပေ။ ဉတ္တရော၊မြတ်စွာဘုရားထက် ထူးကဲလွန်မြတ်သော။ သတ္တော၊ နတ်,လူ, ဗြဟ္မာ၊တရုံတယောက်သော သတ္တဝါသည်။ ကာ ကထာ၊ အဘယ်မှာ ရှိ၏-ဟုဆိုဖွယ်ပါအံ့နည်း။တေန၊ ကြောင့်။ သော ဇိနော၊သည်။တိသုလောကေသု၊တို့၌။ အနုတ္တရော၊အနုတ္တရ-ဟူ၍။ ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"နတ္ထိ ဉတ္တရော ဧတဿာတိ အနုတ္တရော" ဟူသော ဝိဂြိုဟ်ကိုပြ၏၊ ။ဤအနုတ္တရော-ဟူသော ဂုဏ်တော်သည်၊ ပုရိသဒမ္မသာရထိ-ဂုဏ်တော်နှင့် တပါးတည်း ဖြစ်သော်လည်း၊ အဋ္ဌကထာဆရာများသည်၊ဂုဏ်တော်ကိုခွဲ၍၊ ၂-ပုဒ်ထားကာ ဘွင့်တော်မူသောအတိုင်း၊ဤ၌လည်း၊ ၂-ပုဒ်ခွဲ၍ ဘွင့်ဆိုလိုက်ပါသတည်း။သို့ဖြစ်၍၊ဘုရားဂုဏ်တော် ၁၀-ပါးဖြစ်၏-ဟုမှတ်။

အဓိပ္ပါယ်ကား... မြတ်စွာဘုရားနှင့် သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်,ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်-စသောအားဖြင့် တူသောတရုံတယောက်သောလူ,နတ်,ဗြဟ္မာသတ္တဝါမရှိသောကြောင့်"အနုတ္တရ" မည်တော်မူ၏။ ။ဟူလို။

## ပုရိသဒမ္မသာရထိ-ဂုဏ်တော်ဘွင့်။

၃၁။ ။ဒမိတဗ္ဗေ ပုရိသေ စ၊သမ္မာ သာရေတိ ဈာဒ္ဓိယာ။
တေနေသော ပုရိသဒမ္မ၊သာရထီတိ သုပါကဋော။ ။

၃၁။ ။ယောဇိနော၊သည်။သမ္မာ၊စွာ။ ဒမိတဗ္ဗေ၊ဆုံးမထိုက်,ဆုံးမအပ်ကုန်သော။ ပုရိသေ၊လူယောက်ျား,နတ်ယောက်ျား,တိရစ္ဆာန်ယောက်ျားတို့ကို။ဈာဒ္ဓိယာ၊တန်းခိုးတော်ဖြင့်။သာရေတိ၊ယဉ်ကျေးစေဘတ်၏။ တေန၊ကြောင့်။ ဧသောဇိနော၊ သည်။ တိသုလောကေသု၊ တို့၌။ ပုရိသဒမ္မသာရထီတိ၊ ပုရိသဒမ္မသာရထိ-ဟူ၍။သုပါကဋော၊ ကောင်းစွာမသေ့၊ ထင်ရှားကျော်စောလေသတည်း။

မှတ်ချက်။ ။ဤဂါထာဖြင့် "ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ"ဟူသော ဝိဂြိုဟ်ကိုပြ၏။ ပုရိသဒမ္မ-ပုဒ်ကိုကား၊ "ဒမိတဗ္ဗာတိ ဒမ္မာ။ဒမ္မာ စ တေ ပုရိသာစာတိ ပုရိသဒမ္မာ"ဟု ဝိဂြိုဟ်ဝစနတ်၊ ပြုအပ်၏။ သာရထိ-ပုဒ်ကား-သရ-ဓာတ်၊ ထိ-ပစ္စည်း၊ ရုရောဒိရုပ်ဖြစ်၍၊သာရထိဟု-သ-၌အာဒိဝဍ္ဍရောက်၏-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ သစ္စကနိဂဏ္ဌပုတ္တ, အင်္ဂုလိမာလ-စသော လူယောက်ျား၊ ဗကဗြဟ္မာ- စသော နတ်ယောက်ျား၊ အပလာလ-နဂါးမင်း, စူဠောဒရနဂါးမင်း, ဓနပါလဆင်စသော တိရစ္ဆာန်ယောက်ျားတည်းဟူသော မယဉ်ကျေးကုန်သောသုမ္မခြင်းငှာ ထိုက်ကုန်သောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သောကြောင့် "ပုရိသ ဒမ္မ သာရထိ"မည်တော်မူ၏။ ။ဟူလို။

---

## သတ္ထာဒေဝမနုဿာနံ-ဂုဏ်တော်ဘွင့်။

၃၂။ ။သတ္ထာ ဝိယ နိတ္ထာရေတိ၊ဇာတိကန္တာရမာဒိတော။
သဗ္ဗေ ဒေဝမနုဿေ စ၊သမ္မာ တာရေတိ ဒုက္ခတော။
တေနေသော စ သတ္ထာဒေဝ၊မနုဿာနန္တိ ပါကဋော။ ။

၃၂။ ။ယောဇိနော၊သည်။သတ္ထာဝိယ၊လှည်းကုန်သည်မှူးကြီးကဲ့သို့။ ဇာတိကန္တာရမာဒိတော၊ဇာတိကန္တာရ,ဇရာကန္တာရစသော။ဒုက္ခတော။ ဒုက္ခအပေါင်းမှ။ သဗ္ဗေ၊အလုံးစုံကုန်သော။ဒေဝမနုဿေ၊ နတ်,လူ,ဗြဟ္မာ၊

သတ္တဝါတို့ကို။သမ္မာ၊စွာ။တာရေတိ၊ဘေးကင်းရာမှန်၊မြို့နိဗ္ဗာန်သို့၊လျှင်မြန်ထုတ်ခြောက်၊ ကူးမြောက် ကယ်တင်တော်မူတတ်၏။ တေနစ၊ ကြောင့်လည်း။ဝေသာဖိနော၊သည်။တိသုလောကေသု၊တို့၌။ သတ္တာဒေဝမနုဿာနံ၊ သတ္တာဒေဝမနုဿာနံ-ဟူ၍။ပါကဋော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"သတ္ထာ ဝိယ သတ္ထာ"ဟူသောဝိဂြိုဟ်ကိုပြ၏။ထိုမှတပါး၊ သတ္ထာ-ပုဒ်ကို"ဒိဋ္ဌဓမ္မိကသမ္ပရာယိက ပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ"ဟုလည်း အဋ္ဌကထာဆရာ၊ဝိဂြိုဟ်ဝစနတ်၊မိန့်တော်မူအပ်သေး၏။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ပစ္စုပ္ပန်၌ဖြစ်သော အကျိုး, တမလွန်၌ဖြစ်သော အကျိုး,မြတ်သောနိဗ္ဗာန်အကျိုးတို့ကို၊မိမိတို့ရထိုက်, ခံစားထိုက်သော အကျိုးအားလျော်စွာ ဆုံးမတတ်သောကြောင့်"သတ္ထာဒေဝမနုဿာနံ"မည်တော်မူ၏။ ။တနည်း....လှည်းကုန်သည် မှူးသည်၊ လှည်းကုန်သည်ငယ်သားတို့ကို၊ စောရကန္တာရ, ဝါဠကန္တာရ, ဒုဗ္ဘိက္ခကန္တာရ, နိရုဒကကန္တာရတို့မှ ဖြေချမ်းသာစွာ လွန်မြောက်စေသကဲ့သို့၊ ထို့အတူ လှည်းမှူးကြီးသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း၊နတ်,လူ,ပြဟ္မာသတ္တဝါတို့ကို ဇာတိကန္တာရ,ဇရာကန္တာရ စသော ဒုက္ခအပေါင်းမှ၊ကောင်းစွာလွတ်မြောက်စေ၍၊ ဘေးကင်းရာမှန်၊ မြို့နိဗ္ဗာန်သို့ပို့ဆောင်ကယ်တင်တော်မူတတ်သောကြောင့် "သတ္ထာဒေဝမနုဿာနံ"မည်တော်မူ၏။ ။ဟူလို။

---

### ဗုဒ္ဓေါ-ဂုဏ်တော်ဘွင့်။

၃၃။ ။ဗုဇ္ဈတိ သဗ္ဗဓမ္မေ စ၊ဉေယျာဒိကေ ဉေယျာဒိတော။
တေနေသော တိသု လောကေသု၊ဗုဒ္ဓေါတိဝိဿုတောဖိနော။
၃၄။ ။ဗောဓေသိ ဝေနေယျဇနေ၊ပါရမိဓမ္မပူရိတော။
တေနေသော တိသု လောကေသု၊ဗုဒ္ဓေါဟိ ဝိဿုတောဖိနော။
၃၅။ ။ဝိကာသတိ ပဒုမောဝ၊ဗုဇ္ဈတိ ဝဏ္ဏရံသိယာ။
တေနေသော တိသု လောကေသု၊ဗုဒ္ဓေါတိဝိဿုတောဖိနော။
၃၆။ ။နိဒ္ဒက္ခယာက ဝိဗုဒ္ဓေါ၊ပုရိသောဝိယ ဗုဒ္ဓကော။
သဗ္ဗကိလေသနိဒ္ဒါယ၊တေနေသော ဝိဿုတော ဗုဒ္ဓေါ။ ။

၃၇။ ။ကောယနံ သုဟာဇုကာံ၊မဂ္ဂံ ဂန္တွတိ ရုံသိယာ။
တေနေသော တိသုလောကေသု၊ဗုဒ္ဓေါတိ ဝိသုတောဇိနော။
၃၈။ ။သမ္မာသမ္ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ပဒါနံ ကာ ဝိသေသတာ။
ဒွိပဒေသု ဟိ ကေဝေဋ္ဌာ၊ဗုဓောတုသမာနတော။ ။
၃၉။ ။ပုရိမေန စတုသစ္စံ၊ဝဗောဓကော သုဒိပိတော။
ပစ္ဆိမေန တု သေသကာံ၊ဉေယျံ အပရိနဋ္ဌကာံ။ ။
၄၀။ ။ပုရိမေနာထဝါ သတ္တု၊ပဋိဝေဓော ပကာသိတော။
ပစ္ဆိမေန တု ဒေသနာ၊ဉာဏာနုဘာဝဒိပနာတိ။ ။

## ဂုဏ်ဂါထာများ၏အနက်အဓိပ္ပါယ်။

၃၃။ ။စ၊သတ္တာ ဒေဝမနုဿာနံ ဂုဏ်တော်မှတပါး၊ဗုဒ္ဓဂုဏ်တော်ကိုဆိုဦးအံ့။ယောဇိနော၊သည်။ ဉေယျာဒိကော၊ ဉေယျတရားငါးပါးအစရှိကုန်သော။ သဗ္ဗဓမ္မေ၊အလုံးစုံသောတရားတို့ကို။ ဗုဇ္ဈတိ၊သိတော်မူတတ်၏။တေန၊ကြောင့်။ သောဇိနော၊သည်။ တိသုလောကေသု၊တို့၌။ဗုဒ္ဓေါတိ၊ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "သဗ္ဗဓမ္မေ ဗုဇ္ဈတိတိ ဗုဒ္ဓေါ" ဟူသော ဝိဂြိုဟ်ကိုပြ၏။ ။(ကြွင်းပေါ်ပြီ)။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော တရားတို့ကို သိတော်မူတတ်သောကြောင့် "ဗုဒ္ဓ" မည်တော်မူ၏။ ။ ဟူလို။ ။

၃၄။ ။ယောဇိနော၊ သည်။ ပါရမိဓမ္မပူရိတော၊ ပါရမီတရားပြည့်စုံကုန်သော။ဝေနေယျဇနေ၊ဝေနေယျသတ္တဝါတို့ကို။ ဗောဓေသိ၊သိစေတော်မူပြီ။ တေန၊ ကြောင့်။ သော ဇိနော၊ သည်။ တိသု လောကေသု၊ တို့၌။ ဗုဒ္ဓေါတိ၊ဗုဒ္ဓ-ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "သဗ္ဗေ ဝေနေယျဇနေ ဗောဓေသိတိ ဗုဒ္ဓေါ"ဟူသော ဟေတုကတ္တုသာဓ်ဝိဂြိုဟ်ကိုပြ၏။

အဓိပ္ပါယ်ကား ....မြတ်စွာ ဘုရားသည်၊ ပါရမီ ပြည့်စုံကုန်သော ဝေနေယျသတ္တဝါတို့ကို၊ သစ္စာလေးပါးတရားထူးကို သိစေတော်မူတတ်သောကြောင့်"ဗုဒ္ဓ"မည်တော်မူ၏။ ။ဟူလို။

၃၅။ ။ယောဇိနော၊သည်။ပဒုမော၊ပဒုမာကြာသည်။ ဝဏ္ဏရံသိယာ၊ အရောင်အဆင်း လှပတင့်တယ်ခြင်းဖြင့်၊ ဝိကသတိဗုဝ၊ ကားကား စွင့်စွင့်၊ ပွင့်သကဲ့သို့။ ဗုဇ္ဈတိ-ဝိကသတိ၊ ဉာဏ်ရောင်အလင်း၊ ပြောင်ပြောင်ဝင်း၍၊ ထိုးထွင်းအသင့်၊ပွင့်တော်မူတတ်၏။ တေန၊ကြောင့်။သော ဇိနော၊သည်။တိသုလောကေသု၊တို့၌။ဗုဒ္ဓေါတိ၊ဗုဒ္ဓ ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် “ပဒုမော ဗုဝ ဗုဇ္ဈတိ- ဝိကသတီတိ ဗုဒ္ဓေါ”ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။ ဤအလို-ဗုဓ-ဓာတ်၊ ဝိကသနတ္ထ ဝါစီ-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊အလွန်လျှင်လှပတင့်တယ်စွာသော အရောင်အဆင်းဖြင့် ပွင့်သောပဒုမာကြာကဲ့သို့၊ ပွင့်တော်မူတတ်သောကြောင့်“ဗုဒ္ဓ”မည်တော်မူ၏။ ။ဟူလို။

၃၆။ ။ယောဇိနော၊ သည်။ နိဒ္ဒက္ခယကာဝိဗုဒ္ဓေါ၊ အိပ်ပျော်ခြင်းမှ နိုးကြားသော။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့၊ သင်္ကိလေသနိဒ္ဒါယ၊ အလုံးစုံသော ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ။ ဗုဒ္ဓေါ၊ နိုးကြားတော်မူတတ်၏၊ တေန၊ ကြောင့်။ သောဇိနော၊ သည်။ တိသု လောကေသု၊တို့၌။ဗုဒ္ဓေါ၊ဗုဒ္ဓ-ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် “သင်္ကိလေသာ နိဒ္ဒါယ ဗုဇ္ဈတီတိ ဗုဒ္ဓေါ”ဟူသောဝိဂ္ဂြိုဟ်ကိုပြ၏။ဤအလို၊ဗုဓ-ဓာတ်၊ ဇာဂရဏအနက် ဟော-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ အရုဏ်ရောင်ဝင်း၊ရှိုးလင်း လတ်သော်၊အိပ်ပျော်ခြင်းမှ နိုးလာသောယောကျ်ားကဲ့သို့၊ အလုံးစုံသော ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားတော်မူတတ်သော ကြောင့်“ဗုဒ္ဓ”မည်တော်မူ၏။ ။ဟူလို။

၃၇။ ။ယောဇိနော၊ သည်။ ဧကောယနံ၊ တကြောင်းတည်းသော။ သုဟာဇုကံ၊ ကောင်းကောင်းဖြောင့်သော။ မဂ္ဂံ၊ နိဗ္ဗာန်ခရီးသို့၊ ရံသိယာ၊ တရားတော်မြတ်၊ အရောင်ဓာတ်ဖြင့်၊ ဂန္တတံ၊ ကြွသွားတော်မူတတ်၏။ တေန၊ကြောင့်။သောဇိနော၊သည်။တိသုလောကေသု၊တို့၌။ဗုဒ္ဓေါတိ၊ဗုဒ္ဓ- ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်“ကောယနမဂ္ဂံ ဗုဇ္ဈာဘိ-ဂန္တတိတိ ဗုဒ္ဓေါ” ဟူသောဝိဂြိုဟ်ကိုပြ၏၊ဤအလို၊ဗုဓ-ဓာတ်ဂတျတ္ထ၁ါ်စိ-မှတ်၊

အဓိပ္ပါယ်ကား….မြတ်စွာဘုရားသည်၊ တကြောင်းတည်းသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖြောင့်စွာသော ခရီးလမ်းကြောင်းသို့ သျှောက်သွားကြွလှမ်းတော်မူတတ်သောကြောင့်“ဗုဒ္ဓ”မည်တော်မူ၏။ ။ဟူလို။

၃၇။ ။သမ္မာသမ္ဗုဒ္ဓေါ, ဗုဒ္ဓေါတိပဒါနံ၊သမ္မာသမ္ဗုဒ္ဓေါ-ပုဒ်၊ ဗုဒ္ဓေါ-ပုဒ်တို့၏။ဝိသေသတာ၊ထူးခြားကွဲလွဲသည်၏ အဖြစ်ကား။ကာ၊အဘယ်သို့ ပါနည်းဟူမူ။ ကသ္မာ၊ အဘယ့်ကြောင့် မေးရပါသနည်းဟူမူ။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ဣပဒေသု၊ ထိုသမ္မာသမ္ဗုဒ္ဓ-ပုဒ်၊ ဗုဒ္ဓ-ပုဒ်တို့၌။ ဗုဓဓာတု သမာနတော၊ဗုဓ-ဓာတ်ချည်းတူသည်၏အဖြစ်ကြောင့်။ကေဝလာ၊အနက်တခုတည်းသာ။ဝါ၊တူသောအနက်ရှိသည်။ဟောတိ၊၏။တသ္မာ၊ထို့ကြောင့်တည်း။

မှတ်ချက်။ ။ဤဂါထာဖြင့်“သမ္မာသမ္ဗုဒ္ဓ ပုဒ်၊ဗုဒ္ဓ”ပုဒ်-၂-ပုဒ်တို့သည်၊ ဓာတ်ကိုစစ်လိုက်သော် ဗုဓ ဓာတ်ချည်းသာဖြစ်၍၊ အနက်မထူးခြားသင့်ပါဘဲ၊ အဘယ့်ကြောင့် ၂-ပုဒ်ခွဲ၍ ဂုဏ်တော် ပုဒ်ကို ထုတ်ဆိုထားအပ်ပါသနည်း-ဟူသောအမေးကိုပြ၏။

၃၉။ ။ပုရိမေန၊ရှေး-သမ္မာသမ္ဗုဒ္ဓ-ပုဒ်ဖြင့်။ စတုသစ္စာဝဗောဓကော၊ သစ္စာလေးပါးကို ထိုးထွင်း၍သိမှုကို။ သူဒီပိတော၊ ကောင်းစွာပြအပ်၏။ ပစ္ဆိမေနတု၊ နောက်ဗုဒ္ဓ-ပုဒ်ဖြင့်ကား။ သေသကံ၊ ကြွင်းကျန်သမျှသော။ အပရိနိဋ္ဌကံ၊ အတိုင်းမသိသော။ ဉေယျံ၊ ဉေယျတရား မှန်သမျှကို။ သုဒီပိတံ၊ကောင်းစွာပြအပ်၏။

မှတ်ချက်။ ။ဤဂါထာအရ၊ သမ္မာသမ္ဗုဒ္ဓ- ပုဒ်ဖြင့် သစ္စာလေးပါးတရားကို သိမြင်မှုကိုပြ၏။နောက်ဗုဒ္ဓ-ပုဒ်ဖြင့်ကား၊သစ္စာလေးပါးမှ ကြွင်းသော ကြွင်းမဲ့ဥဿုံ၊အလုံးစုံသော ဉေယျတရားမှန်သမျှကို သိမြင်မှုကိုပြ၏။ဤသို့ထူး၏။ ။ဟူလို။

၄၀။ ။အထဝါ၊တနည်းသော်ကား။ ပုရိမေန၊ဖြင့်။သတ္ထုပဋိဝေဓော၊ မြတ်စွာဘုရား၏ ပဋိဝေဓဉာဏ်၏အာနုဘော်ကို။ပကာသိတော၊ပြအပ်၏။ ပစ္ဆိမေနတု၊ ဖြင့်ကား။ ဒေသနာဉာဏာနုဘာဝဒီပနာ၊ ဒေသနာဉာဏ်၏ အာနုဘော်ကိုပြခြင်းသည်။ဟောတိ၊၏။ဣတိ၊ဤသို့သိလေ။

မှတ်ချက်။ ။ဤဂါထာအရ၊တနည်းအားဖြင့်ရှေးသမ္မာသမ္ဗုဒ္ဓ-ပုဒ်ဖြင့်
ဖြတ်စွာဘုရား၏ပဋိဝေဓဉာဏ်၏ အာနုဘော်ကိုပြ၏။နောက်ဗုဒ္ဓ-
ပုဒ်ဖြင့် ဒေသနာဉာဏ်၏ အာနုဘော်ကိုပြ၏။ ။ဟူလို။

---

## ဘဂဝါ ဂုဏ်တော်ဘွင့်။

၄၁။ ။ဈာသဂိယာဒိပ္ပဘေဒေါ၊ဘဂေါ ယဿ သုဝိဇ္ဇတိ။
တေနေသော တိသု လောကေသု၊ဝိဿုတော ဘဂဝါ ဇိနော။

၄၂။ ။လောကိယလောကုတ္တရဘေဒေ၊ ဓမ္မေ ပန္နာဒိရညကော။
ဘဇိ၊သေဝိ၊သိလကေန၊တေနေသော ဘဂဝါ ဇိနော။ ။

၄၃။ ။စတုပ္ပတ္တယဂိမုတ္တိ၊ရသာဒိဘာဂေါ ဝိဇ္ဇတိ။
ယဿ ဗုဒ္ဓဿ တေနေသော၊ဝိဿုတော ဘဂဝါ ဇိနော။ ။

၄၄။ ။ဓမ္မမာလံ ဓမ္မရတနံ၊အာဒါသိ သတ္တာနုရူပံ။
ဝိဘဇိတွာန တေနေသော၊ ဝိဿုတော ဘဂဝါ ဇိနော။ ။

၄၅။ ။ရာဂါဒိပါပကံ သဗ္ဗံ၊ဘဂ္ဂမာကာသိ လာမကံ။
တေနေသော တိသု လောကေသု၊ဝိဿုတော ဘဂဝါ ဇိနော။

၄၆။ ။သဒေဝကာနံ လောကာနံ၊ မာနိတော ပူဇိတော ဂရု။
ယေနေသော တိသု လောကေသု၊ဝိဿုတော ဘဂဝါ ဇိနော။

၄၇။ ။ဘာဂျံ ဝါ ပါရသမ္ပတ္တံ၊ကုသလံ သုခနိဗ္ဗတ္တကံ။
ယဿ ဝိဇ္ဇတိ တေနေသော၊ဝိဿုတော ဘဂဝါ ဇိနော။ ။

၄၈။ ။ဗဟူဟိ ဘာဝနာဒိဟိ၊သဘာဝေါ ယဿ ဘာဝိတော။
တေနေသော တိသု လောကေသု၊ဝိဿုတော ဘဂဝါ ဇိနော။

၄၉။ ။ဘဝါနမန္တံ နိဗ္ဗာနံ၊သမ္မာ ဂန္တွတိ ခေမကံ၊
ဘေနေသော တိသု လောကေသု၊ဝိဿုတော ဘဂဝါ ဇိနော။

၅၀။ ။တဏှာသင်္ခါဘဂမနံ၊ဝန္တံ တိသု ဘဝေသု ဝါ။
တေနေသော တိသု လောကေသု၊ ဝိဿုတော ဘဂဝါ
ဇိနောတိ။ ။

## ၎င်းဂါထာများ၏အနက်အဓိပ္ပါယ်။

၄၁။ ။ယဿ၊အကြင်မြတ်စွာဘုရားအား။ ဈာသဂိယာဒိပ္ပဘေဒေါ၊
ဈာသဂိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တ-အပြားရှိသော။ ဘဂေါ၊

ဘုန်းတော်သည်။ သုဝိဇ္ဇတိ၊ ကောင်းစွာမသွေ၊ ထင်ရှားရှိတော်မူလေ၏။ တေန၊ကြောင့်။ ဧသောဖိနေ့ာ၊ သည်။ တိဿ လောကေသု၊တို့၌၊ ဘဂဝါ၊ ဘဂဝါ-ဟူ၍။ဝိဿုံတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ဘဂေါ ယသဿ အတ္ထိဘိ ဘဂဝါ" ဟူသောဝိဂ္ဂြုဟ်ကိုပြ၏။ ဤ၌ ဘဂ-အရ ဘုန်းတော်ခြောက်ပါး ဟူသော်ကား၊ ၁-ဣဿရိယဘုန်းတော်၊ ၂-ဓမ္မဘုန်းတော်၊ ၃-ယသဘုန်းတော်၊ ၄-သိရိဘုန်းတော်၊ ၅-ကာမဘုန်းတော်၊ ၆-ပယတ္တဘုန်းတော်။ ဤခြောက်ပါးတို့တည်း။ ၁-မိမိစိတ်တော်ကို အလိုရှိသလိုထားနိုင်မှု-ဟူသောအစိုးရခြင်းသည်၎င်း၊တန်းခိုးဘန် ဆင်းနိုင်ခြင်းစသည်သည်၎င်း-ဣဿရိယမည်၏။ ၂-လောကုတ္တရာ တရားကိုးပါးသည်-ဓမ္မမည်၏။ ၃-လောကသုံးပါး၌ပြန့်နှံ့ကျော်စော ခြင်းသည်-ယသမည်၏။ ၄-ကိုယ်တော်မြတ်၏အတုမရှိသောတင့် တယ်ခြင်းကြက်သရေသည်-သိရိမည်၏။ ၅-အလိုအတိုင်းပြည့်စုံ မှုသည်-ကာမမည်၏။ ၆-သမ္မာဝါယာမလုံ့လတော်သည်-ပယတ္တ မည်၏-ဟုမှတ်။

အဓိပ္ပါယ်ကား.... မြတ်စွာဘုရားသည်၊ ဣဿရိယ- အစရှိသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်"ဘဂဝါ"မည်တော် မူ၏။ ။ဟူလို။

၄၂။ ။ယောဖိနေ့ာ၊သည်။လောကိယလောကုတ္တရဘေဒေ၊လောကီ လောကုတ္တရာအပြားရှိကုန်သော။ဓမ္မေစ၊ ဥတ္တရိမနုဿဓမ္မစသော တရား တို့ကို၎င်း။အရညကေ၊တော၌ဖြစ်ကုန်သော။ပန္တာဒိ၊ ဆိတ်ငြိမ်ဝေးခြ၊ အစွန် ကျသော ကျောင်းတို့ကို၎င်း။ ဘိလကေန၊ အလေ့အစားဖြင့်။ ဘဇိ-သေဝိ၊ မှီဝဲတော်မူပြီ။ တေန၊ ကြောင့်။ ဧသောဖိနေ့ာ၊ သည်။ တိဿလောကေသု၊ တို့၌။ဘဂဝါ၊ဘဂဝါ-ဟူ၍။ဝိဿုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ဘဇေ ဝနိ ဘဇိ သိလေနာတိ ဘဂဝါ" ဟူသော ဝိဂ္ဂြုဟ်ကိုပြ၏။ ဘဇေ၊ဘဂ-မည်သော လောကီ, လော ကုတ္တရာတရားစသည်တို့ကို။ သိလေန၊အလေ့အစားဖြင့်။ဝနိ-ဘဇိ၊ မှီဝဲတော်မူတတ်၏-ဟုပေး။ ။ဤအလို ဘဂ-သဒ္ဒါပ ပဒ-ဝနှ ဓာတ်-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ဒိဗ္ဗဝိဟာရ, ဗြဟ္မဝိဟာရ, အရိယ ဝိဟာရတရားတို့ကိုရင်း။ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိ ဝိဝေကတရားတို့ကိုရင်း၊ သုညတဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ,အနိမိတ္တဝိမောက္ခတရားတို့ကိုရင်း၊ ထိုမှတပါး လောကီလောကုတ္တရာဖြစ်ကုန်သော လောကုတ္တရာတရားကိုးပါးတို့ကိုရင်းမှီဝဲတော်မူဘတ်၏၊ထိုမှတပါး၊ လူသံကင်းပ၊မြေကြည်လင်၊သူတော်စင်တို့၊ကြည့်ရှုင်ရိုးအောင်းရာ၊ တောကျောင်းဝိဟာရ၌သာ၊ ငါးဖြာသောဃာပထဖြင့် မျှဘရှင်ပြုး၊ သိတင်းသုံးတော်မူတတ်၏။ထိုကြောင့်လည်း"ဘဂဝါ"မည်တော်မူ၏။ ။ဟူလို၊

၄၃။ ။ဗုဒ္ဓသ၊သစ္စာလေးထန်၊ဉာဏ်ယျခမ်းကို၊ကောန်တိတိ၊ပိုင်းခြား၍ သိတော်မူတတ်သော။ ယဿ၊ အကြင်မြတ်စွာဘုရားအား။ စတုပ္ပဋ္ဌယ ဝိမုတ္တိရသာဒိဘာဂေါ၊ သက်န်းစသောပစ္စည်းလေးပါး၊ အတ္ထရသစသော သီလစသောဂုဏ်အဘို့သည်။ ပဝ္ဘတိ၊ရှိတော်မူ၏။တေန၊ ကြောင့်။သော ဖိနော၊သည်။တိသုလောကေသု၊တို့၌။ဘဂဝါ၊ဘဂဝါ-ဟူ၍။ဝိဿုတော၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ဘာဂေါ တေဿ အတ္ထိတိ ဘဂဝါ" ဟူသောဝိဂြိုဟ်ကိုပြ၏။ ဤအလို ဘာဂ-ပုဒ်၊ဝန္တုပစ္စည်း။ဘာ-၏ အာကိုအရဿပြု၏-ဟုမှတ်။

အဓိပ္ပါယ်ကား....အကြင် မြတ်စွာဘုရားသည်၊ သက်န်း, ဆွမ်း, ကျောင်း,ဆေးဖြစ်သော လေးပါးသောပစ္စည်းတည်းဟူသောအဘို့၊ အတ္ထ ရသ, ဓမ္မရသ,ဝိမုတ္တိရသ, အဓိသီလ,အဓိစိတ္တ, အဓိပညာ-စသောအဘို့ ရှိတော်မူသောကြောင့်"ဘဂဝါ"မည်တော်မူ၏။ ။ဟူလို။

၄၄။ ။ယောဖိနော၊ သည်။ ဓမ္မမာလံ၊ တရားတော်တည်းဟူသော ပန်းကို။ ဓမ္မရတနံ၊ တရားတော်တည်းဟူသော ရတနာကို။ သတ္တာနံ့ရှုပ်၊ သတ္တဝါဝေနေသျှအားလျှော်စွာ။ ဝိဘဇိတွာန၊ ခွဲခြမ်းဝေဘန်၍။ အဒါသိ၊ ပေးဝေတော်မူဘတ်၏။ တေန၊ကြောင့်။ သောဖိနော၊သည်။ တိသု လောကေသု၊တို့၌။ဘဂဝါ၊ဘဂဝါ-ဟူ၍ ဝိဿုတော၏။

မှတ်ချက်။ ။ဤဂါထာဖြင့်"ဝိဘတ္တဝါ ဝိဘဇိတွာ ဓမ္မရတနံ ဒေတီတိ ဘတ္တဝါ"ဟူသော ဝိဂြိုဟ်ကိုပြ၏။ ဤအလို၊ ဘဇ-ဓာတ်,တဝန္တု ပစ္စည်း၊ဘဇ-ဓာတ်သည် ဝိဘတ္တနတ္တဝါစီဘည်း။ ဘတ္တဝါ-ဟုဆို လိုလျက်၊တ္တ-ကို ဂ-ပြု၍ ဘဂဝါ-ဟုပြီး၏-ဟုမှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ဝေနေယျကြွား၊သတ္တဝါတို့အား ကျွတ်ထိုက်သည့်အား လျော်သော တရားထူးရတနာကို ပေးဝေတော်မူတတ်,ခွဲခြမ်းဝေဘန်၍၊ ဟောကြားတော်မူတတ်သောကြောင့်"ဘဂဝါ" မည်တော်မူ၏။ ။ဟူလို၊

၄၅။ ။ယောဗ္ဗိနေ့၊သည်။ သဗ္ဗံ၊အလုံးစုံသော။ လာမကံ၊ ယုတ်မာသော။ရာဂါဒိပါပကံ၊ရာဂ-အစရှိသောအကုသိုလ်တရားအပေါင်းကို။ဘဂ္ဂံ၊ ပျက်ဆီးခြင်းကို။ အကာသိ၊ ပြုတော်မူတတ်၏။ တေန၊ ကြောင့်။ ဧသော ဗ္ဗိနေ့၊သည်။ တိသုလောကေသု၊တို့၌။ ဘဂဝါ၊ ဘဂဝါ-ဟူ၍။ဝိဿုတော၊ ၏။

ဓှတ်ချက်။ ။ဤဂါထာဖြင့်"ဘဂ္ဂတဗ္ဗောတိ ဘဂ္ဂေါ၊ရာဂါဒိ ပါပကော အကုသလောဘဂ္ဂေါ ဧတဿအတ္ထီတိ ဘဂ္ဂဝါ"ဟူသောဝိဂြိုဟ်ကို ပြ၏။ ဤအလို တဒ္ဓိတ်ပုဒ်၊ ဝဏ္ဏ,ပစ္စည်းတည်း။ ဘဂ္ဂဝါ-ဟုဆိုလိုလျက်၊ ဂ္ဂ-နှစ်လုံးတွင် တလုံးကိုချေ၍၊ "ဘဂဝါ"ဟု ရုပ်ပြီး၏-ဟု မှတ်။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ရာဂ,ဒေါသ-စသော ယုတ်မာသော အကုသိုလ်တရားအပေါင်းကို၊ထောင်းထောင်းညက်ညက်၊ဖျက်ဆီးတော်မူတတ်သောကြောင့်"ဘဂဝါ"မည်တော်မူ၏။ ။ဟူလို။

၄၆။ ။ယောဗ္ဗိနေ့၊ အကြင် မြတ်စွာဘုရားသည်။ဝါ၊ ကို။ သဒေဝကာနံ၊နတ်နှင့်တကွကုန်သော။လောကာနံ၊လူအပေါင်းတို့သည်။မာနိတော၊ မြတ်နိုးအပ်၏။ ပူဇိတော၊ ပူဇော်အပ်၏။ဝါ၊ ပူဇော်အပ်သောကြောင့်။ ဂရု၊ ဂရု-မည်တော်မူ၏။ တေန၊ ကြောင့်။ ဧသောဗ္ဗိနေ့၊ သည်။ တိသုလောကေသု၊တို့၌။ဘဂဝါ၊ဘဂဝါ-ဟူ၍။ဝိဿုတော၊၏။

ဓှတ်ချက်။ ။ဤဂါထာဖြင့်၊ ဘဂဝါ-ဟူသော အမည်တော်သည်၊ ဥတ္တမအနက်, ဂရုဂါရဝအနက်ကို ဟောသော ဂုဏနေမိတ္တကနာမ်ပုဒ်-ဟူသောအနက်ကိုပြ၏။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊သီလအစရှိသော ဂုဏ်တို့ဖြင့် ထူးကဲသာလွန်သည်ဖြစ်၍၊အလုံးစုံသောသတ္တဝါတို့၏ ပူဇော်အပ်,မြတ်နိုးအပ်,ကျောက်ထီးကဲ့သို့ အလေးပြုအပ်,သောကြောင့် "ဘဂဝါ"မည်တော်မူ၏။ ။ဟူလို။

၄၇။ ။ဝါ၊တနည်းကား၊၊ယသသဖိနသေ၊အား။ ပါရသမ္ဘတ္တံ၊ဒါန,သီလအစ ရှိသော အထွတ်သို့ရောက်သော။ သုခနိဗ္ဗတ္တကံ၊ လောကီ, လောကုတ္တရာ သုခချမ်းသာကို ဖြစ်စေနိုင်သော။ ဘာဂျံ- ကုသလံ၊ ကုသိုလ်ကံသည်။ ဝိဇ္ဇတိ၊ရှိတော်မူ၏၊တေန၊ကြောင့်၊ဧသော ဒိနော၊သည် တိသုလောကေသု၊ တို့၌၊ဘဂဝါ၊ဘဂဝါ ဟူ၍၊ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်“ဘာဂျံ-ကုသလံဘေသအတ္ထိတိဘဂဝါ” ဟူသောဝိဂြိုဟ်ကိုပြ၏၊ဤအလို-ဘာဂျဝါ-ဟုဆိုလိုလျက်၊ဘာ-၏ အာကို အရဿပြု၊ဂျ-၏ ယ-ကိုချေ၍၊ ဘဂဝါ ဟု ရုပ်ဖြစ်၏-ဟု မှတ်။

အဓိပ္ပါယ်ကား ...မြတ်စွာဘုရားသည်၊ ဒါန,သီလစသော အထွတ် အထိပ်သို့ရောက်သော လောကီချမ်းသာသုခ,လောကုတ္တရာချမ်းသာသုခ ကို ဖြစ်စေတတ်သော ကုသိုလ်တော်ရှိသည်၏ အဖြစ်ကြောင့် “ဘဂဝါ” မည်တော်မူ၏၊ ။ဟူလို

၄၈။ ။ယသသဖိနသေ၊အား။ဗဟုဟိ၊များစွာကုန်သော၊ဘာဝနာဒိဟိ၊ ကာယဘာဝနာ အစရှိကုန်သော များစွာသော ဘာဝနာအစဉ်တို့ဖြင့်။ ဘာဝိတော၊ပွားများအပ်သော။သဘာဝေါ၊ သဘောတော်သည်။အတ္ထိ၊၏။ တေန၊ ကြောင့်။ ဧသောဖိနော၊သည်။ တိသု လောကေသု၊တို့၌၊ ဘဂဝါ၊ ဘဂဝါ-ဟူ၍၊ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့်“ဘာဝိတော ဘာဝေါ ယဿာတိဘဂဝါ” ဟူသောဝိဂြိုဟ်ကိုပြ၏။ ဤအလို၊ ဘာဝိတဘာဝ ဟုဆိုလိုလျက်၊ နိရုတ္တိနည်းအားဖြင့် ဘာဝိတ-ဝ ယ်၊ဝိတ-ကိုချေ၍၊ဘာ-၏အာကို အ-ရဿပြု၍၊ဘ-ကိုဂ ပြု၍၊ဘဂဝါ-ဟုရုပ်ပြီး၏-ဟုမှတ်၊

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ကာယဘာဝနာအစရှိသော များစွာသောဘာဝနာအစဉ်တို့ဖြင့်ကောင်းစွာပွားများအပ်သော သဘော ရှိတော်မူသောကြောင့်“ဘဂဝါ”မည်တော်မူ၏။ ။ဟူလို။

၄၉။ ။ယောဖိနော၊သည်။ဘဝါနံ၊ဘဝတို့၏၊အန္တံ၊ ဆုံးရာဖြစ်သော။ ခေမကံ၊ ဘေးအပေါင်း၏ ကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ သမ္မာ၊

ကောင်းစွာ။ ဂန္တုတိ၊ ကြွသွားတော်မူတတ်၏။ တေန၊ ကြောင့်။ သော ဖြစ်နေသော၊သည်။ တိသုလောကေသု၊တို့၌။ ဘဂဝါ၊ဘဂဝါ-ဟူ၍။ ဝိသုတော၊ ၏။

မှတ်ချက်။ ။ဤဂါထာဖြင့်" ဘဝါနံ အန္တံ ဂန္တုတိတိ ဘဂဝါ"ဟူ သောဝိဂြိုဟ်ကိုပြ၏။ဤအလို၊ ဘဝ န္တဂေါ-ဟုဆိုလိုလျက်၊ နိရုတ္တိ နည်းအားဖြင့် ဝ န္တ ၌၊ န္တ-ကိုချေ၍၊ ဝ-ဂ-ရွှေနောက် ပြန်ကာ၊ ဘဂဝါ-ဟုဆိုအပ်ပါသတည်း။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ဘဝ၏ဆုံးရာဖြစ်သော ဘေး အပေါင်းတို့၏ ကင်းရှင်းရာမှန်၊ မြို့နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော ကြောင့်"ဘဂဝါ"မည်တော်မူ၏။ ။ဟူလို။

၅၀။ ။ဝါ၊ တနည်းကား။ ယေနဖြစ်နေသည်။ တိသုဘဝေသု၊ကာမ, ရူပ, အရူပ-ဟု ဆိုအပ်ကုန်သော ဘုံသုံးပါးတို့၌။ တဏှာသင်္ခါတံ၊ တဏှာ-ဟု ဆိုအပ်သော။ ဂမနံ၊ ကျင်လည်ကြောင်းဖြစ်သော တရားကို။ ဝန္တံ၊အရိယာတည်းဟူသောခံတွင်းဖြင့် ထွေးအန်တော်မူအပ်ပြီ။ တေန၊ ကြောင့်။သောဖြစ်နော၊ သည်။ တိသုလောကေသု၊ တို့၌။ ဘဂဝါ၊ဘဂဝါ-ဟူ၍။ဝိသုတော၊၏။

မှတ်ချက်။ ။ဤဂါထာဖြင့် "ဘဝေသု တဏှာသင်္ခါတံ ဝန္တံ ယေနာတိ ဘဂဝါ"ဟူသော ဝိဂြိုဟ်ကိုပြ၏။ ဤအလို၊ ဘဝေသု ဝန္တ ဂမန-ဟုဆိုလိုလျက်၊နိရုတ္တိနည်းအားဖြင့်၊ဘဝေသု-၌၊ ဝေသု-ကို ငင်း၊ဝန္တ-၌၊န္တ-ကိုငင်း၊ဂမနံ-၌၊မန-သဒ္ဒါကိုငင်းချေ၍၊ဝ-နှင့် ဂ-ကို ရွှေနောက်ပြန်၍၊ဘဂဝါ-ဟု ဆိုအပ်ပါသတည်း။

အဓိပ္ပါယ်ကား....မြတ်စွာဘုရားသည်၊ ကာမ, ရူပ, အရူပတည်းဟူ သော ဘဝသုံးပါးတို့၌ ကျင်လည်ကြောင်းဖြစ်သောတဏှာကို ထွေးအန် တော်မူတတ်သောကြောင့်၊ဝါ၊ထွေးအန်အပ်သောကျင်လည်ကြောင်းဖြစ် သော တဏှာရှိတော်မူသောကြောင့်"ဘဂဝါ"မည်တော်မူ၏။ ။ဟူလို။

ဘုရားဂုဏ်တော်ဘွင့်ပြီးပြီ။

တရားဂုဏ်တော်ဘွင့်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီအမျိုးကောင်းသား သည်၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက်၊ စိတ်ကိုအာရုံတပါးသို့ မထွက် မသွားစေမူ၍ မိမိကိုယ်၌ ကိန်းအောင်းငြိမ်သက်စေပြီးသော်၊

၁-သွာက္ခာတော ဘဂဝတာ ဓမ္မော။
၂-သန္ဒိဋ္ဌိကော။
၃-အကာလိကော။
၄-ဧဟိပဿိကော။
၅-ဩပနေယျိကော၊
၆-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဟုဘုရားဂုဏ်တော်ခြောက်ပါးတို့ကို၊အဘန်ဘလဲလဲ ဆင်ခြင်အောက်မေ့ အပ်ကုန်၏။

၁-သွာက္ခာတော ဘဂဝတာ ဓမ္မော၊

ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိတရားတော် ၁၀-ပါးကို။ သွာက္ခာတော၊ စ,လယ်,အဆုံး၊ သုံးပါးသော ကောင်းခြင်းဖြင့် ကောင်းစွာဟောတော်မူအပ်၏။

အဓိပ္ပါယ်ကား... မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ္တိ-တည်း ဟူသော တရားတော် ၁၀-ပါးတို့တွင် ပရိယတ်ဘုရားတော်သည်၊အစ၏ ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ကောင်းခြင်းအားဖြင့်၎င်း၊ အနက်နှင့်ပြည့်စုံသည်၏အဖြစ်, သဒ္ဒါနှင့်ပြည့်စုံသည်၏အဖြစ်, အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင်စင်ကြယ်သော သာသနဗြဟ္မစရိယ,မဂ္ဂဗြဟ္မ စရိယကို ပြသဖြင့်၎င်း၊ ကောင်းစွာ ဟောတော် မူအပ်သောကြောင့်- "သွာက္ခာတ"မည်တော်မူ၏။ ။ဟူလို။

မဂ်တရား,ဖိုလ်တရား,နိဗ္ဗာန်တရားတော်တည်းဟူသောလောကုတ္တရာ တရားကိုးပါးသည်ကား၊ ရသင့်- ရထိုက်သော နိဗ္ဗာန်အားလျော်သော အလုံးစုံသောသံ ါရဝဋ်မှ လွတ်မြောက်ကြောင်းဖြစ်သော၊ ပုဗ္ဗဘာဂနှင့် တကွသော သဗ္ဗာပဋိပတ်ကို ဟောတော်မူအပ်သောကြောင့်၎င်း၊ ဝဋ်မှ လွတ်မြောက်ကြောင်းဖြစ်၍ဖြစ်သော၊အာရုံပြုကာမျှဖြင့်လည်း ကိလေသာ

တို့သည်၊ မသုံးသပ်အပ်သည့်၏ အဖြစ်အစရှိသော သဘောရှိသော ပဋိပဒါ အားလျော်သော နိဗ္ဗာန်ကို ဟောတော်မူအပ်သောကြောင့်ရင်း "သွက္ခာတ"မည်တော်မူ၏-ဟူလို။ ။(အကျယ်အလိုရှိပါမူ-အဋ္ဌကထာ၌ ရှုလင့်ကုန်)။

အရိယပုဂ္ဂလေန သာမံ ဒဋ္ဌဗ္ဗောတိ သန္ဒိဋ္ဌိကော။

အရိယပုဂ္ဂလေန၊ အရိယာပုဂ္ဂိုလ်သည်။ သာမံ၊ ကိုယ်တိုင်။ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။ ဣတိ၊ ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက-မည်၏။ ။(မဂ်လေးပါးကို ရ၏)။

အဓိပ္ပါယ်ကား…မဂ်လေးပါးတရားတော်သည်၊ အရိယာပုဂ္ဂိုလ်သည်၊ မိမိ၏သန္တာန်၌၊ ရာဂ- စသော ကိလေသာတို့၏ မဖြစ်ခြင်းကို ပြုကာ၊ ကိုယ်တိုင်ရှုအပ်သောကြောင့်"သန္ဒိဋ္ဌိက"မည်၏။

ပစ္စဝေက္ခဏာဉာဏေန သယံ ဒဋ္ဌဗ္ဗောတိ ဝါ သန္ဒိဋ္ဌိကော။

ဝါ၊ ကား။ ပစ္စဝေက္ခဏာဉာဏေန၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်။ သယံ၊ ကိုယ်တိုင်။ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။ ဣတိ၊ ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက-မည်၏။ ။(လောကုတ္တရာတရားကိုးပါးလုံးရ၏)။

အဓိပ္ပါယ်ကား…. မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်- အားဖြင့်- လောကုတ္တရာတရားကိုးပါးသည်၊ အကြင်အကြင် အရိယာပုဂ္ဂိုလ်သည် ရအပ်, ရောက်အပ်,သိအပ်၏။ ထိုထိုအရိယာပုဂ္ဂိုလ်သည်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင် သိအပ်သောကြောင့်"သန္ဒိဋ္ဌိက"မည်၏။ ။ဟူလို။

ပသတ္ထာ ဝါ ဒိဋ္ဌိ သန္ဒိဋ္ဌိ၊ ။သန္ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော။

ဝါ၊ကား။ ပသတ္ထာ၊ ချီးမွမ်းအပ်သော။ ဒိဋ္ဌိ၊ မြင်ခြင်းတည်း။ ဝါ၊ပညာတည်း။ သန္ဒိဋ္ဌိ၊ ချီးမွမ်းအပ်သောအမြင်။ဝါ၊ ပညာ။ ။သန္ဒိဋ္ဌိယာ၊ချီးမွမ်းအပ်သောပညာဖြင့်။ ဇယတိ၊အောင်တတ်၏၊ ဣတိ၊ကြောင့်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက-မည်၏။ ။(လောကုတ္တရာတရားကိုးပါးရ၏)။

အဓိပ္ပါယ်ကား…. မဂ်လေးပါးတရားတော်သည်၊ မိမိနှင့်သမ္ပယုတ် ဖြစ်သော ချီးမွမ်းအပ်သော ပညာဖြင့် ကိလေသာတို့ကိုအောင်တတ်၏။ ။ ဖိုလ်လေးပါး တရားတော်သည်ကား၊ မိမိ၏ အကြောင်းဖြစ်၍ဖြစ်သော

မဂ်နှင့်သမ္ပယုတ်ဖြစ်သော ချွန်းမြှမ်းအပ်သောပညာဖြင့် ကိလေသာတို့ကို အောင်၏။ ။နိဗ္ဗာန်သည်၊ အာရုံပြုသဖြင့် မိမိ၏အာရမ္မဏိကဖြစ်၍ဖြစ်သော မဂ်နှင့်သမ္ပယုတ်ဖြစ်သော ချွန်းမြှမ်းအပ်သောပညာဖြင့် ကိလေသာတို့ကိုအောင်၏၊ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည်"သန္ဒိဋ္ဌိက" မည်၏၊ ။ဟူလို။

ဒဿနံ ဝါ ဒိဋ္ဌံ။ ။ဒိဋ္ဌမေဝ သန္ဒိဋ္ဌံ။ ။
သန္ဒိဋ္ဌံ အရဟတီတိ သန္ဒိဋ္ဌိကော။ ။

ဝါ၊ကား။ဒဿနံ၊မြင်ခြင်းသည်။ဒိဋ္ဌံ၊ဒိဋ္ဌ-မည်၏။ ။ဒိဋ္ဌမေဝ၊ဒိဋ္ဌ-သဒ္ဒါသည်ပင်လျှင်၊ သန္ဒိဋ္ဌံ၊သန္ဒိဋ္ဌ-မည်၏။ ။သန္ဒိဋ္ဌံ၊မြင်ခြင်းကို။ အရဟတိ၊ ထိုက်၏။ဣတိ၊ကြောင့်။သန္ဒိဋ္ဌိကော၊သန္ဒိဋ္ဌိက-မည်၏။

အဓိပ္ပါယ်ကား၊.... လောကုတ္တရာတရားကိုးပါးတွင်၊ မဂ်တရားတော်သည်၊ ဘာဝနာဘိသမယ၏အစွမ်းဖြင့် ရှုမြင်အပ်၍၊ ဝဋ်ဆင်းရဲဘေးကို နှစ်စေ၏။ ။ဖိုလ်တရား, နိဗ္ဗာန်တရားတော်သည်၊ သစ္ဆိကိရိယာဘိသမယ၏အစွမ်းဖြင့် ရှုမြင်အပ်၍၊ ဝဋ်ဆင်းရဲဘေးကို နှစ်စေ၏။ဤသို့မြင်ခြင်းကို ထိုက်သောကြောင့်"သန္ဒိဋ္ဌိက"မည်၏၊ ။ဟူလို။

နတ္ထိ ကာလော ဧတဿာတိ အကာလော။
အကာလောယေဝ အကာလိကော။ ။

ဧတဿ၊ထိုမဂ်တရားတော်အား။ ကာလော၊အကျိုးပေးခွင့်၊ ဆိုင်းလင့်သောကာလသည်။ နတ္ထိ၊မရှိ။ဣတိ၊ကြောင့်။ အကာလော၊ အကာလ-မည်၏။ ။အကာလောယေဝ၊အကာလ-သဒ္ဒါသည်ပင်လျှင်။အကာလိကော၊ အကာလိက-မည်၏၊ ။(မဂ်တရားတော်ကိုသာရ၏)။

အဓိပ္ပါယ်ကား ...လောကီကုသိုလ်များသည်၊ ဥပပဇ္ဇ,အပရာပရိယ-စသည်ဖြင့် အကျိုးပေးသည်ကို အစွဲပြု၍၊ ဆိုင်းလင့်အပ်သော ကာလရှိကုန်၏သို့၊ ထို့အတူ မဂ်ကုသိုလ်မှာ ငါးရက်,ခုနစ်ရက်စသည်အပြား၊ ကာလခြားနေခြင်းမရှိ၊ ကာလဆိုင်းလင့်နေခြင်းမရှိ၊ စင်စစ်သော်ကား၊မိမိမဂ်ဖြစ်သည်၏၊အခြားမဲ့၌ ဖိုလ်တည်းဟူသော အကျိုးကို ပေးတတ်သောကြောင့်"အကာလိက"မည်၏၊ ။ဟူလို။

ပကဋ္ဌော ဒူရော ကာလော အဿာတိ ဝါ ကာလိကော။ ။
န ကာလိကောတိ အကာလိကော။ ။

ဝါ။ကား။အဿ၊ထိုလောကီကုသိုလ်အား။ ပကဋ္ဌော-ဒူရော၊ဝေးသော။ ကာလော၊ အကျိုးပေးရာကာလသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ ကာလိကော၊ကာလိက-မည်၏။ ။ကာလိကော၊ ဝေးသောအကျိုးပေးရာကာလ ရှိသော လောကီကုသိုလ်သည်။န၊မဟုတ်။ ဣတိ၊ကြောင့်။အကာလိကော၊ အကာလိက-မည်၏။ ။(မဂ်တရားတော်ကိုသာရ၏)။

အဓိပ္ပါယ်ကား....လောကီကုသိုလ်များသည်၊ ဝေးသောအကျိုးပေးရာ ကာလရှိသကဲ့သို့ မဟုတ်မူ၍၊မိမိ၏အခြားမဲ့၌ပင် အကျိုးကိုမဆိုင်းမဖင့်၊ ပေးလင့်တတ်သောကြောင့် မဂ်တရားတော်သည် "အကာလိက" မည် ၏။ ။ဟူလို။

ဧဟိ ပဿ ဝိဓိံ အရဟာတီတိ ဧဟိပဿိကော။

ယောဓမ္မော၊သည်။ ဧဟိပဿဝိဓိံ၊လာလှည့်၊ရှုလှည့်-ဟူသော တိုက် တွန်းသောအစီအရင်စကားကို။ အရဟာတိ၊ထိုက်၏။ ဣတိ၊ကြောင့်။ ဧဟိ ပဿိကော၊ဧဟိပဿိက-မည်၏။

အဓိပ္ပါယ်ကား....လောကုတ္တရာတရားကိုးပါးသည်၊ပရမတ္ထသဘော တရားအားဖြင့် ရအပ်သဖြင့် ကင်းသောတိမ်တိုက်ရှိသော ကောင်းကင်၌ အရောင်ပထွန်း၊ လပြည့်ဝန်းကဲ့သို့၎င်း၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာ၌ ချထားအပ်သောပဒ္မမြားရတနာကဲ့သို့၎င်း၊ထက်ဝန်းကျင်စင်ကြယ်သည် ဖြစ်၍၊ ပရမတ္ထအားဖြင့် ထင်ရှားလည်းရှိ၏၊ စင်ကြယ်လည်းစင်ကြယ်၏။ ထို့ကြောင့် လာလှည့်၊ ရှုလှည့်- ဟူသောအစီအရင်ထိုက်သောကြောင့် "ဧဟိပဿိက" မည်၏။ ။ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊အချည်းနှီးဖြစ် သောတရား၊မစင်ကြယ်မသန့်ပြန့်သော တရားများကား၊လာလှည့်၊ရှုလှည့် ဟူသောအစီအရင်မထိုက်၊ဖုံးအုပ်၍ထားခြင်းငှာသာ ထိုက်၏။ ။ဟူလို။

ဉပနယနံ ဉပနယော၊ဉပနယံ အရဟာတီတိ ဩပနေယိကော။
ဩပနေယိကောဝ ဩပနေယျိကော၊ ။

ဉပနယနံ၊ကပ်၍ဆောင်ခြင်း၊ဉပနယော၊ကပ်၍ဆောင်ခြင်း။ ။ဉပနယံ၊ ကပ်၍ဆောင်ခြင်းကို။အရဟာတိ၊ထိုက်၏။ ဣတိ၊ကြောင့်။ဩပနေယိကော၊

ဩပနေယိက မည်၏၊ ။ဩပနေယိကော၀၊ ဩပနေယိက-သဒ္ဒါသည် ပင်လျှင်။ဩပနေယျိကော၊ဩပနေယျိက-မည်၏၊

အဓိပ္ပါယ်ကား....မဂ်,ဖိုလ်,နိဗ္ဗာန်၊ ဘုံးတန်သော တရားတော်သည်၊ မိမိ၏ပုဆိုးကိုသော်၎င်း၊ ဦးခေါင်းကိုသော်၎င်း၊ လက်လက်ပြောင်ပြောင် မီးသင့် လောင်သော်ငြားလည်း၊ မသတ်အားပါဘဲ၊ လျစ်လျူ ရှု၍သာ၊ ဘာဝနာ၏အစွမ်းဖြင့် မိမိ၏စိတ်၌ ဆောင်ခြင်းငှာ ထိုက်သည်၏အဖြစ် ကြောင့် "ဩပနေယျိက"မည်၏။ ။ဟူလို။

## ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ယောဓေမွှာ၊အကြွင်လောကုတ္တရာတရားကိုးပါးကို။ ဝိညူဟိ၊ ဥဃာဋိ တညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ်အရှိသာအရှင်တို့သည်။ ပစ္စတ္တံ၊ အသီး အသီးမိမိစိတ်၌။ဝေဒိတဗ္ဗော၊သိအပ်,ခံစားအပ်၏။

အဓိပ္ပါယ်ကား....လောကုတ္တရာ တရားကိုးပါးသည်၊ ဥဃာဋိတညူ, ဝိပဉ္စိတညူ,နေယျပဋ္ဌိတ်၊တိပိဋကတ်နွယ်ဝင်အရှိသာရှင်တို့သည်"ငါသည်၊ မဂ်ကိုပွားများအပ်ပြီ၊ ဖိုလ်ကိုရအပ်,သိအပ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြု အပ်ပြီ"ဟုအသီးအသီးမိမိစိတ်၌၊သိအပ်,ခံစားအပ်သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"မည်၏။ ။ဟူလို၊ ။(အကျယ် အလိုရှိပါမူ၊အဋ္ဌ ကထာ၌ရှုသင့်ကုန်)၊

တရားဂုဏ်တော်ဘွင့်ပြီးပြီ၊

---

## သံဃာဂုဏ်တော်ဘွင့်။

သံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍၊စိတ်ကိုအရပ်တပါးသို့ မထွက်မသွားစေမူ၍၊ မိမိ ကိုယ်တွင်း၌သာ ကိန်းအောင်းငြိမ်သက်စေပြီးသော်၊

၁-သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၂-ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၃-ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၄-သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

၅-ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ။

ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော။

၆ ပါဟုနေယျော။

၇-ဒက္ခိဏေယျော။

၈-အဉ္ဇလိကရဏီယော။

၉-အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤသို့ သံဃာတော်၏ဂုဏ်တော်တို့ကို အဘန်တလဲလဲ အမြဲအောက်မေ့ဆင်ခြင်အပ်ကုန်၏။

၁။ ။ဘဂဝတော၊ဘုန်းတော်သခင်ဘုရားရှင်၏။ သာဝကသံဃော၊ ဆုံးမဩဝါဒ၊ ဒေသနာကို၊ ကောင်းစွာရိုသေ၊ လိုက်နာပေတတ်၊ မြတ်စွာလှသား၊ ရှစ်ပါးအရိယာ၊ ထေရ်သံဃာတို့၏ အပေါင်းသည်။ သုပ္ပဋိပန္နော၊ အရိယာမဂ်-ဟု ဆိုအပ်သော မဘောက်မပြန်၊မှန်ကန် ကောင်းမွန်သော အကျင့်ကောင်းကို ကျင့်တော်မူတတ်ပေ၏။

၂။ ။ဘဂဝတော၊၏။သာဝကသံဃော၊သည်။ဥဇုပ္ပဋိပန္နော၊ မာယာ သာဌေယျ-စသော ပါပဓမ္မကို ကောင်းစွာ ပယ်ဖြတ်ခြင်းကြောင့် နိဗ္ဗာန်ဆိုက်၊မျဉ်းခတ်သကဲ့သို့၊ ဖြောင့်မတ်သော အကျင့်ကို ကျင့်တော်မူတတ်ပေ၏။

၃။ ။ဘဂဝတော၊ ၏။ သာဝကသံဃော၊ သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်ကိုထိုးထွင်း၍၊ သိကြောင်းဖြစ်သော အကျင့်ကို ကျင့်တော်မူတတ်ပေ၏။

၄။ ။ဘဂဝတော၊ ၏၊ သာဝကသံဃော၊ သည်။ သာမီစိပ္ပဋိပန္နော၊ လူ, နတ်, ဗြဟ္မာသတ္တဝါတို့၏ ကျေးဇူးဂုဏ်ကို နှစ်သက်ဖြတ်နိုး၍၊ ရိုသေ လေးမြတ်၊ ပူဇော်အပ်သော အမှုတို့ကို ရိုသေသမှု ပြုထိုက်အောင် ကျင့်တော်မူတတ်ပေ၏။

၅။ ။စတ္တာရိ၊လေးပါးကုန်သော။ယဒိဒံ-ယာနိပုရိသယုဂါနိ၊ အကြင် ပုဂ္ဂိုလ်အစုံတို့သည်။အဋ္ဌပုရိသပုဂ္ဂလာ၊ အကြင်အသံုးအသီး၊ရှစ်ယောက်

သော ပုဂ္ဂိုလ်မြတ်တို့သာတည်း။ ဘဂဝတော၊ ၏၊ သေ-ဧသောသာဝက သံဃော၊ အရုံအားဖြင့် ၄-ပါး၊ အသီးအသီးတပါးတပါးစီအားဖြင့် ၈ှစ်ပါးသော ထိုဘုရားသျှင်သံဃာတော်မြတ်သည်။အာဟုနေယျော၊ အဝေးမှဆောင်ယူ၍၊ ပူဇော်လှူဒါန်းအပ်သော ပစ္စည်းအခြင်ချပ်တို့ကို ခံယူတော်မူထိုက်ပေ၏။

၆။ ။ပါဟု နေယျော၊ ဝေးရပ်ဒိသာ၊ လာလာသမျှ၊ ဧည့်သည်အာဂန္တုကတို့၏ အကျိုးငှာ၊ ရည်၍ထားအပ်သော အလှူဝတ္ထုကိုသော်လည်း ခံယူတော်မူထိုက်ပေ၏။

၇။ ။ဒက္ခိဏေယျော၊နိဗ္ဗာန်ရည်စူး၊သုတူးပန်ယူ၊မြတ်သောအလှူကိုလည်း ခံယူတော်မူထိုက်ပေ၏၊

၈။ ။အဉ္ဇလိကရဏီယော၊ ကြည်ဖြူမြတ်နိုး၊ လက်စုံချီး၍၊ ဝပ်လျှိုးကော်ရော်၊ရှိခိုးပူဇော်ရာလည်းဖြစ်တော်မူပေ၏၊

၉။ ။လောကဿ၊ဗြဟ္မာ,နတ်,လူ၊သုံးဘုံသူတို့၏။အနုတ္တရံ၊ မြတ်စွာထွံဘိ၊ အတုမရှိသော။ ပုညခေတ္တံ၊ ကောင်းမှုမျိုးကို။ ဗိုက်ပျိုးစည်ပင်ရာ၊ လယ်တာမြေကောင်းသဘွယ် ဖြစ်တော်မူပေ၏။

ဤသို့ သံဃာတော်မြတ်၏ ဂုဏ်တော်ကို ကြည်ညိုမြတ်နိုး၊ မပြတ်ကိုးလျက်၊ အကျိုးနှလ္လ၊ ကြံတွေးဆကာ၊ ပွားများဆင်ခြင်ရာ၏။ ။(ဤသံဃာတော်၏ ဂုဏ်တော်ကို၊ အနက်ယောဇနာရုံမျှဖြင့် သိသာလွယ်ပြီဖြစ်၍၊ အကျယ်မဘွင့်၊ အသင့်အားဖြင့်သာ ရေးသားလိုက်ပါသတည်း။ အကျယ်ကိုအဋ္ဌကထာ၌ရှုလင့်ကုန်)။

သံဃာဂုဏ်တော်ဘွင့်ပြီး၏။

---

## သီလာနုဿတိ-အဘွင့်။

သီလာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီအမျိုးကောင်းသားသည်၊ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက်၊ စိတ်ကိုမိမိကိုယ်မှ အပပြင်ဘက်သို့ မထွက်မသွားစေမူ၍၊မိမိ၏ကောင်းစွာ ဆောက်တည် ကျင့်သုံးအပ်ပြီးသော ငါးပါး,ရှစ်ပါး,ဆယ်ပါး,စသောသီလတို့ကို၊

> အဟော ဝတ မေ သီလာနိ အခဏ္ဍာနိ၊ အစ္ဆိဒ္ဒါနိ အသဗလာနိ၊ အကမ္မာသာနိ၊ ဘုဇိဿာနိ၊ ဝိညူပသတ္ထာနိ၊ အပရာမဋ္ဌာနိ၊ သမာဓိသံဝတ္တနိကာနိ။

ဟု အောက်မေ့ဆင်ခြင်အပ်ကုန်၏။ဤသို့မိမိသီလ၏ အခဏ္ဍ-စသော ဂုဏ်ကို ဆင်ခြင်အောက်မေ့မှုသည်-သီလာနုဿတိကမ္မဋ္ဌာန်းမည်၏-ဟု မှတ်။

အနက်ကား။ ။မေ၊ငါ၏။သီလာနိ၊သီလတော်တို့သည်၊အဟောဝတ-အခဏ္ဍာနိ၊ ဧကန်၊ မကျိုးဘဲ ရှိပေကုန်စွတကား။အဟောဝတ-အစ္ဆိဒ္ဒါနိ၊ ဧကန်-မပေါက်ပေကုန်စွတကား။ အဟောဝတ- အသဗလာနိ၊ ဧကန်-မကျားပေကုန်စွတကား။ အဟောဝတ- အကမ္မာသာနိ၊ဧကန်-မပြောက်ပေကုန်စွတကား။အဟောဝတ-ဘုဇိဿာနိ၊ဧကန်-တဏှာ၏ကျွန်အဖြစ်မှတော်လွှတ်ပေကုန်စွတကား။အဟောဝတ-ဝိညူပသတ္ထာနိ၊ဧကန်-ပညာရှိတို့ ချီးမွမ်းထိုက်ပေကုန်စွတကား။အဟောဝတ-အပရာမဋ္ဌာနိ၊ ဧကန်-တဏှာဒိဋ္ဌိတို့သည်မသုံးသပ်အပ်ပေကုန်စွတကား။အဟောဝတ-သမာဓိသံဝတ္တနိကာနိ၊ဧကန်-ဥပစာသမာဓိ, အပ္ပနာသမာဓိကိုဖြစ်စေနိုင်ပေကုန်စွတကား။

အဓိပ္ပါယ်ကား... ဤသို့ဆင်ခြင် ပွားများသောတရားရှစ်ပါးတို့တွင်၊

၁။ ။အကြင်သီလတို့သည်၊အစဦးရင်း၊အဆုံး၌ရင်း၊ တပါးမျှ ပျက်စီးခြင်းမရှိကုန်။ ထိုသီလတို့သည်၊အနံ့စွန်း, အမြိတ်စွန်း၌ ပြတ်သောအဝတ်ကဲ့သို့၊ကျိုးပျက်ခြင်းမရှိသောကြောင့်-အခဏ္ဍမည်ကုန်၏။

၂။ ။အကြင်သီလတို့သည်၊အလယ်၌တပါးမျှ ပျက်စီးခြင်းမရှိကုန်။ ထိုသီလတို့သည်၊ ထုတ်ခြင်းလျှိုးပေါက်သော ပုဆိုးကဲ့သို့၊ ပေါက်ခြင်းမရှိသောကြောင့်-အစ္ဆိဒ္ဒမည်ကုန်၏။

၃။ ။အကြင်သီလတို့သည်၊အစဉ်အတိုင်း ၂-ပါးသော်၎င်း,သုံးပါးသော်၎င်း,မပျက်စီးကုန်၊ထိုသီလတို့သည်၊ကြောင်ကျားသောနွားမကဲ့သို့။ ကြောင်ကျားခြင်းမရှိသောကြောင့်-အသဗလမည်ကုန်၏။

၄။ ။အကြင်သီလတို့သည်၊ အကြားအကြား၌ မပျက်စီးကုန်။ ထိုသီလတို့သည်၊ အပေါက်အပေါက် ပြောက်သော နွားမပြောက်ကဲ့သို့၊ အပေါက်အပေါက် မပြောက်သောကြောင့်-အကမ္မာသမည်ကုန်၏။

၅။ ။ထိုသို့ မကျိုးမပျက်၊ မကျားမပြောက်သော သီလတို့သည်၊ တဏှာ၏ကျွန်အဖြစ်မှ လွတ်စေ၍၊ တော်လှန်သည်၏အဖြစ်ကိုပြုတတ်သောကြောင့်-ဘုဇိဿသီလမည်ကုန်၏။

၆။ ။သီလတို့သည်၊ဘုရားအစရှိကုန်သော ပညာရှိတို့သည်၊ချီးမွမ်းအပ်သည့်၏ အဖြစ်ကြောင့်-ဝိညုပသတ္ထသီလမည်ကုန်၏။

၇။ ။သီလတို့သည်၊ တဏှာ, ဒိဋ္ဌိတို့သည်၊ မဖျက်ဆီးအပ်သောကြောင့်၎င်း၊တစုံတယောက်သောသူသည်၊သီလဝိပတ္တိ-စသောအဖြစ်ဖြင့်မစွပ်စွဲနိုင်သောကြောင့်၎င်း-အပရာမဋ္ဌမည်ကုန်၏။

၈။ ။သီလတို့သည်၊ ဥပစာသမာဓိ, အပ္ပနာသမာဓိ, ကို၎င်း၊ မဂ္ဂသမာဓိ,ဖလသမာဓိကို၎င်း၊ဖြစ်စေတတ်သောကြောင့်-သမာဓိသံဝတ္တနိကမည်ကုန်၏ ဟုမှတ်။

ဤသို့လျှင် မိမိသီလကို ဤ၈ချက်ပါးသောအခြင်းအရာအားဖြင့် ဆင်ခြင်အပ်သောကမ္မဋ္ဌာန်းသည် သီလာနုဿတိကမ္မဋ္ဌာန်းမည်၏။ ဤသို့ မိမိ၏သီလကိုဆင်ခြင်၍၊ သီလဝိသုဒ္ဓိဖြစ်မှုကို ထင်မြင်လာလတ်သော်၊ အနည်းငယ်မျှသော အပြစ်ကိုပင် ကြီးစွာသောဘေး ဟုထင်မြင်မှု, သဒ္ဓါတရားတိုးပွားလာမှု, ပီတိပါမောဇ္ဇဖြစ်ပေါ်လာမှုတို့သည် တိုးပွားလာ၍၊ မဂ်ဖိုလ်တရားအပ္ပနာသွင်သို့၊မကြာလျှင် ရောက်နိုင်,ရနိုင်ကုန်၏။

သီလာနုဿတိအာဘွင့်ပြီးပြီ။

---

## စာဂါနုဿတိ-အာဘွင့်။

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂီ အမျိုးသားသည်၊ ပကတိအားဖြင့် အမြဲမပြတ်၊နံ့စွဘတ်ကို၊ သဒ္ဓါလေ့,လွေ့၊ ခွဲခြမ်းဝေဘန်၊ လှူဒါန်းလေ့ရှိသောသူသည်မူလည်း ဖြစ်ရာ၏။ သို့မဟုတ်၊ စာဂါနုဿတိဘာဝနာကို စီးဖြန်းသောနေ့၌ပင်၊ ငါသည် ယနေ့မှစ၍၊ အလှူခံလာသည့်ရှိသော်၊ ယုတ်စွအဆုံး၊ ထမင်းတလုပ်ကိုသော်မျှလည်း မပေးလှူပါဘဲ မစားတော့အံ့-ဟုဒါနအမှုကိုဆောက်ဘည်သောသူမူလည်း ဖြစ်ရာ၏ ထိုကဲ့သို့နံ့စွဘတ်အမြဲမပြတ် အလှူရေစက်၊လက်နှင့်မကွာသော အလှူ၇င်, လှူအံ့ ဟုသော ဒါနမှုကို ဆောက်တည်သော ပုဂ္ဂိုလ်တို့သည်၊

အလှူခံပုဂ္ဂိုလ်တို့၌ မိမိစွမ်းအားရှိသမျှ လှူဒါန်းပြီးသောအခါ၊ ဘိတ်ပြီမ်ရာသို့ ချဉ်းကပ်၍၊ မိမိအလှူ၌ ပရိစ္စာဂစေတနာ၏ ဖြစ်သောအခြင်းအရာ အမှတ်နိမိတ်ကို မှတ်သား၍၊

> လာဘာ ဝတ မေ၊ သုလဒ္ဓံ ဝတ မေ၊ ယောဟံ မစ္ဆေရ မလပရိယုဋ္ဌိတာယ ပဇာယ ဝိဂတမလမစ္ဆေရေန စေတသာ ဝိဟရာမိ၊ မုတ္တစာဂေါ ပယတပါဏိဝေါဿဂ္ဂရတော ယာစ ယောဂေါ ဒါန သံဝိဘာဂရတော။ ။

ဟုကင်းပြီးသောရာဂစသော မလ၊ဝန်တိုခြင်း-ဟူသောမစ္ဆေရ-ရှိသည်၏ အဖြစ် အစရှိသော ကျေးဇူး၏အစွမ်းအားဖြင့် မိမိ၏ပရိစ္စာဂစေတနာကို အဘန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။ဝါ၊ဆင်ခြင်အောက်မေ့လေ။

အနက်ကား။ ။ယောအဟံ၊ အကြင်ငါသည်။ မစ္ဆေရမလပရိယုဋ္ဌိတာယ၊ဝန်တိုခြင်းဟူသော အညစ်အကြေးသည်၊ နှိပ်စက်အပ်သော။ဝါ၊ ဝန်တိုခြင်းသည်၎င်း၊ လောဘစသော အညစ်အကြေးသည်၎င်း၊ နှိပ်စက်အပ်သော။ ပဇာယ၊ကံဟူနိပင့်မြောက်၊ အလျောက်သင့်ရာ၊ ဖြစ်ကြသော သတ္တဝါ၌။ဝိဂတမလမစ္ဆေရေန၊ ကောင်းသောအညစ်အကြေးကင်းသော ဝန်တိုခြင်းရှိသော။ စေတသာ၊စိတ်ဖြင့်။ ဝိဟရာမိ၊နေရပေ၏၊ မုတ္တစာဂေါ၊ မငဲ့မကွက်လွှတ် လွှတ်ကြီး၊ စွန့်ကြဲခြင်းရှိသည်ဖြစ်၍။ ပယတပါဏိ၊ရှိသော လေးမြတ်၊စင်စွာဆေးအပ်ပြီ သော လက်ရှိသည်ဖြစ်၍။ ဝေါဿဂ္ဂရတော၊ စွန့်ကြဲခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ယာစယောဂေါ၊ တောင်းတိုင်းပေးရကား၊တောင်းခြင်းငှာ သင့်သည်ဖြစ်၍။ ဒါနသံဝိဘာဂရတော၊လှူဒွံ-ဟု စိရင်အပ်သည်ကို ပေးလှူခြင်း၊ မိမိသုံးဆောင်တို့မှ ခွဲခြမ်းဝေဘန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ဝိဟရာမိ၊ နေရပေ၏။ တသ္မာ၊ ထို့ကြောင့်။ မေ၊ ငါအား။ဝါ၊ငါသည်။လာဘာဝတ၊ အသက်ရှည်ခြင်းစသောမပြတ်အလှုန်၊ လာဘ်မွန်ပကတူး၊အကျိုးထူးတို့ကို ရထိုက်ပေကုန်စွတကား။မေ၊ငါအား။ ဝါ၊ငါသည်။သုလဒ္ဓံဝတ၊သာသနာနှစ်၊လူအဖြစ်ကို ရအပ်ပေစွတကား။ ။ (အမိပ္ပါယ်ကား-ပေါ်လွင်ပြီ)။

ဤအထက်ပါ စာဂါနုဿတိကမ္မဋ္ဌာန်း၊ ပွားများ ဆင်ခြင်နည်းကား၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာသော အရဖြစ်ပေသည်။ ငါတို့၏ ကျေးဇူးတော်ရှင်၊ကျောက်တန်း-မဟာဗောဓိဆရာတော်ဘုရားကြီးကား၊အလွယ်

တကျ၊ သင်ယူပွားများနိုင်ရန် အောက်ပါပွားများနည်းကို၊အမြဲမပြတ်၊သွန်သင်ပြသတော်မူ၏။

"အဟော မေ လာဘာ ဝတ၊ ရူမံ ဒါနံ နိယာသာယ မဟာနံ့ ပုညံ ပသုတံ"

မေ၊ငါအား။ ဝါ၊ငါသည်။ အဟောလာဘာ ဝတ၊ပြောဲ လူအဖြစ်ကို အရတော်ပေစွဘကား။ ရူမံဒါနံ၊ ဤပန်းအလှူစသောဒါနကို၊ နိယာသာယ၊ အနိုပြု၍၊ မဟန္တံ၊ကြီးကျယ်လှစွာသော၊ ပုညံ၊ ကုသိုလ်ကောင်းမှုကြီးကို။ ပသုတံ၊လေ့လာ ပွားများအပ်ပါပေပြီ၊ ။ဤကား-အကျဉ်းသခ်ေပအားဖြင့် စာဂါနုဿတိကမ္မဋ္ဌာန်းပွားများနည်းတည်း။

စာဂါနုဿတိ-အဘွင့်ပြီးပြီ။

---

## ဒေဝတာနုဿတိ-အဘွင့်။

ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီအမျိုးကောင်းသားသည်၊ အရိယမဂ်ကို ရနိုင်သော အရိယမဂ်မပေါ်မီ ရှေးအတ္တိုနှ ဖြစ်သော အလွန်အားကောင်းသော သဒ္ဓါ-စသောဂုဏ်နှင့် ပြည့်စုံသည် ဖြစ်၍၊ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ခါ၊ငြိမ်သက်စွာနေပြီးသော်၊

> သန္တိ ဒေဝါ စာတုမဟာရာဇိကာ၊ သန္တိ ဒေဝါ တာဝတိံသာ၊ ယာမာ၊တုသိတာ၊ နိမ္မာနရတိနော၊ ပရနိမ္မိတဝသဝတ္တိနော၊သန္တိ ဒေဝါ ဗြဟ္မကာယိကာ၊ သန္တိ ဒေဝါ တတုတ္တရိ ယထာရူပါယ သဒ္ဓါယ သမန္နာဂတာ၊ တာ ဒေဝတာ ဣတော စုတာ တတ္ထ ဥပပန္နာ၊ မယှမ္ပိ တထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ၊ ယထာရူပေန သီလေန၊ယထာရူပေန သုတေန၊ယထာရူပေန စာဂေန၊ ယထာရူပါယ ပညာယ သမန္နာဂတာ၊ တာ ဒေဝတာ ဣတော စုတာ တတ္ထ ဥပပန္နာ၊မယှမ္ပိ တထာရူပါ ပညာ သံဝိဇ္ဇတိ။ ။

ဟု-နတ်တို့ကို သက်သေအရာထား၍ မိမိ၏သဒ္ဓါစသောဂုဏ်ကို အဘန်တလဲလဲ ဆင်ခြင်အောက်မေ့အပ်၏။

အနက်ကား။ ။စာတုမဟာရာဇိကာ၊ လေးပါးသောနတ်မင်းကြီးတို့နှ ဂင်းကပ်ခြင်းရှိကုန်သော။ဝါ၊ စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော။ဒေဝါ၊

နတ်တို့သည်။ သန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တာဝတိံသာ၊ သုံးကျိပ်သုံးပါး၊ သိကြားနေရာ၊ တာဝတိံသာ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ သန္တိ၊ ကုန်၏။ ယာမာ၊ ယာမာဘုံ၌ဖြစ်ကုန်သော။ တုသိတာ၊ တုသိတာဘုံ၌ဖြစ်ကုန်သော။ နိမ္မာနရတိနော၊ နိမ္မာနရတိဘုံ၌ဖြစ်ကုန်သော။ ပရနိမ္မိတဝသဝတ္တိနော၊ ပရနိမ္မိတဝသဝတ္တိဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သန္တိ၊ ထင်ရှားရှိကုန်၏။ ဗြဟ္မကာယိကာ၊ ပဌမဈာန်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သန္တိ၊ ကုန်၏။ တတုတ္တရိ၊ ထိုပဌမဈာန်ဘုံမှ အထက်အထက်ပရိတ္တာဘာစသောဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ သန္တိ၊ ကုန်၏။ ယထာရူပါယ၊ အကြင်မဂ်၏ အစွမ်းဖြင့်လာသော သဒ္ဓါရှိသော။ သဒ္ဓါယ၊ သဒ္ဓါတရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာ ဒေဝတာ၊ ထိုနတ်ဗြဟ္မာတို့သည်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေသေလွန်ကုန်သည်ရှိသော်။ တတ္ထ၊ ထိုနတ်ပြည်,ဗြဟ္မာပြည်၌၊ ဥပပန္နာ၊ ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ၊ ထိုမဂ်၏အစွမ်းဖြင့် လာသောသဒ္ဓါရှိသော။ သဒ္ဓါ၊ သဒ္ဓါသည်။ သံဝိဇ္ဇတိ၊ ၏။ ယထာရူပေန၊ အကြင်မဂ်၏ အစွမ်းဖြင့်လာသော သဒ္ဓါရှိသော။ သီလေန၊ သီလနှင့်။ ယထာရူပေန၊ သော။ သုတေန၊ အကြားအမြင်ဖြင့်။ ယထာရူပေန၊ သော။ စာဂေန၊ စွန့်ကြဲပေးကမ်းခြင်းနှင့်။ ယထာရူပါယ၊ သော။ ပညာယ၊ မဂ်ဖြင့်လာသောပညာနှင့်။ သမန္နာဂတာ၊ ကုန်သော။ တာ ဒေဝတာ၊ တို့သည်။ ဣတော၊ မှ။ စုတာ၊ ကုန်သည်ရှိသော်။ တတ္ထ၊ တို့၌။ ဥပပန္နာ၊ ကုန်၏။ မယှမ္ပိ၊ အားလည်း။ တထာရူပါ၊ သော။ ပညာ၊ ပညာသည်။ သံဝိဇ္ဇတိ၊ ၏။

ဤသို့လျှင် အထက်ပါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာရှိသောအနက်အဓိပ္ပါယ်အတိုင်း၊ နှလုံးသွင်းကာ၊ ဒေဝတာနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းပွားများရာ၏။

ဒေဝတာနုဿတိ အခန်းပြီး၏။

---

## ဥပသမာနုဿတိ-အခန်း။

ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီအမျိုးသားသည်၊ အဘော်မပါ တယောက်ထည်းသာ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသ ဝိနယော အာလယသမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။

ဟု နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အဘန်ဘလဲလဲ အောက်မေ့ဆင်ခြင် ပွား များအပ်၏။

မှတ်ချက်။ ။ဤ၌၊ ဥပသမ-ဟူသော ပုဒ်ကို၊ "ဒုက္ခာဒုက္ခာဒိဘေဒံ သဗ္ဗမ္ပိ ဒုက္ခံ ဥပသာမ္မတိ ဧတ္ထာတိ ဥပသမော"ဟုဝိဂြိုဟ်ပြုအပ်၏။ အလုံးစုံသောဒုက္ခတို့၏ တပေါင်းတည်းငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာန်သည်-ဥပသမ-မည်၏-ဟုမှတ်၊

အနက်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့။ ယာဝတာ၊အကြင်ရွေ့လောက်ကုန်သော။သင်္ခတာဝါ၊အကြင်တရားတို့သည်၊ပေါင်းဆုံစည်းဝေး၍၊ပြုအပ်သည်လည်း ဖြစ်ကုန်သော။ဝါ၊တစုံတခုသောအကြောင်းမျှ၊ ဝေကလ္လမရှိ၊ အညီအညွတ်ရောက်၍၊ ပြုပြင်အပ်,ပြီးစေအပ်သည်လည်း ဖြစ်ကုန်သော။ အသင်္ခတာဝါ၊ တစုံတခုလည်းဖြစ်သော ပစ္စည်းတို့သည်၊ မပြုပြင်အပ်, မပြီးစေအပ်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေသံဓမ္မာနံ၊ ထိုသင်္ခတ,အသင်္ခတတရားတို့တွင်။ ဝိရာဂေါ၊ သံကိလေသဓမ္မတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို။ ဝါ၊ သင်္ခါရတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို၊အဂ္ဂံ-အဂ္ဂေါ၊မြတ်၏ဟူ၍၊အက္ခာယတိ၊ပြောဆိုဆုံးဖြတ်၊ခေါ်ဆိုအပ်၏။မဒနိမ္မဒနော၊မဒမာန်,ပုရိသမာန်,ဇာတိမာန်စသောမာန်တရားတို့၏ ပျောက်ပျက်ရာသည်။ ပိပါသဝိနယော၊ ကာမတို့ကို သုံးဆောင်လိုသော တဏှာ၏ကင်းရာ,ပျောက်ရာဖြစ်သော။ အာလယသမုဂ္ဃာတော၊ သတ္တဝါတို့၏ ကပ်ငြိမိတွယ်ရာဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို အကြွင်းမဲ့ဖြတ်ရာဖြစ်သော။ဝဋ္ဋုပစ္ဆေဒေါ၊ဘုံသုံးပါးတို့၌ဖြစ်သောကမ္မဝဋ်,ကိလေသဝဋ်, ဝိပါကဝဋ်တို့၏ ပြတ်ရာဖြစ်သော။တဏှာက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သော။ တဏှာဝိရာဂေါ၊ တဏှာ၏ပျက်ရာဖြစ်သော။ တဏှာနိရောဓော၊ တဏှာ၏ချုပ်ရာဖြစ်သော။နိဗ္ဗာနံ၊ဝါန-ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်သော။ ဝါ၊ တဏှာမှလွတ်ကင်းရာဖြစ်သော။ ယဒိဒံ-ယောအယံ အသင်္ခတဓမ္မော၊အကြင်အသင်္ခတဖြစ်သောတရားသည်။အတ္ထိ၊ရှိ၏။သော

အသင်္ခတဓမ္မော၊ ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံသော အသင်္ခတတရားကို။ ဝိရာဂေါ်တိ၊ ဝိရာဂဟူ၍။ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။ ။ဤသို့ နိဗ္ဗာန်၏ဂုဏ်ကျေးဇူးကို၊ အာရုံစိတ်စွဲ၊ အဖန်တလဲလဲအောက်မေ့ဆင်ခြင်ပွားများအပ်၏။ ။

ဥပသမာနုဿတိ-အဖွင့်ပြီးပြီ။

---

## မရဏာနုဿတိ-အဖွင့်။

မရဏာနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းလိုသောယောဂီအမျိုးသားသည်၊ တယောက်ထည်းသာ၊ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍၊ မျက်မှောက်ဖြစ်သော သူသေကောင်ကို ကြည့်၍သော်၎င်း၊ ရှေးနှမြင်ဘူးသော သူတို့၏ သေခြင်းကို ကြံစည်အောက်မေ့၍သော်၎င်း၊

မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ
ဥပစ္ဆိဇ္ဇိဿတိ၊ မရဏံ, မရဏံ။ ။

ဟု အဖန်ဖန်အထပ်ထပ်၊ စီးဖြန်းပွားများအပ်၏။ ။မေ-မမ၊ ငါ၏။ မရဏံ၊ ရုတ္တေမကင်း၊ သေရခြင်းသည်။ ဘဝိဿတိ၊ ဧကန်စင်စစ်၊ ဖြစ်ရလတ္တံ့။ မေ-မမ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ ရုပ်,နာမ်နှစ်ထွေ၊ ဇီဝိတိန္ဒြေသည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ရှုချဆတ်ဆတ်၊ ပြတ်ရလတ္တံ့။ မရဏံ-မရဏံ၊ သြော်သေရချေမည်၊ သြော် သေရချေမည်တကား။

ဤသို့လျှင် အထပ်ထပ်အဖန်ဖန်၊ သတိဉာဏ်သံဝေဂ၊ သင့်တင့်သော ယောနိသောမနသိကာရ စိတ်ထားဖြင့် မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရာ၏။ ။(အကျယ်အလိုရှိပါမူ-အဋ္ဌကထာ၌ ရှုလင့်ကုန်။ ဤ၌မူ ဂန္ထဂရုအတွက်၊ ဥပေက္ခာရှုလိုက်ပါသတည်း)။

မရဏာနုဿတိ-အဖွင့်ပြီးပြီ။

---

## ကာယဂတာသတိ-အဓိပ္ပါယ်။

ကာယေ ဂတာ သတိ ကာယဂတာသတိ။

ကာယေ၊ ဆံအစရှိသော ကိုယ်၏အစိတ်၌။ ဂတာ၊ ဖြစ်သော။ သတိ၊ သတိစေတသိက်သည်။ ကာယဂတာသတိ၊ ကာယဂတာသတိ-မည်၏။

မှတ်ချက်။ ။ကာယဂတသတိ-ဟုဆိုလိုလျက်၊ ရွတ်လွယ်စေခြင်း အကျိုးငှာ- ကာယဂတာသတိ-ဟု၊ တ-၌ အာဒီဃရောက်ရ၍၊ ဂတာ-ဟုပါဌ်ရှိလေသည်။ အခြားသောဗုဒ္ဓါနုဿတိ-စသည်တို့၌၊ အနု-သဒ္ဒါ ပါရှိလျက်၊ဤ၌အနု-သဒ္ဒါမပါခြင်းသည်၊ ၃၂-ပါးသော ကောဋ္ဌာသကို အနုလုံ,ပဋိလုံအားဖြင့် သရဇ္ဈာယ်ခြင်းကိုပြုသော ကြောင့်မပါ-ဟုမှတ်။

အဓိပ္ပါယ်ကား....ဆံပင်, မွေးညှင်း-စသော ၃၂-ကောဋ္ဌာသကာယ အရ၌ အာရုံပြုကာ၊ ပွားများဖြစ်ပေါ်နေသော သတိသည်- ကာယဂတာ သတိမည်၏။ ။ဟူလို။

ကာယဂတာသတိ၏ပွားမြတ်ပုံ။

ဤကာယဂတာသတိ-ကမ္မဋ္ဌာန်းသည်၊တပါးသောကမ္မဋ္ဌာန်းတို့ကဲ့သို့၊ သာသနာတော်အပအခါ၌မဖြစ်ပေ။မြတ်စွာဘုရား သာသနာတော်တွင်း၌သာ ဖြစ်လေ၏။ မြတ်စွာဘုရားပွင့်ရာကာလ၌ ဖြစ်သော်လည်း၊ အညတိတ္ထိယပုရာဏကဿပစသော တိတ္ထိဆရာတို့၏အရာလည်းမဟုတ်ပေ။ ၎င်းကာယဂတာသတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်အပ်သည်ရှိသော်၊ ၁-ဟုတ်မှန်တိုင်းသောကာယ၏သဘောကို ပိုင်းခြားဂန၊သိရသည်ဖြစ်၍၊ ကြီးမားစွာသောဘဝ၌ထိတ်လန့်ခြင်းသံဝေဂကို ဖြစ်စေနိုင်ခြင်း။ ၂-ကြီးမားစွာသော ဒိဋ္ဌမျက်မှောက်အကျိုးစသည်ကို ဖြစ်စေနိုင်ခြင်း။ ၃-ဘဝသံသရာ၌ အမြဲအနှောင့်ဖွဲ့၍ ထားသော ယောဂတရားလေးပါးမှ လွတ်မြောက်မြေ၊ ဘေးဘယမရှိစေခြင်း။ ၄-ခပ်သိမ်းသော အရာတို့၌ သတိမကင်းခြင်း,ပညာအဆင်အခြင်ရှိခြင်း-ဟူသော ကြီးစွာသော အကျိုးကို ဖြစ်စေခြင်း။ ၅-ဝိပဿနာဉာဏ်ကို လွယ်ကူစွာရစေခြင်း။ ၆-မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း။ ၇-ဝိဇ္ဇာသုံးပါး, နိဗ္ဗာန်, သာမညဖိုလ်-တို့ကို မျက်မှောက် ပြုရခြင်းတည်းဟူသော ကြီးစွာသော အကျိုးကို ရနိုင်ခံစားနိုင်၏၊

သို့ဖြစ်၍၊ အကြင်သူတို့သည်၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို ဈာန်ဝင်စားသောအားဖြင့် သုံးဆောင်ပွားများအားထုတ်ကုန်၏။ ထိုသူတို့သည်၊ အမြိုက်နိဗ္ဗာန်ကိုသုံးဆောင်သည်မည်ကုန်၏၊ အကြင်သူတို့သည်၊ ကာယဂတာသတိကို ဈာန်ဝင်စားသောအားဖြင့် မသုံးဆောင်မပွားများ၊ မစီးဖြန်း

ကြကုန်။ ထိုသူတို့သည်၊ အမြိုက်နို့ဗွာန်ကိုမသုံးဆောင်ရကုန်။ သို့ဖြစ်ရကား၊ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို အမြဲလက်ကိုင်ထား၍၊ ကြိုးစားပွားများ အားထုတ်သင့်ကုန်၏။

## ကာယဂတာသတိကမ္မဋ္ဌာန်းစီးဖြန်းနည်း။

ကာယ-၏အရ ၃၂-ကောဋ္ဌာသတို့ကို အောက်ပါအတိုင်း မှတ်သား အပ်ကုန်၏။

၁-ကေသာ....ဆံပင်။
၂-လောမာ....အမွေး။
၃-နခါ....ခြေသည်း,လက်သည်း။
၄-ဒန္တာ....သွား။
၅-တစော....အရေ။
၆-မံသံ....အသား။
၇-နှာရု....အကြော။
၈-အဋ္ဌိ... အရိုး။
၉-အဋ္ဌိမိဉ္ဇံ....ရိုးတွင်းခြင်ဆီ။
၁၀-ဝက္ကံ....အညှို့။
၁၁ ဟဒယံ ...နှလုံး။
၁၂-ယကနံ....အသည်း။
၁၃-ကိလောမကံ....အမြှေး။
၁၄-ပိဟကံ....အဖျဉ်း။
၁၅-ပပ္ဖါသံ....အဆုတ်။
၁၆-အန္တံ....အူမ။
၁၇-အန္တဂုဏံ....အူသိမ်။
၁၈-ဥဒရိယံ....အစာသစ်။
၁၉-ကရီသံ ...အစာဟောင်း။
၂၀-မတ္ထလုင်္ဂ... ဦးနှောက်။
၂၁-ပိတ္တံ....သည်းခြေ။
၂၂-သေမှံ....သလိပ်။
၂၃-ပုဗ္ဗော....ပြည်။

၂၄-လောဟိတံ....သွေး။
၂၅-သေဒေါ... ချွေး။
၂၆-မေဒေါ....အဆီခဲ။
၂၇-အဿု... မျက်ရည်။
၂၈-ဝသာ....ဆီကြည်။
၂၉-ခေဠော....တံတွေး။
၃၀-သိင်္ဃာဏိကာ....နှပ်။
၃၁-လသိကာ....အစေး။
၃၂-မုတ္တံ....ကျင်ငယ်။

ဤ ၃၂-ပါးသော ကောဋ္ဌာသကာယကိုရှေးဦးစွာ-ကေသာ,လောမာ-စသော ပါဠိဘာသာအားဖြင့်ဖြစ်စေ၊ ဆံပင်, မွေးညှင်း-စသော မြန်မာဘာသာအားဖြင့်ဖြစ်စေ နှုတ်တက်စေရန် အနုလုံ,ပဋိလုံအထပ်ထပ်ရွတ်ဆိုစီးဖြန်းအပ်၏။

ထိုနောက်မှ၊ "ကေသာ, လောမာ, နခါ, ဒန္တာ,တစော"။ ။"တစော, ဒန္တာ, နခါ, လောမာ, ကေသာ"။ ။"ဆံပင်, မွေးညှင်း, လက်သည်း, ခြေသည်း, သွား, အရေ"။ ။"အရေ, သွား, လက်သည်း, ခြေသည်း, မွေးညှင်း, ဆံပင်"။ ။ဟူသော-တစပဉ္စက အားဖြင့် ပါဠိဘာသာဖြင့်ဖြစ်စေ, မြန်မာဘာသာဖြင့်ဖြစ်စေ အနုလုံ, ပဋိလုံအထပ်ထပ် စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ "မံသံ,နှာရု,အဋ္ဌိ,အဋ္ဌိမိဉ္ဇံ,ဝက္ကံ"။ ။"ဝက္ကံ, အဋ္ဌိမိဉ္ဇံ,အဋ္ဌိ, နှာရု,မံသံ,တစော,ဒန္တာ,နခါ,လောမာ,ကေသာ"။ ။"အသား,အကြော, အရိုး,ရိုးတွင်းခြင်ဆီ,အညို့"။ ။"အညို့,ရိုးတွင်းခြင်ဆီ, အရိုး,အကြော, အသား,အရေ,သွား, လက်သည်း,ခြေသည်း, မွေးညှင်း,ဆံပင်"။ ။ဤသို့ ဝက္ကပဉ္စက အားဖြင့်လည်း အနုလုံ, ပဋိလုံအထပ်ထပ် စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ "ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ"။ ။"ပပ္ဖါသံ,ပိဟကံ,ကိလောမကံ,ယကနံ, ဟဒယံ,ဝက္ကံ, အဋ္ဌိမိဉ္ဇံ,အဋ္ဌိ,နှာရု, မံသံ,တစော,ဒန္တာ,နခါ,လောမာ,ကေသာ"။ ။"နှလုံး, အသည်း,အမြှေး, အဖျဉ်း,အဆုတ်"။ ။"အဆုတ်,အဖျဉ်း, အမြှေး, အသည်း,နှလုံး,အညို့,

ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား, အရေ, သွား, ခြေသည်း လက်သည်း, အမွေး, ဆံပင်"။ ။ဤသို့-ပဉ္စမိသပဉ္စက အားဖြင့်လည်း အနုလုံ,ပဋိလုံ အထပ်ထပ် စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ "အန္တံ, အန္တဂုဏံ,ဥဒရိယံ,ကရီသံ, မတ္ထလုင်္ဂ"။ ။"မတ္ထလုင်္ဂ, ကရီသံ,ဥဒရိယံ, အန္တဂုဏံ, အန္တံ, ပပ္ဖါသံ,ပိဟကံ, ကိလောမကံ, ယကနံ,ဟဒယံ,ဝက္ကံ,အဋ္ဌိမိဉ္ဇံ,အဋ္ဌိ,နှာရု, မံသံ,တစော,ဒန္တာ,နခါ,လောမာ, ကေသာ"။ ။"အုန်း,အူသိမ်,အစာသစ်, အစာဟောင်း, ဦးနှောက်"။ ။ "ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ, အသုတ်, အဖျဉ်း, အမြှေး, အသည်း, နှလုံး, အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော,အသား, အရေ, သွား, ခြေသည်းလက်သည်း, အမွေး, ဆံပင်"။ ။ဤသို့-မတ္ထလုင်ပဉ္စက အားဖြင့်လည်း အနုလုံ,ပဋိလုံ အထပ်ထပ် စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ "ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ"။ ။ "မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ, မတ္ထလုင်္ဂ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ,ပပ္ဖါသံ, ပိဟကံ,ကိလောမကံ, ယကနံ,ဟဒယံ, ဝက္ကံ,အဋ္ဌိမိဉ္ဇံ,အဋ္ဌိ, နှာရု,မံသံ,တစော, ဒန္တာ,နခါ,လောမာ,ကေသာ"။ ။ "သည်းခြေ, သလိပ်,ပြည်, သွေး,ချွေး, အဆီခဲ"။ ။"အဆီခဲ, ချွေး, သွေး, ပြည်,သလိပ်,သည်းခြေ,ဦးနှောက်,အစာဟောင်း, အစာသစ်,အူသိမ်,အူမ, အသုတ်, အဖျဉ်း,အမြှေး, အသည်း, နှလုံး,အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော,အသား,အရေ,သွား,ခြေသည်းလက်သည်း, အမွေး,ဆံပင်"။ ။ ဤသို့-မေဒဆက္က အားဖြင့်လည်း အနုလုံ,ပဋိလုံ အထပ်ထပ် စီးဖြန်းပွား များအပ်၏။

ထိုနောက်၊ "အဿု,ဝသာ,ခေဠော,သိင်္ဃာဏိကာ,လသိကာ,မုတ္တံ"။ ။ "မုတ္တံ,လသိကာ, သိင်္ဃာဏိကာ, ခေဠော,ဝသာ, အဿု, မေဒေါ,သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ, မတ္ထလုင်္ဂ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ,ပပ္ဖါသံ, ပိဟကံ,ကိလောမကံ, ယကနံ,ဟဒယံ, ဝက္ကံ, အဋ္ဌိမိဉ္ဇံ,အဋ္ဌိ, နှာရု,မံသံ,တစော,ဒန္တာ,နခါ,လောမာ,ကေသာ"။ ။"မျက်ရည်,ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်"။ ။"ကျင်ငယ်, အစေး, နှပ်, တံတွေး, ဆီကြည်,မျက်ရည်,အဆီခဲ,ချွေး,သွေး,ပြည်, သလိပ်,သည်းခြေ,ဦးနှောက်, အစာဟောင်း,အစာသစ်,အူသိမ်,အူမ,အသုတ်,အဖျဉ်း,အမြှေး,အသည်း, နှလုံး, အညှို့, ရိုးတွင်းခြင်ဆီ, အရိုး, အကြော, အသား, အရေ, သွား,

ခြေသည်းလက်သည်း, အမွေး,ဆံပင်"။ ။ဤသို့-မုဒ္ဒြဆက္ကု အားဖြင့်လည်း အနုလုံ,ပဋိလုံ အထပ်ထပ် စီးဖြန်းပွားများအပ်၏။

ဤသို့လျှင် ဒွတ္တိံသာကာရကာယဂတာသတိကမ္မဋ္ဌာန်းကို၊ ရှေ့တက်, နောက်ဆုတ် အနုလုံ,ပဋိလုံအားဖြင့် ရက်ပေါင်းအရာ,ရက်ပေါင်းအထောင်မက ဥဂ္ဂဟနိမိတ်ထင်မြင်လာအောင် စီးဖြန်းပွားများအပ်၏။ ။(အကျယ်လိုမူ၊အဋ္ဌကထာ၌ ရှုလင့်ကုန်)။

ကာယဂတာသတိ-အဘွင့်ပြီးပြီ။

---

## အာနာပါနဿတိ-အဓိပ္ပါယ်။

အာနဉ္စ ပါနဉ္စ အာနာပါနံ။ ။အာနာ
ပါနဿ သတိ အာနာပါနဿတိ။ ။

အာနဉ္စ၊အပသို့ထွက်သောလေရင်း။ပါနဉ္စ၊အတွင်းသို့ဝင်သောလေရင်း။ အာနာပါနံ၊ ထွက်သက်, ဝင်သက်လေ။ ။အာနာပါနဿ၊ ထွက်သက် ဝင်သက်လေ၏။ဝါ။ကို။သတိ၊အာရုံပြု၍ဖြစ်သောသတိ-သည်။ အာနာပါန ဿတိ၊အာနာပါနဿတိ-မည်၏။

မှတ်ချက်။ ။အာနာပါန ပုဒ်၌၊အာန-၏အရကို-"အာဿာသံ-ဗဟိ နိက္ခမနဝါတော"ဟူသောဝိနည်းအဋ္ဌကထာ,ဒီပနီပါဌ်,အဘိဓာန်ပါဌ်တို့အရ၊ ထွက်သက်-ဟုအနက်ယောဇနာလိုက်၏။ "ပါဿံ-အန္တော ပဝိသနဝါတော" ဒီပနီပါဌ်အရ၊ ပါန-ကိုဝင်သက်-ဟုယောဇနာလိုက်၏။ သို့သော်၊ သုတ္တန် အဋ္ဌကထာများ၌ကား၊ အာန-ကို ဝင်သက်,ပါန ကိုထွက်သက်-ဟုဘွင့်တော်မူကြ၏၊ အာနာ-ဝယ်၊ န-၏အစိတ်-အကို သံ့ချဉ္စာရဏအကျိုးငှာ အာဒေသပြု၍၊ အာနာ-ဟုပါဌ်ရှိ၏။ သို့သော်-အာန-အာပါန-ဟုပုဒ်ဖြတ်၍၊ အာပါန၏သန္ဓိ အာ-ဟုလည်း ဆရာကြီးတို့ မိန့်ဆိုတော်မူကြသေး၏။ရင်းအာနာ ပါနဿတိ-၌လည်း အနုသန္ဓိမပါခြင်းမှာ၊လွန်လေပြီးသော ထွက်သက်,ဝင်သက်ကိုလည်း အာရုံမပြု၊လာလတ္တံ့သော ထွက်သက်, ဝင်သက်ကိုလည်းအာရုံမပြု၊ ပစ္စုပ္ပန်ဖြစ်သောထွက်သက်, ဝင်သက်ကိုသာ၊တကြိမ်တည်းအာရုံပြု၍အောက်မေ့ရသောကြောင့် အနုသန္ဓိမပါ-ဟုမှတ်။

အဓိပ္ပါယ်ကား.... ထွက်သက် ဝင်သက်လေကို အာရုံပြု၍ဖြစ်သော သတိစေတသိက်သည်-အာနာပါနဿတိကမ္မဋ္ဌာန်းမည်၏။ ။ဟူလို။

**အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်း။**

ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ယောဂီ အမျိုးသားသည်၊ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး၍။ အထက်နှုတ်ခမ်း သား၌ထိသော လေကိုအယုတ်ဆုံး ၅-ကြိမ်၊ အလွန်ဆုံး ၁၀-ကြိမ် ရေ တွက်အပ်၏။၅-ကြိမ်ရေတွက်ရာ၌၊ လေထိတိုင်း "၁-၂-၃-၄-၅"ဟုရေ တွက်အပ်၏။၆-ကြိမ်ရေတွက်ရာ၌"၁-၂-၃-၄-၅-၆"ဟုရေတွက်အပ်၏။ ၇-ကြိမ်ရေတွက်ရာ၌ "၁-၂-၃-၄-၅-၆-၇"ဟုရေတွက်အပ်၏။ ၈-ကြိမ် ရေတွက်ရာ၌ "၁-၂-၃-၄-၅-၆-၇-၈"ဟု ရေတွက်အပ်၏။ ၉-ကြိမ်ရေ တွက်ရာ၌ "၁-၂-၃-၄-၅-၆-၇-၈-၉"ဟုရေတွက်အပ်၏။ ၁၀-ကြိမ်ရေ တွက်ရာ၌ "၁-၂-၃-၄-၅-၆-၇-၈-၉-၁၀"ဟုရေတွက်အပ်၏။ဤသို့ ၅- ဌာနပြု၍၊ထွက်သက်ကိုဖြစ်စေ,ဝင်သက်ကိုဖြစ်စေ, ထွက်သက်-ဝင်သက် ၂-ပါးကိုဖြစ်စေ, ထပ်ခါထပ်ခါ၊ အကြိမ်များစွာ ဥဂ္ဂဟနိမိတ်ထင်လာ အောင် ရေတွက်အပ်၏။ ။(အကျယ်အလိုရှိပါမူ၊ အဋ္ဌကထာ၌ ရှုထင့် ကုန်)။

အနုဿတိ ၁၀-ပါးအဘွင့်ပြီးပြီ။

**အပ္ပမညာ-အဘွင့်။**

**၉။ ။မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာစေတိ ဣမာ စတဿော အပ္ပမညာယောနာမ၊ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။ ။**

သင်္ဂြိုဟ်ပါဌ်။

၁-အတိုင်းမသိသော သုခိတသတ္တဝါ,ဒုက္ခိတသတ္တဝါပညတ်ကို အာရုံ ပြု၍၊ ချစ်ခြင်း-မေတ္တာ။ ၂-အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍၊ သနားခြင်း-ကရုဏာ။ ၃-အတိုင်းမသိသော သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍၊ ဝမ်းမြောက်ခြင်း-မုဒိတာ။ ၄-အတိုင်းမသိသော သုခိတသတ္တဝါပညတ်, ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍၊ လျစ်လျူရှု

ခြင်း-ဥပေက္ခာ။ဤလေးပါးသော တရားတို့သည်၊ အပ္ပမညာဘရားတို့မည်ကုန်၏။ဖြဟ္မဝိဟာရတရားဟူ၍လည်း မိန့်ဆိုအပ်ကုန်၏။ ။ဟူလို၊

ဤကား-ဝိဏ္ဏာဋ္ဌ။

---

## မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနည်း။

၁။ ။အပ္ပမညာတရားလေးပါးတို့တွင်၊ မေတ္တာဘရားကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည်၊ဈေးနည်းတူစွာ၊စိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက်၊ကောင်းစွာ ခင်းထားအပ်သောနေရာ၌ မြေချမ်းသာစွာနေထိုင်ပြီး၍၊ မိမိကိုယ်ကိုအစထား၍၊ ဒုက္ခသေဝနပစ္စည်းရလေအောင် ပွားများအပ်၏။

၂။ ။ထိုနောက်မှမိမိ၏အလေးပြုအပ်သောဆရာဥပဇ္ဈာယ်အားရင်း၊ သို့မဟုတ်ဆရာဥပဇ္ဈာယ်နှင့်တူမျှသောဂရုဘာဝနီယပုဂ္ဂိုလ်တို့အားရင်း၊ မေတ္တာတရား ပွားများအပ်၏။

၃။ ။ထိုနောက် မိမိချစ်အပ်သောသူ,လျစ်လျူရှုအပ်သောသူ,ရန်သူပုဂ္ဂိုလ်တို့အားလည်း သိမာသမ္ဘေဒမေတ္တာတရား ပွားများအပ်၏။

မှတ်ချက်။ ။ဤ၌၊သိမာသမ္ဘေဒဟူသည်၊အထက်ပါမေတ္တာတို့ကား မိမိကိုယ်-ဟူသောအပိုင်းအခြား၊ မိမိဆရာ-ဟူသော အပိုင်းခြားရှိ၏။ ဤမေတ္တာကား၊မိမိကိုယ်တည်း,မိမိချစ်အပ်သောသူတည်း, လျစ်လျူရှုအပ်သောသူတည်း-ဟုပိုင်းခြားဝေဘန်ခြင်းကို မပြုပါဘဲ၊ပိုင်းခြားကန့်သတ်ခြင်းကို ပယ်ဖျက်၍၊သယ်ကွက်တရတည်းပြုသည့်ပမာ၊မိမိနှင့်တသားတည်း, မိမိနှင့်ထပ်တူထပ်မျှ ပြုဘတ်သောကြောင့်-သိမာသမ္ဘေဒမေတ္တာမည်၏-ဟုမှတ်။

၄။ ။ထိုနောက် သတ္တဝါကိုပိုင်းခြင်းဟူသောသတ္တောဓိသ,အရပ်ကိုပိုင်းခြားခြင်းဟူသော ဒိသောဓိသ, ဒေသကိုပိုင်းခြင်းဟူသော ဒေသောဓိသ-မေတ္တာကို ပွားများအပ်၏။

၅။ ။ထိုနောက် အရပ်စသည်ကို ပိုင်းခြားခြင်းမရှိသော-အနောဓိသမေတ္တာကို ပွားများအပ်၏။

### ပွားများပုံ။အတ္တ-မေတ္တာ။

၁။ ။အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊သုခီ အတ္တာနံ ပရိဟရာမိ။ ။

### ဂရုဘာဝနီယ-မေတ္တာ။

၂။ ။ဧသော သပ္ပုရိသော အဝေရော ဟောတု၊ အဗျာ ပဇ္ဇော ဟောတု၊အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။ ။

### သီမာသမ္ဘေဒ-မေတ္တာ။

၃။ ။မမ ဝေရိပုဂ္ဂလော အဝေရော ဟောတု၊အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။ ။(ရန်သူ ပုဂ္ဂိုလ်ကို မေတ္တာပွားပုံ၊ ကြွင်းသော ပုဂ္ဂိုလ်တို့ကိုလည်း ဤ နည်းကိုအစဉ်မှီး၍ ပွားများရာ၏)။

### သဗ္ဗောဓိသ-မေတ္တာ။

၄။ ။သဗ္ဗာ ဣတ္ထိယော၊သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အန ရိယာ၊သဗ္ဗေဒေဝါ၊သဗ္ဗေမနုဿာ၊သဗ္ဗေ ဝိနိပါတိကာ၊အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊: သုခီ အတ္တာနံ ပရိဟရန္တု။

### ဒိသောဓိသ-မေတ္တာ။

၅။ ။ပုရတ္ထိမာယ ဒိသာယ၊ပစ္ဆိမာယ ဒိသာယ၊ဥတ္တရာယဒိသာယ၊ ဒက္ခိဏာယ ဒိသာယ။ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနု ဒိသာယ။ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။ပ။ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

### အနောဓိသ-မေတ္တာ။

၆။ ။သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု။

ဩဓိသ-အနောဓိသမေတ္တာ။

"ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယဒိသာယ။ပုရတ္ထိမာယ အနုဒိသာယ၊ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ဒက္ခိဏာယ အနုဒိသာယ၊ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေသတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊အဝေရာ ဟောန္တု၊အဗျာပဇ္ဇာ ဟောန္တု၊အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု"။

အနက်-အဓိပ္ပါယ်ပေါ်လွင်ပါ၏။ အချိုစာတို့၌လည်း၊ ဥဒ္ဒိဿ-ဟု ရှိ တတ်ကြ၏။

ဩဓိသောတိ ဘာဂသော။ တိဿ,ဒတ္တာတိ အာဒိနာ
ဩဓိဿကတ္တာ အတ္ထော။ ။မဟာဋီကာ။ ။(၂၆၄)။

---

မေတ္တာအပြား။

အကြောင်းဖြစ်သော မေတ္တာအပြားကို ထိုက်သည်အားလျော်စွာ ရေ တွက်သော် "၅၂၈"ပါး၌၏။ ။ရေတွက်ဟန်ကား....သဗ္ဗေ သတ္တာ-စသော ငွေငါးပါးသည်၊မိန်းမ,ယောကျ်ားအစ၍သည်ဖြင့် ရည်မှတ်ပိုင်း ခြားခြင်းမရှိသောကြောင့်- အနောဓိသပုဂ္ဂိုလ်မည်၏။ သဗ္ဗာ ဣတ္ထိယော စသောနောက် ၇-ပါးသည်၊ မိန်းမ,ယောကျ်ားစသည်ဖြင့် ရည်မှတ်ပိုင်း ခြားခြင်းရှိသောကြောင့်- ဩဓိသပုဂ္ဂိုလ်မည်၏။ ဤဩဓိသ, အနောဓိသ ၂-ပါးကိုပေါင်းသော်၊ ၁၂-ပါးဖြစ်၏။၎င်း ၁၂-ယောက်ကိုတည်၊အဝေရာ ဟောန္တု-စသောအခြင်းအရာလေးပါးနှင့်မြှောက်၊ ၄၈-ဖြစ်၏။ဤ ၄၈-ကား၊ အရပ်မျက်နှာနှင့်မစပ်ဘဲ ပို့သောမေတ္တာတည်း။ အရပ်မျက်နှာနှင့် စပ်၍ပို့ရာ၌လည်း တမျက်နှာ,တမျက်နှာတွင် ၄၈-ပါးစီရသောကြောင့် အရပ် ၁၀-မျက်၌ ရထိုက်သောမေတ္တာကိုပေါင်းသော်၊၄၈၀-ဖြစ်၏။၎င်း ၄၈၀-တွင် အရပ်မျက်နှာနှင့်မစပ်ဘဲပို့သောမေတ္တာ ၄၈-ပါးနှင့် ရော သော်၊၅၂၈-သွယ်မေတ္တာဖြစ်သတည်း။

မေတ္တာ-အပွမ်ညာအဘွင့်ပြီးပြီ။

---

## ကရုဏာ-အပ္ပမညာအခန်း။

ကရုဏာ အပ္ပမညာဘာဝနာကို ပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည်၊ ၎င်းကရုဏာဟူသည်၊ ဒုက္ခိတသတ္တဝါလျှင် အာရုံရှိသောကြောင့် အလွန်ဆင်းရဲသော အစာအာဟာရပြတ်သောသူ၊ အထီးကျန်သောသူ၊ သားသွီးဆွေမျိုး၊ ဂုဏ်ညှိုးနွမ်းပိန်၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း ဉာတိဗျသနစသော ဗျသနတရားငါးပါးဖြင့် နှိပ်စက်ခံရသောသူ-စသော ဒုက္ခိတသတ္တဝါကို တွေ့ရှိသော်၎င်း၊ကြားရသော်၎င်း၊

ကိစ္ဆံ ဝတာယံ သတ္တော အာပန္နော၊
အပ္ပေဝနာမ ဣမမှာ ဒုက္ခာ မုစ္စေယျ။ ။

အယံသတ္တော၊ ဤသတ္တဝါသည်။ ကိစ္ဆံ၊ အလွန်ပြင်းပြင်းဆင်းရဲပင်ပန်းခြင်းသို့။ အာပန္နောဝတ၊ ဩော်-ရောက်ရရှာပြီတကား။ ဣမမှာဒုက္ခာ၊ ဤဆင်းရဲမှ။မုစ္စေယျ၊လွတ်ပါငြားအံ့။ဝါ၊လွတ်ပါမူကား။ အပ္ပေဝနာမသာဓုဝတ၊ဩော်-ကောင်းလေစွတကား။ ။ဟုနှလုံးသွင်းကာ၊ ကရုဏာတရားပွားများအပ်၏။

ဆင်းရဲသောသူကို မတွေ့မြင်မူ၍၊ အကုသိုလ်မကောင်းမှုကို ပြုကျင့်သော သူကို မြင်သည်ရှိသော်၊ နောက်နောက်သောဘဝတို့၌ ဆင်းရဲဒုက္ခခံရလတ္တံ့သည်ကို သနားသဖြင့် ကရုဏာကို ဖြစ်စေရာ၏။ ထိုမှတပါး၊ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်သေးမူ၍၊ ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေးတို့ဖြင့် အမြဲမပြတ် အနှိပ်စက်ခံ၍၊ နေကြရကုန်သော သူငါကစ၊သတ္တဝါမှန်သမျှကို မြင်သောအခါ၌လည်း၊နောက်ဘဝ၌ ခံစားရလတ္တံ့သော ဇာတိဒုက္ခ-စသော ဒုက္ခဘေးတို့နှင့် တွေ့ရှိအံ့သည်ကို ဆင်ခြင်ကာ၊ကရုဏာဘာဝနာကိုပွားများရာ၏။ ။ပွားများဟန်ကား။

"သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-ဒုက္ခာ မုစ္စန္တု"။ ။ဟုငါးပါးသော အခြင်းအရာအားဖြင့်-အနောဓိသကရုဏာကိုပွားများအပ်၏။

ထိုနောက်၊ "သဗ္ဗာ ဣတ္ထိယော၊သဗ္ဗေ ပုရိသာ၊သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ-ဒုက္ခာ မုစ္စန္တု"။ ။ဟု ခုနစ်ပါးသော အခြင်းအရာအားဖြင့်- ဩဓိသကရုဏာတရားကို ပွားများအပ်၏။

ထိုနောက်မှ၊"ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ဥပရိမာယ ဒိသာယ။သဗ္ဗေ သတ္တာ၊သဗ္ဗေ ပါဏာ၊သဗ္ဗေ ဘူတာ၊သဗ္ဗေ ပုဂ္ဂလာ၊သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊သဗ္ဗေ မနုဿာ၊သဗ္ဗေ ဝိနိပါတိကာ-ဒုက္ခာ မုစ္စန္တု" ။ ။ဟုဆယ်ပါးသောအခြင်းအရာအားဖြင့် ဩဓိသ-အနောဓိသကရုဏာတရားကို ပွားများအပ်၏။

ဉာတိဗျသနာဒိနာ ဒုက္ခိတံ ပုရိသံ ဝါ ဣတ္ထိံ ဝါ... 

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၂၇၄)။

---

## ကရုဏာ-အပြား။

ကရုဏာအပြားကား၊ အနောဓိသ ၅-ပါး၊ဩဓိသ ၇-ပါး၊ပေါင်း-၁၂ ပါးကား၊အရပ်မျက်နှာနှင့် မစပ်သော ကရုဏာဘည်း။ အရပ်မျက်နှာနှင့် စပ်ရာ၌၊ တမျက်နှာ,တမျက်နှာတွင် ၁၂-ပါးစီရှိသောကြောင့် အရပ် ၁၀ မျက်နှာ၌မူ ၁၂၀-သော ကရုဏာဘရားပြား၏။ ၎င်းအရပ်မျက်နှာနှင့် စပ်သော ကရုဏာ ၁၂၀-ကို အရပ်မျက်နှာနှင့် မစပ်သော ကရုဏာ ၁၂-ပါးနှင့် ပေါင်းသော်-ကရုဏာပေါင်း ၁၃၂-ပါးဖြစ်သတည်း။

ကရုဏာအပ္ပမညာ-အဘွင့်ပြီးပြီ၊

---

## မုဒိတာအပ္ပမညာ-အဘွင့်။

မုဒိတာတရားကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည်၊မုဒိတာသည် သုဒိတသတ္တဝါကိုသာ အာရုံပြုသဖြင့် ရှေးဦးစွာ၊ စည်းစိမ်ဥစ္စာ၊ ပြည့်စုံစွာဖြင့်၊ ချမ်းသာမြေ့စွာ၊မွေ့လျော်ပျော်ပါး၊စံစားနေသော ချမ်းသာကြွယ်ဝသောသူကို တွေ့မြင်သော်၎င်း၊ကြားရသော်၎င်း။

မောဒတိ ဝတာယံ သတ္တော အဟော သာဓု-အဟော သုဋ္ဌု။ ။

အယံသတ္တော၊ ဤသတ္တဝါသည်။ မောဒတိဝတ၊ ချမ်းသာရိပ်ငြိမ်၊ စည်းစိမ်ခံလျက်၊ ဝမ်းမြောက် နှစ်သက်ရပေစွတကား။ အဟောသာဓု၊ ငြော်-ပြည့်ရုံကြွယ်ဝ၊ ကောင်းပေစွတကား။ အဟောသုဋ္ဌု၊ ဘုန်းကံ ပြည့်ဝ၊ လိုတိုင်းရသဖြင့် ငြော်-ကောင်းမြတ်လေစွတကား-ဟု မုဒိတာ တရားကို ကြိမ်ဖန်များစွာ၊ပွားများရာ၏။

ထိုနောင်၊"သဗ္ဗေ သတ္တာ၊သဗ္ဗေ ပါဏာ၊သဗ္ဗေ ဘူတာ၊သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-ယထာ လဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု"။ ။ ဟုငါးပါးသော အခြင်းအရာတို့ဖြင့် အနောဓိသမုဒိတာတရားကို ပွားများ အပ်၏။

ထိုနောက်၊"သဗ္ဗာ ဣတ္ထိယော၊သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ ယထာ လဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု"။ ။ဟု ၇-ပါးသော အခြင်းအရာတို့ဖြင့် ဩဓိသမုဒိတာတရားကို ပွားများအပ်၏။

ထိုနောက်၊ "ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ။ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ဥပရိမာယ ဒိသာယ။သဗ္ဗေ သတ္တာ၊သဗ္ဗေ ပါဏာ၊သဗ္ဗေ ဘူတာ၊သဗ္ဗေ ပုဂ္ဂလာ၊သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊သဗ္ဗေ မနုဿာ၊သဗ္ဗေ ဝိနိပါတိကာ ယထာ လဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု"။ ။ ဟု-ဩဓိသ- အနောဓိသ, မုဒိတာတရားကို ပွားများအပ်၏။ ။(ကြွင်း ပေါ် ပြီ)။

မုဒိတာအပွားမည်ဘ-အဘွင့်ပြီးပြီ၊

---

ဥပေက္ခာအပွားမည်ာ-အဘွင့်။

ဥပေက္ခာအပွားမည်ာကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည်၊ မေတ္တာ, ကရုဏာ, မုဒိတာ သုံးပါးတို့တွင် တပါးပါး၌၊ ရအပ်ပြီးသော- တိကစတုက္ကဈာန်,ကို အဘန်ဘန် လေ့လာပွားများအာ ထုတ်ပြီးမှ၊

> သုခိတာ ဟောန္တုတိအာဒိဝသေန သတ္တကေလာယနမနသိကာရယုတ္တတ္တာ, ပဋိဃာနုနယသန္နိပါတရိတ္တာ, သောမနဿယောဂေန ဩဠာရိကတ္တာ စ, ပုရိမာသု အာဒီနဝံ၊ သန္တ သဘာဝတ္တာ ဥပေက္ခာယ အာနိသံသဥ္စ ဒိသွာ။ ။

သုခိတာ ဟောန္တုတိအာဒိဝသေန၊ သုခိတာ ဟောန္တု-ဤသို့အစရှိသော နည်းတို့၏အစွမ်းဖြင့်။ သတ္တကေလာယနမနသိကာရ ယုတ္တတ္တာစ၊ သတ္တဝါတို့၌ မြဘ်နိုးတနာပြုသောအားဖြင့် နှလုံးသွင်းခြင်းနှင့်ယှဉ်သည်၏ အဖြစ်ကြောင့်၎င်း။ ပဋိဃာနုနယသန္နိပါတရိတ္တာစ၊ မုန်းခြင်း, ချစ်ခြင်း၏ အနီး၌ ကျင်လည့်သည်၏ အဖြစ်ကြောင့်၎င်း။ သောမနဿယောဂေန၊ သောမနဿနှင့်ယှဉ်ခြင်းကြောင့်။ဩဠာရိကတ္တာစ၊ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၎င်း။ပုရိမာသု၊ရှေးဖြစ်သောတတိယဈာန်၌ ဖြစ်ကုန်သော မေတ္တာ, ကရုဏာ,မုဒိတာတို့၌။ အာဒီနဝံ၊ အပြစ်ကို၊ ဒိသွာ၊ရှုမြင်၍။ ဥပေက္ခာယ၊ ဥပေက္ခာ၌။ဝါ၊၏။ သန္တသဘာဝတ္တာ၊ငြိမ်သက်သော သဘောရှိသည်၏ အဖြစ်ကြောင့်။အာနိသံသဥ္စ၊ အကျိုးအာနိသင်ကိုလည်း။ဒိသွာ၊ရှု၍။

ဤဒိသုဋ္ဌိမဂ်အဋ္ဌကထာအရ၊ မေတ္တာ, ကရုဏာ, မုဒိတာ, သုံးပါး၏ အပြစ်၊ ဥပေက္ခာ၏ အကျိုးအာနိသင်ကို ဆင်ခြင်ပြီးခါ၊ရှေးဦးစွာ မမုန်း, မချစ်,ပကတိမဇ္ဈတ္တပုဂ္ဂိုလ်ကို အာရုံပြုလျက်၊

> အတ္တနာ ကတကမ္မဝသေနေ၀ါယ မာယသ္မာ အာဂတော ဂန္တတိ စ၊ တွမ္ပိ အတ္တနာ ကတကမ္မဝသေနေဝ အာဂတော ဂန္တသိ စ။ န တဿ တဝ ပယောဂေန ကိဉ္စိ သုခံ ဝါ ဥပနေတုံ၊ ဒုက္ခံ ဝါ အပနေတုံ လဗ္ဘာ။ ။မဟာဋီကာ။

အတ္တနာ၊မိမိသည်။ကတကမ္မဝသေနေ၀၊ပြုအပ်သောကံ၏အစွမ်းဖြင့်သာလျှင်။ အယံ အာယသ္မာ၊ ဤအရှင်သည်။ အာဂတောစ၊ ဤအဖြစ်သို့ ရောက်လည်းရောက်လာ၏၊ ဂန္တတိစ၊ သံသရာသို့သည်း သွားရလတ္တံ့။ တွမ္ပိ၊သင်သည်လည်း။အတ္တနာ၊သည့် ကတကမ္မဝသေနေ၀၊ဖြင့်သာလျှင်။ အာဂတောစ၊၏။ ဂန္တသိစ၊၏။တဿ၊ထိုသူအား။ တဝ၊သင်၏၊ ပယောဂေန၊လုံ့လဖြင့်။ ကိဉ္စိ၊သော။သုခံ ဝါ၊ချမ်းသာ ကိုမူလည်း။ ဥပနေတုံ၊ဆောင်ခြင်းငှာ။ ဒုက္ခံ ဝါ၊ဆင်းရဲ ကိုမူလည်း။ အပနေတုံ၊ပယ်ခြင်းငှာ။ နလဗ္ဘာ၊မရစကောင်းပေ။ ။ဟုအဘန်ဘန်ပွားများအပ်၏။

ထိုနောက်၊ "သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ-ကမ္မဿကာ"။ ။ဟုငါးပါးသော အခြင်းအရာတို့ဖြင့်-အနောဓိသဥပေက္ခာကို စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ "သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ-ကမ္မဿကာ။ ။ဟုခုနစ်ပါးသော အခြင်းအရာတို့ဖြင့်- ဩဓိသ ဥပေက္ခာအပ္ပမညာကို စီးဖြန်းပွားများရာ၏။

ထိုနောက်၊ "ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ။ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ။ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ။ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ-ကမ္မဿကာ။ ။ဟုဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဒိသာဖရဏာဥပေက္ခာအပ္ပမညာကို စီးဖြန်းပွားများရာ၏။

ဤဥပေက္ခာ အပ္ပမညာတို့သည်၊ အနောဓိသဥပေက္ခာငါးပါး၊ ဩဓိသ ဥပေက္ခာ ၇-ပါး၊ ဒိသာဖရဏာဥပေက္ခာ-၁၂၀၊ ပေါင်း ၁၃၂-ပါးအပြားရှိကုန်၏။ ။(ကြွင်းပေါ်ပြီ)။

ဥပေက္ခာအပ္ပမညာအဘွင့်ပြီးပြီ။

---

## အပ္ပမညာနှင့်ဖြူပနာဝိဟာရ-အဓိပ္ပါယ်။

အပ္ပမာဏေသု သတ္တေသု ဘဝါတိ အပ္ပမညာ၊

အပ္ပမာဏေသု၊ အတိုင်းအရှည်ပမာဏမရှိအောင် များစွာကုန်သော။ သတ္တေသု၊ သတ္တဝါတို့၌၊ ဘဝါ၊ အာရုံပြုကာ၊ ဖြစ်ကုန်သောတရားတို့ဘည့်။ ဣတိ၊ ကြောင့်။ အပ္ပမညာ၊ အပ္ပမညာ-မည်ကုန်၏။ ။ဝိဂြိုဟ်အရ၊ အဘိုင်းအရှည်ပမာဏမရှိအောင် များပြားကုန်သော အနန္တသတ္တဝါတို့ကို အာရုံပြု၍ဖြစ်ဘတ်ကုန်သောကြောင့်-မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ, တရားလေးပါးတို့သည်-အပ္ပမညာမည်ကုန်၏။

ယသ္မာ ပန သဗ္ဗာပေတာ အပ္ပမာဏော ဂေါစရေ ပဝတ္တန္တိ၊ အပ္ပ
မာဏာ ဟိ သတ္တာ ဧတာသံ ဂေါစရဘူတာ၊ဧကသတ္တေသာပိ စ
ဧတ္တကေ ပဒေသေ မေတ္တာဒယော ဘာဝေတဗ္ဗာ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၂၀၀)။

ပန၊ထိုမှတပါး။ယသ္မာ၊အကြင်ကြောင့်။သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဧတာ၊ထို မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာတရားတို့သည်။ အပ္ပမာဏော၊ပမာဏမရှိသော ဂေါစရေ၊အာရုံ၌။ပဝတ္တန္တိ၊ဖြစ်ကုန်၏၊ဟိ၊ ချဲ့စကားကို ဆင်ချင်းစေဦးအံ့။ အပ္ပမာဏာ၊ ကုန်သော၊သတ္တာ၊ တို့သည်၊ ဧတာသံ၊ ထိုမေတ္တာစသည်တို့၏၊ဂေါစရဘူတာ၊အာရုံ ဖြစ်၍ဖြစ်ကုန်၏၊ စ၊ ဆက်။ဧကသတ္တေသာပိ၊ တယောက်တည်းပင်ဖြစ်သော သတ္တဝါ၌လည်း။ ဝါ၊ သတ္တဝါတယောက်တည်းပင်ဖြစ်လင့်ကစား။ဧတ္တကေ ပဒေသေ၊ ဤမျှသောအရပ်တစိတ်၌၊ မေတ္တာဒယော၊ တို့ကို။ဘာဝေတဗ္ဗာ၊ ပွားများအပ်ကုန်၏။

ဗြဟ္မာ စ သော ဝိဟာရောစာတိ ဗြဟ္မဝိဟာရော။
ဗြဟ္မာနံ ဝါ ဝိဟာရော ဗြဟ္မဝိဟာရော၊ ။

ဗြဟ္မာစ၊ မြတ်သည့်သည်း။ ဟောတိ၊၏၊ သော၊ဘူသည်၊ဝိဟာရောစ၊ သုံးအပ်,ဖြစ်စေအပ်သော ဝါ၊သုံးရာ,ဖြစ်ရာဖြစ်သောမေတ္တာစသောတရားသည်လည်း။ ဟောတိ၊၏၊ ဣတိ၊ကြောင့်၊ ဗြဟ္မဝိဟာရော၊ ဗြဟ္မဝိဟာရ-မည်၏။ ။ဝါ၊တနည်းကား။ဗြဟ္မာနံ၊မြတ်ကုန်သော ယောဂီပုဂ္ဂိုလ်တို့၏။ ဝိဟာရော၊ဖြစ်စေအပ်-ဖြစ်ရာဖြစ်သော မေတ္တာ စသောတရားသည်။ဗြဟ္မဝိဟာရော၊ဗြဟ္မဝိဟာရ-မည်၏။

အဓိပ္ပါယ်ကား....၎င်းမေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတရား ၄-ပါးတို့သည်၊ကောင်းမြတ်သောအကျင့်မြတ်ဖြစ်သဖြင့် မြတ်သောကျင့်သုံးအပ်သော တရားဖြစ်သောကြောင့် ဗြဟ္မဝိဟာရမည်ကုန်၏။

တနည်း....၎င်းတရားကို ကျင့်သုံးကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်လည်း ဗြဟ္မာအလားအလွန်တရာမြတ်ကုန်ရကား ဗြဟ္မာမည်ကုန်၏။ ။ ဤသို့ ဗြဟ္မာအလွှင် မြတ်သော ယောဂီအရှင်တို့၏ကျင့်သုံးရာ-ကျင့်အပ်, ဖြစ်စေအပ်သော တရားဖြစ်သောကြောင့်လည်း- ဗြဟ္မဝိဟာရမည်ကုန်၏၊ ၊ဟူလို၊

သေဇ္ဇဿေန ဘာဝ နိဒ္ဒေါသဘာဝေန စေတ္တ ဖြဟ္မ ဝိဟာရတာ ဝေဒိတဗ္ဗာ။သတ္တေသု သမ္မာ ပဋိပတ္တိဘာဝေန ဟိ သေဋ္ဌာ ဧတေ ဝိဟာရာ။ ။ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၂၇၆)။

·ဧတ္ထ၊ဤမေတ္တာစသောတရားတို့၌။ဘာဝ၊စွာ။ သေဋ္ဌဿေနစ၊မြတ်သော အနက်သဘောကြောင့်၎င်း။နိဒ္ဒေါသဘာဝေနစ၊ဒေါသအပြစ်၊မရှိသည်၏ အဖြစ်ကြောင့်၎င်း။ဖြဟ္မဝိဟာရတာ၊ ဖြဟ္မဝိဟာရမည်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ။ဟိ-ယသ္မာ၊ကြောင့်။ သတ္တေသု၊ တို့၌။ သမ္မာပဋိပတ္တိဘာဝေန၊ကောင်းသောအကျင့်၏အဖြစ်ကြောင့်၊ဧတေဝိဟာရာ၊ ထိုဖြဟ္မဝိဟာရတရားတို့သည်၊သေဋ္ဌာ၊မြတ်ကုန်၏။

## ၄-ပါးအပြားအားဖြင့် ဟောချပုံ။

အပ္ပမညာတရားတို့ကို အဘယ့်ကြောင့် ၄-ပါးအပြားအားဖြင့် ဟောတော်မူရပါသနည်း-ဟူမူ။ ။စင်ကြယ်ခြင်းအကြောင်း၏ အစွမ်းအား လျော်စွာ ၄-ပါးအပြားထား၍ ဟောတော် မူရ၏။ ထို ၄-ပါးတို့တွင်၊ မေတ္တာသည် ဗျာပါဒ အဖြစ်များသောသူ၏ စင်ကြယ်ခြင်း၏ အကြောင်း ဖြစ်၏။ ကရုဏာသည်၊ ဝိဟိံသာ အဖြစ်များသောသူ၏ စင်ကြယ်ခြင်း အကြောင်းဖြစ်၏။ မုဒိတာသည်၊အရတိ-အဖြစ်များသောသူ၏ စင်ကြယ် ခြင်းအကြောင်းဖြစ်၏။ ဥပေက္ခာသည်၊ရာဂများသောသူ၏ စင်ကြယ်ခြင်း အကြောင်းဖြစ်၏။ ဤသို့ စင်ကြယ်ခြင်းအကြောင်း၏ အစွမ်းဖြင့် ၄-ပါး အပြားအားဖြင့် ဟောတော်မူ၏။

## အပ္ပမညာဟောစဉ်-အစီအစဉ်။

ထိုလေးပါးတို့တွင်၊အဘယ့်ကြောင့် မေတ္တာကိုရှေးထား၍ဟောကြား အပ်ပါသနည်း-ဟူမူ။ ။ထိုလေးပါးတို့တွင်၊သတ္တဝါတို့၏အကျိုးစီးပွားကို ကျင့်သောအခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာရှိသောကြောင့် မေတ္တာကို ရှေးဦးစွာ စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ ဤသို့သော အခြင်းအရာအားဖြင့် တောင့်တအပ်ပြီးသော အကျိုးစီးပွားရှိကုန်သော သတ္တဝါတို့အားသာ၊ဆင်းရဲနှိပ်စက်ခြင်းကို မြင် သော်၎င်း, ကြားသော်၎င်း, ကြံဆ၍သော်၎င်း, ဆင်းရဲကို ပယ်လိုသော

အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိသောကြောင့်-ကရုဏာကို စီးဖြန်းပွားများအပ်၏။

ထိုနောက်၊ ဤသို့ တောင့်တအပ်ပြီးသော အကျိုးစီးပွားရှိကုန်သော သတ္တဝါ၊ဒုက္ခ၏ကင်းခြင်းကို ဘောင့်တအပ်ပြီးသည်လည်း ဖြစ်ကုန်သော သတ္တဝါတို့အားသာ၊ စည်းစိမ်ဥစ္စာစသည်တို့နှင့် ပြည့်စုံခြင်းကိုမြင်၍ဝမ်းမြောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိသောကြောင့်၊ မုဒိတာကို စီးဖြန်းပွားများအပ်၏။

ထိုနောက်၊အကျိုးစီးပွားကို တောင့်တမှု့,သနားမှု့,ဝမ်းမြောက်မှု ၃-ပါးကို ပြုဘွယ်ကိစ္စမရှိသောကြောင့် လေးကြိမ်မြောက်ဝယ်၊ သဗ်ါရတို့၌ လျစ်လျူရှုခြင်း-လက္ခဏာရှိသော ဥပေက္ခာကို စီးဖြန်းပွားများအပ်၏။

ဝိသုဒ္ဓိမဂ္ဂါဒိဝသာ စတဿော၊
ဟိတာဒိအာကာရဝသာ ပနာသံ။
ကမော ပဝတ္တန္တိ စ အပ္ပမာဏာ၊
တာ ဂေါစရေ ယေန တဒပ္ပမညာ။ ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။ ။(၂၀၀)။

ဝိသုဒ္ဓိမဂ္ဂါဒိဝသာ၊ ဗျာပါဒသံကိလေသ စသည်မှ၊ စင်ကြယ်ခြင်း၏ အကြောင်းအစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း။စတဿော၊ လေးပါးသော အပ္ပမညာတရားတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏၊ ဟိတာဒိအာကာရဝသာပန၊ အစီးအပွားကို ကျင့်ခြင်းစသည့် အခြင်းအရာအားဖြင့်ကား။ အာသံ၊ ထိုမေတ္တာစသော တရားတို့၏၊ကမော၊အစဉ်သည်။ ဟောတိ၊၏။ တာ၊ ထိုမေတ္တာစသော တရားတို့သည်။ အပ္ပမာဏာ၊ အတိုင်းအရှည် ပမာဏကင်းသော။ဝ်၊အတိုင်းမသိသော၊ဂေါစရေ၊သတ္တဝါပညတ်အာရုံ၌။ ယေနကာရဏေန၊ အကြင်ကြောင့်။ ပဝတ္တန္တိ၊ဖြစ်ကုန်၏။တံ-တသ္မာ၊ထို့ကြောင့်။အပ္ပမညာတိစ၊ဟူ၍လည်း။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

**ဆောင်ပုဒ်။**

က။ ။စင်ကြယ်အကြောင်း၊လေးပါးပေါင်း၊ရင်းအပ္ပမညာ။
ခ။ ။အကျိုးစီးပွား၊လိုငြားအစ၊ယင်းကပြ၊မှတ်ပ-စဉ်ကမာ။

အပ္ပမညာအာဘွင့်ပြီးပြီ။

## ကောသညာ-အခွင့်။

၁၀။ ။အာဟာရေ ပဋိကူလသညာ ကောသညာနာမ။ ။

သင်္ဂြိုဟ်ပါဠိ။

မျိုအပ်,စားအပ်သော အစာအာဟာရ၌၊စက်ဆုပ် ရွံရှာဘွယ်-ဟူသော အမှတ်သည်-တရသောသညာမည်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

ပဋိကူလာတိ ပဝတ္တာ သညာ၊ပဋိကူလသညာ။ ။

အာဟာရေ ပဋိကူလသညာ အာဟာရေပဋိကူလသညာ။

ပဋိကူလန္တိ၊ စက်ဆုပ်ဘွယ်ဟူ၍။ ပဝတ္တာ၊ဖြစ်သော။ သညာ၊သညာ သည်။ပဋိကူလသညာ၊ပဋိကူလသညာ-မည်၏။ ။အာဟာရေ၊ မျိုအပ်, စားအပ်သောအာဟာရ၌။ ပဋိကူလသညာ၊စက်ဆုပ်ဘွယ်ဟူ၍ဖြစ်သော အမှတ်သည်။ အာဟာရေပဋိကူလသညာ၊ အာဟာရေ ပဋိကူလသညာ မည်၏။

အဓိပ္ပါယ်ကား····မျိုအပ်,စားအပ်,သောက်အပ်, လျက်အပ်သမျှသော ကဗဠီကာရအာဟာရ၌၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် စက်ဆုပ် ရွံရှာဘွယ်သောအဖြစ်ကိုအောက်မေ့ဆင်ခြင်သော အမှတ်သညာသည်- အာဟာရေပဋိကူလသညာမည်၏။ ။ဟူလို။

## အာဟာရေပဋိကူလသညာ-ကမ္မဋ္ဌာန်းစီးဖြန်းနည်း။

အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းကိုစီးဖြန်းလိုသောယောဂီအမျိုး သားသည်၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍၊ မျိုအပ်, စားအပ်, သောက်အပ်, လျက်အပ်သမျှသော ဆွမ်း, ခဲဘွယ်, ဘောဇဉ်- စသော ကဗဠီကာရ အာဟာရ၌၊ဆယ်ပါးသောအခြင်းအရာတို့ဖြင့် စက်ဆုပ် ရွံရှာဘွယ်သော အဖြစ်ကို အောက်မေ့ဆင်ခြင်အပ်၏။

ဆယ်ပါးသော အခြင်းအရာဟူသည်ကား၊ အသွားအပြန် ဟူသော- ဂမနအားဖြင့်၎င်း၊ ရှာမှီးရသော- ပရိယေသနအားဖြင့်၎င်း၊ သုံးဆောင် စားသောက်ရသော- ပရိဘောဂ အားဖြင့်၎င်း၊ တည်ရာ- အာသယ

အားဖြင့်၎င်း၊ သိုဒြိုးရသော-နိဓာနအားဖြင့်၎င်း၊ ဝမ်းမီးဖြင့် မကျက်သေးသော-အပရိပက္ကအားဖြင့်၎င်း၊ ဝမ်းမီးဖြင့် ကျက်ပြီးသော- ပရိပက္ကအားဖြင့်၎င်း၊အကျိုးရင်း-ဖလအားဖြင့်၎င်း၊ထိုမှဤမှ ယိုစီးစိမ့်ထွက်သောအကျိုးဆက်-နိဿန္ဒအားဖြင့်၎င်း၊ လိမ်းကျံကပ်နေသော- သမ္မက္ခနအားဖြင့်၎င်း၊ ဤသို့အားဖြင့် ၁၀-ပါးသောအခြင်းအရာတို့ကို မှတ်အပ်ကုန်၏။

ထို ၁၀-ပါးသော အခြင်းအရာတို့တွင်၊အထူးသဖြင့်ထင်ရှားသိလွယ်သော နိဿန္ဒအားဖြင့် စက်ဆုပ်ရွံရှာဘွယ်အဖြစ်ကို ဆင်ခြင်ရန် အဋ္ဌကထာ၌လာသောအတိုင်း ပြပေအံ့၊

အန္နံ ပါနံ ခါဒနီယံ၊ဘောဇနဉ္စ မဟာရဟံ။
ဧကဒွါရေန ပဝိသိတွာ၊နဝဒွါရေဟိ သန္ဒတိ။ ။

မဟာရဟံ၊မြတ်သောသူတို့အားထိုက်သော၊ အန္နဉ္စ၊ထမင်းသည်၎င်း၊ ပါနဉ္စ၊အဖျော်သည်၎င်း၊ခါဒနီယဉ္စ၊ခဲဘွယ်သည်၎င်း၊ဘောဇနဉ္စ၊ဘောဇဉ် သည်၎င်း၊ ဧကဒွါရေန၊တပေါက်သောဒွါရဖြင့်၊ ပဝိသိတွာ၊ကိုယ်တွင်းသို့ ဝင်၍၊နဝဒွါရေဟိ၊ဒွါရကိုးဖြာတို့မှ၊သန္ဒတိ၊ယိုစီး၏။ ။(အဓိပ္ပါယ်ပေါ်ပြီ)။

အန္နံ ပါနံ ခါဒနီယံ၊ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ သပရိဝါရော၊နိက္ခာမေန္တော နိလီယတိ။ ။

မဟာရဟံ၊မြတ်သောသူတို့နှင့် ထိုက်တန်သော၊အန္နဉ္စ၊ထမင်းကို၎င်း၊ ပါနဉ္စ၊ အဖျော်ကို၎င်း၊ ခါဒနီယဉ္စ၊ ခဲဘွယ်ကို၎င်း၊ ဘောဇနဉ္စ၊ စားဘွယ် ဘောဇဉ်ကို၎င်း၊ သပရိဝါရော၊ အခြံအရံနှင့်တကွ၊ ဘုဉ္ဇတိ၊ သုံးဆောင် စားသောက်၏၊ နိက္ခာမေန္တော၊ထွက်စေသည်ရှိသော်၊ဝါ၊ယိုသည်ရှိသော်၊ နိလီယတိ၊မိမိကိုယ်ကိုမမြင်ရအောင် ပုန်းအောင်းရပေစွဘကား။

အန္နံ ပါနံ ခါဒနီယံ၊ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတိ အဘိနန္ဒန္တော၊နိက္ခာမေန္တော ဇိဂုစ္ဆတိ။ ။

မဟာရဟံ၊ သော။ အန္နဉ္စ၊ ကို၎င်း။ ပါနဉ္စ၊ ကို၎င်း။ ခါဒနီယဉ္စ၊ကို၎င်း။ ဘောဇနဉ္စ၊ကို၎င်း။ အဘိနန္ဒန္တော၊ရသတဏှာဖြင့် လွန်စွာနှစ်သက်လျက်။ ဘုဉ္ဇတိ၊သုံးဆောင်စားသောက်၏။ နိက္ခာမေန္တော၊ ထွက်စေသည်ရှိသော်။ ဝါ၊ယိုသည်ရှိသော်။ဇိဂုစ္ဆတိ၊ ရွံရှာစက်ဆုပ်ရပေစွတကား။

အန္နံ ပါနံ ခါဒနီယံ၊ဘောဇနဉ္စ မဟာရဟံ။
ဧကရတ္တိပရိဝါသာ၊သဗ္ဗံ ဘဝတိ ပူတိကံ။ ။

မဟာရဟံ၊သော။ အန္နဉ္စ၊သည်၎င်း။ ပါနဉ္စ၊သည်၎င်း။ ခါဒနီယဉ္စ၊သည် ၎င်း။ ဘောဇနဉ္စ၊ သည်၎င်း။ ဧကရတ္တိပရိဝါသာ၊ တညဉ့်မျှကိုယ်တွင်း၌ အောင်းကာမျှဖြင့်။ ပူတိကံ၊ ရွံ့ဘွယ်စက်ဆုပ်၊ အပုပ်အသိုးသည်။ဘဝတိ၊ ဖြစ်ရပေစွတကား။

ဤအထက်ပါဂါထာများကို နှုတ်တက်ရွရွ၊ဆောင်ရွက်ကြ၍၊ အာဟာရ၌ စက်ဆုပ်ရွံ့ရှာဘွယ်အဖြစ်ကို ဆင်ခြင် ပွားများကုန်ရာသည်။ ။
(အံနက်ရရုံမျှဖြင့် အဓိပ္ပါယ်ပေါ်လွင်ပြီ)။

အာဟာရေပဋိကူလသညာ-အဘွင့်ပြီးပြီ။

---

**ဓာတုဝဝတ္ထာန-အဘွင့်။**

**၁၁။ ။စတုဓာတုဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။ ။**

သင်္ဂြိုဟ်ပါဠ်။

မိမိကိုယ်၌တည်ရှိကုန်သော ပထဝီဓာတ်, အာပေါဓာတ်, တေဇော ဓာတ်,ဝါယောဓာတ်-ဟူသော ဓာတ်လေးပါးကို ပိုင်းခြား၍ရှုဆင်ခြင်ခြင်း သည်-ဧကံဝဝတ္ထာနကမ္မဋ္ဌာန်းမည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အဝယဝတ္ထ-အဓိပ္ပါယ်။**

ဝဝတ္ထာပီယတေ ဝဝတ္ထာနံ။ ။စတဿော ဓာတုယော စတု ဓာတုယော။ ။စတုဓာတူနံ ဝဝတ္ထာနန္တိ စတုဓာတုဝဝတ္ထာနံ။ ။

ဝဝတ္ထာပီယတေ၊ ပိုင်းခြားခြင်း၊ဝါ၊ ဆုံးဖြတ်ခြင်း။ ဝဝတ္ထာနံ၊ပိုင်းခြား ဆုံးဖြတ်ခြင်း။ ။စတဿော၊လေးပါးကုန်သော။ဓာတုယော၊ပထဝီစသော ဓာတ်တို့တည်း။ စတုဓာတုယော၊ ပထဝီစသော ဓာတ်လေးပါးတို့။ ။ စတုဓာတူနံ၊ပထဝီစသော ဓာတ်လေးပါးတို့ကို။ ဝဝတ္ထာနံ၊ ပိုင်းခြားဆုံး ဖြတ်ခြင်းတည်း။ဣတိ၊ကြောင့်။စတုဓာတုဝဝတ္ထာနံ၊စတုဓာတုဝဝတ္ထာန- မည်၏။

အဓိပ္ပါယ်ကား....မိမိကိုယ်၌ တည်ရှိကုန်သော ပထဝီစသော ဓာတ်လေးပါးတို့ကို ကဏ္ဍစသော မိမိ၏သဘောလက္ခဏာကို မှတ်သောအားဖြင့် ပိုင်းခြားဆုံးဖြတ်ခြင်းသည်-စတုဓာတုဝဝတ္ထာနမည်၏။ ။ဟူလို။

**ကေ-သဒ္ဒါ အဓိပ္ပါယ်။**

ဤ"ကေသညာ,ကေဝဝတ္ထာန်"ပါဌ်ဝယ်ကေသဒ္ဒါကို အဘယ့်ကြောင့်ထည့်ရပါသနည်းဟူမူ၊ ။ရှေးအဘိဓဌ်ဘပါးမက များသောအာရုံပင်ရှိသော်လည်း၊ ဥဂ္ဂဟာနိမိတ်ထင်လာသောအခါဝယ် တပါးတည်းသာထင်လာသောကြောင့် "ကေ"သဒ္ဒါကိုထည့်၍ ဆိုအပ်ပါသတည်း။ တနည်း-သာမညနိဒ္ဒေသအစွမ်းဖြင့် ကေ-သဒ္ဒါကိုမိန့်ဆိုအပ်၏။

**စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းစီးဖြန်းနည်း။**

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးသော်၊ အသူးထူးသော ရှေးရှေးအာရုံအပေါင်းမှ စိတ်ကိုဖဲစေ၍၊ဤသို့ဆင်ခြင်ပွားများရာ၏။

လိမ္မာသောနွားသတ်ယောက်ျားသည်၊နွားကိုသတ်ပြီးခါ၊နွားသားတို့ကိုရပ်ခွဲ၍လမ်းဆုံလမ်းမ၊လမ်းလေးခွ၌ရောင်းချလေ၏။ထိုအခါ၊အလိုရှိသောသူတို့သည်၊လာရောက်ကြ၍ ဝယ်ချမ်းကြကုန်၏။ထိုသူတို့သည်နွားကို ဝယ်ပါသလော၊နွားသားကိုဝယ်ပါသလော-ဟုစိစစ်ရာ၏။နွားသတ်ယောက်ျားသည်၊ နွားကိုမသတ်မီက အသားတိုးပွားစိမ့်သောငှာ ထမင်း,ဆန်ကွဲ စသည်ကိုကျွေးမွေးစဉ်ငင်း၊ နွားကိုသတ်ရာစဉ်းတီးတုံးသို့ ဆောင်စဉ်ငင်း၊ ဆောင်၍နွားကိုသတ်အံ့သောငှာချည်နှောင်၍ ထားစဉ်ငင်း၊ရိုက်ခတ်သတ်ဖြတ်စဉ်ငင်း၊သတ်ဖြတ်ပြီး၍ သေခါစကိုမြင်ရစဉ်ငင်း၊ ငင်းကိုနွားသား-ဟုမဆိုရသေး၊နွားဟူသောပညတ်မပျောက်သေးချေ။ နွားကောင်-ဟုသာဆိုရဦးမည်။အကြင်အခါ ငင်းနွားသေကို ဖြတ်လှီး၍၊ အသားတခြား,အရိုးတခြား,စသောအားဖြင့်ထားအပ်၏။ ထိုအခါ ငင်းနွား-ဟူသောအကောင်အထည်ပညတ်သည် ပျောက်၍၊နွားသား-နွားရိုး-စသောအဖြစ်သို့ရောက်လေတော့၏။ ထိုအခါကျမှ၊ငါသည်၊ နွားသားကိုရောင်း၏၊ ငါသည်၊ နွားသားကိုဝယ်၏-ဟူသောသညာသည်ဖြစ်လေ၏ သို့၊ထိုအတူ၊မိမိကိုယ်ကိုသေချာစွာ ကြည့်ရှု၍၊ ဆံပင်တပုံ၊မွေးညှင်းတပုံ၊အသားတပုံ၊အရိုးတပုံ၊အသွေးတပုံ- စသောအားဖြင့် တပုံစီထားပြီးခါ၊ ဤဆံပင်ကား ခိုင်မာခြင်း

လက္ခဏာရှိသောကြောင့် ပထဝီဓာတ်သာတည်း။ အသား,အရိုး,စသည်လည်း ခိုင်မာခြင်းလက္ခဏာရှိသောကြောင့် ပထဝီဓာတ်သာတည်း။သွေး, ပြည်, ကျင်ငယ်စသည်ကား ဖွဲ့စည်းခြင်း,ယိုစီးခြင်း လက္ခဏာရှိသောကြောင့် အာပေါဓာတ်သာတည်း။ ထိုဆံစသည်တို့၌ ရင့်စေ, ကျက်စေတတ်သော လက္ခဏာသည်-တေဇောဓာတ်သာတည်း။ ထောက်ပံ့ခိုင်စေတတ်သော သဘောသည်-ဝါယောဓာတ်သာတည်း။ ဤသို့လျှင် မိမိခန္ဓာကိုယ်ကို ဓာတ်လေးပါးဖြင့် ခွဲခြမ်းစိတ်ဖြာ ရှုပုံလိုက်သည်ရှိသော်- လူဟူသော,ယောက်ျားဟူသော,မိန်းမ-ဟူသောအထည်ကိုယ်ပညတ်သည် ပျောက်လေ၏။ တကိုယ်လုံးဓာတ်လေးပါး- ဟူသော ဉာဏ်အမြင်သည် ထင်၍လာလေ၏။ ထိုဓာတ်ဟူကလည်း သတ္တဝါမဟုတ်, ဇီဝမဟုတ်, ငါ သူတပါး ယောက်ျား, မိန်းမ- မရှိတော့ပါတကား- ဟူသောဉာဏ်သည် ထင်လာလေ၏။ ။ဤသို့လျှင် ခန္ဓာကိုယ်ကို ဓာတ်အားဖြင့် အကြိမ်ကြိမ်, အထပ်ထပ်၊ပိုင်းခြားဆင်ခြင် စီးဖြန်းအပ်၏။ဝါ။စီးဖြန်းပါလေ။

## ဓာတ်ကမ္မဋ္ဌာန်းဂါထာများ။

ဓာတုပုဉ္ဇော အယံ ကာယော၊ဓာတုပုဉ္ဇာ ပရေ ဗိစ။
သဗ္ဗေ ပိ ဓာတုပုဉ္ဇာဝ၊အနိစ္စာ ဒုက္ခာ နတ္တကာ။ ။

မေ၊ငါ၏။ အယံကာယော၊ ဤရူပကာယသည်။ ဓာတုပုဉ္ဇော၊ ပထဝီ-စသော ဓာတ်လေးပါး အစုအပုံသာတည်း။ပရေပိစ၊ငါမှတပါး၊သူတပါးတို့သည်လည်း။ ဓာတုပုဉ္ဇာဝ၊ ပထဝီစသား၊ ဓာတ်လေးပါး အစုအပုံသာဖြစ်ကုန်၏။ သဗ္ဗေပိ၊ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော သတ္တဝါတို့သည်လည်း။ ဓာတုပုဉ္ဇာဝ၊ပထဝီစသား၊ဓာတ်လေးပါးအစုတို့သာတည်း။ တေ၊ထိုဓာတ်ရုပ်တို့သည်လည်း။အနိစ္စာ၊အမြဲမရှိကုန်။ ဒုက္ခာ၊ဆင်းရဲအစုတို့သာတည်း။ အနတ္တကာ၊ ငါသူတပါး၊ ယောက်ျား,မိန်းမ၊ အတ္တမဟုတ်ကုန်။ဝါ၊ မိမိ၏ အလိုဆန္ဒသို့ လိုက်လျောခြင်းမရှိ၊ ပကတိဓာတ်သဘောအတိုင်းသာ ဖြစ်ကုန်၏။

ယထာ ပဋိစ္စ ကဋ္ဌာဒိံ၊အာဂါရန္တိ ပဝုစ္စတိ။
ဧဝံ ပဋိစ္စ အဋ္ဌာဒိံ၊သရီရန္တိ ပဝုစ္စတိ။ ။

ကဋ္ဌာဒိံ၊သစ်သားကြီးငယ်၊ အသွယ်သွယ်ကို။ ပဋိစ္စ၊အစွဲပြု၍။ အာဂါရန္တိ၊အိမ်,ကျောင်း,စရပ်၊ပြာသာဒ်တန်ဆောင်းဟု။ပဝုစ္စတိယထာ၊ခေါ်ဆို

အပ်သကဲ့သို့၊ ဇေတထာ၊ ပမာနိုင်းယူ၊ ဤအတူသာ။ အဋ္ဌာဒိ၊ အရိုး, အကြော, အသား၊ အရေ၊ လေးထွေသော ကောဋ္ဌာသကို၊ ပဋိဗ္ဗ၊ အစွဲပြု၍။ သရီရန္တိ၊ ယောကျ်ား,မိန်းမ၊ ကာယမှည့်ဆို၊ ခန္ဓာကိုယ်ဟူ၍။ ပဝုစ္စတိ၊ ခေါ်ဆိုအမှတ်၊ ပြောဆိုအပ်လေသတည်း။

အဋ္ဌိံ နှာရုံ စ မံသဉ္စ၊ စမ္မဉ္စ စတုက္ကံ ပတိ။
ပရိဝါရိတော အာကာသော၊ သရီရံ ရူပန္တိ ဂစ္ဆတိ။ ။

အဋ္ဌိံစ၊ အရိုးသုံးရာကိုရင်း။ နှာရုံစ၊ ကိုးရာသော အကြောကိုရင်း။ မံသဉ္စ၊ ကိုးရာသောအသားတစ်ကိုရင်း။ စမ္မဉ္စ၊ ဖိုးစေ့ခန့်မျှ၊ ပမာဏရသော အရေကိုရင်း။ စတုက္ကံ၊ ခတ်လေးပါးအပေါင်းကို ပတိ၊ အစွဲပြု၍။ ပရိဝါရိတော၊ ခြံရံအပ်သော။ အာကာသော၊ ကောင်းကင်သည်။ ရူပန္တိ၊ ခတ်လေးပါးအချုပ်၊ ခန္ဓာရုပ်ဟူ၍။ သရီရံ၊ ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏ဘကား။

စတုဓာတုဝဝတ္ထာန်-အဘွင့်ပြီးပြီ။

---

## အာရုပ္ပ အဘွင့်။

၁၂။ ။အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါ နာမာတိ သမ္ဗန္ဓော ပါဠိသမ္ဗန္ဓေ သစတ္တာလီသကမ္မဋ္ဌာနာနိ ဘာဝေန္တိ။

သင်္ဂြိုဟ်ပါဠိ။

အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန၊ ဤလေးပါးတို့သည် အာရုပ္ပမည်ကုန်၏။ ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သမထနှင့်ဆိုင်သည်၊ လေးဆယ်သော ကမ္မဋ္ဌာန်းတို့သည် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား-ပါဌ္ဌ။

---

## အာရုပ္ပ-အဓိပ္ပါယ်။

အရူပေ အာရုပ္ပဘော ဘာဝါတိ အာရုပ္ပါ။

အရူပေ၊ ရုပ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော၊ အာရုပ္ပဘော၊ ကောင်းကင်စသော အာရုံ ၄-ပါးအပေါင်း၌။ ဘာဝါ၊ ဖြစ်ကုန်သည်ဘည်း။ ဈာန်၊ ကြောင့်။

အာရုပ္ပါ၊ အာရုပ္ပ-မည်ကုန်၏၊ ။ဝိဂြိုဟ်အရ....ရုပ်နှင့် ဆန့်ကျင်ဘက် ဖြစ်သော ကောင်းကင်စသော အာရုံလေးပါး၌ အာရုံပြု၍ ဖြစ်ပေါ်လာသော အာကာသာနဉ္စာယတနစသောဈာန်လေးပါးအပေါင်းသည်-အာရုပ္ပ မည်၏။ဤ၌မူ ဤဈာန်လေးပါးကို ရစေနိုင်သော ကမ္မဋ္ဌာန်းသည်-အာရုပ္ပ မည်၏။ ။ဟူလို။

## အာရုပ္ပကမ္မဋ္ဌာန်းစီးဖြန်းနည်း။

ရူပေ ခေါ ဝိဇ္ဇမာနသ္မိံ၊ ဒဏ္ဍာဒါနာဒယော သိယုံ။
အနေကာပိ ပနာဗာဓာ၊ စက္ခုရောဂါဒယော ဣတိ။ ။

ရူပေ အာဒီနဝံ ဒိသွာ၊ ရူပေ နိဗ္ဗိန္ဒမာနသော။
တဿာတိက္ကမနတ္ထာယ၊ အရူပံ ပဋိပဇ္ဇတိ။ ။

အဘိဓမ္မာဝတာရ- အဋ္ဌကထာပါဌ်အရ၊ အာရုပ္ပလေးပါးတို့တွင်၊ အာကာသာနဉ္စာယတနအာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ရူပါဝစရပဉ္စမဈာန်ကို ရပြီးသော တိဟိတ်ကာမ,ရူပ-ပုဂ္ဂိုလ်သည်၊ရုပ်ရှိခြင်းကြောင့် ထားလက်နက်စသည်တို့ဖြင့် ခုတ်ဖြတ်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, ငြင်းခုံခြင်းတို့သည်၎င်း၊ စက္ခုရောဂါစသော များစွာသော အနာရောဂါတို့သည်၎င်း၊ ဖြစ်ကုန်၏။ ရုပ်မရှိပါမူကား၊ ၎င်းဆိုအပ်ပြီးသော ဘေးတို့သည် မဖြစ်ကုန်ရာ-ဟုရုပ်၌အပြစ်မြင်၍၊ထိုကရဇကာယ-ရုပ်ခန္ဓာကြီးကို လွန်မြောက်စေခြင်းငှာ၊ကသိုဏ်း ၁၀-ပါးတို့တွင်၊အာကာသ-ကသိုဏ်းမှ တပါး၊ကြွင်းသောကသိုဏ်း ၉-ပါးပဋိဘာဂနိမိတ်တို့တွင်၊ တပါးပါးသော ကသိုဏ်း၌၊ရူပါဝစရပဉ္စမဈာန်ကို ဝင်စား၏။

တမှာ ကသိဏရူပါပိ၊သော နိဗ္ဗိဇ္ဇဝိသာရဒေါ။
အပက္ကမိတုကာမော စ၊သူကရာဘိဟတော ဝသာ။ ။

အဋ္ဌကထာပါဌ်နှင့် အညီ၊ မြွေကိုကြောက်သောသူ, တောဝက်ကို ကြောက်သောခွေး,သူရဲကို ကြောက်သောသူတို့သည်၊ မြွေရုပ်, ဝက်ရုပ်, သူရဲရုပ်ကိုပင် မြွေ-စသည်ထင်မှတ်၍ ကြောက်သကဲ့သို့၊ ကရဇကာယ ရုပ်ကို ကြောက်သော ပဉ္စမဈာနသာဘိယောဂီပုဂ္ဂိုလ်သည်လည်း၊ ကရဇ ရုပ်နှင့်တူသော ကသိုဏ်းရုပ်ကိုပင် ဤယခုငါပွားများဝင်စားအပ်သော ရူပါဝစရပဉ္စမဈာန်သည်၊ ငါငြီးငွေ့အပ်သော ကသိုဏ်းရုပ်ကိုပင် အာရုံ

ပြုဘိ၏-ဟူ၍၎င်း၊ သုခတည်းသော နီးသောရန်သူရှိ၏၊ ငြိမ်သက်သော ဝိမောက္ခဖြစ်သော ၊ အရူပဈာန်အောက် ရန့်၎င်း၏-ဟူ၍၎င်း၊ အပြစ်ကို မြင်၍၊ အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍၊ စကြဝဠာအဆုံးတိုင်အောင် အလိုရှိအပ်သော အပိုင်းအခြား၌၊ ကသိုဏ်းပဋိဘာဂနိမိတ်ကို ပွားစေ၏။ ထိုကသိုဏ်းပဋိဘာဂနိမိတ်ဖြင့် ကောင်းကင်တခုလုံးကို မယူဘဲ၊ တွေ့ထိရာကောင်းကင်ကိုပင် "အာကာသော-အာကာသော"ဟူ၍ ၎င်း၊ သို့မဟုတ် "အနန္တော အာကာသော-အနန္တောအာကာသော"ဟူ၍၎င်း၊ နှလုံးသွင်း၍ ရှုအပ်၏။ ထိုသို့ရှုသော ယောဂီပုဂ္ဂိုလ်အား ထိုကသိုဏ်းပဋိဘာဂနိမိတ်ဖြင့် တွေ့ထိရာ တော, တောင်,စသောအရပ်သည်၊ ကောင်းကင်ဖြစ်၍သာ ထင်လေ၏။ ထိုထင်သော ရှု၍ရသော ကောင်းကင်ပညတ်ကို အာရုံပြု၍၊ "အာကာသော-အာကာသော"ဟု၎င်း။ "အနန္တောအာကာသော,အနန္တောအာကာသော" ဟု၎င်း အဘန်ဘန်အထပ်ထပ် စီးဖြန်းပွားများအပ်၏။ဤသို့ အဘန်ဘန် အထပ်ထပ် စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနဈာန် ဖြစ်ပေါ်ရှိလေ၏။

အာသန္နရူပါဝစရ၊ဈာနပစ္စတ္ထိကန္တိ စ၊
ဒုတိယာရုပ္ပဝိတ္တံဝ၊နစ သန္တမိဒန္တိ စ။ ။

အာဘိဓမ္မာဝတာရ အဋ္ဌကထာပါဌ်အရ၊ ဝိညာဏဉ္စာယတနအာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော အာကာသာနဉ္စာယတန ဈာန်ကို ရပြီးသော တိဟိတ်ကာမ,ရူပ,အရူပ,ပုဂ္ဂိုလ်သည်၊ငါရသော အာကာသာနဉ္စာယတနဈာန်သည်၊ ရူပါဝစရပဉ္စမဈာန်ဘည်းဟူသော နီးသောရန်သူရှိ၏။ ဝိညာဏဉ္စာယတန သမာပတ်ကဲ့သို့ ငြိမ်လည်း မငြိမ်သက်-ဟု အာကာသာနဉ္စာယတနဈာန်၌အပြစ်ကိုမြင်၍၊ဝိညာဏဉ္စာယတနဈာန်ကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၍၊ ဈေးနည်းအတိုင်း အာကာသကသိုဏ်းမှ ကြွင်းသော ကသိုဏ်းကိုးပါးကို ရှုရာကောင်းကင်၌ ပျံ့နှံ့၍ ဖြစ်သော ပဌမာရုပ္ပဝိညာဏ်ကို "ဝိညာဏံ-ဝိညာဏံ"ဟု၎င်း၊ "အနန္တံ ဝိညာဏံ-အနန္တံ ဝိညာဏံ"ဟု၎င်း၊အဘန်ဘန်အထပ်ထပ်နှလုံးသွင်းအပ်၏၊ "အနန္တံ-အနန္တံ"ဟု သက်သက်ကား၊ နှလုံးမသွင်းအပ်ချေ။ ဝိညာဏံ၊ အာကာသာနဉ္စာယတနဝိညာဏ်သည်။အနန္တံ၊အဆုံးမရှိ။ ။ဤသို့အဘန်

ဘန်အာထပ်ထပ် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ဝိညာဏာဉ္စာယတန ဈာန်သည် ဖြစ်ပေါ်လာသော၏။

အာသနူပဠမာရုပ္ပါဝိတ္တပစ္စတ္ထိကတ္တိ စ၊
တတိယာရုပ္ပစိတ္တံဝါနစ သန္တမိဒန္တိ စ။ ။

အဘိဓမ္မာဝတာရ-အဋ္ဌကထာပါဠိအရ၊ အာကိဉ္စညာယတန အာရုပ္ပ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ဝိညာဏာဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ,ရူပ,အရူပပုဂ္ဂိုလ်သည်၊ ငါရပြီးသော ဝိညာဏာဉ္စာယတနဈာန်သည်၊အာကာသာနဉ္စာယတနဈာန်-တည်းဟူသော နီးသော ရန်သူရှိ၏။ အာကိဉ္စညာယတနသမာပတ်ကဲ့သို့ မငြိမ်သက်-ဟု ဝိညာဏာဉ္စာယတနဈာန်၌ အပြစ်ကိုမြင်၍၊ အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍၊ထိုဝိညာဏာဉ္စာယတနဈာန်၏ အာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းတည်းဟူသော၊ နတ္ထိဘာဝပညတ်ကို အာရုံပြု၍၊ "နတ္ထိကိဉ္စိ-နတ္ထိကိဉ္စိ"ဟု အဘန်ဘန်အာထပ်ထပ် စီးဖြန်းပွားများအပ်၏။ "နတ္ထိ-နတ္ထိ" "သုညံ-သုညံ" "ဝိဝိတ္တံ-ဝိဝိတ္တံ" ဟုလည်း ပွားများအပ်၏။ ။ကိဉ္စိ၊ဘင်-ဟုဆိုအပ်သော ဖိုးစဉ်းမျှသည်။ နတ္ထိ၊မရှိ။ဤသို့အဘန်ဘန်အထပ်ထပ်စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ် အား အာကိဉ္စညာယတနဈာန်သည် ဖြစ်ပေါ်လာလေ၏။

အာသနူဒုတိယာရုပ္ပါဝိတ္တပစ္စတ္ထိကတ္တိ စ။
စတုတ္ထာရုပ္ပစိတ္တံဝါနစ သန္တမိဒန္တိ စ။ ။

အဘိဓမ္မာဝတာရ အဋ္ဌကထာပါဠိအရ၊နေဝသညာနာသညာယတန အာရုပ္ပကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော အာကိဉ္စညာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ,အရူပ,ပုဂ္ဂိုလ်သည်၊ ငါရပြီးသော အာကိဉ္စညာယတနဈာန်သည်၊ ဝိညာဏာဉ္စာယဘန ဈာန်ဘည်းဟူသော နီးသောရန်သူရှိ၏။ နေဝသညာ နာသညာယတနဈာန်ကဲ့သို့လည်း မငြိမ်သက်-ဟု အာကိဉ္စညာယဟနဈာန်၌ အပြစ်ကို မြင်၍၊ နေဝသညာနာသညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍၊ နတ္ထိဘာဝ ပညတ်ကိုပင် အာရုံပြု၍ ဖြစ်သော ထိုအာကိဉ္စညာယတနဈာန်ကိုပင် အာရုံပြုလျက်၊ "သန္တမေတံ-ပဏီတ-မေတံ"ဟု အဘန်ဘန်အာထပ်ထပ်

စီးဖြန်းပွားများအပ်၏။ ။ဇော်၊ ဤအာကိဉ္စညာယတနဈာန်သည်။ သန္တံ၊ ငြိမ်သက်၏။ဇော်၊ဤအာကိဉ္စညာယတနဈာန်သည်။ပဏီတံ၊မွန်မြတ်၏။ ။ ဤသို့ အဘန်ဘန်အထပ်ထပ် စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား နေဝသညာနာသညာယတနဈာန်သည် ဖြစ်ပေါ်လာလေ၏။

အာရုပ္ပလေးပါးအခွင့်ပြီးပြီ။

သမထကမ္မဋ္ဌာန်းလေးဆယ်အခွင့်ပြီးပြီ။

---

## သပ္ပါယဘေဒ-အခွင့်။

၁၃။ ။စရိတာသု ပန ဒသ အသုဘာ ကာယဂတာသတိသင်္ခါ
တာ ကောဋ္ဌာသဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။ ။

သင်္ဂြိုဟ်ပါဌ်။

စရိုက်ခြောက်ပါး တို့တွင်၊ရာဂစရိုက် များသောသူသည်၊ အသုဘ ဆယ်ပါးနှင့်၊ ကာယဂတာသတိ-ဟုဆိုအပ်သော ကောဋ္ဌာသဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏။ ဝါ၊စီးဖြန်းသင့်၏။ဝါ၊ စီးဖြန်းပါမှကား၊ ရာဂကင်းပျောက်၏။ ။ဟူလို။ ။(အဓိပ္ပါယ်ပေါ်လွင်ပါ၏)။

---

၁၄။ ။စတဿော အပ္ပမညာယော, နီလာဒီနိ စ စတ္တာရိ ကသိ
ဏာနိ,ဒေါသစရိတဿ။ ။

သင်္ဂြိုဟ်ပါဌ်။

ဒေါသစရိုက် များသောသူသည်၊ အပ္ပမညာကမ္မဋ္ဌာန်းကိုရင်း, နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်း လေးပါးတို့ကိုရင်း,နှစ်သက်ဘွယ် အာရုံများဖြစ်သောကြောင့် စီးဖြန်းပွားများအပ်ကုန်၏။ ။ဟူလို။

၁၅။ ။အာနာပါနံ မောဟစရိတဿ,ဝိတက္ကစရိတဿ စ။ ။

သင်္ဂြိုဟ်ပါဌ်။

---

363-A-60

မောဟစရိုက်များသောသူသည်၎င်း, ဝိတက်စရိုက်များသောသူသည်၎င်း, အာနာပါနဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏။ အကြောင်းသော်ကား- အာနာပါနဿတိသည်၊ ပညာ၏အရာသာဖြစ်၍၊ မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထိုထို-ဤဤ ကြံစည်ခြင်းဝိတက်ကိုလည်း တားမြစ်တတ်၏။ထို့ကြောင့် ပွားများအပ်၏။ ။ဟူလို။

---

**၁၆။ ။ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ။ ။**

သင်္ဂြိုဟ်ပါဌ်။

သဒ္ဓါစရိုက်များသောသူသည်၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ- ဟူသော အနုဿတိ ကမ္မဋ္ဌာန်းခြောက်ပါးတို့ကို သဒ္ဓါတရား၏ တိုးပွားကြောင်းဖြစ်သောကြောင့် စီးဖြန်းပွားများအပ်ကုန်၏။ ။ဟူလို။

---

**၁၇။ ။မရဏာ,ဥပသမ,သညာ,ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။ ။**

သင်္ဂြိုဟ်ပါဌ်။

ဗုဒ္ဓိစရိုက်များသောသူသည်၊မရဏာဿတိကမ္မဋ္ဌာန်း,ဥပသမာနုဿတိကမ္မဋ္ဌာန်း, ဧကသညာကမ္မဋ္ဌာန်း, စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့ကို သိမ်မွေ့နက်နဲသည်ဖြစ်၍ ပညာ၏သာ အရာဖြစ်သောကြောင့်စီးဖြန်းပွားများအပ်ကုန်၏။ ။ဟူလို။

---

**၁၈။ ။သေသာနိ ပန သဗ္ဗာနိ ပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။ တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ၊ ခုဒ္ဒကံ ဝိတက္ကစရိတဿေဝါတိ။ ။**

**အယမေတ္ထ သပ္ပါယဘေဒေါ။**

သင်္ဂြိုဟ်ပါဌ်။

ထိုဆိုအပ်ပြီးသော အသုဘ ၁၀-ပါးအစ၊စတုဓာတုဝဝတ္ထာန်အဆုံး ရှိသော ၄၀-သော သမထကမ္မဋ္ဌာန်းတို့မှ ကြွင်းကုန်သော၊ အလုံးစုံကုန်

သော ပထဝီ,အာပေါ,တေဇော,ဝါယော,အာကာသ,အာလောက,အားဖြင့် ကသိုဏ်းခြောက်ပါး၊အာရုပ္ပလေးပါး-ဟုဆိုအပ်သော ကမ္မဋ္ဌာန်း ၁၀-ပါး တို့ကိုကား၊ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်,ဝိတက်စရိုက်,သဒ္ဓါ စရိုက်, ဗုဒ္ဓိစရိုက်အားဖြင့် မည်သည့်စရိုက်များသောသူမဆို စီးဖြန်းပွား များအပ်ကုန်၏။ ။အဘယ်ကြောင့် စရိုက်ခြောက်ပါးလုံးနှင့် သင့်လျော် ပါသနည်းဟူမူ၊ ရာဂ-စသောအကုသိုလ်စရိုက်ကို မငြိမ်းစေနိုင်-မပယ် ခွါနိုင်သော ကသိုဏ်းတို့မည်သည်မရှိကုန်၊ သဒ္ဓါစသော ကုသိုလ်စရိုက် တို့ကိုလည်း မထောက်ပံ့နိုင်, တိုးပွားသည်ထက်တိုးပွားအောင်,မပြုနိုင် သော။ကသိုဏ်းတို့မည်သည်မရှိသောကြောင့်တည်း။

သို့သော်- ထိုကမ္မဋ္ဌာန်းတို့တွင်၊ ကသိုဏ်းစီးဖြန်းရာ၌- မောဟစရိုက် များသောသူသည်၊ ကောက်နယ်တလင်းမျှ ပမာဏရှိသော ကျယ်သော ကသိုဏ်းဝန်းပြုကာ၊စီးဖြန်းရာ၏။သေးငယ်သောကသိုဏ်းဝန်းနှင့် မသင့် လျော်ပေ။ အကြောင်းသော်ကား၊ ကသိုဏ်းဝန်းငယ်ပါမူ၊ စိတ်အလွန် တွေဝေတတ်သောကြောင့်တည်း။

ဝိတက်စရိုက်များသောသူကား၊ စလောမျှပမာဏရှိသော ငယ်သော ကသိုဏ်းဝန်းပြုကာစီးဖြန်းပွားများရာ၏။ကြီးသောကသိုဏ်းဝန်းနှင့်ကား၊ မသင့်လျော်ပေ။အကြောင်းသော်ကား၊ ကသိုဏ်းဝန်းကျယ်ပါမူ၊ ဝိတက် အလွန်များတတ်သောကြောင့်တည်း။

သပ္ပါယ-အဘွင့်ပြီးပြီ၊

---

## ဘာဝနာဘေဒ-အဘွင့်။

၁၃။ ။ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေ။ ပ။ဥပစာရဘာဝနာဝ သမ္ဗုဒ္ဓာဒီနံ့ ဒသ္သု အပ္ပနာ။ ။

သဒ္ဒါ ဘ်ပါ၌။

ဘာဝနာသည်၊အောက်ကဘွင့်ဆိုခဲ့ပြီးသောအတိုင်း၊ပရိကမ္မဘာဝနာ, ဥပစာဘာဝနာ,အပ္ပနာဘာဝနာ-ဟူ၍၊ သုံးပါးရှိရာ၊ပရိကမ္မဘာဝနာသည် အလုံးစုံသောသမထကမ္မဋ္ဌာန်းလေးဆယ်တို့၌ ဖြစ်နိုင်၏ အဘယ့်ကြောင့်

ဆိုသော်၊တရုံတခဲသောသမထမျှသည်၊ပရိကမ်နှင့်ကင်း၍ မဖြစ်နိုင်သော ကြောင့်တည်း။

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါ နုဿတိ,ဒေဝတာနုဿတိ,ဥပသမာနုဿတိ, မရဏာနုဿတိ-ဟူသော အနုဿတိ ၈-ပါးနှင့် အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် အားဖြင့် ၁၀-ပါးသော သမထကမ္မဋ္ဌာန်းတို့၌၊ဥပစာရဘာဝနာတပါးကို သာ ရနိုင်၏။အပ္ပနာဘာဝနာမဖြစ်နိုင်ချေ။

အကြောင်းသော်ကား....ဗုဒ္ဓါနုဿတိ,ဓမ္မာနုဿတိ,သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဥပသမာနုဿတိ- ဟူသောအနုဿတိ ခြောက်ပါးတို့သည်၊ ဂုဏ်တော်တပါး·တပါးသည်ပင် အလွန်တရာနက်နဲ သောကြောင့် ထိုဂုဏ်တော်လျှင် အာရုံရှိသောသမာဓိသည်၊မဟာသမုဒ္ဒ ရာ၌ ယုန်သူငယ်သည် ထောက်တည်ရာမရသကဲ့သို့၊ တည်တန့်ခြင်းငှာ မစွမ်းနိုင်အောင် နက်နဲသောကြောင့်-အပ္ပနာဘာဝနာမဖြစ်နိုင်ချေ။

ထိုဂုဏ်တော်တို့သည်လည်း သာသနာတော်သို့ သက်ဝင် ယုံကြည် ကုန်သောသူတို့၏ စိတ်နှလုံးကို အလွန်တရာနှစ်သက်စေနိုင်- မရောင့်ရဲ စေနိုင်သောကြောင့်သည်း အပ္ပနာဘာဝနာကို မဖြစ်စေနိုင်ပေ။

မရဏာဿတိကမ္မဋ္ဌာန်းသည်၊သေခြင်းဟူသည်၊သင်္ခါရတို့၏သဘော တရားအတိုင်း ဖြစ်သောကြောင့်၎င်း၊ ထိတ်လန့် ကြောက်ရွံ့အပ်သော သဘောတရားဖြစ်သောကြောင့်၎င်း၊အပ္ပနာကိုမဖြစ်စေနိုင်ပေ၊

သညာနှင့်စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့သည်ကား၊တရားသဘော အားဖြင့် အလွန်တရာနက်နဲသောကြောင့် အပ္ပနာကို မဖြစ်စေနိုင်ကုန်-ဟု မှတ်။

## ဆောင်ပုဒ်။

က။ ။ဗုဒ္ဓါ နုဿတိ၊ စသို့ခြောက်ပါး၊ နက်နဲခြား၊ မှတ်သား အပ္ပနံ၊ မဖြစ်မှန်။

ခ။ ။မရဏာကား၊ တရားသဘော၊ ဖြစ်ဘိသော၊ မှတ်လောအပ္ပနံ၊ မဖြစ်မှန်။

ဂ။ ။သညာ,ဓာတု၊နက်နဲမှု၊မှတ်ရှုအပ္ပနံ၊ မဖြစ်မှန်။

### အပ္ပနာဖြစ်နိုင်သော ကမ္မဋ္ဌာန်းအဘွင့်။

၂၀။ ။သေသေသု ပန သမတိံသ ကမ္မဋ္ဌာနေသု အပ္ပနာဘာဝနာ
ပိ သမ္ပဇ္ဇတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ထိုဗုဒ္ဓါနုဿတိ-အစရှိသော ၁၀-ပါးသော ကမ္မဋ္ဌာန်းမှ ကြွင်းကုန်သောကသိုဏ်း၁၀-ပါး၊အသုဘ ၁၀-ပါး၊အပ္ပမညာ၄-ပါး၊အာရုပ္ပ ၄-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ ကမ္မဋ္ဌာန်း ၃၀-တို့၌၊ အပ္ပနာဘာဝနာလည်း ဖြစ်နိုင်,ပြည့်စုံနိုင်၏။ ။ဟူလို၊

---

### ဈာန်ငါးပါးကိုရစေနိုင်သော ကမ္မဋ္ဌာန်းအဘွင့်။

၂၁။ ။တတ္ထာပိ ဒသ ကသိဏာနိ အာနာပါနဉ္စ ပဉ္စကဇ္ဈာနိကာနိ။

သင်္ဂြိုဟ်ပါဌ်။

ထိုအ-မျှသုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်၊ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ ၁-ပါး၊ဤ ၁၁-ပါးသော ကမ္မဋ္ဌာန်းတို့သည်၊ ပဌမဈာန်။ပ။ ပဉ္စမဈာန်-ဟူသော ဈာန်ငါးပါး အကုန်ရနိုင်ကုန်၏။ ။ဟူလို။

---

### ပဌမဈာန်ကိုသာ ရစေနိုင်သောကမ္မဋ္ဌာန်းအဘွင့်။

၂၂။ ။ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

သင်္ဂြိုဟ်ပါဌ်။

အသုဘ ၁၀-ပါး၊ကာယဂတာသတိ ၁-ပါး။ဤ ၁၁-ပါးသောကမ္မဋ္ဌာန်းတို့သည်၊ပဌမဈာန်ဘပါးတည်းကိုသာရနိုင်,ဖြစ်စေနိုင်ကုန်၏။ ။အကြောင်းသော်ကား....၎င်းအသုဘ ကမ္မဋ္ဌာန်း, ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့သည်၊စက်ဆုပ် ရွံရှာဘွယ်သောအနိဋ္ဌာရုံများဖြစ်သဖြင့်စိတ်နှစ်သက်မှုကိုဖြစ်စေရန် အားအ-လွန်နည်းကုန်၏။ထို့ကြောင့် ထိုကမ္မဋ္ဌာန်းတို့၌ သမာဓိရစေရန် ရေစီးပြင်းသောမြစ်၌ ထိုးဝါးနှင့်ကင်း၍ လှေသည်မတည်တန့်

နိုင်သကဲ့သို့၊ ဝိတက်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်-ဝိတက်ပါရှိသော ပဌမဈာန်ကိုသာ ရနိုင်-ဖြစ်စေနိုင်၏။ဝိတက်ကင်းသော ဈာန်ဘို့ကိုကား၊ မဖြစ်စေနိုင်ကုန်။ ။ဟူလို။

---

ဒုတိယစသောဈာန်လေးပါးကိုရစေနိုင်သောကမ္မဋ္ဌာန်းအဘွင့်။

၂၃။ ။မေတ္တာဒယော တယော စတုက္ကဈာနိကာ။

သင်္ဂြိုဟ်ပါဌ်။

မေတ္တာကမ္မဋ္ဌာန်း, ကရုဏာကမ္မဋ္ဌာန်း, မုဒိတာကမ္မဋ္ဌာန်း သုံးပါးတို့သည်၊ပဌမဈာန်,ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်,ဤဈာန်လေးပါးကိုရနိုင်ကုန်၏။ပဥ္စမဈာန်ကိုမူကား မရစေနိုင်ကုန်။အကြောင်းသော်ကား သောမနဿနှင့်တကွ ဖြစ်ကုန်သောကြောင့်။ ။ဟူလို။

---

ပဥ္စမဈာန်ကိုရစေနိုင်သော ကမ္မဋ္ဌာန်းအဘွင့်။

၂၄။ ။ဥပေက္ခာပဉ္စမဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဈာနိကာနိ ကမ္မဋ္ဌာနာနိ။

သင်္ဂြိုဟ်ပါဌ်။

ဥပေက္ခာကမ္မဋ္ဌာန်းသည်၊ ပဥ္စမဈာန်ကို ရစေနိုင်၏။ အကြောင်းသော်ကား-ဥပေက္ခာနှင့် တကွ ဖြစ်သောကြောင့်တည်း။ ဤဆိုအပ်ပြီးသော ၂၆-ပါးသော ကမ္မဋ္ဌာန်းတို့သည် ရူပါဝစရဈာန်ကို ရစေနိုင်, ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းတို့မည်ကုန်၏။ ။ဟူလို။

---

အရူပါဝစရဈာန်ကိုရစေနိုင်သောကမ္မဋ္ဌာန်းအဘွင့်။

၂၅။ ။စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဈာနိကာတိ။

အယမေတ္ထဘာဝနာဘေဒေါ။

အာရုပ္ပကမ္မဋ္ဌာန်းလေးပါးတို့သည်၊ အရူပါဝစရဈာန်ကို ရစေနိုင်,ဖြစ်စေနိုင်ကုန်၏။အာကာသာနဉ္စာယတနအာရုပ္ပကမ္မဋ္ဌာန်းသည်၊အာကာသာ

နဠ္ဌာယတနစျာန်ကို ရစေနိုင်၏။ပ။ နေဝသညာ နာသညာယတနအာရုပ္ပ ကမ္မဋ္ဌာန်းသည်၊ နေဝသညာနာသညာယတနစျာန်ကို ရစေနိုင်, ဖြစ်စေနိုင်၏။ ။ဟူလို၊ ။(အဓိပ္ပါယ်အောက်ကဘွင့်ဆိုခဲ့ပြီ)။

ဘာဝနာဘေဒအဘွင့်ပြီးပြီ။

## နိမိတ္တဝိဘာဂ-အဘွင့်။

၂၆။ ။နိမိတ္တေသု ပန ပဋိဘာဂနိမိတ္တံ ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။ ။

သင်္ဂြိုဟ်ပါဌ်။

နိမိတ်တို့တွင်၊ပဋိဘာဂနိမိတ်ကိုရင်း,ဥဂ္ဂဟနိမိတ်ကိုရင်း,အလုံးစုံသော ကမ္မဋ္ဌာန်း ၄၀-တို့၌၊ဥပစာအားဖြင့် ရအပ်ကုန်၏။ ။ဟူလို။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

မည်သည့် ကမ္မဋ္ဌာန်းမဆို၊ အာရုံနှင့်မကင်းနိုင်၊ အာရုံနှင့်ကင်းသော ကမ္မဋ္ဌာန်း မည်သည် မရှိသောကြောင့်-ပဋိဘာဂနိမိတ်ကို ရသည်ချည်း ဖြစ်၏။ ပဋိဘာဂနိမိတ်အာရုံရပါက၊ ၎င်းပဋိဘာဂနိမိတ်နှင့်တူစွာ ဥဂ္ဂဟ နိမိတ်အာရုံသည် ထင်မြဲဖြစ်သောကြောင့် အလုံးစုံသော ကမ္မဋ္ဌာန်း-၄၀ တို့၌ ဥဂ္ဂဟနိမိတ်ကိုလည်း ရအပ်၏။

သို့သော်၊ ၎င်းပဋိဘာဂနိမိတ်, ဥဂ္ဂဟနိမိတ်တို့ထင်မှုသည်၊ ကမ္မဋ္ဌာန်း ၄၀-၌၊အာရုံအမျိုးမျိုးရှိရာ၊၎င်းအာရုံအားလျော်စွာသာ ထင်၏-ဟူသော အဓိပ္ပါယ်ကို"ယထာရဟံ"ဟူသောပါဌ်ဖြင့်ပြ၏။

ထိုကမ္မဋ္ဌာန်း ၄၀-တို့တွင်လည်း၊ကသိုဏ်း ၁၀-ပါး၊အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊အာနာပါနဿတိကမ္မဋ္ဌာန်း ၂၂-ပါးတို့သည်သာလျှင် ပဋိဘာဂနိမိတ်,ဥဂ္ဂဟနိမိတ်သည်၊ ထင်ရှားစွာဖြစ်နိုင်၏။ ကြွင်းသော ဗုဒ္ဓါ နုဿတိ-စသော ၁၈-ပါးသော ကမ္မဋ္ဌာန်းများကား ပဋိဘာဂနိမိတ်,ဥဂ္ဂဟ နိမိတ်တို့သည်မထင်ရှားကုန်။ထို့ကြောင့်"ပရိယာယေန"ဟူသောပါဌ် ကို မိန့်ဆိုအပ်၏။ ။ဟူလို။

အဘယ်ကြောင့် ကသိုဏ်း စသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာ မှုချအားဖြင့် ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်တို့သည်၊ ထင်နိုင်ပါကုန်သနည်း ဟူမူ။ ။ရင်း ၂၂-ပါးသောကမ္မဋ္ဌာန်းတို့သည်၊ပရမတ် အာရုံ,ပညတ်အာရုံ ၂-ပါးလုံးကို ရနိုင်သောကြောင့် ပရိကမ္မနိမိတ်-ဥဂ္ဂဟနိမိတ်ကို မှုချအား ဖြင့် ထင်နိုင်ကုန်၏။ ကြွင်းသော ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့သည်ကား၊ အချို့ကား ပရမတ်အာရုံကိုသာ ရ၍၊ အချို့ကား ပညတ်အာရုံကိုသာ ရသောကြောင့်၊ဥပစာအားဖြင့်သာရင်းနိမိတ် ၂-ပါးတို့ထင်နိုင်ကုန်သည်- ဟုမှတ်။

ဆောင်ပုဒ်။

က။ ၊တဆယ့်ရှစ်မှန်း၊ကမ္မဋ္ဌာန်းမှာ၊ပညတ်အာရုံ၊မပြုကုန်၊မှတ်တုံ- ဥပစာ။

ခ။ ။နှစ်ဆဲ့နှစ်ဖြာ၊ဘာဝနာကား၊ပညတ်ပရမတ်၊၂-ရပ်အာရုံ၊ရနိုင် ကုန်၊မှတ်တုံ-မှုချနိမိတ်တည်း။

---

ပဋိဘာဂနိမိတ်ထင်နိုင်သောကမ္မဋ္ဌာန်းအဘွင့်။

၂၇။ ။ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘကောဋ္ဌာသ အာနာပါနေသွေဝ လဗ္ဘတိ၊ တတ္ထ ပန ပဋိဘာဂနိမိတ္တမာရဗ္ဘ ဥပစာရသမာဓိ,အပ္ပနာသမာဓိ စ ပဝတ္တန္တိ။

သဒ္ဒတ္ထပြည့်ပါဌ်။

ပဋိဘာဂနိမိတ်ကို ကသိုဏ်း ၁၀-ပါး၊အသုဘ ၁၀-ပါး၊ကာယဂတာသတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်း ၂၂-ပါးတို့၌သာ ရအပ်၏။ အဘယ့်ကြောင့် ထိုကသိုဏ်း-စသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာ ပဋိဘာဂနိမိတ်သည် ထင်နိုင်ပါသနည်း-ဟူမူ။ ထိုကသိုဏ်း-စသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌၊ပဋိဘာဂနိမိတ်အာရုံကို အာရုံပြု၍ဥပစာရသမာဓိ,အပ္ပနာသမာဓိနှစ်ပါးဖြစ်နိုင်သောကြောင့်။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

## ပရိကမ္မနိမိတ်ထင်ပုံ-အဘွင့်။

၂ဂ။ ။ကထံ-အာဒိကမ္မိကဿ ဟိ ပထဝီမဏ္ဍလာဒိသု။ပ။ သာ စ ဘာဝနာ ပရိကမ္မဘာဝနာနာမ။ ။

သင်္ဂြိုဟ်ပါဠိ။

နိမိတ်သုံးပါး ထင်ပုံကား၊ ။အစဦးစွာ ပထဝီကသိုဏ်း-စသော ကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီပုဂ္ဂိုလ်၏ပကတိမျက်စိဖြင့် ကြည့်ရှု၍အာရုံပြုအပ်သော ပထဝီကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်-ဟု ဆိုအပ်၏။ ထိုပထဝီကသိုဏ်းဝန်းပရိကမ္မနိမိတ်ကိုအာရုံပြု၍စီးဖြန်းအပ်သောဘာဝနာသည်-ပရိကမ္မဘာဝနာမည်၏။ ။ဟူလို။

---

## ဥဂ္ဂဟနိမိတ်ထင်ပုံ-အဘွင့်။

၂၉။ ။ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ။ပ။ သာ စ ဘာဝနာ သမာဓိယတိ။ ။ ၄

သင်္ဂြိုဟ်ပါဠိ။

အကြင်အခါ၌၊ မျက်စိမှိတ်၍ထားသော်လည်း စက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့၊ မနောဒွါရအား ထိုပထဝီကသိုဏ်း အဝန်းအဝိုင်းစသည်သည် ထင်ခြင်းသို့ရောက်လာ၏။မနောဒွါရိကစိတ်ဖြင့်ဧင်းကသိုဏ်းဝန်းအာရုံကို ထင်ထင်ရှားရှားယူနိုင်၏။ ထိုအခါ၊ မနောဒွါရ၌ထင်လာသော ကသိုဏ်းဝန်းစသော အာရုံသည်- ဥဂ္ဂဟနိမိတ်မည်၏။ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ စီးဖြန်းအပ်သော ဘာဝနာသည့်- တည်ကြည်ထေ၏။ ။ပရိကမ္မသမာဓိမည်၏။ ၄ စီးဖြန်းသော သူသည်လည်း ကောင်းစွာ တည်ကြည်လေ၏။ ။ဟူလို။

---

## ပဋိဘာဂနိမိတ်ထင်ပုံ-အဘွင့်။

၃ဝ။ ။တတော သမာဟိတဿ ပနေတဿ တတော ပရံ။ပ။ တဒါ တံပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။ ။

သင်္ဂြိုဟ်ပါဠိ။

ထိုဥဂ္ဂဟနိမိတ်ထင်သည်မှစ၍၊ထိုသို့သောအခြင်းအရာအားဖြင့်တည်ကြည်သည်ဖြစ်၍၊ထိုဥဂ္ဂဟနိမိတ်ကို ပရိကမ္မသမာဓိဖြင့် အဘန်တလဲလဲ

စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား အကြင်အခါ၌ ထိုဥဂ္ဂဟနိမိတ်နှင့်တူသော ကသိုဏ်းအပြစ်မှ လွတ်သော ပညတ်-ဟု ဆိုအပ်သော ဘာဝနာဖြင့်ပြီးသော ပထဝီကသိုဏ်းဝန်း-စသော အာရုံသည် မနောဒွါရိကစိတ်၌ ကောင်းစွာထင်လာ၏။ ထိုအခါ ပဋိဘာဂနိမိတ်ဖြစ်ပြီ-ဟု ဆိုအပ်၏။ ။ဟူလို။ ဤကား-ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ-အဓိပ္ပါယ်။

ကောင်းစွာ ပြုအပ်သော ကသိုဏ်းဝန်း-စသော အာရုံသည်ပရိကမ္မနိမိတ်မည်၏။ ထိုပရိကမ္မနိမိတ်ကို အဘန်ဘန် အထပ်ထပ် အရာမက, အထောင်မကပကတိမျက်စိဖြင့်ကြည့်ရှုဘန်များ၍၊မျက်စိမှိတ်ထားသော်လည်း ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့၊ မနောဒွါရ၌ ၎င်းကသိုဏ်းဝန်း အတိုင်းထင်လာသောအာရုံသည်-ဥဂ္ဂဟနိမိတ်မည်၏။

ထိုဥဂ္ဂဟနိမိတ်ကို အဘန်ဘန်အထပ်ထပ် နှလုံးဖြင့်ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်အားဖြင့် နီဝရဏတို့သည် ကင်းကွာကုန်၏။ ကိလေသာတို့သည်၊ ရေများအနည်ကျသကဲ့သို့၊ ကောင်းစွာငြိမ်သက်ဝပ်နေကုန်၏။ထိုအခါဥဂ္ဂဟနိမိတ်၏လက်ချောင်းရာ,လက်ဖဝါးရာ, လက်ဝါးရာ-စသော ကသိုဏ်းအပြစ်တို့မှ လွတ်သော-အိမ်မှထုတ်အပ်သော ကြေးမုံဝန်းကဲ့သို့ရင်း, ကောင်းစွာပွတ်သပ်ပြီးသော ခရုသင်းခွက်ကဲ့သို့ရင်း, တိမ်တိုက်ကြားမှ ထွက်လာသော လပြည့်ဝန်းကဲ့သို့ရင်း, တိမ်ညိုဝ၌ ပျံသန်းသွားသော ဥဗျိုင်းဖြူကဲ့သို့ရင်း, ဥဂ္ဂဟနိမိတ်ကို ထွင်းဘောက်၍ ထွက်လာသကဲ့သို့၊ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာ, အဆအထောင်မက၊အလွန်စင်ကြယ်သော ပဋိဘာဂနိမိတ်သည်၊ ထင်ရှားဖြစ်ပေါ်၍လာလေ၏။ထို့ကြောင့်“ဝတ္ထုဓမ္မဝိမုစ္စိတံ”ဟူသောပါဠ်ကို အနုရူပ္ပါ ဆရာမြတ် မိန့်ဆိုအပ်၏။

၎င်းပဋိဘာဂနိမိတ်ဟူသည်၊ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန်ရှိသောအာရုံမျိုးမဟုတ်၊ရုန့်ရင်းသောအနိစ္စတာ-စသော အားဖြင့်သုံးသပ်အပ်သည်လည်းမဟုတ်။ ယောဂီပုဂ္ဂိုလ်သည်၊ ဥပစာရသမာဓိကိုရမှသာ ထင်ရှားဖြစ်ပေါ်လာသော အခြင်းအရာပညတ်အာရုံမျှ

သာဖြစ်၏။ဘာဝနာသညာဖြင့်သာ ဖြစ်သောပညတ်အာရုံဖြစ်၍၊သည်ကို ရည်၍၊အနုရုဒ္ဓါဆရာသည်"ပညတ္တိသင်္ခါတံ"ဟူသောပါဌ်ကို မိန့်ဆိုအပ် ပါသတည်း။ ။(ပဋိဘာဂနိမိတ်ရနိုင်သောကမ္မဋ္ဌာန်းမှန်သမျှ၌ အာရုံ အားလျော်စွာ ဤနည်းအတိုင်း ပဋိဘာဂနိမိတ် ထင်ပုံကို သိလေ)။

---

## ဥပစာသမာဓိဖြစ်ပုံ-အဘွင့်။

၃၁။ ။တဒေါ ပဘုတိ ပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရသမာဓိ သင်္ခါတာ ဥပစာရဘာဝနာ နိပ္ဖန္နာ နာမ ဟောတိ။

## သင်္ဂြိုဟ်ပါဌ်။

ထိုပဋိဘာဂနိမိတ် ထင်သည်မှစ၍၊နီဝရဏတရားရန်ကို ပယ်ပြီးသည် ရှိသော်၊ကာမာဝစရသမာဓိပင်ဖြစ်သော ဥပစာရသမာဓိ ပြီးပြည့်စုံသည် မည်၏။ ။ကမ္မဋ္ဌာန်းစီးဖြန်းသည်မှစ၍၊နီဝရဏမပယ်မီအတွင်း ဖြစ်သော သမာဓိသည်- ပရိကမ္မသမာဓိမည်၏။ နီဝရဏကိုပယ်ပြီးသည်မှ စ၍ အပ္ပနာမဖြစ်မီအတွင်း ဖြစ်သော သမာဓိသည်-ဥပစာသမာဓိမည်၏၊၎င်း သမာဓိ ၂-ပါးကား၊ကာမာဝစရသမာဓိသာမည်၏။ ။ဟူလို။

---

## ရူပါဝစရပဌမဈာန် ဖြစ်ပေါ်ပုံ-အဘွင့်။

၃၂။ ။တတော ပရံ တမေဝ ပဋိဘာဂနိမိတ္တံ ဥပစာရသမာဓိနာ သမာသေဝန္တဿ ရူပါဝစရပဌမဇ္ဈာနမပ္ပေတိ။ ။

## သင်္ဂြိုဟ်ပါဌ်။

ထိုဥပစာရသမာဓိဘာဝနာပြီး ပြည့်စုံသည်မှနောက်၌၊ ထိုပဋိဘာဂ နိမိတ်ကိုပင် ဥပစာရသမာဓိဖြင့်"ပထဝီပထဝီ"ဟု အဘန်ဘန်အထပ် ထပ် စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား ရူပါဝစရပဌမအပ္ပနာ ဈာန်သည် ဖြစ်ပေါ်၍လာလေ၏။ ။ဟူလို၊

ဒုတိယစသော ဈာန်များဖြစ်ပေါ်ပုံ-အဘွင့်။

၃၃။ ။တတော ပရံ တနမေဝ ပဌမဇ္ဈာနံ အာဝဇ္ဇနံ, သမာပဇ္ဇနံ, အဓိဋ္ဌာနံ, ဝုဋ္ဌာနံ, ပစ္စဝေက္ခနာစေတိ။ ပ။ ဒုတိယဇ္ဈာနာ ဒယော ယထာရဟမုပ္ပဇ္ဇတိ။ ။

သင်္ဂြိုဟ်ပါဠိ။

ထိုပဌမဈာန်ကို ရသည်မှနောက်၌၊ထိုပဌမဈာန်ကိုပင်၊အာဝဇ္ဇန ဝသီဘော်, သမာပဇ္ဇနဝသီဘော်, အဓိဋ္ဌာနဝသီဘော်, ဝုဋ္ဌာနဝသီဘော်, ပစ္စဝေက္ခနဝသီဘော်၊ ဤဝသီဘော်ငါးပါးတို့ဖြင့် အဘန်ဘန် လေ့ကျက်သည်ကိုပြု၍၊ ဝိတက်စသော ရုန့်ရင်းသောဈာန်အင်္ဂါကို ပယ်ခြင်းငှာ၊ ဝိစာရအစရှိသော သိမ်မွေ့သော ဈာန်အင်္ဂါဖြစ်ခြင်းငှာ"ပထဝီ-ပထဝီ" ဟု အဘန်ဘန်အထပ်ထပ် စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်အတိုင်းဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်,ပဉ္စမဈာန်တို့သည်၊ ဖြစ်ပေါ်လာကုန်၏။ ။ဟူလို။

ဤကား-ဝိတ္ထာရတ္ထ။

---

ဝသီဘော်ငါးပါး-အဓိပ္ပါယ်။

၁။ ။ပဌမဈာန်ရသော ဈာနလာဘီယောဂီပုဂ္ဂိုလ်သည်၊ပဌမဈာန်ကို ဝင်စား၍၊ ၎င်းပဌမဈာန်မှထ၍၊ဝိတက်ကိုရှေးဦးစွာ ဆင်ခြင်၏၊ထိုနောက် ဝိစာရကို၊ ထိုနောက်-ပီတိ,သုခ,ဧကဂ္ဂတာ,ဥပေက္ခာတို့ကို အစဉ်အတိုင်း ဆင်ခြင်၏။ထိုနောက်၊ ဝိတက်ကို ဆင်ခြင်၏။ဤသို့စသောအားဖြင့် ဈာန်အင်္ဂါတို့ကို အကြိမ်ကြိမ်အထပ်ထပ် အာဝဇ္ဇန်း၏ အခြားမဲ့လေးကြိမ်, ငါးကြိမ်သောဇော,နှစ်ကြိမ်,သုံးကြိမ်သော ဘဝင်ထက်မလွန်စေရသော မပြတ်မထတ် တစပ်တည်းဖြစ်အောင် ဆင်ခြင်နိုင်မှုသည်-အာဝဇ္ဇနဝသီဘော်မည်၏၊

၂။ ။ဈာန်ကို ဝင်စားလိုလတ်သော် လျင်မြန်စွာဝင်စားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည်-သမာပဇ္ဇနဝသီဘော်မည်၏။

၃။ ။ထိုသို့ ဝင်စားအပ်ပြီးသော ဈာန်ကို ရေအယဉ်ကိုဖြတ်၍၊တံတားသည့်တည်ဘိသကဲ့သို့၊မိမိအလိုရှိသမျှ ကာလကြာအောင် ထားနိုင်မှုသည်-အဓိဋ္ဌာနဝသီဘော်မည်၏၊

၄။ ။ထိုသို့ ဝင်စားအပ်ပြီးသော ဈာန်မှမိမိထလိုသောအခါ၌၊ မိမိ အလိုရှိတိုင်း ထခြင်းငှာ စွမ်းနိုင်မှုသည်-ဝုဋ္ဌာနဝသီဘော်မည်၏။

၅။ ။ပဌမဈာန်၏ ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ်ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌၊ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းသည်-ပစ္စဝေက္ခနဝသီဘော်မည်၏။ ။ဟုမှတ်။

ဤသို့ပဌမဈာန်ကိုပင် အင်္ဂါတပါးစီဆင်ခြင်မှု,ဝင်စားမှု,ဝင်စားသော စိတ်ကို တည်တန့်အောင် ဆောက်တည်မှု, ဈာန်မှထလိုက်မှု, ဇောဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်မှု, ငါးမျိုးငါးနည်းတို့ဖြင့် စာများကျေအောင်ပြန်သော စာသင်သားကဲ့သို့၊ အကြိမ်ကြိမ်အထပ်ထပ် လေ့သာမှုကို ပြုသော ယောဂီပုဂ္ဂိုလ်အား ဝိတက်စသော ဈာန်အင်္ဂါတို့ကိုပယ်၍၊ဒုတိယ စသော ဈာန်တို့သည်၊ ဖြစ်ပေါ်လာကုန်၏-ဟုလိုသတတ်။ ။(အကျယ် အလိုရှိပါမူ-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ရှုလင့်ကုန်)။

---

၃၄။ ။ဈာနဉ္စဝံ ပဌမံ ကသိဏာဒီသု ဒွါဝီသတိကမ္မဋ္ဌာနေသု ပဋိ ဘာဂနိမိတ္တမုပလဗ္ဘတိ။ ။

သင်္ဂြိုဟ်ပါဠိ။

ဤဆိုအပ်ပြီးသောနည်းဖြင့်-ပထဝီကသိုဏ်း၁၀-ပါး၊အသုဘဆယ်ပါး၊ ကာယဂတာ၊ သတိ၊ အာနာ ပါနဿတိ-ဟုကုန်သော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ဖြစ်နိုင်၏၊ ။ဟုလို။

(ဤပါဠိ၌ကား ပဋိဘာဂနိမိတ်ဖြစ်ပုံ ကိုပြပြီး၍၊နိဂုမ်းအုပ်ပြသောစကား ဖြစ်၏-ဟုမှတ်)၊

---

၃၅။ ။အဝသေသေသုပန အပ္ပမညာသတ္တပညတ္တိသံပဝတ္တတိ။ ။

သင်္ဂြိုဟ်ပါဠိ။

ကြွင်းသော ကမ္မဋ္ဌာန်း ၁၈ ပါးတို့တွင်၊ အပ္ပမညာကမ္မဋ္ဌာန်း ၄-ပါး တို့သည်၊ သုခိတသတ္တဝါပညတ်,ဒုက္ခိတသတ္တဝါပညတ် စသော ပညတ် အာရုံ၌ ဖြစ်ကုန်၏၊ ။ဟုလို။

---

## ပဌမာရုပ္ပဈာန်ဖြစ်ပုံ-အဘွင့်။

၃၆။ ။အာကာသဝဇ္ဇိတကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဥဂ္ဃာ
ဋေတွာ လဒ္ဓမာကာသံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ
ပဌမာရုပ္ပမပ္ပေတိ။

သတ်ဖြတ်ပါဌ်။

ကသိုဏ်း ၁၀-ပါးတို့တွင်၊ အာကာသကသိုဏ်းကို ကြဉ်အပ်သော ၉-ပါးသော ကသိုဏ်းတို့တွင်၊ အမှတ်မရှိ တခုခုသောကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်အာရုံကို "အနန္တံ အာကာသံ- အနန္တံ အာကာသံ"ဟု အဘန်တလဲလဲ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား-ပဌမ အာရုပ္ပအပ္ပနာဖြစ်သော- အာကာသာနဉ္စာယတနဈာန်သည်၊ဖြစ်ပေါ်လာ လေ၏။ ။ဟူလို။

---

## ဒုတိယအာရုပ္ပဈာန်ဖြစ်ပုံ-အဘွင့်။

၃၇။ ။တမေဝ ပဌမာရုပ္ပဝိညာဏံ အနန္တဝသေန ပရိကမ္မံ
ကရောန္တဿ ဒုတိယာရုပ္ပမပ္ပေတိ။ ။

သတ်ဖြတ်ပါဌ်။

ထိုပဌမာရုပ္ပဝိညာဏ်ကိုပင်လျှင်"အနန္တံ ဝိညာဏံ-အနန္တံ ဝိညာဏံ" ဟု အဘန်တလဲလဲ စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား- ဒုတိယ အာရုပ္ပအပ္ပနာ-ဟု ဆိုအပ်သော ဝိညာဏဉ္စာယတနဈာန်သည်၊ ဖြစ်ပေါ် လေ၏။ ။ဟူလို။

---

## တတိယအာရုပ္ပဈာန်ဖြစ်ပုံ-အဘွင့်။

၃၈။ ။တမေဝ ပဌမာရုပ္ပဝိညာဏာဘာဝံ ပန နတ္ထိ ကိဉ္စီတိ ပရိ
ကမ္မံ ကရောန္တဿ တတိယာရုပ္ပမပ္ပေတိ။ ။

သတ်ဖြတ်ပါဌ်။

ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍"နတ္ထိ ကိဉ္စိ-နတ္ထိ ကိဉ္စိ"ဟု အဘန်တလဲလဲ စီးဖြန်းပွားများသော

ယောဂီပုဂ္ဂိုလ်အား၊တတိယအာရုပ္ပအပ္ပနာ-ဟုဆိုအပ်သော-အာကိဉ္စညာယတနဈာန်သည်၊ဖြစ်ပေါ်လာသလေ၏။ ။ဟူလို၊

---

စတုတ္ထာရုပ္ပဈာန် ဖြစ်ပုံ-အခွင့်။

၃၉။ ။တတိယာရုပ္ပံ သန္တမေတံ ပဏီတမေတန္တိ ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပမပ္ပေတိ။ ။

သဂြိုဟ်ပါဌ်။

တတိယအာရုပ္ပဖြစ်သော အာကိဉ္စညာယတနဝိညာဏ်ကို "သန္တမေတံ-ပဏီတမေတံ"ဟု အဘန်ဘန်စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား- စတုတ္ထအာရုပ္ပအပ္ပနာ ဟု ဆိုအပ်သော နေဝသညာနာသညာယတနဈာန်သည် ဖြစ်ပေါ်လာလေ၏။ ။ဟူလို။

(၎င်းအာရုပ္ပဈာန် ကမ္မဋ္ဌာန်းအခွင့်ကို အောက်ကအခွင့်ဆိုခဲ့ပြီ)။

---

၄၀။ ။အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိက။ပ။ ပရိကမ္မဉ္စ သမာဓိယတိ၊ဥပစာရော စ သမ္ပဇ္ဇတိ။

သဂြိုဟ်ပါဌ်။

ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ဗုဒ္ဓါနုဿတိ,ဓမ္မာနုဿတိ,သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, သညာ, ဝဝတ္ထာန်-ဟူသော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌၊ဘုရားဂုဏ်တော်-စသော အာရုံကို ကောင်းစွာအာရုံပြု၍၊ စီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်အား ပရိကမ္မသမာဓိ,ဥပစာသမာဓိ ၂-ပါးသည်သာ ပြည့်စုံနိုင်၏-ဖြစ်နိုင်၏။ ။ဟူလို။

---

အဘိညာဉ်-အခွင့်။

၄၁။ ။အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရ ပဉ္စမဈာနံ။ပ။ ပါဒီသု အာလမ္ဗဏေသု ယထာရဟမပ္ပေတိ။ ။

သဂြိုဟ်ပါဌ်။

ရူပါဝစရဈာန်ငါးပါး၊အရူပါဝစရဈာန်၄-ပါးအားဖြင့် ဈာန်၉-ပါးတို့ကို။ ဝါ၊ရှစ်ပါးသော ဈာန်တို့ကို၊ ရပြီးသော ယောဂီပုဂ္ဂိုလ်သည်၊ ပြဒါက

ကသိုဏ်းအလုံးရှိသော ၈-ပါးသော ကသိုဏ်းတို့တွင်၊ တပါးပါးသော ကသိုဏ်း၌၊ ရှစ်ပါးသော သမာပတ်တို့ကို ဝသီဘော်အစွမ်းဖြင့် ပွားများ လေ့လာ၍၊ ၁-ကသိုဏ်း၈-ပါး၏ အနုလုံအစဉ်အားဖြင့်ရင်း၊ ၂-ကသိုဏ်း တို့၏ ပဋိလုံအားဖြင့်ရင်း၊ ၃-ကသိုဏ်းတို့၏ အနုလုံ-ပဋိလုံအားဖြင့်ရင်း၊ ၄-ဈာန်တို့၏အနုလုံအားဖြင့်ရင်း၊ ၅-ဈာန်တို့၏ပဋိလုံအားဖြင့်ရင်း၊ ၆-ဈာန် တို့၏ အနုလုံ-ပဋိလုံအားဖြင့်ရင်း၊ ၇-အစဉ်ဖြစ်သော ဈာန်ကို ခုန်ကျော် သော အားဖြင့်ရင်း၊ ၈-ဈာန်-ကသိုဏ်း ၂-ပါးကို ခုန်ကျော်သောအားဖြင့် ရင်း၊ ၉-ဈာန်အင်္ဂါတို့ကို လွန်သောအားဖြင့်ရင်း၊ ၁၀-အာရုံကို လွန်သော အားဖြင့်ရင်း၊ ၁၁-အင်္ဂါ,အာရုံ ၂-ပါးကို လွန်သောအားဖြင့်ရင်း၊ ၁၂-အင်္ဂါကို မှတ်သောအားဖြင့်ရင်း၊ ၁၃-အာရုံကို မှတ်သောအားဖြင့်ရင်း၊ ၁၄-အင်္ဂါအာရုံ ၂-ပါးကို မှတ်သောအားဖြင့်ရင်း၊ ဤ၁၄-ပါးသော နည်း တို့ဖြင့် ဈာန်ကိုကောင်းစွာ လေ့လာကာ၊ ရူပါဝစရပဉ္စမဈာန်စိတ်ကို နိုင် နင်းအောင် သုံးမအပ်၏။ ရူပါဝစရပဉ္စမဈာန်စိတ်ကို ဆိုအပ်ပြီးသော ၁၄ နည်းတို့ဖြင့် အလိုရှိသလိုဖြစ်နိုင်အောင်, ထားနိုင်အောင် လေ့လာပွား များအပ်၏။

ဥပမာဆိုသော် တရံတခါသော ပတီးနားချောင်း လက်ဝတ်တန်ဆာ- စသည်ကိုပြုလုပ်လိုသောရွှေပန်းထိမ်သည်သည်ရှေးဦးစွာရွှေကိုနူးညံ့ပြော့ ပျောင်းအောင် ပြုလုပ်အပ်သကဲ့သို့ရင်း၊တရံတခါသော အိုးခွက်စသည်ကို ပြုလုပ်လိုသော အိုးထိန်းသည်သည် ရှေးဦးစွာမြေကို ညက်ညောအောင် ကောင်းစွာ နယ်အပ်သကဲ့သို့ရင်း၊ ထို့အတူ အဘိညာဉ်ကို ရလိုသော ယောဂီပုဂ္ဂိုလ်သည်လည်း၊ ဤ ၁၄-ပါးသော နည်းတို့ဖြင့် ပဉ္စမဈာန်ကို အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်အပ်၏။ထိုသို့ လေ့ကျင့်ဘန်များသဖြင့် ရင်းရူပါဝစရ ပဉ္စမဈာန်စိတ်သည်၊ ၁-ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊ ၂-ထက်ဝန်းကျင်မှ အလွန်ဖြူစင်ခြင်း၊ ၃-ကိလေသာမရှိခြင်း၊၄-ညစ်ညူး ခြင်းမှ ကင်းခြင်း၊ ၅-နူးညံ့သော အဖြစ်သို့ ရောက်ခြင်း၊ ၆-အဘိညာဉ် တန်းခိုးဘန်ဆင်းခြင်းငှာ ခံ့ခြင်း၊ ၇-မြဲမြံစွာ တည်တံ့ခြင်း၊၈-မတုန်မလှုပ် သောအဖြစ်သို့ ရောက်ခြင်း၊ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံလတ်သည်ရှိသော် သာ၊ တန်းခိုးဘန်ဆင်းခြင်း-စသော အဘိညာဉ်သို့ ရှေးရှုဆောင်ခြင်းငှာ ခံ့၏။ ။(ဤကား အဘိညာဉ်ဖြစ်ဘို့ရန် အဘိညာဉ်၏ အခြေပါဒ-ပရိကမ် ပြုလုပ်နည်းတည်း)။

ထိုနောက်မှ ၎င်းရူပါဝစရပဥ္စမဈာန်ကိုဝင်စား၍ ၎င်းပဥ္စမဈာန်မှထပြီးသော်၊ ဣဒ္ဓိဝိဓအဘိညာဉ်ကို ဖြစ်စေလိုသော်၊ လူအရာအထောင်ကိုဖြစ်စေလိုသော်၊"သတံ ဟောမိ,သဟဿံ ဟောမိ"ဟုငါသည်၊ လူအရာကို ဘန်ဆင်းလို၏။ လူအထောင်ကို ဘန်ဆင်းလို၏-ဟု ရှေးဦးစွာ ဆင်ခြင်နှလုံးသွင်းခြင်း ပရိကံကိုပြုရ၏၊ထိုနောက်မှ၊ရူပါဝစရပဥ္စမဈာန်ကိုဝင်စားရ၏။၎င်းနောက် ဈာန်မှထ၍၊ဆင်ခြင်ထားသောအတိုင်း "သတံ ဟောမိ-သဟဿံ ဟောမိ" "လူအရာ ဖြစ်စေသတည်း၊ လူအထောင် ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုအပ်၏။ အဓိဋ္ဌာန်သည်နှင့် တပြိုင်နက်၊လူအရာ, လူအထောင်သည်၊အဓိဋ္ဌာန်ပြုသောအတိုင်း ဖြစ်ပေါ်လာလေသတည်း။ ။

(ဤကား-ဣဒ္ဓိဝိဓအဘိညာဉ်ဖြစ်ပုံနည်းတည်း)။

## ကြွင်းသော အဘိညာဉ်ပွားနည်း။

၂။ ကြွင်းသော အဘိညာဉ်တို့ကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည်၊ရှေးနည်းအတိုင်း ရူပါဝစရပဥ္စမဈာန်ကို ၁၄-ပါးသော နည်းတို့ဖြင့် ပြုလုပ်လေ့ကျင့်၍၊၎င်းရူပါဝစရပဥ္စမဈာန်သည် ရှစ်ပါးသော အခြင်းအရာ ဖြစ်ပေါ်လာလတ်သော် ဒိဗ္ဗသောတအဘိညာဉ် ဖြစ်လိုပါမူ၊ ငါသည် ဤအသံကို ကြားလို၏ ဟု ရှေးဦးစွာ ဆင်ခြင်မှုပရိကံကိုပြု၍၊ ရူပါဝစရပဥ္စမဈာန်ကို ဝင်စားပြီးခါ၊ဈာန်မှထ၍၊"ဤမည်သော အသံကို ကြားရစေသတည်း"ဟု အဓိဋ္ဌာန်ပြုအပ်၏။ အဓိဋ္ဌာန်ပြုသောအတိုင်း ဒိဗ္ဗသောတ အဘိညာဉ်ဖြစ်လေ၏။

၃။ ထို့အတူ ဈာန်မှထ၍"အသုကဿ စိတ္တံ ဇာနာမိ" ဤသူ၏စိတ်ကို သိလို၏ ဟု အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက်သူတပါး၏စိတ်အကြံကို သိသော-ပရစိတ္တဝိဇာနနအဘိညာဉ်ဖြစ်လေ၏။

၄။ ထို့အတူ ဈာန်မှထ၍၊"ပုဗ္ဗေ နိဝုတ္ထံ ခန္ဓံ ဇာနာမိ" "ငါသည်၊ ရှေးရှေးဘဝ၌ ဖြစ်ဘူးသမျှ ခန္ဓာစဉ်ဘဝတို့ကို သိလို၏"ဟု အဓိဋ္ဌာန်ပြုသည်နှင့်တပြိုင်နက်၊ရှေးရှေးသော ကမ္ဘာတို့၌ဖြစ်သမျှသောခန္ဓာအစဉ်ကို သိသော-ပုဗ္ဗေနိဝါသာနုဿတိ-အဘိညာဉ်သည်ဖြစ်လေ၏။

၅။ ထို့အတူ ဈာန်မှထ၍၊ "ဘေဿ ရူပံ ပဿာမိ" "ငါသည်၊ ယူဇနာအရာပင် ဝေးသော်လည်း ထိုသူ၏ အဆင်းကို မြင်ရလို၏"ဟု

အဓိဋ္ဌာန် ပြုသည်နှင့် တပြိုင်နက်၊ နတ်မျက်စိအလား၊ ယထာကမ္မူပဂအရာ အထောင်ကွာခြားသော အရပ်၌တည်သော သူ၏အဆင်းကို တွေ့မြင်နိုင် သော-ဒိဗ္ဗစက္ခုအဘိညာဉ်သည် ဖြစ်လေသတည်း။

(ဤကား-မကျယ်မကျဉ်း၊လိုရင်းကိုပြသောအဓိပ္ပါယ်တည်း)။

---

အဘိညာဉ်အပြား

၄၂။ ။အဘိညာဝစနာမ။
ဣဒ္ဓိဝိဓံဒိဗ္ဗသောတံ၊ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေနိဝါသာနုဿတိ၊ဒိဗ္ဗစက္ခူတိပဉ္စဓာ။ ။

သင်္ဂြိုဟ်ပါဌ်။

အဘိညာဉ်သည်၊ ၁-အထူးထူးအပြားအပြား တန်ခိုးဘန်ဆင်းခြင်း ဣဒ္ဓိဝိဓအဘိညာဉ်၊ ၂-နတ်၏နားကဲ့သို့ အဝေးမှ အသံကို ကြားသိစွမ်း နိုင်သော-ဒိဗ္ဗသောတအဘိညာဉ်၊ ၃-သူတပါး၏စိတ်ကို သိစွမ်းနိုင်သော ပရစိတ္တ ဝိဇာနနအဘိညာဉ်၊ ၄-ရှေး၌ ဖြစ်ဘူးသော ဘဝအစဉ်, ခန္ဓာ အစဉ်ကို အဘန်တလဲလဲ အောက်မေ့နိုင်သော-ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်၊၅-နတ်၏မျက်စေ့ကဲ့သို့ယထာကမ္မူပဂအရာအထောင်မက ဝေးကွာ သောအဆင်းကို မြင်ခြင်းငှာ စွမ်းနိုင်သော- ဒိဗ္ဗစက္ခုအဘိညာဉ်-ဟူ၍ ငါးပါးအပြားရှိ၏။ ။ဟူလို။ ။ဤကား-ပိဏ္ဍတ္ထ။

ဂေါစရဘေဒ-အဘွင့်ပြီးပြီ။

သမထကမ္မဋ္ဌာန်း-အဘွင့်ပြီးပြီ။

---

ဝိပဿနာ-ဝိသုဒ္ဓိဘေဒ-အဘွင့်။

၄၃။ ။ဝိပဿနာ ကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ။ပ။ဉာဏဒဿနဝိသုဒ္ဓိစေတိ သတ္တဝိဓံ ဝိသုဒ္ဓိသင်္ဂဟော။ ။

သင်္ဂြိုဟ်ပါဌ်။

ဝိပဿနာကမ္မဋ္ဌာန်း၌၊ ၁-စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း-သီလ ဝိသုဒ္ဓိ၊ ၂-ဥပစာရသမာဓိ, အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်း- စိတ္တ

ဝိသုဒ္ဓိ၊ ၃-လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၏ အစွမ်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏စင်ကြယ်ခြင်း-ဒိဋ္ဌိဝိသုဒ္ဓိ၊ ၄-နာမ်,ရုပ် ၂-ပါး၏ အကြောင်းတရားကို သိမ်းဆည်းသည်ဖြစ်၍၊ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း-ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ၅-ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း-မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ၆-ဥဒယဗ္ဗယ ဉာဏ်မှစ၍၊ သစ္စာနုလောမ ဉာဏ်တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ် ဟု ဆိုအပ်သော မဂ်ဘည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်ဖြင့် စင်ကြယ်ခြင်း-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ၇-နိဗ္ဗာန်ကိုသိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်း-ဉာဏဒဿနဝိသုဒ္ဓိ၊ ဟူ၍ဝိသုဒ္ဓိ တရားတို့သည်၊ ၇-ပါးအပြားရှိကုန်၏။ ။ဟူသို။

ဤကား-ပိဏ္ဍတ္ထ။

မှတ်ချက်။ ။ဝိဝိဓေန ပဿတိ ဧတာယာတိ ဝိပဿနာ၊ ဝိပဿနာယ ကမ္မံ ဝိပဿနာကမ္မံ၊ ဝိပဿနာ ဧဝ ဝါ ကမ္မန္တိ ဝိပဿနာကမ္မံ၊ ဝိပဿနာကမ္မဿ ဌာနံ အဓိဋ္ဌာနန္တိ ဝိပဿနာကမ္မဋ္ဌာနံ၊ ။ ဝိဂြိုဟ်အရ အနိစ္စစသော ဝိပဿနာ ကံ၏ တည်ရာ ဖြစ်သော ကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်းမည်၏-ဟုမှတ်။

---

၃၃။ ။အနိစ္စလက္ခဏံ ဒုက္ခလက္ခဏံ၊ အနတ္တလက္ခဏဉ္စာတိ တိ
လက္ခဏာနိ။ ။

သင်္ဂြိုဟ်ပါဌ်။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော အနိစ္စလက္ခဏာ-ခန္ဓာငါးပါး၊ ရုပ်,နာမ်တရား၏ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော-ဒုက္ခလက္ခဏာ၊ခန္ဓာငါးပါး၊ ရုပ်,နာမ်တရား၏ အမြဲမရှိ၊အလိုသို့မလိုက်သော အဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သော-အနတ္တလက္ခဏာ,ဟူ၍လက္ခဏာတို့သည်၊သုံးပါးအပြားရှိကုန်၏။ ။ဟူသို၊

ဤကား-ပိဏ္ဍတ္ထ။

မှတ်ချက်။ ။လက္ခိတဗ္ဗန္တိ လက္ခဏံ။ လက္ခီယတိ အနေနာတိ ဝါ လက္ခဏံ။ ဝိဂ္ဂြဟ်အရ၊မှတ်အပ်သောကြောင့်ရင်း,မှတ်ကြောင်းဖြစ်သောကြောင့်ရင်း-လက္ခဏာမည်၏-ဟုမှတ်။

---

၄၅။ ။အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာစေတိ တိဿော အနုပဿနာ။ ။သင်္ဂြိုဟ်ပါဌ်။

ခန္ဓာငါးပါး၊ သင်္ခါရတရားတို့ကို မမြဲသောအားဖြင့် အဘန်တလဲလဲ ရှုဆင်ခြင်ခြင်း- အနိစ္စာနုပဿနာ။ ခန္ဓာငါးပါး၊သင်္ခါရတရားတို့ကိုဆင်းရဲသောအားဖြင့် အဘန်တလဲလဲ ရှုဆင်ခြင်ခြင်း-ဒုက္ခာနုပဿနာ၊ ခန္ဓာငါးပါး၊သင်္ခါရတရားတို့ကို အစိုးမရ, အလိုသို့ မလိုက်သောအားဖြင့် အဘန်တလဲလဲ ရှုဆင်ခြင်ခြင်း-အနတ္တာနုပဿနာ-ဟူ၍၊ အနုပဿနာတို့သည် သုံးပါးအပြားရှိကုန်၏။ ။ဟူလို။

---

## ဝိပဿနာဉာဏ်-၁၀-ပါးအဖွင့်။

၄၆။ ။သမ္မသနဉာဏံ၊ ဥဒယဗ္ဗယဉာဏံ၊ ဘင်္ဂဉာဏံ၊ ဘယဉာဏံ။ပ။ဒသ ဝိပဿနာဉာဏာနိ။ ။သင်္ဂြိုဟ်ပါဌ်။

၁-ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ,အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့် ဖြစ်သောဉာဏ်သည်- သမ္မသနဉာဏ်မည်၏။ ၂-ခန္ဓာငါးပါး သင်္ခါရတရားတို့၏ဖြစ်ခြင်း,ပျက်ခြင်း ၂-ပါးကို အဘန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သောဉာဏ်သည်-ဥဒယဗ္ဗယဉာဏ်မည်၏။ ၃-ခန္ဓာငါးပါး သင်္ခါရတရားတို့၏ပျက်ခြင်းတပါးကိုသာ အဘန်ဘလဲလဲ ရှုသော အစွမ်းဖြင့် ဖြစ်သောဉာဏ်သည်-ဘင်္ဂဉာဏ်မည်၏။ ၄-ခန္ဓာငါးပါး၊သင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဘွယ် ဘေးကြီး-ဟု အဘန်တလဲလဲ ရှုသောအစွမ်းဖြင့်ဖြစ်သောဉာဏ်သည်-ဘယဉာဏ်မည်၏၊ ၅-ဘေးကြီး-ဟုမြင်အပ်ပြီး, ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်အားဖြင့်ရှုသော အစွမ်းဖြင့်ဖြစ်သောဉာဏ်သည်-အာဒီနဝဉာဏ်မည်၏။ ၆-အပြစ်-ဟုမြင်အပ်ပြီး,ထင်အပ်ပြီးသော ခန္ဓာငါးပါး၊သင်္ခါရတရားတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ်သောဉာဏ်သည်-နိဗ္ဗိဒါဉာဏ်မည်၏။ ၇-ငြီး

ငွေ့၍၊ထိုခန္ဓာငါးပါး၊သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှာအလိုရှိသည့် အစွမ်းဖြင့် ဖြစ်သောဉာဏ်သည်-မုဉ္စိတုကမျတာဉာဏ်မည်၏၊ ၈-လွတ်မြောက်ခြင်း၏ အကြောင်း၏ ပြည့်စုံခြင်းငှာ တဘန်ခန္ဓာငါးပါး၊ သင်္ခါရတရားတို့ကို၊ သိမ်းဆည်းသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည်-ပဋိသင်္ခါဉာဏ်မည်၏၊၉-ခန္ဓာငါးပါး၊သင်္ခါရတရားတို့၌၊ကြောက်ခြင်း,ခင်မင်နှစ်သက်ခြင်းကို ကြဉ်သော အစွမ်းဖြင့်လျစ်လျူရှုသည့် အစွမ်းဖြင့် ဖြစ်သောဉာဏ်သည်-သင်္ခါရုပေက္ခာဉာဏ်မည်၏။ ၁၀-ရှေ့ဉာဏ် ၉-ပါးတို့၏ ကိစ္စပြီးစေနိုင်သော, အထက်၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့နှင့် လျော်သောဉာဏ်သည်-အနုလောမဉာဏ်မည်၏။ ဤသို့လျှင် ၁၀-ပါးသော ဝိပဿနာဉာဏ်တို့ကို သိအပ်ကုန်၏။ ။ဟူလို။

မှတ်ချက်။ ။ဤဝိပဿနာ ဉာဏ်ပွါးများနည်းကား၊ အစဖြစ်သော သမ္မသနဉာဏ်ကို၊အဘန်ဘန်အထပ်ထပ်၊သုံးသပ်ပွါးများအပ်၏၊ ရင်းဉာဏ်ပိုင်လျှင်၊အထက်အထက်ဖြစ်သော ဝိပဿနာဉာဏ်တို့ သည်၊အလွယ်တကူ ထင်မြင်နိုင်တော့သည်။

---

၄၄။ ။သုညတော ဝိမောက္ခော၊အနိမိတ္တော ဝိမောက္ခော။အပ္ပဏိဟိတော ဝိမောက္ခောတိ တယော ဝိမောက္ခာ။

သဒ္ဒါပြဟ်ပါဌ်။

၁-ခန္ဓာငါးပါး၊သင်္ခါရတရားတို့၌၊ အတ္တ,ဇီဝမှ ဆိတ်သည်ဖြစ်၍ သံယောဇဉ်-စသည်တို့မှ လွတ်သောမဂ်သည်-သုညတော ဝိမောက္ခမည်၏။ ၂-နိစ္စနိမိတ်-စသည်မရှိသည်ဖြစ်၍သံယောဇဉ် စသည်မှလွတ်သော မဂ်သည်-အနိမိတ္တဝိမောက္ခမည်၏၊၃-တဏှာဘည်းဟူသောတောင်းတခြင်း ကင်းသည်ဖြစ်၍၊ သံယောဇဉ်စသည်တို့မှ လွတ်သောမဂ်သည်-အပ္ပဏိဟိတဝိမောက္ခမည်၏။ ။ဟူလို။

အဝယဝတ္ထ-အဓိပ္ပါယ်။

ခန္ဓေသု ကိလေသဗန္ဓနတော ဝိမုစ္စတီတိ ဝိမောက္ခော။ ။ဝိဂြိုဟ်အာ ရ၊ ခန္ဓာတို့၌ နှောင်ဖွဲ့၍နေသော ကိလေသာအနှောင်အဖွဲ့မှလွတ်သော ကြောင့်မဂ်သည်-ဝိမောက္ခမည်၏၊ နိဗ္ဗာနံ ဂ-ပဝတ္တတ် ဖလံ ဝေတနာတိ နိမိတ္တံ၊နတ္ထိ နိမိတ္တံ ဧတသ္မာတိ အနိမိတ္တံ ဝိဂြိုဟ်အရ, ခန္ဓာငါးပါးတို့၌

နိစ္စ စသောနိမိတ်ရှိပါမူ၊ တဏှာ စသောကိလေသာဘို့သည်၊ များစွာဖြစ်ခွင့်ရကုန်၏၊ ထို့ကြောင့် နိစ္စ-စသော သညာသည်- တဏှာဖြစ်ခြင်း၏ အကြောင်းဖြစ်၍ နိမိတ်မည်၏၊ မဂ်ကား ၎င်းအကြောင်း နိမိတ်မရှိသော ကြောင့်-အနိမိတ္တမည်၏-ဟုမှတ်။ ။(ကြွင်းပေါ်ပြီ)။

---

၄၈။ ။သုညတာနုပဿနာ၊အနိမိတ္တာနုပဿနာ၊ အပ္ပဏိဟိတာနုပဿနာစေတိ တိဿော ဝိမောက္ခမုခါနိ စ ဝေဒိတဗ္ဗာနိ။

သင်္ဂြိုဟ်ပါဌ်။

၁-ခန္ဓာငါးပါးတို့၌ အတ္တမှဆိတ်သည်ကို အဘန်တလဲလဲရှုခြင်းပညာသည်- သုညတာနုပဿနာမည်၏။ ၂-ခန္ဓာငါးပါးတို့၌၊နိစ္စနိမိတ်မရှိခြင်းကို အဘန်တလဲလဲရှုခြင်း ပညာသည်- အနိမိတ္တာနုပဿနာမည်၏။ ၃-ခန္ဓာငါးပါးတို့၌၊တဏှာတည်း-ဟူသော တောင်းတခြင်း ကင်းသည်ကို အဘန်တလဲလဲရှုဆင်ခြင်ခြင်းပညာသည်- အပ္ပဏိဟိတာ ဝိပဿနာမည်၏။ဤသို့ ၎င်းတရားသုံးပါးတို့သည် မဂ်ရခြင်း၏ အကြောင်းတရားများဖြစ်သောကြောင့်-ဝိမောက္ခမုခမည်ကုန်၏-ဟုသိအပ်ကုန်၏။ ။ဟူလို။

---

## သီလဝိသုဒ္ဓိ-အခွင့်။

၄၉။ ။ကထံ-ပါတိမောက္ခ သံဝရသီလံ၊ပ။ စတုပါရိသုဒ္ဓိ သီလံ သီလဝိသုဒ္ဓိနာမ။ ။ သင်္ဂြိုဟ်ပါဌ်။

၁-ရဟန်းတို့မှာ ပါတိမောက်၌လာသော ၂၂၇-ပါးသော သိက္ခာပုဒ်တော် အပေါင်းသည်- ပါတိမောက္ခသံဝရသီလမည်၏။ ၂-စက္ခုစသော ဣန္ဒြေကိုကောင်းစွာလုံခြုံအောင်စောင့်ရှောက်ခြင်းသည်-ဣန္ဒြိယသံဝရသီလမည်၏၊၃-မြတ်စွာဘုရား စက်ဆုပ်အပ်သော မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကို ရှောင်ကြဉ်၍၊တရားသဖြင့်ရသော ဓမ္မိသလဒ္ဓကပ္ပိယပစ္စည်းလေးပါးတို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်မွေးခြင်းသည်- အာဇီဝပါရိသုဒ္ဓိသီလမည်၏။ ၄-တရားသဖြင့်ရသော ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး-ဟူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခနာဆင်ခြင်၍ သုံးဆောင် မှီဝဲခြင်း

သည်-ပစ္စယသန္နိဿိတ သီလမည်၏။ ဤသီလ ၄-ပါး၏ လုံခြုံပြည့်စုံစင်ကြယ်မှုသည် သီလဝိသုဒ္ဓိမည်၏။ ။ဟူလို။

---

## စိတ္တဝိသုဒ္ဓိ အဖွင့်။

၃၀။ ။ဥပစာရသမာဓိ၊ အပ္ပနာသမာဓိစေတိ ဒုဝိဓော ပိ သမာဓိ စိတ္တဝိသုဒ္ဓိနာမ။ ။သဂြိုဟ်ပါဌ်။

ဥပစာသမာဓိ, အပ္ပနာသမာဓိ ၂-ပါးသည်၊ ဝါ။သမာဓိ ၂-ပါးနှင့်ယှဉ်သော စိတ်သည်နီဝရဏတရားတို့မှ စင်ကြယ်သောကြောင့်- စိတ္တဝိသုဒ္ဓိ မည်၏။ ။ဟူလို။

---

## ဒိဋ္ဌိဝိသုဒ္ဓိ-အဖွင့်။

၃၁။ ။လက္ခဏ, ရသ, ပစ္စုပဋ္ဌာန,ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။သဂြိုဟ်ပါဌ်။

စိတ်သည်၊အာရမ္မဏဝိဇာနနလက္ခဏာရှိ၏-စသောအားဖြင့်လက္ခဏာ, ရသ,ပစ္စုပဒ္ဌာန်,ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် နာမ်,ရုပ် ၂ ပါးကို သိမ်းဆည်းခြင်းသည်။ ဝါ၊ နာမ်,ရုပ် ၂-ပါးကို အသီးအသီးမိမိတို့၏ လက္ခဏာ,ရသ စသောအားဖြင့် ဆင်ခြင် သိမ်းဆည်းခြင်းသည် ရုပ်, နာမ် ၂-ပါး၌ ငါ-ဟု အထင်များသော အဝိဇ္ဇာရှင်း၍၊ ရုပ်,နာမ်, တရားအစုသာဖြစ်၏-ဟူသော ဉာဏ်၏စင်ကြယ်ခြင်းကြောင့်-ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ။ဟူလို။ ။(လက္ခဏာ, ရသ-စသောအဓိပ္ပါယ်ကိုအောက်စိတ်,စေတသိက်ပိုင်းတို့၌ ဖွင့်ဆိုခဲ့ပြီ)။

---

## ကင်္ခါဝိတရဏဝိသုဒ္ဓိ-အဖွင့်။

၃၂။ ။တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ။ ။

သဂြိုဟ်ပါဌ်။

နာမ်ကား၊ အဝိဇ္ဇာ,သင်္ခါရ,ဟေတုပစ္စည်း-စသော အကြောင်းတရားကြောင့်ဖြစ်၏။ ရုပ်ကား၊ ကံ စသော အကြောင်းတရားကြောင့်ဖြစ်၏-ဟု

နာမ်,ရုပ် ၂-ပါးတို့၏ ဟေတု စသော အကြောင်းတရား, ကံ-စိတ်-ဥတု-စသောအကြောင်းတရားကို သိမ်းဆည်းခြင်းသည် ၁၆-ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းကြောင့်- ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ။ဟူလို။

## ၁၄-ယာ ဝိသုဒ္ဓိ-အဓိပ္ပါယ်။

အောက်က ဘွင့်ဆိုခဲ့သော ပဋိစ္စသမုပ္ပါဒ်အကြောင်း, ၂၄-ပစ္စည်းအကြောင်းသည်- ပစ္စယမည်၏။ ၎င်းတို့ကို သတိပြု၍၊ နာမ်, ရုပ်တို့၏ အကြောင်းကို ပညာဖြင့် ဆင်ခြင်သိမ်းဆည်းရာ၏။ ဥပမာ- ကုသိုလ်စိတ်တည်းဟူသော နာမ်ဖြစ်ပေါ်လာလျှင်၊၎င်းကုသိုလ်သည် အဘယ်ကြောင့်ဖြစ်ပါသနည်း-ဟု ၎င်း၏ အကြောင်းပစ္စည်းကို စိစစ်ရာ၏။ ထိုအခါ-ထိုကုသိုလ်စိတ်ဖြစ်မှုသည်၊ အသင့်အတင့် နှလုံးသွင်းမှု-ယောနိသောမနသိကာရသည်၎င်း၊စတုစက္ကသမ္ပတ္တိသည်၎င်း၊ဟေတု-စသောပဋ္ဌာန်းပစ္စည်းသည်၎င်း၊ ကုသိုလ်ဖြစ်ရခြင်း၏ အကြောင်းတို့သာတည်း။လူ,နတ်,ဗြဟ္မာ မည်သူတစုံတယောက်မျှ ဘန်ဆင်း၍ဖြစ်သည် မဟုတ်-ဟု ထင်မြင်လာလိမ့်မည်။ အကုသိုလ်ဖြစ်ရခြင်း အကြောင်းရင်းကား၊ အယောနိသော-စသော အကြောင်းကြောင့်ဖြစ်၏- စသည်ဖြင့် ဖြစ်တိုင်း,ဖြစ်တိုင်းသော နာမ်, ရုပ်တို့၏ အကြောင်းရင်းကို ဆင်ခြင်သည်ရှိသော်၊ ငါကား၊ ရှေးဘဝကဖြစ်ဘူးလေပြီလော။ ရှေးဘဝကမဖြစ်ဘူးပြီလော-စသော ၁၆-ပါးသော ယုံမှားခြင်းတို့သည်၊ကင်းပျောက်ကုန်၏။

ဤသို့ ကင်းပျောက်သည်ရှိသော်၊ ပုဂ္ဂိုလ်,သတ္တဝါ, ယောက်ျား, မိန်းမ စသည်ကား၊ကမ္ဘာဦးသူတို့၏ပညတ်အပ်သောသင်္ကေတဖြင့်သာအဆက်ဆက်ခေါ်ဝေါ်လာသော ပညတ်မျှသာ ဖြစ်ချေသည်၊ စင်စစ်သော်ကား။ နာမ်တရား, ရုပ်တရားအစုတို့သာတည်း။ ၎င်းရုပ်တရား, နာမ်တရားတို့သည်လည်း မိမိသဘာဝအတိုင်း အကြောင်းတရားအား လျော်စွာသာ တဘွားဘွား သံသရာမဆုံးသမျှ ဖြစ်ပေါ် ၍နေလေကုန်၏ တကား-ဟု ထင်မြင်လာ၏။ ၎င်းဉာဏ်အမြင်ကို အထပ်ထပ်ဆင်ခြင်ပွါးများအပ်၏။ ၎င်းဉာဏ်ပိုင်၍၊ယုံမှားခြင်း၁၆-ပ်ါးမှလွန်မြောက်သော် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်၏-ဟုမှတ်။ ။(အကျယ်တဝင့်၊ထင်ရှားစွာဘွင့်၍ ရေးသားလိုသော်လည်း၊ဂန္ထဂရုဖြစ်မည်မှုကြောင့် လျစ်လျူရှုအပ်ပါသတည်း)။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-အဘွင့်။

၁၃။ ။တေတော ပရံ ပန အတီတ ပရိဂ္ဂဟိတေသု သမ္မသနယောဂ္ဂေသု တေဘူမကသင်္ခါရေသု အတီတာဒိဘေဒ ဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ပ။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသောယောဂီပုဂ္ဂိုလ်သည်၊ ရှေးဦးစွာ ဝိပဿနာလမ်း၌ ကလာပဝိပဿနာနည်းဖြင့် ပွားများအပ်၏၊ ထို့ကြောင့်“ကလာပဝသေန”ဟူသောပါဌ်ကို၊ အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော်မူအပ်၏။ ဆိုလိုရင်းကား- အောက်အောက်ဖြစ်သော ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့နှင့်ပြည့်စုံရန်နာမ်တော၊ညာသ၊ရုပ်အဋ္ဌပိသ-တရားတို့ကို ဖသသည်၊ ဖုသနလက္ခဏာ၌၏-စသောအားဖြင့် တပါးတပါးစီ အသီးအသီး ခွဲခြား သိးသန့်၍ လက္ခဏာ၊ရသ-စသော အားဖြင့်ရင်း၊ အကြောင်းတရားအားဖြင့်ရင်း၊ ပွားများအပ်၏၊ ဤမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအရာ၌ကား၊ဤသို့ ဘပါးစီစိပ်၍ ပွားများဘို့မလို။နာမ်တရားအားလုံးကိုရင်း၊ရုပ်တရားအားလုံး ကိုရင်းတပေါင်းတည်းသိမ်းကြုံး၍ပွါးများအပ်၏-ဟုဆိုလိုသည်၊ ၎င်းကိုရည်၍၊ “ကလာပဝသေန သင်္ခိပိတွာ”ဟုသိသတတ်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ “ဝိပဿနာယ စ ကလာပ သမ္မသနံ အာဒိ”ဟုမိန့်၏။

ဤသို့ ကလာပအစွမ်းဖြင့်နာမ်၊ရုပ် ၂ -ပါးတို့ကိုသိမ်းဆည်းမှုသည်လည်း၊ ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်၍- ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပြီး၍ နောက်၌သာ၊ ပေါင်းရုံး သိမ်းကြုံး၍ ပွားများအပ်၏။ ထိုကြောင့် “တတော ပရံ။ပ။ သမ္မသနယောဂ္ဂေသု”ပါဌ်ကို မိန့်တော်မူအပ်၏။၎င်းပေါင်းရုံး၍ သိမ်းကြုံးမှုသည်-လောကီ တရားကိုသာ သုံးသပ်အပ်၏။ လောကုတ္တရာ တရားကိုကား မသုံးသပ်အပ်။ ထို့ကြောင့် “တေဘူမကသင်္ခါရေသု” ဟူသောပါဌ်ကို မိန့်အပ်၏“ခန္ဓာဒိနယမာရဗ္ဘ”ဟူသောပါဌ်ဖြင့်ပဋိသမ္ဘိဒါမဂ်၌လာရှိသော အတိုင်း၊ ခန္ဓပဉ္စက၊ဒွါရဆက္က၊ အာရမ္မဏဆက္က၊ ဝိညာဏဆက္က၊ ဖဿ ဆက္က၊ဝေဒနာဆက္က၊သညာဆက္က-အစရှိသော သုံးသပ်ပွားများပုံနည်းကို ပြ၏။ ။(အလွန်ခဲရင်ဖြစ်သဖြင့် ပါဌ်ကိုဆစ်၍ဘွင့်ပြသုကပ်ပါသည်။)၊ ဤ ကား-အဓိပ္ပါယ်ပါတည်း။

ဆိုလိုရင်းကား....မဂ္ဂါ မဂ္ဂဉာဏာဒဿန ဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီပုဂ္ဂိုလ်သည်၊ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပွား များအပ်၏။ထို၂-ပါးတို့တွင်၊"တတော ပရံ ပန တထာ ပရိဂ္ဂဟိတေသု။ပ။ လက္ခဏတ္တယံ သမ္မသန္တဿ"ဟူသော သင်္ဂြိုဟ်ပါဌ်ဖြင့် သမ္မသနဉာဏ် ဖြင့်ပွားများသုံးသပ်နည်းကိုပြ၏။"တေသွေဝ ပစ္စယဝသေန။ပ။ဥဒယဗ္ဗယံ သမနုပဿန္တဿ စ"။ ဟူသောပါဌ်ဖြင့် ဥဒယဗ္ဗယဉာဏ်ဖြင့် သုံးသပ် ပွားများနည်းကို ပြ၏။

## သမ္မသနဉာဏ်ဖြင့် ပွါးများနည်း။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်နာမ်,ရုပ်တို့၏ အကြောင်းရင်းကို သိမ်းဆည်း နိုင်၍၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအဖြစ်သို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ် သည်၊ထိုမိမိသိမ်းဆည်းအပ်ပြီးသော အကြောင်းနှင့်တကွ ဖြစ်ကုန်သော တေဘူမကသင်္ခါရတရားတို့ကို အစိပ်အစိပ်အားဖြင့် မသုံးသပ်ပါဘဲ၊ရုပ် အပေါင်း,ဝိညာဏ်အပေါင်း၏ အစွမ်းဖြင့်၊

> "ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊သဗ္ဗံ ရူပံ အနိစ္စံ-ခယဋ္ဌေန၊ဒုက္ခံ-ဘယဋ္ဌေန၊အနတ္တာ-အသာရ ကဋ္ဌေန"။

ဟုရုပ်ကိုပင် အတိတ်ဖြစ်သော ရုပ်သည်၊ အမြဲမရှိသော သဘော ကြောင့်-အနိစ္စမည်၏။အမြဲမရှိသောရုပ်သည်၊ခဏမျှမတည်၊ ဘောက်ပြန် တတ်သောကြောင့် အလွန်တရာ ကြောက်လန့်ဘွယ်ရာ ဖြစ်ခုကား-ဒုက္ခ မည်၏။ ထိုအနိစ္စဖြစ်သော တရားသည်၊ အစဉ်တည်း-ဟူသောအနှစ်မရှိ၊ မိမိအလိုသို့ မလိုက်မပါတတ်သော သဘောကြောင့်-အနတ္တမည်၏။ ၎င်း အနိစ္စ,ဒုက္ခ-အနတ္တဖြစ်သော ရုပ်သည်၊ အတိတ်ကာလ၌ပင် ချုပ်ထေ၏။ ပစ္စုပ္ပန်ကာလသို့ မပါမရှိပေ။

ထိုအတူ ပစ္စုပ္ပန်ကာလ၌ဖြစ်သော ရုပ်, အနာဂတ်ကာလ၌ဖြစ်သော ရုပ်တရားတို့သည်လည်း၊ အနိစ္စ, ဒုက္ခ, အနတ္တ-တို့သာတည်း။ ပစ္စုပ္ပန် ကာလ၌ဖြစ်သော ရုပ်သည်လည်း၊ ပစ္စုပ္ပန် ကာလ၌သာလျှင် ချုပ်ငြိမ်း ထေ၏။အနာဂတ်ကာလ၌ မပါမရှိပေ-စသည်ဖြင့် ပွားများသုံးသပ်အပ်၏။

ထို့အတူ-အတီတာဒိ၌-အာဒိ၏အရ အာဒိဝန်ဖြစ်ကုန်သော အဇ္ဈတ္တဖြစ်သော ရုပ်,ဗဟိဒ္ဓဖြစ်သောရုပ်, ဩဠာရိကရုပ်, သုခုမရုပ်,ဟီနရုပ်,ပဏီတရုပ်,ဒူရေရုပ်,သန္တိကေရုပ်မှန်သမျှ ရုပ်အပေါင်းတို့ကိုလည်း၊ အနိစ္စ,ဒုက္ခ, အနတ္တတို့သာဘည်း-ဟု ပွားများအပ်ကုန်၏၊ ။(ဤကား အခွန့်၏အစွမ်းဖြင့် ပွားများပုံဘည်း)။

ဤအတူ-ဝိထိဘာရအတွင်း၌ဖြစ်သောရုပ်ကိုလည်း၊အနိစ္စ,ဒုက္ခ,အနတ္တမည်၏-ဟုဆင်ခြင်သုံးသပ်အပ်၏။ ။(ဤကား သန္တတိ အစွမ်းဖြင့် သုံးသပ်ပုံတည်း)။

ဥပါဒ်,ဌီ,ဘင်,ခဏသုံးပါးဝယ် ဥပါဒ်တိုင်း-ဌီတိုင်း-ဘင်တိုင်း၌ဖြစ်သော ရုပ်တို့သည်၊ အနိစ္စ,ဒုက္ခ,အနတ္တသာ ဖြစ်ကုန်၏-ဟု သုံးသပ် ဆင်ခြင်အပ်၏၊ ။(ဤကား-ခဏအစွမ်းဖြင့် ပွားများပုံဘည်း။ ဤခဏ၏အစွမ်းဖြင့် သုံးသပ်မှုကား၊ ဘုရား၏သာ အရာဖြစ်ပေ၏၊ သာဝကတို့၏ အရာမဟုတ်ပေ)။

ကြွင်းသောဝေဒနာ-စသောနာမ်တရားတို့၌လည်း အောက်ပါအတိုင်းစီးဖြန်းသုံးသပ်အပ်၏။

> ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ သဗ္ဗာ ဝေဒနာ အနိစ္စာ ခယဋ္ဌေန၊ဒုက္ခာ-ဘယဋ္ဌေန၊ အနတ္တာ-အသာရကဋ္ဌေန။ ပ။ ယေကေစိ သင်္ခါရာ။ပ။ အသာရကဋ္ဌေန။

ကြွင်းကုန်သော ဝိညာဏဆက္ကစသည်တို့၌လည်း“ယံကိဉ္စိ ဝိညာဏံ” စသည်ဖြင့် ဤနည်းကိုမှီး၍၊ ပွားများနိုင်သောက်ဖြီ၊ဤသို့ အဘန်ဘလဲလဲ သုံးသပ်ဆင်ခြင်၍၊ အနိစ္စ,ဒုက္ခ,အနတ္တအခြင်းအရာ လက္ခဏာထင်သည့်ရှိသော်၊ ထိုထင်လာသော သမ္မသနဉာဏ်ကို မြဲမြဲဒိုင်ခံ့သည်ထက် ခိုင်ခံ့ခြင်း အကျိုး,သန့်ရှင်းခြင်း အကျိုးငှာဥင်း၊ နောက်နောက်ဝိပဿနာဉာဏ်တို့၌ လွယ်ကူစေခြင်း အကျိုးငှာဥင်း၊ အောက်ပါ “တောသေးဆယ် ဝိပဿနာ”တို့ဖြင့်လည်း ခန္ဓာငါးပါး၊ ရုပ်,နာမ်တရားတို့ကို ပွားများသုံးသပ် လေ့သာအပ်ကုန်၏။

## တောလေးဆယ်ငါးပဿနာနည်း။

အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော၊ ပရတော၊ ပလောကတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊ သာသဝတော၊ သင်္ခတတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကဓမ္မတော၊ ပရိဒေဝဓမ္မတော၊ ဥပါယာသဓမ္မတော၊ သံကိလေသဓမ္မတော။

ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ အနိစ္စတော၊ အမြဲမရှိသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ ရောဂတော၊ များသောအနာတို့နှင့် ဆက်ဆံသောအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့် တူသောအားဖြင့်။ သလ္လတော၊ ငြောင့်တံသင်းနှင့် တူသောအားဖြင့်။ အဃတော၊ အစီးအပွါးမဲ့ကို ဆောင်သောအားဖြင့်။ အာဗာဓတော၊ ပြင်းပြသည်းစွာသော အနာနှင့် တူသောအားဖြင့်။ ပရတော၊ သူစိမ်းပြင်ပနှင့် တူသောအားဖြင့်။ ပလောကတော၊ ဗျာဓိ,ဇရာ,မရဏတို့ဖြင့် ပေါက်ကွဲပျက်စီးသောအားဖြင့်။ ဤတိတော၊ များစွာသောပျက်စီးခြင်းကို ဆောင်သောအားဖြင့်။ ဥပဒ္ဒဝတော၊ များစွာသော အကျိုးမဲ့တို့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် အလုံးစုံသော မင်းဘေး,မင်းဒဏ်-စသော ဥပဒ္ဒဝါ၏ တည်ရာဝတ္ထုအားဖြင့်။ ဘယတော၊ ခပ်သိမ်းသောဘေးတို့၏ တည်ရာအားဖြင့်။ ဥပသဂ္ဂတော၊ အကျိုးမဲ့တို့သည်၊ အစဉ်လိုက်အပ်သည်ဖြစ်၍၊ ငြိတွယ်ခြင်းရှိသော အားဖြင့်။ စလတော၊ လောကဓံတရားကြောင့် တုန်လှုပ်သောအားဖြင့်။ ပဘင်္ဂုတော၊ ပျက်စီးခြင်းသို့ ရောက်သောအားဖြင့်။ အဓုဝတော၊ မြဲမြံခိုင်ခံ့သော သဘောမရှိသော အားဖြင့်။ အတာဏတော၊ ဘေးရန်အပေါင်းတို့ကို မစောင့်ရှောက်တတ်သောအားဖြင့်။ အလေဏတော၊ မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့်။ အသရဏတော၊ ကိုးကွယ်ရာမဟုတ်သောအားဖြင့်။ ရိတ္တတော၊ ဓုဝ,သုဘ, သုခ,အတ္တ-စသည်အဖြစ်မှ ဆိတ်သောအားဖြင့်။ တုစ္ဆတော၊ အချည်းနှီး

အားဖြင့်။သုညတော၊အတ္တမှဆိတ်သောအားဖြင့်။ အနတ္တတော၊ အလိုသို့မလိုက်သောအားဖြင့်၊ဝါ၊ အတ္တမဟုတ်သောအားဖြင့်၊ အာဒီနဝတော၊ အပြစ်ဒေါသအားဖြင့်၊ဝါ၊အထီးကျန်သောသူနှင့် တူသောအားဖြင့်၊ ဝိပရိဏာမဓမ္မတော၊ ဘောက်ပြန်တတ်သော သဘောအားဖြင့်။ အသာရကတော။အနှစ်မဲ့၊ အကာအတိသာ ဖြစ်သောအားဖြင့်၊ အဃမူလတော၊ မကောင်းမှုအကုသိုလ်၏ အကြောင်းမူလအားဖြင့်။ ဝဓကတော၊သူသတ်ရန်သူနှင့် တူသောအားဖြင့်။ ဝိဘဝတော၊ အစီးအပွါးမှ ကင်းသောအားဖြင့်။သာသဝတော၊ အာသဝေါ၏ အာရုံအားဖြင့်၊ သင်္ခတတော၊ ဟေတုအကြောင်း, ပစ္စယအကြောင်းတို့သည် ပေါင်းရ၍၊ ပြုပြင်အပ်သောအားဖြင့်။မာရာမိသတော၊ မစ္စုမာရ်, ကိလေသမာရ်တို့၏ အစာအာမိသအားဖြင့်။ဇာတိဓမ္မတော၊ ဖြစ်ခြင်းသဘောအားဖြင့်။ ဇရာဓမ္မတော၊ရင့်ခြင်း, ဟောင်းခြင်း သဘောရှိသောအားဖြင့်။ ဗျာဓိဓမ္မတော၊ နာခြင်းသဘောရှိသောအားဖြင့်။ မရဏဓမ္မတော၊သေခြင်း, ပျက်စီးခြင်း သဘောရှိသောအားဖြင့်။သောကဓမ္မတော၊ပိုးရိမ်ခြင်း သဘောရှိသောအားဖြင့်။ ပရိဒေဝဓမ္မတော၊ ငိုကြွေးခြင်း သဘောရှိသောအားဖြင့်။ ဥပါယာသ ဓမ္မတော၊ လွန်စွာပင်ပန်းခြင်း သဘောရှိသောအားဖြင့်။ သံကိလေသိက ဓမ္မတော၊ တဏှာ သံကိလေသိက, ဒိဋ္ဌိသံကိလေသိက, ဒုစ္စရိတသံကိလေသိကတို့၏ အာရုံအဖြစ်တည်းဟူသော သဘောအားဖြင့်။သမ္မသတိ၊ သုံးသပ်၏။ ။

ဤအထက်ပါ ပါဠိအနက်အချ၊ ခန္ဓာငါးပါးကို အဘန်ဘန်အထပ်ထပ် ပွါးများဆင်ခြင်အပ်၏။ ။(ဤကား- သမ္မသနဉာဏ်ဖြင့် သုံးသပ်ပွါးများသော နယဝိပဿနာနည်းတည်း)။

## ဥဒယဗ္ဗယဉာဏ်ဖြင့် သုံးသပ်ပွါးများပုံ။

ဤပြဆိုအပ်ပြီးသော နယဝိပဿနာကို အားထုတ်သဖြင့် ထက်သောဉာဏ်ကြီးသောပညာရှိသော ယောဂီပုဂ္ဂိုလ်အား၊ ဥဒယဉာဏ်သည်ဖြစ်၏၊ နုံ့သောဉာဏ်ရှိသော မန္ဒပုဂ္ဂိုလ်အား ၎င်းဥဒယဉာဏ် မဖြစ်နိုင်သေးပေ။ထိုမန္ဒပုဂ္ဂိုလ်သည်၊ နောက်ထပ်၍၊ ဥဒယဗ္ဗယဉာဏ်ကို ပွါးများအပ်၏။ ၎င်းဥဒယဗ္ဗယဉာဏ်ကို ပွါးများရာဝယ်၊ အကြောင်း၏ အစွမ်းဖြင့်၎င်း၊ ခဏ၏ အစွမ်းဖြင့်၎င်းရှုအပ်၏၊ ထိုကိုရည်၍၊ "ပစ္စယတော ခဏတော" ဟူသောပါဠိကို အဋ္ဌကထာဆရာမြတ် မိန့်ဆိုတော်မူအပ်၏။ ။

ဆိုလိုရင်းကား.... သိမ်မွေ့သော ပုလဲသန္တာတို့ကို ထွင်းဖောက်လို သည်ရှိသော်၊အလွန်ဘရာ သိမ်မွေ့သော ရှူးကိုအလိုရှိအပ်သကဲ့သို့၊ထို့ အတူ အလွန်တရာသိမ်မွေ့နူးညံ့သောနာမ်,ရုပ်တရားတို့ကိုရင်း၊ ထိုနာမ်, ရုပ်တို့၏ အကြောင်းရင်းကိုရင်း၊ သိမ်းဆည်းပွါးများသည်ရှိသော် အလွန် တရာထက်လှသော ဉာဏ်ကိုအလိုရှိအပ်၏။ဉာဏ်ပညာကို မတုံးစေမူ၍၊ ထက်လှအောင် သွေးအပ်၏။ထိုထက်-နာမ်,ရုပ်တို့၏ ခယ,ဝယကိုရှုရာ၌၊ ရှေးထက်အလွန်ထက်လှစွာသော ဉာဏ်ကိုအလိုရှိအပ်၏။ အလွန်တရာ ထက်လှသော ဉာဏ်ရှိသောသူတို့၏ အရာသာဖြစ်၏။ ထိုဉာဏ်ထက်စေ ရန်လည်း ဥပစာသမာဓိ, အပ္ပနာသမာဓိတည်းဟူသော ကျောက်၌သွေး ရာ၏။ရင်းသမာဓိရှိသူမှသာလျှင်ဉာဏ်သည်ထက်၏၊သမာဓိကင်းသူတို့၏ အရာမဟုတ်ပေ။ ထိုကြောင့် သမာဓိရပြီး၍၊ သမ္မသနဉာဏ် ရင့်သန်၍၊ တဘက်ကမ်းသို့ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည်- ဥဒယဗ္ဗယဉာဏ် စခမ်းသို့ တက်လှမ်းပွါးများရာ၏။ ။ပွါးများပုံကား....

ဓာတံ ရူပံ ပစ္စုပ္ပန္နံ၊တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ လက္ခဏံ ဝယော။ အနုပဿနာ ဉာဏံ၊ ။

ပစ္စုပ္ပန္နံ၊ပစ္စုပ္ပန်ဖြစ်သော။ရူပံ၊ရုပ်သည်။ဓာတံ၊ဖြစ်ဆဲဖြစ်သော ရုပ်ပင် တည်း။ဝါ၊ဥပါဒ်,ဌီ ဘင်,ခဏငယ်သုံးပါး၌ အတွင်းဝင်သောရုပ်ပင်တည်း။ တဿ၊ထိုပစ္စုပ္ပန်ဖြစ်သော ရုပ်၏၊နိဗ္ဗတ္တိလက္ခဏံ၊ စ၍ဖြစ်ခြင်းဟူ၍ မှတ် အပ်သောသက္ခဏာသည်။ ဥဒယော၊ ဥဒယ-မည်၏။ ဝါ၊ဖြစ်ခြင်းမည်၏၊ ဝိပရိဏာမလက္ခဏံ၊ဖောက်ပြန်ခြင်းဟူ၍မှတ်အပ်သောလက္ခဏာသည်၊ ဝယော၊ဝယ-မည်၏။ဝါ၊ ပျက်ခြင်းမည်၏။ ယာအနုပဿနာ၊ အကြင်-ဥဒ ယ,ဝယကို အဘန်တလဲလဲ ရှုဆင်ခြင်ခြင်းသည်။ဝါ၊ ရှုသောပညာသည်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ်မည်၏။

ရုပ်ဟူသည်၊ဝိဋ္ဌက္ခဏာ၁၇ ချက်အသက်ရှိသဖြင့်ထိုရုပ်၏ဖြစ်စသည်- ဥဒယမည်၏။ ရင်းရုပ်၏ ဝိဋ္ဌက္ခဏာ ၁၇-ချက်စေ့သဖြင့်ပျက်ခြင်းသည်- ဝယမည်၏။ ရင်းရုပ်၏ဖြစ်စနှင့် ပျက်ခြင်းကို အဘန်ဘလဲလဲဆင်ခြင်ပွါး များရာ၏။ ဤသို့ ပွါးများမှုသည်-ဥဒယဗ္ဗယဉာဏ်မည်၏.ဤကား၊သန္တတိ ပစ္စုပ္ပန်ဖြစ်သော ရုပ်ကိုပွါးများ ဆင်ခြင်မှုဘည်း။ အာဒိကမ္မိက ဖြစ်သော ယောဂီပုဂ္ဂိုလ်သည်၊ဤသန္တတိပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်လာသောရုပ်တို့၏

ဖြစ်မှု,ပျက်မှုကိုသာအဘန်ဘန်အထပ်ထပ် မနေမနားကြည့်ရှုပွါးများအပ်၏။ဤသို့ ရုပ်၏ဥဒယဗ္ဗယကို ဉာဏ်ထင်အောင် ပွါးများပြီးနောက် နာမ်၏ ဥဒယဗ္ဗယကို ရံခါပွါးများအပ်၏။ ၂-ပါးစုံတခါတည်း မပွါးများသင့်။ နာမ်၌ကား၊

ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ၊တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ဝိပရိဏာမလက္ခဏံ ဝယော။အနုပဿနာ ဉာဏံ၊ ။ဇာတာ သညာ။ ပ။ဇာတာ သင်္ခါရာ။ပ။ဇာတံ ဝိညာဏံ။ပ။ဇာတံစက္ခု။ပ။ဇာတော ဘဝေါ ပစ္စုပ္ပန္နော။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ဝိပရိဏာမလက္ခဏံ ဝယော၊အနုပဿနာ ဉာဏံ။ ။

ဟုဖြစ်ပေါ်သမျှသော ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ-စသော နာမ်တရားတို့၏ ဖြစ်မှု,ပျက်မှု-၂-ပါးကို သေချာစေ့ငု အဘန်ဘန် ကြည့်ရှုဆင်ခြင်ပွါးများရာ၏။ ဤသို့ပွါးများကြည့်ရှုသော ဉာဏ်သည်-ဥဒယဗ္ဗယဉာဏ်မည်၏။

ဤသို့ စီးဖြန်းပွါးများသော ယောဂီပုဂ္ဂိုလ်အား အတိတ်ဖြစ်သော ရုပ်, နာမ်တရားတို့သည်လည်း၊အတိတ်ကာလ၌ပင်ချုပ်ပျောက်ကုန်၏၊ပစ္စုပ္ပန်ကာလသို့ လာရောက်နိုင်သည် မရှိကုန်။ ပစ္စုပ္ပန်ဖြစ်သော နာမ်,ရုပ်တို့သည်လည်း အရှည်မတည်ကုန်။ အနာဂတ်ကာလသို့ သွားရောက်ဖြစ်ပေါ်နိုင်ခြင်းမရှိကုန်၊ပစ္စုပ္ပန်ကာလ၌သာချုပ်ပျောက်ကုန်၏၊အနာဂတ်ကာလ၌လည်း အချင်းခပ်သိမ်း ဖြစ်နှင့်သည်မရှိကုန်- ဟုထင်မြင်လာ၏။

ဥပမာဆိုသော်-စောင်းသမားသည်၊စောင်းကိုကောင်းစွာ တီးလေရာ၊ ၎င်းစောင်း၏အသံသည် ဖြစ်ပေါ်၍လာသော၏။ ထိုစောင်း၏ အသံသည်၊ မဖြစ်မီရှေးအဘို့၌ ဖြစ်ဘို့ရန်စုဝေးကာ အပိုင်အခဲအပေါင်းအစုသည်မရှိပေ တီးလိုက်မှဖြစ်ပေါ်လာသော အသံသည်လည်း နောက်ဆက်၍ဖြစ်ဘို့ရန် အပိုင်အခဲ မပျက်စီးဘဲ တည်၍နေသည်မဟုတ်။ခဏချင်းချုပ်ငြိမ်း၍ သွားလေတော့၏။ နောက်အနာဂတ်၌ ဖြစ်ရန်အသံသည်လည်း အလျဉ်း မရှိချေ။ ထို့အတူ ဤရုပ်,နာမ်တို့၏ ဖြစ်မှုပျက်မှုကို ရှုဆင်ခြင်ရာ၏၊ ။ ဤကား အကျဉ်းအားဖြင့် ဥဒယဗ္ဗယကို ပွါးများပုံဘည်း။

## ပစ္စယဝသေန-အရုဏ်ပုံ။

ဤသို့ ရုပ်,နာမ်တို့၏ ဖြစ်မှု-ပျက်မှုကို ရှေးဦးစွာပွါးများ အားထုတ်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ရုပ်,နာမ်တို့၏ အကြောင်း၏ အစွမ်းဖြင့်လည်း သိမ်းဆည်းအပ်၏။ ရူပက္ခန္ဓာ၏ အကြောင်းကား၊ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ၄-ပါးဖြစ်၏။ ဝေဒနာ,သညာ,သင်္ခါရ-ဟူသောစေတသိက်ခန္ဓာသုံးပါး၏ အကြောင်းကား၊ အဝိဇ္ဇာ,တဏှာ, ကံ, ဖဿ-၄-ပါး ဖြစ်၏။ ဝိညာဏက္ခန္ဓာ၏ အကြောင်းကား၊အဝိဇ္ဇာ,တဏှာ,ကံ,နာမရူပ-၄-ပါးဖြစ်၏။ ဤသို့ခန္ဓာငါးပါးတို့၏ အကြောင်းကား အသီးအသီး ၄-ပါးစီဖြစ်သတည်း။

ဤသို့ အကြောင်းတရား၄-ပါး၏ မင်္ဂဖြင့်မပယ်အပ်သေး၍၊ ထင်ရှားရှိနေမှုသည်- ဥဒယမည်၏။ ၎င်းအကြောင်းတရား ၄-ပါးတို့၏ မဂ်ဖြင့်-ပယ်ဖျက်၍၊ ချုပ်ငြိမ်းမှုသည်-ဝယမည်၏။ ရှေးရှေးကာလ အတိတ်ဘဝက၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ စသောအကြောင်းတရားတို့ကို မဂ်ဖြင့်မပယ်အပ်ကုန်သောကြောင့် ယခုဘဝ၌ ပဋိသန္ဓေတည်နေသည်မှစ၍၊ ရတိကျအောင်၊ ရုပ်ခန္ဓာ,နာမ်ခန္ဓာတို့သည် တသွားသွားဖြစ်ပေါ်၍ နေကုန်၏။ အကြင်အခါ မဂ်ဖြင့် ၎င်းအကြောင်းတရားတို့ကို ပယ်အပ်ကုန်၏။ ထိုအခါမှစ၍၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည်၊ ချုပ်ငြိမ်းကင်းပျောက်ကုန်၏။ ဥပမာဆိုသော်-ရေရှိသည်ရှိသော် ငါးရှိ၏၊ ရေမရှိပါမူ၊ ငါးဖြစ်ရိုးမဟုတ်သကဲ့သို့တည်း။

ရူပက္ခန္ဓာသည်၊ ရှေးဘဝ၌ဖြစ်သော ကံတည်းဟူသော အကြောင်းတရားကြောင့် ပဋိသန္ဓေကစ၍ ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်လာ၏။ ပဝတ္တိ၌ကား၊ ကဗဠီကာရအာဟာရ- တည်းဟူသော အကြောင်း အထောက်အပံ့ကိုရလျက်၊ ပဋိသန္ဓေမှစ၍ ဖြစ်ပေါ်နေသော ရုပ်အစဉ်သည် မပြတ်မူ၍ ခဏတိုင်းခဏတိုင်းဖြစ်၍၊ချုပ်ပျက်လေ၏။

ဝေဒနာ,သညာ,သင်္ခါရ- တည်းဟူသော စေတသိက် ခန္ဓာတို့သည်ကား၊ ဗဟိဒ္ဓမှ အာရုံငါးပါးထင်ရှား ဖြစ်ပေါ်လာ၍- အာရမ္မဏ သမ္ဘဿ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာ၍၊ချုပ်ပျက်ကုန်၏။

ဝိညာဏက္ခန္ဓာသည်ကား၊ သဟဇာတ်ဖြစ်သော စေတသိက် နာမ်နှင့် ဟဒယဝတ္ထုရုပ် တည်းဟူသော အကြောင်းတရားကြောင့် ခဏတိုင်း

ခဏတိုင်း ဖြစ်၍၊ချုပ်ပျက်လေ၏။ဤသို့လျှင် ခန္ဓာငါးပါး၊ ရုပ်, နာမ်တရားတို့၏ဖြစ်မှု,ပျက်မှု၏အကြောင်းရင်းကိုဉာဏ်ဖြင့် အဘန်ဘန် အထပ်ထပ် ကြည့်ရှုဆင်ခြင်ပွါးများရာ၏၊ ။(ဤကား ပစ္စယ၏အစွမ်းဖြင့် စီးဖြန်းပွါးများနည်းတည်း)။

ခဏဝသေန-အခိုက်အတန့်အားဖြင့်ပွါးများပုံ။

ရုပ်,နာမ်တရားတို့၏ အကြောင်းရင်းဖြစ်စကို ရှုမှု,ပျက်မှု၏အကြောင်းရင်းကို ရှုမှု-ဟူသော ဥဒယဗ္ဗယဉာဏ်ထက်သန်သော ယောဂီပုဂ္ဂိုလ်သည်၊ ၎င်းအကြောင်းရင်းတို့ကို မကြည့်ရှုပါဘဲ၊နာမ်,ရုပ်တို့၏ သက်သက်ဖြစ်သောခဏ၊ ပျက်သောခဏတို့ကို ကြည့်ရှုပွါးများရာ၏၊ ခဏ-ဟုဆိုသော်လည်း ဥပါဒ်, ဌီ, ဘင်, ခဏငယ်ကို သာဝကတို့ ကြည့်ရှုဆင်ခြင်ရန် မစွမ်းနိုင်၍၊ သန္တတိပစ္စုပ္ပန်ရုပ်,နာမ်တို့၏ ဖြစ်ဆဲခဏ, ပျက်ဆဲခဏကို ကြည့်ရှုပွါးများရာ၏၊ ဥပမာဆိုသော်-ညဥ့်အခါ တခဲနက်မှောင်မိုက်၍နေသော တိုက်ခန်းအတွင်း၌၊ ဆီမီး,ဓာတ်မီးစသည်ကို ညှိထွန်းလိုက်သည်ရှိသော်၊ ၎င်းအမိုက်မှောင်သည်၊ ကင်းပျောက်၍၊ အလင်းသို့ရောက်လေ၏။ ထို့နောက် ဆီမီး,ဓာတ်မီးကို ငြိမ်းလိုက်ပါမူ၊ အလင်းရောင်ပျောက်၍၊အမိုက်တိုက်ဖြစ်လာလေ၏၊ထို့အတူ ခန္ဓာကိုယ်၌ အထူးထူးသော ဥတု,အထူးသော အာဟာရ, အထူးထူးသော စိတ်,အထူးထူးသော ဣရိယာပုထ်,အထူးထူးသောပယောဂတို့၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော ရုပ်,နာမ်ခန္ဓာအစဉ်တို့၏ ဖြစ်ခြင်းခဏ-ဟူသော ဥဒယ,ပျက်ဆဲခဏ-ဟူသော-ဝယကို ဉာဏ်အားထင်ထင်၊ အဘန်ဘန် အထပ်ထပ် ကြည့်ရှုဆင်ခြင်ပွါးများရာ၏။

ဤခန္ဓာငါးပါးဝယ်၊အကြောင်းတရား၄-ပါးစီရှိ၍၊ဥဒယ၌ရှုနည်း၄-ပါး၊ ၎င်းအကြောင်းတရား ၄-ပါး၏ ချုပ်မှုဝယ ၄ ပါး၊ ပေါင်းရှစ်ပါး။ ပစ္စုပ္ပန်ခန္ဓာတို့၏ ဖြစ်ခြင်းလက္ခဏာကိုရှုသောခဏတပါး၊ပျက်ခြင်းလက္ခဏာကို ရှုသောခဏတပါး၊ ပေါင်း ၂-ပါး။ ယခင်ရှစ်ပါးနှင့် ပေါင်းသော်ဆယ်ပါး, ဆယ်ပါးသော ဥဒယဗ္ဗယကို ဆင်ခြင်ပွါးများ၍၊ ဥဒယဗ္ဗယ ဉာဏ်ကို ထက်သန်စေရာ၏။

ဩဘာသသောဗိတိစသောဂါထာအဓိပ္ပါယ်။

ဤသို့ ရုပ်,နာမ်တို့၏ အဖြစ်အပျက်ကို အမြဲမပြတ်ရှုသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာ၏ ညစ်ညူးကြောင်း၊ အညစ်အကြေး ဆယ်ပါး

ဖြစ်ပေါ်လာတတ်၏။ ထိုတွင် တင်ပျဉ်ခွေအတွင်း၊ ခမ်းတိုက်အတွင်း၊ ခမ်းတိုက်ပြင်ဘက်မှစ၍၊ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ဉာဏ်အား လျော်စွာ တပြိုင်နက်ထွန်းလင်းနိုင်သော မိမိသာမြင်ရသော ဝိပဿနာ ဉာဏ်အရင်းခံသော စိတ်ဥတုကြောင့် အလင်းရောင်-ဩဘာသသည်ဖြစ်၍ လာလေ၏။ထိုအလင်းရောင်သည်၊ ဩဘာသနှံ့ရာ အရပ်တွင်း၌ရှိသော အဆင်းကိုဒိဗ္ဗစက္ခုအဘိညာဉ်အားထင်သကဲ့သို့၊ယောဂီပုဂ္ဂိုလ်၏ မနောဒွါရိကဝိညာဏ်အား ထင်မြင်လာ၏။

ထိုထင်၍လာသောဩဘာသကိုငါ့အလိုရှိအပ်,တောင်းတအပ်သောအရိယာမဂ်,ဖိုလ်တရား, နိဗ္ဗာန်တရားတည်း-ဟုထင်သောကြောင့် ဝိပဿနာလမ်းမှားသို့ ရောက်လေ၏။စင်စစ်သော်ကား၊ထိုယောဂီပုဂ္ဂိုလ်၏ ဩဘာသကို မဂ်,ဖိုလ်,နိဗ္ဗာန်-ဟုဆင်ခြင်မှုသည် အလွန်တရာသိမ်မွေ့သောဥဒ္ဓစ္စသဟာဂုတ်မောဟမှု,လောဘမူစိတ္တုပ္ပါဒ်သာတည်း။

ထိုမှတပါး၊ငါးပါးသော ပီတိ,ဝိပဿနာနှင့်တကွသော ကိုယ်စိတ်တို့၏ ချမ်းသာခြင်း ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ,စိတ်စေတသိက်တို့ကို အလွန်ကြည်စေတတ်သောသဒ္ဓါ-ဟူသော အဓိမောက္ခ, သမ္ပယုတ်တရားတို့ကို ကောင်းစွာ ချီးမြှင့်တတ်သော ဝီရိယ-ဟူသော-ပဂ္ဂဟ, အတိပဏီတဖြစ်သော ကိုယ်လုံးဝိုစွတ်၊အလွန်မြတ်သောချမ်းသာသုခ,ထက်မြက်သန့်ရှင်း ဝဇိရစိန်အလား ဘောက်ထွင်းနိုင်သောဝိပဿနာပညာဉာဏ်, ကျောက်ဖျာ၌ရေးအပ်သောအရေးအသားအသွင်၊ အလွန်ထင်မြင်သော မြင့်မိရ်တောင်အလား လှုပ်ရှားခြင်းမရှိသောသတိ-ဟူသော-ဥပဋ္ဌာန,သိကြားပစ်လွှတ်အပ်သော ဝဇိရစိန်အလား ရိုးကြိုးသွားကဲ့သို့၊ဥဒယဗ္ဗယတရားတို့၌ လျစ်လျူဖြစ်သောဝိပဿနုပေက္ခာ, အာဝဇ္ဇနုပေက္ခာဟူသော- ဥပေက္ခာ, ဖြစ်ပေါ်လာသော ဩဘာသစသော ထင်လာသော တရားကိုးပါးတို့၌ တပ်နှစ်သက်သော သိမ်မွေ့သော တဏှာ-ဟူသော နိကန္တိ။ ဤ ၁၀-ပါးသော ဝိပဿနာ၏ထမ်းမှား ညစ်ညူးသောတရားတို့သည်၊ ဖြစ်ပေါ်၍လာတတ်ကုန်၏။

ဤသို့ထို ၁၀-ပါးသောဝိပဿနာ၏ညစ်ညူးကြောင်းတရားတို့ဖြစ်ပေါ်လာကုန်သည်ရှိသော်၊မလိမ္မာသောယောဂီပုဂ္ဂိုလ်အား"ငါ့အားဤအရောင်အလင်းစသောတရားတို့သည်ရှေး၌မဖြစ်ဘူးကုန်၊ မချွတ်လျှင် ဤအရောင်အလင်းစသော တရားတို့သည်၊ ငါတောင်းတအပ်သော မဂ်တရား,ဖိုလ်

တရားသာတည်း၊ ငါသည် မဂ်ကိုရပြီ၊ ဖိုလ်ကို ရပြီ”ဟုသာယာနှစ်သက်မှုနှင့် တကွဖြစ်သော မဂ်မဟုတ်သည်၌ မဂ်-ဟူသော အမှတ်၊ ဖိုလ်မဟုတ်သည်၌ ဖိုလ်-ဟူသောအမှတ်သည်ဖြစ်လေ၏။

ထိုအခါ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ လိမ္မာထက်မြက်သော ဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်သည် “ငါ့ကိုကမ္မဋ္ဌာန်းပေးသောကာလ၊ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သောအခါ-ဩဘာသစသောဝိပဿနာ၏ ညစ်ညူးကြောင်း တရား ၁၀-ပါးပေါ်လာတတ်သည်- ဟုကမ္မဋ္ဌာန်းဆရာမြတ်သည်၊ မိန့်ဆိုတော်မူဘူးပါတကား၊ထိုဆရာမြတ် မှာတော်မူလိုက်သောအတိုင်းပင် ငါ့အား ယခုဖြစ်လတ်ပြီ”ဟုသတိကိုဖြစ်စေ၍၊ဤဩဘာသ-အစနိကန္တိ အဆုံးရှိသောဝိပဿနူပက္ကိလေသတရား၁၀-ပါးတို့သည်၊ စင်စစ်လောကုတ္တရာ တရားမဟုတ်ကုန်၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတို့သာ တည်း-ဟု အဘန်ဘန်အထပ်ထပ်ဆင်ခြင်၍၊

ဩဘာသံ နေတံ မမ၊ နေသောဟမသ္မိ။ န မေသော အတ္တာ။ ပ။
နိကန္တိံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ဧတံဩဘာသံ-ဧသော ဩဘာသော၊ ဤအရောင်အလင်းသည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်၊ ဧသော၊ ဤအရောင်အလင်းသည်။ အဟံ နအသ္မိ၊ ငါမဟုတ်။ဧသော၊ဤအရောင်အလင်းသည်။ မေ၊ ငါ၏၊ နအတ္တာ၊ ကိုယ်မဟုတ်ပေ။ပ။ဧတံဧသောနိကန္တိ၊ဤတပ်နှစ်သက်မှုဘဏ္ဍာသည်။မမ၊ ငါ၏။ နသန္တကံ၊ဥစ္စာမဟုတ်။ ဧသော ဧသောနိကန္တိ၊သည်၊ အဟံနအသ္မိ၊ ငါမဖြစ်။ဧသောဧသောနိကန္တိ၊သည်။မမ၊ငါ၏။နအတ္တာ၊ကိုယ်မဟုတ်၊

ဤသို့ စီးဖြန်းပွားများခါပျံ့လွင့်ခြင်းသို့ မရောက်စေမူ၍၊ထိုဝိပဿနာ၏ ညစ်ညူးကြောင်းတရားတို့ကို သုတ်သင်ရှင်းလင်း တျင်းတျင်းကုန်အောင် ဖျက်ဆီး၍၊ဤဩဘာသ-စသောဘရား ၁၀-ပါးတို့သည်၊ မဂ်မဟုတ်ကုန်။ ၎င်း ၁၀-ပါးသော ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဝိပဿနာ၏ အစွမ်းဖြင့် ဝိပဿနာခရီးမှန်သွားသောဝိပဿနာဉာဏ်သည်၊ ဖြောင့်မှန်သော ခရီးတည်း။ ဤသို့ အရိယမဂ်၏ရှေ့အဘို့ဖြစ်သော ခရီးဟုတ်သည်ကိုလည်းအရိယမဂ်၏ရှေ့အဘို့ဖြစ်သောခရီးမဟုတ်သည်ကိုလည်းမဘောက်ပြန်သော အားဖြင့် နားလည်ပိုင်းခြား၊ကောင်းစွာမှတ်သား၍၊တည်သော ဉာဏ်သည်-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏၊ ။ဟူလို၊

(ဤဥဒယဗ္ဗယဉာဏ်သည် ဝိပဿနာဉာဏ်၁၀-ပါးဝယ် လိုရင်းစွဲဖြစ်သဖြင့် အကျယ်ဘွင့်၍ ရေးလိုက်ပါသည်။ ဤနည်းကိုမှီး၍ ကြွင်းသောဉာဏ်တို့၌ ဉာဏ်ကြီးလောက်ပြီ)။

---

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-အဘွင့်။

၃၄။ ။တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏာ ဒယော။ပ။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ။ ။သင်္ဂြိုဟ်ပါဠိ။

အောက်ကပြဆိုအပ်ပြီးသော အတိုင်း ဝိပဿနာ၏ညစ်ညူးကြောင်းဩဘာသ-စသော၁၀-ပါးသောဘေးရန်မှလွတ်ပြီးသောဥဒယဗ္ဗယဉာဏ်နှင့် ကောင်းစွာ ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်၊ ၁-ဥဒယဗ္ဗယဉာဏ်၊ ၂-ခန္ဓာငါးပါးတို့၏ ပျက်ခြင်းမျှရှုဘတ်သော-ဘင်္ဂဉာဏ်၊၃-ခြင်္သေ့စသည်တို့၏ ကြောက်အပ်သော အခြင်းအရာကိုရှုသကဲ့သို့၊ ဘင်၏အစွမ်းအားဖြင့် ထင်ကုန်သော သင်္ခါရတို့၏ ကြောက်မက်ဘွယ် အခြင်းအရာကိုရှုသော·ဘယဉာဏ်၊ ၄-မီးထောင်သော အိမ်ရှင်သည်၊ အိမ်၌အပြစ်ကိုရှုသကဲ့သို့၊ ကြောက်အပ်သော အခြင်းအရာဖြင့် အဘန်ဘလဲလဲ ဘယဉာဏ်ဖြင့် ရှုအပ်သော သင်္ခါရတို့၏အပြစ်ကို အဘန်ဘလဲလဲ ရှုဘတ်သော·အာဒီနဝဉာဏ်၊ ၅-မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရဘရားတို့၌ ငြီးငွေ့သည်၏ အစွမ်းအားဖြင့်ဖြစ်သော-နိဗ္ဗိဒါဉာဏ်၊၆-ငှက်အစရှိသောသတ္တဝါတို့သည်၊ချောင်အိမ်အစရှိသည်မှလွတ်လိုကုန်သကဲ့သို့၊တေဘူမကသင်္ခါရတို့မှ လွတ်ခြင်း၌ အလိုရှိသည်အစွမ်းအားဖြင့်ဖြစ်သော-မုဉ္စိတုကမျတာဉာဏ်၊၇-ငါးဟူသောအမှတ်ဖြင့် မြွေကိုဘမ်းသော သူကဲ့သို့၊ တဖန်သင်္ခါရတို့၏-နိစ္စ,သုခ, သုဘ,အတ္တ, အခြင်းအရာဖြင့် ထင်ခြင်း၌ မစွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော ဒုက္ခသင်္ခါရတို့မှ လွတ်ခြင်း၏အကြောင်းကိုပြုစေခြင်း၌၊တဖန်သိမ်းဆည်းသည်၏အစွမ်းဖြင့်ဖြစ်သောပဋိသင်္ခါနုပဿနာဉာဏ်၊ ၈-စွန့်အပ်ပြီးသော မယားရှိသော ယောကျ်ားသည်၊ ထိုမယား၌ လျစ်လျူရှုသကဲ့သို့၊ မြင်အပ်သော အပြစ်ရှိသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌၊လျစ်လျူရှုသောအခြင်းအားဖြင့်ဖြစ်သော-သင်္ခါရုပေက္ခာဉာဏ်၊ ၉-ရှေ့ဉာဏ်ကိုးပါးတို့၏ ကိစ္စပြီးခြင်း, အထက်၌၃၂-ပါးသောဗောဓိပက္ခိယတရားတို့နှင့် လျော်သော-အနုလောမဉာဏ်၊ .

၅၍ဉာဏ်ကိုးပါးရင့်သန်အောင် အနိစ္စ, ဒုက္ခ, အနတ္တ- ဟူသော လက္ခဏာ ယာဉ်သုံးပါးသို့ဘင်ကာ, တင်ကာ- အမြဲမပြတ် ပွါးများကျင့်ကြံအပ်၏။ ထိုသို့ ပွါးများသောဉာဏ်ကိုးပါးကိုပိုင်သော၊ ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာ ဉာဏ်ကိုးပါးသည်၊ သိတတ်, မြင်တတ်သောကြောင့်- ဉာဏဒဿနမည် ၏။ထိုဉာဏ်ဒဿနမည်သော ဝိပဿနာဉာဏ်ကိုးပါးသည်ပင်၊ ဆန့်ကျင် ဘက် ကိလေသာတို့မှ စင်ကြယ်တတ်, နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်မြတ်ဖြစ်သောကြောင့်-ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိမည်၏။ ။ ဟူလို။

---

မဂ်အပ္ပနာဝီထိစိတ်ဖြစ်ပုံ-အဘွင့်။

၇၁။ ။တဿေဝံ ပဋိပန္နဿ ပန ဝိပဿနာပရိပါကမာဂမ္မ။ပ။
ပရိကမ္မောပစာရာနုလောမနာမေန ပဝတ္တန္တိ။

သင်္ဂြိုဟ်ပါဠိ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံ၍ဉာဏ်ကိုးပါး၏ တဘက် ကမ်းသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရုပေက္ခာဝိပဿနာ ဉာဏ်၏ရင့်သန်၍၊ လောကုတ္တရာ သောတာပတ္တိမဂ်-ဟူသောအပ္ပနာဖြစ် လိုလတ်သော်၊ထိုအပ္ပနာမဖြစ်မီ ရှေးဦးစွာ"ဘဝင်စလန,ဘဝင်ုပစ္ဆေဒ,နှစ် ကြိမ်ဖြစ်၍၊ချုပ်လေ၏။ထို့နောက်တောဘုဒ္ဓကသင်္ခါရတရားတို့တွင် တပါး ပါးကို အာရုံပြု၍၊မနောဒွါရာဝဇ္ဇန်းဖြစ်၍ချုပ်၏၊ထို့နောက်အမှတ်မရှိသော အနိစ္စ,ဒုက္ခ,အနတ္တသက္ခဏာသုံးပါးကို အာရုံပြု၍- ပရိကံ,ဥပစာ,အနုလုံ, သုံးကြိမ်ဖြစ်၍ချုပ်၏။ ။ဟူလို၊

---

ဝုဋ္ဌာနဂါမိနီ-အဘွင့်။

၇၂။ ။ယာ သိခါပ္ပတ္တာ၊ သာ သာ နုလောမာ သင်္ခါရုပေက္ခာ
ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။ ။သင်္ဂြိုဟ်ပါဠိ။

အောက်ကပြဆိုအပ်ခဲ့ပြီးသော ဝိပဿနာဉာဏ်တို့တွင်၊ အနုလောမ ဉာဏ်နှင့်သင်္ခါရုပေက္ခာဉာဏ် ၂-ပါးသည်၊ဝိပဿနာအကျင့်၏လမ်းဆုံးသို့

ရောက်ပြီဖြစ်သောကြောင့်- သိခါပတ္တဝိပဿနာမည်၏။ ၎င်းဉာဏ် ၂ပါးသို့ရောက်သော ယောဂီပုဂ္ဂိုလ်သည်၊ကမ္မဋ္ဌာန်းကျင့်လမ်းအဆုံးသို့ရောက်လေတော့၏၊၎င်းဉာဏ် ၂-ပါးသည်၊ အပါယ်စသော ဘေးမှ၎င်း,သင်္ခါရစသော နိမိတ်မှ၎င်း၊ထခြင်း- ဟုဆိုအပ်သော ဝုဋ္ဌာနမည်သော မဂ်သို့ရောက်ခြင်း၏ အကြောင်းလည်းဖြစ်သောကြောင့်- ဝုဋ္ဌာနဂါမိနီဝိပဿနာလည်းမည်၏။ ။၎င်းဉာဏ် ၂-ပါးနှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်၊ အရိယမဂ်သို့ ရောက်စေသည်ဖြစ်၍၊ပုထုဇ္ဇနဘာဝမှ၎င်း,အပါယ်လေးပါးမှ၎င်း လွတ်မြောက်စေ၏။ ။ဟူလို။

မှတ်ချက်။ ။ဤအလို-"အဝသာနံ ဝုဋ္ဌာနသင်္ခါတံ မဂ္ဂံ ဂစ္ဆန္တီ ဧတော ယာတိ ဝုဋ္ဌာနဂါမိနီ"ဟုပြု။၎င်းဝိပဿနာဉာဏ် ၂-ပါးရ၏။

---

ဂေါတြဘုစိတ်ဖြစ်ပုံ-အဘွင့်။

၅၇။ ။တတော ပရံ ဂေါတြဘုစိတ္တံ။ပ။ပဝတ္တတိ၊ သဂြိုဟ်ပါဌ်။

ထိုပရိကံ,ဥပစာ,အနုလုံ-ဟူသောဝုဋ္ဌာနဂါမိနီဝိပဿနာဇော ၂-ကြိမ်, သုံးကြိမ်စောပြီးသည့်မှနောက်၌၊ဂေါတြဘုစိတ်သည်၊နိဗ္ဗာန်ကိုအာရုံပြု၍၊ ပုထုဇဉ် အနွယ်ကို နှိပ်စက်လျက် အရိယအနွယ်သို့ ရောက်စေကာ၊ ဖြစ်ပေါ်လာလေ၏။ ။ဟူလို။

---

မဂ်စိတ်ဖြစ်ပုံ-အဘွင့်။

၅၈။ ။တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ။ပ။ အပ္ပနာဝီထိ မောတရတိ။ ။သဂြိုဟ်ပါဌ်။

ထိုဂေါတြဘုစိတ်၏အခြားမဲ့၌ သောတာပတ္တိမဂ်တည်းဟူသောအပ္ပနာစိတ်သည်၊ဒုက္ခသစ္စာကို ပိုင်းခြား၍သိလျက်၊သမုဒယသစ္စာကိုပယ်လျက်၊ နိရောဓသစ္စာကို မျက်မှောက်ပြုလျက်၊မဂ္ဂသစ္စာကို ပွါးများ၍ ဖြစ်ပေါ်လာလေ၏။ ။ဟူလို။

---

## ဖိုလ်စိတ်ဖြစ်ပုံ အဖွင့်။

၄၉။ ။တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ။ပ။ ပစ္စဝေက္ခဏဉာဏာနိ ပဝတ္တန္တိ။ ။သဂြိုဟ်ပါဌ်။

ထိုသောတာပတ္တိမဂ်စိတ်ဖြစ်ပြီးသည်မှနောက်၌၊နှစ်ကြိမ်,သုံးကြိမ် ကုန်သော သောတာပတ္တိဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏၊ ။ထို့နောက် ဘဝင်ကျ၏။ တဖန် ဘဝင်ကိုဖြတ်၍ မဂ်,ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏဉာဏ်တို့သည်၊ဖြစ်ကုန်၏။ ။

ဆိုလိုရင်းကား....ဝိပဿနာဉာဏ်ရင့်သန်၍၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ဖြစ်သော ယောဂီပုဂ္ဂိုလ်အားအောက်ဝီထိပိုင်း၌ ဆိုအပ်ခဲ့ပြီးသော အတိုင်း “ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ,ဂေါတြဘု,မဂ်,ဖိုလ်,ဖိုလ်,ဖိုလ်,ဘဝင်,ဘဝင်”ဟူသောမဂ္ဂဝီထိစိတ် ဖြစ်၏။ ထိုမဂ္ဂဝီထိ၏ နောက်၌ မဂ်စသည်ကိုဆင်ခြင်သော ပစ္စဝေက္ခဏ ဝီထိတို့ဖြစ်ကုန်၏-ဟုဆိုလိုသည်။ ။(အောက်ဝီထိပိုင်းကိုသတိပြု)။

---

၅၀-က။ ။မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ပဟီနေ ကိလေသေ သေသေ၊ ပစ္စဝေက္ခတိ ဝါ နဝါ။ ။
သဂြိုဟ်ပါဌ်။

ဤဂါထာဖြင့်“ပစ္စဝေက္ခဏဉာဏာနိ”အရပစ္စဝေက္ခဏဇောဝီထိ အပြား, ပစ္စဝေက္ခဏာဉာဏ်၏ ဖြစ်ရာဘူမိကိုပြတော်မူ၏။ ။ဆိုလိုရင်းကား.... ဝိပဿနာ ဉာဏ်ပိုင်၍ သောတာပန်အရိယာအဖြစ်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည်၊ “ငါသည် ဤသောတာပတ္တိမဂ်ကို ရအပ်ပေပြီ၊”ဟု မိမိရသော မဂ်ကိုဆင်ခြင်၏။ထို့နောက်“ငါသည် ဤလောကုတ္တရာအကျိုး တရားကို ရအပ်ပေပြီ”ဟုဖိုလ်ကိုဆင်ခြင်၏။ ထိုနောက်“ငါသည် ဘဝ တိုင်း ဘဝတိုင်း မပြတ်လိုက်ခါနှိပ်စက်၍နေသောဤမည်သောကိလေသာ ရန်သူကို ပယ်အပ်ပေပြီ”ဟုပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။ ထို့နောက် “ငါ့အား ဤမည်သော ကိလေသာတို့ကား၊ ကြွင်းကျန်လျက် ရှိကုန်သေး၏”ဟုကြွင်းကျန်လျက်ရှိနေသေးသော ကိလေသာတို့ကို ဆင် ခြင်၏၊ နောက်ဆုံး၌ “ငါသည်၊ ဤထူးမြတ်လှစွာသော နိဗ္ဗာန်အမြိုက်

တရားကို အာရုံပြုသော အားဖြင့် ရအပ်ပေပြီ"ဟုနိဗ္ဗာန်ကို ဆင်ခြင်၏၊သို့သော်၊ဇိဝိတာသမသီသိအရိယာနှင့် ကိလေသာ ဝေဘန်ခြင်းတို့၌ မလိမ္မာကုန်သော အရိယာပုဂ္ဂိုလ်တို့သည်၊ ကြွင်းသော ကိလေသာတို့ကို မဆင်ခြင်ကုန်။ ထိုမှတပါးသော အရိယာပုဂ္ဂိုလ်တို့သည်၊ ဆင်ခြင်ကုန်၏၊ ထို့ကြောင့်"နဝါ" သဒ္ဒါကို မိန့်တော်မူအပ်၏။ ။ဟူလို။

(ကြွင်းသော သကဒါဂါမိမဂ်စသည်ဖြစ်ပေါ်ရာ၌လည်း ဤအတိုင်းမှတ်)။

---

## ဉာဏဒဿနဝိသုဒ္ဓိ-အဖွင့်။

၆၀-ခ။ ။ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။ ။

သဗြိုဟ်ပါဌ်။

သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ ဟု ဆိုအပ်သော အရင်းမူလဖြစ်သော ဝိသုဒ္ဓိ ၂-ပါး၊ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-ဟူကုန်သော ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်းရင်းဖြစ်၍၊ ကိုယ်သဘွယ် ဖြစ်ကုန်သော ၄-ပါးသော ဝိသုဒ္ဓိအားဖြင့် အောက်ဝိသုဒ္ဓိ ခြောက်ပါးတို့၏ အစဉ်အားဖြင့် ပွါးများ စီးဖြန်း၍ ဖြစ်ပေါ်လာသော မဂ်လေးပါးသည်၊ စင်ကြယ်သော နိဗ္ဗာန်ကို သိမြင်နိုင်သောကြောင့်-ဉာဏဒဿနဝိသုဒ္ဓိမည်၏။ဖိုလ်စိတ်လေးပါးသည်လည်းမဂ်အားလျော်စွာဖြစ်သောကြောင့်-ဉာဏဒဿနဝိသုဒ္ဓိပင်မည်၏။ ။ဟူလို။

ဝိသုဒ္ဓိ ၇-ပါးအဘွင့်ပြီးပြီ။

---

## သုညတဝိမောက္ခ-အဖွင့်။

၆၁။ ။တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ။ပ။ ဝိမောက္ခ မုခံ ဟောတိ။ ။ သဗြိုဟ်ပါဌ်။

ထိုဥဒ္ဒေသ၌၊ ခန္ဓာငါးပါး၊သင်္ခါရတရားတို့၌၊ ငါ-ငါ၏ကိုယ်ဟူသော နှလုံးသွင်းခြင်းကို ပယ်စွန့်၍၊အနတ္တ-ဟု အဘန်ဘန် စီးဖြန်းပွါးများသော

အနတ္တာဝိပဿနာသည်- သုညတဝိမောက္ခမည်၏။ အကြောင်းသော်ကား- အတ္တမှ ဆိတ်၍၊ မဂ်,ဖိုလ်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။ ။ဟူလို။

---

## အနိမိတ္တဝိမောက္ခ-အဘွင့်။

၆၂။ ။အနိစ္စာ နုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာ နုပဿနာ နာမ။ ။သဂြိုဟ်ပါဌ်။

ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့၌ဘောက်ပြန်ကြောင်းဖြစ်သော မြဲ၏ ဟူသောအမှတ်,မြဲ၏ဟူသောစိတ်,မြဲ၏ ဟူသော အယူ,ကိုပယ်စွန့်၍၊အနိစ္စ-ဟု အဘန်ဘန်လဲလဲ စီးဖြန်းပွားများသော အနိစ္စဝိပဿနာသည်-အနိမိတ္တဝိမောက္ခမည်၏။အကြောင်းသော်ကား- ကိလေသာဖြစ်ရန် အကြောင်းမှကင်း၍၊မဂ်,ဖိုလ်သို့ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။ ။ဟူလို။

---

## အပ္ပဏိဟိတဝိမောက္ခ-အဘွင့်။

၆၃။ ။ဒုက္ခာ နုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာ နုပဿနာ နာမ။ ။သဂြိုဟ်ပါဌ်။

ကာမ,ရူပ, အရူပဘုံဘဝတို့၌ တပ်နှစ်သက်တတ်သော တဏှာ-ဟူသောတောင်းတခြင်းကို စွန့်စေတတ်သော ဒုက္ခာနုပဿနာသည်-အပ္ပဏိဟိတဝိမောက္ခမည်၏။အကြောင်းသော်ကား၊ဘဏှာ-ဟူသောတောင်းတခြင်းမရှိမူ၍၊ မဂ်,ဖိုလ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။ ။ဟူလို။

---

၆၄။ ။တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီဝိပဿနာ။ပ။ဟောတိ မဂ္ဂေါ။ သဂြိုဟ်ပါဌ်။

ထို့ကြောင့်- ဝုဋ္ဌာနဂါမိနီဝိပဿနာသည်- အနတ္တ-ဟု စီးဖြန်းပွားများပါမူ၊ဖြစ်ပေါ်လာသောလောကုတ္တရာမဂ်သည်-သုညတဝိမောက္ခမည်၏။ ။ဟူလို။ ။(အောက်ကာဘွင့်ဆိုခဲ့ပြီးသော ဝုဋ္ဌာနဂါမိနီဝိပဿနာကိုသတိပြု။ အဓိပ္ပါယ်ပေါ်လွင်ပြီ)။

---

**၆၅။ ။ယဒိ အနိစ္စတော ဝိပဿတိ၊အနိမိတ္တောဝိမောက္ခောနာမ။**
သဖြိုဟ်ပါဌ်။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည်၊ အနိစ္စ-ဟုအကယ်၍ရှုစီးဖြန်းပါမူ၊ ဖြစ်ပေါ်လာသော လောကုတ္တရာမဂ်သည်-အနိမိတ္တဝိမောက္ခမည်၏။ ။ဟူလို။

---

**၆၆။ ။ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမ။ပ။မဂ္ဂဝီထိယံ။** ။သဖြိုဟ်ပါဌ်။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်၊ ဒုက္ခ-ဟုအကယ်၍၊ စီးဖြန်းပွါးများပါမူ ဖြစ်ပေါ်လာသော လောကုတ္တရာမဂ်သည်-အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဤသို့လျှင် မဂ်စိတ်သည်၊ အကြောင်းအရင်းမူလဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာအရ- သုညတမဂ်, အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ်-ဟူသော အမည်ကိုရ၏။ ဖိုလ်စိတ်သည်ကား၊ မဂ္ဂဝိထိ၌ မဂ်အားလျော်စွာသာဖြစ်သော အကျိုးဝိပါက်တရားဖြစ်၍၊မဂ်တည်းဟူသော အကြောင်းရင်းအား လျော်စွာ မဂ်သည်၊ သုညတမဂ်ဖြစ်အံ့၊ ဖိုလ်သည်လည်း၊ သုညတဖိုလ် မည်၏။ဤသို့မဂ္ဂါဂမနအစွမ်းဖြင့် သုညတဖိုလ်, အနိမိတ္တဖိုလ်,အပ္ပဏိဟိတဖိုလ်-ဟူသောအမည်ကိုရ၏။ ။ဟူလို။

**မှတ်ချက်။** ။အာဂမနတော်ဝေနာတိ အာဂမနံ,ဝိဂြိုဟ်အရ၊မဂ်,ဖိုလ် တို့၏ ဖြစ်ခြင်းအကြောင်းတရားသည်၊ အာဂမန မည်၏။ မဂ်၏ အကြောင်းအာဂမနကား၊ ဝုဋ္ဌာနဂါမိနီဝိပဿနာတည်း၊ ဖိုလ်၏ အကြောင်းအာဂမနကား မဂ်တည်း။ထို့ကြောင့် ဝိပဿနာဂမန, မဂ္ဂါဂမန-ဟုဆိုအပ်၏-ဟုမှတ်။

---

**၆၇-က။ ။ဖလသမာပတ္တိဝီထိယံပန ယထာဝုတ္တနယေန။ပ။သုညတာဒိဝိမောက္ခောတိ စ ပဝုစ္စတိ။** ။သဖြိုဟ်ပါဌ်။

ဖလသမာပတ်ဝင်စားဟူသည်၊ နတ်တို့သည် နတ်တို့၏ ချမ်းသာကို ခံစားကုန်သကဲ့သို့၊မင်းမြတ်တို့သည်လည်း မင်း၏ စည်းစိမ်ကို ခံစားကုန် သကဲ့သို့၊ မဂ်ရသော အရိယာပုဂ္ဂိုလ်တို့သည်လည်း မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် လောကုတ္တရာ ချမ်းသာကို ခံစားလိုသောကြောင့်

ဝင်စားတော်မူကြကုန်၏။ ထိုဖလသမာပတ်ကို ဝင်စားသော အခါ၌ မဂ်စိတ်ထပ်၍ မဖြစ်ပါဘဲ၊ ဖိုလ်စိတ်အကြိမ်များစွာသာဖြစ်၏၊

ဝင်စားပုံကား....ဖလသမာပတ်ကို ဝင်စားလိုသော ယောဂီပုဂ္ဂိုလ်သည်၊ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက်၊အသူးသူးသော ရှေးရှေးဖြစ်နေသော အာရုံများမှဘဲခွါ၍၊ တယောက်တည်းသာ ကိန်းအောင်းခါ၊ ငါသည်၊ မည်သည့်အခါ၌ သမာပတ်မှ ထမည်-ဟု အချိန်ကာလအပိုင်းအခြားကို ရှေးဦးစွာပိုင်းခြားမှတ်သား၍၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်, ဘယတူပဋ္ဌာနဉာဏ်-စသော ဝိပဿနာ ဉာဏ်ကိုးပါးတို့ဖြင့် သင်္ခါရတို့ကို ပွားများအပ်ကုန်၏။ထိုသို့ ဝိပဿနာဉာဏ်တို့ကို ပွားများဆင်ခြင်ပြီးသော်၊ သင်္ခါရလျှင် အာရုံရှိသော ပရိကံ-ဥပစာ-အနုလုံ, ဂေါတြဘူ၏အခြားမဲ့၌၊နိဗ္ဗာန်ကိုအာရုံပြုကာ၊ ပိုင်းခြားသောအချိန်အတွင်း၊ဖိုလ်-ဖိုလ်ဟုဖိုလ်စိတ်အကြိမ်များစွာဖြစ်၍ နေလေ၏၊ဧင်းကို ဖလသမာပတ်ဝင်စားသည်-ဟုဆိုရ၏။

ထိုဖလသမာပတ်ဝင်စားသောအခါမျိုး၌၊ ဂေါတြဘူ၏နောက် ဖိုလ်စိတ်သာဖြစ်၏၊ မဂ်မဖြစ်။ဖြစ်သော ဖိုလ်စိတ်သည်လည်း အောက်ဝိပဿနာဉာဏ်၏အစွမ်း ဝိပဿနာဂမနအားဖြင့်သာဖြစ်၏၊ ဧင်းဝိပဿနာသည်၊ သင်္ခါရတရားတို့ကို အနတ္တ-ဟုရှုသည်ဖြစ်အံ့၊ဖိုလ်သည်လည်း သုညတဝိမောက္ခမည်၏၊ အနိစ္စ-ဟုရှုအပ်သည်ဖြစ်အံ့၊ဖိုလ်သည်လည်း အနိမိတ္တဝိမောက္ခမည်၏။ဒုက္ခဟုရှုအပ်သည်ဖြစ်အံ့၊ဖိုလ်သည်လည်းအပ္ပဏိဟိတဝိမောက္ခမည်၏။

မဂ်ဖိုလ်တို့၏အမည်ရပုံ-အဓိပ္ပါယ်။

၆၇-ခ။ ။အနတ္တာနုပဿနံ ပန သုညတဝိမောက္ခ စ နာမ္ဘာသံ သဗ္ဗညူ သဗ္ဗေသမ္ပိ သမ္ဗောဓာ။

အယမေတ္ထ ဝိမောက္ခဘေဒေါ။ ။

သင်္ဂြိုဟ်ပါဠိ။

မဂ်နှင့်ဖိုလ်တို့၏ သုညတ-စသော အမည် ၃-ပါးကို ရမှုသည်၊ အာရုံအားဖြင့်၎င်း, ဝိမောက္ခသတ္တိအစွမ်းအားဖြင့်၎င်း၊ ရလေ၏။ အမည်ရပုံတူသည်သာဘည်း၊ ဆိုလိုရင်းကား- မဂ်,ဖိုလ်တို့သည်၊ သုညတနိဗ္ဗာန်ကို အာရုံပြုပါမူ၊ သုညတမဂ်,သုညတဖိုလ်မည်၏။ အနိမိတ္တနိဗ္ဗာန်ကို အာရုံ

ပြုပါမူ၊ အနိမိတ္တမဂ်, အနိမိတ္တဖိုလ်မည်၏၊ အပ္ပဏိဟိတာနုပဿနာကို အာရုံပြုပါမူ၊အပ္ပဏိဟိတမဂ်,အပ္ပဏိဟိတဖိုလ်မည်၏။ ။(ဤကား-အာရမ္မဏာဝသေန-အရတည်း)၊

မဂ်,ဖိုလ်တို့သည်၊ ရာဂစသည်မှ ဆိတ်သောသတ္တိကြောင့်-သုညတမဂ်,သုညတဖိုလ်မည်၏။ ရူပနိမိတ်-စသော အာရုံမှ ကင်းခြင်းကြောင့်-အနိမိတ္တမဂ်, အနိမိတ္တဖိုလ်မည်၏။ ကိလေသာ-ဟူသော တောင်းတခြင်းကင်းသော သတ္တိကြောင့်-အပ္ပဏိဟိတမဂ်,အပ္ပဏိဟိတဖိုလ်မည်၏။ ။(ဤကား-သဂုဏာဝသေန-အရတည်း)၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌မူ-မဂ်,ဖိုလ်တို့၏ အမည်ရမှုသည်၊ မိမိတို့၏ ဂုဏ်,ဆန့်ကျင်ဘက်,ဂုဏ်, အာရုံ,အာဂမန-ငါးပါး၏ အစွမ်းဖြင့်ရ၏-ဟုလာရှိသေး၏။အကျယ်လိုပါမူ၊ရင်း၌ရှုသင့်ကုန်။

ဝိမောက္ခဘေဒအဘွင့်ပြီးပြီ၊

## ပုဂ္ဂလဘေဒ-အဘွင့်။

၆၈။ ။ဧတ္ထ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတွာ။ပ။ သောတာပန္နော နာမ ဟောတိ။ ။သင်္ဂြိုဟ်ပါဌ်။

ဤလေးယောက်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တွင်၊ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိသောယောဂီပုဂ္ဂိုလ်သည်၊သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာ၂-ပါးကို ပယ်ခြင်းကြောင့် အပါယ်လေးပါးလားရောက်ခြင်းမှ ကင်း၍-သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်မည်၏။ ။ဟူလို။

၆၉။ ။သကဒါဂါမိ မဂ္ဂံ ဘာဝေတွာ။ပ။သကိံ ဒေဝ ဣမံ လောကံ အာဂန္တွာ။ ။ သင်္ဂြိုဟ်ပါဌ်။

သကဒါဂါမိမဂ်ဉာဏ်ကိုရသော ယောဂီပုဂ္ဂိုလ်သည်၊ သကဒါဂါမိမဂ်ဖြင့်၊ ရာဂ, ဒေါသ, မောဟတို့ကို ခေါင်းပါးအောင် ပြုတတ်သည်၏ အဖြစ်ကြောင့် ဤလူ့ပြည်သို့ တကြိမ်သာ လာခြင်းကြောင့်-သကဒါဂါမိပုဂ္ဂိုလ်မည်၏။ ။ဟူလို။

၇၁။ ။အနာဂါမိန္တိ ဘာဝေတဗ္ဗာ။ပ။အနာဂါမိ ရုဒ္ဓဿဗ္ဗံ။ ။

သင်္ဂြိုဟ်ပါဌ်။

အနာဂါမိမဂ်ဉာဏ်ကိုရရှိသော ယောဂီပုဂ္ဂိုလ်သည်-အနာဂါမိဉာဏ်ဖြင့် ကာမရာဂတို့ကို အကြွင်းမဲ့ပယ်ဖျက်ခြင်းကြောင့် ဤလူ့ဘုံသို့မလာရကား-အနာဂါမိပုဂ္ဂိုလ်မည်၏။ ။ဟူလို။

---

၇၁။ ။အရဟတ္တမဂ္ဂံ ဘာဝေတဗ္ဗာ။ပ။အရဟတ္တဂ္ဂိဏောသျာ။

သင်္ဂြိုဟ်ပါဌ်။

အရဟတ္တမဂ်ကိုရရှိသော ယောဂီပုဂ္ဂိုလ်သည်၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမရှိစေရအောင် ပယ်ဖျက်သောကြောင့်- လောကသုံးခွင်၊ ဘုံအပြင်၌ မြတ်သောအလှူကို ခံထိုက်သော-ရဟန္တာပုဂ္ဂိုလ်မည်၏။ ။ဟူလို၊ ။(အောက်ကဘွင့်ဆိုခဲ့ပြီ)။

ပုဂ္ဂလဘေဒ-အဘွင့်ပြီးပြီ၊

---

## သမာပတ္တိဘေဒ-အဘွင့်။

၇၂။ ။ဖလသမာပတ္တိဋ္ဌိတိသံ။ပ။သာဓာရဏာဝ။ ။

သင်္ဂြိုဟ်ပါဌ်။

ဖိုလ်ဝင်စားခြင်း ဖလသမာပတ်သည်၊ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်လုံးပင် ဝင်စားနိုင်၏။ဆက်ဆံ၏။သောတာပန်ပုဂ္ဂိုလ်သည်၊သောတာပတ္တိဖိုလ်ကို ဝင်စားနိုင်၏။ပ။ ရဟန္တာပုဂ္ဂိုလ်သည်၊ အရဟတ္တဖိုလ်ကို ဝင်စားနိုင်၏၊ ဖိုလ်မဝင်စားနိုင်သော အရိယာပုဂ္ဂိုလ်မရှိ၊ ။ဟူလို၊

---

## နိရောဓသမာပတ်ဝင်စားပုံ-အဘွင့်။

၇၃။ ။နိရောဓ သမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ။ပ။ ဘာဘာဘနိရောဓသမာပဇ္ဇနာသမဓေဟာဘာ။ ။

သင်္ဂြိုဟ်ပါဌ်။

ရှစ်ပါးသော သမာပတ်တို့ကိုတက်၍၊ ဆန့်ကျင်ဘက်ဖြစ်သော သံကိလေသတရားတို့ကို ပယ်ခွါ၍၊ သညါရဘာရုံ, စိတ်, စေတသိက်တို့၏

ပိုင်းခြားထားသောအတိုင်း မဖြစ်ခြင်း,ချုပ်ငြိမ်း၍ နေခြင်းသည်-နိရောဓသမာပတ်ဝင်စားသည်-ဟု ဆိုရ၏။ ဖလသမာပတ်ကားဖိုလ်စိတ် မပြတ်ဖြစ်၏၊ နိရောဓသမာပတ်ကား၊ စိတ်လုံးလုံးမဖြစ်-ဤသို့ထူး၏။ ။၎င်းနိရောဓသမာပတ်ကို ဖလသမာပတ်ကဲ့သို့၊အရိယာဖြစ်တိုင်းမဝင်စားနိုင်။ သမာပတ်၈ပါးရသော ကာမ,ရူပဘုံသားဈာနလာဘီအနာဂါမ်ပုဂ္ဂိုလ်နှင့်ရဟန္တာအရှင်များသာလျှင်ဝင်စားနိုင်၏။သောတာပန်ပုဂ္ဂိုလ်,သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်မဝင်စားကုန်။ အကြောင်းသော်ကား-သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်၊ကာမရာဂကို မပယ်အပ်သေးသဖြင့် သမာဓိအားသေးသောကြောင့် မဝင်စားနိုင်ကုန်။ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့ကား၊ကာမရာဂကိုပယ်အပ်ပြီး၍၊သမာဓိအားကြီးသောကြောင့် ဝင်စားနိုင်ကုန်၏။ ပုထုဇဉ်ကား၊လျဉ်းပါးဘွယ်မရှိ။ မဂ်ကို မရဘူးသောကြောင့်တည်း။ အရူပဘုံ၌ကား၊ရူပါဝစရဈာန်မဖြစ်၍၊အနုပုဗ္ဗသမာပတ်မရှိသောကြောင့်မဖြစ်-ဟုမှတ်။

## ဝင်စားပုံကား။

လေးလံလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင်ရခြင်း၌၊ လွန်စွာငြီးငွေ့လှ၍၊မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်ချမ်းသာကို ခံစားလိုသောအနာဂါမ်,ရဟန္တာပုဂ္ဂိုလ်သည်၊ ဆွမ်းစားပြီး၍၊ လက်,ခြေတို့ကို ကောင်းစွာဆေးကြော၍၊ဆိတ်ငြိမ်သောအရပ်၌ကောင်းစွာခင်းအပ်ပြီးသောနေရာဝယ်၊ထက်ဝယ်ဖွဲ့ခွေ၊ကိုယ်ကိုဖြောင့်စွာထားလျက်၊ထိုင်နေပြီးခါ၊နိရောဓသမာပတ်သို့ ရှေ့ရှုသတိကိုဖြစ်စေ၍၊ ပထမဈာန်ကိုဝင်စားရ၏၊ ပထမဈာန်မှထပြီးခါ ပထမဈာန်၌ဖြစ်သော စိတ်,စေတသိက် သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု-မညံ့လွန်း, မထက်လွန်းသော ဝိပဿနာဉာဏ်ဖြင့်ရှုအပ်ကုန်၏။ ။ထို့အတူ-ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်,ပဉ္စမဈာန်, အာကာသာနဉ္စာယတနဈာန်,ဝိညာဏဉ္စာယတနဈာန်တိုင်အောင်ဝင်စား၍၊ ၎င်းဈာန်တို့မှ ထပြီးခါသင်္ခါရတရားတို့ကို ရှုအပ်ကုန်၏။ ။ထိုနောက်၊ အာကိဉ္စညာယတန ဈာန်ကို ဝင်စားပြီး၍၊ ထိုအာကိဉ္စညာယတနဈာန်မှထ၍၊ ဝိပဿနာမရှုပါဘဲ၊၁-ကိုယ်နှင့်မစပ်၊အသီးသီးထားအပ်သောသင်္ကန်းစသောပရိက္ခရာ ကျောင်းအစရှိသည်တို့ကို မီးစသည်ဖြင့် မပျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း၊ ၂-သံဃာဘို့ တောင်းတအံ့

သည်ကို ဆင်ခြင်ခြင်း၊ ၃-ဘုရားခေါ်တော်မူအံ့သည်ကို ဆင်ခြင်ခြင်း၊ ၄-ခုနစ်ရက်အတွင်း၌ ကမ္မဇရုပ်ကုန်ဖြစ်စေတတ်သော အသက်၏တည့်ခြင်းကို ကြည့်ရှုခြင်း- ဟုဆိုအပ်သော ၄-ပါးသော ပုဗ္ဗကိစ္စတို့ကို ပြု၍၊ နေဝသညာ နာသညာယတနဈာန်ကို ဝင်စား၏။ ၎င်းဈာန်စိတ်နှစ်ကြိမ်၏အဆုံး၌ ကာမဘုံမှာ ၇-ရက်၊ ရူပဘုံမှာအလိုရှိသလို၊ စိတ်,စေတသိက်,စိတ္တဇရုပ် ချုပ်လေ၏။ ၎င်းကို နိရောဓသမာပတ်-ဝင်စားသည်-ဟု ဆိုအပ်၏။ ။ ဟူလို

---

## နိရောဓသမာပတ်မှထပုံ-အဘွင့်။

၇၅။ ။ဝုဋ္ဌာနကာလေ ပန အနာဂါမိနော။ ပ။ ပစ္စဝေက္ခဏဉာဏံ ပဝတ္တတိ။ ။

အယမေတ္ထ သမာပတ္တိဘေဒေါ၊
နိဋ္ဌိတော စ ဝိပဿနာကမ္မဋ္ဌာနနယော။ ။

သင်္ဂြိုဟ်ပါဌ်။

ပိုင်းခြားတိုင်းသော ကာလကိုလွန်လျှင်၊ အနာဂါမိပုဂ္ဂိုလ်အား အနာဂါမိဖိုလ်,ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်တကြိမ်ဖြစ်၍၊ ဘဝင်ကျလေ၏။ ထိုဘဝင်ကျပြီးသည့်၏နောက်၌ ပစ္စဝေက္ခဏာဉာဏ်ဖြစ်လေသတည်း။ ။ ဟူလို။ ။(ကြွင်းပေါ်ပြီ)။

သမာပတ္တိဘေဒ-အဘွင့်နှင့် ဝိပဿနာကမ္မဋ္ဌာန်းအဘွင့်ပြီးပြီ။

ဤအဘိဓမ္မရဋ္ဌတ္ထဒီပနီကျမ်းတွင်၊ ကိုးခုမြောက်ဖြစ်သော
ကမ္မဋ္ဌာန်းပိုင်းအဘွင့်ပြီးပြီ။

မယာ ကတာဘိဓမ္မတ္ထ၊သင်္ဂဟဿ စ ဝဏ္ဏနာ။
နိဋ္ဌိတာ အနာယာသာ၊သောတူနံ ဟိတမာဝဟာ။ ။

ယာ ဟိ နာတိသင်္ခေပနာတိဝိတ္ထာရဝသေန ကမေန အလင်္ကရိတွာ တိဟိ ပေါတ္ထကေဟိ ပရိနိဋ္ဌိတွာ "မေဓာဝိဝံသာဘိပရိယတ္တိသာသနဟိတဓမ္မာစရိယာ"တိစ "သဗ္ဗါဒိဂုဏကာကာရမေဓာဝိဝံသာဘိ"တိစ ဒွိက္ခတ္တုံ လဒ္ဓလဒ္ဓကေန ဟံသာဝတိမဏ္ဍလေ ဓားပိန်နဂရေ သုဇာတေန "ဦးဆိုင်" တိ နာမကေန မယာ အာစရိယေန ကတာ သောတူနံ အဘိဓမ္မေ ဉာဏမကုဋ္ဌဝိကာသယန္တီ နာနတ္ထသူစယိ ဂန္ထိရနယမဏ္ဍိနီ အဘိဓမ္မတ္ထသင်္ဂဟဿ ဝဏ္ဏနာ အဘိဓမ္မဂုဠှတ္ထဒီပနီ ဧကာဓိကေ တိသတသဟဿေ သက္ကရာဇေ ကတ္တိကမာသကာဠပက္ခဿ နဝမေ ဒိဝသေ နိဋ္ဌိတာ အနာယာယေနအနာယာယေန။သာ စ ..

တိဋ္ဌတာယံ ယာဝ လောကေ၊ဟိမဝါ ပဗ္ဗတုတ္တမော။
တာဝါဘိဓမ္မဂုဠှတ္ထ၊ဒီပနီ သောတုဟိတက္ကရာတိ။ ။

အဘိဓမ္မဂုဠှတ္ထဒီပနီကျမ်း ပြီးဆုံးအောင်မြင်ခြင်းသို့ရောက်ပြီ။